# ပဋိစ္စသမုပ္ပါဒ်

## သင်ကြားရေးတိုနှင့်

(ဆရာကိုင်)

# အရှင်တေဇနိယ

(တက္ကသိုလ်တေဇာလင်း)

(စတုတ္ထအကြိမ်)

GRAPHIC
NAY WINN AUNG
09731083 98

အရှင်တေဇနိယ
(တက္ကသိုလ်တေဇာလင်း)

# ပဋ္ဌာန်းမူပါဒ်

(ဆရာကိုင်)

- တတိယအကြိမ် -

အမှတ် ၂၈၉.၂.၇..

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | (၀၁/၁၉/သသန-၀၉) |
| ထုတ်ဝေသူ | - | သာသနာရေးဦးစီးဌာန |
| မျက်နှာဖုံးဒီဇိုင်း | - | နေဝင်းအောင် |
| မွမ်းမံစီစဉ် | - | မြေလတ်မင်းလွင် |
| | | (ဖုန်း - ၀၉ ၅၀၃၀၆၉၆) |
| အတွင်းအပြင်အဆင် | - | ပုံရိပ်ရှင် (ဝင်းဝင်းရွှေ) |
| အတွင်းဖလင် | - | ပုံရိပ်ရှင် (အောင်ဇော်) |
| ပုံနှိပ်သူ | - | ဦးတင်အောင်ကျော် (မြ-၀၇၀၅၃) |
| | | စွယ်တော်ပုံနှိပ်တိုက် |
| | | ၅၁ လမ်း၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | တေဇာလင်းစာပေ |
| | | ရတနာဘုံမြင့် စာချေကျောင်း |
| | | ချမ်းသာကြီးကျောင်းတိုက် |
| | | ပွဲကုန်း၊ အောင်မြေသာဇံမြို့နယ်၊ |
| | | မန္တလေးမြို့။ |
| | | ဖုန်း - ၀၂-၆၀၇၉၄ |
| | | ၀၉ -၄၇၁၁၀၃၆၈ |
| အုပ်ရေ | - | ၁၀၀၀ |
| ထုတ်ဝေသည့်လ | - | ၂၀၁၄ ခုနှစ်၊ ဧပြီလ |
| ထုတ်ဝေသည့်အကြိမ် | - | စတုတ္ထအကြိမ် |

ဤကျမ်းခု -

၁။ မိုးကုတ်ဂုဏ်ရည်များ၊

၂။ ပဋ္ဌိစ္စသမုပ္ပါဒ်ဂုဏ်ရည်များ၊

၃။ စက်ဝိုင်းရှင်းတမ်းများ၊

၄။ ပဋ္ဌိစ္စသမုပ္ပါဒ်အဂ္ဂါ ဖွင့်ဆိုရှင်းပြချက်များ၊

၅။ အားတက်ဖွယ်ရာ အကြောင်းအရာများ၊

၆။ လက်တွေ့ရှုမှတ်နည်းများ၊

၇။ ဣန္ဒြေငါးပါး ညှိအားထုတ်နည်းများ၊

၈။ နမူနာဇာတ်လမ်းဟောကွက်များ၊

၉။ တရားထီးတင်နည်းများ

ဟု အခန်းကြီး (၉)ခန်းခွဲကာ တင်ပြဆွေးနွေး အကြံပြုထား ပါသည်။

ဤစာအုပ်သည် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ဖြစ်စေ၊ လက်တွေ့ တရားရှုမှတ်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ စခန်းပွဲမှာ အလျှဉ်းသင့်သလို အားတက်ဖွယ်ရာ အားပေးစကား ပြောကြားမှုနှင့်ပတ်သက်၍ဖြစ်စေ အတော်ပြည့်စုံသော စာအုပ်ကြီးဖြစ်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်းကျမ်းကို
တတိယအကြိမ်ထုတ်ရာ၌ ဒုတိယအကြိမ်ထက်
စာမျက်နှာ (၈၀)ကျော် တိုးဈ၍ ပြည့်စုံ ကောင်းမွန်အောင်
ဖြည့်စွက်မွမ်းမံ တင်ပြထားပါသည်။

ဤကျမ်းဖြင့် ဘုရားသားကျော် သံယာတော်များအား
ပြုစုလုပ်ကျွေးလျက် ဘုရားရှင်အား ပူဇော်ကန်တော့ပါသည်။

ဓမ္မကိုပူဇော်ခြင်းဖြင့် ဓမ္မအောင်လံလွှင့်ထူကြပါစို့။

**အရှင်တေဇနိယ**

ဖုန်း - ၀၉-၄၇၁၁၀၃၆၈၊
၀၂- ၆၀၇၉၄

# ◆ မာတိကာ ◆


| | |
|---|---|
| တတိယအကြိမ်ထုတ် စာရေးသူ၏ စာပလွှင် | ၁၅ |
| ဒုတိယအကြိမ်ထုတ် စာရေးသူ၏ စာဂဟေ | ၃၀ |
| ချမ်းသာကြီးဆရာတော်ဘဒ္ဒန္တဇောတိကာဘိဝံသ၏အမှာစာ | ၃၆ |
| အမရပူရမြို့ မိုးကုတ်မင်္ဂလာရိပ်သာဆရာတော်၏ မှာကြားလွှာ | ၃၉ |
| ရန်ကုန်မြို့ ပြာသာဒ်ကျောင်းတိုက်ဆရာတော်၏ မှတ်ချက် | ၄၁ |
| ကလေးမြို့မဟာသန္တာရုံဆရာတော်၏ စာနိဒါန်း | ၄၅ |
| တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)၏ မိတ်ဆက်စာ | ၄၈ |
| ပထမအကြိမ်ထုတ် စာရေးသူ၏ စာမွန်ဦး | ၅၃ |
| အရှင်တေဇနိယ(တက္ကသိုလ်တေဇာလင်း) ထေရပွတ္တိအကျဉ်း | ၇၅ |
| ၁။ မိုးကုတ်ဂုဏ်ရည်များ | ၈၃ |
| မိုးကုတ်ဆရာတော်ခေါ်ခြင်း | ၉၀ |
| အမေးအဖြေဖြင့် တရားဟောခြင်း | ၉၁ |
| လုပ်ငန်းခွင် ရှုခင်း၊ ရှုကွက် ဦးစားပေးခြင်း | ၉၃ |
| ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားစေခြင်း | ၉၄ |
| စက်ဝိုင်းပြပညာ ယှဉ်စရာမရှိဘူး | ၉၆ |
| နားကတရားနာ၊ ဉာဏ်ကခန္ဓာလှည့် | ၁၀၁ |
| ဒိဋ္ဌိအရင်ခွာ | ၁၀၄ |
| တရားအားမထုတ်မီ ဒိဋ္ဌိကို အရင်ခွာ | ၁၀၆ |
| သက္ကာယဒိဋ္ဌိ ဆိုတာ | ၁၀၈ |
| အနုလောမဉာဏ်တောင် မပေါ်လာနိုင် | ၁၀၉ |
| ဒိဋ္ဌိခွာမှုကို ဦးစွာရှေ့ထား | ၁၀၉ |
| ဒိဋ္ဌိဖြစ်ကြောင်း(၈)ပါး | ၁၁၃ |
| လူနတ်ဗြဟ္မာ သူငါမဟုတ် နာမ်ရုပ်မျှသာ | ၁၁၅ |
| ပညတ်တရားနှင့် ပရမတ်တရား | ၁၁၆ |
| ဝ-မရှိက ဝိလည်းမဖြစ်နိုင် | ၁၁၈ |
| သစ္စာဆိုက်အောင်ဟော | ၁၂၀ |
| ၂။ ပဋ္ဌိစ္စသမုပ္ပါဒ်ဂုဏ်ရည်များ | ၁၂၅ |

(၁) ပဋ္ဌိစ္စသမุပ္ပါဒ်အဓိပ္ပါယ်နှင့် အရကောက် ၁၂၅
(၂) ပဋ္ဌိစ္စသမุပ္ပါဒ်သည် ဘုရားဖြစ်ကြောင်းတရားတော် ၁၂၈
(၃) မြတ်စွာဘုရား အမြဲမပြတ်ဆင်ခြင်ဟောကြားသော
တရားတော် ၁၃၅
(၄) ဂမ္ဘီရ=နက်နဲခြင်း၊ ဂမ္ဘီရာဝဘာသ=နက်နဲသယောင်
သဘောရှိခြင်း ၁၃၉
- အရှင်အာနန္ဒာနှင့် ပဋ္ဌိစ္စသမุပ္ပါဒ် ၁၄၂
(၅) အပါယ်နှင့်သံသရာမှလွတ်မြောက်ကြောင်းတရားတော်
ဖြစ်ခြင်း ၁၄၇
(၆) ပဋ္ဌိစ္စသမุပ္ပါဒ်သည် ဓမ္မသိကြောင်းတရားဖြစ်ခြင်း ၁၄၇
(၇) ပဋ္ဌိစ္စသမุပ္ပါဒ်သည်သိမြင်နိုင်ခဲသောတရားတော်ဖြစ်ခြင်း၁၅၀
(၈) ပဋ္ဌိစ္စသမุပ္ပါဒ်သည် သူတစ်ပါးတို့အား ဟောပြောရန်
မလွယ်ကူခြင်း ၁၅၂
(၉) ပဋ္ဌိစ္စသမุပ္ပါဒ်သည် မဟာသမุဒ္ဒရာနှင့်တူသော
တရားတော်ဖြစ်ခြင်း ၁၅၂
(၁၀) ပဋ္ဌိစ္စသမุပ္ပါဒ်သည် ပညာရှင်ဖြစ်ကြောင်းတရားတော်
ဖြစ်ခြင်း ၁၅၃
(၁၁) ပဋ္ဌိစ္စသမุပ္ပါဒ်သည် ဒိဋ္ဌိပယ်ခွာကြောင်းတရားတော်
ဖြစ်ခြင်း ၁၅၄
(၁၂) ကလျာဏပုထုဇဉ်ဖြစ်ကြောင်း တရားတော်ဖြစ်ခြင်း ၁၅၈
(၁၃) ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်းနှင့် ဘာသာခြားသို့
မကူးပြောင်းနိုင်သောတရားတော်ဖြစ်ခြင်း။ ၁၆၁
(၁၄) စုဥသောတာပန်ဖြစ်ခြင်း ၁၆၂
(၁၅) ပဋ္ဌိစ္စသမุပ္ပါဒ်နှင့် လူ့အဖွဲ့အစည်း ၁၆၅
(၁၆) ဘဝနှင့်တစ်ထပ်တည်းကျခြင်း ၁၆၇
၃။ စက်ဝိုင်းရှင်းတမ်း ၁၆၉
ပဋ္ဌိစ္စသမุပ္ပါဒ်အင်္ဂါများတွင်အသွယ်(၈)သွယ်ရှိပုံ ၁၇၀
ဆိုရိုးနှင့် စက်ဝိုင်းထောက်ပုံရှင်းချက် ၁၇၁
**အထူးမှာထားချက်** ၁၈၃
မူလနှစ်ဖြာထည့်ပုံ ၁၈၄
သစ္စာနှစ်ခုထည့်ပုံ ၁၈၅

| | |
|---|---|
| လေးခုအလွှာထည့်ပုံ | ၁၈၆ |
| အဂ္ဂါဆယ့်နှစ်ပါးထည့်ပုံ | ၁၈၇ |
| သုံးပါးအစပ်ထည့်ပုံ | ၁၈၇ |
| ဝဋ်သုံးပါးလည်ပုံ | ၁၈၉ |
| ကာလသုံးဖြာထည့်ပုံ | ၁၉၀ |
| အောက်ခြေမြှားနှစ်စင်း | ၁၉၀ |
| အပြာဝိုင်းဖြင့် အနားကွပ်ခြင်းသင်္ကေတ | ၁၉၁ |
| အပေါ်ပိုင်းမြှားအတွင်းစိုက်သင်္ကေတ | ၁၉၁ |
| စက်ဝိုင်းနှင့်ဒေသနာခွက်ပုံစံပြ၍ဟောကြားခြင်းအဓိပ္ပါယ် | ၁၉၂ |
| **ဒေသနာခွက်အရောင်များ** | ၁၉၂ |
| အဝါရောင်သင်္ကေတ | ၁၉၂ |
| အနက်ရောင်သင်္ကေတ | ၁၉၂ |
| အနီရောင်သင်္ကေတ | ၁၉၃ |
| အပြာရောင်သင်္ကေတ | ၁၉၃ |
| အဖြူရောင်သင်္ကေတ | ၁၉၄ |
| ဆိုရိုးများ | ၁၉၄ |
| တိုက်တွန်းချက် | ၁၉၇ |
| **ပဋ္ဌိစ္စသမုပ္ပာဒ်အနုလုံပါဠိ** | ၁၉၈ |
| **အနုလုံပါဠိ၏မြန်မာပြန်** | ၁၉၉ |
| တစ်နည်းမြန်မာပြန်သက်သက် | ၁၉၉ |
| မြန်မာနှင့်ပါဠိတွဲစပ်ပုံ | ၂၀၀ |
| အနုလုံ ပဋ္ဌိစ္စသမုပ္ပာဒ်လက်ာ | ၂၀၁ |
| ပဋ္ဌိစ္စသမုပ္ပါဒ ပဋ္ဌလုံ ပါဠိ | ၂၀၁ |
| ပဋ္ဌလုံပါဠိ၏ မြန်မာပြန် | ၂၀၂ |
| အနုလုံ ပဋ္ဌလုံ အဓိပ္ပာယ် | ၂၀၃ |
| အနုလုံ အဓိပ္ပာယ် | ၂၀၃ |
| ပဋ္ဌလုံ အဓိပ္ပာယ် | ၂၀၄ |
| ပဋ္ဌလုံ ပဋ္ဌိစ္စသမုပ္ပာဒ် လက်ာ | ၂၀၅ |
| အဂ္ဂါ, တရားကိုယ်, ရုပ်နာမ်ခွဲပုံ | ၂၀၅ |
| **ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး ကိုယ်တိုင်ရှင်းပြသည့် စက်ဝိုင်းရှင်းတမ်း** | ၂၀၇ |

အဝိဇ္ဇာဆိုတာ ဘာပါလိမ့် ၂၀၇
သစ္စာမသိပြီဆိုမှဖြင့် ၂၀၈
မသိလို့သခၢါရလုပ် ၂၀၈
စျာန်သမာပတ်တွေအားထုတ် ၂၀၉
ဒါတွေက သမုဒယသစ္စာ ၂၁၀
ပစ္စုပ္ပန်အကျိုးငါးပါး ၂၁၁
အတိတ်အကြောင်း ၂၁၂
ပစ္စုပ္ပန်အကြောင်း ၂၁၃
ဒုက္ခပင်က ဒုက္ခသီးတွေ ၂၁၄
သမုဒယသစ္စာကမီး ၂၁၆
လောင်စာက ခန္ဓာ ၂၁၆
ရှေးတုန်းက ငါဘာဖြစ်ခဲ့ပါလိမ့်မတုံး ၂၁၆
ဘယ်သစ္စာနှစ်ခု လှည့်နေသတုံး ၂၁၆
ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း ၂၁၇
ဝေဒနာနဲ့ တဏှာဆက်ပြီ ၂၁၇
ဒီအဆက်ပြတ်ချင်ရင် ၂၁၈
ဝေဒနာချုပ်ရင် တဏှာချုပ်တယ် ၂၁၉
ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုပါ ၂၁၉
မဂ်ဖြတ်တာ ၂၁၉
ဒို့ ဘာကြောင့် ဝိပဿနာရှုရပါလိမ့် ၂၂၁
ကိုယ်ဖြတ်ရင် ကိုယ်သာပြတ်တယ်။ ၂၂၁
ဝိပဿနာမလုပ်ရင် မဂ်မပေါ်ဘူး ၂၂၂
သမုဒယသစ္စာကို ရှောင်ရမှာ ၂၂၄
ဝေဒနာကိုဖြစ်ပျက်ရှု ၂၂၄
သမုဒယနဲ့ ဒုက္ခချုပ်တယ် ၂၂၅
အဂ်ီ (၁၂)ပါး လက်ကမ္ပား ၂၂၅
ဓာတ်(၁၈)ပါး လက်ကမ္ပား ၂၂၇


အခံဓာတ်


**၄။ ပဋ္ဌိစ္စ သမုပ္ပါဒ်အင်္ဂါများ** ၂၂၈
အဝိဇ္ဇာ ၂၃၀
သခၢါရ ၂၃၇

ဝိညာဏ် ၂၅၄
နာမ်ရုပ် ၂၂၀
သဠာယတန ၂၇၂
ဖဿ ၂၇၈
ဝေဒနာ ၂၈၄
တဏှာ ၂၉၂
ဥပါဒါန် ၃၀၀
ဘဝ ၃၀၅
ဇာတိ ၃၁၀
ဇရာမရဏာ ၃၁၃
နက်နဲခြင်းဂမ္ဘီရ ၄-ပါး ၃၂၀
ဒေသနာအပြား ၄-ပါး ၃၂၃
အဝိဇ္ဇာကို အစထားဟောခြင်း ၃၂၈
**၅။ အားတက်ဖွယ်ရာအကြောင်းအရာများ** ၃၃၀
အားကိုးဖွယ်ရာ နာထဆယ်ပါး ၃၃၀
ဗုဒ္ဓခေတ်မြတ် တွေ့ကျိုးနပ်ပါစေ ၃၃၂
မတင်းတိမ်ကောင်းသောတရားငါးပါး ၃၃၃
တာဝန်များ ၃၃၄
ယောဂီများ ပြည့်စုံရမည့်အင်္ဂါ ၃၃၅
ပဓာနိယင်္ဂ်တရားငါးပါး ၃၃၆
ဂုဏ် ၃၃၈
ရိုးသားဖြောင့်မတ်ဂုဏ် ၃၃၈
ညောင်းမပြင်နဲ့ ယားမကုတ်နဲ့တဲ့လား ၃၃၉
တရားမရနိုင်သူ ခြောက်ဦး ၃၄၁
မဂ်ဖိုလ်ဝေးကြောင်းများ ၃၄၂
မဂ်ဖိုလ်ရကြောင်းများ ၃၄၃
ကမ္ဘာန်းပွားနိုင်သောခေတ် ၃၄၃
မပွားနိုင်သောခေတ် ၃၄၄
တရားလက်မလွတ်စေနဲ့ ၃၄၄
ကောင်းခြင်းသုံးဖြာ ၃၄၅
အဓိပတိသုံးပါး ၃၄၆

| | |
|---|---|
| သိပါ၏ | ၃၄၇ |
| မမွသက်သက်သာ သိပါ၏ | ၃၄၈ |
| တစ်လုံးတစ်ပါဒမျှ သိလျှင်ပင် | ၃၄၈ |
| စောင့်ထိန်းခြင်း | ၃၅၁ |
| ညှော်သည် | ၃၅၂ |
| မမေ့နဲ့နော် | ၃၅၂ |
| ဝမ်းမြောက်လျှင် | ၃၅၃ |
| သေမင်းမမြင်အောင် ရှုပွားဆောင် | ၃၅၄ |
| ဝိပဿနာပညာတိုးရန် ကိုယ့်ကိုယ်ကိုယ် ထိန်း | ၃၅၅ |
| ဝမ်းမြောက်ရင်မှာ | ၃၅၆ |
| မေတ္တာအကျိုး | ၃၅၆ |
| ပစ္စယသန္ဓိသိတသိလ | ၃၅၈ |
| ပစ္စဝေက္ခဏာ | ၃၅၈ |
| သုံးဆောင်ခြင်းလေးမျိုး | ၃၅၈ |
| **လက်တွေ့ရှုမှတ်နည်းများ** | ၃၆၄ |
| ကြက်ကိုစံပြု ခန္ဓာရှု | ၃၆၄ |
| မိမိခန္ဓာ တရားရှာ | ၃၆၈ |
| အရှုခံတရားများ | ၃၇၄ |
| ခန္ဓာငါးပါးနှင့် သတိပဋ္ဌာန် | ၃၇၅ |
| ဖြစ်ပျက် | ၃၇၆ |
| ရှုဉာဏ်ငါးပါး | ၃၇၇ |
| ပန်းခူးသူ ဥပမာ | ၃၇၉ |
| ပန်းထိမ်သည် ဥပမာ | ၃၈၀ |
| ပဋ္ဌာဂီကမဂ်နှင့် အဋ္ဌင်္ဂီကမဂ် | ၃၈၀ |
| ပဋ္ဌာဂီကမဂ်ပဲ ဖြစ်နိုင်ခွင့်ရှိ | ၃၈၃ |
| လောကီမဂ်နှင့် လောကုတ္တရာမဂ် | ၃၈၅ |
| ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ | ၃၈၆ |
| သစ္စာ ၄-ချက် ပြန်လည်စစ်ဆေး | ၃၈၇ |
| သစ္စာလေးပါးလက်ာများ | ၃၈၇ |
| ပရိကံတည်ပုံ | ၃၈၈ |
| ထိုင်ပုံများ ညွှန်ပြချက် | ၃၈၉ |

| | |
|---|---|
| လက်ထားပုံများ | ၃၉၁ |
| လက်တွဲညီတဲ့ တရားညီနောင် | ၃၉၂ |
| ပလီဗောဓ (၁၀)ပါး | ၃၉၅ |
| သီလဝိသုဒ္ဓိဖြစ်စေခြင်း | ၃၉၆ |
| ပစ္စဝေက္ခဏာဆင်ခြင်ပုံ | ၃၉၆ |
| တောင်းပန်ဝန်ချခြင်း | ၃၉၆ |
| ဝန်ချတောင်းပန်ပုံ | ၃၉၇ |
| ခွင့်လွှတ်ပုံ | ၃၉၇ |
| ခန္ဓာကိုယ်အပ်နှင်းခြင်း | ၃၉၇ |
| စွန့်လွှတ်အပ်နှင်းပုံ | ၃၉၈ |
| စိတ်ဓာတ်မြှင့်တင်ပေးပုံ | ၃၉၈ |
| အရဟံဂုဏ်ပွားများပုံ | ၃၉၉ |
| မေတ္တာဘာဝနာ | ၄၀၀ |
| ပွားများပုံ | ၄၀၀ |
| အသုဘဘာဝနာ | ၄၀၁ |
| ပွားများပုံ | ၄၀၁ |
| တစပဉ္စကကမ္မဋ္ဌာန်း | ၄၀၂ |
| မရဏသတိဘာဝနာ | ၄၀၂ |
| မရဏသတိဘာဝနာ ဆင်ခြင်ပွားများပုံ | ၄၀၃ |
| တရားတောင်း | ၄၀၄ |
| ပဋိညာဉ် | ၄၀၄ |
| ဝန်ခံကတိပြုပုံ | ၄၀၄ |
| ရတနာသုံးပါး ပူဇော်ပုံ | ၄၀၅ |
| ဆုတောင်း | ၄၀၅ |
| အမျှဝေ | ၄၀၆ |
| **အာနာပါနဖြင့် သမာဓိထူထောင်နည်း** | ၄၀၇ |
| အာနာပါနဂုဏ်ရည် | ၄၁၀ |
| ဝိပဿနာဂုဏ်ရည် | ၄၁၃ |
| အာနာပါနရှုနည်း | ၄၁၃ |
| နေရာနှင့် အမှုအရာ | ၄၁၄ |
| ပါဠိတော်ကျင့်စဉ် | ၄၁၅ |

| | |
|---|---|
| အာနာပါနမှတ်ပုံ | ၄၁၈ |
| ဂဏာနာနည်း | ၄၂၁ |
| ဖုသနာနည်း | ၄၂၂ |
| အာနာပါနနှင့် ဝိပဿနာ | ၄၂၃ |
| သမထမှ ဝိပဿနာ | ၄၂၄ |
| စကြံ့လျှောက်ရ ကျိုးငါးဝ | ၄၂၄ |
| စကြံ့ကမ္မဋ္ဌာန်း | ၄၂၅ |
| ဝေဒနာနုပဿနာ | ၄၃၀ |
| ဒိဋ္ဌရှိနေလျှင် မဂ်ဖိုလ် မရနိုင် | ၄၃၁ |
| ဝေဒနာနုပဿနာ ရှုပွားနည်း | ၄၃၂ |
| ပေါ်လိုက်ပျောက်လိုက်ကို ရှုရမှာ | ၄၃၃ |
| ဝေဒနာကို ဝေဒနာအတိုင်းမြင်စေ | ၄၃၃ |
| အရှုခံပေါ်ခိုက် ရှုဉာဏ်မပေါ်နိုင် | ၄၃၅ |
| ရှေ့ပိုင်းက သိရုံမျှ နောက်ပိုင်းကျမှ ဝိပဿနာ | ၄၃၅ |
| ဝေဒနာနိရောဓာ တဏှာနိရောဓော | ၄၃၇ |
| တဏှာနိရောဓောတိ မဂ္ဂေါ | ၄၃၈ |
| ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်း သိတာယူ | ၄၃၉ |
| ဖြစ်ပျက်တွေကနှိပ်စက်နေပုံ | ၄၄၀ |
| ဝေဒနာခွာပြီး အနိစ္စတွေ့အောင်ရှု | ၄၄၁ |
| ဝေဒနာကျော်ပြီး အနိစ္စတွေ့အောင်ရှာပါ | ၄၄၁ |
| ဝေဒနာခွာပုံ | ၄၄၂ |
| သေခါနီးမှာ မဂ္ဂသစ္စာနဲ့နေပါ | ၄၄၃ |
| ဝေဒနာကို ကျော်အောင် ကြိုးစား | ၄၄၄ |
| ဝေဒနာကတစ်ခြား၊ အနိစ္စက တစ်ခြား | ၄၄၅ |
| "ဝေဒနာကျော်တယ်" ဆိုတာ | ၄၄၅ |
| စိတ္တာနုပဿနာ | ၄၄၆ |
| စိတ္တာနုပဿနာ ရှုပွားနည်း | ၄၄၈ |
| ကမ္မဋ္ဌာန်းကျောင်းက ဘယ်မှာလဲ | ၄၄၉ |
| ပုထုဇဉ်တို့ ရှုနိုင်သောစိတ်များ | ၄၅၀ |
| စိတ်ရှုရမှာ မဟုတ်၊ အပျက်ရှုရမှာ | ၄၅၂ |
| ဝိပဿနာရှုပုံ အစစ်အမှန် | ၄၅၂ |

| | |
|---|---|
| သမုဒယ-ဝယဓမ္မာနုပဿီဝါ | ၄၅၃ |
| ဒုက္ခနောက်က မဂ္ဂလိုက် | ၄၅၄ |
| အပြင်ည့်သည် (၅) ယောက် | ၄၅၅ |
| အတွင်းည့်သည် ၆-ယောက် | ၄၅၅ |
| စိတ်ရှုနည်း | ၄၅၈ |
| အိမ်သည်စိတ်(၂)မျိုး | ၄၅၉ |
| နာမ်ရုပ်ကို ခွဲခြားသိတဲ့ဉာဏ် | ၄၆၀ |
| သဿတဒိဋ္ဌိလွတ်ရန် | ၄၆၁ |
| ကံတွေက အရိပ်ပမာ | ၄၆၂ |
| - အကြောင်းအကျိုး ခွဲခြားစိတ်ဖြာ | ၄၆၄ |
| ဉာတပရိညာနဲ့ ဒိဋ္ဌ ဝိစိကိစ္ဆာ သတ် | ၄၆၅ |
| ဉာဏ်နဲ့စောင့်ဖမ်းပါ | ၄၆၅ |
| စောင့်ပြီးဖမ်းတာ ဝိပဿနာ | ၄၆၆ |
| ဖမ်းတိုင်းမိတဲ့ အသေကလေးတွေ | ၄၆၇ |
| အရဏ်လာလျှင် နေထွက်တော့မယ် | ၄၆၈ |
| ဖြစ်ပျက်မမြင်လျှင် | ၄၆၉ |
| - ဝမ္မာနုပဿနာ | ၄၆၉ |
| နိဗ္ဗာန်ရောက်တဲ့ အမြင်မျိုး | ၄၇၀ |
| ဉာဏ်နဲ့မြင်တဲ့ အမြင်မျိုးဖြစ်ပါစေ | ၄၇၁ |
| ဒီဉာဏ်ရရင် ဒီဘဝကိစ္စ ပြီးစီးနိုင် | ၄၇၁ |
| သားမြီးဖျားကို မြားနဲ့ပစ်သလို | ၄၇၂ |
| ဒီနေရာပေါ် ဒီနေရာပဲပျက် | ၄၇၃ |
| မမြင်ရတဲ့နေရာမှ မမြင်ရတဲ့နေရာသို့ | ၄၇၄ |
| **၇။ ကျွန်ုပ်(၅)ပါး** | ၄၇၅ |
| **၈။ နမူနာဇာတ်လမ်းဟောကွက်များ** | ၄၈၂ |
| အမှောင်ညများကို စွန့်ခွာခြင်း (စူဠဝေဒလ္လသုတ်နိဒါန်း) | ၄၈၂ |
| အပြစ်မမြင် အချစ်ဝင် (သုပ္ပဝါသာ သုတ္တန်) | ၄၉၂ |
| သစ္စာမြင်မှ သံယောဇဉ်ကွာ (သန္ဓတိဝတ္ထု) | ၅၀၃ |
| အပြုံးအမဲ့လွတ် သခီရုပေကွာ | ၅၁၃ |
| ပြုံးသေမဲ့သေ (ဖဂ္ဂုဏာမထေရ်) | ၅၁၅ |
| သေရမှာကြောက်သူ၊ မကြောက်သူ | ၅၁၈ |

သေရမှာမကြောက်သူ ၄ ဦး ၅၂၀
ညာစောင်းပြီး ပြုံးသေဆိုလျှင် ၅၂၁
**၉။ တရားထိုးတင်နည်းများ** ၅၂၃
သောတာပန် ဂုဏ်ရည် ၅၂၄
သောတာပန်ဖြစ်ရန်အဂါလေးပါး ၅၂၄
သောတာပန်စိတ်ထား အဂါ ၇-ပါး ၅၂၅
**ပရိညာ သုံးပါး** ၅၂၈
ပရိညာသုံးပါးနှင့် လေ့ကျင့်ဥပမာ ၅၂၉
ပရိညာ ၅၃၀
**ဝိသုद्ธိခုနှစ်ပါး** ၅၃၁
ရတဝိနိတသုတ် ၅၃၁
သီလဝိသုद्ธိ ၅၃၄
စိတ္တဝိသုद्ธိ ၅၃၆
ဒိဋ္ဌိဝိသုद्ธိ ၅၃၇
ကင်္ခါဝိတရဏဝိသုद्ธိ ၅၄၂
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုद्ธိ ၅၄၅
ပဋိပဒါဉာဏဒဿနဝိသုद्ธိ ၅၄၇
ဉာဏဒဿနဝိသုद्ธိ ၅၄၈
ဉာဏ်စဉ် (၁၆)ပါး ၅၄၉
ဝိပဿနာဉာဏ်(၁၀)ပါး ၅၅၂
ဉာဏ်စဉ်လက်မှတ် ၅၅၂
ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံး ၅၅၃
ဉာဏ်စဉ်အကျဉ်းအကျယ် ၅၅၄
ဉာဏ်စဉ်ကို အမှန်မြင်စေလို ၅၆၁
**ဉာဏ်စဉ်, ဝိသုद्ธိ, ပရိညာ နှိုင်းယှဉ်ချက်** ၅၆၆
**အာသဝ ဝင်ရိုးချိုးနည်း** ၅၆၇

# တတိယအကြိမ်ထုတ် စာရေးသူ၏ စာပလွှင်

**လူ့ဘဝရဲ့ သမုဒယနှောင်ကြိုး... အရှုပ်အထွေးချည်... မိုးကုတ် ဆရာတော်ဘုရား... တရားအလင်းပြ ဖယ်ရှားပြီ... ပဋ္ဌိစ္စသမုပ္ပါဒ်သံသရာ စက်ရဟတ် ရပ်တန့်စေရန်အတည်... (ဒုက္ခခပ်သိမ်း ကင်းငြိမ်းရည်)၂ များလူစုံညီ နိဗ္ဗာန်လမ်းပြ... သာသနာ့အာဏာနည်း...။**

စာရေးသူသည် လွန်ခဲ့သည့် ဇန်နဝါရီလက ပြည့်စုံကြွယ်ဝ **ကျောင်းဒါန** စာအုပ် ရိုက်နှိပ်ရန် ရန်ကုန်သို့ဆင်းခဲ့သည်။ ကမ္ဘာအေး ကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ စစ်ကိုင်းဆောင် အဆောင်မှူးလည်းဖြစ်၊ လက်ထောက်မော်ကွန်းထိန်းလည်းဖြစ်၊ စာရေး ဆရာလည်းဖြစ်သော **ဂန္ဓဝါစကပဏ္ဍိတ, သာသနတက္ကသိုလ မဟာမဂ္ဂ စရိယ M.A (Buddhism) ဘဒ္ဒန္တနရိန္ဒ (ဇေယျာနရိန်–မြောင်းမြ)** ထံမှာ တည်းခိုသည်။

အချိန်တိုအတွင်း အရေးတကြီး ဆောင်ရွက်စရာပါလျှင် ဆရာ ဇေယျာနရိန်ထံမှာ တည်းခိုဖြစ်သည်။ အေးအေးဆေးဆေးဆိုလျှင် မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၁)လမ်းမှာရှိသော ဓမ္မရက္ခိတ ကျောင်းမှာ တည်းဖြစ်ပါသည်။ ယင်းကျောင်း၏ ပဓာနနာယကဆရာ တော်သည် **ဗီဇအလင်းငှက်** ကဗျာစာအုပ်ဖြင့် **အမျိုးသားစာပေဆု** ရရှိသော **အရှင်ဇဝန (ကဗျာဆရာဇာနည်)** ဖြစ်သည်။ စာရေးသူ၏ ဇာတိနွယ်ဖွား ဆရာတော်တစ်ပါးဖြစ်သည်။

စာရေးသူသည် ရန်ကုန်ရောက်တိုင်း နံနက်ခင်းတစ်ခုမှာ မိတ်ဆွေ စာရေးဆရာများနှင့် အချိန်လုကာ ဆုံတွေ့ဖြစ်သည်။ ပဋ္ဌိသန္ဓာရစကား

များ၊ အလွှာပသလွှာပစကားများ ပြောဖြစ်ကြသည်။ သာသနာရေး၊ ဘာသာရေး၊ စာပေရေးရာများ ဆွေးနွေးနှီးနှော ဖလှယ်ကြသည်။ **ဒဋ္ဌိမိတ္တ**-ခိုင်မြဲသောမိတ်ဆွေ၊ **ပိယသဟာယ**-ချစ်ကျွမ်းဝင်သောသူငယ်ချင်းများဖြစ်သောကြောင့် တွေ့ဆုံစကားပြောဆိုကြရာ အနှောင့်အယှက်မရှိသဖြင့် ပျော်ရွှင်ကျေနပ်မှုရကာ အသိဉာဏ်အလင်းတံခါးများ ပွင့်သွားရသည်။ အတွေးအမြင်များ ရှင်းလင်းပီသ ကြည်မြသွားသည်ဟု ခံစားရသည်။ စာရေးသူ၏မိတ်ဆွေတို့တွင် စာရေးဆရာကိုရွှေသောင်းဝင်းလည်း ပါသည်။

ဆရာကိုရွှေသောင်းဝင်းက သူ စီစဉ်ပူဇော်ထားသည့် **ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ ထေရုပွတ္တိမော်ကွန်း** စာအုပ်ကြီးကို လက်ဆောင်အဖြစ် စာရေးသူအားဆက်ကပ်ပါသည်။ စာအုပ်ကို အကြမ်းဖျင်းကြည့်ပြီးနောက် **ဒီစာအုပ်မျိုး စီစဉ်ပူဇော်ခွင့်ရတာ ဆရာ သိပ်ကံကောင်းတာပဲ** ဟု ရင်တွင်းစကားလှိုက်လှဲစွာ ပြောကြားဂုဏ်ပြုမိပါသည်။ တန်ဖိုးသိသူသာ တန်ဖိုးထားရမှန်း၊ မြတ်နိုး၊ ပူဇော်ရမှန်း သိပါသည်။ တန်ဖိုးမသိသူက ဘယ်လောက်ပင် တန်ဖိုးကြီးသောအရာ ဖြစ်နေပါစေ၊ တန်ဖိုးထားရမှန်း၊ မြတ်နိုးရမှန်း၊ ပူဇော်ရမှန်း မသိပါ။ ယင်းသည် လောကဓမ္မတာပင် ဖြစ်နေပြီလော မပြောတတ်တော့။

စာရေးသူသည် မိုးကုတ်ဆရာတော်၏ ဘဝဖြစ်တော်စဉ်ကို ဓမ္မာစရိယဦးဌေးလှိုင်ရေးသော **ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ** စာအုပ်၊ တစ်ဘဝသာသနာ အရှင်ဃောသိတရေးသော **မိုးကုတ်ဆရာတော်၏ တစ်ဘဝသာသနာ** စာအုပ်နှင့် ဦးကျော်သိန်းရေးသော **မိုးကုတ်ဆရာတော်၏ ထေရုပွတ္တိနှင့် ကျင့်စဉ်** စာအုပ်များကို ဖတ်ရှုပြီး ကြည်ညိုနေသူ ဖြစ်သည်။ မြဝတီရုပ်သံမှ ထုတ်လွှင့်သော **မိုးကုတ်ဆရာတော်၏ ထေရုပွတ္တိ ရုပ်သံမှတ်တမ်း** ကိုလည်း ကြည့်ရှုနားထောင် ပူဇော်ပြီး ဖြစ်သည်။

ထို့ကြောင့် ဆရာ ကိုရွှေသောင်းဝင်း စီစဉ် ပူဇော်သော ထေရုပ္ပတ္တိ **မော်ကွန်း** စာအုပ်ကြီး ရရှိသည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိခြင်း ဖြစ်သည်။

**တရားဝမ္မအနှစ်ကိုပြ... များသတ္တဝေနေယျတွေ... သံသရာ အတွင်းမှ လွတ်ကင်းနိုင်ကြလေ... ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းအခြေ... အဘိ ဝမ္မာ ညဝါ ထင်ရှားပေ... သစ္စာလေးပါး မြတ်တရားကို... ခန္ဓာဥာဏ် ရောက် ဟောကြားနိုင်ခဲ့ပေ... ထေရ်ထက်ထေရ်ကျော်... ထင်ပေါ်ပေ... ကမ္ဘာပေါ်တစ်လွှာအခြေ... ဂုဏ်ရောင်ကြွားပေ... အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကို ရှိသေညွှတ်ကျိုး... ရှိခိုးဦးတင် ... ကော်ရော်မဆုံးပေ။**

မြဝတီရုပ်သံမှ မိုးကုတ်ဆရာတော်၏ ထေရုပ္ပတ္တိကိုလွှင့်စဉ် အဆိုတော် **ယဉ်ဝေယံထွန်း** သီဆိုသော ဖော်ပြပါသီချင်းတို့ကိုလည်း ကြားလိုက်ရသည်။ တေးရေးဆရာများက **မင်းဗေဒါ** (ပွင့်ဖြူ) နှင့် **လေးနိုင်မင်း** တို့ ဖြစ်သည်။ ၄င်းတို့သည် မိုးကုတ်ဆရာတော်၏ဂုဏ်ကို ပေါ်လွင်အောင် ဖော်ကျူးနိုင်ကြသည်။ စာရေးသူသည် **'ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း–ဆရာကိုင်'** စာအုပ်ကို ရေးရာတွင် မိုးကုတ်ဆရာတော်၏ ထူးခြားသောဂုဏ်ရည်နှင့် တရားဟောပုံစံ၏ ကွဲပြားမှုအသွင်များကို လွယ်လင့်တကူ သိမြင်နားလည် ကျင့်ဆောင်နိုင်အောင် ရည်ရွယ်လျက် **'မိုးကုတ်ဂုဏ်ရည်'** ဟု ခေါင်းစဉ်တပ်ကာ အခန်း (၁) မှာ အတော်ပြည့်စုံစွာ ရေးဖွဲ့ဖြစ်ပါသည်။ ၄င်းအခန်းကို ဖတ်ရှုကြ၍ မိုးကုတ်ဂုဏ်ရည်ကို နားလည်သိမြင်ကြကာ ကြည်ညိုမြတ်နိုး ပူဇော်လျက် လက်တွေ့လိုက်နာကျင့်ဆောင်သင့်လှပါသည်။

**စာရေးသူသည် အဘိဓမ္မပိဋကဝိဘင်္ဂပါဠိ ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်းကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့နှင့် ယှဉ်တွဲကြည့်ပြီး အခြားသောပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို မှေနှောက်လျက်**

ပဋ္ဌိစ္စသမุပ္ပါဒ်နှင့် ပတ်သက်သည်များကို စုစည်းကာ သံဃာတော်များကို ဝါတွင်းတိုင်း ပဋ္ဌိစ္စသမุပ္ပါဒ် သင်ပြ၊ ရှုမှတ်နည်းသင်တန်း ပို့ချတာ ကြာခဲ့ပါပြီ။ ယင်းအတွေ့အကြုံများကို ပေါင်းစပ်၍ ၂၀၁၀ ပြည့်နှစ်က **'ပဋ္ဌိစ္စသမุပ္ပါဒ် သင်ပြ၊ ရှုမှတ်နည်း–ဆရာကိုင်'** စာအုပ်ကို ထုတ်ဝေခဲ့သည်။ ရေးတာက ၂၀၀၈ ခုနှစ်မှာ ပြီးစီးခဲ့သည်။ ငွေကြေးမည်ညွှတ်သောကြောင့် မထုတ်ဖြစ်ခဲ့ပါ။ ၄င်းစာအုပ်၌ ပဋ္ဌိစ္စသမุပ္ပါဒ်ကို အဓိကထား ပို့ချရေးသားခဲ့သည်။ သတိပဋ္ဌာန်ကား ကျင့်စဉ်မျှလောက်သာ ထည့်ဖြစ်သည်။

စာရေးသူသည် မဟာသတိပဋ္ဌာနသုတ္တန်ကို သင်တန်းအဖြစ် ကုန်စင်အောင် မပို့ချခဲ့ဖူးပါ။ တစ်စိတ်တစ်ဒေသ အပေါ်ယံကြောမျှ ပို့ချဟောပြောဖူးသည်။ ယင်းသည်လည်း မဟာသတိပဋ္ဌာန်သုတ် သီးသန့် ပို့ချဟောပြောခြင်းပင်ဖြစ်သည်။ ပဋ္ဌိစ္စသမุပ္ပါဒ်နှင့် မဟာသတိပဋ္ဌာနသုတ်ကို ယှဉ်တွဲကာ ဉာဏ်ကျက်စားလျက် ကုန်စင်အောင် ပို့ချဟောပြောချင်စိတ် ဖြစ်လာခဲ့သည်။

ထို့ကြောင့် **ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ** နှင့် **မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ** တို့၌ ဖော်ပြထားသော **မဟာသတိပဋ္ဌာနသုတ်ပါဠိတော်ကြီး**ကို အာဂုံဆောင်ကာ **အဖွင့်အဋ္ဌကထာ၊ ဋီကာတို့**ကို သေချာစွာ ကြည့်ရှုပါသည်။ မဟာစည်ဆရာတော်၏ **'မဟာသတိပဋ္ဌာနသုတ်ပါဠိ နိဿယ'** စာအုပ်နှင့် ချမ်းသာကြီးဆရာတော်၏ ကိုယ်တွေ့တရားရှုမှတ်နည်း **'သတိပဋ္ဌာန်ဂုဏ်ရည်'** စာအုပ်တို့ကို ထပ်ခါထပ်ခါ ဖတ်ရပါသည်။ သတိပဋ္ဌာန်နှင့် ပတ်သက်ဆက်နွယ်သည့် **'သတိပဋ္ဌာန်နိဒါန်း၊ သတိပဋ္ဌာန်အရကောက်၊ သတိပဋ္ဌာန်အဖွင့်'** စသော စာအုပ်များကိုလည်း လေ့လာဖြစ်ပါသည်။

သတိပဋ္ဌာန်နှင့် ပဋ္ဌိစ္စသမุပ္ပါဒ်ကို ယှဉ်တွဲလေ့လာပြီးနောက် ၁၃၇၃ ခုနှစ်၊ ဝါတွင်းဥပုသ်နေ့တိုင်း မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အနောက်ရပ်ကွက်၊ ကြီးလေးကြီး သမိုင်းဝင် ဆုတောင်းပြည့်

ချမ်းသာကြီးဘုရား စေတီတော်ရင်ပြင်ပေါ်ရှိ မိုးကုတ်တရားစခန်း၌ ပဋ္ဌိစ္စသမုပ္ပါဒ်ကို အခြေခံ၍ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို လက်တွေ့တရားရှုမှတ်နည်းများဖြင့် သင်ကြားပို့ချခြင်း အထူးသင်တန်း ဟု ကြေငြာကာ ရှင်ရဟန်းများနှင့် လူပုဂ္ဂိုလ်တို့အား သင်ပြ၊ ဟောပြခဲ့သည်။ ယခု ၁၃၇၄ ခုနှစ် ဝါတွင်းမှာလည်း ဒုတိယအကြိမ် ထပ်မံပို့ချသည်။

ရှေးဦးစွာ ပဋ္ဌိစ္စသမုပ္ပါဒ်အဂါများ နားလည်အောင် ရှင်းပြပြီး မဟာသတိပဋ္ဌာနသုတ္တန်ကို အစဉ်အတိုင်း သင်ပြသွားကာ မဟာသတိပဋ္ဌာနသုတ္တန်ထဲ ပဋ္ဌိစ္စသမုပ္ပါဒ်အဂါများ ထည့်ပြလျက် လက်တွေ့တရားရှုမှတ်နည်းများဖြင့် တင်ပြဆွေးနွေးပြသခဲ့ပါသည်။ တစ်ခါတစ်ရံ ပဋ္ဌိစ္စသမုပ္ပါဒ်အဂါရပ်များထဲသို့ မဟာသတိပဋ္ဌာနသုတ်လာ စကားများ၊ ကျင့်စဉ်များထည့်ကာ **စာပဋ္ဌိစ္စသမုပ္ပါဒ်မှ ခန္ဓပဋ္ဌိစ္စသမုပ္ပါဒ်သို့** ကူးပြောင်း၊ ယှဉ်တွဲကြည့်ပုံ၊ ရှုမှတ်ပုံ၊ သိပုံများကို တင်ပြ ဆွေးနွေး သင်ကြားပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကလည်း ကျယ်ပြန့်နက်ရှိုင်းသည်။ မဟာသတိပဋ္ဌာနသုတ်ကလည်း ကျင့်စဉ်များ ပြည့်စုံစွာ အသေးစိတ် ဖော်ပြထားသောကြောင့် ကြီးကျယ်ရှည်လျားသည်။ နက်ရှိုင်းကြီးကျယ်သည့် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် မဟာသတိပဋ္ဌာန်ကို နှိုင်းယှဉ်သုံးသပ်ကာ ကျင့်စဉ်များပါတိကျမှန်ကန်စွာ ညွှန်ပြရခြင်းသည် အလွန်ဉာဏ်ကျက်စားရပါသည်။ အလွန်သတိထားရပါသည်။ ကိုယ်တွေ့လည်း အထိုက်အလျောက်ရှိထား၍ အခြေခံအဘိဓမ္မာသဘာဝများလည်း သိရှိပြီးဖြစ်သောကြောင့် ဉာဏ်ကစားရတာ ပျော်မွေ့မိပါသည်။ သင်ပြပေးရတာ ကြည်နူးမိပါသည်။

**သုတမဖက် ဝိပဿနာခက်၏** ဟု ဒီပဲရင်းဆရာတော်က မိန့်တော်မူခဲ့သည်။ ထို့ကြောင့် ဝိပဿနာမခက်အောင် သုတဖက်ကြ ရမည် မဟုတ်ပါလော...။

## သတိပဋ္ဌာန်ဂုဏ်ရည်

သတိပဋ္ဌာန်သည် သတိကပ်၍တည်မှု, သတိသက်ဝင်၍ မပြတ်ဖြစ်မှု, သတိစွဲမြဲမှုဟု အဓိပ္ပာယ်ရသည်။ သတိသည် အမှတ်ရမှုဖြစ်သည်။ အမှတ်ရစရာ, သက်ဝင်၍မပြတ်ဖြစ်စရာကား လေးမျိုးရှိသည်။ ၄င်းတို့မှာ ကာယ,ဝေဒနာ, စိတ္တ, ဓမ္မတို့ဖြစ်သည်။

– **ကာယ, ဝေဒနာ၊ စိတ္တဓမ္မ၊ ဤလေးဝ၊ အစသရုပ်တည်။**

– **ဤလေးဝမှာ၊ နုပသဿနာ၊ တွဲကာခေါ်ရမည်။**

၁။ ကာယာနုပဿနာသတိပဋ္ဌာန်၊ ၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ ၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု သတိပဋ္ဌာန်သည် လေးမျိုးရှိသည်။ ကိုယ်ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာရှုဖွယ်တွေဖြစ်သည်။

**၁။ ဖောက်ပြန်မှုများ၊ ပေါ်ထင်ရှား၊ ပိုင်းခြားသိရမည်။**

**၂။ ခံစားမှုများ၊ ပေါ်ထင်ရှား၊ ပိုင်းခြားသိရမည်။**

**၃။ သိမှုတရား၊ ပေါ်ထင်ရှား၊ ပိုင်းခြားသိရမည်။**

**၄။ သဘောတရား၊ ပေါ်ထင်ရှား၊ ပိုင်းခြားသိရမည်။**(ဒီ၊ ၂၊ ၂၃၁)

၄င်းလေးပါးတို့ကို တစ်ပြိုင်နက် ရှုရမည်မဟုတ်။ ထင်ရှားတာကိုသာ ရှုမှတ်ရမည်။ ထင်ရှားတာတစ်ခုကို ပိုင်နိုင်ကျွမ်းကျင်သွားလျှင် အားလုံးရှုမှတ်ပြီး သိမြင်သွားပြီးဖြစ်သည်။ ထို့ကြောင့် **ထင်ရှားပေါ်ရာ၊ ရှုမှတ်ကာ၊ သိတာဉာဏ်စစ်ပါ** ဟု သဘောပေါက် နားလည်စေလိုပါသည်။

မြတ်စွာဘုရားသည် မဟာသတိပဋ္ဌာနသုတ်ကို (၂၁)ပိုင်းတို့ဖြင့် ဟောကြားရာ၌ ကျင့်စဉ်နည်းများကိုသာ ဟောသည် မဟုတ်။ ကျင့်သဖြင့် ရနိုင်သည့် ကောင်းကျိုးဂုဏ်ရည်များကိုပါ အားတက်ဖွယ်ဖြစ်အောင် ရှေးဦးစွာ ဟောပြသည်။ အဆုံးမှာလည်း ပြန်လည်ဟောပါသည်။ ကျင့်ကြံပွားများမှုကြောင့် ရရှိနိုင်သည့် ကောင်းကျိုးဂုဏ်ပုဒ်များကို

သိရလျှင် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသည့်လူတိုင်း ကျင့်စဉ်များကို စွဲမြဲစွာ ကြိုးစားကျင့်ဆောင်ကြသည် မဟုတ်ပါလော။ အကျိုးမြင်မှ အကြောင်းကောင်းကောင်း ပြုလုပ်ကြသည်မှာ ပုထုဇဉ်တို့၏ ဓမ္မတာဓလေ့ပင်ဖြစ်သည်။

**ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။** (ဒီ၊ ၂၊ ၂၃၁)

ရဟန်းတို့ သတိပဋ္ဌာန်လေးပါး ရှိသည်။ ဤသတိပဋ္ဌာန်ကျင့်စဉ်သည် သတ္တဝါတို့၏ စိတ်အညစ်အကြေး ကင်းဝေးစင်ကြယ်ခြင်းငှာ တစ်ခုတည်းသောလမ်းဖြစ်သည်။ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲများ ချုပ်ငြိမ်းပျောက်ကွယ်ခြင်းငှာ တစ်ခုတည်းသောလမ်းဖြစ်သည်။

အဂါရုစ်ပါးရှိသော အရိယာမဂ်ကို ရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ တစ်ခုတည်းသောလမ်း ဖြစ်သည်။ ယင်းသည် သတိပဋ္ဌာန်၏ လောကီ, လောကုတ္တရာ အကျိုးပြ စကားရပ်ဖြစ်သည်။ အလွန်အားတက်ဖွယ် ကောင်းသည်။ ၄င်းစကားကိုပင် သုတ္တန်၏အဆုံးဌ ပြန်လည်ဟောပြသည်။ လောကုတ္တရာ အကျိုးသက်သက်ကိုလည်း အောက်ပါအတိုင်း ဖော်ပြထားသည်။

**ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧवं ဘာဝေယျ သတ္တာဟံ။ တဿ ဒ္ဝိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေ၀ ဓမ္မေ အညာ, သတိ ၀ါ ဥပါဒိသေသေ အနာဂါမိတာ။**

ရဟန်းတို့ မည်သူမဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ညွှန်ပြခဲ့သည့်အတိုင်း ခုနစ်ရက်ပတ်လုံး ပွားများဖြစ်စေမည်ဆိုလျှင် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်းအကျန်ရှိသေးလျှင်

အနာဂါမိဖိုလ်ဖြစ်စေ၊ တစ်ပါးပါးသောဖိုလ်ကို ရနိုင်သည်။ (ဒီ၊ ၂၊ ၂၃၁။ ၂၅၁-၂၅၂၊ မ၊ ၁၊ ၇၀၊ ၉၀-၉၁)

- သတိပဋ္ဌာန် ဓမ္မစက်ကို ဝန်ခံချက်နှင့် တို့မြတ်စွာ။
- ဟောမိန့်ပုံမှာ ထိုဘရားကို ဖြစ်ပွားစေတဲ့ရှင်လူမှာ။
- အလွန်ကြာလျှင် (၇)နှစ်နဲ့. ရဟန္တာအစစ် ဖြစ်နိုင်ပါ။
- စွဲမှုကျန်တောင် နာဂါမ်လောက်တော့ ဆိုက်ရောက်မယ်တဲ့ ဇကန်ပါ။
- မြန်သူဆိုလျှင် (၇) ရက်နဲ့. ထိုဖိုလ်မဂ်ကို ရနိုင်ပါ။
- ရဲရင့်ခိုင်မာ ဝန်ခံချက်နှင့် ဓမ္မစက်ကို ဟောခဲ့တာ။
- နိဗ္ဗာန်လိုသူ မယုံမှားနဲ့. မြတ်ဘုရားကို ယုံကြည်ပါ။
- သတိပဋ္ဌာန်, ကိုယ့်သန္တာန်, အမြန်ပွားစေရာ။
- သို့.ပွားစေမှ, နိဗ္ဗာန်ရ, မုချငြိမ်းအေးမှာ။

မြတ်စွာဘုရားသည် မဟာသတိပဋ္ဌာနသုတ်ကို (၂၁)ခန်းတို့ဖြင့် အသေးစိတ်ဟောပြ၍ ခုနစ်နှစ်ဖြစ်စေ၊ ခုနစ်ရက်ဖြစ်စေ တိကျမှန်ကန်စွာကျင့်လျှင် ရဟန္တာဖြစ်နိုင်သည်ဟု ဟောပြခြင်းသည် နေယျပုဂ္ဂိုလ်များကို အဓိကညွှန်ပြလိုသောကြောင့်ဖြစ်သည်။ တိက္ခပုဂ္ဂိုလ်များသည် မနက်ကျင့်ညရ၊ ညကျင့်မနက်ရ၊ အခုကျင့်အခုရ၊ ချက်ခြင်းကောင်းကျိုးကို စံစားရသည်။ ဉာဏ်ပညာနုံ့နှေးသည့် နေယျပုဂ္ဂိုလ်က ခုနစ်နှစ်ထက်ကျော်၍ကျင့်မှ တရားရသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ သတိပဋ္ဌာန်၏ဂုဏ်ရည်များကို သိရခြင်းသည်ပင် အားတက်ဖွယ်ကောင်းသော သဒ္ဓါစိတ်များ ထက်သန်ပြီး ပြင်းထန်စွာ ကြိုးစားအားထုတ်ချင်စိတ်များ ပေါက်ဖွားလာစေပါသည်။ (ဒီ၊ ၆၊ ၂၊ ၃၄၃။ ၃၉၅) (ပဋ္ဌိစ္စသမုပ္ပါဒ် ဂုဏ်ရည်များကို စာကိုယ်၌ တစ်ခန်း သီးသန့်.ဖော်ပြထားပါသည်။)

သတိပဋ္ဌာန်လေးပါးတို့.တွင် ကာယာနုပဿနာ သတိပဋ္ဌာန် အပိုင်း၌ -

- အာနာပါနအပိုင်း၊
- ဣရိယာပထအပိုင်း၊
- သမ္ပဇညအပိုင်း၊
- ပဋိကူလမနသိကာရအပိုင်း၊
- ဓာတုမနသိကာရအပိုင်း၊
- နဝသီဝထိကအပိုင်းဟု (၁၄)ပိုင်း ရှိသည်။

၄င်းတို့ကို ခြုံကြည့်လျှင် အရှုခံတရားများသည် ရုပ်များသာ ဖြစ်သည်။ ရူပက္ခန္ဓာဟု အဋ္ဌကထာက မှတ်ချက်ပြုထားသည်။ ကာယာနုပဿနာဖြင့် ရုပ်သက်သက်ကို သိမ်းဆည်းပြသည်ဟုလည်း တင်ပြထားသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းထဲ ထည့်ကြည့်လျှင် (၂) အကွက်ထဲပါ၍ နာမ်ရုပ်ဟူသော အဂၢိရုပ်တွင် ရုပ်ထဲပါဝင်သည်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်၌ ဝေဒနာအမျိုးအစားကိုးမျိုး ဖော်ပြထားသည်။ ဝေဒနာက္ခန္ဓာဟု အဋ္ဌကထာဆရာက မှတ်ချက်ပြုထားသည်။ ပဋ္ဌိစ္စသမုပ္ပါဒ် (၂) အကွက်မှာပါသော ဝေဒနာအဂၢိနှင့် နာမ်ရုပ်အဂၢိတွင် နာမ်သဘောနှင့် အတူတူပင်ဖြစ်သည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်၌ သရာဂစိတ် စသည်ဖြင့် အစုံရှစ်မျိုးဖော်ပြထားသည်။ ဝိညာဏက္ခန္ဓာဟု အဋ္ဌကထာဆရာက မှတ်ချက်ပြုထားသည်။ ပဋ္ဌိစ္စသမုပ္ပါဒ် (၂) အကွက်မှာပါသော ဝိညာဏ်နှင့်အတူတူပင် ဖြစ်သည်။ သဠာယတနအဂၢိရုပ်တွင် မနာယတနဖြစ်သည်ဟုလည်း ပြောနိုင်ပါသည်။ ဝေဒနာနုပဿနာနှင့် စိတ္တာနုပဿနာသည် နာမ်သက်သက်ကို သိမ်းဆည်းပြသည်ဟု အဋ္ဌကထာ၌ ဖော်ပြထားသည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်၌ နီဝရဏအပိုင်း၊ ခန္ဓာအပိုင်း၊ အာယတနအပိုင်း၊ ဗောဇ္ဈင်အပိုင်းနှင့် သစ္စာလေးပါးအပိုင်းဟု ငါးမျိုးဖော်ပြထားသည်။ ယင်းသည် သခါရက္ခန္ဓာနှင့် သညာက္ခန္ဓာပင်ဖြစ်သည်ဟု အဋ္ဌကထာဆရာ မှတ်ချက်ပြုထားသည်။ ဓမ္မာနုပဿနာဖြင့် ရုပ်နှင့်

နာမ် အားလုံး သိမ်းဆည်းပြသည်ဟု ဆွေးနွေးပြထားပါသည်။ တကယ်တော့ သတိပဋ္ဌာန်လေးပါးသည် အများအားဖြင့် ခန္ဓာငါးပါးပင် ဖြစ်သည်။ (ဒီ၊ ၆၊ ၂၊ ၃၈၇)

ထို့ကြောင့် ၄င်းတို့သည် ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါများနှင့် တစ်ခုမဟုတ်တစ်ခု တူညီဆက်စပ်နေသည်သာ ဖြစ်သည်။ သို့အတွက် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် မဟာသတိပဋ္ဌာနသုတ်သည် သဘောတရားမျှ ဖော်ပြခြင်းနှင့် သဘောတရားရော၊ ကျင့်စဉ်ပါ ဖော်ပြခြင်းသာ ထူးခြားပါသည်။ အချင်းချင်း ဆက်စပ်နီးနွယ်နေသည်သာ ဖြစ်ပါသည်။ ဉာဏ်ယှဉ်ကာ သုံးသပ်တတ်ဖို့တော့ အရေးကြီးပါသည်။

ပန်းတိုင်သို့သွားရာ၌ ဝေဟင်မှသွားခြင်း၊ မြေပြင်မှသွားခြင်း၊ ရေပြင်မှသွားခြင်းသာ ခြားနားပါသည်။ ဘယ်မှသွားသွား လမ်းမှန်ဖြင့်သာ သွားနေလျှင် ပန်းတိုင်သို့ ဧကန်ရောက်ကြမည်သာ ဖြစ်သကဲ့သို့ နိဗ္ဗာန်ပန်းတိုင်သို့ သွားရာ၌လည်း သတိပဋ္ဌာန်ဖြင့်သွားသွား၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြင့်သွားသွား မှန်ကန်တိကျစွာ မယိမ်းမယိုင် ခွဲခိုင်ခိုင်ဖြင့် ကြိုးစားသွားကြလျှင် ရောက်ကြမည်မှာ သေချာပါသည်။ မိမိ၏ပါရမီအလျောက် အနေးအမြန်သာ ကွာခြားပါမည်။

အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းပစ္စည်းများဖြင့် ဝေဖန်သုံးသပ်ပြမှုများ ပြုလုပ်ခဲ့သည်။ အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ရှေးဦးစွာ ပဋ္ဌိစ္စသမုပ္ပါဒ်သဘောများကို သီးသန့်ဖော်ပြသည်။ ပဋ္ဌာန်းပစ္စည်းသဘောများကိုလည်း ခွဲခြားဖော်ပြသည်။ ပြီးမှ ပဋ္ဌိစ္စသမုပ္ပါဒ်ကို အကျယ်ဖွင့်ပြကာ ပဋ္ဌာန်းပစ္စည်းများဖြင့် ကျေးဇူးပြုပုံကို ထင်ရှားအောင် ယှဉ်တွဲပြသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၄၈-၂၁၀)

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ်ကို ဖွင့်ဆိုရာတွင် သုတ္တန္တဘာဇနီယဝဏ္ဏနာနှင့် အဘိဓမ္မဘာဇနီယဝဏ္ဏနာဟု

နှစ်ပိုင်းခွဲ၍ ဖော်ပြထားသည်။ သုတ္တန္တဘာဇနီယဝဏ္ဏနာတွင် ပဋ္ဌိစ္စသမုပ္ပါဒ် ကိုမူတည်၍ ပဋ္ဌာန်းပစ္စည်းများ ဆက်စပ်ပြခြင်းဖြစ်သည်။ အဘိဓမ္မဘာဇနီ ယဝဏ္ဏနာ၌ ပဋ္ဌာန်းပစ္စည်းကိုမူတည်၍ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ယှဉ်တွဲပြသည်။ မည်သို့ပင်ဖြစ်စေ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းနှီးနွယ်ပြခြင်းက အတူတူပင် ဖြစ်သည်။ အတုယူဖွယ် ကောင်းလှပါသည်။ (အဘိ၊ ၆၊ ၂၊ ၁၂၃-၂၀၃)

အရှင်မဟာဗုဒ္ဓဃောသသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းပစ္စည်းဖြင့် ဝေဖန်ပြရာ၌ အများအားဖြင့် ပဋ္ဌာန်းပစ္စည်းသရုပ်များကိုသာ ယှဉ်တွဲ ဖော်ပြသည်။ ထို့ကြောင့် အဌကထာကြီးနှစ်ခုလုံး၌ပင် **ဝိတ္ထာရတော ပန တသ္မာ ပစ္စယနယေ ဒဿိယမာနေ သဗ္ဗာပိ ပဋ္ဌာနကထာ ဝိတ္ထာ ရေတဗ္ဗာ ဟောတိတိ နှ နံ အာရဘာမ။**

အကျယ်အားဖြင့် နာမ်ရုပ်အား ကျေးဇူးပြုပုံနည်းကို ပြနေလျှင် ပဋ္ဌာန်းစကားအလုံးစုံကိုလည်း ချဲ့၍ပြရပေလိမ့်မည်။ ထို့ကြောင့် ထို ကျေးဇူးပြုပုံအကျယ်ကိုပြရန် အားမထုတ်တော့ကုန်အံ့" ဟု ကိုယ်တိုင် ဝန်ခံခဲ့သည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၉၅-အဘိ၊ ၆၊ ၂၊ ၁၆၄၊ ဝိသုဒ္ဓိ၊ မြန်၊ ၄၊ ၂၁၄-၅)

စာရေးသူသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို မဟာသတိပဋ္ဌာနသုတ်ဖြင့် ယှဉ်တွဲပုံ တိုက်ရိုက်ဖော်ပြထားတာ မတွေ့မိသေးပါ။ ထို့ကြောင့် အရှင် မဟာဗုဒ္ဓဃောသထုံး နှလုံးမူကာ ပဋ္ဌိစ္စသမုပ္ပါဒ်ကို မဟာသတိပဋ္ဌာန သုတ်ဖြင့် ယှဉ်တွဲလေ့လာကြည့်ခြင်းဖြစ်ပါသည်။ အလျှဉ်းသင့်သည့်အခါ အကျယ်ဝေဖန် ယှဉ်တွဲပြမှုများ သီးခြားစာအုပ် ထုတ်ဝေဖြစ်မည် ထင်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြ, ရှုမှတ်နည်းစာအုပ်ကို တတိယအကြိမ် မြောက်ထုတ်ရာ၌ ပဋ္ဌိစ္စသမုပ္ပါဒ်အဂါများကို သတိပဋ္ဌာန်လေးပါးနှင့် နှိုင်းယှဉ်ကာ ဆိုလျော်သည်များကို စံနမူနာအဖြစ် အနည်းငယ်မျှ တင်ပြလိုက်ပါသည်။ ပညာပြည့်ဝ နှလုံးလှသူများ ကျေနပ်ဝမ်းမြောက် ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ စံနမူနာရပြီဖြစ်သောကြောင့် ဆက်

လက်၍ ဉာဏ်ကျက်စားကာ ဝေဖန်သုံးသပ်လျက် ဓမ္မရတိ၊ ဓမ္မပီတိ ဖြစ်ပြီး ဓမ္မရသကို ချမ်းမြေ့စွာ စံစားကြရလိမ့်မည်ဟု မျှော်လင့်ပါသည်။

**အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားရမည်။ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လမ်းဖွင့်နိုင်ရန်အတည်... နိဗ္ဗာန်သို့ရည်... နိဗ္ဗာန်သို့ရည်... လှမ်းရောက်နိုင်ရေးအတွက် လမ်းညွှန်ပေးခဲ့ မြတ်တရားနဲ့အညီ... ကျေးဇူးအထွေထွေ ပူဇော်အထူး ဦးထိပ်ပန်ကာအတည်... တပည့်သံဃာ ဒါယကာအများက မိုးကုတ်ဆရာတော်ဘုရားကို ကြည်ညိုသဒ္ဓါဖွား... ရိုသေဝပ်တွား ရှိခိုးဦးတင်ချီ...။**

စာရေးသူသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို မူတည်ကာ သတိပဋ္ဌာန်ကျင့်စဉ်များကို ဟောပြတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးအား ဝပ်တွားပူဇော်ရပါသည်။ စခန်းပွဲများ၌ **မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း** ဟုမသုံးဘဲ **ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ပူဇော်လျက်** ဟုသာ သုံးနှုန်းပါသည်။ ယင်းသည် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်အနန္တကို ဦးထိပ်တင်ချီ ယုံကြည်ပူဇော်ခြင်း ဖြစ်သည်ဟု ခံယူပါသည်။ အသေမဦးခင် ဉာဏ်ဦးအောင် စွမ်းဆောင် သင့်လှပါပြီ။

စာရေးသူသည် ပုသိမ်ကြီးမြို့နယ်၊ ကောင်းမွန်ရွာ မရှိခဏာ သမိုင်းဝင် ဆားခါတောင်၊ ရွှေညောင်ဂူကျောင်း ဓမ္မရိပ်သာတွင် ရွှေညောင်ဂူကျောင်းဆရာတော်ဦးသံဝရ ဦးဆောင်ကျင်းပသော စခန်းပွဲ၌ လွန်ခဲ့သည့် ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက်မှ တပေါင်းလဆန်း (၁) ရက်နေ့ထိ ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်၊ သစ္စာဓမ္မတို့ကို ယောဂီတို့အား ပြသဟောကြားခဲ့သည်။ ကိုယ်တိုင်လည်း ယောဂီများနှင့်အတူ တရားထိုင် ရှုမှတ်ခဲ့သည်။

ယခု ၁၃၇၄ ခုနှစ်မှာလည်း ဟောပြောချိန်မှာ ဟောပြော၍ တရားထိုင်ချိန်မှာ အချိန်ပိုင်းဝင်ထိုင်ကာ ဤပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်

နည်းစာအုပ်ကို တတိယအကြိမ် ထုတ်ဝေနိုင်ရန် ပြန်လည်ဖတ်ရှုတည်းဖြတ်မွမ်းမံဖြစ်ပါသည်။ လေ့ကျက်မှုများ၌ အတွေ့အကြုံကြွယ်ဝလာသောကြောင့် စာအသိများသာမက ခန္ဓာအရိုကို ဉာဏ်မျက်စိဖြင့်ကြည့်ကာ သဘာဝအသိများပါ ဖြည့်စွက်မိပါသည်။ အသိရှင်း အမြင်လင်းကြလိမ့်မည်ဟု ထင်ပါသည်။

အေးအေးချမ်းချမ်း၊ လွတ်လွတ်လပ်လပ်ဖြင့် မိမိလုပ်ချင်တာကို ဖြစ်မြောက်စွမ်းဆောင်ခွင့်ရအောင် လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသော ရွှေညောင်ဂူကျောင်းဆရာတော် ဦးသံဝရ၊ မိဘဂုဏ်ရည်ဝမ္မာရုံနှင့် မိဘဂုဏ်ရည်ဆွမ်းစားဆောင်အလှူရှင် ဒေါ်ခင်စန်းဝေ (ရဲမွန်တောင်ရပ်ကွက်၊ မန္တလေး) နှင့် ဒေါ်နီနီမြင့် (ရဲမွန်တောင်ရပ်ကွက်၊ မန္တလေး)၊ နီဗွာန်ဆော် ဦးသိန်းထွန်း (ဝသုန္ဓရာရွာ)၊ ဆရာဦးဘိုစန်းဝင်း (ကြိမ်တောရွာ)၊ ကိုသန်းထွန်းအောင် စသူတို့အား ကျေးဇူးတင်နေမိပါသည်။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်။

စာရေးသူသည် ဤစာအုပ်ကို သင်္ကြန်မတိုင်မီ ထုတ်ဖို့ စိတ်ကူးကာ ပြန်လည်တည်းဖြတ်ခြင်းဖြစ်သည်။ သို့သော် အကြောင်းမညီသောကြောင့် အကောင်အထည်မပေါ်ပါ။ သို့အတွက် ပြန်လည်ဖတ်ရှုတည်းဖြတ် ဖြည့်စွက် ဖြစ်ပြန်သည်။

မန္တလေးမြို့ ဘုံပျံတောရတိုက် သဒ္ဓမ္မပါရဂူကျောင်းဆရာတော် သာသနတက္ကသိလမဟာဓမ္မာစရိယ M.A.Buddhism ဘဒ္ဒန္တစာရိတ္တ၏ ပင့်ဆောင်မှုကြောင့် နွားထိုးကြီးမြို့နယ်၊ နဘဲမြစ်ရွာ ဦးမြကျော်+ဒေါ်ညိုကြည်၊ ဦးအောင်သိန်း+ဒေါ်သန်းမြင့် တို့ကိုအမှူးထား၍ ကိုဇင်ဝိုင်း+မဇွန်ပွင့်ဖြူတို့က နဘဲမြစ်ရွာ တောင်ဘက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ တပေါင်းလဆန်း (၁၅) ရက် ညနေမှ လပြည့်ကျော် (၈) ရက်နေ့နံနက်ထိ ကျင်းပသော ခန္ဓာဉာဏ်ရောက် သစ္စာဓမ္မဟောပြောရှုမှတ်ခြင်း၊ တရားစခန်းပွဲမှာ ပါဝင် ဆင်နွှဲခွင့်ရသည်။ ယင်းပွဲ၌

လည်း ဟောချိန်မှာဟောရ၊ ထိုင်ချိန်မှာယောဂီများနှင့်အတူ ခန္ဓာပေါ် ဉာဏ်စူးစိုက်ကြည့်မှုများ ကြိုးစားခဲ့သည်။ စာအသိပေါ် ခန္ဓာအရှိမြင်ရန် ဉာဏ်မျက်စိဖြင့် ကြည့်ဖြစ်ပါသည်။ အားလပ်ခွင့်ရချိန်မှာ အထူးဝါယမစိုက်၍ အားဖြည့်ကာ ဤစာအုပ်ကို တည်းဖြတ်ဖြည့်စွက် မွမ်းမံဖြစ်ပြန်ပါသည်။

ဦးမြကျော်၊ ဒေါ်ညိုကြည်မိသားစုတို့သည် တစ်ဦးတည်း ကုသိုလ်ရှင်အဖြစ် တရားစခန်းပွဲကျင်းပလာတာ (၅)ကြိမ် ရှိသွားပြီ။ သာဓု အကြိမ်ကြိမ် ခေါ်မိပါသည်။ အများအားဖြင့် တရားစခန်းပွဲကျင်းပကြရာတွင် သူ့ရက်နှင့်သူ၊ သူ့အချိန်နှင့်သူ ကုသိုလ်ရှင်များ စုပေါင်း၍ ပြုလုပ်သည်ကိုသာ တွေ့ဖူးပါသည်။ တရားစခန်းပွဲတစ်ခုလုံး၏ ကုန်ကျစရိတ်ကို တစ်ဦးတည်း ကုသိုလ်ပြုဆောင်ရွက်တာ စာရေးသူ့ဘဝမှာ ဤတစ်ခါပဲ တွေ့ဖူးသေးသည်။ ထို့ကြောင့် သာဓုအကြိမ်ကြိမ် ခေါ်မိခြင်းဖြစ်သည်။ ၄င်းတို့သည် ဓမ္မကို ပူဇော်၍ ဓမ္မအောင်လံလွှင့်ထူကြခြင်းဖြစ်သည်။

ပခုက္ကူမြို့၊ ငြိမ်းအေးချမ်းသာ သာသနာ့ဘုံရိပ်သာသည် ၁၃၇၀ ပြည့်နှစ်က စတင်တည်ထောင်သော ရိပ်သာဖြစ်သည်။ ဦးဆောင်နာယကဆရာတော်များမှာ ဦးကဝိနွှောဘာသ (ရှင်မတောင်ဆရာတော်)၊ ဦးဝိရိယ (ဗောဓိမဏ္ဍိုင်ဆရာတော်) နှင့် ဦးဥတ္တရ (ဓမ္မဝိဇယဆရာတော်) တို့ဖြစ်သည်။ ဗုဒ္ဓအလိုတော်ကျ ပဋ္ဌိပတ္တိနည်းစုံ ပြရာဌာနဖြစ်သည်။ ထို့ကြောင့် သာသနာ့ဘုံရိပ်သာဟု နာမည်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ဤမျှ နှစ်ကာလတိုအတွင်းမှာ တရားစခန်းပတ် (၃၆) ကြိမ် မြောက်ပင် ဖွင့်လှစ်ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ပဋ္ဌိပတ်နည်း၊ ကိုယ်ကျင့်ပြီးက၊ ကိုယ်ကတစ်ဖန်၊ ဆင့်ပွားပြန်လျက်၊ တာဝန်ကျေစွာ၊ ထမ်းဆောင်ပါ၊ ဘယ်မှာသာသနာ ကွယ်မည်နည်း ဆောင်ပုဒ်ဖြင့် သာသနာအရှည် တည်တံ့ပြန့်ပွားရန် ရည်ရွယ်လျက် ရိပ်သာထောင်ခြင်းဖြစ်သည်ဟု သိရသည်။

စာရေးသူသည် ၁၃၇၄ ခုနှစ်၊ မဟာသင်္ကြန်ကာလမှာ ပခုက္ကူ။ မြို့၊ ငြိမ်းအေးချမ်းသာ သာသနာ့ဘုံရိပ်သာ၌ ပခုက္ကူ။ မြို့၊ ဗောဓိမဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိရိယမဟာထေရ်မြတ်နှင့် နောင်တော်ဦးလက္ခဏာတို့၏ စေခိုင်းမှုကြောင့် ယောဂီများအား တရားဟော တရားပြ ကိစ္စအဝဝကို ထမ်းဆောင်ပေးခဲ့သည်။ ယောဂီများနှင့်အတူ အချိန်ပိုင်းသာ တရားထိုင်ဖြစ်သည်။ ဤစာအုပ်ကိုပင် အလျဉ်းသင့်သလို ပြန်လည်တည်းဖြတ်ဖြည့်စွက်နေမိပါသည်။

ထို့ကြောင့် ဤစာအုပ်သည် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်၍ ဖြစ်စေ၊ လက်တွေ့ တရားရှုမှတ်မှုနှင့် ပတ်သက်၍ဖြစ်စေ စခန်းပွဲမှာ အလျဉ်းသင့်သလို အားတက်ဖွယ်ရာ အားပေးစကား ပြောကြားမှုနှင့် ပတ်သက်၍ဖြစ်စေ အတော်ပြည့်စုံသောစာအုပ်ကြီး ဖြစ်လာရပါသည်။

ဤကဲ့သို့ စိတ်အေးချမ်းသာစွာ ဆောင်ရွက်ခွင့်ရအောင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသော ဆရာတော်ဦးဝိဇယ၊ ဆရာလေးဒေါ်ဥမ္မာစာရီ၊ ဦးခင်မောင်ရင် (ဥက္ကဋ္ဌ)၊ ဒေါ်ခင်ဝင်းကြည် (တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်မြသန်း (အတွင်းရေးမှူး) စသောအကျိုးဆောင်အဖွဲ့နှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးမှုအားလုံးကို ကျေးဇူးတင်နေမိပါသည်။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ ။

တက္ကသိုလ်တောဏလင်း

၂၁.၃.၂၀၁၁

## ဒုတိယအကြိမ်ထုတ် စာရေးသူ၏ စာဂဟေ

**"ကောင်းဆိုးနှစ်တန်၊ သိလိုပြန်၊ ဖန်ဖန်ကြည့်ရှုပါ။**
**ကောင်းဆိုးနှစ်ဖြာ၊ ဆိုသည်မှာ၊ သာမန်မသိပါ။**
**ကြိမ်ဖန်မလပ်၊ အထပ်ထပ်၊ ကြည့်တတ်သူမှသာ။**
**နားမလည်ဘိ၊ ဖန်ဖန်ကြည့်၊ သိလိမ့်အမှန်သာ"**

ဟု မြဝတီဆရာတော်က စာတစ်အုပ်ပေါ် ကြည့်ရှုသုံးသပ်တဲ့အခါ သာမန်အပေါ်ယံမျှ ရှုပ်ကြည့်ကာ တစ်ထွာတစ်ညိုး ဉာဏ်တိုတိုနဲ့ ဝေဖန် ကဲ့ရဲ့ ချီးမွမ်းစကား မပြောဆိုပါနဲ့။ သေသေချာချာ စူးစူးစိုက်စိုက် ထပ်ခါထပ်ခါ ကြည့်ရှုသုံးသပ်မှသာ အကောင်းအဆိုးကို မှန်ကန်စွာ သိမြင်ရပါလိမ့်မည်။ ထို့ကြောင့် ထပ်ခါထပ်ခါ ကြည့်ရှုကြပါ ဟူ၍ တိုက်တွန်းလမ်းညွှန်တော်မူခဲ့ပါသည်။ သတိချပ်စရာ ကောင်းပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်သည် အလွန်နက်နဲ ကျယ်ဝန်းသော ဒေသနာတော် ဖြစ်သည်။ ဤ **ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြ, ရှုမှတ်နည်း** ကျမ်းကို ရေးရာ၌ **ခက်ခဲတာကို၊ ငါမဆို၊ ထိုထိုကျမ်းမှာကြည့်** ဟု မျက်နှာလွှဲ ခဲပစ်ပြုကာ အပေါ်ယံ လွယ်ကူသည်ကိုသာ ရေးသည်မဟုတ်ဘဲ ခက်ခဲ နက်နဲ သိမ်မွေ့တာများကိုပါ သတိပညာ ရှေ့ထားလျက် ဝိရိယစိုက်ကာ စေတနာ ပြည့်ဝစွာထားပြီး ရေးသားဖြစ်ပါသည်။

**စာရေးဆရာနှင့် ကျမ်းပြုသူတို့၏ စာပေရေးသားပြုစုခြင်းသည် ရယူခြင်းမဟုတ်၊ ပေးဝေခြင်းသာ ဖြစ်၏** ဟု **အရှင်သြဘာသာဘိဝံသက သုတေသနသမ္မာမဂ္ဂဂ် ပဌာဂကျမ်း** မှာ စာရေးသူတို့၏ ဘဝကို ညွှန်းဆိုခဲ့ပါသည်။

လူတို့နားတွင်း၊ မိုက်မလင်းကို
ဝင်းဝင်းထွန်းညီး၊ ဉာဏ်ဆီမီးဖြင့်
မှောင်ကြီးကင်းပျောက်, ငါ့စာရောက်က
ငါ့အောက်ပညာ၊ နေသေးစွာသား
သမ္ဘာမပြန်၊ လူအဝန်အား
**စိတ်ဖြားပညာ၊ ပွားပါစိမ့်မည်**

**သည်သို့ရည်၍** ဟု ရှင်မဟာရဋ္ဌသာရက ဘုရိဒတ်ဇာတ်ပေါင်းပျို့တွင် စာရေးခြင်း၏ ရည်ရွယ်ချက်ကို ဖွင့်ထုတ်ပြခဲ့ဖူးသည်။ စာရေးသူတိုင်း ၄င်းရည်ရွယ်ချက်ဖြင့် စာများရေးသားသင့်ပါသည်။

**ဆပ်ပြာသည် မှန်လျှင် ခေါင်းပေါင်းဖြူရမည်။**

**စာရေးဆရာမှန်လျှင် စိတ်ကောင်းမွေးရမည်။**

စာရေးဆရာသည် ဖော်ကောင်ဖြစ်သည်။ လူတို့၏ အကြောင်းကို ဖြစ်စေ၊ အခြားအကြောင်းကို ဖြစ်စေ၊ ဖော်ကောင်လုပ်၍ ဖော်ထုတ်သည့်အတတ်တွင် စာရေးဆရာသည် သူထက်ကဲ ဖြစ်သည်။

The two most engaging powres of an author are to make new things familiar and familar things new. စာရေးဆရာတစ်ယောက်၏ နှစ်သက်ဖွယ် အကောင်းဆုံး ချီးကျူးဖွယ်အကောင်းဆုံး အကြီးမားဆုံးသော စွမ်းအားနှစ်ခုမှာ -

**(၁) အသစ်အသစ်သော အကြောင်းအရာများကို စာဖတ်သူနှင့် အကျွမ်းတဝင်ရှိအောင်နှင့် (၂) အကျွမ်းတဝင်ရှိပြီးသား အကြောင်းအရာများကို အသစ်အဆန်းဖြစ်အောင် ပြုလုပ်နိုင်ခြင်းပင် ဖြစ်သည် ဟု ပညာရှင်များက မိန့်ဆိုထားကြပါသည်။**

**မျက်မှောက်ခေတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်သည် အလွန်ပေါ်ပြူလာ ဖြစ်လျက်ရှိသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကလည်း ထင်ရှားခဲ့သည်။ ခေတ်အဆက်ဆက်ပင် ပေါ်လွင်ခဲ့သည်။ ယင်း ပဋ္ဌိစ္စသမုပ္ပါဒ်သည် လူ**

များစွာ၏ နှုတ်ဖျားမှာ ရောက်နေသောကြောင့် ရိုးအီနေပြီဟု ထင်ရသော်လည်း တကယ်လေ့လာကြည့်လျှင် စားလို့မဝနိုင်သည့် အာဟာရတစ်ခုကဲ့သို့ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် တိမ်မြုပ်နေသော အကြောင်းအရာများ ဖော်ထုတ်လျက် ပေါ်ပြူလာဖြစ်နေသော ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာကို မွမ်းမံကာ တင်ဆက်ဖြစ်ပါသည်။

ဝိဒ္ဓါ ဟဝေ ဝိဇာနာတိ၊ ဝိဒ္ဓဇ္ဇနပရိသမံ။
နဟိ ဝဏ္ဏာ ဝိဇာနာတိ၊ ဂုရု ပသဝဝေဒနံ။

**စာရေး, ကျမ်းပြု, စာပြင်, စာချသော စာပေသမား ပညာရှိ၏ ပင်ပန်းမှုကို ပညာရှင်သည်သာလျှင် သိနိုင်၏။ ပညာရှင်မဟုတ်သူကား မသိနိုင်။ သားဖွားရသော ဒုက္ခကို အမြုံ့မသည် မသိသကဲ့သို့ ဖြစ်သည့် ဟူသော** နီတိစကားရှိသည်။ အလွန်မှန်သော စကားဖြစ်သည်။ ကိုယ်တွေ့ကြုံမှ ယုံကြည်ရသည်။

**မယုံမရှိနဲ့. ကိုယ်တွေ.** ဆိုသကဲ့သို့ ဤကျမ်းကို ပြုစုရသည့် အတွက် အလွန်ပင်ပန်းကြောင်း ကိုယ်တိုင်ခံစားရပါသည်။ သို့သော် ပင်ပန်းဆင်းရဲဒဏ်ကို ကျေကျေနပ်နပ် ခံယူနေပါသည်။ ကိုယ်ကရွေးချယ်မိသည့် မဟုတ်ပါလော။

ဗျာယီဝ ဗျာနသုခမဂ္ဂရသံ ဝိဒန္တိ၊
ဇာနန္တိ ကိန္တု သုတမဂ္ဂရသံ ဒုဝိညေ။
ဇဝံ ဂန္ဓကာရကဿ ပရိဿမဉ္စ၊
ဇာနန္တိ သာဓုကဝယောဝ ကဝိတ္တဉ္စ။

**ဗျာန်ဝင်စားသော ပုဂ္ဂိုလ်တို့သည် ဗျာန်၏ အရသာကို သိနိုင်ကြကုန်၏။** နားစွန်နားဖျား ကြားရုံမျှဖြင့် ဗျာန်၏ အရသာကို မသိနိုင်ပါ။ ကျမ်းဂန်ပြုစု စာရေးသူ၏ ပင်ပန်းမှုနှင့် ပညာရှင်တို့၏ စွမ်းရည်ကို **စာပေသမား ပညာရှင်တို့သာ** သိနိုင်ကြကုန်၏ ဟူသော နီတိစကားရှိသည်။

စျာန်ရအောင် အားထုတ်ရာ၌ ပင်ပန်းဆင်းရဲသလောက် စျာန်ရပြီး စျာန်အရသာ စံစားရသောအခါ ကြည်နူး, ကျေနပ်, ချမ်းမြေ့ရသကဲ့သို့ ကျမ်းတစ်ဆောင်, ပေတစ်ဖွဲ့ ပြုစုရာ၌ ပင်ပန်းဆင်းရဲသလောက် ပြီးစီးအောင်မြင်သွား၍ စာရှုသူများ ကောင်းကျိုးရသွားသည်ကို ကြားသိတွေ့မြင်ရသောအခါ ပင်ပန်းမှုများ ပိန်းပြားထက်တွင် ရေမတင်ဘဲ လျှောကျလွင့်စင် ပပျောက်သွားသကဲ့သို့ ပျောက်ကွယ်သွားကာ ချမ်းမြေ့ကြည်နူး ဝမ်းမြောက်ရပါသည်။ ပီတိလှိုင်းများ ရိုက်ခတ်ကာ ရင်ဝယ်သိမ့်သိမ့် ချမ်းမြေ့ရပါသည်။ ကျမ်းပြုသူ စာရေးဆရာ၏ ဒုက္ခနှင့် ပီတိသဘာဝများကို မျှဝေခံစား စာနာတတ်အောင် တင်ပြရခြင်း ဖြစ်ပါသည်။

ဘုရားရှင်တော်၏ အမြင်မှန်ပေးသွားသော ဓမ္မကွန်ပေါင်းရှစ်သောင်းလေးထောင်ထဲမှ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှင်ရှင်လန်းလန်း ဝမ်းပန်းတသာ ဆိုင်ရာဆိုင်ရာ ဟုတ်ရာမှန်ရာတို့ကို ထုတ်ကာထုတ်ကာ ဖြေကြား ရေးသားပေးသွားခြင်းတို့သည်ပင်လျှင် ကျမ်းဆရာ၏ ဓမ္မဒါနကုသိုလ်တော်အစစ် ဖြစ်လေသည် ဟု ဖျာပုံ အရှင်ဩဘာသာ ဘိဝံသက သုတေသန သမ္မာမဂ္ဂ၏ ပဌာကျမ်း၌ ကျမ်းဆရာ၏ ဓမ္မဒါနကို ရေးတော်မူခဲ့သည်။

ကျမ်းစာအုပ်ကြီး ပြီးမြောက်ရေး ကုန်ကျငွေများစွာတို့အတွက်မူ ဤကျမ်းစာအုပ်ရယူ, ဖတ်ရှုလိုသူတို့နှင့် အခြားသော ရဟန်းရှင်လူအများတို့အား ဆင့်ပွားပေးလျှ။ ကူညီအားပေးကြသူတို့၏ ပညာပါရမီ အဆီအနှစ် ဓမ္မဒါနကုသိုလ်တော်အစစ် ဖြစ်သည် ဟု ဝတ္ထု ငွေကြေးလျှဒါန်းသူများ, ဝယ်ယူဖတ်ရှုသူများ, ဝယ်ယူကာ လက်ဆင့်ကမ်း, ပေးဝေသူများလည်း ဓမ္မဒါနကုသိုလ်ရှင်များ ဖြစ်ကြောင်းကို ဖျာပုံ အရှင်ဩဘာသာဘိဝံသက ညွှန်းဆိုတော်မူခဲ့ပါသည်။

ဓမ္မကို ပူဇော်၍ ဓမ္မအောင်လံလွှင့်ထူနိုင်ရန် ဓမ္မဒါန ကုသိုလ်ရှင်များဖြစ်သည့် ကျမ်းပြုသူနှင့် ငွေကြေးထောက်ပံ့ ဝယ်ယူအားပေးသူတို့.

သည် **ကိုင်းကျွန်းမှ ကျွန်းကိုင်းမှ** အချင်းချင်း အမှီသဟဲ ပြုနေကြရမည် ဖြစ်ပါသည်။ ယင်းသည် **ဆရာဒကာ ညီညွတ်စွာ ပျူးဌာသာသနာပြု** ခြင်းပင် ဖြစ်ပါသည်။

စာရေးသူအတွက် ကျေးဇူးဂုဏ်စိုင် မကုန်နိုင်သော အနန္တ ကျေးဇူးရှင်ဆရာတော်များ ဖြစ်ကြသည့် (၁) **မန္တလေးမြို့, ချမ်းသာကြီး ဆရာတော်, (၂) ရန်ကုန်မြို့, ပြာသာဒ်ကျောင်းဆရာတော်, (၃) ကလေး မြို့, မဟာသန္တာရုံဆရာတော်, (၄) မန္တလေးမြို့, နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာတော်များ**က ဤကျမ်းကို သုံးသပ်စစ်ဆေးကာ အမှာစာများ ချီးမြှင့်ပေးတော်မူကြသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူ ရပါသည်။ ဆရာတော်များ၏ အေးမြလုံခြုံသော မေတ္တာရိပ်ကို ခိုလှုံခွင့် ရသည့်အတွက် ဖြူစင်, မြင့်မြတ်သော စိတ်ဓာတ်ခွန်အားကောင်းများ တိုးပွားလာရပါသည်။

**အမှာစာ ချီးမြှင့်ပေးကြသည့်အတွက် ကျေးဇူးတင်ပါသည်** ဟူသော စကားမျှဖြင့် မလုံလောက်ပါ။ ၄င်းတို့၏ ကျေးဇူးကို ကျေပွန်အောင် တုန့်ဆပ်နိုင်ကြောင်း ဖော်ပြနိုင်သည့် ဝေါဟာရမရှိသေးပါ။ **ကျမ်းပြုစာချ တရားဟော တရားပြ စာရေးခြင်း ဓမ္မဒူတ**လုပ်ငန်းများ စွမ်းစွမ်းတမံ ထမ်းဆောင်နေခြင်းဖြင့် သေတပန် သက်တစ်ဆုံး ကျေးဇူး တုန့်ဆပ်သွားမည် ဖြစ်ပါသည်။

ဤကျမ်းသည် ဒုတိယအကြိမ် ဖြည့်စွက်မွမ်းမံ ပြင်ဆင်ထား သည့်အတွက် အတော်ပြည့်စုံပြီဟု ခံယူပါသည်။ တရားပြ တရားရှုမှတ်သူ များ အကျိုးမျှော်ကိုးလျက် မြင့်မြတ်သောစိတ်ထားဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။

ဤကျမ်းသည် ဗဟုသုတအပေါ် အခြေခံ၍ ခန္ဓာဉာဏ်စိုက် အသိဉာဏ်များဖြင့် စိမ်ထားသည့်အတွက် သာမန် ကြည့်လျှင် တိကျစွာ နားလည်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အစဉ် ဖော်ပြထားခဲ့သော မြဝတီ

ဆရာတော်၏ အောက်ပါစကားအတိုင်း ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ကောင်းဆိုးနှစ်တန်၊ သိလိုပြန်၊ ဖန်ဖန်ကြည့်ရှုပါ။
ကောင်းဆိုးနှစ်ဖြာ၊ ဆိုသည်မျှာ၊ သာမန်မသိပါ။
ကြိမ်ဖန်မလပ်၊ အထပ်ထပ်၊ ကြည့်တတ်သူမှသာ။
နားမလည်ဘိ၊ ဖန်ဖန်ကြည့်၊ သိလိမ့်အမှန်သာ။ ။

တက္ကသိုလ်တေဇာလင်း
၂၁.၃.၂၀၁၁

မန္တလေးမြို့အောင်မြေသာစံမြို့နယ်
ချမ်းသာကြီးတောင်တိုက်, ရတနာဗိမာန်စာချကျောင်း
ပဓာနနာယက, သာသနဓဇသီရိပဝရမဟာစရိယ,
အဂ္ဂိတ္တာရနိကာယ ပါဠိပါရဂူ, ပရိယတ္တိ သာသနဟိတဓမ္မာစရိယ,
အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ, အဂ္ဂမဟာပဏ္ဍိတ,
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ,
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
တွဲပက်အကျိုးတော်ဆောင်,

## ချမ်းသာကြီးဆရာတော်
## အရှင်ဇောတိကာဘိဝံသ၏ အမှာစာ

စာရေးဆရာ တက္ကသိုလ်တေဇာလင်းက **အာစရိ... တပည့်တော် စာမူကြမ်းအတွက် တစ်မျက်နှာခန့် အမှာစာ ရေးသားချီးမြှင့်ပေးပါ** ဟု လျှောက်ထားပြီး သူ့စာမူကို အမှာစာရေးသူ၏ လက်ဝယ်သို့ ထိုးအပ်လာပါသည်။

**နောက်တစ်ရက်ရအောင် ရေးပေးပါ** ဟုလည်း ဆက်လက်လျှောက်ထားသည်။ ထို့ကြောင့် သူ့စာမူကို လှမ်းယူလက်ခံလိုက်ရာ စာအုပ်ခေါင်းစဉ်မှာ ပဋ္ဌာန်းစာသမုဗ္ဗါဒ်သင်ပြရှုမှတ်နည်း(ဆရာကိုင်)ဟု တွေ့မြင်ဖတ်ရှုလိုက်ရသဖြင့် -

**မင်းကွန်း မိုညှင်း၊ ဉာဏစာဂီ**
**အချိန်ကောင်းလို့၊ ပိန်ဖောင်းမဟာစည်**

**အမြဲလင်း ဇွဲတင်း၊ သဲအင်းလာပြီ**
**အကျိုးမယုတ်၊ မိုးကုတ်မဟာထေရ်။**

ဟူသော စာရေးဆရာ အကျော်အမော်ပညာရှင်တို့ မှတ်တမ်းတင်ခဲ့ကြသည့် ကဗျာကိုသတိရမိပါသည်။

ယင်းကဗျာအရ-မြန်မာပြည်တွင် အလွန်အလွန် ထင်ရှားသော

၁။ မင်းကွန်းဝိပဿနာနည်း
၂။ မိုးညှင်းဝိပဿနာနည်း
၃။ ဉာဏစာဂီဝိပဿနာနည်း
၄။ မဟာစည်ဝိပဿနာနည်း
၅။ သဲအင်းဝိပဿနာနည်း
၆။ မိုးကုတ်ဝိပဿနာနည်းဟု (၆)မျိုးရှိသည်။

ထို(၆)မျိုးတို့တွင် ဤစာအုပ်သည် မိုးကုတ်ဝိပဿနာနည်းဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။ အဘယ်ကြောင့်ဆိုသော် မိုးကုတ်ဝိပဿနာနည်း၏ ပဓာနဖြစ်သော **ပဋ္ဌိစ္စသမုပ္ပါဒ်** ဆိုသည့် ခေါင်းစဉ်စာလုံးတစ်စိတ်တစ်ဒေသကို တွေ့မြင်ဖတ်ရှုလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုမိုးကုတ်ဝိပဿနာနည်း၏ ပြည်တွင်း၊ ပြည်ပ ကလေးလူကြီးမကျန် အလွန်အလွန် ထင်ရှားခေတ်စား လူသိများ လူကြိုက်များသော ဝိပဿနာရှုမှတ်နည်းဖြစ်ရခြင်းမှာ -

ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းပြ၊ ဒုတ်ထောက်၊ ခွက်မှောက်၊ ခွက်ကိုင်၊ အလွန်ပိုင်နိုင်သောကြောင့်ဖြစ်ပေသည်။

ယခုစာရေးဆရာ တက္ကသိုလ်တေဇာလင်း ရေးသားပြုစုသော ပဋ္ဌိစ္စသမုပ္ပါဒ်သင်ပြရှုမှတ်နည်း စာမူသည်

ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်ပြပုံ၊ သင်ပြနည်း
ခွက်မှောက် ခွက်ကိုင် သင်ပြပုံ၊ သင်ပြနည်း
ဒုတ်ထောက်သင်ပြပုံ၊ သင်ပြနည်း

ရှုကွက် ဖော်ပုံ ဖော်နည်းများ တင်ပြထားသည်မှာ ရှင်းမှရှင်း၊ လင်းမှလင်း ဖြစ်သည်။ သင်တန်းသား ရဟန်းသံဃာတော်များ၏ နှုတ်ဖျားတွင် ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းပြ၊ ဒုတ်ထောက်၊ ခွက်မှောက်၊ ခွက်ကိုင် ပိုင်မှပိုင်ကွာဟု ထောပနာစကား ပြောကြားကြကြောင်း သိရသည်။

ဤစာအုပ်ကိုပြုစုသူအရှင်မှာ မဟာမင်းထင်တိုက် မိုးကုတ်ရိပ်သာတွင် သံဃာတော်များအား ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်း(ဆရာဖြစ်) သင်တန်းကို ပြသလာခဲ့ရာ အကြိမ်ပေါင်း(၈)ကြိမ် ရှိခဲ့ပေပြီ။ သင်တန်းသား (၂၀၀)ကျော်မျှ ရှိသည်ဟု သိရပေသည်။

သင်တန်းကာလ ပြီးဆုံးသောအခါ သင်တန်းသားတို့က စာအုပ်ထုတ်ဝေဖို့နှင့် မှတ်စုမှတ်တမ်း ကျန်စေလိုကြောင်း တောင်းပန်ကြသဖြင့် စာအုပ်ထုတ်ဝေရခြင်းလည်းဖြစ်သည်ဟု လျှောက်ထားသည်။

အဆိုပါစာမူကို စေ့စေ့စပ်စပ် ဖတ်ရှုသုံးသပ်ကြည့်သောအခါ ဆရာကိုင် ဆိုသောစကားနှင့်အညီ ပဋ္ဌိပတ်ကျင့်စဉ်အဆီအနှစ်များကို ကျမ်းညွှန်းများနှင့်တကွ တင်ပြထားသည်ကိုလည်းတွေ့ရသည်။

သို့အတွက် ပဋ္ဌိစ္စသမုပ္ပါဒ်ကမ္မဋ္ဌာန်းနည်းပြပြုလုပ်လိုသူတိုင်း ဆရာကိုင်အဖြစ် အသုံးပြုနိုင်မည်ဖြစ်ပေသည်။ မိုးကုတ်နည်းနှင့် အလုပ်စခန်းဝင်ရောက်ကြသော ယောဂီသူတော်စင်တို့အနေဖြင့်လည်း လက်ဝယ်အမြဲထားရှိကာ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း အမှာစကား ပြောကြားအပ်ပေသတည်း။ ။

အရှင်ဇောတိကာဘိဝံသ
ရတနာဗိမာန်စာချကျောင်း
ချမ်းသာကြီးတောင်တိုက်၊ မန္တလေးမြို့။

❖ ❖ ❖

# အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းတိုက် ဆရာတော်ဦးဇောတိကာ၏ မှာကြားလွှာ

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ, မိုးကုတ်ဆရာတော်ဘုရားကြီးသည် မိမိထံမှောက် ရောက်လာကြ သော ယောဂီများအား ရောက်လျှင်ရောက်ခြင်း တရားအားထုတ်ရန် အလုပ်ကို အရင်မပေးသေးဘဲ ခရီးရောက်မဆိုက် ဝိပဿနာ အလုပ်ခွင်သို့ ဝင်ရန် ခိုင်းစေခြင်းမပြုပါ။

ပထမဆင့်အနေဖြင့် ရုပ်နာမ်ကွဲအောင် နည်းပရိယာယ် အမျိုးမျိုး ဖြင့် ဟောကြားတော်မူသည်။ ၄င်းနောက် ဒိဋ္ဌစွဲမှုကို ကွာအောင် ဟော ကြားတော်မူသည်။

ဒိဋ္ဌစွဲမှုတွင်လည်း ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်သွယ်ပုံ ကို အရင်ပြ၍ ဟောတော်မူသည်။ ဆရာတော်ဘုရားသည် ဒိဋ္ဌဖြုတ်မှုကို ရှေ့ထားပြီး ဝိပဿနာပွားမှုကို နောက်ထားရန် အမြဲသတိပေး ဟောပြော လေ့ ရှိပါသည်။ သိမှုတည်းဟူသော ဉာတပရိညာကို ရှေးဦးစွာပေး၍ အလုပ်ကို နောက်မှပေးပါသည်။

၁။ ဉာဏ်နှသော ယောဂီများပင် ခန္ဓာဉာဏ်ရောက် သိမြင် လာနိုင်အောင် စိတ်ရှည်စွာ ကရုဏာထားလျက် အမျိုးမျိုး အဖုံဖုံ သြဝါဒကို ရှေးဦးစွာ ပေးပါသည်။

၂။ ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့် အကြောင်းအကျိုး ခွဲလျက် သက္ကာယ, သဿတ, ဥစ္ဆေဒ စသော ဒိဋ္ဌခွာမှုကို ဒုတိယသြဝါဒ အနေဖြင့် ပေးပါသည်။

၃။ ယောဂီတို့၏ စရိုက်အားလျော်စွာ (က) ကာယာနုပဿနာ (ခ) ဝေဒနာနုပဿနာ (ဂ) စိတ္တာနုပဿနာ (ဃ) ဓမ္မာနုပဿနာ အလုပ်ပေးတရားတော်များကို တတိယအနေဖြင့် ပေးပါသည်။

၄။ ဆရာတော်ဘုရားကြီးကိုယ်တိုင် အချိန်ကို အလွန်တိကျမှန်ကန်စွာ ကျင့်သုံးတော်မူသည့်အပြင် တပည့်ယောဂီများကိုလည်း အချိန်ကို လေးစား တိကျစွာ လိုက်နာဖို့ တိုက်တွန်းထားပေသည်။

၅။ ဆရာတော်ဘုရားကြီးကိုယ်တိုင် တရားအားထုတ်လာသော ယောဂီပုဂ္ဂိုလ်များကို ဘုရားဟောဒေသနာများနှင့်အညီ တရားပေးခြင်း, တရားစစ်ဆေးခြင်းကို ကြပ်မတ်ကာ နည်းပေး ဆုံးမတော်မူလေ့ ရှိပါသည်။

အထက်ပါစကားရပ်များမှာ အမရပူရမြို့ မဂ်လာရိပ်သာ ကျောင်းတိုက် ဆရာတော် ဦးဇောတိကဏ၏ မိန့်ကြားမှာထားချက်များပင် ဖြစ်ပါသည်။ ဆရာတော်ဦးဇောတိကသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ယောဂီများအား တရားပြုပုံ, တရားပေးပုံများကိုလည်း အာစရိယမုဋ္ဌ ဆရာနည်းကျ လက်ဆုပ်လက်ကိုင် ရထားသော အရှင်မြတ်ဖြစ်သည်။ ဆရာတော်၏ ဖော်ပြပါ သုံးသပ်ချက်သည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံတပည့်များ အထူးသိထိုက်၍ လေးစားစွာ လိုက်နာကျင့်သုံးသင့်သည်ဟု ယူဆသောကြောင့် ဦးကျော်သိန်းရေးသော **'မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိနှင့် ကျင့်စဉ်'** စာအုပ် နိဒါန်းမှာကြားလွှာမှ ကောက်နုတ်ကာ ဤကျမ်းခ္ဍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ။

❖ ❖ ❖

# ရန်ကုန်မြို့ ပြာသာဒ်ကျောင်းတိုက်
## ဆရာတော်၏ မှတ်ချက်

လွန်ခဲ့သောနှစ် သင်္ကြန်ကာလ ဆရာတော် **ဦးတေဇနိယ (တက္ကသိုလ်တေဇာလင်း)** မှ ၄င်းကိုယ်တိုင် ရေးသားထားသော ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း (ဆရာကိုင်) စာအုပ် ဒုတိယအကြိမ် ထွက်ရှိပါက အမှာစာရေးပေးပါရန် လျှောက်ထားသွားပါသည်။ နောက်ပိုင်းမှာလည်း ကြုံသည့်အခါတိုင်း အမှာစာရေးသားဖို့ သတိပေးပါသည်။

အမှန်ကိုပြောရလျှင် ဘုန်းကြီးအနေဖြင့် ရှေးယခင်မှစ၍ အမှာစာ ထိုက်တန်စွာ မရေးဖူးပါ။

ယခုတော့ ဒဋ္ဌိမိတ္တလည်းဖြစ်၊ ကတညုတကတဝေဒီ ကျေးဇူးတရားလည်းရှိပြီး သာသနာအတွက် အထူးသဖြင့် ဒေါပုံမြို့နယ်၊ ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် အခွင့်သင့်တိုင်း အချိန်ရတိုင်း ရဟန်းတော်များနှင့် ရပ်ကွက်များရှိ တကာ၊ တကာမများအား ဝိပဿနာလုပ်ငန်းစဉ် အခြေခံမှစ၍ ရှုမှတ်မှုအပိုင်းပါမကျန် ကိုယ်စိတ်ပင်ပန်းမှုကို ပဓာနမထားဘဲ ကြွရောက် ပြသပေးသော ဆရာတော်ဖြစ်သဖြင့် အောက်ပါအမှာစာကို အတိုချုပ် ရေးသားလိုက်ပါသည်။

ယခု ရောက်ရှိနေသည့် ခေတ်အချိန်ကား **ဝိမုတ္တိရသ** ခေတ်အချိန်ဖြစ်သည်။

များစွာသော ဗုဒ္ဓဘာသာဝင် လူ, ရှင်, ရဟန်းတို့သည် သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် နည်းမျိုးစုံဖြင့် အနည်းနည်းအဖုံဖုံ ကြိုးပမ်းအားထုတ်လျက် ရှိကြသည်။

ယင်းကဲ့သို့ နည်းမျိုးစုံ ကြံစည် ကြိုးကုတ်အားထုတ်လျက် ရှိကြသောကြောင့်လည်း မြန်မာပြည်အနှံ့ ကမ္ဘာအနှံ့ တရားပြဌာနများ၊ တရားဟောဆရာ၊ ဆရာမများ၊ တရားစာအုပ်များ အမြောက်အမြား ပေါ်ပေါက်လျက်ရှိပေသည်။

ဤသည်ပင်လျှင် မြတ်ဗုဒ္ဓသာသနာတော်အတွက် ဝမ်းမြောက်ဖွယ်၊ အားတက်ဖွယ်ဖြစ်၏။ သို့ရာတွင် အချို့မှာ **တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း** ဖြစ်နေကြသည်ကိုလည်း ကြားသိကြုံတွေ့နေကြရသည်။ **အချို့ကလည်း ဒေသနာနည်းအရ သရုပ်သကန် ပိုင်ပိုင်နိုင်နိုင် ခွဲခြားပြနိုင်၏။** တချို့ကျပြန်တော့ ပရိယတ်ကို လျစ်လျူပြု၍ ဂရုမစိုက် **အလေးမထားမှာဘဲ** လက်တွေ့အလုပ်ကိုသာ ဦးစားပေး ပဓာနထားလာ ကြပြန်၏။

**အချို့ အချို့သော** ပုဂ္ဂိုလ်တို့ကျပြန်တော့ **စမ်းတမ်းတမ်း** လည်တည်တည် ယောင်ဝါးဝါးဖြင့် **အချိန်ကုန်** လူပန်းဖြစ်နေကြရပြန်၏။

မည်သို့ပင်ဖြစ်စေ ယနေ့ခေတ် **အချိန်ကာလသည်** လေ့လာမှု၊ စူးစမ်းမှု၊ သုတေသနပြုမှုတို့ဖြင့် လူသားတို့၏ **အသိဉာဏ်** ထက်သန် **အားကြီး**နေသော **အချိန်ကာလ**ဖြစ်သည်။

ထိုလေ့လာလိုသော ပွားများအားထုတ်လိုကြသော လူကြီး၊ လူငယ် ပုဂ္ဂိုလ်တို့သည် **အမှန်**တရားကို ညွှန်ပြနိုင်သော ရဟန်းပညာရှိ လူပညာရှိတို့ထံ မှီဝဲချဉ်းကပ်ကြ၏။

ထိုသို့ ဆည်းကပ်သောအခါ **သာသနဋ္ဌိတိယာ ပရိယတ္တိယေဝ ပမာဏံ** သာသနာ အဓွန့်ရှည်စွာ တည်တံ့ကြောင်း နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ကျမ်းအစုံကို သင်ယူပို့ချ နာကြားခြင်းတည်းဟူသော ပရိယတ္တိသာသနာ၊

သင်ယူ နာကြားထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းတည်း ဟူသော ပဋိပတ္တိသာသနာ၊

လက်တွေ့လိုက်နာ ကျင့်သုံးပွားများခြင်းကြောင့် ရရှိအပ်သော စျာန်, မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော ပဋ္ဌေဝေဒသာသနာဟူ၍ သာသနာသုံးရပ်ရှိပေသည်။

ပရိယတ္တိသာသနာတည်းဟူသော စာပေကျမ်းဂန် သင်ကြားတတ်မြောက်ပါမှ မှန်ကန်သော ကျင့်ကြံမှုများ အားထုတ်ပုံနည်းလမ်းများကို သိရှိနိုင်ပြီး ပဋ္ဌိပတ္တိသာသနာ တည်ရှိနိုင်မည်ဖြစ်သည်။

နည်းမှန်လမ်းမှန်ဖြင့် ကျင့်ကြံပွားများ အားထုတ်မှလည်း ပဋ္ဌေဝေဒ သာသနာတည်းဟူသော စျာန်မဂ်ဖိုလ် နိဗ္ဗာန်အသီးအပွင့်များကို ရရှိခံစားနိုင်မည်ဖြစ်သည်။

ဆိုလိုသည်မှာ ပရိယတ်မရှိဘဲနှင့် ပဋ္ဌိပတ် ခိုင်မာတိကျမှုသေချာမှု မဖြစ်နိုင်၊ ထိုမှ ပဋ္ဌေဝေဒ ရဖို့ဆိုတာ လုံးဝမဖြစ်နိုင်၊ မလွယ်ကူနိုင်ပါ။

**ပရိယတ်အခြေခံ နားလည်မှု၊ တတ်ကျွမ်းမှုမရှိဘဲနှင့် ဟောပြောရေးသားနေကြလျှင် မြတ်ဗုဒ္ဓသာသနာအတွက် ရှေ့ရေး ရင်လေးစရာတွေနှင့် ကြုံတွေ့ရမည်။ သာသနာသည် နောက်ဆုံးတွင် ကွယ်ပျောက်သွားကြလိမ့်မည်။ ကြာလာလျှင် အတ္တနောမတိ တွေ ပေါ်ပေါက်လာလိမ့်မည်။** (ယခုလည်း ပေါ်ဆဲဖြစ်သည်။)

သာသနာတော်တွင် အတ္တနောမတိတွေ များများပေါ်လာ၍ များများအသုံးပြုလာကြလျှင် မြန်မြန်သာသနာကွယ်ပျောက်သွားနိုင်သည်။

သို့အတွက်ကြောင့် ပိဋကတ်စာပေကျမ်းကျင်ပြီးသားလည်းဖြစ်၊ ကိုယ်ကိုယ်တိုင်ကလည်း ဝိပဿနာအလုပ်လုပ်ထားသည့် တရားဟော၊ တရားပြ စာချသာသနာပြုဆရာတော် **ဘဒ္ဒန္တတေဇနိယ (တက္ကသိုလ် တောလင်း)** ရေးသားထားသည့် ဒုတိယအကြိမ် ထွက်ရှိမည့် ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း (ဆရာကိုင်) ကျမ်းစာအုပ်ကို သေချာဂနအောင် ဖတ်ရှုကျင့်ပွားသင့်ပါသည်။

ဝိပဿနာအစစ်အမှန်ကို အားထုတ်ရှုမှတ်မည့် ပုဂ္ဂိုလ်များအနေ ဖြင့် ဖတ်သင့်ဖတ်ထိုက်ရုံမျှမက အမြဲလက်ဝယ်ထားရှိရမည့် စာအုပ်မျိုး ဖြစ်ပေသည်။ ခေတ်စကားနှင့်ပြောရလျှင် အချိန်တောင် နောက်ကျ နေသည်။ ရှေးဘိုးဘွားလက်ထက်ကတည်းက ထွက်သင့်သည့် စာအုပ် ဖြစ်သလို ဖတ်ရမည့် စာအုပ်မျိုးလည်း ဖြစ်သည်။

နိဂုံးအချုပ်ပြောရလျှင် **ဆရာမပြလျှင် ငါးပိဖုတ်တောင် နည်း လမ်းမကျဘူး** ဟု ရှေးပညာရှိသူမွန်တို့. မိန့်ဟချက်အရ ပိဋ္ဌကတ် တတ်ကျွမ်းသော ဆရာသမားများ ညွှန်ကြားမှု၊ ဆုံးမမှုကို လိုက်နာ ရေးသားသော ကျမ်းစာများကို ဖတ်ရှု၍ ကျက်မှတ်သင့်သည့်အရာကို ကျက်မှတ်၊ လိုက်နာရမည့်အရာကို လိုက်နာ၊ ဝိပဿနာညစ်ညူးကြောင်း ရှောင်ရမည့်အရာကို ရှောင်ခွာပြီး **မသေခင် လုပ်ရမည့်အလုပ်ကို မှန်ကန်စွာ ဆုံးဖြတ်တတ်ဖို့နှင့် ဆုံးဖြတ်ပြီးလျှင်လည်း တကယ်လက်တွေ့. အလုပ်လုပ်ဖြစ်ကြမည့်** ဆိုပါက လောကီလောကုတ္တရာကောင်းကျိုးတွေ မလွဲကောန် ရရှိလာမည်ဖြစ်ပါသည်။ ။

# စစ်ကိုင်းတိုင်း၊ ကလေးမြို့ အောင်သစ္စာရပ်ကွက် မဟာသန္တာရုံကျောင်းတိုက်ဆရာတော်၏ နိဒါန်းစာ

၁၃၇၂-ခုနှစ်၊ နယ်ုန်လပြည့်ကျော်(၄)ရက်၊ ၃၁-၅-၂၀၁၀ (တနလင်္ဂနေ့) က ဤအရှင်ထံသို့ **အရှင်တေဇနိယ (တက္ကသိုလ် တေဇာလင်း)** မှ ပေးပို့လှူဒါန်းလိုက်သော ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း (ဆရာကိုင်) စာအုပ်ကို လက်ခံရရှိပါသည်။ စာအုပ်နှင့်အတူ စာတစ်စောင်လည်း ပါလာပါသည်။

အရှင်တေဇနိယမှ ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း (ဆရာကိုင်) စာအုပ်ကို ဒုတိယအကြိမ်ထုတ်ဖို့လည်း ရည်ရွယ်ထားပါသည်။ ဒုတိယအကြိမ်ထုတ်ဝေလျှင် ဆရာတော်ရဲ့အမှာစာ လိုချင်ပါတယ်ဘုရား, အမှာစာ ရေးသားခိုးမြှင့်ပေးပါရန်ဟုလည်း လျှောက်ထားသော စာပါလာ၍ ယခုလို ဘုန်းကြီးအနေနဲ့ အမှာစာကို ရေးသားရခြင်းဖြစ်ပါသည်။

မိမိသည် စာသင်သားဘဝမှာ အရှင်အနုရုဒ္ဓါမထေရ် ရေးသားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကမ္မဋ္ဌာန်းပိုင်းအဆုံး၌လာသော -

**ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ။**

**ပဋ္ဌိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ** ဟု သင်္ဂဟဆရာတိုက်တွန်းခဲ့သော တိုက်တွန်းမှု ဥယျောဇဉ်ပြဂါထာကို ကျက်မှတ်ချိန်မှစ၍ ရှေးဆရာတော်များက **သိအောင်သင်, သိပြီးလျှင် သာသနာ၏ အရသာကို ခံယူလိုသော စာချ စာသင်ပုဂ္ဂိုလ်များသည် ဘာဝနာ (၂)ပါး**ကို **ပွားရမည်** ဟု မိန့်ဆိုချက်အတိုင်း စာသင်သားဘဝကတည်းက

စာသင်မှုပြီးချိန်မှာ နွေရာသီရောက်တိုင်း မိုးကုတ်ရိပ်သာ, မဟာစည် ရိပ်သာတို့၌ တရားအားထုတ်ခဲ့သည်။

စာသင်တိုက်များ စာဝါပြန်စချိန်၌ ပရိယတ္တိစာပေများ ပြန်လည်၍ သင်ကြားပြီး မိမိသည် **ပရိယတ် မဂင်းသော ပဋိပတ်၊ ပဋိပတ် မဂင်းသော ပရိယတ်** ကို စာသင်သားဘဝတည်းက ကျင့်သုံးခဲ့ရာ မိမိကျောင်းထိုင်ဆရာတော် ဖြစ်လာသောအခါ မိမိနှင့်ဆက်နွယ်သော ကျောင်းတိုက်အသီးသီး၌ သာသနာပြုလျက် ရှိကြသော ကျောင်းထိုင် ဆရာတော်များ စာသင်သား သံဃာတော်များ ပဋိပတ်ကျင့်နည်း ကြံနည်း များကို မိမိလည်း ကျင့်တတ်, မိမိမြို့ မိမိရွာ၌ရှိသော ဒါယကာ ဒါယိကာမ များကိုလည်း ဟောတတ်အောင် သံဃာတော်များကို တရားဟော တရားပြနိုင်သော ဆရာတော်တစ်ပါးကို ပင့်လိုပါကြောင်း ကလေးမြို့နယ် တင်သားကျေးရွာ ရတနာမာန်အောင်ကျောင်း ဆရာတော် **ဘဒ္ဒန္တသြသဓ** ကို ပြောပြရာ တင်သားဆရာတော်၏ ဆက်သွယ်ပေးမှုဖြင့် ၁၃၆၉-ခုနှစ်၊ ပထမဝါဆိုလတွင် မန္တလေးမြို့ ချမ်းသာကြီးတောင်တိုက် ရတနာ ဘုံမြင့်စာချကျောင်းမှ **ကျမ်းပြု စာချ တရားဟော တရားပြ ဓမ္မဒူတ ကမ္မဋ္ဌာနာစရိယ အရှင်တေဇနိယ** ကို ပင့်၍ နံနက်ပိုင်း နေ့လယ်ပိုင်းတို့၌ သံဃာတော်များကို သီးသန့် သင်တန်းပို့ချပြီး ညပိုင်း၌ ဒါယကာ ဒါယိကာမများအား ပဋိစ္စသမုပ္ပါဒ် အခြေခံသဘောတရားများကို ပို့ချ စေခဲ့ပါသည်။

အရှင်တေဇနိယပို့ချသော ပဋိစ္စသမုပ္ပါဒ် တရားတော်များကို စာအုပ်၌ မှတ်စုလိုက်ပြီး ရေးရသည်မှာ အမှားများ၊ မမှီလိုက်သော စာပိုဒ်များ၊ ကျမ်းညွှန်းမှတ်ဖွယ်များ ရှိပါသည်။ ထိုမမှီလိုက်သော ကျမ်းစာ, အညွှန်း, ပါဠိအထောက်အထားများကို အရှင်တေဇနိယက ဤပဋိစ္စ သမုပ္ပါဒ် သင်ပြရှုမှတ်နည်း (ဆရာကိုင်) စာအုပ်ကို စိစဉ်လိုက်သောကြောင့် မိမိတို့သည် ခွဲပြီးထမင်းကို စားရသကဲ့သို့ သိစရာ လိုအပ်ရာများကို

လှန်လှောကြည့်ပါက အလွယ်တကူ သိရှိရကာ **ပဋ္ဌိစ္စသมุပ္ပါဒ်သင်ပြ ရှုမှတ်နည်း (ဆရာကိုင်)** စာအုပ်ထွက်ရှိလာ၍ ပဋ္ဌိစ္စသมุပ္ပါဒ်ကို လိုက်စား နေကြသော ရဟန်းသံဃာများ လူပုဂ္ဂိုလ်များ၏ကိုယ်စား ဝမ်းမြောက် လှပါကြောင်း အမှာစကား ပြောကြားအပ်ပါသည်။ ။

ဘဒ္ဒန္တပญ္ญသေဋ္ဌ
(အဂ္ဂမဟာကျော်)
မဟာသန္တာရုံကျောင်းတိုက်
ကလေးမြို့၊ စစ်ကိုင်းတိုင်း။

# တက္ကသိုလ်သောတူဇန (မဟာမွှောစရိယ)၏ ဓိတ်ဆက်စာ

ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များသည် ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်နှင့် ရင်းနှီးသူ များကြပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ စက်ဝိုင်းကြီးကို နေရာအနှံ့အပြားဌ မြင်တွေ့နေရသောကြောင့် ဖြစ်သည်။ ပဋ္ဌိစ္စသမုပ္ပါဒ် ဟူသည် အဝိဇ္ဇာအစရှိသော ရှေးရှေးအကြောင်းတရားများကိုစွဲ၍ သခါရ စသော နောက်နောင် အကျိုးတရားများဖြစ်ပေါ်ခြင်းကို ဆိုလိုသည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန် လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ထိုလပြည့်ကျော် (၁)ရက်နေ့ ညဉ့်ဦးယံ(ညဉ့်၏ ပထမပိုင်း) အချိန်၌ မဟာဗောဓိပင်ရင်း အပရာဇိတ ပလ္လင်ထက်ဝယ် သီတင်းသုံးလျက် ပဋ္ဌိစ္စသမုပ္ပါဒ် တရား တော်ကို အနုလုံ ပဋ္ဌိလုံအားဖြင့် ဆင်ခြင်တော်မူပါသည်။

**အဝိဇ္ဇာပစ္စယာ သခါရာ**-အဝိဇ္ဇာဟူသော အကြောင်းကြောင့် ပုညာဘိသခါရ, အပုညာဘိသခါရ, အာနေဉ္ဇာဘိသခါရဟူသော သခါရ သုံးမျိုးတို့ ဖြစ်ကုန်စွတကား... ဤသို့အစရှိသည်ဖြင့် သံသရာ ဝဋ္ဋ ဒုက္ခ၏ ဖြစ်စဉ်အားဖြင့် ဆင်ခြင်ခြင်းကို အနုလုံအားဖြင့် ဆင်ခြင်ခြင်းဟု ခေါ်သည်။

**အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သခါရနိရောဓော** -အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာတရား အကြွင်းမရှိ (မဖြစ်မူတည်းဟူသော ချုပ်ခြင်းဖြင့်) ချုပ်ခြင်းကြောင့် ပုညာပုည အာနေဉ္ဇသခါရသုံးမျိုးတို့ (မဖြစ်မူတည်း ဟူသော) ချုပ်ခြင်းဖြင့် ချုပ်ကြသည်... ဤသို့ အစ

ရှိသည်ဖြင့် သံသရာဝဋ္ဋဒုက္ခ ချုပ်စဉ်အားဖြင့် ဆင်ခြင်ခြင်းကို ပဋ္ဌိလုံအားဖြင့် ဆင်ခြင်ခြင်းဟု ခေါ်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်သည် မြတ်ဗုဒ္ဓ၏ တရားတော်များတွင် သစ္စာလေးပါးတရားနောက် ဒုတိယအရေးကြီးသော တရားတော်ဖြစ်သည်။ သစ္စာလေးပါးအနက် **သမုဒယသစ္စာ၏ အကျယ်ကို အနုလုံနည်းဖြင့် ပြသည်။ နိရောဓသစ္စာ၏ အကျယ်ကို ပဋ္ဌိလုံနည်းဖြင့် ပြသည်။** ဗုဒ္ဓဘာသာ၏ အခြေခံကို ဖော်ပြသော တရားတော်လည်း ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ အဓိက အခြေခံကျသောအရာမှာ အကြောင်းအကျိုးဆက်သွယ်မှုပင် ဖြစ်သည်။ လူ့ဘဝအသွင်အပြင် အနေအထား၏ အချင်းချင်းအားပြုနေရပုံကို အဓိကထား၍ ဟောပြောထားသော ဒေသနာတော်လည်း ဖြစ်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို သိသော ဉာဏ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ပယ်သတ်နိုင်၏။ ယင်းနှစ်ပါးကို ပယ်သတ်နိုင်ပါမှလည်း သောတာပတ္တိမဂ်ဉာဏ်ကို ရ၍ အရိယာဖြစ်နိုင်၏။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကို နားလည်နိုင်အောင် ကြိုးစားကြရပေမည်။

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်သည် အရိယာမဂ်ကို ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးဌ အရေးပါသော တရားဖြစ်သောကြောင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ယင်းတရားတော်ကို ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်တွင် အလေးပေး လေ့လာခဲ့ကြပေသည်။

ပုဂံခေတ် **သက္ကရာဇ် (၅၄၁)ခုနှစ်၊ နရပတိမင်းလက်ထက်တွင် သင်ကြီးအဘိနန္ဒသူက** ၄င်းပြုစုထားသော ကုသိုလ်ကောင်းမှုစာရင်းကို ကျောက်စာရေးထိုးရာတွင် **ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်လည်း ဆောင်၏** ဟု ရေးထိုးထားပေသည်။

အင်းဝခေတ်တွင်လည်း **ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့၊ ပိုဒ်ရေ (၃၉)၌ တသန္ဓေ၊ တပေလျှဉ်းလျှဉ်း၊ တညှဉ်းဆိုးဆိုး၊ တညှိုးလျှလျှ၊**

တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလိုက်လိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့၊ လှည်းများဘဝ၊ သံသာရတွင်၊ ကေစတု၊ ငါးခုခန္ဓာ၊ ရိုရှားစွာခဲ ဟု ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်လည်၍ သတ္တဝါများ သံသရာထဲ တပြောင်းပြန်ပြန် ပင်ပန်းဆင်းရဲစွာ ကျင်လည်နေရပုံကို ဖွဲ့ဆိုထားပေသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်လည်း **လယ်တီဆရာတော်** ဘုရားကြီးက ဗုဒ္ဓဘာသာဝင်အများ ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော် အဓိပ္ပာယ်ကို သိမြင် နားလည်နိုင်ကြစေရန် **ပဋ္ဌိစ္စသမုပ္ပါဒ် ဒီပနီ** အမည်ရှိ ကျမ်းတစ်ကျမ်းကို ရေးသားပြုစုခဲ့သည်။

ဤဘက်ခေတ်တွင် **မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်** စသော ဆရာတော်ကြီးများကလည်း ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်၏ အဓိပ္ပာယ်ကို နားလည်နိုင်စေရန် အကျယ်ဖွင့်ဆို ဟောကြားတော်မူခဲ့ကြပါသည်။ ယင်းဆရာတော်ကြီးများ ဖွင့်ဆိုပြကြခြင်းမှာ ဆရာရောတပည့်ပါ စာဖတ်ပရိသတ် အားလုံးအတွက် ရည်ရွယ်ဟောကြားခဲ့ခြင်းဖြစ်သည်။

ယခုတစ်ဖန် စာရေးဆရာ **တက္ကသိုလ်တေဇလင်း (အရှင်တေဇနီယ)** က ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော် သင်ပြနည်း, ရှုမှတ်နည်းကို ဆရာကိုင်အဖြစ် စာအုပ် ရိုက်နှိပ် ထုတ်ဝေလိုက်ပါသည်။ ယင်းစာအုပ်တွင် **အင်းခန်းလို့ လယ်တီ၊ လယ်တီတော့ ၄ိုက်ကျ** ဟူသော ကဗျာဖြင့် မြန်မာနိုင်ငံပဋ္ဌိပတ္တိသာသနာတော်၌ ထင်ရှားသော ပဋ္ဌိပတ္တိနည်းများကို မှတ်တမ်းပြုထားပါသည်။ ယင်းကဗျာ၌ **ထွန်ဆင်းတော့ မိုးရွာ၊ ဒီတစ်ခါ ရွာတဲ့မိုး၊ ချိုးမိအောင်ချိုး** ဟူသော စကားရပ်ဖြင့် မိုးကုတ်ဆရာတော် ဘုရားကြီးအကြောင်းကို ရေးဖွဲ့ထားပါသည်။

ထို့ပြင် တရားအားမထုတ်မီ ဒိဋ္ဌိအရင်ခွာသင့်ပုံအကြောင်း၊ ဒိဋ္ဌိဖြစ်ကြောင်း ရှစ်ပါး၊ ပဋ္ဌိစ္စသမုပ္ပါဒ် ဂုဏ်ရည်များ၊ စက်ဝိုင်းရှင်းတမ်း၊

စက်ဝိုင်းဖြင့် ဒေသနာခွက်ပုံစံပြ၍ ဟောကြားခြင်း အဓိပ္ပာယ် စသည်တို့ကို ဖော်ပြထားပါသည်။

မိုးကုတ်နည်းဖြင့် တရားဟောသော ဆရာတော်၏ရှေ့၌ ခွက်ကလေးတွေ မှောက်ထားသည်ကို မြင်ဖူးပါသည်။ ဘာအဓိပ္ပာယ်လဲဟု မသိခဲ့ပါ။

တက္ကသိုလ်တေဇာလင်း၏ စာအုပ်ကို ဖတ်ကြည့်လိုက်သော အခါမှသာ **ထိုခွက်ဖြင့် ဟောခြင်းမှာ မြတ်စွာဘုရားရှင်က သားတော်ရှင်ရာဟုလာကို မုသာဝါဒမပြောဖို့ ဆုံးမရာ၌ ခွက်အသုံးပြု ဟောသည့်ထုံးကို နှလုံးမူလျက် ဟောခြင်းဖြစ်သည်** ဟု ရှင်းပြထားပါသည်။

ထိုအသုံးပြုသော ခွက်များကိုလည်း တစ်ရောင်တည်းဟု ထင်ခဲ့ပါသည်။ ယခုမူ တစ်ရောင်တည်း မဟုတ်တတ်ပေ။ **အဝါရောင်၊ အနက်ရောင်၊ အနီရောင်၊ အပြာရောင်၊ အဖြူရောင်** ဟု အရောင် ငါးမျိုးပင် ရှိသည်။

**အဝါရောင်သင်္ကေတမှာ ခန္ဓာငါးပါး, အတွင်း အာယတနခြောက်ပါးအတွက် ဖြစ်သည်။**

**အနက်ရောင်သင်္ကေတမှာ မောဟနှင့် ဒိဋ္ဌိအတွက်ဖြစ်သည်။**

**အနီရောင်သင်္ကေတမှာ အပွင့်ဓာတ် (၆) ပါးနှင့် ကိလေသာ**တရားအတွက် ဖြစ်သည်။

**အပြာရောင် သင်္ကေတမှာ** အပြင်အာယတနခြောက်ပါးအတွက် ဖြစ်သည်။

**အဖြူရောင်သင်္ကေတမှာ** မဂ္ဂသစ္စာနှင့် နိဗ္ဗာန်သစ္စာတို့အတွက် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဆိုရပါမူ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း တရားဝမ္မ ဟောပြောပြသလိုသော ရဟန်းတော်များ၊ သင်တန်း ပို့ချပေးလိုသော ရဟန်းတော်များအနေဖြင့် တက္ကသိုလ်

တေဇာလင်း၏ **ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း** စာအုပ်ကို လက်ကိုင်ထားသင့်ပါကြောင်း လက်တို့သတင်းကောင်း ပါးလိုက်ရပါသတည်း။

**တက္ကသိုလ်သောတုဇန(မဟာဓမ္မာစရိယ)**
**ဘဒ္ဒန္တအာသဘ**
**ကထိက, ဌာနမှူး**
**ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)**

# ပထမအကြိမ်ထုတ် စာရေးသူ၏ စာမူနိဒါး

စာတွေ့အသိ၊ ကိုယ်တွေ့ညှိ၍
မှန်၏ကောင်း၏၊ ဉာဏ်ဖြင့်သိ၍
သတိထိန်းချုပ်၊ စိတ်ကောင်းအုပ်၍
အလုပ်ချစ်ခင်၊ ဂုဏ်ဟုမြင်၍
လိုချင်ကြိုးပမ်း၊ သည်အစွမ်းသည်
စွမ်းရည်မိုးထိုး၊ အများကျိုး။

စာဆိုဇော်ဂျီ၏ **စွမ်းရည်အလှ** ကဗျာမှ ဒုတိယအပိုဒ်သည် အလွန်မြတ်နိုးဖွယ်ကောင်းလှ၏။ **အတ္တဟိတ**-ကိုယ်ကျိုးသက်သက်မျှ မကဘဲ **ပရဟိတ**-အများကောင်းကျိုးကိုလည်း သယ်ပိုးစွမ်းဆောင်နိုင်မှသာ **စွမ်းရည်အလှ** ပီသနိုင်ပါသည်။

ဆရာဇော်ဂျီက **စွမ်းရည်အလှ** မွန်မြတ်၊ ပီသ၊ ကြည်မြနိုင်စေရန် (၁) စာတွေ့အသိကို ကိုယ်တွေ့နှင့် ညှိရမည်။ (၂) မှန်၏၊ ကောင်း၏ဟု ဉာဏ်ဖြင့်သိရမည်။ (၃) သတိထိန်းချုပ် စိတ်ကောင်းလည်း အုပ်နိုင်ရမည်။ (၄) အလုပ်ကို ဂုဏ်ဟုချစ်မြတ်နိုးနိုင်ရမည်။ (၅) လိုချင်ကြိုးပမ်းမှုလည်း ရှိရမည်။ (၆) အများအကျိုးကိုလည်းဆောင်ရဦးမည်ဟု ခံယူချက်ထားရကြောင်းညွှန်ပြခဲ့သည်။

စာဆိုဇော်ဂျီ၏ **စွမ်းရည်အလှ** ကဗျာသည် စာရေးသူ၏ ခံယူချက်၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်နှင့် ကိုက်ညီတိုက်ဆိုင်နေသောကြောင့် နှစ်ခြိုက်မြတ်နိုးသောကဗျာဖြစ်သည်။ စာရှုသူတို့လည်း မြတ်နိုးကာ စွမ်းရည်အလှတိုးအောင် ဆောင်ပိုးကြစေလိုသည်။

စာဆိုကြီးတို့သည် စာလည်းတတ်ကြသည်။ တတ်သည်နှင့်အမျှ စာပေ၊ ကဗျာ၊ ကျမ်းဂန်များပြုစု၍ နိုင်ငံအကျိုး၊ စာပေအကျိုး၊ ဘာသာသာသနာ အကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့ကြသည်။ လေးစားကြည်ညိုအားကျမိပါသည်။ မြတ်နိုးပူဇော်မိပါသည်။

အက္ခရာဆား၊ ဆလိန်ဆားကို၊
လျက်ငြားမင်န်၊ ပုံသဏ္ဌာန်လို၊
စာထဲကတရား၊ စာတရားကို၊
သိငြားတတ်ပြန် သညာမှန်၏။
အိုးထဲကဆား၊ တကယ့်ဆားကို၊
လျက်ငြားအမှန်၊ အဟုတ်ငန်သလို၊
ခန္ဓာတရား၊ အရှိတရားကို၊
သိငြားတတ်ပြန်၊ ပညာမှန်၏။

ရှေးပညာရှင်ကြီးများက **သညာတတ်** နှင့် **ပညာတတ်** သဘောကို အက္ခရာဆားနှင့် တကယ့်ဆားတို့ဖြင့် ဥပမာထင်ဟပ်ကာ မီးမောင်းထိုးပြခဲ့ကြသည်။

ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်တို့သည် ဘုရား, ရဟန္တာတို့၏ ကိုယ်တွေ့ဖြစ်ရပ်များကို ဖော်ပြထားသော မှတ်တမ်းများဖြစ်သည်။ **စာရေးသူတို့အတွက် လုပ်နည်းလုပ်ဟန် ညွှန်ပြသော အက္ခရာဆားများ** ဖြစ်သည်။ လမ်းပြကြယ်များလည်းဖြစ်သည်။ လက်တွေ့ကျင့်သုံးမှု စရဏမပါ အတတ်သညာသက်သက်မျှဖြစ်နေလျှင် အက္ခရာဆားသည် မင်နှင့်သက့ဲသို့ အမြိုက်အရသာကိုမခံစားရဘဲ ဖြစ်နေတတ်သည်။

အိုးထဲထည့်ထားသောဆားကို တို့ယူလျက်ကြည့်လျှင် တကယ့်ဆားစစ်မှန်နေသောကြောင့် ငန်သက့ဲသို့ အတတ်သညာစာပေတို့မှ ညွှန်ကြားချက်အတိုင်း ဝိပဿနာဉာဏ်ဖြင့် ခန္ဓာကိုယ်ပေါ် စူးစိုက်ရှုမှတ်ကြည့်လျက် ပကတိဖြစ်ပျက်မှန်ကို သိမြင်နားလည်နိုင်မှ အမြိုက်အရသာ

ကို ကေန်ခံစားနိုင်ကြမည်ဖြစ်သည်။ ခန္ဓာသဘော ရုပ်နာမ်သဘာဝကို ပီပြင်စွာ မြင်ထားသော ဉာဏ်ပညာသာ တကယ့်ဆားနှင့် တူပါသည်။ ထို့ကြောင့် ရှေးပညာရှင်ကြီးများက အကွာရာဆားမျှဖြင့် ရောင့်ရဲကျေနပ်မနေကြဘဲ တကယ့်ဆားဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းတော်မူခဲ့ကြသည်။ အသိနှင့်အကျင့် ဝိဇ္ဇာနှင့်စရဏာ ချိန်ခွင်လျှာညီမျှကြစေလိုဟန် တူပါသည်။

စာသိနှင့် ငါသိ စာရှိနှင့် ငါရှိ ခွဲခြားသိပါ။ စာထဲမှာ ဆိုထားသည့် အတိုင်း အရေအတွက်မျှကိုသာ သိနေခြင်းသည် စာသိသစ္စာ, စာရှိသစ္စာသာဖြစ်သည်။ ငါသိသစ္စာ, ငါရှိသစ္စာ မဖြစ်သေး။ ဒုက္ခသစ္စာ ဖြစ်ထိုက်သည့် တရားတွေကို စာထဲမှာ စုပေါင်း၍ဆိုထားသည့်အဆိုသာ ရှိသည်။ နဂိုရှိ, အဟုတ်ရှိက ငါထဲမှာသာ ရှိသည်။ စာထဲမှာက အဆိုရှိ, ငါထဲမှာက အဟုတ်ရှိဟု အမှန်သိ၍ ငါသိသစ္စာ, ငါမှာသာရှိသည့် သစ္စာဟု သိပါစေ။

"**စာသိပထမံ, ငါသိဒုတိယံ** ဆိုသည့် ပရိဘာသာဆိုရိုးစကား အတိုင်း ရှေးဦးစွာ စာသိသစ္စာမှ ကူးယူ၍, ကူးပြောင်း၍ နောက်ကာလမှာ ဒုက္ခသစ္စာတို့ကို တတ်အပ်ထင်ထင် တည့်တည့်ကြီး မြင်သိတဲ့ ငါသိသစ္စာဖြစ်ပါစေ။ စာသိသစ္စာတွင် သောင်တင်ပြီး အသိဉာဏ် အားကုန်၍ မနေစေဘဲ ငါသိသစ္စာတို့ကို တည့်တည့်ကြီး သိမြင်ကြပါစေ" ဟု ခန္ဓီးဆရာတော်က **သစ္စာအလင်းပြကျမ်း** မှာ တိုက်တွန်းထားပါသည်။ သတိချပ်စရာ ကောင်းပါသည်။ (**သစ္စာအလင်းပြ၊ ၈၃**)

**သမယံ အဝိလောမေန္တော၊ ထေရာနံ ထေရဝံသဒီပါနံ။**
**သုနိပုဏာဝိနိစ္ဆယာနံ၊ မဟာဝိဟာရေ နိဝါသိနံ။**
**ဟိတ္တာ ပုနပ္ပုနာဂတ, မတ္ထံ ပကာသယိသာမိ။**
**သုဇနသ စ တုဋ္ဌတ္ထံ၊ စိရဋ္ဌိတတ္ထဉ္စ ဓမ္မသ။**

အရှင်မဟာကဿပ အစရှိသော မထေရ်ကြီးတို့၏ အနွယ်ဆက်ဖြစ်ပြီး ဆီးမီးတန်ဆောင်သဖွယ်ဖြစ်ကုန်၍ လွန်စွာသိမ်မွေ့သော အဆုံး

အဖြတ်ရှိကြကာ မဟာဝိဟာရကျောင်းတိုက်၌နေကုန်သော မထေရ်မြတ်တို့၏အယူကိုမဆန့်ကျင်စေဘဲ ထပ်ကာထပ်ကာ ပါရှိလာသော အဓိပ္ပါယ်ကိုပယ်ဖျောက်လျက် သူတော်ကောင်းတို့ ကျေနပ်နှစ်သက်စေရန်နှင့် သူတော်ကောင်းတရား ကြာမြင့်စွာတည်တံ့စေရန် နိကာယ်၏အဓိပ္ပာယ်ကို ထင်ရှားအောင် ဖွင့်ပြပါမည်။

ယင်းသည် **အဌကထာကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသက** အဌကထာကျမ်းများရေးသောအခါ ကျမ်းဦးနိဒါန်း၌ ဂါထာများစွာဖြင့် အကြောင်းပြစကားများ ပြောကြားခဲ့သည်တို့မှ ကောက်နုတ်ချက်ဖြစ်သည်။

ကျမ်းပြုရာ၌ (၁) မှီရာ၊ (၂) ရည်ရွယ်ချက် (၃) ပြုစုပုံအချင်းအရာများကို ဖော်ကျူးပြထားသည်။ အတူယူဖွယ် ကောင်းလှ၏။ ကျမ်းပြုသူတိုင်း လိုက်နာသင့်သည် ထင်ပါသည်။

"အရှင်မဟာဗုဒ္ဓဃောသသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဖွင့်ဆိုရာ၌ မူကောင်းမူသန့် လမ်းစဉ်များ ချမှတ်ကာ ဆောင်ရွက်တော်မူခဲ့သည်။ ၄င်းမှာ -

၁။ ဝိဘဇ္ဇဝါဒီဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ တပည့်သာဝကသို့ သက်ဝင်ခြင်း၊
၂။ ရှေးဆရာတို့ကို မစွပ်စွဲခြင်း၊
၃။ သာသနဓမ္မတည်းဟူသော မိမိအယူဝါဒကို မကျော်လွန်ခြင်း၊
၄။ သာသနာပဋိဂ္ဂုလ်တို့၏ အယူဝါဒကို အပြစ်တင်သော အားဖြင့် ကြောင့်ကြမစိုက်ခြင်း၊
၅။ သုတ်ပါဠိတော်ကို မပယ်မြစ်, မထိခိုက်စေခြင်း၊
၆။ ဝိနည်းနှင့် ကိုက်ညီမှုရှိစေခြင်း၊
၇။ မဟာပဒေသလေးပါးကို ကြည့်ခြင်း၊
၈။ ပဋ္ဌိစ္စသမုပ္ပါဒ်ပါဠိတော်ကို ထင်ရှား ပေါ်လွင်အောင် ဖော်ပြခြင်း၊

၉။ ပဋ္ဌိစ္စသမုပ္ပါဒ်ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ ယူခြင်း စသည်တို့ဖြစ်သည်။ (ဝိသုဒ္ဓိ၊ မြန်၊ ၄၊ ၂၉-၃၁)

မြတ်ဗုဒ္ဓက **ပဋ္ဌိစ္စသမုပ္ပါဒ်သည် နက်နဲသည်**ဟု ဟောတော်မူခဲ့၏။ ရှေးပညာရှင်များကလည်း **ပဋ္ဌိစ္စသမုပ္ပါဒ်သည် သိမြင်နားလည်ရန် ခဲယဉ်း**၏။ **သူတစ်ပါးတို့အား ဟောပြောပြသဖို့လည်း လွန်စွာခဲယဉ်း**၏ ဟု မိန့်ဆိုခဲ့ကြသည်။

**ပကတိယာပိ စ ဒုက္ကရာဝ ပဋ္ဌိစ္စသမုပ္ပါဒသ အတ္ထသံဝဏ္ဏနာ**– ပဋ္ဌိစ္စသမုပ္ပါဒ်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ပင်ကိုရင်းသဘောအားဖြင့်ပင် ပြုနိုင်ခဲသည်သာဖြစ်၏။

**"အညတြ အာဂမာဓိဂမပ္ပတ္တေဟိ နှ သုကရာ ပဋ္ဌိစ္စသမုပ္ပါဒသတ္ထ ဝဏ္ဏနာ။**

မြတ်ဗုဒ္ဓတရားတော် ပါဠိတော်ဟူသော အာဂုံနှင့် မဂ်ဖိုလ်သို့ ရောက်ပြီး သူတို့ကိုချန်ထား၍ အခြားသူတို့သည် ပဋ္ဌိစ္စသမုပ္ပါဒ်၏အဓိပ္ပါယ်ဖွင့်ဆိုရန် မလွယ်ကူပါ" ဟု အရှင်မဟာဗုဒ္ဓဃောသက ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာတို့၌ မှာတမ်းချေခဲ့သည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၃၊ အဘိ၊ ၆၊ ၂၊ ၁၂၃)

**ဝတ္တုကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ။**
**ပတိဋ္ဌံ နာမိဂစ္ဆာမိ၊ အဂ္ဂေါဂါဠှောဝ သာဂရံ။**
**သာသနံ ပနိဒံ နာနာ၊ ဒေသနာနယမဏ္ဍိတံ။**
**ပုဗ္ဗာစရိယမဂ္ဂေါစ၊ အဗ္ဗောစ္ဆိန္နော ပဝတ္တတိ။**
**ယသ္မာ တသ္မာ တဒုဘယံ၊ သန္ဓိသယတ္ထဝဏ္ဏနံ။**
**အာရဘိဿာ ၄ တေသ၊ တံ သုဏာထ သမာဟိတာ။**

ပဋ္ဌိစ္စသမုပ္ပါဒ်၏အဓိပ္ပာယ်ဖွင့်ဆိုမှုကို ယခုအခါ ပြောလို ပြုလို သောငါသည် သမုဒ္ဒရာသို့သက်ဆင်းမိသူကဲ့သို့ ထောက်တည်ရာကို မရနိုင်။ (ကိုယ်ပိုင်ဉာဏ်ဖြင့် မရနိုင်)

သို့သော်လည်း အထူးထူးသောနည်းတို့ဖြင့် တန်ဆာဆင်ထားသော ပါဠိဒေသနာတရားတော်တည်းဟူသော သာသနာတော်သည်လည်းကောင်း၊ ရှေးဆရာတို့၏ ပို့ချစဉ်စကားသည်လည်းကောင်း အဆက်မပြတ်ဖြစ်တည်လျက်ရှိ၏။

ထို့ကြောင့် ထိုနှစ်ပါးကိုကောင်းစွာမှီ၍ ပဋ္ဌိစ္စသမုပ္ပါဒ်အဓိပ္ပာယ်အဖွင့်ကို အားထုတ်ပြုစုတော့မည်၊ တည်ကြည်ငြိမ်သက်သောစိတ်ရှိလျက်ကောင်းစွာနာယူ လေ့လာကြပါ။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၃၊ အဘိ၊ ၆၊ ၂၊ ၁၂၃)

အရှင်မဟာဗုဒ္ဓဃောသသည် မြတ်ဗုဒ္ဓစကားတော်နှင့် ဆရာစဉ်ဆက်ပို့ချချက်များကိုမှီ၍ ပဋ္ဌိစ္စသမုပ္ပါဒ်ကိုဖွင့်ဆိုမည်ဟု ဝန်ခံခဲ့သည်။ အလွန်လေးနက်သောအဓိပ္ပါယ်များဖြစ်သောကြောင့် တည်ကြည်ငြိမ်သက်စိတ်ထားရှိလျက် နာယူသင်ကြားကြပါဟုလည်း တိုက်တွန်းခဲ့သည်။ ယင်းသို့တိုက်တွန်းရခြင်း၏အကြောင်းကိုလည်း ပြောပြပါသည်။

ယောကောစိမံ အဋ္ဌိကတ္တာ သုဏောယျ။
လဘေထ ပုဗ္ဗာပရိယ ဝိသေသံ။
လဒ္ဓါန ပုဗ္ဗာပရိယံ ဝိသေသံ။
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၃၊ အဘိ၊ ၆၊ ၂၊ ၁၂၃။)

တစ်စုံတစ်ဦးသည် ဤပဋ္ဌိစ္စသမုပ္ပါဒ်ကို စီးပွားသဖွယ် အရိုအသေပြု၍(ဝါ)အရိုးစွဲသကဲ့သို့ မြဲမြဲအောင်ပြု၍နာယူကြားအံ့။ ထိုသူသည် တစ်ကြိမ်ထက် တစ်ကြိမ်(အသိဉာဏ်များတိုးခြင်းဟူသော ကောင်းကျိုးကို) ခဏတိုင်းခဏတိုင်း ရရှိနိုင်သည်။ ကိလေသာ ခေါင်းပါးကုန်သွားခြင်းအထူးများရရှိနိုင်သည်။ မဖြစ်ဖူးသောအသိဉာဏ်ထူးများဖြစ်ကာ ကိလေသာကုန်ဆုံးသွားသောကြောင့် သေမင်းမမြင်ရာ နိဗ္ဗာန်သို့ ရောက်နိုင်၏။

ထို့ကြောင့် **ပဋ္ဌိစ္စသမုပ္ပါဒ်သည် လွယ်ပါ၏** ဟု သဘောမထားဘဲ ထပ်ခါထပ်ခါ ကြိမ်ဖန်များစွာ နာယူသင်ကြား မှတ်သား ဆောင်ထား

သင့်ပါသည်။ စာရေးသူသည် ရှင်မဟာဗုဒ္ဓယောသထုံး နှလုံးမူကာ ဤ ကျမ်းကို ရေးသားပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ လှည်းဘီးကြီးလိုပဲ ဘဒေါင်း တွေ ထောက် တွေ သံပတ်တွေ နားစောင့်တွေနဲ့. ဖွဲ့စည်းထားမှ လှည်းဘီး ဖြစ်ထား တာကို ပဋ္ဌိစ္စသမုပ္ပါဒ်ခေါ်တယ်။ ကြောင်းကျိုးဆက် နိယာမပေါ့။ လှည်း ဘီးကြီးကို ဝင်ရိုးမှာတပ်ဆွဲရင် ဝင်ရိုးမကျိုးသမျှ လိမ့်နေအုံးမှာပဲ။ ဝန်ရိုး ကျိုးရင်တော့ လှည်းဆက်သွားလို့မရတော့ဘူး။ အာသဝဝန်ရိုးသာ ခိုင်မာ နေလို့ကတော့ ပဋ္ဌိစ္စသမုပ္ပါဒ်လည်ချက် မပြောနဲ့တော့။ မွှတ်တောင်နေဦး မယ်။ အဲ... ဝန်ရိုးကျိုးလို့ကတော့ မကြာပါဘူး၊ ပဋ္ဌိစ္စသမုပ္ပါဒ် လှည်း ဘီးကြီး ရပ်တန့်သွားမှာပါ။ ဒါကိုပဲ ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်တယ်လို့ ခေါ်တာ ပေါ့ ဟူသော လူကြီးသူမများ၏ပြောစကားကို မကြာခဏဆိုသလို အကြောင်းတိုက်ဆိုင်တိုင်း ကြား၍ကြား၍နေခဲ့ရသည်။

တောမှာနေ တောမှာကြီးပြင်းခဲ့ရသည့်အတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်ဆို တာ လှည်းဘီးနှင့်တင်စားပြောကြသည့်အတွက် မျက်စိထဲမှာ ကွင်းခနဲ ကွက်ခနဲ လှည်းဘီးကြီးလို မြင်ယောင်လာခဲ့သည်။ လှည်းဘီးကြီး လည်နေတာ တွေ့လျှင်ပင် **ပဋ္ဌိစ္စသမုပ္ပါဒ်လည်တယ်** ဟူသောစကားကို အမှတ်ရမိသည်။

"အဝိဇ္ဇာအကြောင်းကြောင့်... သခါရာ... ဝိညာဏ်နာမ်တရား ရုပ်တရားနှစ်ဖြာ... ခြောက်ခုအာရုံ... ကာမဂုဏ်ဆန္ဒ... ပဋ္ဌိစ္စသမုပ္ပန် ရှုပ်ပြန်အတွင်းပတဏ္ဍာ" ဟူသော **မဟာဂီတဦးပြုချို၏ တေဘုမ္မာ** သီချင်းကို မကြာမကြာကြားရသောကြောင့်လည်း **ပဋ္ဌိစ္စသမုပ္ပါဒ်** ကို စာရေးသူ သတိထားမိသည်။

သာသနာ့ဘောင် ဝင်ရောက်သောအခါ မဟာစည်ဆရာတော် ကြီး၏ **ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်** စာအုပ်ထူထူကြီးနှစ်အုပ်ကို စတင် ဖတ်ရှုဖြစ်သည်။ စာရေးသူတို့၏ရွာ၌ မဟာစည်နယ်လှည့် ဓမ္မကထိက

များ၏ နှစ်စဉ်တရားပွဲများ ရှိသောကြောင့် မဟာစည်ဆရာတော်၏ စာအုပ်များ ရှာဦးကျောင်းတွင် အမြဲရှိနေခြင်းဖြစ်သည်။ အသိဉာဏ်လည်း နုနယ်အရွယ်လည်း ငယ်သေးသောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဝိုးတဝါးမျှသာ နားလည်ခဲ့သည်။ အခံမရှိသေး၍ အမှန်မသိခဲ့ဟုပြောလျှင် မှားအံ့မထင်ပါ။ ယခုတော့ အတော်ကောင်းသည့် စာအုပ်မှန်း သိနေပါပြီ။

အရှင်အနုရုဒ္ဓါ၏ **အဘိဓမ္မတ္ထသင်္ဂဟ** ကျမ်းကို သင်ယူရသော အခါ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ် သဘောများကို အတော်တီးမိခေါက်မိသည်။ ပစ္စည်းပိုင်းကို သင်ရတော့ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းသဘောများပါ နားလည်လာသည်။ ကမ္မဋ္ဌာန်းပိုင်းကို သင်ရသောအခါ ကမ္မဋ္ဌာန်းသဘောများ ရိုပ်စားမိသည်။ **အရှင်သုမင်္ဂလသာမိ**ရေးသည့် **အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ** ကို သင်ယူရသောအခါလည်း ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်သော အသိဉာဏ်များ အလင်းပွင့်လာခဲ့သည်။

လယ်တီဆရာတော်ကြီး၏ **ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ** ကို ဖတ်ရသော အခါ သဘာဝတ္ထဉာဏ်များပါ သိမြင်လာသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်၏သိမ်မွေ့နက်ရှိုင်းပုံများ၊ ဘဝပုံရိပ်များကို ဖမ်းဆုပ်ကြည့်ချင်စိတ်များ တဖွားဖွားပေါက်ပွားလာခဲ့သည်။ လောကမျက်ဝန်းကို ရှုန်းစိုစေချင်ခဲ့သည်။

မန္တလေးရွှေမြို့တော်သို့ ပညာတော်သင် သွားရသောအခါ ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ဆရာတော်၏ အရိပ်ကို ခိုလှုံခွင့်ရသည်။ ရတနာဘုံမြင့်စာချကျောင်းမှာနေရသည်။ ပထမပြန်၊ ဓမ္မာစရိယဆိုင်ရာစာပေများ သင်ယူခဲ့ရသည်။ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း၊ ဓမ္မသင်္ဂဏီ၊ အဋ္ဌသာလိနီဟူသော အဘိဓမ္မာကျမ်းများ သင်ယူရသောကြောင့် သဘာဝတ္ထများကို အသိရှင်းလာခဲ့သည်။ သီလက္ခန္ဓဝဂ္ဂပါဠိ၊ အဋ္ဌကထာ၊ ပါရာဇိကပါဠိ၊ အဋ္ဌကထာများကို သင်ယူရသောအခါ၌လည်း ဝါဒရေးရာများ နားလည်လာခဲ့သည်။

ယင်းအဌကထာများ၌ မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးကို ဖွင့်ပြသောအခါ အထူးသဖြင့် အရဟံဂုဏ်တော်အဖွင့်တွင် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်သော အကြောင်းအရာများ အတော်ပြည့်စုံစွာ ဖွင့်ပြထားသည်ကို တွေ့ရသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်အပေါ် ပိုရ်စိတ်ဝင်စားခဲ့သည်။

ရတနာဘုံမြင့်စာချကျောင်းမှာ ပထမပြန်၊ ဓမ္မာစရိယစာပေများ လေ့လာနေစဉ် တရားဟောဝါသနာကြီးလှသော **အရှင်ပညာစက္ကာ** (ပေါလွင်)နှင့် ရင်းနှီးခွင့်ရခဲ့သည်။ ထိုအရှင်သည် မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယအတိုင်း တရားကျင့်ကြံသဖြင့် ရဟန္တာဟုကျော်ကြားသော ပခုက္ကူမြို့နယ်၊ မြဇီးတောရွာ၊ မြသီတာကျောင်းဆရာတော် **ဘဒ္ဒန္တသာဂရမဟာထေရ်မြတ်** ၏ တပည့်လည်းဖြစ်သည်။ မြဇီးတောရွာ ဇာတိလည်းဖြစ်သည်။ ထို့ကြောင့် ၄င်းထံမှ ကျေးဇူးတော်ရှင် **အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား** ၏ **ဒုလ္လဘဒေသနာတရား**စာအုပ်များကို ၄ားယူဖတ်ရှုခွင့်ရသောကြောင့် မိုးကုတ်ဆရာတော်၏ တရားတော်များနှင့် စတင်ရင်းနှီးခွင့်ရခဲ့သည်။

သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ၊ **'ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း ဖြစ်ပျက်ဆုံး' 'ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် တရားတော်ကို ကြိုးစားအားထုတ်ပါမည်'** ဟူသော စကားများ **ရှင်းပလား၊ သဘောပါရဲ့လား** ဟူသော အမေးစကားများကို ရင်းနှီးနေခဲ့သည်။ **မူလနှစ်ဖြာ၊ သစ္စာနှစ်ခု** အစချီသောလက်ဆောင်များ ရနေခဲ့သည်။ မိုးကုတ်ဆရာတော်၏ တရားတော်များနှင့် ရင်းနှီးခွင့်ရအောင် စာရေးသူအား ဦးစွာ လုပ်ပေးသူက အရှင်ပညာစက္ကပင်ဖြစ်သည်။ ကျေးဇူးကြီးလှပါ၏။

စာရေးသူသည် မိုးကုတ်ဆရာတော်၏ ဒုလ္လဘဒေသနာစာအုပ်များကိုအကြောင်းပြု၍ တစ်ဘဝသာသနာကျမ်းပြုအကျော်ဆရာတော်

အရှင်ယောသိတရေးသော **မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာ** စာအုပ်ထူထူကြီးကိုလည်း ဖတ်ရှုခွင့်ရခဲ့သည်။

ယင်းစာအုပ်သည် **အရှင်ယောသိတ**ကိုယ်တိုင် **(၁၀)နှစ်**ကြာမျှ လေ့လာစုဆောင်း ရေးထားသောကျမ်းဖြစ်သည်။ ဘဝဖြစ်စဉ်တော်မျှမက လက်တွေ့ကျင့်စဉ်များလည်း ပြည့်စုံလုနီးပါး ပါဝင်နေပါသည်။

တကယ်လက်တွေ့ရေးသားလာသောအခါ ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာမှာ အလွန်အကျူး အထူးခက်ခဲနက်နဲ သိမ်မွေ့နေသည်ကို တွေ့လာရပြန်တော့၏။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တိုင် လက်တွေ့တရားလုပ်ငန်းခွင်တွေ ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ **ရေးတတ်ရုံသက်သက်ဖြင့် မရနိုင်။ ကိုယ်တိုင် လက်တွေ့ တရားအားထုတ်မှုလုပ်ငန်းခွင်ပါ ပါဝင်ပေါင်းစပ်မှ အာဘော် မိအောင်ရေး၍ ရနိုင်မည်** ဟုသိလာရတော့၏။ ထို့ကြောင့် ထိုအချိန်မှစ၍ လက်တွေ့ အားထုတ်မှုလုပ်ငန်းခွင်ပါ ပါဝင်ပေါင်းစပ်ရပါတော့သည်” ဟုဆရာတော် **အရှင်ယောသိတ**က မိတ်ဆက်နိဒါန်းတွင် အသိအကျင့် တွဲစပ်ရပုံကို ကိုယ်တိုင်ပင် ဖော်ပြပါသည်။

စာရေးသူသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်တော်ကို သိမြင်ကြည်ညိုမှု ကျင့်စဉ်များကိုလည်း စွမ်းနိုင်သလောက် အားထုတ်ကြည့်ခဲ့သည်။ စာရေးသူကား ပထမတွင် **တရားမင်မှ ပုဂ္ဂိုလ်ခင် ခဲ့သူ**ဖြစ်သည်။ ယခုတော့ **ပုဂ္ဂိုလ်လည်းခင်မှ တ ားလည်းမင် ခဲ့သူ** ဖြစ်နေပါပြီ။ တချို့က ပုဂ္ဂိုလ်ခင်မှတရားမင်လျှင်ပင် နိမ့်ကျသည်ဟု ထင်ကြသည်။ မထင်သင့်ပါ။ ပုဂ္ဂိုလ်ခင်မှ တရားမင်မင်၊ တရားမင်မှ ပုဂ္ဂိုလ်ခင်ခင် မည်သို့ပင်ဖြစ်စေ **တရားမင်သွားဖို့**က ပဓာနကျသည် မဟုတ်ပါလော။

စာရေးသူသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များ၊ တိတ်ခွေများကို အတော်များများ ဖတ်ရှုဖြစ်သည်၊ နာယူဖြစ်သည်။

**သဒ္ဓါဟောင်းကဲမိုး သဒ္ဓါသစ်များ** တိုးပွားခဲ့သည်။ မေးမှိန်နေသော အသိပညာများ တောက်ပလာခဲ့သည်။ ခန္ဓာအရှိကိုသတိဦးစီးသော ဉာဏ်ပညာဖြင့် စူးစိုက်ကြည့်တတ်လာခဲ့သည်။

စာရေးသူသည် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ တက်ရောက်ကာ (၅)နှစ်ကြာမျှ ပညာဆည်းပူးခွင့်ရခဲ့သည်။ ယင်းတက္ကသိုလ်၌ **အရှင်ပညာဝံသ (သာသနာ့တက္ကသိုလ်)** နှင့်တွေ့ဆုံကာ **ဒဠိမိတ္တ ပိယသဟာယ**-ခိုင်မြဲသောမိတ်ဆွေ၊ ချစ်ကျွမ်းဝင်သောသူငယ်ချင်း ဖြစ်ခဲ့သည်။ ၄င်းသည် စာရေးတတ်သည့်အပြင် တရားဟောလည်း ဝါသနာထုံသည်။ ယနေ့တော့ **ပုလဲဆရာတော်** ဟု ကျော်ကြားနေသည်။ **ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်** ဆက်ကပ်ခြင်းကိုလည်း ခံခဲ့ရသူဖြစ်သည်။

ဥပသမ္ပဒါနေ့တွင် မန္တလေးအနောက်ပြင် ဝေယံဘုံသာတိုက် **ငြိမ်းချမ်း အရှင်သုဘောဂ** သင်ကြားပို့ချနေသော **မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယခံ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း** ကို စာရေးသူတို့ တက်ပြီး နည်းယူခဲ့ကြသည်။ သင်တန်းပို့ချနည်း၊ ဟောပြောနည်းများ ရခဲ့သည်။ ကျေးဇူးများလှပါ၏။

စာရေးသူတို့သည် နှစ်ဆယ်ရာစုကုန်ခါနီးအချိန်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ပညာသင်ယူခွင့် ကုန်ဆုံးခဲ့ကြသည်။

စာရေးသူက ချမ်းသာကြီးတိုက်ပြန်၍ အရှင်ပညာဝံသက မဟာမင်းထင်တိုက် မိုးကုတ်ရိပ်သာသို့ပြန်ကာ ပဓာနနာယကဆရာတော် ဖြစ်သွားသည်။ သူက ဟောပြောမှုပိုင်းကိုဦးစားပေး၍ စာရေးသူက ရေးသားမှုပိုင်းကို ဝါယမစိုက်ကာ ကြိုးစားဖြစ်သည်။

သူက ဥပသမ္ပဒါနေ့တိုင်း တရားပြ၊ တရားဟောသည်။ စာရေးသူက တစ်ခါတရံသာ ဟောပြော ပြသသည်။ သင်္ကြန်တိုင်း တရားစခန်းကျင်းပသောအခါ စာရေးသူလည်း ပါဝင်ကာ တရားပြသည်။ ယောဂီ

များနှင့်အတူ တရားလည်းထိုင်သည်။ ရသမျှအချိန်တွင် ခန္ဓာပေါ် ဥာဏ်စိုက်ကြည့်ဖြစ်သည်။

စာရေးသူတို့သည် လူဝတ်ကြောင်များအားသာ ပဋ္ဌိစ္စသမုပ္ပါဒ် တရားမဟောပြောတော့ဘဲ ဝါတွင်းတိုင်းရဟန်း သံဃာသုံးရာကျော်တို့ အားလည်း **ပဋ္ဌိစ္စသမုပ္ပါဒ်သင်ပြ၊ ရှုမှတ်နည်း** များကို သင်တန်းပို့ချ ပေးကြသည်။ **စာရေးသူ**က ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်သော အချက်အလက်ပိုင်းကို တာဝန်ယူ၍ **အရှင်ပညာဝံသ** က အသံပိုင်း ဟောကွက်ပြောကွက်ပိုင်းကို တာဝန်ယူသည်။ စေတနာ၊ မေတ္တာအပြည့်အဝထားကာ တတ်ကျွမ်းထားသော ပညာရပ်များကို ကြိုးကြိုးစားစား ပို့ချပေးကြသည်။ သင်တန်းသားများ ကျေနပ်ကြပါ၏။ သင်တန်းသားများ မလျော့သည့်အပြင် တစ်နှစ်ထက်တစ်နှစ် တိုး၍တိုး၍လာကြ၏။

ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းလာတက်ကြသော ရှင်ရဟန်းတို့သည် စာရေးသူထက် သိက္ခာဝါကြီးသူများလည်း ပါသည်။ စာရေးသူအောက် သိက္ခာဝါငယ်နုသူများလည်း ပါသည်။ ထို့ကြောင့် သင်တန်းခွင်သို့ဝင်ရောက်ပို့ချသောအခါ ဂါရဝနိဂါတဖြစ်စေရန် သင်တန်းသား ရှင်ရဟန်းများကိုလက်အုပ်ချီ ကန်တော့ရပါသည်။

ဘုရားဆင်းတုတော်နှင့် မိုးကုတ်ဆရာတော်ဘုရားကြီးအား လက်အုပ်ချီကန်တော့ရသည်ကား အထူးပြောနေစရာပင် လိုအံ့မထင်ပါ။ အစဉ်ထာဝရ ပြုလုပ်ရမည့်ကိစ္စပင် ဖြစ်သည်။ သင်တန်းသားများက ရှင်ရဟန်းများ ဖြစ်နေသည့်အတွက် **ငါ သင်တန်းဆရာပဲ** ဟု မာနမဝင်ရဘဲ အချင်းချင်း အရိုအသေပြုမှု (အညမညဂါရဝ) ထားရမည်ကို သတိထားမိစေလိုရ်သာ ပြောရခြင်းဖြစ်သည်။

**စာမတတ်မှု၊ အခေါက်ထူ၊ လူထဲရှင်ထဲသုံးမရ။**
**စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။**
ဟု ရွှေကျင်ဆရာတော်၏ ဩဝါဒကို သတိချပ်သင့်ပါသည်။

ပဏ္ဍိတာနံ မလံ မာနော၊ မာနသည် ပညာရှိတို့၏ အညစ်အကြေး ဟူသော စကားတော်လည်း သတိမူသင့်ပါသည်။

စာရေးသူသည် သင်တန်းပို့ချသောအခါ အချက်အလက်ပိုင်းကိုတာဝန်ယူထားသည့်အတွက် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်ဆက်နွယ်မှုမှန်သမျှကို ပါဠိအဋ္ဌကထာဋီကာနှင့် ဂန္ထိုဏ္ဍရကျမ်းအမျိုးမျိုးတို့မှ မှာယူကာ တိကျခိုင်မာအောင် မှတ်စုထုတ်ရပါသည်။ သင်တန်းသားရှင်ရဟန်းတို့တွင် ဓမ္မာစရိယအောင်ပြီးသူများ၊ အဂ္ဂမဟာကျော်များ၊ ပါဠိပါရဂူများ၊ သီရိပဝရများ၊ အဘိဝံသများ မြောက်များစွာပါရှိပါသည်။ တချို့က ကိုယ်တိုင် တရားပြနေသော ကမ္မဋ္ဌာနာစရိယများလည်း ပါရှိပါသည်။

ထို့သို့ ပညာရှင်များပါဝင်နေသောကြောင့်လည်းကောင်း၊ ခိုင်မာတိကျသော အထောက်အထားအကိုးအကားများ ရသွားစေလိုသောကြောင့်လည်းကောင်း မှတ်စုထုတ်ကာ ပို့ချပေးခြင်းဖြစ်သည်။ **လေ့ကျင့်ရင်းစစ်တိုက်၊ စစ်တိုက်ရင်းလေ့ကျင့်** ဆိုသကဲ့သို့ **သင်တန်းပြရင်းအားထုတ်၊ အားထုတ်ရင်းသင်တန်းပြ** ရပါသည်။ **နားက တရားနာ ဉာဏ်က ခန္ဓာလှည့်** ဆိုသကဲ့သို့ **ပါးစပ်ကသင်တန်းပေး ဉာဏ်ကခန္ဓာတွေး** လုပ်ပေးရပါသည်။

ခန္ဓာဉာဏ်ရောက်ဆိုသည့်အတိုင်း တစ်ကြိမ်ထက် တစ်ကြိမ် စာအသိ ခန္ဓာအရှိကိုကြည့်ဖြစ်သည့်အတွက် ဉာဏ်အလင်းများ အမျှင်တန်းလာခဲ့ပါသည်။ အစဉ်ထာဝရတော့ မမြဲပါ။ အာရုံပြုမိချိန်လောက်သာ အမြင်လင်း၍ အသိရှင်းခြင်းဖြစ်ပါသည်။

စာရေးသူတို့သည် အရည်အသွေးပြည့်ဝသော အဆင်းအချင်းညီမျှသော တရားဟောဓမ္မကထိကကောင်းများ, တရားပြကမ္မဋ္ဌာနာစရိယ အရှင်မြတ်များ မြန်မာမှာသာမက ကမ္ဘာတစ်လွှားမှာပါ ပေါ်ထွန်းတောက်ကြွားစေလိုသောစိတ်ဆန္ဒများ ပြည့်ပြည့်ဝဝရှိကြပါသည်။ ထို့ကြောင့် ၂၀၀၂ ခုနှစ်တွင် တိုင်ပင်ညှိနှိုင်းကာ ရှင်ရဟန်းများအတွက် သီးသန့်

သင်တန်းပို့ချဖြစ်အောင် စီမံဆောင်ရွက်ဖြစ်သည်။ ယခုဆိုလျှင် (၈)နှစ် (၈)ကြိမ်ရှိသွားပါပြီ။

စာရေးသူတို့သည် သင်တန်းသားရှင်ရဟန်းများအတွက် ဟောပြောနည်း အတတ်ပညာကျယ်ပြန့်စွာသိရှိနိုင်ရန် ကိုယ်တိုင်ကြိုးစား သင်ကြားပြသပေးသကဲ့သို့ ပြင်ပကပညာရှင်ဆရာကြီးများကို ဖိတ်ခေါ်ကာ ပရိသတ်အား ဟောပြောစည်းရုံးနည်းအတတ်ပညာကို လွတ်လပ်စွာ ဟောပြောပေးစေကြပါသည်။

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နေစဉ်က ဆရာတော်ခဲ့ကြသော **ဆရာကြီးဦးဌေးအောင်၊ ဆရာကြီးဦးသန့်စင်၊** ကျူရှင်လောကမှာ နာမည်ကြီးသော **ဆရာဒေါက်တာမြန်မာစာ၊ ဆရာဦးဘုန်း(ဓာတု) စာရေးဆရာဖော်ခိုင်ဦး** နှင့် ဘာသာရေးစာပေ ရေးသားဟောပြောရာ၌ ပြောင်မြောက်လှသော **ဆရာပန်းဒကာကိုတင်မြင့်** တို့ ပါဝင်ဟောပြောခဲ့ကြသည်။ ၄င်းတို့ကို စာရေးသူက သင်တန်းသားရှင်ရဟန်းများနှင့် မိတ်ဆက်ပေးရသည်။ သူတို့ဟောပြောတာကိုလည်း အပြင်မှနားထောင်သည်။ အသိတိုးပွားရသည်။

စာရေးသူသည် ဇရေးသားမှုပိုင်းကို အဓိကထားသော်လည်း **ကျမ်းပြု၊ စာချ၊ တရားဟော၊ တရားပြ၊ ဓမ္မဒူတ** ဆိုသည့်အတိုင်း နယ်လှည့်ကာ တရားဟောပြောမှု သာသနာပြုလုပ်ငန်းကိုပါ အလျှဉ်းသင့်သလို ဆောင်ရွက်ပါသည်။ ရိပ်သာစခန်းများ၌သာမက ညအထူး တရားပွဲများ၌ပင် **ပဋ္ဌိစ္စသမုပ္ပါဒ်ဂုဏ်ရည်များ** ကို တစ်ခါတရံ ဟောပြောဖြစ်သည်။ နားစိမ်းသူတို့အတွက် အသိဉာဏ်အလင်း မပွင့်သော်လည်း သဒ္ဓါတရားများပေါက်ဖွားလာကြသည်ဟု သိရသည်။ အခံရှိသူများအတွက် အမှန်သိမြင်ကာ ကျေနပ်နှစ်ခြိုက်မှုများ စံစားရသည်ဟုလည်း ပြန်ကြားရသည်။ စာရေးသူသည် သံဃာတော်များအား ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းကို တစ်ပါးတည်း သင်ကြားပြသပေးခြင်းလည်း ရှိသည်။ အချက်

အလက်ရော ဟောကွက်၊ ပြောကွက် အသံအနေအထားပါ သင်ပြ ပေးရသည်။

စာရေးသူတို့ ဝါတွင်းမှာ သံဃာတော်များအား **ပဋ္ဌိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်း** သင်တန်းပို့ချပေးနေသည်ကိုသိသော ကလေးမြို့ မဟာသန္တာရုံ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက၊ **အဂ္ဂမဟာကျော် ,သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ မဇ္ဈိမနိကာယ ပါဠိပါရဂူ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပုညသေဋ္ဌမဟာထေရ်မြတ်က** စာရေးသူအား ကလေးမြို့ မဟာသန္တာရုံပရိယတ္တိစာသင်တိုက်သို့ ကြွရောက်၍ သံဃာ တော်များအား သင်တန်းပို့ချပေးရန် သာသနာစိတ် ပြည့်ဝထက်သန်စွာ တောင်းဆိုသည်။

စာရေးသူကလည်း မိမိကိုချီးမြှင့်သည်ဟုခံယူကာ ၁၃၆၉-ခုနှစ် ပထမဝါဆိုလပြည့်ကျော်(၉)ရက်နေ့မှစ၍ ဝါဆိုလပြည့်ကျော်(၁၅)ရက် နေ့ထိ (၇)ရက်တိုင်တိုင် ပို့ချပေးခဲ့ပါသည်။ **မိုးကုတ် ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း** ဟု နာမည်တပ်သည်။ ကလေးမြို့နယ်ရှိ ကျောင်း ထိုင်ဆရာတော် (၃၁) ပါး၊ မဟာသန္တာရုံ စာသင်သားသံဃာတော် (၁၈၅) ပါး တက်ရောက်သင်ယူကြသည်။ မဟာသန္တာရုံဆရာတော် ကိုယ်တိုင်သင်တန်းတက်၍ မှတ်စုများလိုက်ရေးသည်။ (၇)ရက်နှင့်အပြီး ပို့ချရသည်။ နံနက် (၆း၃၀)နာရီမှ (၇း၄၅)နာရီထိ၊ **အလုပ်ပေးတရားများ**၊ နေ့လယ် (၁း၃၀)နာရီမှ (၃)နာရီထိ စက်ဝိုင်းရှင်း **သင်တန်းတရား** ညနေ (၃း၄၅)နာရီမှ (၅)နာရီထိ **အဟောတရား** များကို သံဃာတော် များချည်း သီးသန့်ပို့ချပေးသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများနှင့် အာစရိယဝါဒများ၊ ကဗျာလင်္ကာများကို မှတ်စု ရေးပေးသည်။ အချိန်တို သင်တန်းဖြစ်သည့်အပြင် မှတ်စုများရေးပေးရသည့်အတွက် တစ်ကြိမ်လျှင် တစ်နာရီခွဲမျှထိ အချိန်ယူလိုက်ရသည်။ ညစဉ် (၇း၃၀)နာရီမှ (၉း၃၀)နာရီ

ထိ နှစ်နာရီစာမျှ သင်တန်းသားသံဃာတော်များနှင့် ဒကာ၊ ဒကာမများအား ပဋ္ဌိစ္စသမုပ္ပါဒ်ကို အခြေခံသောတရားများကို လူအများနားလည်အောင် ဥပမာ ဥပမေယျ၊ ဇာတ်လမ်း၊ ဇာတ်ကွက်များဖြင့် တန်ဆာဆင်ကာ ဟောပေးရသည်။

ညအချိန်တွင် လူများသာမက သံဃာတော်များပါ နာယူစေခြင်းသည် လူတို့အား တိုက်ရိုက်ဟောပြောပုံကို အနီးကပ်လေ့လာစေခြင်းဖြစ်ပါသည်။

ကလေးမြို့နယ်ရှိကျေးရွာအသီးသီးမှဒကာ ၊ဒကာမများအား နည်းလမ်းတိကျမှန်ကန်သော ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံသည့် တရားကျင့်စဉ်များကို သင်တန်းတက်ထားသော ကျောင်းထိုင်ဆရာတော်များက တဖန်ပြန်လည်ဟောပြောပြသနိုင်ရန် ရည်ရွယ်ကြောင်းမဟာသန္တာရုံဆရာတော်က အမိန့်ရှိထားသည် မဟုတ်ပါလော။ ယခုအခါ ဆရာတော်၏မွန်မြတ်သောရည်ရွယ်ချက် ထမြောက်အောင်မြင် ပြည့်ဝကြောင်းကြားသိနေရပါပြီ။

စာရေးသူသည် မန္တလေး ပုသိမ်ကြီးမြို့နယ် ဘိုတက်ကုန်းရွာ သာသနာ့ဂုဏ်ရောင်ကျောင်းထိုက်ဌလည်း ဆရာတော်ဦးပညာကိတ္တိ၏ စီစဉ်မှုဖြင့် စခန်းပွဲကျင်းပကာ ကျင့်စဉ်ပေး၊ တရားဟော၊ သင်တန်းပြကို တစ်ပါးတည်းဆောင်ရွက်ပေးရသည်။

မန္တလေးမြို့ ကြီးလေးကြီးသမိုင်းဝင် ဆုတောင်းပြည့်ချမ်းသာကြီး စေတီရင်ပြင်ပေါ်ရှိဝမ္မာရုံဌလည်း ဝါတွင်း ဝါပတွင် ဥပုသ်နေ့တိုင်း ယောဂီများအား ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းတရားကို ဟောပြောပေးနေရသည်။ အလုပ်ပေးတရားကို ဦးစားပေးဟောဖြစ်သည်။

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ **ပြာသာဒ်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တသေကပဏ္ဍိတမဟာထေရ်မြတ်၏** ကြီးကြပ်မှုဖြင့် **မြသီတာသိမ်တော်ကြီးအတွင်း** ၌ ယောဂီတို့အား ၁၃၇၀-

ပြည့်နှစ်မှစ၍ ယနေ့ထိ သကြီးနှင်တွင်း (၇)ရက်စခန်းကို အချိန်ပြည့် ဆောင်ရွက်ပေးဖြစ်သည်။ ဆရာတော်က တစ်ခါတစ်ရံမျှ သီလပေး၊ သြဝါဒပေး၍အခြားကိစ္စများကို ကြီးကြပ်ဆောင်ရွက်တော်မူသည်။

**စာချ ဆရာတော်ဦးသောပါက** အရှင်မြတ်က ညနေ (၃) နာရီတွင် ကူညီ၍ ဟောပြောပေးသည်။ ကျန်အချိန်များတွင် စာရေးသူက ဟောပြောသည်။ နိုင်ငံတော် စာပေဆု(၁၈)ဆုရှင် စာရေးဆရာမြေလတ် မင်းလွင်နှင့် ရဟန်းငယ်များက ယောဂီများအတွက် လိုအပ်သလိုဆောင်ရွက်ပေးကြသည်။ ဝမ်းမြောက်စွာ ကျေးဇူးတင်ရပါသည်။

စာရေးသူသည် သံဃာတော်များအား နှစ်ရှည်လများ သင်တန်းပို့ချခဲ့သောကြောင့် ယောဂီများအား ဟောပြောရသောအခါ သက်သောင့်သက်သာရှိလှသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းထဲ ထည့်သွင်းရနိုင်သော ဇာတ်လမ်းများ ရှာဖွေဟောပြောရခြင်းသာ ထူးသည်။ ဝါရင့်ယောဂီများအတွက် နက်နက်ရှိုင်းရှိုင်း ဟောပြောပေးရသကဲ့သို့ တရားစခန်းရိပ်သာသို့ တစ်ခါတစ်ရံမျှ ဝင်ရောက်အားထုတ်သော ယောဂီသစ်များအတွက်လည်း ပျော်ရွှင်ဖွယ် အားတက်ဖွယ် အကြောင်းအရာ ဇာတ်လမ်းများကို ခေတ်မီစွာ ဟောပြောပေးရသည်။

တရားစခန်းပွဲတစ်ကြိမ်တွင်ယောဂီများအား အနည်းဆုံး **ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်၊ အရှုခံ၊ ရှုဉာဏ်များ** ကို ပရိညာသုံးပါးဖြင့် နားလည်အောင် ဟောပြောသင်ကြားပို့ချပေးရပါသည်။ ၄င်း(၇)မျိုးတွင် ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါများကို အသေးစိတ်ပိုင်ပိုင်နိုင်နိုင်ခွဲခြမ်း၊ စိတ်ဖြာပြောပြလျှင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ အရှုခံများ ပီပြင်စွာသိသွားနိုင်ပါသည်။ ရှုဉာဏ်များကိုတော့ အဘိဓမ္မာအခြေခံမျှ နားလည်ထားလျှင် (၂)အကွက် နာမ်ရုပ်အပိုင်းထဲမှ နာမ်အကြောင်းရှင်းပြရင်း လေ့နောက်ရေပါသိမြင်ပြီး ဖြစ်သွားသည်။ ထိုကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါများကိုသာ အသေးစိတ်ပိုင်နိုင်စွာရှင်းပြလျှင် အကုန်ပြီးသည်

ဟုမှတ်သင့်ပါသည်။ အရှုခံအပေါ် ရှုဉာဏ်ဝင်နည်းများကိုလည်း အခြားသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများမှယူ၍ သင်ပြပေးရသည်။

စခန်းပွဲများတွင် **အလုပ်ပေးတရား၊ သင်တန်းတရား၊ ဟောတရား** ဟု သုံးမျိုးခွဲထားသည်။ အလုပ်ပေးတရားကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏တရားခွေများကို ဦးစွာဖွင့်ပြသည်။ ထို့နောက် စာရေးသူက ယောဂီများ ပိုမိုရှင်းလင်းစွာရှုမှတ်တတ်အောင် နည်းလမ်းညွှန်ပြပေးသည်။ ယင်းလုပ်ငန်းခွင်ကိစ္စများကို ဤကျမ်းဌ ဖော်ပြထားသည်။ ဆရာတော်ကြီး၏ ဟောပြောလမ်းညွှန်ချက် အချို့ကိုလည်း ဖော်ပြထားသည်။ သေချာစူးစိုက်စွာ ဖတ်ရှုလျှင် မြန်မြန် သဘောပေါက်နိုင်ပါမည်။ လက်တွေ့ကျင့်ကြည့်ဖို့ တော့လိုသည်။ ကျင့်ကြံမှုဖြင့် သိရမည့်သဘာဝများကို အကျင့်မပါလျှင် မသိနိုင်ပါ၊ သာမန် လေ့လာရုံမျှဖြင့် နားလည်ရန်လွန်စွာခဲယဉ်းပါသည်။ **သဘောဉာဏ် ပြောရန်ခက်ပါဘိ ဉာဏ်ထက်သူသုံး** ဟုဆိုကြသည် မဟုတ်ပါလော။

သင်တန်းတရားဟူသည် ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်း ရှင်းတမ်းပင်ဖြစ်သည်။ စက်ဝိုင်းဖွဲ့စည်းပုံကို ပထမပြောပြရသည်။ ထို့နောက် စက်ဝိုင်းထဲပါသည့်ဝေါဟာရများ၏ အဓိပ္ပာယ်ကို ဦးစွာရှင်းပြ၍ အသေးစိတ်ပြောပြကာ ဆီလျော်သောဇာတ်လမ်းများ အကျဉ်းချုပ်ဖော်ပြပေးခြင်းပင်ဖြစ်သည်။ အချို့ဆရာတော်များက **မူလနှစ်ဖြာ** တစ်ရက်၊ **သစ္စာနှစ်ခု** တစ်ရက်၊ **လေးခုအလွှာ** တစ်ရက်၊ **အင်္ဂါတစ်ဆယ့်နှစ်ပါး** တစ်ရက်၊ **သုံးပါးအစပ်** တစ်ရက်၊ **ဝဋ်သုံးဝ** တစ်ရက်၊ **ကာလသုံးဖြာနှင့် ခြင်းရာနှစ်ဆယ်** တစ်ရက်ခွဲခြားကာ သင်ပြပေးလေ့ရှိပါသည်။

စာရေးသူလည်း တစ်ခါတစ်ရံ ၄င်းအတိုင်းသင်ပြပေးပါသည်။ တစ်ခါတစ်ရံတွင်မူ အဆင်ပြေသလို ပူးတွဲသင်ပြပေးပါသည်။ ကြိုက်နှစ်သက်သလို သင်ပြပေးနိုင်ပါသည်။ အဓိကတော့ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်း

နားလည်သွားဖို့ပင်ဖြစ်သည်။ ဤကျမ်းဌ စက်ဝိုင်းရှင်းတမ်းနှင့် ပဋ္ဌာန်းသမုပ္ပါဒ်အဂါများကို ကျယ်ပြန့်စွာဖော်ပြထားပါသည်။

စက်ဝိုင်းရှင်းတမ်းနှင့် ပဋ္ဌာန်းသမုပ္ပါဒ်အဂါများကို သဘောမျှသာမက ခန္ဓာဥာဏ်ရောက် စူးစိုက်နိုင်သည်ထိ ရှင်းပြပေးထားပါသည်။ စာပဋ္ဌာန်းသမုပ္ပါဒ်မှ ခန္ဓပဋ္ဌာန်းသမုပ္ပါဒ်ထိ အသိရှင်း၊ အမြင်လင်းဖို့ ရည်ရွယ်ပါသည်။

**ဟောတရား** ဟူသည် ပဋ္ဌာန်းသမုပ္ပါဒ်ကျင့်စဉ်ကို လေးလေးစားစား ကျင့်ချင်အောင် အားတက်ဖွယ်ရာများကို ပြောဟောပေးခြင်းပင်ဖြစ်သည်။ စာရေးသူက **'မိုးကုတ်ဂုဏ်ရည်များ' 'ပဋ္ဌာန်းသမုပ္ပါဒ်ဂုဏ်ရည်များ'** ကို ဦးစားပေးဟောပြသည်။ ဤကျမ်းဌ ယင်းဂုဏ်ရည်များ ဖော်ပြထားသည်။ တစ်ခါတစ်ရံ ပြင်ပဗဟုသုတဖြစ်ဖွယ်တရားများကိုလည်း ဟောပြ ဖြစ်ပါသေးသည်။

ဟောပြောမှုအတတ်ပညာကျွမ်းကျင်စေရန် နမူနာအဖြစ် (၁) အမှောင်ညများကို စွန့်ခွာခြင်း (၂) အပြစ်မမြင် အချစ်ဝင် (၃)သစ္စာမြင်က သံယောဇဉ်ကွာ တရားတော်များလည်း ဖော်ပြထားပါသည်။ ဇာတ်လမ်းများစွာ ပြည့်ပြည့်စုံစုံ တင်ပြပေးသင့်သော်လည်း ဤမျှဆိုလျှင် နည်းမှီ၍ လွယ်ကူစွာ ကျင့်ဆောင် ဟောပြောနိုင်မည်ဟု ယုံကြည်ပါသည်။

စခန်းပွဲနိုဂုံးနေ့တွင် အများအားဖြင့် **သောတာပန်ဂုဏ်ရည်** (၇)ပါးကို **တရားထီးတင်** အဖြစ် ဟောပြောလေ့ရှိသည်။ တစ်ခါတစ်ရံ ဝိသုဒ္ဓိ(၇)ပါးကိုဖော်ပြသော **နိဗ္ဗာန်ကိုသွားဥာဏ် ရထား(၇)စင်းတရား** တစ်ခါတစ်ရံ **ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံး** ဖြစ်သော ဥာဏ်စဉ်တရားများ၊ တစ်ခါတစ်ရံ **ပရိညာသုံးပါး** တရားများ၊ တစ်ခါတစ်ရံ **ဝိသုဒ္ဓိဥာဏ်စဉ် ပရိညာ** တို့ကို ပူးတွဲ ယှဉ်ပြသည့်တရားများ တစ်ခါတစ်ရံ **အာသဝေါင်ရိုးချိုး** တရားများကို **တရားထီးတင်** အဖြစ်

ဟောပြောလေ့ရှိသည်။ ၄င်းတရားများကိုလည်း ဤကျမ်းခ္ခ ပြည့်စုံစွာ ဖော်ပြထားသည်။

**အာဝုသော ဓမ္မကထိကေန နာမ အာဒိတော ပရိသံ ဝဏ္ဏေတုံ ဝဋ္ဋတိ, မဇ္ဈေ သုညတံ ပကာသေတုံ၊ အန္တေ စတုသစ္စဝသေန ကုဋ္ဌံ ဂဏှိတုန္တိ တံတံ ဓမ္မကထာနယံ အာစိက္ခတိ။** (သံ၊ ၆၊ ၂၊ ၁၃)

**'ငါ့ရှင်တို့. တရားဟောသူသည် အစပိုင်းခ္ခ ပရိသတ်နှင့် ပွဲအနေ အထားကို ချီးမွမ်းသင့်သည်။ အလယ်ပိုင်းမှာ သုညတသဘောကို ထင်ရှား အောင် ဖော်ပြသင့်သည်။ အဆုံးမှာ သစ္စာလေးပါး အစွမ်းဖြင့် အတွင်္ဂ တင်ကာ ဟောသင့်သည်' ဟူသော အရှင်ပုဏ္ဏ၏စကားကို သတိမူသင့် ပါသည်။**

ဤကျမ်းသည် ဆရာကိုင် ဖြစ်သည့်အတွက် ပါဠိစာပိုဒ်များစွာကို ထည့်ထားပါသည်။ ပါဠိတွေများသည်ဟု အပြစ်တင်မစောစေလိုပါ။ တိကျ ခိုင်မာကြောင်းနှင့် မူရင်းအထောက်အထားရှာဖွေလိုသူတို့. လွယ်ကူစွာ ရရှိနိုင်အောင် တင်ပြထားခြင်းသာဖြစ်သည်။ ကမ္မဋ္ဌာနာစရိယက ယောဂီ များကို ပဋ္ဌိစ္စသမုပ္ပါဒ်သင်ပြဟောပြောသောအခါ အချို့.ပါဠိများကိုသာ ရွတ်ဆိုဟောပြောရမည်။ အဓိပ္ပါယ်များကိုကား ကျယ်ပြန့်.စွာ ပြောပေးရ မည်။ ယင်းသို့.ပြောစဉ် သံသယကင်းစွာပြောနိုင်ရန် ပါဠိအထောက် အထားများ ထည့်ထားခြင်းလည်းဖြစ်ပါသည်။

**ဒုဝေ ဟောတူ ဒုဝေ ပစ္စယာ သာဝကသ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ၊ ပရတော စ ယောသော သစ္စာနုသန္ဓိ, အဗ္ဗတ္တဗ္ဗ ယောနိသော မနသိကာရော။** (ပေဋကောပဒေသ၊ ၁၆၇)

သာဝကအတွက် မှန်ကန်သောဉာဏ်အမြင်ရဖို့.ရာ အကြောင်း (၂) မျိုးသာရှိသည်။ တစ်မျိုးမှာ သစ္စာနှင့်စပ်သောတရား သူတစ်ပါးထံမှ နာကြားရခြင်း၊ နောက်တစ်မျိုးမှာ ကိုယ်တွင်းသန္တာန်ခ္ခ မှန်ကန်သောနှလုံး သွင်းမှု(တရားရှုမှတ်မှု)ရှိခြင်း၊ ဤ(၂)မျိုးပင်ဖြစ်သည်။

လိုရင်းကိုချုံးရှုပြောရလျှင် -

(၁) သစ္စာတရားနှာကြားခြင်း

(၂) ဉာဏ်က ခန္ဓာပေါ်သို့ လှည့်ရှုနှလုံးသွင်းခြင်း ဤနှစ်ပါးပင်ဖြစ်သည်။

(၁) သစ္စာနှင့်စပ်၊ တရားမြတ်၊ ချဉ်းကပ် သိအောင် နှာ။

(၂) သစ္စာအသိ၊ ဉာဏ်နှင့်ညီ၊ ရှုကြည့် ကိုယ်ခန္ဓာ။

(၃) အဂ်ါနှစ်တန်၊ ပြည့်စုံပြန်၊ ရရန် တရားသာ။

(၄) ပေဌကောပဒေသ၊ ပါဠိပြ၊ မိန့်ဟ ကျမ်းတော်လာ။

ဤကျမ်းသည်ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့်တရားပြသူ၊ တရားရှုမှတ်သူများအတွက် များစွာ အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

စာရေးသူသည် သင့်လျော်သောနေရာရလျှင် တရားရိပ်သာကျောင်း သီးသန့်တည်ထောင်မည်ဟု ရည်ရွယ်ထားသည်။ ထို့ကြောင့် တရား ရှုမှတ်နည်းအမျိုးမျိုးကို လေ့လာရှုမှတ်ဖြစ်သည်။ ကိုယ်တိုင်ရှုမှတ်တတ်ရုံမျှမက သူတစ်ပါးတို့ကိုလည်း အနီးကပ် လမ်းညွှန်ပေးမည်။ ထိုအခါ အထောက်အကူ ပြည့်ဝစွာရရန်အတွက်လည်း အချက်အလက်များကို စုဆောင်းဖြစ်သည်။

စာရေးသူသည် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်၍မှန်ကန်သော အသိအမြင်များ တိုးပွားလာစေရန် ရည်ရွယ်လျက် အနှစ်နှစ်အလလက စုဆောင်းထားသောမှတ်စုများကို တစ်စုတစ်စည်းတည်းဖြစ်အောင် ရေးသားထုတ်ဝေခြင်းဖြစ်သည်။

ဆရာကိုင်ဖြစ်သည့်အတိုင်း အနှစ်ချုပ်၍ ခိုင်မာသော အထောက်အထားများကိုသာ ဖော်ပြထားပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ အတတ်နိုင်ဆုံး ကြိုးစားပြီး အားလုံး အဆင်ပြေအောင် စွမ်းနိုင်သမျှ တင်ပြထားပါသည်။ စေတနာ, သဒ္ဓါ, ဝိရိယ, သတိ, သမာဓိ,

ပညာအားတို့ကို စက်ကုန်လွှတ် အသုံးချ၍ ရေးသားခဲ့ပါသည်။ သို့သော် လို သွားသော အချက်, ဟာ သွားသောအကွက်, တိမ်းပါးချွတ်ယွင်းသော **အမျက်** ကလေးများ အကယ်၍ တွေ့ရှိပါက ဖြည့်စွက်ပြင်ဆင်ဖတ်ရှုကာ ထောက်ပြလမ်းညွှန်ပေးမှုဖြင့် ဖေးမကူညီ ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **တစ်ထွာတစ်ညှိ ဉာဏ်ထိုထိုနဲ့ ငြင်းဖို့မသန်သင့်ပါ။ တစ်ပိုင်းကြောင် ကျက်စာရရုံနှင့် ခက်ပါလှသဘောဉာဏ် များ ဖြစ်ပါ**သည်။ ယောဂီများအတွက် အကျယ်ဖွင့်ဆို၍ ပေါ်လွင်သောဝေါဟာရများဖြင့် သီးသန့်ရေးပါဦးမည်။ ဤကျမ်းနှင့် ပတ်သက်၍ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ ။

**အရှင်တေဇနိယ**
**(တက္ကသိုလ်တေဇလင်း)**
**ရတနာဘုံမြင့်စာချကျောင်း**
**ချမ်းသာကြီးတောင်တိုက်၊ ပွဲကုန်း၊ မန္တလေး။**
**ဖုန်း – ၀၉-၄၇၁၁၀၃၆၈, ၀၂-၆၀၇၉၄**

# ကျမ်းပြု, စာချ, တရားဟော, တရားပြ, စာရေးဆရာ
# အရှင်တေဇနိယ(တက္ကသိုလ်တေဇာလင်း)၏
# ထေရပွတ္တိအကျဉ်း

ဤအရှင်ကို ၁၃၃၀-ပြည့်နှစ်၊ တော်သလင်းလဆန်း (၂)ရက် (၂၄-၈-၁၉၆၈)ခု၊ **စနေနေ့** နံနက်စောစောတွင် **မန္တလေးတိုင်း**၊ **မြင်းခြံ ခရိုင်**၊ **တောင်သာမြို့နယ်**၊ **ကန်မြဲကျေးရွာအုပ်စု** **မြို့ဘရွာနေ** **ဦးလှဒင်+ဒေါ်တင်ညွှန့်**တို့က လူ့လောကမျက်နှာပြင်သို့ရောက်အောင် ဦးစွာ မွေးဖွားခဲ့သည်။ မွေးချင်း(၁၀)ဦးအနက် (၅)ယောက်မြောက် သားရတနာ ဖြစ်သည်။

၄င်းရွာနေ **ကိုတိုးမြင့်+မခင်ဝင်းကြည်** မိသားစုတို့၏ ပစ္စည်းလေးပါး စသည်တို့ဖြင့် မြင့်မြတ်သည့်ဌာန၊ အထက်တန်းကျသည့် သာသနာလောကသို့ရောက်အောင် ပံ့ပိုးတွန်းတင်ပေးမှုကြောင့် **မြို့ဘရွာ** ကျောင်းဆရာတော် **ဦးဣန္ဒဝံသ (သာသနဓဇ ဓမ္မာစရိယ၊ သဒ္ဓမ္မပါလ ဓမ္မာစရိယ)** ကို ဥပဇ္ဈာယ်ပြုလျက် ရှင်၊ ရဟန်းဘဝရောက်ခဲ့သည်။ ၄င်း ဆရာတော်ထံမှ ပိဋကတ်ဘဏ္ဍာတိုက်ကို လွယ်ကူသက်သာစွာ ဖွင့်တတ်သော နည်းပညာ သော့တစ်ချောင်းရခဲ့သည်။

**မန္တလေးမြို့**၊ **အောင်မြေသာစံမြို့နယ်**၊ **ချမ်းသာကြီးတောင်တိုက်**၊ ရတနာဗိမာန်စာချကျောင်း၊ ပဓာန နာယကဆရာတော် **ဘဒ္ဒန္တဇောတိကာ ဘိဝံသ (အဂ္ဂိတ္ထာရနိကာယပါဠိပါရဂူ, သာသနဓဇသီရိပဝရဓမ္မာစရိယ, ပရိယတ္တိသာသနဟိတဓမ္မာစရိယ, အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ, အဂ္ဂမဟာ ပဏ္ဍိတ, အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)** နှင့် ပိဋကတ်အကျော် ဆရာတော်

တို့ထံမှ ပိဋကတ်၌ စူးရှထက်မြတ်သော ဝိဘဇ္ဇာဏ် လက်နက် ရရှိခဲ့သည်။

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၌ (၅)နှစ် တာမျှနေ၍ **ပါဠိ, သက္ကဋ, အင်္ဂလိပ်, မြန်မာ** လေးဘာသာတို့ဖြင့် ပညာရပ်များ ဆည်းပူးခဲ့သောကြောင့် မြန်မာ့အရေး ကမ္ဘာ့အတွေး မြန်မာ့အမြင် ကမ္ဘာ့အထင်တို့ကို ပီပြင်ပွင့်လင်းစွာ မြင်တတ်, တွေးတတ်, ဆုံးဖြတ်တတ် ဆန်းစစ်သုံးသပ်တတ်သော ဝိစာရဏာ ဉာဏ်မျက်စိ ရရှိခဲ့သည်။

## စာပေဘဝရုပ်ပုံလွှာ

**ဘုရားထက် တရားမြတ်သလား** ဆောင်းပါးဖြင့် စာပေလောကသို့ စတင်ကာ ပီဖိုပြင်ပြင် ဝင်ရောက်ခဲ့သည်။ မဂ္ဂဇင်း, ဂျာနယ်, သတင်းစာ အသီးသီးတို့၌ ဘာသာရေးနှင့် ယဉ်ကျေးမှု အနုပညာ ဆောင်းပါးများ ကလောင်အမျိုးမျိုးဖြင့် ပြောက်များစွာ ရေးခဲ့ ရေးဆဲ ရေးနေမည် ဖြစ်ပါသည်။

## ပို့ချခဲ့သော သင်တန်းများ

၁။ မန္တလေးမြို့၊ ချမ်းသာကြီးတောင်တိုက်, ရတနာဘုံမြင့် စာချကျောင်း၌ ရှင်ရဟန်းတို့အား **ပထမပြန်ဆိုင်ရာ စာဝါများ** ပို့ချခြင်း။

၂။ မန္တလေးမြို့ မဟာမင်းထင်တိုက်, မိုးကုတ်ဝိပဿနာ မဂ္ဂင်ရိပ်သာ၌ ရှင်, ရဟန်းတို့အား **ပဋိစ္စသမုပ္ပါဒ် သင်ပြရှုမှတ်နည်းနှင့် တရားဟောနည်း, စကားပြောနည်း**သင်တန်း။

၃။ ယင်းကျောင်း၌ပင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်-မန္တလေး)ကြီးများသို့ ဝင်ရောက်ပညာဆည်းပူးကြမည့်

ပထမကြီးအောင် ရှင်, ရဟန်းတို့အား **ဝင်ခွင့်လမ်းညွှန် အင်တာဗျူး သင်တန်းကို (ပါဠိ, အင်္ဂလိပ်, မြန်မာ)** တို့ဖြင့် သင်ကြားပို့ချခြင်း။

၄။ ပခုက္ကူမြို့, စနစ်သစ်ပုထိုးတိုက်၌ ရှင်, ရဟန်းတို့အား **စာပေ ဆောင်းပါးရေးနည်း** သင်တန်း။

၅။ မြစ်ကြီးနားမြို့, ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ရှင်, ရဟန်းတို့အား **စကားပြောနည်း, တရားဟောနည်း** သင်တန်း။

၆။ တက္ကသိုလ်အသီးသီးမှ B.A, M.A, M.Res, Ph.D ဘွဲ့ယူ ကျောင်းသား ကျောင်းသူ၊ ဆရာ, ဆရာမတို့အား **"စာတမ်း ပြုစုနည်း, ကျမ်းရေးနည်း"** သင်တန်း။

၇။ မန္တလေးမြို့, နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပဋ္ဌကတ် ဆိုင်ရာ **မြန်မာစာပေဌာနမှ ကထိက, ဌာနမှူး ဘဒ္ဒန္တအာသဘ (တက္ကသိုလ်သောတုဇန–မဟာမွှာစရိယ)** ဦးစီး ညွှန်ကြား ပြုလုပ်သော **မြန်မာဘာသာ** စာစီစာကုံး, **အင်္ဂလိပ်ဘာသာ** (Eassy) များကို ဖတ်ရှု, တည်းဖြတ်, အမှတ်ပေးကာ အဆင့်သတ်မှတ်၍ ဆုရွေးချယ်ပေးခြင်း။

၈။ မန္တလေးတက္ကသိုလ် အရှေ့တိုင်းပညာဌာန၌ မဟာဝိဇ္ဇာ သင်တန်းသူ သင်တန်းသားတို့အား **အချိန်ပိုင်း ပို့ချပေးခဲ့ခြင်း**။

၉။ ကလေးမြို့, မဟာသန္တာရံစာသင်တိုက်၌ ကလေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး(၃၁)ပါးနှင့် စာသင်သား သံဃာ(၁၈၀)ကျော်တို့အား **ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းပို့ချပေးခြင်း**။

၁၀။ ရောက်လေရာရာဝယ် ရိပ်သာအသီးသီး, ဝမ္မာရုံ အမျိုးမျိုးတို့၌ ရဟန်း, ရှင်, လူတို့အား **ပဋ္ဌိစ္စသမုပ္ပါဒ်, မဟာသတိပဋ္ဌာန်, သမထ, ဝိပဿနာရှုနည်းသင်တန်း**တို့ကို ပို့ချခဲ့သည်။ ပြည်နယ်, ပြည်မ, တောရော, မြို့ပါ လှည့်လည်၍ **တရားတော်များ**ကို ဟောကြားလျက် ရှိသည်။

**စာပေအကျိုး သယ်ဆောင်ပိုး**

(က) **ဝါသနာအရ စာမူများစုဆောင်း၍ ကိုယ်တိုင် ပါဝင်ရေးသားပြီး တည်းဖြတ် ဆောင်ရွက်ပေးခဲ့သော အထိမ်းအမှတ် မဂ္ဂဇင်းများမှာ–**

၁။ မဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်, ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန, ကထိက, ဌာနမှူး " ဘဒ္ဒန္တအာသဘ (တက္ကသိုလ်သောတုဇန-မဟာဓမ္မာစရိယ)အား ဂုဏ်ပြု ပူဇော်သည့် **ပန်းတွေ့ဖွေးသန့်, မြွေးပျံ့စေသူ** စာအုပ်

၂။ ရမည်းသင်းမြို့, မုဠလိန္ဒာကျောင်းတိုက် (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော **မုဠလိန္ဒာ ငွေရတုမဂ္ဂဇင်း**။

၃။ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့, မဟာမင်းထင်တိုက် မိုးကုတ်ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသ (ပုလဲဆရာတော်)အား ပူဇော်သည့် ပုလဲ **အရောင်မမှိန်** စာအုပ်

၄။ ပုလဲဆရာတော် ဦးဆောင်ပြုလုပ်သည့် **ကျေးဇူးရှင်များ ကျေးဇူးဆပ်ပွဲ အထိမ်းအမှတ်စာစောင်**

၅။ ကူမဲမြို့, ဘုရားကြီးကျောင်းတိုက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ (၂၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော **ငွေရတုပဋ္ဌာန်းပွဲ အထိမ်းအမှတ် မဂ္ဂဇင်း**

ခ) **အမှာစာ ရေးသားပေးမှုဖြင့် ကူညီ ဆောင်ရွက်ပေးခဲ့သော စာအုပ်များမှာ –**

၁။ ချမ်းသာကြီးဆရာတော် အရှင်ဇောတိကာဘိဝံသ၏ **ကိုယ်တွေ့တရားရှုမှတ်နည်း သတိပဋ္ဌာန်ဂုဏ်ရည်**

၂။ ချမ်းသာကြီးဆရာတော် အရှင်ဇောတိကာဘိဝံသ၏ **ဘဝချမ်းသာရေး တွေးမြင်ကြံဆ ဓမ္မရသာ**

၃။ ချမ်းသာကြီးဆရာတော် အရှင်ဇောတိကာဘိဝံသ၏ ရောဂါ ပျောက်ရေး တရားဆေး

၄။ အရှင်ပညာဝံသ (သာသနာ့တက္ကသိုလ်)၏ သောကကင်းဝေး ငြိမ်းချမ်းရေး

၅။ တင်လင်းဇော်၏ ရင်သွေးပုံရိပ် ကလေးကဗျာများ

၆။ ရွှေရည်(နန်းတော်ရှေ့)၏ မြစ်တစ်စင်း၏ ချစ်ခြင်းသံစဉ်

၇။ စန်းစန်း(မိုးမခ)၏ အဖြစ်မှန်ကို လက်ခံလိုက်ပါ

၈။ မင်းသိက္ခာ(ကန်ကောက်)၏ မမှန်းတမ်းချစ်စေတဲ့ ယတြာ

၉။ မင်းသိက္ခာ(ကန်ကောက်)၏ မြတ်ဗုဒ္ဓတို့ စကားသံ

၁၀။ မင်းသာကီသွေး၏ ပန်သစ္စာ ယွန်းခဲ့ပြီ

၁၁။ သျှင်ဝိစာရ(ပေကြီး)၏ ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံပန်းတိုင်

၁၂။ သျှင်ဝိစာရ(ပေကြီး)၏ မှောင်မိုက်ခြင်းရဲ့ လင်းရောင်စဉ်

၁၃။ ရှင်ဇာလီ (ဆင်တဲ၀)၏ အမှောင်ညများကို စွန့်ဆွာခြင်း

၁၄။ ပန်းဒကာ ကိုတင်မြင့်၏ ကွက်ကြားရှာခဲ့သော ဓမ္မမိုးရေစက်များ

၁၅။ သန်းအောင်(မန်းပန်တျာ)၏ ကဲ, ရော့ (ဆိုင်းဆင့် ရတု တေးထပ်ကဗျာများ)

၁၆။ ဦးမြသွင်၏ သဒ္ဓမ္မ သဝနကျမ်း

၁၇။ ချမ်းသာကြီးဆန်လှူအသင်း၏ ဩဝါဒါစရိယ သာသနာ့ အာဇာနည် မဟာထေရ်တို့၏ အမြှုတေရတနာများ

၁၈။ ချမ်းသာကြီးဆရာတော် အရှင်ဇောတိကာဘိဝံသ၏ ဥပ နိဿယအတိုင်း အရှင်ပညာဝံသ သင်ကြားပို့ချသော ဆန်း ဂဏာဝိကပ်ပုံပြကျမ်း

၁၉။ ဦးဘုန်း(ဓာတု)၏ လောကစံဒိုင်ယာယီ

၂၀။ သျှင်တေဇမာလ(နဂါးပေါ်)၏ မေတ္တာသဘော

၂၁။ ငြိမ်းချမ်းရေး ညွှန့်တင်၏ ကျေပင်းဆရာဖီး၏ သဘင်စာ လေ့လာမှု နိဒါန်းနှင့် အထွေထွေမှတ်စုများ။

၂၂။ ချမ်းသာကြီးဆရာတော်၏ အနေကဇာတင်ဆိုင်ရာ သိမှတ် ဖွယ်နှင့် အနေကဇာတင်ပါဠိတော်။

၂၃။ ချမ်းသာကြီးဆရာတော်၏ သြဝါဒကထာ။

၂၄။ ချမ်းသာကြီးဆရာတော်၏ ဘုရားဂုဏ်တော်နှင့် တရားဝမ္မ သြဝါဒ။

၂၅။ ချမ်းသာကြီးဆရာတော်၏ စံပြုစရာ ရှင်ပြုအလှူမင်္ဂလာ။

၂၆။ ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ဝတ်ရွတ်စဉ်။

၂၇။ ဘကံ (မန်း-စည်ပင်) ကချင်မြေဖေဝင်းလေးတို့၏ သဗ္ဗဇေယျ မင်္ဂလာ လေးမျက်နှာဆုတောင်းပြည့်ဘုရား သမိုင်းမော်ကွန်း။

၂၈။ မောင်ရန်အေး (ကျောက်ဆည်) ၏ ကေရာဖ်မင်းမြတ်၊ သုံးရပ်ညီလာ၊ ပလ္လင်မှာ ရှစ်ခန်း။

၂၉။ ဦးသိန်းထွန်းအောင်၏ ရာဇမုနိဓာတ်တော်ရှင် ဆုတောင်းပြည့် စေတီတော် သမိုင်းမော်ကွန်း။

၃၀။ အရှင်စိတ္တဒီပ(ရွှေတောင်ဦး)၏ စကားပုံများကို ဓမ္မဖြင့် တွေး မြင်ခြင်း။

၃၁။ မြင့်စောလွင်၏ ယထာဘူတအမြင်များ။

၃၂။ အရှင်ဇောတ(ချပ်သင်း)၏ ဝေဒနာညချမ်းမှ အလွမ်းစာမျက်နှာ များ။

၃၃။ သန်းစိုးအောင်၏ အလှလိပ်ပြာ ဘဝလိပ်ပြာ။

၃၄။ ဆရာကြီး မကွေးဝင်းမြင့်၏ အမြုတေ စာ၊ စကားများ။

၃၅။ သိုက်ဖွားထွန်းထွန်း၏ ဝေဒဗုဒ္ဓများနှင့် ဝေဒဗုဒ္ဓမန္တန် (ဥစ္စာ လာဘ်လာဘ တိုးပွားသောဂါထာများ)

၃၆။ ရွှေရိုး(မန္တလေး)၏ **မင်းတုန်းမင်း နန်းပြို့**မတည်မီက **မန္တလေး**။

၃၇။ **မေတ္တာနွယ်(ဟသ်ာတ)၏ ရင်တွင်းစစ်**။

၃၈။ **ဒေါက်တာမြင့်စောလွင်၏ လောကကို စောင့်ရှောက်ခြင်း**။

(ဂ) ပညာပါရမီ ဖြစ်စေရန် စေတနာ **မေတ္တာ**ဖြင့် တစ်ဖက်တစ်လမ်းမှ ညွှန်ကြား, တည်းဖြတ်, ကူညီဆောင်ရွက်ပေးခဲ့သော တက္ကသိုလ် အသီးသီး, ဌာနအမျိုးမျိုးတို့မှ B.A,M.A, M.Res, Ph.D ဘွဲ့ယူ Term Paper and Thesis စာတမ်းနှင့် ကျမ်းများ (၂၀၀)ကျော် ရှိသည်။

(ဃ) **ကိုယ်ပိုင်ရေးသားထုတ်ဝေပြီးစာအုပ်များမှာ-**

၁။ **သက်တော်ရှည်ဘဒ္ဒန္တရေဝတ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ နှင့် မြို့ဘရွာမှ သာသနာ့ငွေကြေယ်ပွင့်များ** (လုံးချင်း)

၂။ **သာမဏေကျော်သုံးဘွဲ့ရ အရှင်ပညာသီရိလင်္ကာရအား ပူဇော်သည့် ဂုဏာပူဇာ**

၃။ **လှချင်သူများ ပန်ပါလေ** (ဆောင်းပါး ပေါင်းချုပ်)

၄။ **မွေးဖြင့် ဘဝကို အလှဆင်ကြသူများ** (ဆောင်းပါးပေါင်းချုပ်)

၅။ **မွေးမြင်းမိရ်ထိပ်မှ ရသ မှန်ကူကွက်များ** (ဆောင်းပါးပေါင်းချုပ်)

၆။ **သီရိရတနာ ကျောင်းအလှူတော်** (လုံးချင်း)

၇။ **ဝိဘဇ္ဇဝါဒ** (ဟောစဉ်)

၈။ **အောင်မြင်ကြီးပွား စွမ်းအားများ** (ဟောစဉ်)

၉။ **အလှပြိုင်, အနိုင်ရ, မမွေသူရဲကောင်းများ** (ဆောင်းပါး ပေါင်းချုပ်)

၁၀။ **ငြိမ်းအေးသောဘဝ, အောင်မြင်ခြင်း နည်းဗျူဟာ** (ဟောစဉ်)

၁၁။ **ဗုဒ္ဓပူဇနီယ** (ဟောစဉ်)

၁၂။ **မင်းရှင်စော၏ရွာ ဗိုလ်တက်ကုန်းနှင့် ရွှေတစ်တင်းပြည့် စေတီ သမိုင်းမော်ကွန်း** (လုံးချင်း)

၁၃။ **အလှမျက်ဝန်းမှ သိဂ်ါရနှင်းစက်များ** (ဆောင်းပါးပေါင်းချုပ်)

၁၄။ **ကြီးလေးကြီးသမိုင်းဝင် ဆုတောင်းပြည့်ချမ်းသာကြီးဘုရား သမိုင်း** (လုံးချင်း)

၁၅။ **သကြန်ပိတောက်နှင့် ဘဝအမြင်** (ဟာစဉ်)

၁۶။ **ဂုဏ်ပူဇော စာပန်းလွှာ** (ပေါင်းချုပ်)

၁۷။ **နေခြည်ဖြာလင်း ဂုဏ်ထိန်ဝင်းစေသူ** (လုံးချင်း)

၁၈။ **မဏိမြေဖွား ဇာနည်များ** (လုံးချင်း)

၁၉။ **ဒိုးနွယ်ရွာမှ သာသနာ့ငွေကြယ်တစ်ပွင့်** (လုံးချင်း)

၂၀။ **ပဋ္ဌာန်သမုဒ္ဒါဒ် သင်ပြ ရှုမှတ်နည်း** (ဆရာကိုင်) (တတိယအကြိမ်)

၂၁။ **ရတနာသုံးပါး ဂုဏ်ရည်များ**

၂၂။ **မိုးအောက်မြေပြင် တန်ခိုးရှင်** (သုတေသနကျမ်း)

၂၃။ ပခုက္ကူ||မြို့၊ မဟာဝိသုတာရာမတိုက်၊ ဆဋ္ဌမမြောက် မဟာနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်မြတ်၏ **ဘဝ ပုံရိပ်လွှာ** (လုံးချင်း)

၂၄။ ရှမ်းပြည်တောင်ပိုင်း၊ နမ့်စန်မြို့၊ ပျားဘုရား အရိပ်တော် **အောက်က ရိုးသားမှုဂုဏ်ရှင်များ** (လုံးချင်း)။

၂၅။ မြို့ဘရွာမှ သာသနာ့ငွေကြယ်ပွင့် (သို့) **အရှင်ယသ**။

၂۶။ ပုသိမ်ကြီးမြို့နယ်၊ ဘန့်ကွဲရွာ၏ **ကောင်းရန့်သင်းပျံ့စေသူ** (လုံးချင်း)။

၂۷။ **ပြည့်စုံကြွယ်ဝ ကျောင်းဒါန** (လုံးချင်း)။

ဒါနခန်းကြောင့်မွေးလှစေ၊
သီလပန်းကြောင့်မွှေးကြစေ၊
ဘာဝနာလမ်းကြောင့်အေးမြကြပါစေ။

# မိုးကုတ်ဂုဏ်ရည်များ

**အင်းခန်းလို့ လယ်တီ**
**လယ်တီတော့ ၄ုက်ကျ**
**၄ုက်ကျလို့ ကြောင်ခုတ်**
**ကြောင်ခုတ်တော့ ထွန်ဆင်း**
**ထွန်ဆင်းတော့ မိုးရွာ**
**ဒီတစ်ခါရွာတဲ့မိုး**
**ချိုးမိအောင်ချိုး**

မြန်မာပြည်ပဋ္ဌိပတ္တိသာသနာသမိုင်းစဉ် ရေစီးကြောင်းကို ပညာရှင်တစ်ဦးက ကဗျာတစ်ပုဒ်ဖြင့် မှတ်တမ်းပြုခဲ့ဖူးသည်။ တိုက်တွန်းနှိုးဆော်ခဲ့ဖူးသည်။

**အင်းခန်းတော့ ၄ုက်ကျ, ၄ုက်ကျတော့ လယ်တီ, လယ်တီတော့ ထွန်ထောင်, ထွန်ထောင်တော့ မိုးရွာ, မိုးရွာတော့ စည်တီး, စည်တီးတော့ ကျောက်ထီး** ဟုလည်း ရှမ်းပြည်, နောင်ချိုမြို့နယ် ဓနုလှမျိုးတို့ တောင်ပေါ်တွင် စတင်ပေါ်ကာ ရေပန်းစားနေကြောင်း စာဆိုတစ်ဦးက မှတ်တမ်းပြုထားခဲ့သည်။ အလွန်မှတ်သားဖွယ် ကောင်းလှ၏။ သတိချပ်စေလိုပါသည်။

**အင်းခန်း** ဟူသည် ဒုတိယရွှေကျင်သာသနာပိုင် ပထမမဟာဝိသုဒ္ဓါရုံဆရာတော်ဖြစ်သည်။ **ပရမတ္ထသရူပဘောဒနီ**-စသော သမထ

ဝိပဿနာဆိုင်ရာ ကျမ်းစာများရေးသားခဲ့သည်။ ပရမတ္ထသရူပဘေဒနီ ကျမ်းဒုတိယတွဲသည် သမထဝိပဿနာရှုနည်းများကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် မဟာဋီကာတို့ကို ပဓာနထား၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းအဆူဆူတို့ဖုထုတ်နုတ်ကာ ရေးသားထားသည်။ ထို့ကြောင့် ပဋိပတ္တိသာသနာသမိုင်းစဉ်ကို ညွှန်းဆိုရာ၌ **အင်းခန်း** ဟု ဖွဲ့ဆိုထားဟန် တူပါသည်။ တချို့က **အင်းခန်းကို ပထမရွှေကျင်ဆရာတော်** ဟု ညွှန်းဆိုသည်။ **ဝိပဿနာအစ အင်းခန်းက** ဆိုသည့်အတိုင်း ပထမရွှေကျင်ဆရာတော်(အင်းခန်း)၏ **ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတ** မည်သော ဝိပဿနာကျမ်းကြီးပေါ်ထွက်လာမှ ပရမတ်သံလှိုင်လာသည်ဟု ဆိုကြပါသည်။

လယ်တီဆရာတော်သည် **အာနာပါနဒီပနီ, ဝိပဿနာဒီပနီ, ကမ္မဋ္ဌာန်းကျမ်းကြီး** စသော သမထဝိပဿနာကျမ်းစာများ ရေးသားခဲ့သည်။ မြန်မာနိုင်ငံ မြို့ရွာအနှံ့သို့ လှည့်လည်၍လည်း တရားဟောခဲ့သည်။ ထို့ကြောင့် မြန်မာပြည်၌ ရုပ်သံ, နာမ်သံ ပရမတ်သံများ, မဂ်ဖိုလ်နိဗ္ဗာန်သံများ ဟိန်းဆူလာခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့် ပဋိပတ္တိသာသနာသမိုင်းစဉ်ကိုညွှန်းဆိုရာ၌ **လယ်တီ** ကို ထည့်ဖွဲ့ထားဟန်တူပါသည်။

မြန်မာပြည်၌ထင်ရှားသောဂိုဏ်းတို့တွင် ၄က်တွင်းဂိုဏ်းသည်လည်းအပါအဝင်ဖြစ်သည်။ ယင်းဂိုဏ်းကို ယခုအခါ **စတုဘုမ္မိက မဂ္ဂင်ဂိုဏ်း** ဟု ခေါ်ကြသည်။ **ရွှေမင်းဝံဂိုဏ်း, အာဇီဝဋ္ဌမကဂိုဏ်း, သတိပဋ္ဌာန်ဂိုဏ်း** ဟုလည်း ခေါ်ကြသေးသည်။ ၄င်းဂိုဏ်းကို တည်ထောင်သော အရှင်ပဏ္ဍိတဝသည် **မဟာသတိပဋ္ဌာန မဂ္ဂင်ဒီပနီကျမ်း, သာသနသုဒ္ဓိပဋိပတ္တိလက်ဘရကျမ်း, မဂ်လသုတ္တန္တ သာသနဝိသောဓနီကျမ်း** စသော သမထဝိပဿနာဆိုင်ရာကျမ်းများ ပြုတော်မူ, ဟောတော်မူခဲ့သည်။ **ဘုရားပျောက်သော် စိတ်မှာရှာ၊ တရားပျောက်သော် ကိုယ်မှာရှာ၊ သံဃာပျောက်သော် ဒါန, သီလ, ဘာဝနာ သုံးခုပေါင်း၍ရှာ** စသော စကား

ဆန်းများ ဟောကြားတော်မူလေ့ရှိသည်။ မှန်သည့်အလုပ်, ဟုတ်သည့်သဘော, မတိမ်ကော, ကြိုးသောခေတ်မှာ, သာသနာ, မှန်စွာတိုးတက်မည့် ဟုလည်းခံယူကာ တပည့်များအား ဆုံးမလမ်းညွှန်လေ့ ရှိသည်။ သတိပဋ္ဌာန်ကျင့်နည်းများကို ရှေးဦးစွာဖော်ထုတ်နိုင်သောကြောင့် သတိပဋ္ဌာန်အစ ၄ က်တွင်းက ဟုပင် ပြောစမှတ်ပြုကြသည်။ ထို့ကြောင့် အင်းခန်းလို့–လယ်တီ၊ လယ်တီတော့ ၄ က်ကျ၊ ၄ က်ကို ကြောင်ခုတ်၊ ကြောင်ကိုမိုးကြိုးပစ် ဟု သာသနာ့ဥဒါန်းစဉ်ဖြစ်ခဲ့ဟန်တူပါသည်။

မြန်မာပြည်၌ မိုးညှင်း သမ္ဘဒ္ဓေ ဟု ထင်ရှားလှသော အဆောက်အဦးကို တည်ဆောက်သွားသည့် မိုးညှင်းဆရာတော်သည်လည်း ပဋ္ဌိပတ္တိသာသနာ့သမိုင်းစဉ်ဝယ် ထင်ရှားသောဆရာတော်ဖြစ်သည်။ ကြောင်ပန်းဆရာတော်ပေါ်ပြီးနောက် မိုးညှင်းဆရာတော်ပေါ်လာမည့်နိမိတ်ကို –

အင်းခန်းလို့ လယ်တီ
ရှာပြီတဲ့မိုး၊
မိလက္ခ။ တောင်သူဘဝ

စိုက်လိုက်ကြပျိုး ဟု တဘောင်ပေါ်ခဲ့သည်။ ထင်ရှားသောကြောင့် မဖော်ပြတော့ပြီ။

ကြောင်ပန်းဆရာတော်သည် ပဋ္ဌိပတ္တိသာသနာတော်သမိုင်း၌ ကြောင်ပန်း ဝိပဿနာ(၆)စောင်တွဲ ကျမ်းဖြင့် ထင်ရှားကျော်စောလှသည်။ တုံးနာမ်, တိုင်နာမ် ဟု ပြောလေ့ရှိကြသည်။ လယ်တီဆရာတော်ဘုရားကြီးက ကြောင်ပန်းဆရာတော်၏ တုံးနာမ်, တိုင်နာမ်များ အလိုင်းတကြီး ဂယက်ထ အငြင်းပွားနေကြစဉ် ကြောင်ပန်းဆရာတော်ကို မင်းတရားက နွားမဝှေ့တရားကိုးကွယ်၊ နွားထီးများကတော့ ဝှေ့ကြတဲ့ အခါမဝှေ့မီ တစ်ကောင့်တစ်ကောင် တွန်ခြိမ်းဟိန်းဟောက်ကာ ခွါပေါက်စောင်းမြောင်းပြီးမှ ဝှေ့ကြတာကွယ်။ နွားမဆိုတာကတော့ ဘာသံမပေး,

ညာသံမပေး, တော့ဆက်ဒက်ကနဲ ဝှေ့ပြေးကြတယ်။ မင်းတရားလည်း နွားမဝှေ့သလို အကျဉ်းဒက်ကနဲတော့လိုက်တော့ လူတိုင်းနားမခံနိုင်ဘူးကွယ့်။ သိပ်ပြီးကျယ်လွန်းတော့လည်း လင်ပန်းထဲရေထည့်သောက်သလို ဖြစ်သွားပြန်ရော ဟုမိန့်တော်မူဖူးသည်။

တစ်ခါက အလုံမြို့သူကြီး ဦးချောအား **ဟော့ မောင်ချောကြောင်ပန်းရဲ့ဥာဏ်** **လူသာမန်မီရန်ခက်ပါသကွာ** ဟုလည်း အမိန့်ရှိဖူးသည်။ စာသန်သူများ ပြစ်မှားမည်စိုးရ၍ ဟန့်တော်မူဟန် ရှိသည်။ ကြောင်ပန်းဆရာတော်သည် **ဝိဝဋ္ဋဒီပနီ, ဝိပဿနာဒီပနီ, သဘာဝဒီပနီ, ရတနာဒီပနီ** စသောကျမ်းများ ပြုစုတော်မူခဲ့သည်။ ထို့ကြောင့် ပဋ္ဌိပတ္တိ သာသနာ့ သမိုင်းစဉ်တွင် **ဌက်ကျတော့ ကြောင်ခုတ်** ဟုမှတ်တမ်းပြုခဲ့ဟန်တူသည်။

**ထွန်ထောင်ကိုယ်တော်** ဟုလည်းကောင်း၊ **ထွန်ဆင်းကိုယ်တော်** ဟုလည်းကောင်း **စွန်းလွန်းဆရာတော်** ဟုလည်းကောင်း ထင်ရှားကျော်ကြားသော မြင်းခြံမြို့မှ ဆရာတော်ဦးကဝိသည် **ထိ, သိ, သတိ** ဟု သတိပဋ္ဌာန်တစ်ခုလုံးကို ခြုံမိအောင်ဆောင်ပုဒ်ပြု ညွှန်ကြားခြင်းဖြင့် ထင်ရှားတော်မူခဲ့သည်။ **ထိ သိ သတိ လွယ်လွန်း၏** ဟု တချို့က အထင်သေးကြ၏။ အထင်မသေးသင့်။ လက်တွေ့ကျင့်လျှင် တွေ့သိနိုင်သည်။

- **မခံသာ**

  **မှန်ပါဘိ** သည်တရား။

- **ခံသာလျှင် သံသာကြောမှာ**

  **မျှောလိမ့်အများ** ဟု ဝေဒနာနုပဿနာနှင့် ပတ်သက်၍ လည်း မှတ်တမ်းပြုခဲ့သည်။

**မသိလို့ လိုချင်**

**လိုချင်တော့ စွဲလမ်း**

**စွဲလမ်းတော့ ပြုလုပ်**

ပြုလုပ်တော့ ရရှိ

**ရရှိတော့ ဒုက္ခဖြစ်ကရော** ဟုလည်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သခါရဟူသော သမုဒယသစ္စာ, ကိလေသဝဋ်နှင့် ကမ္မဝဋ်သဘောများ, ဇာတိဒုက္ခစသော ဒုက္ခသစ္စာ, ဝိပါကဝဋ်သဘောများ ကြောင်းကျိုးဆက်ပုံကို ညွှန်ပြခဲ့သည်။ ရဟန္တာဟု ကျော်ကြားသည်။ ယခုထိ မြင်းခြံမြို့စွန်းလွန်းဂူကျောင်းဌ ရုပ်ကလာပ်တော် အပူဇော်ခံလျက် ရှိသည်။ ထို့ကြောင့် ပဋ္ဌိပတ္တိသာသနာ့ သမိုင်းစဉ်ဌ ကြောင်ခုတ်တော့ **ထွန်ဆင်း**ဟု ဖွဲ့သီထားဟန်တူသည်။ ၄က်ကျတော့ လယ်တီ၊ လယ်တီတော့ **ထွန်ဆင်း** ဟု စီကုံးထားသည်ကိုလည်းတွေ့ရသည်။

**ထွန်ဆင်း**တော့ **မိုးရွာ**

**ဒီတစ်ခါ ရွာတဲ့မိုး**

**ချိုးမိအောင်ချိုး** ဆိုတာက မိုးကုတ်ဆရာတော်၏ဝမ္မဒေသနာ မိုးများကို ဆိုလိုကြောင်းထင်ရှားပါသည်။ မိုးကုတ်ဆရာတော်၏ ထူးခြားချက်များကို နောက်ဌထင်ရှားပါလိမ့်မည်။ ဤနေရာဌ ပဋ္ဌိပတ္တိ ကမ္မဋ္ဌာန်းရိပ်သာတိုက် ဆရာတော်များ၏ ရိပ်သာသဘာဝများကို ညွှန်ပြထားသော ကဗျာတစ်ပုဒ်အကြောင်းကို ရှေးဦးစွာဖော်ပြလိုပါသည်။

**အဟောမိုးကုတ်၊ အလုပ်မဟာစည်၊ စာဂီအပြ၊ သဘာဝမင်းကွန်း၊ ဝိရိယစွန်းလွန်း၊ အညွှန်းစတု၊ အနုကသစ်ဝိုင်၊ အပိုင်မိုးညှင်း၊ ဖွဲတင်းသဲအင်း၊ အလင်းလယ်တီ၊ စုံစုံညီလည်း၊ သီလသမာ၊ ဓိပညာနှင့်၊ သစ္စာကိုသိ၊ ဒိဋ္ဌိကွာဖို့ လိုရင်းတည်း** ဟူသော လင်္ကာကို ရဖူးသည်။

ခန္ဓာသံသရာကို ငြီးငွေ့အောင် ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းပြပြီး သစ္စာပါဆိုက်လာအောင် ဟောပြောပြသသောနေရာမှာ **မိုးကုတ်နည်းနာ နိဿယသည် တံခွန်ထူလောက်အောင် ထင်ရှားလှသည်။** သတိပဋ္ဌာန်နည်းအတိုင်း မနက်အိပ်ရာထကနေ ညအိပ်ရာဝင် အိပ်ပျော်သည်ထိ အချိန်တိုင်း နေရာတိုင်း ဣရိယာပုထ်တိုင်းမှာ အမြဲတမ်းရှုမှတ်ကြိုးစား

ရသောအပိုင်းမှာ **မဟာစည်နည်းနာနိသယသည်** **အထင်ရှားဆုံးဖြစ်**သည်။ တရားပြကောင်းသည်ဟု ဂုဏ်ရနံ့သင်းပျံ့ရာမှာ **ဉာဏစာဂီသည်** **ထိပ်ဆုံးမှဖြစ်သည်။** ရပ်နာမ်ဓမ္မ သဘာဝများကို ထင်လွယ်မြင်လွယ်အောင် ပြသဟောပြောရာ၌ **မင်းကွန်းနည်းသည်** **ပေါ်လွင်လှသည်။** ဝိရိယထက်ထက်သန်သန်ဖြင့် ကိုယ်တိုင်လည်းကြိုးစား, တပည့်သာဝကများကိုလည်းကြိုးစားရန်နည်းပေးပြထားမှုသည် **စွန်းလွန်းနည်း**ဖြစ်သည်။

တရားဓမ္မများကို ညွှန်းညွှန်းပြီး ပြသသောနည်းသည် **စတုဘုမ္မိကမဂ္ဂင်နည်း** ဖြစ်သည်။ အနုစိတ်ပြီးတရားပြသခြင်းမှာ **ကသစ်ဝိုင်**နည်းဖြစ်သည်။ တရားဓမ္မကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ပြရာမှာ **မိုးညှင်းနည်းသည်** **ထင်ရှားလှသည်။** **အမြဲလင်း, ဖွဲတင်း, သဲအင်းလာပြီ**ဆိုသည့်အတိုင်း ဖွဲဖြင့် သဲသဲမဲမဲကြိုးစားသော **သဲအင်းနည်းသည်** **စွန်းလွန်းနည်းနှင့်** **ဆင်ဆင်တူသည်။**

လယ်တီဆရာတော် နည်းပေးပုံက မှောင်နေသောနေရာမှာ မီးထွန်းပြလိုက်သကဲ့သို့, ဖုံးကွယ်ထားသောအရာကို လှန်ပြလိုက်သကဲ့သို့, ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် ပြသရာ၌ **လယ်တီနည်းသည်** **အင်မတန်ထင်ရှားလှသည်။** မည်သို့ပင် နည်းစနစ်တွေများစေကာမူ အဓိကကိုရှာကြည့်လျှင် **သီလ, သမာधि, ပညာ** သိက္ခာသုံးပါး အနှစ်တရားတွေ ဖြစ်တာကြောင့် သစ္စာသိပြီး ဒိဋ္ဌိကွာဖို့, ပဓာနလိုရင်းပါပဲဟု ဆိုပါသည်။

- **ချုန်းထစ်သံ ဟိန်းပါဘိ**
  **ခြိမ်းခြိမ့်ခြိမ့် လာပြီ**
  **ရွာသည်တဲ့ မိုး။**
- **ရွာတုန်း ရေခံလို့**
  **နေရဟန် ကောန်မြန်းလိုတဲ့**
  **မလေးမေ ပူမသန်းရအောင်**

ဖျန်းပက်လို့ ချိုး။

မိုးက ၄ –မျိုးရှိသည် ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြား ထားသည်။

၁။ ချုန်းထစ်ကာ ဟိန်းဟောက်ပြီးမှ မရွာသော မိုး၊

၂။ သဲသဲမဲမဲ ရွာသော်လည်း မထစ်ချုန်းသော မိုး၊

၃။ မချုန်းလည်း မချုန်း, မရွာလည်း မရွာသော မိုး၊

၄။ ချုန်းလည်းချုန်း၍ ရွာလည်းရွာသောမိုးတို့ ဖြစ်ကြ၏။

ချုန်းလျက် မရွာ၊ ရွာလျက် မချုန်း၊ မချုန်း မရွာ၊ ချုန်းရွာ ရွာသား၊ လေးဖြာမိုးနှယ်၊ လူဝယ်လေးကွဲ၊ သဘောမြေ၏ ဟု မန်လည် ဆရာတော်က လက်စံထားခဲ့သည်။

ယခုရွာလာသောမိုးကား နံပါတ်(၄) အမျိုးအစားဖြစ်၏။ ချုန်း လည်း ထစ်ချုန်း၏။ သဲသဲမဲမဲလည်း ရွာသည်၊ မိုးကုတ်စက်ဝိုင်းအတွင်းမှာ နေရာအနှံ့-စကြာဝဠာဖြန့်၍ အေးစိမ့်ပြန့်သွားအောင် ရွာသောမိုးဖြစ် သည်။ မိုးကုတ်ဝိပဿနာ ဓမ္မဒေသနာမိုးကို ဆိုလို၏။ မိုးဆိုမှမိုး၊ အပူတွေ အကုန်ဝေးဖို့အေးအောင် စိမ့်အောင်ရွာသည့်မိုး။ သို့ဖြစ်၍ ရွာတုန်းရွာခိုက် အခွင့်ကောင်းကြုံတုန်းမှာ မိုးရေတွေကို ခံယူထားကြ။ နှလုံးသားဖြင့် အေးမြသော ဓမ္မဒေသနာတရားမိုးရေတို့ကို ခံယူထားကြပါ။

နေရဟန် (နိုရဟန=နိုဗွာန်) နန်းကို မြန်းလိုကြတဲ့ 'မလေးမေ' နှင့်တူသော ယောဂီများအားလုံး ရှင်ပြုံးလန်းဆန်း အပူမသန်းရအောင် ဖျန်းပက်လို့ ဝဝချိုးလိုက်ကြ၊ ရှဲအောင်–စိုအောင်–စိမ့်အောင် ချိုးလိုက်ကြ ဟူ၍ နှိုးဆော်လိုက်ရပါသည်,ဟု တစ်ဘဝသာသနာကျမ်းပြု အရှင် ယောသိတမဟာထေရ်မြတ်က တိုက်တွန်းရေးဖွဲ့ခဲ့သည်။

မိုးရွာလျှင် ရေဇလာချိုးကြပေတော့
အကျိုးမကြာခင် အသရေဟာတိုးမည်ကြောင့်
တန်ခိုးဖြာလွင် ကမ္ဘာကမ္ဘာတောင် မညိုးနိုင်ဘူး

ခေမာအကျိုးကို သိမှတ်စရာလမ်းတွေကွယ့်
ဝိပဿနာစခန်းတွေနဲ့. သို့.မို့.ကလေး...
(အမယ်မင်း) အမေမြန်မြန်လာပါလို့. ဓမ္မာနို့.ချိုကိုကျွေး... ဟု လယ်တီပဏ္ဍိတ ဦးမောင်ကြီးက မိုးရွာတုန်းရေခံ၍ ဓမ္မနို့.ချိုသောက်စို့. ကြရန် ဆော်သြထားသည်။

## မိုးကုတ်ဆရာတော် ခေါ်ခြင်း

မိုးကုတ်ဆရာတော်သည် အမရပူရမြို့.နယ်, ဥယျာဉ်တော်ရွာ ဇာတိဖွားဖြစ်သည်။ အမရပူရမြို့.နယ်တွင် ခန္ဓာဝန်ချသည်။ အမရပူရ ဆရာတော်ဟု မကျော်ကြားဘဲ အဘယ့်ကြောင့် မိုးကုတ်ဆရာတော်ဟု ထင်ရှားပါသနည်း။

စာချဆရာတော် ဦးဝိမလမှာ မင်းကွန်းဘက်တွင် စာချဖို့.နေရာ အခက်အခဲတွေ.ရသလိုပင် အမရပူရတွင်လည်း စာချဖို့.နေရာ မလုံ လောက်သေးပါ။ ထို့.ကြောင့် မိုးကုတ်မြို့.-မြို့.မရပ်မှ ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံ မိသားစုတို့.က တာဝန်ယူကြသည်။ ကျောင်းဆောက်လုပ် လှူဒါန်းပါမည် ဟု လျှောက်ကြ၏။ ဤမိသားစုသည် မိုးကုတ်မြို့.တွင်ဟောသော ဆရာတော် ဦးဝိမလ၏ တရားပွဲများသို့. မလွတ်တမ်းရောက်ကြ၏။ တရားတော်ကို သဘောကျသည်။ သို့.ဖြစ်၍ ဆရာတော်ကိုလည်း ကြည်ညိုကြသည်။

ထို့.ကြောင့် ထိုအချိန်ကစ၍ပင် ဤမိသားစုက ဆရာတော် အမြဲ သီတင်းသုံးသော အမရပူရမြို့. မဂ်လာတိုက်ဟောင်းတွင် ရေ ချမ်းသာဖို့.ရန် စက်ရေတွင်းတူး၍ စက်နှင့်တက္ကသိုလ် လှူဒါန်းကြတော့.သည်။

ထို့.နောက် ၁၂၉၇-ခုနှစ်တွင် ဆရာတော် ဦးဝိမလစာချဖို့. သီတင်းသုံးဖို့.ရန် ရည်ရွယ်၍ အမရပူရမဂ်လာတိုက်ဟောင်းအတွင်း၌ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြသည်။

၁။ စာချဆရာတော် ဦးဝိမလ မိုးကုတ်သို့ကြွ၍ တရားဟော ခြင်း၊
၂။ မိုးကုတ်ဒကာ-ဒကာမတို့က ကြည်ညိုကြခြင်း၊
၃။ မိုးကုတ်မှပင်လာ၍ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းခြင်း၊
၄။ ထိုမိုးကုတ်ကျောင်းကြီးပေါ်တွင် သီတင်းသုံးခြင်းစသော အကြောင်းတို့ကြောင့် ဆရာတော် ဦးဝိမလကို **မိုးကုတ် ဆရာတော်** ဟုခေါ်လာကြခြင်း ဖြစ်သည်။

## အမေးအဖြေဖြင့် တရားဟောခြင်း

ဒကာ-ဒကာမတို့... အခုလို တရားဟောတဲ့အခါမှာ ဘုန်းကြီးကမေးရင် ဖြေကြနော်။ ဒီ-မိုးကုတ်မြို့ဆိုတာ ကိုယ့်မိသားစုလိုလည်း ဖြစ်နေကြပြီ။ "ဘဝသံသရာထဲမှာ အမိအဘ အဘိုးအဘွား ညီအစ်ကို မောင်နှမ မတော်ဖူးသူ မရှိသလောက်ရှားတယ်" တဲ့ ဘုရားကဟောတာ။

အဲဒီတော့ မိသားစုတရားပွဲပဲ။ ဖြည်းဖြည်းအေးအေးနဲ့ နားလည်မှုကို ရှေးရှုပြီးတော့ သွားရအောင်။

နားလည်ပြီလား- မလည်သေးဘူးလား၊ သဘောပေါက်ပြီလား- မပေါက်သေးဘူးလားဆိုတာ မေးလိမ့်မယ်နော် (မှန်ပါဘုရား)

အဲဒါ မှားမှားမှန်မှန် ရဲရဲဖြေကြပါ။ အဲဒါမှ ဘုန်းကြီးက တရားနာသူရဲ့အခြေအနေကို အကဲခတ်နိုင်မှာပေါ့ (မှန်ပါ)။

မိုးကုတ်ဆရာတော်သည် တရားနာပရိသတ်များအား ဆွေမျိုးရင်းချာပမာ သဘောထားကာ တရင်းတနှီးဟောကြားလေ့ရှိသည်။

ယင်းသို့ဟောတော်မူသည်ကို အချို့က မနာတတ်ဟုဆိုကြသည်။ **ဘာတွေမှန်းလည်း မသိဘူး၊ အသံတွေ တဝေါဝေါနဲ့၊ ဘုန်းကြီးတစ်ဝက် လူတစ်ဝက် ဟုလည်း** ပြောတတ်ကြ၏။

မိုးကုတ်ဆရာတော်ဘုရားကြီးကမူ ဗုဒ္ဓလက်ထက်က ရှိပြီးသား အမေးအဖြေတရား **အရှင်နန္ဒက၏ နည်းကိုအတုယူပြီး ဟောတာပါ** တဲ့။ ဘုရားရှင်လက်ထက်တော်တုန်းက "အရှင်နန္ဒက" မည်သော ရဟန္တာ တစ်ပါးရှိ၏။ ဘိက္ခုနီမများအား ရဟန်းတော်တို့က အလှည့်ကျတရား ဟောကြရသည်။ အရှင်နန္ဒက၏အလှည့်သို့ရောက်သောအခါ တရားပလွင် ပေါ်ကနေ၍ ဤသို့မိန့်၏။

"ကဲ... နှမတို့။ ယခုအခါ ငါတရားဟောတော့မယ်။ ဟောတဲ့ အခါ ငါက မေးခွန်းမေးမယ်။ သင်တို့တွေက ဖြေကြ။ သဘောပေါက် သလို လွတ်လွတ်လပ်လပ်ဖြေကြ" ဟူ၍ နိဒါန်းပျိုးပြီးလျှင် လွတ်လပ်မှုကို ဖွင့်ပေးကာ စတင်ဟောကြားတော့၏။ ဟောဟန်ကား -

**'ရုပ်သည် မြဲသလား၊ မမြဲဘူးလား'**
**'မမြဲပါဘုရား'**
**'အဲဒီမမြဲတဲ့ ရုပ်ဟာ ချမ်းသာလား၊ ဆင်းရဲလား'**
**'ဆင်းရဲပါ ဘုရား'**

စသည်ဖြင့် မေးလိုက် ဖြေလိုက် ရင်းရင်းနှီးနှီးဟောသွား သောနည်း ဖြစ်သည်။ အများနှင့်မတူတတ်၊ ပရိသတ်ကို ပိုမ၍ကျေနပ်မှု ရစေ၏။

တစ်ဖန် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် **အနတ္တလက္ခဏ သုတ်တော်** ကို ဆက်လက် ဟောတော်မူတုန်းကလည်း ဤနည်းပင်ဖြစ်သည်။ ပဉ္စဝဂ္ဂိတို့နှင့် အမေး-အဖြေပြု၍ဟောတော်မူ၏။

ဟောဟန်ကား -

**'ရူပံ ဘိက္ခဝေ နိစ္စံဝါ အနိစ္စံဝါ' တိ**
**'အနိစ္စံ ဘန္တေ'**
**'ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါ' တိ**

'ဒုက္ခံ ဘဏ္ဍေ'

စသည်ဖြင့် အမေး-အဖြေပြုပြီး ဟောတော်မူခဲ့သည်။ ယင်းတို့ကို နမူနာယူ၍ဟောသည်ဟုလည်း မိန့်တော်မူ၏။ ပရိသတ်နှင့် အမေး-အဖြေပြု၍ ဟောခြင်းကြောင့် ရနိုင်သောအကျိုးတရားတို့မှာ -

၁။ ပရိသတ် နားလည် မလည်ကို စမ်းသပ်ပြီးဖြစ်သွားခြင်း၊

၂။ အကြောင်းအရာတစ်ခု နားလည်ပြီးမှ ရှေ့သို့အသစ်တစ်ခု တက်ရသဖြင့် ပရိသတ်လည်း အမြင်ရှင်းခြင်း၊

၃။ ပရိသတ်ဝိုက်မျှဉ်းချိန်မရ အမြဲတမ်းလန်းဆန်းနေခြင်း၊

၄။ ပရိသတ်ကလည်း သူတို့သိသမျှ ပြန်လည်တင်ပြခွင့်ရ၍ ကျေနပ်မှုရခြင်း၊

၅။ ဟောသူနှင့် နာယူသူတို့ ရင်းနှီးမှုရစေခြင်း စသောအကျိုးတရားတို့ကို ရနိုင်ပါသည်။

ထို့ကြောင့် အမေးအဖြေပုံစံဖြင့် ဟောကြားခြင်းဖြစ်သည်။ **ယင်းသည် ထူးခြားသော မိုးကုတ်ဂုဏ်ရည်တစ်ခုပင်ဖြစ်သည်။** အမေးအဖြေဖြင့် ဟောပြောရာ၌ ယောဂီများဖြေတတ်အောင် မေးတတ်ဖို့အရေးကြီးပါသည်။ ဖြေစေချင်သော အကြောင်းအရာကို မေးမြန်းရာတွင် မေးခွန်းထဲ၌ ထည့်၍ မေးရပါသည်။ ဥပမာ-**ရှင်သည် မမြဲပါဘုရား** ဟု ဖြေစေလိုလျှင် မေးသည့်အခါ **ယောဂီတို့ရှင်သည် မြဲသလား၊ မမြဲဘူးလား** ဟု မေးတတ်, ဖြေတတ်ပါစေ။ အမေးအဖြေပုံစံဖြင့် ဟောပြောခြင်းသည် **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင် ဖြစ်သည်။

## လုပ်ငန်းခွင် ရှခင်း၊ ရှကွက် ဦးစားပေးခြင်း

**မိုးကုတ်ဝိပဿနာတရား** ဆိုသည်မှာ အဂါရပ်တွေရှိသည်။ သူ့အဂါရပ်တွေညီညွတ်မှ **မိုးကုတ်တရား** ဟု သတ်မှတ်နိုင်ပါသည်။ အဂါရပ်တွေကတော့ -

၁။ ပဋ္ဌိစ္စသမုပ္ပါဒ် အခြေခံရမယ်၊
၂။ ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ ပါရမယ်၊
၃။ ဒိဋ္ဌိကို အသိဉာဏ်နဲ့ကွာအောင် ခွာပေးမှု ပါရမယ်၊
၄။ ရှုခင်း ရှုကွက် ရှုပုံရှုနည်း ပါရမယ်၊
၅။ သစ္စာဆိုက်ရမယ် (သစ္စာဆိုက်အောင် ဟောပြရမယ်)

ဒါတွေမပါဘူးဆိုရင် **မိုးကုတ်တရား မဟုတ်ဘူး** လို့ မှတ်ပါ၊ ဖော်ပြပြီးအချက်တွေထဲက အနည်းဆုံး ၃ ပုံ ၂ ပုံတော့ ပါစေရမယ်။ မိုးကုတ်တရားက ဝတ္ထုဇာတ်လမ်း ဦးစားပေးမဟုတ်၊ **'လုပ်ငန်းခွင် ဦးစားပေး' 'ရှုခင်း ရှုကွက် ဦးစားပေး'** ဖြစ်သည်။ ဝတ္ထုထဲမှာပါသော ဇာတ်ကောင်၏ဖြစ်ပျက်, လှုပ်ရှားနေမှုကို ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းထဲမှာ ထည့်လျက် ဉာဏ်ယှဉ်ကာဟောပြရမည်။ ရှုဉာဏ်ငါးပါးကိုလည်း အလျဉ်းသင့်သလို ပါဝင်ပြပေးရမည်။ သို့မှသာ ရှုခင်း ရှုကွက် ပေါ်လာမည် မဟုတ်ပါလော။

ထို့ပြင် အသံကိုရှေ့တန်းမတင်ရ၊ တရားသဘာဝကို နားလည်အောင် ရှင်းပြခြင်းမျိုးသာဖြစ်သည်။ ယင်းသည် အများနှင့်မတူဘဲ တစ်မူခွဲ၍သွားခြင်းဖြစ်တော့၏ဟု မှတ်သားလိုက်နာသင့်သည်။ ၄င်းသည်လည်း **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင်ဖြစ်သည်။

## ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားစေခြင်း

မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၅-ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်နေ့က အိန္ဒိယနိုင်ငံရှိ မဟာဗောဓိသို့ ဖူးမြော်သွားရန် မန္တလေးမှ ရန်ကုန်သို့ မီးရထားဖြင့် ထွက်ခွာလာခဲ့သည်။

မန္တလေးမြို့နှင့် ရန်ကုန်မြို့အကြား မီးရထားကြီးပေါ်တွင် ပဋ္ဌိစ္စသမုပ္ပါဒ်ပျို့ ကဗျာလင်္ကာများကို ရေးသားတော်မူခဲ့၏။

ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊
သစ္စာလေးရပ်၊ လေးကျွန်းပတ်သွား၊
နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒ္ဓါရ၊
ရှဉ်းခလျက်
စသည်ဖြင့် ရေးသားတော်မူလာခဲ့ရာ ရန်ကုန်ရောက်သောအခါ (၁၃)ပုဒ်လုံး ပြီးစီးသွားသည်။ တစ်ဖန် ရန်ကုန်မှ ပင်လယ်ကူးသင်္ဘောကြီးဖြင့် အိန္ဒိယနိုင်ငံ ဘက်လားမြို့သို့သွားခဲ့ရာ ၄-ည၊ ၅-ရက်ကြာ၏။ ကမ်းမမြင်သော ပင်လယ်ပြင်ကြီး၏ သင်္ဘောကြီးပေါ်တွင် (၁၃)ပုဒ်၏ အဖြေဒီပနီကို ရေးသားတော်မူခဲ့သည်။

**ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ** ကျမ်းသည် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ ရှင်းလင်းစွာ ရေးသားထားသောကျမ်းဖြစ်သည်။ **အဘိဓမ္မပိဋကတ**-ဝိဘင်္ဂ ကျမ်းလာပဋ္ဌိစ္စသမုပ္ပါဒ် ဝိဘင်းကို အကျယ်ဖွင့်ပြထားသည်။ အမြဲမပြတ် တစိမ့်စိမ့်ဖတ်ရှုသင့်သော ကျမ်းမြတ်တစ်ဆူလည်း ဖြစ်သည်။ ယင်းသည် ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားအောင် ရှုက်ဆောင်တော်မူခဲ့ခြင်း ဖြစ်၏။

အလားတူ ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီးကလည်း ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားစေချင်လျှ၍ **ပဋ္ဌိစ္စသမုပ္ပါဒ် အရသာ** ကျမ်းစာကို ရေးသားတော်မူခဲ့သည်။ ပြီးလျှင် ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းများ ပေး၍ စာမေးပွဲများပါ ကျင်းပပေးတော်မူခဲ့၏။ ဤသို့ထွန်းကားအောင် ရှုက်ဆောင်တော်မူခဲ့သည်။ ယခုအခါ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်သော စာအုပ်များမြောက်များစွာ ရှိနေပါပြီ။

မိုးကုတ်ဆရာတော်ဦးဝိမလကလည်း ပဋ္ဌိစ္စသမုပ္ပါဒ်ကိုပင် အခြေခံ၍ သစ္စာတရားများကို ဟောပြနေသည်ဟု ညောင်လေးပင်တောရဆရာတော်ဘုရားကြီးက ကြားနေ၏။ ဤအချက်ကိုလည်း ဆရာတော်ဘုရားကြီးက ကျေနပ်တော်မူသတတ်။ ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားအောင်စာဖြင့် ရေးသားတော်မူကြခြင်း၊ နှုတ်ဖြင့် မြွှတ်ကြားတော်မူကြခြင်းဖြင့် ရှုက်

ဆောင်တော်မူခဲ့ကြသည်။ မိုးကုတ်ဝိပဿနာအလုပ်စဉ် တရား၏ သူများနှင့်မတူ တစ်မူထူးခြား၍ ခိုင်ခံ့ခြင်းသည် ပဋ္ဌိစ္စသမုပ္ပါဒ်တရားအမြင်ကို တွင်တွင်အသုံးပြုခြင်းပင်ဖြစ်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ရှင်းရှင်းနားလည်စေခြင်းနှင့် ဉာဏ်အဆင့်တိုင်းတွင် သစ္စာအမြင်ဆိုက်အောင် ပဋ္ဌိစ္စသမုပ္ပါဒ်အမြင်ကို အသုံးချတတ်အောင် မိုးကုတ်ဆရာတော်ဘုရားက သင်ကြားပေးသည်။ ပဋ္ဌိစ္စသမုပ္ပါဒ် တရားအမြင်ကို စက်ဝိုင်းဖြင့် သရုပ်ဖော်တီထွင်ပေးသည်။ ထို့နောက် ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းသည် ခန္ဓာစက်ဝိုင်းဖြစ်ပြီး ပုထုဇဉ်သည် သံသရာမှာ ဝဋ်ဆန္ဓာ ဒုက္ခသစ္စာကို အဝိုင်းပြေး ပြေးနေရပုံကို ထင်မြင်အောင်ပြသည်ဟု ပညာရှင်တစ်ဦးက ဖော်ပြဖူးသည်။

မိုးကုတ်ဆရာတော်သည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပဓာနထား၍ ဟောပြောခြင်းဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားအောင် ဆောင်ရွက်ခဲ့ခြင်းသည်လည်း **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင်ဖြစ်သည်။

**စက်ဝိုင်းပြပညာ ယှဉ်စရာမရှိဘူး**

* ဆယ့်နှစ်ထွေ ကွက်သိုင်းချ
တွက်နှိုင်းဆ သင့်ရာ
စက်ဝိုင်းပြ ပညာမှာ
ယှဉ်စရာ မြင်ဘူး
လေးမဂ်ဆိုက် ခေမာဝင်အောင်
ဒေသနာစဉ် ဟောတဲ့ ထေရ်မှူး...။

* ဖြစ်ပျက်တဲ့ ကျွန်သံသရာ
လွန်ရန်သာ ရည်စူး
ဝန်ခန္ဓာ မကြည်နူးပါနှင့်
ဝစီကျူး မြွက်ရာ

ဒေသနာ ထုတ်ပြန်ပြ
ရုပ်နာမ်မှေ ရှုကြခါခါ...။
* သမုဒယ တွယ်အာသာကို
အဆွယ်တဏှာ ပယ်ကာချပါမှ
အလယ်မှောအရ မဂ်လမ်းအဖြာဖြာ
တက်လှမ်းဘာဝနာ
ဘဝဂ်လွှမ်းတဲ့ အာသဝါကို
မသာယာ ရှုမှန်းနိုင်မှလေး...။

မိုးကုတ်ဆရာတော်သည် ပဋ္ဌိစ္စသမုပ္ပါဒ် အဂါ(၁၂)ရပ်ကို စက်ဝိုင်းကြီးထဲမှာ အကန့်-ကန့်၍ အကွက်ချပြီးလျှင် သူ့နေရာနှင့်သူ အဂါရပ်တွေကို သွင်းပြထားတော်မူ၏။ ဒေသနာစဉ်ကိုလည်း လေးမဂ် လေးဖိုလ် ဆိုက်အောင် စီစဉ်ဟောပြတော်မူ၏။

ပထမဖြစ်ပျက်တွေ မြင်အောင်ရှုပါ။ ဖြစ်ပျက်တွေမြင်ပြီးနောက် ဖြစ်ပျက်ကို လွန်မြောက်အောင် ရည်စူး၍ ခန္ဓာဝန်ကို မကြည်နူး မမက်မောပါနှင့်,ဟု ခဏ-ခဏဝစီမြွက်ပြီး မှာတော်မူသည်။ ထို့ပြင် သမုဒယတဏှာကို ပယ်နိုင်ဖို့ မဏ္ဍိမပဋိပဒါအလယ်လမ်းဖြင့် တက်လှမ်းပါ၊ ပွားများပါ၊ ဒါမှသာ ဘဝဂ်တိုင်အောင်လွှမ်းတဲ့ အာသဝတရားတွေကို မသာယာဘဲ ရှုမှန်းလိမ့်မည်၊ ရှုမှန်းနိုင်မှ ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်ပြတ်နိုင်မည် ဖြစ်သည်။

ကဗျာဆရာက မိုးကုတ်ဆရာတော်ကြီးအား ချီးကျူးဂုဏ်ပြုပူဇော်ထားသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်လာလျှင်တော့ အခုခေတ်မှာ မိုးကုတ်ဆရာတော်ကြီးဟာ အကျော်အမော်ကြီးပါ။ ဒိုးလိုမ္ဘွေနိုင်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ-တဲ့၊ ယှဉ်ပြိုင်မည့်သူတောင် မမြင်ဘူးတဲ့။ ဤသို့ ဂုဏ်ပြုထားသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် ဒိုးလိုမ္ဘွေ၊
ခုခေတ်အနေ မိုးကုတ်ပါပဲ

မိုးကုတ်ဆရာတော်ကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကဖြင့် ဟည်းနေအောင် ခန့်ညားလှပါ၏။ ကွက်ကွက်ကွင်းကွင်းနှင့် **ထင်း** ခနဲ့နေအောင်လည်း ရှင်းလှပါသည်။ တရားဟောနေထိုင်တော်မူခိုက်တွင် ဘေးနားက ဝိုင်းဝိုင်းကြီးရပ်တည်ပြနေသည်မှာလည်း လမင်းကြီးလိုကျက် သရေရှိလှပါသည်။ အကွက်ကြီး၄-ကွက်တွင် ဆိုင်ရာ ဆိုင်ရာ ပဋ္ဌိစ္စ သမုပ္ပါဒ် အဂ်ါရပ်တွေထည့်သွင်း၍ လောကသဘာဝနှင့်ဟပ်ပြီး ကျကျ နန သရုပ်ခွဲပြလျှင် လှလှပပအဓိပ္ပါယ်တွေ ပေါ်လာကြပါသည်။

လူမိုက်တွေ လူလိမ်လူကောက်တွေက ပရိယာယ်ကြွယ်ကြွယ် သုံး၍ ကိုယ့်အကုသိုလ် ကိုယ့်အပြစ်ကို ဖုံးကြသော်လည်း လုံးဝမလုံ။ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြင့် စစ်လိုက်လျှင် ဇစ်မြစ်ပါဖော်လျက် ဘွား-ဘွားကြီးပေါ် လာတတ်ကြ၏။ လူမိုက်ခေါင်းကို **ဒေါင်** ခနဲ နေအောင် ခေါက်သလို ဖြစ်သွားသည်။

ဒါန သီလစတဲ့ ကုသိုလ်တွေမှာ အဝိဇ္ဇာဖုံး၍ မသိလုံးထွားထွား ဖြင့် ဝဋ္ဌစည်းစိမ်တွေကို တောင့်တပြီး ပြုလုပ်တတ်ကြ၏။ အကောင်းတွေ ထင်၍ တောင့်တကြခြင်းဖြစ်သည်။

**'ဒါဟာ ဒုက္ခတွေဟဲ့' 'ရလာမယ့်အကျိုးတွေဟာ ဒုက္ခသစ္စာ တွေဟဲ့'** လို့ လူမိုက်ခေါင်းကို **ဒေါင်** ခနဲနေအောင်ခေါက်သလို ပဋ္ဌိစ္စ သမုပ္ပါဒ်က ထောက်ပြ၏။

တစ်ဖန် သန်းခေါင်လကွယ်၊ တောအုပ်လယ်မှ အဝိဇ္ဇာမှောင်ထု ကျ၍ပြုလုပ်သမျှ အကုသိုလ်တို့၏ အကျိုးသည်လည်း ဒုက္ခသစ္စာတွေပင် ဖြစ်သည်။ **နင်မသိဘူးလားဟဲ့** လို့ ဆိုဘိသကဲ့သို့ **ဒေါင်** ခနဲနေ အောင်ခေါက်လိုက်ပြန်၏။ **အမယ်လေး.. ကြောက်ပါပြီဗျ** ဟု လူမိုက် ကဆိုရသလိုဖြစ်သည်။

ထို့ပြင် ကုသိုလ်၊ အကုသိုလ်ရော၍ ပြုလုပ်သမျှသည်လည်း ဒုက္ခတွေပင် ရော၍နှော၍ အကျိုးကို ရစေပြန်၏။ ဒုက္ခသစ္စာတွေပင်

ဖြစ်သည်။ အခေါက်ခံရပြန်၏။ **အံ့မယ်လေးဗျ ကြောက်ပါပြီ၊** ဟိုတုန်းက **မသိခဲ့လို့ပါ** ဟု ဆိုရလောက်အောင် ဖြစ်ပြန်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် တိုင်းကြည့်ထောက်ကြည့်လေတိုင်း လူမိုက်တို့ အဖို့ အခေါက်ခံရသလိုဖြစ်၏။

သို့ဖြစ်၍ ဤသို့ဆိုကြသည်-

**ပဋ္ဌိစ္စသမုပ္ပါဒ် တုတ်နဲ့ထောက်၊**

**လူမိုက်ခေါင်းကိုခေါက်–ဒေါက်၊**

**ဘာ–ခုမှကြောက်ပါပြီလဲ**

အစဉ်အလာအားဖြင့်သိနေကြသည်မှာ တရားဟောတယ်ဆိုရင် **အသံကောင်းကောင်းနဲ့** ဂါထာရွတ်၊ **အနက်ပေး၊ အဓိပ္ပါယ်ပြော၊** ဝတ္ထု**ကြောင်းသာဓကတွေ** လှလှပပ **မြိုင်မြိုင်ဆိုင်ဆိုင်...** သည်လိုပဲ ထင်ခဲ့ကြသည်။

မိုးကုတ်ဆရာတော်ကြီးကား ထိုသို့ မဟုတ်ချေ။ ဆန့်ကျင်ဘက်ကြီးပင်ဖြစ်၏။ ပါဠိကို နည်းနိုင်သမျှ နည်းထားသည်။ မရွတ်မဖြစ်ပါမှ နည်းနည်းပါးပါး ရွတ်တတ်သည်။ ရွတ်ပြန်တော့လည်း တစ်ပုဒ်ချင်း အနက်ပေးနေသည်မဟုတ်၊ ထိုပါဠိစာပိုဒ်စု၏ အဓိပ္ပါယ်ကို ငုံခြုံပြီး ဘာသာပြန်လိုက်သည်။

သည်တော့ အားလုံးက နားလည်ကြတာပေါ့၊ နားလည်တော့ **ကောင်းတယ်** လို့ ပြောလာတော့တာပေါ့။ ဒါဟာ အောင်မြင်ခြင်းရဲ့ အကြောင်းရင်းတစ်ခုပါပဲ။

"ဆရာတော်ကြီး ပြောနေတဲ့ စကားတွေက ဝါကျမှန်လှတယ်တော့မဟုတ်ဘူး။ သူ့စကားလုံးတွေကိုလိုက်ပြီး စာနဲ့ကူးကြည့်ရင် ပေါ်လာတယ်။ ဝါကျမမှန်ဘူး၊ ဒါပေမယ့် စုလိုက် ပေါင်းလိုက်တော့ အဓိပ္ပါယ်တွေပေါ်လာတယ်။ သိပ်ကောင်းတဲ့ အချက်အလက်တွေ ဖြစ်လာတယ်" ဟုဆိုကြသည်။

သက္ကရာဇ် ၁၃၄၆-ခုနှစ်က ဖြစ်၏။ မြစ်ဝကျွန်းပေါ်မြို့တစ်မြို့သို့ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာ ဘိဝံသ** ကြွလာတော်မူသည်။ မလွန်ဆန်လျှုသင်းထောက်ကပင့်၍ ရေစက်ချပေးရန် ကြွလာတော်မူခြင်းဖြစ်၏။ ဒကာတစ်ဦးက လျှောက်သည် -

**ဆရာတော်ဘုရား... ယခုအခါ မိုးကုတ်ဝိပဿနာတရားတွေဟာ အနှံ့အပြားဖြစ်လာကြပါတယ်။ မိုးကုတ်ဆရာတော်ကြီးရဲ့ ဟောပြောချက်တွေဟာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေနဲ့ ညီပါရဲ့လားဘုရား..** တဲ့။

ထိုအခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသမဟာထေရ်မြတ်က ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေနဲ့ ညီတယ်မညီဘူး မပြေတော့ဘဲနဲ့ **အင်း...**။ **မြတ်စွာဘုရားသာရှိမယ်ဆိုရင် မြန်မာဘာသာနဲ့ မြန်မာလူမျိုးတွေ နားလည်အောင် ဟောတဲ့ နေရာမှာ တေဒဂ်ဘွဲ့ထူး ရာထူးပေးလောက်ပါပေတယ်၊ 'မြန်မာအဋ္ဌကထာ ဆရာကြီး'** လို့ ဇေတဒဂ်ဘွဲ့ထူးရလောက်ပါပေတယ်ဟု မိန့်တော်မူတော့၏။ အကြောင်းတိုက်ဆိုင်လာတိုင်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်လေ့ရှိပါသတဲ့...

**မိုးကုတ်ဆရာတော်ကြီးဟာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ ပါဠိတော်တစ်ပိဋကိုထုတ်ပြပြီးလျှင် အနက်အဓိပ္ပါယ်တွေကို အကုန်အကုန် ယူပြနိုင်စွမ်းရှိတယ်။ ထိုသို့ယူပြရာ၌ အံ့သြလောက်ပါပေတယ်။**

**ယင်း ပါဠိတော်စာပိုဒ်ကို အဋ္ဌကထာဆရာ ဋီကာဆရာတွေက** လည်း ပါဠိဘာသာဖြင့် အဓိပ္ပါယ်တွေ ဖွင့်ပြကြတာပဲ။ သို့သော် ထိုအဋ္ဌ**ကထာဆရာ ဋီကာဆရာတွေထက်ပင် မိုးကုတ်ဆရာတော်ကြီး ယူပြပုံ** အဓိပ္ပါယ်ဖော်ပြပုံတွေက ပိုရှင်သဘာဝကျနေတယ်၊ ပိုရှင်လည်း စုံလင်နေ**တော့**တယ်။ ရှိသမျှ အဓိပ္ပါယ်တွေကို ခပ်ရှင် သိမ်းရှင် ကျုံးရှင်မကျန်ရအောင် ကုန်အောင်ယူပြနိုင်စွမ်းရှိပါတယ်၊ အဋ္ဌကထာဖွင့် ဋီကာဖွင့်တို့တွင် မပါဝင်သေးသော အခြားအဓိပ္ပါယ်များကိုပါ ဆွဲယူဖော်ပြနိုင်စွမ်းရှိပါပေတယ်။

**မြန်မာဘာသာဖြင့် ပြည့်ပြည့်၀၀ အဋ္ဌကထာဖွင့်၍ ပြန်ဝင်စွမ်းရှိပါပေတယ်** ဟုလည်း မိန့်တော်မူလေ့ရှိပါသတဲ့။ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဒိုးလိုမ္ဘောကာ ခက်ခဲနက်နဲသောတရားစုကို အများနားလည်လွယ်အောင် ဘာသာပြန်၍ ဟောကြားနိုင်ခြင်းသည်လည်း **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင်ဖြစ်သည်။

## နားကတရားနာ, ဉာဏ်ကခန္ဓာလှည့်

ဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားဟောပြီးပြီဆိုလျှင် တရားပွဲတိုင်းမှာ ကျွတ်တမ်းဝင်သူတွေများစွာထွက်ပေါ်လာကြ၏။ သောတာပန်မည်မျှ၊ သကဒါဂါမ် မည်မျှ၊ အနာဂါမ် မည်မျှ၊ ရဟန္တာ မည်မျှဟူ၍ စာရင်းတင်ကြသည်။

**အဲဒါ ဘယ်လိုလဲ၊ မကျင့်ဘဲနဲ့ တရားနာရုံနဲ့ တရားထူးရကြတာလား** ဟု စပ်စုတတ်ကြ၏။ မကျင့်ဘဲနဲ့ တရားထူးရကြသည်တော့ မဟုတ်ကုန်။ ကျင့်သောကြောင့်သာ တရားထူးရကြသည်ဟု ဆိုရပေမည်။

ဘယ်အချိန်မှာ ကျင့်လိုက်တာလဲ ဟု မေးလျှင်ကား ဒေသနာ ဉာဏာနုသာရေန ဉာဏ် ပေသေန္တသ ဉာဏုတ္တရသ ဟောတိ။

ဒေသနာဉာဏ်ကို အစဉ်လျှောက်ပြီး ကိုယ့်ဉာဏ်ကို ကိုယ့်ခန္ဓာပေါ်စေလွှတ်လိုက်တဲ့အခါ ကိုယ့်ဉာဏ်ဟာ ရင့်ကျက်မြင့်တက်သွားပြီးလျှင် တရားထူးရသည်အထိ မြင့်မြတ်သွားခြင်းဖြစ်၏ တဲ့။

တရားနာအပြီး သောတာပန် ဖြစ်ကုန်ကြတယ်၊ သကဒါဂါမ် ဖြစ်ကုန်ကြတယ်၊ အနာဂါမ်ဖြစ်ကုန်ကြတယ် ဆိုတာ အဲဒီလိုနာလို့ ဖြစ်ကြတာ။ **နားက တရားသံကို နားထောင်နေရုံသာမက ဉာဏ်ကပါ ခန္ဓာပေါ်သို့ရောက်အောင် ပို့လွှတ်ထားတာ။** အဲဒါကြောင့် တရားထူးရကြခြင်း ဖြစ်တာပဲ၊ ဒါသည်ပင်လျှင် ကျင့်ကြံခြင်း အားထုတ်ခြင်းပါပဲ။

ရှေးခေတ်က တရားနာကြတယ်ဆိုတာ အဲဒီလိုနာကြတာ၊ **နားက တရားကို နာတယ်၊ ဉာဏ်ကတော့ ခန္ဓာထဲ လှည့်ထားတယ်။**

ဤသဘောမျိုးပင် သုပ္ပဗုဒ္ဓဝတ္ထုဌ် -

**ဒေသနာနုသာရေန ဉာဏ် ပေသေတွာ သောတာပတ္တိဖလေ** ပတိဋ္ဌိတော ဟု အဋ္ဌကထာကဆိုထား၏။

"ဟောတော်မူတဲ့ ဒေသနာတော်အတိုင်း အစဉ်လျှောက်လိုက်လာပြီး ကိုယ့်ဉာဏ်ကို ကိုယ့်ခန္ဓာထဲလွှတ်လိုက်လို့ သောတာပန် ဖြစ်သွားတာ" တဲ့။ (သံ၊ ၆၊ ၁၊ ၃၂၀)

အဂုံတ္တရနိကာယ်, ဇကက နိပါတ အဋ္ဌကထာ, သောဏကုဋ္ဌိကဏ္ဏတ္ထေရဝတ္ထုဌ် ဟောမဝတသည် မြတ်စွာဘုရား၏ ကိုယ်အမူအရာ, အသက်မွေးမှု, စိတ်စင်ကြယ်မှု စသည်ကို အသေးစိတ်မေးသည်။ သာတာဂိရိကလည်း မေးတိုင်း ဖြေပြသည်။

မြတ်စွာဘုရား၏ ကိုယ်ခန္ဓာကို ခိုးမှမ်းခြင်း, ဂုဏ်ရည်ကို ခိုးမှမ်းခြင်းဖြင့် ဟောမဝတသုတ် ပြီးဆုံးသော် **ဟောမဝတော သဟာယကသဒ္ဓမ္မဒေသနာနုသာရေန ဉာဏ် ပေသေတွာ သောတာပတ္တိဖလေ ပတိဋ္ဌဟိ**- ဟောမဝတသည် သူငယ်ချင်းအား တရားဒေသနာကို အစဉ်လျှောက်သဖြင့် ဉာဏ်ကို ခန္ဓာကိုယ်ထဲ၌ သွင်းစေ၍ သောတာပတ္တိဖိုလ်၌ တည်စေပြီ" ဟု ဖော်ပြထားသည်။ (သံ၊ ၆၊ ၁၊ ၁၈၈)

ဒါကြောင့် ဆရာတော်ကြီးက ခဏ ခဏ သတိပေးနေတာ **နားက တရားနာပါ၊ ဉာဏ်က ခန္ဓာထဲလှည့်ထားပါ** လို့။ **ယင်းသည် မိုးကုတ်ဆရာတော်၏ ထူးခြားချက်ဖြစ်သည်။**

ဆရာတော်က ဒကာ ဒကာမတို့အပေါ်တွင် စေ့စေ့စပ်စပ် ညွှန်ပြနေတော်မူ၏။ တရားနာတဲ့အခါ အမှတ်တမဲ့ မနာမိဖို့၊ လေးလေးစားစား၊ စူးစူးစိုက်စိုက်နာမိအောင် သတိပြုဖို့ ညွှန်ပြနေသည်။

"ဒကာ ဒကာမတွေ... တရားနာတဲ့အခါမှာ တရားအဓိပ္ပာယ်ကို သိနေရုံလောက်မျှနှင့် ကျေနပ်မနေကြနဲ့။ အခု တရားနာနေတဲ့အခိုက်မှာပဲ ကိုယ့်ဉာဏ်က ကိုယ့်ခန္ဓာပေါ်မှာ စိုက်ထားပါ။

ဒီက ဘုန်းကြီးက ပြောတဲ့အတိုင်း ကိုယ့်ဉာဏ်က ကိုယ့်ခန္ဓာ အစဉ်ပေါ်မှာ လျှောက်နေပါစေ။ စာက ဆိုတာက "ဒေသနာ ဉာဏာနုသာရေန ဉာဏံ ပေသေန္တသ ဉာဏုတ္တရသ ဟောတိ" တဲ့။

**ဒေသနာဉာဏာနုသာရေန**-ဟောတော်မူတဲ့ ဒေသနာဉာဏ်တော်ကို အစဉ်လျှောက်သဖြင့်၊ **ဉာဏံ**-မိမိဉာဏ်ကို၊ **ပေသေန္တသ**-ခန္ဓာထဲသို့ စေလွှတ်သော၊ **အသ**-ထိုပုဂ္ဂိုလ်၏။ **ဉာဏံ**-ဉာဏ်သည်၊ **ဥတ္တရံ**-မြင့်မြတ်ရင့်ကျက် ထက်မြက်လာသည်။ **ဟောတိ**-ဖြစ်၏။

သူ့အဓိပ္ပာယ်က "ဒေသနာဉာဏ်ကို အစဉ်လျှောက်ပြီး ကိုယ့်ဉာဏ်ကို ကိုယ့်ခန္ဓာထဲ စေလွှတ်လိုက်တဲ့အခါ ဉာဏ်ထူးဉာဏ်မြတ်ကြီး ဖြစ်သွားလို့ တရားထူးရနိုင်တယ်တဲ့။

ဘုရားလက်ထက်တော်တုန်းက တရားတစ်ပွဲ အပြီး-အပြီးမှာ တရားထူးတွေ ရ-ရကုန်ကြတယ်ဆိုတာ အဲလိုဉာဏ်ကို စေလွှတ်လို့ ရကြတာ။ နာရုံသက်သက်နဲ့ ဘယ်တရားရလိမ့်မလဲ။

ဉာဏ်က ခန္ဓာပေါ်ရောက်လို့ရကြတာ။ ခန္ဓာပေါ်မရောက်ဘဲနဲ့ ဘယ်တရားရနိုင်လိမ့်လဲ၊ ခန္ဓာဉာဏ်ရောက်ဖြစ်မှ တရားရနိုင်မှာပေါ့။

ဒါကြောင့် **နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာပေါ် လှည့်ထားပါ** ('မိုး(၅)နှာ-၅၈၃')

နားက ကြားတတ်သောသတ္တိ၊ မှတ်တတ်သောသတ္တိပဲ ရှိသည်။ ခန္ဓာထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ဉာဏ်ကသိသည်။ တရားနာရင်း ခန္ဓာထဲလွှတ်သောဉာဏ်က ထက်မြက်လာပြီးလျှင် ခန္ဓာသည် ဒုက္ခသစ္စာပဲဟု ပိုင်းခြားသိလာသည်။ ထိုအခါ ဒုက္ခအဆုံးကို မြင်သောမဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်လာမည်။ ယင်းသည် တရားနာနည်းဖြစ်သည်။

**အများပြောနေကြသည့် နားကတရားနာ, ဉာဏ်ကခန္ဓာလှည့်** ဟုသုံးသပ်ကာ ညွှန်ပြနိုင်ခြင်းသည်လည်း **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင်ဖြစ်သည်။ သတိချပ်စရာပင်။

ဒိဋ္ဌအရင်ခွာ

ရှေ့ဝိပဿနာ၊ နောက်မဂ္ဂါ၊ မိန့်မှာ သံယုတ္တ။
ဝိပဿနာခွင်၊ လုပ်ငန်းဝင်၊ အလျှင် ဒိဋ္ဌသတ်။
ဒိဋ္ဌဖြုတ်ရန်၊ ငါးခန့်၊ မြတ်ဥာဏ် ပဋ္ဌိစ္စ၊
ဒိဋ္ဌကွာစဉ်၊ တရားဝင်၊ လျှင်မြန် မဂ်ဖိုလ်ရ။

မြတ်စွာဘုရား သာဝတ္ထိပြည်ဇေတဝန်မှာ သီတင်းသုံးတော်မူခိုက် ဖြစ်၏။

အရှင်ဗာဟိယကိုယ်တော်က "တပည့်တော် တရားရနိုင်လောက်အောင် တရားကလေးတစ်ပုဒ် အကျဉ်းချုပ် ဟောပေးတော်မူပါ ဘုရား" ဟူ၍ တောင်းပန်သည်။ ထိုအခါတွင် မြတ်စွာဘုရားက ရှေးဦးအစ ယခုမှ စတင်အားထုတ်သူအတွက် အစီအစဉ်နှင့်တကွ ဟောပြတော်မူ၏။

**တသ္မာတိဟ တွံ ဗာဟိယ အာဒိမေဝ ဝိသောဝေါ ကုသလေသု ဓမ္မေသု၊ ကောစာဒိ ကုသလာနံ ဓမ္မာနံ၊ သီလဗ္ဗ သုဝိသုဒ္ဓံ ဒိဋ္ဌိစ ဥဇုကာ။**

"ဗာဟိယ... ထိုသို့ တရားရလိုလျှင် သင်သည် ကုသိုလ်တရားတို့၌ ဦးစွာအစ ဖြူလွစင်ကြယ်အောင် သုတ်သင်ပါဦး၊ ကုသိုလ်တရားတို့၏ ဦးစွာအစဆိုသည်ကား အဘယ်နည်း..."

**(၁) သီလစင်ကြယ်ရခြင်းနှင့်**

**(၂) အယူဖြောင့်မှန်ခြင်းတို့ဖြစ်၏။**

**ယတော စ ခေါ် တေ ဗာဟိယ သီလဗ္ဗ သုဝိသုဒ္ဓံ ဘဝိဿတိ ဒိဋ္ဌိစ ဥဇုကာ၊ တတော တွံ ဗာဟိယ သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ။**

ဗာဟိယ... သီလက အလွန်စင်ကြယ်၍ အယူကလည်း ဖြောင့်မှန်ပြီဆိုလျှင် သီလကိုမှီ သီလကိုလုံခြုံစေလျက် သတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်ရာ၏။ ဤသို့အားထုတ်ပါလျှင် ကုသိုလ်တရားတို့၌ တိုးတက်ဖို့သာ ရှိသည်။ ဆုတ်ယုတ်ဖို့ မရှိတော့။ (သံ၊ ၃၊ ၁၄၃)

သံယုတ္တ နိကာယ်, မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ဗာဟိယသုတ္တ နှင့် ဥတ္တိယသုတ္တတို့၌ အထက်ပါအတိုင်း ဟောကြားထားသည်။ ဤ၌ ပါသော **ဒိဋ္ဌိစ ဥဇုကာ** ဝယ် ဒိဋ္ဌိကို အဋ္ဌကထာ၌ **ဒိဋ္ဌိတိ ကမ္မသကတ ဒိဋ္ဌိ**,ဟု ဖွင့်ပြထားသည်။ (သံ၊ ၆၊ ၃၊ ၂၅၇)

အရှင်ဥတ္တိယရဟန်းက ဤသဘောမျိုး တောင်းပန် လျှောက်ထားရာတွင်လည်း ဤလမ်းစဉ်အတိုင်းပင် ဘုရားရှင်က ဟောပြတော်မူသည်။ ထို့ကြောင့် တရားရချင်သူများ အလောတကြီးဖြင့် အဆင့်ကျော်တက်ချင်၍မရ။ အစဉ်အတိုင်း အခြေခံမှစ၍ ပြည့်စုံစေရပါမည်။ သို့ဖြစ်၍ နံပါတ် (၁) အဂါအတွက် **သီလစင်ကြယ်ရမယ်** ဆိုတာ ရှင်းပါသည်။

လူလည်း လူ့သီလ လုံခြုံရမည်။ အနည်းဆုံး ငါးပါးသီလ လုံရမည်။ သီလရှင်ဆိုလျှင်(၈)ပါးသီလ၊ သာမဏေဆိုလျှင်(၁၀)ပါး လုံကြရမည်။ ရဟန်းဆိုလျှင် အကျဉ်းအားဖြင့် (၂၂၇)သွယ်၊ အကျယ်ဆိုလျှင် ကုဋေကိုးထောင်ကျော် လုံစေရမည်။

နံပါတ်(၂)အဂါအတွက် (ဒိဋ္ဌိစ ဥဇုကာ) အယူဖြောင့်မှန်ရမယ်ဆိုတာ ဘယ်လိုဖြောင့်မှန်ရမှာလဲ။ ဒိဋ္ဌိစင်ကြယ်ရမှာကို ဆိုလိုသည်။ ဒိဋ္ဌိ ပယ်ခွာရမှာကို ခေါ်ပါသည်။ ဒိဋ္ဌိသည် သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိဟူ၍ (၂)မျိုးရှိ၏။ (**သမ္မာ**=မှန်ကန်သော၊ **ဒိဋ္ဌိ**=အမြင်၊ **မိစ္ဆာ**=မှားယွင်းသော၊ **ဒိဋ္ဌိ**=အမြင်) ထိုနှစ်မျိုးတွင် ဤနေရာ၌ မိစ္ဆာဒိဋ္ဌိကို ဖော်ပြပါမည်။

မိစ္ဆာဒိဋ္ဌိအမျိုးအစား (၆၂) ပါး ရှိ၏။ ယင်း ၆၂ ပါးတို့ကို ချုံးလိုက်လျှင် **သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ**၊ ဤ(၃)မျိုးတွင် အကုန် အကျုံးဝင်ကြသည်။

၁။ **သဿတဒိဋ္ဌိ** = ခိုင်သည်၊ မြဲသည် ယူဆသော ဒိဋ္ဌိ။

၂။ **ဥစ္ဆေဒဒိဋ္ဌိ** = ပျက်စီးပြီးလျှင် လုံးဝပြတ်သွားသည်ဟု ယူဆသော ဒိဋ္ဌိ။

၃။ **သက္ကာယဒိဋ္ဌိ** = အစစ်အမှန်ရှိသော သက္ကာယအပေါ်၌ အစစ်အမှန်မရှိသော ပညတ်များတင်စား၍ ထင်မှားနေသောဒိဋ္ဌိ။

ကံ, ကံ၏အကျိုးကို သိမြင်သောဉာဏ်သည် **ကမ္မသကတဒိဋ္ဌိ** ဖြစ်သည်။ ကံသည် အကြောင်းတရားဖြစ်သည်။ ထို့ကြောင့် ကြောင်း, ကျိုးသိဉာဏ်ကို **ကမ္မသကတဒိဋ္ဌိ**ဟု ခေါ်နိုင်အံ့ထင်ပါသည်။

**အကြောင်းပေါ် အမြင်ရှင်းလျှင် အဟေတုကဒိဋ္ဌိ ကင်းနိုင်သည်။ အကျိုးပေါ် အမြင်ရှင်းလျှင် နတ္ထိကဒိဋ္ဌိ ကင်းနိုင်သည်။ အကြောင်း အကျိုးပေါ် အမြင်ရှင်းလျှင် အကိရိယဒိဋ္ဌိ ကင်းနိုင်သည်။ ယင်းဒိဋ္ဌိသုံးမျိုးသည် နိယတမိစ္ဆာဒိဋ္ဌိများဖြစ်သည်။**

**အဖြစ်မြင်လျှင် အပျက်စင်သည်။ အပျက်မြင်လျှင် အဖြစ်စင်သည်** ဟု ပြောဆိုလေ့ ရှိကြပါသည်။ ဖြစ်စေတတ်, ပျက်စေတတ်သော အကြောင်း ကံတရားကိုသိလျှင် သဿတဒိဋ္ဌိ စင်ကြယ်နိုင်ပါသည်။ ဖြစ်ပေါ်လာခြင်း, ပျောက်ပျက်သွားခြင်း အကျိုးတရားကို သိလျှင် ဥစ္ဆေဒဒိဋ္ဌိ စင်ကြယ်နိုင်ပါသည်။ ယင်းဒိဋ္ဌိနှစ်ပါး စင်ကြယ်လျှင် သက္ကာယဒိဋ္ဌိလည်း စင်ကြယ်သွားနိုင်ပါသည်။ ထို့ကြောင့် **ဒိဋ္ဌိစ ဥဇုကာ** အရ အဌကထာ အဖွင့်နှင့် မိုးကုတ်ဆရာတော်၏ မိန့်ဆိုချက် လွဲအံ့မထင်ပါ။

## တရားအားမထုတ်မီ ဒိဋ္ဌိ အရင်ခွာ

သက္ကရာဇ် ၁၃၁၅-ခု ဆောင်းတွင်းပိုင်း (ခရစ် ၁၉၅၄-ခု ဇန်နဝါရီလထဲ) မှာ တရားဟောမှူ အရှိန်အဝါ အတော်မြင့်တက်နေပြီး ပရိသတ်တို့ကလည်း များသည်ထက်များ-များပြီးလာတော့သည်။ တရားအနုံ့သင်း၍ နာကြားသူများ တိုးပွားလာကြခြင်းမှာ ပန်းခင်းရှိရာ ပိတုန်းလိပ်ပြာတို့ လာကြသလို ဖြစ်၏။

ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်သာမက ရုပ်နာမ်ခွဲပြ၊ ပညတ်-ပရမတ်တွေကိုလည်း အသေးစိတ်ခွဲပြ၊ ရုပ်နာမ်မမှတို့ အမိဝမ်းဌ် စတင်ဖြစ်ပေါ်ပုံ၊ တရွေ့ရွေ့ ကြီးပြင်းလာပုံတို့ကိုလည်း အခြေခံကျကျ ရှင်းပြနေလေပြီ။

ဤသို့ရှင်းပြခြင်းဖြင့် အနမတဂ္ဂ ဘဝသံသရာတို့က စွဲကပ်ပါလာသောဒိဋ္ဌိတို့ကိုခွာရာတွင် မျှားစွာ အထောက်အကူဖြစ်သည်။ မိုးကုတ်ဆရာတော်ကြီး၏(မူ)က **တရားအားမထုတ်မီ ဒိဋ္ဌိအယူကို အသိဉာဏ်ဖြင့် ခွာပါဦး** ဟူ၍ ဖြစ်၏။

"ဒိဋ္ဌိတန်းလန်းဖြင့် အားထုတ်နေလို့ကတော့ ဘယ်နည်းနဲ့မှ မဂ်မရနိုင်ပါဘူး" ဟူ၍ ခဏခဏမိန့်တတ်သည်။ ဆရာတော်ကြီးကလည်း ပါဠိတော်အကိုးအကားရှိ၍ ရဲရဲကြီးမိန့်တော်မူနေခြင်း ဖြစ်ဟန်တူသည်။

ရုပ်နာမ်မကွဲလျှင်၊ ပညတ်ပရမတ်လည်း မစင်လျှင် ဒိဋ္ဌိက ဝင်တတ်၏။ ဒိဋ္ဌိတွေရှိနေလို့ကတော့ အဝိစိက အမြဲဖိတ်ခေါ်လျက်ပင် ရှိနေသည်။

**နှလုံးက ကျွတ်ဆတ်ဆတ်၊**
**ဒိဋ္ဌိကိုလည်း မခွာတတ်၊**
**အဝိစိမှာ အောက်ချိုးကပ်**
**မိစ္ဆာဒိဋ္ဌိဆိုတာ ဘယ်ဟာမျှ မကောင်း။**
**မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။** (အင်္ဂုတ္တိုရ်ပါဠိ)

**မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့သည် ခန္ဓာပျက်ကြွေ သေလွန်သောအခါ မကောင်းသဖြင့်လားရာ။ ဖောက်ဖောက်ပြန်ပြန် ကျရောက်ရာဖြစ်သော အပါယ်ငရဲ၌ဖြစ်ကြရကုန်၏** ဟု မြတ်စွာဘုရားက ဟောတော်မူသည်။

ထိုမှတစ်ပါး အဌကထာကြီးများ၌လည်း **အန္တမသော ဝိသတိ ဝတ္ထုကံ သက္ကာယဒိဋ္ဌိ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထောနာမ** နတ္ထိ၊ **ကေန္ဒံ နိရယသ္မိံယေဝ နိမုဗ္ဗာပေတိ** ဟူ၍ ဖွင့်ဆိုကြ၏။ အဓိပ္ပာယ်မှာ "အောက်ထစ်ဆုံးအားဖြင့် အခြေခံ ၂၀-မျှရှိသော သက္ကာယဒိဋ္ဌိကို အစပြု၍ ဒိဋ္ဌိဟူသမျှ နတ်ပြည်ကို ပို့နိုင်စွမ်းမရှိ၊ စင်စစ် ငရဲ၌သာ နစ်မြုပ်စေတတ်၏။"

## သက္ကာယဒိဋ္ဌိ ဆိုတာ

**သန္တော ကာယော သက္ကာယော။** **သန္တော**-တကယ်အစစ်အမှန် ထင်ရှားရှိသော၊ **ကာယော**-ရုပ်နာမ်အပေါင်းတည်း၊ **သက္ကာယော**-တကယ်အစစ်အမှန်ထင်ရှားရှိသော ရုပ်နာမ်အပေါင်း။ အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါး၊ အကျယ်ချဲ့လျှင် ခန္ဓာငါးပါးသည် တကယ်အစစ်အမှန် ရှိ၏။ ထို့ကြောင့် ယင်းတို့ကို "သက္ကာယ" ဟု ခေါ်ရ၏။

**သက္ကာယေ+ဒိဋ္ဌိ** **သက္ကာယဒိဋ္ဌိ။** **သက္ကာယေ**-တကယ်အစစ်အမှန် ထင်ရှားရှိသော ရုပ်နာမ်အပေါ်၌၊ **ဒိဋ္ဌိ**-အထင်မှား အမြင်မှားတည်း၊ **သက္ကာယဒိဋ္ဌိ**-တကယ်အစစ်အမှန် ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးအပေါ်၌ အထင်မှား အမြင်မှား။ အစစ်အမှန်ရှိတဲ့ရုပ်နာမ်အပေါ်မှာ အစစ်အမှန်မရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ ယောကျာ်း မိန်းမများ စသည်ဖြင့် တင်စား၍ ထင်မှားနေခြင်း၊ ထိုသို့ ထင်မှားနေမှုကို **သက္ကာယဒိဋ္ဌိ** ဟုဆိုသည်။ သက္ကာယဒိဋ္ဌိရှိကြသူတို့သည် -

- ယနေ့နတ်မင်းကြီး, သိကြားမင်း, နက်ဖြန်ခါ ခွေး, ဝက်, ခြ, ပုရွက်, သန်း, ကြမ်းပိုး၊
- ယနေ့ သီလဝန္တကြီး, နက်ဖြန်ခါ ဓားပြ, သူခိုး, မုဆိုး, တံငါ၊
- ယနေ့ စျာန်အဘိဉာဉ်ရ သမာဓိရင့်ကြီး, နက်ဖြန်ခါ ပွဲသဘင် အလယ်မှာ လူပျက်ကြီး၊

- ယနေ့ ကျမ်းတတ်, ဂန်တတ်, ပညာရှိကြီး, နက်ဖြန်ခါ အရှုံးအသွပ် ဥမ္မတ္တက လူအ, လူနှမ်းကြီး ဖြစ်နိုင်သော သဘောရှိကြကုန်၏"

ဟု သက္ကာယဒိဋ္ဌိ၏ စွမ်းရည်ကို ပဋ္ဌိစ္စသမုပ္ပါဒ် ဒီပနီကျမ်းမှာ လယ်တီဆရာတော်က မိန့်မှာထားသည်။ (ပဋ္ဌိစ္စသမုပ္ပါဒ် ဒီပနီ-၁၉)

## အနုလောမဉာဏ်တောင် မပေါ်လာနိုင်

ကဠိ သခါရဲ့ နိစ္စတော သမနုပဿနော အနုလောမိကာယ ခန္ဓိယာ သမန္နာဂတော ဘဝိဿတိတိနေတံ ဌာနံ ဝိဇ္ဇတိ၊ အနုလောမိကာယ ခန္ဓိယာ အသမန္နာဂတော မဂ္ဂံ သြက္ကမိဿတိတိ နေတံ ဌာနံ ဝိဇ္ဇတိ။ (အံ၊ ၂၊ ၃၈၄)

"တစ်စုံတစ်ခုသော သခါရတရားကို မြဲတယ်လို့ (သဿတဒိဋ္ဌိ အနေအားဖြင့်) ရှုမှတ်စွဲမြဲနေခဲ့သော် မဂ်ရှေ့က အနုလောမဉာဏ်တောင် မပေါ်လာနိုင်ဘူး။ အနုလောမဉာဏ်မှ မပေါ်လာလျှင် မဂ်ဉာဏ် အစစ်ဘယ်သို့ ပေါ်နိုင်တော့မည်နည်း၊ မဂ်ဉာဏ်မပေါ်နိုင်လျှင် ဖိုလ်ဉာဏ်လည်း မပေါ်နိုင်တော့။

မဂ်ဉာဏ်ဖိုလ်ဉာဏ်မပေါ်ပါက သောတာပန်မဖြစ်၊ သောတာပန်မဖြစ်လျှင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့လည်း မဖြစ်နိုင်တော့၊ သို့ဖြစ်၍ ဒိဋ္ဌိစင်ကြယ်မှုသည် လွန်စွာ အရေးကြီးလှကြောင်း သိနိုင်တော့၏"

## ဒိဋ္ဌိဆာမှုကို ဦးစွာရှေ့ထား

ထို့ကြောင့် ဒိဋ္ဌိသည် မဂ်တား ဖိုလ်တားဖြစ်၏။ မိမိတို့သွားရာလမ်းခရီးတွင် အနှောင့်အယှက် အဟန့်အတားဖြစ်သည်။ **အဟန့်အတားကို ဦးစွာဖယ်ရှားပစ်ပါဦး** ဟု မိန့်တော်မူလေ့ရှိ၏။

ဒိဋ္ဌိ ဟူသည် အပြည့်အစုံပြောလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ (မိစ္ဆာ=မှားသော၊ ဒိဋ္ဌိ=အမြင်အယူအဆ) ယင်းတို့ကား အကျဉ်းအားဖြင့် ၃-မျိုးရှိ၏။ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ဖြစ်သည်။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိ ဂတာ။
ဘဝဂ္ဂနွမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိ။

ကောင်းမှုကုသိုလ် အရှိန်အဝါက အထက်သို့လွှင့်တင် ပင့်မြှောက်လိုက်သော် ကာမသုဂတိဘုံ၊ ရူပဗြဟ္မာဘုံသို့ ရောက်ကြရကုန်၏။ ဘုံတို့၏အထွတ်အထိပ် ဘဝဂ်ဆိုသည့် နေဝသညာနာသညာယတနဘုံသို့ ရောက်နေကြပါကုန်သော်လည်း တစ်ဖန် အပါယ်ဒုဂ္ဂတိဘဝသို့ ပြန်လည်ရောက်နိုင်စွမ်းရှိကြကုန်၏။ သစ္စာမသိ၍ ဒိဋ္ဌိတန်းလန်းဖြင့် ပြုထားသော ကုသိုလ်အဟုန်ကုန်လျှင် ဒိဋ္ဌိက ဆွဲချသောကြောင့် အပါယ်သို့ ပြန်ကြရခြင်းဖြစ်သည်။

ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း, ဝက်စားကျင်းမှာ တရှတ်ရှတ် ဖြစ်တတ်ကြောင်း မြတ်ဗုဒ္ဓက သက္ကာယဒိဋ္ဌိ စွမ်းရည်ကို မိန့်တော်မူခဲ့သည်။

သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ဟုဂ္ဂိုလ်မှာလျှင်၊ လူတွင်မန္ဒာတ်၊ ထက်နတ်သိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည့် ဟု မယဒေဝလက်သစ် မှာ မန်လည်ဆရာတော် က မိန့်ဆိုခဲ့သည်မဟုတ်ပါလော။ ဒိဋ္ဌိကွာဖို့ သိပ်အရေးကြီးသည်။

သက္ကာယဒိဋ္ဌိ အပွဟာယ, ဝိစိကိစ္ဆံ အပွဟာယ, သီလဗ္ဗတပရာမာသံ အပွဟာယ၊ ဣမေ ခေါ် ဘိက္ခဝေ တယော ဓမ္မေ အပွဟာယ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ။

ရဟန်းတို့ သင်တို့သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ တို့ကို မပယ်စွန့်ဘဲ ရာဂ, ဒေါသ, မောဟကို ပယ်စွန့်ခြင်းငှာ မထိုက်ပါ။ မပယ်စွန့်နိုင်ပါဟု မြတ်ဗုဒ္ဓက အဂုံတ္တရနိကာယ်, ဒသကနိပါတပါဠိ, တယောဓမ္မသုတ်၌ ဟောတော်မူခဲ့သည်။ (အံ၊ ၃၊ ၃၇၁)

**သတ္တိယာ ဝိယ သြမဌော**
**ဒုယှမာနောဝ မတ္ထကေ။**
**သက္ကာယဒိဋ္ဌိပ္ပဟာနာယ**
**သတော ဘိက္ခု ပရိဗ္ဗဇေ။**

လုံ့ဖြင့် အထိုးခံရသူကဲ့သို့လည်းကောင်း, ဦးခေါင်းၨ် မီးလောင်ခံနေရသူကဲသို့လည်းကောင်း ရဟန်းသည် (ယောဂီသည်) သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှာ သတိဖြစ်လျက် နေရာ၏။ မြတ်ဗုဒ္ဓ သာဝတ္ထိပြည် ဇေတဝန်ကျောင်းၨ် သီတင်းသုံးနေစဉ် နတ်သားတစ်ဦးက မြတ်ဗုဒ္ဓထံ ချဉ်းကပ်ပြီး အောက်ပါဂါထာဖြင့် လျှောက်ထားသောကြောင့် ဖော်ပြပါ ဂါထာကို မိန့်တော်မူခြင်း ဖြစ်သည်။

**သတ္တိယာ ဝိယ သြမဌော**
**ဒုယှမာနောဝ မတ္ထကေ။**
**ကာမရာဂပ္ပဟာနာယ၊**
**သတော ဘိက္ခု ပရိဗ္ဗဇေ။**

နတ်သားလျှောက်ထားသော ဂါထာက ကာမရာဂပယ်ရန် ညွှန်ပြသည်။ မြတ်ဗုဒ္ဓက သက္ကာယဒိဋ္ဌိပယ်ရန် ဟောပြောသည်။ ကာမရာဂကို အနာဂါမိမဂ်ဖြင့် ပယ်ရသည်။ **သက္ကာယဒိဋ္ဌိ**ကို ဖြတ်ပြီးမှသာ သကဒါဂါမ်, အနာဂါမ် ဖြစ်ရသည်။

ထို့ကြောင့် သောတာပန်ဖြစ်ရန် **သက္ကာယဒိဋ္ဌိ** ကို ဦးစွာ ပယ်ရမည်။ **သက္ကာယဒိဋ္ဌိ** ပယ်ဖို့က ရှေးဦးစွာ ပြုလုပ်ရမည်ဖြစ်သောကြောင့် မြတ်ဗုဒ္ဓက **သက္ကာယဒိဋ္ဌိ** ပယ်ဖို့ ဟောတော်မူသည်ဟု မှတ်ယူရသည်။ (သံ၊ ၁၊ ၁၂။ သံ၊ ၆၊ ၁၊ ၄၆–၅၇။ သံ၊ ၈၊ ၁၊ ၉၀)

– လုံ့စူးသောနှယ်၊ ရင်မှာဝယ်၊ ဘုန်းကြွယ်မိန့်ခဲ့ရာ။
– ဦးခေါင်းလောင်မီး၊ အရေးကြီး၊ စောထီးဥပမာ။
– အပါယ်ဝင်ရှောင်ကြား၊ ဒိဋ္ဌိဘေး၊ တွေးရှောင်ကြောက်စရာ။

– ဒိဋ္ဌိကွယ်က၊ အပါယ်မှ၊ မုချလွတ်မည်သာ။
– ဒိဋ္ဌိတရား၊ ဆိုသည်ကား၊ ကြီးမားအပြစ်မှာ။
– ကျမ်းမြတ်အလို၊ အဂုံတို့ရ၊ ဘုန်းမိုဟောမိန့်မှာ။
– ဗုဒ္ဓပြွါဒ၊ ကြုံပါမှ၊ သိကြသက္ကာယာ။
– သုံးလူ့မြတ်ဖျား၊ မဟောကြား၊ လားလားမသိပါ။
– ဒိဋ္ဌသတ်မှ၊ မြတ်ဗုဒ္ဓ၊ တွေ့ရကျိုးနပ်ပါ။
– ဒိဋ္ဌမချိုး၊ အနွမျိုး၊ တွေ့ကျိုးမနပ်ရာ။
– တွေ့ကျိုးနပ်အောင်၊ လုံးလဆောင်၊ ကြိုးနှောင်ကြစမ်းပါ။

"ကမ္မဋ္ဌာန်းသည် ဒိဋ္ဌသတ်ကမ္မဋ္ဌာန်းနှင့် တဏှာသတ် ကမ္မဋ္ဌာန်း ဟုလည်း အနည်းဆုံး နှစ်မျိုးရှိသည်။ ကမ္မဋ္ဌာန်းပြဆရာတို့မှာ ဒိဋ္ဌသတ် ကမ္မဋ္ဌာန်းနှင့် တဏှာသတ် ကမ္မဋ္ဌာန်းနှစ်ပါး ကွဲကွဲပြားပြား ရှိရသည်။ ကမ္မဋ္ဌာန်းပြဆရာ မလိမ္မာက သမထနှင့် ဝိပဿနာမကွဲဘဲ ရှိတတ်သည်။ ဒိဋ္ဌတဏှာ မကွဲ၍ အလွဲလွဲ ဖြစ်တတ်သည်။ မဂ်လမ်း ဖိုလ်လမ်း ဝေးတတ်သည်" ဟု ပညာရှင်များက သတိပေးတော်မူခဲ့ကြသည်။ ဒိဋ္ဌ, တဏှာသဘောနှင့် စွမ်းအင်ကို လေ့လာကြည့်လျှင် တဏှာထက် ဒိဋ္ဌကို အရင်ပယ်သတ်ရမည်ဖြစ်ကြောင်း တွေ့ရသည်။

ဝိပဿနာအားမထုတ်ခင် အဟန့်အတား၊ အနှောင့်အယှက်များ ဖြစ်သည့် ဒိဋ္ဌနှင့် ဝိစိကိစ္ဆာတို့ကို ဉာတပရိညာသဘောအရ အသိဉာဏ် ဖြင့် ခွာထားရသည်။ ယင်းသို့မခွာဘဲ လုပ်နေသော ဝိပဿနာကို ဒုဗ္ဗလ ဝိပဿနာဟုခေါ်သည်။ အားနည်းတဲ့ ဝိပဿနာ၊ အင်အားချည့်နဲ့တဲ့ ဝိပဿနာဟု အဓိပ္ပာယ်ရသည်။ ဒုဗ္ဗလဝိပဿနာဖြစ်နေလျှင် ထမြောက် အောင်မြင်မှု နှေးကွေးနေတတ်သည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီးက –

၁။ ဒါနကို နောက်ထားပါဦး၊

၂။ သီလကိုလည်း နောက်ထားပါဦး၊

၃။ သမထကိုလည်း နောက်ထားပါဦး၊

၄။ ဝိပဿနာကိုလည်း နောက်ထားပါဦး၊

သူတို့အရင် ဒိဋ္ဌိဆွမ္ဘ ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထားပါ ဟူ၍ ခဏခဏမိန့်တော်မူခြင်း ဖြစ်သည်။

ဝိပဿနာမလုပ်ခင် ဒိဋ္ဌိကို အရင်ဆွဲပါဦး ဆိုတဲ့စကားသည် မိုးကုတ်ဆရာတော်ကြီး၏ လက်သုံးစကားပင်ဖြစ်သည်။ ဒါဟာ မူသေစကားပင်။ သည်စကားကို မိုးကုတ်ဆရာတော်ကြီးက ကျယ်ကျယ်လောင်လောင် ထပ်ခါထပ်ခါ ပြောနေခြင်းဖြစ်၏။ ယင်းသည်လည်း မိုးကုတ်ဂုဏ်ရည် တစ်ရပ်ပင်ဖြစ်သည်။

## ဒိဋ္ဌိဖြစ်ကြောင်း(၈)ပါး

**ခန္ဓာ အဝိဇ္ဇာ ဖဿောစ**
**သညာ တဏှာ အယောနိသော။**
**ဒုမ္မိတ္တော ပရတော ဃောသော**
**ဒိဋ္ဌိဌာနာနိ အဋ္ဌမာ။ (အံ၊ ၆၊ ၃၊ ၃၃၂)**

၁။ ခန္ဓာ၏ သဘောကို မသိခြင်းကြောင့် ဒိဋ္ဌိဝင်တယ်၊ ခန္ဓာ ငါးပါးထဲက ဘယ်ဟာရှုရှု၊ တစ်ခုခုကို ရွေးရှုပါ။ ဥပမာ ရုပ်ကိုရှုတယ် ဆိုရင် ရုပ်ကလေးတွေ ပေါ်လာတာလည်းသိအောင်၊ ပျောက်သွားတာလည်း သိအောင်ရှုပါ၊ ပြောနေကျစကားလုံးနဲ့ ပြောရရင်ဖြစ်လာတာလည်း သိအောင်၊ ပျက်သွားတာလည်း သိအောင်ရှုပါ၊ ရုပ်ကို တွေ့နေရုံနဲ့ မပြီးသေး။

အလားတူပဲ ဝေဒနာကိုရှုတဲ့အခါမှာလည်း ဝေဒနာကို တွေ့နေရုံနဲ့မပြီးသေး။ ဝေဒနာရဲ့ အဖြစ်အပျက်ကိုတွေ့သည်အထိ ရှုပါ။

သညာ၊ သင်္ခါရ၊ စိတ်တို့ကို ရှုတဲ့အခါမှာလည်း အဖြစ်အပျက်တွေ့သည်အထိရှုပါ။ ဖြစ်တိုင်းသိ ပျက်တိုင်းသိအောင်ရှုပါ။

အဲလိုသိလာရင် သိတိုင်း-သိတိုင်း ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ ပျောက်နေတယ်။ ဘာလို့လဲဆိုတော့ ဖြစ်တာပျက်တာက ပုဂ္ဂိုလ် သတ္တဝါမှမဟုတ်ဘဲ၊ ဒုက္ခတွေဖြစ်၍ ဒုက္ခတွေပျက်နေတာပဲဟာ။ အဲလို သိလာတော့ ဒိဋ္ဌိကွာတာပေါ့။

အဲသည်လို ခန္ဓာရဲ့ ဖြစ်တာ ပျက်တာကိုမမြင်ရင်၊ ခန္ဓာ့ အကြောင်းကိုမသိရင် ပုဂ္ဂိုလ်သတ္တဝါထင်နေမယ်။ ပုဂ္ဂိုလ်သတ္တဝါထင်ရင် ဒိဋ္ဌိဝင်တာပေါ့။ အချုပ်ပြောကြစို့ဆိုတော့ ခန္ဓာဖြစ်၍ ခန္ဓာပျက်တာကို မသိရင် ဒိဋ္ဌိဝင်တယ်။ ဒိဋ္ဌိဝင်ခြင်းရဲ့ အကြောင်းတစ်ခုပေါ့။

၂။ နောက်တစ်ခုက အဝိဇ္ဇာကြောင့်လည်း ဒိဋ္ဌိဖြစ်တယ်၊ ရုပ်ပေါ်တာ ရုပ်ပျက်တာမသိ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ စိတ်တွေပေါ်တာ ပျက်တာမသိရင် ဒိဋ္ဌိဝင်တယ်။

၃။ ဖဿကြောင့်လည်း ဒိဋ္ဌိဖြစ်တယ်၊ အခံဓာတ်+အတိုက်ဓာတ်+အပွင့်ဓာတ်တွေ ဆုံကြတာဟာဖဿပေါ့၊ သူတွေ့ထိတယ် လုပ်နေတော့ ဒိဋ္ဌိဝင်တာပေါ့။ အမှန်က ဓာတ်တွေ ဆုံကြ ကြုံကြခြင်းမျှသာ ဖြစ်တယ်။

၄။ သညာမှား အမှတ်မှားလို့လည်း ဒိဋ္ဌိဖြစ်၊ ခန္ဓာတွေ ရုပ်နာမ်တွေကို သူပဲ၊ ငါပဲ၊ ယောက်ျား မိန်းမပဲလို့အမှတ်မှားသောကြောင့်လည်း ဒိဋ္ဌိဖြစ်တယ်။

၅။ ဝိတက်ကြောင့်လည်း ဒိဋ္ဌိဖြစ်တယ်၊ မျက်စိ နား နှာ စတဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို "ငါပိုင် ငါစိုး" ဟု ကြံစည်မှားသောကြောင့်လည်း ဒိဋ္ဌိဖြစ်ရတယ်။

၆။ အယောနိသော မနသိကာရ နှလုံးသွင်းမှားလို့လည်း ဒိဋ္ဌိဖြစ်ရတယ်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ရုပ်နာမ်ခန္ဓာတွေကိုပဲ ယောက်ျားလို့ နှလုံးသွင်း၊ မိန်းမလို့ နှလုံးသွင်း၊ သမီးလို့ သားလို့ စသည်နှလုံးသွင်းမှား သောကြောင့်လည်း ဒိဋ္ဌိဖြစ်ရတယ်။

၇။ ဒုမ္မိတ္တာ၊ မိတ်ဆွေများနဲ့ ပေါင်းသင်းမိလို့လည်း ဒိဋ္ဌိဖြစ်ရတယ်။

၈။ ပရတောဃောသ၊ များတဲ့တရားကို နာမိလို့လည်း ဒိဋ္ဌိဖြစ်ရတယ်။ သူတစ်ပါးထံမှ ဒိဋ္ဌိမကွာတဲ့တရားကို နာရလို့လည်း ဒိဋ္ဌိဖြစ်ရတယ်။

- ခန္ဓာမသိ-အဝိဇ္ဇာရှိ၊ တွေ့ထိ-အမှတ်မှား။
- ကြံစည်-နှလုံးသွင်း၊ မိတ်ပေါင်းသင်း၊ ပျက်ယွင်းနာတရား။
- ဤရှစ်ပါးတွင်၊ တစ်အင်အင်ကြောင့်၊ အမြင်ယွင်းဖောက်၊ ဒိဋ္ဌိရောက်၊ တောက်လျှောက်အပါယ်သွား။

ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းတရား(၈)ပါး ရှိကြောင်းကို အဋ္ဌကထာ၌ ဖွင့်ဆိုပြသည်။

## လူနတ်ဗြဟ္မာ သူငါမဟုတ် နာမ်ရုပ်မျှသာ

အမိဝမ်းမှာပဋိသန္ဓေစတည်ကတည်းက ရုပ်နှင့်နာမ်တစ်ပြိုင်နက်ဖြစ်ပေါ်လာခဲ့ကြသည်။ ရုပ်တရားတွေက အဟောင်း-အဟောင်းပျက်၍ အသစ်-အသစ်အစားဖြည့်ရင်း တရွေ့ရွေ့တဖြည်းဖြည်း ကြီးရင့်လာခဲ့ကြ၏။ မမြင်ရသောနာမ်တရားတို့လည်း အဆက်မပြတ် တရစပ်ဖြစ်ပေါ်ကွယ်ပျောက်၍ အဟောင်း-အသစ်လဲခဲ့ကြသည်။

ပဋ္ဌဝေါကာရဘုံ၌ သက်ရှိပုဂ္ဂိုလ်တစ်ယောက်မှာ ရုပ်တရားနှင့် နာမ်တရား(၂)မျိုးသာလျှင် ရှိကြ၏။ ဤ ၂-မျိုးကား ဘယ်အချိန် စစ်ဆေး-စစ်ဆေးတွေ့ရမည်ဖြစ်၏။ ထိုတွင် ရုပ်တရားကြီးက ဘာမျှ မသိတတ်၊ နာမ်တရားကသာလျှင် သိတတ်သည်။

မိမိတို့ကိုယ်တွင်လည်း စစ်ဆေးနိုင်၏။ မသိတတ်တဲ့သဘော၊ သိတတ်တဲ့သဘောတွေရှိကြသည်။ ထိုတွင် မသိတတ်တဲ့ သဘောက ရုပ်၊ သိတတ်တဲ့ သဘောက နာမ်ဖြစ်သည်။ ဤ ရုပ်နှင့်နာမ်ကိုပင် လူနတ်ဗြဟ္မာ ဟူ၍သတ်မှတ်ထားကြ၏။ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျားမိန်းမ

ဟူ၍ သမုတ်ထားကြ၏။ မောင်ဖြူ မောင်နီ မပု မနု စသည် နာမည် ပေးထားကြ၏။ ထိုအားလုံးသည် ဆိုင်းဘုတ်ဆွဲထားခြင်းမျှသာ ဖြစ်သည်။ ဆွဲသည့်အတိုင်း အထင်မှား အမှတ်မှားနေကြကုန်၏။

အမှန်မှာ ရုပ်နှင့်နာမ်သာလျှင် အစစ်ဖြစ်သည်။ ထိုတွင် ရုပ် ဟူသမျှ မသိတတ်ကြ၊ နာမ်တရားကသာလျှင် သိတတ်သည်။

**၁။ ရုပ်ဟူသမျှ၊ မသိကြ၊ သိက နာမ်ခေါ်လေ။**

**၂။ လူနတ်ပြဟ္မာ၊ သူငါမဟုတ်၊ နာမ်နှင့် ရုပ်၊ မှုချ ဉာဏ်မြင်စေ။**

**ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုငါးတန်၊ ငါးရပ်ခန်တည်း** ဟု ဆိုသည့်အတိုင်း ရုပ်နာမ်သည် ခန္ဓာငါးပါး ဖြစ်သည်။ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရ က္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့ဖြစ်သည်။ **ဖောက်ပြန်,ခံစား၊ မှတ်သား,ပြုပြင်၊ သိဝိညာဏ်၊ ငါးအင် ခန္ဓာမှတ်** ဟူ၍ မိုးကုတ်ဆရာတော်က ခန္ဓာငါးပါးသဘာဝများကို လက်ဖြင့် ညွှန်ပြခဲ့ပါသည်။ ရုပ်နာမ်သဘောများကို ဦးစားပေး၍ ဟောပြောခြင်းသည်လည်း **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင် ဖြစ်သည်။

## ပညတ်တရားနှင့် ပရမတ်တရား

**သင်္ခေါတ ဝစနံ သစ္စံ၊ လောက သမ္မုတိ ကာရဏာ။**

**ပရမတ္ထ ဝစနံ သစ္စံ၊ မမ္မာနံ ဘူတကာရဏာ။**

လောကလူအများက အသိအမှတ်ပြု, သတ်မှတ်, သမုတ်ထားသောကြောင့် အမှတ်အသားဖြင့် ပြောကြားရသော စကားသည်လည်း မှန်ကန်ပါသည်။ သဘောတရားတို့၏ ဟုတ်မှန်နေသောကြောင့် တရားသဘောသက်သက်ဖြင့် ပြောကြားရသော စကားသည်လည်း မှန်ကန်ပါသည်ဟု အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုထားကြသည်။

မိမိတို့သန္တာန်၌ရှိသော ရုပ်နာမ် ၂-ပါး (သို့မဟုတ်) ခန္ဓာငါးပါးသည် တကယ်အစစ်အမှန်ရှိသော တရားဖြစ်သောကြောင့် (သန္တာ

ကာယော သက္ကာယော) အရ **သက္ကာယ** မည်၏။ တစ်နည်း **ပရမတ္ထ တရား** လည်းမည်၏။

ဤရုပ်နာမ် ၂-ပါး၊ ခန္ဓာငါးပါးကို ယောက်ျားဟူ၍ မှည့်ခေါ်သတ်မှတ်၊ မိန်းမဟူ၍ မှည့်ခေါ်သတ်မှတ်ပြီးလျှင် "ယောက်ျား" "မိန်းမ" ဟုသိမှတ်ခံယူနေသည်ကား အသိမှား-အမှတ်မှား ဖြစ်နေတော့၏။ အမှန်စင်စစ် ယောက်ျား-မိန်းမဆိုသည်မရှိ၊ ရုပ်နာမ် ၂-ပါး၊ ခန္ဓာငါးပါးသာရှိသည်။ ပုဂ္ဂိုလ်-သတ္တဝါဆိုသည်လည်းမရှိ၊ ရုပ်နာမ် ၂- ပါး၊ ခန္ဓာငါးပါးသာရှိသည်။ ဦးဖြူ-ဦးနီ၊ ဒေါ်ဖြူ-ဒေါ်နီ၊ မပု-မဥ-မနုဆိုသည် မရှိ၊ ရုပ်နာမ် ၂-ပါး၊ ခန္ဓာငါးပါးသာရှိသည်၊ သား-သမီး-မြေး-မြစ်ဆိုသည်တွေလည်းမရှိ၊ ရုပ်နာမ် ၂ပါး၊ ခန္ဓာငါးပါးသာရှိသည်။

ဤသို့အားဖြင့် တကယ်အစစ်အမှန်ရှိသော ရုပ်နာမ် ၂-ပါး၊ ခန္ဓာငါးပါးတို့သည် **ပရမတ်တရား** များဖြစ်ကြ၏။ ယင်းပရမတ်တရားတို့အပေါ်မှာ ခေါ်ရုံသာခေါ်နိုင်ဖို့ မှည့်ခေါ်သတ်မှတ်ထားသော ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ၊ ဦးဖြူ၊ ဦးနီ၊ ဒေါ်ဖြူ၊ ဒေါ်နီ၊ မပု၊ မဥ၊ မနု၊ သား သမီး မြေး မြစ် စသောအမည်တို့ကား **ပညတ်တရား** တို့သာဖြစ်ကြကုန်၏။ တကယ်အစစ်မရှိ၊ ရှာသော်မတွေ့၊ မရှိ၍ မတွေ့ခြင်း ဖြစ်သည်။

**ပရမတ်တရား** တို့ကား ရှာသော်တွေ့၏။ ဖောက်ပြန်မှု သဘောတရားတွေကိုတွေ့၏။ ရှိ၍တွေ့ခြင်းဖြစ်သည်။ ရှိတာကို ရှုရမည်၊ မရှိတဲ့ ပညတ်ကို သွားပြီးရှုမနေနှင့်။ ဤသို့လျှင် ပညတ်နှင့် ပရမက် ကွဲပြားစွာ သိမှ အလုပ်လုပ်၍ လမ်းစဉ်တည့်မည်။ မကွဲပြားလျှင် ပရမတ်ကို သိသောဉာဏ်မဝင်၊ ပရမတ်ဉာဏ်မဝင်လို့ကတော့ **ဒုတိယမုံရွေးဆရာ**တော်၏ မေတ္တာစာလို ဖြစ်ကုန်ဖွယ်ရှိတော့၏။

ပရမတ်ဉာဏ်မဝင်၍ သူတော်စင်မဟုတ်ကြလျှင်၊ မြုပ်ရမည် စုန်းစုန်း၊ စိတ်ချတော့ ဒုန်း ဒုန်း၊ သေမင်းကလည်း မြင်တိုင်းမုန်း တဲ့၊ ပြီးတော့ -

နှလုံးက ကျွတ်ဆတ်ဆတ်၊ ဒိဋ္ဌကိုလည်း မခွာတတ်၊ အဝိစိမှာ အောက်ချိုးကပ် တဲ့ အဲသည်လိုဖြစ်ကုန်မည်။ ထို့ကြောင့် -

ပရမတ်ကို ကြပ်ကြပ်ကြည့်၊ ချိန်ခွင်ကြီးလို မတ်မတ်တည့်၊ အရှခံ-ရှဉာဏ်ထပ်ထပ်မိ တဲ့။ ညတ်လည်းညတ်တတ်မှ၊ မတ်လည်း မတ်တတ်မှ ဟု အဆိုရှိသည်။

ပညတ်နေရာ ပရမတ်သုံးလျှင် မှားသည်။ ပရမတ်နေရာ ပညတ် သုံးလျှင် လွဲသည်။ ပညတ်က လောကမျက်စိဖြင့် ကြည့်၍ သုံးရသည်။ ပရမတ်က ဉာဏ်မျက်စိဖြင့် ကြည့်၍သိရသည်။

## ဝ-မရှိက ဝိလည်းမဖြစ်နိုင်

၁။ ပရမတ်မသိ၊ (ဝ)မရှိ၊ (ဝိ)လည်းမဖြစ်နိုင်။

၂။ ဝိမဖြစ်က၊ အနတ္တ၊ မုချ ဉာဏ်မပိုင်။

၃။ ဉာဏ်မြင်မရ၊ သံသာရ၊ ဒုက္ခမဆုံးနိုင်။

၄။ ဒုက္ခဆုံးရန်၊ အလုပ်မှန်၊ ကျင့်ကြံဖွဲ့ခိုင်ခိုင်။

ပရမတ်သဘောကို ကောင်းစွာမသိလျှင်(ဝ)ဆိုတဲ့ ဝ ဝတ္ထာန= ပိုင်းခြားနိုင်မှုမရှိ **ဒါက ပညတ်၊ ဒါက ပရမတ်** ဟူ၍ ပိုင်းခြားနိုင်မှုမရှိ။

ပိုင်းခြားနိုင်မှုမရှိလျှင်(ဝိ)ဆိုတဲ့ ဝိပဿနာလည်းမဖြစ်နိုင်၊ ပညတ် နဲ့ပရမတ်ကို ပိုင်းခြားနိုင်မှု ခွဲခြားနိုင်မှုမရှိတော့ မည်သည့်အရာကို ရှုမှန်း မသိ၊ စင်စစ် ပရမတ်ကိုရှုရမှာ, ပညတ်ကြီးကို ရှုမိနေသည့်အတွက် ဝိပဿနာ မဖြစ်နိုင်တော့။ ဝိပဿနာမဖြစ်တော့ အနတ္တဉာဏ်လည်းမရ၊ အနတ္တဉာဏ်မရတော့ သံသရာမဆုံးနိုင် ဖြစ်ကြတော့သည်။

ပညတ္တိ ဌပေတွာ အရ ပညတ်ကိုခွာထားခဲ့၍ ပရမတ်သားသို့ ရောက်အောင် ဉာဏ်ဖြင့်ထောက်လျက် ဖောက်ပြီးသိရမည်။

ပရမတ်တရားတို့၏ (အနိစ္စ ဒုက္ခ အနတ္တ) ဖြစ်-ပျက် ဖောက် ပြန်မှုတွေကို မြင်အောင်ရှုရပါမည်။

ပညတ်ကို ဝိပဿနာ မရှုရ၊ ပညတ်သည် ဝိပဿနာ၏ အာရုံလည်းမဟုတ်၊ ပညတ်သည် ရှိလည်းမရှိ၊ မရှိသောအရာကို ရှုနေရန် မလို၊ ရှိသောပရမတ်ကိုသာ ရှုရမည် ဖြစ်၏။ ထို့ကြောင့် မရှိဘဲလျက် ထင်စွဲနေခဲ့သော ပညတ်ကို ဖွာထားခဲ့ရမည်။ **ညတ်လည်း၊ ညတ်တတ်မှ၊ မတ်လည်း မတ်တတ်မှ** တော်ကာကျမည်။ ညတ်ရမည့်နေရာ မတ်လျှင် မှားသည်။ မတ်ရမည့်နေရာညတ်လျှင် လွဲသည်။ ယေဘုယျအားဖြင့် ညတ်,ဟု ဆိုအပ်သော **ပညတ်သည် လောကသုံးဖြစ်သည်။**

လောကမှာ အဆင်ပြေစွာ နေတတ်, ပြောတတ်, ကျင့်သုံးတတ်အောင် ညွှန်ပြတတ်သည်။ မတ်,ဟု ဆိုအပ်သော **ပရမတ်သည် ဉာဏ်အသုံး ဖြစ်သည်။** အများအားဖြင့် စိတ်ထဲမှာသာ ထင်မြင်နေရသည်ဟု ဆိုချင်လာပါသည်။ **ပညတ်ပေါ်လျှင် ပရမတ်ငုတ်သည်။ ပရမတ်ပေါ်လျှင် ပညတ်ငုတ်သည်** ဟု ပညာရှိတို့က မိန့်ဆိုခဲ့ကြသည်။

အဌကထာ, ဋီကာတို့၌ ပညတ်ခေါ် သမုတိဒေသနာ ဟောပြောရခြင်းအကြောင်း ရှစ်မျိုးထိ ဖော်ပြကြသည်။ (၁) ဟိရိသြတ္တပ္ပကို ပြလိုခြင်း (၂) ကံ, ကံ၏ အကျိုးကိုဖော်ပြလိုခြင်း (၃) ယောဂျား, မိန်းမသီးခြားပြုရမည့် ကိစ္စများကို ညွှန်ပြလိုခြင်း (၄) အာနန္တရိကကံကိုဖော်ပြလိုခြင်း (၅) ဗြဟ္မဝိဟာရကို ထုတ်ဖော်လိုခြင်း (၆) ပုဗ္ဗေနိဝါသ သဘောကိုထင်လင်းစေလိုခြင်း (၇) ဒက္ခိဏာ ဝိသုဒ္ဓိ အလှူခံနှင့် လှူဖွယ်ပစ္စည်းသန့်ရှင်းစင်ကြယ်မှုကို လမ်းညွှန်စေလိုခြင်း (၈) လောကပြောရိုးဆိုစဉ်ကို မပယ်ဖျက်လိုခြင်းဟူသော အကြောင်းများဖြစ်သည်။ သတိချပ်စရာကောင်းလှသည်။

မိုးကုတ်ဆရာတော်သည် တရားဟောရာ၌ ပညတ်ခွဲ၊ ပရမတ်ခွဲများ ပါအောင်ဟောပြောလေ့ရှိသည်။ ယင်းသည် ထူးခြားချက် ဖြစ်သည်။ ယင်းသည်လည်း **မိုးကုတ်ဂုဏ်ရည်** တစ်ရပ်ပင် ဖြစ်သည်ဟု ထင်ပါသည်။

## သစ္စာဆိုက်အောင်ဟော

ကေမန္ဒီ နိသိန္နသ ခေါ ဗြဟ္မဏသ ပေါက္ခရသာတိသ ဘဂဝါ အနုပုဗ္ဗိံ ကထံ ကထေသိ၊ သေယျထိဒံ၊ ဒါနကထံ သီလကထံ သဂ္ဂကထံ ကာမာနံ အာဒီနဝံ သြကာရံ သံကိလေသံ နေက္ခမ္မေ အာနိသံသံ ပကာသေသိ။

မြတ်စွာဘုရားသည် သင့်တင့်လျောက်ပတ်စွာ ထိုင်နေသော ပေါက္ခရသာတိပုဏ္ဏားအား အနုပုဗ္ဗိကထာကို (အစဉ်ဖြစ်သော ဒေသနာတော်ကို) ဟောတော်မူပြီ။ အနုပုဗ္ဗိကထာဟူသည် အဘယ်နည်း။

၁။ ဒါနကထာ၊

၂။ သီလကထာ၊

၃။ သဂ္ဂကထာ၊

၄။ ကာမာနံအာဒီနဝကထာ၊

၅။ နေက္ခမ္မေ အာနိသံသကထာကို မြတ်စွာဘုရားသည် အထင်အရှား ဖြစ်တော်မူပြီ။

ယဒါ ဘဂဝါ အညာသိ ဗြဟ္မဏံ ပေါက္ခရသာတိ ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ-ပသန္နစိတ္တံ၊ အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ တံ ပကာသေသိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ။

အကြင်အခါ၌ မြတ်စွာဘုရားသည် ပေါက္ခရသာတိပုဏ္ဏားကို ကလ္လစိတ္တ-အသဒ္ဓိယ စသည်ညစ်ကြေး အပြစ်ဘေးမှ ကင်းဝေးစင်ကြယ်တင့်တယ်ခုံညားသောစိတ်, မုဒုစိတ္တ-ဒိဋ္ဌိမာနစသည်မပျံ့, ကိုယ်မှာတန်.၍ နူးညံ့သောစိတ်, ဝိနီဝရဏစိတ္တ-ခြောက်နီဝရဏ ပြစ်ဒေါသမှ ကင်းပ စင်ကြယ်သောစိတ်, ဥဒဂ္ဂစိတ္တ-သမ္မာပဋိပတ် အကျင့်မြတ်၌ စိတ်ဓာတ်ရှင်ပြ ပါမောဇ္ဇကြောင့် တက်ကြွသောစိတ်, ပသန္နစိတ္တ-သဒ္ဓါဇောဝင် ညစ်ကြေးစင်၍ ကြည်လင်သောစိတ် ရှိသည်ကို သိတော်မူပြီ။

ထိုသို့ သိတော်မူရာအခါ၌ ဘုရားရှင်တို့၏ ကိုယ်တော်တိုင် ချီးမြှောက်ခြင်းရှိသော (၀၊) ကိုယ်တိုင်ကိုယ်ကြပ် နှုတ်တော်မြတ်ဖြင့် ထုတ်ဖော်လုပ်၍ ဟောတော်မူအပ်သော အကြင်တရား ဒေသနာတော် ရှိ၏။ ထိုတရားဒေသနာတော်ကို ထင်စွာပြတော်မူပြီ။ ၎င်းမှာ -

၁။ ဒုက္ခသစ္စာ၊

၂။ သမุဒယသစ္စာ၊

၃။ နိရောဓသစ္စာ၊

၄။ မဂ္ဂသစ္စာတို့ဖြစ်သည်။

သေယျထာပိ နာမ သုဒ္ဒံ ဝတ္ထံ အပဂတကာဠကံ သမ္မဒေ၀ ရဇနံ ပဋိဂ္ဂဏေ့ယျ၊ ၀ေမေ၀ ပြဟ္ဟဏသ ပေါက္ခရသာတိသ တသ္မိံ ယေ၀ အာသနေ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံကိ�parenthesis သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ။ (ဒီ၊ ၁၊ ၁၀၂)

မည်းနက်သော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သန့်ရှင်းသော အ၀တ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ထို့အတူ ပေါက္ခရသာတိပုဏ္ဏားအား ထိုနေရာ၌ပင် ရာဂ, ဒေါသ, မောဟမြူမှုကင်းသော (ဒိဋ္ဌိ ဝိစိကိစ္ဆာမြူမှုကင်းသော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာအညစ်အကြေးမှ ကင်းသော၊ သစ္စာလေးပါးတို့၏ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်သည် (၀၊) သမထ, ဝိပဿနာတရားတို့ကြောင့်ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်ပြီ။ "အလုံးစုံသော တေဘူမကတရားသည် ဖြစ်ခြင်းသဘောရှိ၏။ ထိုအလုံးစုံသော တေဘူမကတရားသည် ချုပ်ခြင်းသဘောရှိ၏။ (ဖြစ်သမျှဟာ ပျက်ရမှာပဲ) ဟူသော အသိဉာဏ် ရသွားပြီ။

ယင်းသည် ဒီဃနိကာယ်, သီလက္ခန္ဓ၀ဂ်, အမ္ဗဋ္ဌသုတ်၌ မြတ်စွာဘုရားက ပေါက္ခရသာတိပုဏ္ဏားအား အနုပုဗ္ဗိကထာ ဟောပြောရာ၌ သစ္စာလေးပါး အထွတ်တပ်ဟောပြောပုံနှင့် ပေါက္ခရသာတိပုဏ္ဏား

သောတာပန် ဖြစ်သွားပုံကို ဖော်ပြထားသော စကားရပ်ဖြစ်သည်။ အနုပုဗ္ဗိ ကထာနှင့် ပတ်သက်၍ အဋ္ဌကထာ၌ ဟောပါအတိုင်း ရှင်းပြထားသည်။

အနုပုဗ္ဗိကထာ နာမ ဒါနာနန္တရံ သီလံ, သီလာနန္တရံ သဂ္ဂေါ, သဂ္ဂါနန္တရံ မဂ္ဂေါတိ ဇေတသံ အတ္ထာနံ ဒီပနကထာ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၄၈)

ဒါန၏ အခြားမဲ့၌ သီလ, သီလ၏ အခြားမဲ့၌ နတ်ပြည်, နတ်ပြည်၏အခြားမဲ့၌ မဂ် ဟူ၍ ဤသို့သောအနက်တို့ကို ပြဆိုသော စကားသည် အစဉ်အတိုင်းသောစကား မည်၏။

ဤအဋ္ဌကထာ ဖွင့်ပြချက်သည် ကထာလေးမျိုးသာ ဖော်ပြ ထားသည်။ ၄င်းမှာ -

၁။ ဒါနကထာ၊

၂။ သီလကထာ၊

၃။ သဂ္ဂကထာ၊

၄။ မဂ္ဂကထာတို့ဖြစ်သည်။

ပါဠိတော်၌ကား -

၁။ ဒါနကထာ၊

၂။ သီလကထာ၊

၃။ သဂ္ဂကထာ၊

၄။ ကာမာနံ အာဒီနဝကထာ၊

၅။ နေက္ခမ္မေအာနိသံသကထာ၊

၆။ စတုသစ္စကထာဟု ခြောက်မျိုးပြထားသည်။ ယင်းခြောက်မျိုး တို့တွင် ကာမာနံအာဒီနဝကထာ, နေက္ခမ္မေအာနိသံသကထာနှင့် စတု သစ္စကထာတို့သည် မဂ္ဂကထာထဲ၌ အားလုံးအကျုံးဝင်သွားသောကြောင့် ပါဠိတော်နှင့် အဋ္ဌကထာ မဆန့်ကျင်ဟု မှတ်ယူရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တရားဟောပြောရာ၌ စတုသစ္စကထာ-သစ္စာလေးပါး အထွဋ်တပ်ဟောရမည်ဖြစ်ကြောင်းကို သိမြင်စေပါသည်။

သို့သော် သာမုက္ကံသိကနှင့်ပတ်သက်၍ အသိဉာဏ်ကျက်စား ရမည်ဖြစ်သည်။

**သမုက္ကံသိကာတိ သာမံ ဉက္ကံသိကာ, အတ္တနောယေဝ ဉဒ္ဓ ရိတ္တာ ဂဟိတာ၊ သယမ္ဘူဉာဏေန ဒိဋ္ဌာ အသာဓာရဏာ အညေသန္တိ အတ္ထော။ ကာ ပန သာတိ၊ အရိယသစ္စဒေသနာ။ (ဒီ၊ ဋ၊ ၁၊ ၂၄၈)**

သာမုက္ကံသိကာဟူသည် ကိုယ်တော်တိုင် ထုတ်ယူခြင်းဖြင့် ဖြစ်စေအပ်သော, ကိုယ်တော်တိုင်သာလျှင် ထုတ်ဆောင်၍ ယူအပ်သော, သယမ္ဘူဉာဏ်ဖြင့် သိမြင်အပ်သောဘုရားမှ တစ်ပါးသောပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသော အရိယသစ္စဒေသနာပင် ဖြစ်သည်ဟု အဋ္ဌကထာ၌ ရှင်းပြ ထားသည်။ ယင်းကိုကြည့်လျှင် သစ္စာလေးပါးသည် မြတ်စွာဘုရားနှင့်သာ ဆိုင်သည်ဟု ထင်မှတ်ဖွယ်ရှိသည်။ သို့သော် မဟုတ်ပါ။ သာဝက မျှားနှင့်လည်း ဆိုင်ပါသည်။

မြတ်စွာဘုရားသည် ညွှန်ကြားသည့်အတိုင်း ကျင့်ဆောင်ကြ သောကြောင့် အရိယသစ္စာလေးပါး သိသူတွေ ဒုနှင့်ဒေး အနန္တပင် ဖြစ်သည်။ ကိုယ်တိုင်မသိသေးသော်လည်း မြတ်စွာဘုရား လမ်းစဉ်နှင့် မြတ်စွာဘုရား ညွှန်ကြားသည့်အတိုင်း တရားဟောပြောသည့်အခါ သစ္စာ လေးပါးကို အထွဋ်တပ်ဟောပြောရမည်သာ ဖြစ်ပါသည်။

သစ္စာဆိုက်အောင်ဟောပြောရာ၌ ဟောပြောနေသော ဇာတ် လမ်းမှာပါသည့်ဇာတ်ကောင်ကို သစ္စာဆိုက်ပြခြင်းနှင့် ဇာတ်ကောင် မပါသော် တရားနာနေသောယောဂီများကို ဉာတပရိညာသဘောအရ သစ္စာဆိုက် ပြခြင်းဟု နှစ်မျိုးရှိသည်။

၁။ တရားနာစနှင့် ယခုအချိန်မှာ ယောဂီတို့၏ ခန္ဓာကိုယ်သည် ဖြစ်ပျက်ပြောင်းလဲမှုများ အထင်အရှား ရှိနေသည်။ ဖြစ်ပျက်နေသည့် ရုပ်နာမ်သည် ဒုက္ခသစ္စာ။ ယင်းကိုသိနေတာက မဂ္ဂသစ္စာ။ မဂ္ဂသစ္စာ ဝင်နေချိန်မှာ ဒုက္ခသစ္စာပေါ် သမุဒယသစ္စာ၊ တဏှာစသည်မရှိတော့။

ပျောက်ကွယ်နေသည်။ သေနေသည်။ ထို့ကြောင့် သေတာက သမုဒယသစ္စာ၊ သမုဒယကြောင့် နောက်ထပ်လာရမည့်ခန္ဓာများသည် သမုဒယသစ္စာသေးသွယ်သည့်အတွက် နောင်ခန္ဓာမလာတော့ဘူး။

ထို့ကြောင့် နောင်ခန္ဓာမလာတာက နိရောဓသစ္စာဟု သစ္စာလေးပါးဆိုက်ပြရမှာ ဖြစ်သည်။ ယင်းသည် ဥတပရိညာသဘောအရ တဒင်္ဂသစ္စာလေးပါး ဆိုက်ပြခြင်းဖြစ်သည်။ ထို့ကြောင့် **သစ္စာဆိုက်အောင်ဟောပြခြင်းသည်လည်း မိုးကုတ်ဂုဏ်ရည်တစ်မျိုးပင်** ဖြစ်သည်။

# ပဋ္ဌာန်း သမ္မာပါဒ် ဂုဏ်ရည်များ

## (၁) ပဋ္ဌာန်းသမ္မာပါဒ်အဓိပ္ပါယ်နှင့် အရကောက်

ပဋ္ဌာန်းသမ္မာပါဒ် ဂုဏ်ရည်ကို ဖော်ပြရာတွင် ရှေးဦးစွာ ပဋ္ဌာန်းသမ္မာပါဒ ပါဠိနှင့် ပဋ္ဌာန်းသမ္မပဿနာပါဠိတို့၏ အဓိပ္ပာယ်များကို သိရှိရမည် ဖြစ်သည်။

ပဋ္ဌာန်းသမ္မာပါဒသည် **အညမညံ ပဋ္ဌာန် သမံ သဟစ ပစ္စယုပ္ပန္နဓမ္မေ ဥပ္ပါဒေတီတိ ပဋ္ဌာန်းသမ္မာပါဒေါ** အဝိဇ္ဇာစသော အကြောင်းတရားပေါင်းစု သည် အချင်းချင်း စွဲမှီ၍သာလျှင် အညီအညွတ် အယုတ်အလျော့ မရှိဘဲ အတူတကွ တစ်ပြိုင်နက်တည်းသာလျှင် သခါရစသော အကျိုး တရား အပေါင်းစုတို့ကို ဖြစ်စေတတ်သောကြောင့် ပဋ္ဌာန်းသမ္မာပါဒ်ဟု ခေါ်ပါသည်။

ယင်းဖွင့်ဆိုချက်အရ ပဋ္ဌာန်းသမ္မာပါဒ်သည် အကျိုးတရားတို့ကို ဖြစ်စေတတ်သော အကြောင်းတရားများဟု အဓိပ္ပာယ်ရပါသည်။ အ ကြောင်းတရားအပေါင်းသည်သာ မုချအားဖြင့် ပဋ္ဌာန်းသမ္မာပါဒ်ဟူသော အမည်ကိုရ၍ အကျိုးတရားတို့သည် မကင်းစကောင်းသော **အဝိနာဘာဝ** နည်းအားဖြင့် ပဋ္ဌာန်းသမ္မာပါဒ် ဟူသောအမည်ကို ရရှိပါသည်။ အကျိုးကို ဖြစ်စေတတ်သောကြောင့်သာလျှင် အကြောင်းဟုဆိုရသဖြင့် အကြောင်း မှန်သမျှသည် အကျိုးနှင့်မကင်းနိုင်။ အကျိုးမှန်သမျှတို့သည်လည်း အကြောင်းနှင့်မကင်းနိုင်။ ထိုသို့မကင်းနိုင်မှုကိုပင် **အဝိနာဘာဝ** ဟု ခေါ်ဆိုပါသည်။

ထို့ကြောင့် ပဋ္ဌာန်းသမ္မာပါဒ်သည် အကျိုးအကြောင်းတရားများ ဖြစ်သည်ဟု မှတ်ယူရပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၂)

**အဝိဇ္ဇာဒယော တာဝ ဓမ္မာ ပဋ္ဌိစ္စသမုပ္ပါဒေါတိဝေဒိတဗ္ဗာ** မသိမှု အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့.ကို ပဋ္ဌိစ္စသမုပ္ပါဒ်ဟူ၍ ရှေးဦးစွာ သိထားသင့်သည်။

**ဇရာမရဏာဒယော ပန ပဋ္ဌိစ္စသမုပ္ပန္နာ ဓမ္မာတိ** ဝေဒိတဗ္ဗာ အိုခြင်း ဇရာ၊ သေခြင်း မရဏ စသော အကျိုးတရားတို့.ကို ပဋ္ဌိစ္စသမုပ္ပန္နတရားတို့.ဟု သိထားသင့်ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၄၈)

ယင်းဖွင့်ဆိုချက်အရ ပဋ္ဌိစ္စသမုပ္ပါဒ်သည် အဝိဇ္ဇာစသောအကြောင်းတရားများကို ရရှိပါသည်။ ပဋ္ဌိစ္စသမုပ္ပန္နသည် ဇရာမရဏစသော အကျိုးတရားများကို ရရှိပါသည်။ ထို.ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်အရ အကြောင်းတရားများကိုရယူ၍ ပဋ္ဌိစ္စသမုပ္ပန္နအရ အကျိုးတရားများကို ယူရမည်ဖြစ်ကြောင်း သိမှတ်ရပါသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ယင်းသဘာဝများကို ပေါ်လွင်အောင် **ပဋ္ဌိစ္စသမုပ္ပါဒေါတိ ပစ္စယဓမ္မာ ဝေဒိတဗ္ဗာ၊ ပဋ္ဌိစ္စ သမုပ္ပန္နောတိ တေဟိ တေဟိ ပစ္စယေဟိ နိဗ္ဗတ္တဓမ္မာ ဝေဒိတဗ္ဗာ** ပဋ္ဌိစ္စသမုပ္ပါဒဟူသည် အကြောင်းတရားတို့.ဟု သိမှတ်ရမည်။ ပဋ္ဌိစ္စသမုပ္ပန္န ဟူသည် ထိုထိုသောအကြောင်းတို့.သည် ဖြစ်စေအပ်သော အကျိုးတရားတို့.ဟု သိမှတ်ရမည်ဖြစ်ကြောင်း မိန့်.ဆိုထားပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၄၈)

ပဋ္ဌိစ္စသမုပ္ပါဒ်အရ အကြောင်းတရားကိုသာရ၍ ပဋ္ဌိစ္စသမုပ္ပန္နအရ အကျိုးတရားကိုသာ ရရှိနေကြောင်းတွေ့.ရပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒနှင့် ပဋ္ဌိစ္စသမုပ္ပန္နပုဒ်တို့.ကိုတွဲစပ်၍ **ပဋ္ဌိစ္စ သမုပ္ပါဒေါ စ ပဋ္ဌိစ္စသမုပ္ပန္နော စာတိ ပဋ္ဌိစ္စသမုပ္ပါဒေါ** ဟု တစ်ခုကြွင်းပြုသောနည်း၊ (ကသေသနည်း) အားဖြင့် ပဋ္ဌိစ္စသမုပ္ပန္နပုဒ်ကို ချေဖျောက်၍ ပဋ္ဌိစ္စသမုပ္ပါဒဟု တစ်ခုကြွင်းပြုရပါသည်။

ဤနည်းအရ ပဋ္ဌိစ္စသမုပ္ပါဒသည် အကြောင်းအကျိုးဟု နှစ်မျိုးလုံး အဓိပ္ပါယ် ရရှိပါသည်။ ထို.ကြောင့် **အကြောင်းပဋ္ဌိစ္စ, အကျိုးသမုပ္ပါဒ်။ အကြောင်းအကျိုး ပဋ္ဌိစ္စသမုပ္ပါဒ်** ဟု လွယ်ကူအောင် သင်ပြပေးရသည်။

"The Cause produces the effect and the effect makes the record. အကြောင်းတရားသည် အကျိုးတရားကို ထုတ်လုပ်၍ အကျိုးတရားသည် မှတ်တမ်းကဲ့သို့ ရပ်တည်သည်" ဟု လောကဓာတ် ပညာရှင်များက ဖော်ညွှန်းကြသည်။

**အချက်နှစ်ဆယ်ခုတ်မှ သစ်ပင်ပြတ်မည်ဆိုပါစို့။**

ပေါက်ဆိန်ချက်အားလုံးသည် အကြောင်းများပင်ဖြစ်သည်။ အကြောင်းသည် ပေါက်ဆိန်ချက်အားလုံး၏ စုစည်းမှုပင်ဖြစ်သည်။ တစ်ချက်စီများသည် ထောက်ကူချက်များ ဖြစ်သည်။ အကြောင်း၏ အစိတ်အပိုင်းများဖြစ်သည်။

အကြောင်း၏ အစိတ်အပိုင်းဖြစ်သော ထောက်ကူချက်များ ပြည့်စုံလုံလောက်မှသာ အကြောင်းခိုင်မာ၍ အကျိုးကို ဖြစ်ထွန်းစေပါသည်။ ထို့ကြောင့် အကျိုးတရားသည် မှတ်တမ်းအဖြစ် ရပ်တည်ကာ အကြောင်းသည် ထိုမှတ်တမ်းအား ဖြစ်စေသော သဘာဝ၏ရင်းမြစ်အဖြစ် ယူဆရပါမည်။

အကြောင်းအကျိုးကို နားလည်အောင် ပဋ္ဌိစ္စသမုပ္ပါဒ်ကို လေ့လာခြင်းက များစွာအထောက်အကူပြုပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်က ကြောင်းကျိုးဆက် နိယာမကို ဖော်ပြနေသည် မဟုတ်ပါလော။

- **ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်ဆိုတာ၊**
- **ကြောင်းကျိုးနှစ်ရပ်၊ ဆက်စပ်လည်တာ။**
- **ပေါ်လာပျောက်သွား၊ ရှိပွားဝေနာ၊**
- **တဏှာပြတ်၊ စက်ရဟတ်မလည်ပါ။**
- **ပေါ်လာပျောက်သွား၊ ရှိပွားဖဿာ။**
- **ပေါ်လာပျောက်သွား၊ ရှိပွားဝိညာဏာ။**
- **ပေါ်လာပျောက်သွား၊ ရှိပွားရူပါ။**
- **ပေါ်လာပျောက်သွား၊ ရှိပွားယတနာ။**

"အကျိုးမြင်လျှင် အကြောင်းကိုရှာပါ။ အကြောင်းမြင်လျှင် အကျိုးကိုမျှော်ကြည့်ပါ" ဟု တိုက်တွန်းချင်သည်။

## (၂) ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဘုရားဖြစ်ကြောင်း တရားတော်

ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဘုရားရှင်ဖြစ်အောင် ဆောင်ရွက်ပေးသော တရားဒေသနာတော် ဖြစ်သည်။ ဘုရားအလောင်းတော်သည် (၆)နှစ်တာ ကာလပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သည်။ ဘုရားဖြစ်မည့်နေ့၌ ဗောဓိပင်ခြေရင်းတွင် ထိုင်တော်မူစဉ် နေမင်းမီ မာရ်နတ်မင်း၏ စစ်သည်များကို ဖျက်ဆီးတော်မူ၍ ဒေဝပုတ္တမာန်ကို အောင်မြင်တော်မူခဲ့သည်။

ညဉ့်ဦးယံ၌ ရှေးရှေးသောဘဝတို့၌ နေခဲ့ဖူးသော ခန္ဓာအစဉ်စသည်ကို ဖုံးလွှမ်းတတ်သော အမိုက်အမှောင်ကို ဖောက်ခွဲ၍ ရှေးရှေးဘဝတို့၌နေခဲ့ဖူးသော ခန္ဓာအစဉ်စသည်ကို သိမြင်အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိတော်မူခဲ့သည်။

သန်းခေါင်ယံအချိန်၌ နတ်တို့၏ မျက်စိကဲ့သို့ အဝေးအာရုံ သိမ်မွေ့သောအဆင်းတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရရှိတော်မူခဲ့သည်။

မိုးသောက်ယံအချိန်တွင် **သတ္တေသု ကာရုညတံ ပဋ္ဌိစ္စ 'ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ တံ အနုလောမ ပဋိလောမ ဝသေန သမ္မသန္တော အရုဏုဂ္ဂမနဝေလာယ သမ္မာသမ္ဗောဓိ အဘိသမ္ဗုဇ္ဈိတွာ'** သတ္တဝါတို့၌ သနားခြင်းရှိသည်ကို အစွဲပြု၍ ပဋ္ဌိစ္စသမုပ္ပဒ်၌ ဉာဏ်ကို သွတ်သွင်း၍ ထိုပဋ္ဌိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံအစွမ်းဖြင့် သုံးသပ်တော်မူလျက် အာရုံတက်ချိန်တွင် သမ္မာသမ္ဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိကာ ဘုရားဖြစ်တော်မူခဲ့သည်။ (၈မ၊ ၆၊ ၂၊ ၈၀)

ဥဒါန်းအဌကထာ, တတိယဗောဓိသုတ်အဖွင့်၌လည်း **ပစ္ဆိမ ယာမေ ပဋိစ္စသမုပ္ပါဒေ ဉာဏံ ဩတာရေတွာ နာနာနယေဟိ တောဘူမက**

သခ်ါရေ သမ္မသိတ္ဟာ သမ္မာသမ္ဘောဓိ ပါပုဏိ ဟုပင် အဓိပ္ပါယ်တူ ဖွင့်ပြထားခဲ့သည်။ (ဥဒါန်၊ ၆၊ ၄၆)

သဗ္ဗ ဗောဓိသတ္တာ ဟိ အာနာပါန စတုတ္ထဈာနတော ဝุဋ္ဌာယ ပစ္စယာကာရေ ဉာဏံ သြတာရေတ္ဟာ တံ အနုလောမပဋိလောမံ သမ္မသိတ္ဟာ ဗုဒ္ဓါ ဟောန္တိတိ ပဋိပါဋိယာ သတ္တသု သုတ္တေသု ဗုဒ္ဓဝိပဿနာ နာမ ကထိတာ။ (သံ၊ ၆၊ ၂၊ ၂၁)

ဘုရားလောင်းတိုင်းသည် အာနာပါန စတုတ္ထစျာန်မှထ၍ ပဋ္ဌိစ္စသမုပ္ပါဒ်၌ ဉာဏ်သွင်းကာ အနုလုံ, ပဋိလုံ ပဋ္ဌိစ္စသမုပ္ပါဒ်ကို သုံးသပ်ကြ၍ ဘုရားဖြစ်ကြသည်ဟု ဘုရားလောင်းတို့၏ ကျင့်စဉ်ဖြင့် ခုနစ်သုတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဗုဒ္ဓဝိပဿနာခေါ်သည်ဟု နိဒါနဝဂ္ဂသံယုတ္တဋ္ဌကထာ ဗုဒ္ဓဝဂ်၌ မိန့်ဆိုတာကို တွေ့ရသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဘုရားဖြစ်ကြောင်း, ဘုရားလောင်းကျင့်ရသော ဗုဒ္ဓဝိပဿနာဖြစ်ကြောင်းပါ သိရပါသည်။

ဘုရားအလောင်းတော်သည် ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးကို ဝိပဿနာတင်၍ ဆင်ခြင်ပွားများသောအခါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ပဋ္ဌိစ္စသမုပ္ပါဒ် (၁၂)ပါးကို ပွားများသော ကုဋေသုံးသန်းခြောက်သိန်း အရေအတွက်ရှိသည့် ဝိပဿနာကို မဟာဝဇိရဝိပဿနာဟု ခေါ်သည်။

**– ရှေးဆုံးထိပ်က၊ ဆတ္တိသ၊ သုညဒ္ဓါဒသာ။**

**– မဟာဝဇိရ၊ မည်နာမ၊ ထူးလှဝိပဿနာ။**

အာဏာခေတ်ဟုခေါ်သော စကြာဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းတို့ရှိရာ စကြဝဠာတစ်တိုက် တစ်တိုက်အတွင်း၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်ပွားသော တရားအနှစ်ကို ဆင်ခြင်တော်မူသောအခါ စကြာဝဠာတစ်တိုက်တစ်တိုက်၌ လူတွေ နတ်တွေ ဗြဟ္မာတွေ မည်မျှပင်များနေစေကာမူ ပရမတ္ထ သဘာဝ

ဝမ္မ အစစ်အနေဖြင့် အဝိဇ္ဇာ, သခ်ၢရ (ဟူသော အတိတ်အဖွန့်ကာလ အကြောင်းတရား)၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ (ဟူသော ပစ္စုပ္ပန် အဖွန့်ကာလ အကျိုးတရား)၊ တဏှာ, ဥပါဒါန်, ကမ္မဘဝ (ဟူသော ပစ္စုပ္ပါန် အဖွန့်ကာလ အကြောင်းတရား) တို့နှင့် (ဥပ ပတ္တိဘဝဖြစ်သော) ဇာတိ, ဇရာ မရဏ (ဟူသော အနာဂတ်အကျိုး တရား) ဤပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်နှစ်ပါးတည်းဟူသော ပရမတ္ထ သဘာဝဝမ္မ တရားကိုယ်ကို ကောင်းစွာသိမြင်တော်မူသည်။

ဤစကြဝဠာတိုက်၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်နေသော ပရမတ္ထသဘာဝ ဝမ္မ တရားသားကို ဆင်ခြင်တော်မူသောအခါ အဝိဇ္ဇာ, သခ်ၢရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ ဟူ၍ ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ပါး တရားသား (ဝိပဿနာတင်ရမည့် တရားအစု) ကို ကောင်းစွာ သိမြင်တော်မူသကဲ့သို့ ကျန်သော စကြာဝဠာတိုက်တို့၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာလသုံးပါး၌ တကယ်စင်စစ်ဖြစ်နေသော ပရမတ္ထသဘာဝ ဝမ္မ တရားသားကိုလည်း ဆင်ခြင်တော်မူ၏။ ထိုသို့ ဆင်ခြင်တော်မူသော အခါ ဤစကြဝဠာတိုက်၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့ နည်းတူပင် ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်နှစ်ပါးစီတည်းဟူသော ဝိပဿနာတင်ရမည့် တရားအစုတို့ကို ကောင်းစွာ သိမြင်တော်မူသည်။

ဤသို့ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းတည်းဟူသော အာဏာခေတ်အတွင်း ရှိနေကြသည့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ခန္ဓာ အစဉ်ဝယ် ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်နေသော ပရမတ္ထ သဘာဝ ဝမ္မတရားသားကို စဉ်းစားဆင်ခြင်တော်မူသော အလောင်းတော်သူမြတ်၏ ဉာဏ်တော်ဖြင့် သိမြင်အပ်သော ဝိပဿနာ တင်ရမည့် တရားအစုတို့ကား အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း, သခ်ၢရပေါင်း ကုဋေ တစ်သိန်း,

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ+ မရဏပေါင်းလည်း ကုဋေတစ်သိန်းစီ ဖြစ်ရကား (၁၂-ရပ်ပေါင်းလျှင်) အလောင်းတော်သူမြတ်၏ ဝိပဿနာစာရ ခေါ်သော (ဝိပဿနာတင်ရမည့်) တရားသားတို့မှာ ကုဋေတစ်သန်း နှစ်သိန်းတို့ ဖြစ်ကုန်သည်။

အလွန်ထွေးရှုပ်၍ အခုတ်အထွင် ခဲယဉ်းလှသည့် တောအုပ်ကြီးကို ရှင်းလင်းခုတ်ထွင် သုတ်သင်သော ယောက်ျားသည် မိမိစွဲကိုင်သော ဓားကို ကျောက်ပေါ်တင်၍ သွေးကာသွေးကာ ထက်လှစွာသော မိမိ ဓားဖြင့် အလွန်ထွေးရှုပ်သည့် တောအုပ်ချုံပိတ်ပေါင်း အစုကို ရှင်းလင်း သုတ်သင်သကဲ့သို့, မြတ်စွာဘုရား အလောင်းတော်သည်လည်း တစ်ထောင့်ငါးရာ ကိလေသာ တောအုပ်ချုံပိတ်ပေါင်းအစုကို ရှင်းလင်း သုတ်သင်ရန်အတွက် ကိုယ်တော်၏ လက်သုံးဖြစ်သော မဟာဝဇိရ ဝိပဿနာ ဉာဏ်ပညာ ဓားအသွား ထက်မြက်စေရန် အာနာပါန စတုတ္ထ စျာန်သမာပတ်တည်းဟူသော ဓားသွေးသည့်ကျောက်၌ သွေးသွေး ပြီးလျှင် (=အာနာပါန စတုတ္ထစျာန် သမာပတ်ကို ဝင်စားပြီးလျှင်) ဖော်ပြ ရာပါ ကုဋေတစ်သန်းနှစ်သိန်းသော ပဋ္ဌိစ္စသမုပ္ပါဒ်အဂါ တရားအစုတို့ကို တစ်ခုစီ တစ်ခုစီ အနိစ္စလက္ခဏာ ယာဉ်တင်၍လည်းကောင်း, ဒုက္ခ လက္ခဏာ ယာဉ်တင်၍ လည်းကောင်း, အနတ္တလက္ခဏာ ယာဉ်တင်၍ လည်းကောင်း ဆင်ခြင်သုံးသပ်တော်မူသည်။

သို့ရကား ကုဋေတစ်သန်းနှစ်သိန်းသော ပဋ္ဌိစ္စသမုပ္ပါဒ်အဂါ တရားအစုတို့၌ တစ်ခုတစ်ခုလျှင် အနိစ္စဝိပဿနာဉာဏ်, ဒုက္ခ ဝိပဿနာ ဉာဏ်, အနတ္တဝိပဿနာဉာဏ်ဟူ၍ ဝိပဿနာဉာဏ်သုံးပါးစီ သုံးပါးစီ ဖြစ်သောကြောင့် ကုဋေတစ်သန်းနှစ်သိန်းကိုတည်, သုံးဖြင့်မြှောက်ပွား၍ မဟာဝဇိရ ဝိပဿနာ ဉာဏ်တော်ပေါင်း ကုဋေသုံးသန်းခြောက်သိန်း ဖြစ်သည်။

ဤမဟာဝဇိရဝိပဿနာဉာဏ် အကြောင်းအရာ အမြွက်သည် ဥပရိပဏ္ဏာသဠေကာ အနုပဒသုတ်အဖွင့် စာမျက်နှာ ၂၇၅-၌လည်း ကောင်း, ဝိနည်း သာရတ္ထဒီပနီ၌ကာ တတိယအုပ် မဟာခန္ဓက သာရိပုတ္တ မောဂ္ဂလ္လာန ပဗ္ဗဇ္ဇာကထာအဖွင့် စာမျက်နှာ ၂၉၉-၌လည်းကောင်း ဗုဒ္ဓါနံ သမ္မသနစာရော ဒသသဟဿိလောကဓာတုယံ သတ္တသန္ဓာနဂတာ, အနိန္ဒြိယဗဒ္ဓါစ သခါရာတိ ဝဒန္တိ၊ ကောဠိသတ သဟဿ စက္ကဝါဠေသူတိ အပရေ။ တထာ ဟိ အဒ္ဓါတ္တယဝသေန ပဋိစ္စသမုပ္ပါဒနယံ ဩသရိတ္တာ ဆတ္တိသ ကောဠိသတသဟဿမုခေန ဗုဒ္ဓါနံ မဟာဝဇိရဉာဏံ ပဝတ္တံ ဟု လာရှိသည်။

ဘုရားအလောင်းတော်တိုင်းပင်လျှင် ဘုရားဖြစ်ခါနီး၌ ပဋိစ္စ သမုပ္ပါဒ်တရားကို အနုလုံ ပဋိလုံ အားဖြင့် သုံးသပ်ဆင်ခြင်တော်မူ ကြမြဲ ဓမ္မတာဖြစ်သည်။ ငါတို့မြတ်စွာဘုရား အလောင်းတော်သည်လည်း ရှေးဘုရားအလောင်းတော်တို့ နည်းတူပင် ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံ ပဋိလုံ သုံးသပ်ဆင်ခြင်တော်မူသည်။ ထိုအခါ ဇာတိခေတ် စကြဝဠာ တိုက်ပေါင်း လောကဓာတ်တစ်သောင်းလုံး ရေဆုံးအောင် တုန်လှုပ်သည်။

မြတ်စွာဘုရားအလောင်းတော်သည် ဘုရားရှင်တိုင်း၏ ဓမ္မတာ ပဋိစ္စသမုပ္ပါဒ်အဂါ တစ်ဆယ့်နှစ်ပါး တရားစုဌ ကုဋေသုံးသန်း ခြောက်သိန်း သော မဟာဝဇိရ ဝိပဿနာ သမ္မသနဉာဏ်ကို ဖြစ်စေတော်မူပြီးသော အခါ အာနာပါန စတုတ္ထစျာန်ကို တဖန်ဝင်စားတော်မူပြန်သည်။ ထိုသို့ ဝင်စားတော်မူခြင်းမှာ ဥဒယဗ္ဗယဉာဏ် အစရှိသော အထက် ဝိပဿနာ ဉာဏ်ပညာဓားအသွား ထက်စိမ့်သောငှာ အာနာပါန စတုတ္ထစျာန် သမာပတ်တည်းဟူသော ဓားသွေးသည့်ကျောက်ကောင်း၌ တဖန် သွေး တော်မူပြန်ခြင်း ဖြစ်သည်။

ထိုသို့ အာနာပါန စတုတ္ထစျာန်ကို တဖန် ဝင်စားတော်မူပြီးလျှင် အထက်ဝိပဿနာ ဉာဏ်ပညာဓား အသွားထက်အောင် သွေးတော်မူပြီး

လျှင် ထိုစျာန်မှထ၍ ခန္ဓာငါးပါး တရားအစုတို့၌ ဥဒယဗ္ဗယဉာဏ် အစ ရှိသော အထက်အထက် ဝိပဿနာ ဉာဏ်ပညာများကို အလွယ်တကူ ဖြစ်ပွားစေတော်မူသည်။

အလောင်းသူမြတ်သည် ရှေးရှေးသော ဘုရားရှင်တို့၏အထံ၌ ရဟန်းပြု၍ ပိဋကသုံးပုံကို သင်ကြားတတ်မြောက်ပြီးလျှင် ဝိပဿနာ အလုပ် အားထုတ်တော်မူခဲ့ရာ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျှတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်တိုင် ရောက်အောင် လေ့လာပွားများ အားထုတ်တော်မူခဲ့ဖူးသောကြောင့်လည်းကောင်း၊ မဟာဝဇိရ ဝိပဿနာ သမ္မသနဉာဏ်တော်ပေါင်း ကုဋေသုံးသန်း ခြောက်သိန်းတို့ဖြင့် လေ့လာပွားများ ဉာဏ်ပညာအား အလွန်တရာ ကြီးမားလှသောကြောင့်လည်းကောင်း၊ အထက်အထက် ဝိပဿနာ ဉာဏ်ပညာများကို အလွယ်တကူ ရရှိတော်မူသည်ဟု ယုံကြည်စွာ မှတ်သားရာ၏။

အလောင်းတော်သူမြတ်သည် အထက်အထက်ဖြစ်သော ဝိပဿနာဉာဏ်ပညာများသို့ အလွယ်တကူ တက်ရောက်တော်မူခဲ့၍ နောက်ဆုံး အနုလောမဉာဏ်မြောက် ရောက်တော်မူလတ်သောအခါ ခရီးဝေးမှ ပြန်လာ၍ မိမိအိမ်သို့ ဝင်အံ့ဟူ၍ တံစက်မြိတ်အတွင်းဝင်မိသော ယောက်ျားအား တံခါးဟင်းလင်း ပွင့်နေသော အိမ်အတွင်း၌ တံခါးခုံတွင် ရွှေ့သာ ရပ်နားမှုအလျှင်းမပြုဘဲ အိမ်တွင်းသို့သာ တောက်လျှောက် ဝင်ရောက်လေသကဲ့သို့ အလောင်းတော်သူမြတ်သည်လည်း ဥဒယဗ္ဗယဉာဏ် အစရှိသော ဉာဏ်စဉ်ရှစ်ပါးဖြင့် အဆင့်ဆင့် တက်ရောက်တော်မူခဲ့ရာ နိဗ္ဗာန်မြို့နန်းအဝင်ဝတံခါးခုံနှင့်တူသော သစ္စာနုလောမဉာဏ်တွင်သာ ရပ်နားတော်မမူဘဲ မဂ္ဂဝိထိစိတ်အစဉ်တွင် အဝင်အပါ ဖြစ်ကြသည့် ပရိကံ, ဥပစာ, အနုလုံ အမည်ရှိကြသော သစ္စာနုလောမ ဉာဏ်သုံးပါးတို့ဖြင့် ဒုက္ခသစ္စာ, သမุဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ

ဟူသော သစ္စာလေးပါး အမှန်တရားတို့ကို ဖုံးလွှမ်းကာကွယ်တတ်သည့် အဝိဇ္ဇာ မောဟတည်းဟူသော တိမ်လွှာတိမ်တိုက် မှောင်အမိုက်ကို ပယ်ရှားအပ်ပြီးလတ်သော် တိမ်စင်သော ကောင်းကင်၌ လဝန်းကို လင်းလင်းမြင်သည့်ပမာ ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖြစ်ပွားသော သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော အလင်းဓာတ်ကြီးကို လင်းလင်းထင်ထင် မျက်မှောက်ပြု၍ သိမြင်တော်မူသည်။

(သောတာပတ္တိမဂ်ဉာဏ်စိတ် တကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ထို၏အခြားမဲ့၌ **အကာလိက**=အခါမလင့် မဖင့်မနွဲ့ အချိန်မဆွဲဘဲ အကျိုးပေးခြင်းတည်း ဟူသော တရားတော်၏ ဂုဏ်တော်အတိုင်း ထိုသောတာပတ္တိ မဂ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ဇော သုံးကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်စိတ်များ ဖြစ်တော့သည်။

သောတာပတ္တိမဂ်သို့ ရောက်တော်မူသောကြောင့် အလောင်းတော်သူမြတ်၏ သန္တာန်၌ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဟူသော ကိလေသာသုံးရပ်တို့ အမြစ်ပြုတ် ပယ်အပ်ပြီး ဖြစ်တော့သည်။ ထိုကိလေသာများ နောက်ထပ်တဖန် အလောင်းတော်သူမြတ်၏ သန္တာန်၌ မဖြစ်နိုင်တော့ပြီ။

ဘုရားအလောင်းတော် သူမြတ်သည် သောတာပတ္တိ မဂ်ဖိုလ်ကို ရရှိတော်မူပြီးသောအခါ -

**မဂ်, ဖိုလ်, နိဗ္ဗာန်၊ ပယ်-ကြွင်းကျန်၊ နှစ်တန် ကိလေသာ။**

**အစဉ်သမှု၊ အမြင်ရှု၊ ငါးခု ပစ္စဝေက္ခဏာ -**

ဟူသောအတိုင်း (၁) ရှေးဦးစွာ သောတာပတ္တိမဂ်ကို ဆင်ခြင်တော်မူသည်၊ (၂) ထို့နောက် ထိုသောတာပတ္တိမဂ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ကို ဆင်ခြင်တော်မူသည်၊ (၃) ထို့နောက် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်တော်မူသည်၊ (၄) ထို့နောက် ထိုသောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်တော်မူသည်၊

(၅) ထို့နောက် ထိုသောတာပတ္တိမဂ်ဖြင့် မပယ်ရသေးဘဲ ကြွင်းကျန်နေသည့် ကိလေသာတို့ကို ဆင်ခြင်တော်မူသည်။

ဤသို့ ဆင်ခြင်သည့် ဉာဏ်တော်ငါးပါးကို ပစ္စဝေက္ခဏာဉာဏ်တော် ငါးပါးဟူ၍ ခေါ်သည်။ အလောင်းတော်သည် မဂ်အဆင့်ဆင့်ရကာ ပစ္စဝေက္ခဏာဉာဏ်ဆင်ခြင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ (မဟာဗုဒ္ဓဝင်၊ ၂၊ ၃၃၄-၃၃၉)

ယင်းဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် မြတ်စွာဘုရား ဘုရားရှင်အဖြစ်သို့ မရောက်မီကပင် မြတ်စွာဘုရားအလောင်းတော် ဆင်ခြင်သုံးသပ်တော်မူသော တရားတော် ဖြစ်သည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သုံးသပ်တော်မူပြီးမှ ဘုရားဖြစ်တော်မူခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် **ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဘုရားဖြစ်ကြောင်း တရားတော် ဖြစ်သည်။**

## (၃) မြတ်စွာဘုရား အမြဲမပြတ်ဆင်ခြင် ဟောကြားသော တရားတော်

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဗောဓိညောင်ပင် ပတ်ပတ်လည်တွင် (၄၉) ရက် ကာလကြာအောင် လှည့်လည်၍ သီတင်းသုံးတော်မူခဲ့သည်။ တစ်နေရာ တစ်နေရာ၌ (၇)ရက်မျှကြာသည်။ ၄င်းတို့ကို **ကေသတ္တာဟ**-ဟုခေါ်သည်။ ယင်းသို့ (၇)ဌာနရှိသောကြောင့် သတ္တသတ္တာဟဟုခေါ်ပါသည်။ ပထမသတ္တာဟကို ပလ္လင်္ကသတ္တာဟဟု ခေါ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဗောဓိပင်အောက် အပရာဇိတ ပလ္လင်ထက်၌ ဘုရားဖြစ်တော်မူခဲ့ပြီး၍ (၇)ရက်ပတ်လုံး တင်ပလ္လင်ခွေကို မပြောင်ဘဲ ထိုင်နေတော်မူပြီး ဝိမုတ္တိသုခ လွတ်မြောက်ချမ်းသာကို စံစားတော်မူနေသည်။ ညချမ်းအချိန်၌ ညဉ့်သုံးယံပတ်လုံး ပဋ္ဌိစ္စသမုပ္ပါဒ်ကို အနုလုံပဋ္ဌိလုံ အားဖြင့် အဖန်ဖန် နှလုံးသွင်းဆင်ခြင်တော်မူသည်။ (၀၊ ၃၊ ၁။)

မြတ်စွာဘုရားရှင်သည် ဥရုဝေလတော နေရွှေရာမြစ်ကမ်းအနီး ဗောဓိပင်အောက်၌ ဘုရားဖြစ်တော်မူခဲ့၍ (၇)ရက်ပတ်လုံး တင်ပလ္လင်ခွေထိုင်နေလျက် ဝိမုတ္တိသုခကို ခံစားတော်မူနေခဲ့သည်။ ဘုရားဖြစ်တော်မူပြီး၍ (၇)ရက် လွန်သောအခါ၌ ဝိမုတ္တိသုခခံစားသော သမာဓိမှ ထတော်မူ၍ ညဉ့်ဦးယံအချိန်တွင် ပဋ္ဌိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ကောင်းမွန်စွာ နှလုံးသွင်း ဆင်ခြင်တော်မူသည်။ သန်းခေါင်ယံအချိန်၌ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပဋ္ဌိလုံအားဖြင့် ကောင်းမွန်စွာ နှလုံးသွင်း ဆင်ခြင်တော်မူသည်။ မိုးသောက်ယံအချိန်၌ ပဋ္ဌိစ္စသမုပ္ပါဒ်ကို အနုလုံပဋ္ဌိလုံအားဖြင့် နှလုံးသွင်းဆင်ခြင်တော်မူသည်။ (ခု၊ ၁၊ ၇၇-၇၉-ဥဒါန)

ဝိနယပိဋကတ် မဟာဝဂ္ဂပါဠိတော်၌ ဘုရားဖြစ်ပြီး၍ ဝိမုတ္တိသုခခံစားနေစဉ် ညာဉ်သုံးယံပတ်လုံး ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဆင်ခြင်နှလုံးသွင်းတော်မူသည်ဟု ဖော်ပြထားပါသည်။ သုတ္တန္တပိဋကတ် ခုဒ္ဒကနိကာယ် ဥဒါနပါဠိတော် ပထမဗောဓိ၊ ဒုတိယဗောဓိ၊ တတိယဗောဓိဌာတ်တို့၌ ဘုရားဖြစ်တော်မူပြီး၍ (၇)ရက်ပတ်လုံး ဝိမုတ္တိသုခခံစားပြီး (၇)ရက်လွန်မြောက်သောအချိန်၌သာ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သုံးသပ်တော်မူကြောင်း မှတ်တမ်းပြုထားသည်။ **ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ၊ မဟာနိဒါနသုတ်၊ မဟာပဒါနသုတ်၊ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိ၊ သမ္မာဒိဋ္ဌိသုတ်၊ မဟာတဏှာသင်္ခယသုတ်၊ သံယုတ္တနိကာယ် နိဒါနဝဂ္ဂ သံယုတ္တပါဠိ၊ ဗုဒ္ဓဝဂ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒသုတ်အစ သိက္ခာသုတ်အဆုံး (၁၀၂)သုတ်တို့ဖြင့် အကြိမ်ကြိမ်များစွာ ဟောကြားတော်မူခဲ့သည်။**

မဟာပဒါနသုတ်၌ ဝိပဿီ ဘုရားလောင်းက ပဋ္ဌိစ္စသမုပ္ပါဒ် ဆင်ခြင်သုံးသပ်ပုံကို ပြန်လည်ဟောပြထားသည်။ **အိုမှု သေမှု ဘာကြောင့် ဖြစ်သလဲ၊ ဖြစ်မှု ဇာတိကြောင့် ဖြစ်တယ် စသည်ဖြင့် အနုလောမ ပုံသဏ္ဌာန် အဆုံးမှ အစသို့သွားသောနည်းဖြင့်လည်းကောင်း၊ ဖြစ်မှုဇာတိ ချုပ်လျှင် အိုမှုဇရာ, သေမှုမရဏ ချုပ်သည် စသည်ဖြင့် ပဋ္ဌိလောမ**

ပုံသဏ္ဌာန်အဆုံးမှ အစသို့သွားသောနည်းဖြင့်လည်းကောင်း၊ ဟောတော်မူသည်။

ဤသုတ်၌ ထူးခြားသည်မှာ "ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်။ နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်သည်" ဟုသာ ဟောသည်။ အဝိဇ္ဇာနှင့် သင်္ခါရတို့ကို မဟောပါ။ မဟောရခြင်းအကြောင်းကို အဋ္ဌကထာ၌ အမေးအဖြေပုံစံဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"နာမ်ရုပ်ရှိသော် ဝိညာဏ်ဖြစ်သည်" စကား၌ သင်္ခါရတို့ ရှိကုန်သော် ဝိညာဏ်ဖြစ်သည်ဟုလည်းကောင်း၊ အဝိဇ္ဇာရှိသော် ဝိညာဏ်ဖြစ်သည်ဟုလည်းကောင်း ဆိုသင့်သည် မဟုတ်ပါလော။ အဝိဇ္ဇာနှင့် သင်္ခါရနှစ်ပါးစုံကို အဘယ့်ကြောင့် မယူရသနည်း။

**အဝိဇ္ဇာသင်္ခါရာ ဟိ အတီတော ဘဝေါ၊ တေဟိသဒ္ဒီ အယံ ဝိပဿနာ နယဒိုယတိ၊ မဟာပုရိသော ဟိ ပစ္စုပ္ပန္နဝေသေန အဘိနိ ဝိဌောတိ၊** အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ဘဝဖြစ်၏။ ဤဝိပဿနာသည် ထိုအတိတ် ဘဝဖြစ်သော အဝိဇ္ဇာသင်္ခါရတို့နှင့် မဆက်စပ်ပါ။ မှန်ပါသည်။ ဘုရားလောင်းသည် ပစ္စုပ္ပန်၏ အစွမ်းအားဖြင့် နှလုံးသွင်းခဲ့သည်။ ထို့ကြောင့် အဝိဇ္ဇာနှင့် သင်္ခါရ နှစ်ပါးစုံကို မယူခြင်းဖြစ်ပါသည်။

(ဒီ၊ ၆၊ ၂၊ ၅၁)

**အတီတံ နာနွာဂမေယျ၊ နပ္ပဋိကခ်ေ အနာဂတံ။**
**ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။**
**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။**
**အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဒါ မနုဗြူဟယေ။**

"တရားအလုပ်ကို ရှုမှတ်နေသူ, ပွားများနေသူသည် အတိတ်အာရုံသို့လည်း မလိုက်ရ။ အနာဂတ်အာရုံကိုလည်း မမျှော်ရ။ ပစ္စုပ္ပန်တရားကိုသာ ရှုမှတ်နေရမည်။ အတိတ်အာရုံသည် လွန်ခဲ့ပြီ။ အနာဂတ်အာရုံသည် မရောက်သေး။ ယင်းအာရုံနှစ်ပါးကို ဖမ်းဆုပ်၍ မရနိုင်။

ပစ္စုပ္ပန်အာရုံကိုသာ ဖမ်းဆုပ်၍ ရနိုင်သည်။ ထို့ကြောင့် ပစ္စုပ္ပန်အာရုံကိုသာ ရှုမှတ်ပွားများရမည်" ဟု မြတ်စွာဘုရားက ဥပရိပဏ္ဏာသပါဠိ ဘဒ္ဒေကရတ္တသုတ်၌ ညွှန်ပြထားပါသည်။ (မ၊ ၃၊ ၂၂၆)

ထို့ကြောင့်ပင် ဝိပဿီဘုရားအလောင်းသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ရာတွင် အတိတ်ဘဝဖြစ်သော အဝိဇ္ဇာသင်္ခါရတို့သို့ မသွားဘဲ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်နာမ်ရုပ် စသည်တို့ကို ဆင်ခြင်တော်မူခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်တွင် ဇာတိ ဇရာ မရဏတို့သည် အနာဂတ်ဘဝများ ဖြစ်ပါလျက် ဝိပဿီဘုရားလောင်း ဆင်ခြင်ရာတွင် ထည့်ထားခြင်းနှင့် ပတ်သက်၍ မဟာဝဂ္ဂဋ္ဌကာ၌ "**ကာရဏော ပန ဂဟိတော ဖလံ ဂဟိတမေဝ ဟောတိထိ တထာ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ**-အကြောင်းကို ယူသည်ရှိသော် အကျိုးကိုလည်း ယူပြီးဖြစ်သည်" ဟု မှတ်ယူထိုက်ကြောင်း ရှင်းပြထားပါသည်။ ထို့ကြောင့် ဇာတိ, ဇရာ မရဏများ ဆင်ခြင်သုံးသပ်ရာတွင် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ (ဒီ၊ ဋီ၊ ၂၊ ၄၉)

**နနုစ အဝိဇ္ဇာသင်္ခါရေဟိ အဒိဋ္ဌေဟိ နသက္ကာ ဗုဒ္ဓေန ဘဝိတုံ။** အဝိဇ္ဇာနှင့် သင်္ခါရတို့မမြင်ဘဲ ဘုရားဖြစ်ခြင်းငှာ မတတ်ကောင်းသည် မဟုတ်ပါလော။ **သစ္စံ နု သက္ကာ။** အဝိဇ္ဇာနှင့် သင်္ခါရတို့ မမြင်ဘဲ ဘုရားဖြစ်ခြင်းငှာ မတတ်ကောင်းသည်မှာ မှန်ပါသည်။

**ကိုမိနာ ပန တေ ဘဝဥပါဒါန တဏှာဝသေနေဝ ဒိဋ္ဌာ,** သို့သော် ဤဘုရားလောင်းသည် ထိုအဝိဇ္ဇာနှင့် သင်္ခါရတို့ကို ဘဝ ဥပါဒါန, တဏှာတို့၏ အစွမ်းအားဖြင့်သာ မြင်ပြီးဖြစ်ပါသည်။ ထို့ကြောင့် အတိတ်ဘဝဖြစ်သော အဝိဇ္ဇာနှင့်သင်္ခါရတို့ကို မယူခြင်းဖြစ်ပါသည်။ (ဒီ၊ ဋီ၊ ၂၊ ၅၁)

ပညာရှင်တစ်ဦးကမူ မြတ်စွာဘုရားသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို အကြိမ်နေရာ၌ (၁၄၀) တို့၌ ဟောကြားခဲ့သည်ဟု စိစစ်လေ့လာပြသထားပါသည်။ ထို့ကြောင့် **ပဋ္ဌိစ္စသမုပ္ပါဒ်သည် မြတ်စွာဘုရားရှင်**

အမြဲမပြတ် ဆင်ခြင်သုံးသပ် ဟောကြားတော်မူသော တရားတော် ဖြစ်ပါသည်။

## (၄) ကမ္မဿ-နက်နဲခြင်း၊ ကမ္မဿဝဘာသ-နက်နဲသယောင် သဘောရှိခြင်း

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်သည် နက်နဲသော တရားတော် ဖြစ်သည်။ နက်နဲသယောင်သဘောရှိသော တရားတော်လည်းဖြစ်သည်။ မြတ်စွာ ဘုရားရှင်သည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးဌ် သီတင်းသုံးတော်မူစဉ်က ဖြစ်သည်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ထံချဉ်းကပ်၍ ရှိခိုးပြီး သင့်လျော်သောနေရာတွင် ထိုင်နေလျက် မြတ်စွာဘုရားရှင်ကို လျှောက်ထားသည်။

**အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ၊ ယာဝ ကမ္မဿောစယံ ဘန္တေ ပဋ္ဌိစ္စသမုပ္ပါဒေါ ကမ္မဿဝဘာသောစ၊ အထစပန မေ ဥတ္တာနကုတ္တာနကော ဝိယ ခါယတိ။** အရှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အရှင်ဘုရား မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ၊ အရှင်ဘုရား ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်သည် အလွန်နက်လည်း နက်နဲပါ၏။ အလွန်နက်နဲသော သဘောလည်း ရှိပါ၏။ သို့ဖြစ်ပါလျက် တပည့်တော်၏ဉာဏ်ထဲ၌ တိမ်တိမ်ကလေးကဲ့သို့ပင် ထင်ပါသည်။ (ဒီ၊ ၂၊ ၄၇)

အရှင်အာနန္ဒာက မြတ်စွာဘုရားအား အထက်ပါအတိုင်း လျှောက်ထားသည့်အခါ မြတ်စွာဘုရားရှင်သည် လက်ခံတော်မမူဘဲ အောက်ပါအတိုင်း တားမြစ်၍ မိန့်တော်မူခဲ့သည်။

**မာ ဟေဝံ အာနန္ဒ အဝစ၊ မာဟေဝံ အာနန္ဒ အဝစ။ ကမ္မဿောစယံ အာနန္ဒ ပဋ္ဌိစ္စသမုပ္ပါဒေါ ကမ္မဿဝဘာသောစ၊ တေသဃ အာနန္ဒ ဝမ္မသ အနနုဗောဓာ အပ္ပဋိဝေဓာ ဇေမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဠ္ဇပဗ္ဗဇာဘူတာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။**

အာနန္ဒာ ဤသို့မဆိုလင့်၊ ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် နက်လည်းနက်နဲ၏။ နက်နဲသောသဘောလည်း ရှိ၏။ အာနန္ဒာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို လျှော်စွာမသိခြင်း, ထိုးထွင်း၍မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ချည်ခင်ထွေး စာပေါင်းသိုက် ဖြူဆံမြက်ကဲ့သို့ဖြစ်၍ မကောင်းသောလားရာ, ပျက်စီးလျက် ကျရောက်ရာ, ဖြစ်သော အပါယ်ကို လည်းကောင်း၊ သံသရာကို လည်းကောင်း၊ မလွန်မြောက်နိုင်ဘဲ ရှိနေသည်။ (ဒီ၊ ၂၊ ၄၇)

မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား ပဋ္ဌိစ္စသမုပ္ပါဒ်ကို လျှော်စွာမသိခြင်း၊ ထိုးထွင်း၍ မသိခြင်းဟူသော အချက်(၂)ချက်ကို ပြဆိုဟော ကြားတော်မူခဲ့သည်။ လျှော်စွာမသိခြင်းကို ပါဠိတော်၌ "အနနုဗောဓ" ဟုသုံးနှုန်း၍ ထိုးထွင်းမသိခြင်းကို "အပ္ပဋိဝေဓ" ဟုဖော်ပြထားပါသည်။

အထက်ပါ ဖော်ပြချက်တို့နှင့်ပတ်သက်၍ အဋ္ဌကထာ၌ **အနနုဗောဓတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ၊ အပ္ပဋိဝေဓတိ တီရဏပဟာန ပရိညာဝသေန အပ္ပဋိဝိဇ္ဈနာ** ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဉာတပရိညာ၏ အစွမ်းအားဖြင့် လျှော်စွာမသိခြင်း၊ အဖန်ဖန်မသိခြင်းကို "အနနုဗောဓ" ဟုခေါ်၍ တီရဏပရိညာ, ပဟာနပရိညာတို့၏အစွမ်းအားဖြင့် ထိုးထွင်း၍ မသိခြင်းကို အပ္ပဋိဝေဓဟုခေါ်ကြောင်း ဖွင့်ဆိုထားပါသည်။ (ဒီ၊ ၆၊ ၂၊ ၈၅)

ဖက်ပုပ်အိုင်ရေသည် တိမ်သော်လည်း နက်ရောင်ထင်သည်။ ကြည်လင်သော စမ်းရေအိုင်သည် နက်သော်လည်း တိမ်ရောင်ထင်သည်။ အိုးခွက်၌ ရေသည် တိမ်လျက် တိမ်ရောင်ထင်သည်။ သမုဒ္ဒရာရေသည် နက်လျက် နက်ရောင်ထင်သည်။ ယင်းသို့ရေလေးမျိုးရှိသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် နက်လျက်နက်ရောင် ထင်သည်။ တစ်မျိုးတည်းသာ ရှိသည်။ ရေကဲ့သို့ လေမျိုးမရပါ။ သတိချပ်စရာကောင်းလှသည်။

(သံ၊ ၆၊ ၂၊ ၁၀)

ယင်းတို့ကို ကြည့်ခြင်းအားဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် နက်နဲသော တရားတော်ဖြစ်သည်။ နက်နဲသယောင် သဘောရှိသော တရားတော်လည်းဖြစ်သည်။ (မှတ်ချက်=ဤနေရာ၌ ကမ္ဘီရလေးပါးနှင့် ပရိညာသုံးပါးကို ရှင်းပြသင့်သည်။ ၄င်းတို့ကို နောက်၌ဖော်ပြထားပါသည်။)

## အရှင်အာနန္ဒာနှင့် ပဋ္ဌိစ္စသမုပ္ပါဒ်

တစ်နေ့သောအချိန်၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြုစုရမည့်ကိစ္စများ ဆောင်ရွက်ပေးပြီးနောက် တစ်ပါးတည်း နေ့သန့်စင်မှာ တင်ပလ္လင်ခွေထိုင်ကာ သောတာပတ္တိဖလသမာပတ်ကို ဝင်စားနေသည်။ သမာပတ်မှ ထပြီးနောက် **ပစ္စယာကာရေ ဉာဏ်** သြတာရေသိ၊ **ပဋ္ဌိစ္စသမုပ္ပါဒ်** ၌ မိမိဉာဏ်ကို သွတ်သွင်းလိုက်သည်။ ပဋ္ဌိစ္စသမုပ္ပါဒ်အပေါ် ဉာဏ်ကစားလိုက်သည်။

အရှင်အာနန္ဒာ ပဋ္ဌိစ္စသမုပ္ပါဒ်အပေါ် ဉာဏ်သက်ဝင်ကာ ကစားပုံကို အဌကထာဆရာက ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

၁။ **သော 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' တိ အာဒိတော ပဋ္ဌာယ အန္ဓံ**=အရှင်အာနန္ဒာသည် "မသိမှုအဝိဇ္ဇာကြောင့် ပြုလုပ်မှု သင်္ခါရတို့ ဖြစ်ကြသည်" ဟု အစမှစ၍ အဆုံးထိ လည်းကောင်း၊

၂။ **အန္တတော ပဋ္ဌာယ အာဒိ**=အဆုံးမှစ၍ အစတိုင်အောင် လည်းကောင်း၊

၃။ **ဥဘယန္တတော ပဋ္ဌာယ မဇ္ဈံ**=နှစ်ခုသောအစွန်မှစ၍ အလယ်တိုင်အောင်လည်းကောင်း၊ အစ,အဆုံးမှ အလယ်သို့လည်းကောင်း၊

၄။ **မဇ္ဈတော ပဋ္ဌာယ ဥဘော အန္တေ ပါပေန္တော**=အလယ်မှစ၍ နှစ်ပါးသောအစွန်သို့ ရောက်စေလျက်လည်းကောင်း၊

**တိက္ခတ္တုံ၊ ဒ္ဒါဒသပဒံ ပစ္စယာကာရံ သမ္မသိ=သုံးကြိမ် သုံးခါ** တစ်ဆယ့်နှစ်ပါးသော အဂါရိရှိသော ပဋိစ္စသမุပ္ပါဒ်ကို သုံးသပ်တော်မူသည်။

**တသ္မာ ဣမသ္မိဉ္စ ပစ္စယာကာရေ ဝိဘူတော ဟုတ္ဝာ ဥတ္တာနကုတ္တာနကော ဝိယ ဥပဋ္ဌာသိ။**

ဤကဲ့သို့ ပဋိစ္စသမุပ္ပါဒ်ကို သုံးသပ်တော်မူသည်ရှိသော် ပဋိစ္စသမุပ္ပါဒ်သည် ထင်ရှားလာသည်ဖြစ်၍ တိမ်တိမ်ကလေးကဲ့သို့ အရှင်အာနန္ဒာအား ထင်လာသည်။

အရှင်အာနန္ဒာသည် ကြံစည်စဉ်းစားတော်မူပြန်သည်။

**ပစ္စယာကာရော သဗ္ဗဗုဒ္ဓေဟိ ဂမ္ဘီရောစေဝ ဂမ္ဘီရာဝဘာသော စာတိ ကထိတော၊ မယုံ ခေါ် ပန ပဒေသညာဏေ ဌိတသ သာဝကသ သတော ဥတ္တာနော ဝိဘူတော ပါကဋော ဟုတ္ဝာ ဥပဋ္ဌာတိ၊ မယုံယေဝ နုခေါ် ဧသ ဥတ္တာနကော ဟုတ္ဝာ ဥပဋ္ဌာတိ ဥဒါဟု အညေသမ္ပိ။**

၁။ ဤပဋိစ္စသမุပ္ပါဒ်ကို ဘုရားရှင်တိုင်းက "နက်နဲတယ်၊ နက်နဲတဲ့ သဘောရှိတယ်" ဟု ဟောတော်မူသည်။

၂။ ပဒေသညာဏ်ဌိတည်သော သာဝကဖြစ်ပါလျက် ငါ၏ဉာဏ်ဌိမူပေါ်လွင်ထင်ရှားလှသည်။

၃။ ဤပဋိစ္စသမุပ္ပါဒ်သည် ငါ့အားသာ တိမ်တိမ်ကလေးကဲ့သို့ ပေါ်လွင်ထင်ရှားပါသလော။

ယင်းသည် အရှင်အာနန္ဒာက ပဋိစ္စသမุပ္ပါဒ်နှင့်ပတ်သက်၍ ဆင်ခြင်သုံးသပ်ပုံနှင့် ကြံစည်စဉ်းစားပုံများဖြစ်သည်။ (ဒီ၊ ၆၊ ၂၊ ၇၅)

အရှင်အာနန္ဒာသည် ပဋိစ္စသမุပ္ပါဒ်ကို တိမ်တိမ်ကလေး၊ လွယ်လွယ်ကလေးဟု အထင်ရောက်ရခြင်းသည် အကြောင်းလေးမျိုးတို့ ကြောင့်ဖြစ်ကြောင်း အဋ္ဌကထာဆရာက ဆက်လက်ဖွင့်ပြသည်။

၁။ **ပုဗ္ဗူပနိဿယ သမ္ပတ္တိ** = ရှေးကောင်းမှုနှင့် ပြည့်စုံခြင်း
ရှေးကောင်းမှု ရှိခြင်း

၂။ တိတ္ထဝါသ = ဆရာတို့ထံ သင်ယူထားခြင်း
၃။ သောတာပန္နတာ = သောတာပန်ဖြစ်ခြင်း
၄။ ဗဟုသုတဘာဝ = ဗဟုသုတရှိသူဖြစ်ခြင်း

(ထေရသ ဟိ စတ္ဂူဟိ ကာရဏေဟိ ဂမ္ဘီရောပိ ပဋ္ဌိစ္စသမုပ္ပါဒေါ ဥတ္တာနောတိ ဥပဋ္ဌာတိ။ ကတမေဟိ စတ္ဂူဟိ။ ပုဗ္ဗူပနိဿယ သမ္ပတ္တိယာ, တိတ္ထဝါသေန, သောတာပန္နတာ, ဗဟုသုတဘာဝေနာတိ) (ဒီ၊ ဋ၊ ၂၊ ၇၈)

အဋ္ဌကထာ၌ အရှင်အာနန္ဒာ၏ ရှေးကောင်းမှု ပြည့်စုံပုံကို အတော်ပြည့်စုံစွာ ဖော်ပြထားသည်။ ပါရမီဖြည့်ပုံများဖြစ်သည်။ အများ သိကြပြီးဖြစ်သည့်အတွက် မဖော်ပြတော့ပါ။

**တိတ္ထဝါသောတိ ပုနပ္ပုနံ ဂရုနံ သန္တိကေ ဥဂ္ဂဟဏသဝန ပရိပုစ္ဆနဓာရဏာနိ ဟောန္တိ။**

ဆရာသမားတို့၏ အထံ၌ အဖန်ဖန် အထပ်ထပ် သင်ယူခြင်း, ကြားနာခြင်း, မေးမြန်းခြင်း, ဆောင်ယူမှတ်သားခြင်းတို့ကို တိတ္ထဝါသဟု ခေါ်ဆိုသည်။ ယင်းသည် ပြုလုပ်ရမည့်တာဝန်များကို ညွှန်ပြထားခြင်း ဖြစ်သည်။ မည်သူမဆို လက်တွေ့ကျင့်သုံးသင့်သည်။

**သော ထေရသ အတိဝိယ ပရိသုद्धော၊ တေနာပိသာယံ ဂမ္ဘီရောပိ ပဋ္ဌိစ္စသမုပ္ပါဒေါ ဥတ္တာနကောဝိယ ဥပဋ္ဌာတိ၊**

အရှင်အာနန္ဒာ၏ ထိုသတ္တဝါသသည် အလွန်စင်ကြယ်၏။ ယင်းသို့စင်ကြယ်ခြင်းကြောင့်လည်း အရှင်အာနန္ဒာအား နက်နဲသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် တိမ်တိမ်ကလေးကဲ့သို့ ထင်လာခဲ့သည်။ (ဒီ၊ ဋ၊ ၂၊ ၈၃)

ဥဂ္ဂဟဏံ ပါဠိယာ ဥဂ္ဂဏှာနံ၊ သဝနံ အတ္ထသဝနံ၊ ပရိပုစ္ဆနံ ဂဏ္ဍိဋ္ဌာနေသု အတ္ထပရိပုစ္ဆနံ၊ ဓာရဏံ ပါဠိယာပိ ပါဠိအတ္ထသဿပိ စိတ္တေ ဌပနံ။ သဗ္ဗဧတေ ဣမ ပဋ္ဌိစ္စသမုပ္ပါဒဝသေန ဝေဒိတဗ္ဗာ။ (ဒီ၊ ဋီ၊ ၂၊ ၈၄)

သင်ယူခြင်းသည် ပါဠိဖြင့် သင်ယူခြင်းဖြစ်သည်။ နားထောင်ခြင်းသည် အနက်အဓိပ္ပာယ်ကို နားထောင် ကြားနာရခြင်းဖြစ်သည်။ မေးမြန်းခြင်းသည် ရှုပ်ထွေးသောနေရာတို့၌ အဓိပ္ပာယ်ကို အဖန်ဖန် အထပ်ထပ် မေးမြန်းခြင်းဖြစ်သည်။ ဆောင်ထားခြင်းသည် ပါဠိအားဖြင့် လည်းကောင်း၊ အနက်အဓိပ္ပာယ်အားဖြင့်လည်းကောင်း၊ စိတ်ထဲ၌ထားခြင်းဖြစ်သည်။ ဤနေရာ၌ ပဋ္ဌိစ္စသမုပ္ပါဒ်အစွမ်းဖြင့် အလုံးစုံကိုလည်း သိထားရ၏ဟု ဋီကာဆရာက ဖွင့်ပြထားသည်။

အရှင်အာနန္ဒာသည် "ပုနပ္ပုနံ" အဖန်ဖန် အထပ်ထပ်, ထပ်ပြန်တလဲလဲ သင်ယူထားသည်" ဟု ဆိုသောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို တစ်ကြိမ်, နှစ်ကြိမ် တစ်ခေါက် နှစ်ခေါက်မျှဖြင့် အားရတင်းတိမ် မနေကြဘဲ ထပ်ပြန်တလဲလဲ သင်ယူလေ့လာ ဆောင်ထားသင့်ပါသည်။

**သောတာပန္နာနဉ္စ နာမ ပစ္စယာကာရော ဥတ္တာနကောဝ ဟုတ္တာ ဥပဋ္ဌာတိ၊ အယဉ္စ အာယသ္မာ သောတာပန္နော။** (ဒီ၊ ၌၊ ၂၊ ၈၃)

သောတာပန်ပုဂ္ဂိုလ်တို့အား ပဋ္ဌိစ္စသမုပ္ပါဒ်သည် ပေါ်လွင်သည် ဖြစ်၍ သာလျှင်ထင်ရှား၏။ အရှင်အာနန္ဒာသည်လည်း သောတာပန်ပုဂ္ဂိုလ် ဖြစ်သည်။

**သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာ ပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ၊**

သောတာပတ္တိမဂ်ကို ဖြစ်ပွားစေ၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ပယ်သဖြင့် အပါယ်ရောက်မှုကို ပယ်ဖျောက်ကာ ကာမသုဂတိဘုံ၌ (၇) ဘဝမျှသာ နေရတော့သောပုဂ္ဂိုလ်သည် သောတာပန်ပုဂ္ဂိုလ်ဖြစ်သည်။

**အတ္ထ သမ္ဘောဟာရိဒ္ဓံသနေန 'ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ အတ္ထပစ္စက္ခံဝသေန ဥပဋ္ဌာနတော။**

ပဋ္ဌိစ္စသမုပ္ပါဒ်၌ မသိမှု,တွေဝေမှုကို ဖောက်ခွဲဖျက်ဆီးခြင်းဖြင့် လည်းကောင်း, "ဖြစ်သမျှသည် ပျက်ရ၏" ဟု အဓိပ္ပါယ်ကို ဆင်ခြင်

ခြင်းဖြင့် ရှေးရှုကပ်ရောက်နေသောကြောင့်လည်းကောင်း၊ နက်နဲသော ပဋိစ္စသမုပ္ပါဒ်ကို တိမ်တိမ်ကလေးကဲ့သို့ ထင်ခြင်းဖြစ်သည်ဟု ဋီကာ ဆရာက ရှင်းပြသည်။

**ဗဟုသုတာနဥ္စ စတုဟတ္ထေ သြဝရကေ ပဒီပေ ဇာလမာနေ မဥ္စပီဋ္ဌိယ နာမရူပပရိစ္ဆေဒေါ ပါကဋော ဟောတိ။**

လေးတောင်မျှရှိသော တိုက်ခန်းထဲ ဆီးမီးထွန်းညှိလျှင် ညောင်စောင်း, အင်းပျဉ်များ ထင်ရှားလာသကဲ့သို့ အကြားအမြင်များသော ဗဟုသုတရှိသူအားလည်း ရုပ်နာမ်အပိုင်းအခြားထင်ရှားလာသည်။

**အယဉ္စ အာယသ္မာ ဗဟုသုတာနံ အဂ္ဂေါ ဟောတိ၊** ဤ အရှင်အာနန္ဒာသည် ဗဟုသုတများသူတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။

**ဗာဟုဿစ္စာနုဘာဝေနပိဿ ဂမ္ဘီရောပိ ပစ္စယာကာရော ဥတ္တာနကောဝိယ ဥပဋ္ဌာသိ။**

အရှင်အာနန္ဒာအား အကြားအမြင်များခြင်း၏ အစွမ်းကြောင့်လည်း နက်နဲသောပဋိစ္စသမုပ္ပါဒ်ကို တိမ်တိမ်ကလေးကဲ့သို့ ထင်လာခြင်းဖြစ်သည်။ (ဒီ၊ ၆၊ ၂၊ ၈၃)

**ဒ္ဝါသီတိ ဗုဒ္ဓတော ဂဏ္ဍီ၊ ဒွေ သဟဿာနိ ဘိက္ခုတော။**
**စတုရာသီတိ သဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော။**

ဂေါပကပုဏ္ဏား ငါသည် ရှစ်သောင်းနှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို မြတ်ဗုဒ္ဓထံမှသင်ယူခဲ့ပြီ။ နှစ်ထောင်သောဓမ္မက္ခန္ဓာတို့ကို အရှင်သာရိပုတ္တရာစသော ရဟန်းတော်တို့ထံမှသင်ယူခဲ့ပြီ။ ထို့ကြောင့် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာများ ငါ၏စိတ်နှလုံးထဲ၌ ဖြစ်စေ, ငါ၏လျှာဖြား၌ဖြစ်စေ ဖြစ်တည်နေသည်ဟု အရှင်အာနန္ဒာက ဂေါပကပုဏ္ဏားအား ကိုယ်တိုင်ပင်ဟောပြောခဲ့သည်။ (မ၊ ၂၊ ၃၄၇)

**ယသ္မာ ပနဿ ကိဠိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပ္ပစ္စက္ခံနာမ နတ္ထိ။** (ဒီ၊ ၆၊ ၁၊ ၅)

အရှင်အာနန္ဒာအား မြတ်ဗုဒ္ဓဟောသော တရားတော်မှန်သမျှ မျက်မှောက်မဟုတ်တာ မရှိ။ မျက်မှောက်နာယူထားသည်သာ ဖြစ်သည် ဟု အဋ္ဌကထာ၌ ဖွင့်ပြထားသည်။

[သုတ်မဟာဝါ အဋ္ဌကထာ၌ မြတ်ဗုဒ္ဓက အရှင်အာနန္ဒာအား ခိုးမြောက်ပုံ နှိမ့်ချပုံစသည်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည်။ ဤနေရာ၌ မဖော်ပြတော့ပြီ။ နောင်အလျဉ်းသင့်လျှင် **အရှင်အာနန္ဒာနှင့် ပဋ္ဌိစ္စသမုပ္ပါဒ်** ဟု ပါဠိတော်, အဋ္ဌကထာ, ဋီကာ သုံးခုညီ၍ ရေးသား ပေးပါဦးမည်။]

နိဗ္ဗာန်ကို ရဟန္တာအားလုံး ကြွင်းမဲ့ကုန်စင်အောင် ထိုးထွင်း သိမြင်တော်မူနိုင်ကြသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ကို သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ သည်သာ ကြွင်းမဲ့ကုန်စင်အောင် ထိုးထွင်းသိမြင်တော်မူနိုင်ကြသည်။ အခြားပုဂ္ဂိုလ်တို့ ကြွင်းမဲ့ကုန်စင်အောင် မသိမြင်ကြပါ။ (သံ၊ ဋီ၊ ၂၊ ၁၀၁)

**ပစ္စယာကာရပဋိဝိဒ္ဓနတ္ထာယစ ပန ဧမ အဒိန္ဒဒါနံနာမ နတ္ထိ၊**
**အပူရိတ ပါရမီ နာမ နတ္ထိ။**

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကြွင်းမဲ့ကုန်စင်အောင် ထိုးထွင်းသိမြင်ခြင်းငှာ ဘုရားအလောင်းတော်အား မပြုဖူးသောဒါန၊ မဖြည့်ကျင့်ဖူးသော ပါရမီ ဟူ၍ မရှိခဲ့။ ဒါနမျိုးစုံပါရမီဥဿုံကို ပြုလုပ်ဖြည့်ကျင့်တော်မူခဲ့သည်။

(သံ၊ ၆၊ ၂၊ ၈၇)

**ထို့ကြောင့် နက်နဲသော၊ နက်နဲသယောင် သဘောလည်းရှိ သော ပဋ္ဌိစ္စသမုပ္ပါဒ်ကို လျင်မြန်စွာ ထိုးထွင်းသိနိုင်ရန် ဒါနပါရမီ၊ ပညာ ပါရမီ စသည်ဖြည့်ကျင့်ကြရမည်ဖြစ်သည်။**

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ထပ်ခါထပ်ခါ သင်ယူလေ့လာ ဆည်းပူး ပွားများနေရမည် ဖြစ်သည်။ သို့မှသာ အရှင်အာနန္ဒာကဲ့သို့ နက်နဲသော ပဋ္ဌိစ္စသမုပ္ပါဒ်ကို တိမ်တိမ်ကလေး၊ လွယ်လွယ်ကလေးဟု ပြောနိုင်မည် ဖြစ်သည်။

## (၅) အပါယ်နှင့် သံသရာမှလွတ်မြောက်ကြောင်းတရားတော်ဖြစ်ခြင်း

ပဋ္ဌာန်းသမ္မာသမ္ဗုဒ္ဓတရားတော်ကို ဉာတပရိညာ၏အစွမ်းအားဖြင့် လျော်စွာမသိခြင်း, တီရဏပရိညာ၊ ပဟာနပရိညာတို့၏အစွမ်းအားဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် သတ္တဝါတို့သည် အပါယ်ဆင်းရဲကိုလည်း မလွန်မြောက်နိုင်၊ သံသရာကိုလည်း မလွန်မြောက်နိုင် ဖြစ်ခဲ့ကြသည်။

ပဋ္ဌာန်းသမ္မာသမ္ဗုဒ္ဓကို ပရိညာ(၃)ပါး၏ အစွမ်းအားဖြင့် လျော်စွာသိခြင်း၊ ထိုးထွင်း၍ သိခြင်းရှိသူတို့သည် အပါယ်မှလည်း လွတ်မြောက်နိုင်သည်။ သံသရာမှလည်း လွတ်မြောက်နိုင်သည်။ ထို့ကြောင့် **ပဋ္ဌာန်းသမ္မာသမ္ဗုဒ္ဓတရားတော်သည် အပါယ်ပိတ်ကြောင်း တရားတော်လည်း ဖြစ်သည်။ သံသရာမှ လွတ်မြောက်ကြောင်း တရားတော်လည်းဖြစ်သည်။**

(ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟူသော အပါယ်လေးပါး၏သဘောကို သိပြီးဖြစ်သော်လည်း ရှင်းပြသင့်သည်။

**ခန္ဓာနဋ္ဌ ပဋ္ဌိပါဋ္ဌိ၊ ဓာတုအာယတနာနစ၊**
**အဘ္ဘောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။**

ခန္ဓာအစဉ်၊ ဓာတ်, အာယတနတို့၏ အစဉ်အဆက်မပြတ်ဖြစ်နေမှုကို သံသရာဟုခေါ်သည်။ အိုနာသေ စဉ်ဆက်မပြတ် ဖြစ်နေတာကို သံသရာဟုခေါ်သည်။ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံနှင့် အပါယ်ဘုံပါမကျန် ထပ်ပြန်တလဲလဲ ဖြစ်နေရတာကိုလည်း သံသရာဟု ခေါ်သည်။ သံသရာသဘောကို အကျယ်ပြောပြ၍ ပဋ္ဌာန်းသမ္မာသမ္ဗုဒ္ဓဖြင့် နှီးနှောပြသင့်သည်။)

## (၆) ပဋ္ဌာန်းသမ္မာသမ္ဗုဒ္ဓသည် ဓမ္မသိကြောင်း တရားဖြစ်ခြင်း

မြတ်စွာဘုရားသည် ကောသလတိုင်း သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်က ဖြစ်သည်။ ရှင်သာရိပုတ္တရာသည် ရဟန်းတော်တို့အား မြတ်စွာဘုရားရှင်ကိုယ်စား တရားဟောကြားရသည်။

ရှင်သာရိပုတ္တရာဟောသော တရားတော်သည် သစ္စာလေးပါး တရားတော် ဖြစ်သည်။ ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အမှန် သမุဒယသစ္စာ၊ ဆင်းရဲချုပ်ရာအမှန် နိဗ္ဗာန်သစ္စာနှင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအမှန် မဂ္ဂသစ္စာတို့ ဖြစ်သည်။ ယင်းသစ္စာလေးပါး တို့သည် တရားတွင်အကြီးကျယ်ဆုံးဖြစ်သည်။

လောကဌ္ဌရိသော ခြေရာတို့တွင် ဆင်၏ခြေရာသည် အကြီး အကျယ်ဆုံးဖြစ်သည်။ ခြေရာတိုင်း ဆင်၏ခြေရာထဲမှာ အကျုံးဝင်သွား ကြသည်။ ထိုသစ္စာလေးပါးကို ရှင်သာရိပုတ္တရာက ကြီးကျယ်သော ဆင်၏ခြေရာနှင့်နှိုင်းယှဉ်၍ ဟောကြားခဲ့သည်။ ၄င်းကို မဟာဟတ္ထိ ပဒေါပမသုတ္တန်ဟု မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌ သဂါထနာ တင်ခဲ့ကြသည်။ ယင်းသို့ဟောပြောရာတွင် ပဋ္ဌိစ္စသမุပ္ပါဒ် တရားတော်ကိုပါ ဆက်စပ်၍ ဟောပြတော်မူပါသည်။

ဤသို့ဟောပြောရာတွင် ထူးခြားသော အဆိုအမိန့်တစ်ခုကို ညွှန်ပြခဲ့ပါသည်။ **ယော ပဋ္ဌိစ္စ သမุပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊ ယော ဓမ္မံ ပဿတိ၊ သော ပဋ္ဌိစ္စသမุပ္ပါဒံ ပဿတိ၊** ပဋ္ဌိစ္စသမุပ္ပါဒ်ကို သိမြင်သူသည် ဓမ္မကို သိမြင်သူဖြစ်သည်။ ဓမ္မကိုသိမြင်သူသည် ပဋ္ဌိစ္စ သမุပ္ပါဒ်ကို သိမြင်သူ ဖြစ်သည်။ (မ၊ ၁၊ ၂၄၈-၂၄၉)

ရှင်သာရိပုတ္တရာသည် ဖော်ပြပါလမ်းညွှန်ချက်ကို မဟာဟတ္ထိ ပဒေါပမသုတ္တန်တွင် (၂) ကြိမ်တိုင် ဟောကြားတော်မူခဲ့သည်။ ယင်းကို ကြည့်ခြင်းအားဖြင့် ပဋ္ဌိစ္စသမุပ္ပါဒ်သည် ဓမ္မသိကြောင်းဟရားတော် ဖြစ် သည်ဟူသော ဂုဏ်ရည်တစ်ပါးရှိသည်။ ထိုဓမ္မသည် သစ္စာဓမ္မဖြစ်သည်။

ပဋ္ဌိစ္စသမุပ္ပါဒ်တရားသည် အကြောင်းနှင့်အကျိုး မရပ်မနား တစ်သွားတည်း သွား၍ ဖြစ်နေသဖြင့် ဖြစ်ပျက်အနိစ္စခန္ဓာသည် သုခ မဟုတ် ဒုက္ခအစစ်ပဲဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏။ ဝေဒနာပစ္စယာ တဏှာဟု ဆိုသောကြောင့် ဝေဒနာမှ တဏှာသို့ အစပ်မကူးအောင်

ဝေဒနာကို ဖြစ်ပျက်ရှုခြင်းဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓော၊ ဝေဒနာချုပ်လျှင် တဏှာချုပ်သောကြောင့် နိဗ္ဗာန်ခေါ်သော နိရောဓ သစ္စာကို မျက်မှောက်ပြုနိုင်ပုံပါ သိနိုင်ပါသည်။ တဏှာခေါ် သမုဒယ သစ္စာကိုပယ်ပြီး ဖြစ်သည်။

အားကိုးရာအစစ်က သစ္စာမြင်ဉာဏ်ဖြစ်သည်။ သစ္စာမသိသော ကြောင့် သံသရာရှည်ခဲ့ကြတာဖြစ်သည်။ သစ္စာမမြင်ဘဲနှင့် ဘယ်တော့မှ နိဗ္ဗာန်မရ။ နိဗ္ဗာန် မရောက်ပါ။ သစ္စာမှတစ်ပါး ကိုးကွယ်စရာ, ဆည်းကပ်စရာ မရှိ။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ခြင်းသည် သစ္စာသိအောင် အားကိုးခြင်းဖြစ်သည်။ မရှိတာသည် အနိစ္စ၊ သိတာသည် မဂ္ဂ၊ သေတာ သည် သမုဒယ၊ နောင် ခန္ဓာမလာတာသည် နိရောဓဟု သိရမည်။ ကိုယ့်ဒုက္ခကိုယ် သိတာသည် သစ္စာသိခြင်းဖြစ်သည်။ သစ္စာမြင်အောင် ကြည့်၊ သစ္စာသိအောင်လုပ်ဖို့ အရေးကြီးသည်။

ဒါန သီလ သမထ တရားများသည် သစ္စာသိမှု၏အခြေအရံများ ဖြစ်သည်။ ဝေးသောအကြောင်းများဖြစ်သည်။ ဝိပဿနာသည် နီးသော အကြောင်းဖြစ်သည်။ ဝိပဿနာရှုမှ သစ္စဉာဏ်ရမည်။ သစ္စဉာဏ်ရမှ ကိစ္စဉာဏ် တက်နိုင်သည်။ ကိစ္စဉာဏ်ရမှ ကတဉာဏ် ဖြစ်နိုင်သည်။ သစ္စာမသိလျှင် သူတော်ကောင်းတရားသည် မတည်တံ့၊ မခိုင်မြဲနိုင်။ မဂ်မရသေးသမျှ သူတော်ကောင်းရတနာ မွဲသည်။

ဒုက္ခနှင့်နေရတာသည် အမွဲချည်း ဖြစ်သည်။ ဒါနလုပ်လျှင် လည်း အနည်းဆုံး ဉာတပရိညာ သဘောအရ သစ္စာသိပြီးလုပ်၊ သီလ လုပ်လည်း သစ္စာသိပြီးလုပ်။ သို့မှသာ ကံပြတ်သည်။ မဂ်ချည်း သွားဖြစ်သည်။ ကံအမိ ကံအဖထက် ဉာဏ် အမိ ဉာဏ်အဖလုပ်ပါ။ ဒါန သီလ ပယ်တာ မဟုတ်။ အလုပ်ကို ပြုပြင်ပေးနေခြင်းသာဖြစ်သည်။ အဝိုင်းပြေးမှ ထွက်ချင်လျှင် သစ္စာသိပြီး လုပ်ပါ ကံစီမံရာမလိုက်ရ၊ ဉာဏ်စီမံရာကိုသာ လိုက်ရမည်။

[ဤနေရာ၌ မိုးကုတ်ဆရာတော်၏ အောက်ဖော်ပြပါ သစ္စာလေးပါးပြကဗျာ၊ သဂြိုဟ်မှာ ဖော်ပြထားသော သစ္စာလေးပါးပြဂါထာနှင့် ဓမ္မစက္ကပဝတ္တနသုတ်လာ ဇာတိပိဒုက္ခာ စသောသစ္စာလေးပါးပြပါဠိများ ထည့်ပြောသင့်သည်။]

* ဖြစ်ပျက်သမျှ၊ သခါရ၊ ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

* ဒုက္ခံ တေ ဘိက္ခဝေ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓောနာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။]

## (၇) ပဋ္ဌိစ္စသမုပ္ပါဒ်သည် သိမြင်နိုင်ခဲသော တရားတော်ဖြစ်ခြင်း

**သစ္စံ သတ္တော ပဋ္ဌိသန္ဓိ၊ ပစ္စယာကာရမေဝစ။**
**ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ။**

(၁) သစ္စာလေးပါး၊ (၂) သတ္တဝါ၊ (၃) ပဋ္ဌိသန္ဓေ၊ (၄) ပဋ္ဌိစ္စသမုပ္ပါဒ် ဟူသော ဤတရား (၄) ပါး တို့ကို မြင်နိုင်ခဲကုန်၏။ ဟောပြောခြင်းငှာလည်း အလွန်တရာပြုနိုင်ခဲကုန်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၃)

- သစ္စာလေးဖြာ၊ သိဖို့ရာ၊ လွန်စွာခက်ခဲသည်။
  ဟောရန်၊ ပြောရန်၊ ညွှန်ပြရန်၊ အလွန်ခက်ခဲသည်။
- သတ္တဝါများစွာ၊ သိဖို့ရာ၊ လွန်စွာခက်ခဲသည်။
  ဟောရန်၊ ပြောရန်၊ ညွှန်ပြရန်၊ အလွန်ခက်ခဲသည်။
- သတ္တဝါထွေထွေ၊ ပဋ္ဌိသန္ဓေ၊ ရှုလေမြင်ခဲသည်။
  ဟောရန်၊ ပြောရန်၊ ညွှန်ပြရန်၊ အလွန်ခက်ခဲသည်။
- ပဋ္ဌိစ္စသမုပ္ပါဒ်၊ စက်ရဟတ်၊ သိမှတ်ခဲလှသည်။
  ဟောရန်၊ ပြောရန်၊ ညွှန်ပြရန်၊ အလွန်ခက်ခဲသည်။

**အဟောလည်းခက်၊ အသိခက်၊ အခက်လေးဖြာတည်။**

အရှင်မဟာဗုဒ္ဓယောသသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ရေးသားရာ၌လည်းကောင်း, အဘိဓမ္မာ(၇)ကျမ်းတွင် တစ်ကျမ်းအပါအဝင်ဖြစ်သော ဝိဘင်္ဂကျမ်းကို ဖွင့်ဆိုရာတွင်လည်းကောင်း ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ပတ်သက်၍ ကျယ်ပြန့်စွာဖွင့်ဆို ရေးသားတော်မူခဲ့သည်။ ထိုသို့ ရေးသားရာတွင်လည်း ဖော်ပြပါဂါထာကို ကိုးကားခဲ့သည်။ ယင်းသို့ဖြစ်ကြောင်းကို ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ ပညာဘူမိနိဒ္ဒေသ၊ ပဋ္ဌိစ္စသမုပ္ပါဒ ကထာတွင် "ယထာဟ ပေါရာဏာ" ရှေးဆရာတို့ အဘယ်သို့ ဆိုခဲ့ကြသနည်းဟု မေးခွန်းထုတ်၍ ရှေးဆရာတို့မိန့်ဆိုခဲ့သော ဖော်ပြပါဂါထာကို ကိုးကားပြဆိုခဲ့သည်။ **'သမ္မောဟဝိနောဒနီကျမ်းဌ'** တေနာဟုပေါရာဏာ။ ထို့ကြောင့် ရှေးဆရာတို့ ဆိုခဲ့ကြကုန်ပြီဟု ရိုးရှင်းစွာဝန်ခံ၍ ပြဆိုခဲ့ပါသည်။

ထိုမိန့်ဆိုချက်များကို ကြည့်ခြင်းအားဖြင့် **သစ္စံသတ္တော** အစရှိသောဂါထာသည် အရှင်မဟာဗုဒ္ဓယောသ မိန့်ဆိုခဲ့သော ဂါထာမဟုတ်။ ရှေးဆရာတို့ မိန့်ဆိုခဲ့သော ဂါထာဖြစ်ကြောင်း သိရှိရပါသည်။ ဤဂါထာတွင် မြင်နိုင်ခဲ့သောတရား၊ သူတပါးတို့အား နားလည်အောင်ဟောပြောရန် မလွယ်ကူသောတရားအဖြစ် ပဋ္ဌိစ္စသမုပ္ပါဒ်တရားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် အဝိဇ္ဇာအစ ဇရာမရဏာ အဆုံး(၁၂)ပါးသော တရားကိုယ်အဂါရပ်များဖြင့် ဖွဲ့စည်းထားသည်။ ၄င်းတို့ကို မူလတရား (၂)ပါး၊ သစ္စာတရား(၂)ပါး၊ အလွှာ(၄)ပါးစသော ရှစ်မျိုးတို့ဖြင့် ဖွဲ့စည်းထားပါသည်။

ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် သိမြင်နားလည်ရန် ခက်ခဲခြင်းဖြစ်ပါသည်။ ရှင်မဟာဗုဒ္ဓယောသ ကိုယ်တိုင်ပင်လျှင် **ပကတိယာပိစ ဒုက္ခရာဝ ပဋ္ဌိစ္စ သမုပ္ပါဒသ အတ္ထ သံဝဏ္ဏနာ** ပဋ္ဌိစ္စသမုပ္ပါဒ်၏ အနက်အဖွင့်သည် ပင်ကိုယ်ရင်း သဘောအားဖြင့်ပင် ပြုနိုင်ခဲ့သည်သာ ဖြစ်သည်ဟု မိန့်ဆိုခဲ့ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၃)

**(၈) ပဋ္ဌိစ္စသမุပ္ပါဒ်သည် သူတစ်ပါးတို့အား ဟောပြောရန် မလွယ်ကူခြင်း**

ပဋ္ဌိစ္စသมุပ္ပါဒ်သည် ရှင်မဟာဗုဒ္ဓဃောသ ငြိုးတွားသကဲ့သို့ ဖွင့်ဆိုရန် အလွန်ခဲယဉ်းလှပါသည်။ မိမိ၏အသိဉာဏ်ထဲတွင် ရှင်းရှင်းလင်းလင်း သိမြင်သဘောပေါက်ရန်လည်း ခဲယဉ်းပါသည်။ မိမိဉာဏ်ထဲ၌ သိမြင်နားလည်သော်လည်း သူတစ်ပါးတို့အား မိမိ နားလည်သဘောပေါက်သကဲ့သို့ နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရန် မလွယ်ကူပါ။

မြတ်စွာဘုရားရှင်က **နခေါ အာနန္ဒ သုကရာ ပရေသံ ဓမ္မံဒေသေတုံ** ချစ်သားအာနန္ဒာ သူတစ်ပါးတို့အား တရားဟောပြောဖို့ရန် အလွန်ခဲယဉ်းလှသည်ဟု မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့် **ပဋ္ဌိစ္စသมุပ္ပါဒ်တရားတော်သည် သူတစ်ပါးတို့အား နားလည်အောင် ဟောပြောဖို့ရန် မလွယ်ကူသော တရားတော်ဖြစ်ပါသည်။**

**(၉) ပဋ္ဌိစ္စသมุပ္ပါဒ်သည် မဟာသမุဒ္ဒရာနှင့်တူသော တရားတော်ဖြစ်ခြင်း**

ပဋ္ဌိစ္စသมุပ္ပါဒ်တရားတော်သည် မဟာသมุဒ္ဒရာနှင့် တူညီသည်။ မဟာသมุဒ္ဒရာသည် ကြီးကျယ်နက်ရှိုင်းသကဲ့သို့ ပဋ္ဌိစ္စသมุပ္ပါဒ်တရားတော်သည်လည်း ကြီးကျယ်နက်ရှိုင်းလှပါသည်။

**အညတြအာဂမာဓိဂမပ္ပတ္တော ဟိ နု သုကရာ ပဋ္ဌိစ္စသมุပ္ပါဒသဿ ဝဏ္ဏနာ** မြတ်စွာဘုရားရှင် ဟောကြားသည့် ပါဠိဟူသောအာဂုံနှင့် မဂ်ဖိုလ်ဟူသော အဓိဂမသို့ရောက်ပြီး ပုဂ္ဂိုလ်တို့မှတစ်ပါး အခြားပုဂ္ဂိုလ်များသည် ပဋ္ဌိစ္စသมุပ္ပါဒ်၏ အနက် အဓိပ္ပါယ်ဖွင့်ဆိုမှုကို ပြုရန်မလွယ်ကူဟု အရှင်မဟာဗုဒ္ဓဃောသက မိန့်ဆိုခဲ့သည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၃) ထို့အပြင် -

ဝတ္တု ကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ၊
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဏ္ဏော ဂိဠိဝေါဝသာဂရံ။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၄)

ပဋ္ဌိစ္စသမုပ္ပါဒ်၏အဖွင့်ကို ယခုဆိုလိုသောငါသည် သမုဒ္ဒရာသို့ သက်ဆင်းမိသောသူကဲ့သို့ ဆောက်တည်ရာကိုမရနိုင်ဟုလည်း မိန့်ဆိုခဲ့သည်။ ထိုမိန့်ဆိုချက်ကို ကြည့်ခြင်းအားဖြင့် **ပဋ္ဌိစ္စသမုပ္ပါဒ်သည်** ကြီးကျယ်နက်ရှိုင်းသော မဟာသမုဒ္ဒရာနှင့် တူကြောင်းသိရသည်။

**(၁၀) ပဋ္ဌိစ္စသမုပ္ပါဒ်သည် ပညာရှင်ဖြစ်ကြောင်း တရားတော်ဖြစ်ခြင်း**

**ဣဓာနန္ဒ ဘိက္ခု ဝေ ပဇာနာတိ–ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊ ဣမသ္မိံ အသတိ ဣဒံ နဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ၊ ယဒိဒံ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဘဂ္ဂေါဝတာခေါ အာနန္ဒ 'ပဋ္ဌိစ္စသမုပ္ပါဒကုသလော ဘိက္ခု' တိ အလံ ဝစနီယာ။ (မ၊ ၃၊ ၁၀၉)**

ချစ်သား အာနန္ဒာ ဤဘုရားသာသနာတော်၌ ရဟန်းသည် "ဤအကြောင်းရှိသော် ဤအကျိုးဖြစ်သည်။ ဤအကြောင်းဖြစ်ခြင်းကြောင့် ဤအကျိုးဖြစ်ပေါ်လာသည်။ ဤအကြောင်းမရှိလျှင် ဤအကျိုးမဖြစ်နိုင်ပါ။ ဤအကြောင်းချုပ်ခြင်းကြောင့် ဤအကျိုးချုပ်သည်။

အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကြသည် စသည်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် အနုလုံ ပဋ္ဌိလုံမျှ သိခြင်းဖြင့်ပင် "ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကျွမ်းကျင်သော ရဟန်း" ဟု ခေါ်ခြင်းငှာ ထိုက်သည်ဟု မြတ်ဗုဒ္ဓက မဈိမနိကာယ်, ဥပရိပဏ္ဏာသပါဠိ ဗဟုဓာတုကသုတ္တန်မှာ သာဝတ္ထိပြည် စေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်အာနန္ဒာအား မိန့်တော်မူသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် ကျွမ်းကျင်သူသည် **ပဏ္ဍိတဘိက္ခု – ပညာရှိသူ** ဟု ခေါ်ထိုက်ကြောင်း ယင်းသုတ္တန်၌ ဖော်ပြထားသည်။

ဓာတုကုသလ–ဓာတ်ကျွမ်းကျင်သူ, အာယတနကုသလ–အာယတနကျွမ်းကျင်သူ, ဌာနာ ဌာန ကုသလ–အရာဌာန ကျွမ်းကျင်သူများလည်း ပညာရှိသူဖြစ်ကြောင်း ဖော်ပြထားသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်၌ ဓာတ်များ, အာယတနများ, ဖော်ပြထားသော ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကျွမ်းကျင်လျှင်ပင် ဓာတ်, အာယတနပါ ကျွမ်းကျင်ပြီး ဖြစ်သွားပါသည်။ ထို့ကြောင့် **ပဋ္ဌိစ္စသမုပ္ပါဒ် သင်ယူခွင့်, သင်ကြားခွင့်, ရှုမှတ်ပွားများခွင့် ရနေခြင်းသည် ကံ်ကောင်းရုံသာမက ပညာရှိပင် ဖြစ်နိုင်သည့်အတွက် နှစ်သက်မြတ်နိုး လေးစားဖွယ်ကောင်း** လှပါသည်။

## (၁၁) ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဒိဋ္ဌိပယ်ခွာကြောင်း တရားတော်ဖြစ်ခြင်း

- အရှိထင်ရှား၊ ခန္ဓာငါး၊ မှတ်သားသက္ကာယ။
- ခန္ဓာငါးခု၊ ပေါင်းကာစု၊ ခေါ်မှုသက္ကာယ။
- သတိပညာ၊ ဘာဝနာ၊ ယှဉ်ကာမကြည့်လျှင်။
- သက္ကာယတွင်၊ သူငါထင်၊ ယူလျှင်ဒိဋ္ဌိပင်။
- ခိုင်မြဲယူက၊ သဿတ၊ ခေါ်ရဒိဋ္ဌိပင်။
- ပြတ်မှားယူက၊ ဥစ္ဆေဒ၊ ခေါ်ရဒိဋ္ဌိပင်။

ဆေးနည်းကို မျှားစွာသိသော်လည်း အနာ၏လက္ခဏာကို မသိခဲ့လျှင် အကျိုးရှိမည်မဟုတ်။ အနာ၏လက္ခဏာကိုသိမှ သူ့အနာနှင့် သူ့ဆေး နေရာတကျပေး၍ အကျိုးထွန်းကားသကဲ့သို့, ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာ ဟူသော အမြိုက်ဆေးကြီး၏ အချက်အချာကိုလေသာ ဟူသော အနာဝိသေသကိုသိအပ်၏။ ကိုလေသာဟူသော အနာဝိသေသ ဆိုသည်ကား အကျဉ်းအားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ(၂)ပါးပင် ဖြစ်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို သိသောဉာဏ်သည် ဒိဋ္ဌိဝိစိကိစ္ဆာအနာ မျိုးတို့ကို ပယ်ဖျောက်နိုင်၏။ ကံ်ကံ်၏အကျိုးကို ယုံကြည်မှုသည် ပဋ္ဌိစ္စ သမုပ္ပါဒ်ကိုသိသောဉာဏ်၌ တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်၏။ ပဋ္ဌိစ္စ သမုပ္ပါဒ်ကိုသိမှ ဒိဋ္ဌိ(၂)မျိုးကို လွန်နိုင်မည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ကိုမသိလျှင် ဒိဋ္ဌိ၏အတွင်းတွင်နေရမည်ဟု လယ်တီဆရာတော်က ပဋ္ဌိစ္စသမုပ္ပါဒ် ဒီပနီ

ကျမ်းတွင် ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဒိဋ္ဌိပယ်ဆွာကြောင်း တရားတော်ဖြစ်သည် ဟုမိန့်ဆိုခဲ့သည်။ (ပဋ္ဌိစ္စသမုပ္ပါဒ် ဒီပနီ၊ ၂)

ပဋ္ဌိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်ပုံကို နားလည်လျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်ပိုင်သည်။ ဗြဟ္မာသိကြား ထာဝရဘုရားက ဖန်ဆင်းခြင်း မဟုတ်၊ အဝိဇ္ဇာသခါရကြောင့် ခန္ဓာတွေဖြစ်လာသည်ဟုသိလျှင် ဝိစိကိစ္ဆာ စင်ပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်ပုံနှင့် ပျက်ပုံကို နားလည်လျှင် သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို အသိဖြင့် စင်စေပါသည်။ ခန္ဓာဖြစ်စဉ်သည် အကြောင်းအကျိုး ဓမ္မဖြစ်စဉ်ဟုသိလျှင် ထိုဖြစ်စဉ်ထဲမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မပါဟု သိသည်။ ထိုအခါ အတ္တဒိဋ္ဌိ စင်ပါသည်။

**ပုရိမေန သဿတာဒိန၊ မဘာဝေါ ပစ္ဆိမေနစပဒေန။**
**ဥစ္ဆေဒါဒိဝိယာတော၊ ဒွယေန ပရိဒီပိတော ဉာယော။**

"**ပဋ္ဌိစ္စ**ဟူသော ရှေ့ပုဒ်ဖြင့် သဿတဝါဒစသည်တို့၏ မရှိခြင်းကို ပြတော်မူသည်။ **သမုပ္ပါဒ**ဟူသော နောက်ပုဒ်ဖြင့် ဥစ္ဆေဒဝါဒစသည်တို့ကို ဖျက်ဆီးပယ်ဖျောက်ခြင်းကို ပြတော်မူသည်။ **ပဋ္ဌိစ္စသမုပ္ပါဒ်**ဟူသော နှစ်ပုဒ် အပေါင်းဖြင့် မဇ္ဈိမပဋိပဒါ အကျင့်ကို ပြတော်မူသည်" ဟု ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာ၌ ဖော်ပြထားသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊၁၂၅)

ပုဂ္ဂိုလ်သတ္တဝါဟုခေါ်သော အတ္တကောင်သည် ပျက်စီးခြင်းမရှိ၊ ခန္ဓာကိုယ်ကြီး ပျက်စီးသွားသော်လည်း သူကမပျက်။ တစ်နေရာရာ၌ တည်မြဲတည်လျက်ရှိသည်ဟု ယူဆပြောဆိုသောဝါဒသည် **သဿတဝါဒ** ဖြစ်သည်။ ချမ်းသာခြင်း, ဆင်းရဲခြင်းသည် အကြောင်းမရှိ။ အဆင်သင့် သည့်အားလျော်စွာ အလိုလိုဖြစ်ပေါ်သည်ဟု ယူဆပြောဆိုသောဝါဒသည် **အဟေတုကဝါဒ** ဖြစ်သည်။ သေသောအခါ သတ္တဝါသည် လုံးဝမရှိ တော့ဘဲ ပြတ်သွားသည်ဟု ယူဆပြောဆိုသောဝါဒသည် **ဥစ္ဆေဒဝါဒ** မည်ပါသည်။

ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ အကျိုးမရှိဟုယူဆပြောဆိုသော ဝါဒသည် **နတ္ထိကဝါဒ**ဖြစ်သည်။ သတ်ခြင်း၊ ခိုးယူလုယက်ခြင်း စသည်ကို ပြုသော်လည်း အကုသိုလ်ကံမဖြစ်၊ ပေးလှူခြင်း၊ သတ်မှုရှောင်ကျဉ်ခြင်း စသည်ကိုပြုသော်လည်း ကုသိုလ်ကံမဖြစ်ဟု ယူဆပြောဆိုသောဝါဒသည် **အကိရိယဝါဒ**မည်ပါသည်။

ဒီဃနိကာယ်, သီလက္ခန္ဓဝဂ္ဂ, ဗြဟ္မဇာလသုတ္တ, ပါဠိတော်, အဋ္ဌကထာတို့၌ မိစ္ဆာဒိဋ္ဌိ (၆၂) ပါးကို ဖော်ပြထားသည်။ ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ အတိတ်ကို ပြန်လည်ကြံစည်မှုကြောင့်ဖြစ်သော မှားယွင်းသောအယူနှင့် အပရန္တကပ္ပိကဒိဋ္ဌိ အနာဂတ်ကို မျှော်လင့်ချက်ဖြင့် ကြံစည်မှုကြောင့် ဖြစ်သော မှားယွင်းသောအယူဟု ခွဲခြားပြသည်။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိတို့ဖြစ်သည်။ **သက္ကာယဒိဋ္ဌိ နိဿာယ ဒွါသဋ္ဌိ ဒိဋ္ဌိဂတိယော ဘဝန္တိ။** ဒိဋ္ဌိအားလုံးသည် သက္ကာယဒိဋ္ဌိကြောင့် ဖြစ်ပေါ်လာသည် ဟုဆိုသည်။

**ကျမာ ခေါ ဂဟပတိ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ သတိ ဟောန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိ နဟောန္တိ။**

စိတ္တသုကြွယ် ဤ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် သက္ကာယဒိဋ္ဌိ ရှိနေသောကြောင့် ဖြစ်ပေါ်နေကြတာပါ။ သက္ကာယဒိဋ္ဌိ မရှိလျှင် မဖြစ်ပေါ်နိုင်ကြပါ ဟူသောစကားတော်ကိုလည်း သတိမူသင့်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဖော်ပြပါဝါဒများကို ဖယ်ရှင်းနိုင်သည်။ ပဋ္ဌိစ္စ သမုပ္ပါဒ်ဟူသည် ပဋ္ဌိစ္စပုဒ်နှင့် သမုပ္ပါဒ်ပုဒ်တို့ တွဲစပ်ထားသောပုဒ် ဖြစ်သည်။ ပဋ္ဌိစ္စဟူသောပုဒ်ဖြင့် အကြောင်းတရားကို ညွှန်ပြသည်။ သမုပ္ပါဒ်ဟူသော ပုဒ်ဖြင့် အကျိုးတရားကို ညွှန်ပြသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကိုသိသူမှာ အကြောင်းအကျိုး နာမ်ရုပ်အစဉ်မျှသာဟု သဘောပေါက်နေသောကြောင့် သာမန်ပုဂ္ဂိုလ်များကဲ့သို့ စွဲလမ်းမှုမရှိ တော့ဘဲ ဓမ္မသဘာဝအတိုင်း အသိအမြင်ရှင်းလင်းစွာ သိမြင်ယုံကြည် သွားသည်။

ပဋ္ဌာန်းသမုဒ္ဒါဒ်စက်ဝိုင်းတွင် (၁) အကွက်ကို နားလည်လျှင် အကြောင်းကို နားလည်သည်။ (၂) အကွက်ကို နားလည်လျှင် အကျိုးကို နားလည်သည်။ အကျိုးမြင်လျှင် အကြောင်းကို ရှာရသည်။ အကြောင်းမြင်လျှင် အကျိုးကို မျှော်ရသည်။ **(အကျိုးမြင် အကြောင်းရှာ၊ အကြောင်းမြင် အကျိုးမျှော်)** (၁) အကွက် နားလည်လျှင် ပစ္စယပရိဂ္ဂဟဉာဏ်ရ၍ ကခ်ီဝိတရဏဝိသုဒ္ဓိဖြစ်ကာ (ဝိစိကိစ္ဆာ) ယုံမှားသံသယ ကင်းစင်သည်။ (၂) အကွက်နားလည်လျှင် နာမရူပပရိစ္ဆေဒဉာဏ်ရ၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ကာ (ဒိဋ္ဌိ) အမြင်မှား ကွယ်ပျောက်သည်။ (၃) အကွက်နှင့် (၄)အကွက်လည်း ဤကဲ့သို့ပင်မှတ်ပါ။

**– ထင်ရှားရှိပြား၊ ခန္ဓာငါး၊ မှတ်သား သင်္ကာယ။**

**– သင်္ကာယလျှင်၊ သူငါထင်၊ ခေါ်တွင် ဒိဋ္ဌိပါ။**

**– ဝိပဿနာ၊ ရှုစရာ၊ မှတ်ပါ သင်္ကာယ၊**

**– သင်္ကာယမှာ၊ ရှုသောခါ၊ ထင်လာ လက္ခဏာ။**

**– သင်္ကာယမှာ၊ ရှုသောခါ၊ စိတ်ဖြာခွဲလေမှတ်။**

**– စိတ်စိတ်ရှုမှ၊ သင်္ကာယ၊ အတ္တစင်သည်မှတ်။**

သမုဒယကို နားလည်လျှင် ဥစ္ဆေဒဒိဋ္ဌိမရှိ၊ နိရောဓကို နားလည်လျှင် သဿတဒိဋ္ဌိမရှိ၊ ရုပ်နာမ်ကို နားလည်လျှင် သင်္ကာယဒိဋ္ဌိ မရှိဟု မှတ်ပါ။

ထို့ကြောင့် **ဝယ ဒဿနေန သဿတဒိဋ္ဌိ ပဟာတိ။ ဥဒယ ဒဿ နေန ဥစ္ဆေဒဒိဋ္ဌိ ပဟာတိ။ နာမရူပဝဝတ္ထာနေန သင်္ကာယဒိဋ္ဌိ ပဟာတိ။** အပျက်ကိုမြင်လျှင် အမြဲစင်သည်၊ အဖြစ်မြင်လျှင် အပြတ်စင်သည်။ နာမ်ရုပ်ကိုပိုင်းခြားသိသောဉာဏ်ဖြင့် သင်္ကာယဒိဋ္ဌိ စင်ကြယ်ပါသည်ဟု ဆိုသည့်အတိုင်း ပဋ္ဌာန်းသမုဒ္ဒါဒ်သည် အကြောင်းအကျိုး အဖြစ်အပျက်သဘာဝများကို ညွှန်ပြနေသောကြောင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ စသည်များကို ကင်းစင်စေပါသည်။ (မ၊ ၆၊ ၁၊ ၂၄။ ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၆၈)

အဝိဇ္ဇာအစ ဥပါယာသ အဆုံးရှိသော ပဋိစ္စသမุပ္ပါဒ်ကို သေသေ ချာချာ စဉ်းစားကြည့်လျှင် လူမရှိ၊ နတ်မရှိ၊ မိန်းမယောက်ျား မရှိ၊ အဝိဇ္ဇာစသော ပဋိစ္စသမุပ္ပါဒ်ဇာတ်သာ ရှိသည်ဟု ဉာဏ်မှာ ထင်မြင်လျှင် သက္ကာယဒိဋ္ဌိကွာသည်။ ပဋိစ္စသမุပ္ပါဒ်၌ အကျဉ်းအားဖြင့် နာမ်ရုပ်သာ ရှိသည်။ ဤ နာမ်ရုပ် ပဋိစ္စသမุပ္ပါဒ်သည်သာ ဟုတ်သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ မဟုတ်ဟု သိလိုက်လျှင်ပင် သက္ကာယဒိဋ္ဌိ စင်ကြယ်သည်။

ပဋိစ္စသမุပ္ပါဒ်ကို သိသောဉာဏ်သည် ဆေးကြီး ဖြစ်သည်။ ထိုဆေးကြီး၏ အချက်အချာ အနာဆိုး ရောဂါဆိုးက ဒိဋ္ဌိတရားဖြစ်သည်။ သူ့အနာနှင့် သူ့ဆေး နေရာကျအောင် စွမ်းဆောင်ပေးရသည်။ ထို့ကြောင့် ပဋိစ္စသမุပ္ပါဒ်သည် ဒိဋ္ဌိပယ်ဖျောက်ကြောင်း တရားတော် ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ မြန်၊ ၄+၁၉-၂၀)

## (၁၂) ကလျာဏ ပုထုဇဉ်ဖြစ်ကြောင်း တရားတော်ဖြစ်ခြင်း

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စ ဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနောကော၊ ကလျာဏောကော ပုထုဇ္ဇနော။
(ဒီ၊ ၆၊ ၁၊ ၅၈)

ပုထုဇဉ်သည် အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်ဟူ၍ (၂) မျိုး ရှိသည်။ ပညာမျက်စိကန်းသော ပုထုဇဉ်ကို အန္ဓပုထုဇဉ်ဟုခေါ်သည်။ ပညာမျက်စိကောင်းစွာရှိသော ပုထုဇဉ်ကို ကလျာဏပုထုဇဉ်ဟုခေါ်သည်။ ယင်းပုထုဇဉ်တို့၏သဘာဝကို သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၌ အောက်ပါ အတိုင်း ဖွင့်ဆိုထားသည်။

ယသ ခန္ဓာတု အာယတနာဒီသု ဥဂ္ဂဟပရိပုစ္ဆာသဝန ဘာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယသ တာနိ အတ္ထိ၊ သော ကလျာဏ ပုထုဇ္ဇနော။

ခန္ဓာ၊ အာယတန၊ ဓာတ် အစရှိသော တရားတို့၌ သင်ယူခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ ကြားနာခြင်း၊ နှုတ်ငုံဆောင်ခြင်း၊ ဆင်ခြင်ခြင်းများ မရှိသော ပုထုဇဉ်သည် ကန်းသောပညာမျက်စိရှိသည့် အန္ဓပုထုဇဉ် မည်၏။ ခန္ဓာ၊ အာယတန၊ ဓာတ်အစရှိသော တရားတို့၌သင်ယူခြင်း၊ မေးမြန်းခြင်း၊ ကြားနာခြင်း၊ နှုတ်ငုံဆောင်ခြင်း၊ ဆင်ခြင်ခြင်းများရှိသော ပုထုဇဉ်သည် ကောင်းသော ပညာမျက်စိရှိသည့် ကလျာဏပုထုဇဉ် မည်၏။ (ဒီ၊ ၃၊ ၁၊ ၅၉)

ဤညွှန်ပြချက်တွင် (၁) သင်ယူရမည်။ (၂) နားမရှင်းလျှင် ပြန်လည်မေးမြန်းရမည်။ (၃) ဖြေကြားချက်ကို သေချာစွာ ဂရုတစိုက် နားထောင်ကြားနာရမည်။ (၄) မပျောက်ပျက်အောင် နှုတ်ငုံဆောင်ထား ရမည်။ ရွတ်ဆိုနေရမည်။ (၅) ပြန်လည်သုံးသပ်ဆင်ခြင်နေရမည်ဟု ဂါးမျိုးဖော်ပြထားသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကို လေ့လာကြည့်လျှင် ခန္ဓာ၊ အာယတန၊ ဓာတ် စသောတရားများကို ညွှန်ပြထားသော တရားတော်ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို သိမြင်နားလည်သူသည် ခန္ဓာ အာယတန, ဓာတ်စသည်ကိုသိမြင်သူဖြစ်သည်။ ခန္ဓာ၊ အာယတန၊ဓာတ် ကိုသိမြင်သူသည် ကလျာဏပုထုဇဉ်ဖြစ်သည်ဟု ညွှန်ပြထားသောကြောင့် **ပဋ္ဌိစ္စသမုပ္ပါဒ်ကိုသိသူသည်လည်း ကလျာဏပုထုဇဉ်ဖြစ်ပါသည်။**

"ယသ ခန္ဓအာယတန ဓာတုသစ္စ ဣန္ဒြိယ ပဋ္ဌိစ္စသမုပ္ပါဒါဒိ ဘေဒေသု ဝမ္မေသု ဥဂ္ဂဟ ပရိပုစ္ဆယောနိသော မနသိကာရော နတ္ထိ၊ သော အန္ဓပုထုဇ္ဇနော။ ယသ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋ္ဌိစ္စသမုပ္ပါဒ် အစရှိသည့် ပြားကုန်သောတရားတို့၌ သင်ခြင်း၊ မေးမြန်းခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းမရှိသော ပုထုဇဉ်သည် အန္ဓပုထုဇဉ် မည်၏။ ခန္ဓာစသည် ပဋ္ဌိစ္စသမုပ္ပါဒ်တို့ကို သင်ခြင်း၊ မေးမြန်းခြင်း၊ အသင့်အားဖြင့် နှလုံးသွင်း

ခြင်းရှိသော ပုထုဇဉ်သည် ကလျာဏပုထုဇဉ်မည်၏" ဟုလည်း အဋ္ဌကထာတို့၌ ဖော်ပြထားကြသည်။

ခန္ဓာစသည်တို့ကို အလုံးစုံအကုန်လိုက်၍ သိဖို့မလို။ တစ်လုံးလုံးကိုသာ သိဖို့လိုသည်။ အားထုတ် နှလုံးသွင်းသောအခါ တစ်လုံးကိုသာ အားထုတ်၊ နှလုံးသွင်းရာ၏။ သင်ခြင်း၊ မေးမြန်းခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းဟု ပြဆိုထားသောကြောင့် တစ်လုံးလုံးကို သိအောင် သင်ရမည်။ မေးမြန်းရမည်။ သင်သည့်အတိုင်း မေးမြန်း၍ သိသည့်အတိုင်း ဉာဏ်၌ ထင်မြင်အောင် နှလုံးသွင်း အားထုတ်ရသည်။ ထို တစ်လုံးကို မဂ်ကိစ္စဖြင့် ပြီးမြောက်သော် ကြွင်းသောတရားဟူသမျှတို့သည်လည်း သဘောအတူတူပင် ဖြစ်သောကြောင့် ကိစ္စပြီးပြီးသား ဖြစ်တော့သည်သာ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် နှလုံးသွင်း အားထုတ်လျက် ကနှင့် မိမိတို့ဝယ် ပဋ္ဌိသန္ဓေက ဒွိဟိတ်ဖြင့်နေခဲ့ပါမူ ဤဘဝ၌ မဂ်ဖိုလ် မရသော်လည်း ကလျာဏပုထုဇဉ်အဖြစ် ကေန်ရနိုင်ပါ၏။

ကလျာဏပုထုဇဉ်အဖြစ်ရလျှင်ပင် အပါယ်လေးပါးတည်းဟူသော အောက်သံသရာကြီးကို လွန်မြောက်နိုင်၏။ ဒုတိယဘဝ၊ တတိယဘဝတို့၌ မဂ်ဖိုလ်ကို ရတော့မည်ကား ကေန်သာ။ ဤကဲ့သို့သော အထစ်မျိုးကို မကုတ်မိ ကုတ်မိအောင် ကြံဆောင်ရာသည်" ဟု သပိတ်အိုင်ဆရာတော်ကြီးက မိန့်မှာခဲ့သည်။ **(ဓာတ်ကမ္မဋ္ဌာန်းကျမ်း-၁၇၀-၁၇၁)**

ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် (က) အနုပုထုဇဉ်ဘဝမှ လွတ်မြောက်ကြောင်း တရားတော်ဖြစ်သည်။ (ခ) ကလျာဏပုထုဇဉ် ဖြစ်ကြောင်းတရားတော် ဖြစ်သည်ဟု သိရသည်။ (ဤနေရာ၌ ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ဖြင့် ယောဂီအသစ်များ နားလည်အောင် စိစစ်သုံးသပ်ပြသင့်သည်။)

## (၁၃) ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်းနှင့် ဘာသာခြားသို့ မကူးပြောင်းနိုင်သော တရားတော်ဖြစ်ခြင်း။

ဒသဝတ္ထုက ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်စင်ကြယ်၍ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်တို့ကို လိုက်နာမှ ဗုဒ္ဓဘာသာဝင် ဟူ၍ခေါ်ထိုက်သည်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆိုသည်ကား (၁) အတ္တိ ဒိန္နံ (၂) အတ္တိ ယိဋ္ဌံ (၃) အတ္တိ ဟုတံ (၄) အတ္တိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော (၅) အတ္တိ အယံလောကော (၆) အတ္တိ ပရောလောကော (၇) အတ္တိ မာတာ (၈) အတ္တိ ပိတာ (၉) အတ္တိ သတ္တာ သြပပါတိကာ (၁၀) အတ္တိ လောကေ သမဏာဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတ္တာ ပဝေဒေန္တိ။

(၁) ပေးကမ်းကျိုး ရှိ၏။ (၂) လက်ဦးလက်ဖျား ပေးလှူ ပူဇော်ကျိုးရှိ၏ (၃) အကြီးအကျယ် ပေးလှူ ပူဇော်ကျိုးရှိ၏ (၄) သုစရိုက်(၁၀)ပါး၏ ကောင်းကျိုး၊ ဒုစရိုက် (၁၀)ပါး၏ မကောင်းကျိုးရှိ၏။ (၅) ဤလူ့ဘုံလောကသည်ရှိ၏။ (၆) ဤလူ့ဘုံမှတစ်ပါး နတ်ဘုံ၊ ငရဲဘုံရှိ၏ (၇) အမိ၌ ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်း၊ ပြစ်မှား လွန်ကျူးခြင်း၏ ကောင်းကျိုး မကောင်းကျိုး ရှိ၏။ (၈) အဘ၌ ကောင်းစွာလုပ်ကျွေးမွေးမြူခြင်း ပြစ်မှားလွန်ကျူးခြင်း၊ ကောင်းကျိုး မကောင်းကျိုးရှိ၏။ (၉) လောကတစ်ပါးမှ လောကတစ်ပါးသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေစွဲနေကုန်သော သတ္တဝါတို့သည်ရှိ၏။ (၁၀) လောက၌ အညီ အညွတ်ဖြစ်ကြကုန်သော, ကောင်းစွာကျင့်ကြံကုန်သော, ဤလောကနှင့် တမလွန်လောကကို ကိုယ်တိုင်ဒိဋ္ဌသိ၍ မျက်မှောက်ပြု၍ ဟောကြားကြပေကုန်သော ရဟန်း၊ ပုဏ္ဏား၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ သူတော်ကောင်းတို့သည် ရှိကုန်၏။ ဤကား ဒသဝတ္ထုက သမ္မာဒိဋ္ဌိတည်း။ (မ၊ ၂၊ ၆၄)

ယခုဘဝ၌ ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ သိအပ်နှလုံးသွင်းအပ်သောတရားကား ပဋ္ဌိစ္စသမုပ္ပါဒ်တရားပေတည်း။

နိဗ္ဗာန်ရသည်တိုင်အောင်ဖြစ်လေရာ ဘဝအဆက်ဆက်တို့၌ ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ ထိုးထွင်း၍ သိအပ်သောတရားကား သစ္စာလေးပါးတရားပေတည်း။ (ဥတ္တမပုရိသဒီပနီ၊ ၁၆၀)

**ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် ဗုဒ္ဓဘာသာဝင်ဖြစ်အောင် စွမ်းဆောင်နိုင်သော တရားတော်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခိုင်မြဲ၍ ဘာသာခြားတို့ ဆွဲဆောင်မှုနောက် ပါမသွားအောင် ထိန်းထားနိုင်သော တရားတော် ဖြစ်ပါသည်။** ထို့ကြောင့် ဗုဒ္ဓဘာသာ တည်တံ့ပြန့်ပွားရေးကို အရှည်မျှော်မြင် သိတော်မူကြသော လယ်တီဆရာတော်, ညောင်လေးပင်တောရ ဆရာတော်, မိုးကုတ်ဆရာတော်, မဟာစည် ဆရာတော် စသော သာသနာ့အာဇာနည် အရှင်မြတ်တို့က ပဋ္ဌိစ္စသမုပ္ပါဒ် ထွန်းကားအောင် ပုံစံအမျိုးမျိုးဖြင့် လူ့လောကထဲ ပြန့်နှံ့အောင် ပြုလုပ်ကာ လူသားများ ဗုဒ္ဓဘာသာဝင်အဖြစ် ခိုင်မြဲနေအောင် စွမ်းဆောင်တော်မူခဲ့ကြပါသည်။ သို့အတွက် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဗုဒ္ဓဘာသာဝင် လူငယ်လူကြီးအားလုံး သေချာပိုင်နိုင်စွာ သိမြင်နားလည် သဘောပေါက်အောင် အလိုင်းတကြီး ကြိုးစားစွမ်းဆောင် ပေးသင့်ကြပါသည်။ သတိချပ်တော်မူကြစေချင်သည်။

## (၁၄) စုဠသောတာပန်ဖြစ်ခြင်း

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် သင်ကြား၊ နာယူ၊ ကျင့်ကြံ ပွားများသူအား စုဠသောတာပန်ဖြစ်စေနိုင်ပါသည်။

**ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စုဠသော တာပန္နော နာမ ဟောတိ ဣယထာဘူတမည်သော ကခ်ီဝိတရဏဉာဏ်နှင့် ပြည့်စုံ**

သော ဝိပဿနာ (ရှုသူ)ယောဂီသည် မြတ်စွာဘုရား၏ သာသနာတော်၌ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍ ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်လျက် မြဲသောဂတိရှိသည်ဖြစ်ကာ စူဠသောတာပန် (သောတာပန်ငယ် မည်၏။) (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၄၀)

– ရုပ်နာမ် နှစ်ဝ၊ ကြောင်းကျိုးမျှ၊ သိက စူသောတာ။

– ဂတိမြဲရ၊ ပါယ်မကျ၊ မိန့်ဟ ဝိသုဒ်မှာ။

အရှင်မဟာဗုဒ္ဓဃောသသည် ကခ်ါဝိကရဏ ဝိသုဒ္ဓိကိုဖွင့်ဆိုရာတွင် အထက်ပါအတိုင်းအကျိုးကျေးဇူးများကို ညွှန်ပြထားပါသည်။ ကာလသုံးပါး၌ ယုံမှားမှုကိုလွန်မြောက်၍ စင်ကြယ်သောဉာဏ်ပညာကို ကခ်ါဝိတရဏဝိသုဒ္ဓိဟုခေါ်ပါသည်။

နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်း၍ ပိုင်နိုင်စွာသိသော **ပစ္စယ ပရိဂ္ဂဟ** ဉာဏ်၏ ပရိယာယ်တစ်မျိုးလည်း ဖြစ်ပါသည်။ နာမ်ရုပ်တို့၏ တည်ကြောင်းကို သိသောဉာဏ် ဓမ္မဋ္ဌိတိဉာဏ်၊ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် ယထာဘူတဉာဏ်၊ မဖောက်မပြန်မှန်စွာ မြင်သောဉာဏ် **သမ္မာဒဿန** ဉာဏ်တို့၏ အမည်များဖြစ်သည်။

**နာမရူပ ပစ္စယ ပရိဂ္ဂဟဏေန တီသုအဒ္ဓါသု ကခ်ဝိတရိတ္တာ ဌိတံ ဉာဏံ ကခ်ါဝိတရဏဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။ ဓမ္မဋ္ဌိတိဉာဏန္တိပိ ယထာဘူတဉာဏန္တိပိ သမ္မာဒဿနန္တိပိ တသ္သေဝါဓိဝစနံ။** (ဝိသုဒ္ဓိ၊ ၂၊ ၂၃၉)

ထို့ကြောင့် ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိတော်၌ **ယဒ္ဓယထာဘူတဉာဏံ ယဒ္ဓသမ္မာ ဒဿနံ။** ယထာဘူတဉာဏ် သမ္မာဒဿနဉာဏ်ကခ်ါဝိကရဏဉာဏ်ဟူသော ဤတရားတို့သည် အနက်အားဖြင့် တူကုန်၍ သဒ္ဒါမျှသာ ထူး၏။ ဟု ဖြေဆိုအပ်ကြောင်း ရှင်သာရိပုတ္တရာက ဟောကြားတော်မူခဲ့သည်” (ဟဋ္ဌိသံ၊ ၂၅၈)

ဓမ္မဋ္ဌိတိဉာဏ်နှင့် ပတ်သက်၍ ရှင်သာရိပုတ္တရာသည် ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၌ **အဝိဇ္ဇာပစ္စယော၊ သခါရာပစ္စယသမုပ္ပန္နာ၊ ဥဘောပေတေ**

ဓမ္မာ ပစ္စယသမုပ္ပန္နာတိ ပစ္စယပရိဂ္ဂဟေ ပညာမ္မေဒ္ဒိတိဉာဏံ၊ အဝိဇ္ဇာသည် အကြောင်းတည်း၊ သခါရတို့သည် အကျိုးတို့တည်း။ ဤအဝိဇ္ဇာနှင့် သခါရဟူသော (၂) ပါးသောတရားတို့သည်လည်း အကြောင်းကြောင့် ဖြစ်သောအကျိုးတို့တည်းဟု အကြောင်းကို သိမ်းဆည်းခြင်းဌာ်ဖြစ်သော ပညာသည် ဓမ္မဒ္ဒိတိဉာဏ်မည်၏ဟု မိန့်တော်မူခဲ့ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းကို သာမန်ကြည့်လျှင် (၁) အကွက်သည် အတိတ်အကြောင်း တရားဟု မြင်ရမည်။ အဝိဇ္ဇာနှင့် သခါရများဖြစ်သည်။

**အဝိဇ္ဇာကြောင့် သခါရတို့ဖြစ်သည်** ဟု မြတ်ဗုဒ္ဓ ဟောထားသောကြောင့် သခါရတို့သည် အကျိုးများဟုသိ၍ အဝိဇ္ဇာသည် အကြောင်းဟု အမြင်ရှင်းပါသည်။ ယင်းအဝိဇ္ဇာသည်ပင် အကျိုးပါ။ **အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော**၊ အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် ဓမ္မဒ္ဒိတိဉာဏ်စသည်တို့သည် ကခါဝိတရဏဝိသုဒ္ဓိ မည်ကြောင်း တွေ့ရသည်။ ထိုအကြောင်းရာတို့သည် ပဋ္ဌိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်နိယာမကို ပိုင်နိုင်စွာသိသော ဉာဏ်ပညာများဖြစ်သည်။ ယင်းဉာဏ်နှင့် ပြည့်စုံသူသည် မြတ်စွာဘုရား၏ သာသနာတော်၌ သက်သာရာရပြီး၍ ထောက်တည်ရာ ရပြီးသူလည်း ဖြစ်သည်။

(ပဋ္ဌိသံ၊ ၅၀)

သာသနာတော်၌ သက်သာရာမည်သည် မြတ်သောမှန်သော သဘောအားဖြင့် အရိယာဖိုလ်ဖြစ်ပါသည်။ ဆောက်တည်ရာမည်သည် အရိယာမဂ် ဖြစ်ပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ကို သင်ယူ ကျင့်ကြံ ပွားများနေသောယောဂီသည် ထိုအရိယာမဂ်ဖိုလ်ကို မရသေးသော်လည်း ထိုအရိယာ မဂ်ဖိုလ်ရကြောင်းဖြစ်သော အကျင့်၌တည်နေသောကြောင့် ရပြီးသော သက်သာရာရှိသူ ရပြီးသောဆောက်တည်ရာရှိသူကဲ့သို့ ဖြစ်နေ

ပါသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် သာသနာတော်၌သက်သာရာ ရစေ၍ ဆောက်တည်ရာကို ရစေနိုင်သော တရားတော်ဖြစ်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်သည် မြဲသောဂတိရှိသူ ဖြစ်စေနိုင်ပါသည်။ ယင်းကို စူဠသောတာပန်ဟုခေါ်ပါသည်။ မဆုတ်ယုတ်သော ကခ်ါဝိတရဏဝိသုဒ္ဓိ ရှိသော ဝိပဿနာယောဂီသည် လောကီဖြစ်သော သီလပြည့်စုံစင်ကြယ်စေခြင်း၊ သမာဓိပြည့်စုံစင်ကြယ်စေခြင်း, ပညာပြည့်စုံစင်ကြယ်စေခြင်းတို့နှင့် ပြည့်စုံနေသောကြောင့် ကခ်ါဝိတရဏဝိသုဒ္ဓိထက်အလွန် မသိသေး မရသေးသော်လည်း သုဂတိလျှင် လားရာရောက်ရှိသည်။ ထို့ကြောင့်ပင် စူဠသောတာပန်မည်ပါသည်။

ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် သုဂတိဘဝမြဲစေ၍ မဟာသောတာပန်နှင့် သဘောတူသော စူဠသောတာပန် ဖြစ်နိုင်သည့် တရားတော် ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ မြန်၊ ၄၊ ၂၇၄-၂၇၅)

(၁) ကြောင်းကျိုးနှစ်ဝ၊ သိရုံမျှ၊ အားရမနေရာ။

(၂) ဆက်လက်ရှက၊ ဖြစ်ပျက်မျှ၊ မုချသိနိုင်ပါ။

(၃) သိလျှင်သိလျှင်၊ မသိစင်၊ သိမြင်နိဗ္ဗုတာ။

(၄) နိဗ္ဗာန်မြင်က၊ အပါယ်မှ၊ လုံးဝလွတ်မြောက်ရာ။

(၅) ကိလေကုန်ခန်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနောက်ဆုံးမှာ။

[စူဠသောတာပန်မှ ဆက်၍ ဖော်ပြပါလက်ံာများကို ရှင်းလင်းဟောပြောသင့်ပါသည်။]

## ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် လူ့အဖွဲ့အစည်း

လူ့အဖွဲ့အစည်းသည် ကြောင်းကျိုးဆက်စပ်နေသည်သာ ဖြစ်သည်။ လူတိုင်း၊ အဖွဲ့အစည်းတိုင်း စည်းကမ်းရှိစွာ ကောင်းတာလုပ်ကြလျှင် ငြိမ်းချမ်း၊ ပျော်ရွှင်၊ ကြီးပွား၊ တိုးတက်ကြသည်။ ပရမ်းပတာ မကောင်းတာလုပ်ကြလျှင် အချင်းချင်း ခိုက်ရန်ဖြစ်ကြကာ စိုးရိမ်,

ကြောက်ရွံ့, ထိတ်လန့်နေကြရသည်။ ကောင်းတာလုပ်နိုင်ဖို့ ကြောင်းကျိုးဆက်သိခြင်း, အမြင်မှန်ခြင်း, စည်းမျဉ်းသိခြင်း, လူတော်လူကောင်းဖြစ်ခြင်း စသည်များ အဓိကလိုပါသည်။ **ဗီဇနှင့် ပတ်ဝန်းကျင်၊ လူနှင့် လူ့အဖွဲ့အစည်း** ဆက်စပ်နေသည် မဟုတ်ပါလော။

ပဋ္ဌိစ္စသမုပ္ပါဒ်သည် ကြောင်းကျိုးဆက်နိယာမကို ဖော်ပြသည်။ အကြောင်းကြောင့် အကျိုးဖြစ်သည်။ အကျိုးထဲမှ အကြောင်းများ ပေါ်လာတတ်သည်။ အကျိုးကလည်း အကြောင်းဖြစ်ပေါ်အောင် ဖော်ဆောင်ပေးသည်။ ထို့ကြောင့် မြတ်စွာဘုရားက "**ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမသ္မိံ အသတိ ဣဒံ နဟောတိ**-ဒါရှိလျှင် ဒါဖြစ်သည်၊ ဒါမရှိလျှင် ဒါမဖြစ်" ဟု အချုပ်ကို ညွှန်ပြခဲ့သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကိုသိသူသည် ကြောင်းကျိုးဆက်ကို သိသူဖြစ်သည်။ ကြောင်းကျိုးဆက်သိသူသည် **စူဠသောတာပန်** ဖြစ်သည်။ ကြောင်းကျိုးဆက်သိသူသည် မကောင်းကြောင်းကို မကြံ၊ မပြော၊ မပြုတော့။ ကောင်းကြောင်းကိုသာ ကြံစည်ပြောဆို ပြုလုပ်တော့သည်သာ ဖြစ်သည်။ ထို့ကြောင့် ကြောင်းကျိုးဆက်ကို ညွှန်ပြသော ပဋ္ဌိစ္စသမုပ္ပါဒ်သည် လူ့အဖွဲ့အစည်း သာယာချမ်းမြေ့ဖို့အတွက် များစွာ အထောက်အကူပြုပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ဂုဏ်ရည်များကို လေ့လာကြည့်လျှင် အမှန်မြင်ခြင်း (**သစ္စာဓမ္မကိုသိခြင်း**) ဂုဏ်ရည်နှင့် အမှားမြင်ကို ပယ်ခွာခြင်း (**ဒိဋ္ဌိပယ်ခွာခြင်း**) ဂုဏ်ရည်ကိုလည်း တွေ့ရသည်။ အမှားမြင်နေသူ, အမြင်မကြည်လင်သူများသည် အကြံမှား, အပြောမှား, အပြုအမူမှားသောကြောင့် ထိုသူတစ်ဦးတည်းသာ ဆင်းရဲဒုက္ခပန်ရသည်မဟုတ်။ လူ့အဖွဲ့အစည်းတစ်ခုလုံးပင် ဆင်းရဲဒုက္ခပန်နေရတတ်သည်။ အမြင်မှန်သူ, အမြင်ကြည်လင်နေသူသည် ကောင်းတာကြံ, ကောင်းတာပြော, ကောင်းတာပြုလုပ်သောကြောင့် ထိုသူတစ်ဦးတည်းသာ ချမ်းသာ, ပျော်ရွှင်,

ငြိမ်းချမ်းရသည်မဟုတ်သေး။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးပင် ချမ်းသာ, ပျော်ရွှင် ငြိမ်းချမ်းရသည်သာ ဖြစ်သည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် လူ့အဖွဲ့အစည်းချမ်းသာ, ပျော်ရွှင်, ငြိမ်းချမ်းဖို့အတွက် အမြင်မှန်ခြင်း ဂုဏ်ရည်နှင့် အမြင်မှားပယ်ခြင်း ဂုဏ်ရည်ဖြင့်ပင် လူ့အဖွဲ့အစည်းမှာ များစွာအကျိုးပြုနေပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ဂုဏ်ရည်တို့တွင် လူတော်လူကောင်းဖြစ်ခြင်း **(ကလျာဏ ပုထုဇဉ်ဖြစ်ခြင်း)** ဂုဏ်ရည်သည်လည်း လူ့အဖွဲ့အစည်းကို များစွာအထောက်အကူပြုပါသည်။ လူ့အဖွဲ့အစည်းကို ပျက်ပြားအောင် အမျိုးမျိုးဆောင်ရွက်နေသူတို့သည် လူမိုက်များသာ ဖြစ်ကြသည်။ လူမိုက်တွေကြောင့် လူတွေစိုးရိမ်၊ ကြောက်ရွံ့၊ ထိတ်လန့်နေကြရသည်။ လူတော်လူကောင်းများက လူ့အဖွဲ့အစည်းကို စည်းလုံး, ချမ်းသာ, ကြီးပွား, ပျော်ရွှင်, ငြိမ်းချမ်းအောင်သာ စွမ်းဆောင်ကြသည်။ လူတော် လူကောင်းများကြောင့် လူတွေ ပျော်ရွှင်, ငြိမ်းချမ်းကြရသည်။ ချမ်းသာ ကြွယ်ဝကြရသည်။

ထို့ကြောင့် လူတော်လူကောင်းဖြစ်အောင် (ကလျာဏ ပုထုဇဉ် ဖြစ်အောင်) ညွှန်ပြသော ပဋ္ဌိစ္စသမုပ္ပါဒ်သည် လူ့အဖွဲ့အစည်းကို များစွာ အထောက်အကူ ပြုနေပါသည်။

ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်၏ ဂုဏ်ရည်များစွာ၊ မြတ်စွာဘုရား၏ ရည်ရွယ်ချက်များစွာကိုသိပြီး ပဋ္ဌိစ္စသမုပ္ပါဒ်ကို သိတတ်နားလည်အောင် လေ့လာကာ လူ့အဖွဲ့အစည်း ငြိမ်းချမ်းပျော်ရွှင် ချမ်းသာကြီးပွားအောင် စွမ်းဆောင်နိုင်ကြသူများ ဖြစ်ကြစေလိုပါသည်။

## (၁၅) ဘဝနှင့် တစ်ထပ်တည်းကျခြင်း

ပဋ္ဌိစ္စသမုပ္ပါဒ်သည် လူ့ဘဝနှင့် တစ်ထပ်တည်းကျနေသော တရားတော်ဖြစ်ပါသည်။ လူ့ဘဝဟုဆိုသော်လည်း သတ္တဝါအားလုံးနှင့်

လည်း တစ်ထပ်တည်းကျပါသည်။ သတ္တဝါအားလုံးတို့၏ဘဝဖြစ်စဉ် နာမ်ရုပ်သဘာဝများကို ဖော်ပြထားပါသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည်-

၁။ သံသရာအစ၊ ဒုက္ခခန္ဓာအစသည် အဝိဇ္ဇာနှင့် တဏှာ ဖြစ်ကြောင်းကို ပြသည်။

၂။ သမုတိသစ္စာ ပုဂ္ဂိုလ်သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာဖြစ်စဉ်ကို ပြသည်။

၃။ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ကြောင်းကျိုးအားဖြင့် ဓမ္မတွေဖြစ်၍ ဓမ္မတွေ ပျက်နေပုံကို ပြသည်။

၄။ သခါရနှင့် ဝိညာဏ်ဆက်စပ်ခြင်း၊ ဝေဒနာနှင့် တဏှာ ဆက်စပ်ခြင်း၊ ကမ္မဘဝနှင့် ဇာတိဆက်စပ်ခြင်းဖြင့် အတိတ် ပစ္စုပ္ပန် အနာဂတ်သံသရာလည်ပုံကို ပြသည်။

၅။ သမုဒယသစ္စာကြောင့် ခန္ဓာ ဒုက္ခသစ္စာတွေ တန်းနေပုံကို ပြသည်။ သမုဒယက မီး၊ ခန္ဓာက လောင်စာ၊ မီးနှင့် လောင်စာတွဲပြီး လှည့်နေပုံကို ပြသည်။

၆။ ဝဋ္ဋသုံးပါး မရပ်မနားလည်ပုံကို ပြသည်။

၇။ အတိတ်ကြောင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ကြောင့် အနာဂတ် ဆက်စပ်သွားပုံကို ပြသည်။ ယင်းပဋ္ဌိစ္စသမုပ္ပါဒ်သည် မြတ်စွာဘုရားရှင် အမြဲဆင်ခြင်သုံးသပ်၍ ထပ်ပြန်တလဲလဲ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ဖော်ပြပါ ပဋ္ဌိစ္စသမုပ္ပါဒ် ဂုဏ်ရည်များကို လေ့လာ ကြည့်လျှင်လည်း ပဋ္ဌိစ္စသမုပ္ပါဒ်သည် အလွန်နက်ရှိုင်းသော တရားတော် ဖြစ်ကြောင်း သိမြင်ရပါသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို သင်ယူ လေ့လာပွားများသင့်ကြောင်း ညွှန်းဆိုလိုက်ရပါသည်။

# စက်ဝိုင်းရှင်းတမ်း

* ဝန္နစ်လုံးထပ်၊ <u>မျဉ်းကြောင်းတပ်</u>၊ ပဋ္ဌိစ္စသမုပ္ပါဒ်။
* အလယ်ဝလုံး၊ ခပ်ပြုံးပြုံး၊ ရေးအုံး အဝိဇ္ဇာတဏှာ။
* တစ်အကွက်မှာ၊ ရေးလိုက်ပါ၊ အဝိဇ္ဇာသခါရာ။
* နှစ်အကွက်တွင်၊ ခန္ဓာမြင်၊ အားလုံးမှတ်စေချင်။
* သုံးအကွက်ထဲ၊ တဏှာစွဲ၊ နောက်ဆွဲ ဥပါဒါန်ကံ။
* လေးအကွက်မှာ၊ ဇာတိပါ၊ ဇရာ မရဏာတွဲထည့်ပါ။
* အဂါဆယ့်နှစ်ပါး၊ လေးကွက်ထား၊ မှတ်သားများသူငါ။

ဦးစွာပထမ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကို လက်ယာရစ်လှည့်၍ အဝိုင်းလိုက်ခွေလိုက်ပါ။ ဝလုံးကြီးဖြစ်သွားပြီပေါ့။ အလယ်တည့်တည့်မှာ ဝလုံးသေးသေးလေး ရေးလိုက်ပါအုံး။ ဝန္နစ်လုံးထပ်သွားပြီလို့ မြင်လိုက်ပါ။ အဲဒီအဝိုင်းကို မျဉ်းနှစ်ကြောင်းကန့်လန့်ဖြတ်ဆွဲ၍ ၄ စိတ် စိတ်ပါ။ အပေါ်ကနေ အောက်တည့်တည့် မျဉ်းတစ်ကြောင်း ဆွဲချလိုက်ပါ။ ဘယ်ဘက်ကနေ ညာဘက်ကို မျဉ်းတစ်ကြောင်း ဆွဲလိုက်ပါဦး။ ထိုသို့ ဆွဲလိုက်သောကြောင့် ဇယားကွက်လေးကွက် ပေါ်လာသည်။

ပြီးလျှင် လက်ယာဘက်က အထက်ပိုင်းအကွက်ကို နံပါတ်(၁)လို့သတ်မှတ်၊ လက်ယာဘက်က အောက်ပိုင်းအကွက်ကို နံပါတ်(၂)လို့ သတ်မှတ်၊ လက်ဝဲဘက်က အောက်ပိုင်းအကွက်ကို နံပါတ်(၃)လို့ သတ်မှတ်၊ လက်ဝဲဘက်က အထက်ပိုင်းအကွက်ကို နံပါတ်(၄)လို့

သတ်မှတ်ပါ။ ဒါဆိုရင် (၄) ကွက် ရသွားပြီ။ အလယ်က ဝလုံးထဲမှာ အဝိဇ္ဇာနှင့် တဏှာ ရေးထည့်လိုက်ပါ။

နံပါတ် (၁) အကွက်ထဲမှာ အဝိဇ္ဇာနှင့်သခၽါရ ၂-မျိုးသွင်းပါ။ နံပါတ် (၂) အကွက်ထဲမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ၅-မျိုးကိုသွင်းပါ။ နံပါတ်(၃)အကွက်ထဲမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝကိုသွင်း။ (ဘဝနှစ်မျိုး ရှိရာတွင် ကမ္မဘဝကိုသာ ယူထားလိုက်သည်။)

နံပါတ်(၄)အကွက်ထဲမှာ ဇာတိ၊ ဇရာ မရဏ ၂-မျိုးအပြင် နံပါတ်(၃) အကွက်မှပို့လိုက်တဲ့ ဥပပတ္တိဘဝကိုပါ သွင်းထည့်ထားပါ။ အဲဒါက ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါးကို ဇယားကွက်ထဲ ထည့်ပုံ, ဟုသိရပါမည်။ (ဘဝသည် ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးရှိကြောင်း နောက်မှာ အကျယ်ပြထားသည်)

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါများတွင် အသွယ် (၈) သွယ်ရှိပုံ

**တတ္ထ တယောအဒ္ဓါ ဒ္ဝါဒသင်္ဂါနိ ဝိသတာကာရာ တိသန္ဓိ စတုသခ်ေပါ တိကဏ္ဍာနိ ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။**

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

ပဋိစ္စသမုပ္ပါဒ်မှာ ကာလသုံးပါး, အင်္ဂါဆယ့်နှစ်ပါး, ခြင်းရာနှစ်ဆယ်, အစပ်သုံးပါး, အလွှာလေးပါး, ဝဋ်သုံးပါး, မူလနှစ်ဖြာတို့ကို သိမှတ်ပြုကြရမည်ဟု အရှင်အနုရုဒ္ဓါက အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ပြဆိုထားသည်။ (ဤ၌ သစ္စာနှစ်ပါးကို တိုက်ရိုက်ပြမထားပါ။ ဉာဏ်ယှဉ်ကာ သိမှတ်ရပါမည်။)

## ဆိုရိုးနှင့် စက်ဝိုင်းထောက်ပံ့ရှင်းချက်

**စက်ဝိုင်းကြီးထဲ၌ မူလနှစ်ဖြာဆိုသည်မှာ–အဝိဇ္ဇာနှင့်တဏှာပါ။**

(၁)အကွက်မှ အဝိဇ္ဇာနှင့် (၃) အကွက်မှ တဏှာကို ဆိုလိုပါသည်။

**ပုဗ္ဗန္တသ အဝိဇ္ဇာမူလံ အပရန္တသ တဏှာမူလန္တိ အာဟ အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိတိ။** (ဋီကာကျော်၊ ၂၁၀) ဟု ဋီကာကျော်၌ မိန့်ဆိုထားပါသည်။ အဝိဇ္ဇာသည် ပုဗ္ဗန္တ၏ အရင်းမူလဖြစ်သည်။ တဏှာသည် အပရန္တ၏အရင်းမူလဖြစ်သည်။ ထို့ကြောင့် (၁) အကွက်မှ အဝိဇ္ဇာနှင့် (၃)အကွက်မှ တဏှာကိုကောက်ရ, ထောက်ပြရခြင်းဖြစ်သည်။

**"ဒုဂ္ဂတိဂါမိနော ကမ္မသ ဝိသေသဟေတု အဝိဇ္ဇာ၊** အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ ရောက်စေတတ်သော အကုသိုလ်ကံ၏ ထူးသော အကြောင်းဖြစ်သည်" ဟု ဝိသုဒ္ဓိမဂ်မှာ ဖော်ပြထားသည်။ (ဝိသုဒ္ဓိ၊ ၌၊ ၂၊ ၁၅၆) "The root of all evel is "အဝိဇ္ဇာနှင့် မိစ္ဆာဒိဋ္ဌိသည် အကုသိုလ်အားလုံး၏ အရင်းအမြစ်ဖြစ်သည်" ဟု ဒေါက်တာဝါပိုလာရာဟုလာက " What the buddha thought မြတ်ဗုဒ္ဓဒေသနာ" စာအုပ်မှာ တင်ပြထားသည်။

**သုဂတိဂါမိနော ပန ကမ္မသ ဝိသေသဟေတု ဘာဝတဏှာ၊** ဘာဝတဏှာသည် သုဂတိဘဝသို့ ရောက်စေတတ်သော ကံ၏ထူးသော အကြောင်းဖြစ်သည်။

**ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိ ယတိ၊ ဥပေါ သထကမ္မံ ကရောတိ။** လိုချင်တပ်မက်မှုကို အကြောင်းပြု အမှီသဟဲပြုကာ အလှူပေးလှူ၏။ သီလဆောက်တည်၏၊ ဥပုသ်စောင့်၏" စသည်ဖြင့် ပဋ္ဌာန်းဒေသနာတော်မှာ ဖော်ပြထားကြောင်း တွေ့ရသည်။ ဒါန, သီလ စသည့်ကောင်းမှုသည် သုဂတိဘဝသို့ ရောက်စေသည် မဟုတ်ပါလော။ အဝိဇ္ဇာနှင့် တဏှာတို့၏ အစွမ်းများ သိစေလိုသည်။

[နောက်မှာ ပြည့်စုံစွာ ဖော်ပြထားသည်။]

လောကမှာ မြွေ၏ ဦးခေါင်းကိုင်လျှင် လက်ကို မြွေရစ်ပတ်တတ်သကဲ့သို့ အဝိဇ္ဇာ တဏှာ မကင်းသူကိုလည်း ဝဋ်ဆုံးပါး အဆက်မပြတ်အောင် မူလနှစ်ဖြာခေါ်သော အဝိဇ္ဇာတဏှာက ရစ်ပတ်တတ်ပါသည်။

**တဒေတံ ပုဗ္ဗန္တာဟရဏတော အဝိဇ္ဇာမူလံ ဝေဒနာဝသာနံ။** အဝိဇ္ဇာမှစ၍ ဝေဒနာထိကို ပုဗ္ဗဒ္ဓဟုခေါ်သည်။ ဝေဒနာရောက်လျှင် **ဝေဒနာကြောင့် အဝိဇ္ဇာဖြစ်သည်** ဟု လှည့်ခွေရသည်။ သုခဝေဒနာစွမ်းဖြင့် အာရုံအရသာ ကောင်းကောင်းကို ခံစားရလျှင် မလွတ်နိုင်အောင် ခဏခဏ သာယာသော တဏှာဖြစ်သည်။ ဥပေက္ခာ ဝေဒနာစွမ်းဖြင့် အာရုံအရသာ အလတ်စားကို ခံစားရလျှင်လည်း အာရုံညံ့ညံ့ မဟုတ်သောကြောင့် တဏှာက ကျေနပ်ပါသည်။ ဒုက္ခဝေဒနာစွမ်းဖြင့် အာရုံအရသာဆိုးဆိုးကို ခံစားရသောအခါ အာရုံကောင်းကောင်းကို ဘယ်အခါ ရနိုင်ပါ့မလဲဟု အနာဂတ်ကိုလှမ်းပြီး တောင်းတတတ်ပါသည်။ ၄င်းတဏှာမျိုးဖြစ်တိုင်း အဝိဇ္ဇာဖြစ်တာချည်းပင်။ ထို့ကြောင့် **ဝေဒနာ ပစ္စယာ အဝိဇ္ဇာ** ဟု လှည့်ခွေရသည်။ အဂ်ီ(၇)ပါးမျှဖြင့် လည်သည်မဟုတ် (၁၂)ပါး လုံးဖြင့်ပင် လည်သည်။ အထင်ခံ(၇)ပါးနှင့် အတွင်းပုန်း(၅)ပါး ဖြစ်သည်။

အထင်ခံ (၇) ပါးမှာ အဝိဇ္ဇာ, သခ်ါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ဖြစ်သည်။ အတွင်းမှာ (၅) ပါးမှာ တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာ မရဏာတို့ ဖြစ်သည်။ အထင်ခံနှင့် အတွင်းဖုန်း ဆက်စပ်မှုကို "ဝဋ်ဆုံးဝ" ရှင်းတမ်းမှာ ဖော်ပြထားသည်။ ၄င်းသည် အဝိဇ္ဇာဦးစီးသော ပုဗ္ဗန္တစက်ဝိုင်းဖြစ်သည်။

**အပရန္တ သန္တာနတော တဏှာမူလံ ဇရာမရဏာဝသာနံ။** တဏှာအစ ဇရာမရဏာအဆုံးကို အပရန္တစက်ဝိုင်းဟုခေါ်သည်။ ဇရာမရဏာ ရောက်သောအခါ "ဇရာမရဏာကြောင့် တဏှာဖြစ်သည်" ဟု တဏှာဘက်လှည့်ခွေရသည်။ ဇရာမရဏာစွမ်းဖြင့် ရင့်၍ ပျက်တော့မလို

ဖြစ်သောအခါ မရင့်ချင်ဘဲ နုပျိုချင်သော ကာမာသဝခေါ် တဏှာ ဖြစ်သည်။ ထို့ကြောင့် တဏှာကိုပြန်လှည့်ခွေရခြင်းဖြစ်သည်။ အထင်ခံ အဂ်ါငါးပါး၊ ပုန်းနေတာ ခုနှစ်ပါး၊ ပေါင်း တစ်ဆယ့်နှစ်ပါးဖြင့် လည်ပတ်နေပါသည်။ (ရှေ့မှာ ဖော်ပြခဲ့သော အထင်ခံနှင့် အတွင်းပုန်း၏ ဆန့်ကျင်ဘက်အဖြစ် ယူလိုက်လျှင် ရှင်းပါသည်။) ၄င်းကို တဏှာ ဦးစီးသော အပရန္တဘဝစက်ဝိုင်းဟုခေါ်သည်။ **ပုရိမံ ဒိဋ္ဌိစရိတဝသေနဝုတ္တံ၊ ပစ္ဆိမံ တဏှာစရိတဝသေန၊ ဒိဋ္ဌိစရိတာနဉ္စိ အဝိဇ္ဇာ၊ တဏှာစရိတာနံ တဏှာ သံသာရနှာယိကာ။** (အဘိ၊ ၌၊ ၂၊ ၁၈၂)

အဝိဇ္ဇာသည် ဒိဋ္ဌိစရိုက်ရှိ၍ အမြင်မှားသူကို သံသရာရှည်အောင် ဆောင်ပါသည်။ သံသရာထွက်လမ်း မမြင်အောင် ဖုံးကွယ်ထားကာ တွေဝေစေပါသည်။ တဏှာသည် ရာဂစရိုက်ရှိ၍ လောဘများသူကို သံသရာထဲ ပျော်မွေ့အောင် ဖြားယောင်းလှည့်ပတ်တတ်သည်။ ထို့ကြောင့် ထွက်လမ်းမြင်စေရန် အဝိဇ္ဇာနှင့် တဏှာကို ဝဋ်ဆင်းရဲ၏ မူလဟု မြတ်ဗုဒ္ဓ ဟောခြင်း ဖြစ်သည်။

**သစ္စာ ၂-ခု** ဆိုသည်မှာ- **သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊**

(အတွင်းစက်ဝိုင်းကလေး၏ အပြင်ဘက်တွင် ကပ်၍(၁)ကွက်မှ စပြီး အစဉ်အတိုင်းရေးထားသည့်အတိုင်း လက်ယာရစ်၍ထောက်ပါ။ ခေါင်းစီးစာတမ်းမျှသာဖြစ်သည်။ အလယ်လမ်းကြောင်းပေါ်ရှိစာလုံးတို့ကို ခေါင်စီးကညွှန်ပြသည့်အတိုင်းသိမှတ်ပါ)

**လေးခုအလွှာ**ဆိုသည်မှာ- **အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်း တစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။**

(စက်ဝိုင်းထဲမှာ ရေးထားတဲ့အတိုင်း လက်ယာရစ်၍ထောက်ပြီး ကောက်ယူပါ။ ခေါင်းစီးစာတမ်းမျှသာ ဖြစ်သေး၏။ အလယ်လမ်းကြောင်း ပေါ်ရှိ စာလုံးကြီးတို့ကို ခေါင်းစီးညွှန်ပြသည့်အတိုင်း သိမှတ်ပါ။ **အဝိဇ္ဇာ သခါရာ ဝေကော သင်္ဂဟော** စသည်ဖြင့် အဋ္ဌကထာကြီးတွေမှာ မိန့်ဆို

ထားသည်။ ထို့ကြောင့် အဝိဇ္ဇာသခါရသည် အတိတ်အကြောင်း တစ်လွှာ စသည်အားဖြင့် တရားကိုယ်အင်္ဂါ(၁၂)ပါးကို ရေတွက်ကောက်ကာ ခွဲခြားပြနိုင်ပါသည်။ တကယ်တော့ အဝိဇ္ဇာ သခါရ စသည်တို့ကို ကောက်ပြရမှာ ဖြစ်သည်။ ကြောင်းကျိုး ဆက်စပ်ပြရမှာ ဖြစ်သည်။ သို့သော် သင်ခါစပုဂ္ဂိုလ်များ အသိရှုပ်ထွေးသွားမည်စိုးသောကြောင့် သာမန်မျှသာ ဆိုရိုးပြုထားခြင်းဖြစ်သည်။ အတွေ့အကြုံများ၍ ဉာဏ်ကြီးကျယ်သူများအတွက် အလျဉ်းသင့်သလို ကောက်ပြတတ်ရမည်။)

**အင်္ဂါတစ်ဆယ့်နှစ်ပါး**ဆိုသည်မှာ- **အဝိဇ္ဇာ၊ သခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏာ။**

[တရားကိုယ်များနှင့် ပတ်သက်၍ တချို့က မြန်မာပြန်ကို ဆိုပြနေကြသည် မဟုတ်ပါ။ မမှန်ပါ။ အဝိဇ္ဇာဆိုတာ မသိမှု မောဟ၊ သခါရ ဆိုသည်မှာ စေ့ဆော်မှုစေတနာ စသည်ဖြင့် မောဟ, စေတနာ, စိတ်တို့ကို ပေါ်လွင်အောင် ကောက်ပြရမည်ဖြစ်သည်။ အခြေခံ အဘိဓမ္မာသင်ထားမှ နားလည်နိုင်ပါမည်။ ထို့ကြောင့် မြန်မာပြန်ကိုပင် တရားကိုယ်များနှင့်ဟု ကောက်နေကြဟန် တူ၏။]

အဝတ်အလွှာလေးထည်ကို စပ်၍ချုပ်လျှင် အကြားခ် ချုပ်ရိုးသုံးခု ထင်ရှားလာသလို လေးလွှာရှိသော ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးကို စပ်လိုက်လျှင် အစပ်သုံးပါး ပေါ်လာသည်။ ထို့ကြောင့် လက်ာခ် သုံးပါး အစပ်ဟု စီထားသည်။

**သုံးပါးအစပ်**ဆိုသည်မှာ-**သခါရနှင့် ဝိညာဏ်ကြား တစ်စပ်၊ ဝေဒနာနှင့် တဏှာကြားတစ်စပ်၊ ကမ္မဘဝနှင့် ဇာတိကြား တစ်စပ်။** တစ်နည်းအားဖြင့် **အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း တစ်စပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။**

တစ်အစပ်ကို သေခဲ့ပြီးသောအစပ်၊ ကောန်အစပ်၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာအစပ်ဟုလည်း ခေါ်သည်။ နှစ်အစပ်ကို ထွက်ရပ်လမ်းအစပ်၊ ပုဂ္ဂိုလ်ကိုင်ဲ့လျှင် အရှင်စပ်၊ ဓမ္မကိုင်ဲ့လျှင် အသေစပ်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာအစပ်ဟုလည်း ခေါ်သည်။ သုံးအစပ်ကို နောင်သေဆုံးရဦးမည့်အစပ်၊ အနေကန်အစပ်၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာအစပ်ဟုလည်း ခေါ်သည်။ အစပ်သုံးပါးတို့တွင် ဝေဒနာနှင့် တဏှာကြားအစပ်သည် အလွန်သတိထားရသည်။ ကျန်သောအစပ်နှစ်ပါးသည် လွန်ခဲ့ပြီးနှင့် မရောက်သေးသောကြောင့် ပဓာနမကျတော့။

ယခုဘဝ အချင်းချင်းစပ်သော ဝေဒနာနှင့် တဏှာကြားအစပ်သည် အဝိဇ္ဇာ လွှမ်းခြုံခံရလျှင် နောက်ဘဝနှင့် မဆက်မိဘဲ ဖြတ်သွားမှာစိုးကာ ရိုက္ခာ ယူတတ်သည်။ သံသရာဒုက္ခ ကင်းသွားမှာလည်း စိုးကြသည်။ နောက်ဘဝမှာ တစ်ကိုင်းတည်း မနားရမှာစိုးကာ အတင်းစပ်နှင့်ကြသည်။ ၄င်းအစပ်ကိုဖြတ်ရန်အတွက် အဝိဇ္ဇာပယ်ဖျောက် ဝိဇ္ဇာဉာဏ်ရောက်အောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။

**(အတီတဟေတူနံ ဣဒါနိ ဖလပဋိကသ စ အန္တရာ ကော သန္ဓိ၊ ဣဒါနိ ဖလပဋိကသ ဣဒါနိ ဟေတူနဉ္စ အန္တရာ ကော၊ ဣဒါနိ ဟေတူနံ အာယတိ ဖလဿ စ အန္တရာ ကောတိ ဝေံ တိသန္ဓိ၊ သခ်ါရ ဝိညာဏာနမန္တရာ ကော၊ ဝေဒနာ တဏှာနမန္တရာ ကော၊ ဘဝဇာတိန မန္တရာ ကော သန္ဓိတိ။ ဣတ္ထ ဟိ ဟေတုတော ဖလဿအဝိဇ္ဇေဒပွဝတ္တိဘာဝတော ဟေတုဖလ သမ္ဗန္ဓဘူတော ပဋ္ဌမော သန္ဓိ။ တထာ တတိယော။ ဒုတိယော ပန ဖလတော ဟေတုနော အဝိဇ္ဇေဒပွဝတ္တိ ဘာဝတော ဖလဟေတု သမ္ဗန္ဓဘူတော။ ဖလဘူတောပိ ဟိ ဓမ္မော အညဿ ဟေတုသဘာဝဿ ဓမ္မဿ ပစ္စယော။) (ဋီကာကျော်၊ ၂၀၉)**

**နှစ်ရပ်မူလဆိုသည်မှာ- အဝိဇ္ဇာနှင့်တဏှာ။**

(နှစ်ရပ်မူလနှင့် မူလနှစ်ဖြာအတူတူပင်ဖြစ်၏။ ထို့ကြောင့် (၁) အကွက်ထဲမှ အဝိဇ္ဇာနှင့် (၃) အကွက်ထဲမှ တဏှာကိုပင် ကောက်ယူရမည်။ တချို့က အာရုံပြောင်းသွားအောင် (၃) အကွက်ထဲက တဏှာကို အရင်ကောက်, ထောက်ပြပြီးနောက် (၁) အကွက်ထဲက အဝိဇ္ဇာကို နောက်မှ ကောက်ပြ, ထောက်ပြကြသည်။ အာရုံပြောင်းသွားအောင်ဟု အကြောင်းပြခြင်းသည် စာပေနှင့်မညီသောကြောင့် မကြိုက်ပါ။

အဝိဇ္ဇာသည် အတိတ်မှာခေါင်းဆောင်ဖြစ်၍ တဏှာသည် ပစ္စုပ္ပန်မှာ ခေါင်းဆောင်ဖြစ်သည်။ အဝိဇ္ဇာနှင့်တဏှာသည် အတိတ်နှင့် ပစ္စုပ္ပန်မှာ တစ်လှည့်စီ ခေါင်းဆောင်ဖြစ်ခဲ့ကြသည်။ ထိုသို့ ခေါင်းဆောင်ရာ၌ ကာလချင်းမတူတာကို သိစေလိုသောကြောင့် နှစ်ရပ်မူလဟုဆို၍ သုံးအကွက်တဏှာနှင့် တစ်အကွက်အဝိဇ္ဇာကို ကောက်ပြရသည်ဟုလည်း အဆိုရှိသည်။ ဉာဏ်ဖြင့်ချင့်၍ လိုသလို သုံးကြစေလိုသည်။

မူလနှစ်ဖြာဟုဆိုထားပြီး ကောက်ယူထားပြီး ဖြစ်ပါလျက် နှစ်ရပ်မူလဟု ထပ်မံဆိုထားသော်လည်း အသစ်ထပ်မံ ကောက်ယူဖွယ်မရှိ။ အလယ်ခေါင်တည့်တည့် စက်ဝိုင်းအတွင်းမှ (အဝိဇ္ဇာနှင့် တဏှာ)ကို သွား၍ မကောက်ပါနှင့်။ ယင်းနှစ်ပါးတို့က အာသဝေါင်ရိုးချိုးရာတွင် လှည်းဘီးလုပ်ရာ၌ ဝန်ရိုးလုပ်ဖို့ရန် ထည့်ထားခြင်းမျှသာဖြစ်သည်။)

**ပုဗ္ဗန္တသ အဝိဇ္ဇာမူလံ အပရန္တသ တဏှာမူလန္တိ အာဟ အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိတိ။** (ဋီကာကျော်၊ ၂၁၀)

**တေသ မေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။**
**ဇရာ မရဏ မုစ္ဆယ၊ ပိဋ္ဌိတာန မဘိဏှသော။**
**အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။**

အဝိဇ္ဇာသည် ပုဗ္ဗန္တ၏ အရင်းမူလဖြစ်သည်။ တဏှာသည် အပရန္တ၏ အရင်းမူလဖြစ်သည်။ ထိုအဝိဇ္ဇာ တဏှာတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဘဝသည် ချုပ်ငြိမ်းရသည်။ အိုမှု၊ သေမှု၊ မိန်းမောတွေဝေမှု,

နာမ္မများ အမြဲအပြတ် နှိပ်စက်ခံနေရသူတို့အား အာသဝများ ဖြစ်ပေါ်လာတတ်ကြသည်။ အာသဝများဖြစ်လျှင် အဝိဇ္ဇာဖြစ်ပါသည်ဟု ဖော်ပြထားသည်။

အာသဝသည် ဇရာမရဏနှင့် အဝိဇ္ဇာကို ပေါင်းကူးပေးသည့် တံတားဖြစ်သည်။ **သဘာဝမီးကမ္မေးမှ တောက်တာ။ အာသဝမီးက တွေးမှရောက်လာ** ဟု မိန့်ဆိုကြသည်။ "**အဒဿံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယတိ**-ဟယ်... ကာမ ငါသည် သင်၏အရင်းအမြစ်ကိုမြင်ပြီ။ ဟယ်... ကာမ သင်သည် ကြံစည်တွေးတောမှုကြောင့် ဖြစ်ရသည်" ဟု ဥဒါန်းရှိသည် မဟုတ်ပါလော။

**ဘဝ်ရှုံးဝဆိုသည်မှာ-ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။** (စက်ဝိုင်းကြီး၏(၁)အကွက် နှုတ်ခမ်းသားတွင် ရေးထားသော ခေါင်းစီးများနှင့် (၄)အကွက် နှုတ်ခမ်းသားတွင် ရေးထားသော ခေါင်းစီးများဖြင့် ညွှန်ပြ၏)

**ကိလေသဝဋ်ရှုံးပါးဆိုသည်မှာ-အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။** (ကြိုးကလေးဖြင့် ဆက်သွယ်ပြထားသော (၁) အကွက်မှအဝိဇ္ဇာနှင့် (၃) အကွက်မှတဏှာ၊ ဥပါဒါန်တို့ကို ကောက်ယူပါ။)

**(အဝိဇ္ဇာ တဏှာပါဒါနာစ ကိလေသဝဋ်၊ ကိလေသဘာဝ သာမညတော အဝိဇ္ဇာဂ္ဂဟဏေန တဏှာပါဒါနာနိ)** (ဋီကာကျော်၊ ၂၀၈)

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် ကိလေသာဝဋ်ဖြစ်၏။ ၄င်းတို့သည် ကိလေသာအဖြစ်ဖြင့် တူမျှသောကြောင့် အဝိဇ္ဇာယူလျှင် တဏှာ ဥပါဒါန်တို့ကိုပါ ယူရသည်။ အဖွဲ့ဝင် တူကြသည်။ မိသားစုဝင်များ ဖြစ်ကြသည်ဟု သိအောင် ကြိုးနီကလေးဖြင့် သွယ်တန်းထားသည်ဟု ဆိုကြသည်။ (၁) အကွက် အဝိဇ္ဇာမှ ဝိုင်းကာချည်ထားသော ကြိုးကလေး အတိုင်းသာ တန်းတန်းလိုက်သွားလျှင် (၃) အကွက်မှာ ရှိနေတဲ့ တဏှာ, ဥပါဒါန်ကို မျက်ဝါးထင်ထင် တွေ့ရပါလိမ့်မည်။ အချင်းအချင်း အပြန်အလှန် ဆက်သွယ်နေကြသည်။ ထို့ကြောင့် တစ်ဦးခေါင်းဆောင်လျှင်

ဆက်စပ်ရာ အကုန်ပါသွားသည်။ မကွဲချင်လို့ကို ကြိုးလေးနှင့် တွဲထားတာ ဟု မှတ်ပါ။ **ဆင်းရဲ၌ အဝိဇ္ဇာသို့ တဏှာက နောက်မှလိုက်၏။။ ချမ်းသာ၌ တဏှာသို့ အဝိဇ္ဇာက နောက်မှလိုက်၏** ဟု မဟာဋီကာ၌ ရှင်းပြထားသည်။

**ကမ္မဝင်္ဂနှစ်ပါးဆိုသည်မှာ-သခ်ါရနှင့် ကမ္မဘဝ။** (ကြိုးကလေး ဖြင့် ဆက်သွယ်ပြထားသော (၁)အကွက်မှ သခ်ါရနှင့် (၃)အကွက်မှ ကမ္မဘဝတို့ကို ကောက်ယူပါ။)

**(ကမ္မဘဝသခ်ါတော ဘဝေကဒေသော သခ်ါရာ စ ကမ္မဝဋ်။ ကမ္မဘဝ သာမညတော သခ်ါရဂ္ဂဟဏေန ကမ္မဘဝေါ ဂဟိတော။** ကမ္မဘဝဟုဆိုအပ်သော ဘဝတစ်စိပ်နှင့် သခ်ါရတို့သည် ကမ္မဝင်္ဂဖြစ်သည်။ သခ်ါရသည် ကမ္မဘဝနှင့်တူသောကြောင့် သခ်ါရကိုယူသဖြင့် ကမ္မဘဝပါယူရ၏။။) (ဋီကာကျော်၊ ၂၀၈)

**ဝိပါကဝင်္ဂရှစ်ပါးဆိုသည်မှာ-ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဏတိ, ဥပပတ္တိဘဝ, ဇရာမရဏာ။**

((၂)အကွက်မှ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (၅)ပါးနှင့် (၄)အကွက်ထည်းမှ ဏတိ၊ ဇရာမရဏာနှစ်ပါးအပြင် နောက်ထပ်တိုးလာသော ဥပပတ္တိဘဝတို့ကို ကောက်ယူပါ)

**(ဥပပတ္တိ ဘဝသခ်ါတော ဘဝေကဒေသော အဝသေသာ စ ဝိပါကဝဋ်။ အဝသေသာစာတိ ဝိညာဏာဒိပဉ္စက ဏတိ ဇရာ မရဏာ ဂသေန သတ္တဝိဓာ ပစ္စုပ္ပန္နဖလဝသေန ဝုတ္တာမမ္မာ)** (ဋီကာကျော်၊ ၂၁၀)

အဂ်ါအားဖြင့် ရေတွက်သောအခါ ဘဝကို တစ်မျိုးတည်းထားပြီး ရေတွက်ရသောကြောင့် အဂ်ါ(၁၂)ပါးသာရှိသည်။ ဝဋ်အားဖြင့် ရေတွက်သောအခါ ဘဝသည် နှစ်မျိုးပြားသွားသည်။ ကမ္မဘဝက ကမ္မဝဋ်ထဲမှာ ပါသွား၍ ဥပပတ္တိဘဝက ဝိပါက ဝဋ်ထဲမှာ ပါသွားသည်။ ထို့ကြောင့် ဝဋ်အားဖြင့် ရေတွက်စဉ်မှာ အဂ်ါ (၁၃)ပါး ဖြစ်နေခြင်းပါ။ ဘဝနှစ်ပါးကို ပြန်ပေါင်းပြီး ရေတွက်လျှင် အဂ်ါ (၁၂)ပါးပဲ ရပါသည်။

**- ကိ သုံး၊ ကံ နှစ်၊ ဝိပါက် ရှစ်၊ ဆယ့်နှစ်ဖြစ်နိုင်စေ။**

ကမ္မဝင်္ဂနှစ်ပါးသည် မျိုးစေ့နှင့်တူသည်။ ကိလေသ ဝင်္ဂသုံးပါးသည် မြေတောင်မြှောက်ပြီး ရေဖျန်းသောသဘောများဖြစ်သည်။ ဝိပါကဝင်္ဂရှစ်ပါးသည် အပင်မျိုးစုံထထပြီး အဆက်မပြတ်အောင် ပေါ်ပေါက်လာရသည့် သဘောများပင်ဖြစ်သည်။

ကိလေသဝင်္ဂနှင့် ကမ္မဝင်္ဂသည် အပြန်အလှန် ကျေးဇူးပြုနေသည်။ လိုချင်မက်မောမှု၊ စွဲလမ်းမှုတွေကြောင့် ဖြစ်ချင်တာ, ရချင်တာများကိုဖြစ်အောင်၊ ရအောင် လုပ်သည်။ တွေးသည်၊ ကြံသည်၊ ယင်းသည် ကိလေသဝင်္ဂကြောင့် ကမ္မဝင်္ဂဖြစ်ပုံပါ။ လူသည် တစ်ခါ တရံမှာ ကိုယ်ပြုလုပ်, ပြောဆို, ကြံစည်တာကိုပင် ပြန်၍ နှစ်ခြိုက်မက်မောသည်။ စွဲလမ်းမြတ်နိုးနေတတ်သည်။ ယင်းသည် ကမ္မဝင်္ဂကြောင့် ကိလေသဝင်္ဂ ဖြစ်ပုံပါ။ သထိထား ဉာဏ်ယှဉ်ကြည့်မှ ပီပြင်စွာ သိနိုင်ပါသည်။

ကိလေသဝင်္ဂနှင့် ကမ္မဝင်္ဂသည် နာမည်အသီးသီး၊ အုပ်စုအမျိုးမျိုး ဖြစ်နေသော်လည်း အတိတ်အကြောင်းအခြင်းအရာ (၅)ပါး ခေါင်းစီးအောက်က ဖြစ်သည်။ အတိတ်အကြောင်းအဖြစ် တူညီနေသည်။ ၄င်းတို့ စေ့ဆော်ပြုလုပ်မှုကြောင့် အကျိုးဝိပါကများ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

**ဒိဋ္ဌဓန္မနဝန္ဓာ တေ၊ တဏှာသောတေန ဝုယှရေ**

**တဏှာသော တေန ဝုယှန္တာ၊ နှ တေ ဒုက္ခာ ပမုစ္စရေ။**

ဒိဋ္ဌအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းခံရသူတို့သည် တဏှာရေယဉ်ကြောမှာ မျောပါနေကြကုန်၏။ တဏှာရေယဉ်ကြော မျောပါနေသူတို့သည် ဆင်းရဲမှု မလွတ်မြောက်နိုင်ကြကုန်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ မိန့်ဆိုထားသည်။ တဏှာသည် သိပ်ကြောက်စရာကောင်းသည်။ ဒိဋ္ဌိက ပိုး၍ ပိုး၍ ကြောက်စရာကောင်းသည်။ သတိချပ်ကြပါကုန်။

**ကာလသုံးဖြာဆိုသည်မှာ-၁။ လွန်လေပြီးသောအတိတ်ကာလ၊ ၂။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ၃။ နောင်ဖြစ်လတ္တံ့သောအနာဂတ်ကာလ။** (စက်ဝိုင်းကြီးတွင် ရေးပြထားသည့်အတိုင်း လိုက်လံကောက်ပြပါ။ ခေါင်းစီး စာတမ်းမျှသာဖြစ်သေး၏၊ အလယ်လမ်းကြောင်းပေါ်ရှိ စာလုံးကြီးတို့ကို ခေါင်းစီးက ညွှန်ပြသည့်အတိုင်းသိမှတ်ပါ။)

**အဝိဇ္ဇာသခါရာ အတီတော အဒ္ဓါ၊ ဇာတိဇရာမရဏံ အနာဂတော အဒ္ဓါ၊ မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါတိ တယောအဒ္ဓါ။**

အဝိဇ္ဇာ သခါရသည် အတိတ်ကာလ, ဇာတိနှင့် ဇရာ မရဏာ သည် အနာဂတ်ကာလ, အလယ်ဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယ တန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝသည် ပစ္စုပ္ပန်ကာလ။

အတိတ်ကာလအဂါနှစ်ပါးကို သမုဒယသစ္စာ၊ ပစ္စုပ္ပန်ကာလ အကျိုးအဂါ ငါးပါးကို ဒုက္ခသစ္စာ၊ ပစ္စုပ္ပန်ကာလ အကြောင်းအဂါသုံးပါးကို သမုဒယသစ္စာ၊ အနာဂတ်အကျိုးအဂါနှစ်ပါးကို ဒုက္ခသစ္စာဟု ခေါ်သည်။ **အဝိဇ္ဇာ သခါရာ စာတိဒွေအဂါနိ အတီတကာလာနိ** စသည်ဖြင့် အဋ္ဌကထာကြီးတွေမှာ မိန့်ဆိုထားသည်။ (**အဘိ၊ ၆၊ ၂၊ ၁၈၈-၁၈၈၂**)

**ခြင်းရာနှစ်ဆယ်ဆိုသည်မှာ-အတိတ်အကြောင်းအခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး၊ အနာဂတ် အကျိုးအခြင်းအရာငါးပါး။**

**အတိတ်အကြောင်းအခြင်းအရာ ငါးပါး** ဆိုသည်မှာ-**အဝိဇ္ဇာ၊ သခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။** (နံပါတ်(၁)အကွက်ထဲမှ **အဝိဇ္ဇာ သခါရနှင့်** နံပါတ်(၃)အကွက်ထဲမှ **တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ** တို့ ဖြစ်သည်။)

**အဝိဇ္ဇာ သခါရဂ္ဂဟကောန ပနေတ္ထ တဏှုပါဒါန ဘဝါပိ ဂဟိတာ ဘဝန္တိ။** အဝိဇ္ဇာသခါရကို မြင်လျှင် အတူဖြစ်ဖက်ဖြစ်သော တဏှာ၊ ဥပါဒါန်၊ ဘဝကိုလည်း ယူရပါသည်။ ကိလေသာချင်း၊ ကံချင်း တူနေ

သောကြောင့် ဖြစ်သည်။ အဝိဇ္ဇာသည် ကိလေသာ၊ တဏှာ ဥပါဒါန်လည်း ကိလေသာ၊ ကိလေသာချင်း အတူတူဖြစ်သည့်အတွက် အချင်းချင်း အပြန်အလှန် ယှဉ်ရသည်။

သခါရလည်း ကံ၊ ကမ္မဘဝလည်း ကံ၊ ကံ အချင်းချင်း တူနေသောကြောင့် အချင်းချင်း အပြန်အလှန် ကူရ၊ ယှဉ်ရသည်၊ ဖေးမပေးရသည်။ ဆွေမျိုးတွေ ဖြစ်သည့်အတွက် သူတို့ကိစ္စ ရှိတုန်းက ဒီကသွယ်ခဲ့ရသည်။ ဒီကကိစ္စရှိတော့ သူတို့လာကြရသည်။ သူတို့ ကိစ္စရှိ ကိုယ်သွား၊ ကိုယ်ကိစ္စရှိ သူတို့လာတဲ့သဘောဟု မှတ်ပါ။

အတိတ်ဘဝတုန်းက ငါးပါးလုံး အတူတူ ဖြစ်ခဲ့သည်။ သို့သော် အတိတ် ဘဝမှာ တဏှာ၊ ဥပါဒါန်၊ ဘဝက မထင်မရှား တိမ်မြှုပ်နေသည်။ အဝိဇ္ဇာနှင့် သခါရသာ ထင်ရှားကာ ပြဋ္ဌာန်းပါသည်။ ထို့ကြောင့် (၁)ကွက်ထဲမှာ အဝိဇ္ဇာသခါရနှစ်ပါးသာ ဖော်ပြထားပါသည်။ လွယ်ကူစွာ ရေတွက်တတ်အောင် ထိပ်မှာတော့ အပြည့်အစုံ တင်ပြထားသည်။ **ပစ္စုပ္ပန္နဖလသေ ပစ္စယာ အတီတဘဝေ နိဗ္ဗတ္တာ ဟောတဝေါ ပဋ္ဌ**၊ ပစ္စုပ္ပန် အကျိုးတရားငါးပါး၏ အကြောင်းဖြစ်ကုန်သော အတိတ်ဘဝ၌ ဖြစ်ခဲ့ကုန်ပြီးသော ငါးပါးသော အကြောင်းတို့သည် အတိတ်အကြောင်း အခြင်းအရာတို့ဖြစ်သည်။ (ဋီကာကျော်၊ ၂၀၉)

ပစ္စုပ္ပန်ဘဝမှာလည်း ငါးပါးလုံး အတူတူဖြစ်သည်။ သို့သော် အဝိဇ္ဇာနှင့် သခါရတို့သည် မထင်မရှား တိမ်မြှုပ်နေသည်။ တဏှာ၊ ဥပါဒါန် ဘဝသာ ထင်ရှားကာ ပြဋ္ဌာန်းနေပါသည်။ ထို့ကြောင့် တစ်ကာလတည်း ပြိုင်တူဖြစ်ပါလျက် မထင်မရှား ပုန်းရှောင်နေမှုများကို ထင်ရှားအောင် ဆွဲခေါ်ပြခြင်းဖြစ်သည်။ ကာလတစ်ခြားစီ ဖြစ်နေတာကို အတင်းဆွဲယူထားတာမဟုတ်ပါ။ အတိတ်မှာလည်း ငါးပါးလုံး အတိတ်ချည်းသက်သက်၊ ပစ္စုပ္ပန်မှာလည်း ငါးပါးလုံး ပစ္စုပ္ပန်ချည်းသက်သက် ဖြစ်သည် ဟုမှတ်ပါ။

**ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးဆိုသည်မှာ-ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊** နံပါတ်(၂)အကွက်ထဲမှ စာလုံးကြီး(၅)မျိုး ဖြစ်သည်။

**ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး** ဆိုသည်မှာ-**တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ**။ (နံပါတ်(၃)အကွက်မှ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝနှင့် နံပါတ်(၁)အကွက်မှ အဝိဇ္ဇာ၊ သင်္ခါရတို့ပင် ဖြစ်ပါသည်။

(**တဏှာပါဒါနဘဝဂ္ဂဟဏေနစ အဝိဇ္ဇာ သင်္ခါရာ ဂဟိတာ ဘဝန္တိ**-တဏှာ ဥပါဒါန်ဘဝကို ယူသဖြင့်လည်း အဝိဇ္ဇာ သင်္ခါရတို့ကို ယူရကုန်၏။ **အာယတိ ဖလသ ပစ္စယာ ဣဒါနိ ဟေတဝေါ ပဋ္ဌ-**ဌင်းတို့သည် အနာဂတ်အကျိုး၏အကြောင်းများဖြစ်သောကြောင့် ပစ္စုပ္ပန်အကြောင်းငါးပါးတို့ဟု မှတ်ကြကုန်။ **(ဋီကာကျော်-၂၀၉)**

**အနာဂတ်အကျိုးအခြင်းအရာငါးပါး**ဆိုသည်မှာ-**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**။ (နံပါတ်(၂)အကွက်မှ(၅)မျိုးကိုပင် ပြန်လည်ကောက်ယူသည်။)

(ဇာတိဇရာ မရဏာဂ္ဂဟဏေနစ ဝိညာဏာဒိဖလ ပဋ္ဌကမေဝ ဂဟိတံ ဟောတိ။ ဇာတိဖြစ်ပေါ်တယ်ဆိုတာ (၂)ကွက်ထဲက ခန္ဓာငါးပါးကြီး ဖြစ်ပေါ်နေတာ, ဇရာ, မရဏာ အိုသေဆိုတာလည်း (၂)အကွက်ထဲက ခန္ဓာငါးပါးပင် အိုသေနေတာ။ ထို့ကြောင့် (၂) အကွက်ထဲက ဝိညာဏ်စသည်ကို ရေတွက်သော်လည်း (၄) ကွက်ရှိ ဇာတိ, ဇရာမရဏာတို့ မကျန်ရစ်ပါဟုမှတ်။

လေးအကွက်ထဲမှာ ဇာတိ၊ ဇရာ မရဏာတို့ကို မြင်နေရသော်လည်း ဂုဏ်နှင့်ဒြပ် ခွဲခွာ၍ မရသောကြောင့် နှစ်အကွက်ထဲမှာရှိသော ဝိညာဏ်စသော ငါးပါးကိုသာ ယူရပါသည်။ (ဤနေရာ၌ အဝိဇ္ဇာနှင့် တဏှာအရင်းခံ ဥပါဒါန်ကံကြောင့် ရုပ်နာမ်ပေါ်" အစချီသောလင်္ကာကို ရှင်းပြသင့်သည်။)

ဂုဏ်နှင့်ဒြပ် ဌာနီနှင့် ဌာနသည် ခွဲခွာ၍ မရ။ ဇာတိ၊ ဇရာမရဏာ သည် ဂုဏ်၊ ဝိညာဏ်စသော ငါးပါးသည် ဒြပ်၊ ဇာတိ၊ ဇရာမရဏာသည် ဌာနီ၊ ဝိညာဏ်စသော ငါးပါးသည် ဌာန၊ ဂုဏ်ကိုယူလျှင် ဒြပ်ကိုရသည်။ ဌာနီကိုယူလျှင် ဌာနကို ရသည်ဟုမှတ်ပါ။

(အဝိဇ္ဇာသခါရဂ္ဂဟဏေန ပနေတ္ထ တဏှာပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ၊ တထာ တဏှာပါဒါနဘဝဂ္ဂဟဏေန စ အဝိဇ္ဇာ သခါရာ၊ ဇာတိ ဇရာမရဏဂ္ဂဟဏေန စ ဝိညာဏာဒိ ဖလပဋ္ဌကမေဝ ဂဟိတန္တိ ကတ္တာ။

အတီတေ ဟေတဝေါ ပဋ္ဌ၊ ဣဒါနိ ဖလပဋ္ဌကံ။

ဣဒါနိ ဟေတဝေါ ပဋ္ဌ၊ အာယတိံ ဖလပဋ္ဌကံ။)

ဤ(၈)သွယ်ဆိုသည်မှာ -

၁။ မူလနှစ်ဖြာက တစ်သွယ်။

၂။ သစ္စာနှစ်ခုက တစ်သွယ်။

၃။ လေးခုအလွှာက တစ်သွယ်။

၄။ အင်္ဂါတစ်ဆယ့်နှစ်ပါးက တစ်သွယ်။

၅။ သုံးပါးအစပ်က တစ်သွယ်။

၆။ ဝဋ်သုံးဝက တစ်သွယ်။

၇။ ကာလသုံးဖြာက တစ်သွယ်။

၈။ ခြင်းရာနှစ်ဆယ်က တစ်သွယ်။

တို့ဖြစ်ပါသည်။

## အထူးမှာထားချက်

(ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီး အလယ်လမ်းကြောင်းပေါ်မှာ စာလုံးကြီးပမာဏဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါးကို ရေးပြထားတယ်။ ဒီစာကြောင်းဟာ အဓိကပဓာနဖြစ်တယ်။ ဒီစာကြောင်းကို ဗဟိုမဏ္ဍိုင်ထား၍ အသွယ်(၈)ပါးရှိကြောင်း ခွဲစိတ်ဝေဖန်ရမှာဖြစ်တယ်။

ဒီမူလအလယ်စာလုံးကြီးအတန်းရဲ့ အပြင်ဘက်ကခြင်းရာနှစ်ဆယ်ကို ရွေးချယ်လှည့်ပတ်ထားတယ်။ သင်ယူခါစ ဉာဏ်နုနယ်တဲ့ပုဂ္ဂိုလ်များအတွက် လွယ်လွယ်ကူကူ ကောက်ယူထောက်ပြနိုင်ရန် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက စီစဉ်တင်ပြထားခြင်း ဖြစ်ပါတယ်။

အသွယ်(၈)သွယ်ကို ပဋ္ဌိစ္စသမုပ္ပါဒ်ကိုယ်ထည်အဂ်ါရပ်တွင် လိုက်လံရှာဖွေရပါက ခက်ခဲနေမည်စိုးတော်မူတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက ဆိုင်ရာအချက်အလက်တို့ကို အကွက်ကျကျအသင့်ရှာဖွေရေးသား ဖေါ်ပြထားတာပါ။ သို့အတွက် လွယ်လွယ်ကူကူကောက်ယူထောက်ပြနိုင်ခြင်းဖြစ်ပါတယ်။

ဒါဟာဝါးခွံ့အရွယ်၊ ဝါးခွံ့အဆင့်များအတွက် ကျေနပ်နှစ်သက်အောင် စနစ်တကျစီစဉ်တင်ပြထားသော ဆရာတော်ဘုရားကြီးရဲ့မေတ္တာတော်ပင်ဖြစ်တယ်။)

## မူလနှစ်ဖြာထည့်ပုံ

(က) အဝိဇ္ဇာနှင့်တဏှာသည် သတ္တဝါတို့သံသရာကျင်လည်ရာ၌ ကာလသုံးပါးနှင့် သက်ဆိုင်သောကြောင့် စက်ဝိုင်းအလယ်ခေါင်တည့်တည့်တွင် ရေးထားရပါသည်။ ၄င်းသည် မူလနှစ်ဖြာမဟုတ်၊ အာသဝများ ဖြစ်သည်ဟု သိစေသည်။ မူလနှစ်ဖြာက (၁) အကွက်မှ အဝိဇ္ဇာနှင့် (၃)အကွက်မှ တဏှာတို့ ဖြစ်သည်။ အဝိဇ္ဇာသည် အတိတ်ကာလမှာ ခေါင်းဆောင် ဖြစ်သည်။ တဏှာသည် ပစ္စုပ္ပန်ကာလမှာ ခေါင်းဆောင် ဖြစ်သည်။

(ခ) အနိုရောင်နှင့်ရေးရခြင်းမှာ သတ္တဝါတွေ သံသရာကျင်လည်သော ပုထုဇဉ်မှစ၍အနာဂါမ်တိုင်အောင် ခန္ဓာအမျိုးမျိုးရ၍ သံသရာကျင်လည်ရခြင်း၏ အဓိကသော့ချက်မှာ အဝိဇ္ဇာတဏှာဖြစ်ပါသည်။ ၄င်း

အဝိဇ္ဇာတဏှာသည် ကိလေသာတရားများဖြစ်သောကြောင့် မီးနှင့်ပမာ တူ၏၊ ထို့ကြောင့် ပူပြင်းသည့်အနီရောင်ဖြင့် ရေးထားပါသည်။

## သစ္စာနှစ်ခုထည့်ပုံ

ဘုရားဟောဒေသနာ (ဟောစဉ်) သစ္စာ၄ပါး-ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

သံသရာကျင်လည်ရုပ် (ဖြစ်စဉ်)သစ္စာ ၂ ပါး-သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

သံသရာပြုတ်ပုံ (ကျင့်စဉ်) သစ္စာ ၂ ပါး-မဂ္ဂသစ္စာ၊ နိရောဓသစ္စာ။

- ဒုက္ခသစ္စံ၊ ဆင်းရဲမှန်၊ ကေန် သိရမည်။
- သမုဒယသစ္စံ၊ တွယ်တာမှန်၊ ကေန် ပယ်ရမည်။
- နိရောဓသစ္စံ၊ ချုပ်ရာမှန်၊ ကေန်မျက်မှောက် ပြုရမည်။
- မဂ္ဂသစ္စံ၊ ပွားရာမှန်၊ ကေန် ပွားရမည်။

(က) အဝိဇ္ဇာတဏှာပေါင်းရှိလုပ်သမျှ သမုဒယသစ္စာ ဆင်းရဲကြောင်းတရားကြောင့် ယခုခန္ဓာငါးပါး ဆင်းရဲကျိုး ဒုက္ခသစ္စာရကြသည်။ ဤနည်းဖြင့် သစ္စာနှစ်ပါးသာ သံသရာလည်ကြရသည်။

(ခ) မဂ္ဂသစ္စာနှင့်နိရောဓသစ္စာနှစ်ပါးကို အိပ်မက်မျှမမက်ခဲ့ကြ၊ သို့အတွက် သံသရာကျင်လည်ပုံဖြစ်စဉ် ရေးထားရခြင်းကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းခ္ပ သမုဒယနှင့် ဒုက္ခသစ္စာများသာ မြင်သာပါသည်။ ထင်ရှားနေပါသည်။

ကမ္မသကတာဉာဏ်ကို ဝိပဿနာဉာဏ်, သစ္စဉာဏ်ဖြင့် ကူးပေးရသည်။ ကိုယ်ခန္ဓာကပြသော သစ္စာကို ကိုယ့်ဉာဏ်ဖြင့် သိအောင်လုပ်ရသည်။ ခန္ဓာ၊ ဒုက္ခသစ္စာကို ဉာဏ်ကသိမှ သစ္စာဉာဏ်ပေါ်သည်။ စာအုပ်ထဲက သစ္စာတို့ကိုဖတ်ပြီး ရွတ်နေကြတာသည် မှတ်တမ်းနဲ့

လမ်းဆုံးနေတာဟု မိုးကုတ်ဆရာတော်က မိန့်သည်။ ခန္ဓာကပြသည့် သစ္စာကိုသိဖို့ သိပ်အရေးကြီးသည်။

ဆင်းရဲတာက ဒုက္ခသစ္စာ၊ သိမြင်တာက မဂ္ဂသစ္စာ၊ ကိုယ့်အရှိ ကိုယ် သိလိုက်တာပါ။ ရှုဉာဏ် ဝင်တယ်လို့ ခေါ်သည်။ ရှုဉာဏ်ဝင်မှ မဂ္ဂသစ္စာဖြစ်၍ တဏှာသေပြီးနောက် ခန္ဓာ မလာတော့သည့်အတွက် နိဗ္ဗာန်သစ္စာ ပေါ်လာသည်။ ယင်းသည် ပကတိမျက်စိဖြင့် မမြင်နိုင်။ ဉာဏ်မျက်စိရှိမှ မြင်နိုင်သည်။

* ဒုက္ခံ တေဘိက္ခဝေ၊ တဏှာ သမုဒယော ဘဝေ။
နိဗ္ဗာနာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။
* ဖြစ်ပျက်သမျှ၊ သခါရ၊ ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

## လေးခုအလွှာထည့်ပုံ

(က) အလွှာဟူသည် အကြိမ်ကြိမ် အဖန်ဖန်အထပ်ထပ် ပြုလုပ်ခြင်း (အကြောင်းတရား) နှင့် (အကြိမ်ကြိမ် အဖန်ဖန်ရခြင်းအကျိုးတရား) ကို အလွှာဟုခေါ်သည်။

(ခ) အဝိဇ္ဇာ၊ တဏှာခေါင်းဆောင်ပြီး ကုသိုလ်အကုသိုလ် အလုပ်တွေကို နေ့စဉ်နှင့်အမျှ အကြိမ်ကြိမ်အဖန်ဖန် ထပ်ခါထပ်ခါ (သမုဒယသစ္စာ) ပြုလုပ်ခဲ့သည့်အတွက် ယခုဘဝခန္ဓာရသည်မှစ၍ မွေးသည်မှ မသေမခြင်း ဖောက်ပြန်ပျက်စီး ဒုက္ခသစ္စာကြီး နေ့စဉ်နှင့်အမျှ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါပြုပြင်ရင်း ပျက်စီးရင်းနဲ့ ကြုံတွေ့နေကြရသည်။ အကြောင်း သမုဒယကို အကြိမ်ကြိမ်ပြုလုပ်၍ အကျိုးဒုက္ခအကြိမ်ကြိမ် ရခြင်းဖြစ်သည်။

ထို့ကြောင့် သံသရာမှာအကြောင်းနှင့် အကျိုးဝမ္မများသာ ကျင်လည်နေကြရသည်ကို သိစေလိုသောကြောင့် လေးခုအလွှာ ထည့်သွင်း၍ မြတ်ဗုဒ္ဓအလိုတော်ကျ ရေးသားထားခြင်းဖြစ်သည်။ ကိုယ့် အကြောင်းနဲ့ကိုယ်၊ ကိုယ့်အုပ်စုနဲ့ကိုယ် သဘောတူနေကြသောကြောင့် အလွှာလေးခု ကွဲပြားရခြင်းဖြစ်သည်ဟု မှတ်ပါ။

## အဂ်ါဆယ့်နှစ်ပါးထည့်ပုံ

အဂ်ါဟူသည်-သံသရာလည်ခြင်း၏ အစိတ်အပိုင်းဖြစ်၏၊ အကြောင်းအစိတ်အပိုင်းနှင့် အကျိုးအစိတ်အပိုင်းဖြစ်သည်၊ အတိတ်က အမှားမျိုး ယခုပစ္စုပ္ပန်မှာ မမှားကြရန်နှင့် အကြောင်းတရားပေါ် ဉာဏ်ရှင်းလျှင် အဟေတုက ဒိဋ္ဌနှင့် ဝိစိကိစ္ဆာ ကိလေသာစင်ကြယ်စေပါသည်။ အကျိုးတရားပေါ် ဉာဏ်ရှင်းလျှင် သက္ကာယဒိဋ္ဌနှင့် အကိရိယဒိဋ္ဌ စင်ကြယ်စေပါသည်။ အကြောင်းအကျိုးနှစ်ပါးလုံး ဉာဏ်ရှင်းလျှင် နတ္ထိကဒိဋ္ဌနှင့် ဥစ္ဆေဒ ဒိဋ္ဌစင်ကြယ်စေပါသည်။

အကြောင်းအကျိုး ပဋ္ဌိစ္စသမုပ္ပါဒ် အဂ်ါဆယ့်နှစ်ပါး ကာလ အလိုက် နားလည်လာလျှင် ဒိဋ္ဌနှင့် ဝိစိကိစ္ဆာ, အသိဉာဏ်, အပွားဉာဏ်, အပယ်ဉာဏ်နှင့် ဖြုတ်နိုင်ပါက ဤဘဝ သောတာပန်တည်၍ အောက် သံသရာတည်းဟူသော အပါယ်လေးပါးမှ အပြီးတိုင် လွန်မြောက်နိုင်ပါစေခြင်းအကျိုးငှာ အဂ်ါဆယ့်နှစ်ပါးကို အလွှာလိုက် အကွက်လိုက် ထည့်သွင်း၍ ကြောင်းကျိုးခွဲပြထားပါသည်။

## သုံးပါးအစပ်ထည့်ပုံ

သုံးပါးအစပ်- သခ်ါရနှင့်ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့်တဏှာ တစ်စပ်၊ ကမ္မဘဝနှင့်ဇာတိတစ်စပ်၊ သတ္တဝါများ သံသရာကျင်လည် ရခြင်းသည် စပ်လို့လည်ရခြင်းသာဖြစ်၏၊ သခ်ါရတည်း ဟူသောကံကြောင့်

ဝိညာဏ်စသော ခန္ဓာရခြင်းဖြစ်သည်။ ရအောင် တဏှာက စပ်ပေးပါသည်။

**– အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွတ်စေမှု။**

**– ကံ, သခါရ၊ ဇနက၊ ပစ်ချဖြစ်စေမှု။**

**– အကြောင်းသုံးဖော်၊ ညီစေသော်၊ ဖြစ်ပေါ်သန္ဓိစု။**

သခါရနှင့်ဝိညာဏအစပ်သည်-သေချာပေါက်စပ်ပြီးသားဖြစ်၍ ကောန်အစပ်၊ ဤအစပ်၌သခါရများကို နားလည်လျှင် သဿတဒိဋ္ဌိ စင်ကြယ်စေပါသည်။ (**အတိတ်အစပ်**)

ကမ္မဘဝနှင့် ဇာတိအစပ်သည်-ဤဘဝမသေသေးလျှင် မည်သည့်ကံနှင့်စပ်သေမည်ကို သေချာပေါက် မပြောနိုင်သေးသောကြောင့် အနေကန်အစပ်။ မသေချာသေး။ (**အနာဂတ်အစပ်**)

ဝေဒနာနှင့် တဏှာအစပ်သည်- ပုထုဇဉ်သဘာဝ သားရေးသမီးရေး စီးပွားရေးနှင့် အချိန်ကုန်နေခြင်းသည် ဤအစပ်အတိုင်း ၂-မှ ၃-သို့ အကျိုးထဲမှအကြောင်းတရားတွေ ပြန်လုပ်လျှင်သံသရာလည်မည်။ အကျိုးတရား ခန္ဓာကိုဉာဏ်ဖြင့်ရှုနိုင်လျှင် သံသရာမှ ထွက်မြောက်နိုင်သည်။ ဘုရားအရိယာများ ဤပစ္စုပ္ပန် အစပ်မှဉာဏ်ဖြင့်ဖြတ်၍ သံသရာမှ ထွက်တော်မူကြသည်။ သို့အတွက် အတိတ်အစပ်ကို သံဝေဂယူ၊ အနာဂတ်အစပ် ထပ်မမှားဘဲ ပစ္စုပ္ပန်ခန္ဓာကိုတဏှာနှင့် မစပ်မိစေရန် ဉာဏ်ဖြင့်ဖြတ်၍ ထွက်မြောက်နိုင်ဖို့ ကြိုးစားကြရမည်။ ဤအစပ်သည် ထွက်လို့လည်းရ၊ ဖြတ်လို့လည်း ရသောကြောင့် **ထွက်ရာ ပတ်လည် အစပ်** ဟုခေါ်သည်။

"ဘုရားရှင်သည် ဤနှစ်နံပတ်အစပ်ကို ဖြတ်နိုင်သောကြောင့် ဘုရားဖြစ်တာပါ။ ဝေဒနာမှ တဏှာမကူးအောင်၊ မဆက်အောင် မဂ်ဉာဏ်သွင်းကာ ရှုပွားနိုင်သောကြောင့် ဘုရားဖြစ်တာပါ။ ဖောဓိပင်နှင့် ရွှေပလွင်မှာ ပွင့်တော်မူတာက သဏ္ဌာန်တော်ဘုရားပါ။ ဘုရားရှင်ရဲ့ ဝမ်းဗိုက်ထဲ

နှလုံးသားထဲမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ကိန်းတော်မူသွားတာ ဉာဏ်တော်ဘုရားပါ" ဟု မိုးကုတ်ဆရာတော်က မိန့်တော်မူခဲ့သည်။ သုံးပါးအစပ် နားလည်ခြင်းအားဖြင့် ဒိဋ္ဌိပြုတ်၍ အပါယ်သံသရာမှ လွတ်မြောက်နိုင်ပါစေခြင်းအကျိုးငှာ သုံးပါးအစပ်ကို မြတ်ဗုဒ္ဓအလိုတော်ကျ သင်ကြားပြ၍ ထည့်သွင်းရေးသားခြင်းဖြစ်သည်။

## ဝဋ်သုံးပါးလည်ပုံ

ဝဋ်ဆိုတာ လှည့်တယ်၊ ဝိုင်းတယ်၊ ပတ်တယ်၊ ခွေတယ်၊ ဘဝသံသရာထဲ သတ္တဝါလည်အောင်၊ ပတ်အောင်၊ မွှေ့ပေးနေတာဟု အဓိပ္ပာယ်ရသည်။

ဝဋ်သုံးဝဖြင့် သံသရာ လည်နေကြရာတွင် ကိလေသာ ဝဋ်သုံးပါးမှ အဝိဇ္ဇာကို ကြိုးနီဖြင့် ဝလုံးပုံသဏ္ဌာန်ဝိုင်းထားရခြင်းမှာ တစ်သံသရာလုံး အဝိဇ္ဇာရဲ့ဖုံးလွှမ်းခြင်းကို အပြည့်အဝခံခဲ့ရသည် ဟူသော အဓိပ္ပာယ်။

တဏှာဥပါဒါန်လည်း ဝိုင်းထားရခြင်းမှာ ပုထုဇဉ်တို့သဘာဝ အတိုင်း ဖြစ်လေရာ ဘဝသာယာပျော်ပါး စွဲလန်းခြင်းအဓိပ္ပါယ်။

ကမ္မဘဝ။ လလို ဟလို ဤကဲ့သို့ ဟထားရခြင်း အဓိပ္ပာယ်မှာ အရိယာသူတော်ကောင်းများ (၀ါ) ဝိပဿနာရှုမှတ်ခြင်းဟူသော ကံပြတ်သည့် အလုပ်ကိုလုပ်သော အရိယာလောင်းလျှာများ ဆိုင်ရာဝိပါကဝဋ်မှ လွတ်မြောက်တော်မူကြသည်ကို သိစေတော်မူလိုသောကြောင့် ဟပြထားပါသည်။

မှတ်ချက်- ဟ-လို့ဖတ်လျှင် "ထွက်"။ လ-လို့ဖတ်လျှင် "လွတ်"။ ထွက်မြောက်ခြင်းနှင့် လွတ်မြောက်ခြင်း အဓိပ္ပာယ်ပေါ်လွင်စေရန် ရေးသားတင်ပြထားခြင်းဖြစ်သည်။ သင် ထောက်ကူပြုထားသည့် အတွက် အငြင်းမပွားသင့်ပါ။ သဘာဝဆိုက်အောင်သာ ကြိုးစားပွားများ

သင့်ပါသည်။ ကြိုးနှစ်ချောင်း သွယ်တန်းနေခြင်းသည် ဝင့်ရှွယ်ပုံကို ပြခြင်း ဖြစ်သည်။

## ကာလသုံးဖြာ ထည့်ပုံ

**ကာလော ယသတိ ဘူတာနိ** ဟူသော ဒေသနာအတိုင်း ကာလဟူသည်သတ္တဝါတို့ကို အိုအောင်၊ နာအောင်၊ သေအောင် ဝါးမျိုတတ်သောလက္ခဏာရှိ၏။ ကာလလက်ချက်မိ၍ အတိတ်ကလည်း သေခဲ့ရပြီ။ ယခုလည်းသေဆဲ။ နောင် အနာဂတ်ခန္ဓာရပြန်လျှင်လည်း သေရဦးမည်။ ကာလမှန်လျှင် မည်သည့်ကာလမျှမကောင်း။ သို့အတွက် ကာလလက်မှ လွတ်မြောက်ရလေအောင် သံဝေဂဉာဏ် အရင်းခံ၍ သတိသံဝေဂမှဉာဏသံဝေဂသို့ ကူးပြောင်းနိုင်ပါစေခြင်း အကျိုးငှါ ကာလသုံးပါးမှလွတ်မြောက်နိုင်ရေးအတွက် **ကာလဝိမုတ္တိ နိဗ္ဗာန်** အရ ဗုဒ္ဓအလိုတော်ကျ ရေးသားစီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။ လက်ရှိကာလထက်ကောင်းသောအချိန်မရှိ။ လက်ရှိကာလကို နိဗ္ဗာန်အထိ အကျိုးရှိအောင် စွမ်းဆောင်သင့်လှပါသည်။

## အောက်ခြေ မြားနှစ်စင်း

စက်ဝိုင်းအောက်ခြေရှိမြားကို **ရှေ့သွားသောပုံ၊ နောက်ပြန်သောပုံ** ဖြင့်ပြသထားခြင်းသင်္ကေတမှာ-ဝေဒနာအစရှိသော ခန္ဓာ၏ ဖြစ်ပျက်ကိုမရှုနိုင်။ **သုခဝေဒနာပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာပစ္စယာ ဒေါမနဿံ၊ ဥပေက္ခာဝေဒနာပစ္စယာ မောဟော** ဟုဆိုအပ်သော ချမ်းသာလိုချင်တော့ လောဘ၊ ဆင်းရဲမှု မကျေနပ်တော့ ဒေါသ၊ ဥပေက္ခာမသိလိုက်တော့ မောဟဝင်ပြီး သားရေးသမီးရေးစီးပွားရေးဖြင့် အချိန်ကုန်နေပါက သံသရာလည်လိမ့်ဦးမည်ကို သိစေလိုသောကြောင့် **ဝေဒနာပစ္စယာ တဏှာ ပဋိစ္စသမုပ္ပါဒ်လည်လမ်း** ကိုပြခြင်း။

ဖြစ်ပျက်-မဂ်-ကိုက်၍ "ဝေဒနာ နိရောဓာ တဏှာနိရောဓော" ပဋ္ဌိစ္စသမုပ္ပါဒ် ထွက်လမ်းကိုပြခြင်း။ အာသဝမှလွတ်မြောက်ပုံကို သိစေတော်မူလိုသောကြောင့် ဤသင်္ကေတကို ရေးဆွဲခဲ့ပါသည်။

## အပြာဝိုင်းဖြင့် အနားကွပ်ခြင်းသင်္ကေတ

သံသရာရေယဉ်ကြောမျှောနေကြရသော သတ္တဝါအနန္တ ဘယ်ဘဝရောက်ရောက် အို၊ နာ၊ သေပွဲ မလွဲမသွေ တွေ့ကြုံကြရမည်ဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာခေါင်းဆောင်သည့် ကိလေသာဝဋ်ဋ်ကြောင့် ကမ္မဝဋ်ဋ်လုပ်မိပြီး ဝိပါကဝဋ်ဋ်တည်းဟူသော အိုနာသေသံသရာ ယဉ်ကြောမျှောနေကြရပုံနှင့် ၃၁-ဘုံသားမှန်သမျှ သံသရာပင်လယ်ပြာမှာ မျှောချည်မြုပ်ချည် ကျင်လည်ကြရမည်ဖြစ်ပြီး သစ္စာမသိသမျှ အိုနာသေ မလွတ်မြောက်နိုင်ပုံကိုသိစေတော်မူလိုသောကြောင့် အပြာဝိုင်းဖြင့်အနားကွပ်ထားရခြင်း ဖြစ်သည်။

## အပေါ်ပိုင်းမြားအတွင်းစိုက်သင်္ကေတ

၄င်းမြားမှာ အာသဝလက္ခဏာဖြစ်သည်။ ပုထုဇဉ် သတ္တဝါမှန်သမျှ သေခါနီးကာလ ခန္ဓာဥာဏ်မရောက်သဖြင့် သားရေးသမီးရေးနှင့် ငါးဖြာအာရုံကာမဂုဏ် ခင်မင်စွဲလမ်းခြင်းကာမာသဝ၊ ဘဝကို မစွန့်လွှတ်နိုင်ခြင်း ဘဝါသဝ၊ ငါ့မှဖြစ်ရလေခြင်း ဒိဋ္ဌာသဝ၊ ဖြစ်ပျက်မမြင် သစ္စာမသိခြင်း အဝိဇ္ဇာသဝတည်းဟူသော အာသဝပြန်ဝင်ခြင်း၊

**ဇရာမရာဏ မုစ္ဆာယ ပိဋ္ဌိတာန မဘိဏှသော။**
**အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ။**

ဒေသနာကိုထောက်၍ အာသဝဝင်ရိုး မချိုးနိုင်သမျှ အဝိဇ္ဇာပြန်ဝင်၍ သံသရာလည်ရဦးမည်ကို သိစေလိုသောကြောင့် **အာသဝဝင်ရိုးမြား** ကို အတွင်းသို့ စိုက်ထားခြင်းဖြစ်ပါသည်။

## စက်ဝိုင်းနှင့် ဒေသနာခွက်ပုံစံပြု၍ ဟောကြားခြင်းအဓိပ္ပါယ်

ဒေသနာခွက်ပုံစံဖြင့် ဟောကြားခြင်းမှာ ဘုရားလက်ထက်ကပင် ရှိခဲ့ပါသည်။ အရှင်ရာဟုလာကိုဆုံးမသော အဘိဏှရာဟုလောဝါဒ သုတ်နှင့် ဓမ္မစက္ကပဝတ္တနသုတ်ကိုကြည့်ပါ။ (သဲနှင့်တစ်မျိုး ခွက်နှင့်တစ်ဖုံ လက်ဖြင့် တစ်သွယ် တွေ့ရပါလိမ့်မည်။) ဒေသနာစက်ဝိုင်းနှင့် ဒေသနာခွက်သည် နက်နဲသောသစ္စာတရားကို နားလည်လွယ်စေရန်ညွှန်းဆိုသော သင်ထောက်ကူ မျှား ဖြစ်ကြပါသည်။ မှားသည် မှန်သည်ဟု အငြင်းမပွားသင့်ပါ။

❖

## ဒေသနာခွက်အရောင်များ

### အဝါရောင်သင်္ကေတ။

### (က) ခန္ဓာငါးပါးနှင့် အတွင်းအာယတန ခြောက်ပါး။

အဝါရောင်ဟူသည် ပေါ်လွင်ထင်ရှားခြင်း အနက်အဓိပ္ပာယ် ရှိသည်။ ထို့အတူ ခန္ဓာအာယတနတို့မှာလည်း ကိုယ်စီကိုယ်စီ သန္ဓာန်၌ ဖောက်ပြန်မှု၊ ပြောင်းလဲမှုများ ဉာဏ်ဖြင့်ကြည့်က ထင်ရှားသလို မြင်မှုစသော အာရုံကို လက်ခံမှု၌ အာယတနမရှိလျှင် မဖြစ်ပေါ်နိုင်သည်ကို ထင်ရှားစွာ နားလည်စေချင်သောကြောင့် အဝါရောင်သင်္ကေတဖြင့် ပြုရသည်။

### အနက်ရောင်သင်္ကေတ။

### (ခ) မောဟနှင့် ဒိဋ္ဌိ၊ အပါယ်လေးဘုံ

မောဟနှင့်ဒိဋ္ဌိ, အပါယ်လေးဘုံတို့ကို အနက်ရောင် ကိုင်၍ ဟောကြားရခြင်းမှာ မောဟ(အဝိဇ္ဇာ)သည် မှောင်မိုက်သော အဓိပ္ပာယ် ရှိသလို ဒိဋ္ဌိမှာလည်း ထိုနည်းတူစွာပင်။ အကြောင်းမောဟနှင့် ဒိဋ္ဌိ မှောင်မိုက်လျှင် အကျိုး အပါယ်လေးဘုံသားတို့မှာလည်း အမှန်တရား ဘာမျှသိခွင့်မရ၊ မှားယွင်းမှု အမိုက်တောထဲမှာသာလျှင် နေထိုင်ကြ

ရမည်ကို ညွှန်းဆိုသောအားဖြင့် အနက်ရောင်သင်္ကေတကို အသုံးပြုရပါသည်။

**မောဟ, သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အပါယ်။**

(ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်)

## အနီရောင်သင်္ကေတ

### (ဂ) အပွင့် (၆) ပါးနှင့် ကိလေသာ

အပွင့်(၆)ပါးနှင့် တဏှာ, မာန, ဒိဋ္ဌိစသော ကိလေသာတရားများ၏ ဆက်သွယ်ပုံမှာ မြင်မှု(မြင်စိတ်)ကြောင့် လိုချင်မှု၊ မကျေနပ်မှု၊ တွေဝေမှု၊ မောက်မာမှု၊ အယူမှားမှု စသော ကိလေသာများ တဖွားဖွားဖြစ်ပေါ်လာရသည်။ ကိလေသာ၏သဘောမှာ ပူလောင်ခြင်းအနက် အဓိပ္ပါယ်ရှိ၏။ ပူလောင်ခြင်းဟူသည် မီး၏သဘောတရား၊ မီးအရောင်သည်နီ၏။ သို့အတွက်ကြောင့် ကိလေသာမီးနှင့် ကိလေသာဖြစ်ကြောင်း အခြေခံအပွင့်ဓာတ်တို့ကို အနီရောင်သင်္ကေတဖြင့် သင်ထောက်ကူပြုရသည်။

## အပြာရောင်သင်္ကေတ။

### (ဃ) အပြင်အာယတနနှင့် တရားကိုယ်များ

အပြင် အာယတန(၆)ပါးနှင့် တရားကိုယ်များကို အပြာရောင်ဖြင့် တင်ပြရခြင်းမှာ သံသရာပင်လယ်ပြာမှာ ကျင်လည်ကြရကုန်သော သတ္တဝါအနန္တတို့သည် အဆင်းစသော အပြင်အာယတန (၆)ပါး (ဝါ) အာရုံ(၆)ပါး နောက်တကောက်ကောက် အလိုက်မှားမှုကြောင့် အိုနာသေ သံသရာ ပင်လယ်ပြင်မှာ နစ်မြုပ်ကြရသည်။ သို့အတွက် အာရုံနှင့် သံသရာသည် ပင်လယ်ပြာနှင့်တူသောကြောင့် အပြာရောင်ကိုင်၍ ဟောကြားရပါသည်။

## အဖြူရောင်သင်္ကေတ

### (c) မဂ္ဂ၊ နိရောဓသစ္စာ

မဂ္ဂသစ္စာနှင့် နိရောဓသစ္စာနှစ်ပါးသည် ဖြူစင်ဖြောင့်မတ်သူတို့၏ ဥစ္စာပစ္စည်းသာဖြစ်၏။ မဂ္ဂသစ္စာသည် ဖြောင့်မှန်ဖြူစင်သော အကျင့်လမ်းစဉ် ဖြစ်ပါသည်။ ထိုအကျင့်ဖြင့် နိဗ္ဗာန်တည်းဟူသော (နိရောဓသစ္စာ) ကိလေသာအပေါင်းတို့ ချုပ်ငြိမ်းဖြူစင်ရာသို့ မျက်မှောက်ပြုနိုင်ခြင်းဟူသော သင်္ကေတဖြင့် အဖြူရောင်ကို အသုံးပြုပါသည်။ သင်ထောက်ကူသင်္ကေတများဖြစ်သည့်အတွက် မိမိတို့ကိုက်သလို မိမိတို့သင်္ကေတအတိုင်း တီထွင်ကြံဆ ပြုလုပ်နိုင်ပါသည်။ အငြင်းမပွားလိုပါ။

### ဆိုရိုးများ

**မူလနှစ်ဖြာဆိုသည်မှာ – အဝိဇ္ဇာနှင့်တဏှာ။**
**သစ္စာနှစ်ခုဆိုသည်မှာ – သမุဒယသစ္စာ၊ဒုက္ခသစ္စာ။**
**လေးခုအလွှာဆိုသည်မှာ – အတိတ်အကြောင်းတစ်လွှာ၊**
**ပစ္စုပ္ပန်အကျိုးတစ်လွှာ။**
**ပစ္စုပ္ပန်အကြောင်းတစ်လွှာ။**
**အနာဂတ်အကျိုးတစ်လွှာ။**

**အင်္ဂါတစ်ဆယ့်နှစ်ပါး ဆိုသည်မှာ–အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရูပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏာ။**

[ဤနေရာ၌ အများဆိုနေကျအတိုင်း တရားကိုယ်များနှင့် ပတ်သက်၍ ထည့်လိုက်ပါသည်။ ယင်းသည် ပါဠိကို မြန်မာဘာသာ ပြန်ပြခြင်းမျှသာ ဖြစ်သေးသည်။ စစ်မှန်သော တရားကိုယ် မရောက်သေးပါ။]

**တရားကိုယ်များနှင့် ဆိုသည်မှာ–**

အဝိဇ္ဇာဆိုတာ - မသိတာကိုခေါ်ပါတယ်။
သခါရဆိုတာ - ပြုလုပ်တာကိုခေါ်ပါတယ်။
ဝိညာဏ်ဆိုတာ - အသိစိတ်ကိုခေါ်ပါတယ်။
နာမ်ရုပ်ဆိုတာ - သွားချင်တာကနာမ်၊ သွားတာကရုပ်၊ ရပ်ချင်တာက နာမ်၊ ရပ်တာက ရုပ်၊ ထိုင်ချင်တာက နာမ်၊ ထိုင်တာက ရုပ်၊ အိပ်ချင်တာကနာမ်၊ အိပ်တာကရုပ်၊ စားချင်တာကနာမ်၊ စားတာက ရုပ်လို့ခေါ်ပါတယ်။
သဠာယတနဆိုတာ - အာယတန(၆)ပါးကို ခေါ်ပါတယ်။
အာယတန(၆)ပါးဆိုတာ-မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ ဖြစ်ပါတယ်။
ဖဿဆိုတာ - တွေ့ထိတာကိုခေါ်ပါတယ်။
ဝေဒနာဆိုတာ - ခံစားစံစားတာကိုခေါ်ပါတယ်။
တဏှာဆိုတာ - လိုချင်တာ, ကြိုက်နှစ်သက်တာကို ခေါ်ပါတယ်။
ဥပါဒါန်ဆိုတာ - စွဲလမ်းတာကိုခေါ်ပါတယ်။
ဘဝဆိုတာ - ပြုလုပ်အားထုတ်တာနဲ့ ဖြစ်ပေါ်လာတာကိုခေါ်ပါတယ်။
ဇာတိဆိုတာ - ပဋိသန္ဓေနေတာ၊ ဘဝသစ်ဖြစ်တာကို ခေါ်ပါတယ်။
ဇရာမရဏာဆိုတာ - အိုသေကို ခေါ်ပါတယ်။
ဇရာဆိုတာ - အိုတာကို ခေါ်ပါတယ်။
မရဏာဆိုတာ - သေတာကို ခေါ်ပါတယ်။
သောကဆိုတာ - စိုးရိမ်တာကို ခေါ်ပါတယ်။
ပရိဒေဝဆိုတာ - ငိုကြွေးတာကို ခေါ်ပါတယ်။
ဒုက္ခဆိုတာ - ကိုယ်ဆင်းရဲတာကို ခေါ်ပါတယ်။

ဒေါမနဿဆိုတာ - စိတ်ဆင်းရဲတာကို ခေါ်ပါတယ်။
ဥပါယာသဆိုတာ - ပြင်းစွာပူလောင်တာကို ခေါ်ပါတယ်။
သုံးပါးအစပ်ဆိုသည်မှာ - သခ်ါရနှင့် ဝိညာဏ်တစ်စပ်။
ဝေဒနာနှင့် တဏှာတစ်စပ်။
ကမ္မဘဝနှင့် ဇာတိတစ်စပ်။
ဝဋ်သုံးဝဆိုသည်မှာ - ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။
ကိလေသာ ဝဋ်သုံးပါး ဆိုသည်မှာ - အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။
ကမ္မဝဋ်နှစ်ပါးဆိုသည်မှာ - သခ်ါရနှင့်ကမ္မဘဝ။
ဝိပါကဝဋ်(၈)ပါးဆိုသည်မှာ - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏာ။
ကာလသုံးဖြာဆိုသည်မှာ - လွန်လေပြီးသော အတိတ်ကာလ၊
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။
ခြင်းရာနှစ်ဆယ်ဆိုသည်မှာ - အတိတ်အကြောင်းအခြင်းအရာ ငါးပါး။
ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး။
ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး။
အနာဂတ်အကျိုးအခြင်းအရာငါးပါး။
အတိတ်အကြောင်း အခြင်းအရာငါးပါးဆိုသည်မှာ - အဝိဇ္ဇာ၊ သခ်ါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။
ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးဆိုသည်မှာ - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။
ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးဆိုသည်မှာ - တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သခ်ါရ။

အနာဂတ်အကျိုး အခြင်းအရာငါးပါး ဆိုသည်မှာ-ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ဤရှစ်သွယ်ဆိုသည်မှာ - မူလနှစ်ဖြာက တစ်သွယ်။
သစ္စာနှစ်ခုက တစ်သွယ်။
လေးခုအလွှာက တစ်သွယ်။
အင်္ဂါတစ်ဆယ့်နှစ်ပါးက တစ်သွယ်။
သုံးပါးအစပ်က တစ်သွယ်။
ဝဋ်သုံးဝက တစ်သွယ်။
ကာလသုံးဖြာက တစ်သွယ်။
ခြင်းရာနှစ်ဆယ်က တစ်သွယ်။

ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။

## တိုက်တွန်းချက်

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီလေးပါးရှိသည်တွင် **ပဋ္ဌိစ္စသမုပ္ပါဒါဒိလိခိတပေါတ္ထကေ နိဗေဓိတွာ ကတံ ပန ဓမ္မစေတီယံ နာမ။** ဓမ္မစေတီကို ကိုးကွယ်လိုသော သူသည် ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည် တစ်ရပ်၊ **ဓမ္မဂုဏ်အဏ္ဏာဝဋ္ဌသ သရီရမ္ပိ စေတိယဃရမိဝ ပူဇာရဟံ ဟောတိ** ဓမ္မာနုသတိ တည်ရှိသော သူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်။ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ လာသည် တစ်ရပ်၊ **ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ** ဓမ္မကွန်ရှာပေါင်းရှစ်သောင်း လေးထောင်သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု

ဟောတော်မူသည်တစ်ရပ်၊ ဤသို့လာသော အရာများကိုထောက်၍ ဤပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ အကျဉ်း၊ အကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ဝမ္မစေတီကျောင်းတော်နှင့်တူ၏။

လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ဟု သိအပ်သည်ဟု လယ်တီဆရာတော်က မိန့်တော်မူသောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ပါဠိတော်များကို အရဆောင်ထားသင့်ပါသည်။

## ပဋ္ဌိစ္စသမုဗ္ဗာဒ် အနုလုံပါဠိ

| | | |
|---|---|---|
| အဝိဇ္ဇာ | ပစ္စယာ | သင်္ခါရာ |
| သင်္ခါရ | ပစ္စယာ | ဝိညာဏံ |
| ဝိညာဏ | ပစ္စယာ | နာမရူပံ |
| နာမရူပ | ပစ္စယာ | သဠာယတနံ |
| သဠာယတန | ပစ္စယာ | ဖဿော |
| ဖဿ | ပစ္စယာ | ဝေဒနာ |
| ဝေဒနာ | ပစ္စယာ | တဏှာ |
| တဏှာ | ပစ္စယာ | ဥปาဒါနံ |
| ဥปาဒါန | ပစ္စယာ | ภเวါ |
| ภဝ | ပစ္စယာ | ဇာတိ |
| ဇာတိ | ပစ္စယာ | ဇရာမရဏံ |

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## အနုလုံပါဠိ၏မြန်မာပြန်

၁။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။
၂။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။
၃။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။
၄။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်။
၅။ သဠာယတနကြောင့် ဖဿဖြစ်တယ်။
၆။ ဖဿကြောင့် ဝေဒနာဖြစ်တယ်။
၈။ ဝေဒနာကြောင့် တဏှာဖြစ်တယ်။
၉။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။
၁၀။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။
၁၁။ ဘဝကြောင့် ဇာတိဖြစ်တယ်။
၁၂။ ဇာတိကြောင့်ဇရာမရဏာဖြစ်တယ်။

သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေလည်း ဖြစ်ပေါ်လာတယ်။ ဤသို့လျှင် ပုဂ္ဂိုလ် သတ္တဝါ၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီးဖြစ်ပေါ်နေခြင်းဟာ ထင်ရှားပါတယ်။

## တစ်နည်း မြန်မာပြန်သက်သက်

၁။ အမှန်မသိမှုကြောင့် ပြုလုပ်မှုဖြစ်တယ်။
၂။ ပြုလုပ်မှုကြောင့် သိမှုဖြစ်တယ်။
၃။ သိမှုကြောင့် ညွှတ်မှုဖောက်ပြန်မှုဖြစ်တယ်။
၄။ ညွှတ်မှုဖောက်ပြန်မှုကြောင့် တည်ရာ (၆)ပါးဖြစ်တယ်။
၅။ တည်ရာ (၆)ပါးကြောင့် ထိတွေ့မှုဖြစ်တယ်။
၆။ ထိတွေ့မှုကြောင့် ခံစားမှု ဖြစ်တယ်။
၇။ ခံစားမှုကြောင့် လိုချင်ခင်မင်မှုဖြစ်တယ်။
၈။ လိုချင်ခင်မင်မှုကြောင့် စွဲလမ်းမှုဖြစ်တယ်။

၉။ စွဲလမ်းမှုကြောင့် အားထုတ်မှုဖြစ်တယ်။
၁၀။ အားထုတ်မှုကြောင့် ဘဝသစ်တည်မှုဖြစ်တယ်။
၁၁။ ဘဝသစ်တည်မှုကြောင့် အိုခြင်းသေခြင်းဖြစ်တယ်။

စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပြင်းအထန်ပူလောင်ခြင်းတွေလည်း ဖြစ်ပေါ်လာကြတယ်။

ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ ချမ်းသာသုခ၊ လုံးဝမဖက် သက်သက် ဤဒုက္ခအစုကြီးဖြစ်ပေါ်နေခြင်းဟာ ထင်ရှားပါတယ်။

## မြန်မာနှင့်ပါဠိ တွဲစပ်ပုံ

အမှန်မသိမှုအဝိဇ္ဇာကြောင့် ပြုလုပ်မှုသင်္ခါရဖြစ်ပါသည်။
ပြုလုပ်မှုသင်္ခါရကြောင့် သိမှုဝိညာဏ်ဖြစ်ပါသည်။
သိမှုဝိညာဏ်ကြောင့် ညွှတ်မှုဖောက်ပြန်မှုနာမ်ရုပ်ဖြစ်သည်။
ညွှတ်မှုဖောက်ပြန်မှုနာမ်ရုပ်ကြောင့် တည်ရာ(၆)ပါး အာယတနဖြစ်သည်။

တည်ရာ (၆) ပါးအာယတနကြောင့် တွေ့ထိမှုဖဿဖြစ်သည်။
တွေ့ထိမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်သည်။
ခံစားမှုဝေဒနာကြောင့် လိုချင်ခင်မင်မှုတဏှာဖြစ်သည်။
လိုချင်ခင်မင်မှုတဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ်သည်။
စွဲလမ်းမှုဥပါဒါန်ကြောင့် အားထုတ်မှုကမ္မဘဝဖြစ်သည်။
အားထုတ်မှုကမ္မဘဝကြောင့် ဘဝသစ်တည်မှုဇာတိဖြစ်သည်။
ဘဝသစ် တည်မှုဇာတိကြောင့် အိုခြင်းသေခြင်း ဇရာမရဏာဖြစ်သည်။

စိုးရိမ်ပူဆွေးခြင်း-သောက၊ ငိုကြွေးခြင်း-ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း-ဒုက္ခ၊ စိတ်ဆင်းရဲခြင်း-ဒေါမနဿ၊ အပြင်းအထန် ပူလောင်ခြင်း-ဥပါယာသတွေလည်း ဖြစ်ကြသည်။ ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ၊ ချမ်းသာ

သုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး ဖြစ်ပေါ်နေခြင်းသည် ထင်ရှားပါသည်။

## အနုလုံ ပဋ္ဌိစ္စသမုပ္ပါဒ်လက်ာ

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာနှင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုနာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ လုံးဝဆင်းရဲစုသာတည်း။ (မဟာစည်ဆရာတော်)

## ပဋ္ဌိစ္စသမုပ္ပါဒ် ပဋ္ဌိလုံ ပါဠိ

အဝိဇ္ဇာယတ္တေဝအသေသဝိရာဂနိရောဓာသင်္ခါရနိရောဓော

| | |
|---|---|
| သင်္ခါရနိရောဓာ | ဝိညာဏနိရောဓော |
| ဝိညာဏနိရောဓာ | နာမရူပနိရောဓော |
| နာမရူပနိရောဓာ | သဠာယတနနိရောဓော |
| သဠာယတနနိရောဓာ | ဖဿနိရောဓော |
| ဖဿနိရောဓာ | ဝေဒနာနိရောဓော |
| ဝေဒနာနိရောဓာ | တဏှာနိရောဓော |
| တဏှာနိရောဓာ | ဥပါဒါနနိရောဓော |
| ဥပါဒါနနိရောဓာ | ဘဝနိရောဓော |
| ဘဝနိရောဓာ ဇာတိနိရောဓော | |
| ဇာတိနိရောဓာ ဇရာမရဏံ | |

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။
ဧवमेတဿ ကेवलဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ပဋ္ဌိလုံပါဠိ၏ မြန်မာပြန်

အဝိဇ္ဇာချုပ်လို့ သခါရချုပ်တယ်
သခါရချုပ်လို့ ဝိညာဏ်ချုပ်တယ်
ဝိညာဏ်ချုပ်လို့ နာမ်ရုပ်ချုပ်တယ်
နာမ်ရုပ်ချုပ်လို့ သဠာယတနချုပ်တယ်
သဠာယတနချုပ်လို့ ဖဿချုပ်တယ်
ဖဿချုပ်လို့ ဝေဒနာချုပ်တယ်
ဝေဒနာချုပ်လို့ တဏှာချုပ်တယ်
တဏှာချုပ်လို့ ဥပါဒါန်ချုပ်တယ်
ဥပါဒါန်ချုပ်လို့ ဘဝချုပ်တယ်
ဘဝချုပ်လို့ ဇာတိချုပ်တယ်
ဇာတိချုပ်လို့ ဇရာမရဏာချုပ်တယ်၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေလည်း ချုပ်ပျောက်ကြရတယ်။

ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး၏ ချုပ်ပျောက်ခြင်းဟာ ထင်ရှားပါတယ်။

* အမှန်မသိမှု အဝိဇ္ဇာချုပ်ရင် ပြုပြင်မှု သခါရချုပ်ပါသည်။
ပြုပြင်မှု သခါရချုပ်ရင် သိမှု ဝိညာဏ်ချုပ်ပါသည်။
သိမှုဝိညာဏ်ချုပ်ရင် ညွှတ်မှုဖောက်ပြန်မှု နာမ်ရုပ်ချုပ်ပါသည်။
ညွှတ်မှုဖောက်ပြန်မှုနာမ်ရုပ်ချုပ်ရင် တည်ရာ(၆)ပါး အာယတနချုပ်ပါသည်။
တည်ရာ(၆)ပါး အာယတနချုပ်ရင် တွေ့ထိမှုဖဿချုပ်ပါသည်။
တွေ့ထိမှု ဖဿချုပ်ရင် ခံစားမှု ဝေဒနာချုပ်ပါသည်။
ခံစားမှု ဝေဒနာချုပ်ရင် လိုချင်ခင်မင်မှု တဏှာချုပ်ပါသည်။
လိုချင်ခင်မင်မှု တဏှာချုပ်ရင် စွဲလမ်းမှု ဥပါဒါန်ချုပ်ပါသည်။
စွဲလမ်းမှု ဥပါဒါန်ချုပ်ရင် အားထုတ်မှု ကမ္မဘဝချုပ်ပါသည်။

အားထုတ်မှု ကမ္မဘာဝချုပ်ရင် ဘဝသစ်တည်မှု ဇာတိချုပ်ပါသည်။

ဘဝသစ်တည်မှု **ဇာတိ** ချုပ်ရင် အိုခြင်းသေခြင်း **ဇရာမရဏ** ချုပ်ပါသည်။

စိုးရိမ်ပူဆွေးခြင်း-**သောက**၊ ငိုကြွေးခြင်း-**ပရိဒေ**၊ ကိုယ်ဆင်းရဲခြင်း-**ဒုက္ခ**၊ စိတ်ဆင်းရဲခြင်း-**ဒေါမနဿ**၊ အပြင်းအထန်ပူလောင်ခြင်း-**ဥပါယာသ** တွေလည်း ချုပ်ပျောက်ကြသည်။

ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး၏ ချုပ်ပျောက်ရခြင်းသာ ထင်ရှားပါသည်။

## အနုလုံပဋ္ဌိလုံ အဓိဗ္ဗာယ်

**အနုလောမန္တိအာဒိတော ပဋ္ဌာယ ပရိယောသာနာ**-အစကနေ အဆုံးတိုင်အောင်သွားခြင်းကို အနုလုံဟုခေါ်သည်။ **ပဋ္ဌိလောမန္တိပရိယောသာနတော ပဋ္ဌာယ ယာဝ အာဒိ** အဆုံးမှ အစတိုင်အောင်ပြန်လာခြင်းကို ပဋ္ဌိလုံဟုခေါ်သည်။ (ဒီ၊ ဋ၊ ၂၊ ၁၀၄)

ယင်းသည် မဟာဝဂ္ဂအဋ္ဌကထာ၌ ဖွင့်ပြချက်ဖြစ်သည်။ ဥဒါနအဋ္ဌကထာ၌ ဖွင့်ပြထားသည်ကိုလည်း တင်ပြပါဦးမည်။

## အနုလုံ အဓိဗ္ဗာယ်

**အနုလောမန္တိ 'အဝိဇ္ဇာပစ္စယာသင်္ခါရာ' တိ အာဒိနာ နယေန ဝုတ္တောအဝိဇ္ဇာဒိကော ပစ္စယာကာရော အတ္တနာ ကတ္တာဗ္ဗကိစ္စကရဏတောအနုလောမောတိ ဝုစ္စတိ။**

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ** စသော နည်းဖြင့် ဟောသောအဝိဇ္ဇာစသော ပဋ္ဌိစ္စသမုဒ္ပါဒ်ကို မိမိပြုထိုက်သောကိစ္စပြုကြောင်း ဖြစ်သောကြောင့် အနုလုံဟုခေါ်သည်။ ယင်းသည်လည်း ထင်ရှားပေါ်လွင်လှသည်။ ဒေသနာ

စဉ်ပင် ဖြစ်သည်။ မဟာဝဂ္ဂအဋ္ဌကထာအတိုင်းပင် အောက်ပါအတိုင်း ဆက်ဖွင့်ပြသည်။

**အာဒိတော ပဌာယ အနုပါပေတွာဝုတ္တုတ္တာ ပဝတ္တိယာ ဝါ အနုလောမတော အနုလောမော**၊ အစမှစ၍ အဆုံးသို့ ရောက်စေလျက် ဟောထားသောကြောင့် လည်းကောင်း၊ ဖြစ်ပေါ်ခြင်းအားလျှော်သော ကြောင့်လည်းကောင်း အနုလုံဟု ခေါ်သည်။ (ဥဒါန၊ ၆၊ ၃၅)

## ပဋ္ဌိလုံ အဓိပ္ပါယ်

**ပဋ္ဌိလောမန္တိ 'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော' တိ အာဒိနာ နယေန ဝုတ္တော အဝိဇ္ဇာဒိကောယော ပစ္စယာကာရော အနုပ္ပါဒနိရောဓေန နိရုဇ္ဈမာနော အတ္တနော ကတ္တုဗ္ဘကိစ္စသ အကရဏတော ပဋ္ဌိလောမောတိ ဝုစ္စတိ။**

'**အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော**' စသောနည်းဖြင့် ဟောတော်မူအပ်သော အဝိဇ္ဇာစသော ပဋ္ဌိစ္စသမုပ္ပါဒ်ကို မဖြစ်ခြင်း၊ ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းနေမှုကို မိမိ၏ ပြုလုပ်လိုသောကိစ္စကို မပြုလုပ်ခြင်းကြောင့် ပဋ္ဌိလုံဟု ခေါ်သည်။

ပဝတ္တိယာ ဝါ ဝိလောမနတော ပဋ္ဌိလောမော၊ အပြန်အားဖြင့် ဖြစ်ခြင်းကြောင့်လည်း ပဋ္ဌိလုံ ဟု ခေါ်သည်။

**အန္တတော ပန မဇ္ဈတော ဝါ ပဌာယ အာဒိ ပါပေတွာ အဝုတ္တုတ္တာ ဣဒတော အညေနတ္ထေနေတ္ထ ပဋ္ဌိလောမတာ နာ ယုဇ္ဇတိ။** အဆုံးမှ လည်းကောင်း၊ အလယ်မှလည်းကောင်း စ၍ အစသို့ရောက်လျက် မဟောအပ်သောကြောင့် ဖော်ပြပါနည်းမှတစ်ပါး အခြားနည်းမရှိတော့၊ ပဋ္ဌိလုံဆိုတာ ဟောစဉ်မျှသာရှိသည်။ ဖြစ်စဉ်မရှိ။

ဖော်ပြပါ ဖွင့်ဆိုချက်များကိုကြည့်လျှင် အစမှအဆုံးသို့ သွားခြင်းသည် အနုလုံ၊ အဆုံးမှအစသို့ ပြန်ခြင်းသည် ပဋ္ဌိလုံ။ **အဝိဇ္ဇာပစ္စယာ**

**သခ်ါရာ** စသည်သည် **အနုလုံ၊ အဝိဇ္ဇာနိရောဓာ သခ်ါရ နိရောဓော** စသည်သည် ပဋ္ဌိလုံဟု မှတ်ကြရပါမည်။ (ဥဒါန်၊ ၆၊ ၄၃)

## ပဋ္ဌိလုံ ပဋ္ဌိစ္စသမုပ္ပါဒ် လက်ာ

**အမှန်မသိ၊ အမှားသိကာ၊ အဝိဇ္ဇာလျှင်၊ ချုပ်ပျောက်အင်ကြောင့်၊ သခ်ါရချုပ်၊ ဝိညာဏ်ချုပ်လျက်၊ နာမ်ရုပ်အာယတန၊ ဖဿ–ဝေဒနာ–ဥပါဒါန်၊ ကြောင်းကံ–ဘဝ၊ ချုပ်ပျောက်ရကား။ ဘဝချုပ်ဘိ–ကျိုးဇာတိနှင့်၊ ဗျာဓိဇရာ၊ မရဏာလည်း၊ မလာရုပ်သိမ်း၊ စိုးရိမ်ငြိမ်းလျက်၊ သံထွက်ငိုပွဲ၊ ကိုယ်ဆင်းရဲနှင့်၊ စိတ်ထဲမသာ၊ ပူလောင်စွာတို့၊ ချုပ်ကာမှချ၊ အေးငြိမ်းရသည်၊ သုခချမ်းသာအစစ်တည်း။**

## အဂ်ါ, တရားကိုယ်, ရုပ်နာမ်ခွဲပုံ

| | | |
|---|---|---|
| အဂ်ါ | တရားကိုယ် | နာမ်ရုပ် |
| အဝိဇ္ဇာ | မောဟစေတသိက် | (နာမ်) |
| သခ်ါရ | လောကီကုသိုလ်၊ အကုသိုလ်စေတနာ | (နာမ်) |
| ဝိညာဏ် | ပဋ္ဌိသန္ဓေ ဝိပါက်ဝိညာဏ် | (နာမ်) |
| နာမ်ရုပ် | ဝိပါက်ဝိညာဏ်နှင့်ယှဉ်သော စေတသိက် နာမ်၊ ကမ္မဇရုပ် | (နာမ်ရုပ်) |
| သဠာယတန | အာယတန ၆ ပါး | (ရုပ်နာမ်) |
| ဖဿ | ဖဿ ၆ ပါး | (နာမ်) |
| ဝေဒနာ | ဝေဒနာ ၆ ပါး | (နာမ်) |
| တဏှာ | တဏှာ ၆ ပါး၊ ၃ ပါး | (နာမ်) |
| ဥပါဒါန် | ဥပါဒါန် ၄ ပါး (လောဘ, ဒိဋ္ဌိ) | (နာမ်) |
| ဘဝ | ကမ္မဘဝ၊ ဥပပတ္တိဘဝ | (နာမ်ရုပ်) |
| ဇာတိ | အကျိုးခန္ဓာ ၅ ပါးတို့၏ ဖြစ်မှု | (နာမ်ရုပ်) |

| | | |
|---|---|---|
| ဇရာမရဏာ | အကျိုးခန္ဓာ ၅ ပါးတို့ ရင့်မှူပျက်မှု | (နာမ်ရုပ်) |
| သောက | စိုးရိမ်ပူဆွေးမှု (ဒေါမနဿ) | (နာမ်) |
| ပရိဒေဝ | အသံထွက်ငိုကြွေးမှု | (ရုပ်) |
| ဒုက္ခ | ကိုယ်ဆင်းရဲမှု (ဒုက္ခဝေဒနာ) | (နာမ်) |
| ဒေါမနဿ | စိတ်ဆင်းရဲမှု (ဒေါမနဿ) | (နာမ်) |
| ဥပါယာသ | ပြင်းစွာ ပူလောင်မှု (ဒေါသ) | (နာမ်) |

ဤသို့လျှင် အဂၢါတစ်ဆယ့်နှစ်ပါး တရားကိုယ်များသည် စိတ်စေတသိက်ရုပ်တို့သာလျှင်ဖြစ်၏။ အားလုံးချုံးလိုက်လျှင် ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါးသာလျှင်ရ၏။

# ကျေးရူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီးကိုယ်တိုင်
# ရှင်းပြသည့် စက်ဝိုင်းရှင်းတမ်း

အမရပူရမြို့၌ (၂၀-၁၁-၆၁)နေ့တွင် ဟောကြားသော ကိုယ်ပိုင်ရထားတဲ့စက်ဝိုင်းကြီးက ဘာပါလိမ့်မလဲ တရားတော် ကို ကောက်နုတ်ဖော်ပြပါဦးမည်။ သစ္စာလေးပါးတရားတော် အမှတ်စဉ်(၆)တွင် ဖော်ပြထားသည်။ စက်ဝိုင်းရှင်းတမ်းကို ဟောပြောရာ၌ မျှားစွာအထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါသည်။ သေချာ စူးစိုက် လေ့လာစေချင်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကိုလည်း ကြည့်ရလိမ့်မယ်၊ မိမိတို့ကိုယ်ပိုင်ရထားတဲ့ ခန္ဓာကိုယ်ကိုလည်း ကြည့်ရလိမ့်မယ်။

မိမိတို့ကိုယ်ပိုင်ရထားတဲ့ စက်ဝိုင်းကြီးက ဘာပါလိမ့်မလဲ၊ မိမိတို့ရှေးတုန်းက သံသရာရယ်၊ ယခုရောက်နေတဲ့ သံသရာရယ်၊ နောင်ကိုလည်း သံသရာမဆက်ချင်ရင် ဘယ်လိုလုပ်ရမယ်၊ သံသရာဆက်ချင်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဒီစက်ဝိုင်းကနေပြီး ပြနေတယ်လို့ မှတ်သားရမယ်။

အဲဒီတော့ ၁-နံပါတ်စက်ဝိုင်းဟာ လွန်ခဲ့တဲ့ဘဝဖြစ်စဉ်တွေလို့ မှတ်စမ်းပါ၊ လွန်ခဲ့တဲ့ဘဝက ဖြစ်စဉ်လို့ဆိုသောကြောင့် အတိတ်အကြောင်းငါးပါးဆိုပြီး ရေးထားတယ်။

## အဝိဇ္ဇာဆိုတာ ဘာပါလိမ့်

အတိတ်တုန်းက ဘာတွေနဲ့, ဘာတွေများလုပ်ခဲ့ကြ, ကိုင်ခဲ့ကြ

ပါလိမ့်မလဲလို့ သေသေချာချာမေးလို့ရရင် အဝိဇ္ဇာနဲ့ လုပ်ခဲ့ကြရတယ်။ အဝိဇ္ဇာနဲ့ နေခဲ့ကြရတယ်။ အဝိဇ္ဇာဆိုတာ သစ္စာလေးပါးမသိတာပါ။

## သစ္စာမသိပြီ ဆိုမှဖြင့်

သစ္စာမသိပြီဆိုမှဖြင့် ဒကာဒကာမတို့ဟာ တံငါမုဆိုးလည်း လုပ်ခဲ့တာပါ။ ဪ... တံငါမုဆိုးလုပ်လို့ရှိရင် ငါသည် ဒုတိယဘဝမှာ ၂-နံပါတ် ဒုက္ခသစ္စာရလိမ့်မယ်။ အဝိဇ္ဇာဆိုတဲ့တရားက ဒီဒုက္ခသစ္စာမသိဘူး။ မသိလို့ တံငါမုဆိုးလုပ်လိုက်တော့ ဒီဘက်မှာ ဒကာဒကာမတွေ သိတဲ့အတိုင်း ခန္ဓာငါးပါးရတယ်။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတာ ခန္ဓာငါးပါး။

ရှေးဘဝက မသိတာကြောင့် တံငါမုဆိုးလုပ်, မုသားတွေ ပြောနဲ့ မကောင်းသော ရောင်းဝယ်ခြင်းတွေ ရောင်းဝယ်ကြသောကြောင့် မသိလို့ လုပ်မိ, ကိုင်မိ, ပြောဆိုမိကြတယ်။ ဘာမသိသတုံးလို့မေးရင် ၂-နံပါတ် ဒုက္ခသစ္စာမသိတာ။

ဒီဥပမာဟာ အင်မတန်မှလည်း ကြမ်းတယ် ဆိုတာကို မှတ်ရမှာပဲ။ ကလေးငယ်ငယ်လေးတစ်ယောက်ဟာ သူ့ကျင်ကြီးကလေး စွန့်ပြီးသကာလ ကျင်ကြီးကလေးနယ်ဖတ်ပြီး ကစားတယ်။

ဘယ့်နယ်ကြောင့် ဒီကလေးဟာ ကျင်ကြီးနဲ့ ကစားနေပါလိမ့်မလဲမေးရင် (ကျင်ကြီးမှန်းမသိလို့ပါ) မသိတာကဘယ်သူပါလိမ့်၊ (အဝိဇ္ဇာပါဘုရား)။ အဲဒီအဝိဇ္ဇာကြောင့် သခ်ါရဆိုတဲ့ တံငါမုဆိုးလုပ်ခြင်း၊ မုသားလိမ်လည်ကောက်ကျစ်ပြီးသကာလ စီးပွားရှာမှီးခြင်းဆိုတဲ့ အကုသိုလ် သခ်ါရလုပ်လိုက်ပါတယ်။ (**အပုညာဘိသခ်ါရ**)

## မသိလို့ သခ်ါရလုပ်

မသိလို့ အကုသိုလ်သခ်ါရလုပ်တယ်၊ တဏှာ၊ ဥပါဒါန်တွေနဲ့

သားမယားများလည်း စွဲလမ်းတယ်။ အဲဒီတဏှာ, ဥပါဒါန်တွေကြောင့် ကာယက်, ဝစီကံနဲ့လည်း ပြုလိုက်, ပြောလိုက်, ဆိုလိုက်, ငေါက်လိုက်, အော်လိုက်, မြည်လိုက်, တွန်လိုက်၊ သားတွေ, မယားတွေရော၊ လုပ်သားတွေကိုရော ကမ္မဘဝ မလုပ်ပေဘူးလား။ အဲဒီတော့ မသိလို့ လုပ်တာပေါ့၊ မသိလို့လုပ်တော့ ဒီမှာစုတေသည်၏အခြားမဲ့၌ ဟောဒီအကြောင်းနဲ့ ဟောဒီအကျိုးတွေဟာ ဝိညာဏ်, နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ငါးမျိုးနဲ့ သွားဆက်သွယ်တယ်။

မသိလို့ဆက်သွယ်ရတယ်၊ မသိလို့ပြုလုပ်၊ ပြုလုပ်လို့ ဒုက္ခသစ္စာ ရပါတယ်။ ဒါဖြင့် မသိတာက အဝိဇ္ဇာ, ပြုလုပ်တာက သင်္ခါရ၊ အဲဒီသင်္ခါရကြောင့် ဒီခန္ဓာ ငါးပါးရတယ်။ ခန္ဓာငါးပါးကို ဒီမှာ ဒုက္ခသစ္စာလို့ပြတယ်။ သြော်... ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှေးဘဝကမသိလို့ မသိသလို အကုသိုလ် ပြုလုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးဆိုတဲ့ အပါယ်လေးပါး ခန္ဓာရတယ်။

တစ်ခါ ကုသိုလ်တွေ ပြုလုပ်နေပြန်တော့လည်း ဒုက္ခသစ္စာဆိုတာ မသိဘဲနဲ့ ပြုလုပ်သောကြောင့် သင်္ခါရစေတနာတွေကို လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ရောက်ကြောင်း လုပ်လိုက်ပြန်တယ်။

ဘယ့်နယ်ကြောင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ရောက်ကြောင်းကို လုပ်ပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ ဒီအဝိဇ္ဇာက ဒီသင်္ခါရပေါ် အုပ်ချုပ်ထားလေသောကြောင့် ဒီဒုက္ခသစ္စာ မသိဘူး။ ထိုကဲ့သို့ မသိသောကြောင့် ယခု လူ့ဘဝသာဆိုတယ်။ ဇာတိ, ဇရာ, မရဏနဲ့ နေရတယ်၊ ဒုက္ခသစ္စာ ရထားတယ်ဆိုတာ သေသေချာချာမှတ်ကြပါ။ (ပုညာဘိသင်္ခါရ)

## စျာန်သမာပတ်တွေအားထုတ်

ကောင်းပြီ။ ဒါဖြင့် တစ်ခါမသိတာနဲ့ဘဲ စျာန်သမာပတ်တွေကို

အားထုတ်ပြန်တယ်။ သမထတွေကို အားထုတ်ပြန်တယ်။ ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ စျာန်သမာပတ်ကိုအားထုတ်တာက သခ်ါရ၊ (အာနေဉ္ဇာဘိသခ်ါရ) နောက်ကျတော့ ဗြဟ္မာခန္ဓာဆိုတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာရပြန်တယ်။ ဩော်... ဘုံသုံးပါးမှာဖြင့် အဝိဇ္ဇာ, သခ်ါရက ခြယ်လှယ်နေတယ်လို့ မှတ်လိုက်ပါတော့။ ကာမဘုံလည်း အဝိဇ္ဇာ, သခ်ါရ ခြယ်လှယ်လို့ဖြစ်ရတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေပဲ၊ ရူပ, အရူပဘုံမှာလဲ အဝိဇ္ဇာ, သခ်ါရခြယ်လှယ်လို့ ဖြစ်ရတဲ့ဗြဟ္မာတွေပဲ။

အပါယ်လေးဘုံမှာလည်း အဝိဇ္ဇာ, သခ်ါရက ပြုလုပ်လိုက်လို့ အပါယ်လေးပါး ခန္ဓာတွေဖြစ်တာပဲ၊ ဒါကြောင့် အဝိဇ္ဇာ, သခ်ါရသာ ရှိရင်ဖြင့် သုံးဆယ့်တစ်ဘုံ ခန္ဓာဖြစ်လိမ့်မယ်။ သုံးဆယ်တစ်ဘုံခန္ဓာဖြစ်ရင် ဒုက္ခသစ္စာရပါမယ်။ ဒါဖြင့် ၁-နံပါတ်လုပ်ရင် ၂-နံပါတ်ရမယ်။ ကောင်းပြီ။ ၁-နံပါတ်သည် လွန်လေပြီးသော အတိတ်ကာလ။ ဒါကြောင့် သူ့ကို အတိတ်အကြောင်းတစ်လွှာလို့ ရေးလိုက်တယ်။ ဘာသစ္စာတွေ လုပ်ခဲ့ကြပါလိမ့်။ (သမုဒယသစ္စာတွေ လုပ်ခဲ့ပါတယ်ဘုရား)။

## ဒါတွေက သမုဒယသစ္စာ

ဒါဖြင့် သမုဒယသစ္စာသည် ဘယ်နှစ်ပါးရှိသတုံး မေးတော့မှ အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝငါးပါး။ အဲ... သမုဒယသစ္စာ ငါးပါးကြိုးစားခဲ့သောကြောင့် ဒုက္ခသစ္စာငါးပါးဆိုတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာရပါတယ်။ ဒါဖြင့် အခု တရားနာနေကြတဲ့ ဒကာဒကာမတွေသည် ၁-ထဲမှာလား၊ ၂-ထဲမှာလား၊ (၂-ထဲမှာပါဘုရား)။

ရှေးလွန်ခဲ့သော အတိတ်ဘဝက ဒီသမုဒယသစ္စာ ငါးခုကြိုးစားခဲ့တဲ့အတွက် ဒီဘဝမှာ ဒုက္ခသစ္စာငါးခုပြန်ရတယ်။ ဒါဖြင့် ဒီသမုဒယသစ္စာငါးခုကြောင့် ဒုက္ခသစ္စာဖြစ်တယ်လို့ဆိုတာ သိထားတော့ ကိုယ့်

စိတ်ထဲက စဉ်းစားရမယ်။ ငါသည် ဒုက္ခသစ္စာ ဖြစ်ကြောင်းကိုဖြင့် နောက်ကို မလုပ်ဘူးဆိုတဲ့စိတ် မွေးဖို့ကောင်းတယ်။ အခု ဒုက္ခရောက်တာ သိနေတော့ အခု ဇာတိကိစ္စကတော့ လွန်ခဲ့ပြီနော်။ ဇရာကိစ္စ အိုဘေးကိစ္စလည်း ရောက်နေကြပြီ။ နောက်ကို နာဘေးဒုက္ခသစ္စာကြီးနဲ့ ကိုယ်တိုင် တွေ့ရဦးမှာ။

အဝိဇ္ဇာက အုပ်ချုပ်လို့။ ကံမကောင်းအကြောင်း မသင့်လို့ ဆိုတာ မဟုတ်ပါဘူး။ မသိလို့ လူ့ဘဝရောက်လိုတဲ့ ဒါနပြုလို့ ဒုက္ခသစ္စာ ရတယ်။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အဝိဇ္ဇာမချုပ်သရွေ့ဖြင့် ဒုက္ခသစ္စာပဲ ပြန်ပြန်ရမှာပဲ။ အင်း... ဒီဒုက္ခသစ္စာကြီးကိုဖြင့် ကျွတ်ချင် လွတ်ချင်လို့ရှိရင် ဒုက္ခသစ္စာလွတ်ကြောင်း စိတ်ကိုမွေးကြပါ။ ကျွတ်ချင် လွတ်ချင်လို့မွေးတဲ့အခါကျတော့ ဒီလိုစဉ်းစားရမယ်။ ဒီ ၂-နံပါတ်ထဲကို မရောက်ဖို့ရာ သိပ်အရေးကြီးတယ်။ ၂-နံပါတ်ထဲ ရောက်တဲ့ လူချမ်းသာ, နတ်ချမ်းသာ, ब्रह्मချမ်းသာဆိုတာ အလကားပြောတာ၊ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)၊ အပါယ်လေးပါးဟာလည်း ဘာသစ္စာလဲ (ဒုက္ခသစ္စာ ပါဘုရား)။

အဲ... လူချမ်းသာ, နတ်ချမ်းသာ, ब्रह्मချမ်းသာ, အပါယ် လေးပါးဟာ ဒုက္ခသစ္စာဆိုတဲ့ ၂-နံပါတ်ထဲက ထွက်ကိုမထွက်ဘူးနော်။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ရှေးဘဝက မသိသလို လှူခဲ့လို့၊ မသိသလို ကုသိုလ်လုပ်ခဲ့လို့၊ မသိသလို သမထတွေကြိုးစားခဲ့လို့ ယခု ပစ္စုပ္ပန်ဘဝ ဒုက္ခသစ္စာတွေ ရပါတယ်။ ဒါဖြင့် ပစ္စုပ္ပန်အကျိုးငါးပါး ဆိုတာပေါ်ပါပြီ။

## ပစ္စုပ္ပန်အကျိုးငါးပါး

အင်း... ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ ပစ္စုပ္ပန်အကျိုးငါးပါးရတယ်။ ဘယ်ကာလ ရပါသတုံးမေးတော့

ဘယ့်နှယ်ဖြေကြမလဲ (ပစ္စုပ္ပန်ကာလပါဘုရား)။ ကောင်းပြီ... ဒါဖြင့် ယခုအခါသည် ဒကာဒကာမတို့ ၁-နံပါတ်ထဲမှာနေသလား၊ ၂-နံပါတ်ထဲမှာ နေသလား (၂-နံပါတ်ထဲမှာ နေပါတယ်ဘုရား)။ ၂-နံပါတ်ထဲရောက်နေတယ်လို့ သေသေချာချာမှတ်ပါ။ ၂-နံပါတ်ထဲရောက်နေတော့ ယခု ဒကာဒကာမတို့ စားဖို့ရှာတဲ့ အာဟာရပရိယေသနဒုက္ခ၊ မျိုဖို့ရှာတဲ့ ပရိယေသနဒုက္ခ၊ ဝတ်ဖို့ရှာတဲ့ဒုက္ခ နည်းသလား။ အစိုးရမင်းတို့ကို အခွန်ဆောင်ဖို့ ရှာရတဲ့ဒုက္ခမရှိဘူးလား (ရှိပါတယ်ဘုရား)။

သားတွေ, သမီးတွေ ဆိုးပေကြလို့ ပူရ, ဆွေးရတဲ့ဒုက္ခကော (ရှိပါတယ်ဘုရား)၊ ကိုယ်ခန္ဓာကြီးဟာ မမာမကျန်းတဲ့ ဒုက္ခကော (ရှိပါတယ်ဘုရား)။ ဒါဖြင့် ဒုက္ခပေါင်း ဘယ်လောက်တုံးလို့မေးရင် ဖြေစမ်းဗျာ (မရေမတွက်နိုင်ပါ ဘုရား)၊ ဩော် ဒီဒုက္ခပေါင်းအများကြီးပဲ၊ ဘယ်သူကများ ပေးလိုက်ပါလိမ့်ဗျာ။

## အတိတ်အကြောင်း

အတိတ်ဘဝက အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်, ဘဝ ဆိုတဲ့ ငါးခုသောအကြောင်းတွေက ပြုလုပ်လိုက်လို့ ခင်ဗျားတို့ ဒုက္ခပင်လယ် ဝေနေတော့တယ်ဆိုတာ ငြင်းဖို့မလိုပါဘူး။ ဒါဖြင့် ဒုက္ခပင်လယ် ဝေနေကြတဲ့အထဲမှာ ဒုက္ခဖြစ်ကြောင်းကို အားထုတ်ရမှာလား။ ဒုက္ခလွတ်ကြောင်းကို အားထုတ်ရမှာလားဆိုတာ ယနေ့ ဝေဖန်ကြပါ။

ဒုက္ခရောက်နေတဲ့အထဲမှာ ဒုက္ခဖြစ်ကြောင်း အားထုတ်ဦးမယ်ဆိုရင် နှစ်ခါမိုက်။ နှစ်ခါမိုက် ဖြစ်မယ်ဆိုတာ သေချာကြပလား (သေချာပါတယ် ဘုရား)၊ ဘယ့်နှယ်ကြောင့်တုံးဗျာ။ ဒုက္ခရောက်တဲ့အထဲမှာ ဒုက္ခဖြစ်ကြောင်း ကြိုးစားလို့။ ဒါဖြင့် ၂-နံပါတ်သည် ဒကာဒကာမတို့ ယခုနေရာဌာန ယခုရထားတဲ့ ခန္ဓာကြီးဆိုတာ မှတ်လိုက်ပါ။

အဝိဇ္ဇာ, သခါရ, တဏှာ, ဥပါဒါန်, ဘဝဆိုတာ=၂နံ့ပါတ်ထဲက မပေါက်ပွားဖို့ သိပ်အရေးကြီးပါတယ်။ ၂=နံ့ပါတ်ထဲရောက်နေတော့ ခန္ဓာကိုယ်ကို ဝိပဿနာမရှုကြဘူး၊ မရှုတော့မသိဘူး၊ မသိတော့ အဝိဇ္ဇာနဲ့နေတယ်။

အင်း ဒါဖြင့် ၂=နံ့ပါတ်ထဲက အဝိဇ္ဇာဆိုတဲ့ မျိုးစေ့တစ်ခု၊ ၂=နံ့ပါတ် ခန္ဓာပင်ကြီးက သီးပွင့်လာပြန်တယ်ဆိုရင်လည်း မလွဲဘူး။

သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေကော ခင်ကြမင်ကြ ကြင်နာကြရဲ့လားလို့ မေးလို့ရှိရင်ဖြင့် ဘယ်နှယ့်ဖြေမလဲ။ (ခင်ကြ၊ မင်ကြပါတယ်ဘုရား)၊ ခင်ကြ၊ မင်ကြ၊ ကြင်နာကြတယ်ဆိုတာ သေသေချာချာပဲနော်။ ဟ ဘယ်အထဲကနေ ကြင်နာတာတုံးဆိုတော့ ၂-နံ့ပါတ်ထဲက ပေါ်လာတာ၊ ၂-နံ့ပါတ်ခန္ဓာကြီးထဲက ခင်စိတ်ပေါ်လာတယ်၊ ၂-နံ့ပါတ် ခန္ဓာကြီးထဲက စွဲလမ်းစိတ်ကော (ပေါ်လာပါတယ် ဘုရား)။

ကဲ... ဒီသား ဒီသမီးနဲ့ မခွဲရအောင် ကုသိုလ်လုပ်ဦးမှပဲဆိုတော့ ကမ္မဘဝပေါ်လာတယ်။ ၂-နံ့ပါတ်ထဲကပဲ ပေါ်လာတယ်။ ဒါဖြင့် ၂-နံ့ပါတ်ထဲဗျာ အကြောင်းငါးခု ပေါ်လာပြန်တယ်။

## ပစ္စုပ္ပန်အကြောင်း

ဟော... အတိတ်အကြောင်း ငါးခုလိုပဲ ပစ္စုပ္ပန်ဘဝအကြောင်း ငါးခုပေါ်လာတယ်လို့ မှတ်ပါ။ အဝိဇ္ဇာ၊ သခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ဒီဟာနဲ့အတူတူပဲ၊ ပြောင်းပြန်ရေးထားလို့။ ငါးခုချင်းထူးသေးရဲ့လား (မထူးပါဘုရား)၊ အဲဒါ ယခုလက်ရှိ ခန္ဓာထဲက ပေါက်ပွားတာ၊ ဪ... စဉ်းစားပါဦး၊ လက်ရှိခန္ဓာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာထဲက ၃-နံ့ပါတ် သမုဒယသစ္စာဆိုတဲ့ အသီးအပွင့်တွေ ပေါက်ပွားလာပြန်တယ်။ ၃-နံ့ပါတ်မှာ သေသေချာချာကြည့်ပါ။ အဝိဇ္ဇာ, သခါရ, တဏှာ, ဥပါဒါန,

ကမ္မဘဝလို့တော့ ပါပါလိမ့်မယ်။ အဲဒါ ယခုပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးပေါ်ပြန်တယ်။ အငြိမ်မနေတတ် ဆော့လွန်းတဲ့အတွက် ဒကာ, ဒကာမတွေမှာ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝတွေ ပြန်ပေါ်တယ်။

## ဒုက္ခပင်က ဒုက္ခသီးတွေ

အင်း...ဘယ်ခန္ဓာထဲကမျှား၊ ဘယ်ဘဝထဲကမျှား၊ ဘယ်နံပါတ်ထဲကမျှား သူပေါက်ပွားလာလို့ ဆိုကြမလဲ (၂-နံပါတ်ထဲက ပေါက်ပွားလာပါတယ်ဘုရား)၊ ဪ... ဒုက္ခပင်က ဒုက္ခသီးတွေ သီးပြန်ပါပေါ့လား။ ဒုက္ခပွင့်တွေ ပွင့်ပြန်ပါပေါ့လား ဆိုရင်တော့ လွဲပါ့မလား(မလွဲပါဘုရား)။ ဒီ ၂-နံပါတ်နဲ့ ၃-နံပါတ်လည်း စပ်သွားပြန်ပြီတဲ့၊ တဏှာ, ဥပါဒါန်, ကမ္မဘဝတွေပေါ်လာတယ်။ ပေါ်လာတော့ ၂-နံပါတ်ခန္ဓာကြီး ဒုက္ခပင်ကြီးက သမုဒယသီးတွေ သီးလာတယ်။ ဒါကြောင့် သမုဒယသီးတွေ သီးတဲ့ ၃-နံပါတ် သမုဒယသစ္စာတွေ ပေါ်လာတယ်။

ဒါဖြင့် ၂-နံပါတ် ခန္ဓာထဲကမှ ယခုပစ္စုပ္ပန်ကာလမှာ ၃-နံပါတ်ဆိုတဲ့ သမုဒယသစ္စာတွေ ပေါက်ပွားလာတယ်။ ၂-နံပါတ် ခန္ဓာ အခုရနေတဲ့အထဲက ဖြစ်ပျက်မသိတဲ့ အဝိဇ္ဇာကလည်း ပေါ်လာပြန်တယ်၊ ဘုံဘဝရလိုမှုဆိုတဲ့ တဏှာကြောင့် စေတနာကံတွေနဲ့ သင်္ခါရလည်း လုပ်ပြန်တယ်။ အင်း... တဏှာ, ဥပါဒါန်တွေနဲ့လည်း သားတွေ, သမီးတွေ စွဲလမ်းပြီး ဒီသား, ဒီသမီးတွေနဲ့ မခွဲချင်တဲ့ ကာယကံ, ဝစီကံတွေကိုလည်း ပြုလိုက်, ပြောလိုက်, ဆိုလိုက်တာမနည်းဘူး။

ဒါကြောင့် ၃-နံပါတ်မှာ ကြည့်လိုက်တော့ သမုဒယသစ္စာ၊ [ဒီကာလကျတော့ ၂-ဝိုင်းထဲပြတယ်။] ဒါဖြင့် အခု အသီးအပွင့်တွေ ပေါ်လာတာက ဘယ်ကာလမှာ ပေါ်လာသတုံးလို့ မသိဘဲနေမှာစိုးလို့ ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးတဲ့၊ ယခု ပစ္စုပ္ပန်ခန္ဓာရှိတုန်း ပေါ်နေတာ။

၂-နံပါတ် အဲဒီဒုက္ခသစ္စာထဲက ဟောဒီ သမုဒယသစ္စာဆိုတာ တွေဟာ ပေါက်ပွားလာတယ်။ ပေါက်ပွားလာတော့ ဟောဒီနောက်လာ မည့် ဘာနဲ့. ဆက်ပါလိမ့်ဦးမယ်ဆိုပြီး မြားကလေးပြတယ်။ ဆက်မှ ဆက်ပါ့မလား၊ ဆက်မှာပဲဆိုတာ သေချာကြပလား။

ဒါဖြင့် ဘုန်းကြီးတို့. ဒကာ ဒကာမတွေ ဒါ မပေါက်ပွားလို့ ရှိရင်ဖြင့် ဒီအနာဂတ်ဘဝ မဆက်ဘူးပေါ့ဗျာ၊ ဒါပေါက်ပွားလို့ရှိရင်ကော (ဆက်ပါတယ်ဘုရား)။

ဒါဖြင့် သူ့.ကို ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါးကို ပေါက်ပွားတဲ့ အတွက် သေသည်၏အခြားမဲ့၌ ဟောဒီအနာဂတ်ဘဝနဲ့. သွားဆက်မယ်။ အနာဂတ် အကျိုးတစ်လွှာဆိုပြီးသကာလ ဝိညာဏ်, နာမ်ရုပ်, သဠာယ တန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပြန်ပေါ်တယ်၊ ဒုက္ခသစ္စာပါ၊ အင်း... ဒီဒုက္ခသစ္စာက အလိုလို လာတာမဟုတ်ဘူး၊ ပစ္စုပ္ပန်ခန္ဓာထဲက အသီးအပွင့်ဆိုတဲ့ တဏှာ, ဥပါဒါန်, ကမ္မဘဝကြောင့်ပါ။

အဲဒီတော့ ပစ္စုပ္ပန်ခန္ဓာကြီးက ဒုက္ခသစ္စာ, ခန္ဓာပင်ကြီးက သီးပွင့်လာသောကြောင့် အနာဂတ်ဘဝ၌ ဆက်ပေါ့ဆိုပြီး မြားပြတယ်၊ ဆက်တော့ အနာဂတ်ဘဝက (ဒုက္ခသစ္စာပါ)။ ဒကာဒကာမတို့. ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏာတွေ ပါလာ လိမ့်မယ်။

ဒါဖြင့် ဒကာဒကာမတို့.မှာ ဒုက္ခသစ္စာ အခု ဘယ်နှစ်ခါရပြီးပလဲ (နှစ်ခါရပြီးပါပြီ)၊ အတိတ်ကြောင့်လည်း ဒုက္ခသစ္စာရခဲ့တယ် (မှန်ပါ့)။ ပစ္စုပ္ပန်ကြောင့်ကော ဒုက္ခသစ္စာ တစ်ခါရပြန်ပါတယ်။

အဲ... ဒကာဒကာမတို့. တစ်ဝိုင်းလုံးမှာ နောင်ကိုလည်း လွန်ပြီး သားက ဒီလိုချည်း ပြန်ပတ်မယ်ဆိုရင် ဒီအဝိုင်းကြီးဟာ လှည့်လို့. ပြီးပါမလား (မပြီးပါဘုရား)၊ ဘာသစ္စာတွေသာ လှည့်နေမယ် ထင်ကြ သတုံး။ သမုဒယသစ္စာနဲ့. ဒုက္ခသစ္စာပါ။

## သမုဒယသစ္စာကမီး

ဒါဖြင့် ဒီလိုဆိုကြပါစို့၊ သမုဒယသစ္စာက လောင်တတ်တဲ့ မီး၊ ဒုက္ခသစ္စာက လောင်စာ၊ လောင်မီးနဲ့ လောင်စာပဲ လှည့်နေတယ်၊ ငြိမ်းချမ်းတာမပါ။

## လောင်စာက ခန္ဓာ

ကြည့်လိုက်။ လောင်းမီးက သမုဒယသစ္စာ၊ လောင်စာကခန္ဓာ, ဒုက္ခသစ္စာ။ တော်တော်ကြာ လောင်စာထဲကနေပြီး လောင်မီးပေါ်တယ်၊ လောင်မီးပေါ်ပြန်တော့ ရှေ့လောင်စာဖြစ်ပြန်တယ်။ ဒါဖြင့် တစ်သံသရာလုံး တပည့်တော် ဘာများဖြစ်ခဲ့သတုံးလို့ မေးလို့ရှိရင်ဖြင့် လောင်စာပဲ ဖြစ်တယ်ဟေ့.... လို့ ဆုံးဖြတ်ချက်ချပါ။

## ရှေးတုန်းက ငါ ဘာဖြစ်ခဲ့ပါလိမ့်မတုံး

ကဲ... ဒါဖြင့် ဒကာဒကာမတို့ ရှေးတုန်းက ငါဘာဖြစ်ခဲ့ပါလိမ့်မတုံးဆိုတော့ အကြောင်း,အကျိုးပဲ ဖြစ်ခဲ့တယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တာပဲ။ ယောက်ျား, မိန်းမပါသေးရဲ့လား (မပါပါဘုရား)။

## ဘယ်သစ္စာနှစ်ခု လှည့်နေသတုံး

သြော်... ဒါတွေ သိရတော့မှ ငါတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် သမုဒယနဲ့ ဒုက္ခသာလှည့်တယ်၊ သစ္စာလေးပါးမှာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ ဘဝများစွာက လုံးလုံးမပါခဲ့ပါလားဆိုတာ ဆုံးဖြတ်ချက်ချ။ ကိုင်း... ဒါဖြင့် ယနေ့တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ မဂ္ဂသစ္စာပေါ်အောင် ပြောရလိမ့်မယ်။

မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပေါ်အောင် သေသေချာချာမှတ်ကြပါ။ ဟောဒီအောက်ဆုံးမှာရှိတဲ့ မြားကလေးကို ကြည့်တာပေါ့ဗျာ... နော်၊

ထုံးစံအတိုင်းဆိုတော့ ဒကာဒကာမတွေရထားတာက အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရာပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ ဒီလို လှည့်မသွားဘူးလား (လှည့်သွားပါတယ် ဘုရား)။

အင်း... အရင်အတိတ်အကြောင်းက ဒကာဒကာမတို့သိတဲ့ အတိုင်း အဝိဇ္ဇာသင်္ခါရ။ ပစ္စုပ္ပန်အကျိုးက ဝိညာဏ်, နာမ်ရုပ်,သဠာယ တန,ဖဿ, ဝေဒနာ။ ပစ္စုပ္ပန်အကြောင်းက တဏှာ, ဥပါဒါန်, ကမ္မဘဝ။ အနာဂတ်အကျိုးက ဇာတိ, ဇရာ, မရဏ၊ ဒါပဲရှိတယ်၊ ဒီလိုချည်း လှည့်နေပါတယ်။ အဲဒီကဲ့သို့လှည့်နေတာဟာ ဒီနေရာမှာ အစပ်ကလေး တွေ မဖြတ်တတ်လို့မှတ်။

## ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း

ဒီအစပ်ကလေးဟာ ဘဝနဲ့ဘာစပ်သတုံးဆိုလို့ရှိရင် ပစ္စုပ္ပန် အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း သွားစပ်တယ်။ ကြည့်လေ... ဒီဘက် ပစ္စုပ္ပန်အကျိုးတရားနဲ့ ဒီဘက်က ပစ္စုပ္ပန်အကြောင်းတရား သွားစပ် တယ်။ ဒါဖြင့် ဒီအကြောင်းတရား မပေါ်မှကိုက်မယ်၊ ၃-နံပါတ်မပေါ်မှ ကိုက်မယ်။

ကောင်းပြီ။ ဒါဖြင့် ၃-နံပါတ် မပေါ်အောင် ဒီအဆက်ကလေးကို ဖြုတ်ရမယ်နော်၊ ဝေဒနာပစ္စယာ တဏှာဆိုရင်ဆက်ပြီ။

## ဝေဒနာနဲ့ တဏှာဆက်ပြီ

ဒါဖြင့် ဒီအောက်နားကို ကြည့်လိုက်၊ ဝေဒနာနိရောဓာ တဏှာ နိရောဓောဆိုရင်ပြတ်ပြီ၊ **ဝေဒနာ ပစ္စယာ တဏှာ** ဆိုရင် (ဆက်ပါ တယ်ဘုရား) ဒီဝေဒနာနဲ့ တဏှာဆက်ပြီလို့ မြားကပြတယ်။ ကဲ... ဒါဖြင့် အောက်နားကြည့်လိုက်တော့ ၂-နံပါတ်မှာ ဘယ့်နှယ်ပါသတုံး

(ဝေဒနာနိရောဓာ တဏှာနိရောဓောပါ ဘုရား)။ ဒါဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓောမှ ဒကာဒကာမတွေ မလုပ်နိုင်လို့ရှိရင်ခက်ပြီ။ ဝေဒနာနဲ့ တဏှာဆက်ပြီး တဏှာပစ္စယာ (ဥပါဒါန်ပါဘုရား)၊ ဥပါဒါနပစ္စယာ (ဘဝပါဘုရား)၊ ဘဝပစ္စယာ (ဇာတိပါဘုရား)။

ဟော... ဒကာဒကာမတို့ အနာဂတ်အကျိုးနဲ့ သွားဆက်တယ်၊ ဇာတိ (ဒုက္ခသစ္စာပါ)၊ ဇရာ မရဏာကော ဒုက္ခသစ္စာပါ။ ဘယ့်နယ်ကြောင့် ဒီဒုက္ခသစ္စာကြီး တပည့်တော်တို့ တွေ့ရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ **ဝေဒနာ ပစ္စယာ တဏှာ** ကို ကြိုးစားလို့ **ဝေဒနာနိရောဓာ တဏှာနိရောဓော** ကို မလိုက်စားမိဘူး။ အဲဒီမှာ ငါးပါးမှောက်တယ်။

## ဒီအဆက်ပြတ်ချင်ရင်

ဒီအဆက်ကလေး ဒီမြားကလေး ပြတ်ချင်လို့ရှိရင်ဖြင့် ဒီဘက် သွားရမယ် (ဝေဒနာနိရောဓာ တဏှာနိရောဓောပါဘုရား)။ ဒါဖြင့် **ဝေဒနာနိရောဓာ တဏှာနိရောဓော** ဟာ သိပ်အရေးကြီးတယ်။

ဩော်... ဒါဖြင့် တို့သည်ကားလို့ဆိုလို့ရှိရင် ဝေဒနာပစ္စယာ တဏှာနဲ့နေတယ်ဆိုပြီးသကာလ ဒီဘက်ကို လှည့်လှည့်မသွားကြဘူးလား (သွားပါတယ်ဘုရား)၊ အဲဒါဘယ့်နယ်ကြောင့် လှည့်ပါလိမ့်မတုံးမေးရင် ဖြေတတ်ကြပလား (ဖြေတတ်ပါတယ်ဘုရား)၊ ဘယ်လိုပါလိမ့်ဗျာ (ဝေဒနာ ပစ္စယာ တဏှာပါ ဘုရား)။

"ဝေဒနာပစ္စယာတဏှာ" ဆိုလို့ရှိရင် ကမ္မဘဝ ဇာတိတွေနဲ့ အနာဂတ်ဘဝတွေ ဆက်ရတော့မယ်။ ဒါဖြင့် **ဝေဒနာပစ္စယာတဏှာ** ဆိုတဲ့ဥစ္စာသည် သံသရာဆက်လမ်း၊ ဒါကြောင့် **ဝေဒနာပစ္စယာတဏှာ** ဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် လည်လမ်းဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ကဲ.. ဒီဘက်ပြထားတဲ့အကြောင်းကလေးအတိုင်း ဖတ်လိုက်တော့ **ဝေဒနာနိရောဓာ တဏှာနိရောဓော** လို့ဆိုတာ ရှင်းသွားပြီ။

## ဝေဒနာချုပ်ရင် တဏှာချုပ်တယ်

ဩော်... ဝေဒနာချုပ်အောင် ပြုနိုင်လို့ရှိရင် တဏှာချုပ်တယ်၊ ဒီတဏှာချုပ်လို့ရှိရင် ဥပါဒါန်ချုပ်ပါတယ်၊ ကမ္မဘဝ ချုပ်ပါတယ်။ ကမ္မဘဝချုပ်တော့ သမုဒယသစ္စာချုပ်တယ်။ သမုဒယသစ္စာချုပ်တော့ ဒုက္ခသစ္စာဆိုတဲ့ ဇာတိ ဇရာ မရဏ မလာတော့ဘူး။

ဒါဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုတာ သမုဒယသစ္စာချုပ်အောင်လုပ်တာ။

ဝေဒနာပစ္စယာ တဏှာလို့ ၃-ကြားမှာပါတဲ့ မြားနဲ့အတန်းမှာ ကြည့်လိုက်တော့ ဩော်... ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်တာ၊ **ဝေဒနာ နိရောဓာ တဏှာနိဗျောဓော** ဆိုတဲ့ဟာက ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တာ။

## ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုပါ

ဒါဖြင့် ယခုပစ္စုပ္ပန်ဘဝမှာပဲ အနီးဆုံး ဝေဒနာကို ဝိပဿနာရှုရမယ်၊ ဝေဒနာက သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, သောမနဿ ဝေဒနာ, ဒေါနမဿဝေဒနာလို့ ဝေဒနာငါးမျိုး။

ပေါ်တိုင်းပေါ်တိုင်း ပစ္စုပ္ပန်ခန္ဓာထဲမှာ ပေါ်တာပဲ၊ ဝေဒနာပေါ်တိုင်း ဝေဒနာဖြစ်ပျက်လို့ ဉာဏ်နဲ့ရှုပေး၊ ဉာဏ်နဲ့ရှုပေးတော့ ဟောဒီအဆက်ကလေးဟာ ပြတ်သွားတယ်။

## မဂ်ဖြတ်တာ

ဒီအဆက်ကလေးသည် ဝေဒနာနဲ့ တဏှာဆက်တာကို မဂ်က ဒီမြားလေးပေါ်မှာ သွားကျတယ်၊ မဂ်က ဒီမြားကလေးပေါ်မှာ သွားကျတော့ကို ဒီမြားကလေးကို မဂ်ကဖြတ်ပစ်လိုက်တယ်။

ဒါဖြင့် ဒီနေရာမှာ ဝေဒနာနိရောဓာ ဖြစ်ပျက်ရှုတဲ့ မဂ်ကလေးသွင်းလိုက်၊ တဏှာနိရောဓောတို မင်္ဂေါကိုးဗျ၊ တဏှာချုပ်အောင် ရှုနိုင်တာ

မဂ်၊ အဲ... မဂ်လာတော့ ဒီတဏှာ ဆက်ခွင့်မရ၊ ဝေဒနာ ဝေဒနာအတိုင်း ထားမှသာ တဏှာဥပါဒါန်လာမှာကိုး၊ ကျုပ်တို့က ဝေဒနာကို ဖြစ်ပျက်တဲ့ အနိစ္စလို့ဆိုပြီး မဂ်ကလေး ဒီကြားထဲ သွင်းလိုက်တယ်။ ဒီကြားသွင်းလိုက်တော့ အစပ်ကပြတ်သွားတယ်။ အစပ်က အပြတ်ဖြတ်သွားတော့ ဒီ အနာဂတ်သံသရာတွေ အကုန်ပြတ်ပါတယ်။ ဝေဒနာပေါ်တိုင်း ရှုနေတာသည် ပစ္စုပ္ပန်အကြောင်းတရားတွေ ဖြတ်နေတာ။

ဒါဖြင့် ဒီအလုပ် မလုပ်တဲ့ပုဂ္ဂိုလ်တွေဟူသရွေ့မှာဖြင့် ဆုချည်းတောင်းနေတယ်၊ ဒီလိုအစပ်ကလေး မဖြတ်ဘူးဆိုလို့ရှိရင် မပြတ်ပါ။ တကယ့်ကို ဝမ်းထဲမဂ်လာမှနော်။ ဒါဖြင့် ဝမ်းထဲမှာ, ခန္ဓာကိုယ်ထဲမှာ ပေါ်လာတဲ့ဝေဒနာ, မဂ်ကလည်း ဝမ်းထဲမှာပေါ်တဲ့ မဂ်ဆိုလို့ရှိရင်ဖြင့် ပြတ်ပြီ။ ဟာ... ဒီမဂ်မလာတော့ပါဘူး၊ တပည့်တော်တို့ ထုံးစံအတိုင်း နေပါတော့မယ်ဆိုလို့ရှိရင် ဝေဒနာ ပစ္စယာ တဏှာပဲလာမယ်။

ဒီဝေဒနာကို ဖြစ်ပျက်မြင်ရင် ကြားထဲကမဂ်က ဒီအဆက်ဖြတ်တယ်၊ ဒါဖြင့် ဒီအစပ်, စပ်နိုင်သေးရဲ့လား၊ (မစပ်နိုင်ပါဘုရား)၊ ဒီအစပ်မှ မစပ်လို့ရှိရင် ဒီအစပ်က အပိုဖြစ်သွားပြီ။

ဒါဖြင့် ဝိပဿနာလုပ်တာသည် ၁-နံပါတ်အစပ်၊ ၂-နံပါတ်အစပ်ရှိရာတို့တွင် ၂-နံပါတ်အစပ် ဖြတ်ပါတယ်။

သေသေချာချာမှတ်ပါ၊ ၂-နံပါတ်အစပ်ဖြတ်မယ်၊

ဟောဒီ-၁-အဆက်ကတော့ လွန်ပြီးသားမို့ ဖြတ်လို့မရဘူး၊ ၂-အဆက်ကတော့ ယခုဖြတ်မယ်ဆိုရင် ရသေးတယ်။ ယခုဖြတ်မယ်ဆိုသေသေချာချာ ရပါသေးတယ်။ ဒါဖြင့် ယခုဘဝ နိဗ္ဗာန်ရနိုင်, မရနိုင်လို့ မေးတဲ့အခါ ၂-အဆက်ဖြတ်နိုင်ရင် နိဗ္ဗာန်ရမယ်၊ ၂-အဆက်မဖြတ်နိုင်ရင် နိဗ္ဗာန်မရပါ။

ဝိပဿနာအလုပ် မလုပ်ဘူး၊ ဒါနကလေးလုပ်, သီလကလေးလုပ်,တော်ရုံပဲ၊ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်နေတယ်၊

မဂ်ဆိုက်တဲ့အလုပ်ကို မလုပ်တော့ပါဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ ဝေဒနာပစ္စယာတဏှာဆိုပြီး ဒီဘက်ပြန်ဆက်တယ်။

ဒုတိယအဆက်နဲ့ ဆက်ပြီး တတိယအဆက်နဲ့ ပြန်ဆက်တယ်၊ သေသည်၏ အခြားမဲ့၌ တတိယက ဆက်ပေးလိမ့်မယ်ဆိုပြီး တစ်ခါ ဇာတိ, ဇရာ, မရဏ ပြန်လာတယ်။

## ဒို့ ဘာကြောင့် ဝိပဿနာရှုရပါလိမ့်

သြော်... တို့ဘာကြောင့် ဝိပဿနာ ရှုရပါလိမ့်မယ်ဆိုတာ ယနေ့ ပေါ်လာတယ်၊ ၂-နဲ့၃ မဆက်မိအောင်ပါ။ ဒါဖြင့် ကိုယ့်ဟာ ကိုယ် ဖြတ်နေကြတာကိုး၊ ကိုယ်ဖြစ်လာမည့် ဒုက္ခတွေကို ဖြတ်နေကြတယ်။

## ကိုယ်ဖြတ်ရင် ကိုယ်သာပြတ်တယ်

ဒါကြောင့် ဒကာ ဒကာမတို့ မှတ်လိုက်စမ်းပါ၊ ကိုယ်ဖြတ်ရင် ကိုယ်သာ ပြတ်တယ်၊ သားသမီးကဖြတ်ရင် သားသမီးသာ ပြတ်ပါတယ်၊ အမေ, အဖေကဖြတ်ရင် အမေ, အဖေသာ ပြတ်ပါတယ်။

ကျွပ် ဒါနလည်းလုပ်ပါတယ်၊ သီလလည်း တည်ဆောက်ပါတယ်။ အားလုံး အမျှယူကြပါဆိုတော့ ထက်ဝက်ရတယ်။ ဒါကတော့ ကိုယ်တိုင် ဖြတ်မှ ကိုယ်ရတာဖြစ်လေသောကြောင့် မဂ်စစ်သာဆိုရင် အမျှဝေလို့ မရဘူး။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့။ ကိုယ့်သန္တာန်မှာ ဒီနားမဂ် ဝင်တော့ ကိုယ့်ဝမ်းထဲမှာ မဂ်ကလေး ဝင်လာတယ်။ ကိုယ့်ဝမ်းထဲက ဝေဒနာကို ကိုယ့်မဂ်နဲ့ရှုလိုက်တော့ ဒီအဆက်ကလေး ပြတ်သွားပါတယ်။

ပြတ်သွားကြောင်းကို ဒီပါဠိတော်ကပြတယ်။ ဝေဒနာနိရောဓာ တဏှာနိရောဓော။

ဟော... ဝေဒနာတွေဟာ ဖြစ်ပျက် ချုပ်သွားတဲ့အတွက် မဂ်ဝင်လာလို့ ဝေဒနာ နိရောဓ တဏှာ နိရောဓောဆိုတဲ့ဥစ္စာ တဏှာချုပ်တယ်ဆိုတဲ့ဥစ္စာပါ။ ဒီတဏှာ မလာဘူး။ ဒီနေရာမဂ်က ဖြတ်လိုက်လို့၊ ဝေဒနာကလေးက ခန္ဓာထဲပေါ်တော့ ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တော့ မဂ်က ဒီအဆက်မှာလာပေါ်တယ်။

အဆက်ဖြတ်တာ မဂ်ပဲ၊ ဒါဖြင့် ဒကာဒကာမတွေ နေ့တိုင်းလိုလိုပဲ ဝိပဿနာလုပ်ကြပါ။ ကိုယ့်ဒုက္ခ ဖြစ်ကြောင်းကို ကိုယ်ဖြတ်ပါဆိုတဲ့ဥစ္စာ။ အင်း... ဝိပဿနာတော့ ကြိုးစားပါတယ်၊ ကြိုးစားပေမယ့် တစ်ခါတစ်လေကျတော့ မကြိုးစားဖြစ်ဘူး၊ ကိစ္စ-ဝိစ္စတွေက များလွန်းလို့၊ ဒီလိုလည်း ပြောတတ်ကြတယ်၊

အဲဒီလိုပြောတာသည် ကိုယ့်ဒုက္ခကိုယ် မဖြတ်ချင်သေးလို့ ပြောတာ၊ ဒီနေ့တော့ဖြင့် ကျုပ်ဝိပဿနာအလုပ် မလုပ်ပါဘူးလို့ပြောတာ။

## ဝိပဿနာမလုပ်ရင် မဂ်မပေါ်ဘူး

အို... ကိစ္စတွေက များနေလို့၊ အင်း.. သွားစရာ-လာစရာလေးတွေကလည်း ရှိတယ်၊ သားပူ, သမီးပူ, ဆွေပူ, မျိုးပူကလေးတွေကလည်း ရှိတယ်၊ ဒါကြောင့် တပည့်တော်တို့ ဝိပဿနာအလုပ် မလုပ်ဖြစ်ဘူး၊

မဂ်မပေါ်ဘူးပေါ့ဗျာ၊ မဂ်မပေါ်ရင် ဒါ-ဆက်နေတယ်၊ ဝေဒနာပစ္စယာ (တဏှာပါဘုရား)၊ တဏှာ ပစ္စယာ (ဥပါဒါနံပါဘုရား)၊ ဥပါဒါနပစ္စယာ (ကမ္မဘဝေါပါဘုရား)၊ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)။

ဟော... တစ်ခါတည်း ကမ္မဘဝနဲ့ဇာတိဆက်ပြီ၊ ဇာတိပစ္စယာ ဇရာမရဏာကော(ဆက်ပါတယ်ဘုရား)

ကိုင်း... ဒကာ ဒကာမတို့ ခင်ဗျားတို့ လဲလိုက်တဲ့ဆင်ခြေဟာ ညြော်... တပည့်တော် ဆက်ပါရစေဦးဒုက္ခနဲ့၊

တပည့်တော်ဖြင့်ဘုရား ဒီနေ့ မအားတာနဲ့ ဝိပဿနာမရှုဘူး ဘုရား၊ ဒုက္ခနဲ့ပဲ ဆက်ရအုံးတော့မှာပဲ။ ဒုက္ခဆိုတာ ရှောင်ရှားရမှာကို ဆက်ပါရစေဆိုလို့ရှိရင် ဒီထက်ဆိုးဝါးတဲ့ အလုပ်မရှိတော့ပါဘူး။

အဲဒါကြောင့် ဒ့ီပြင်ကိစ္စထက် ဒီကိစ္စအရေးကြီးတယ်၊ ဒီရှုမှတ်တဲ့ကိစ္စအရေးကြီးတယ်ဆိုတာ လေးလေးစားစားမှတ်ပါ။ ဘုန်းကြီးများက သတိပေးပါတယ်။ ကိစ္စဝိစ္စတွေများလွန်းလို့ ဝိပဿနာမရှုမိဘူးဘုရား လို့ဆိုတဲ့ဥစ္စာ ကိစ္စဝိစ္စဆိုတဲ့ဥစ္စာ ဘာတုံးမေးတော့ ဝေဒနာပစ္စယာ (တဏှာပါဘုရား)၊ ဖဿပစ္စယာ(တဏှာပါဘုရား) သဠာယတနပစ္စယာ (တဏှာပါဘုရား)၊ နာမရူပပစ္စယာ(တဏှာပါဘုရား)၊ ဝိညာဏပစ္စယာ (တဏှာပါ ဘုရား)၊ ဒါဟာ ခင်ဗျားတို့ကိစ္စပဲ၊ ဒါဖြင့် ၂-နဲ့ ၃-နဲ့သာ ဆက်မိရင် (၄) တားမရဘူး၊ တစ်ခါတည်း ၃-နဲ့ ၄-နဲ့လည်းဆက်မယ်၊ ဆက်လို့ရှိရင် ဇာတိဒုက္ခသစ္စာ၊ ဇရာမရဏဒုက္ခသစ္စာ။

ကဲ... ကိစ္စဝိစ္စများလွန်းလို့ မရှုမိဘူးဆိုတာ အပြောကသာ ချိုတာ၊ အလုပ်သွားကဖြင့် ဒုက္ခတွေ သိမ်းပိုက်ရပါပြီ။ လွယ်သလောက် အခံရ ခက်ပါလိမ့်မယ်။

အပြောကတော့ဖြင့် လူလူချင်းပဲပြောပြော ဘယ်သူ့ကိုပဲပြော ပြော စိတ်ထားမှာတော့ဖြင့် ဒီအလုပ်မလုပ်လို့ရှိရင် မဖြစ်ဘူးဆိုတာ သိပါတယ်၊ ဝိပဿနာအလုပ်ကိုမလုပ်ရင် မဖြစ်ဘူးဆိုတာ သိပါရဲ့၊ သို့သော်လည်း တပည့်တော်တို့ကဘုရား သားနဲ့, မယားနဲ့, ဆွေနဲ့, မျိုးနဲ့, ရပ်နဲ့, ရွာနဲ့, နေရတော့ မကင်းတရားကလေးက ရှိနေသေး တယ်ဆိုတော့ ဒါပြောလိုက်တယ်။ တပည့်တော် ဆက်လိုက်ပြီလို့။

မကင်းတရားကလေးဆိုတာ တဏှာ၊ ဟောဒီခန္ဓာနဲ့ ဟောဒါနဲ့ မကင်းဘူးဘုရာ့။ မကင်းတရားကလေးရှိလို့။ ဒါဖြင့် တပည့်တော်တို့ မကင်းတရားကလေးရှိတော့ ဒီဥစ္စာချို့ယွင်းချက်ကလေး ရှိသွားတယ် ဘုရားဆိုတော့ ဪ... ခင်ဗျားတို့ လူ့ပြည်ဟာ ဒီလိုပဲနေကြတာပဲလို့

ဆရာသမားများကလည်း အလိုက်သင့် ပြောလိုက်ကြတယ်၊ မှားတယ်။ ခန္ဓာနဲ့သူတို့အပေါ် ခင်တွယ်တဲ့ တဏှာနဲ့ပြောင်းဆက်တယ်၊ ကိုယ်ခန္ဓာထဲက တဏှာက သူတို့ခန္ဓာနဲ့ သွားဆက်တယ်။ ဒါ့ကြောင့် ၂-နံပါတ် ဒုက္ခပင်ကြီးက သမုဒယသီးတွေ သီးလာတယ်။ မဂ်မရနိုင်တော့ဘူး၊ ဝေဒနာနဲ့ တဏှာနဲ့ ဆက်သွားပါတယ်။ မဂ်မရတဲ့အပြင် ဒီဒုက္ခသစ္စာ ပြန်ရတယ်။

ဒါဖြင့် မကင်းတရားနှိပ်စက်ခြင်းကြောင့် ဒုက္ခသစ္စာရတယ်၊ မလွဲသာလို့ ပြောရ, ဆိုရသောကြောင့်ကော (ဒုက္ခသစ္စာပဲ ရပါတယ်)၊ မနေသာလို့ သွားရသောကြောင့်ကော (ဒုက္ခသစ္စာပဲ ရပါတယ်)။

ဒါဖြင့် ဘာနဲ့ဘာဆက်တာတုံး၊ (ဝေဒနာနဲ့ တဏှာဆက်တာပါ)၊ သစ္စာနဲ့ ဝေဖန်လိုက်စမ်း၊ (ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဆက်တာပါ)၊ ဆက်ကောင်း မဆက်ကောင်း၊ (မဆက်ကောင်းပါဘုရား)။

## သမုဒယသစ္စာကို ရှောင်ရမှာ

ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်ဟာ သမုဒယသစ္စာ ရှောင်ရမှာ၊ နောက် ဒုက္ခလာမှာစိုးလို့၊ အခုတော့ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်က ဒုက္ခဖြစ်ကြောင်း အားထုတ်ပြန်တယ်။ ဒါဖြင့် ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခချုပ်ကြောင်း ရှာရမယ်။

## ဝေဒနာကိုဖြစ်ပျက်ရှု

ဒုက္ခချုပ်ကြောင်း ရှာချင်တော့ ဒီဝေဒနာကို ဖြစ်ပျက်ရှု၊ ဖဿကို (ဖြစ်ပျက်ရှု) သဠာယတနဆိုတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ကို (ဖြစ်ပျက်ရှုရပါမယ်)၊ နာမ်ကိုသော်လည်းကောင်း၊ ရုပ်ကိုသော်လည်းကောင်း၊ (ဖြစ်ပျက် ရှုရပါမယ်)၊ ဝိညာဏ်ခေါ်တဲ့စိတ်ကိုသော်လည်း (ဖြစ်ပျက်ရှုရမယ်)။ ဒါတွေဖြစ်ပျက်ရှုတော့ ဒီနေရာမှာ မဂ်အဆက်

ဖြတ်, ဖြတ်ပစ်တယ်၊ ဖြတ်တော့ ဒုက္ခဖြစ်ကြောင်းတွေ ပေါ်လာသေး ရဲ့လား၊ (မပေါ်လာပါ ဘုရား)။

## သမုဒယနဲ့ ဒုက္ခချုပ်တယ်

ဒါဖြင့် ဒုက္ခဖြစ်ကြောင်း မပေါ်လာတော့ ဒုက္ခဖြစ်ကျိုးဆိုတဲ့ ဒုက္ခသစ္စာမပေါ်လာပါ၊ ဒီနေရာဖြတ်လိုက်လို့ရှိရင် သမုဒယနဲ့ ဒုက္ခချုပ်တယ်။ အဲဒီတော့ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ ဒီလို တဏှာနိရောဓောလုပ်နိုင်တော့ ၂ နဲ့ ၃ မဆက်တော့ဘူး။ မဆက်တော့ ၄-အကျိုးပေးကြီး မဆက်ကြတော့ဘူးပေါ့။ သံသရာနိဂုံး ချုပ်ပြီပေါ့ကွယ်။

သာဓု... သာဓု... သာဓု...။

## အဂ်ါ (၁၂)ပါး လက်ာများ

- မှားမြင်အဝိဇ္ဇာ၊ ကြောင်းခံကာ၊ သုံးဖြာကံအလုပ်။
- သုံးမျိုးကံဝယ်၊ ဝိညာဏ်တွယ်၊ ဖြစ်လွယ်နာမ်နှင့်ရုပ်။
- နာမ်ရုပ်နှစ်တန်၊ အကြောင်းခံ၊ ခြောက်တန်ပေါင်းဆုံချုပ်။
- ပေါင်းဆုံမှုဌ၊ ခံစားလိုက်၊ ဟော်ပိုက် ခြောက်မျိုးထုတ်။
- အမှန်ပိတ်ကာ၊ ဟော်ပိုက်လာ၊ ပြင်းစွာ အမှားလုပ်။
- အမှားပြင်းထန်၊ ဘဝကံ၊ အမှန်ဉာဏ်နဲ့ဖြုတ်။
- ကောင်းဆိုးနှစ်တန်၊ ခံစားရန်၊ ဖြစ်ပြန်နာမ်နှင့်ရုပ်။
- အိုသေပူဆွေး၊ ငိုကာကြွေး၊ မအေးဌာ်ကိုယ်ရုပ်။
- စိတ်တွေကနွမ်း၊ ပြင်းစွာပန်း၊ မနားတမ်းစက်ခလုတ်။

*

၁။ မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ။
၂။ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ထွေ၊ စေတနာဝမ္မ၊
ကံသုံးဝ၊ မှတ်ကြသခ်ါရာ။

ပုညာ, ပုည၊ အာနေဉ္ဇ၊ သုံးဝခွဲစိပ်ဖြာ။

၃။ သန္ဓိပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက်ဝိညာဏာ။

၄။ စေတသိက်မူ၊ နာမ်ဟုယူ၊ ရုပ်မူကမ္မဇာ။

၅။ သဠာယတန၊ ခြောက်ဒွါရ၊ မန ဝိပါက်သာ။

၆–၇။ ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံ့ကြ၊ ဖဿဝေဒနာ။

၈။ ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံညစ်တဏှာ။

၉။ ကာမ, ဒိဋ္ဌ, သီလဗွတ၊ အတ္တစွဲသန်၊ ဥပါဒါန်၊ လေးတန်သရုပ်ဖြာ။

၁၀။ ကုသလာ, ကုသလ၊ ကမ္မဗဟု၊ ဤနှစ်တန်၊ ကမ္မဘဝသာ။

၁၁။ ဝိပါက်ခန္ဓာ၊ ကဋ္ဌတ္ထာဟု၊ ရုပ်နာမ်စု၊ ဥပပတ္တိသာ။

၁၂–၁၂။ ဖြစ်မှု, ရင့်မှု၊ ပျက်ဆုံးမှု၊ ဥပပတ္တိမှာ။

အဂ်ါဆယ့်နှစ်၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ်အလွှာ၊ ဝဋ်သုံးဖြာ၊ မှတ်ပါ မူလဒွေး၊

*

– အဝိဇ္ဇာ ဘယ်မှာနေ, အန္ဓစိတ်မှာနေ
– သံသရာအစဉ် မိုက်မဲမှု သခ်ါရကိုပြု
– သူပြုမိလို့ ဝိညာဏ်တွယ် နာမ်ရုပ်အိမ်ကိုဆွယ်
– အကြည်ခြောက်သွယ် မှန်တံခါး ကောင်းစွာတပ်ဆင်ထား
– အာရုံခြောက်ပါး တွေ့ဆုံသော် တံခါးပေါက်ကမ္ဘာ
– ပေါ်လာလေတဲ့ အာရုံများ ကောင်းစွာသူခံစား
– ခံစားမိလို့ နှစ်သက်ပြန် စွဲလမ်းဥပါဒါန်
– ဥပါဒါန်ကြောင့် လိုချင်မှု ကံတွေထပ်ရှိပြု
– ကံပြုမိတော့ ရုပ်နာမ်ပေါ် ဇာတိအမှန်နော်
– ရုပ်နာမ်ပေါ်တော့ အိုသေဆုံး နောက်ဆုံးခေါင်းတစ်လုံး
– ခေါင်းတစ်လုံးနဲ့သွားသူတွေ များလှအသချေ်

- အသရေ့် အသချာ်, များသတ္တ, သွားကြအပါယ်လေးဝ
- အပါယ်ရှာက လွတ်လိုလျှင် ဝိပဿနာဉာဏ်ကိုဆင်
- ဉာဏ်ဆင်ပါက၊ အနတ္တ၊ သိရမှန်မုချ
- အနတ္တမြင်လျှင်၊ အတ္တစင်၊ ပြေးဝင်နိဗ္ဗာန်ခွင်
- နိဗ္ဗာန်ဝင်က၊ အပါယ်မှ၊ မုချ လွတ်မည်ကေန်ပ။

## ဓာတ်(၁၈)ပါး အလက််ာများ

- စက်, သော, ဃာ, ဇိ၊ ကာ, မနိ၊ ခြောက်လီအခံဓာတ်။
- ရူ, သဒ်, ဂန်, ရသ်၊ ဖောဋ္ဌ, ဓမ္မ၊ ခြောက်ဝအတိုက်ဓာတ်။
- မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိဟား၊ ခြောက်ပါးအပွင့်ဓာတ်။
- မျက်လုံးအဆင်း၊ တိုက်ဆိုင်လျှင်း၊ မြင်ခြင်း စိတ်ပေါ်လာ။
- နားနှင့်အသံ၊ တိုက်ဆိုင်ပြန်၊ကြားရန်စိတ်ပေါ်လာ။
- နှာ(ခေါင်း)နှင့် ရနံ့စု၊ တိုက်ဆိုင်ပြု၊ နံမှု စိတ်ပေါ်လာ။
- လျှာနှင့်ရသာ၊ တိုက်ဆိုင်ရာ၊ စားခါစိတ်ပေါ်လာ။
- ကိုယ်နှင့်တွေ့ထိ၊ တိုက်ဆိုင်ငြိ၊ ထိသိစိတ်ပေါ်လာ။
- မနောနှင့် ဓမ္မာရုံ၊ တိုက်ဆိုင်ကြို၊ သိရုံစိတ်ပေါ်လာ။

## အခံဓာတ်(၆)ပါး အလက််ာများ

- မျက်စိဆိုတာ၊ မြွေပမာ၊ လွန်စွာအရှုပ်ကြိုက်။
- နားဆိုတာဟာ၊ မိကျောင်းပမာ၊ လွန်စွာအအေးကြိုက်။
- နှာခေါင်းဆိုတာ၊ ငှက်ပမာ၊ လွန်စွာကောင်းကင်ကြိုက်။
- လျှာဆိုတာဟာ၊ အိမ်ခွေးပမာ၊ လွန်စွာမီးဖိုကြိုက်။
- ကိုယ်ဆိုတာဟာ၊ တောခွေးပမာ၊ လွန်စွာအိပ်ရာကြိုက်။
- စိတ်ဆိုတာဟာ၊ မျောက်ပမာ၊ လွန်စွာအဆော့ကြိုက်။

❖ ❖ ❖

# ပဋ္ဌိစ္စ သမုပ္ပါဒ်အင်္ဂါများ

အင်္ဂသဒ္ဒါသည် အစိတ်အပိုင်းဟု အဓိပ္ပာယ်ရသည်။ ပဋ္ဌိစ္စ သမုပ္ပါဒ်တွင် အင်္ဂါအစိတ်အပိုင်းများ (၁၂) ပါး ရှိပါသည်။ ၎င်းတို့မှာ-

(၁) အဝိဇ္ဇာ
(၂) သင်္ခါရ
(၃) ဝိညာဏ်
(၄) နာမ်ရูပ်
(၅) သဠာယတန
(၆) ဖဿ
(၇) ဝေဒနာ
(၈) တဏှာ
(၉) ဥပါဒါန်
(၁၀) ဘဝ
(၁၁) ဇာတိ
(၁၂) ဇရာမရဏ တို့ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်က ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဟောကြားရာ၌ **ဇာတိ ပစ္စယာ ဇရာမရဏံ** တွင်မဆုံးဘဲ **သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ** တိုင်အောင်ပင် ဟောကြားတော်မူခဲ့သည်။ ယင်းတို့တွင်ပါဝင်သည့် သောကစသည်တို့သည် အင်္ဂါရပ်များပင် ဖြစ်နိုင်ဖွယ်ရှိပါသည်။ အင်္ဂါဟုဆိုရာတွင် မုချအင်္ဂါ၊ အမုချအင်္ဂါ (ဥပစာအင်္ဂါ) ဟု (၂)မျိုးရှိပါသည်။

ဇာတိ၏ တိုက်ရိုက်အကျိုးဖြစ်သော အိုမှုဇရာ၊ သေမှု မရဏာ သည် မုချအကျိုးပင်ဖြစ်ပါသည်။

စိုးရိမ်ခြင်းသောက စသည်တို့သည် အိုခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ စသည်ဖြင့် ဇရာမရဏာနှင့် ဆက်သွယ်လျက်ရှိသည်လည်းဖြစ်၏။ ဇရာမရဏာနှင့် မဆက်သွယ်ဘဲ ဆွေမျိုး စည်းစိမ်ဂုဏ်သိန်အတွက် ဖြစ်ကြသည်လည်းရှိ၏။ ယင်းသို့ ဇရာမရဏာနှင့် ဆက်သွယ်သည်ဖြစ်စေ၊ မဆက်သွယ်သည်ဖြစ်စေ အရင်းခံ ဇာတိကြောင့်သာ ဖြစ်ရသောကြောင့် **ဇာတိကြောင့်ဖြစ်ရသော တရားများ** ဟု ဆိုရပါမည်။

ဇာတိရှိလျှင် မည်သည့်ဘဝ၌မဆို ဇရာမရဏာသည် ကေန်ရှိမြဲ ဖြစ်၏။ ထို့ကြောင့် ဇရာမရဏာသည် ဇာတိ၏ မုချအကျိုး၊ အရင်းခံ အကျိုး၊ အကျိုးရင်းတို့ပင် ဖြစ်ကြသည်။

သောကစသည်တို့သည် ဖြဟ္မာ့ပြည်၌မရှိ၊ နတ်ပြည်၌ တချို့ရှိ၏။ တချို့ရှိမည်မဟုတ်၊ လူ့ပြည်မှာလည်း ဇာတိဖြစ်ပြီး မကြာခင် သေဆုံးသူမှာ သောကစသောတရားများ ဖြစ်ခွင့်မရပါ။ ထို့ကြောင့် သောကစသည်ကို ပဋ္ဌိစ္စသမုပ္ပါဒ်၏ အဂါအစိတ်အပိုင်းများအဖြစ် မရေတွက်ကြခြင်းပင် ဖြစ်သည်။

**နနုသောက ပရိဒေဝါဒယောပि အဂ်ဘာဝေန ဝတ္တာဗ္ဗာတိ အာဟ သောကာဒိဝစနန္တ္ဟာဒိ။ သောကာဒိဝစနံ ဇာတိယာ နိသ်သန္ဒသ အမုချ ဖလမတ္တ နိဒဿနံ။ နပနဝိသုံ အဂ်ဒဿနန္တ္ဟာတ္ထော။**

သောက၊ ပရိဒေဝ စသောတရားတို့ကိုလည်း အဂါအစိတ်အပိုင်းအဖြစ် ရေတွက်ရသည်မဟုတ်ပါလောဟု မေးဖွယ်ရှိ၍ သောကာဒိဝစနံ စသော စကားရပ်ကို အရှင်အနုရုဒ္ဓါ မိန့်ဆိုတော်မူခဲ့သည်။ သောက စသော စကားရပ်သည် ဇာတိ၏ တိုက်ရိုက်အကျိုးမဟုတ်၊ အကျိုးဆက်မျှသာဖြစ်သည်။ ထို့ကြောင့် သောကစသည်ကို အဂါအဖြစ် မည်ွန်ပြရခြင်း ဖြစ်သည်။ (ဋီကာကျော်-၂၀၈)

ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါများသည် အဝိဇ္ဇာ အစ ဇရာမရဏာ အဆုံး (၁၂) ပါးတို့သည် တိုက်ရိုက်အင်္ဂါများဖြစ်သည်။ သောကစသည်သည် သွယ်ဝိုက်သော အင်္ဂါများဖြစ်သည်။ တိုက်ရိုက်အင်္ဂါနှင့် သွယ်ဝိုက်သော အင်္ဂါ နှစ်ရပ်တို့ကိုပေါင်း၍ ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါများသည် အဝိဇ္ဇာအစ ဥပါယာသအဆုံး (၁၈)ပါးရှိသည်ဟု ပြောဆိုကြခြင်းဖြစ်သည်။

## အဝိဇ္ဇာ

**သန်းခေါင်လကွယ်, တောအုပ်လယ်၌၊ ရှစ်နယ်ပယ်ကုံး၊ မပြတ်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမ္ဘောင်၏** ဟု လယ်တီဆရာတော်က ရေးဖွဲ့တော်မူခဲ့သည်။

ထို့အပြင် ပဋ္ဌိစ္စသမုပ္ပါဒ် ပျို့လင်္ကာ၌ **အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်** ဟု အဝိဇ္ဇာသဘောကို ညွှန်းဆိုထားပါသည်။

**သစ္စာလေးပါး၊ မသိငြား၊ ကွယ်ထားပိတ်ကာ အဝိဇ္ဇာ။**

**အမှန်ကိုဖျောက်၊ အမှားရောက်၊ တောက်လျှောက်ပိတ်ကာ**

**အဝိဇ္ဇာ။**

**ဥာဏ်ရောင်မသမ်း၊ ကံရောင်လွှမ်း၊ ဖုံးလွှမ်းပိတ်ကာ အဝိဇ္ဇာ** ဟု ပညာရှင်တစ်ဦးက ကဗျာစီထားသည်။ **သိကောင်းတာမသိ, မသိကောင်းတာ သိနေတာကို အဝိဇ္ဇာ** ခေါ်သည်ဟုမှတ်ပါ။

အဝိဇ္ဇာအကြောင်းကို ဖော်ပြရလျှင် **အဝိန္ဒိယ** သဒ္ဒါနှင့် **ဝိန္ဒိယ** သဒ္ဒါတို့၏ အဓိပ္ပါယ်များကို ရှေးဦးစွာ သိထားရမည် ဖြစ်သည်။

**ပူရေတုံ အယုတ္တဋ္ဌေန ကာယဒုစ္စရိတာဒိ အဝိန္ဒိယံ နာမ၊ အလဒ္ဓဗ္ဗန္တိအတ္ထော။ တဗ္ဗိပရိတတော ကာယသုစရိတာဒိ ဝိန္ဒိယံနာမ။**

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၇)

မရသင့် မရထိုက်သောအမှုမှန်သမျှကို **အဝိန္ဒိယ** ဟုခေါ်သည်။ ပြည့်စေခြင်း၊ ဆည်းပူးစေခြင်းငှာ မသင့်သော ကာယဒုစရိုက်ကိုလည်း **အဝိန္ဒိယ** ဟု ခေါ်သည်။ ပြည့်ခြင်း၊ ဆည်းပူးစေခြင်းငှာသင့်သော ကာယသုစရိုက်ကို **ဝိန္ဒိယ** ဟုခေါ်ဆိုပါသည်။

မရသင့်မရထိုက်သော အမှုကိုရတတ်သောကြောင့် အဝိဇ္ဇာ မည်၏။ ခန္ဓာတို့၏အစုဟူသော အဝိဇ္ဇာယ်, အာယတနတို့ဖြစ်စေခြင်း၊ ဓာတ်တို့၏ အတ္တဇီဝမှ ဆိတ်သုဉ်းခြင်း၊ ဣန္ဒြေတို့၏ အစိုးရခြင်း၊ သစ္စာတို့၏မှန်ခြင်း၊ အဝိဇ္ဇာယ်များကို မသိအောင်ပြုတတ်သောကြောင့်လည်း အဝိဇ္ဇာဟု ခေါ်ဆိုပါသည်။

ဒုက္ခသစ္စာစသည်တို့၏ နှိပ်စက်ခြင်းအစွမ်းတို့ကို အဝိဇ္ဇာယ် မသိအောင် ပြုတတ်သောကြောင့် အဝိဇ္ဇာဟုခေါ်၏။ အဆုံးအပိုင်းအခြား ကင်းသော သံသရာ၌ အလုံးစုံသော ယောနိ၊ အလုံးစုံသော ဂတိ၊ အလုံးစုံသောဘဝ၊ အလုံးစုံသော ဝိညာဏဌိတိ၊ အလုံးစုံသော သတ္တာဝါသတို့၌ အလုံးစုံသောသတ္တဝါတို့ကို မွေးဖွားစေတတ်သောကြောင့် အဝိဇ္ဇာဟု ခေါ်ဆိုပါသည်။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ၊ ယောကျ်ား အစရှိသော ပညတ်တို့၏ သွားတတ်၊ ဖြစ်တတ်၊ အထင်အရှားရှိသော ခန္ဓာ စသည်တို့၌ မသွားတတ်၊ မဖြစ်တတ်သောကြောင့်လည်း အဝိဇ္ဇာဟု ခေါ်သည်။

မြင်စိတ် စက္ခုဝိညာဏ် စသည်တို့၏ ဝတ္ထုနှင့် အာရုံတို့ကို လည်းကောင်း, ပဋ္ဌိစ္စသမုပ္ပန္နတရား၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတို့ကို လည်းကောင်း၊ ဖုံးလွှမ်းတတ်သောကြောင့်လည်း အဝိဇ္ဇာဟုခေါ်သည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၇-၈)

၁။ **အညာဏလက္ခဏာ** အဝိဇ္ဇာ၊ မသိခြင်း အမှတ်အသား သည် အဝိဇ္ဇာမည်၏။

၂။ သမ္မောဟနရသာ၊ တွေဝေခြင်း၊ မိုက်မှောင်ခြင်း ကိစ္စ ရှိ၏။

၃။ ဆာဒနပစ္စုပဋ္ဌာနာ၊ သိအပ်ဖွယ်ရာများကို ဖုံးလွှမ်းတတ် သောသဘောဟု မိမိဉာဏ်သို့ ရှေးရှုထင်လာ၏။

၄။ **အာသဝ ပဒဋ္ဌာနာ**၊ အာသဝလျှင် ဖြစ်ကြောင်းရှိ၏။ ယင်း လေးပါးသည် အဝိဇ္ဇာ၏ လက္ခဏာ စသည်တို့ဖြစ်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉)

**အဝိဇ္ဇာတို သုတ္တန္တပရိယာယေန ဒုက္ခာဒီသု စတူသု ဌာနေသု အညာဏံ၊ အဘိဓမ္မပရိယာယေန ပုဗ္ဗန္တာဒီဟိ သဒ္ဓိ အဋ္ဌသု။**

အဝိဇ္ဇာသည် သုတ္တန်နည်းအားဖြင့် ဒုက္ခအစရှိသော လေးဌာန တို့၌ မသိခြင်းပင်ဖြစ်သည်။ အဘိဓမ္မာနည်းအားဖြင့် ပုဗ္ဗန္တစသည်တို့နှင့် တကွ (၈)ဌာနတို့၌ မသိခြင်းပင်ဖြစ်သည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၁)

(၈) ဌာနတို့၌ မသိခြင်းသည် အဝိဇ္ဇာမည်သည်ဟု ဆိုသော ကြောင့် (၈) ဌာနတို့ကို ဖော်ပြလျှင်ပင် သစ္စာလေးပါးတို့၌ မသိခြင်း သဘောကိုလည်း ဖော်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် (၈)ဌာနတို့ကို ပါဠိတော်ရှိသည့်အတိုင်း ဖော်ပြပါမည်။

**တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ, ဒုက္ခသမုဒယေ အညာဏံ, ဒုက္ခ နိရောဓေ အညာဏံ, ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏံ၊ ပုဗ္ဗန္တေ အညာဏံ၊ အပရန္တေ အညာဏံ၊ ပုဗ္ဗန္တာပရန္တေ အညာဏံ၊ ဣဒပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏံ။**

အဝိဇ္ဇာဟူသည် အဘယ်နည်း၊ ဒုက္ခ၌ မသိခြင်း၊ ဒုက္ခဖြစ် ကြောင်း၌မသိခြင်း၊ ဒုက္ခချုပ်ရာ၌ မသိခြင်း၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌ မသိခြင်း၊ ရှေ့အဖို့၌ မသိခြင်း၊ နောက်အဖို့၌ မသိခြင်း၊ ရှေ့အဖို့ နောက်အဖို့တို့၌ မသိခြင်း၊ အကြောင်းတရားနှင့် အကျိုးတရားတို့၌ မသိခြင်းသည် အဝိဇ္ဇာမည်ပါသည်။ (အဘိ၊ ၁၊ ၂၂၂)

ယင်း(၈)ပါးတို့တွင် ရှေ့(၄)ပါးဖြစ်သော သစ္စာလေးပါးတို့၌ မသိခြင်းသည် ထင်ရှားပါသည်။ ပုဗ္ဗန္တ အပရန္တစသည်တို့၌ မသိခြင်းဆိုရာတွင် ၄င်းတို့၏အဓိပ္ပာယ်များ၌ သံသယဝင်ဖွယ် ရှိနေသောကြောင့် ပင် ဖြစ်ပါသည်။ သံသရာ၏ရှေးအစွန်းကို ပုဗ္ဗန္တ၊ သံသရာ၏ နောက်အစွန်းကို အပရန္တဟုခေါ်ကြောင်း အများအားဖြင့် သိနေပါသည်။ သို့သော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပုဗ္ဗန္တ အပရန္တတို့၏ အဓိပ္ပာယ်များကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

**ပုဗ္ဗန္တ သခ်ိတံ အတီတံ ခန္ဓပဥ္စကံ၊ အပရန္တသခ်ိတံ အနာဂတံ ခန္ဓပဥ္စကံ၊ ပုဗ္ဗန္တာ ပရန္တ သခ်ိတံ တဒုဘယံ။**

ရှေးအဖို့ဟု ဆိုအပ်သော အတိတ်ခန္ဓာ ငါးပါးအပေါင်း ပုဗ္ဗန္တ...၊ နောက်အဖို့ဟုဆိုအပ်သော အနာဂတ်ခန္ဓာငါးပါးအပေါင်း အပရန္တ၊ ရှေ့အဖို့ နောက်အဖို့ဟုဆိုအပ်သော အတိတ်အနာဂတ်နှစ်ပါးစုံ ခန္ဓာ ငါးပါးအပေါင်းကို ပုဗ္ဗန္တာပရန္တ ဖြစ်သည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၂)

ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ၌ ခန္ဓာငါးပါးအပေါင်းကို ကာလခွဲခြား၍ ပုဗ္ဗန္တအပရန္တခေါ်ကြောင်း ဖွင့်ပြထားသောကြောင့် သံသရာ၏ရှေ့အစွန်းကို ပုဗ္ဗန္တစသည်ဖြင့် ပြောဆိုနေကြသောအကြောင်းအရာများနှင့် ဆန့်ကျင် နေသည်ဟု သံသယဖြစ်ဖွယ်ရှိပါသည်။ ထို့ကြောင့် ဤနေရာ၌ သံသရာ ခေါ်ပုံကို သိထားသင့်သည်ဟုယူဆ၍ ဖော်ပြလိုက်ပါသည်။

**ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ။**
**အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။**

ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ မပြတ်မစဲ ဖြစ်နေသောအစဉ်ကို သံသရာဟု ခေါ်ဆိုအပ်သည်” ဟု အဋ္ဌကထာတို့၌ ဖွင့်ပြထားသော ကြောင့် သံသရာဟုပြောပြော, ခန္ဓာဟုဆိုဆို အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် ပုဗ္ဗန္တစသည်တို့၌ ယုံမှားသံသယ ကင်းသင့်ပါသည်။

(အဘိ၊ ၆၊ ၁၊ ၁၀၊ အဘိ၊ ၆၊ ၂၊ ၁၄၂)

မသိမှုအဝိဇ္ဇာသည် သမုဒယသစ္စာ ဖြစ်ပါသည်။ ၄င်းသည် အကုသိုလ်ကံတရား ဖြစ်သည်။ ကုသိုလ်ကံ အကုသိုလ်ကံသည် အကြောင်းတရား သမုဒယသစ္စာဖြစ်သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ -

**ယသ္မာ ကုသလာကုသလံ ကမ္မံ အဝိသေသေန သမုဒယသစ္စန္တိ သစ္စဝိဘင်္ဂဝုတ္တံ၊ တသ္မာ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ အဝိဇ္ဇာ သင်္ခါရာ ပထမသစ္စပ္ပဘဝံ ဒုတိယသစ္စံ။**

လောကီကုသိုလ် အကုသိုလ်ကံကို သာမန်အားဖြင့် သမုဒယသစ္စာဟူ၍ သစ္စဝိဘင်းပါဠိ၌ ဟောတော်မူသောကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဠိ၌ပါသော အဝိဇ္ဇာနှင့်သင်္ခါရတို့သည် သမုဒယသစ္စာပင် ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၇၆)

အဝိဇ္ဇာသည် သူကန်းနှင့်တူပါသည်။ ယင်းကိုလည်း ဝိသုဒ္ဓိမဂ်တွင်- **"သဘာဝလက္ခဏာသာမညလက္ခဏာဝသေန ဓမ္မာနံ အဒဿနတော အဇ္ဈောရိယ အဝိဇ္ဇာ"**

အဝိဇ္ဇာသည် ဘဝစက်၌ သဘောတရားတို့ကို သဘာဝလက္ခဏာ သာမညလက္ခဏာတို့၏ အလိုအားဖြင့် မမြင်ခြင်းကြောင့် သူကန်းနှင့်တူ၏ဟု မိန့်ဆိုထားပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၆)

**ယတော ခေါ အာဝုသော အရိယ သာဝကော အဝိဇ္ဇာ ပဟာနာတိ၊ အဝိဇ္ဇာသမုဒယဉ္စ ပဟာနာတိ၊ အဝိဇ္ဇာနိရောဓဉ္စ ပဟာနာတိ၊ အဝိဇ္ဇာနိရောဓဂါမိနိ ပဋိပဒဉ္စ ပဟာနာတိ၊ တ္တြာဝတာပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိဟောတိ၊ ဥဇုဂတာသဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မံ။**

ငါ့ရှင်တို့... အရိယာဖြစ်သော တပည့်သည် မသိမှုအဝိဇ္ဇာကိုလည်း ခွဲခြားရှုသိ၏။ အဝိဇ္ဇာဖြစ်ကြောင်းကိုလည်း ခွဲခြားရှု သိ၏။ အဝိဇ္ဇာချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြားရှုသိ၏။ အဝိဇ္ဇာချုပ်ငြိမ်းခြင်းသို့ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြားရှုသိ၏။ ငါ့ရှင်တို့ ဤမျှဖြင့်လည်း

အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ ထိုသူသည် တရားတော်၌ သက်ဝင်ယုံကြည်ခြင်းနှင့်ပြည့်စုံလျက် သူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်သည်။ (မ၊ ၁၊ ၆၇)

သစ္စာလေးပါးမသိတာ အဝိဇ္ဇာဖြစ်သည်။ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော၊ အာသဝတို့ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်သည်။ အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော၊ အာသဝတို့ ချုပ်ငြိမ်းခြင်းကြောင့် အဝိဇ္ဇာချုပ်ငြိမ်း၏။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ အဝိဇ္ဇာနိရောဓဂါမိနီ ပဋိပဒါ။ အဂ်ါရှစ်ပါးရှိသော ဤအရိယာမဂ်သည်ပင် အဝိဇ္ဇာချုပ်ခြင်းသို့ရောက်ကြောင်း အကျင့်ဖြစ်သည်။

**သော သဗ္ဗသော ရာဂါနုသယံ ပဟာယ၊ ပဋိဃာနုသယံ ပဋိဃိနောဒေတွာ၊ အသ္မိတိ ဒိဋ္ဌိမာနာနုသယံ သမူဟနိတွာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတွာ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တိကရော ဟောတိ။** (မ၊ ၁၊ ၆၈)

ထိုသို့ သိသူသည် အမြဲတမ်းတပ်မက်မှု အကိန်းတရား ရာဂါနုသယကိုစွန့်၍ ထိခိုက်မှုအကိန်းတရား ပဋိဃာနုသယကို ပယ်ဖျောက်ကာ ငါဟုစွဲယူခြင်း ဒိဋ္ဌိနှင့် အလားတူသော ထောင်လွှာခြင်း အကိန်းတရား မာနာနုသယကို နှုတ်ခွာပြီး မသိမှု အဝိဇ္ဇာကို ပယ်စွန့်ပြီးလျှင် အသိဉာဏ် ဝိဇ္ဇာကိုဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ္ဋဆင်းရဲအဆုံးကို ပြုနိုင်၏ဟု အရှင်သာရိပုတ္တရာက မဖျိုမနိုကာယ်၊ မူလပဏ္ဏာသပါဠိ၊ သမ္မာဒိဋ္ဌိသုတ်၌ ရဟန်းတို့အား ဟောကြားတော်မူခဲ့သည်။ အလွန်မှတ်သား ကျင့်ဆောင်စရာ ကောင်းပါသည်။ အားတက်ဖွယ်လည်း ကောင်းပါသည်။

မူလနှစ်ဖြာ၊ အဝိဇ္ဇာနှင့်၊ တဏှာမြစ်ငုတ်၊ ရင်းမပြုတ်၍၊ မြတ်ယုတ်ဘဝ၊ ဖာတိရက၊ အိုကြ, သေကြ၊ မနေရဘူး၊ လူကနတ်က၊ ဖြစ် သမျှပင်၊ မြင်သမျှကျိုး၊ ဒုက္ခအိုးတည်း၊ လိုဆိုးဖြိုင်ဖြိုင်၊ တည်မခိုင်ခဲ့။

အဝိဇ္ဇာဓာတ်ကို ဝိဇ္ဇာဓာတ်မှ သတ်နိုင်သည်။ ဒါနမှုလည်း မသတ်နိုင်။ သီလမှုလည်း မသတ်နိုင်။ ဝိဇ္ဇာဘာဝနာမှု တစ်ခုတည်းသာ အဝိဇ္ဇာကို သတ်နိုင်သည်။ ဒါန၊ သီလနှင့် အခြားသော ဘာဝနာမှုသည် ဝိဇ္ဇာဘာဝနာ၏ အခြေခံတို့သာ ဖြစ်သည်။

အဝိဇ္ဇာချုပ်မှုသည် ခပ်သိမ်းသော ကိလေသာမီးတို့ကို သတ်နိုင်၏။ ငြိမ်းစေနိုင်၏။ အဝိဇ္ဇာဓာတ် တစ်လုံးသေလျှင် အနုမတဂ္ဂသံသရာစက် ရဟတ်ဖြုတ်တော့သည်။ ထို့ကြောင့် အဝိဇ္ဇာဓာတ်ပယ်သတ်ဖို့ လိုသည်။

အဝိဇ္ဇာသည် မောဟစေတသိက်ပင်ဖြစ်သည်။ စေတသိက်သည် စိတ်နှင့် မကင်းမကွာ ဖြစ်ရသောကြောင့် မောဟစိတ်ဟုခေါ်ရသည်။ ယင်းမောဟစိတ်ခေါ်သော အဝိဇ္ဇာသည် "စိတ္တာနုပဿနာသတိပဋ္ဌာန် ထဲ၌ ပါဝင်သည်။ "သမောဟံ ဝါစိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ တွေဝေ သိမှားမှုနှင့်တကွဖြစ်သော စိတ်ကိုလည်း တွေဝေသိမှားမှုနှင့်တကွ ဖြစ်သောစိတ်ဟု သိပေးရသည်" ဟု ဖော်ပြထားသည်။ မိုးကုတ်ဆရာတော်က **မောဟစိတ်ကို အတွင်းညှိုသည်စိတ်** ဟု မိန့်တော်မူသည်။

(ဒီ၊ ၂၊ ၂၃၇)

**အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ အဝိဇ္ဇာသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။

ကုန်ခန်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသော အရာ, တပ်နှစ်သက်ခြင်းသဘောကင်းသောအရာ, ချုပ်ခြင်းသဘော ရှိသောအရာ ဖြစ်သည်ဟု သိမြင်နားလည်ရမည်။ ဉာဏ်ကစားပေးရမည်။ ပဋိစ္စသမုပ္ပါဒ်သည် ဉာဏ်ကစား၊ ဉာဏ်ကျက်စားပေးရသည့် အလုပ်ဖြစ်သည်။ "**ဒုဂ္ဂတိဂါမိနော ကမ္မသ္သ ဝိသေသဟေတု အဝိဇ္ဇာ၊**

အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ ရောက်စေတတ်သော အကုသိုလ်ကံ၏ ထူးသော အကြောင်းဖြစ်သည်" ဟု ဝိသုဒ္ဓိမဂ်၌ ဖော်ပြထားသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၆)

## သခ်ၣရ

ပြုလုပ်မှုကို သင်္ခါရဟုခေါ်ပါသည်။ ယင်းသင်္ခါရသည် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟု (၆)မျိုးရှိပါသည်။ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းသည် ပုညာဘိသင်္ခါရဖြစ်သည်။ ကုသိုလ်ကောင်းမှုမပြုလုပ်ခြင်းသည် အပုညာဘိသင်္ခါရဖြစ်သည်။ အရူပစျာန် ဘာဝနာလုပ်ငန်းကို ပြုလုပ်ခြင်းသည် အာနေဉ္ဇာဘိသင်္ခါရဖြစ်ပါသည်။ ကိုယ်ကာယဖြင့်ပြုလုပ်ခြင်းသည် ကာယသင်္ခါရ၊ နှုတ်ဖြင့်ပြောဆိုခြင်းသည် ဝစီသင်္ခါရ၊ စိတ်ဖြင့်ကြံစည်ခြင်းသည် စိတ္တသင်္ခါရတို့ ဖြစ်ကြပါသည်။ (အဘိ၊ ၂၊ ၁၄၂)

**ပုနာတိ အတ္တနော ကာရကန္တိ ပုညော**

မိမိကို ပြုလုပ်တတ်သူကို ဖြူစင်တတ်သောကြောင့် ပုညဟု ခေါ်ပါသည်။

**ပူရေတိ စဿ အဗ္ဘာသယန္တိ ပုညော**

ပြုလုပ်သူ၏ လိုအင်ဆန္ဒများကို ပြည့်စေတတ်သောကြောင့် ပုညဟုခေါ်သည်။ **ပုဗ္ဗဏ္ဏ ဘဝံ နိဗ္ဗတ္တေတီတိ ပုညော** ဖြူစင်မြင့်မြတ်သော ဘဝကို ဖြစ်ပေါ်စေတတ်, ရောက်ရှိစေတတ်သောကြောင့် ပုညဟု ခေါ်ပါသည်။

**အဘိသင်္ခါရောတိ ဝိယါကံ ကဋ္ဌတ္ထာရုပဏ္ဍာတိ အဘိသင်္ခါရော**

နာမ်ဟူသော အကျိုးတရား, ကဋ္ဌတ္ထာရုပ်ဟူသော အကျိုးတရားကို ပြုလုပ်တတ် ပေးအပ်တတ်သောကြောင့် အဘိသင်္ခါရဟု ခေါ်ပါသည်။

ပုည ပဋိပက္ခတော အပုညော
ပုညဏ် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အပုညဟုခေါ်သည်။
နက္ကဠတိတိ အာနေဋ္ဌ။
မလှုပ်ရှားတတ်သောကြောင့် အာနေဋ္ဌဟုခေါ်ပါသည်။

**ကုသလာစေတနာ ကာမာဝစရာ ရူပါဝစရာ ဒါနမယာ သီလ မယာ ဘာဝနာမယာ၊ အယံ ဝုစ္စတိ ပုညာဘိသင်္ခါရော။**

ဒါန၊ သီလ၊ ဘာဝနာဖြင့်ပြီးသော ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်ကို ပုညာဘိသင်္ခါရဟုခေါ်ပါသည်။ ယင်းတို့တွင် ဒါန၊ သီလ၊ ဘာဝနာ ဖြင့်ပြီးသော ကုသိုလ် စေတနာဟုဆိုရာတွင် သာမာန်အားဖြင့် သာ ဟောတော်မူထားသည်။ ကာမာဝစရ၊ ရူသိုလ်နှင့် ရူပါဝစရကုသိုလ်ကို သီးသန့်ခွဲခြားထားသည်ကို တွေ့ရှိရပါသည်။ (အဘိ၊ ၂၊ ၁၄၂)

**ပုညာဘိသင်္ခါရော ဒါနသီလာဒိဝသေန ပဝတ္တာ အဋ္ဌကာမာဝစရ ကုသလစေတနာစေဝ ဘာဝနာဝသေန ပဝတ္တာ ပဉ္စ ရူပါဝစရကုသလ စေတနာစာတိ တေရသ စေတနာ ဟောန္တိ။**

ပုညာဘိသင်္ခါရဟူသည် ဒါန၊ သီလတို့၏ အစွမ်းဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စေတနာ (၈)ပါး၊ ဘာဝနာ၏အစွမ်းဖြင့် ဖြစ်သော ရူပါဝစရ ကုသိုလ်စေတနာ (၅)ပါး၊ ဤ (၁၃)ပါးသော စေတနာတို့ပင် ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၂)

'ဘဝနက်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိုလျက်၊ ဂတိနောင်ကို၊ ကောင်းစေလို၍၊ ကုသိုလ် အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနဋ္ဌဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ်၊ ရှည်သတည်း' ဟု လယ်တီဆရာတော်က လက်ဘီပြုခဲ့သည်။

ဆယ်ပါးပုညဟူသည် ပုညကိရိယာ ဝတ္ထုဆယ်ပါးကို ခေါ်သည်။ ယင်းကို အကျဉ်းချုံးလျှင် ဒါန, သီလ, ဘာဝနာ သုံးပါးသာ ရသည်။

ကာမာဝစရကုသိုလ်သည် ဒါန၊ သီလ၊ ဘာဝနာ သုံးပါးတို့ကြောင့်ဖြစ်သော ကုသိုလ်ဖြစ်သည်။ ရူပါဝစရ ကုသိုလ်သည် ဘာဝနာကြောင့်သာဖြစ်သောကုသိုလ်ဖြစ်ပါသည်။

အရူပါဝစရကုသိုလ်သည် အာနေဉ္ဇာဘိသင်္ခါရ ဖြစ်သောကြောင့် ဤပုညာဘိသင်္ခါရ၌ မပါဝင်ခြင်းဖြစ်ပါသည်။ လောကုတ္တရာကုသိုလ်သည် လောကမှ ထွက်မြောက်သောတရားဖြစ်၍ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ပြီးသောတရားလည်းဖြစ်သည်။

ဤပဋ္ဌာန်းသမ္မာပဋိဒ်သည် လောက၌ကျင်လည်နေ၍ ဝဋ္ဋအတွင်းဝယ် ကျင်လည်နေမှု သဘာဝများကို ဖော်ပြသောဒေသနာဖြစ်သောကြောင့် လောကုတ္တရာ ကုသိုလ်လည်းမရပါ။ ထို့ကြောင့် ပုညာဘိသင်္ခါရအရ ကာမာဝစရကုသိုလ်နှင့် ရူပါဝစရကုသိုလ်သာ ယူရခြင်းဖြစ်ပါသည်။

**အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ, အာနေဉ္ဇာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ, ယတော စ ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ၊ ဝိဇ္ဇာ ဥပ္ပန္နာ၊ သော အဝိဇ္ဇာ ဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝ ပုညာဘိ သင်္ခါရံ အဘိသင်္ခရောတိ။**

အို... ရဟန်းတို့၊ ပညာမရှိသော အဝိဇ္ဇာနှင့် ပြည့်စုံသော သူသည် ပုညာဘိသင်္ခါရကိုလည်း ပြု၏။ အပုညာဘိသင်္ခါရကိုလည်း ပြု၏။ အာနေဉ္ဇာဘိသင်္ခါရကိုလည်း ပြု၏။

ရဟန်းတို့... အဝိဇ္ဇာကိုပယ်ပြီးသည်ဖြစ်အံ့။ ထိုအဝိဇ္ဇာကင်း၍ ဝိဇ္ဇာဉာဏ်လင်းသော ရဟန်းသည် အဝိဇ္ဇာကင်း၍ ဝိဇ္ဇာဖြစ်ပေါ်ခြင်းကြောင့် ပုညာဘိသင်္ခါရကို မပြုသည်သာ။

အဝိဇ္ဇာကင်းပြီး, အဝိဇ္ဇာပယ်ပြီး ရဟန်းဆိုသည်မှာ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်များသည် ပုညာဘိသင်္ခါရကို မပြုလုပ်တော့။ ပြုလုပ်စရာလည်း မလိုတော့ပါ။ အကယ်၍

ပြုလုပ်ပြန်လျှင်လည်း ပြုကာမတ္တ ကိရိယာသက်သက်မျှသာ ဖြစ်တော့သည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာပုဂ္ဂိုလ်များသည် ဒါန, သီလ စသော ကောင်းမှုများ ပြုလုပ်ကြပါသည်။ သူများထက် ပိုရှိပင် ပြုလုပ်ကြသည်။ သာမန်ပုထုဇဉ်များသည် ဒါန, သီလ ကုသိုလ် ကောင်းမှုကို များစွာ ပြုလုပ်သင့်သည်သာ။ ယင်းသို့ ပြုရာ၌ ဒါန, သီလကို တဏှာနှင့် မရောစေနှင့်။ ဒိဋ္ဌိနှင့် မရောစေနှင့်။ အဝိဇ္ဇာဦးမစီးစေနှင့်။ လှူချင်သည့် စေတနာက ကုသိုလ်, ဘုံဘဝ တောင်းတတာက တဏှာ၊ ကုသိုလ်နှင့် အကုသိုလ် ရောရောထွေးထွေး ပြုလုပ်နေခြင်း ဖြစ်သည်။

– ဒါနသီလာ၊ သံသရာ၊ လည်တာ ဘယ်မရှိ။

– ကုသိုလ်ပြုရာ၊ ငါကပါ၊ ငါသာလည်လေ၏။

"ဝဋ်ဒုက္ခကြီးမှ မြန်မြန်ကျွတ်အောင် ဝိပဿနာကိုသာ အားထုတ်ကြ။ ဒါနတွေနဲ့ပျော်နေရင် သံသရာရှည်နေမယ်" ဟု တချို့က ပြောတတ်ကြသည်။ သူတို့နားမလည်လို့ ပြောကြတာ။ အမှန်မှာ ဒါနက သံသရာ မရှည်စေပါဘူး။ ဆုတောင်းလွဲနေကြလို့သာ သံသရာရှည်နေကြတာပါ။ 'ခန္ဓာဝဋ်ဒုက္ခမှ ကျွတ်လွတ်လိုခြင်း လှူပါ၏' ဟုဆိုရင် ဘယ်မှာ သံသရာရှည်မလဲ။ နည်းမှန်လမ်းမှန် ဆုတောင်းပြီးလှူရင် ဒါနက သံသရာ မရှည်စေပါဘူး ဟု မိုးကုတ်ဆရာတော်က မိန့်တော်မူသည်။

လှူချင်သည့် စေတနာက ကုသိုလ်, နောင်ဘဝ ငါ ကောင်းစားအောင် ရည်ရွယ်တာက ဒိဋ္ဌိ၊ ကုသိုလ်ကောင်းမှု စေတနာမှ ဒိဋ္ဌိ ဦးစီးနေသည်။ ဒိဋ္ဌိသည် အကုသိုလ်ဖြစ်သည်။ ဒါနနောက်က အသိပညာ မလိုက်လျှင် အကျိုးပေးမရွေးချယ်တတ်လျှင် ဝဋ္ဋဒါနဖြစ်၍ သံသရာလည်မည့် ပုညာဘိသင်္ခါရသာ ဖြစ်သည်။

ဒါနက သံသရာရှည်သည်မဟုတ်။ အကျိုးပေး မရွေးချယ်ဟတ်သောကြောင့်သာ, ဒါနနောက်က အသိမလိုက်သောကြောင့်သာ

သံသရာရှည်ခြင်း ဖြစ်သည်။ ထို့ကြောင့် ကုသိုလ်မှာ တဏှာ မရောစေနှင့်။ ကုသိုလ်မှာ ဒိဋ္ဌိမရောစေနှင့်။ အဝိဇ္ဇာဦးမစီးစေနှင့်၊ ဒါနနောက်မှာ အသိလိုက်ပါ ဟု မိုးကုတ်ဆရာတော်က မိန့်တော်မူခြင်း ဖြစ်ပါသည်။

- အလှူဒါန၊ ပြုကုန်ကြ၊ ဉာဏစဉ်ကွပ်ကဲ။
- ဉာဏ်မကွပ်လျှင်၊ တဏှာဝင်၊ ရလျှင် ဒုက္ခပဲ။
- ပဋ္ဌိသန္ဓေ၊ အိုနာသေ၊ ထွေထွေလွန်ဆင်းရဲ။
- အလှူမတတ်၊ မမြင့်မြတ်၊ ရုံးဖတ်တင်မည့်ပွဲ။
- လှူဆဲချိန်ခါ၊ ကိုယ်ခန္ဓာ၊ ဉာဏ်ဝါစူးစိုက်စွဲ။
- ကိုက်ခဲယားယံ၊ ကျင်နာပြန်၊ ဒုက္ခပြစမြဲ။
- ခန္ဓာပြကွက်၊ ဒုက္ခစက်၊ ဖြစ်ပျက်ရှုဉာဏ်တွဲ။
- ဒုက္ခဉာဏ်မြင်၊ လွတ်ကင်းချင်၊ စိတ်စဉ်ပြောင်းကာလွဲ။
- ဒုက္ခလွတ်ကြောင်း၊ ဉာဏ်ချင့်လောင်း၊
  လွန်ကောင်းမြတ်လှူပွဲ။
- အဂုံတွေရ၊ အဌက၊ မိန့်ဟရှင်တော်မြတ်။
- ရှစ်ခုမြောက်လာ၊ ဒါနသာ၊ ကောင်းစွာပြုလုပ်အပ်။
- သမထဝိပဿနာ၊ ခြံရံကာ၊ လှူတာမြတ်ဆုံးမှတ်။
- အလှူတတ်မှ၊ သံသာရ၊ ဒုက္ခကိုမည်မှတ်။

(ဒုလ္လအဒေသနာ၊ စတုတ္ထတွဲမှ)

အဝိဇ္ဇာဦးစီးသော ပုဉ္ဇာဘိသင်္ခါရသည် ခန္ဓာငါးပါးကို ရစေသည်။ ဝိဇ္ဇာဦးစီးသော ပုဉ္ဇာဘိသင်္ခါရသည် မဂ်ဖိုလ် နိဗ္ဗာန်ကို ရစေသည်။ ထို့ကြောင့် **မသိလို့ ကုသိုလ်ပြုတာ။ သိရင် ကုသိုလ်ပြုစရာ မလိုဘူး** ဟု အသိဉာဏ်မဲ့စွာ ပြောနေမည့်အစား ကုသိုလ်ပြုရာ၌ အသိ ဝိဇ္ဇာဦးစီး၍သာ ပြုလုပ်သင့်ပါသည်။ သိလျှင်ပို၍ ကုသိုလ်ပြုပါသည်။

ကုသိုလ် မပြုချင်၍, လူမိုက်အားပေးပြုလုပ်လို၍သာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ မသိလို့ ကုသိုလ်ပြုတာ၊ သိရင် ကုသိုလ်ပြုစရာ

မလိုဘူးဟု တစ်ထွာတစ်ညှိ ဉာဏ်ထိုထိုနဲ့. လူ အထင်ကြီးအောင် အာဘောင်မကျယ်သင့်ပါ။

"ခယတော ဝယတော သမ္မသနံ ပဌမေတ္တာ ဒဒတော ဘာဝနာ မယံ ပုညကိရိယဝတ္ထု ဟောတိ၊ ကုန်ခန်းပျက်စီးအားဖြင့် (ဖြစ်ပျက်အားဖြင့်) ခန္ဓာကိုယ်ပေါ်၌ သုံးသပ်မှုကို ဖြစ်စေ၍ လှူသောသူ၏ဒါနသည် ဘာဝနာခြုံရုံပြီး လှူသောဒါနဖြစ်၏။ အမြတ်ဆုံးဖြစ်သည်" ဟု ဋ္ဌိကာဆရာက မိန့်ဆိုခဲ့သည်။

ထို့ကြောင့် အလှူဒါနပြုရာ၌ ဖြစ်ပျက် ရှုမြင်နိုင်သော ပညာခြုံရုံကာ, မသိမှုအဝိဇ္ဇာ ပယ်ဖျောက် သိမှုဝိဇ္ဇာ လွှမ်းမိုးလျက် ပြုလုပ်သင့်ကြောင်း သိမြင်စေပါသည်။ မသိသောပုဂ္ဂိုလ်လှူလျှင် သမုဒယသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာ လာသည်။ သိပြီးမှလှူလျှင် မဂ္ဂသစ္စာ ဖြစ်သွားသည်။ ဒုက္ခသစ္စာ မလာဘူး။ သိပြီးလှူလို့ မဂ္ဂသစ္စာဖြစ်လျှင် ရတာက နိရောဓ သစ္စာဖြစ်သည်။ ဒါနသီလက သံသရာ ရှည်တာမဟုတ်၊ မသိမှုကြောင့် သံသရာရှည်ရတာ။

ထို့ကြောင့် **မသိဘဲ လှူတာ သမုဒယသစ္စာ၊ လှူလို့ရတာ ဒုက္ခသစ္စာ၊ သိပြီးလှူတာ မဂ္ဂသစ္စာ၊ လှူလို့ရတာ နိရောဓသစ္စာ** ဟု အကျဉ်းချုပ်မှတ်ပါ။

- **မသိအဝိဇ္ဇာ၊ သိဝိဇ္ဇာ၊ နှစ်ဖြာခွဲ၍မှတ်။**
- **မသိလျှင်ပတ်၊ သိလျှင်မြတ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်။**
- **အဝိဇ္ဇာကံ၊ ဝိဇ္ဇာဉာဏ်၊ မှတ်ရန်မခက်ပါ။**
- **ကံ သမုဒယ၊ ဉာဏ်မဂ္ဂ၊ မှတ်ကြများသူဌာ။**
- **သမုဒယအကျိုး၊ ဒုက္ခဆိုး၊ ရရိုးငါးခန္ဓာ။**
- **မဂ္ဂအကျိုး၊ သုခမျိုး၊ ရရိုးနိဗ္ဗာန်ပါ။**
- **နိဗ္ဗာန်လိုလား၊ ယောဂီများ၊ ကြိုးစားကျင့်ကြံပါ။**
- **ကျင့်ကြံနိုင်မှ၊ မဂ်ဖိုလ်ရ၊ သွားကြ ပြည်ခေမာ။**

ကာမာဝစရဘုံ၌ အကျိုးဝင်သော အကုသိုလ်စေတနာကို အပုညာဘိသင်္ခါရဟု ခေါ်ပါသည်။ ယင်းအပုညာဘိသင်္ခါရသည် သတ္တဝါ၏ အသက်ကို သတ်ခြင်း၊ သူများပစ္စည်းကို ခိုးယူခြင်း စသည်ကြောင့် ဖြစ်သော အကုသိုလ် စေတနာများပင်ဖြစ်ပါသည်။ ထို့ကြောင့် ဝိသုဒ္ဓိ မဂ္ဂအဋ္ဌကထာတွင် အောက်ပါအတိုင်း ဖော်ပြထား၏သည်။

**အပုညာဘိသင်္ခါရော ပါဏာတိပါတာဒိဝသေန ပဝတ္တာ ဒ္ဝါဒသ အကုသလ စေတနာ။**

အပုညာဘိသင်္ခါရဟူသည် ပါဏာတိပါတ စသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော အကုသိုလ်စေတနာ (၁၂)ပါးပင် ဖြစ်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၂)

**ဘဝမြဲသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမျှ၊ အကြောင်းပြု၍၊ အကုသလ၊ ဝမ္မည်စ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဝိုဏ်၊ အပုည။**

မတုန်လှုပ်ခြင်းဖြင့် ပြုလုပ်သောကုသိုလ်ကို အာနေဉ္ဇာဘိ သင်္ခါရဟု ခေါ်ဆိုပါသည်။

**ကုသလာစေတနာ အရူပါဝစရာ၊ အယံ ဝုစ္စတိ အာနေဉ္ဇာဘိ သင်္ခါရော** အရူပါဝစရဘုံ၌အကျိုးဝင်သော အရူပါဝစရကုသိုလ် စေတနာကို အာနေဉ္ဇာဘိသင်္ခါရဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။ ဝိသုဒ္ဓိမဂ္ဂတွင် **အာနေဉ္ဇာဘိသင်္ခါရော ဘာဝနာဝသေနေဝ ပဝတ္တာ စတသော အရူပါဝစရကုသလာစေတနာ။** (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၂)

အာနေဉ္ဇာဘိသင်္ခါရဟူသည် ဘာဝနာ၏အစွမ်းအားဖြင့်သာ ဖြစ်သော အရူပါဝစရ ကုသိုလ်စေတနာလေးပါးတို့ဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။ သမ္မောဟဝိနောဒနီအဋ္ဌကထာတွင် -

**ရူပါဝစရ စတုတ္ထဈာနတော ဟိ တိသော ကုသလဝိပါက ကိရိယစေတနာ ဒ္ဝါဒသအရူပါဝစရစေတနာတိ ပဠေဒသ ဝမ္မာ အနိစ္စလ**

ဌေန အဖန္ဒဌေန အာနေဉ္ဇာနာမ။ တတ္ထ ရူပါဝစရကုသလာ စေတနာ အနိဉ္ဇာသမာနာပိ အတ္တနာ သရိက္ခကမ္မဿ သက္ကုဏနမ္မိ အနိဉ္ဇနမ္မိ ရူပါရူပံ ဇနေတီတိ အာနေဉ္ဇာဘိသင်္ခါရောနာမ နဟောတိ ဝိပါက ကိရိယစေတနာ ပန အဝိပါကတ္တာ ဝိပါကံ နအာဘိသင်္ခါရောန္တိ၊ တထာ အရူပါဝစရာ ဝိပါကကိရိယစေတနာ ပိတိ ဇောဒသာပိ ဇော စေတနာ အာနေဉ္ဇာဝန အာဘိသင်္ခါရာ။ စတုဗ္ဗိဓာပန အရူပါဝစရကုသလ စေတနာ ယထာ ဟတ္ထိ အသာဒိနံ သဒိသာဝ ဆာယာ ဟောန္တိ ၊ ဇဝံ အတ္တနာ သဒိသံ နိစ္စလံ အရူပမေဝဇနေတီတိအာနေဉ္ဇာဘိသင်္ခါရောတိ ဝုစ္စတိ။(အဘိ၊ ၅၊ ၂၊ ၁၃၆)

ရူပါဝစရ စတုတ္ထစျာန်မှ ကုသိုလ်၊ ဝိပါက်၊ ကြိယာ စေတနာ သုံးပါး, အရူပစေတနာ (၁၂)ပါး, ဤ ၁၅ ပါးသော စေတနာတို့သည် တုန်လှုပ်ခြင်း ကင်းမဲ့သည့်အတွက်ကြောင့်, အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိသည့်အတွက်ကြောင့် အာနေဉ္ဇာဟု ခေါ်ပါသည်။ ထို (၁၅)ပါးတို့တွင် ရူပါဝစရကုသိုလ်စေတနာသည် တုန်လှုပ်ခြင်းမရှိသော်လည်း မိမိနှင့်တူသောအကျိုး, မတူသော အကျိုး၊ ရုပ်နာမ်ကို တုန်လှုပ်ခြင်းရှိသော အကျိုး၊ မရှိသောအကျိုးဖြစ်သော ရုပ်နာမ်ကိုဖြစ်စေတတ်သောကြောင့် အာနေဉ္ဇာဘိသင်္ခါရအမည်ကိုမရပါ။ ရူပဝိပါက်၊ ကြိယာစေတနာတို့သည် အကျိုးမပေးတတ်သည့်အတွက်ကြောင့် အကျိုးတရားကို ဖြစ်လာအောင် မပြုတတ်ကြ။

အရူပဝိပါက်၊ ကြိယာစေတနာတို့သည်လည်း ရူပ ဝိပါက် ကြိယာ စေတနာတို့ နည်းတူ အကျိုးတရားကို မဖြစ်စေတတ်။ ယင်းရူပ စေတနာသုံးပါး၊ အရူပဝိပါက်၊ ကြိယာစေတနာ(၈)ပါး ဤ(၁၁)ပါးသော စေတနာတို့သည် အာနေဉ္ဇဟုသာ အမည်ရကြပါသည်။ အဘိသင်္ခါရတို့ မဟုတ်ကြပါ။ အရူပကုသိုလ် စေတနာ(၄)ခုတို့သည် ဆင်၏အရိပ်သည် ဆင်နှင့်သာလျှင် တူသကဲ့သို့ မြင်း စသည်တို့၏အရိပ်သည် မြင်းစသည် တို့နှင့်သာလျှင် တူသကဲ့သို့ မိမိနှင့်တူသော မြဲမြံသော နာမ်အကျိုးတရား

တစ်မျိုးကိုသာ ဖြစ်ပေါ်စေတတ်သောကြောင့် အာနေဇွာဘိသခါရ ဟု ခေါ်ဆိုပါသည်။

ဝေ၀ ပုညာဘိသင်္ခါရ၀သေန တေရသ၊ အပုညာဘိသင်္ခါရ၀သေန ဒွါဒသ၊ အာနေဇွာဘိသင်္ခါရ၀သေန စတသောတိ သဗ္ဗာပေတာ ပရိပိဏ္ဍိတာကေ္ကနတီသ စေတနာဟောန္တိ၊ ဣတိဘဂဝါ အပရိမာဏေသု စက္ကဝါဠေသု အပရိမာဏာနံ သတ္တာနံ ဥပ္ပဇ္ဇနက ကုသလာကုသလာ စေတနာ မဟာတုလာယ ဓာရယမာနောဝိယ နာဠိယပဏ္ဍိပိတ္တာ မိနမာနော ဝိယစ သဗ္ဗညုတညာဏေန ပရိစ္ဆိန္နိတ္တာ ကေ္ကနတီသမေ၀ ဒသေသိ။

ယင်းသို့လျှင် ပုညာဘိသင်္ခါရ (၁၃)ပါး၊ အပုညာဘိသင်္ခါရ (၁၂)ပါး၊ အာနေဇွာဘိသင်္ခါရ (၄)ပါး စသည်ဖြင့် စေတနာအားလုံးကို ပေါင်းလိုက်သော် (၂၉)ပါးဖြစ်၏။

မြတ်စွာဘုရားရှင်သည် မရေတွက်နိုင်သော စကြာ၀ဠာအတွင်းရှိ သတ္တ၀ါတို့အားဖြစ်သော ကုသိုလ် အကုသိုလ်တို့ကို ချိန်ခွင်ထဲထည့်၍ ချိန်ကြည့်သည့်ပမာ၊ ပြည်တောင်း၊ တင်းတောင်းထဲသို့ထည့်၍ ဆန်စသည်တို့ကို ခြင်ရှိကြည့်သလို သဗ္ဗညုတဉာဏ်ဖြင့် ပိုင်းခြားသတ်မှတ်ပြီးလျှင် သင်္ခါရတို့၏ အရေအတွက်သည် (၂၉)ပါးသာရှိသည်ဟု ထုတ်ပြတော်မူသည်။ (အဘိ၊ ၆၊ ၂၊ ၁၃၆)

**ကာယေန ပ၀တ္တိတောတိ ကာယသင်္ခါရော။**

ကိုယ်ကာယဖြင့် ဖြစ်စေအပ်, ပြုလုပ်အပ်သော ကောင်းမှု, မကောင်းမှုသည် ကာယသင်္ခါရမည်ပါသည်။ **ကာယတော၀ါ ပ၀တ္တော ကာယသင်္ခါရော။**

ကိုယ်ကာယကြောင့် ဖြစ်ပေါ်လာသောကောင်းမှု မကောင်းမှု မှန်သမျှသည် ကာယသင်္ခါရမည်ပါသည်။ **ကာယဿ၀ါ သင်္ခါရောတိ ကာယသင်္ခါရော**၊ ကိုယ်ကာယ၏ ကောင်းမှု, မကောင်းမှု မှန်သမျှသည် ကာယသင်္ခါရမည်ပါသည်။

နှုတ်ဖြင့်ဖြစ်စေအပ်၊ ပြုလုပ်စေအပ်သော ကောင်းမှု၊ မကောင်းမှုသည် ဝစီသခါရ၊ နှုတ်ကြောင့်ဖြစ်ပေါ်လာသောကောင်းမှု မကောင်းမှုသည် ဝစီသခါရ၊ နှုတ်၏ကောင်းမှု မကောင်းမှုမှန်သမျှသည် ဝစီသခါရမည်ပါသည်။ (အဘိ၊ ၆၊ ၂၊ ၁၃၄)

စိတ်ဖြင့်ဖြစ်စေအပ် ပြုလုပ်အပ်သော ကောင်းမှု မကောင်းမှုသည် စိတ္တသခါရ၊ စိတ်ကြောင့်ဖြစ်ပေါ်လာသော ကောင်းမှု မကောင်းမှုသည် စိတ္တသခါရ၊ စိတ်၏ကောင်းမှု မကောင်းမှုမှန်သမျှသည် စိတ္တသခါရမည်ပါသည်။

- ပစ္စုပ္ပန်မှာ၊ ကောင်းအောင်သာ၊ သုံးဖြာကံပြုလုပ်။
- မတိုးတက်လော၊ တိုးတက်လော၊ စောကြောနေဖွယ်မဟုတ်။
- မျက်မြင်ဒိဋ္ဌ၊ ခုဘဝ၊ ဖလကျိုးမယုတ်။
- ပထမဇော၊ ဒလဟော၊ သဘောသူဖွင့်ထုတ်။

**အသာသပသာသာခေါ် အာဝုသောဝိသာခ ကာယ သခါရော, ဝိတက္ကဝိစာရာ ဝစီသခါရော၊ သညာစဝေဒနာစ စိတ္တသခါရော။**

ဒါယကာ ဝိသာခ ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသခါရမည်၏။ ဝိတက် ဝိစာရတို့သည် နှုတ်ဖြင့်ပြုစီရင်မှု ဝစီသခါရမည်၏။ သညာ, ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု စိတ္တသခါရ မည်၏။

**အသာသ ပသာသော ခေါ် အာဝုသော ဝိသာခ ကာယိကာ ဇော ဓမ္မာ ကာယပွဋိဗဒ္ဓါ၊ တသ္မာ အသာသ ပသသာ ကာယသခါရော၊**

ဒါယကာ ဝိသာခ... ထွက်သက် ဝင်သက်တို့သည် ကိုယ်၌ ဖြစ်ကုန်၏။ ကိုယ်နှင့်စပ်ကုန်၏။ ထို့ကြောင့် ထွက်သက် ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသခါရမည်ပါသည်။

**ပုဗ္ဗေ ခေါ် အာဝုသော ဝိသာခ ဝိတက္ကေတွာ ဝိစာရေတွာ ပစ္ဆာ ဝါစံ ဘိန္ဒတိ၊ တသ္မာ ဝိတက္က ဝိစာရာ ဝစီသခါရော။**

ဒါယကာ ဝိသာခ... ရှေးဦးကပင် ကြိုစည် စဉ်းစား၍ နောက်မှ စကားကို မြွက်ဆိုတ်။ ထို့ကြောင့် ဝိတက်, ဝိစာရ တို့သည် နှုတ်ကိုပြု စီရင်မှု ဝစီသင်္ခါရမည် ပါသည်။

**သညာစ ဝေဒနာစ စေတသိကာ ဇေတမ္မာ စိတ္တပ္ပဋိဗဒ္ဓါ၊ တသ္မာ သညာစ ဝေဒနာစ စိတ္တ သင်္ခါရော။**

သညာ, ဝေဒနာတို့သည် စိတ်၌ဖြစ်ကုန်တ်။ စိတ်နှင့်စပ်ကုန်တ်။ ထို့ကြောင့် သညာဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရ မည်ပါသည်ဟု အရှင်မဓမ္မဒိန္နာက အနာဂါမ်ဝိသာခ ဒါယကာကို စူဠ ဝေဒလ္လသုတ်မှာ ရှင်းပြထားသည်။ (မ၊ ၁၊ ၃၇၅-၃၇၆)

သင်္ခါရတို့သည် တကယ်တော့ ခန္ဓာများပင် ဖြစ်ကြသည်။ ကာယ သင်္ခါရသည် ရူပက္ခန္ဓာဖြစ်သည်။ ဝစီသင်္ခါရသည် သင်္ခါရက္ခန္ဓာ ဖြစ်သည်။

စိတ္တသင်္ခါရသည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာတို့ဖြစ်သည်။ စိတ် ပါနေသည့်အတွက် ဝိညာဏက္ခန္ဓာလည်းဖြစ်သည်။ ဟည, အဟည, အာနေ ဇခဲပြောရာ၌ ကုသိုလ်စေတနာကို ကောက်ယူရသောကြောင့် သင်္ခါရက္ခန္ဓာ ပင် ဖြစ်သည်။ ခန္ဓာငါးပါးကို ဓမ္မာနုပဿနာ၌ ခန္ဓပဗ္ဗဟု သီးသန့်ဖော်ပြ ထားသည့်အတွက် သင်္ခါရတို့သည် ဓမ္မာနုပဿနာ၌ ပါဝင်နေသည်။ သို့သော် သတိပဋ္ဌာန်လေးပါးလုံးနှင့် ဆက်စပ်နေသည်ဟု မှတ်ရပါမည်။ (ဒီ၊ ၂၊ ၂၃၉)

ဝိဘင်းပါဠိတော်တွင် -

**'ကာယသङ္ခေတနာ ကာယသင်္ခါရော၊ ဝစီသङ္ခေတနာ ဝစီသင်္ခါ ရော၊ မနောသङ္ခေတနာ စိတ္တသင်္ခါရော၊ ဣမေ ဝုစ္စန္တိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ'**

ကာယသङ္ခေတနာသည် ကာယသင်္ခါရ၊ ဝစီသङ္ခေတနာသည် ဝစီ သင်္ခါရ၊ မနောသङ္ခေတနာသည် စိတ္တသင်္ခါရတို့ ဖြစ်ပါသည်။ ထိုအရာများကို အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရများဟု ခေါ်ဆိုရပါသည်။ (အဘိ၊ ၂၊ ၁၄၂)

ကာယသङ္ခေတနာ၏ အဓိပ္ပါယ်ကို အဋ္ဌကထာတို့တွင် -

ကာယသङ္ခေတနာတိ ကာယဝိညတ္တိ သမုဋ္ဌာပေတွာ ကာယဒ္ဋိရတော ပဝတ္တာ အဋ္ဌကာမာဝစရကုသလာစေတနာ ဒ္ဋိဒသ အကုသလာစေတနာတိ သမဝိသတိ စေတနာ။ ကာယဒ္ဋိရေ အာဒါနဂ္ဂဟဏစောပနံ ပါပယမာနာ ဥပ္ပန္နာ ဝိသတိ ကုသလာကုသလစေတနာ တိပိ ဝတ္တုံ ဝဋ္ဋတိ။

ကာယသङ္ခေတနာဟူသည် ကာယဝိညတ်ကို (ကိုယ်အမူအရာအထူး) ကို ဖြစ်ပေါ်စေ၍ ကာယဒ္ဋိရှိဖြစ်သော (၈)ပါးသော ကာမာဝစရကုသိုလ်စေတနာ (၁၂) ပါးသော အကုသိုလ်စေတနာ ဤ (၂၀)သော စေတနာသည် ကာယသङ္ခေတနာမည်ပါသည်။

ယင်းတို့သည် ကိုယ်ကာယ၌ ဖြစ်သော ဆွဲငင်ခြင်း၊ ယူခြင်း၊ လှုပ်ရှားခြင်းသို့ရောက်ရှိစေလျက် ဖြစ်ပေါ်လာသောကုသိုလ် အကုသိုလ် စေတနာ (၂၀)ကို ကာယစေတနာဟုလည်း ခေါ်ဆိုရပါမည်။

(အဘိ၊ ၆၊ ၂၊ ၁၃၇) (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၂)

ဝစီသङ္ခေတနာဟူသည် နှုတ်ပါးစပ်ကြောင့်ဖြစ်သော စေတနာ (၂၀)ပင် ဖြစ်ပါသည်။ ယင်းစေတနာတို့သည် နှုတ်အမူအရာ ဝစီဝိညတ်ကို ဖြစ်ပေါ်စေ၏။ နှုတ်ဝစီ၌ ဖြစ်သော မေးလှုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဝါကျအထူး စကားလုံးအဖြစ်သို့ ရောက်ရှိဖြစ်ပေါ်လာသော ကုသိုလ် အကုသိုလ်(၂၀)ကိုပင် ဝစီစေတနာဟု ခေါ်ဆိုရပါသည်။

မနောသङ္ခေတနာဟူသည် စိတ်ထဲကသာလျှင် ဖြစ်ပေါ်လာသော စေတနာ (၂၀)ပင် ဖြစ်ပါသည်။ ၄င်းသည် ကာယဝိညတ်ကိုလည်း မဖြစ်ပေါ်စေတတ်၊ ဝစီဝိညတ်ကိုလည်း မဖြစ်ပေါ်စေတတ်။ စိတ်ကူးဖြင့်သာ ရပ်တန့်သွားပြီး ကိုယ်အမူအရာ နှုတ်အမူအရာအဖြစ်သို့ ရောက်မလာတော့သော, ရောက်မလာသေးသော စိတ်စေတနာသည် မနောစေတနာ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် မရေတွက်နိုင်သော စကြဝဠာအတွင်းရှိ သတ္တဝါတို့ ကောင်းမှုကုသိုလ် မကောင်းမှုအကုသိုလ်ကို အားထုတ်ကြ ပြုလုပ်ကြသော ကာယ၊ ဝစီ၊ မနောသုံးဒွါရတို့ဖြင့် ပြုလုပ်ကြသည်ဟု ပြုလုပ်အားထုတ်ကြောင်း ကမ္မဒွါရကို ပြတော်မူသည်။

(အဘိ၊ ၆၊ ၂၊ ၁၃၇)

၁။ သက်သက်, ခိုးမှု၊ ကာမေသု၊ ရှောင်မှုသုံးတန် ကာယကံ။

၂။ မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း။ အပြိန်းစကား၊ ဤလေးပါး၊ ရှောင်ကြား ဝစီကံ။

၃။ သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဒေါ၊ ရှည်စေချင်ဟူ၊ အယူဖြောင့်ကြား၊ ဤသုံးပါး၊ မှတ်သားမနောကံ။

ပုညာဘိသင်္ခါရစသည်တို့နှင့် ကာယသင်္ခါရစသည်တို့၏ ဆက်နွယ်မှုများကိုလည်း တွေ့ရှိရပါသည်။ ပုညာဘိသင်္ခါရသည် ကိုယ်ကာယ၏ မကောင်းသော အလေ့အကျင့် ကာယဒုစရိုက်မှရှောင်ကျဉ်သူအား ရံခါ ကာယသင်္ခါရဖြစ်၏။ နှုတ်၏မကောင်းသော အလေ့အကျင့် ဝစီဒုစရိုက်မှ ရှောင်ကျဉ်သူအားရံခါ ဝစီသင်္ခါရဖြစ်၏။

ယင်းသို့လျှင် ကာမာဝစရကုသိုလ် စေတနာ(၈)ခုသည် ကာမာဝစရပုညာဘိသင်္ခါရလည်းဖြစ်၏။ ကာယသင်္ခါရလည်းဖြစ်၏ ဝစီသင်္ခါရလည်းဖြစ်၏။ အများအကျိုးကို မည်သို့ သယ်ဆောင်ရမည်ဟု စိတ်ထဲတွင် ကြံစည်စဉ်းစားသောအခါ အစရှိသဖြင့် မနောဒွါရဌာနရှိသော စေတနာ(၁၃)ပါးသည် ပုညာဘိသင်္ခါရလည်း ဖြစ်သည်။ စိတ္တသင်္ခါရလည်း ဖြစ်သည်။

၁။ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

၂။ မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ နေ့စဉ်ပွား၊ လေးပါးဝစီကံ။

**၃။ သူ့စည်းစိမ်ကို၊ ငါပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟူ၊ အယူမှောက်မှား၊ နေ့စဉ်ပွား၊ သုံးပါးမနောက်။**

သတ်ဖြတ်ခြင်းစသော မကောင်းသည့်အပြုအမူကို ပြုလုပ်သည့် အခါ ရုံခါအပုညာဘိသခါရလည်းဖြစ်၏။ ကာယသခါရလည်း ဖြစ်သည်။ လိမ်လည်ခြင်းစသော မကောင်းသည့်အပြောအဆိုကို ပြောဆိုသည့်အခါ အပုညာဘိသခါရလည်းဖြစ်သည်။ ရုံခါဝစီသခါရလည်းဖြစ်သည်။ ကာယ ဝစီ ကိုယ်နှုတ်နှစ်ပါးမှလွဲ၍ စိတ်ထဲကသာ မကောင်းသော အကြံအစည် စိတ်ကူးသည့်အခါ အပုညာဘိသခါရလည်းဖြစ်သည်။ စိတ္တသခါရလည်း ဖြစ်သည်။ ဤသို့လျှင် အပုညာဘိသခါရသည် ကာယသခါရလည်း ဖြစ်သည်။ ဝစီသခါရ စိတ္တသခါရလည်းဖြစ်သည်။

ကာယသခါရသည်ကောင်းသော အမှုကိစ္စများကိုပြုလုပ်သည့် အခါ ပုညာဘိသခါရ၊ မကောင်းသော အပြုအမှုများကို ပြုသည့်အခါ အပုညာဘိသခါရဖြစ်သည်။ အာနေဉ္ဇာဘိသခါရမဖြစ်။ ဝစီသခါရသည် ကောင်းသော အမှုကိစ္စများကို ပြောဆိုသည့်အခါ ပုညာဘိသခါရဖြစ်သည်။ မကောင်းသောအမှုကိစ္စများကို ပြောဆိုလုပ်ဆောင်သည့်အခါ အပုညာဘိသခါရဖြစ်ပါသည်။ အာနေဉ္ဇာဘိသခါရသည်မဖြစ်။

စိတ္တသခါရသည် ကောင်းသော အကြံအစည်အတွေးအခေါ်ကို တွေးခေါ်သည့်အခါ ပုညာဘိသခါရဖြစ်၍ မကောင်းသော အကြံအစည် အတွေးအခေါ်ကို တွေးခေါ်သည့်အခါ အပုညာဘိသခါရဖြစ်ပြီး ရုပ်ကိုစက် ဆုပ်သည့်သမထဘာဝနာကို ပွားများသည့်အခါ အာနေဉ္ဇာဘိသခါရ ဖြစ်ပါ သည်။ ယင်းတို့သည် အဝိဇ္ဇာကြောင့်ဖြစ်သော သခါရတို့ဖြစ်ပါသည်။

(အဘိ၊ ၆၊ ၂၊ ၁၃၇-၁၃၈)

**အဘိသခါရဏလက္ခဏာ သခါရာ။**

သခါရသည် ကံဖြစ်အောင် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ စီမံခြင်း လက္ခဏာရှိသည်။

**အာယူဟနရသာ**

ပဋ္ဌာနသဒ္ဓေကိုဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊ ကြောင့်ကြဗျာပါရပြု ခြင်း၊ ဝိညာဏ်နာမ်ရုပ်ဟူသောအကျိုးတရားတို့ကို ပေါင်းရုံးစုစည်းခြင်း ဖြစ်စေခြင်းကိစ္စရှိ၏။

**စေတနာပစ္စုပဋ္ဌာနာ**

စေတနာသည် ပဓာနဟု ယောဂီဉာဏ်တွင် ရှေးရှုထင်ခြင်း သဘောတရားရှိသည်။

**အဝိဇ္ဇာပဒဋ္ဌာနာ**

မသိမှုအဝိဇ္ဇာလျှင် အကြောင်းတရားရှိသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉)

– ကိုယ်အမှုအရာ၊ လှုပ်တိုင်းသာ၊ မှန်စွာရှုမှတ်နေ ...။

– နှုတ်အမှုအရာ၊ ပြောတိုင်းသာ၊ မှန်စွာရှုမှတ်နေ...။

– စိတ်အမှုအရာ၊ ကြံတိုင်းသာ၊ မှန်စွာရှုမှတ်နေ...။

– လှုပ်တာ, ပြောတာ၊ ရုပ်ခန္ဓာ၊ ကြံတာ နာမ်မှတ်ပေ...။

"သခါရကိုသိသူ၊ သခါရဖြစ်ကြောင်းကိုသိသူ၊ သခါရချုပ်ငြိမ်း ခြင်းကို သိသူ၊ သခါရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို သိသူ သည် မှန်ကန်သော အယူရှိသူ၊ အယူဖြောင့်မှန်သူ၊ တရားတော်၌ သက်ဝင်ယုံကြည်သူ၊ သူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်သည်။ ရာဂါနုသယ၊ ပဋိဃာနုသယ၊ ဒိဋ္ဌာနုသယ၊ မာနာနုသယများ ပယ်စွန့် နှုတ်ခွာနိုင်ကာ အဝိဇ္ဇာပယ်ဖျောက်ပြီးလျှင် ဝိဇ္ဇာဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ္ဋဆင်းရဲအဆုံးကို ပြုနိုင်ပါသည်" ဟု အရှင်သာရိပုတ္တရာက မိန့်ဆိုခဲ့သည်။ (မ၊ ၁၊ ၆၇)

**အဝိဇ္ဇာပစ္စယာ သခါရာတိ ဣဒံ ကာရကဒဿန နိဝါရဏံ**

အဝိဇ္ဇာဟူသော အကြောင်းကြောင့် သခါရတို့ ဖြစ်ကြသည် ဟူသော ဤစက

၌ ပြုလုပ် ဖန်ဆင်းတတ်သူရှိသည်ဟူသော မိစ္ဆာ

အမြင်ကို တားမြစ်သော စကားရပ်ဖြစ်သည်ဟု အဋ္ဌကထာတို့၌ မိန့်ဆို ထားသောကြောင့် သခ်ါရသည် မိုဃ်ကောအမြင်ကို တားမြစ်နိုင်ခြင်းစွမ်းအား ရှိပါသည်။

**အန္ဓသ ဥပကွ္ခလနံဝိယ အဝိဇ္ဇာပစ္စယာ သခ်ါရာ**

အဝိဇ္ဇာကြောင့်ဖြစ်သော သခ်ါရတို့သည် သူကန်း ခြေချော်ခြင်း နှင့်တူပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၂၁၈)

ထို့ကြောင့် အဋ္ဌကထာတို့၌ အဝိဇ္ဇာကြောင့် သခ်ါရတို့ဖြစ်ပုံ တို့ကို အောက်ပါအတိုင်း ညွှန်ပြထားကြပါသည်။

**ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိဏာယကော။**
**ကေဒါ ယာတိ မဂ္ဂေန၊ ဥမ္မဂ္ဂေနာပိ ကေဒါ။**
**သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။**
**ကရောတိ ကေဒါ ပုညံ၊ အပုညမပိ ကေဒါ။**
**ယဒါ စ ဥတ္တာ သော ဓမ္မံ၊ သစ္စာနိ အဘိသမေဿတိ။**
**တဒါ အဝိဇ္ဇုပသမာ၊ ဥပသန္တော စရိဿတိ။**

ဥပမာဖြင့်ပြရလျှင်-ရှေ့သွားခရီးလမ်းညွှန်ကင်းသော ဝမ်းတွင်း ကန်းမျက်မမြင်ဖြစ်သူသည် တစ်ရံတစ်ခါ လမ်းကောင်းလမ်းမှန်ဖြင့်သွား၍ တခါတရံလမ်းမှန်မဟုတ်သော လမ်းဆိုးလမ်းမှားဖြင့်လည်း သွားသကဲ့သို့ ထို့အတူ ခရီးလမ်းညွှန် လမ်းပြဆုံးမသူမရှိသော မလိမ္မာသောသူသည် သံသရာ၌ကျင်လည်လတ်သော် တစ်ရံတစ်ခါ ကောင်းမှုကိုပြု၏။ တစ်ရံ တစ်ခါ မကောင်းမှုကိုလည်းပြု၏။

ထိုအခါတွင် လိမ္မာသောသူသည် ဒေသနာတရားတော်ကိုသိ၍ သစ္စာလေးပါးတို့ကို သိလတ္တံ (၀ါ) နိဗ္ဗာန်တရားကို မဂ်ဉာဏ်ဖြင့်သိလျက် သစ္စာတို့ကို ကိစ္စပြီးသောအားဖြင့် သိလတ္တံ။ ထိုသို့ သိသောအခါ၌ ထိုသူသည် အဝိဇ္ဇာငြိမ်းခြင်းကြောင့် ကိလေသာဆင်းရဲ ခပ်သိမ်းငြိမ်းသည် ဖြစ်၍ သွားလာနေထိုင်ရပေလတ္တံ။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၇၇)

သခၢါရာ ဘိက္ခဝေ အနိစ္စာ သခ်ံတာ ပဋ္ဌိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့. သခၢါရသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့. စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့.ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခမ်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

သခၢါရသည် အပြုသဘော သခၢါရနှင့် အပြုခံသခၢါရဟု နှစ်မျိုးရှိသည်။ စေတသိက် (၅၀) မှာ ပါသော စေတနာသည် ခေါင်းဆောင်ဖြစ်သည်။ ၄င်းစေတနာကို ကံဟုခေါ်သည်။ သခၢါရကွန္ဓာခေါ်သော စေတသိက် ငါးဆယ်ကို "အလုပ်သမား" သခၢါရဟု တိုက်ရိုက်နည်းဖြင့် မှတ်ယူသင့်သည်။ စိတ်, ဥတု, အာဟာရတို့.က သွယ်ဝိုက်နည်းဖြင့် အလုပ်သမားသခၢါရများ ဖြစ်ကြသည်။

အပြုခံသခၢါရဆိုတာ ကံ, စိတ်, ဥတု, အာဟာရတို့.ကြောင့် ဖြစ်ပေါ်လာသော, အနိစ္စ, ဒုက္ခ, အနတ္တ သဘောဖြစ်သည့် ရုပ်နာမ်တရားများဖြစ်သည်။ ဝိပဿနာရှုသည့်အခါ ၄င်းသခၢါရများကို ပြုလုပ်တတ်သော သခၢါရ, အပြုခံသခၢါရဟု ခွဲခြားနေစရာမလိုပါ။ ငါ, ငါ့ဟာ ဆိုသော ဒိဋ္ဌိမကပ်ငြိစေဘဲ သခၢါရတို့.၏ အနိစ္စ လက္ခဏာကိုသာ သတိကောင်းကောင်း ပညာဉာဏ်စူးစူးဖြင့် ရှုမှတ်နေရမှာ ဖြစ်သည်။

**သခၢါရာဝ သခၢါရေ ဝိပဿန္တိ သမသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။**

သခၢါရတို့.ကသာလျှင် သခၢါရတရားစုတို့.ကို ဒါကရုပ်တရားစု ဖြစ်ပျက်, ဒါက နာမ်တရားစု ဖြစ်ပျက်ဟု ရှုမှတ်, ရှုမှတ်ကာသိ, သိနေကြကုန်၏။ သုံးသပ်, သုံးသပ်ကာ နေကြကုန်၏။ ခွဲခြားသတ်မှတ်ကာ နေကြကုန်၏။ ကြောင်းကျိုးနှစ်ပါးကို ပိုင်းခြားသိမ်းဆည်းကာ နေကြ

ကုန်၏။ ရုပ်ဖြစ်ပျက်, နာမ်ဖြစ်ပျက်ဟု ပိုင်းခြားနေကြကုန်၏ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသည်တို့၌ မိန့်ဆိုထားသည်ကို သတိထားကြပါကုန်။

သခါရသည် ခန္ဓာအားဖြင့် သခါရက္ခန္ဓာဖြစ်သောကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်ပင် ဖြစ်သည်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်၌ ခန္ဓပဗ္ဗဟု အခန်းသီးသန့် ဖော်ပြထားသည် မဟုတ်ပါလော။ သခါရအကြောင်းကို ရှင်းပြရာ၌ ကာယသခါရ, ဝစီသခါရ, စိတ္တသခါရသဘောကို ရှေးဦးစွာ ရှင်းပြသင့်သည်။

ကာယကံ, ဝစီကံ, မနောကံဟု အသိမျှားကြသည်။ အခံရှိမှ အမှန်သိသောကြောင့် ရင်းနှီးလွယ်ကူရာမှ ခက်ခဲရာသို့ သွားသင့်သည်။ ပြုမှု, ပြောဆို, ကြံစည်ရာတွင် ကုသိုလ်ဖြစ်လျှင် ပုညာဘိသခါရ၊ အကုသိုလ်ဖြစ်လျှင် အပုညာဘိသခါရ စသည်ဖြင့် ယှဉ်တွဲသင်လျှင် မြန်မြန်တတ်သိနားလည်ကြပါသည်။

## ဝိညာဏ်

ဝိဇာနန လက္ခဏံ ဝိညာဏံ။

အာရုံကိုသိခြင်း၊ အာရုံကိုရယူခြင်း သဘောသည် ဝိညာဏ်၏ လက္ခဏာဖြစ်သည်။

**ပုဗ္ဗင်္ဂမရသံ၊**

နာမ်ရုပ်တို့၏ ပဓာန ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်း ကိစ္စရှိသည်။

**ပဋိသန္ဓိ ပစ္စုပဋ္ဌာနံ**

ရှေ့ဘဝနှင့်တကွဆက်စပ်တတ်သော သဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေ့ရှုထင်လာသည်။

**သခါရ ပဒဋ္ဌာနံ၊**

သခါရလျှင် အကြောင်းရှိသည်။

ဝတ္ထာရမ္မဏ ပဒဋ္ဌာန် ၀ါ၊

မိုရာဝတ္ထု ရုပ်၌ထင်လာသော အာရုံနှင့် အကြောင်းတရား ရှိသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉၊ အဘိ၊ ၆၊ ၂၊ ၁၂၉)

လောကီကုသိုလ်၊ အကုသိုလ်စေတနာသည် မျိုးစေ့နှင့်တူသည်။ ၄င်းမျိုးစေ့ကို အဝိဇ္ဇာမြေတောင်မြှောက်၍ တဏှာရေလောင်းပေးလျှင် ဝိညာဏ်အပင် ထပေါက်ပါသည်။

ဝိညာဏ်သည် သညာ၊ ပညာတို့သိပုံမှ တစ်မျိုးတစ်ဖုံအားဖြင့် အာရုံကိုသိခြင်း သဘောလက္ခဏာရှိသည်ဟုဆိုရာတွင် ထင်လာသော အာရုံကိုရယူနိုင်မှု သဘောကိုပင်ဆိုလိုသည်။ ဝိညာဏပစ္စယာ နာမရူပံ အရ ဝိညာဏ်နှင့်နာမ်ရုပ်တို့တွင် ဝိညာဏ်သည် ထင်လာသောအာရုံကို ရယူမှု၌ နာမ်ရုပ်တို့၏ ပဓာန-ပြဌာန်းသော ရှေ့သွားခေါင်းဆောင် ဖြစ်သည်။

သညာသိပုံသည် သူငယ်၏အသပြာသိပုံနှင့် တူ၏။ လောကအသုံးကို မသိသေးသောသူငယ်သည် အကုံးအခဲဖြစ်သော အသပြာကို မြင်သောအခါ အညိုရ (သို့မဟုတ်) အဝါ-အရွှေဟု မြင်ရတိုင်းသော အဆင်းကိုသာသိ၏။ အသပြာဖြစ်ကြောင်းကို မသိ။ ထို့အတူ သညာလည်းမြင်ရသော အာရုံ၏အညိုရ, အရွှေစသော အဆင်းကိုသာ သိ၏။ မှန်၏။ အနိစ္စစသော အခြင်းအရာတိုင်အောင်ကား မသိနိုင်။

ဝိညာဏ်၏သိပုံသည် ရှာသူရှာသားတို့ သိပုံနှင့်တူသည်။ ရှာသူရှာသားတို့သည် ထိုအတုံးအခဲဝတ္ထုကို အညိုရ, အရွှေစသော အဆင်းနှင့်တကွ အသပြာဖြစ်ကြောင်းကိုသိ၏။ မည်မျှ အဖိုးတန်သည်, အသပြာစစ်သည်, မစစ်သည်ကိုကား မသိနိုင်။ ထို့အတူ ဉာဏဝိပ္ပယုတ် ဝိညာဏ်သည်လည်း အာရုံ၏အညိုရ အရွှေစသော အဆင်းနှင့်တကွ အနိစ္စစသော အခြင်းအရာတိုင်အောင်ကား သိ၏။ သို့သော် တိုးတက်အားထုတ်၍ မဂ်ဖိုလ်ရအောင်ကား မစွမ်းနိုင်။

ပညာ၏ သိပုံသည် ရွှေပန်းတိမ်သည်၏ အညို့, အရွှေစသော အဆင်းအသပြာမှန်ကြောင်းနှင့် မည်မျှထိုက်တန်ကြောင်း စသည်ကိုသိ၏။ ထို့အတူ ပညာလည်းအာရုံ၏ အဆင်းအနီစွဲစသော အခြင်းအရာနှင့် မဂ်ဖိုလ်ပေါ်လာသည့်တိုင်အောင်ပင် အလုံးစုံကိုသိနိုင်သည်။

(သဗ္ဗြဟ်ဘာ၊ ဌ၊ ၁၆၁) (သံ၊ ၆၊ ၂၊ ၂၇၀-၁)

**တတ္ထ ကတမံ သခ်ါရပစ္စယာ ဝိညာဏံ၊ စက္ခုဝိညာဏံ၊ သောတ ဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊ ကာယဝိညာဏံ၊ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိ သခ်ါရပစ္စယာ ဝိညာဏံ။** (အဘိ၊ ၂၊ ၁၄၂)

ပဋ္ဌိစ္စသမုပ္ပါဒ်၌ သခ်ါရအကြောင်းကြောင့်ဖြစ်သော ဝိညာဏ်သည် အဘယ်နည်း။ မြင်သိ(စက္ခုဝိညာဏ်)၊ ကြားသိသောတဝိညာဏ်၊ နံ့သိ(ဃာနဝိညာဏ်)၊ စားသိ(ဇိဝှါဝိညာဏ်)၊ ထိတွေ့သိ(ကာယဝိညာဏ်)၊ ကြံတွေးသိ(မနောဝိညာဏ်) ဤဝိညာဏ် (၆)မျိုးကို သခ်ါရအကြောင်းကြောင့်ဖြစ်သော ဝိညာဏ်ဟုဆိုအပ်ကြောင်း မြတ်စွာဘုရားရှင်က ဝိဘင်းပါဠိတော်တွင် ဟောကြားတော်မူထားပါသည်။

ဝိညာဏ်သည် သိတတ်သည့်သဘောပင်ဖြစ်သည်။ စိတ်သည်လည်း သိတတ်သည့်သဘောပင်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက "သိ" ကိုဖယ်၍ "စိတ်" ဖြင့် အစားထိုးကာ "မြင်စိတ်, ကြားစိတ်, နံ့စိတ်, စားစိတ်, ယားနာကောင်းစိတ်, ကြံစည်တွေးတောစိတ်" ဟု အမျိုးနားလည်အောင် မိန့်တော်မူခဲ့ခြင်း ဖြစ်ဟန်တူသည်။ မြင်စိတ်, ကြားစိတ်, နံ့စိတ်, စားစိတ်, ယားနာကောင်းစိတ်ကို **အပြင်ညှိုသည်စိတ်** ဟုလည်း ဆရာတော်က မိန့်တော်မူခဲ့သည်။

**မျက်လုံးအဆင်း၊ တိုက်ဆိုင်လျင်း၊ မြင်ခြင်းစိတ်ပေါ်လာ။**
**နားနှင့်အသံ၊ တိုက်ဆိုင်ပြန်၊ ကြားရန်စိတ်ပေါ်လာ။**
**နှာနှင့် ရနံ့စု၊ တိုက်ဆိုင်ပြု၊ နံမှုစိတ်ပေါ်လာ။**
**လျှာနှင့် ရသာ၊ တိုက်ဆိုင်ရာ၊ စားခါစိတ်ပေါ်လာ။**

ကိုယ်နှင့်တွေ့ထိ၊ တိုင်ဆိုင်ငြား၊ ထိသိစိတ်ပေါ်လာ။
မနောမဟာရုံ၊ တိုက်ဆိုင်ကြား၊ သိရုံစိတ်ပေါ်လာ။
စက္ခုစ ပဋ္ဌိစ္ဓ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုပသာဒရုပ်နှင့် ရူပါရုံတို့ကို စွဲ၍မြင်သိစိတ် စက္ခုဝိညာဏ် ဖြစ်သည်။

**သောတဉ္စ ပဋ္ဌိစ္ဓ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ**

သောတ ပသာဒရုပ်နှင့် အသံရုပ်တို့ကိုစွဲ၍ ကြားစိတ်သောတ ဝိညာဏ် ဖြစ်သည်။

**ဃာနဉ္စ ပဋ္ဌိစ္ဓ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ**

ဃာနပသာဒရုပ်နှင့် အနံ့ရုပ်တို့ကိုစွဲ၍ နံသိစိတ် ဃာနဝိညာဏ် ဖြစ်သည်။

**ဇိဝှဉ္စ ပဋ္ဌိစ္ဓ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ**

ဇိဝှါပသာဒရုပ်နှင့်အရသာရုပ်တို့ကို စွဲ၍စားစိတ် ဇိဝှါဝိညာဏ် ဖြစ်သည်။

**ကာယဉ္စ ပဋ္ဌိစ္ဓ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ**

ကာယပသာဒရုပ်နှင့် အတွေ့အထိရုပ်တို့ကိုစွဲ၍ တွေ့ထိစိတ် ကာယဝိညာဏ် ဖြစ်သည်။

**မနဉ္စ ပဋ္ဌိစ္ဓ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ**

တွေးကြံစိတ်မနောနှင့် တွေးကြံစရာ ဓမ္မာရုံတို့ကို စွဲ၍ တွေးကြံစိတ် မနောဝိညာဏ်ဖြစ်သည်။ (သံ၊ ၁၊ ၃၀၀-၃၀၁)

မျက်စိအကြည်ရုပ်၊ အဆင်းရုပ် နှစ်ခုပေါင်းမိလို့ မြင်စိတ်ဝိညာဏ် နာမ်ပေါ်လာတယ်။ မြင်စိတ်ဆိုတဲ့ ဝိညာဏာကွန္ဓာ ခေါင်းဆောင်နေလို့ ကျန်တဲ့ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာတို့လည်း ငုံ့လျှိုးပြီး လျှိုလိုက်လာကြတယ်။ ဖြစ်စဉ်မှာ တစ်ပေါင်းတည်း ပေါ်လာတယ်။ ဟင်းချိုဆိုပေမယ့် အငန်ဓာတ် ဆားလည်းပါ၊ အစပ်ကလေးလည်းပါ၊

ခရမ်းချဉ်သီးလည်း နည်းနည်းပါတာပဲ။ ဒါပေမဲ့ ချိုရည်ကကဲနေလို့ ဟင်းချိုလို့ပြောတာ။ ချဉ်ရေဟင်းလည် ထိုနည်းလည်းကောင်းပဲ။

အာရုံဒွါရက ရုပ်တရား၊ ဝိညာဏကွန္ဓာ စသည်က နာမ်တရား။ အာရုံနဲ့ဒွါရက အကြောင်း၊ ဝိညာဏကွန္ဓာ စသည်ကအကျိုး။ ဒါက ရုပ်တရား ငါဝင်မပါ။ ဒါက နာမ်တရား၊ ငါမပါ။ ရုပ်နာမ်လို့သိရင် ဒိဋ္ဌိသေပြီ။ အကြောင်းကြောင်းကြောင့် အကျိုးဖြစ်တယ်လို့သိရင် ဝိစိကိစ္ဆာ သေပြီ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကွာပြီပေါ့။ ဒါက သိကွာပဲ ရှိပါသေးတယ်။ အကြောင်းရင်းပေါ် ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာစင်တယ်။ အကျိုးရင်းပေါ် ဉာဏ်ရှင်းရင် သက္ကာယဒိဋ္ဌိ စင်တယ်။

- မြင်သိခံစား၊ မှတ်သားပြုပြင်။
- ရုပ်နာမ်အစု၊ ငါးခုပေါ်လွင်။
- ငါသူတစ်ပါး၊ မ-ကျား မမြင်။
- ဉာဏ်ဖြင့်သိ၊ ဒိဋ္ဌိကွာမည်ပင်။

ကြားသိခံစား...

နံသိခံစား...

စားသိခံစား...

တွေ့ထိခံစား...

ကြံသိခံစား...

မြင်စိတ် စသည်တို့ နောက်၌ တွေးတောစိတ်, ကြံစည်စိတ်များ ဖြစ်လာလျှင် လိုချင်တပ် မက်စိတ် တဏှာ(လောဘ) စိတ်ဆိုး ပြစ်မှားခြင်း ဒေါသစိတ်စသည်တို့ ဖြစ်လာတတ်သည်။ **အဒဿံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယတိ** ဟု မိန့်ဆိုထားသည် မဟုတ်ပါလော။

တဏှာစိတ်, ရာဂစိတ် စသည်ဖြစ်လာလျှင်လည်း **သရာဂံဝါ စိတ္တံ သရာဂံစိတ္တန္တိ** ပဇာနာတိ ဒေသနာတော်အရ ရာဂစိတ်ဖြစ်တယ်ဟု သိဇေးရသည်။ **သမု ဒယမ္မာနုပသသီ ဝါ စိတ္တာသ္မိ ဝိဟရတိ၊ ဝယ**

ဓမ္မာနုပဿီ ဝါ စိတ္တာသို့ ဝိဟာရတိ စသည့် ဒေသနာတော်အရ ရာဂစိတ်သည် ဖြစ်ပျက်ဟု ရှုမှတ်ရမည်။ "ရာဂကင်းစိတ်၊ စွန့်လွှတ်ချင်စိတ်၊ ကြီးပွားတိုးတက်စေလိုစိတ်" စသည်ဖြစ်လာလျှင်လည်း ရာဂကင်းစိတ် ဖြစ်သည် စသည်ဖြင့် သိပေးရမည်။ ရာဂကင်းစိတ်, အလောဘစိတ်, အဒေါသစိတ် စသည်တို့သည်လည်း ဖြစ်ပျက်ပဲဟု ရှုမြင်ရမည်။ ယင်းလောဘစိတ်၊ ဒေါသစိတ်၊ အလောဘစိတ်၊ အဒေါသစိတ် စသည်တို့သည် အကြောင်းတိုက်ဆိုင်မှ ရင်ထဲမှာပေါ်သောကြောင့် **အတွင်းညို့သည်စိတ်များ** ဖြစ်ကြသည်ဟု မိုးကုတ်ဆရာတော်က မိန့်တော်မူသည်။ (ဒီ၊ ၂၊ ၂၃၇၊ ဒီ၊ ၆၊ ၂၊ ၃၆၆-၇) ထို့ကြောင့် ဝိညာဏ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန်ပင်ဖြစ်သည်။

ဝိညာဏ်ခြောက်သွယ်တို့ တစ်မျိုးစီ ဖြစ်ပျက်နေသည်ကို မိုးကုတ်ဆရာတော်က **ခန္ဓပဋ္ဌိစ္စသမုပ္ပါဒ်** ဟု နာမည်တပ်ခဲ့သည်။ ပဋ္ဌိစ္စသမုပ္ပါဒ် အနုလုံအစဉ် ဖြစ်သွားတတ်သောကြောင့် ခန္ဓာဖြစ်ပျက်စဉ်နှင့် တူညီနေသည့်အတွက် **ခန္ဓပဋ္ဌိစ္စသမုပ္ပါဒ်** ဟု ပြောကြားတော်မူဟန် တူပါသည်။ ဝိညာဏ်၏ နောက်မှာ ဝေဒနာ, တဏှာ အဖြစ်မခံဘဲ မြင်ကာမတွေ, ကြားကာမတွေ စသည်ထားနိုင်လျှင် ပဋ္ဌိစ္စသမုပ္ပါဒ် အစဉ်ပြတ်၍ ခန္ဓာချုပ်ငြိမ်းနိုင်ပါသည်။ မဂ်ဖိုလ် နိဗ္ဗာန်လျှင်မြန်စွာ ရောက်နိုင်ပါသည်။ ထို့ကြောင့် ဤခန္ဓာ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပိုင်နိုင်စွာ ရှုမှတ် ပွားများနိုင်လျှင် ဝိပဿနာယောဂီအလုပ်သမားများအဖို့ **ဖြတ်လမ်း** ဟုပင်ခေါ်နိုင်ပါသည်။

- **အာရုံဒ္ဒါရ၊ ဝိညာဏာ၊ ထင်ကရှုမှတ်လေ။**
- **မြင်ဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။**
- **ကြားဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။**
- **နံဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။**
- **စားဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။**
- **ထိဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။**

- ကြီဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
- သိဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
- နာမ်နှင့်ရုပ်မျှ၊ သိမြင်က၊ အတ္တဒိဋ္ဌိကွာ။
- ဆက်လက်ရှုက၊ ကြောင်းကျိုးမျှ၊ သိရရှင်းလင်းစွာ။
- ခုပင်ဖြစ်လျက်၊ ခုပင်ပျက်၊ ဆက်လက်သိနိုင်ပါ။
- ဖြစ်ပျက်မြင်က၊ အနိစ္စ၊ ဒိဋ္ဌသိမြင်ပါ။
- အနိစ္စမြင်၊ ဒုက္ခထင်၊ ပေါ်လွင်အနတ္တာ။
- ထိုသို့မြင်ဟန်၊ ဉာဏ်ရင့်သန်၊ နိဗ္ဗာန်ဆိုက်ရောက်ပါ။

မြတ်ဗုဒ္ဓ ဥတိကရွာ အုတ်ပြာသာဒ်ကျောင်း၌ ဆိတ်ငြိမ်ရာမှာ တစ်ပါးတည်းကိန်းအောင်းနေစဉ် **စက္ခုစ၊ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ** စသည်ဖြင့် 'အနုလုံ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ရှုတ်ဆိုတော်မူနေသည်။ ရဟန်းတစ်ပါးသည် တံမြက်လှည်းရန်လာသော်လည်း မလှည်းသေးဘဲ မြတ်ဗုဒ္ဓ အသံတော်ကို နားထောင်နေသည်။ ၄င်းကို မြတ်ဗုဒ္ဓဆင်ခြင်၍ သိတော်မူသည်။

မြတ်ဗုဒ္ဓက အကြောင်းစုံ သိတော်မူ၍ **ဥဂ္ဂဏှာဟိ တွံ ဘိက္ခု ဣမံ ဓမ္မပရိယာယံ၊ ပရိယာပုဏာဟိ...၊ ဓာရေဟိ–အတ္ထသံဟိတော အယံ ဘိက္ခု ဓမ္မပရိယာယော အာဒိကြိုဟ္ဘစရိယကော** ချစ်သားရဟန်း သင်သည် ဤတရားအကြောင်းကို စိတ်ဖြင့် လေ့လာ ကျက်မှတ်သားပါလော့။ နှုတ်ဖြင့် လေ့ကျက်ကာ သင်ယူပါလော့။ လေ့ကျက်တိုင်း တည်အောင် ဆောင်ထားပါလော့။

ဤတရားသည် ကောင်းကျိုးနှင့် ဆက်စပ်သည်။ မဂ္ဂင်ရှစ်ပါးသော မြတ်သောအကျင့်၏ အစတည်ရာဖြစ်သည်ဟု တိုက်တွန်းတော်မူသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ကြိုးစားသင်ယူ ဆောင်ထား လေ့ကျင့်ထားသင့်ပါသည်။ (သံ၊ ၁၊ ၃၀၂-၃)

**စက္ခာလောက၊ ရူပထင်ပြီ၊ မနသီ၊ လေးလီ စက္ခုဖို့။**

မျက်စိဟူသော အခံဓာတ်သို့ အဆင်းဟူသော အတိုက်ဓာတ်က လာ၍ထိခိုက်သောအခါ မြင်သိစိတ် အပွင့်ဓာတ်ပေါ်လာပါသည်။ ယင်းသို့ မြင်သိစိတ် အပွင့်ဓာတ်ပေါ်ရာတွင် ပဓာနအားဖြင့် အခံဓာတ်စက္ခုပသာဒ မျက်စိနှင့် အတိုက်ဓာတ်အဆင်း ရူပါရုံတို့ကို ဖော်ပြထားသော်လည်း အလင်းရောင်ရှိမှုနှင့် နှလုံးသွင်းဆင်ခြင်မှုတို့ကြောင့်လည်း မြင်သိစိတ် ဖြစ်ပေါ်လာပါသည်။ ကြားသိစိတ် စသည်တို့တွင်လည်း အတူတူပင် ဖြစ်ပါသည်။

ယင်းဝိညာဏ် ခြောက်သွယ်ကို "မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, တွေ့ထိစိတ်, ကြံတွေးစိတ်" ဟု "သိ" ဟူသော ဝေါဟာရကို အဌပ်ထား၍လည်း သုံးကြသည်။

(**စက္ခု ရူပေန သံဝါသာ ရာဂဟုတ္တံ ဝိဇာယတိ**၊ မျက်စိသည် အဆင်းနှင့် ပေါင်းသင်းမိခြင်းကြောင့် ရာဂသား မွေးဖွားလာသည်။ "ချစ်ခြင်းအစ မျက်စိက" ဟု ဆိုသည်။ ချစ်ခြင်းအစ နားက, စသည်ဖြင့် ဝိညာဏ်ခြောက်သွယ်ကို ချဲ့ထွင်၍ ပြောသင့်သည်။)

**သဗ္ဗမေဝ ဟိ ဣဒံ ဝိညာဏံ ပဝတ္တိ ပဋိသန္ဓိဝသေန ဒွေဓာ ပဝတ္တတိ။**

ဝိညာဏ်သည် ပဝတ္တိဝိညာဏ်၊ ပဋိသန္ဓေ ဝိညာဏ်အားဖြင့် နှစ်ပါး ရှိသည်။

သခါရအတိတ်အကြောင်းတရားကြောင့် သတ္တဝါတစ်ဦးတွင် ရှေးဦးစွာ ဖြစ်ပေါ်လာသောအသိစိတ်ကို ပဋိသန္ဓေဝိညာဏ်ဟု ခေါ်ပါသည်။ ပဋိသန္ဓေဝိညာဏ်ဖြစ်ပြီး နောက်အစဉ်အဆက် အမိဝမ်းခေါင်းတွင်းဌာနဖြစ်စေ၊ အမိဝမ်းတွင်းမှကျွတ်လွတ်ပြီးနောက်ဖြစ်စေ အသိစိတ်များ အကြောင်းတိုက်ဆိုင်တိုင်းဖြစ်ပေါ်နေမှုကို ပဝတ္တိဝိညာဏ်ဟု ခေါ်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၉၇)

**ဝိညာဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ ဝိညာဏ်သည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခမ်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

ဝိညာဏ်ကို ခွဲခြားသိသူ, ဝိညာဏ်ဖြစ်ကြောင်းကို ခွဲခြားသိသူ, ဝိညာဏ်ချုပ်ခြင်းကို ခွဲခြားသိသူ, ဝိညာဏ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြားသိသူသည် မှန်ကန်သော အယူရှိသူ, ဖြောင့်မတ်သော အယူရှိသူ, တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူ, သူတော်ကောင်းတရားသို့ ရောက်သူဖြစ်သည်။ ရာဂါနုသယစသည် ပယ်ခွာနိုင်၍ အသိဉာဏ်ဝိဇ္ဇာဖြစ်ကာ နိဗ္ဗာန်ကို ယခုဘဝ၌ပင် မျက်မှောက် ပြုနိုင်ပါသည်။ (မ၊ ၁၊ ၆၆)

**သခါရေဟိ ဝိညာဏံ ဒုတိယ သစ္စပ္ပဘဝံ ပဌမ သစ္စံ၊**

သခါရတို့ကြောင့်ဖြစ်သော ဝိညာဏ်သည် ဒုတိယသစ္စာ၏ အကြောင်းဖြစ်သော ပထမသစ္စာခေါ်သည့် ဒုက္ခသစ္စာပင် ဖြစ်ပါသည်။

**သခါရပစ္စယာ ဝိညာဏန္တိ အတ္တသက်န္တိဒဿန နိဝါရဏံ၊**

သခါရအကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်ဟူသော ဤစကားမှာ အတ္တသည်ဘဝသစ်သို့ ပြောင်းသွားသည်ဟူသော မိစ္ဆာအမြင်ကိုတားမြစ်သောစကားဖြစ်သည်။

**ဥပဂ္ဂလိတဿ ပတနံဝိယ သခါရပစ္စယာ ဝိညာဏံ**

သခါရကြောင့်ဖြစ်သော ဝိညာဏ်သည် ခြေချော်သော သူကန်း၏ လဲကျခြင်းနှင့်တူပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၆၊ ၇၊ ၈)

**နာမ်ရုပ်**

**နမနလက္ခဏံ နာမံ၊**

နာမ်သည် အာရုံသို့ ညွှတ်ခြင်း သဘောလက္ခဏာရှိသည်။

**သမ္မယောဂရသံ၊**

ဝိညာဏ်နှင့်အတူတကွလည်းကောင်း၊ အချင်းချင်းလည်းကောင်း ယှဉ်စပ်ခြင်းကိစ္စရှိသည်။

**အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊**

အသီးသီးခွဲခြားရှုမရသော, ခွဲခြားရှုမဖြစ်သောစေတသိက် သဘောတရားများဟု ယောဂီဉာဏ်အား ရှေးရှုထင်လာသည်။

**ဝိညာဏပဒဋ္ဌာနံ၊**

ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉၊ အဘိ၊ ၆၊ ၂၊ ၁၂၉)

ဝိညာဏ်နှင့်နာမ်အမည်ရသောစေတသိက်သည် ယှဉ်စပ်ခြင်းကိစ္စရှိ၏ဟုဆိုလျှင် ယှဉ်စပ်တတ်သည်ဟု အဓိပ္ပါယ်ရသည်။

**ကေဠာဒ နိရောဓစ၊ ကောလမ္ဗဏဝတ္ထုကာ၊**

**စေတောယုတ္တာ ဒ္မိပညာသ၊ ဓမ္မာ စေတသိကာ မတာ။**

(က) အတူဖြစ်ခြင်း

(ခ) အတူချုပ်ခြင်း

(ဂ) အာရုံတူခြင်း

(ဃ) မှီရာဝတ္ထု ရုပ်တူအားဖြင့် ဝိညာဏ်နှင့်စေတသိက်၊ နာမ်တို့သည် ယှဉ်စပ်တတ်ပါသည်။ **စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်နှိတ်၊ စေတသိက်** ဟု စေတသိက်သည် စိတ်ကို မှီတွယ်ဖြစ်ပြီး, မှီရာစိတ်ကိုပင် ခြယ်လှယ်တတ်သောသဘောဖြစ်သည်။

စိတ်တစ်ခု၌ စေတသိက်အများစုယှဉ်တွဲ၍ ဖြစ်ကြရာတွင် ထိုစေတသိက်တို့သည် ခွဲခြားရှုမဖြစ်ဘဲ ပြိုင်တူအတူယှဉ်တွဲ၍သာ

ဖြစ်ကြသည်။ တစ်လုံးပြီးမှတစ်လုံး သီးခြားခွဲ၍ ဖြစ်ရိုးမရှိသဖြင့် အသီးသီး ခွဲခြား၍ မဖြစ်သော, ခွဲခြား၍မရသော စေတသိက်သဘောတရားဟု ယောဂီတို့၏ဉာဏ်တွင် ရှေးရှုထင်လာသည်။

ယင်းစေတသိက်တို့သည် ခွဲခြား၍မဖြစ်သော်လည်း ခွဲခြား၍ မရသော်လည်း ယောဂီတို့၏ဉာဏ်တွင် ယင်းစေတသိက်အသီးသီး၏ ကိုယ်ပိုင်သဘာဝ လက္ခဏာများသည် ကွဲပြားထင်ရှားစွာ တည်ရှိနေ သည်ဟု ထင်မှတ်ရပါသည်။

ဝိညာဏ်ကြောင့် နာမ်ဖြစ်ပုံကို မီးတောက်နှင့် ဥပမာ နှိုင်းကြ သည်။ မီးတောက်သည်နှင့်တစ်ပြိုင်နက် မီးတောက်ထဲမှာ အလင်းရောင် လည်း ပါသည်။ အပူရှိန်လည်း ပါသည်။ မီးတောက်သည် ဝိညာဏ်နှင့် တူသည်။ အလင်းရောင်နှင့် အပူရှိန်တို့သည် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိတက်, ဝိစာရ စသော စေတသိက် နာမ်တရားစုများနှင့် တူသည်။ စေတသိက်နာမ်တရားစုများသည် ဝိညာဏ်စိတ်နှင့် ဖြစ်တူ, ပျက်တူ သဘောများ ဖြစ်သည်။

**ရူပွန လက္ခဏံ ရူပံ**

ရုပ်သည် ဖောက်ပြန်ခြင်းသဘောလက္ခဏာရှိသည်။

**ဝိကိရဏရသံ**

ရုပ်အချင်းချင်းမတွဲ ဖရိုဖရဲကျဲခြင်း ကိစ္စရှိသည်။

**အဗျာကတပစ္စုပဋ္ဌာနံ**

ကုသိုလ်၊ အကုသိုလ်မဟုတ်သော အဗျာကတ သဘောတရား အာရုံကိုမယူတတ်သော သဘောတရားဟု ယောဂီဉာဏ်အား ရှေးရှု ထင်လာသည်။

**ဝိညာဏပဒဋ္ဌာနံ**

ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉၊ အဘိ၊ ၆၊ ၂၊ ၁၂၉)

– ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ပြား၍၊
စကားပုံသေ၊ ရုပ်ခေါ်ပေ၏။

ဖောက်ပြန်ခြင်းဟူသည် အအေးအပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ ပေါင်းဆုံမိသောအခါ ရှေးကဖြစ်သွားသော ရုပ်အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်တို့၏ ဖြစ်ခြင်းပင်ဖြစ်သည်။ သီတတေဇော ဓာတ်ဟူသော အအေးဓာတ်၏သဘာဝသတ္တိ စွမ်းအင်လွန်ကဲနေသော ရုပ်အစဉ်ဆက်တိုက်ဖြစ်နေရာမှ ဥဏှတေဇောဓာတ် အပူဓာတ်၏ သဘာဝ သတ္တိစွမ်းအင်လွန်ကဲသော ရုပ်အစဉ်၏ပြောင်းလဲဖြစ်ပေါ်လာခြင်းစသည့် ရှေးကဖြစ်သွားသောရုပ်အစဉ်နှင့် ဖြစ်ခြင်းမတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းကို ဖောက်ပြန်ခြင်းဟုခေါ်ပါသည်။

ရုပ်သည် နာမ်ကဲ့သို့ တစ်ခုနှင့် တစ်ခုမတွဲဘဲ ဖရိုဖရဲကျဲခြင်း ကိစ္စရှိပါသည်။ ထို့ကြောင့် ဆန်စသည့် အရာဝတ္ထုတို့ကို ကြိတ်ချေ၍ အမှုန့်ပြုလတ်သော် တစ်မှုန့်စီ ဖရိုဖရဲကျဲကုန်၏။ မှုန့်မှုန့်ညက်ညက် ပျက်စီးကုန်၏။

**ဝိညာဏပစ္စယာ နာမရူပံ** တွင် နာမ်တရား၏ တစ်ခါတရံ ကုသိုလ်စသည့် ဖြစ်မှုလည်းရှိပါသည်။ ထို့ကြောင့် ထိုကုသိုလ်စသော နာမ်တရားမှ အထူးကိုပြုခြင်းအကျိုးငှာ အဋ္ဌကထာဆရာတို့က "**အဗျာကတ ပစ္စုပ္ပန္နာနံ**–ကုသိုလ် အကုသိုလ်ကံမဟုတ်သော အဗျာကတ သဘောတရား" ဟု ရုပ်တရားကို ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်း ရှုပွားနေသော ယောဂီ၏ဉာဏ်တွင် ရှေးရှုထင်လာကြောင်း ဖွင့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်လာ နာမရူပံနှင့် ပတ်သက်၍ ဝိဘင်းပါဠိတော်တွင် မြတ်စွာဘုရားရှင်က အောက်ပါအတိုင်း ဟောတော်မူထားပါသည်။

**တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ၊ အတ္ထိနာမံ၊ အတ္ထိရူပံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိ နာမံ၊**

တတ္ထကတမ် ရှိပ်၊ စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရှိပ်၊ ဣဒံ ဝုစ္စတိ ရှိပ်၊ ဣတိ ဣဒဉ္စနာမ် ဣဒဉ္စ ရှိပ်၊ ဣဒံ ဝုစ္စတိ ဝိညာဏ ပစ္စယာ နာမရှိပ်။

ပဋိစ္စသမုပ္ပါဒ်တွင် ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်ဟူသည် အဘယ်နည်း၊ နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထိုနာမ်ရုပ်တို့တွင် နာမ်သည် အဘယ်နည်း၊ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ ဤသုံးပါးကို နာမ်ဟုဆိုရသည်။

ထိုနာမ်ရုပ်တို့တွင် ရုပ်သည်အဘယ်နည်း။ လေးပါးသော မဟာဘုတ်နှင့် မဟာဘုတ်လေးပါးကို စွဲ၍ဖြစ်သော ဥပါဒါရုပ်၊ ဤဘူတရုပ်၊ ဥပါဒါရုပ်ကို ရုပ်ဟူ၍ခေါ်ဆိုရသည်။ ဤသို့လျှင် နာမ်ကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း၊ နာမ်ရုပ်ကိုလည်းကောင်း ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်ဟုခေါ်ဆိုပါသည်။ (အဘိ၊ ၂၊ ၁၄၂-၁၄၃)

ရူပကွန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊
ဝိညာဏဟု၊ အစုငါးတန်၊ ငါးရပ်ခန်တည်း။
ဖောက်ပြန်ခံစား၊ မှတ်သားပြုပြင်၊
သိဝိညာဏ်၊ ငါးအင်ခန္ဓာမှတ်။

ခန္ဓသဒ္ဒါသည် အစုအပုံဟု အဓိပ္ပာယ်ရပါသည်။ ဖောက်ပြန်ခြင်း ရုပ်အစုအပုံကို ရူပကွန္ဓာ၊ ခံစားခြင်း ဝေဒနာအစုအပုံကို ဝေဒနာကွန္ဓာ၊ မှတ်သားခြင်း သညာအစုအပုံကို သညကွန္ဓာ၊ ပြုလုပ်တတ်ခြင်း သင်္ခါရအစုအပုံကို သင်္ခါရကွန္ဓာ, သိမှုအစုအပုံကို ဝိညာဏကွန္ဓာဟု ငါးပါးရှိသည်။ ထိုခန္ဓာငါးပါးတို့တွင် ဖောက်ပြန်ခြင်း ရုပ်အစုအပုံကို ရုပ်ခန္ဓာခေါ်သည်။ ကျန်ခန္ဓာလေးပါးကို နာမ်ခန္ဓာလေးပါးဟု ခေါ်ပါသည်။

နာမ်ခန္ဓာလေးပါးတို့တွင်လည်း ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာတို့သည် စေတသိက်ခန္ဓာများ ဖြစ်ကြသည်။ ဝိညာဏကွန္ဓာသည် စိတ်ခန္ဓာဖြစ်သည်။

- နိုဗ္ဗိဒါဉာဏ်၊ ဖြစ်ဖို့ရန်၊ အမှန်လိုအပ်သည်။
- ထို့ကြောင့် ဥပါဒါန်၊ အာရုံမှန်၊ ရှိရန်သင့်တော်သည်။
- ဖြစ်မှုပျက်မှု၊ ရုပ်အစု၊ မှတ်ရှု သိရမည်။
- ဖြစ်မှုပျက်မှု၊ ဝေဒနာအစု၊ မှတ်ရှု သိရမည်။
- ဖြစ်မှုပျက်မှု၊ သညာအစု၊ မှတ်ရှု သိရမည်။
- ဖြစ်မှုပျက်မှု၊ သင်္ခါရအစု၊ မှတ်ရှု သိရမည်။
- ဖြစ်မှုပျက်မှု၊ ဝိညာဏ်အစု၊ မှတ်ရှု သိရမည်။

နာမ်ရုပ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပင်ဖြစ်သည်။ ခန္ဓပဋ္ဌ ကို ညွှန်ပြရာ၌ ခန္ဓာငါးပါးသဘော, ခန္ဓာငါးပါး၏ဖြစ်ကြောင်း, ခန္ဓာငါးပါး၏ချုပ်ကြောင်းနှင့် ချုပ်ရာကိုသိဖို့ ရှေးဦးစွာ ညွှန်ပြထားသည်။ ထို့နောက် ခန္ဓာငါးပါး၏ အဖြစ်အပျက် ရှုမှတ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ပဋ္ဌာန်းသမုဒ္ဒရာမှာ ဖော်ပြထားသော နာမ်ရုပ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ထဲမှာ ပီပြင်စွာ ပါဝင်နေသည်ဟု သိရသည်။ အခြားသတိပဋ္ဌာန်များနှင့် ဆက်နွယ်ယှဉ်လျှင်လည်း ရနိုင်ပါသေးသည်။

(ဒီ၊ ၂၊ ၂၃၉၊ ဒီ၊ ၆၊ ၂၊ ၃၇၃)

**ဝိညာဏ ပစ္စယာ နာမရူပံ** ပါဠိတော်တွင် **နာမရူပံ** အရ ရုပ်ခန္ဓာတစ်ပါးနှင့် စေတသိက်ခန္ဓာသုံးပါးတို့ကို ယူရပါမည်။ စိတ်ခန္ဓာဟူသော **ဝိညာဏက္ခန္ဓာ** ကို **သင်္ခါရ ပစ္စယာ ဝိညာဏံ** ပုဒ်၌ **ဝိညာဏံ** အရယူပြီးဖြစ်ပါသည်။ ထို့ကြောင့် နာမအရ စေတသိက် ခန္ဓာသုံးပါးကိုသာ ယူရခြင်းဖြစ်ပါသည်။ (အဘိ၊ ၆၊ ၂၊ ၁၆၀)

ဝိဘင်းပါဠိတော်တွင် **နာမ** အရ **ဝေဒနာ** စသော ခန္ဓာ (၃) ပါးကို ယူရမည်ဟု ဟောတော်မူသကဲ့သို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင်လည်း **နာမန္တိ အာရမ္မဏာဘိမုခံ နမနတော ဝေဒနာဒယော တယော ခန္ဓာ။**

နာမ်ဟူသည် အာရုံသို့ ရှေးရှည်တတ်သောကြောင့် ဝေဒနာ စသည့် သုံးပါးသောခန္ဓာတို့ဖြစ်သည်ဟု မိန့်ဆိုထားပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၉၂)

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ 'ကိ ပန ဣမေတယော ခန္ဓာဝ နာမ်၊ ဝိညာဏ်နာမ်နာမ နဟောတိတိ။ နော နဟောတိ။ တသ္မိ ပန ဝိညာဏေ ဂယှမာနေ နာမဝိညာဏသမ္ပယုတ္တံ ဝိညာဏ သမ္ပယုတ္တဓမ္မာ ဝိညာဏာနံ သဟဘာဝေါ အာပဇ္ဇတိ။ တသ္မာ ဝိညာဏံ ပစ္စယဋ္ဌာနေ ဌပေတ္မာ ပစ္စယ နိဗ္ဗတ္တံနာမ် ဒသ္သေတုံ တယောဝ ခန္ဓာ ဝုတ္တာတိ။

(အဘိ၊ ၆၊ ၂၊ ၁၆ဝ)

အဘယ်နည်း။ ဤခန္ဓာသုံးပါးတည်းသာ နာမ်အမည် ရကြပါသလား။ ဝိညာဏက္ခန္ဓာကား နာမ်ဟူသောအမည်ကို မရပါသလောဟူ၍ မေးလာအုံ့။ ဝိညာဏက္ခန္ဓာသည် နာမ်အမည်မရသည်မဟုတ်။ နာမ်အမည် ရသည်သာဖြစ်သည်။ သို့သော် ဝိညာဏ်ကိုလည်း နာမ်အဖြစ်ယူထားသော အကြောင်းဖြစ်သော ဝိညာဏ်နှင့် အကျိုးဖြစ်သော ဝိညာဏ်နှစ်ခုတို့ အတူတကွဖြစ်သွားရာ၏။

ထို့ကြောင့် နာမ်ခန္ဓာ(၄)ပါးအနက် ဝိညာဏက္ခန္ဓာကို အကြောင်းနေရာ၌ထားပြီး ဝေဒနာက္ခန္ဓာ စသည်ကို အကျိုးနေရာတွင်ထား၍ ပြခြင်းငှာ ခန္ဓာ(၃)ပါးတည်းကိုသာ ဟောတော်မူ၏ဟူ၍ ဖြေဆိုရာ၏ ဟု မိန့်ဆိုထားပါသည်။

ထို့ကြောင့် နာမရူပ်တွင် နာမ်အရ စေတသိက်ခန္ဓာ (၃) ပါးသာ ယူရမည်ဖြစ်ကြောင်း ပေါ်လွင်ပါသည်။

သမ္မာဒိဋ္ဌိသုတ္တန်၌ **ဝေဒနာ, သညာ, စေတနာ, ဖဿော မနသိကာရော၊ ဣဒံ ဝုစ္စတာဝုသော နာမံ** ဟု အရှင်သာရိပုတ္တရာက မိန့်ဆိုထားသည်။ ၄င်းတို့ကို ခန္ဓာဖွဲ့လျှင် ဝေဒနာက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ,ဟု သုံးပါးသာ ရပါသည်။ ထို့ကြောင့် စေတသိက်သရုပ်ကို

ဟောပြတာနှင့် ခန္ဓာသရုပ်ဟောပြခြင်းသာ ကွဲပြားပါသည်။ သဘာဝက အတူတူပင် ဖြစ်သည်။ (မ၊ ၁၊ ၆၅-၆၆)

ရူပံအရလည်း ရုပ်မှန်သမျှကို ယူရပါမည်။ ရုပ်တွင် ဘူတရုပ်၊ ဥပါဒါရုပ်ဟု (၂) မျိုး ရှိပါသည်။ ဘူတရုပ်သည် မဟာဘူတရုပ်၏ အတိုကောက်အမည်ပင်ဖြစ်သည်။ မဟာဘူတရုပ်များသည် အထည်ကိုယ် အမာခံရုပ်များဖြစ်သည်။ ဥပါဒါရုပ်များသည် ထိုမဟာဘုတ်ကို မှီရသော အပေါ်ယံအမွှမ်းတင်ရုပ်များ ဖြစ်သည်။ မဟာဘုတ်ရုပ်ဟူသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောရုပ်များ ဖြစ်သည်။ ယင်းတို့ကိုမှီ၍ ကျန်သော ရုပ်များ ဖြစ်ပေါ်လာရသည်။ ၄င်းမဟာဘုတ်နှင့် ဥပါဒါရုပ်အားလုံးသည် ရူပံအရယူရမည် ဖြစ်ပါသည်။

ဝိညာဏ်ကြောင့် ရုပ်ဖြစ်သည်ဆိုရာတွင် ရုပ်များစွာအနက် တချို့ရုပ်များသည် ပဋိသန္ဓေ ဝိညာဏ်စိတ်နှင့် အတူ ဖြစ်ကြသည်။ တချို့ရုပ်များက ပဝတ္တိအခါမှ အကြောင်းတိုက်ဆိုင်တိုင်း ဖြစ်ကြသည်။ ၄င်းနာမ်ရုပ်သည် ဒုက္ခသစ္စာပင်ဖြစ်သည်။

နာမ်ရုပ်ကို ခွဲခြားသိသူ, နာမ်ရုပ်ဖြစ်ကြောင်းကို ခွဲခြားသိသူ, နာမ်ရုပ်ချုပ်ခြင်းကို ခွဲခြားသိသူ, နာမ်ရုပ်ချုပ်ခြင်းသို့ရောက်ကြောင်း အကျင့်ကို ခွဲခြားသိသူသည် မှန်ကန်သော အယူရှိသူ, အယူဖြောင့်မတ်သူ, တရားတော်ကို သက်ဝင်ကြည်ညိုသူ, သူတော်ကောင်းတရားသို့ရောက်လာသူဖြစ်သည်။ ရာဂါနုသယ စသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ် ရကာ ယခုဘဝ၌ပင် ဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ (မ၊ ၁၊ ၆၅၊ ၆၆)

**ဝိညာဏ ပစ္စယာ နာမရူပန္တိ 'အတ္တာ' တိပရိကပ္ပိတ ဝတ္ထု ဘေဒဒဿနတော ယနသညာနိဝါရဏံ၊**

ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ဟူသော ဤစကားသည် အတ္တဟုကြံဆအပ်သော ခန္ဓာငါးပါးဟူသော ဝတ္ထု၏

အသီးသီးကွဲပြားခြင်းကို ပြခြင်းကြောင့် တလုံးတခဲတည်း တစ်ယောက်တည်းဟု ထင်မှတ်သောယနသညာကို တားမြစ်သောစကား ဖြစ်ပါသည်။

**ပတိတသ ဝဏ္ဏပါတုဘာဝေါဝိယဝိညာဏပစ္စယာ နာမရူပံ၊**

ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်သည် လဲကျသော သူကန်းအား အိုင်းအမာဖြစ်ပေါ်ခြင်းနှင့် တူပါသည်။

**ဝိညာဏပစ္စယာ နာမရူပန္တိ ဘာသမာနေန ဘဂဝတာ ယသ္မာ ဥပပရိက္ခမာနာနံ ပဏ္ဍိတာနံ ပရမတ္ထတော နာမရူပမတ္တမေဝ ပဝတ္တမာနံ ဒိဿတိ၊ နှ သတ္တာ နှ ပေါသော။**

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏ ဟုဟောတော်မူသော မြတ်စွာဘုရားရှင်သည် ဉာဏ်ပညာဖြင့် စူးစမ်းလေ့ရှိသူအား ပရမတ္ထအားဖြင့် နာမ်တရား ရုပ်တရားမျှသာဖြစ်သော နာမ်ရုပ်မျှ ဖြစ်ပေါ်နေပုံသည် အသိဉာဏ်တွင် ထင်မြင်လာ၏။ သတ္တဝါဟူ၍ မထင်ပါ။ နာမ်ရုပ်မျှသာဟု ထင်မြင်လာရခြင်း ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၉ဖ)

**နာမရူပံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။** (သံ၊ ၁၊ ၂ဖ၅)

ရဟန်းတို့ နာမ်ရုပ်သည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခမ်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

ဤသာသနာတော်မှာ လိုရင်းကတော့ အနတ္တပါ။ ဒါပေမဲ့ အနတ္တသို့ရောက်အောင် ထိုးဖောက်၍ တောက်လျှောက် သိဖို့မလွယ်။ သဘောပေါက်ဖို့ ခက်ခဲ၏။

သို့ဖြစ်၍ အနတ္တသို့ရောက်ဖို့ရာ အခြေခံဖြစ်တဲ့ အနိစ္စကို မြင်အောင် ကြည့်နေရသေးခြင်းဖြစ်သည်။

မိမိခန္ဓာကိုယ်ပေါ်မှာ ခဏမစဲ တသဲသဲ အမြဲတမ်း ဖြစ်ပျက်နေတာတွေကို သိလာတော့မှ "မမြဲဘူး" ဆိုတဲ့ အနိစ္စ၊ ဖြစ်ပျက်တို့ဖြင့် နှိပ်စက်နေတာတွေကို တွေ့ရတော့မှ "ဆင်းရဲခြင်း" ဆိုတဲ့ ဒုက္ခ၊ အလိုသို့ မလိုက်, အကြိုက်သို့ မပါတာတွေကို တွေ့လာရတော့မှ "သူ့သဘော" ဆိုတဲ့ အနတ္တ၊ အဲဒါတွေကို ပီပီပြင်ပြင် မြင်လာနိုင်တယ်။ ထို့ကြောင့် မြတ်စွာဘုရားက မေယိယမထေရ်အား ဤသို့ဟောတော်မူခြင်းဖြစ်သည်။

**အနိစ္စသညိနော မေယိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာန သမုဂ္ဃါတं ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။**

(အံ၊ ၃၊ ၁၆၉)

ချစ်သား မေယိယ...။ အနိစ္စသညာထင်သောပုဂ္ဂိုလ်အား အနတ္တသညာသည် အလိုလို ထင်လာ၏။ အနတ္တသညာထင်သော ပုဂ္ဂိုလ်သည် ငါဟူသော မာန်မာနတရားကို ပယ်ခွာခြင်းသို့ ရောက်ရလေ၏။ မျက်မှောက်ဘဝ၌ပင် သဉ္ဇပါဒိသေသနိဗ္ဗာန်သို့လည်း ရောက်ရလေတော့၏။

ဤဒေသနာကို စူးစူးစိုက်စိုက် သတိပြုသင့်၏။ ဝိပဿနာလုပ်ငန်း၌ အခြေခံအနေဖြင့် အနိစ္စမြင်ဖို့ ပထမအရေးကြီးသည်။ အနိစ္စမြင်လို့ရှိလျှင် အနတ္တထင်နိုင်၏။ အနတ္တလို့ အမှန်သိလျှင် မာနတရားတွေ ကင်းပြတ်သည်။ မာနတရားတွေ ကင်းပြတ်လျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရလေတော့၏။

ထို့ကြောင့် ဦးစွာပထမ အရှုခံတရားဖြစ်တဲ့ ရုပ်နှင့်နာမ်ကို ကွဲပြားအောင် လေ့လာပါ။ ပြီးလျှင် အခြေခံဖြစ်တဲ့ အနိစ္စမြင်ဖို့၊ ဖြစ်ပျက်မြင်ဖို့ ကြိုးစားပါဟူ၍ တိုက်တွန်းရပါသည်။ (တစ်ဘဝ သာသနာ- ၅၃၇)

**– အနိစ္စထင်၊ မာနစင်၊ မြင်အောင်ဉာဏ်ဖြင့်ရှု။**

**– ဒုက္ခကိုထင်၊ တဏှာ စင်၊ မြင်အောင်ဉာဏ်ဖြင့်ရှု။**

**– အနတ္တထင်၊ ဒိဋ္ဌိစင်၊ မြင်အောင်ဉာဏ်ဖြင့်ရှု** ဟု ပညာရှင်တစ်ဦးက မိန့်ဆိုခဲ့သည်။

"အနိစ္စကို နိစ္စလို့မှတ်ရင် မာနပဋ္ဌိစ္စသမုပ္ပါဒ် လည်တယ်။ ဒုက္ခကို သုခမှတ်ရင် တဏှာပဋ္ဌိစ္စသမုပ္ပါဒ်လည်တယ်။ အနတ္တကို အတ္တထင်ရင် ဒိဋ္ဌိပဋ္ဌိစ္စသမုပ္ပါဒ်လည်တယ်။ အသုဘကို သုဘထင်ရင် တဏှာပဋ္ဌိစ္စ သမုပ္ပါဒ်လည်တယ်။ အနိစ္စာနုပဿနာဉာဏ်က မာနကိုပယ်တယ်။ ဒုက္ခာနုပဿနာဉာဏ်က တဏှာကို ပယ်တယ်။ အနတ္တာ နုပဿနာဉာဏ်က ဒိဋ္ဌိကိုပယ်တယ်" ဟု ပညာရှင်တစ်ဦးက ညွှန်ပြခဲ့သည်။

## သဠာယတန

**သဠာယတန** သဒ္ဒါသည် အာယတန(၆)ပါးဟု အဓိပ္ပာယ်ရသည်။ အာယတနသဒ္ဒါသည် တည်ရာဟုလည်းကောင်း၊ ထိခိုက်ခြင်းဟုလည်းကောင်း ချဲ့ထွင်ခြင်းဟုလည်းကောင်း အဓိပ္ပာယ်ရပါသည်။

နာမ်ရုပ်ရှိလျှင် အာယတနဖြစ်သည် ဟူသောသဘာဝကြောင့် **နာမ ရူပံ သဠာယတန သ ပစ္စယော** နာမ်ရုပ်သည် သဠာယတနအား ကျေးဇူးပြုသည်ဟု ဟောတော်မူသည်။

ထို့အပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် **နာမရူပဘာဝေ ဘာဝတော တသ တသ ဟိ နာမသ ရူပသ ဘာဝေ တံ တံ အာယတနံ ဟောတိ။**

ထိုထိုနာမ် ထိုထိုရုပ်ရှိလျှင် ထိုထိုအာယတနဖြစ်၏။ နာမ်ရုပ်ရှိလျှင်ရှိခြင်းကြောင့် အာယတန ဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။

(ဝိသုဒ္ဓိ၊ ၅၊ ၂၊ ၁၉၆)

**အာယတနလက္ခဏာ သဠာယတနံ၊**

သဠာယတနသည် ထိခိုက်ခြင်း၊ အားထုတ်ခြင်း၊ စိတ်စေတသိက်တို့ကို ချဲ့ထွင်ခြင်းသဘောလက္ခဏာရှိသည်။

**ဒဿနာဒိရသံ**=မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ တွေ့ထိခြင်း၊ သိခြင်းကိစ္စရှိသည်။

ဝတ္ထုဒ္ဒါရဘာဝပစ္စုပ္ပန္နာနံ=ထိုက်သည့်အားလျော်စွာ မှီရာဝတ္ထုအဖြစ်, ဝင်ထွက်ရာတံခါးအဖြစ် ဖြစ်ခြင်းသဘောတရားဟု ယောဂီဉာဏ်အား ရှေးရှုထင်လာ၏။

**နာမရူပ ပဒဋ္ဌာနံ**၊ နာမ်ရုပ်လျှင် ဖြစ်ခြင်း အကြောင်းတရား ရှိသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၆၊ အဘိ၊ ၆၊ ၂၊ ၁၂၉)

ပိဋကတ်စာပေတွင် ဆဋ္ဌာယတနဟုလည်းကောင်း၊ သဋ္ဌာယတနဟုလည်းကောင်း (၂) မျိုး ရှိသည်။ ၄င်းတို့သည် အဓိပ္ပါယ်များ ကွာခြားလှပါသည်။ ဆဋ္ဌာယတနာသည် (၆) ခု မြောက်ဖြစ်သော အာယတနဟု အဓိပ္ပာယ်ရသည်။ သဋ္ဌာယတနသည် အာယတန (၆)ပါးဟု အဓိပ္ပာယ်ရသည်။ ဆဋ္ဌာယတနအရ မနာယတနာကို ယူရမည် ဖြစ်သည်။ သဋ္ဌာယတနအရ စက္ခာယတနစသော အာယတန(၆)ပါးလုံး ယူရသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်တွင် **နာမရူပ ပစ္စယာ သဋ္ဌာယတနံ** ဟု ဟောပြောခြင်းသည် စက္ခာယတနစသော အာယတန(၆)ပါးလုံး ယူရမည် ဖြစ်သောကြောင့် ဟောကြားထားခြင်းဖြစ်သည်။

ရုပ်မရှိသော အရူပဘုံတွင် အာယတန (၆) ပါးလုံးမဖြစ်ဘဲ မနာယတနတစ်ပါးတည်းသာ ဖြစ်သောကြောင့် ဆဋ္ဌာယတနဟု ဟောကြားသင့်သော်လည်း အရူပဘုံသာမက ကာမဘုံ၊ ရူပဘုံတို့၌လည်း နာမ်ရုပ်သည် အာယတနအား ကျေးဇူးပြုသည်ဟု ညွှန်ပြလိုသောကြောင့် သဋ္ဌာယတနဟု ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် -

**ဆဋ္ဌာယတနဋ္ဌ သဋ္ဌာယတနဋ္ဌ သဋ္ဌာယတနန္တိ ဝေါ ကတေက သေသသေသေ သဋ္ဌာယတနသသပစ္စယာတိ ဝေဒိတဗ္ဗံ။ ကသ္မာ ယသ္မာအာရုပ္ပေနာမမေဝ ပစ္စယော၊ တဿ ဆဋ္ဌာယတနသေသေ နိ အညသ။ နာမပစ္စယာ ဆဋ္ဌာယတန န္တိ ဟိ ဝိဘင်္ဂေ ဝုတ္တံ။**

မနာယတန ဟူသော(၆)ခုမြောက် ဆဋ္ဌာယတနသည်လည်း ကောင်း၊ အာယတန(၆)ပါးဟူသော သဋ္ဌာယတနသည်လည်းကောင်း၊ သဋ္ဌာယတနမည်၏ဟု တစ်ခုကြွင်းပြုထားသော သဋ္ဌာယတနအား နာမ်ရုပ်သည် ကျေးဇူးပြု၏ဟုသိရသည်။ အဘယ်ကြောင့်နည်း, အရူပဘုံ၌ နာမ်ကသာလျှင် ကျေးဇူးပြု၏ဟု သိရသည်။ ရုပ်က ကျေးဇူးမပြုနိုင်၊ ၄င်းနာမ်သည်လည်း (၆)ခုမြောက် မနာယတနအားသာလျှင် ကျေးဇူးပြု၏။ အခြားသော အာယတနအား ကျေးဇူးမပြု။ ဝိဘင်းပါဠိတော်တွင် "နာမ်ဟူသော အကြောင်းကြောင့် ဆဋ္ဌာယတနဖြစ်သည်" ဟု ဟောတော်မူထားကြောင်း ဖွင့်ပြထားပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၂ ၁၉၆။ အဘိ၊ ၆၊ ၂။ ၁၆၅)

အာယတနသည် (၆) ပါး ရှိသောကြောင့် သဋ္ဌာယတနဟု ဟောတော်မူသည်။ ယင်းသဋ္ဌာယတနတို့ကို ဝိဘင်ပါဠိတော်၌ အောက်ပါအတိုင်း ဟောကြားထားသည်။

**တတ္ထ ကတမံ နာမရူပပစ္စယာ သဋ္ဌာယတနံ၊ စက္ခာယတနံ သောတာယတနံ ঘာနာယတနံ ဇိဝှါယတနံ, ကာယာယတနံ, မနာယတနံ၊ ဣဒံဝုစ္စတိ နာမရူပ ပစ္စယာ သဋ္ဌာယတနံ။**

ပဋ္ဌာန်စသမုဒ္ဒါဒ်တွင် နာမ်ရုပ်ကြောင့်ဖြစ်သော သဋ္ဌာယတနသည် အဘယ်ပါနည်း။ **စက္ခာယတန၊ သောတာယတန၊ ঘာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန**တို့ဖြစ်သည်။ ၄င်း(၆)ပါးကို "အဗ္ဗတ္တိ ကာယတန" ဟုလည်းခေါ်သည်။ (အဘိ၊ ၂၊ ၁၄၃)

အဆင်း၏တည်ရာမျက်စိကို စက္ခာယတန၊ အသံ၏ တည်ရာနားကို သောတာယတန၊ အနံ့၏တည်ရာ နှာခေါင်းကို ঘာနာယတန၊ အရသာ၏ တည်ရာပါးစပ်ကို ဇိဝှါယတန၊ အတွေ့အထိ၏ တည်ရာခန္ဓာကိုယ်ကို ကာယာယတန၊ တွေးတောကြံစည်ရာ၏ တည်ရာစိတ်ကို မနာယတနဟု ခေါ်ပါသည်။ ၄င်း (၆) ပါးသည် ခန္ဓာကိုယ်နှင့်

တစ်စပ်တည်း ရှိနေသောကြောင့် **အဗ္ဗတ္တိကာယတန**" ဟုလည်း ခေါ်သည်။ အတွင်းအာယတန ဖြစ်သည်။ **မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်** ဟု အလွယ်မှတ်ကြသည်။ **အခံဓာတ် ခြောက်ပါး** ဟု ခေါ်သည်။

**အဆင်းအမျိုးမျိုး** ရူပါရုံကို "ရူပါယတန"၊ **အသံအမျိုးမျိုး** သဒ္ဒါရုံကို သဒ္ဒါယတန၊ **အနံ့အမျိုးမျိုး** ဂန္ဓာရုံကို ဂန္ဓာယတန၊ **အရသာ အမျိုးမျိုးရသာ**ရုံကို ရသာယတန၊ **အတွေ့အထိအမျိုးမျိုး** ဖောဋ္ဌဗ္ဗာရုံကို ဖောဋ္ဌဗ္ဗာယတန၊ **တွေးကြံစရာ အာရုံအမျိုးမျိုး** ဓမ္မာရုံကို ဓမ္မာယတန ဟုခေါ်သည်။ ၄င်း(၆)ပါးသည် ခန္ဓာကိုယ်၏ အပြင်ဘက်၌ဖြစ်သော ကြောင့် "ဗာဟိရာယတန" ဟုခေါ်သည်။ အပြင်အာယတနဖြစ်သည်။

**အဆင်း, အသံ, အနံ့, အရသာ, တွေ့ထိစရာ, ကြံတွေးစရာ** ဟု အလွယ်မှတ်နိုင်သည်။ **အတိုက်ဓာတ်ခြောက်ပါး** ဟု ခေါ်သည်။ **အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု**-မိမိ၏သဘောကို ဆောင်ခြင်းသည် ဓာတ်ဖြစ်သည်။ ကိုယ့်သဘော ကိုယ်ဆောင်တာကို ဓာတ်ဟု ခေါ်နိုင်ပါသည်။ မျက်စိက မြင်ခြင်းကိစ္စသာ ဆောင်သည်။ ကြားခြင်းကိစ္စ မဆောင်။ နားက ကြားခြင်းကိစ္စသာ ဆောင်သည်။ မြင်ခြင်းကိစ္စ မဆောင်။ ထိုသို့ ကိုယ့်ကိစ္စကိုယ်ဆောင်နေသည့်သဘောကို ဓာတ်ဟု ခေါ်ပါသည်။ ထို့ကြောင့် **အဗ္ဗတ္တိကာယတန** (၆) ပါးကို အခံဓာတ်ဟု ခေါ်၍ ဗာဟိရာယတန(၆)ပါးကို အတိုက်ဓာတ်ဟု ခေါ်ပါသည်။ ၄င်း(၁၂) ပါးကို ဒွါဒသာယတန အာယတန (၁၂) ပါးဟုခေါ်သည်။ ခန္ဓာကိုယ်အတွက် အကျိုးများတာ, လိုရင်း ပဓာနကျတာ, အခြေခံကျတာကို အစွဲပြုပြီး အတွင်းအာယတနဟု ခေါ်သည်။ အကျိုးပြုမှု လိုရင်းပဓာန အခြေခံမကျမှုကို အစွဲပြုပြီး အပြင်အာယတနဟု ခေါ်သည်။

**မျက်စိအတွင်းရုပ်နှင့် အဆင်းအပြင် ရုပ်တို့တွင် မျက်စိက** လိုရင်းပဓာနကျသည်။ **အဆင်းက** လိုရင်းပဓာန မဟုတ်, **အဆင်းရှိဖို့ထက်**

မျက်စိရှိဖို့က အဓိကပါ။ အတိုက်ဓာတ်(၆)ပါး **ဗာဟိရာယတန** တို့က အခံဓာတ် (၆) ပါး **အဗ္ဗတ္တိကာယတန** ကို တိုက်ခိုက်သောအခါ အပွင့်ဓာတ်ပေါ်လာသည်။ ထိုဓာတ်တို့ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု **ဖဿ** ဖြစ်လာသည်။ **ဗာဟိရာယတန** နှင့် **အဗ္ဗတ္တိကာယတန** တို့၏ ထိခိုက်ခြင်းကိုပင်လျှင် **ဖဿ** ဟု ခေါ်ဆိုနိုင်ပါသည်။

**စက္ခုံစ ပဋ္ဌိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။** စက္ခုပသာဒနှင့် ရူပါရုံတို့ကို စွဲ၍မြင်စိတ်ဖြစ်လာသည်။ ၄င်း(၃)ပါးတို့၏ ပေါင်းဆုံခြင်းသည် တွေ့ထိမှုဖဿဖြစ်သည်ဟု သံယုတ်ပါဠိတော်တွင် မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ (သံ၊ ၁၊ ၃၀၀)

ယင်းပါဠိတွင် စက္ခုအရ အခံဓါတ်ကို ယူရ၍ ရူပအရ အတိုက်ဓာတ်များကိုယူရသည်။ ၄င်း(၂)ခုကိုစွဲ၍ မြင်စိတ် "စက္ခုဝိညာဏ်" အပွင့်ဓာတ်ပေါ်လာသည်။ ၄င်းအပွင့်ဓာတ်သဘောများကို "သခါရ ပစ္စယာ ဝိညာဏံ" ဖွင့်ဆိုချက်တွင် အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အဗ္ဗတ္တိကာယတန(၆)ပါးသည် အခံဓာတ်(၆)ပါးဖြစ်၍ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာဟူသော ဗာဟိရာယတန(၆)ပါးသည် အတိုက်ဓာတ် ဖြစ်ပြီး မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ် ဟူသော ဝိညာဏ်(၆)သွယ်သည် အပွင့်ဓာတ်(၆)ပါး ဖြစ်ပါသည်။ ၄င်းတို့ကို ဓာတ်(၁၈)ပါးဟုခေါ်သည်။

**စက်, သော, ဃာ, ဇိ၊ ကာ, မနီ၊ ခြောက်လီ အခံဓာတ်။**
**ရူ, သဒ်, ဂန်, ရသ်၊ ဖောဋ္ဌဗ္ဗ၊ ခြောက်ဝအတိုက်ဓာတ်။**
**မြင်, ကြား, နံ, စား၊ ထိ, သိဟား၊ ခြောက်ပါးအပွင့်ဓာတ်။**

သဠာယတနသည် ဒုက္ခသစ္စာ ဖြစ်သည်။ **သဠာယတနံသဝိသယေ စ ဝတ္တတိ**=သဠာယတနသည် မိမိနှင့်ဆိုင်သော အဆင်းအစရှိသော အာရုံ၌လည်း ဖြစ်ခြင်းကိစ္စရှိသည်။

နာမရူပပစ္စယာ သဠာယတနန္တိ အာဒိ အတ္တာ ပသဿတိ။ ဝိဇာနာတိ ဖုသတိ၊ ဝေဒယတိ၊ တဏှိယတိ၊ ဥปาဒိယတိ၊ ဘဝတိ၊ ဇယတိ၊ ဇိယတိ၊ မိယတီတိ ဝေမာဒိဒဿန နိဝါရဏံ။

နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်သည် အစရှိသောစကားသည် အတ္တသည် မြင်တတ်၏။ ကြားတတ်၏။ နံတတ်၏။ စားတတ်၏။ ထိတတ်၏။ သိတတ်၏။ တွေ့ထိတတ်၏။ ခံစားတတ်၏။ ဆာလောင်တပ်မက်တတ်၏။ စွဲလမ်းတတ်၏။ ဖြစ်စေတတ်၏။ ရင့်တတ်၊ အိုတတ်၏၊ သေတတ်၊ ပျက်စီးတတ်၏၊ အစရှိသော မှားယွင်းသောအမြင်ကို တားမြစ်သော စကားရပ်ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၇)

မိမိတို့က "ငါကြည့်သည်၊ ငါရှုသည်၊ ငါမြင်သည်" စသည်ဖြင့် မျက်စိ, နား, နာ, လျှာ, ကိုယ်, စိတ်ဓာတ်တွေမှာ သက္ကာယဒိဋ္ဌ ငရဲအိုးတွေ တည်ထောင်နေကြသည်။ ၄င်းငရဲအိုးကြီးတွေထဲမှာ လောဘ, ဒေါသ, မောဟ, မာန, ကျွဿာ, မစ္ဆရိယ စသော ငရဲမီးတောက်မီးလျှံတို့ တဟုန်းဟုန်း တောက်လောင်နေကြသည်။ ဒိဋ္ဌကိုပယ်ခွာ၍ မီးတောက်မီးလျှံများ လျှင်မြန်စွာ ငြိမ်းသတ်သင့်ကြပါပြီ။

သဠာယတနကို ခွဲခြားသိသူ, သဠာယတနဖြစ်ကြောင်းကို ခွဲခြားသိသူ, သဠာယတနချုပ်ခြင်းကို ခွဲခြားသိသူ, သဠာယတနချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြားသိသူသည် မှန်ကန်သော အယူရှိသူ, ဖြောင့်မတ်သောအယူရှိသူ, တရားတော်၌ သက်ဝင်ကြည်ညိုသူ, သူတော်ကောင်းတရားသို့ ရောက်သူဖြစ်သည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ (မ၊ ၁၊ ၆၅)

ဂဏ္ဍာဘေဒပီဋကာဝိယ နာမရူပပစ္စယာ သဠာယတနံ။

နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနသည် အိုင်းအမာပေါက်ကွဲ၍ ဖြစ်ပေါ်သော သွေးပုပ်ပြည်စု၊ အဖုလုံးနှင့်တူပါသည်။(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၇)

သဠာယတနသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ထဲ ပါဝင်သည်။ ယင်းဌ အာယတနပဗ္ဗဟု သီးသန့်ဖော်ပြထားသည်။ ထိုဌ အာယတနကို သိရမည်။ အာယတနတို့ကိုစွဲ၍ ဖြစ်ပေါ်လာသော သံယောဇဉ်ကို သိရမည်။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ပေါ်လာရခြင်းအကြောင်းကိုလည်း သိရမည်။ သံယောဇဉ်ပယ်ခွာခြင်း၏အကြောင်းကိုလည်း သိရမည်။ ပယ်ခွာပြီးသော သံယောဇဉ်၏ နောက်ထပ်မဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိရမည်။

အာယတနသဘော, သံယောဇဉ်သဘောမျှဟု လည်းကောင်း၊ အာယတန သံယောဇဉ်တို့၏ဖြစ်မှု, ပျက်မှုသဘောကို ရှုရမည်ဟု လည်းကောင်း ညွှန်ပြထားသည်။ (ဒီ၊ ၂၊ ၂၄၀-၂၄၁။ ဒီ၊ ဌ၊ ၂၊ ၃၇၄-၅)

**သဠာယတနံ ဘိက္ခဝေ အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ သဠာယတနသည် မမြဲသောသဘော ရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သောသဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခန်းခြင်း သဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသောအရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

## ဖဿ

အာရုံကို တွေ့ထိတတ်သော သဘောသည် ဖဿဖြစ်ပါသည်။ အာရုံကို တွေ့ထိခြင်းဟူသည် ရုပ်တရားချင်း၊ လက်နှစ်ဖက်ချင်း ထိသကဲ့သို့ စပ်မိ ကပ်မိသော အထိမဟုတ်။ အာရုံတစ်ခုခုဌ ဓာတ်သဘာဝအားဖြင့် တွေ့ထိမှုမျိုးပင် ဖြစ်ပါသည်။

ချဉ်စူးလှသော သံပုရာသီးစားနေသူကို မြင်ရသောအခါ ကိုယ်တိုင်မစားရပါဘဲလျက် ဖဿ၏ထိခိုက်မှုကြောင့် လျှာရည်ကျလာ

တတ်ခြင်း၊ သစ်ပင်ခေါင်ဖျားခ္ဍ လိမ့်ကျလုမျှ တက်နေသောသူကို မြင်ရသောအခါ ကြောက်ရွံ့တတ်သူမှာ မြေပေါ်ခ္ဍနေရင်းပင် ခြေတုန်နေတတ်ခြင်း၊ ခြသေ့၊ သစ်၊ ကျားစသော သားကောင်ကြီးများကို မြင်ရသောအခါ ခွေးစသောသတ္တဝါတို့မှာ ခြေထောက်ကွတကွတဖြစ်ကာ မပြေးနိုင်ဘဲရှိခြင်း၊ ချစ်သူနှစ်ဦး ရှင်မြူးကြည်စယ်နေသည်ကို မြင်ရသူမှာ နေမထိထိုင်မသာဖြစ်တတ်ခြင်း၊ ဤအလုံးစုံသည် ကိုယ်ထိလက်တွေ့မဟုတ်ပါဘဲလျက် ဖဿဓာတ်ခိုက်မှုကြောင့် အခြေပျက်အောင်ဖြစ်ရခြင်းများပင်ဖြစ်သည်။ (သဋ္ဌိဟ်၊ ဘာဒို၊ ၁၀၀)

**ဖုသနလက္ခဏော ဖဿော၊**

အာရုံကို တွေ့ထိခြင်း သဘောလက္ခဏာသည် ဖဿ၏ အမှတ်အသားပင်ဖြစ်သည်။

**သံဃဋ္ဋနရသော၊**

အာရုံကို ထိခိုက်ခြင်း ကိစ္စရှိသည်။

**သင်္ဂတိ ပစ္စုပဋ္ဌာနော**

ဝတ္ထု၊ အာရုံ၊ ဝိညာဏ်(၃)ပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသောတရားဟု ယောဂီဉာဏ်အား ရှေးရှုထင်လာ၏။

**သဠာယတန ပဒဋ္ဌာနော**

သဠာယတနလျှင် နီးစွာသောဖြစ်ကြောင်းရှိသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉၊ အဘိ၊ ၆၊ ၂၊ ၁၂၉)

မြတ်စွာဘုရားရှင်သည် တွေ့ထိမှုဖဿနှင့် ပတ်သက်၍ ဝိဘင်းပါဠိတော်တွင် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

**တတ္ထ ကတမော သဠာယတနပစ္စယာ ဖဿော၊ စက္ခုသမ္ဖဿော သောတသမ္ဖဿော ဃာနသမ္ဖဿော၊ ဇိဝှာသမ္ဖဿော၊ ကာယသမ္ဖဿော၊ မနောသမ္ဖဿော၊ အယံ ဝုစ္စတိ သဠာယတနပစ္စယာ ဖဿော။**

ပဋ္ဌိစ္စသမုပ္ပါဒ်၌ သဠာယတနကြောင့်ဖြစ်သော ဖဿသည် အဘယ်နည်း၊ **စက္ခု သမ္ဖဿ** (မျက်စိအတွေ့)၊ **သောတသမ္ဖဿ** (နားအတွေ့)၊ **ঘာနသမ္ဖဿ** (နှာအတွေ့)၊ **ဇိဇ္ဘာသမ္ဖဿ** (လျှာအတွေ့)၊ **ကာယသမ္ဖဿ** (ကိုယ်အတွေ့)၊ **မနောသမ္ဖဿ** (စိတ်အတွေ့)။ ဤ(၆)ပါးကို **သဠာယတနကြောင့်ဖြစ်သော ဖဿ** ဟု ခေါ်ဆိုအပ်၏။

(အဘိ၊ ၂၊ ၁၄၃)

မြတ်စွာဘုရားသည် ဝိဘင်းပါဠိတော်တွင် ဖဿကို (၆)မျိုးမျှသာ ဟောကြားတော်မူထားသည်။ ယင်းကိုအကျဉ်းအားဖြင့် ဟောကြားတော်မူခြင်းဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင်ဖွင့်ပြထားပါသည်။

**သခေါ်ပေန ဟိ သဠာယတနပစ္စယာ ဖဿောတိ စက္ခုသမ္ဖဿော သောတသမ္ဖဿော၊ ঘာနသမ္ဖဿော၊ ဇိဇ္ဘာသမ္ဖဿော၊ ကာယသမ္ဖဿော၊ မနောသမ္ဖဿော ဣမေ စက္ခုဖဿာဒယော ဆ ဝေ ဖဿာ ဘဝန္တိ။** (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၉၉)

အာယတန(၆)ပါးတို့ကြောင့် ဖဿဖြစ်သည်ဟူသော စကားတွင် ဖဿတို့သည် အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ (မြင်တွေ့မှု), သောတသမ္ဖဿ(ကြားတွေ့မှု) ঘာနသမ္ဖဿ(နံတွေ့မှု) ဇိဇ္ဘာသမ္ဖဿ(စားတွေ့မှု)၊ ကာယသမ္ဖဿ,(ကိုယ်ထိတွေ့မှု) မနောသမ္ဖဿ(ကြံသိတွေ့မှု) ဟူသော ဤစက္ခုသမ္ဖဿစသော (၆)ပါးတို့သာ ဖြစ်ကုန်၏။

**သခါရ ပစ္စယာ ဝိညာဏံ**

သခါရကြောင့် ဝိညာဏ်ဖြစ်သည် ဟူသောစကား၌ ဝိညာဏ်သည် မြင်စိတ် (စက္ခုဝိညာဏ်) စသည်ဖြင့် ဖော်ပြခဲ့ပါသည်။ ယင်းဝိညာဏ်သည် အကျိုးတရားများ ဖြစ်သည်။ ကောင်းကျိုး၊ မကောင်းကျိုး ဟု (၂)မျိုးရှိသောကြောင့် မြင်စိတ်စသည်တို့သည်လည်း ကောင်းသော မြင်ခြင်း၊ မကောင်းသောမြင်ခြင်းဟု (၂) မျိုးရှိပါသည်။ ကောင်းသော မြင်ခြင်း၊ ကောင်းသောအကျိုးကို ကုသလဝိပါကဟုခေါ်၍ မကောင်းသော

မြင်ခြင်း၊ မကောင်းကျိုးကို အကုသလစိတ်ပါကဟုခေါ်သည်။ ထို့ကြောင့် ယင်းမြင်ခြင်းကြောင့် ဖြစ်ပေါ်သော မျက်စိအတွေ့, နားအတွေ့ စသည်တို့သည်လည်း (၃၂)ပါးထိ ကျယ်ဝန်းများပြားပါသည်။ ထို့ကြောင့် စိသုဒ္ဓိမဂ်အဋ္ဌကထာတွင် -

**စိတ္တာရေနပန စက္ခုဿမ္ဘသာဒယော၊ ပဗ္ဗ ကုသလ စိပါကာ, ပဗ္ဗ အကုသလာစိပါကာတိ ဒသ၊ သေသာ ဘာစိသတိ လောကိယစိပါက စိညာဏသမ္ပယုတ္တာ စ ဘာစိသတိတိ ၎ံ သဗ္ဗေ သခ်ါရပစ္စယာ ဝုတ္တာစိ ညာဏမိံ ဘတ္တိသ ဟောန္တိ။**

အကျယ်အားဖြင့် ကောင်းကျိုးမျက်စိအတွေ့ စသည်မှာ (၅)ပါး, မကောင်းကျိုး စသည်မှာ (၅)ပါးအားဖြင့် (၁၀)ပါး၊ လောကီအကျိုးနှင့် ယှဉ်သော တွေးကြံတွေ့သည်(၂၂)ပါး၊ အားလုံးသော အတွေ့အထိများ သည် ဆိုခဲ့ပြီးသောသခ်ါရကြောင့်ဖြစ်သည့် စိညာဏ်ကဲ့သို့ပင် (၃၂) ပါးရှိပါသည်ဟု ဖွင့်ဆိုပြသထားပါသည်။

(စိသုဒ္ဓိ၊ ၆၊ ၂၊ ၁၉၉၂၊ အဘိ၊ ၆၊ ၂၊ ၁၆၈)

အားလုံးသော အာယတနတို့ကြောင့် တစ်ခုသောတွေ့ထိမှုဖဿ သည် မဖြစ်ပါသလော၊ တစ်ခုတည်းသော အာယတနကြောင့် အားလုံး သောတွေ့ထိမှုဖဿများ မဖြစ်ပါသလော၊ "သဠာယတန ပစ္စယာ ဖဿော" သဠာယတနကြောင့် ဖဿဖြစ်လာ၏ဟု ဖဿကိုတစ်ခုတည်း သာဆိုထားပါသနည်းဟု မေးဖွယ်ရာများ ပေါ်လာနိုင်ပါသည်။ ယင်းမေး ခွန်းနှင့်ပတ်သက်၍ စိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီအဋ္ဌ ကထာတို့တွင် အောက်ပါအတိုင်း ဖြေရှင်းပြထားပါသည်။

**သဗ္ဗေဟိ ကော၊ ကေမှာ ဝါ သဗ္ဗေန သမ္ဖောန္တိ၊ သမ္ဖော တိပန အနေကေဟိ ကော။ ယထာ စက္ခုဿမ္ဘသော စက္ခာယတနာ ရူပါယတနာ စက္ခုစိညာဏသခ်ါတာ မနာယတနာ အဝသေသသမ္ပယုတ္တာ ဓမ္မာယတနာ စာတိ ၎ံ သဗ္ဗတ္ထ ယထာနုရူပံ ယောဇေတဗ္ဗံ။**

အားလုံးသော အာယတနကြောင့် တစ်ခုတည်းသောဖဿ မဖြစ်ပါ။ တစ်ခုတည်းသော အာယတနကြောင့် အားလုံးသောဖဿများ မဖြစ်ကြပါ။ သို့သော် တစ်ပါးမကသော အာယတနများကြောင့် တစ်ခုသော တွေ့ထိမှုဖဿ ဖြစ်လာ၏။ စက္ခာယတန, ရူပါယတန, စက္ခုဝိညာဏ် ဟူသော မနာယတန, ကြွင်းသော ယှဉ်ဘက်စေတသိက်များ ဟူသော ဓမ္မာယတန ဤအာယတန(၄)ပါးတို့ကြောင့် တစ်ခုတည်းသော မျက်စိအတွေ့ စက္ခုသမ္ဖဿ ဖြစ်လာ၏။ ဤနည်းအတိုင်းပင် တွေ့ထိမှုဖဿအားလုံးကို နားလည်သင့်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၀။ အဘိ၊ ၆၊ ၂၊ ၁ဖိုဝ)

ယင်းတွေ့ထိမှုဖဿသည် ဒုက္ခသစ္စာ ဖြစ်သည်။ အာရုံကို တွေ့ထိခြင်းကိစ္စရှိသည်။ အတ္တသည်တွေ့ထိသည်ဟု ယူဆသော မိစ္ဆာအမြင်ကို တားမြစ်နိုင်သည်။

**ဂဏ္ဍာပိဋ္ဌကာ ဃဋ္ဋနံဝိယ သဠာယတနပစ္စယာ ဖဿော**

သဠာယတတနကြောင့်ဖြစ်သော ဖဿသည် အိုင်းအမာ၏ ပြည်ဖုကို ထိခိုက်မိခြင်းကဲ့သို့ ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ ၆။ ၂၁၈)

"မျက်စိအတွေ့, နားအတွေ့စသော ဖဿမှသည် ခံစား, စံစားသောအရာတို့၌လည်းကောင်း တဏှာဖြင့် သာယာသောအရာတို့၌လည်းကောင်း ရှုံမှု, စက်ဆုပ်မှု, ကြောက်မှု, လန့်မှု, ထိတ်မှုတို့၌လည်းကောင်း အချုပ်အချာ ပဓာနဖြစ်၏။ ဖဿသန်လျှင် ဝေဒနာသန်၏။ တဏှာသန်၏။ ဖဿပျော့လျှင် ဝေဒနာပျော့၏။ တဏှာပျော့၏" ဟု လယ်တီဆရာတော် မိန့်ဆိုခဲ့သည်။

**ယဿ ဖဿော ပါကဋော ဟောတိ၊ သောပိ 'နေ ကေဝလံ ဖဿောဝ ဥပ္ပဇ္ဇတိ၊ တေနသဒ္ဓိံ တဒေဝါရမ္မဏံ အနုဘဝမာနာ ဝေဒနာပိ ဥပ္ပဇ္ဇတိ သဉ္ဇာနနမာနာ သညာပိ, စေတယမာနာ စေတနာပိ, ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပဇ္ဇတိ' တိ ဖဿပဋ္ဌမကေယေဝ ပရိဂ္ဂဏှာတိ။**

အကြင်ပုဂ္ဂိုလ်အား ဖဿ ထင်ရှားဖြစ်၏။ ထိုသူသည်လည်း ဖဿ သက်သက်ချည်းသာ ဖြစ်သည်မဟုတ်။ ဖဿနှင့်တကွ ဖဿ၏ အာရုံကိုပင် ခံစားသောဝေဒနာလည်း ဖြစ်သေး၏။ မှတ်သားသော သညာလည်း ဖြစ်သေး၏။ စေ့ဆော်အားထုတ်သော စေတနာလည်း ဖြစ်သေး၏။ သိရုံမျှသော ဝိညာဏ်လည်း ဖြစ်သေး၏။ ထို့ကြောင့် ဖဿလျှင် ငါးခုမြောက်ရှိသောအရပ်တို့ကိုသာ သိမ်းပိုက်ရှုမှတ်သည် မည်၏။

**သောပိ ဖဿော အနိစ္စောတိ ပဿတိ၊ ဝေဒနာ အနိစ္စာတိ ပဿတိ၊ သညာ အနိစ္စာတိ ပဿတိ၊ သင်္ခါရာ အနိစ္စာတိ ပဿတိ။ ဝိညာဏံ အနိစ္စန္တိ ပဿတိ၊ တဿ ဓာတာရမ္မဏမေဝ စိတ္တံ ပက္ခန္ဒတိ ပသီဒတိ သန္တိट्ठတိ အဓိမုစ္စတိ။** (မ၊ ၁၊ ၂၄၇)

တွေ့ထိခြင်းသည်လည်း အမြဲမရှိဟု ရှုမြင်၏။ ခံစားခြင်းသည်လည်း အမြဲမရှိဟုရှုမြင်၏။ မှတ်သားခြင်းသည်လည်း အမြဲမရှိဟုရှုမြင်၏။ ပြုလုပ်စီရင်မှုတို့သည်လည်း အမြဲမရှိဟု ရှုမြင်၏။ အထူးသိမှု စိတ်သည် အမြဲမရှိဟု ရှုမြင်၏။ ထိုရဟန်း၏ စိတ်သည် ဓာတ်အာရုံ၌သာလျှင် သက်ဝင်၏။ ကြည်လင်၏။ ကောင်းစွာတည်၏။ ဆုံးဖြတ်၏ဟု အရှင် သာရိပုတ္တရာက မဟာဟတ္ထိပဒေါပမသုတ္တန်မှာ မိန့်တော်မူခဲ့သည်။

**အနိစ္စေ လက္ခဏော ဒိဋ္ဌေ အနတ္တာ လက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ ဝေဒေသု တိသု လက္ခဏေသု ကေသွိ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။** အနိစ္စလက္ခဏာကိုမြင်သော် အနတ္တလက္ခဏာကို မြင်သည်သာ ဖြစ်သည်။ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာသုံးပါးတို့တွင် တစ်ပါးပါးကို မြင်သည်ရှိသော် ကျန်နှစ်ပါးကို မြင်သည်သာ ဖြစ်သည်။

**အနိစ္စမြင်၊ ဒုက္ခထင်၊ ပေါ်လွင် အနတ္တာ၊**

**အနတ္တာမြင်လျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်မှာ** ဆိုသည့် အတိုင်း ကောင်းကျိုးများ ရရှိနိုင်ပါသည်။

**တောလင်းစာစဉ်-၁၉**

**ဖဿော ဘိက္ခဝေ အနိစ္စော သခ်ံတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မော။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ ဖဿသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။

ကုန်ခမ်းခြင်းသဘော ရှိသောအရာ, ပျက်စီးခြင်းသဘောရှိသော အရာ, တပ်နှစ်သက်ခြင်း သဘောကင်းသောအရာ, ချုပ်ခြင်းသဘော ရှိသောအရာ ဖြစ်သည်။

ဖဿသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မှာ ပါဝင်သည်ဟု ပြောနိုင်ပါသည်။ **သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ ဖဿတရားတို့၌ ဖြစ်ကြောင်းနှင့်ဖြစ်ခြင်း၊ ပျက်ကြောင်းနှင့် ပျက်မှုသဘောကို ရှုမြင်လျက်နေ၏** ဟူသော ဒေသနာတော်အတိုင်း ဖဿ၏ သဘာဝနှင့် ဖဿဖြစ်ပျက်မှု၊ ဖဿဖြစ်ပျက်ကြောင်းများကို ရှုမှတ်နေရမည်ဖြစ်သည်။ (ဒီ၊ ၂၊ ၂၄၈၊ ဒီ၊ ၆၊ ၂၊ ၃၉၀-၁)

ဖဿကို ခွဲခြားသိသူ, ဖဿဖြစ်ကြောင်းကို ခွဲခြားသိသူ, ဖဿချုပ်ငြိမ်းခြင်းကို ခွဲခြားသိသူ, ဖဿချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြားသိသူသည် အယူမှန်သူ, အယူဖြောင့်သူ, တရားတော်၌ သက်ဝင်ကြည်ညိုသူ, တရားတော်သို့ ရောက်လာသူဖြစ်သည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ (မ၊ ၁၊ ၆၄-၆၅)

## ဝေဒနာ

**ခံစား, စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာတာ၊ ခန္ဓာမှတ်လော့** ဟု လယ်တီဆရာတော်က မိန့်ဆိုခဲ့သည်။ အာရုံ၏

အရသာကို ခံစားခြင်း စံစားခြင်းသဘောသည် ဝေဒနာ ဖြစ်သည်။ ဝေဒနာ (၆) မျိုး ရှိပါသည်။ ယင်းတို့မှာ -

**စက္ခု သမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ঘာန သမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ, အယံဝုစ္စတိ ဖဿပစ္စယာ ဝေဒနာ။**

မျက်စိအထိအတွေ့ကြောင့် ဖြစ်လာသောခံစားမှု, နားအထိအတွေ့ကြောင့်ဖြစ်လာသောခံစားမှု, နှာခေါင်းအထိအတွေ့ကြောင့် ဖြစ်လာသောခံစားမှု, လျှာအထိအတွေ့ကြောင့်ဖြစ်လာသောခံစားမှု, ကိုယ်ကာယအထိအတွေ့ကြောင့် ဖြစ်လာသောခံစားမှု, စိတ်အထိအတွေ့ကြောင့်ဖြစ်လာသော ခံစားမှုတို့ ဖြစ်ကြပါသည်။ ထိုအကြောင်းအရာတို့ကို ထိတွေ့မှုဖဿကြောင့် (ဖြစ်ပေါ်လာသော) ခံစားမှုဝေဒနာဟု ခေါ်ပါသည်။ (အဘိ၊ ၂၊ ၁၄၃)

မီးခြစ်ဆံနှင့် မီးခြစ်ကိုခြစ်လိုက်လျှင် မီးတောက်ပေါ်လာ၏။ မီးခြစ်ဗူးတွင်လည်းမီးမရှိ၊ မီးခြစ်မှာလည်း မီးမရှိပါ။ သို့သော် မီးခြစ်ဆံနှင့် မီးခြစ်အိမ်တို့အချင်းချင်း ထိခိုက်မှုကြောင့် မီးတောက်ပေါ်လာရသည်။

တုတ်နှင့် စည်မျက်နှာပြင်ကိုတီးသော် စည်သံ ထွက်ပေါ်လာသည်။ တုတ်တံတွင်လည်း အသံမရှိပါ။ စည်မျက်နှာပြင်တွင်လည်း အသံမရှိပါ။ သို့သော် တုတ်တံနှင့် စည်မျက်နှာပြင်ဟူသော အရာဝတ္ထု(၂)ခုတို့ ထိတွေ့မှုကြောင့် အသံထွက်ပေါ်လာ၏။ အလားတူပင် မြင်အပ်သော အရာဝတ္ထု(ရူပါရုံ) နှင့် မျက်စိ (စက္ခုပသာဒ)တို့၏ အချင်းချင်း ထိတွေ့လာမှုကြောင့် ထိတွေ့မြင်ခြင်း (မြင်သိစိတ်စက္ခုဝိညာဏ်) ဖြစ်ပေါ်လာ၏။

အသံဟူသော သဒ္ဒါရုံနှင့် နားဟူသော သောတပသာဒ အချင်းချင်းထိခိုက်မှုကြောင့် ကြားခြင်း ဟူသော ကြားသိစိတ် သောတ ဝိညာဏ် ဖြစ်လာသည်။ ထို့အတူပင် ဂန္ဓာရုံနှင့် ঘာနပသာဒကြောင့် ঘာနဝိညာဏ်

စိတ်, ရသာရုံနှင့် ဇိဝှါပသာဒတို့ကြောင့် ဇိဝှါဝိညာဏ်စိတ်, ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒကြောင့် ကာယဝိညာဏ်စိတ် ဖြစ်ပေါ်လာရ၏။ စိတ်၌သာ သိမြင်အပ်၊ တွေးခေါ်အပ်သောဓမ္မာရုံက မနောဒ္ဓါရ၌ ထင်ဟပ်လာမှုကြောင့် မနောဝိညာဏဓာတ်ဟူသော စိတ်အသိဖြစ်ပေါ်လာရသည်။

ထိုအာရုံ(၆)ပါးကိုပင် ကုဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ ကုဋ္ဌမဇ္ဈတ္တာရုံဟူ၍ သုံးမျိုးစီ ခွဲခြားနိုင်ပါသည်။ ထိုတွင် လူအများတို့ လိုလားတောင်းတအပ် ရှာမှီးအပ်သော အာရုံမျိုးသည် ကုဋ္ဌာရုံဖြစ်သည်။ လူအများတို့ မလိုလားအပ်၊ မတောင့်တအပ်၊ မရှာဖွေအပ်သော အာရုံသည် အနိဋ္ဌာရုံဖြစ်သည်။ အလယ်အလတ် အာရုံမျိုးသည် ကုဋ္ဌမဇ္ဈတ္တာရုံဖြစ်သည်။

ဝေဒနာသည်လည်း သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဟု (၅)မျိုးရှိပါသည်။ ယင်းတို့တွင် ကုဋ္ဌာရုံများ၌ ကောင်းသော အရသာရှိပါသည်။ ထိုကောင်းသောအရသာကို ခံစားသောဝေဒနာကို သုခဝေဒနာဟုခေါ်ပါသည်။ ထိုကောင်းသောဝေဒနာကို ခံစားရသော အခါ ဝမ်းပမ်းတသာခံစားကြရသောကြောင့် သောမနဿဝေဒနာ ဟုလည်း ခေါ်ပါသည်။

ထိုသုခ၊ သောမနဿဟုခေါ်ရသော ဝေဒနာများ၏ ဖြစ်ပုံသည် ရှုပါရုံ၊ သဒ္ဒါရုံစသော တရားအာရုံတို့နှင့် တွေ့ထိကြုံရ၍ ချမ်းသာ ရွှင်ပျသောအခါတို့၌ ထင်ရှားပါသည်။

**ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏** ဟု လယ်တီဆရာတော်က လက်ံစပြခဲ့သည်။

အနိဋ္ဌာရုံများတွင်လည်း မကောင်းသော အရသာပါရှိသည်။ ထိုမကောင်းသောအရသာကို ခံစားရသောဝေဒနာကို ဒုက္ခဝေဒနာ (ဆင်းရဲသောခံစားမှု) ဟုလည်းကောင်း၊ ဒေါမနဿဝေဒနာ (စိတ်မချမ်းသာ သောခံစားမှု) ဟုလည်းကောင်း ခေါ်ဆိုပါသည်။

(ကိုယ်ကျင့်အဘိဓမ္မာ၊ ၁၂၂-၁၂၄)

မုန်းဖွယ်တွေ့က၊ ခြောက်သွေ့, နွမ်းညှိုး
နှလုံးဆိုး၍၊ အခိုးလူလူ
ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်
**မရှင်မလန်း၊ စိတ်ကုန်ခန်း၏**

ဟု လယ်တီဆရာတော်က ဒုက္ခ, ဒေါမနဿ ဝေဒနာသဘောကို ဖွင့်ပြခဲ့သည်။

ကိုယ်ဆင်းရဲမှုကို ဒုက္ခ၊ စိတ်ဆင်းရဲမှုကို **ဒေါမနဿ** ဟု ခေါ်ဆိုပါသည်။ အသွားအလာ အနေအထိုင်၊ အလုပ်အကိုင်၊ ကျပ်တည်း ကျဉ်းမြောင်းမှု၊ ရောဂါဝေဒနာကို ခံစားရမှု၊ အရိုက်အနှက်ခံရမှု၊ တစ်စုံတစ်ခုနှင့် ထိခိုက်မှုစသည်တို့ကြောင့် ခန္ဓာကိုယ်၏ပင်ပန်းနွမ်းနယ်ခြင်းသည် ဒုက္ခချည်းဖြစ်သည်။ ယခုလောကဌ္ဌလည်း ကိုယ်ခန္ဓာနာကျင်လျှင် **အလိုလေး၊ ဒုက္ခ၊ ဒုက္ခ** ဟု ညည်းညူကြပါသည်။ ထိုသို့ ခန္ဓာကိုယ်ဆင်းရဲသော်လည်း စိတ်သည်ဆင်းရဲချင်မှ ဆင်းရဲမည်။

ဘုရားအလောင်း ပါရမီဖြည့်တော်မူရာ၌ မဟော်သဓာ၊ ဝေဿန္တရာဘဝ စသည်တို့သည် ကိုယ်ခန္ဓာမသက်သာဘဲ ဆင်းရဲဒုက္ခရောက်တော်မူခဲ့သည်။ သို့သော် သတ္တဝါတို့၏အကျိုးကို မျှော်ကိုးရင်းစေတနာကြောင့် စိတ်ဆင်းရဲမှုဒေါမနဿသည် မဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ စိတ်ညစ်မှု၊ စိတ်ပျက်မှု စသည်ဖြင့် စိတ်တွင်ဖြစ်ပေါ်နေသောဒုက္ခစုကို **ဒေါမနဿ** ဟု ခေါ်ဆိုပါသည်။ ဤဒေါမနဿဝေဒနာသည် စိတ်တွင်စွဲကပ်လာသော ရောဂါတစ်မျိုးပင်ဖြစ်ပါသည်။ ထို့ကြောင့် **သူ့အကြောင်းကြားရတာ စိတ်ထဲတွင် နာလွန်းလို့ ငိုအား သူ့အကြောင်း မပြောလာပါနဲ့** ဟုပြောဆိုကြပါသည်။ ဤကဲ့သို့ စိတ်မချမ်းသာတိုင်း၊ စိတ်နာတိုင်း၊ ကိုယ်ဆင်းရဲချင်မှ ဆင်းရဲမည်။

ခြွေရုံ ပေါ်ကြွယ် စည်းစိမ်လယ်မှာ ကိုယ်ခန္ဓာချမ်းမြေ့ပါလျက် ဓမ္မစကြာတရားတော်လာ ယံ ပိစ္ဆံ နု လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ= ရတာမလို

လိုတာမရ ဖြစ်နေကြသူတို့၏ဒုက္ခသည်လည်း ဒေါမနဿပင်ဖြစ်ပါသည်။ ဤဒေါမနဿ၏ ဆင်းရဲပုံသည် ခန္ဓာကိုယ်ဆင်းရဲပုံထက် လွန်ကဲပြင်းပြ၏။ ရွှေဘုံပေါ်တွင် စံနေရသော်လည်း ဒေါမနဿဒဏ်ကို မခံနိုင်ကြ၍ ရွှေဘုံပေါ်မှဆင်းကာ တူပျော်ပျော်ယှဉ်တွဲလျက် တဲအိုထဲ၌ ကိုယ်ဆင်းရဲဒဏ်ကို ခံနိုင်ကြလေသည်။ (ကိုယ်ကျင့်အဘိဓမ္မာ-၅၇-၅၈)

ဣဋ္ဌမဇ္ဈတ္တာရုံ၌ အကောင်းလည်း မထင်ရှား၊ မကောင်းလည်း မထင်ရှားသော အရသာများပါရှိပါသည်။ ထိုအရသာကို ခံစားသော ဝေဒနာကို ဥပေက္ခာဝေဒနာဟုခေါ်ပါသည်။ ဤဥပေက္ခာဝေဒနာ၏ အာရုံအရသာ ခံစားပုံမှာ မထင်ရှားသောကြောင့် မိမိကိုယ်တိုင် အာရုံ၏ အရသာကို ခံစားနေရမှန်း မသိနိုင်ပါ။ သို့သော် နေရင်းထိုင်ရင်း သွားရင်းလာရင်း များစွာသောအာရုံများကိုတွေ့ရာတွင် ထိုအာရုံအရသာကို ခံစားရမှန်းမသိသာသော ဥပေက္ခာဝေဒနာသည် များစွာဖြစ်လျက်ရှိသည်။

(ကိုယ်ကျင့် အဘိဓမ္မာ၊ ၁၂၄)

ထို့ကြောင့် အာရုံကောင်းလျှင် သုခဝေဒနာ, အာရုံညံ့လျှင် ဒုက္ခဝေဒနာ, အာရုံအလတ်စားဖြစ်လျှင် ဥပေက္ခာ ဝေဒနာတို့ ဖြစ်သည်ဟု မှတ်ပါ။

**သုခါ ခေါ အာဝုသော ဝိသာခ ဝေဒနာ ဠိတိသုခါ ဝိပရိဏာမ ဒုက္ခာ၊ ဒုက္ခာဝေဒနာ ဠိတိဒုက္ခာ ဝိပရိဏာမသုခါ။ အဒုက္ခမသုခါ ဝေဒနာ ဉာဏသုခါ အညာဏဒုက္ခာ။** (မ၊ ၁၊ ၃၇၇)

ဒါယကာ ဝိသာခ... ချမ်းသာခံစားမှုသည် တည်နေဆဲအားဖြင့် ချမ်းသာ၏။ ပြောင်းလဲသောအားဖြင့် ဆင်းရဲ၏။ ဆင်းရဲ ခံစားမှုသည် တည်နေဆဲအားဖြင့် ဆင်းရဲ၏။ ပြောင်းလဲသောအားဖြင့် ချမ်းသာ၏။ ဆင်းရဲမဟုတ်, ချမ်းသာမဟုတ်သော ခံစားမှုသည် သိသောအားဖြင့် ချမ်းသာ၏။ မသိသောအားဖြင့် ဆင်းရဲ၏ဟု အရှင်မ ဓမ္မဒိန္နာကအနာဂါမ် ဝိသာခကို မိန့်ဆို ဖြေကြားတော်မူပါသည်။

သုခဝေဒနာကို ဖြစ်ပျက်မရှုမိလျှင် ရာဂါနုသယ(တဏှာ) ဆက်ဖြစ်သည်။ ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုမိလျှင် ပဋိဃာနုသယ(ဒေါသ) ဆက်ဖြစ်သည်။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်မရှုမိလျှင် အဝိဇ္ဇာနုသယ (မောဟ) ဆက်ဖြစ်ပါသည်။ သတိချပ်ပါ။ သုခဝေဒနာကို ဖြစ်ပျက်ရှုလျှင် တဏှာမပေါ်တော့ပါ။ ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုလျှင် ဒေါသမပေါ်တော့ပါ။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုလျှင် မောဟမပေါ်တော့ပါ။ ဖြစ်ပျက်မြင်အောင် ရှုနိုင်ပါစေ။ (မ၊ ၁၊ ၃၇၇)

အနိဋ္ဌာရုံ အာရုံဆိုးကို ဒုက္ခဝေဒနာဖြင့် ခံစားရသောအခါ မကျေနိုင်, မချမ်းနိုင်၊ ငါ့ကိုသင်းတို့ မကောင်းကြံကြတယ်၊ သေခန်းရှင်ခန်းဖြတ်မယ်၊ မကျေနပ်ဘူး ဟဲ့... စသည်ဖြင့် တစ်သက်လုံး မထွေးနိုင်, မစွန့်နိုင်, မြိန်ရှက်စွာ သေသည်ထိ ခံစားကြတာ လောကမှာ ထင်ရှားပါသည်။ ဒုက္ခဝေဒနာ ဆင်းရဲစွာ ခံစားရလျှင် ဘယ်တော့များ, အာရုံကောင်းကောင်း ခံစားရပါ့မလဲဟု အနာဂတ်ကို လှမ်း၍တောင်းတသော တဏှာဖြစ်သောကြောင့် **ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်သည်**ဟု မြတ်ဗုဒ္ဓဟောတော်မူခြင်း ဖြစ်ပါသည်။

ပုထုဇဉ်များသည် ဗဟုသုတရှိ၍ ယောနိသော မနသိကာရ သင့်တင့်အောင် နှလုံးသွင်းလျှင် တဏှာ မဖြစ်ပါ။ အယောနိသော မနသိကာရ မသင့်တင့်အောင် နှလုံးသွင်းသူအားသာ ဝေဒနာဖြစ်တိုင်း တဏှာဆက်၍ ဖြစ်နိုင်ပါသည်။

**သုခံ အဘိနန္ဒန္တော်ယေဝ ဟိ ဒုက္ခံ အဘိနန္ဒတိ နာမ ဒုက္ခံ ပတ္တာ သုခံ ပတ္ထေန္တော သုခဿစ ဝိပရိဏာမ ဒုက္ခတော။** (သံ၊ ၆၊ ၂၊ ၇၃)

**အနုဘဝနလက္ခဏာ ဝေဒနာ**=ဝေဒနာသည် (အာရုံကို) ခံစားခြင်း လက္ခဏာရှိ၏။

**ဝိသယရသသမ္ဘောဂရသာ**= အာရုံ၏အရသာကို သုံးဆောင်ခြင်းကိစ္စရှိ၏။

**သုခဒုက္ခ ပစ္စုပဋ္ဌာနာ=** ချမ်းသာနှင့် ဆင်းရဲအနေအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။

**ဖဿပဒဋ္ဌာနာ=**ဖဿလျှင် နီးသော အကြောင်းရှိ၏။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၉)

၁။ ဖဿစသော တရားတို့လည်း မိမိသဘောအားဖြင့် အာရုံကို ယူကြရာတွင် ထိုကဲ့စသော အရသာကို ထိမိကြ သိရှိရသဖြင့် ခံစားကြရသည်ဟု ဆိုထိုက်ပါသည်။

၂။ အာရုံနှင့် အာရုံ၏အရသာသည် (၂)မျိုးကွဲသည်မဟုတ်, အာရုံသည်ပင် အရသာဖြစ်သည်။ ဖဿစသည်တို့သည် အာရုံကို ယူသောအခါ ဝေဒနာသည်လည်း ထိုအာရုံတည်းဟူသော အရသာကို ခံစားသဖြင့် ဖဿစသည်နှင့်တူသော အာရုံရှိကြမည်ဖြစ်သည်။

၃။ သို့သော် ဝေဒနာကဲ့သို့ အားရပါးရ ပိုင်စိုးပိုင်နင်း မခံစားရပါ။ အာရုံကိုတွေ့ထိခြင်းစသော သဘောအားဖြင့် တစ်စိတ်တစ်ဒေသ လောက်သာ ခံစားလိုက်ရသကဲ့သို့ရှိသည်။

၄။ ရှင်ဘုရင်ပွဲတော်တည်ရန်ဆက်လာသော စားတော်ကဲသည် အဆိပ်အတောက်ပါမပါကို ရှင်ဘုရင်သိရှိရန် ထမင်းဟင်းလျှာတို့မှ အနည်းငယ်စီကိုယူ၍ စားပြရသကဲ့သို့ ထို့နောက် အဆိပ်အတောက် မပါကြောင်းကိုသိမှ ရှင်ဘုရင်က အလိုရှိတိုင်း ပွဲတော်ကိုတည်သည်။ ဤဥပမာတွင် ဖဿစသောတရားတို့သည် စားတော်ကဲနှင့်တူသည်။ ဖဿစသောတရားတို့၏ အာရုံကိုခံစားမှုသည် စားတော်ကဲ၏ ပွဲတော်စာကို အနည်းငယ်မျှသာ မြည်းရခြင်းနှင့်တူ၏။ ဝေဒနာသည် ဘုရင်မင်းမြတ်နှင့်တူ၏။ ဝေဒနာ၏ အာရုံအရသာကိုခံစားမှုသည် ရှင်ဘုရင်၏ ပွဲတော်တည်ခြင်းနှင့်တူသည်။

(သင်္ဂြိဟ်၊ ဘာဋီ၊ ၁၀၀)

**ဝေဒနာ ပစ္စယာ တဏှာ၊ တသ္မာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓာ ဥပါဒါန နိရောဓော...။** ခံစားမှုကြောင့် တပ်မက်မှု

ဖြစ်သည်။ ထိုတပ်မက်မှု တဏှာ၏ သာလျှင် အကြွင်းမဲ့တပ်ခြင်းမရှိ ချုပ်ခြင်းကြောင့်, မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ ယင်းသည် ဝေဒနာကြောင့် တဏှာနေရာတွင် တဏှာအဖြစ် မခံဘဲ သတ်၍ ဝင့်ဒုက္ခမှ လွတ်မြောက်ပုံဖြစ်သည်။ (သံ၊ ၁၊ ၃၀၃)

[ဝေဒနာနှင့်ပတ်သက်၍ -

၁။ ဝေဒနာကို ဝေဒနာတိုင်း ထားရှုနည်း

၂။ ဝေဒနာ၏အကြောင်းကို ရှာရှုနည်းနှင့်

၃။ ဝေဒနာပယ်ခွာရှုနည်းများကို နောက် ဝေဒနာနုပဿနာ အပိုင်းမှာ ပြည့်စုံစွာ တင်ပြထားသည်။]

မဟာသတိပဋ္ဌာန်သုတ္တန်၌ ဝေဒနာသည် သုခဝေဒနာ, ဒုက္ခ ဝေဒနာ, ဥပက္ခာဝေဒနာဟု ပင်မဝေဒနာသုံးပါးကို ဦးစွာခင်းပြထားသည်။ ယင်းကို သာမိသ, ကာမဂုဏ်နှင့်ယှဉ်သော ခံစားမှု, နိရာမိသကာမ ဂုဏ်နှင့် မယှဉ်ဘဲ ခံစားမှု,ဟုနှစ်မျိုးစိခွဲ၍ ပြသောကြောင့် ကိုးမျိုးထိ ရှိလာပါသည်။ ထို့ကြောင့် ဝေဒနာသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ထဲ၌ ပါဝင်သည်။ (ဒီ၊ ၂၊ ၂၃၆-၇၊ မ၊ ၁၊ ၉၇-၈)

**ဝေဒနာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋ္ဌိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့, ဝေဒနာသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့, စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခမ်းခြင်းသဘောရှိသော အရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘော ကင်းသောအရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

ခံစားမှု ဝေဒနာကို ခွဲခြားသိသူ, ဝေဒနာဖြစ်ကြောင်းကို ခွဲခြား သိသူ, ဝေဒနာချုပ်ငြိမ်းခြင်းကို ခွဲခြားသိသူ, ဝေဒနာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြားသိသူသည် အယူမှန်သူ, အယူဖြောင့်သူ,

တရားတော်၌ သက်ဝင်ကြည်ညိုသူ, သူတော်ကောင်းတရားသို့ ရောက်သူ ဖြစ်သည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ခြင်းကို ပြုနိုင်သူ ဖြစ်သည်။ (မ၊ ၁၊ ၆၃-၆၄)

**ဝေဒနာနိရောဓာ တဏှာနိရောဓော,ဟု** ဆိုသဖြင့် တဏှာချုပ်ကနိဗ္ဗာန်မြင်နိုင်မည်။ သမုဒယနှင့် ဒုက္ခချုပ်သည့် လမ်းပေါ်သို့ရောက်နေမည်။ လောင်စာသိမ်းသည့်အလုပ်, မီးငြိမ်းသည့်အလုပ်ဖြစ်သည်။ ဝေဒနာနှင့် တဏှာကြား နှစ်အကွက်နှင့် သုံးအကွက်ကြားမှာ ဉာဏ်သွင်းရမည်။ ဝိပဿနာမဂ်ဉာဏ်က ဝင်တားလိုက်သောကြောင့် ဟိုဘက်က တဏှာ ဥပါဒါန် ကံချုပ်သည်။ သခါရကွန္ဓာချုပ်, အကြောင်းချုပ်သဖြင့် အကျိုးခန္ဓာ, ဇာတိ ဇရာ မရဏာ မလာတော့ပါ။ ခန္ဓာအစဉ် ဖြတ်ချင်လျှင် နှစ်အကွက်နှင့် သုံးအကွက်ကြား ဖြတ်ပါ။ "ဒါကြောင့် ဘုရားဖြစ်တာ ဝေဒနာနှင့် တဏှာကြားမှာဖြစ်တာ။ သံသရာကို ဖြတ်သူတိုင်း ဝေဒနာနှင့်တဏှာကြားမှာ အလုပ်လုပ်၍ မဂ်ဝင်သောကြောင့်ပြတ်တာပါ။ ဒုက္ခတွေကင်းဝေးဖို့ ဝေဒနာမှ တဏှာမကူးအောင်, နှစ်အကွက်မှ သုံးအကွက်သို့ မကူးအောင် လုပ်ရမည်။ အလွန်အရေးကြီးသည်" ဟု မိုးကုတ်ဆရာတော်က မိန့်သည်။

**ဝေဒနာနံ ခယော ဘိက္ခဝေ ပရိနိဗ္ဗုတော၊ ဝေဒနာကုန်လျှင် ငြိမ်းအေးသည်။ သဉ္ဇပါဒိသေသ နိဗ္ဗာန်မျက်မှောက်ပြုသည် ဟု** ဆိုပါသည်။ ထို့ကြောင့် ဝေဒနာ အနိစ္စကိုမြင်, ဝေဒနာအနိစ္စကို မုန်း, ဝေဒနာ အနိစ္စဆုံးသည်အထိ ကျင့်ကြံအားထုတ်သင့်ပါသည်။

## တဏှာ

**နှစ်သက်ဖွယ်ရာ၊ သာယာမြတ်နိုး၊ အမျိုးမျိုး၊ ခေါ်ရိုး တဏှာမှတ်။**

တပ်မက်မှုတဏှာဟူသည် ခံစားမှုဝေဒနာကို အစွဲပြု၍ဖြစ်သည်။ ယခုမျက်မြင်တွင် မိမိခံစားအပ်ဖူးသောအာရုံ၌ တပ်မက်ကြသည်သာ

များသည်။ မခံစားဖူးသောအာရုံအပေါ်တွင် တဏှာဖြစ်တတ်ခဲပါသည်။ ရူပါရုံကို နှစ်သက်သည်ဟုဆိုရာတွင် စင်စစ်မှာ ထိုအာရုံကို မြင်ရသော အခါ သာယာခံစားတတ်သော သုခဝေဒနာဖြစ်သည်။ ထိုသုခဝေဒနာ ကိုပင် တဏှာကတပ်မက်ခြင်း ဖြစ်သည်။ ထိုသုခကိုတပ်မက်လျှင် သုခကို ဖြစ်စေနိုင်သော အာရုံကိုလည်း တပ်မက်ပြီးဖြစ်သည်။ ထို့အတွက် "တဏှာသည် ခံစားမှုဝေဒနာကြောင့်ဖြစ်သည်" ဟုဆိုပါသည်။

(သင်္ဂြိဟ်၊ ဘာဒို၊ ၆၁၅)

**နှ ဒုက္ခမိစ္ဆန္တိ သတ္တာ၊ သဗ္ဗေ သုခံဝ ကာမိကာ။ သတ္တဝါ တို့သည် ဆင်းရဲကို အလိုမရှိကြ။ ချမ်းသာကိုသာ လိုလား, တောင်းတ, နှစ်သက် မြတ်နိုးကြသည် ဟု မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့သည်။**

**ချမ်းသာသုခ၊ တစ်ခုမျှ၌၊ လောကအထု၊ အကုန်စု၏။ ပုပ္ပရွရ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လုံ့လသည်း၏ ဟု လယ်တီဆရာတော်က မိန့်ဆိုခဲ့သည်။ သတ္တဝါတို့၏သဘာဝ ပေါ်လွင်လှသည်။**

**ကတမာ ဝေဒနာပစ္စယာ တဏှာ၊ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောट္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ၊ အယံဝုစ္စတိ ဝေဒနာ ပစ္စယာ တဏှာ။**

**ခံစားမှုဝေဒနာကြောင့်ဖြစ်လာသော တပ်မက်မှုတဏှာဟူသည် အဘယ်နည်း။**

**ရူပါရုံ၌ တပ်မက်မှု ရူပတဏှာ၊ သဒ္ဒါရုံ၌ တပ်မက်မှု သဒ္ဒတဏှာ၊ ဂန္ဓာရုံ၌ တပ်မက်မှု ဂန္ဓတဏှာ၊ ရသာရုံ၌ တပ်မက်မှု ရသတဏှာ၊ ဖောट္ဌဗ္ဗာရုံ၌ တပ်မက်မှု ဖောट္ဌဗ္ဗတဏှာ၊ ဓမ္မာရုံ၌ တပ်မက်မှု ဓမ္မတဏှာ ဟု (၆)မျိုးရှိပါသည်။ ဤသည်ကို ခံစားမှုဝေဒနာကြောင့် ဖြစ်လာသော** တပ်မက်မှု တဏှာဟုဆိုပါသည်။ (အဘိ၊ ၂-၁၄၃)

ထိုတဏှာ(၆)ပါးတို့အနက် တစ်ပါးပါးသောတဏှာသည် ဖြစ်ပေါ်လာပုံ အခြင်းအရာအားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ

ဟူ၍ (၃)ပါး ရှိပါသည်။ စက္ခုပသာဒသို့ ရှေ့ရှုထင်ရောက်လာသည့် ရူပါရုံတည်းဟူသော ကာမဂုဏ်ကို ရူပတဏှာကပင် သာယာတပ်မက်ခြင်းအားဖြင့် တပ်မက်လျက် ဖြစ်ပေါ်လာသည်။ ထိုအခါ ရူပါရုံကို တပ်မက်သော ရူပတဏှာသည် "ကာမ တဏှာ" ဟူသော အမည်ရလာသည်။

ထိုရူပါရုံကိုပင် **မြေ၏၊ အမြဲတည်ရှိ၏** ဟူ၍ ဖြစ်ပေါ်လာသော သဿတဒိဋ္ဌိနှင့်အတူ ဖြစ်ပေါ်၏။ ထိုအခါ ထိုရူပါရုံသည် အတည်အမြဲရှိ၏ဟုယူဆသော ရူပတဏှာသည်ပင် **ဘဝတဏှာ** ဟူသော အမည်ရလာ ၏။ **သဿတဒိဋ္ဌိ=အမြဲရှိသည်ဟူသော အယူအဆ** နှင့်တကွ ဖြစ်သော တပ်မက်မှုကို **ဘဝတဏှာ** ဟူ၍ဆိုအပ်၏။

ထိုရူပါရုံကိုပင် **ပြတ်စဲ၏၊ ပျောက်ပျက်၏** ဟူ၍ဖြစ်ပေါ်လာသော ဥစ္ဆေဒဒိဋ္ဌိနှင့်အတူဖြစ်၏။ ထိုအခါ ထိုရူပါရုံသည် ပြတ်စဲ၊ ပျောက်ပျက်၏ဟုယူဆသော ရူပတဏှာသည်ပင် "ဝိဘဝတဏှာ" ဟူသော အမည်ရလာ၏။ **ဥစ္ဆေဒဒိဋ္ဌိ=ပြတ်စဲ၏ဟူသော အယူအဆနှင့်တကွ ဖြစ်သော** တပ်မက်မှုကို 'ဝိဘဝတဏှာ' ဟူ၍ဆိုအပ်ပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၂)

**တဏှာသုံးတန်၊ တည်ထားပြန်၊ အာကာသန်နှင့် မြောက်။**

**တဏှာအစစ်၊ တစ်ရာ့ရှစ်၊ တွက်စစ်အမှန်ရောက်** ဟု မိန့်ဆိုကြသည်။ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာကို အာရုံခြောက်ပါးဖြင့်မြောက်လျှင် (၃×၆ =၁၈) တစ်ဆယ့်ရှစ်ပါးဖြစ်လာသည်။ ယင်းကို အတွင်းအပြင် အဗျတ္တဗဟိဒ္ဓသန္တာန်နှစ်ပါးဖြင့် မြှောက်လျှင် (၁၈×၂ =၃၆) သုံးဆယ့်ခြောက် ဖြစ်လာသည်။

ယင်းကို ကာလသုံးပါးဖြင့် မြှောက်လျှင် (၃၆×၃=၁၀۸) တစ်ရာ့ရှစ်ပါးဖြစ်လာသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၂)

**ဟေတုလက္ခဏာ** တဏှာ=တဏှာသည် ဒုက္ခ၏ အကြောင်းအဖြစ်ဟူသော လက္ခဏာရှိ၏။

**အဘိ နန္ဒနရသာ**=နှစ်သက်ခြင်း ကိစ္စရှိ၏။

**အတိတ္တိဘာဝ ပစ္စုပဋ္ဌာနာ**=မရောင့်ရဲသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်လာ၏။

**ဝေဒနာပဒဋ္ဌာနာ**=ဝေဒနာလျှင် နီးသောအကြောင်းရှိ၏။

သစ်ပင်မှထွက်ကျနေသော **မျောက်နဲ့စေး** ဟုခေါ်အပ်သော သစ်စေးပုံအနီးသို့ အထူးအဆန်းမြင်လျှင် ဆော့ချင်သော မျောက်တစ်ကောင်ရောက်လာလေရာ ထိုသစ်စေးပုံကို လက်တစ်ဖက်ဖြင့် နှိုက်စမ်း၏။ သစ်စေးပုံက ထိုလက်ကို စေးကပ်ဖမ်းယူထားသည်။ ပထမ လက်ကွာအောင် အခြားလက်တစ်ဖက်ဖြင့် ခွာပြန်၏။ ထိုလက်ကိုလည်း စေးကပ်ထားပြန်သည်။ လက်နှစ်ဖက်လုံးကွာအောင် ပါးစပ်ဖြင့်ကိုက်၍ခွာပြန်၏။ ပါးစပ်ကိုလည်းစေးကပ်ဖမ်းယူထားပြန်သည်။ လက်ရော ပါးစပ်ပါ တစ်ခါတည်းကွာအောင် ခြေနှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန် တွန်းကန်၏။ ခြေနှစ်ဖက်ကိုလည်း စေးကပ်ဖမ်ယူလိုက်ပြန်သည်။

ထိုအခါ **ကွာလိုကွာငြား** ဟုသဘောထား၍ ကိုယ်ဖြင့်ဖိလျက် ခွာလိုက်ရာ အိခနဲ့နေကာ ခွာ၍မရအောင် ဖွဲ့နှောင်သကဲ့သို့ တဏှာတရားလည်း ခြောက်ပါးသောအာရုံတို့ ထိခိုက်လာလျှင် တမ်းတမ်းစွဲ၊ ငမ်းငမ်းတက်၊ မခွာရက်အောင် ဖမ်းယူလေသည်။

(သဗ္ဗိုဟ်၊ ဘာဋီ၊ ၁၂၂-၁၂၃)

**အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျမ်းတွင် တဏှာ၏ပရိယာယ်ပုဒ်ဖြစ်သော လောဘအဖွဲ့၌ လုဗ္ဘတီတိ လောဘော၊ သော အာရမ္မဏေ အဘိသင်္ဂံလဂ္ဂဏော မက္ကဋာလေပေါဝိယ၊ လိုချင်တပ်မက် ငြိကပ်သော ကြောင့် လောဘဖြစ်သည်။ ယင်းလောဘသည် အာရုံ၌ ငြိကပ်ခြင်း အမှတ်အသားဖြစ်သည်။ မျောက်နဲ့စေးနှင့်တူမည်** ဟု ဖွင့်ပြထားသည်။ (ဋီကာကျော်၊ ၄၄) တဏှာပူးလို့ ရှုးနေကြသူတို့၏ ပုံရိပ်အနေအထားကို **လယ်တီဆရာတော်** က အောက်ပါအတိုင်း တေးထပ်ဖွဲ့စပ်ပြခဲ့သည်။

- အဝိဇ္ဇာ ပိတ်ကာဆို့
  မိစ္ဆာမြို့ပြင်ပြင်
  ဂူဌာလို့ ခင်မင်လျှင်
  လွင့်စင်မည်မလွဲ
  အရိုးစု အပုပ်ကောင်ကို
  အဟုတ်ယောင်များ ထင်ကြတနဲ(နည်း)။
- အသုဘ ရုပ်တစ္ဆေယ်
  မဟုတ်လေ ကိုယ်ထဲ
  အပုပ်ရေ စိုရွဲလို့
  ယိုမစဲ သူ့မှာ
  သွေးသည်းခြေ ပြည်သလိပ်တွေက
  တည်မဆိတ် လွှမ်းပြန်တော့တာ။
- သို့ကလောက် ရွံစရာကို
  လွန်တဏှာ မက်စွဲလို့
  စက်ဝဲမှာ တပေပေ
  မွန်းနစ်ကြပေ
- တဏှာပူးတဲ့ အရှုးတွေမှာ
  အမှုးမပြေ ပင်ပန်းရှာကြလေး...။
- တဏှာကြိုက်တဲ့ အမိုက်တွေမှာ
  အဟိုက်မပြေ ပင်ပန်းရှာကြလေး...။
- တဏှာဖမ်းတဲ့ အကန်းတွေမှာ
  အပန်းမဖြေ ပင်ပန်းရှာကြလေး...။

ပညာ၏ စောင့်ကြပ်မှု ထိန်းသိမ်းမှုကို မခံရသော စိတ်ဓာတ်သည် အာရုံတရားကြောင့် တုန်လှုပ်ချောက်ချား၏။ ဤသို့စိတ်ဓာတ်၏ တုန်လှုပ်ချောက်ချားလာမှုကို တဏှာဟု ခေါ်ဆိုရ၏။

ခံစားမှုဟူသည် အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လာမှုများ ဖြစ်ကြသည်။ မတည်မြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခတို့၏အကြောင်း ဖြစ်သည်။ မဖောက်မပြန် ပြောင်းလဲတတ်သည့် သဘောတရားမှ ကင်းဘိဟူ၍ ပညာရှိပုဂ္ဂိုလ်မှန်သမျှတို့ သိရှိနားလည်ကြ၏။

ထို့ပြင် "ငါ" ဟူ၍မရှိ၊ "ငါ့" ဟာဆိုတာ ရှာမရပါတကား" ဟူ၍ သိမြင်နားလည်ကြ၏။ ထိုသူတို့သည် အာရုံတို့၏ ဖြားယောင်းလာမှုကြောင့် ချောက်ချားခြင်းမရှိကြ၊ ပကတိ အခိုင်အမာ ရပ်တည်နိုင်ကြ၏။ ပညာမဲ့သူတို့သာ စိတ်ကြိုက် ကာမဂုဏ်တို့ကို ဆည်းပူးရရှိရေးအတွက် ခုံမင်မက်မောကြ၏။ မနှစ်မြို့စရာတို့ကိုကား ရှောင်ရှားကြ၏။ (ပဋ္ဌိစ္စသမုပ္ပါဒ်အဖွင့်၊ ၂၈၂)

(၁) တဏှာခိုင်းသမျှ၊ ပြုလုပ်က၊ ဒုက္ခရောက်မည်ပေ။
(၂) ပစ္စည်း, ခန္ဓာ၊ ရှာရုံသာ၊ သေရှာမဆုံးပေ။
(၃) တရားရှာမှ၊ အနှစ်ရ၊ မုချ ချမ်းသာပေ။
ဒုက္ခီ သုခံ ပတ္ထယတိ၊ သုခီ ဘိယျောပိ ဣစ္ဆတိ။
ဥပေက္ခာ ပန သန္တတ္တာ၊ သုခ မိစ္ဆေ ဘာသိတာ။
ဆင်းရဲသောသူသည် ချမ်းသာကို တောင့်တလေ့ရှိ၏။ ချမ်းသာသောသူသည် တိုးရှိ(ချမ်းသာကို)အလိုရှိ၏။ ဥပေက္ခာကိုမူ ငြိမ်သက်သည်၏အဖြစ်ကြောင့် ချမ်းသာသုခ ဟူ၍သာလျှင်ဆိုအပ်၏။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၃၊ အဘိ၊ ၆၊ ၂၊ ၁၇၁)

**တဏှာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋ္ဌိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ တဏှာသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခန်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော

အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။ တဏှာသည် စိတ္တာနုပဿနာသတိပဋ္ဌာန် ထဲလည်းပါ၏။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ထဲလည်းပါ၏။

**ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ** ပဇာနာတိ-ရဟန်းတို့... ဤသာသနာတော်၌ အားထုတ်နေသောပုဂ္ဂိုလ်သည် တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ကိုလည်း တပ်မက်မှုနှင့်တကွ ဖြစ်သောစိတ်ဟု သိ၏" ဟု စိတ္တာနုပဿနာ သတိပဋ္ဌာန်၌ ဖော်ပြထားသည်။ "တပ်မက်သာယာစိတ်ဖြစ်လာလျှင် "တပ်မက်တယ်၊ သာယာတယ်၊ သဘောကျတယ်" ဟု စူးစိုက်ရှုမှတ်ရမည်။ ထိုအခါ တပ်မက်သာယာစိတ် အစဉ်ပြတ်စဲသွားလိမ့်မည်။ တပ်မက်ခြင်းမရှိ။ ပကတိစင်ကြယ်စိတ်များသာ ဖြစ်လာလိမ့်မည်။ ယင်းသို့မဖြစ်လျှင် တပ်မက်စိတ်၏အကြောင်းကို ရှာကြည့်ပါ။ တပ်မက်စိတ်၏ အဖြစ်အပျက်ကိုလည်း မြင်အောင်ကြည့်ပါ။ အချိန်မီ အစားထိုးပါ။ ကာမပဲဖြစ်ဖြစ်၊ ဓမ္မပဲဖြစ်ဖြစ် အချိန်မီအစားထိုးတတ်မှ သက်သာရာ ရနိုင်သည်။ ဓမ္မဖြင့် အစားထိုးတာ အကောင်းဆုံးပါ။

ဓမ္မာနုပဿနာသတိပဋ္ဌာန် နိဝရဏပဗ္ဗ၌ တဏှာကို ကာမဆွဲဆန္ဒဟု ဖော်ပြထားသည်။

၁။ **သန္တံ ဝါ အဇ္ဈတ္တံ ကာမဆွဲဆန်ံ အတ္ထိ မေ အဇ္ဈတ္တံ ကာမဆွဲဆန္ဒော တိ ပဇာနာတိ**-ကိုယ်တွင်းသန္တာန်၌ ကာမဆွဲဆန္ဒရှိလျှင် ဖြစ်လျှင် ကာမဆွဲဆန္ဒဖြစ်နေ, ရှိနေသည်ဟု သိပေးရသည်။ မှတ်ပါ သိပါများလျှင် ကာမဆွဲဆန္ဒမဖြစ်တော့ဘဲ ပြတ်စဲသွား သည်။ ကာမဆွဲဆန္ဒမရှိတော့ပြီဟု သိရသည်။

၂။ **အသန္တံဝါ အဇ္ဈတ္တံ ကာမဆွဲဆန္ဒော နတ္ထိ မေ အဇ္ဈတ္တံ ကာမဆွဲဆန္ဒောတိ ပဇာနာတိ**-ကာမဆွဲဆန္ဒမရှိလျှင် မရှိ, မဖြစ်လျှင် မဖြစ်ဟု သိပေးရသည်။

၃။ **ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ**–မူလက မဖြစ်သေးသော ကာမစ္ဆန္ဒ၏ ယခုအသစ်ဖြစ်ပေါ်လာရခြင်း၏အကြောင်း အယောနိသော မနသိကာရကိုလည်း သိပေးရသည်။

၄။ **ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ**–ဖြစ်ပေါ်နေသော ကာမစ္ဆန္ဒကို ပယ်ခြင်း၏ အကြောင်း ယောနိသော မနသိကာရကိုလည်း သိပေးရသည်။

၅။ **ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိं အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ**–ပယ်ဖျောက်ပြီးသော ကာမစ္ဆန္ဒ၏ နောက်ထပ်တစ်ဖန် မဖြစ်ပေါ်ခြင်းအကြောင်း အရိယာမဂ်ကိုလည်း သိပေးရသည်။

သုဘဟု နှလုံးသွင်းမိခြင်းသည် ကာမစ္ဆန္ဒဖြစ်ခြင်းအကြောင်းပါ။ ဝိပဿနာရှုမိခြင်း၊ အသုဘဟု နှလုံးသွင်းမိခြင်းသည် ကာမစ္ဆန္ဒပယ်ခြင်း၊ ပြတ်စဲခြင်းအကြောင်းဖြစ်သည်။ အရဟတ္တမဂ်သည် ကာမစ္ဆန္ဒလုံးဝချုပ်ငြိမ်းခြင်း အကြောင်းဖြစ်သည်။ ထို့ကြောင့် ကာမစ္ဆန္ဒဖြစ်လာလျှင် သင့်လျော်သလို ဆင်ခြင်ပယ်ဖျောက်ပေးရမည်။

**ဓမ္မာနုပဿနာ, သစ္စပဗ္ဗသမုဒယသစ္စာအခန်း၌** တဏှာအမျိုးအစားများ ဖော်ပြထားပါသည်။ ယင်း၌ တဏှာဖြစ်ရာ နေရာများကိုလည်း ပြည့်စုံစွာ တင်ပြထားသည်။ ထို့ကြောင့် တဏှာသည် အလွန်ကျယ်ပြန့်သော သဘောရှိကြောင်း သိစေပါသည်။ (ဒီ၊ ၂၊ ၂၃၇၊ ၈)

တပ်မက်မှုတဏှာကို ခွဲခြားသိသူ, တပ်မက်မှုဖြစ်ကြောင်းကို ခွဲခြားသိသူ, တပ်မက်မှုချုပ်ငြိမ်းခြင်းကို ခွဲခြားသိသူ, တပ်မက်မှုချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြားသိသူသည် အယူမှန်သူ, အယူဖြောင့်သူ, တရားတော်၌ သက်ဝင်ကြည်ညိုသူ, သူတော်ကောင်း

တရားသို့ရောက်သူ ဖြစ်သည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာ ဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ခြင်းကို ပြုနိုင်ပါသည်။

(မ၊ ၁၊ ၆၃)

## ဥပါဒါန်

ဥပသဒ္ဒါသည် အလွန်အကဲဟူသော အနက်ကိုဟော၏။ အာဒါန သဒ္ဒါသည် ယူခြင်းဟူသော အနက်ကိုဟော၏။ ဖားကိုမြွေကဖမ်းသော အခါ မလွတ်ဘဲ စွဲစွဲမြဲမြဲဖမ်းယူထားသကဲ့သို့ မိမိဆိုင်ရာအာရုံတွင် စွဲစွဲ မြဲမြဲ ယူတတ်သော (စွဲလမ်းတတ်သော) တရားကို **ဥပါဒါန်** ဟု ခေါ်၏။

(သင်္ဂြိဟ်၊ ဘာဋီ၊ ၅၅၅)

တဏှာက မရသေးသော အာရုံအမျိုးမျိုးကို တောင်းတသည်။ သူခိုးများ မှောင်ရိပ်ထဲမှာ ဘဏ္ဍာထုပ်ကို လျှောက်စမ်းတာနှင့်တူသည်။

ဥပါဒါန်သည် ရှိပြီးသော အာရုံများကို မလွတ်ဘဲ စွဲမြဲစွာ ယူတတ်သည်။ ဘဏ္ဍာထုပ်ကို ရပြီးသော သူခိုးသည် ဘယ်တော့မှ မလွတ်တာနှင့် တူသည်။ ယင်းသည် တဏှာနှင့် ဥပါဒါန်၏ သဘော အထူးပင်ဖြစ်သည်။

**ဂဟဏလက္ခဏံ ဥပါဒါနံ**=ဥပါဒါန်သည် ဆုပ်ကိုင်ထားခြင်း လက္ခဏာရှိ၏၊ (၀ါ) ပြင်းစွာစွဲလမ်းခြင်း လက္ခဏာရှိ၏။

**အမုဉ္စနရသံ**=မလွှတ်ခြင်း ကိစ္စရှိ၏။

**တဏှာ ဒဠှတ္တာဒိဋ္ဌိပစ္စုပဋ္ဌာနံ**=မြဲမြံသောတဏှာနှင့် ဒိဋ္ဌိဟုဉာဏ် အား ရှေးရှုထင်၏။

**တဏှာယ ပဒဋ္ဌာနံ**=တဏှာလျှင်နီးသောအကြောင်းရှိ၏။ (အဘိ၊ ၆၊ ၂၊ ၁၂၉၊ ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၀)

ကတမံ တဏှာ ပစ္စယာ ဥပါဒါနံ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ၊ ဣဒံ ဝုစ္စတိ တဏှာ ပစ္စယာ ဥပါဒါနံ။

တပ်မက်မှုတဏှာကြောင့် (ဖြစ်လာသော) စွဲလမ်းမှုဥပါဒါန် ဟူသည် အဘယ်နည်း။

ကာမဂုဏ်ကို စွဲလမ်းမှု ကာမုပါဒါန်၊ အယူမှားကို စွဲလမ်းမှု ဒိဋ္ဌုပါဒါန်၊ နွားစသည်တို့၏အလေ့အကျင့်ကိုစွဲလမ်းမှု သီလဗ္ဗတုပါဒါန်၊ အတ္တရှိသည်ဟူသော အယူအဆစွဲလမ်းမှု အတ္တဝါဒုပါဒါန်၊ ယင်းလေးပါးကို ဥပါဒါန်ဟု ဆိုအပ်၏။ (အဘိ၊ ၂၊ ၁၄၃)

(၁) သာယာဖွယ်က၊ လိုပြင်းပြ၊ ကာမ ဥပါဒါန်။

(၂) အယူမှားဘီ၊ ပြင်းထန်၏၊ ဒိဋ္ဌိ ဥပါဒါန်။

(၃) နွားအလေ့ထ၊ မွန်မြတ်လှ၊ သီလဗ္ဗတ ဥပါဒါန်။

(၄) ငါသာအမှန်၊ ယူနေပြန်၊ ခေါ်ရန်အတ္တဝါဒုပါဒါန်။

ကာမုပါဒါန်နှင့် တဏှာသည် တရားကိုယ်ပြောရလျှင် လောဘ ဖြစ်သည်။ ပြင်းပြင်းထန်ထန် စွဲစွဲလမ်းလမ်း တပ်မက်သော လောဘကို ကာမုပါဒါန်ဟု ခေါ်သည်။ ပြင်းပြင်းမရှိသော လောဘကို တဏှာဟု ခေါ်သည်။

အနည်းငယ်တပ်မက်မှုသည် တဏှာမည်၏။ လွန်လွန်ကဲကဲ စွဲလမ်းတပ်မက်မှုသည် ကာမုပါဒါန်မည်၏။ လှပသော ရူပါရုံကို ပထမဆုံး တွေ့စဉ် တဏှာဖြစ်သည်။ ထိုတဏှာသည် တစ်စတစ်စ ရင့်သန်လျှင် ကာမုပါဒါန်အဖြစ်သို့ရောက်၏။

ဖွတ်ကြီးတော့ မိချောင်း, တစ္ဆေကြီးတော့ သူရဲ, မြွေကြီးတော့ နဂါး ဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် အားကြီးသော လောဘကို ကာမုပါဒါန်ဟု ခေါ်သည်။

ခန္ဓာကာယ၊ အဖျတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်နှီးရင်း၊ အစွဲပြင်း၏။ အသင်းဟားများ၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန် ဟု လက်ခံစီထားသည်။

ဒိဋ္ဌမှန်လျှင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အယူသန်သော ကြောင့် ဥပါဒါန် အမည်ရသည်သာ၊ ဒိဋ္ဌအမျိုးမျိုးတွင် အတ္တဝါဒုပါဒါန်သည် **ခန္ဓာငါးပါးဌ အတ္တခေါ်သော အသက်ရှိ၏** ဟူ၍ စွဲလမ်းသော ဒိဋ္ဌတစ်မျိုးတည်း။ သက္ကာယဒိဋ္ဌဟုလည်း ခေါ်သည်။ ထိုသက္ကာယဒိဋ္ဌဖြင့် မိမိခန္ဓာကိုယ်ကို စွဲလမ်းခြင်းသည်ပင် မိမိကိုယ်ကို တဏှာဖြင့်ခင်မင်ခြင်း ကြောင့်ဖြစ်သည်။

သီလဗွတုပါဒါန်ဟူသည် ခွေးကျင့်၊ နွားကျင့် စသည်ဖြင့် အမျိုးမျိုးကျင့်သောဒိဋ္ဌဖြစ်သည်။ မိမိကိုယ်ကို တဏှာဖြင့် ခင်မင်လျက်ရှိသောကြောင့် နောက်နောင်ဘဝတွင် မိမိချမ်းသာရန်ရည်ရွယ်လျက် ခွေးကျင့်၊ နွားကြံကို ကျင့်ကြံမိကြသည်။ ဒိဋ္ဌပါဒါန်ဟူသော ဒိဋ္ဌများကိုလည်း တဏှာအတွက်ကြောင့်သာ ကောင်းနိုးရာရာထင်၍ ယူမှားမိကြလေသည်။ သို့အတွက် **ဒိဋ္ဌဆိုင်ရာ ဥပါဒါန်သုံးမျိုးလည်း တဏှာကြောင့်ဖြစ်ကြသည်** ဟုမိန့်တော်မူပါသည်။

ဘုရားစသော သူတော်ကောင်းများကို မဆည်းကပ်ဘဲ သံသရာမှ လွတ်မြောက်ခြင်းကိုလည်း အလိုရှိကြသော အချို့လူတို့သည် **ငါတို့သန္တာန်ဌ ရှေးကပြုမိခဲ့သော အကုသိုလ်များရှိကြသည်။ ထိုအကုသိုလ်များသည် ယခုဘဝဌ အလုံးစုံအကျိုးပေးပြီးဖြစ်အောင် အကြွေးဆပ်လျက် နောက်ထပ်အကုသိုလ်မပြုမိလျှင် ကိလေသာမှလည်း စင်ကြယ်၊ သံသရာမှလည်း လွတ်မြောက်နိုင်သည်** ဟု စဉ်းစားမိကြလေသည်။

ထိုသို့ စဉ်းစားမိသည့်အားလျော်စွာ ရှေးက အကုသိုလ်အပြစ်ဒဏ်ကို ယခုဘဝဌ ခံသောအားဖြင့် တချို့က နွားတို့၏အလေ့၊ နွားတို့၏အကျင့်ကို ကြိုးကြိုးစားစားကျင့်၏။ အဝတ်မဝတ်ဘဲနေ၏။ သွားသောအခါတွင်လည်း နွားလို လေးဘက်ထောက်၍သွား၏။ စားလျှင်လည်း နွားလိုစား၏။ အိပ်လျှင်လည်း နွားလိုလေးဘက်ထောက်၍အိပ်၏ အစရှိသဖြင့် နွားတို့၏အလေ့ကို တုန်ပြစွဲယူကြ၏။ ဦးချိုနှင့်အမြီးကိုလည်း

တပ်ထားသည်။ တချို့က ခွေးကျင့်ကျင့်၏။ ခွေးတို့၏အလေ့ကို သာယာ၏။ ထိုကဲ့သို့ အကျင့်ဆိုး အလေ့ဆိုးကိုပင် ကိလေသာမှ စင်ကြယ်၊ သံသရာမှလွတ်မြောက်လွယ်ကြောင်း အကျင့်ကောင်းတစ်ခုဟု စွဲလမ်း မှတ်ထင်လေသည်။ တချို့ကား ထိုအကျင့်များဖြင့် နတ်ရွာသုဂတိကို ရနိုင်၏ဟု အယူရှိကြသည်။ (သဂြိုဟ်၊ ဘာဒို၊ ၆၁၆)

အခါတစ်ပါး၌ နွားကျင့်ကျင့်သော ပုဏ္ဏာပရိုဗိုဇ်နှင့် ခွေးကျင့်ကျင့်သော သေနိယပရိုဗိုဇ်တို့သည် ဘုရားရှင်ထံတော်သို့ ရောက်လာကြ၍ ပုဏ္ဏာပရိုဗိုဇ်က သေနိယ၏ကျင့်ပုံနှင့် အကျိုးအပြစ်၊ သေနိယပရိုဗိုဇ်ကလည်း ပုဏ္ဏ၏ကျင့်ပုံနှင့် အကျိုးအပြစ်တို့ကို လျှောက်ထားကြလေရာ ဘုရားရှင်က မလျှောက်ရန် (၃) ကြိမ်တိုင်တိုင်တားသော်လည်း မရသဖြင့် "ခွေးအကျင့်ကို ကျကျနနကျင့်သူသည် ခွေးစိတ်သာလျှင် အထုံပါနေသောကြောင့် သေလျှင်ခွေးဖြစ်၏။ နွားအကျင့်ကို သေသေချာချာကျင့်သူသည်လည်း နွားအထုံပါနေသောကြောင့် သေလျှင်နွားဖြစ်၏။ ငါ့မှာ ဤအကျင့်ဖြင့် နတ်မင်း(နတ်ဘုရင်)သို့မဟုတ် နတ်အမတ်ကြီးသော်လည်းကောင်း ဖြစ်ရတော့မှာပဲဟု မိုဃ်ကောအယူရှိခဲ့လျှင် မိုဃ်ကောအယူကြောင့် ငရဲနှင့်တိရစ္ဆာန် လျှော်ကန်ရာဖြစ်လိမ့်မည်" ဟု ဟောတော်မူသောအခါ နှစ်ယောက်လုံး ငိုကြွေးကြသည်။ ထို့နောက် ဆက်၍ဟောပြအပ်သော တရားတော်ကိုနာရမှ ပုဏ္ဏာက သရဏဂုံတည်၍ သေနိယက ရဟန်းပြုပြီးလျှင် မကြာခင် ရဟန္တာဖြစ်လေသည်။ (မ၊ ၂၊ ၅၀-၅၄)

အတ္တကိုပြောဆိုကြောင်းမိုဃ်ကောအယူသည် အတ္တဝါဒမည်ပါသည်။ အတ္တဝါဒသည်ပင် စွဲလမ်းတတ်သောကြောင့် အတ္တဝါဒ ဥပါဒါန်မည်ပါသည်။ ဤအတ္တဝါဒဥပါဒါန် အယူသည် ရုပ်နာမ်တရားတို့၏ အနတ္တဖြစ်ပုံကို သဘောမကျနိုင်။ အတ္တရှိသည်ဟုသာ ပြောဆိုလေ့ရှိ၏။

ပုထုဇဉ်အများတို့ စွဲလမ်း ထင်မှားအပ်သော ထိုအတ္တသည် ပရမအတ္တ ဇီဝအတ္တဟု နှစ်မျိုးရှိ၏။ **ပရမ အတ္တ** ဟူသည် ကမ္မာ

လောကကြီးနှင့် သတ္တဝါများကို စိမ်ဖန်တီးနိုင်သူဟု စွဲလမ်းထင်မှားအပ်သော အတ္တဖြစ်သည်။ ဇီဝအတ္တမှာ သတ္တဝါတစ်ယောက်ယောက်၏ **အသက်** ဟု စွဲလမ်းထင်မှားအပ်သော အတ္တဖြစ်သည်။

(သင်ကြိုဟ်၊ ဘာဒီ၊ ၁၅၅)

ဥပါဒါန်သည် တရားကိုယ်ကောက်ကြည့်လျှင် လောဘနှင့်ဒိဋ္ဌပင် ဖြစ်သည်။ သတိပဋ္ဌာန်ဖြင့် ဝေဖန်ယှဉ်တွဲကြည့်လျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်နိုင်သည်။ ယင်းဥပါဒါန်၏သဘောကို ရှေးဦးစွာ သိနားလည်အောင်လုပ်ပြီး ဖြစ်တည်ကုန်ဆုံးပျောက်ပျက်သွားသည်ထိ ရှုမတ် ဖယ်ထုတ် အမြစ်ပြုတ်အောင် စွမ်းဆောင်ကြိုးကုတ်ကြရမည်ဖြစ်သည်။

**ဥပါဒါနံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ ဥပါဒါန်သည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခမ်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

စွဲလမ်းခြင်းဥပါဒါန်ကို ခွဲခြားသိသူ၊ စွဲလမ်းခြင်းဖြစ်ကြောင်းကို ခွဲခြားသိသူ, စွဲလမ်းခြင်း ချုပ်ငြိမ်းမှုကို ခွဲခြားသိသူ, စွဲလမ်းခြင်း ချုပ်ငြိမ်းမှုသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြားသိသူသည် အယူမှန်သူ, အယူဖြောင့်သူ, တရားတော်၌ သက်ဝင်ကြည်ညိုသူ, သူတော်ကောင်းတရားသို့ရောက်သူ ဖြစ်ပါသည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ခြင်းကို ပြုနိုင်သူ ဖြစ်ပါသည်။

(မ၊ ၁၊ ၆၂-၆၃)

– အစွဲကိုပင်၊ မစွဲတတ်လျှင်၊ ပူပင်ဖြစ်တော့သည်။

- အစွဲကိုပင်၊ စွဲတတ်လျှင်၊ ဥာဏ်ပင်ဖြစ်တော့သည်။
- ဆင်ကြီးပေါ်တွင်၊ ကြံတင်လျှင်၊ ဝန်ပင်ဖြစ်တော့သည်။
- ထိုကြံကိုပင်၊ ဆင်ကျွေးလျှင်၊ အားအင်ဖြစ်တော့သည်။

## ဘဝ

ဘဝသည် ဖြစ်စေခြင်းနှင့် ဖြစ်ပေါ်လာခြင်းဟု အဓိပ္ပာယ်ရပါသည်။ အကျိုးတရားများကိုဖြစ်စေသော ကံတရားသည် မုချအားဖြင့် ဘဝဖြစ်ပါသည်။ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားကိုလည်း ဥပစာအားဖြင့် ဘဝဟုခေါ်ပါသည်။

**ကမ္မ ကမ္မဖလလက္ခဏော ဘဝေါ** = ဘဝသည် ကံနှင့်ကံ၏ အကျိုးအဖြစ်ဟူသော လက္ခဏာရှိသည်။

**ဘာဝန ဘဝနရသော** = ဖြစ်စေခြင်း၊ ဖြစ်ခြင်း ကိစ္စရှိသည်။

**ကုသလာကုသလာဗျာကတာပစ္စုပဋ္ဌာနော** = ကုသိုလ်, အကုသိုလ်နှင့် အဗျာကတတရားဟု ဥာဏ်အားရှေးရှုထင်လာ၏။

**ဥပါဒါနပဒဋ္ဌာနော** = ဥပါဒါန်လျှင် နီးသောအကြောင်းရှိ၏။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၆၀၊ အဘိ၊ ၆၊ ၂၊ ၁၂၉)

**ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မဘဝေါ, အတ္ထိ ဥပပတ္တိ ဘဝေါ။**

ဘဝသည် ကမ္မဘဝ, ဥပပတ္တိ ဘဝဟု (၂) မျိုးရှိသည်။

(အဘိ၊ ၂၊ ၁၄၃)

ကမ္မဘဝဟူသည် အဘယ်နည်း။

**ပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရော၊ အယं ဝုစ္စတိ ကမ္မဘဝေါ၊ သဗ္ဗံ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။**

ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့ကို ကမ္မဘဝဟုခေါ်ဆိုပါသည်။ အလုံးစုံသော ဘဝသို့ရောက်ရှိစေတတ်သော ကံသည်လည်း ကမ္မဘဝမည်ပါသည်။ (အဘိ၊ ၂၊ ၁၄၃)

"စေတနာဟာ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္တာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ-ရဟန်းတို့... ငါဘုရားသည် စေတနာကို ကံဟုဟောသည်။ စေ့ဆော်၍ ကိုယ်, နှုတ်, စိတ်ဖြင့် ကံကိုပြုသည်" ဟု မြတ်စွာဘုရားက ဟောခဲ့သည်။

"ငါက စေတနာနဲ့ ပြောတာ သူ့မှာ ဝေဒနာဖြစ်သွားတယ်" ဟု ပြောလေ့ရှိသည်။ "စေတနာ ဆိုရင် အကောင်း, ဝေဒနာဆိုရင် အဆိုး" ဟု ခံယူနေသောကြောင့် ဖြစ်သည်။ တကယ်တော့ စေတနာ, ဝေဒနာတို့သည် စိတ်အားလုံးနှင့် ဆက်စပ်သည့် သဗ္ဗစိတ္တသာဓारณ စေတသိက်များ ဖြစ်ကြသည်။ စိတ်ကောင်းဖြင့် ပြုလုပ်တာကို ကုသိုလ် စေတနာ, မကောင်းစိတ်ဖြင့် ပြုလုပ်တာကို အကုသိုလ် စေတနာဟု ခေါ်သည်။ စေတနာတိုင်း အကောင်းမဟုတ်။ "စေတနာအမှား" ဆိုတာ မကောင်းကျိုးဖြစ်စေရန် ရည်ရွယ်ချက် မပြင်းပြဘဲ အမှတ်တမဲ့ ပေါ့ပေါ့ပါးပါး ပြုလုပ်, ပြောဆိုလိုက်ရာက မကောင်းကျိုးဖြစ်သွားတာကို ခေါ်ခြင်း ဖြစ်သည်။

**စေတနာသည် လူတိုင်းနှင့်မတန်** ဟု ပြောခြင်း၌ အရကောက် စေတနာသည် ကောင်းသောစေတနာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စေတနာသည် ကံဖြစ်နေသောကြောင့် ဘဝကို ဖြစ်စေပါမည်။ စေတနာ ကောင်းသည် ဘဝကောင်း ဖြစ်စေပြီး စေတနာဆိုးသည် ဘဝဆိုးကို ဖြစ်စေပါသည်။ ထို့ကြောင့် စေတနာကောင်းဖို့ အရေးကြီးသည်။

**ဥပပတ္တိဘဝေါ ပန သခ်ေပတော ကမ္မာဘိနိဗ္ဗတ္တာ ခန္ဓာ။**

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၆)

လောကီကုသိုလ်၊ အကုသိုလ်ကံ စေတနာများသည် ကမ္မဘဝ မည်ပါသည်။ ယင်းအကြောင်းကံကြောင့်ဖြစ်သော လောကီအကျိုးများ နှင့် ကံကြောင့်ဖြစ်ရသောရုပ်များသည် ဥပပတ္တိဟုခေါ်သည်။ နောက် ဘဝတွင် ကပ်ရောက်ရသောကြောင့် ဥပပတ္တိဟုခေါ်သည်။ ကံကြောင့်ဖြစ်ရ

သောကြောင့်လည်း ဘဝဟုခေါ်သည်။ ထို့ကြောင့် ယခုဘဝ၌ ကုသိုလ်ကံကြောင့် နောင်ဘဝတွင်ဖြစ်ရသော အကျိုးများကို ဥပပတ္တိဘဝဟု ခေါ်ပါသည်။

[ဤနေရာ၌ သြပပါတိကပဋိသန္ဓေနှင့် ဥပပတ္တိဘဝကို သဲကွဲစွာ ခြားခြားနားနား ပိုင်ပိုင်နိုင်နိုင် သိနိုင်အောင် သေသေချာချာ ရှင်းပြသင့်သည်။ ရေညှိစသည်တို့ကြောင့် ဖြစ်လာသောသတ္တဝါ-သံသေဒဇပဋိသန္ဓေ၊ ကြက်, ၄က်စသော အဉမ္မပေါက်ဖွားလာသောသတ္တဝါ-အဏ္ဍဇပဋိသန္ဓေ၊ လူ, နွား, ခွေး စသောအမိဝမ်းမှ မွေးဖွားလာရသောသတ္တဝါ-ဂဗ္ဘသေယျကပဋိသန္ဓေ၊ ငရဲသားများ, နတ်ပြဟ္မာများ စသော ဘွားခနဲ ဖြစ်လာရသော သြပပါတိ ပဋိသန္ဓေအကြောင်းတို့ကို ရှင်းပြထားမှသာ သြပပါတိကနှင့် ဥပပတ္တိ၏ခြားနားမှုကို သိကြမည် ထင်ပါသည်။]

**ကာမဘဝေါ, ရူပဘဝေါ, အရူပဘဝေါ, သညာဘဝေါ, အသညာ ဘဝေါ, နေဝသညာ နာသညာဘဝေါ, ဧကေဝေါကာရဘဝေါ, စတုဝေါကာရဘဝေါ, ပဉ္စဝေါကာရဘဝေါ, အယံဝုစ္စတိ ဥပပတ္တိဘဝေါ။**

**ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာဘဝ, နေဝသညာ နာသညာဘဝ, ဧကေဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝဟု ဥပပတ္တိ ဘဝ (၉)မျိုး ရှိပါသည်။ (အဘိ၊ ၂၊ ၁၄၃)**

အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် (၆)ထပ်တို့ကို ကာမဘဝဟုခေါ်ပါသည်။ ပဌမစျာန် ဗြဟ္မာဘုံနှင့် အကနိဋ္ဌဘုံအတွင်း၌ဖြစ်သော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များကို ရူပဘဝဟုခေါ်ပါသည်။ အရူပ (၄)ဘုံအတွင်း၌ဖြစ်သော အကျိုးများကို အရူပဘဝဟု ခေါ်ပါသည်။ သညာရှိသော (၇)ဘဝကို သညာဘဝဟုခေါ်သည်။

သညာမရှိသောဘုံဘဝကို အသညာဘဝဟုခေါ်သည်။ ရှုန့်ရင်းကြမ်းတမ်းသော သညာမရှိ၊ သိမ်မွေ့သော သညာသာရှိသော ဘုံဘဝကို နေဝသညာ နာသညာဘဝဟုခေါ်ပါသည်။ ရုပ်အစုအဝေးမျှသာရှိသော

ဘဝကို ကေဝေါကာရဘဝဟုခေါ်ပါသည်။ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ ပြုပြင်မှုသင်္ခါရ၊ သိမှုဝိညာဏ်ဟူသော နာမ်ခန္ဓာ(၄)ပါးမျှသာရှိသောဘဝကို စတုဝေါကာရဘဝဟုခေါ်သည်။ ရူပ်, နာမ်(၂)ပါး, ခန္ဓာ(၅)ပါးလုံးရှိသောဘဝသည် ပဉ္စဝေါကာရဘဝဖြစ်သည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၆-၇၊ အဘိ၊ ၆၊ ၂၊ ၁၇၄-၅)

**ပုထုဇနော ဥမ္မတ္တကော ဝိယ**၊ ပုထုဇဉ်တို့၏စိတ်သည် အရူးပမာ ထင်မိထင်ရာ စွဲမိစွဲရာ စွဲလမ်းလေ့ရှိကြသည်။ အကြောင်းအကျိုးသင့်မသင့်ကို နှိုင်းချင့်တတ်သူမှာ လွန်စွာနည်းပါးကြ၏။

ထို့ကြောင့် ကာမုပါဒါန်အစွမ်းအားဖြင့် လူချမ်းသာ, နတ်ချမ်းသာကိုရရှိလို၍ ထိုကံကို စီမံပြုလုပ်ကြရာတွင် တချို့မှာ မသမာသော ဆရာတို့၏ ဟောပြောချက်ကြောင့် သားကောင်သတ်၍ ယဇ်နတ်ပူဇော်ခြင်းစသော ဒုစရိုက် အကုသိုလ်ကံကို စီမံမိကြ၏။

ယခုဘဝမှာပင် ကာမချမ်းသာကို ခံစားလို၍ တစ်ယောက်နှင့် တစ်ယောက် သတ်ဖြတ် လုယက်ခြင်းစသော မကောင်းမှု ဒုစရိုက် အမျိုးမျိုးကို ပြုကြ၏။ ထိုအကုသိုလ်ကမ္မဘဝကြောင့် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရသည်။ တချို့သည် ဆရာသမားကောင်းတို့၏ ထုံးဟောင်းလမ်းမှန်အကျ ကာမာဝစရကုသိုလ်ကံကို တစ်ဖန်အားထုတ်မိကြသဖြင့် ကမ္မဘဝပြုတုန်းက မျှော်လင့်ချက်အတိုင်း လူ့ဘုံ၊ နတ်ရပ်၌ ကောင်းမြတ်သော ဥပပတ္တိဘဝကို ရကြသည်။

တချို့ကား "ရူပ, အရူပဘုံဘဝတွင် ကာမဘုံထက်ပင် ချမ်းသာဖွယ်ပေါများ၏" ဟုကြားဖူး၍ဖြစ်စေ, တွေးမြင်ချက်ဖြင့်ဖြစ်စေ ချမ်းသာကို ခံစားလိုသော ကာမုပါဒါန်အတွက် ရူပ, အရူပ စျာန်ဟူသော ကမ္မဘဝကို အားထုတ်ကြ၍ ရူပ, အရူပဘုံတွင် ဥပပတ္တိ ဟူသော ဝိပါက်ကမ္မဇ ရုပ်များဖြစ်ကြရသည်။ ဤသို့ ကာမုပါဒါန်ကြောင့် ကမ္မဘဝ၊ ဥပပတ္တိဘဝနှစ်မျိုး ဖြစ်နိုင်ကြသည်။

ဥဒ္ဓေစဒိဋ္ဌိ အယူရှိသူတချို့သည် "ငါ၏အတ္တသည် ကာမသုဂတိ, ရူပ, အရူပဘုံတို့၌ ပြတ်စဲရလျှင် ကောင်းသောပြတ်စဲခြင်းပေတည်း" ဟု ဥဒ္ဓေစဒိဋ္ဌိဟူသော ဒိဋ္ဌုပါဒါန်အရင်းခံ၍ ထိုဘုံများသို့ရောက်ရန် ကုသိုလ်ကမ္မဘဝကို ပြုလုပ်စီမံသည်။ သဿတဒိဋ္ဌိ အယူရှိသူတချို့သည် "ငါ၏အတ္တသည် ကာမသုဂတိ, ရူပအရူပဘုံတို့၌ဖြစ်ရလျှင် ကေန်ချမ်းသာခွင့်ရလိမ့်မည်" ဟု အတ္တဝါဒုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ ရောက်ရန်ကံကိုပြုလုပ်စီမံ၏။

သီလဗ္ဗတုပါဒါန် အယူရှိသူတချို့သည် "ယခု ငါကျင့်နေသော အလေ့အကျင့်ကို နတ်ပြည်, ဗြဟ္မာပြည်၌ကျင့်ရလျှင် လွယ်လွယ် ကူကူပြည့်စုံပေလိမ့်မည်" ဟု သီလဗ္ဗတုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ ရောက်ရန် ကံတစ်ခုခုကိုပြု၏။

ထို့သို့ပြုရာတွင် လမ်းမှန်ကျင့်မိလျှင် ရည်ရွယ်ရင်း သုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်၍, လမ်းလွဲကျင့်မိပါလျှင် အပါယ်ဘုံ၌ ဥပပတ္တိဘဝ ဖြစ်ရသည်။ ဤသို့ ဒိဋ္ဌိအမျိုးမျိုးကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝဟူသော ဘဝနှစ်မျိုးဖြစ်ရသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၀၈–၂၀၉)

**ဘဝေါ ဘိက္ခဝေ အနိစ္စော သခ်ံတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မော။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ ဘဝသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခန်းခြင်း သဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်း သဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

သခ်ါရနှင့် ကမ္မသည် အတိတ်, ပစ္စုပ္ပန်ကာလသဘောဖြင့် ခြားနားသည်။ အတိတ်ကံကို သခ်ါရဟု ခေါ်သည်။ ပစ္စုပ္ပန်ကံကို ကမ္မဘဝဟုခေါ်သည်။ သခ်ါရသည် အမြဲ ပဋိသန္ဓေကို အကျိုးပေးသည်။

ကမ္မဘဝသည် ပဋ္ဌိသန္ဓေအကျိုးပေးသည်လည်းရှိသည်။ မပေးသည်လည်း ရှိနိုင်သည်။

ကမ္မဘဝသည် ကလျာဏ မိတ္တဆရာကောင်းနှင့်တွေ့လျှင် ကံပြတ်အောင်, စွမ်းဆောင်နိုင်သောကြောင့် အကျိုးမပေးတော့ပါ။ **အာယတိ ပဋ္ဌိသန္ဓိယာ ပစ္စယစေတနာ ဘဝေါ နာမ၊ ပုရိမကမ္မ ဘဝသို့ ကျမဝ ပဋ္ဌိသန္ဓိယာ ပစ္စယစေတနာ သခါရာတိ ဝေဒိတဗ္ဗာ။** နောက်ဘဝ၌ ပဋ္ဌိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာသည် ဘဝမည်၏။ ကံဖြစ်ရာ ရှေးဘဝ၌ဖြစ်ခဲ့သော ဤပစ္စုပ္ပန်ဘဝ၌ ပဋ္ဌိသန္ဓေ၏အကြောင်းဖြစ်သော စေတနာသည် သခါရတို့မည်၏ဟု မှတ်ထိုက်ကြောင်း ဋီကာကျော်၌ ရှင်းပြထားသည်။ ကမ္မဝဋ္ဋမှာ ကမ္မဘဝနှင့် သခါရနှစ်မျိုး ပါဝင်နေသောကြောင့် ကမ္မဘဝနှင့် သခါရတို့၏ ထူးခြားမှုကို သိစေပါသည်။

(ဋီကာကျော်၊ ၂၁၀)

မိုးကုတ်ဆရာတော်က **ကံစီမံရာကို လိုက်ကြရင် သုံးဆယ့်တစ်ဘုံ လည်ကြရမယ်။ ဉာဏ်စီမံရာ လိုက်ရင်တော့ နိဗ္ဗာန်ရောက်ကြမယ်** ဟု ဆိုးမခဲ့သည်။

ဘဝကို ခွဲခြားသိသူ, ဘဝဖြစ်ကြောင်းကို ခွဲခြားသိသူ, ဘဝချုပ်ငြိမ်းခြင်းကို ခွဲခြားသိသူ, ဘဝချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြားသိသူသည် အယူမှန်သူ, အယူဖြောင့်သူ, တရားတော်၌ သက်ဝင်ကြည်ညိုတတ်သူ, သူတော်ကောင်းတရားသို့ ရောက်သူဖြစ်သည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ခြင်းကို ပြုလုပ်နိုင်သူ ဖြစ်ပါသည်။ (မ၊ ၁၊ ၆၂)

## ဇာတိ

ဇာတိဟူသည် ထိုထိုဘဝ၌ ရုပ်နာမ်တို့၏ အစစွာဖြစ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ယင်းကို ပဋ္ဌိသန္ဓေနေခြင်းဟုလည်း ခေါ်သည်။

ဇာတိနှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် မုချခေါ်ပုံနှင့် ဥပစာခေါ်ပုံ (၂)မျိုး ခွဲပြထားပါသည်။ ၄င်းတို့မှာ -

**သွာယမိမ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိတော ပဋ္ဌာယ မာတု ကုစ္ဆိမှာ နိက္ခမနံ, တာဝ ပဝတ္တော သု ခန္ဓေသု။ ဣတရေသံ ပဋိသန္ဓိ ခန္ဓေသ္ဝေဝါတိ ဒဋ္ဌဗ္ဗော။ အယမ္ပိ စ ပရိယာယကထာဝ နိပ္ပရိယာယတော ပန တတ္ထ တတ္ထ နိဗ္ဗတ္တမာနာနံ သတ္တာနံ ယေယေ ခန္ဓာ ပါတုဘဝန္တိ၊ တေသံ တေသံ ပဌမ ပါတုဘာဝေါ ဇာတိ နာမ။**

အမိဝမ်ိးဌ်ကိန်းအောင်းရကုန်သော သတ္တဝါတို့အား ပဋိသန္ဓေတည်သည်မှစ၍ အမိဝမ်းတွင်းမှထွက်သည့်တိုင်အောင် ဖြစ်ကုန်သော သံသေဒဇဥပပါတ် သတ္တဝါတို့အား ပဋိသန္ဓေခန္ဓာတို့ကိုသာလျှင် ဇာတိသဒ္ဒါကဟောသည်ဟု မှတ်ထိုက်၏။

ဤအဆိုသည်လည်း ပရိယာယ်စကားသာတည်း၊ မုချအားဖြင့် မူကား ထိုထိုဘဝ၌ဖြစ်ကုန်သော သတ္တဝါတို့အား အကြင်အကြင်ငါးပါး၊ လေးပါး၊ တစ်ပါးသောခန္ဓာတို့သည် ထင်ရှားဖြစ်ပေါ်ခြင်းသည် ဇာတိဘဝအသစ် ဖြစ်ခြင်းမည်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၁၂၉)

**သာ တတ္ထ တတ္ထ ဘဝေ ပဌမာဘိနိဗ္ဗတ္တိ လက္ခဏာ**=ဇာတိသည် ထိုထိုခန္ဓာရှိသော ဘဝ၌ ရှေးဦးစွာဖြစ်ပေါ်ခြင်း လက္ခဏာရှိ၏။

**နိယ္ယာတနရသာ**=တစ်ဘဝလုံးဆိုင်ရာ ခန္ဓာတို့ကို သတ္တဝါအား အပ်နှင်းခြင်းကိစ္စရှိ၏။

**အတီတဘဝတော ဣဓ ဥပ္ပတ္တိ ပစ္စုပ္ပဋ္ဌာနာ**=အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်လာသည့်အနေဖြင့် ဉာဏ်အား ရှေးရှု ထင်၏။

**ဖလဝသေန ဒုက္ခဝိစိတ္တတာ ပစ္စုပ္ပဋ္ဌာနာဝါ**=အကျိုး၏အစွမ်းအားဖြင့် ဆန်းကြယ်သော ဒုက္ခအပေါင်းကို ရှေးရှုဖြစ်စေတတ်ခြင်းဟု ဉာဏ်အားရှေးရှုထင်လာသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၃၀)

ဇာတိနှင့်ပတ်သက်၍ ဝိဘင်္ဂပါဠိတော်တွင် မြတ်စွာဘုရားရှင်က အောက်ပါအတိုင်း ဟောကြားထားသည်။

**ကတမာ ဘဝပစ္စယာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ၊ သञ္ဇာတိ၊ သြက္ကန္တိ၊ နိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ၊ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘဝပစ္စယာ ဇာတိ။**

ဘဝဟူသောအကြောင်းကြောင့် (ဖြစ်လာသော)ဇာတိဟူသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ ပဋိသန္ဓေယူနေ ဆဲသည်၊ ပြည့်စုံစွာဖြစ်ခြင်းသည်၊ အမိဝမ်းသို့သက်ရောက်သကဲ့သို့ ဖြစ်ခြင်းသည်၊ အသစ်ဖြစ်ခြင်းသည် ခန္ဓာတို့ကို ရရှိလာခြင်းသည် ဘဝဟူသော အကြောင်းကြောင့် (ဖြစ်လာသော) ဇာတိဟုဆိုအပ်၏။ (အဘိ၊ ၂၊ ၁၄၂)

**ဥပါဒါန ပစ္စယာ ဘဝေါ** တွင်ပါသောဘဝသည် ကမ္မဘဝ ဥပပတ္တိဘဝဟု (၂)မျိုးလုံး ယူရသည်။ **ဘဝ ပစ္စယာ ဇာတိ** တွင်ပါသော ဘဝသည် ကမ္မဘဝသာ ယူရသည်။ ထို့ကြောင့် အဋ္ဌကထာ ဋီကာ တို့တွင် အောက်ပါအတိုင်း ညွှန်ပြထားကြပါသည်။

**ဘဝေါတိ ပနေတ္ထ ကမ္မဘဝေါ အဓိပ္ပေတော၊ သောဟိ ဇာ တိယာပစ္စယော၊ နဥပပတ္တိ ဘဝေါ။** (အဘိ၊ ဋ၊ ၂၊ ၁၇၈၊ ဝိသုဒ္ဓိ၊ ဋ၊ ၂၊ ၁၂၀)

ဘဝပစ္စယာဇာတိတွင် ဘဝအရ ကမ္မဘဝသည်သာလျှင် ဇာတိ၏အကြောင်းရင်းဖြစ်သောကြောင့် ကမ္မဘဝကိုသာ ကောက်ယူပါသည်။ ဥပပတ္တိဘဝကို မကောက်ယူပါ။ ဤသည်တို့မှာ အဋ္ဌကထာဆရာကြီး တို့၏အလိုဖြစ်သည်။ ဋီကာဆရာတော်များမှာ အောက်ပါအတိုင်း တစ်နည်း ဖွင့်ဆိုကြသည်။

**'ဥပပတ္တိ ဘဝုပ္ပတ္တိယေဝ ဇာတိတိအာဟ နဥပပတ္တိဘဝေါ'တိ ဇာယမာနသ ပန ဇာတိ၊ ဇာတိတိ ဥပပတ္တိဘဝေါပိ အသတိအဘာဝေါ ဇာတိယာပစ္စယောတိ သက္ကာ ဝတ္တုံ။ ဇာယမာနရူပပဒဋ္ဌာနတာပိဟိ ရူပဗဒ္ဓာနာ သန္ဓတိ' တိ။**

ဘဝတစ်ခုတွင် အကျိုးဝိပါက ဝင်ဖြစ်သော ရုပ်ခန္ဓာတည်း ဟူသော ဥပပတ္တိဘဝ၏ ရှေးဦးအစတွင်ဖြစ်ခြင်းဆိုသည်မှာ ဇာတိဖြစ်သော ကြောင့် ဥပပတ္တိဘဝသည် ဇာတိ၏အကြောင်းတရားမဟုတ်။ ဘဝပစ္စယာ ဇာတိတွင် ဘဝအရ ဥပပတ္တိဘဝကို မကောက်ယူပါနှင့်ဟု မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ (မူလဋီကာ၊ ၂၊ ၁၂၄၊ မဟာဋီကာ၊ ၂၊ ၃၃၄)

**ဇာတိ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ ဇာတိသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခန်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။ ဇာတိ, ဇရာ, မရဏာ တို့သည် ဓမ္မာနုပဿနာ သစ္စပဗ္ဗ ဒုက္ခသစ္စာထဲမှာ ဖော်ပြထားကြသည်။ သိရမည့်သဘောတရားများ ဖြစ်ကြသည်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်သည်။ (ဒီ၊ ၂၊ ၂၄၃)

ဇာတိကို ခွဲခြားသိသူ, ဇာတိဖြစ်ကြောင်းကို ခွဲခြားသိသူ, ဇာတိချုပ်ငြိမ်းခြင်းကို ခွဲခြားသိသူ, ဇာတိချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြားသိသူသည် အယူမှန်သူ, အယူဖြောင့်သူ, တရားတော်၌ သက်ဝင်ကြည်ညိုသူ, သူတော်ကောင်းတရားသို့ ရောက်သူ ဖြစ်ပါသည်။ ရာဂါနုသယစသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ခြင်းကို ပြုနိုင်ပါသည်။ (မ၊ ၁၊ ၆၁)

## ဇရာမရဏာ

**ဇရာ**=ရင့်ရော်မှု၊ အိုမှု။ **မရဏာ**=ပျက်စီးမှု၊ သေမှု။ ဤဇရာမရဏာသည် အပါကဋ္ဌဇရာမရဏာ၊ ပါကဋ္ဌဇရာမရဏာ ဟူ၍(၂)မျိုး ရှိပါ

သည်။ ထိုရုပ်နာမ်တို့၏ တည်ခိုက်သည် ရင့်ရော်သောအခိုက်၊ ဇရာအခိုက် ဖြစ်သည်။ ထိုရုပ်နာမ်တို့၏ ပျက်သောအခိုက်သည် မရဏာအခိုက် ဖြစ်သည်။ သို့သော် ထိုဇရာမရဏာတို့မှာ လူအများတို့ မျက်မြင်အားဖြင့် မထင်ရှားကြသောကြောင့် **အပါကဋ္ဌ ဇရာမရဏာ** ဖြစ်သည်။

သွားကျိုး၊ ဆံဖြူ၊ နားအူ၊ မျက်မွဲ၊ အသားအရေတွန့်တွဲခြင်း ဖြစ်လောက်အောင် ရင့်ရော်အိုမင်းမှုသည် မျက်မြင်အားဖြင့် ထင်ရှားသော ကြောင့် **ပါကဋ္ဌ ဇရာ မရဏာ** ဖြစ်သည်။ တစ်ဘဝ တစ်ဘဝ ပထမဦးဆုံး ဇာတိဟူသော ပဋိသန္ဓေနေမှုကြောင့်သာ ထိုပါကဋ္ဌ, အပါကဋ္ဌဇရာမရဏာ တို့ ဖြစ်ကြသည်။ ဇာတိမရှိလျှင် မည်သည့်ဇရာမရဏာမှ ဖြစ်ကြမည် မဟုတ်၊ ထို့ကြောင့် ဇာတိကို ဇရာမရဏာ၏ အကြောင်းဟု မှတ်ယူ ကြပါသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၀-၂၁၁)

လူတို့၏ ဇရာသည် ထင်ရှားသောကြောင့် **ပါကဋ္ဌဇရာ** ဟု ခေါ်သည်။ နတ်များမှာ အရွယ်မပြောင်းသည့်အတွက် မထင်ရှားသော ကြောင့် **အပါကဋ္ဌဇရာ** ဆိုတာ ရှိသည်။ နတ်သမီးများသည် ၁၆-နှစ် အရွယ်ကစပြီး နတ်သမီးဖြစ်လိုက်တာ သေသည့်တိုင်အောင် နုနုနယ်နယ် ၁۶-နှစ်အရွယ်ပဲ။

နတ်သားများကလည်း အသက် ၂၀-အရွယ်က စဖြစ်လာတာ သေသည်အထိ အရွယ်မပြောင်းဘဲ နုနုနယ်နယ်ပဲ ဖြစ်နေကြသည်။ နတ်တို့မှာ အိုတာ မထင်ရှားလို့ မအိုသလို မှတ်ထင်နေကြတာပါ။ အမှန်က နတ်တွေလည်း အိုတာပဲ။ ပြဟ္မာတွေလည်း အိုတာပဲ၊ ၄င်းတို့မှာ ဇရာ ဆိုတာရှိသည်။ ၄င်းကို **အပါကဋ္ဌဇရာ** ဟု ခေါ်သည်။ ဇာတိ ရှိလျှင် ဇရာရှိစမြဲ။ မရဏာကား ထင်ရှားသည်သာ။

**ဇရာ ခန္ဓပရိပါက လက္ခဏာ**=ဇရာသည် ခန္ဓာတို့၏ရင့်ကျက်ခြင်း လက္ခဏာရှိ၏။

**မရဏူပနယနရသာ**=သေခြင်းသို့ ပို့ဆောင်ခြင်းကိစ္စရှိ၏။

ယောဗ္ဗန ဝိနာသပစ္စုပဋ္ဌာနာ=ပျိုနုသော်အရွယ်၏ ပျက်စီးခြင်း သဘောဟု ဉာဏ်အား ရှေးရှုထင်လာ၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၃၂)

**ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ၊ ဇိရဏတာ၊ ခဏ္ဍိစ္စံ၊ ပါလိစ္စံ၊ ဝလိတ္တစတာ၊ အာယုနော သံဟာနိ၊ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ။**

ထိုထိုသတ္တဝါအပေါင်းတို့၏ အိုမင်းရင့်ရော်မှု၊ ရင့်ရော်သော အခြင်းအရာ သွား၊ ခြေသည်း၊ လက်သည်းတို့၏ကျိုးသည့်အဖြစ်၊ ဆံပင် မွေးညှင်းတို့ ဖြူသည့်အဖြစ်၊ အရေတွန့်သည့်အဖြစ် အသက်အရွယ် ဆုတ်ယုတ်ခြင်းကို ရင့်ရော်မှုဇရာဟု ဆိုပါသည်။ (အဘိ၊ ၂၊ ၁၄၄)

"**ဇိဏ္ဏာ အဋ္ဌိစ နာရုစ၊ ဂတ္တာနိ နု ဝဟန္တိ မေ**-ငါ၏အရိုး၊ အကြောတို့သည်လည်း ဆွေးမြည့်ယိုယွင်း အိုမင်းလာကြကုန်ပြီဖြစ်၍ ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို ယခင်ကလို မသယ်ဆောင်နိုင်ကြကုန်" ဟု စက္ခုပါလမထေရ် ပြောသကဲ့သို့ ဆင်ခြင်ကြရမည်ဖြစ်သည်။

**ဇရာမမ္မောမှိ တံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ**-ငါသည် အိုခြင်းသဘောရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ဟု အမြဲဆင်ခြင်နေရမည်လည်း ဖြစ်သည်။ **အိုသူကိုမြင်၊ မအိုခင်၊ ကြိုတင်သံဝေ၎။**

**အိုမည့်ရုပ်နာမ်၊ ရခဲ့ပြန်၊ အိုဒဏ်မလွတ်ပြီ။**

**ခန္ဓာပြိုကွဲ၊ အိုမှာပဲ၊ အိုရဲအောင်သာ တရားရှာ။**

ဟု စွမ်းဆောင်နေကြရမည်လည်းဖြစ်သည်။

"တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့ ယွန်းယိုနှောက်သို့ဖြင့် ပြန်မပျိုတယ် ရှေ့သို့သာ အိုမြဲ" ပါ။

**မရဏံ စုတိ လက္ခဏံ** = သေခြင်း မရဏသည် ဘဝဟောင်းမှ စုတေ ရွှေ့လျောခြင်းလက္ခဏာရှိ၏။

**ဝိယောဂရသံ** = သက်ဆိုင်ရာ သတ္တဝါ သခါရတို့နှင့်ကင်းကွာ စေခြင်းကိစ္စရှိ၏။

ဂတိဝိပ္ပဝါသ ပစ္စုပ္ပဋ္ဌာနံ = ဖြစ်ဆဲဂတိမှကွေကင်းသည့် အနေအားဖြင့် ဉာဏ်အား ရှေ့ရှုထင်လာ၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၃၃)

ညှိထွန်းထားသောဆီမီးသည် ၁။ မီးစာကုန်ခြင်းကြောင့်လည်း မီးငြိမ်း၏။ ၂။ ဆီကုန်ခြင်းကြောင့်လည်းငြိမ်း၏။ ၃။ မီးစာနှင့်ဆီ(၂)မျိုးလုံးကုန်ခြင်းကြောင့်လည်းငြိမ်း၏။ ၄။ မီးစာ၊ ဆီတို့မကုန်သေးဘဲလေပြင်းတိုက်ခိုက်မှု (သို့) တမင်ငြိမ်းသတ်မှုကြောင့်လည်းငြိမ်း၏။ ထို့တွင် သက်တမ်းကုန်၍သေခြင်းသည် မီးစာကုန်၍ မီးငြိမ်းသည်နှင့်တူသည်။ ဆီရှိသေးသော်လည်း မီးစာကုန်လျှင် မီးငြိမ်းရသကဲ့သို့ ဆက်လက်၍ အသက်ရှည်ရန် ကံရှိသေးသော်လည်း သက်တမ်းစေ့က သေရမည်ကမျှားသည်။ အင်မတန်ကံကြီးမားသူ ဆေးကောင်းရှိသူအချို့သာ သက်တမ်းလွန်အောင် နေနိုင်ကြသည်။

ဘုရားရှင်လက်ထက်တွင် သက်တမ်း (၁၀၀)ဟု ဆို၏။ ထိုအချိန်တွင်ပင် ရှင်အာနန္ဒာ၊ ရှင်မဟာကဿပ၊ ဝိသာခါကျောင်းအမတို့ အသက်(၁၂၀) ရှည်ကြသည်။ အရှင်အနုရုဒ္ဓါသည် အသက် (၁၅၀) ရှည်သည်။ ရှင်ဗာကုလသည် အသက် (၁၆၀) တိုင်အောင်ပင် ရှည်တော်မူသည်။

ဘဝအသီးသီးတွင် ပဋ္ဌိသန္ဓေအကျိုးကို ပေးလိုက်သော ကံနှင့် ခန္ဓာအစဉ်ကို ကြာရှည်စွာတည်တံ့အောင် ထောက်ပံ့တတ်သောကံများ၏ အစွမ်းသတ္တိကုန်ခန်းခြင်းဖြင့် သေခြင်းကို ကံကုန်၍ သေခြင်းဟု ခေါ်ပါသည်။ ဆီကုန်ခြင်းနှင့်တူ၏။ မီးစာရှိသေးသော်လည်း ဆီကုန်လျှင် စုတေကြရသည်။ အသက်(၁၀၀)တန်းတွင် လူဖြစ်ရသော်လည်း ကံသည် အသက်(၅၀)မျှသာ စွမ်းဆောင်နိုင်ပါမူ အသက်(၅၀)ပြည့်က စုတေရသည်။

အသက်၊ ကံ(၂)ပါးတို့၏ကုန်ခြင်းကြောင့် သေသည်လည်း ရှိ၏။ မီးစာနှင့် ဆီ(၂)မျိုးလုံးကုန်၍ မီးငြိမ်းသကဲ့သို့ သက်တမ်းနှင့် ကံအစွမ်း

(၂)မျိုးလုံးကုန်ပြီး စုတေရခြင်းမျိုးဖြစ်ပါသည်။ အသက်(၁၀၀)တမ်းတွင် (၁၀၀)နေနိုင်အောင် ကံပါသူ၏ (၁၀၀)ပြည့်သောအခါ စုတေခြင်းမျိုး ဖြစ်သည်။ (သဂြိုဟ်၊ ဘာဋီ၊ ၄၁၀-၄၁၁)

**ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ၊ စဝနတာဘေဒေါ၊ အန္တရဓာနံ၊ မစ္စု၊ မရဏံ၊ ကာလံ ကိရိယာ၊ ခန္ဓာနံ ဘေဒေါ၊ ကဠေဝရဿ နိက္ခေပေါ၊ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ မရဏံ၊**

ထိုထို သတ္တဝါအပေါင်းတို့မှ စုတေရွှေ့လျောခြင်း စုတေရွှေ့လျောသည့်အဖြစ် ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သေမင်းဟုဆိုအပ်သောသေခြင်း၊ ကုန်ဆုံးတိုင်အောင်ပြုခြင်း၊ အသက်ဇီဝိန်ပြတ်စဲခြင်းကို သေခြင်းမရဏဟုခေါ်ဆိုပါသည်။ (အဘိ၊ ၂-၁၄၄)

**ယသ္မာ ပန နအမရဏာ ဇရာ အတ္ထိ သဗ္ဗေသံ ဥပ္ပတ္တိမန္တာနံ ပါကာနန္တရဘေဒတော။ နစာဇရံ မရဏံ အပါကဘေဒါဘာဝါ။ တသ္မာ တဒုဘယမေကမဂ်ကတံ၊ နနာမရူပံဝိယ ဥယဋ္ဌာနေ ကေဒ္ဓံဥပ္ပတ္တိယာ သဋ္ဌာယတနံဝိယ ဝါ အာယတနဘာဝေန ကိစ္စသမတာယ။**

ပဋ္ဌာန်းသမ္မာပါဒ် အဂ်ါကိုပြရာတွင် ဇရာမရဏာ(၂)မျိုးကို အဘယ်ကြောင့် အဂ်ါတစ်ပါးတည်း ပြထားပါသနည်းဟု မေးဖွယ်ရှိပါသည်။ ထိုဇရာမရဏာ (၂)ပါးလုံးသည် ဇာတိကြောင့် ဖြစ်ရခြင်းအားဖြင့် တူညီပါသည်။ ထိုမျှဖြစ်ရာတွင် မအိုဘဲသေသူမရှိ၊ မရဏာသို့မဆိုက်သော ဇရာမည်သည် မရှိ။ အနည်းဆုံး ပရမတ်တရားတို့သည် ဌီအခိုက်တွင် ရင့်ရော်အိုရပါသည်။ အိုခြင်းဟူသမျှလည်း မသေသော အိုခြင်းမည်သည် မရှိပါ။ ဌီအခိုက်သို့ ရောက်လျှင်အိုရ၍ ဘင်အခိုက်တွင် ကေန်ပျက်ရမည်သာ ဖြစ်ပါသည်။ ထို (၂)ပါးတွင်လည်း မရဏာသည်ဇရာကြောင့် ဖြစ်ရသည် မဟုတ်။ ဇာတိကြောင့်သာ ဖြစ်ရသည်။ ထို့ကြောင့် ထိုဇရာမရဏာ(၂)ပါးကို အဂ်ါတစ်ပါးတည်းအဖြစ် ဟောတော်မူသည်။

**ဇာတိ ပစ္စယာ ဇရာ မရဏံ**–ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဇာတိကြောင့် ဇရာ မရဏာဖြစ်တယ်ဟု ဇရာနှင့် မရဏာတို့ အဂ်ီတစ်ပါးတည်း ပေါင်းထားခြင်းက အပျက်သဘောချင်းတူသောကြောင့် ဖြစ်သည်။ ဇာတိကြောင့် ဖြစ်လာသော ရုပ်နာမ်မှန်လျှင် **ဇရာ**–အိုပျက်ပျက်သွားတတ်သည်။ **မရဏာ**–သေပျက် ပျက်သွားတတ်သည်။ ဇရာ အိုပျက်နှင့် **မရဏာ** သေပျက်သည် မနားဘဲ တစ်ဆက်တည်းပျက်ပျက်သွားကြသည့်အတွက် အပျက်ချင်းတူသောကြောင့် **ဇရာနှင့် မရဏာ**ကို ပေါင်း၍အဂ်ီတစ်ပါးဟု ရေတွက်ခြင်းဖြစ်ပါသည်။

**နာမ ရူပံ** ဟူသောအဂ်ီရပ်ကဲ့သို့ နာမ်ရုပ် (၂) ပါး စုံဖြစ်ရာ ဌာနတွင် တစ်ပေါင်းတည်း အတူတကွ ဖြစ်သောကြောင့် အဂ်ီတစ်ပါး အဖြစ် ဟောကြားတော်မူသည်လည်း မဟုတ်။

သဠာယတနဟူသော အဂ်ီရပ်ကဲ့သို့ အာယတန၏အဖြစ်ဖြင့် ကိစ္စတူမျှသောကြောင့် အဂ်ီတစ်ပါးတည်းအဖြစ် ဟောကြားတော်မူသည်လည်း မဟုတ်ပါ။

ဇာတိတရားသည် ထင်ရှားမရှိလတ်သော် ဇရာမရဏာတရားမည်သည်မရှိနိုင်။ **သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ** စသော တရားတို့သည်လည်း မရှိနိုင်။ ဇာတိတရားသည် ထင်ရှားသောကြောင့် သာလျှင် ဇရာမရဏာတရားသည်လည်းကောင်း၊ ဇရာမရဏာ ဟုခေါ်ဆိုအပ်သော ဒုက္ခတရားသည် တွေ့ထိအပ်သော မိုက်မဲသော သတ္တဝါ၏ သန္တာန်၌ ဇရာမရဏာနှင့် စပ်သည့်မူလည်းဖြစ်ကုန်သော သောကလည်းကောင်း ပရိဒေဝအစရှိကုန်သော တရားတို့သည်လည်းကောင်း၊ ထိုထို ဆွေမျိုးတို့၏ ပျက်စီးခြင်း စသောဒုက္ခတရားသည် တွေ့ထိအပ်သော မိုက်မဲသောသတ္တဝါ၌ ဖြစ်ပေါ်လာတတ်ကြကုန်သည်။ ထို့ကြောင့် ဤ ဇာတိသည် ဇရာမရဏာ၏ အကြောင်းရင်းလည်းဖြစ်သည်။ သောကပရိဒေဝစသည်တို့၏ အကြောင်းရင်းလည်းဖြစ်သည်။

ဤ သောကစသည်တို့သည် အိုခြင်း ဆင်းရဲ၊ သေခြင်းဆင်းရဲ စသည်ဖြင့် ဇရာမရဏနှင့် ဆက်သွယ်လျက် ဖြစ်ကြရသည်လည်း ရှိပါသည်။ ဇရာမရဏနှင့်မဆက်သွယ်ဘဲ ဆွေမျိုးစည်းစိမ်ဂုဏ်သိန်ကြောင့် ဖြစ်ကြရသည်လည်းရှိ၏။ ဤသို့ဇရာမရဏနှင့် ဆက်သွယ်သည်ဖြစ်စေ၊ မဆက်သွယ်သည်ဖြစ်စေ အရင်းခံဇာတိကြောင့်သာ ဖြစ်ရသောကြောင့် ဇာတိကြောင့်ဖြစ်သောတရားများဟု ဆိုရပါမည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၀-၂၁၁၊ သင်္ဂြိဟ်၊ ဘာဋီ၊ ၆၁၉-၆၂၀)

**ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။** (သံ၊ ၁၊ ၂၆၅)

ရဟန်းတို့ ဇရာမရဏသည် မမြဲသော သဘောရှိ၏။ အကြောင်းတရားတို့ စုပေါင်းပြုပြင် စီရင်အပ်သော သဘောရှိ၏။ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော အရာဖြစ်သည်။ ကုန်ခန်းခြင်းသဘောရှိသောအရာ, ပျက်စီးခြင်းသဘောရှိသောအရာ, တပ်နှစ်သက်ခြင်းသဘောကင်းသော အရာ, ချုပ်ခြင်းသဘောရှိသောအရာ ဖြစ်သည်။

**သံယုတ္တနိကာယ် နိဒါနဝဂ္ဂ သံယုတ္တပါဠိ ပစ္စယသုတ္တန်၌ ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္နတရားတို့ကို ဟောပြထားသည်။ ယတော ခေါ ဘိက္ခဝေ အရိယသာဝကော အယဉ္စ ပဋိစ္စသမုပ္ပါဒေါ ဣမေစ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌာ ဟောန္တိ၊** ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္နတရားတို့ကို ဟုတ်မှန်စွာ ဝိပဿနာပညာ, မဂ်ပညာဖြင့် သိသူများသည် အတိတ်, ပစ္စုပ္ပန်, အနာဂတ်တို့မှာ ယုံမှားသံသယကင်းကာ ကခ်ီဝိတရဏဝိသုဒ္ဓိ ဖြစ်ကြောင်း ဟောပြထားသည်။

(သံ၊ ၁၊ ၂၆၄-၂၆၅)

အိုခြင်းသေခြင်းကို ခွဲခြားသိသူ, အိုခြင်းသေခြင်း၏ ဖြစ်ကြောင်းကို ခွဲခြားသိသူ, အိုခြင်း သေခြင်း ချုပ်ငြိမ်းခြင်းကို ခွဲခြားသိသူ, အိုခြင်း သေခြင်း ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြား

သိသူသည် အယူမှန်သူ, အယူဖြောင့်မတ်သူ, တရားတော်၌ သက်ဝင်ကြည်ညိုသူ, သူတော်ကောင်း တရားသို့ ရောက်သူဖြစ်ပါသည်။ ရာဂါနုသယ စသည် ပယ်စွန့်နိုင်၍ ဝိဇ္ဇာဉာဏ်ရကာ ယခုဘဝ၌ပင် ဆင်းရဲကုန်ခြင်းကို ပြုနိုင်ပါသည်။ (မ၊ ၁၊ ၆၀–၆၁)

## နက်နဲခြင်းဂမ္ဘီရ ၄–ပါး

နက်နဲခြင်းဟာ အကျိုးအားဖြင့် နက်နဲခြင်း အတ္ထဂမ္ဘီရ၊ အကြောင်းအားဖြင့် နက်နဲခြင်း ဓမ္မဂမ္ဘီရ၊ (ဟောစဉ်)ဒေသနာအားဖြင့် နက်နဲခြင်း (ဒေသနာဂမ္ဘီရ)၊ ထိုးထွင်း၍သိသော (ပဋိဝေဓ) သဘောအားဖြင့် နက်နဲခြင်း (ပဋိဝေဓဂမ္ဘီရ) လို့ လေးမျိုး ရှိတယ်။

ပဋိစ္စသမုပ္ပါဒ်၏ နက်နဲသည်၏အဖြစ် (နက်နဲခြင်း)ကို ရည်ရွယ်၍ မြတ်စွာဘုရားက **အာနန္ဒာ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်နဲ၏။ နက်ယောင်လည်း ထင်၏** ဟု ဟောတော်မူတယ်။ ဒါကြောင့် နက်နဲခြင်း အပြားအားဖြင့်လည်း ဤ ဘဝစက်ကို ထိုက်သည်အားလျှော်စွာ သိအပ်တယ်။

## အတ္ထ ဂမ္ဘီရ

နက်နဲခြင်း ၄–ပါးတို့တွင် ဇာတိကြောင့် ဇရာမရဏာသည် မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာ။ ဇာတိနှင့်ကင်းပြီး တစ်ပါးသောအကြောင်းကြောင့် ဖြစ်တာလည်းမဟုတ်၊ ဇာတိကြောင့် ဇရာမရဏာ ဖြစ်တယ်။ ဇာတိဆိုတဲ့အကြောင်းကြောင့် တစ်ပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘောဏ် သိနိုင်ခဲတဲ့အဖြစ်, ဇရာမရဏာ၏ ဇာတိဟူသော အကြောင်းကြောင့် တပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘောဟာ နက်နဲတယ်။

ထို့အတူ ဇာတိ၏ဘဝဟူသော အကြောင်းကြောင့်ဖြစ်၍ တပေါင်းတည်း ဖြစ်ပေါ် လာခြင်းသဘောဟာ နက်နဲတယ်။ သခါရတို့၏

အဝိဇ္ဇာဟူသော အကြောင်းကြောင့်ဖြစ်၍ တပေါင်းတည်း ဖြစ်ပေါ်လာခြင်း သဘောဟာ နက်နဲတယ်။

ထို့ကြောင့် ဤဘဝစက်သည် အကျိုး(အတ္တ)အားဖြင့် နက်နဲတယ်။ ဒါဟာဘဝစက်၌ ရှေးဦးစွာ အတ္တဂမ္ဘီရတာခေါ်သော အကျိုး(အတ္တ)အားဖြင့် နက်နဲခြင်းပါ။ မှန်ပေ၏။ အကြောင်း၏အကျိုးကို အတ္တလို့ ခေါ်တယ်။ "အကြောင်း၏အကျိုး၌(ဖြစ်သော) ဉာဏ်သည် အတ္တ ပဋိသမ္ဘိဒါ မည်တယ်" လို့ ဟောထားတယ်။

## ဝမ္မ ဂမ္ဘီရ

အဝိဇ္ဇာသည် ဖြစ်ပုံ အခြင်းအရာအားဖြင့်လည်းကောင်း အခိုက်အတန့်ရှိသည်ဖြစ်၍လည်းကောင်း ထိုထိုသဒ္ဓါရတို့အား ကျေးဇူးပြုတတ်၏။

ထိုအခြင်းအရာနှင့် အခိုက်အတန့်၏ သိနိုင်ခဲသည်၏အဖြစ်ကြောင့် အဝိဇ္ဇာ၏သဒ္ဓါရတို့အား ကျေးဇူးပြုတတ်သော သဘောဟာ နက်နဲတယ်။ ဇာတိ၏ ဇရာမရဏအား ကျေးဇူးပြုတတ်သော သဘောဟာ နက်နဲတယ်။ ဒါကြောင့် ဤဘဝစက်သည် အကြောင်း(ဝမ္မ)အားဖြင့် နက်နဲခြင်းပါ။ ဝမ္မဟူသော ဤအမည်သည် အကြောင်း၏အမည်ပါ။ အကြောင်း၌ (ဖြစ်သော) ဉာဏ်သည် ဝမ္မပဋိသမ္ဘိဒါမည်တယ်။

## ဒေသနာ ဂမ္ဘီရ

ဤပဋိစ္စသမုပ္ပါဒ်ကို ထိုထိုအကြောင်းဖြင့် ထိုထိုအခြင်းအရာအားဖြင့်ဖြစ်စေအပ်-ဟောအပ်သည်၏အဖြစ်ကြောင့် ဟောခြင်းသည်လည်း နက်နဲတယ်။ ထိုဟောသင့်သော အခြင်းအရာ၌ သဗ္ဗညုတဉာဏ်တော်မှ တစ်ပါးသောဉာဏ်သည် ထောက်တည်ရာကိုမရနိုင်။ ထို့ကြောင့်ပင် ဤဘဝစက်ကို အချို့သုတ်၌ အနုလုံအားဖြင့် ဟောတော်မူတယ်။

အချို့သုတ်၌ အလယ်မှစ၍ အနုလုံအားဖြင့် ဟောတော်မူတယ်။ အချို့သုတ်၌ ပဋိုလုံအားဖြင့်သော်လည်း ဟောတော်မူတယ်။ အချို့သုတ်၌ အစပ် ၃-ခု အလွှာ ၄-ခု ရှိသည်ကိုပြု၍၊ အချို့သုတ်၌ အစပ်၂-ခု အလွှာ-၃၃ခု ရှိသည်ကိုပြု၍၊ အချို့သုတ်၌ အစပ်-၁ခု၊ အလွှာ ၂-ခုရှိသည်ကို ပြု၍ ဟောတော်မူတယ်။ ထို့ကြောင့် ဤဘဝစက်သည် ဒေသနာအားဖြင့် နက်နဲတယ်။ ဒါဟာ ဒေသနာဂမ္ဘီရတာခေါ်တဲ့ ဒေသနာအားဖြင့် နက်နဲခြင်းပါ။

## ပဋိဝေ ဂမ္ဘီရ

ဤဘဝစက်၌ အဝိဇ္ဇာ စသည်တို့၏ အသီးသီးသော သဘောလက္ခဏာရှိတယ်။ ယင်းသဘောကိုသိလျှင် အဝိဇ္ဇာစသည်တို့ကို မိမိလက္ခဏာအားဖြင့် မှန်စွာသိအပ်ပြီးဖြစ်တယ်။ အဝိဇ္ဇာ စသည်တို့၏ထို (အသီးသီးသော) သဘောဟာ သက်ဝင်နိုင်ခဲသောကြောင့် နက်နဲတယ်။ ဒါကြောင့် ဤဘဝစက်ဟာ ထိုးထွင်း၍သိအပ်သောပဋိဝေဝသဘောအားဖြင့် နက်နဲတယ်။

ဤဘဝစက်၌ အဝိဇ္ဇာ၏မသိခြင်းသဘော, မမြင်ခြင်း သဘော, သစ္စာကိုထိုးထွင်း၍ မသိခြင်းသဘောဟာ နက်နဲတယ်။ သခါရတို့၏ ပြုပြင်ခြင်းသဘော, အားထုတ်ခြင်းသဘော,တပ်မက်မှုနှင့်တကွ ဖြစ်ခြင်းသဘော, တပ်မက်မှုကင်းခြင်းသဘောဟာ နက်နဲတယ်။ ဝိညာဏ်၏ အတ္တမှဆိတ်သောသဘော, ကြောင့်ကြဗျာပါရကင်းသောသဘော, ဘဝဟောင်းမှပြောင်းရွှေ့ခြင်းမရှိမှု၍ ဘဝသစ်၌ ပဋိသန္ဓေ၏ထင်ရှားဖြစ်ခြင်းသဘောဟာ နက်နဲတယ်။

နာမ်ရုပ်၏တပေါင်းတည်း ဖြစ်ခြင်းသဘော, အသီးသီးခွဲခြမ်းအပ်သောသဘော, မခွဲခြမ်းအပ်သောသဘော, ညွှတ်ခြင်းသဘော, ဖော်ကပြန်ခြင်းသဘောဟာ နက်နဲတယ်။ သဠာယတနရဲ့ အစိုးရခြင်း

သဘော, လောက၏အဖြစ်, ဒွါရအဖြစ်,ခေတ္တာအဖြစ်, အာရုံ၏ ထင်ရှာ ဝိသယီ၏အဖြစ်ဟူသော သဘောနက်နဲ့တယ်။

ဖဿ၏ တွေ့ထိခြင်း, တိုက်ခိုက်ခြင်း,ပေါင်းဆုံခြင်း,စုဝေး ခြင်း,သဘောဟာ နက်နဲ့တယ်။ ဝေဒနာ၏အာရုံ၏ အရသာကို ခံစားခြင်း သဘော, ချမ်းသာ, ဆင်းရဲ, အလယ်အလတ် သဘော, အသက်ကောင် မဟုတ်သောသဘော, ခံစားခြင်းသဘောဟာ နက်နဲ့တယ်။

တဏှာ၏ နှစ်သက်ပျော်မွေ့ခြင်း သဘော, မျှိုသိမ်းခြင်း သဘော, စီးသွားခြင်း သဘော နွယ်နှင့်တူသော, မြစ်နှင့်တူသော သဘော, ဆာလောင်ခြင်း သဘော, သမုဒြာကဲ့သို့ ပြည့်စေနိုင်ခဲသော သဘောဟာ နက်နဲ့တယ်။

ဥပါဒါန်၏ ယူခြင်း, စွဲလမ်းခြင်းသဘော, မြဲမြံစွာ နှလုံးသွင်း ခြင်းသဘော, မှားသောအားဖြင့် သုံးသပ်ခြင်းသဘော, ကျော်လွန်နိုင်ခဲ သော သဘောဟာ နက်နဲ့တယ်။ ဘဝ၏အားထုတ်ခြင်း, ပြုပြင်ခြင်း သဘော, ယောနိ, ဂတိ, ဌိတိ, နိဝါသတို့ဌပစ်ချခြင်း သဘောဟာ နက်နဲ့တယ်။

ဇာတိ၏ဖြစ်ခြင်းသဘောဟာ, ကောင်းစွာ ဖြစ်ခြင်း, သက်ဝင် ခြင်း, အသစ်ဖြစ်ခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း သဘောဟာ နက်နဲ့တယ်။ ဇရာမရဏာ၏ကုန်ခြင်း, ပျက်ခြင်းသဘော, ပျက်စီးခြင်း, ဖောက်ပြန်ခြင်း သဘောဟာ နက်နဲ့တယ်။ ဒါဟာ ဤဘဝစက်၌ ပဋ္ဌေဝေ ဂမ္ဘီရတာ ခေါ်သော ထိုးထွင်း၍ သိအပ်သောသဘောဖြင့် နက်နဲခြင်းပါ။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၁၈-၂၂၀)

## ဒေသနာအပြား ၄-ပါး

နွယ်ကိုဆောင်ယူကြတဲ့ ယောက်ျားလေးယောက်တို့ရဲ့ နွယ် ယူသလို အစမှသော်လည်းကောင်း၊ အလယ်မှသော်လည်းကောင်းစ၍

အဆုံးတိုင်အောင်(ဟောခြင်း)၊ အဆုံးမှသော်လည်းကောင်း၊ အလယ်မှ သော်လည်းကောင်းစ၍ အစတိုင်အောင်(ဟောခြင်း)လို့ မြတ်စွာဘုရား၏ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာဟာ လေးပါးရှိတယ်။

## အစမှအဆုံးတိုင်

၁။ နွယ်ကိုဆောင်ယူသော ယောက်ျားလေးယောက်တို့တွင် တစ်ယောက်က နွယ်ရဲ့အမြစ်အရင်းကိုသာ ရှေးဦးစွာမြင်တယ်။ ထိုသူဟာ အမြစ်အရင်းကဖြတ်၍ အလုံးစုံကိုဆွဲငင်လျက်ယူပြီး အမှုကိစ္စ ပြုလုပ်သကဲ့သို့ မြတ်စွာဘုရားသည် **ရဟန်းတို့၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါတို့ ဖြစ်ကြ၏ ဇာတိကြောင့် အိုခြင်း, သေခြင်း, ဖြစ်၏** လို့အစမှစ၍ အဆုံးတိုင်အောင်လည်း ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဟောတော်မူတယ်။

## အလယ်မှအဆုံးတိုင်

၂။ ယောက်ျားတစ်ယောက်ဟာ နွယ်၏အလယ်ပိုင်းကို ရှေးဦးစွာ မြင်တယ်။ ထိုသူက နွယ်ကိုအလယ်မှဖြတ်၍ အထက်ပိုင်း(အဖျားပိုင်း) အဖို့ကိုသာလျှင် ဆွဲငင်လျက် ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ ပြုလုပ်သကဲ့သို့ မြတ်စွာဘုရားသည် **ခံစားမှုဝေဒနာကို ဝမ်းမြောက်လျက် နှစ်သက်သော ချီးမွမ်းပြောဆိုသော မျိုးသွင်းသိမ်းပိုက်လျက်တည်သော ထိုပုဂ္ဂိုလ်အား နှစ်သက်ခြင်းသည် စွဲလမ်းမှု(ဥပါဒါန်)ပင်တည်း။ စွဲလမ်းမှုဟူသော အကြောင်းကြောင့် ထိုသူအား ဖြစ်ကြောင်းကံ(ဘဝ)သည်ဖြစ်၏၊ ဖြစ်ကြောင်း ကံဟူသော အကြောင်းကြောင့် ဘဝအသစ်ဖြစ်ပေါ်မှု (ဇာတိ) သည်ဖြစ်၏** စသည်ဖြင့် အလယ်မှစ၍ အဆုံးတိုင်အောင် ဟောတော်မူတယ်။

## အဆုံးမှ အစတိုင်

၃။ ယောက်ျားတစ်ယောက်က နွယ်၏အဖျားကို ရှေးဦးစွာမြင်တယ်။ သူက နွယ်ကိုအဖျား၌ကိုင်၍အဖျားမှ အစဉ်လျှောက်သဖြင့် နွယ်ရင်းတိုင်အောင် အလုံးစုံကိုယူပြီးလျှင် အမှုကိစ္စပြုလုပ်သကဲ့သို့ မြတ်စွာဘုရားသည် ဘဝသစ်ဖြစ်ပေါ်မှုဟူသောအကြောင်းကြောင့် အိုခြင်း သေခြင်းဖြစ်၏ဟု ဤစကားကို(ငါဘုရား) ဟောတော်မူ၏။ ရဟန်းတို့၊ ဘဝအသစ်ဖြစ်ပေါ်မှုဟူသော အကြောင်းကြောင့် အိုခြင်း, သေခြင်းဖြစ်လေသလော၊ သို့မဟုတ် မဖြစ်လေသလော၊ ဤအရာ၌ သင်တို့မှာ အဘယ်သို့ဖြစ်သနည်း(ထင်သနည်း)ဟု မေးတော်မူတယ်။ အရှင်ဘုရား၊ ဘဝသစ်ဖြစ်ပေါ်မှုဟူသော အကြောင်းကြောင့် အိုခြင်းသေခြင်းဖြစ်ပါတယ်။ ဤအရာ၌ တပည့်တော်တို့မှာဘဝသစ် ဖြစ်ပေါ်မှုဖြစ်၏။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏ဟူ၍လျှင် ဤစကားကို(ငါဘုရား) ဟောတော်မူ၏။ ရဟန်းတို့၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြလေသလော၊ သို့မဟုတ် မဖြစ်ကြလေသလော၊ ဤအရာ၌ သင်တို့မှာ အဘယ်သို့ဖြစ်သနည်းဟုမေးတော်မူ၏။ ဤသို့အဆုံးမှစ၍ အစတိုင်အောင်လည်း ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဟောတော်မူတယ်။

## အလယ်မှ အစတိုင်

ယောက်ျားတစ်ယောက်ဟာ နွယ်၏အလယ်ကိုသာ ရှေးဦးစွာမြင်တယ်။ သူဟာ နွယ်ကိုအလယ်၌ဖြတ်၍ အောက်သို့(အရင်းဖက်သို့) သက်လျက် နွယ်ရင်းတိုင်အောင်ယူပြီးလျှင် အမှုကိစ္စပြုလုပ်သကဲ့သို့ မြတ်စွာဘုရားသည် ရဟန်းတို့၊ ဤ လေးပါးသော အာဟာရတို့သည် တပ်မက်ခြင်းလျှင် အမွန်အစရှိကုန်၏။ တပ်မက်ခြင်းသည် ခံစားမှုသည်... အာရုံကိုတွေ့မှုသည်...။ အာယတန(၆)ပါးသည်...။ နာမ်ရူပ်သည်...။ ဘဝသစ်ဝိညာဏ်သည်....။ သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်း

ရှိကုန်၏။ အဝိဇ္ဇာလျှင် အမွန်အစရှိကုန်၏ လို့ အလယ်မှစ၍ အစတိုင် အောင်လည်း ဟောတော်မူတယ်။

အဘယ်ကြောင့် ဒီလို လေးပါးအပြားအားဖြင့် ဟောတော်မူသ နည်းဟု မေးငြားအုံ၊ ပဋ္ဌိစ္စသမုပ္ပါဒ်၏ ထက်ဝန်းကျင်(အလုံးစုံ) ကောင်း သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကိုယ်တော်တိုင်လည်း ဒေသနာ တော်ကို တင့်တယ်စေနိုင်သောဉာဏ်သို့ ရောက်တော်မူသောကြောင့် လည်းကောင်း၊ ဟောတော်မူသည်ဟု ဖြေဆိုရမည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ဟာ ထက်ဝန်းကျင် ကောင်းပါပေတယ်။ ထို လေးပါးသော ဒေသနာထဲက တစ်ပါးပါးသော ထိုထိုဒေသနာမှ အစဉ် လျှောက်၍ အရိယမဂ်ကို ထိုးထွင်း၍ သိခြင်းငှာ၊ ဝါ၊ ပဋ္ဌိစ္စသမုပ္ပါဒ် တရားကို ထိုးထွင်း၍ သိခြင်းငှာ ဖြစ်တယ်။

မြတ်စွာဘုရားသည် လေးပါးသော ဝေဒနာရဇ္ဇာဉာဏ်... လေးပါး သော ပဋ္ဌိသမ္ဘိဒါဉာဏ်တို့နှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ လေးပါး အပြားရှိသော နက်နဲသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် လည်း ကောင်း ဒေသနာတော်ကို တင့်တယ်စေနိုင်သောဉာဏ်ကိုလည်း ရောက် တော်မူရတယ်၊ ဒေသနာတော်ကို တင့်တယ်စေနိုင်သော ဉာဏ်ကို ရတော် မူသည်၏ အဖြစ်ကြောင့် ထိုမြတ်စွာဘုရားသည် အထူးထူးသောနည်း တို့ဖြင့်သာလျှင် တရားတော်ကို ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၄-၁၅၅)

အထူးအားဖြင့် မြတ်စွာဘုရား၏ ထိုပဋ္ဌိစ္စသမုပ္ပါဒ်ကိုအစမှစ၍ အနုလုံအားဖြင့် ဟောသောဒေသနာသည် သံသရာဝဋ္ဋမပြတ်ဖြစ်ခြင်း၏ အကြောင်းကို ခွဲခြမ်းခြင်းဌ တွေဝေသော, မခွဲခြမ်းနိုင်ဘဲရှိနေသော သတ္တဝါအပေါင်းကို မြင်တော်မူသဖြင့် မိမိတို့၏ ဥစ္စာဖြစ်ကုန်သော (အကျိုး တရားဟူသော မိမိတို့နှင့်သက်ဆိုင်ကုန်သော) အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့် သခါရအစရှိသော သံသရာဝဋ္ဋ၏ မပြတ်ခြင်းကို

ပြခြင်းအကျိုးငှာ လည်းကောင်း၊ ဖြစ်စဉ်ကိုပြခြင်း အကျိုးငှာလည်းကောင်း ဟောတဲ့ ဒေသနာဖြစ်တယ်။

အဆုံးမှစ၍ ပဋိလုံအားဖြင့် ဟောသောဒေသနာက "ဤသတ္တဝါ အပေါင်းသည် ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ရှာချေသည်တကား အို လည်း အိုရှာ၏၊ သေလည်း သေရှာ၏၊ အဖန်တလဲလဲ စုတေလည်း စုတေရှာ၏၊ အဖန်တလဲလဲ ဖြစ်လည်းဖြစ်ရှာ၏" အစရှိသောနည်းဖြင့် ပင်ပန်းဆင်းရဲခြင်းသို့ရောက်သော သတ္တလောကကို အစဉ်လိုက်ကာ ကြည့်ရှုတော်မူသဖြင့် ဘုရားမဖြစ်မီကဖြစ်ခဲ့သော ပဋိဝေဓ(ဝိပဿနာ) ဉာဏ်သို့အစဉ်လျှောက်သဖြင့် အိုခြင်း သေခြင်း အစရှိသော ထိုထိုဆင်းရဲ၏ ကိုယ်တော်တိုင်သိခဲ့သောဘဝအသစ်ဖြစ်ခြင်းစသောအကြောင်းကို ပြတော်မူခြင်းအကျိုးငှာ ဟောတဲ့ဒေသနာဖြစ်တယ်။

အလယ်မှစ၍ အစတိုင်အောင်ဖြစ်တဲ့ဒေသနာက အာဟာရ တို့၏အကြောင်းကို ပိုင်းခြားခြင်းသို့ အစဉ်လျှောက်သဖြင့် (အဝိဇ္ဇာသခါရ ဟူသော) အတိတ်အဓွန့်တိုင်အောင် ကျော်လွန်လျက်ဆောင်ပြီးလျှင် တဖန်အတိတ်အဓွန့်မှစ၍ အကြောင်းအကျိုး အစဉ်ကိုပြခြင်းအကျိုးငှာ ဟောတဲ့ဒေသနာ ဖြစ်တယ်။ အလယ်မှစ၍ အဆုံးတိုင်အောင် ဖြစ်တဲ့ ဒေသနာက ပစ္စုပ္ပန်အဓွန့်၌ အနာဂတ် အဓွန့်(ဘဝ)၏ အကြောင်းတရား တို့ဖြစ်ပေါ်သည်မှစ၍ အနာဂတ်အဓွန့်ကိုပြခြင်း အကျိုးငှာ ဟောသော ဒေသနာ ဖြစ်တယ်။

ထိုလေးပါးသောဒေသနာတို့တွင် ဝဋ်ဆင်းရဲဖြစ်ခြင်း၏အကြောင်း၌ လွန်စွာတွေဝေသော ဝေနေယျသတ္တဝါအပေါင်းအား မိမိတို့နှင့်သက်ဆိုင်သော အဝိဇ္ဇာအစရှိသောအကြောင်းတို့ကြောင့် သခါရ အစရှိသော တရားတို့၏ မပြတ်ဖြစ်ခြင်းကိုပြခြင်း အကျိုးငှာလည်းကောင်း၊ ဖြစ်စဉ်ကို ပြခြင်းအကျိုးငှာလည်းကောင်းအစမှစ၍ အနုလောမဒေသနာကို ဟော တော်မူတယ်။

## အဝိဇ္ဇာကို အစထားဟောခြင်း

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာကို အဘယ်ကြောင့် လက်ဦးအစ၌ ဟောတော်မူပါသနည်း။ အဝိဇ္ဇာသည် အကြောင်းကင်းလေသလော၊ လောကဏ်အကြောင်းအရင်း ဖြစ်လေသလော၊ အကြောင်းကင်းသည် မဟုတ်ပါ။ **အာသဝဖြစ်ပေါ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပေါ်သည်** ဟု အဝိဇ္ဇာ ဏ်အကြောင်းကို မြတ်စွာဘုရားဟောတော်မူတယ်။ သို့သော်လည်း မူလ အကြောင်းဖြစ်နိုင်သော အကြောင်းပရိယာယ်တော့ ရှိတယ်။ အဲဒီ အကြောင်းပရိယာယ်က ဝဋ္ဋကထာ)ရဲ့ ဦးခေါင်း အဖြစ်ပါပဲ။

မြတ်စွာဘုရားက ဝဋ္ဋကထာကို ဟောတော်မူတဲ့အခါ နှစ်ပါးသော တရားတို့ကို ဦးခေါင်းပြု၍ ဟောတော်မူတယ်။ အဝိဇ္ဇာကိုလည်း ဦးခေါင်းပြု၍ ဟောတော်မူတယ်။ ဘဝတဏှာကိုမူလည်း ဦးခေါင်းပြု၍ ဟောတော်မူတယ်။

မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောတော်မူသည်ရှိသော် အဘယ်ကြောင့် ဤတရားနှစ်ပါးကို ဦးခေါင်းပြု၍ ဟောတော်မူသနည်း။

**သုဂတိဒုဂ္ဂတိဂါမိနော ကမ္မသ္သ ဝိသေသဟေတုဘူတတ္တာ။**

သုဂတိ ဒုဂ္ဂတိသို့ ရောက်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံ၏ ထူးသောအကြောင်းဖြစ်လို့ ဟောတော်မူတယ်။ **ဒုဂ္ဂတိ ဂါမိနော ကမ္မသ္သ ဝိသေသဟေတု အဝိဇ္ဇာ။** (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၁၅၆)

အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ ရောက်စေတတ်သော အကုသိုလ်ကံ၏ ထူးသောအကြောင်းဖြစ်တယ်။ အဘယ်ကြောင့်နည်း အဝိဇ္ဇာလွှမ်းမိုးနှိပ်စက်သည်ဖြစ်၍ အဝိဇ္ဇာလွှမ်းမိုးနှိပ်စက်ခံရသော ပုထုဇဉ်ပုဂ္ဂိုလ်ဟာ မီးပူဖြင့် အကင်ခံရခြင်း, ဆောက်ပုတ်ဖြင့် အရိုက်နှက်ခံရခြင်းတို့ကြောင့်ဖြစ်သော ပင်ပန်းဆင်းရဲခြင်းတို့ဖြင့် အနှိပ်စက်ခံရသော အသတ်ခံရမည့် နွားမသည် ထိုပင်ပန်းခြင်းက နှိပ်စက်သောကြောင့် သာယာဖွယ်မရှိသည့်ပြင် မိမိ၏

အကျိုးမဲ့ကိုလည်း ဆောင်တတ်စေကာမူ ရေနွေးပူသောက်ခြင်းကို အားထုတ်ပြုလုပ်ဘိသကဲ့သို့ ကိလေသာပူပန်ခြင်းရှိသောကြောင့် ကိလေသာဖြင့်ပူလောင်ခြင်းကြောင့် သာယာဖွယ်မရှိသည့်ပြင် ဒုဂ္ဂတိသို့ ရောက်စေတတ်သောကြောင့် မိမိ၏အကျိုးမဲ့ကိုလည်း ဆောင်စေကာမူ သူ့အသက်ကို သတ်ခြင်းအစရှိသော ဒုဂ္ဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်တယ်။

**သုဂတိဂါမိနော ပန ကမ္မဿ ဝိသေသဟေတု ဘဝတဏှာ=** ဘဝ တဏှာသည် သုဂတိသို့ ရောက်စေတတ်သော ကံ၏ထူးသော အကြောင်း ဖြစ်တယ်။ နွားမသည် ရေအေးကို ဆာလောင်တောင့်တသဖြင့် သာယာဖွယ်ရှိသည့်ပြင် မိမိ၏ ပင်ပန်းဆင်းရဲခြင်းကိုလည်း ပယ်ဖျောက်တတ်သော ရေအေး သောက်ခြင်းကို အားထုတ်ပြုသကဲ့သို့ ဘဝတဏှာ နှိပ်စက်သော ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ကိလေသာအပူကင်းခြင်းကြောင့် သာယာဖွယ်ရှိသည့်ပြင် သုဂတိသို့ရောက်စေတတ်သောကြောင့် မိမိ၏ ဒုဂ္ဂတိဆင်းရဲ ဟူသောပင်ပန်းခြင်းကိုလည်း ပယ်ဖျောက်တတ်သော သူ့ အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း အစရှိသော သုဂတိသို့ ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်တယ်။

# အားတက်ဖွယ်ရာအကြောင်းအရာများ

**အားကိုးဖွယ်ရာ နာထဆယ်ပါး**

- **ပြည့်စုံသီလ၊ သုတများတောင်း၊**
  **မိတ်ကောင်းမှီတွယ်၊ ဆုံးမလွယ်၊**
  **တတ်ကြွယ် ထိုထိုမှု။**
- **နာလိုတရား၊ ကြိုးစားဝီရိ၊ သန္တုဋ္ဌိနှင့်၊**
  **သတိရင့်ကျက်၊ ပညာထက်၊ ဆယ်ချက် နာထစု။**
- **သနာထာ ဘိက္ခဝေ ဝိဟရထ မာ အနာထာ။**
  **ဒုက္ခံ ဘိက္ခဝေ အနာထော ဝိဟရတိ။**

ရဟန်းတို့... သင်တို့သည် အားကိုးအားထားရှိကြပြီး နေထိုင်ကြ။ အားကိုးအားထားမဲ့ မနေကြနဲ့။ အားကိုးအားထားမရှိသူသည် ဆင်းဆင်းရဲရဲနေထိုင်ရ၏။

မြတ်ဗုဒ္ဓသည် ရဟန်းတို့အား နာထတရားများရှိကြရန် မေတ္တာကရုဏာပြည့်ဝစွာ ဟောကြားတော်မူသည်။

အဂုံတ္တရနိကာယ်၊ ဒသက နိပါတ ပါဠိတော်မှာ နာထတရားများ မြတ်ဗုဒ္ဓဟောကြားကြောင်း **ပဌမ နာထသုတ္တနှင့်ဒုတိယနာထသုတ္တ** ဟု သုတ္တန်နှစ်မျိုး ဖော်ပြထားသည်။ အကျဉ်းအကျယ်မျှသာ ကွာခြားသည်။ အဓိပ္ပာယ်နှင့် သရုပ်ကား အတူတူပင်ဖြစ်သည်။ နာထတရားများမှာ -

(၁) **သီလ**- မိမိတို့နှင့်သက်ဆိုင်သော ကိုယ်ကျင့်သီလရှိခြင်းသည် **နာထတစ်ပါး**ပင်ဖြစ်သည်။

(၂) **ဗဟုသုတ**-မြတ်ဗုဒ္ဓစကားတော်ဓမ္မများ အသိအမြင်များခြင်း။ **ဓာတု**-နှုတ်ငုံဆောင်ထားခြင်း၊ **ဝစသာ ပရိစိတာ**-နှုတ်တိုက်ရွတ်ဆိုနေခြင်း၊ **မနသာနုပေက္ခိတာ**-စိတ်ဖြင့် အစဉ် ရှုမှတ် စူးစိုက်ကြည့်နေခြင်း၊ **ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ**-အမြင်စင်ကြယ်ခြင်း ဟူသောအကြောင်းလေးမျိုးဖြင့် ဓမ္မဗဟုသုတများ ရှိထားခြင်းသည် **နာထတစ်ပါး** ပင်ဖြစ်သည်။

(၃) **ကလျာဏမိတ္တ**-မိတ်ကောင်းဆွေကောင်းရှိခြင်းသည် **နာထတစ်ပါး**ဖြစ်သည်။

(၄) **သုဝစ**-ဆိုဆုံးမလွယ်မှုရှိခြင်း သောဝစသဿတာဂုဏ်နှင့်ပြည့်စုံခြင်းသည် **နာထတစ်ပါး**။ ဆိုဆုံးမမှုကိုခံယူခြင်း၊ သည်းခံခြင်းပင်ဖြစ်သည် (ခမာပဒကွဲဏဂ္ဂါဟီအနုသာသနီ)

(၅) **ဒကွာ ဟောတိ အနုလသော**-သီတင်းသုံးဖော် အချင်းချင်းယောဂီအချင်းချင်းတို့အပေါ် ပြုလုပ်ရမည့်ကိစ္စများ ကျွမ်းကျင်လိမ္မာစွာ စီမံဆောင်ရွက်တတ်ခြင်း၊ မပျင်းမရိ အားထုတ်ပေးခြင်းသည် **နာထတစ်ပါး**။

(၆) **ဓမ္မကာမ**-တရားတော်ကို နှစ်သက်မြတ်နိုးလိုလားခြင်း၊ **ဥဋ္ဌာရ ပမောဇ္ဇာ**-ဓမ္မဝိနယအပေါ် ဝမ်းမြောက်မှုအားကြီးခြင်းသည် **နာထတစ်ပါး**။

(၇) **အာရဒ္ဓဝီရိယ**=အကုသိုလ်ပယ်၍ ကုသိုလ်ဖြစ်ပွားရန် ကြိုးစားအားထုတ်မှု ဝီရိယရှိခြင်းသည် **နာထတစ်ပါး**။

(၈) **သန္တုဋ္ဌိ** - စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေး ဟူသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ တင်းတိမ်လွယ်၊ ရောင့်ရဲလွယ်ခြင်းသည် **နာထတစ်ပါး**။

(၉) **သတိမာ**-အောက်မေ့အမှတ်ရမှု သတိရှိခြင်းသည် **နာထတစ်ပါး**။

(၁၀) ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ= ဖြစ်ပျက်မြင်ဉာဏ်၊ သစ္စာမြင်ဉာဏ်ရှိခြင်းသည် နာထတစ်ပါး ဖြစ်သည်။ (အံ၊ ၃၊ ၂၇၅-၂၇၉)

(ဖော်ပြပါနာထများကို တစ်ပါးစီ အကျယ်ချဲ့ပြောနိုင်သည်။ ယောဂီများ အားတက်ဖွယ်ဖြစ်၍ အားထုတ်မှု လက်ကိုင်ပြုနိုင်အောင် အားပေးစကားများအဖြစ် ဟောပြောသင့်သည်။)

## ဗုဒ္ဓခေတ်မြတ် တွေ့ကျုံးနပ်ပါစေ

၁။ ရေချမ်းသစ်သီး၊ ပန်းဆီမီးကို၊ ခိုင်ပြီးသဒ္ဓါ၊ လှုပ်ပြီးကာမ္မ၊ ငါ့မှာကောင်းကျိုး၊ အလွန်တိုးဟု၊ ယုံကိုးစိတ်ထဲ၊ မရောင့်ရဲနှင့်။

၂။ မစဲညနေ့၊ ဘုရားရှေ့တွင်၊ ပျော်မွေ့မြတ်နိုး၊ မြဲရှိခိုးရ၊ ကောင်းကျိုးပွားစည်၊ ကြီးလှပြီဟု၊ ယုံကြည်အားရ၊ စိတ်မချနှင့်။

၃။ ဓာရဏာနှင့်၊ ဝမ္မစကြာ၊ မေတ္တာပဌာန်း၊ ရွတ်နိုင်စွမ်းကြောင့်၊ ရှင်လန်းပီတိ၊ ဂွမ်းဆီထိကာ၊ ကြီးမည့်တေဇော်၊ မစောင့်မျှော်နှင့်။

၄။ ဂုဏ်တော်ပုတီး၊ သက်စေ့ပြီးအောင်၊ ဖွဲ့ကြိုးခိုင်မာ၊ ငြိမ်သက်စွာဖြင့်၊ သဒ္ဓါကြည်ယုံ၊ စိပ်ပြီးရုံဖြင့်၊ လုံလောက်လှပြီ၊ မရပ်တည်နှင့်။

၅။ ရေကြည်သစ်သီး၊ ဆီမီးလှုမျိုး၊ ရှိခိုးဝတ်ရွတ်၊ စေလွှတ်မေတ္တာ၊ တစ်ရားရှစ်သီး၊ စိပ်ပုတီးကို၊ မငြီးဆင့်ကဲ၊ စိပ်မြဲစိပ်ပါ၊ မဖြတ်ပါနှင့်။ ဆက်ခါတစ်မျိုး၊ ရှေ့သို့တိုး၍ အကျိုးနိဗ္ဗာန်၊ မျှော်ရိုးမှန်က၊ ရုပ်နာမ်ခွဲခြား၊ ကျင့်တရား

သာ၊ သံသရာဝဋ်၊ ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု၊ ညွှတ်ပြောင်းစိတ်ထဲ၊ ယုံကြည်စွဲလျက်၊ အမြဲနေ့ည၊ ဖွဲ့လုံ့လထပ်၊ ဝိပဿနာ၊ ဘာဝနာကို၊ ခိုင်မာဆန္ဒ၊ ကြိုးလုံ့လမှ၊ ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကြပ်ကြပ်သတိရှိပါစေ။

## မတင်းတိမ်ကောင်းသော တရားငါးပါး

(၁) သီလဌ်ဝယ်၊ လုံခြုံတယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

(၂) ဗဟုသုတဝယ်၊ ပြည့်စုံတယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

(၃) သမာဓိဝယ်၊ တည်ကြည်တယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

(၄) ဆိတ်ငြိမ်ရာဝယ်၊ နေနိုင်တယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

(၅) အနာဂါမ်ဝယ်၊ တည်ပြီကွယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

[ဤကဗျာများသည် ယောဂီများ တရားအားထုတ်ချင်စိတ်ပေါက်အောင် တိုက်တွန်းအားပေးသော ကဗျာများဖြစ်သည်။ သာမန် ပုထုဇဉ်များသာမက အနာဂါမ် အရိယာဖြစ်သွားသော်လည်း ခန္ဓာရှိနေသေး, ကိလေသာ အကြွင်းအကျန် ရှိနေသေးသည့်အတွက် သံသရာမှာ ကျင်လည်နေရအုံးမှာ ဖြစ်သောကြောင့် တရားအားထုတ်ဖို့ အားမလျှော့သင့်ကြောင်း, ဆထက်တိုး၍ ကြိုးစားအားထုတ်သင့်ကြောင်း တိုက်တွန်းပြောကြားပေးရန် ညွှန်ပြနေပါသည်။]

တေဘလင်းစာစဉ်-၁၉

**တာဝန်များ**

(က) စက်ဝိုင်းကိုထောက်၊ လက်လည်းမြှောက်၊ ခွက်မှောက်ပြ ရမည်။

ဆရာ့တာဝန်သည် -

(၁) ဇယား၊ စက်ဝိုင်းကို ပိုင်နိုင်စွာ ထောက်ပြတတ်ရမည်။ ပါးစပ်အပြော၊ ဇယားအထောက် ကိုက်ညီရမည်။

(၂) လက်လည်း မြှောက်ပြတတ်ရမည်။ သူလည်း ပါးစပ်အပြောနှင့် လက်အမြှောက် ကွက်တိဖြစ်နေရမည်။

(၃) ခွက် မှောက်တတ်ရမည်။ ဒါလည်း ပါးစပ်အပြောနှင့် ခွက်မှောက်၊ ခွက်ထုတ်၊ ခွက်သိမ်းညီမျှ တိကျနေရမည်။

– **ဇယား(စက်ဝိုင်း)ကိုထောက်၊ လက်လည်းမြှောက်၊ ခွက်မှောက်တတ်ပါစေ။**

(ခ) **မျက်စိကိုဖွင့်၊ နားကိုစွင့်၊ နှုတ်သင့်ရှိရမည်။**

(၁) သင်တန်းသား,သူ ယောဂီများသည် သင်တန်းဆရာ၏ တုတ်ထောက်တာ၊ လက်မြှောက်တာ၊ ခွက်မှောက်တာကို ကြည့်နေရမည်။

(၂) ပြောတာမေးတာကို သိနေရအောင် နားကလည်း အမြဲ စွင့်ထားရမည်။ သတိကပ်ကာ နားထောင်နေရမည်။

(၃) ပါးစပ်ကလည်း အမြဲ အသင့်အနေအထား ရှိနေရမည်။ သို့မှသာ မေးလျှင် ဒက်ခနဲဖြေနိုင်မည်။

– **မျက်စိကိုဖွင့်၊ နားကိုစွင့်၊ ပါးစပ်အသင့်ရှိပါစေ။**

ယင်းသည် သင်တန်းသား,သူ ယောဂီများ၏ တာဝန်ဖြစ်သည်။

(၁) ဉာတပရိညာသည် ဆရာ၏တာဝန်ဖြစ်သည်။

(၂) တိရဏ ပရိညာသည် ယောဂီ၏တာဝန်ဖြစ်သည်။
(၃) ပဟာနပရိညာသည် ဓမ္မ၏တာဝန် ဖြစ်သည်ဟုလည်း တာဝန်ခွဲဝေပြကြသည်။

(၁) **မယုံ ဟိ ပဋိပတ္တိ ကထနမေဝ ဘာရော၊** မဂ်ဖိုလ်နိဗ္ဗာန် အမြင်ရအောင်, ရောက်အောင်ဟောပြောဖို့က ငါဘုရား၏တာဝန်။

(၂) **ပဋိပတ္တိပူရဏံ ပန သာဝကာနံ ဘာရော၊** မဂ်ဖိုလ်နိဗ္ဗာန် အမြင်ရအောင်, ရောက်အောင် ကျင့်ကြံအားထုတ်ဖို့က သာဝကတို့တာဝန်။

(၃) **အာနိသံသဒါနံ ဓမ္မာနံ ဘာရော၊** ကျင့်သူတို့ အကျိုးရစေမှုက တရား၏ တာဝန်ဟု ပါဠိစာပေက ညွှန်ပြသည် မဟုတ်ပါလော။

## ယောဂီများ ပြည့်စုံရမည့်အင်္ဂါ

စခန်းတွင်းမှာ ယောဂီများ ပြည့်စုံရမည့်အင်္ဂါရပ်များ ရှိသည်။ စခန်းတွင်းဌာသာ မကသေး၊ အပြင်လောကရောက်တော့လည်း လိုက်နာကျင့်ကြံနိုင်သည်။

(၁) **အမှုမများ**
(၂) **စကားသိမ်းဆည်း**
(၃) **စောင့်စည်းကျွေးမွေး**
(၄) **အိပ်နေ နိုးကြား**
(၅) **အစားမကြီး**
(၆) **တစ်ယောက်တည်းနေ**
**ဤခြောက်ထွေ ပြည့်စေယောဂီများ။**

(ယင်းခြောက်ပါးကို အကျယ်ချဲ့၍ လိုက်နာချင်ဖွယ်ဖြစ်အောင် ပြောဟောသင့်ပါသည်။)

**မမြင်သောသူ၊ မကြားသူ၊ အ,သူနှင့်လည်း တူရမည်။**

**စားကြမ်း၊ သွားကြမ်း၊ စကားကြမ်း၊ စိတ်ကြမ်းကိုလည်း ပယ်ရ**

**မည်** ဟုလည်း ယောဂီတာဝန်များနှင့် လုပ်ထုံးများကို ညွှန်ပြထားသည်။

(၄င်းတို့ကိုလည်း လက်တွေ့လိုက်နာ ကျင့်သုံးချင်လာအောင်နှင့် စိတ်ကျေနပ်ဖွယ်ဖြစ်အောင် ဟောပြော သင်ကြားသင့်ပါသည်။ တစ်မိန့်တစ်သံ တစ်အာဏာပုံစံဖြင့် ပြင်းပြင်းထန်ထန် ကြပ်ကြပ်တည်းတည်းဖြစ်အောင် မပြုလုပ်သင့်ပါ။ လိုက်လျှာညီထွေ ဖြစ်အောင်သာ သတိပေးနိုးဆော်သင့်ပါသည်။ ကိုယ်တိုင်လည်း လိုက်နာသင့်ပါသည်။)

**ပဓာနိယဂ်တရားငါးပါး**

အချို့သောပုဂ္ဂိုလ်များက ရိပ်သာကိုရောက်လာလျှင် မေးခွန်းမေးတတ်ကြ၏။ **မဂ်ရအောင် ဘယ်လောက်ကြာကြာ အားထုတ်ရမှာလဲ** တဲ့၊ **ဘယ်လောက်ကြာမှ သောတာပန်ဖြစ်မှာလဲ** တဲ့၊ မေးခွန်းက ရှေ့ပြေးပေါ်လာသည်၊ သူကိုယ်တိုင်ကား အားမထုတ်ရသေး။

ဤနေရာတွင် ဗောဓိရာဇကုမာရမင်းသားက မေးလျှောက်၍ ဘုရားကိုယ်တော်မြတ် ဖြေကြားထားသည်ကို တင်ပြလိုပါသည်။

"အရှင်ဘုရား... မြတ်စွာဘုရားဟူသော နည်းညွှန် လမ်းပြ ဆုံးမမည့်သူရသော ရဟန်းသည် ဘယ်လောက်ကြာမှ အရဟတ္တမဂ် အရဟတ္တဖိုလ် ရနိုင်ပါမည်လဲ ဘုရား"

"မင်းသား... ဤအရေးဌ် သင့်ကိုပင်ပြန်၍ မေးရဦးမည်၊ သင်သည် ဆင်စီးချွန်းကိုင်အတတ်ကို တတ်မြောက်ပါ၏လော"

"မှန်ပါ၊ တတ်မြောက်ပါ၏ဘုရား"

"လူတစ်ယောက်သည် သင့်ထံသို့ ဆင်စီးချွန်းကိုင်အတတ်ကို သင်ယူမည်ဟုလာ၏၊ ထိုသူသည်-

(၁) ကိုယ့်လုပ်ငန်းအပေါ် ယုံကြည်မှုမရှိ

(၂) ကျန်းမာမှုလည်းမကောင်း
(၃) ကောက်ကျစ်လိမ်လည်တတ်၏။
(၄) ပျင်းလည်းပျင်း၏။
(၅) ဉာဏ်ကလည်း ထိုင်းလှ၏။

"ထိုပုဂ္ဂိုလ်အား တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးပါနိုင်မည်လော" ဟုမေးတော်မူ၏၊ "မှန်ပါ ဤအဂ်ါ(၅)ပါးအနက် တစ်ပါးပါး ရှိတ်ယွင်းနေလျှင်ပင် သင်ဖို့မလွယ်ပါ။ ငါးပါးလုံးများ ရှိတ်ယွင်းနေလျှင်ကား ဆိုဖွယ်မရှိတော့ပါ ဘုရား"

"သည်လိုဆိုလျှင် မေးဦးမည်၊ လူတစ်ယောက်သည်ကား -
(၁) ကိုယ့်လုပ်ငန်းအပေါ် ယုံကြည်မှုအပြည့်ရှိ၏။
(၂) ကျန်းလည်း ကျန်းမာ၏။
(၃) စိတ်ထားလည်း ဖြောင့်စင်း၏။
(၄) မပျင်းမရိဘဲ ကြိုးစာတတ်၏။
(၅) ဉာဏ်ရည်ဉာဏ်စရှိသူလည်းဖြစ်၏။
ထိုသူမျိုးအား တတ်မြောက်အောင် သင်ကြားပေးနိုင်မည်လော"

"မှန်ပါ၊ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကား အဂ်ါရပ် အချို့အဝက် ပြည့်စုံကာမျှဖြင့် တတ်မြောက်အောင်သင်ကြားပေးနိုင်ပါ၏။ ငါးပါးလုံးများ ပြည့်စုံပါမူကား ဆိုဖွယ်မရှိတော့ပြီဘုရား"ဟူ၍ လျှောက်ထားလေသည်။

"မင်းသား... ထို့အတူပင် တရားအားထုတ်သူ၏အဂ်ါရပ် (ပဓာနိယင်္ဂ) ငါးပါးရှိ၏၊ ယင်းတို့ကား-
(၁) ဘုရားအပေါ် ယုံကြည်သောသဒ္ဓါ ရှိရမည်။
(၂) ကျန်းမာသူလည်း ဖြစ်ရမည်။
(၃) စိတ်ထားလည်းဖြောင့်မတ်သူ ဖြစ်ရမည်။
(၄) ဇွဲသန်ကြိုးစားအားထုတ်သူလည်း ဖြစ်ရမည်။
(၅) ဉာဏ်စွမ်းဉာဏ်စလည်း ရှိရမည်။

"ဤအဂ်ါငါးပါးနှင့် ပြည့်စုံခဲ့သော် မကြာမီပင် တရားထူး ရနိုင်၏" ဟူ၍ မိန့်တော်မူသည်။

**(ဆောင်) ယုံကြည်–ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ အမှန်ပင် မဂ်ရကြောင်း။**

ပဓာနိယဂ်ငါးပါး ဟောပြောရာတွင် "စိတ်ဖြောင့်စွာဖြင့် ဟောရာ၌ ချဲ့ထွင်သိုင်းဝိုင်းဟောရန် ဆရာဇော်ဂျီ၏ "ဂုဏ်" ကဗျာ ဖော်ပြလိုက်သည်။

ဂုဏ်

- ရွှေဂုဏ်ငွေဂုဏ်၊ ရာထူးဂုဏ်သည်၊
  လူ့ဘုံလောက၊ အကာမျှတည်း၊
  သူကပြု၊စူ၊ မကြည်ဖြူ၊က၊
  ခွာယူ၍ရ၊ ကွာ၍ကျ။
- ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်၊
  လူ့ဘုံလောက၊ နှစ်သာရတည်း၊
  သူကပြု၊စူ၊ မကြည်ဖြူ၊လည်း
  ခွာယူမရ၊ ကွာမကျ"။ ။

ဇော်ဂျီ

**အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထုရိ ဝိညူသုဝါ သဗြဟ္မစာရီသု။** (မ၊ ၂၊ ၂၉၈–၂၉၉)

**ရိုးသားဖြောင့်မတ်ဂုဏ်**

**မြတ်စွာဘုရားထံ၌လည်းကောင်း၊ ပညာရှိတို့ထံ၌လည်းကောင်း၊ တရားကျင့်ဖော် အချင်းချင်းတို့အပေါ်၌လည်းကောင်း လှည့်ဖျားမှုမရှိ၊**

ကောက်ကျစ်မှုမရှိဘဲ မိမိကိုယ်ကို ဟုတ်မှန်သည့်အတိုင်း ထင်ထင်ရှား ရှား ဖော်ပြခြင်းသည် ရိုးသားဖြောင့်မတ်မှုပင်ဖြစ်သည်။

မေတ္တာသုတ်၌ ရိုးသားဖြောင့်မတ်မှုနှင့်ပတ်သက်၍ "ဥဇု၊ သုဟုဇု" ဟု ဟောကြားထားသည်။ ယင်းနှင့် ပတ်သက်၍ ပရိတ္တဋီကာ၌ -

**သင်္ကော ဥဇုစ သုဟုဇုစ ဥဇုစ ကာယဝစီအဇ္ဇဝယုတ္တော စ အသ၊ သုဟုဇု စ မနော သုဌုဥဇုစ အသ။ သကိ ဝါ ဥဇု၊ ပုနပ္ပုန သုဟုဇု။** (ပရိတ္တဋီကာ ၅၄)

ကိုယ်ရော နှုတ်ပါ ရိုးသားဖြောင့်မတ်ခြင်းသည် ဥဇုဖြစ်သည်။ ကိုယ် နှုတ် စိတ် သုံးပါးလုံး ရိုးသားဖြောင့်မတ်ခြင်းသည် သုဟုဇု ဖြစ်သည်။ တစ်ကြိမ် ရိုးသားဖြောင့်မတ်ခြင်းသည် ဥဇု၊ အကြိမ်ကြိမ်အဖန်ဖန် ရိုးသားဖြောင့်မတ်ခြင်းသည် သုဟုဇု ဖြစ်သည်ဟု ဖော်ပြထားသည်။

(ဤနေရာ၌ ကျန်းမာခြင်းကို သတိထားသင့်သည်။ **နာတိ သီတာယ နာစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ။ မအေးလွန်း၊ မပူလွန်း၊ အလယ်အလတ် တရားအားထုတ်ဖို့ သင့်ချိန်** ဟု မြတ်စွာဘုရားက မိန့်တော်မူထားသည်။

အဋ္ဌကထာ၌လည်း **အတိသီတဂဟဏေကော ဟိ သီတဘီရု ဟောတိ၊ အစ္စုဏှဂဟဏေကော ဥဏှဘီရု၊ တေသံ ပဓာနံ နေ ဣဇ္ဈတိ၊ မဇ္ဈိမဂဟဏေကသ ဣဇ္ဈတိ၊ တေနာဟ 'မဇ္ဈိမာယ ပဓာနက္ခမာယာ** တိဟုဖွင့်ပြထားပါသည်။ ရာသီဥတုအခြေအနေကြည့်၍ အချိန်ကို အတိုး အလျော့ လုပ်ပေးသင့်ပါသည်)

## ညောင်းမပြင် ယားမကုတ်နဲ့တဲ့လား

တချို့က ကမ္မဋ္ဌာန်းထိုင်သူကို ဣရိယာပုတ်ကို မပြုမပြင်ဘဲ တစ်ခါတည်း တောက်လျှောက် ထိုင်ခိုင်းတတ်ကြသည်။ **ညောင်းမပြင်နဲ့, ယားမကုတ်နဲ့** စသည်ဖြင့် တားမြစ်တတ်ကြသည်။ ထို့ကြောင့် တချို့

ယောဂီများ တစ်ကြိမ်ထိုင်ပြီး လန့်သွားတတ်ကြသည်။ မူလ ပဏ္ဍာသ အဌကထာလာ အောက်ပါစကားကို သတိထားသင့်သည်။

**တတ္ထ ဟတ္ထပါဒေ အတိစိရံ သမိဉ္ဇေတွာ ပသာရေတွာ ဝေဝါ ဋ္ဌိတသဏ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ၊ စိတ္တံ ကေဋ္ဌံ နု လဘတိ၊ ကမ္မဋ္ဌာနံ ပရိပတတိ, ဝိသေသံ နာဓိဂစ္ဆတိ။** (မ၊ ၆၊ ၁၊ ၂၈၈)

တရားအားထုတ်တဲ့အခါ၌ လက်ခြေတို့ကို မပြင်ဆင်, မပြောင်းလဲဘဲ အကြာကြီးကွေးလျက်, အကြာကြီးဆန့်လျက် အတိုင်းထားခြင်းဖြင့် တရားမှတ်ဆဲ ခဏတိုင်း ခဏတိုင်း ဝေဒနာတွေ ဖြစ်ပေါ်လာကာ စိတ်တည်တံ့မှု မရနိုင်တော့ဘဲ တရားအမှတ်တွေလည်း ကျဆင်းယုတ်လျော့ပြီး ထူးမြတ်သော မဂ်ဖိုလ်တရားသို့ မရောက်နိုင်ပါ။

ထို့ကြောင့် မချိမဆန့် မနေနိုင်အောင် ဆင်းရဲဒုက္ခပေါ်နေလျှင် သိမှတ်စိတ်ဖြင့် တရားမလွတ်စေဘဲ ပြောင်းလဲပြုပြင်နိုင်ပါသည်။ မပြောင်းဘဲ သည်းခံနိုင်လျှင် အကောင်းဆုံးဟု ဆိုကြသည်။

ညောင်းလွန်းလို့ ပြင်ချင်လျှင် ရှေးဦးစွာ ပြင်ချင်သည့်စိတ်ကို အာရုံပြု၍ "ပြင်ချင်တယ်၊ ပြင်ချင်တယ်" ဟု ရှုမှတ်ပေးရမည်။ ပြီးမှ ဖြည်းဖြည်းချင်း ပြင်ပါ။

ပြင်နေစဉ်မှာလည်း "ပြင်တယ်၊ ပြင်တယ်" ဟု ရုပ်အမှုအရာကြီးကို အာရုံပြု ရှုမှတ်ရမည်ဖြစ်သည်။ ကမ္မဋ္ဌာန်းဆရာနှင့် ဘေးလူတွေမြင်မှာ စိုးသောကြောင့် အမှတ်မဲ့စွာ မြန်မြန်မပြင်သင့်ပါ။ အမှတ်ပြုလျက် ဖြည်းဖြည်းချင်း ပြင်မှသာ တရားအသိလည်းရ၍ အညောင်းလည်း ပြေနိုင်ပါသည်။ သတိချပ်ကြပါ။

**သည်းခံရင် နိဗ္ဗာန်ရောက်** ဟုပြောကြသည်။ မဂ်ဖိုလ်နှင့် လျော်သော သည်းခံခြင်းအနုလောမ ခန္တီဖြစ်ဖို့ အရေးကြီးသည်။ အမှတ်သတိလေးဖြင့် ပြုပြင်တတ်အောင် သင်ကြားပေးသင့်သည်။ လုံးဝမပြင်ရ၊ မပြောင်းရဟု အမိန့်မရှိသင့်ပါ။

ဤနေရာ၌ သပိတ်အိုင်ဆရာတော်ဘုရားကြီး၏ ဓာတ်ကမ္မဋ္ဌာန်းကျမ်းမှ ကောက်နုတ်ပြပါဦးမည်။ "အချို့ကား ဣရိယာပုတ် မပြင်ကောင်း၊ မဖျက်ကောင်းဟု မှတ်ထင်တတ်ကြသေး၏။ ဣရိယာပုတ်သည် ပဓာနမဟုတ်ပါ။ တစ်ဝါရ၊ နှစ်ဝါရ စသည်ကျမ်းဂန်၌လာသော်လည်း ပဓာနမဟုတ်ပါ။ စိတ်တည်ကြည် ငြိမ်သက်မှုသည်သာလျှင် ပဓာနဖြစ်သည်။ ညောင်းညာအားကြီးလျှင် ဣရိယာပုတ် ပြင်ဆင်နိုင်သည်။ အညောင်းလွန်သော် စိတ်ပျံ့လွင့်၍ အမျိုးမျိုးအဖုံဖုံ ဖြစ်တတ်ကြသည်။ ဤကဲ့သို့ ဖြစ်တတ်သည်ကိုပင် "အကောင်း" ထင်မှတ်ကြသေး၏။ မထင်မှတ်အပ်"

**အဓိဝါသနခန္ဓာ**ဆိုတာ လောကရေးရာနှင့် ပတ်သက်၍ သည်းခံနိုင်တာ ဖြစ်သည်။ **အနုလောမခန္ဓာ**ဆိုတာ ဝိပဿနာတရားအားထုတ်ရာ၌ ရုပ်နာမ်တို့၏ ဖြစ်ပျက်မြင်ဉာဏ်မှစ၍ မဂ်ဉာဏ်ရောက်ခါနီးအထိ ရုပ်နာမ်ဖြစ်ပျက်ကို ရှုမှတ်နိုင်အောင် သည်းခံကာ ရှုမှတ်နေခြင်းဖြစ်သည်။ ထို့ကြောင့် -

- **မခံသာ**
  **မှန်ပါ၏ သည်တရား။**
- **အတ္တကို ပယ်ခွာလို့**
  **သည်းခံကာ ရှုမှတ်ပွားရင်**
  **နိဗ္ဗာန်သို့လား။**

ဟု ဝိပဿနာ အထွဋ်အထိပ် ဆရာပဏ္ဍိတ်တို့က ညွှန်ကြားထားသည်ကို သတိပြုကြပါ။

**တရားမရနိုင်သူ ခြောက်ဦး**

- **ဂဏန်း, ပုတ်သင်, ပဲပြားပင်, ခွေးအာ, နွားသိုး, လိပ် ခြောက်မျိုး။**

- ဂဏန်းသည် အမြဲတမ်း လက်မထောင်နေသကဲ့သို့ နေရာတကာတွင် ငါသိ, ငါတတ်ဟု မိမိကိုယ်ကို အထင်ကြီးနေသူ၊
- ပုတ်သင်သည် ဘယ်သူကဘာပြောပြော ခေါင်းညိတ်တတ်သကဲ့သို့ သူတစ်ပါးပြောသမျှ အမှားအမှန် ဝေဖန်ဆန်းစစ်ခြင်းမရှိဘဲ အလွယ်တကူလက်ခံတတ်သူ၊
- ပဲပြားပင်သည် လေယူရာယိမ်းသကဲ့သို့ စဉ်းစားဆင်ခြင်ဉာဏ်မရှိဘဲ အဟော, အပြောကောင်းသူဘက်သို့သာ ပါသွားသူ၊
- ခွေးအသည် မိမိအူတာကို မိမိမသိသကဲ့သို့ ပါးစပ်က တရားစကား ရွတ်ဆိုနေသော်လည်း တရားပေါ် သဘောမပေါက်, ဉာဏ်မရောက်သူ၊
- နွားသိုးသည် ကမူးရှူးထိုးဖြင့် တွေ့ရာမြင်ရာ လိုက်ဝှေ့တတ်သကဲ့သို့ သူတစ်ပါး၏အယူမှန်သမျှ စဉ်းစားဝေဖန်ခြင်းမရှိဘဲ ပြစ်တင်ရှုတ်ချတတ်သူ၊
- လိပ်သည် ကိုယ့်ဘက်ကိုသာ ယက်သကဲ့သို့ မိမိအယူကသာ အမှန်, မိမိလုပ်ရပ်ကသာ အမှန်ဟု တစ်ဖက်သတ်ယူဆထားသူ။ ၄င်းတို့သည် တရားမရနိုင်၊ အမှန်မတွေ့နိုင်ကြပါ။ ထို့ကြောင့် ၄င်းတို့ထဲ မိမိတို့မပါအောင် စွမ်းဆောင်သင့်ကြပါသည်။

## မဂ်ဖိုလ်ဝေးကြောင်းများ

မစွန့်ကာမ၊ ဆရာမရှိ၊ ဝိရိယလျော့၊ အားအင်ပျော့ကာ၊ လွန်စွာယူမှား၊ ဤငါးပါး၊ တရားမဂ်ဖိုလ် ဝေးသတည်း။

**မဂ်ဖိုလ်ရကြောင်းများ**

သူတော်ဆည်းကပ်၊ မြတ်တရားနှာ၊ လျှာ်စွာအကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ။

**ကမ္မဋ္ဌာန်းပွားနိုင်သောခေတ်**

**မအို၊ မနာ၊ ဆွမ်းလွယ်စွာနှင့်**
**ပြည်ရွာအေးသည်၊ သံယာညီသား၊**
**ငါးလီသမယ၊ ခါကာလတည်း။**

**ဣဒ ဘိက္ခဝေ ဘိက္ခု ဒဟရော ဟောတိ ယုဝါ သုသု ကာဠကေသော ဘဒ္ဒြေန ယောဗ္ဗနေန သမန္နာဂတော ပဌမေန ဝယသာ၊ အယံ ဘိက္ခဝေ ပဌမော သမယော ပဓာနာယ** ဟူသော **မြတ်ဗုဒ္ဓ** စကားတော်ကို သတိချပ်သင့်ပါသည်။

တချို့က ငယ်ငယ်ရွယ်ရွယ် တရားအားထုတ်လျှင် အားမပေးတတ်ကြ။ အချိန်မကျသေးဘူး။ အရွယ်မရောက်သေးဘူး။ အသက်ကြီးမှ တရားအားထုတ်ပေါ့။ ငယ်ငယ်ရွယ်ရွယ်မှာ ပညာရှာပါ။ ဥစ္စာရှာပါ ဟုသာ ပြောဆိုကြသည်။ ကံကောင်းတုန်း၊ ဉာဏ်ကောင်းတုန်း အားထုတ်ထားကြ။ အသက်အရွယ်ရှိတုန်း၊ အားအင်တွေပြည့်တုန်း ကြိုးစားထားကြ။ **အချိန်ရှိခိုက် လုံ့လစိုက်ကြ** ဟု **မိုးကုတ်ဆရာတော်**က **ခဏခဏ** သတိပေးတော်မူသည်။

မြတ်ဗုဒ္ဓက ငယ်ငယ်ရွယ်ရွယ် တရားအားထုတ်တာ သဘောကျသည်။ သတိအား, ပညာအား, ဝိရိယအား ကောင်းမွန် ထက်မြက်စူးရှချိန်ဖြစ်သည်။ **ပြဟ္မစာရီ ယုဝါ ဟောတိ**-ငယ်ငယ်ရွယ်ရွယ် တရားအားထုတ်လျှင် သာ၍ကောင်းပါသည်။

**မဟာနိုင်သောခေတ်**

**အိုမင်း ဖျားနာ၊ ဆွမ်းခက်စွာနှင့်**
**ပြည်ရွာ ပျက်ဆဲ၊ သံယာကွဲသည်**
**မှတ်စွဲ ငါးဝ၊ အသမယတည်း။** (အံ၊ ၂၊ ၅၈)

သံယာညီညွတ်ခြင်း, ကွဲပြားခြင်းနှင့် ပတ်သက်၍ ရရှိနိုင်သော ကောင်းကျိုး ဆိုးကျိုးများကိုလည်း သတိမူသင့်ပါသည်။

သံယာညီညွတ်နေလျှင် **အပွသန္နာ စေဝ ပသီဒန္တိ၊ ပသန္နာ နဉ္စ ဘိယျောဘာဝေါ ဟောတိ။** မကြည်သူများ၊ ကြည်ညိုလာကြ၊ ကြည်ညိုပြီးသူများ ပိုမိုကြည်ညိုကြသည် ဟု ဖော်ပြထားသည်။

သံယာကွဲပြားလျှင် **အပွသန္နာ စေဝ နပွသီဒန္တိ၊ ပသန္နာနဉ္စ ကေစွာနံ အညထတံ ဟောတိ၊** မကြည်ညိုသေးသူများ ကြည်ညိုမလာနိုင်ဘဲ ကြည်ညိုပြီးသူများပင် အကြည်ညိုမဲ့ကာ ဘာသာခြားသို့ ရောက်သွား **နိုင်သည်** ဟူသော စကားကိုလည်း မမေ့လျော့သင့်ပါ။

ကမ္မဋ္ဌာနာစရိယ(တရားပြသူ)နှင့် ယောဂီဖြစ်စေ၊ ဦးဆောင်ညွှန်ကြား ကြီးကြပ်သူနှင့် ဝေယျာဝစ္စ ဆောင်ရွက်သူများဖြစ်စေ, ယောဂီအချင်းချင်းဖြစ်စေ ညီညွတ်စည်းလုံးနေမှသာ တရားအားထုတ်ရတာ အဆင်ပြေနိုင်ပါသည်။ ညီညွတ်လျှင် ချမ်းမြေ့သည်။ မညီညွတ်လျှင် ပြိုကွဲသည်။ တရားမဲ့ဖြစ်သွားနိုင်သည်။ ညီညွတ်စည်းလုံးကြပါ။

**တရားလက်မလွတ်စေနဲ့**

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကာယ်ပုံ၊ ဖြစ်လိုတုံ့လည်း၊ တစ်ဖုံဆင်ကွဲ၊ သူတစ်နည်းဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှု၍၊ ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့

ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိန်.ဌာဟု၊ သတ္တဝါခပ်ပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့.လျက်၊ ချိန်းအဆက်လျှင်၊ တစ်စက်ကမှ၊ မရှိကြဘူး။ အပွမာဒေန ဘိက္ခဝေ သမ္မာဒေထ၊ ဘုရား စကား၊ လိုက်နာပွားသည်၊ တရား လက်မလွတ်ဧစနဲ့...

(မင်းကွန်း ဆရာတော်)

## ကောင်းခြင်းသုံးဖြာ

ကမ္မဋ္ဌာန်းတရားအားထုတ် ကျင့်ကြံနိုင်ခွင့်ရဖို့.သည် လွန်စွာ ခဲယဉ်းလှသည်။ ဗုဒ္ဓဘာသာဝင် အသိဉာဏ်ရှိသူ လူသားဖြစ်ရခြင်းသည် **ဘဝကောင်း** ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာနှင့် တွေ့.ကြုံခွင့်ရနေခြင်းသည် **အခွင့်ကောင်း** ဖြစ်သည်။ သစ္စာတရား၊ ဝိပဿနာတရားများကို နာယူကျင့်ကြံ ခွင့်ရချိန်သည် **အချိန်ကောင်း** ဖြစ်သည်။ ယင်း **ကောင်းခြင်း** သုံးဖြာနှင့် ပြည့်စုံနေခိုက်မှာ ကြိုးကြိုးစားစား ကမ္မဋ္ဌာန်းတရားများကို နာယူကျင့်ကြံ သင့်ကြောင်း ရှင်းပြသင့်သည်။

**ကာလော ယသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။**
**ယော စ ကာလယသော ဘူတေါ၊ သဘူတပစနီ ပစိ။**

နေ့.ညဉ့်ကာလသည် မိမိနှင့်အတူတကွ အားလုံးသော သတ္တဝါတို့.ကို နေ့.နေ့.ညည ကာလမခြား ဝါးစားလျက်နေပါ၏။ အကြင်ရဟန္တာ ပုဂ္ဂိုလ်သည် သတ္တဝါတို့.ကို ကျက်စေတတ်, ချက်တတ်သောတရားကို ဉာဏ်မီးဖြင့် ကျက်စေပြီ။ ချက်ပြီ။

**မောယကာလံ နု ခိပယေ၊ အချိန်ကို အလဟသ မကုန်ဆုံး စေရာ။ အချိန်ရှိခိုက် လုံ့.လစိုက်သင့်ပါသည်။**

- ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် ရှိသေးလေ လိမ့်လား။

- ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင် ရှိသေးလေ လိမ့်လား။
- ခွင့်သာဆဲ မခဲချင်လျှင် အလွဲနှင့်ပြင် ရှိသေးလေ လိမ့်လား။

(လယ်တီဆရာတော်)

**အဓိပတိသုံးပါး**

(၁) **အတ္တာဓိပတိ** = မိမိကိုယ်ကို လေးစားသောအားဖြင့် တရား ကြိုးစားအားထုတ်သင့်သည်။

(၂) **လောကာဓိပတိ** = ပတ်ဝန်းကျင်ကို လေးစားသောအားဖြင့် လည်း တရားကြိုးစားအားထုတ်သင့်သည်။

(၃) **ဓမ္မာဓိပတိ** = တရားတော်ကို လေးစားယုံကြည်သောအား ဖြင့်လည်း တရားကြိုးစားအားထုတ်သင့်ကြောင်း အားပေးစကား ပြောပြ သင့်ပါသည်။

၁။ ငါဟာ စားစရာမရှိလို့ တရားအားထုတ်နေတာ မဟုတ်ဘူး။ နေထိုင်စရာမရှိလို့, ဆေးဝါးကုသစရာမရှိလို့လည်း မဟုတ်ဘူး။ အိုဘေး, နာဘေး, သေဘေး မွဲကွဲတည်းဟူသော သံသရာဝဋ်ဆင်းရဲတို့မှ လွတ် မြောက်နိုင်အောင် တရားအားထုတ်ခြင်းဖြစ်တယ်။ အဲဒါဟာ မိမိကိုယ်ကို အားထားပြီး တရားအားထုတ်ခြင်း ဖြစ်တယ်။

၂။ ငါသည် တရားအားထုတ်တယ်လို့ အမည်ခံပြီး တရား အားထုတ်ချိန်မှာ လောဘ, ဒေါသ, မောဟတရားတွေ ဖုံးလွှမ်းပြီး အရောင်းအဝယ်ကိစ္စတွေ စဉ်းစားတွေးတောပြီး မနေနဲ့။ ထိန်မိဒ္ဓ ဖြစ်လည်း မနေနဲ့။ ပျင်းလည်းမနေနဲ့။ အိပ်ပျော်လည်း မနေနဲ့။ စိတ် ကလည်း လေလွင့်မနေနဲ့။ မလျှောက်ပတ်တဲ့ အပြုအမူမျိုးလုပ်နေရင် ကိုယ့်ကိုယ်စောင့်နတ်ကလည်း သိတယ်။ တခြား သမ္မာဒေဝနတ်ကောင်း နတ်မြတ်များကလည်း သိတယ်။ အဘိညာဏ်ရတဲ့ပုဂ္ဂိုလ်များကလည်း

သိကြတယ်။ ဒါကြောင့် လောကကြီးကို ရှုက်ကြောက်ပြီး လောကကို အဓိပတိထားပြီး အားထုတ်ရမယ်။

၃။ တရားတော်ကို ရိုသေလေးစားပြီး ဝိပဿနာဉာဏ်နဲ့ မမြင် မြင်အောင် ကြည့်ရမယ်။ တရားမမြင်တာဟာ တရားမပေါက်ရောက်တာ ဟာ တရားကမရှိလို့ မဟုတ်ဘူး။ ငါက တရားတော်ကို မလေးစားလို့ မမြင်တာလို့ ဆုံးဖြတ်ချက်ချပြီး တရားကို အဓိပတိထားကာ အားထုတ် ရမယ်။ အဲဒါကို ဓမ္မာဓိပတိလို့ခေါ်တယ်" ဟု မိုးကုတ်ဆရာတော်က ရှင်းပြထားသည်။

## သိပါ၏

❖ သင် ကောင်းမကောင်း
သင့်အကြောင်းကို
သင့်ခေါင်းထဲက သိပါ၏။

❖ သင့်ကိုစောင့်ကြပ်
ကိုယ်စောင့်နတ်လည်း
ပြတ်ပြတ်သားသား
သိပါ၏။

❖ နတ်တို့သနင်း၊
သိကြားမင်းလည်း
ရှင်းရှင်းလင်းလင်း
သိပါတယ်။

❖ ငရဲသနင်း၊
ယမမင်းလည်း
ကွင်းကွင်းကွက်ကွက်
သိပါ၏။

❖ စျာန်အဘိညာဏ်၊
တန်ခိုးရှင်လည်း
အစဉ်သဖြင့် သိပါ၏။

❖ သင် ပြုလုပ်စဉ်
သင့်ဝန်းကျင်မှ
မြင်မြင်သမျှ
လူတို့ကလည်း
ဂယနဏ သိပါ၏။

ရှင်နိမ္မလ

## ဓမ္မသက်သက်သာ

ရုပ်နာမ်တွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏာဖြစ်လျက်၊ ခဏာပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကြောမှာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မျှော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။ ငါ့ ငါဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမျှ၊ မရှိကြသည်၊ ဓမ္မသက်သက်သာကိုးပါတကား။ (မင်းကွန်းဆရာတော်ဘုရားကြီး)

## တစ်လုံး, တစ်ပါဒမျှ သိလျှင်ပင်

ဣဝ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ 'သဗ္ဗေ ဓမ္မာနာလံ အဘိနိဝေသာယာ' တိ၊ ဧဝံ စေတံ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ' သဗ္ဗေ ဓမ္မာနာလံ အဘိနိဝေသာယာ' တိ။

သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ။ သဗ္ဗံ ဓမ္မံ အဘိညာယ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ၊ သဗ္ဗံ ဓမ္မံ ပရိညာယ ယံ ကိဉ္စိ ဝေဒနံ ဝေဒေတိ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ။ သောတာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ။

(မ၊ ၁၊ ၃၁၈)

သိကြားမင်း ဤသာသနာတော်၌ ရဟန်းသည် တရားအားလုံးတို့ကို တဏှာဒိဋ္ဌိ မာနတို့ဖြင့် သက်ဝင်စွဲလမ်းခြင်းငှာ မသင့် ဟု ကြားဖူး၏။ ဤသို့ ကြားဖူးသော ရဟန်းသည် တရားအားလုံးကို အထူးသိ၏။ တရားအားလုံးကို အထူးသိပြီး၍ တရားအားလုံးကို ပိုင်းခြား၍ သိ၏။

ယင်းသို့ သိပြီး၍ ချမ်းသာကိုဖြစ်စေ, ဆင်းရဲကိုဖြစ်စေ, ချမ်းသာမဟုတ် ဆင်းရဲမဟုတ်သည်ကိုဖြစ်စေ အမှတ်မရှိသော ဝေဒနာကို ခံစား၏။ ထိုခံစားခြင်း ဝေဒနာတို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေ၏။

**နောက်ဆုံး၌ ဇာတိကုန်ပြီ။ နောက်ထပ် ပြုဖွယ် မရှိတော့ဟုပင် ကြွေးကြော်နိုင်တော့သည် ဟု မြတ်ဗုဒ္ဓက သိကြားမင်းအား တဏှာကုန်ကြောင်းအကျင့်ကို စူဠတဏှာသင်္ခယသုတ်မှာ ညွှန်ပြတော်မူခဲ့သည်။**

**သဗ္ဗေဝမ္ဘာ နာမ ပဗ္ဗက္ခန္ဓာ ဒ္ဝါဒသာယတနာနိ အဋ္ဌာရသ ဓာတုယော၊ တေ သဗ္ဗေပိ တဏှာ ဒိဋ္ဌိဝသေန အဘိနိဝေသာယ နာလံ။ ဂဟိတာကာရေန အတိတ္ထနတော။** (မ၊ ၆၊ ၂၊ ၁၉၈-၁၉၉)

တရားအားလုံးဆိုတာ ခန္ဓာငါးပါး, အာယတန တစ်ဆယ့် နှစ်ပါး, ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ ဖြစ်သည်။ ၎င်းတို့ကိုလည်း တဏှာ ဒိဋ္ဌိ အစွမ်းဖြင့် စွဲယူခြင်းငှာ မသင့်ပါ။ စွဲယူနေလျှင် မရောင့်ရဲနိုင်သောကြောင့် ဖြစ်သည်။

**'အဘိဇာနာတိတိ အနိစ္စံ ဒုက္ခံ အနတ္တာတိ ဉာတပရိညာယ အဘိဇာနာတိ။ ပရိဇာနာတိတိ တထေဝ တီရဏပရိညာယ ပရိဇာနာတိ'** ဟု ပရိညာနှစ်ပါးဖြင့် သိရကြောင်း ဖွင့်ပြထားသည်။ (မ၊ ၆၊ ၂၊ ၁၉၉)

**(၁) လုံးစုံမှု၊ အနိစ္စ၊ ဒုက္ခအနတ္တာ။**

**ဤရွေ့ဤမျှ၊ ကြားဖူးက၊ သုတလုံ့လောက်ပါ။**

**(၂) ဉာဏ်ဖြင့် ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။**

**(၃) မမြဆင်းရဲ၊ သဘောပါ၊ သိမြဲပိုင်းခြားကာ။**

ဤစူဠတဏှာသင်္ခယသုတ်ကို ထောက်ဆ၍ အဘိဓမ္မာကျမ်းဂန် သဘောတွေကို အကျယ်အားဖြင့် မသင်ကြားဖူးသော်လည်း ရုပ်နာမ်မျှ, အနိစ္စ ဒုက္ခ အနတ္တသဘောတရားမျှပဲ ရှိတယ်လို့. ကြားနာဖူးရင်လဲ တရားအားထုတ်နိုင်တယ်ဆိုတာ ထင်ရှားပါတယ်။

နောက်ပြီးတော့ ပဋ္ဌိစ္စ သမုပ္ပါဒ်ဆိုရာမှာလည်း အကြောင်းနဲ့. အကျိုးမျှရှိတယ်။ ပုဂ္ဂိုလ်သတ္တဝါရယ်လို့. စင်စစ်အားဖြင့် မရှိဘူးလို့. ဒါလောက်သိထားဖို့. လိုပါတယ်။ ပဋ္ဌိစ္စသမုပ္ပါဒ် အပြည့်အစုံ သိထားဖို့. ကတော့ ပုဂ္ဂိုလ်တိုင်းမှာ မလိုဘူး။

တတ်သိလိမ္မာတဲ့ ဆရာသမားထံမှ နည်းယူပြီး အားထုတ်ရင် အဘိဓမ္မာသဘော, ပဋ္ဌိစ္စသမုပ္ပါဒ် သဘောအကျယ်တွေ လေ့လာကျက်မှတ်မထားပေမယ့် ဖြစ်ခိုက် ရုပ်နာမ်ကို ရှုမှတ်နေရင်း ကိုယ်တိုင် တွေ့.သိမြင်ခြင်းဖြင့် ကိစ္စပြီးတယ်လို့. မြဲမြဲစွာ မှတ်ထားကြရမယ်။

ဒါပေမဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်အကြောင်း အကျိုးတရားခေါင်းစဉ်ကလေးတွေကို နှုတ်တက်ရထားရင် သာပြီးကောင်းပါတယ်" ဟု မဟာစည်ဆရာတော် ဟောထားသည်။

(ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး၊ ဒုတွဲ၊ ၂၇၉-၂၈၁)

**သာဝကာ ဟိ စတုန္နံ ဓာတူနံ ဇကဒေသမေဝ သမ္မသိတ္မာ နိဗ္ဗာနံ ပါပုဏန္တိ၊ ဗုဒ္ဓါနံ ပန အဏုပ္ပမာဏမ္ပိ သခ်ါရဂတံ ဉာဏေန အဒိဋ္ဌမတ္တလိတ မတိရိတ မသစ္ဆိကတံ နတ္ထိ။** (မ၊ ၆၊ ၁၊ ၅၄)

သာဝကများသည် ဓာတ်လေးပါးတို့.၏ တစ်စိတ်တစ်ဒေသမျှ ကိုသာ သုံးသပ်၍ နိဗ္ဗာန်သို့.ရောက်ကြသည်။

ဘုရားရှင်တို့.အားကား ဉာဏ်ဖြင့်မမြင်, မသိ, မသုံးသပ် မျက်မှောက်မပြုနိုင်တာ မရှိ။ အကုန်သိမြင်သုံးသပ် မျက်မှောက်ပြုနိုင်သည်သာဖြစ်သည်" ဟု မူလပဏ္ဏာသ အဋ္ဌကထာမှာ ဖွင့်ဆိုထားသောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဓမ္မသဘာဝများကို အကြွင်းမရှိ အကုန်မသိသော်

စိတ်အားမငယ်သင့်ပါ။ ကိုယ်သိနိုင်သလောက်သာ ကြိုးစားအားထုတ်သင့်ပါသည်။ (ဤနေရာမှာ စိတ်တက်ကြွဖွယ် ရတနာနဲ့ပါကွယ်နှင့် မဖျိုမအဖွင့် မြှင့်တင်ပုံထည့်ရန်)

## စောင့်ထိန်းခြင်း

မိမိကိုယ်တိုင် တရားတော်များကို ကျင့်ကြံအားထုတ်ပွားများသောကြောင့် တရားရသူ၊ ရဟန္တာဖြစ်သူ၊ အရဟတ္တဖိုလ်ရောက်သူ ဖြစ်သွားလျှင် အခြားပုဂ္ဂိုလ်များက "ဤပုဂ္ဂိုလ်သည် သူတော်ကောင်း သူတော်မြတ်ဖြစ်သည်။ အကျင့်ကောင်း ကျင့်နေသူဖြစ်သည်" ဟု မိမိအပေါ် ယုံကြည်လေးစားစိတ်ဖြစ်ကာ နတ်ပြည်ရောက်ပါက **အတ္တာနံ ရက္ခန္တော ပရံ ရက္ခတိနာမ**= မိမိကိုယ်ကို စောင့်ထိန်းလိုက်သည့်အတွက် သူတစ်ပါးကိုလည်း စောင့်ထိန်းပြီးဖြစ်သွားသည်မည်ပါသည်။

သူတစ်ပါးကို ဟောပြောပေး၍ လမ်းညွှန်ပြလျက် မိမိကိုယ်ကို တရားအားထုတ်ကာ ရဟန္တာဖြစ်သွားလျှင် **ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ နာမ**၊ သူတစ်ပါးကို စောင့်ရှောက်ထိန်းသိမ်းလျက် မိမိကိုယ်ကို လည်း စောင့်ရှောက်ထိန်းသိမ်းပြီးဖြစ်ကြောင်း ရှင်းပြသင့်သည်။

ယော ဘိက္ခု ကမ္မရာမတာဒီနိ ပဟာယ ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနေသု မူလကမ္မဋ္ဌာနံ အာသေဝန္တော ဘာဝေန္တော အရဟတ္တံ ပါပုဏာတိ၊ အထနံ ပရော ဒိသွာ 'ဘဒ္ဒကော ဝတာယံ ဘိက္ခု သမ္မာပဋိပန္နော' တိ တသ္မိံ စိတ္တံ ပသာဒေတွာ သဂ္ဂပရာယဏော ဟောတိ အယံ အတ္တာနံ ရက္ခန္တော ပရံ ရက္ခတိ နာမ၊ ယော ဘိက္ခု ရတ္တိဋ္ဌာနဒိဝါ ဋ္ဌာနံ ဂတော တိသု ဗြဟ္မဝိဟာရေသု တိကစတုက္ကဈာနာနိ နိဗ္ဗတ္တေတွာ စျာနံ ပါဒကံ ကတ္တာ သခါရေ သမ္မသန္တော ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏာတိ၊ အယံ ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိနာမ။ (သံ၊ ၆၊ ၃၊ ၂၅၉)

ညှဉ်သည်

– လာတုန်းကလည်း တစ်ယောက်ထည်းနော်
လက်တွဲခေါ်ကာ ဖော်မပါဘူး
ဥစ္စာချည်းနည်း ကိုယ်ထည်းတည်း။
– ပြန်သွားတော့လည်း တစ်ယောက်တည်းနော်
လက်တွဲခေါ်ကာ ဖော်မပါဘူး
ဥစ္စာချည်းနည်း ကိုယ်ထည်းတည်း။
– လာပြီးတော့နား၊ မသွားသေခင်
ချိန်လေးတွင်မှ၊ ဝန်းကျင်ယှက်နွယ်
နှောင်ကြိုးတွယ်ကြ၊ ပြီးရယ်မဲ့ငို
ချစ်မုန်းပိုကြ၊ မလိုဒေါသ၊ လိုလောဘနှင့်
ဘဝရိပ်မြို၊ ကကြိုးစုံခဲ့
နေကုန်မိုးချုပ်၊ လက်တွဲဖြုတ်ကာ
သုတ်သုတ်နှင်သည်
ဒို့လျှင် ညှဉ်သည်ပါတကား။

(ဝိပဿနာပေကွာ၊ သခ်ါရပေကွာဉာဏ်သဘောများဖြင့်
ယှဉ်တွဲပြောရန်)

မမေ့နဲ့နော်

စျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊
အယံ ဝေါ အမှာကံ အနုသာသနီ။ (မ၊ ၁၊ ၁၆၇)

ဘိက္ခဝေ-ရဟန်းတို့...၊ **စျာယထ**-ရှုကြကုန်လော့၊ မှတ်ကြကုန်လော့၊ သမထ ဝိပဿနာ ဘာဝနာအလုပ်ကို အားထုတ်ကြကုန်လော့။ **မာ ပမာဒတ္ထ**-မမေ့ကြကုန်လင့်၊ မရှုမှတ်ဘဲ မနေကြကုန်လင့်။

**ပစ္ဆာ**–အခွင့်ကောင်းလွန်ပြီးသော နောင်အခါ၌။ **ဝိပ္ပဋိသာရိနော**–မရှုမှတ်ခဲ့မိသည်မှာ မှားလေစွဟု နောင်တရကာ နှလုံးမသာကုန်သည်၊ **မာ အဟုဝတ္ထ**–မဖြစ်ကြပါကုန်လင့်။

**အယံ**–ဤဆိုခဲ့ပြီးသော စကားသည်၊ **ဝေါ**–သင်တို့အား၊ **အမှာကံ**–ငါဘုရားတို့၏၊ **အနုသာသနီ**–အဖန်ဖန်အထပ်ထပ် ပေးတော်မူအပ်သော အဆုံးအမတော်ပေတည်း။

အခွင့်သာစဉ်က အားမထုတ်မိလျှင် နောင် မကျန်းမာသော အခါ၊ အိုမင်းမစွမ်း ဖြစ်သောအခါ၊ သေရမည့် ညောင်စောင်း၊ ကုဋ္ဌင်၌ လျောင်း၍နေရသောအခါ အပါယ်လေးပါး၌ ကျရောက်နေသည့်အခါများ၌ ဟိုတုန်းက **အားမထုတ်ခဲ့မိသည်မှာ မှားလေစွ၊ မှားလေစွ** ဟု ကြီးစွာ နောင်တရတတ်၏။ မှားပြီးမှ မှားမှန်းသိလျက် ပူပန်သော ဤ နောင်တရခြင်းမျိုးနှင့် မကြုံရအောင် အချိန်ရှိခိုက် အားစိုက်ကြိုးပမ်းကြဖို့ ယောဂီများကိုလည်း တိုက်တွန်းပြောကြားပေးရမည်။ မိမိကိုယ်ကိုလည်း မကြာခဏဆင်ခြင်ကာ တရားရှုမှတ်ဖြစ်အောင် စွမ်းဆောင်သင့်လှပါသည်။

## ဝမ်းမြောက်လျှင်

**ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။**
**လဘတေ ပီတိ ပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။**

အကြင်အကြင်ရုပ်အဖို့ နာမ်အဖို့မှ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို သုံးသပ်၏။ ထိုထိုသုံးသပ်တိုင်းသော ရုပ်အဖို့ နာမ်အဖို့မှ မျှားစွာနှစ်သိမ့်အားရမှုပီတိ၊ အနည်းငယ် နှစ်သိမ့်အားရမှု ပါမောဇ္ဇကို ရလေ၏။ ထိုပီတိပါမောဇ္ဇသည် အဖြစ်အပျက်ကိုသိသော ဝိပဿနာယောဂီတို့၏ သေခြင်းကင်းသော နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း ဖြစ်၍ အမြိုက်နိဗ္ဗာန်ကြီးပါပေတည်း။ (ဓမ္မ၊ ဂါထာ၊ ၃၇၄)

ရှုမှတ်၍ ကောင်းသောအခါ မှတ်တိုင်း မှတ်တိုင်း နှစ်သိမ့်အားရမှု ဖြစ်ပေါ်၏။ ၄င်းကို ပါမောဇ္ဇဟု ခေါ်၏။ ထိုအခါ ရှုမှတ်မှုဌ် ပျော်မွေ့၏။ ပျော်မွေ့မှု ဘာဝနာရတိကြောင့် အစဉ်အတိုင်း ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ် စသည်ဖြင့် ဝိပဿနာဉာဏ် ပွားစေနိုင်၍ အရိယာတို့သည် သံသရာမှ ထွက်မြောက်ကြ၏။

**ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။**

**အဓိဂစ္ဆေ ပဒံ သန္တံ၊ သခါရူပသမံ သုခံ။**

ဝမ်းမြောက်ကြည်နူးမှု အားကြီးသောပုဂ္ဂိုလ်, မြတ်ဗုဒ္ဓသာသနာတော်၌ သက်ဝင်ကြည်ညိုသောပုဂ္ဂိုလ်သည် သခါရတို့၏ ငြိမ်းအေးရာဖြစ်သော, ချမ်းသာသော, ငြိမ်းချမ်းသော ချမ်းသာသို့ ရောက်နိုင်ရာ၏။

ဤ ပါမောဇ္ဇသည် စိတ်သဘောနှသူတို့အား ဖြစ်လွယ်၏။ စူးစမ်းဆင်ခြင်မှုများ၍ စိတ်သဘောရင့်သူတို့အား ဖြစ်ခဲ့၏။ သို့သော်လည်း မည်မျှစိတ်သဘောရင့်သူ ဖြစ်စေကာမူ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည်မှစ၍ မှတ်၍ကောင်းသောကာလ၌ ဤပါမောဇ္ဇ ဖြစ်တတ်သည်သာ။

ရှုမှတ်သူအား သတိ, သမာဓိ, ပညာတို့ ရင့်သန်သောအခါ ဤပါမောဇ္ဇ အလိုလို ထင်ရှားလာတတ်၏။ ထို့ကြောင့် ပါမောဇ္ဇဖြစ်ရန် အသီးအခြား အားထုတ်ရန်မလိုပြီ။ သို့သော်လည်း ရှုမှတ်၍ မကောင်းသောကာလ၌ ပျင်းရိမှုဖြစ်ခဲ့သော် ရတနာသုံးပါး၏ဂုဏ်, ဝိပဿနာအလုပ်၏အကျိုး, အားထုတ်သည်မှစ၍ သီလအထူးစင်ကြယ်ပုံ, ရှုမှတ်သော စိတ်၏ကိလေသာကင်း၍ မြင့်မြတ်စင်ကြယ်ပုံ စသည်တို့ကို နှလုံးသွင်းဆင်ခြင်၍ ပါမောဇ္ဇကို ဖြစ်စေအပ်သေး၏။

(ဝိပဿနာရှုနည်း၊ ၁၊ ၁၃၀–၁၃၁)

**သေမင်းမမြင်အောင် ရှုပွားဆောင်**

**သုညတော လောကံ အဝေက္ခသု၊ မောဃရာဇ သဒါသတော။**

**တေဇလင်းစာစဉ်-၁၉**

အတ္တာနုဒိဋ္ဌိ ဥိဟစ္ၜ၊ ဝေ မစ္ဆုတရော သိယာ။
ဝေ လောက် အဝေက္ခန္တံ၊ မစ္ဆုရာဇာ နု ပသ္သ။

ချစ်သား မောဃရာဇ သင်သည် အခါခပ်သိမ်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု အစဉ်ရှုမြင်ခြင်းကို ပယ်စွန့်ပါလော့။ ပယ်စွန့်ပြီး ခန္ဓာငါးဝ ရုပ်နာမ်လောကကို သုညအားဖြင့် သုညဟူ၍ ဉာဏ်သက်ဝင်ကာ မြင်အောင်ရှုပါလော့။ ယင်းသို့ရှုလျှင် သေမင်းကို လွန်မြောက်သည် ဖြစ်ရာ၏။ ဤသို့ ခန္ဓာငါးပါးတည်း ဟူသော လောကကို သုညဆိုက်အောင် ရှုကြည့်နိုင်သောသူကို သေမင်းသည် မတွေ့မမြင်နိုင်တော့ပြီ။

ဝိပဿနာ ပညာတိုးရန် ကိုယ့်ကိုယ်ကိုယ်ထိန်း

ယောဂါ ဝေ ဇာယတေ ဘူရိ၊ အ ယောဂါ ဘူရိသင်္ခယော။
တေ၀ ဒွေဓာပထံ ဥတ္တာ၊ ဘ၀ါယ ဝိဘ၀ါယစ။
တထာ-တ္တာနံ နိ၀ေသေယျ၊ ယထာ ဘူရိ ပ၀ုတ္တိ။

(ဓမ္မပဒ၊ ၂၈၂)

ဘာ၀နာကို အားထုတ်ခြင်းကြောင့် ပညာသည် ကောင်းဖြစ်၏။ ဘာ၀နာကို အားမထုတ်ခြင်းကြောင့် ပညာ၏ပျက်စီးခြင်းသည် ဖြစ်၏။ ကြီးပွားခြင်းဌာလည်းကောင်း၊ မကြီးပွားခြင်း၊ ပျက်စီးခြင်းဌာလည်းကောင်း ဖြစ်သောအားထုတ်ခြင်း၊ အားမထုတ်ခြင်းဟူသော ဤလမ်းသွယ်ကို သိနားလည်၍ အကြင်အခြင်းအရာဖြင့် မိမိကိုယ်ကိုချထားလိုက်လျှင် ဝိပဿနာပညာ, မဂ်ပညာသည် တိုးပွား၏။ ထိုအခြင်းအရာဖြင့် မိမိကိုယ်ကို ချထားရာ၏။

ယင်းသည် မြတ်ဗုဒ္ဓက အရှင်ပေါဠိဋ္ဌလကို ဟောပြတိုက်တွန်းသော ဂါထာဖြစ်သည်။ ယောဂီများ တရားအားထုတ်ချင်အောင်၊ ငယ်ရွယ်သူများ ပညာတိုးပွားလာအောင် အားပေးစကား ပြောကြားရာ၌ အလွန်

အသုံးတည့်သောဂါထာဖြစ်သည်။ ဘာဝနာအားထုတ်လျှင် အသိပညာတိုးတက်သည်။ ဉာဏ်ထက်မြက်သည်။ ဘာဝနာအားမထုတ်လျှင် အသိပညာမတိုးတက်။ ဉာဏ်ထိုင်း, ဉာဏ်မှိုင်း, ဉာဏ်တုံးတတ်သည်။ ထို့ကြောင့် ဘာဝနာကို အားထုတ်သင့်သည်ဟု ကိုယ့်ကိုကိုယ် ခံယူချင်စိတ်ဖြစ်လာအောင် စွမ်းဆောင်ပေးရာ၌ သာဓကဆောင်ပြသင့်သောဂါထာဖြစ်သည်။

**ဝမ်းမြောက်ရင်မှာ**

**အားနာလို့ကျေး၊ မကောင်းကျေးနှင့်၊ ကြောက်ကျေးမပါ၊**
**ရင်ထဲမှာလျှင်၊ မျှားစွာယောဂီ၊ မြတ်ဂုဏ်ရည်ကို၊ ကြည်ညိုရှင်လန်း၊**
**ပေးလှူဒါန်းသည်၊ ဝမ်းမြောက်ရင်မှာ အမြဲတည်း။**

(မြေလတ်မင်းလွင်)

ယောဂီများ ဆွမ်းစားကျောင်းသို့ ကြွနေစဉ်ဖြစ်စေ၊ ယောဂီတို့အတွက် လှူသောဆွမ်းအနုမောဒနာပြုစဉ်ဖြစ်စေ ထည့်သွင်းဟောပြောရန် ဆရာမြေလတ်မင်းလွင်၏ ကဗျာကို ဖော်ပြလိုက်သည်။

**မေတ္တာအကျိုး**

**မေတ္တာပွားများ၊ အကျိုးကားဟု**
**အိပ်မူချမ်းသာ၊ နိုးခါသုခ**
**ကောင်းပြအိပ်မက်၊ နှစ်သက်လူတို့**
**နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ**
**မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်**
**ကြည်လင်မျက်နှာ၊ သေခါမမှိုင်**
**ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို**
**လိုလားကြကုန်ရာသတည်း။**

ယင်းသည် မေတ္တာသုတ္တန်များလာ မေတ္တာအကျိုးပြုစကားများ ဖြစ်သည်။ မေတ္တာကို အမြဲလက်ကိုင်ထား သုံးစွဲသင့်ကြောင်း ဖော်ညွှန်းနေသည်။ အလွန်အားရဖွယ်ကောင်းသည်။ ထို့ထက် အားတက်ဖွယ်ကောင်းသော မေတ္တာအကျိုးပြုစကားလည်း ရှိသေးသည်။ ရှင်, ရဟန်းများ သတိမူဖွယ်ကောင်းသောကြောင့် ပါဠိစကားပါ ဖော်ပြလိုက်သည်။

**အစ္ဆရာသယ်ာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တစိတ္တော် အာသေဝတိ (ဘာဝေတိ, မနသိ ကရောတိ) အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တရှာနော ဝိဟရတိ သတ္ထုသာသနကရော သြဝါဒပတိကရော အမောယံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တိ။**

**(အံ၊ ၁၊ ၉-၁၀)**

လက်ဖျောက်တီးကာမျှပင်ဖြစ်စေ မေတ္တာစိတ် ဖြစ်ထွားပွားများနေသော ရဟန်းသည် မကင်းဆိတ်သော စျာန်ရှိလျက် (စျာန်မဆိတ်သုဉ်းဘဲ) နေသူဖြစ်သည်။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာပြုနေသူလည်းဖြစ်သည်။ ဘုရားစကား မြေဝယ်မကျ နားထောင်လိုက်နာကျင့်သုံးသူလည်းဖြစ်သည်။

ဒကာ, ဒကာမများ လှူဒါန်းသောဆွမ်း (တိုင်းပြည်ဆွမ်း) ကို အချည်းနှီးအလဟသ ဘုဉ်းပေးနေသူမဟုတ်၊ အကျိုးရှိရှိ ဘုဉ်းပေးနေသူဖြစ်သည်။ မေတ္တာစိတ်ကို ကြိမ်ဖန်များစွာ ပွားများနေလျှင် ပြောဖွယ်ရာမရှိ၊ လွန်စွာ အကျိုးကြီးမားသည်။

ထို့ကြောင့် ပရိကံပြုစဉ်တွင် မေတ္တာပွားပုံနှင့် မေတ္တာပွားကျိုးများကို အမြော်အမြင်ကြီးစွာ ထည့်သွင်းထားခြင်းဖြစ်သည်။ ရှင်ရဟန်းများ ကောင်းကျိုးရစေ၍ ဒကာ၊ ဒကာမများကိုလည်း ချီးမြှောက်ရာရောက်ပါသည်။ ယောဂီများ ကောင်းကျိုးရစေ၍ ဆွမ်းဒကာ၊ ဒကာမများကိုလည်း ချီးမြှောက်ရာ ရောက်စေပါသည်။

## ပစ္စယသန္နိဿိတ သီလ

ရဟန်းတို့ ကျင့်သုံးရသော သီလကြီးများတွင် ပစ္စယ သန္နိဿိတ သီလလည်း အပါအဝင်ဖြစ်သည်။ ယင်းသီလ၏ အဓိပ္ပာယ်ကို ဝိသုဒ္ဓိမဂ် ၌ အောက်ပါအတိုင်း ရှင်းပြထားသည်။

**ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ၊ ယာဝဒေव သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရိသိပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေव ဟိရိကောပီနပဋိစ္ဆာဒတ္ထံ ပစ္စယ ပဋိဘောဂေါ ပစ္စယသန္နိဿိတသီလံ နာမ၊**

"သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ အအေးကို ပယ်ဖျောက်ရုံမျှ အကျိုးငှာသာလျှင် သင်္ကန်းကို မှီဝဲသုံးဆောင်ပါ၏"

ဤသို့ အစရှိသောနည်းဖြင့် ဟောတော်မူသော ဆင်ခြင်ခြင်းဖြင့် ထက်ဝန်းကျင် စင်ကြယ်သော ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလမည်၏။ (ဝိသုဒ္ဓိ၊ ၂၊ ၁၊ ၁၆)

## ပစ္စဝေက္ခဏာ

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးသည် ရှင်၊ ရဟန်းများအတွက် မရှိမဖြစ်သော အသုံးအဆောင်ဖြစ်သည်။ ၄င်းပစ္စည်းတို့ကို ရရှိခံယူချိန်၌သော်လည်းကောင်း၊ သုံးဆောင်စဉ်၌သော်လည်းကောင်း ဆင်ခြင်ရသည်။ ရရှိခံယူချိန်၌ ဓာတ်အားဖြင့်ဖြစ်စေ၊ စက်ဆုတ်ဖွယ် နှလုံးသွင်းခြင်းဖြင့်ဖြစ်စေ ဆင်ခြင်ရသည်။ ယင်းသို့ ရရှိခံယူစဉ်က ဆင်ခြင်ထားလျှင် သုံးဆောင်သောအချိန်၌ မဆင်ခြင်မိသော်လည်း အပြစ်မရှိပါ။ ဆင်ခြင်၍ သုံးဆောင်လျှင်လည်း အပြစ်မဖြစ်ပါ။

## သုံးဆောင်ခြင်း လေးမျိုး

သုံးဆောင်ခြင်းသည် -

၁။ ထေယျပရိဘောဂ၊

၂။ ဣဏာပရိဘောဂ၊
၃။ ဒါယဇ္ဇပရိဘောဂ၊
၄။ သာမိပရိဘောဂဟု လေးမျိုးရှိသည်။
၁။ **သံဃမဇ္ဈေပိ နိသီဒိတ္ဝာ ပရိဘုဥ္ဇန္တသ ဒုဿီလသ ပရိဘောဂေါ ထေယျပရိဘောဂေါ နာမ၊**
**သံဃာ့အလယ်၌ ထိုင်၍သော်လည်း သုံးဆောင်သော ဒုဿီလရဟန်း၏ သုံးဆောင်ခြင်းသည် ခိုးသူ၏အဖြစ်ဖြင့် သုံးဆောင်ခြင်း ထေယျပရိဘောဂမည်၏။** (ဝိသုဒ္ဓိ၊ ၂၊ ၁၊ ၈၁)

မြတ်စွာဘုရားသည် မိမိ၏သာသနာတော်၌ သီလရှိသောပုဂ္ဂိုလ်အား ပစ္စည်းတို့.ကို ခွင့်ပြုတော်မူ၏။ ဒုဿီလအား ခွင့်ပြုတော်မမူ။ ဒါယကာတို့.၏ စွန့်.လွှတ်ခြင်းသည်လည်း သီလရှိသောပုဂ္ဂိုလ်အားသာ စွန့်.လှူခြင်းဖြစ်၏။ ဒုဿီလအား စွန့်.လှူခြင်းမဟုတ်။ မိမိ၏ ကောင်းမှု အကျိုးကြီးမားမှုကိုသာ တောင်းတသောကြောင့် ဖြစ်သည်။ ဤသို့. မြတ်စွာဘုရားခွင့်မပြုခြင်း၊ ဒါယကာတို့. မစွန့်.လွှတ်ခြင်းကြောင့် ဒုဿီလ၏သုံးဆောင်ခြင်းသည် ခိုးခြင်းဖြင့် သုံးဆောင်ခြင်းဖြစ်သည့်အတွက် ထေယျပရိဘောဂမည်၏ဟု ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၌ ရှင်းပြထားသည်။

(ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ ၇၂)

**၂။ သီလဝတော အပစ္စဝေက္ခိတ္ဝာ ပရိဘောဂေါ ဣဏာပရိဘောဂေါနာမ-**သီလရှိသော ရဟန်း၏ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် **ကြွေးမြီချေးယူ၍ သုံးဆောင်ခြင်းနှင့်တူသော သုံးဆောင်ခြင်းဣဏာပရိဘောဂမည်၏။**

ထို.ကြောင့် သင်္ကန်းဝတ်ရုံတိုင်း ဝတ်ရုံတိုင်း ဆင်ခြင်အပ်၏။ ဆွမ်းကို အလုတ်တိုင်းအလုတ်တိုင်း ဆင်ခြင်ရ၏။ ကျောင်းကိုလည်း ဝင်တိုင်းဝင်တိုင်း ဆင်ခြင်အပ်၏။ ဆေးကိုသုံးဆောင်ခြင်း၌ သတိမူ၍ ဆင်ခြင်သင့်၏။

ဝတ်ရုံတိုင်း၊ ဆွမ်းလုတ်တိုင်း ဆင်ခြင်ရန် မစွမ်းနိုင်လျှင် မွန်းမတည့်မီ နံနက်ပိုင်း, ညနေပိုင်း ညဉ့်ဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံတို့၌ ဆင်ခြင်အပ်၏။ မဆင်ခြင်မီ အရဏာတက်လျှင် ဣဏာပရိဘောဂ ဖြစ်တော့သည်။ (ဝိသုဒ္ဓိ၊ ၆၊ ၁၊ ၄၁)

**တထာ အသက္ကောန္တေန ယထာဝုတ္တကာလ ဝိသေသေန ဧက ဒိဝသေ စတုက္ခတ္တုံ၊ တိက္ခတ္တုံ၊ ဒ္ဝိက္ခတ္တုံ၊ သကိံ ယေဝ ဝါ ပစ္စဝေက္ခိတဗ္ဗံ၊**

(ဝိသုဒ္ဓိ၊ ၈၊ ၁၊ ၇၂၊ ဝိနယာလင်္ကာရဋ္ဌကာ၊ ၁၊ ၁၃၇-၁၃၈)

ဝတ်ရုံတိုင်း, ဆွမ်းလုတ်တိုင်း ဆင်ခြင်ရန် မစွမ်းနိုင်ခဲ့သော် မည်သည့်အချိန်၌မဆို တစ်နေ့မှာ လေးကြိမ်ဖြစ်စေ, သုံးကြိမ်ဖြစ်စေ, နှစ်ကြိမ်ဖြစ်စေ, တစ်ကြိမ်ဖြစ်စေ ဆင်ခြင်အပ်၏ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့် ဝိနယာလင်္ကာရဋီကာတို့၌ ရှင်းပြထားသည်။

ယင်းရှင်းပြချက်သည် သက်သာရာကို လွန်စွာရစေသည်။ ဝတ်ရုံတိုင်း, ဆွမ်းလုပ်တိုင်း ဆင်ခြင်ဖို့သည် သတိပညာ အားကောင်းသူများသာ ဖြစ်နိုင်သည်။ သာမန် ရှင်, ရဟန်းများ ဆင်ခြင်ဖြစ်ဖို့ မလွယ်ပါ။ သို့အတွက် မဟာဋီကာနှင့် ဝိနယာလင်္ကာရဋီကာ၏ ရှင်းပြချက်သည် သက်သာရာကို လွန်စွာရစေသည်ဟု ခံယူပါသည်။

ထို့ကြောင့် ရရှိခံယူစဉ်ဖြစ်စေ, သုံးဆောင်စဉ်ဖြစ်စေ မဆင်ခြင်မိခဲ့သော် ပရိကံပြုချိန်၌ မဖြစ်မနေဆင်ခြင်ဖြစ်ပြီး ဣဏာပရိဘောဂ ကင်းအောင် ပစ္စဝေက္ခဏာ ကဗျာလင်္ကာများ ထည့်ထားခြင်းဖြစ်သည်။ အမြော်အမြင်ကြီးမားပါပေစွ။

**၃။ သတ္တန္ဓံ သေက္ခာနံ ပစ္စယပရိဘောဂေါ ဒါယဇ္ဇ ပရိဘောဂေါ နာမ။**

သေက္ခပုဂ္ဂိုလ် (၇)ဦးတို့၏ ပစ္စည်းသုံးဆောင်ခြင်းသည် ဒါယဇ္ဇ ပရိဘောဂမည်၏။ သေက္ခပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ သားတော်များဖြစ်ကြ၏။ မြတ်စွာဘုရားခွင့်ပြုသော ဒါယကာတို့လျှောသောပစ္စည်း

များကို သုံးစွဲသောကြောင့် အဘမြတ်စွာဘုရား၏ အမွေခံယူရသည်နှင့် တူသည့်အတွက် ဒါယဇ္ဇပရိဘောဂမည်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၁၊ ၄၂)

၄။ ခီဏာသဝါနံ ပရိဘောဂေါ သာမိပရိဘောဂေါနာမ။
တေ ဟိ တဏှာယ ဒါသဗျံ အတီတတ္တာ
သာမိနော ဟုတ္တာ ပရိဘုဉ္ဇန္တီ။

ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂမည်၏။ ရဟန္တာတို့သည် တဏှာ၏ကျွန်အဖြစ်ကို ကျော်လွန်ကြပြီးဖြစ်သောကြောင့် ပိုင်ရှင်ဖြစ်ကြလျက် ပစ္စည်းတို့ကို သုံးဆောင်ကြကုန်၏။ ထို့ကြောင့် ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂဖြစ်သည်။

သုံးဆောင်ခြင်းလေးမျိုးတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇ ပရိဘောဂသည် ပုထုဇဉ်ရော၊ အရိယာတို့ပါ ရနိုင်သည်။ ဣဏပရိဘောဂနှင့် ထေယျပရိဘောဂကား မရနိုင်ပါ။ သီလရှိလျက် ဆင်ခြင်သုံးစွဲလျှင် ကြွေးကင်းသောကြောင့် ဣဏပရိဘောဂလွတ်ပြီး ဒါယဇ္ဇပရိဘောဂ ဖြစ်သွားသည်။

သီလရှိသူသည် အဓိသီလသိက္ခာနှင့် ပြည့်စုံသောကြောင့် ဣဏပရိဘောဂလွတ်ပြီး ဒါယဇ္ဇ ပရိဘောဂဖြစ်သွားသည်။ သီလရှိသူသည် အဓိသီလသိက္ခာနှင့် ပြည့်စုံသောကြောင့် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်ဟု ခေါ်ထိုက်သည်။ ထို့ကြောင့် သီလရှိလျက် ဆင်ခြင်သုံးစွဲလျှင် ဒါယဇ္ဇ ပရိဘောဂဖြစ်သည်ဟု မှတ်သင့်သည်။

သာမိပရိဘောဂသည် အမြတ်ဆုံးဖြစ်သည်။ ယင်းကို တောင့်တသော ရှင်, ရဟန်းသည် ပစ္စည်းလေးပါးကို ဆင်ခြင်လျက် သုံးစွဲခြင်းဖြင့် ပစ္စယသန္နိဿိတသီလ ပြည့်စုံစေသည်။ ပြုသင့်သော ကိစ္စကို ပြုလုပ်သည်မည်၏။ သီလကိုအခြေခံ၍ သမထ, ဝိပဿနာများ ဆင့်ပွားကြိုးစားလျှင် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်နိုင်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၁၊ ၄၂)

ထို့ကြောင့် သီလရှိသော ရှင်ရဟန်းသည် ကျေးဇူးပရိဘောဂ ကင်းပြီး ဒါယဇ္ဇပရိဘောဂဖြစ်စေလျက် သာမိပရိဘောဂဖြစ်အောင် ဉာဏ်ယှဉ်လျက် အနည်းဆုံး တစ်ကြိမ်မျှ ဆင်ခြင်ကာ အဆင့်မြင့် သမထ, ဝိပဿနာများ ရှုမှတ်နိုင်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ကြစေလိုပါသည်။

ပစ္စယသန္နိဿိတသီလသည် "လူတို့မှာ မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း ကုဏ္ဍပရိဘောဂ မဖြစ်သောကြောင့်" ရဟန်းတို့အတွက် သာတည်း။ သို့သော်လည်း သုတ်ဒေသနာ၏ ဆိုင်ရာဖြစ်သောကြောင့် ပစ္စည်းတို့ကို ဆင်ခြင်၍ သုံးဆောင်လျှင် လူတို့မှာလည်း ကုသိုလ်ဖြစ်ပွား, အကုသိုလ်နည်းပါးမည်ကိုကား ယုံမှားဖွယ်မရှိပေ။ တရားအားထုတ်သော ကာလ၌ကား ဘာဝနာ စိတ္တုပ္ပါဒ်ဖြင့် သီလ ၄ မျိုးလုံး အပြည့်အစုံ စင်ကြယ်၏။ (ဝိပဿနာ ရှုနည်းကျမ်း၊ ၁၊ ၂၇)

ပစ္စည်းတို့ကို ဆင်ခြင်၍ သုံးစွဲရန် ဟောသောဒေသနာသည် ဝိနည်း ပညတ် အာဏာ ဒေသနာ မဟုတ်။ သုတ်ဒေသနာမျှသာတည်း။ သို့ဖြစ်၍ မဆင်ခြင်ဘဲ သုံးဆောင်မှုသည် အာဏာပညတ်ကို ကျူးလွန်မှုကဲ့သို့ အာဏာဝိတိက္ကမ အန္တရာယ်လည်း မဖြစ်။ တစ်ပါးသော အန္တရာယ်တို့၌လည်း မဝင်။ ထို့ကြောင့် ကျေးဇူးပရိဘောဂကို ဒုက္ခဇ္ဇာအာပတ် လောက်ပင် အပြစ်ကြီးလေးသည်ဟု မဆိုထိုက်သည်သာ။

(ဝိပဿနာရှုနည်း၊ ၁၊ ၁၃)

ပစ္စယသန္နိဿိတသီလကို အဌကထာတို့၌ ပြအပ်သော ပစ္စဝေက္ခဏာကို ဘာဇနေ မတ္တညူပုဒ်, ဘာဇနေ မတ္တညုတာပုဒ်တို့၏ အဖွင့်ဖြစ်သော သုတ်, အဘိဓမ္မာတို့၌လည်းကောင်း၊ မူလပဏ္ဏာ သဗ္ဗာသဝ သုတ်၌လည်းကောင်း၊ ဆဋ္ဌဂုံတ္တရ မဟာဝဂ်၌လည်းကောင်း ဟောတော်မူသည်။ သို့သော်လည်း ထိုသုတ်, အဘိဓမ္မာတို့၏ မူလအဖြစ်ဖြင့် တိုက်ရိုက်ဟောတော်မမူ။ ဘာဇနေ မတ္တညုတာ ဟူသောအမည်ဖြင့်

လည်းကောင်း၊ ပဋိသေဝနာ ပဟာတဗ္ဗ အာသဝေါတို့ကို ပယ်တတ်သော တရားအဖြစ်ဖြင့်လည်းကောင်း ဤအမည်တို့ဖြင့်သာ ဟောတော်မူသည်။ တရားကိုယ်အားဖြင့်လည်း ပစ္စဝေက္ခဏာသည် ဉာဏ်ပညာသာဖြစ်၍ ပညာသိက္ခာ၌သာ ဝင်၏။ မုချအားဖြင့် သီလသိက္ခာ၌ မဝင်သည်ကို သတိပြုရာ၏။ (ဝိပဿနာ ရှုနည်းကျမ်း၊ ၁၊ ၁၅)

ယောဂီများသည် ဆွမ်းမသုံးဆောင်မီ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း၊ ဆွမ်းဒကာ၊ ဆွမ်းဒကာမ၊ ဝေယျာဝစ္စလုပ်သူများပါမကျန် အားလုံးကို မေတ္တာပို့ရသောကြောင့်လည်းကောင်း၊ သီလစင်ကြယ်၍ တရားရှုမှတ်ပွားများချိန် များနေသောကြောင့်လည်းကောင်း ဆွမ်းသုံးဆောင်စဉ်မှာ အမှတ်လွတ်သွားရုံမျှဖြင့် အပါယ်ဗီဇ အပါယ်မျိုးစေ့ ဖြစ်သွားသည်ဟု မပြောနိုင်ခြောက်သင့်ပါ။ အချိန်ပြည့် အမှတ်သတိရှိနေနိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ သို့သော် မည်သူမျှ အချိန်ပြည့် အမူအရာတိုင်းအပေါ် အမှတ်သတိ မရှိနိုင်ပါ။ ထင်ရှားရာကိုသာ မှတ်နေရသေးချိန် ဖြစ်သည်။ ထို့ကြောင့် စိတ်ပျက်သွားအောင် ပါယ်လမ်းဗီဇဟု မသတ်မှတ်သင့်ဟု ထင်ပါသည်။ ဖော်ပြပါ မိန့်ဆိုချက်များကို သတိမူသင့်ကြပါသည်။

# လက်တွေ့ ရှုမှတ်နည်းများ

ကြက်ကိုစံပြု ခန္ဓာရှု

★ ကြက်ဥပမာ၊ စံယူကာ၊ ထုတ်ရှာပခင်နေ။

★ တောင်ပံဖြန့်ဝပ်၊ အပူခတ်၊ ပေးလတ်ကြက်နံ့မျှ။

★ ခြေလက်သည်းချွန်၊ ပါးဥခွန်၊ ရေမြန်ခန်းခြောက်ပ။

★ ကတော်.... ကတော်၊ တောင်းဆုအော်၊ ဘယ်သော်လိုမရ။

★ တောင်းရှ်ယူချင်၊ ဒုက္ခပင်၊ ပွားလျှင် နိုရောဝ။

★ ခန္ဓာငါးပါး၊ တစ်ပါးပါး၊ စိုက်ထားရှုကြည့်က။

★ အဝိဇ္ဇာဥခွံ၊ ပါးလှပ်ပြန်၊ တဏှာစေးခြောက်ရ။

★ ဉာဏ်ခြေလက်သည်း၊ ထက်မြက်ကဲ၊ ဖောက်ခွဲဉာဏိက။

★ ခန္ဓာအရှိ၊ သတိကပ်ထား၊ လုံ့လအားပြု၊ ဉာဏ်ဖြင့်ရှု၊ ရမှုနိုရောဝ။

★ လက်ရိုက်ရိုးတွင်၊ လက်ရာထင်၊ နှိုင်းယှဉ်ပမာသင့်။

★ အားထုတ်ကြိုးစား၊ ဖွဲ့ဉာဏ်အား၊ ရင်ပြားလျှင်နှေးသင့်။

★ အမျှအတန်း၊ ပေးဝေမှန်း၊ စခန်း ပြိတ္တာပွင့်။

★ သာဓုတန်းက၊ တစ်ဆုပ်မျှ၊ ရကြကျိုးမဖွင့်။

★ သာဓုကုသိုလ်၊ မျှကုသိုလ်၊ လူလိုဘယ်မသင့်။

★ ကိုယ့်ကိုယ်ကိုသာ၊ ကိုးစားရာ၊ သူ့ဟာမမျှော်သင့်။

ဒကာတို့ရဲ့ ကိုလေသာထုက နည်းရင်ပါးရင် မင်ဖိုလ်ကို မြန်မြန် ရကြမယ်။ ကိုလေသာထုက ထူရင်ကြာမယ်၊ နှေးမယ်။

သံယုတ်ပါဠိတော် ဝါသိဇရာသုတ် မှာ ဘုရားဟောတော်မူတဲ့ လက်ရိုက်ဥပမာကဲ့သို့ မှတ်ရမယ်။ လက်ရိုက်ရိုက်တော့ လက်ကိုင်တဲ့နေရာမှာ လက်ရာထင်တယ်။ လက်က လက်ရိုက်ရိုးကို တဖြည်းဖြည်း စားစားသွားလို့ ရိုက်ပါများတော့ ထင်တာပေါ့။ ဒီလိုအတိုင်းသာ ဆက်ပြီး ရိုက်သွားခဲ့ရင် အဲဒီအရိုးဟာ တစ်ချိန်တော့ ကုန်သွားမှာပဲ။

ဘယ်နေ့ ဘယ်လောက်ကုန်တယ်လို့တော့ တိုင်းတာမရလို့ မသိနိုင်ဘူး။ ဒါပေမဲ့ တစ်နေ့ကုန်မှာကတော့ သေချာတယ်။ အဲဒါ လက်ရိုက်ကိုကြည့်ရင် ထင်ရှားပါတယ်။ ဒီဥပမာအတိုင်းပါပဲ၊ တရားအားထုတ်တဲ့ ယောဂီဟာလည်း အားထုတ်တဲ့အခါ သူ့သမာဓိ၊ ပညာ၊ လုံ့လဝီရိယအားလျော်စွာ အနှေးနဲ့အမြန် အဝိဇ္ဇာကပါးလာမယ်။ တဏှာကလည်း တစ်စထက်တစ်စ ခန်းခြောက်လာမယ်။

အဝိဇ္ဇာပါးလို့ တဏှာခန်းခြောက်သလောက် ဉာဏ်စွမ်းကလည်း ထက်မြက်လာတော့မယ်။ ပွားများမှုများရင် မကြာခင် အာသဝေါလည်း ကုန်မယ်။ ဉာဏ်စွမ်းထက်ရင် ထက်သလောက် ခရီးပေါက်မယ်လို့မှတ်၊ ဒါဘုရားက တိုက်ရိုက် ကိုယ်တော်တိုင်ဟောတော်မူခဲ့တာပဲ။

အနိစ္စစတဲ့ လက္ခဏာတစ်ခုခုကိုသာ မြင်အောင်ကြည့်၊ လက္ခဏာမြင်လေ အဝိဇ္ဇာဥခွံပါးလေပဲလို့မှတ်။ လက္ခဏာရေးသုံးပါး တစ်ပါးပါးထင်ရင် ကျန်တဲ့နှစ်ပါး အကျုံးဝင်တယ်။ ခန္ဓာငါးပါးမှာလည်း တစ်ပါးပါးကိုစွဲမြဲပြီး ရှုပွားရမယ်။ တစ်ပါးကိုပွားရင် ကျန်လေးပါး သီးခြားရှုဖို့မလိုတော့ဘူး။ အလိုလို ကိစ္စပြီးလာမယ်။ ဒီလိုရှုပွားရင် အဝိဇ္ဇာဥခွံပါးမယ်။ တဏှာအစေးလည်း ခန်းခြောက်မယ်၊ ဉာဏ်ခြေသည်း လက်သည်းများလည်း ထက်မြက်လာမယ်။ ဒီအကျိုးသုံးချက် တစ်ပြိုင်နက် ကိစ္စပြီးစီးမယ်။

ပွားများတဲ့ကိစ္စဟာ ဘာဝေတမ္ဘကိစ္စ၊ မဂ်ကိစ္စ လို့မှတ်၊ ဒီတော့ ပွားများယူရမယ်ဆိုတာ သိထား။ ဘုရားက ငါလည်း ပွားယူလို့ ရတာ၊

ပွားမယူရင် မရဘူး၊ မင်းတို့လည်း ပွားများယူကြ၊ တောင်းယူလို့ မရဘူး လို့ သံယုတ်ပါဠိတော်မှာ အသေအချာ ဟောထားတယ်၊ ဒါဖြင့် ဒကာတို့ တတွေ အခုအခါမှာ လမ်းစတော့တွေ့ပြီ၊ လမ်းစကို တွေ့နေရင် ဆုံးအောင်လိုက်ဖို့ဟာ ကိုယ့်တာဝန်ပဲ ရှိတော့တယ်။

ဒါကြောင့် တောင်းရင်ဒုက္ခသစ္စာရမယ်၊ ပွားယူရင် နိရောဓ သစ္စာရကြမယ်၊ **တောင်းလမ်းက ဒုက္ခသစ္စာ၊ ပွားလမ်းက နိရောဓသစ္စာ** ပဲလို့မှတ်ကြ၊ ဒီကနေ့ကစပြီး နှစ်လမ်းမလိုက်ကြနဲ့၊ တစ်လမ်းလိုက်ကြ၊ တစ်လမ်းက ပွားလမ်းလို့ မှတ်၊ တောင်းလို့ရတာ **အသေ**၊ ပွားလို့ ရတာ **နိဗ္ဗာန်**၊ စွဲစွဲမြဲမြဲမှတ်။

အခုပြောတဲ့စကားမျိုး၊ တရားမျိုးက ရှေးကကြားနာရဖို့မလွယ်ဘူး၊ အခုမှ ကံထိုက်လို့သာ နာကြရတာ၊ ပေါ့ပေါ့တန်တန်မနာကြနဲ့။ လေးလေးစားစား နာယူကြ၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ဟောနိုင်လို့၊ ဒကာတို့ကလည်း ထောင်နိုင်တဲ့နားရှိလို့ အခွင့်ကြုံကြရတာ၊ ထောင်နိုင်တဲ့ နားရှိဖို့ကလည်းမလွယ်ဘူး၊ ကျွတ်ထိုက်တဲ့လူမှလည်း ထောင်နိုင်တဲ့ နားပါကြတာ၊ ကြိုးစားကြ။

တရားအားထုတ်တဲ့သူဟာ ကြက်မ ဥပမာယူပြီး အားထုတ်ရမယ်လို့ ဘုရားဟောတော်မူတယ်၊ ကြက်မဟာ ဥတွေဥပြီး ကြက်အရေခန်းခြောက်ပါစေ၊ ကြက်သားငယ်လေးတွေ ခြေသည်းလက်သည်းများ ထက်ပါစေဆိုပြီး အနီးအပါးက ဆုတောင်းနေခဲ့ရင် ကြက်ကောင်ကလေးတွေ ပေါက်နိုင်ပါ့မလား၊ မပေါက်ပါဘူး။ ဥတွေဟာ ပုပ်သွားကြမှာပါပဲ။

သူ့ထုံးစံ ကြက်အလုပ်မလုပ်ရင်မရဘူး၊ အနားကနေ ဆုတောင်းနေတဲ့ အလုပ်ဟာ သူ့အလုပ်မဟုတ်ဘူး၊ ကြက်ထုံးစံအလုပ် မဟုတ်ဘူး၊ ဒါကြောင့် မရနိုင်တာဘဲ။ ကြက်ထုံးစံက ကြက်ဥတွေဥပြီးရင် အလုပ်သုံးလုပ် လုပ်တယ်။ (၁) အတောင်ဖြန့်ပြီး ဝပ်ပေးရမယ်၊ (၂) အပူဓာတ်

ကိုယ်ငွေ့ကိုလည်း ပေးရမယ်။ (၃) ကြက်တို့ရဲ့ သဘာဝရနံ့ကိုလည်း ပေးရမယ်။

ကြက်ဥပေါက်စေချင်ရင် ဒီအလုပ်သုံးလုပ်ကို လုပ်ပေးရမယ်၊ ဒီလိုလုပ်ပေးမှ အမိရဲ့သတ္တိကြောင့် ကြက်ကောင်ဖြစ်လာရတာ၊ ဒီကြက်ထုံးစံအလုပ် သုံးလုပ်လုပ်ပေးမှသာ ကြက်ဆားငယ်လေးတွေ ပေါက်ဖွားလာရမှာ၊ အတောင် ဖြန့်ဝပ် အပူဓာတ်ပေးရတာ၊ အထဲက အရေခန်းအောင်ခြောက်အောင်လို့ပါပဲ၊ ပူရင် အရေတွေ ခန်းခြောက်မယ်၊ ခန်းခြောက်မှ ကြက်ကောင်ကလေးတွေ ရင့်လာမယ်။ အရေခန်းပြီး ကြက်ကောင်လေးတွေ့ရင်တော့ ဥခွံလည်းပါးသွား၊ ခြေသည်းလက်သည်းတွေကလည်း ထက်မြက်လာမယ်။

ဒီအခါမှ ကြက်ကောင်ကလေးဟာ မိုက်မှောင်ကျဉ်းကျပ်အနေရခဲကပ်တဲ့ ဥခွံထဲမှာ မနေလိုတော့ဘဲ သူ့ခြေသည်းလက်သည်းကလေးတွေနဲ့ အားထုတ်ပြီး ရုန်းကန်လိုက်တော့ ဥခွံဟာပါးနေတာမို့ ဖျတ်ခနဲ ကွဲထွက်သွားတော့တယ်။

ဒီတော့မှ ကြက်ကလေးလည်း **အခုမှပဲ** လွတ်လပ်ချမ်းသာခြင်းနဲ့ **အလင်းရောင်ကို ရပေပြီ** လို့ ဝမ်းမြောက်လို့မဆုံးနိုင်အောင် ချမ်းသာမှု ရသွားတော့တယ်တဲ့။

ဒီဥပမာကဲ့သို့ တရားအားထုတ်တဲ့ ယောဂီဟာ အလုပ်သုံးလုပ်လုပ်ရမယ်။

(၁) မိမိခန္ဓာမှာ **သတိ** ကို ကပ်ထားရမယ်။

(၂) ကိလေသာကို ပူပန်(ခန်းခြောက်)စေတဲ့ **အာတာပီရိယ** စိုက်ထုတ်ရမယ်။

(၃) ခန္ဓာမှာ ဖြစ်ပျက်တဲ့ရုပ်နာမ်ကိုဖြစ်တာလည်း သိအောင်၊ ပျက်တာလည်းသိအောင် ဖြစ်-ပျက်အစဉ်မှာ ဉာဏ်နဲ့ စူးစိုက်ပြီးရှုမှတ်ရမယ်။

ဒီအလုပ်သုံးလုပ်ကိုလုပ်ရင် မကြာခင် **မဂ်ဖိုလ်** ကိုရရမယ်၊ ဒီသုံးချက်ကိုလွယ်လွယ်မှတ်ဖို့ ဆောင်ပုဒ်ကျက်ထားကြ။

**ခန္ဓာအရှိ၊ သတိကပ်ထား၊ လုံ့လအားပြု၊ ဉာဏ်ဖြင့်ရှု၊ ရမှု မဂ်ဖိုလ်သာ။**

ဒီအတိုင်းသာ သုံးလုပ်ညီအောင် ကြိုးစားရင် မကြာလှပါဘူး။ (၇)ရက်နဲ့တောင် **မဂ်ဖိုလ်** ရနိုင်ပါတယ်တဲ့။ ဒါသံယုတ်ပါဠိတော်မှာ ဟောတဲ့ ဘုရားစကားတော်လို့မှတ်ကြ။ (သံ၊ ၂၊ ၁၂၄-၁၂၆)

## **မိမိခန္ဓာ တရားရှာ**

**★ တရားရှာလျှင်၊ ကိုယ်မှာပင်၊ တို့ရှင် မိန့်တော်မြတ်။**
**★ အဖျတ္တမှာ၊ ဉာဏ်ဖြင့်ရှာ၊ သစ္စာ တွေ့ဆတ်ဆတ်။**
**★ ခန္ဓာငါးခု၊ ဖြစ်ပျက်မှု၊ ဉာဏ်ရှု သတိကပ်။**
**★ ဖြစ်ပျက်မြင်က၊ မြတ်စုဥ၊ တစ်ဘဝပါယ်လေးလပ်။**
**★ မုန်းအောင်ရှုလျှင်၊ မလိုချင်၊ ဆုံးလျှင်သောတာပတ်။**
**★ သံသရာရောဂါ၊ ထက်ကြပ်ပါ၊ ချမ်းသာမရမှတ်။**
**★ ရောဂါပျောက်နည်း၊ ဆေးတော်ကြီး၊ အပြီးကိုယ်မှာကပ်။**
**★ ကပ်သည်မှန်ဘိ၊ ဉာဏ်မသိ၊ အတိအန္ဓဇာတ်။**
**★ ဆရာကောင်းပင်၊ တွေ့ခိုက်တွင်၊ လျင်လျင်စားသုံးအပ်။**

ဒီကနေ့ ခန္ဓာငါးခုမှာ ဉာဏ်သုံးဆင့်နဲ့တက်နည်းကိုပြောရမယ်၊ တက်နည်းက မိမိခန္ဓာမှာ ပညာနဲ့စောင့်ကြည့်၊ ပညာနဲ့စိုက်ပြီးကြည့်၊ ကြည့်တော့ ခန္ဓာဖြစ်ပြီး ပျက်နေတာကိုတွေ့ရမယ်၊ ဖြစ်ပျက် ဖြစ်ပျက်နဲ့ အနိစ္စသဘောမှန်ကိုသာ ဉာဏ်နဲ့မြင်ရမယ်။

ဒီ-အနိစ္စဉာဏ်ရရင် မအို၊ မနာ၊ မသေရာဆိုတဲ့ နိဗ္ဗာန်သွားဖို့ရာ လှေခါးသုံးဆင့်ရှိတဲ့အနက်က တစ်ဆင့်တက်မိပြီလို့မှတ်ပါ၊ တစ်ထစ်

တက်မိတယ်ဆိုတာ ယထာဘူတဉာဏ်ရတာကိုပြောတာ၊ ဖြစ်ပျက်တစ်လုံးသိ ဖြစ်ပျက်တစ်လုံးတွေ့ရင် ဒုက္ခသစ္စာသိတာပဲ၊ ဒုက္ခသိရင် အသေဆိုးမသေနိုင်တော့ဘူး။ ဒါကြောင့် ဘုရားက ဓမ္မပဒပါဠိတော်မှာ...

**ကောဟံ ဓိတိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

ရုပ်နာမ်ဖြစ်ပျက် အနိစ္စအချက်မြင်ရင် တစ်ရက်ထဲပင် အသက်ရှည်ရပေမယ့် မွန်မြတ်ပါတယ်လို့ ဟောတော်မူထားတယ်။

အားကိုးဖို့များ မကောင်းကြဘူးလား၊ ဖြစ်ပျက်ဒုက္ခသိ ဖြစ်ပျက်မုန်းတဲ့ဉာဏ် ပေါ်လာမယ်၊ အဲဒီမုန်းတဲ့ဉာဏ်ရရင် ဒုတိယထစ် ရောက်ပြီလို့ ဆုံးဖြတ်တော့။

မုန်းတယ်ဆိုတာ အသုဘမုန်းမုန်းတာမျိုး မဟုတ်ဘူးနော်... မိမိခန္ဓာမှာ သတိပညာနဲ့ စောင့်ကြည့်ပါများလာတော့ မလိုချင်တော့ဘူး။ ဒုက္ခသစ္စာအမှန်ဆင်းရဲတာသိလာတော့ ဘယ်မှာလိုချင်တော့မလဲ။ မလိုချင်တဲ့ဉာဏ် စွန့်ချင်တဲ့ဉာဏ်ရလာတော့တယ်၊ ဒီအဓိပ္ပါယ်စကားကို...

**ဝေ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ** လို့ဟောတော်မူတယ်။

ဖြစ်ပျက်ဒုက္ခကို မလိုချင်၊ စွန့်ချင်တဲ့ ဉာဏ်ရောက်ရင် ဒုက္ခခန္ဓာပျောက်တော့မှာပဲ။ ဒုက္ခခန္ဓာပျောက်တာနဲ့ တစ်ပြိုင်နက် သုခနိဗ္ဗာန်ပေါ်လာတော့တာပဲ။ အဲဒါ မဂ်ဉာဏ်ဆိုက်တာလို့မှတ်၊ ဒါကြောင့်...

**နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမ္မိတိ ဉာဏံ ဟောတိ။**

မုန်းရင် မလိုချင်၊ မလိုချင်တော့ ကိလေသာလွတ်ကင်း၊ လွတ်ကင်းတော့ ဩော်... **လွတ်ပြီကိုး** လို့သိတဲ့ဉာဏ်(မဂ်ဉာဏ်) ပေါ်လာတယ်လို့ ဟောတော်မူတယ်။ ဒါဟာ အနတ္တလက္ခဏာသုတ် ပါဠိတော်စကားပါပဲ။

အလှူကြီးအတန်းကြီးပေးရတာထက် လွယ်ကူပါတယ်။ ဒီလို လွယ်လွယ်ကလေးကိုမှ မလုပ်ချင်ကြဘူးဆိုရင် ဂုံနီအိတ်စုတ်ထဲမှာ ပျော်ချင်သေးတယ်ဆိုတာ သေချာတယ်။

ခန္ဓာမှာဉာဏ်နဲ့စိုက်ကြည့်၊ ဘာမျှမမြင်ရင် စိတ်ကလေးကို ရှုပစ်လိုက်။ အဲဒီမမြင်တဲ့စိတ်ဟာ **အဝိဇ္ဇာ** ပဲ၊ ရှုတော့ မမြင်တဲ့စိတ်ကလေးဟာ မြဲသလား၊ ခိုင်သလား၊ ဉာဏ်နဲ့ကြည့်တော့ မမြဲဘူးဆိုတာ မြင်ရမယ်၊ မမြဲလို့ အနိစ္စ။

ဝိပဿနာ အရှုခံစိတ်လည်း မမြဲဘူး၊ ရှုတတ်တဲ့စိတ်ကလည်း မမြဲပါဘူး၊ ဖြစ်ပြီးပျက်သွားတာပဲ၊ ဉာဏ်နဲ့ကြည့်တော့ အရှုခံစိတ်လည်း ဖြစ်ပြီးပျက်သွားတာပဲ၊ ရှုစိတ်ကလည်း ဖြစ်ပြီးပျက်သွားတာပဲ၊ ဒါကို မြင်ရမယ်၊ ဒီစိတ်ကလေးမရှိတော့တာကို တွေ့ရမယ်၊ မရှိတာက-**အနိစ္စ လက္ခဏာ**၊ အဲဒါ ဒုက္ခသစ္စာပဲ။

ကိုင်း... ဝိပဿနာရှုကြဆိုတော့ ဘယ်လိုရှုရမှာတုံး၊ မရှုတတ်ပါဘူးတဲ့၊ အဲ-မရှုတတ်ရင် အဲဒီမရှုတတ်တဲ့ စိတ်ကလေးကိုရှု၊ တယ်ဆန်းတဲ့တရားပါလား မအောက်မေ့နဲ့၊ မဆန်းပါဘူး၊ ဒီတရားဟာ ရိုးရာတရားကြီးပါ၊ ဒါကိုဘုရားရှင်က -

**သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ** လို့ဟောတယ်။

အဲဒါ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဖြစ်ပါတယ်။ **စိတ်ပျက်ပါတယ်** လို့ဆိုတော့ စိတ္တာနုပဿနာ၊ **စိတ်ဒုက္ခ ရောက်ပါတယ်** ဆိုတော့ ဓမ္မာနုပဿနာ ရှုတာပေါ့၊ တို့ဒကာတွေ ဆေးတွေ့နေတာ၊ ဆေးတွေ့ရက်နဲ့ မစားတတ်လို့ ခက်နေကြတယ်။

ဒကာတို့တတွေဟာ သံသရာရောဂါသည်တွေပဲ၊ ကိုယ့်မှာ ဆေးအမြဲပါနေတယ်။ ဆေးမှန်းမသိကြလို့ စားရမှန်း မသိကြရှာဘူး။ ခန္ဓာအစဉ်မှာ ဆေးကကပ်လျက်ပါနေပေမယ့် ဆရာကောင်းနဲ့ မတွေ့

ကြလို့ စားရကောင်းမှန်း မသိကြဘူး။ ယခု ဆရာကောင်းနဲ့တော့ စားရကောင်းမှန်း သိလာပြီ။ စားရကောင်းမှန်းသိလာရင် နှစ်နှစ်သက်သက် စားကြဖို့ဟာ ကိုယ့်တာဝန်ပဲလို့ ဆုံးဖြတ်ချက်ချ။

အဲ... ဝိပဿနာရှုတဲ့အခါ ရှုစရာမတွေ့ပါဘူးဆိုရင် မတွေ့တဲ့စိတ်ကိုရှု၊ ဘယ်လိုရှုရမှန်းမသိပါဘူးလို့ဖြစ်နေရင် အဲဒီမသိတဲ့စိတ်ကလေးကိုပဲ ရှုပစ်လိုက်၊ မသိတဲ့ စိတ်ကလေး ဖြစ်ပျက် ဖြစ်ပျက်။ ဒါကြောင့် **ဝိပဿနာအစ မသိတဲ့ စိတ်က** လို့ဆိုရင် မမှားဘူး။

အဲဒီ မသိတဲ့စိတ်ရှိရင် မသိတဲ့ဖြစ်ပျက်ကို သိတဲ့ဉာဏ် ဝိဇ္ဇာပေါ်တယ်၊ အဲဒီဝိဇ္ဇာက အဝိဇ္ဇာကိုဖြတ်ချလိုက်တာပဲ၊ ဒါဟာ အစကဖြတ်တာ၊ အစက ဖြတ်တော့ အစသိမ်းသွားတာပေါ့၊ အစသိမ်းလိုက်တော့ ပဋ္ဌိစ္စသမုပ္ပါဒ် သံသရာရောဂါအမြစ်က ဖြုတ်နည်းလို့မှတ်ကြ။

ကိုယ့်အိမ်ကျရင် သေသေချာချာ ထိုင်ကြည့်ကြ၊ **မတွေ့လေကောင်းလေပဲ** လို့မှတ်၊ ကိုယ့်ခန္ဓာက အမြဲတမ်းလာပါ ရှုပါနဲ့ခေါ်နေတာ၊ တို့ဒကာတွေက အပြင်မှာချည်း ကြည့်နေကြတယ်၊ **ခန္ဓာကိုယ်မှာ သုံးသပ်ပါ** ဆို အပြင်မှာ သုံးသပ်နေကြတယ်။ အပြင်ကို သုံးသပ်သမျှ သဘာဝမဆိုက်သေးဘူး၊ ဒီကနေ့စပြီး အတွင်းသုံးသပ်ကြ။

တစ်ခါတစ်လေတော့ ရှုတဲ့အခါ တွေ့သယောင်ယောင်ရှိတယ်တဲ့။ တွေ့သယောင်ယောင်ရှိရင် တွေ့သယောင်ယောင်စိတ်ကိုရှု၊ အဲဒါ **ဝိစိကိစ္ဆာ** ပဲ၊ ရှုလိုက်တော့ **ဝိစိကိစ္ဆာက အနိစ္စရှုတာက မဂ္ဂ**၊ အထင်စိတ်ဟာ ဝိစိကိစ္ဆာပဲ။

ဒါ လုံလောက်ရဲ့လားလို့ ယုံမှားမရှိကြနဲ့။ သတိပဋ္ဌာန်ပါဠိတော်မှာ အသေအချာဟောထားတယ်။ ယုံမှားတဲ့စိတ်ဟာ ဝိစိကိစ္ဆာပဲ၊ ဒီဝိစိကိစ္ဆာဟာ တစ်သံသရာလုံးမှောက်အောင် လုပ်နေတဲ့ အဝိဇ္ဇာရဲ့ အပေါင်းအပါပဲ၊ လက်မခံကြနဲ့၊ လက်ခံရင် သံသရာတစ်ခွင် မှောက်ချင်သေးလို့ ဆိုတာ သေချာတယ်။

တရားကတော့ ခေါ်နေတာပဲ **အဝေးမရှိနဲ့. ကျုပ်ရှိ–ကျုပ်ရှိ** လို့. ရှုစမ်းကြည့်ရင် တွေ့ရလိမ့်မယ်။ ကိုယ်တိုင်လုပ်မှ ကိုယ်ပိုင်ရကြမယ်၊ ကိုယ်က ဆောင်ရမယ်၊ ကိုယ်တိုင်ဆောင်လို့. ကိုယ်ပိုင်ရရင် ပူဇော်တာ ထက် ကျေးဇူးများတယ်။

**ဝမ္မော ဟဝေ ရက္ခတိ ဝမ္မစာရီ** လို့. ဆိုတဲ့အတိုင်း မိမိက တရားကို ဆောင်မှ ကျင့်မှ တရားကပြန်ပြီးဆောင်မှာ စောင့်ရှောက်မှာလို့. မှတ်ထားကြ။

ကိုယ်တိုင်က တရားမဆောင်ကြဘဲ ယောင်တောင်ပေါင်တောင်နဲ့. တောင်ပြောမြောက်ပြော ပြောတတ်ကြတယ်၊ ကိုယ်ဖျင်းတာကို ကိုယ်သိကြ၊ ကိုယ်ဖျင်းတာတော့ ကိုယ်မသိကြဘူး၊ ဆရာအပြစ်တင်လို့.တင်၊ ရိပ်သာတွေ အပြစ်ပြောလို့.ပြောနဲ့. ကိလေသာတောထပြီး အခြောက်တိုက်ပြစ်မှား နေတတ်ကြတယ်၊ နောက်ကို မပြစ်မှားမိကြစေနဲ့.၊ ကိုယ်ဖျင်းတာ၊ ကိုယ်မလိမ္မာတာ ကိုယ်သိကြ။

မိမိခန္ဓာမှာ တရားကရှိနေတာ၊ ဪ... တို့.ဒကာတွေ မသိတာ ဆိုးဝါးလိုက်ကြတာ လွန်ပါရော၊ **တရားဟာ ခန္ဓာမှာရှိ၊ တရားရှာ ကိုယ်မှာတွေ.** တဲ့၊ ဒို့.ဒကာတွေက ဟိုရှာ ဒီရှာနဲ့. အချိန်သာကုန်နေကြတယ်၊ တရားမတွေ့.ကြဘူး၊ ဒါကြောင့် တို့.ဒကာတွေ ဒါလောက်သံသရာရှည်နေကြတာ၊ ဘုရားရှင်က...

**ယဒါ ဟဝေ ပါတု ဘဝန္တိ ဝမ္မာ။**
**အာတာပိနော စျာယတော ဗြဟ္မဏဿ။**
**အထဿ ကခ်ိ ဝပယန္တိ သဗ္ဗာ၊**
**ယတော ပဇာနာတိ သဟေတု ဝမ္မံ။**

သတ္တဝါတွေရဲ့ ဖြစ်ခြင်းကိုလည်းသိပြီ၊ ဖြစ်ကြောင်းတရားကိုလည်းသိပြီ၊ ချုပ်ကြောင်းတရားကိုလည်းသိပြီ၊ **ယတော ခယံ ပစ္စယာနံ အဝေဒီ** တဲ့၊ **သတ္တဝါအစဟာ အဝိဇ္ဇာပဲ** လို့.ဟောခဲ့တယ်။

ဒီတော့ **သတ္တဝါအစ အဝိဇ္ဇာက, သတ္တဝါအဆုံး ဘုရားပွင့်မှ ဆုံးတယ်** အဝိဇ္ဇာချုပ်ရင်, အဝိဇ္ဇာဆုံးရင် သတ္တဝါဆုံးတာပဲ၊ ဘုန်းကြီးက ဘုရားရှင်ရဲ့ ကိုယ်စားလှယ်ပဲ။

တို့ဒကာတွေကိုသနားလို့ ဟောပြနေတာ၊ ဘုရားစကားတော်တွေကို ဘုရားကိုယ်စား ဟောပြနေတာ ဖြစ်လို့ လေးလေးစားစား မှတ်သားနာယူကြ၊ လိုက်နာကျင့်သုံးကြ၊ ဒါမှမဟုတ်ရင် သံသရာသစ်ငတ်ဖြစ်ဖို့သာ မှတ်ပေတော့။

ရှေးရှေးက အများတကာတွေဟာ အဗ္ဗတ္တမှာ မရှာကြဘဲ ဗဟိဒ္ဓမှာ ရှာနေကြလို့ လမ်းစမဆုံးနိုင်ဘဲ ဒုက္ခနဲ့ချည့် ကြုံကြရတာ။

**ယထာ ယထာ ဝါ ပနသ္သ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ** တဲ့။

- ❑ **ဖြစ်ခိုက်ရုပ်နာမ်၊ ဖြစ်တိုင်းဟန်၊ ကောနမှတ်သိမှု။**
- ❑ **အလုပ်, နေရာ၊ ဣရိယာ၊ ချိန်ခါမရွေးရှု။**
- ❑ **ထင်ရှားပေါ်ရာ၊ ရှုမှတ်ပါ၊ သိတာဉာဏ်စစ်ဟု။**

ထိုင်တဲ့အခါ နည်းနည်းညောင်းလာလို့ ပြောင်းချင်တယ်၊ ပြောင်းချင်ရင် အဲဒီ စိတ်ဖြစ်ပျက်ရှု၊ ရွှေ့ချင်ရင် ရွှေ့ချင်စိတ်ရှု၊ ပြင်ချင်ရင် ပြင်ချင်တဲ့ စိတ်ရှု၊ ဣရိယာပုတ် ပြောင်းတိုင်းပြောင်းတိုင်း, တစ်မျိုးဖြစ်တိုင်း ဖြစ်တိုင်း မလွတ်အောင်ရှုကြ။

ဒီနည်းအတိုင်း အရှုအပွားများလာတော့ ကြားခိုတဲ့ ကိလေသာတွေဟာ တဖြည်းဖြည်းပါးပါးသွားမယ်၊ ကိလေသာပါးလေ ရှုအားဉာဏ်အားကောင်းလာလေ၊ ဖြစ်ပျက်တွေ များများမြင်လာလေပဲ။ များများမြင်တာ ကြပ်ကြပ်ရှုတော့ အနိစ္စအချက်က ဒုက္ခအချက်ကို ကွက်ကွက်ကွင်းကွင်းပြနေသလို ဖြစ်လာမယ်၊ ဒုက္ခအချက် အနတ္တ အမြင်များလေ ကြောက်လာလေ၊ နောက် ရှုံ့မုန်းပြီး လွတ်လိုတဲ့စိတ်၊ လွတ်လိုတဲ့ဉာဏ် ပေါ်လာမယ်။

ဒီလိုလွတ်လိုတဲ့ မုန်းဉာဏ်လည်း လာရော၊ တယ်မကြာ တော့ဘူး၊ ဖျတ်ခနဲဆို ဖြစ်ပျက်တွေဟာ ချုပ်ဆုံးကုန်ပျောက်သွားတော့ တာပဲ။ အဲဒါ မဂ်ဉာဏ်က ဆိုင်ရာကိလေသာကိုဖြတ်ပြီး နိဗ္ဗာန်တော် အလင်းနိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာပဲလို့မှတ်။ ဒီအလင်းနိဗ္ဗာန်ကို ကိုယ်တိုင်သိရအောင် ကိုယ်တိုင်ကျင့်ကြ။

(အမရပူရမြို့၊ မင်းလာတိုက်ကျောင်း၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီး၏ မိုးကုတ်ဝိပဿနာ ဒုလ္လဘ ဒေသနာ၊ ဟောစဉ်-ကျင့်စဉ် သစ္စာလေးပါးတရားတော်များ၊ စာ-၆၈ မှ ၇၆ ထိ)

## အရှုခံတရားများ

အရှုခံတရားတွေဆိုတာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ငါးပါးရှိတယ်။ ဉာဏ်နဲ့ခွဲဝေပုံ ရတာ ပေါ့။

အဲဒီငါးပုံထဲက ကြိုက်ရာတစ်ပုံပုံကို ရွေးပြီးဉာဏ်နဲ့ရှုရမယ်။ ဉာဏ်နဲ့ စိတ်မွှာပစ်ရမယ်။ ဉာဏ်နဲ့မစိတ်နိုင်ရင် အပေါင်းဖြစ်နေမယ်။ အပေါင်းဖြစ်နေသေးရင် ပညတ်ဖြစ်နေမယ်၊ ပညတ်ကို မရှုရဘူး။ ဉာဏ်နဲ့ အစိတ်စိတ်အမွှာမွှာတွေ့အောင် ရှုနိုင်မှ ပရမတ်ကို မြင်လာမယ်၊ ပရမတ် ကိုသာရှုရမှာ။

ဒီခန္ဓာငါးပါးလုံး တစ်ခုမှ တည်မြဲနေကြတာ မဟုတ်ဘူး။ အားလုံး တဖြုတ်ဖြုတ်နဲ့ ပျက်စီး ပြောင်းလဲနေကြတာပဲ။ အဲဒါတွေကို မမြင် ကြတော့ အပေါင်းအစုဖြစ်ပြီး ပုဂ္ဂိုလ်သတ္တဝါတွေထင်ကုန်၊ လူ နတ် ဗြဟ္မာတွေထင်ကုန်၊ ယောကျ်ား မိန်းမတွေ ထင်ကုန်ကြတော့တာပေါ့၊ အဲဒီတော့ ပညတ်တွေ ဖုံးကုန်ရော။ ပညတ်တွေဖုံးနေပြီး ပညတ်အနေနဲ့ မြင်နေသမျှလည်း တရားမရနိုင်။ အမှန်အတိုင်းမှ မမြင်ကြဘဲကိုး။

အဲဒါကြောင့် အမှန်အတိုင်းမြင်ရအောင် ခန္ဓာတွေကို ဉာဏ်နဲ့ စိတ်မှာပစ်ပါ၊ ဖြစ်-ပျက်တွေ မြင်အောင်ရှုပါလို့ ဆိုလိုတယ်။

အဲဒီလို ခန္ဓာငါးပါးလုံး ဖြစ်-ပျက်တွေမျှသာလို့ မြင်လာမှ အမြင်မှန် အမှန်မြင်ပဲ၊ ဒီကျမှပဲ ပညတ်တွေ ကွာကျကုန်မယ်။ ပညတ်တွေကွာ ကျကုန်ပြီး ပရမတ်သားသက်သက်ကို မြင်ရမှသာ တရားထူးရနိုင်မယ်။ အပေါင်းကြီးကိုမြင်နေရင် ပညတ်တွေမစင်သေးလို့ တရားထူး မရနိုင်သေး။

## ခန္ဓာငါးပါးနှင့် သတိပဋ္ဌာန်

အဲဒီ ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးနဲ့ ပုံနိုင်တယ်။ ပုံလို့ရှိရင် အောက်ပါအတိုင်း ပုံလိုက်ပါ။

ရူပက္ခန္ဓာက - ကာယာနုပဿနာ၊
ဝေဒနာက္ခန္ဓာက - ဝေဒနာနုပဿနာ၊
သညာနဲ့ သင်္ခါရတို့က - စိတ္တာနုပဿနာ၊
စိတ်ကလေးတွေက - စိတ္တာနုပဿနာ။

အဲဒီထဲကကိုယ်နဲ့ ဘယ်ကမ္မဋ္ဌာန်းနဲ့လိုက်သလဲဆိုတာ ရွေးချယ်ရပါမယ်၊ ကိုယ့်စရိုက်နဲ့လိုက်တဲ့ ကမ္မဋ္ဌာန်းကိုရှုမှ တရားတက်လွယ်မယ်။

၁။ ဉာဏ်ထိုင်းပြီး+လောဘတွေများလျှင် ကာယာနုပဿနာ (ရုပ်ကိုရှုပါ)

၂။ ဉာဏ်ထိုင်းပြီး+ဒိဋ္ဌိအယူအစွဲများလျှင် စိတ္တာနုပဿနာ (စိတ်ကိုရှုပါ)

၃။ ဉာဏ်ထက်ပြီး+လောဘတွေများလျှင် ဝေဒနာနုပဿနာ (ဝေဒနာကို ရှုပါ)

၄။ ဉာဏ်ထက်ပြီး+လောဘတွေ နည်းပါးလျှင် ဓမ္မာနုပဿနာ (ဖြစ်ပျက်-သစ္စာကိုရှုပါ)။

- ဒိဋ္ဌိလွန်ကဲ၊ ဉာဏ်နည်းယောဂီ။
- ကာယ, စိတ္တ၊ ရှုကြရမည်။
- ဝေဒနာနှင့်၊ ဓမ္မရှုသည်။
- တဏှာများ၊ မှတ်သား ထိုယောဂီ။

ဖြစ်ပျက်

အနိစ္စာ ဝတ သခါရာ၊
ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္မာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

**သခါရာ**-သခါရတရားတို့သည်၊ **ဝတ**-စင်စစ်ကေန် အမှန်အား ဖြင့်၊ **အနိစ္စာ**-မမြဲကြဘူး။ **ဥပ္ပါဒဝယဓမ္မိနော**-ဖြစ်ပြီးတော့ ပျက်သွားခြင်း သဘောရှိကြပေကုန်၏။ အဖြစ်နဲ့အပျက်ပဲရှိတယ်တဲ့။

အဲဒါကို သေချာအောင် ထပ်ဖွင့်တဲ့အနေနဲ့ ဥပ္ပဇ္ဇိတ္မာ နိရုဇ္ဈန္တိ-တဲ့၊ **ဥပ္ပဇ္ဇိတ္မာ**-ဖြစ်ပြီး၍၊ **နိရုဇ္ဈန္တိ**-ချုပ်ပျောက်ကုန်၏ ဆိုတော့လည်း **ဖြစ်ပြီး ပျက်တာ** ပဲမဟုတ်လား။ ဒီတော့ မှတ်လိုက်ကြ၊ **အားလုံးဟာ ဖြစ်-ပျက်ပဲရှိကြတယ်**။

ကံ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ပေါ်လာရတဲ့ ရုပ်နာမ်တရားများ၊ အာရုံနဲ့ ဒွါရတို့ကြောင့် ဖြစ်ပေါ်လာရတဲ့ နာမ်တရားများ၊ အဲဒီ ရုပ်တရားနဲ့ နာမ်တရားတွေဟာ အကြောင်းတရားတွေက ပြုပြင်ကြလို့ ဖြစ်ပေါ်လာရတဲ့ အကျိုးတရားများဆိုတော့ **သခါရတရား**တွေပေါ့။

**သဗ္ဗေ သခါရာ အနိစ္စာ** = အဲဒီသခါရတရားတွေအားလုံးပဲ မမြဲကြဘူး။ ဘာလို့မမြဲဘူးပြောနိုင်သလဲဆိုတော့ **ဥပ္ပါဒ ဝယဓမ္မိနော** ဖြစ်ပြီးတော့ ပျက်ကုန်တဲ့သဘောရှိလို့တဲ့။

အဲဒါကို သေချာအောင် ထပ်ပြီးဖွင့်သေးတယ် ဥပဓိတွေ နိဗ္ဗာန်ကို ဖြစ်ပေါ်လာပြီးတော့ ပျောက်ပျက်ကုန်လေ၏။ ဒါတွေအားလုံးကို ချုံးလိုက်ရင်တော့ ဖြစ်ပြီး ပျက်ပဲ။ အတိုကောက် ဖြစ်–ပျက် ပေါ့။

ရုပ်နာမ်တွေဟာ ဥပါဒ်–ဌီ–ဘင် ကာလသုံးပါးရှိတယ် မဟုတ်လားလို့ မေးကြတယ်။ အို... ရှိတော့ ရှိတာပေါ့၊ ဒါပေမဲ့ ဌီ ဆိုတာ ခဏကလေးပါ၊ မပြောပလောက်ပါဘူး။

စိတ္တယမိုက်မှာလည်း လာတယ်၊ ဖြစ်လာပြီ ဆိုကတည်းက ပျက်တော့မယ်လို့ ယိုင်နေပြီ၊ ဒါကြောင့် ထင်ရှားတာက ဥပါဒ်နှင့် ဘင်ပဲ၊ ဘာသာပြန်ရင် အဖြစ်နဲ့ အပျက်ပဲ။ အတိုချုပ် "ဖြစ်–ပျက်" ပဲရှိတယ်။

စိတ်ပေါ်လည်း ဖြစ်ပျက်၊ ရုပ်ပေါ်လည်း ဖြစ်ပျက်, ဝေဒနာပေါ်လည်း ဖြစ်ပျက်၊ ပေါ်တိုင်းဖြစ်ပျက် ရှုနေလျှင် တဏှာ, ဥပါဒါန်, ကံ ပြတ်တယ်။ သံသရာချွတ်ရား ပပျောက်ချုပ်တယ်။ ပပျောက်ချုပ်လျှင် နိဗ္ဗာန်။ (၂)အကွက်နှင့် (၃)အကွက်ကြားမှာ မဂ်လာသောကြောင့် (၃)အကွက်ချုပ်တယ်။ "အဲဒါ ခုချက်ခြင်းရတဲ့ နိဗ္ဗာန်မှတ်ပါ" ဟု မိန့်ခဲ့သည်။

ဝိပဿနာရှုသောအခါ ဖြစ်ပျက်မဂ်ကိုက်အောင် ရှုပေး၊ ကိလေသာ ကြားမခိုစေနဲ့။ ဖြစ်ပျက်ကို မြင်အောင်ကြည့်တာသည် ဝိပဿနာမဂ်ပါ။ ဝိပဿနာမဂ်က အကြိမ်ကြိမ်ရှုရတာ။ တစ်ကြိမ်တည်း ရှုရတာက လောကုတ္တရာမဂ်ပါ။ ဖြစ်ပျက်ကိုမြင်တာ ဝိပဿနာမဂ်။ ဖြစ်ပျက်အဆုံးမြင်တာ လောကုတ္တရာမဂ်၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်အဆုံး၊ ဖြစ်ပျက်မရှိတာက နိရောဓသစ္စာ။ ဝိပဿနာမဂ်နောက်မှ လောကုတ္တရာမဂ်လိုက်တာ။ ရှေ့ကဖြစ်ပျက် နောက်ကမဂ်လိုက်ပါ။

## ရှည်ကော် (၅)ပါး

ဒိဋ္ဌ၊ သင်၊ ဝါ၊ သ၊ သ၊ ငါးပဋ္ဌ၊ မှတ်ကြရှုပွားညော်။

ဒိဋ္ဌဟူသည် သမ္မာဒိဋ္ဌိဖြစ်သည်။ သင်ဟူသည် သမ္မာသင်္ကပ္ပ ဖြစ်သည်။ ဝါဟူသည် သမ္မာဝါယာမဖြစ်သည်။ ပထမသဟူသည် သမ္မာ သတိဖြစ်သည်။ ဒုတိယသဟူသည် သမ္မာ သမာဓိဖြစ်သည်။ ယင်းဝါးပါး ကို ရှဉ့ဏ်ဝါးပါးဟု ခေါ်သည်။

မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၌ **အာတာပီ သမ္မဇာနော သတိမာ** ဟု ဟောတော်မူချက်တွင် အာတာပီက အားထုတ်မှု၊ သမ္မဇာနကသိမှု၊ သတိမာက အမှတ်ရမှုဖြစ်သည်။ ဝိရိယစိုက်, သတိကပ်, ပညာဖြင့် ရှုရမည်ဖြစ်သည်။ ပါဠိတော်၌ တိုက်ရိုက်ပြထားသော မဂ္ဂင်သုံးပါးနှင့် တိုက်ရိုက်မပြသော်လည်း သမာဓိမဂ္ဂင်ကို (ဝိရိယ-သတိတို့နှင့် သမာဓိ မဂ္ဂင်ချင်းတူ၍) ယူရသည်။ သမ္မာသင်္ကပ္ပမဂ္ဂင်ကိုမူ (ပညာမဂ္ဂင်နှင့် ပညာ မဂ္ဂင်ချင်းတူ၍) ယူရသည်။ ရှဉ့ဏ်(၅)ပါး ဖြစ်လာသည်။ ယင်းမှာ- သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ ဖြစ်သည်။ ယင်းတို့အနက် သမ္မာသတိမဂ္ဂင် စဝင်သည်။

သမ္မာသတိ ဆိုသည်မှာ အရှုခံအာရုံ၌ ကပ်၍တည်ခြင်း၊ အရှုခံ အာရုံကို ထင်ရှားအောင် ဖော်ပြပေးခြင်း၊ အရှုခံ အာရုံကို မပျောက်အောင် ထိန်းသိမ်းပေးခြင်း၊ စိတ်ကို အရှုခံအာရုံ၌ နစ်မြုပ်သက်ဝင်နေခြင်း သဘောဖြစ်သည်။ ယင်းသဘောကို ဆောင်ရွက်ခြင်းဖြင့် သမ္မာသတိမဂ္ဂင် ဝင်နေသည်။

ဒုတိယမဂ္ဂင်မှာ သမ္မာဝါယာမမဂ္ဂင်ဖြစ်သည်။ ယင်းမဂ္ဂင်မှာ ထောက်ပံ့ပေးခြင်းသဘောဖြစ်သည်။ သမ္မာသတိမဂ္ဂင်က အာရုံကိုထင်ရှား အောင် အဘယ်မျှလောက်ပင် ပြုချင်နေပါသော်လည်း သမ္မာဝါယာမ မဂ္ဂင်၏ ထောက်ပံ့အားပေးမှုအကူအညီမပါလျှင် ထင်ရှားအောင် မပြနိုင်။ သမ္မာဝါယာမမဂ္ဂင်က ထောက်ပံ့ပေးမှသာ သမ္မာသတိမဂ္ဂင်က အာရုံကို ထင်ရှားအောင်ပြနိုင်သည်။ ထောက်ပံ့ပေးခြင်း သဘောဖြင့် သမ္မာဝါယမ မဂ္ဂင်ဝင်နေသည်။

တတိယဝင်သောမဂ္ဂင်မှာ သမ္မာသမာဓိမဂ္ဂင် ဖြစ်သည်။ သမ္မာဝါယမမဂ္ဂင်က ထောက်ပံ့ပေးရ၍ သမ္မာသတိမဂ္ဂင်က အာရုံကိုထင်ရှားဖော်ပြပေးမှုကြောင့် ယောဂီ၏စိတ်မှာ အရှုခံအာရုံပေါ်၌ တည်ငြိမ်နေသည်။ အခြားအာရုံသို့ စိတ်မပြန့်လွင့်တော့။ ခိုင်မြဲစွာရပ်တည်နေသည်။ ဤသည်မှာ သမ္မာသမာဓိမဂ္ဂင် ဝင်နေခြင်းဖြစ်သည်။

## ပန်းခူးသူ ဥပမာ

သမာဓိမဂ္ဂင်(၃)ပါးဝင်ပုံကို မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ် **အဋ္ဌ**ကထာ၌ ပန်းခူးသောအမျိုးသမီး (၃)ယောက်ဥပမာဖြင့် ထင်ရှားအောင်ဖွင့်ပြထားသည်။

နက္ခတ်ပွဲသဘင်သို့ သွားလိုသော အမျိုးသမီး(၃)ယောက်သည် ပင်မြင့်ထက်၌ ပွင့်သောပန်းကို လှမ်းခူးရာ၌ ပထမ အမျိုးသမီးက ကျောကုန်းပေးသည်။ ဒုတိယအမျိုးသမီးက ကျောပေါ်တက်ခူးသည်။ တတိယအမျိုးသမီးက ကျောပေါ်တက်သူ တည်ငြိမ်အောင်ကိုင်ထားရန် အတွက် ပုခုံးထိုးပေးသည်။ **ပထမအမျိုးသမီးသည် သမ္မာဝါယမမဂ္ဂင်၊ ဒုတိယ အမျိုးသမီးသည် သမ္မာသတိမဂ္ဂင်၊ တတိယအမျိုးသမီးသည် သမ္မာသမာဓိ မဂ္ဂင်တို့နှင့် အသီးသီးတူညီကြသည်။**

ပညာမဂ္ဂင်(၂)ပါးအနက် သမ္မာသင်္ကပ္ပမဂ္ဂင် ရှေးဦးစွာ ဝင်လာသည်။ ယင်းမဂ္ဂင်က ယှဉ်ဘက်တရားများကို အရှုခံအာရုံပေါ်သို့ တင်ပို့ပေးသည်။

ယှဉ်ဘက်တရားများ အရှုခံအာရုံပေါ်သို့ ရောက်သွားသော **အခါကျမှ ဒါဝင်လေ၊ ဒါထွက်လေ၊ ဒါကရုပ်, ဒါကနာမ်, ဒါက အဖြစ်, ဒါကအပျက်ဟု ဝင်လေနှင့်ထွက်လေ, ရုပ်နှင့်နာမ်, အဖြစ်နှင့် အပျက်ကို** ပိုင်းခြားလျက် သမ္မာဒိဋ္ဌိမဂ္ဂင်က ကွဲကွဲပြားပြား မြင်လာသည်။

## ပန်းထိမ်သည် ဥပမာ

ပညာမဂ္ဂင်(၂)ပါးလုံးဝင်ပုံကို စူဠဝေဒလ္လသုတ် အဌကထာ၌ပင် ပန်းထိမ်သည်ဥပမာဖြင့် ထင်ရှားအောင် ဖွင့်ပြထားသည်။

ပန်းထိမ်ဆရာသည် လက်ထဲ၌ ငွေဒဂါးပြား(၁)ပြားကို ထည့်ကြည့်ရာတွင် မျက်စိကမြင်ရုံသာမြင်နိုင်သည်။ ဟိုဘက်၊ ဒီဘက်မလှန်နိုင်။ လက်ကလည်း ဟိုဘက်၊ ဒီဘက်သာ လှန်နိုင်သည်။ မမြင်နိုင်။ ထို့အတူ သမ္မာဒိဋ္ဌိမဂ္ဂင်က မြင်ရုံသာမြင်နိုင်သည်။ မြင်ကွင်းမြင်ကွက်ကို သူကိုယ်တိုင် ဖော်ပြီးမကြည့်နိုင်။

သမ္မာသင်္ကပ္ပမဂ္ဂင်ကမူ မြင်ကွင်းမြင်ကွက်ကို ဖော်ရုံသာ ဖော်ပေးနိုင်သည်။ မမြင်နိုင်။ သမ္မာဒိဋ္ဌိမဂ္ဂင်သည် မျက်စိနှင့်တူ၍ သမ္မာသင်္ကပ္ပမဂ္ဂင်မူ လက်နှင့်တူသည်။

## ပဋ္ဌာဂိကမဂ်နှင့် အဌင်္ဂိကမဂ်

**အရှခံတရားတစ်ခုကို ရှုဉာဏ်များနဲ့ ရှုတဲ့နေရာမှာ ပဋ္ဌာဂိကမဂ်ဖြင့်ရှုပါ** လို့မိုးကုတ်ဆရာတော်ကြီးက ခဏခဏမိန့်တော်မူတယ်။ ပဋ္ဌာဂိကမဂ်ဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ ငါးပါးပေါ့။ အဂါငါးပါးရှိလို့ **ပဋ္ဌာဂိကမဂ်** လို့ ခေါ်တာ။ လောကီမဂ္ဂင်ငါးပါးလို့လည်း ခေါ်လို့ရတယ်။

အဲဒီငါးပါးထဲမှာ ရှေ့နှစ်ပါးက ပညာမဂ္ဂင်၊ နောက်သုံးပါးက သမာဓိမဂ္ဂင်လို့ နာမည်ရကြတယ်။ အဲဒီငါးပါးထဲကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် ၃ပါးပေါင်းထည့်လို့ရှိရင် (၈)ပါးဖြစ်သွားမယ်။ အဲဒီကျတော့ အဂါရှစ်ပါးရှိလို့ **အဌင်္ဂိကမဂ်** ဖြစ်သွားတယ်။ လောကုတ္တရာမဂ္ဂင်ရှစ်ပါးလို့လည်း ခေါ်လို့ရတယ်။

အဲဒီလို ပဋ္ဌာဂိကမဂ်နဲ့ အဌင်္ဂိကမဂ်(၂)မျိုးရှိရာတွင် **တရားရှုမှတ်တဲ့အခါ ပဋ္ဌာဂိကမဂ်နဲ့ရှုပါ** လို့မိန့်တော်မူတာ။

အို... မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးကို ဟောထားတာ မဟုတ်လား၊ ဘာပြုလို့ရှစ်ပါးနဲ့မရှိဘဲ ငါးပါးနဲ့ ရှိနေရတာလဲ။

အဖြေကတော့ ပုထုဇဉ်တို့သန္တာန်မှာ (၈)ပါးမဖြစ်နိုင်၊ (၅)ပါးသာဖြစ်နိုင်လို့ပါပဲ။ ရှင်းပြပါဦးမယ်၊ မြတ်စွာဘုရားက မဂ္ဂင်တွေရှိသမျှ အကုန်ဖော်ပြ၍ ဟောမြွက်ထားခြင်းမို့ (၈)ပါးဖြစ်နေတာပါ။

တကယ်တရားရှုပြီဆိုတော့ အစပိုင်းမှာ ပုထုဇဉ်တို့အနေနဲ့ (၈)ပါးလုံး တစ်ပြိုင်နက် မရနိုင်ပါဘူး၊ ငါးပါးပဲ ရနိုင်တယ်။ ဒီပဋ္ဌာဂိုကမဂ်နဲ့ အဋ္ဌင်္ဂိကမဂ်ရဲ့အကြောင်းကို ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိဘင်းပါဠိတော်ကြီးများမှာ အကျယ်အပြန့် ဟောပြထားတာပါ-ပါတယ်။ လိုရင်းအချုပ်ကတော့ **ဘယ်လို အချိန်အခါမျိုးမှာ ပဋ္ဌာဂိကမဂ် ဖြစ်သလဲ** လို့ ကိုယ်တော်တိုင်မေးခွန်းထုတ်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကိုယ်တော်တိုင်ပဲ ဖြေပြထားပါတယ်။

အဖြေကတော့ လောကီကာမာဝစရ ကုသိုလ်စိတ်တွေဖြစ်တဲ့ အခါမျိုးမှာ ပဋ္ဌာဂိကမဂ်ဖြစ်နိုင်တယ်တဲ့။

ကဲ... ယခု တရားအားထုတ်နေဆဲအချိန်မျိုးမှာ ဘာစိတ်တွေ ဖြစ်နိုင်သလဲ စိစစ်ကြစို့၊ လောကီကာမာဝစရ ကုသိုလ်စိတ်တွေပဲ ဖြစ်နိုင်မှာပေါ့။ ဒါဆိုရင် ဒီ**အချိန်မျိုးမှာ ပဋ္ဌာဂိကမဂ်** ပဲ။

အလုပ်လုပ်သောမဂ္ဂင်တို့ကိုသာရွေးချယ်ဒီနေရာမှာ အဋ္ဌသာလိနီ အဋ္ဌကထာဆရာကြီးက **ပဋ္ဌာဂိကမဂ်နဲ့ပတ်သက်ပြီးတော့ တချို့ပုဂ္ဂိုလ်တွေက သံသယဝင်နိုင်တယ်** တဲ့။ အဲဒါကြောင့် ဖြေရှင်းပါမယ်ဆိုပြီး ကိုယ်တိုင်စောဒက လုပ်၍မေးခွန်းထုတ်ပါတယ်။ ပြီးတော့ ကိုယ်တိုင်ပဲ ဖြေပြပါတယ်။

မြတ်စွာဘုရားက နေရာအတော်များများမှာ "မဂ္ဂင် ရှစ်ပါး၊ မဂ္ဂင်ရှစ်ပါး" နဲ့ဟောထားပါတယ်။ ဘယ့်နယ်ကြောင့် ဒီဓမ္မသင်္ဂဏီပါဠိတော်ကြီးမှာကျတော့ **မဂ္ဂင်ငါးပါး= ပဋ္ဌာဂိကမဂ်** လို့ ဟောကြားရပါ

လိမ့်မလဲ...။ အဲဒီလို အဌကထာဆရာကြီးကိုယ်တိုင် မေးခွန်းထုတ်ပြီးတော့ ကိုယ်တိုင်ပဲ ဘုရားအာဘော်ကျ ဖြေပြထားပါတယ်။

**နိယျာနဋ္ဌေနစ ဟေတုဋ္ဌေနစ၊**
**ပဌေဝ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ၊**
**တေန ဝုတ္တံ 'ပဋ္ဌိဂေကော မဂ္ဂေါ**
**ဟောတိ' တိ-တဲ့**

မဂ္ဂင်ရှစ်ပါးရှိသော်လည်း အကုန်လုံး အလုပ်လုပ်ကြသည် မဟုတ်၊ လောကီမဂ္ဂင်ငါးပါးတို့သည်သာလျှင် အလုပ်လုပ်ကြသည်။ ထို့ကြောင့် သူတို့ကို ကာရကမဂ္ဂင်ဟုခေါ်ရ၏။

ဝင့်ဆင်းရဲမှ ထွက်မြောက်စေတတ်တဲ့ အနက်သဘော၊ နိဗ္ဗာန်သို့ ရောက်စေတတ်တဲ့ အနက်သဘော၊ နိဗ္ဗာန်သို့ရောက်စေတတ်တဲ့ သမ္မာပဏိဓိတ် ဟူသော အနက်သဘောအားဖြင့် အလုပ်လုပ်ကြ၏၊ ထို့ကြောင့် အလုပ်လုပ်သော ဤငါးမျိုးတို့သည်သာလျှင် (ဤနေရာ၌) **မဂ္ဂင်** တို့ဖြစ်ကြ၏၊ ထို့ကြောင့် **ပဋ္ဌိဂကမဂ်** ဟု ဟောတော်မူခြင်းဖြစ်သည်။

အဲဒီအဖြေကိုမကျေနပ်တဲ့အနေနဲ့ စောဒကပုဂ္ဂိုလ်က ထပ်မံတက်လာပြန်တယ်။ တက်ပုံက **အရိယာမဂ်ဆိုတာ အင်္ဂါရှစ်ပါးရှိရတယ် မဟုတ်လား** တဲ့။ အဖြေကတော့-

**ကိဉ္စာပိ ဟိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ လောကိယစိတ္တေ ပန ကေဝ္ဌဏော တိသော ဝိရတိယော နု လဗ္ဘန္တိ၊ တသ္မာ 'ပဋ္ဌိဂေကော' တိ ဝုတ္တော။**

ဟုတ်ပါတယ်။ သို့သော် လောကီစိတ်တွေထဲမှာ တစ်ချိန်ထဲ တစ်ပြိုင်နက် (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့) ဝိရတိစေတသိက်သုံးပါးတို့ကို မရအပ်ကုန်၊ (၃ပါးလုံးတစ်ပြိုင်နက် မပါဝင်ရကုန်) ထို့ကြောင့် **ပဋ္ဌိဂကမဂ်** ဟုဆိုခြင်း ဖြစ်ပါတယ်တဲ့။

## ပဋ္ဌာဂီကမဂ်ပဲ ဖြစ်နိုင်ခွင့်ရှိ

ဟုတ်ပါတယ်၊ အဲဒီသုံးပါးထဲက ပါလို့ပါရင် တစ်ပါးပဲ ပါဝင်နိုင်ပါတယ်။ အဲဒီအခါမျိုးမှာ "**ဆဋ္ဌဂီကမဂ်** = အဂါဒိပါး ရှိတဲ့မဂ်" ခေါ်နိုင်ပါရဲ့။ သို့သော် ရှောင်ကြဉ်စရာ ဝိတိက္ကမိတဗ္ဗ ရှိမှသာ အဲဒီတစ်ပါးကလည်း လာရမှာ။ ရှောင်ကြဉ်စရာမရှိရင် တစ်ပါးမှ မလာရဘူး။

ကဲ... စီစစ်ကြစို့၊ ယခုလို ရုပ် နာမ် ခန္ဓာအပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ(ဖြစ်-ပျက်)ရှုနေတဲ့အခိုက်မှာ ရှောင်ကြဉ်စရာ အကုသိုလ် ရှိပါ့မလား။ ရှောင်ကြဉ်စရာ အကုသိုလ်မရှိတော့ရင် ရှောင်ကြဉ်တတ်တဲ့ သီလမဂ္ဂင် ၃-ပါးလည်းမလာရဘူး။ လုံးဝကိုမလာရဘူး။ မလာရရင် ဘယ်နှစ်ပါးကျန်တော့မလဲ။ ငါးပါးပဲကျန်တော့တယ် ဘယ်သူတွေလဲ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ပါ။ အဲဒီငါးပါးပဲ ဖြစ်နိုင်ခွင့်ရှိတယ်။ ပဋ္ဌာဂီကမဂ်ပေါ့။

ဘာပြုလို့(သီလမဂ္ဂင် ၃ပါး)ဝိရတိစေတသိက်၃ပါးလုံး တစ်ပြိုင်နက်မပါဝင်ရသလဲ၊ အဖြေကတော့ သူတို့၃ပါးက တစ်ပါးနဲ့တစ်ပါး၊ သဘောချင်းမှမတူကြဘဲကိုး။ အဲဒါကြောင့် တစ်ယောက်ဝင်နေခိုက် ကျန်နှစ်ယောက်က အပြင်ထွက်ပြီး ထိုင်နေရတဲ့သဘော။

အဲဒါကြောင့် သင်္ဂြိုဟ်ကျမ်းကလည်း ဆိုတယ်မဟုတ်လား-

**လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သံဒိဿန္တိ ဝိသုံ ဝိသုံ** တဲ့။

လောကီကာမာဝစရ ကုသိုလ်စိတ်တွေထဲမှာသာ (ဝိရတိစေတသိက်၃ပါး၊ သို့မဟုတ် သီလမဂ္ဂင်၃ပါး)ဟာ ရှောင်ကြဉ်စရာရှိတဲ့ တရံတခါ၌ ၃ပါးလုံးမတွဲဘဲ တကွဲတပြားစီ ပါဝင်နိုင်ကြတယ်တဲ့။

ဒီလိုဆိုတော့ အထက်ပါအဌကထာကြီးနဲ့ သဘောသွား တစ်ထပ်တည်းကျသွားပါတယ်။ ကျမှာပေါ့ အဌကထာကြီးကို သင်္ဂြိုလ်ကျမ်းကလေးမှီးရတာကိုး။ ဘယ်တော့မှ အဌဂီကမဂ်ဖြစ်မလဲ ။

အဲဒီလိုဆိုရင် ဘယ်တော့ကျမှ မဂ္ဂင်ရှစ်ပါးပြည့်၍ အဋ္ဌဂိုက မဂ်ဖြစ်မှာလဲ တိုတိုဖြေကြစို့.ဆိုရင် လောကုတ္တရာနယ်ထဲရောက်သွားမှပဲ မဂ္ဂင်ရှစ်ပါး ပြည့်မယ်၊ အဋ္ဌဂိုကမဂ်ဖြစ်မယ်။

ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ အရှုခံတရားတစ်ခုခုကို ရှုဉာဏ်ဖြစ်တဲ့ လောကီမဂ္ဂင်ငါးပါးနဲ့. ရှုနေပြီ။ ဖြစ်ပျက်တာတွေလည်းမြင်ပြီ၊ စိတ်စိတ်မြင်နေပြီ၊ ဖြိုင်ဖြိုင်မြင်နေပြီ။

အဲဒီနောက် ဖြစ်ပျက်တွေ မုန်းလာပြီ၊ ဖြစ်ပျက်တွေကို မလိုချင်တော့ဘူး၊ မတွယ်တာတော့ဘူး။

အဲဒီလိုရှုနေရင်းက တဖြည်းဖြည်းနဲ့. ဉာဏ်တွေ ရင့်ကျက်-မြင့်တက်လာပြီ။ ခေါင်ထိပ်ရောက်လာပြီ။ ရှုနေရင်းက ဖြစ်ပျက်တွေဟာ "ဖျတ်" ခနဲ ဉာဏ်အောက်မှာ ပျောက်ကုန်ပါမယ်။

အဲဒီတော့ ရှုနေတဲ့ဉာဏ်တွေဟာ ဖြစ်ပျက်တွေကို မမြင်ရတော့ဘူး၊ ဖြစ်ပျက်မရှိတာတွေကိုပဲ မြင်နေရတော့တယ်။ အဖြစ်အပျက်မရှိတာနဲ့. သွားတည့်နေတယ်ဆိုပါတော့။

အေး... အဲဒီ **အဖြစ်အပျက် မရှိ** ဆိုတာ နိဗ္ဗာန။

ဖြစ်ပျက်က ဒုက္ခ။

ဖြစ်ပျက်မရှိတာက နိဗ္ဗာန။

အဲဒီနိဗ္ဗာနသစ္စာနဲ့. ဉာဏ်နဲ့.သွားတည့်နေတယ်ဆိုပါတော့။ အဲဒီအချိန်မှာ ဉာဏ်ငါးပါးမကတော့ဘူး (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့) သီလမဂ္ဂင်၃ပါးဝင်လာတယ်။ ဝင်လာလို. ဉာဏ်(၈)ပါး ဖြစ်ပါတယ်။

အဲဒါကြောင့်လည်း ဉာဏ်အားကောင်လာတယ်၊ ဉာဏ်အားကောင်းလို.လည်း အဖြစ်အပျက်မရှိတဲ့ နိဗ္ဗာနသစ္စာကို မြင်လိုက်တာပေါ့။ ဒီအချိန်မှာ လောကုတ္တရာနယ်သို.ရောက်နေပြီ၊ ဒီကျမှပဲ မဂ္ဂင်ရှစ်ပါးပြည့်တော့တယ်။ အဋ္ဌဂိုကမဂ်ဖြစ်သွားပြီ၊ လောကုတ္တရာမဂ်လို.လည်း ဆိုနိုင်တာပေါ့။

မဂ်စိတ်ပြီးရင် ဖိုလ်စိတ်၊ ပြီးတော့ ပစ္စဝေက္ခဏာဉာဏ်တွေလာ မယ်၊ ဒီအခါ သောတာပန်ဖြစ်သွားပြီ၊ အရိယာဖြစ်သွားပြီ။

အဲလို အရိယာပုဂ္ဂိုလ်ဖြစ်သွားမှလည်း သီလက မြဲသွားတော့ တာ၊ အဓိသီလဖြစ်သွားတာ။

သီလမြဲတဲ့ ပုဂ္ဂိုလ်သန္တာန်မှာမှလည်း သီလမဂ္ဂင် ၃ ပါးလုံး အမြဲ တည်ရှိသွားတော့တာ၊ ဒါ့ကြောင့် သဂြိုဟ်ကျမ်းထဲမှာလည်း ဆိုထားတယ် မဟုတ်လား။

**ဝိရတိယော ပန တိသောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ကေတောဝ လဗ္ဘန္တိ** တဲ့။

လောကုတ္တရာစိတ်တွေထဲကျမှပဲ ဝိရတိ စေတသိက် ၃ပါး၊ (သီလမဂ္ဂင်၃ပါး) လုံး အခါခပ်သိမ်း အမြဲတမ်း ၃ပါးလုံး တွဲလျက် တစ်ပြိုင်နက်တည်း ရအပ်ကုန်၏၊ ပါဝင်နိုင်ကုန်၏" တဲ့။

အဲဒီလို အရိယာနယ်ထဲ ရောက်သွားမှပဲ မဂ္ဂင်ရှစ်ပါးလုံး ပြည့်စုံ၍ အဋ္ဌင်္ဂိကမဂ် ဖြစ်သွားတော့တယ်။

(မ၊ ၃၊ ပါ၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၆၆၊ ၉၂၊ ၉၆)

## လောကီမဂ်နှင့် လောကုတ္တရာမဂ်

လောကီ ကာမာဝစရ ကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄-ပါး ၌ယှဉ်သော (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ)တို့သည် "လောကီမဂ်" ဖြစ်ကြ၏၊ အဂ်ီ ၁ါးပါးရှိသော ကြောင့် "ပဉ္စင်္ဂိကမဂ်" အလုပ်လုပ်ကြသောကြောင့် "ကာရကမဂ်"၊ မဂ်စစ်ကြီး၏ ရှေ့အဖို့ကလာ၍ ရသောကြောင့် **ပုဗ္ဗဘာဂမဂ်** ဟုလည်း ခေါ်ရသည်။

လောကုတ္တရာကုသိုလ်မဂ်စိတ် ၄-ပါး၌ယှဉ်သော (သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊

သမ္မာသတိ၊ သမ္မာသမာဓိ)တို့သည် **လောကုတ္တရာမဂ်** ဖြစ်ကြကုန်၏။ အဂ်ါရှစ်ပါးရှိသောကြောင့် **အဋ္ဌင်္ဂိကမဂ်**၊ အရိယာနယ်ထဲက မဂ်ဖြစ်သောကြောင့် **အရိယာမဂ်** ပုဗ္ဗဘာဂမဂ်ပြီးမှ ယခုလို မဂ်စစ်ကြီးအနေဖြင့် နောက်မှလာရသောကြောင့် "ပစ္ဆာဘာဂမဂ်" ဟုလည်းခေါ်ရသည်။

## ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ

အရှုခံဘက်က ရုပ်နာမ် ၂-ပါး၊ အကျယ်ချဲ့ရင် ခန္ဓာငါးပါး၊ အဲဒါတွေဟာ တစ်ခုမျှမမြဲကြဘူး၊ တဖွဲဖွဲ တသဲသဲ အသစ်အဟောင်းပြောင်းလွဲနေကြတာပဲ။ ဒီခန္ဓာငါးပါးကြီးဟာ ရလာကတည်းက မသက်သာဘူး၊ ဒုက္ခသစ္စာကြီးပဲ။

**ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ** လို့ ဓမ္မစက္ကြာတရားဦးထဲမှာ ပါတယ်မဟုတ်လား။

အို-နာ-သေ-ကွဲ-မွဲ-အကုန်လုံး ဒုက္ခတွေပဲ။ လိုချင်တာမရတာလဲ ဒုက္ခသစ္စာပဲ၊ ဒုက္ခတွေအကုန်လုံး မဆုံးနိုင်တော့ဘူး၊ ချုံးပြောလိုက်တော့။

**"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ**

ခန္ဓာငါးပါးလုံး ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခသစ္စာကြီးပဲ" တဲ့။

အဲဒီခန္ဓာငါးပါးကြီးဟာ စက္ကန့်မလပ်၊ မိနစ်မလပ် တရစပ်ဖြစ်ပျက်နေကြတာ။ အဲဒီအဖြစ်အပျက်တွေက နှိပ်စက်နေကြလို့ ဒုက္ခဖြစ်နေကြရတာပဲ။ အဲဒီ ဖြစ်ပျက်တွေကို ဒုက္ခသစ္စာခေါ်ပါတယ်။

အဲဒီ ဖြစ်ပျက်နေတာတွေကို ဒီကနေ ဉာဏ်နဲ့ကြည့်ရင် မြင်ရနိုင်တယ်၊ အဲဒီမြင်တတ်တဲ့ဉာဏ်ကိုကျတော့ မဂ္ဂသစ္စာခေါ်တယ်။

ကဲ... ဒါဖြင့် ပြန်မေးမယ်၊ ဖြစ်ပျက်က ဘာသစ္စာ၊ ဒုက္ခသစ္စာပါ ဘုရား။ မြင်တဲ့ဉာဏ်ကဘာသစ္စာ၊ မဂ္ဂသစ္စာပါဘုရား။ စွဲစွဲမြဲမြဲ မှတ်ထားကြ။

## သစ္စာ ၄-ချက် ပြန်လည်စစ်ဆေး

ပုံသေလည်း မှတ်ထားကြပါ။

၁။ ဖြစ်ပျက်က ဘာသစ္စာ - ဒုက္ခသစ္စာ

၂။ မြင်တဲ့ဉာဏ်က ဘာသစ္စာ - မဂ္ဂသစ္စာ

၃။ သေတာက ဘာသစ္စာ - သမုဒယသစ္စာ

၄။ နောင်ခန္ဓာ မလာတာက ဘာသစ္စာ - နိရောဓသစ္စာ

သစ္စာတရားဆိုတာ အဲဒီလို ခန္ဓာထဲမှာ ရှိတာ၊ စာအုပ်ထဲမှာ ရှိတာက မှတ်တမ်းပဲ။ ခန္ဓာထဲမှာ ဖြစ်ပေါ်သမျှကို စာနဲ့ရေးပြီး စာအုပ်ထဲမှာ မှတ်တမ်းတင်ထားခြင်းမျှသာဖြစ်တယ်။ အမှန်ကတော့ သစ္စာတရားဆိုတာဟာ ခန္ဓာထဲမှာပဲ ရှိတယ်။

## သစ္စာလေးပါး

❀ ဖြစ်ပျက်သမျှ၊ သခါရ၊ ဒုက္ခသစ္စာမှတ်။

❀ ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။

❀ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။

❀ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

(၁) လောကီဘုံဝယ်, သာယာဖွယ်ဟု,
တွယ်တာလေကြား, ဝေနေများတို့,
တရားသံဝေ, ရပစေဟု, ထွေထွေဒုက္ခ
ဦးစွာပြ၏။

(၂) ဒုက္ခသောင်းပြောင်း, တရားပေါင်းလည်း,
အကြောင်းမဲ့စွာ, မဖြစ်ရာရှင့်, မဟာပြဟ္မာ,
ထာဝရများ, ဘုရားတစ်သင်း, မဖန်ဆင်းတည်း,
ထန်ပြင်းသော့သွမ်း, တဏှာစွမ်းကြောင့်,

ပရမ်းပတာ, ဖြစ်ကြရာဟော,
သမုဒယောတဲ့။
(၃) သုံးလောကတွင်, မဂ်လမ်းထွင်၍, လူ့ခွင်ထွက်ရာ,
ရတက်ဖြာသော်
ခေမာနိရောဓ, သုံးကြိမ်ကျ၏။
(၄) နိဗ္ဗာနနန်း, ရောက်ဖို့မှန်းက, ဤလမ်းဖြင့်တက်,
ဤမဂ်ကိုပွား, မိန့်သည်လားသို့, လေးပါးမြောက်တွင်,
မဂ်လမ်းထွင်သည်, လမ်းစဉ်ဟောရိုးဆူဆူတည်း။

❀ ဘေးဖြစ်တာ
လေးသစ္စာ မမြင်ကန်းတာကြောင့်
ပင်ပန်းသူ လူအချို့မှာဖြင့်
ပူလို့ မဆုံး။
❀ သနားလေသနော်
တရားတွေ အရည်ဖျော်လို့
တစ်ခွန်းခေါ် ဖွန်းကော်လို့တိုက်ချင်လှ
မလိမ္မာ သူငါမိုက်ရယ်တို့
သံသရာ ဒီတစ်ဝိုက်မှာ
မျောလိုက်ကြအုံး။ ။

## ပရိကံတည်ပုံ

အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းရန် ပရိကံတည်ပုံ အပြည့်အစုံကို ကျေးဇူးတော်ရှင် ချမ်းသာကြီးဆရာတော်၏ သတိပဋ္ဌာန် ဂုဏ်ရည် စာအုပ်မှ ထုတ်နုတ်ခါ ဖော်ပြပါမည်။

(၁) တင်ပလွင်ခွေထိုင် (အမျိုးသား)

(၂) ခါးဖြောင့်ဖြောင့် မတ်မတ်ထား
(၃) ညာဘက်လက်ကိုချ (အမျိုးသား)
(၄) ဘယ်ဘက်လက်ကိုတင် လက်မထိပ်ခြင်းထိ (အမျိုးသား)
(၅) ခေါင်းမင့်.ရ (ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်)
(၆) ဘေးမယိုင်ရ (ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်)
(၇) နှုတ်ခမ်းမကိုက်ရ (တွေ.ရှိချက်)
(၈) နှုတ်သီးမစူရ (တွေ.ရှိချက်)
(၉) မျက်နှာမရှုံ့.မမဲ့ရ (တွေ.ရှိချက်)
(၁၀) မျက်လွှာကိုချ
(၁၁) ဝင်လေ-ထွက်လေကိုမှတ်
(၁၂) နှာသီးအရပ် သတိကပ် (အဌာကထာ)
(၁၃) နှာသီးဖျားခ္ဍစိတ်စိုက်
(၁၄) ထိ, သိ
(၁၅) ထိတာရုပ်, သိတာနာမ်
(၁၆) ရုပ်, နာမ်, ဖြစ်, ပျက်, စိုက်ရှု။

အမှာစကားရပ် ။ ။ အမျိုးသမီးများအတွက် အမှုပလွှင် = ထက်ဝက်တင်ပလွှင် ပုဆစ်တုတ်ထိုင်၊ ဘယ်ဘက်လက်ကိုချ၊ ညာဘက်လက်ကိုတင်၊ လက်မထိပ်ခြင်းထိ။

## ထိုင်ပုံများ ညွှန်ပြချက်

နိသီဒတိ ပလ္လင် အာဘုဇိတွာ ဟူသောစကားဖြင့် အာနာပါန ကမ္မဋ္ဌာန်းအားထုတ်မည့်ယောဂီအား မြတ်စွာဘုရားသည် တင်ပလွှင်ခွေ ထိုင်ခိုင်းခြင်းဖြစ်သည်။ ခြေထောက်နှစ်ဖက်ကို ခွေထိုင်ဖို့.ဖြစ်၏။ ဒုး

ထောက်မထိုင်ရ။ ခြေဆင်းမထိုင်ရ။ **ပလ္လင် အာဘုဇိတ္တာတိ ပါဒေန ပါဒံ ဂုဏံ ကတ္တာ** ဟု ဖွင့်ဆိုထားသည်။

၁။ **ပဒုမာသနထိုင်။** ။ ခြေနှစ်ဘက်ကို ပေါင်ခွင်ထဲသို့ ထိုး၊ ယှက်, ဘယ်ခြေဖမိုးကို ညာပေါင်ပေါ်တင်။ ညာခြေသလုံးကို ဘယ်ခြေသလုံးပေါ်ထပ်၊ ညာခြေဖမိုးသည် ဘယ်ပေါင်ပေါ်ထပ်နေမည်။

ကလ္လသရိရ (ကိုယ်ခန္ဓာကျန်းအီသာမှ) ရှိလျှင် (၀ါ) ကျန်းမာရေးကောင်းလျှင် ထိုင်နိုင်ပါသည်။ လူငယ်-လူရွယ်များ အလွယ်တကူ ထိုင်နိုင်ပါသည်။

၂။ **အနုပဒုမာသနထိုင်။** ။ ပဒုမာသနထိုင် မထိုင်နိုင်ပါက ထက်ဝက်ပလ္လင် ထိုင်နိုင်၏။ ခြေသလုံးချင်းမထပ်၊ ပေါင်ပေါ်မတင် (ထက်ဝက်ခွေထိုင်)ဘဲ ခပ်လျှော့လျှော့ထိုင်ခြင်းတည်း။ တစ်နည်းအားဖြင့် ခြေတစ်ဘက်ကို ပုဆစ်တုပ်တစ်ဖက်ခွေ ထိုင်နိုင်၏။

မာတုဂါမ (အမျိုးသမီး)များ အနေဖြင့် ယခုလို တင်ပလ္လင်ခွေလည်း ထိုင်နိုင်၏။ ပုဆစ်တုပ်လည်း ထိုင်နိုင်၏။ အမျိုးသားများလည်း ပုဆစ်တုပ် ထိုင်နိုင်၏။ မိမိတို့အကျင့်အရ ကြာကြာထိုင်နိုင်နည်းဖြင့် ထိုင်နိုင်၏။

သို့သော် မည်သို့ပင်ထိုင်သည်ဖြစ်စေ၊ **ဥဇုံ ကာယံ ပဏိဓာယ** (ကိုယ်ကိုဖြောင့်မတ်စွာထား) ဟူသော အချက်ကား အရေးကြီး၏။ အထက်ပိုင်းကို (ကျောနှင့်ခါး)ကို ဖြောင့်ဖြောင့်ထားမှ ကြာကြာထိုင်နိုင်၏။ **အဌကထာ၌ ကျောရိုးဆက်(၁၈)ဆက်တို့** အစေ့အစပ် ကောင်း၍ ချဉ်ဆီမှန်မှန်လည်ပတ်နိုင်စေရန် ကိုယ်ကိုဖြောင့်ဖြောင့်မတ်မတ် ထားဖို့ လိုကြောင်း ဖွင့်ပြထား၏။

ထို့ကြောင့် တရားအားထုတ်နေရင်း ခါးကုန်းကျသွားလျှင် ပြန်မတ်ရမည်။ ခါးကုန်းမနေအောင် သို့မဟုတ် ကော့မနေအောင် သတိ

ထားရမည်။ ဦးခေါင်းကိုလည်း တည့်မတ်စွာ ထောင်ထားရမည်။ ငုံ့ခြင်း၊ မော့ခြင်းမရှိစေရ။

ဤကား ယောဂီအတွက် ကာယပရိဂ္ဂဟ (ကိုယ်ကိုသိမ်းဆည်းစေမှု) ဖြစ်၏။ ဤသို့ ထိုင်ခြင်းဖြင့် ထိနမိဒ္ဓ ငိုက်မြည်း ထိုင်းမှိုင်းမှုနည်းပါးစေသည်။ စိတ်သမာဓိ ရလာသောအခါ ခန္ဓာကိုယ်ပိုင်းက ပြဿနာမဖြစ်တော့။ အချိန်ကြာချင်သလောက်ကြာ စိတ်သွားတိုင်း ကိုယ်ပါဆိုသလို ဖြစ်သည်။

ဤတွင်လည်း အစသာလျှင် ဤသို့ထိုင်ဖို့လိုသည်။ နောက်ပိုင်းကျတော့ ဤသို့ ထိုင်ဖို့မလိုတော့ဘူး။ ပက်လက်ဗမာထိုင်ဖြင့်လည်း ထိုင်အားထုတ်နိုင်သည် စသည်ဖြင့် လျှော့စျေးစကားမဆိုသင့်။ ဘုရားစကားအပေါ် စျေးမလျှော့သင့်။ ဤအာနာပါန ကမ္မဋ္ဌာန်းကို ဥပစာသမာဓိရအောင် အားထုတ်ရမည့် သမထပိုင်းဌ ပလ္လင်ခွေထိုင် အားထုတ်ရမည်ဆိုတာ စည်းကမ်းသတ်မှတ်ချက်ပင်ဖြစ်သည်။

မြတ်စွာဘုရားသည် မေတ္တာပို့ရန် ညွှန်ကြားရာ -

**တိဋ္ဌံ စရံ နိသိန္နော၀၊ သယာနော ယာ၀ တသ ဝိတမိဒ္ဓေါ၊ တေသတိ အဓိဋ္ဌေယ္ယ၊ ဗြဟ္မမေတံ ဝိဟာရမိဓမာဟု ဟု** လည်းကောင်း၊ ဂုဏ်တော်ပွားရာ၌ကား **သယနေ အာသနေ ဌာနေ ဂမနေစာပိ သဗ္ဗဒါ** ဟုလည်းကောင်း ဣရိယာပုတ်လေးပါးလုံး နေနိုင်ကြောင်း သေသေချာချာဟောကြား၏။ ဤအာနာပါန သမထပိုင်းတွင်ကား တင်ပလ္လင်ခွေထိုင်အားထုတ်ဟု စည်းကမ်းချပေးခြင်းဖြစ်၏။

## လက်ထားပုံများ

တင်ပလ္လင်ခွေထိုင် ကိုယ်ကိုဖြောင့်ဖြောင့်ထား ဟူ၍ကိုယ်အနေအထား အထိုင်ကျပြီးသည့်နောက် ပါဠိတော်အဋ္ဌအထာ၌လည်း လက်မည်သို့ထားရမည်ဟု ညွှန်ပြချက်မပါပေ။ လက်ကား အလိုလို အနေကျ

ပြီးသားဟု သဘောထားဟန်ရှိ၏။ လက်ကို ကြာကြာထားနိုင်သည့် နည်းဖြင့် ထားရန်ဖြစ်၏။ အများအားဖြင့်...

၁။ ပေါင်ခွင်ပေါ်၌ ဘက်လက်လှန်၊ ညာလက်လှန်တင်ထပ်ထား (စျာနမုဒ္ဒြာ) ဟု ခေါ်၏။

၂။ လက်နှစ်ဘက်ကို မှောက်လျက်ရှေ့တည့်တည့်ချထား၊

၃။ လက်နှစ်ဘက်ကို ဒူးတစ်ဘက်စီ၌ တင်ထား၊

၄။ လက်နှစ်ဘက်ကို လှန်လျက် ဒူးနှစ်ဘက်ပေါ်တင်ထား၊

ဤကဲ့သို့ လေးမျိုးထားနိုင်၏။ သို့သော် တရားအားထုတ်ရင်း လက်ကြွေနေတတ်သည်လည်း ရှိ၏။ သူ့သဘော သူဆောင်နေ၏။ အထူးပြင်ဆင်ရန်မရှိပြီ။

## လက်တွဲညီတဲ့ တရားညီနောင်

နောက် "**ပရိမုခံ သတိ ဥပဋ္ဌပေတွာ**-သတိကို ကမ္မဋ္ဌာန်းအာရုံ ဆီသို့ ရှေ့ရှုကပ်လျက်ထား၍" ဤကား ယောဂီ၏စိတ်ကို စတင် သိမ်းဆည်းဖို့ ညွှန်ကြားခြင်း ဖြစ်သည်။ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ် တော့မည်ဖြစ်၍ အသက်ရှူရှိုက်သည့် နှာသီးဖျား၊ နှာသီးဝဆီသို့ သတိ ပြုရန်ဖြစ်၏။

ဤနေရာ၌ **ပရိမုခံ သတိ ဥပဋ္ဌပေတွာ** ဟု သတိကို ကမ္မဋ္ဌာန်း သို့ ရှေးရှုထားရမည်ဟု ဟောကြားထားသော်လည်း သတိတစ်လုံးတည်း ဖြင့် ကမ္မဋ္ဌာန်းအားထုတ်၍ မပြည့်စုံနိုင်။ သတိ-ပညာ-ဝိရိယတို့ ပြည့်စုံမှသာ ထမြောက်အောင်မြင်နိုင်သည်။ ပါဠိတော်များ၌ **အာတာပီ သမ္ပဇာနော သတိမာ** ဟု ဟောထားသည်ကို တွေ့ရပါသည်။ အာတာ ပီဖြင့် ကိလေသာတို့ကို ခြောက်သွေ့အောင် ပယ်ခွာစေနိုင်သော အား ထုတ်မှု ဝိရိယကို ညွှန်ပြသည်။ သမ္ပဇာနောဖြင့် ပညာနှင့်ပြည့်စုံမှုကို ညွှန်ပြသည်။ သတိမာဖြင့် ရှုဖွယ်အာရုံကို သိမ်းဆည်းသော သတိနှင့်

ပြည့်စုံမှုကို ညွှန်ပြသည်။ ထို့ကြောင့် သတိကို ဦးတည်မိန့်ဆိုထားသော်လည်း ဝိရိယပညာများလည်း ပါရှိကြရမည် ဖြစ်ပါသည်။

**မဟာဝဂ္ဂ အဋ္ဌကထာ မဟာသတိပट्ठာန အဖွင့်၌ အယံပန ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပသ္သတိ၊ နဟိ သတိ ဝိရဟိတသ အနုပသ္သနာ နာမ မတ္ထိ။**

သတိဖြင့် ရူပကာယ ဟူသော အာရုံကို ပိုင်းခြားကာယူ၍ ပညာဖြင့် အဖန်ဖန်ရှု၏။ သတိကင်းသော ပုဂ္ဂိုလ်၏ အဖန်ဖန်ရှုတတ်သော ဉာဏ်မည်သည် မရှိနိုင်။ လုံ့လ ဝိရိယ မရှိသောသူအား တရားအလုပ်ကို အန္တရာယ်ပြုတတ်သော ပျင်းရိခြင်းသည် ဖြစ်တတ်၏။ ကောင်းစွာခွဲခြား၍ မသိတတ်သောသူသည် အကြောင်းအမှန်ကို ပိုင်းခြား၍ယူခြင်း၊ အကြောင်းမှားကို ရှောင်ကြဉ်ခြင်းတို့၌ တွေဝေတတ်၏။

သတိကင်းနေသူသည် အကြောင်းကို မစွန့်ခြင်း၊ အကြောင်းမဟုတ်သည်ကို မသိမ်းယူခြင်းတို့၌ မစွမ်းနိုင်။ ထိုသုံးမျိုးမရှိခြင်းကြောင့် တရားအလုပ်သည် မပြီးစီး မပြည့်စုံနိုင်။

ပရမတ္ထဖြစ်သော ရုပ်-နာမ်သဘောတရားကို အမှန်မြင်ရာမှာ ပညာမျက်စိပါမှ မြင်နိုင် သိနိုင်မည်။ ယင်းပညာကို ရရှိဖို့ရန် မြတ်စွာဘုရား ညွှန်ပြရာတွင် သတိအောက်မေ့မှု၊ ဂရုစိုက်မှုသည် အလွန် အရေးကြီးသည်။ တရားအားထုတ်ရာတွင် သတိချည်း သက်သက်နှင့် မရချေ။ သတိမပါလျှင်လည်း လုံးဝမရ။ သတိကားပရမတ် ရုပ်-နာမ်ဟူ၍ ယုံကြည်ချက်ရအောင် သိမ်းဆည်းပေးရသည်။

ပရမတ် ရုပ်-နာမ် အခြေခံမှန်အောင် ဂရုစိုက်ပေးရသည်။ ထို သတိဖြင့်ပရမတ် ရုပ်-နာမ် အခြေခိုင်မာပါမှ ထိုပရမတ် ရုပ်-နာမ် အပေါ်တွင် ၄င်းတို့၏ သဘောတရား ဖြစ်မှုပျက်မှုကို ဝိပဿနာ ဉာဏ်ပညာက ရှုရတော့သည်။ ပညာဉာဏ်သက်သက်နှင့်လည်း ရှု၍ ဖြစ်ရိုးထုံးစံမရှိ။ ထို့ကြောင့် သတိနှင့်ပညာကို တွဲထားရသည်။

မြတ်စွာဘုရားသည် သတိဖြင့် ယုံကြည်မှု ခိုင်မာအောင် သိမ်းဆည်း၍ ပညာဉာဏ်ဖြင့်သာ ပရမတ်သဘောတရားတို့ကို ရှုနိုင်သိနိုင်သကဲ့သို့ ပညာကင်းသော သတိလည်း အားမရှိသော်လည်း သတိပဋ္ဌာန်ကိုဟောကြားရတွင် သတိကို ဦးတည်၍ အဓိကအားဖြင့် ပြဋ္ဌာန်းဟောကြားတော်မူသည်။ ထိုထိုအာရုံဖြစ်သော ပရမတ်ရုပ်နာမ်ကို အခြေခံပေးရာတွင် အဓိကကျသောကြောင့်လည်းဖြစ်သည်။

အများအားဖြင့်သိမှု၊ အစိပ်စိပ် အလိလိသိမှု၊ အမှန်ကို သိမြင်မှုတို့သည် သမ္မာဇဉ်ပင်ဖြစ်သည်။ သတိနှင့် သမ္မာဇဉ်ပညာသည် မြတ်စွာဘုရား၏ အဆုံးအမ သာသနာပင်ဖြစ်သည်။

**သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္မာဇာနော အယံ ဝေါ အမှာကံ အနုသာသနီ။** **(ဒီ၊ ၂၊ ၈၁၊ သံ၊ ၁၁၅၇)**

ငါဘုရား၏ အဆုံးအမ ဟူသည် သတိပညာဖြစ်သည်။ သို့အတွက် သင်ချစ်သားတို့သည် ကိလေသာမဝင်အောင် သတိဖြင့် စောင့်ကုန်၍ ပညာဖြင့် ကိလေသာ မျိုးပြုတ်အောင် တိုက်ရမည်။ ချစ်သား ငါဘုရား၏ အဆုံးအမ သတိပဋ္ဌာန်လုပ်ငန်း၌ သတိ၏ကိစ္စ ပညာ၏ ကိစ္စဟူ၍ ကိစ္စနှစ်ရပ် ရှိသည်။ ထိုကိစ္စ (၂)ရပ်သည် ခွဲခြား၍ အလုပ်လုပ်ရသည်မဟုတ်။ အတူတူယဉ်တွဲ လုပ်ရသည်။

သတိနှင့်ပညာသည် သတိပဋ္ဌာန်ဟူသော ရုပ်, နာမ် ခန္ဓာ ပရမတ္ထကို ရှုမှတ်လေ့လာရာ၌ တွဲစပ်ပေါင်းယှဉ်၍ လေ့လာရသည်။ အလုပ်သဘောနှင့်ကြည့်မှု ပညာသည် ခန္ဓာကို ရှုမှတ်လေ့လာသောအခါ ထိုထိုရုပ်-နာမ် ပရမတ်တို့၏ အမှန်ဖြစ်ရှိနေသော သဘောတရားကို ဖြစ်ပျက်နေသည်ဟု အသိဉာဏ်ဖြစ်ဆဲတွင် ပညာချည်းသာမဟုတ်။

သမ္မာသတိသည် ထိုရုပ်-နာမ် ပရမတ်ကို ပရမတ်အတိုင်း သိမြင်နိုင်ဖို့ ရပ်တည်ပေးသည်။ ထို့ကြောင့် အဋ္ဌကထာတို့၌ ပညာဝိပွ ယုတ္တော ဟိ သတိ ဒုဗ္ဗလာ ဟောတိ သမ္မယုတ္တာ ဗလဝတီ။ (မ၊ ၆၊ ၂၁)

ပညာကင်းသော သတိသည် အားနည်း၏။ ပညာရှိသော သတိသည် အားကောင်းသည်။ **အယံ ပန ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတ္မာ ပညာယ အနုပသ္သတိ။** (ပဋ္ဌာ၊ ၌၊ ၁၆၃။)

သတိဖြင့် ရုပ်၊ နာမ် အာရုံကို သိမ်းဆည်းတည်တံ့အောင် ပြုလုပ်ပေး၍ ပညာက ဆက်လက်ရှုသွားသည်ဟု မိန့်ဆိုခဲ့ကြသည်။ သတိသည် အဓိစိတ္တ သိက္ခာ သမာဓိ အဖွဲ့တွင် ပါဝင်၍ ပညာသည် အဓိပညာ သိက္ခာပညာအဖွဲ့တွင် ပါဝင်ရကား အလုပ်လုပ်သော မဂ္ဂင် (၅)ပါးလုံး အဖွဲ့အစည်းဝင်များဖြစ်သဖြင့် မကင်းကောင်းပါ။

၁။ ရှေးဦးစွာ **ပလိဗောဓ = အနောက်အယှက်** = ကြောင့်ကြ ဟူသမျှကို ပြတ်စဲစေရမည်။

**ပလိဗောဓ (၁၀)ပါး**

**အာဝါသောစ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။**
**အဒ္ဓါနံ ဉာတိအာဗာဓော၊ ဂန္ထော ဣဒ္ဓိတိ တေ ဒသ။**

**အာဝါသ** = ကျောင်း၊ အိပ်ရာ နေရာ၊ အာရာမ်။
**ကုလ** = အလုပ်အကျွေး ပစ္စည်းလေးပါး ဒါယကာ။
**လာဘ** = ပစ္စည်းလေးရပ် လာဘ်သပ္ပာယ။
**ဂဏ** = ဂိုဏ်း သံဃာ၊ အပေါင်းအဖော်။
**ကမ္မ** = နဝကမ္မခေါ်အမှုသစ်။
**အဒ္ဓါန** = ခရီးသွားခြင်း။
**ဉာတိ** = သာသနာမျိုးဆွေ အိမ်မျိုးဆွေ။
**အာဗာဓ** = မကျန်းမာခြင်း၊ အနာရောဂါ။
**ဂန္ထ** = သင်ကြားပို့ချကျက်မှတ် ရေးပြုဆဲကျမ်းဂန်။
**ဣဒ္ဓိ** = ဝိပဿနာကို နှောင့်ယှက်ဖျက်ဆီးတတ်သော ပုထုဇဉ်တန်ခိုးဖြစ်သည်။

[ဝေ၀ံ ဝုတ္တောသု ဒသသု ပလိဘောသေသု ယော ပလိဘောဘော အတ္ထိ၊ သော ဥပစ္ဆိန္နိတဗ္ဗော။ (၀၊ ၆၊ ၂၊ ၂၁)]

## ၂။ သီလဝိသုဒ္ဓိ ဖြစ်စေခြင်း

(က) လူပုဂ္ဂိုလ်များ ငါးပါးသီလ (သို့) ရှစ်ပါးသီလ ခံယူဆောက်တည်ရမည်။

(ခ) ရှင်သာမဏေများ ဆယ်ပါးသီလ ခံယူဆောက်တည်ရမည်။

(ဂ) ရဟန်းတော်များ ဒေသနာကြားရမည်။

(ဃ) ပစ္စည်းလေးပါး ပစ္စဝေက္ခဏာ ဆင်ခြင်ရမည်။

[စတုဗ္ဗိဓံ တာဝ သီလံ ဝိသောဓေတဗ္ဗံ။ တတ္ထ တိဝိဓာ ဝိသောဓနာ အနာပဇ္ဇနံ, အာပန္နဝုဋ္ဌာနံ, ကိလေသေဟိ စ အပ္ပဋိပီဠနံ။ ဧဝံ ဝိသုဒ္ဓသီလဿ ဟိ ဘာဝနာ သမ္ပဇ္ဇတိ။ (၀၊ ၆၊ ၂၊ ၂၀)

### ပစ္စဝေက္ခဏာ ဆင်ခြင်ပုံ

အသက်ရှည်စွာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မျှော်ထောက်တွေးရှု၊ ဣဆေး ဣဆွမ်း၊ ဣသက်နိုးနှင့်၊ ရှင်လန်းဖွယ်ကောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း။

ဣပစ္စဝေက္ခဏာသည် ဆွမ်း, သက်နိုး, ကျောင်း, ဆေး ပစ္စည်းလေးပါး လုံခြုံငုံမိသောစာပိုဒ်ဖြစ်သည်။ လူယောဂီများအတွက် **ဣ** **သည့်စားဖွယ်၊ အမယ်မယ်ကို** အစချီသော ဆွမ်းဆင်ခြင်ပုံကိုသာ အဓိကထား သင်ပြကြသည်။

### တောင်းပန်ဝန်ချခြင်း

၃။ လွန်ကျူးမိသမျှ ပြစ်မှားမိသမျှ အပြစ်တွေကို ပျောက်ပျက်စေရန် ဝန်ချတောင်းပန်ရမည်။

## ဝန်ချတောင်းပန်ပုံ

အနမတဂ္ဂ သံသရာဘဝမှ ယခုဘဝ ယနေ့ကျအောင် သူတထူးတို့အပေါ်၌ ကာယကံမြောက် ဝစီကံမြောက် မနောကံမြောက် ပြုမှား ပြောမှား ဆိုမှား ကြံမှား ရှိသမျှ အပြစ်တွေကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်ပါ၏။ ကျေနပ်တော် မူကြပါကုန်။

## ခွင့်လွှတ်ပုံ

အနမတဂ္ဂ သံသရာဘဝမှ ယခုဘဝ ယနေ့ကျအောင် သူတထူးက အကျွန်ုပ်အပေါ်၌ ကာယကံမြောက် ဝစီကံမြောက် မနောကံမြောက် ပြုမှား ပြောမှား ဆိုမှား ကြံမှားရှိသမျှ အပြစ်တွေကို အကျွန်ုပ်က ခွင့်လွှတ်ပါ၏။ ကျေနပ်ကြပါကုန်။

ဤတောင်းပန်ဝန်ချ ခွင့်လွှတ်မှုနှင့်ပတ်သက်၍ တစ်ဦးတည်းအတွက် ဖော်ပြပါစာပိုဒ်များသည် အလွန်ကောင်းပါသည်။ အများအတွက် သီးသန့်မရေးတော့ဘဲ ဩကာသကန်တော့ချိုး ကို အမြဲရွတ်ဆို တောင်းပန်ကန်တော့ရသောကြောင့် ဩကာသကန်တော့ချိုးဖြင့်သာ တောင်းပန်ဝန်ချခွင့်လွှတ်ခြင်းကိစ္စကို အပြီးဆောင်ရွက်ကြပါသည်။

## ခန္ဓာကိုယ် အပ်နှင်းခြင်း

၄။ ကြောက်ဖွယ်အာရုံ တွေ့ရှိ ထင်မြင်လာသောအခါ ကြောက်လန့်မှုကင်းရန်, တုန်လှုပ်မှုကင်းရန်, ရဲရင့်စေရန်, မိမိ၏ခန္ဓာကိုယ်ကို ဘုရားရှင်အားလည်းကောင်း တရားပြသော ဆရာသမားများလည်းကောင်း ခွင့်လွှတ်အပ်နှင်းရမည်။

[ဣမာဟံ ဘဂဝါ အတ္တဘावံ တုမှာကံ ပရိစ္စဇာမိ ' တိ ဝေဝ ဗုဒ္ဓသ ဘဂဝတော အတ္တာ နိယျာတေတမ္ဘော။ နိယျာတိတတ္တာ ဘာဝသ ပနသ ဘေရဝါရမ္မဏော အာပါထမာဂတေပိ ဘယံ နု ဥပ္ပဇ္ဇတိ။

အာစရိယသ နိယျာတေန္တေနာပိ ဣမာဟံ ဘန္တေ အတ္တာဘာဝံ တုမှာကံ ပရိစ္စဇာမိ' တိ ဝတ္တာပ္ပံ။ (ဝိသုဒ္ဓိ၊ ၆ - ၁ - ၁၁၁ - ၁၁၂ - )]

## စွန့်လွှတ်အပ်နှင်းပုံ

လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ဝတ်ကော်သီ သင်္ကန်းကို စမ္ဘာယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီလျက်- ယခုတရားအားထုတ်နေဆဲကာလ၌ - အကျွန်ုပ်ခန္ဓာကိုယ်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအား စွန့်ပါ၏။ အပ်နှင်းပါ၏။ တရားပြပေးသော ကမ္မဋ္ဌာနာစရိယ ဆရာတော်အား အကျွန်ုပ်၏ ခန္ဓာကိုယ်ကို စွန့်လှူပါ၏။ အပ်နှင်းပါ၏ ဟု ဆိုရ၍ အပ်နှင်းရမည်။

- ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါး၊ မြတ်ဘုရားအား လှူပါ၏။
- ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါး၊ ဆရာသမားအား လှူပါ၏။

## စိတ်ဓာတ်မြှင့်တင်နည်း

၅။ မိမိ၏စိတ်ဓာတ်ကို တက်ကြွလာအောင် မြှင့်တင်ပေးရမည်။

## မြှင့်တင်ပေးပုံ

[ဗုဒ္ဓ ဓမ္မ သံဃ ဂုဏာနုသရဏေန ပီတိပါမောဇ္ဇံ ဇနယိတ္တာ 'အယံ ဒါနိ သာ သဗ္ဗ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ အရိယသာဝကေဟိ ပဋိပန္နာ နေက္ခမ္မပဋိပဒါ' တိ ပဋိပတ္တိယာ သဏ္ဌာတဂါရဝေန 'အဒ္ဓါ ဣမာယ ပဋိပဒါယ ပဝိဝေကသုခရသ္သ ဘာဂီ ဘဝိဿာမိ' တိ ဥဿာဟံ ဇနယိတ္တာ။ (ဝိ၊ ၆၊ ၁၊ ၁၂၁)]

၁။ ခပ်သိမ်းသောရုပ် နာမ် ခန္ဓာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ငြိမ်သက်၏။ မွန်မြတ်၏။ ကောင်းမြတ်လှ၏။ ချမ်းသာလှ၏။

၂။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ကိလေသာတို့ကို ဖယ်ခြင်းငှာစွမ်းနိုင်သော မဂ်တရားသည် ဦးမ်သက်၏။ မွန်မြတ်၏။ ကောင်းမြတ်လှ၏။ ချမ်းသာလှ၏။

၃။ ထိုမဂ်တရား နိဗ္ဗာန်တရားသည် ဤဝိပဿနာအကျင့်ဖြင့် သိမြင် ရပေတော့အုံ့။ ခပ်သိမ်းသော ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ အရိယာသူမြတ်တို့၏ သွားမြွလမ်း ဝိပဿနာ အကျင့်ကို အားထုတ်ရ ပေတော့အုံ့။

၆။ မိမိစိတ်ဓာတ်ကို ကြည်လင်ရှင်ပြလာစေရန် ဘုရားဂုဏ်တော်ကို ပွားများရမည်။ တရားဂုဏ်တော်ကို ပွားများရမည်။ သံဃာဂုဏ်တော်ကို ပွားများရမည်။ ရတနာသုံးပါး၏ ဂုဏ်ရည်ဖြင့် မိမိ၏စိတ်ကို ထုံမွှမ်း ထားရမည်။

[ရတနတ္တယဂုဏာနုသရဏောန စိတ္တံ သမ္မဟံသေတွာ။ (ဝိ၊ ၌ - ၂ - ၂၂။)]

## အရဟံဂုဏ် ပွားများပုံ

(က) **အရဟံ** = ကိလေသာတို့မှ ဝေးတော်မူသော မြတ်စွာ ဘုရား။

(ခ) **အရဟံ** = လူမင်း - နတ်မင်း - ဗြဟ္မာမင်းတို့၏ ဝပ်စင်း ကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက် သော မြတ်စွာဘုရား။

(ဂ) **အရဟံ** = လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ကြည်ဖြူကော် ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

(ဃ) **အရဟံ** = ကိလေသာရန်သူတို့ကို ပယ်သတ်တော် မူတတ် သော မြတ်စွာဘုရား။

(င) အရဟံ = သံသရာတည်းဟူသော စက်၏အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရား။

(စ) အရဟံ = မကောင်းမှု အကုသိုလ်ပြုရန် ဆိတ်ကွယ်ရာ အရပ် ရှိတော်မမူသော မြတ်စွာဘုရား။

[ဤ၅ အရဟံဂုဏ်တော် ပွားများပုံ တစ်ခုမျှ ကိုသာ ဖော်ပြလိုက်သည်။ မိမိစိတ် ရှင်လန်းတက်ကြွလာသည်အထိ ရတနာသုံးပါး ဂုဏ်ရည်များကို ပွားများ အားထုတ်ရမည်ဖြစ်သည်။]

## မေတ္တာဘာဝနာ

၇။ ချမ်းသာစွာ တရားအားထုတ်နိုင်ရန်နှင့် အန္တရာယ်ကင်းစေရန် မေတ္တာကိုပွားများရမည်။

[ကမ္မဋ္ဌာန်းကေန ဘိက္ခုနာ ပဌမ် တာဝ ပရိစ္ဆိန္နိတ္တာ သီမဋ္ဌက ဘိက္ခု သံဃ မေတ္တာ ဘာဝေတဗ္ဗာ၊ တတော သီမဋ္ဌဒေဝတာသု။ (၀၊ ၆၊ ၂၊ ၂၁)]

## ပွားများပုံ

(က) ဤကျောင်းတိုက် ဥပစာသိမ်တွင်းရှိ သံဃာတော်သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊ ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိကိုယ်ကိုချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

(ခ) ဤကျောင်းတိုက် ဥပစာသိမ်တွင်းရှိ ကျောင်းစောင့်နတ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊ ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

(ဂ) ငါတို့၏ ဆွမ်းခံရာ ဂေါစရဂါမ် မြို့ရွာရှိ အစိုးရမင်းတို့သည်

ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊ ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

(ဃ) ငါတို့၏ ဆွမ်းခံရာ ဂေါစရဂါမ် မြို့ရွာရှိ လူအပေါင်းတို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊ ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွတ်ဆောင်နိုင်ကြပါစေ။

(c) ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည် ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊ ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွတ်ဆောင်နိုင်ကြပါစေ။ [မေတ္တာသုတ် ဖြစ်ပေါ်လာပုံနှင့် မေတ္တာအကျိုးများကို ရှင်းပြဟောပြသင့်သည်။ သို့မှသာ စိတ်ကြည်နူးမှု မေတ္တာဘာဝနာကို လိုလိုလားလား၊ ထက်ထက်သန်သန် ပွားများကြမည်။

– အားလုံးသတ္တဝါ၊ ဘေးရန်ကွာ၊ ကျန်းမာချမ်းသာကြပါစေ။
– ကျန်းမာချမ်းသာ၊ ဘေးရန်ကွာ၊ သာသနာပြုနိုင်ကြပါစေ။]

## အသုဘဘာဝနာ

၈။ တဏှာရာဂကို ပယ်ဖျက်ရန် အသုဘဘာဝနာကို ပွားရမည်။ **အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ။** (ဝိသုဒ္ဓိ ၆၊ ၁၊ ၁၁၁)

## ပွားများပုံ

ဤခန္ဓာကိုယ်ကြီးသည် စက်ဆုတ် ရွံရှာဖွယ်ကြီးပါတကား။

(က) ဆံပင် မွေးညှင်း ခြေသဲ လက်သဲ သွား အရေတို့သည် စက်ဆုတ်ရွံရှာဖွယ်ကြီးပါတကား။

(ခ) အသား အကြော အရိုး ခြင်ဆီ အညို့တို့သည် စက်ဆုတ်ရွံ့ရှာဖွယ်ကြီးပါတကား။

(ဂ) နှလုံး အသဲ အမြွေး အဖျင်း အဆုတ်တို့သည် စက်ဆုတ်ရွံ့ရှာဖွယ်ကြီးပါတကား။

(ဃ) အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် တို့သည် စက်ဆုတ်ရွံ့ရှာဖွယ်ကြီးပါတကား။

(င) သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲတို့သည် စက်ဆုတ်ရွံ့ရှာဖွယ်ကြီးပါတကား။

(စ) မျက်ရည် ဆီကြည် တံထွေးနှင့် အစေး ကျင်ငယ်တို့သည် စက်ဆုတ်ရွံ့ရှာဖွယ်ကြီးပါတကား။

ယင်းသည် **သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်း**ပင်ဖြစ်သည်။ **ကာယဂတာသတိကမ္မဋ္ဌာန်း** ဟုလည်းခေါ်သည်။ သုံးဆယ့်နှစ်ပါးလုံး အာရုံမပြုနိုင်တောင် **တစပ္ပဂကကမ္မဋ္ဌာန်း** ကိုတော့ အာရုံပြုနိုင်အောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။

## တစပ္ပဂ ကမ္မဋ္ဌာန်း

**အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော-**ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ မွေးညင်းရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညှိနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။

## မရဏသတိ ဘာဝနာ

၉။ မရဏသတိကို ပွားများရမည်။

အပြစ်ရှိသော ရှာဖွေမှုကို ပယ်စွန့်ရန်, သံဝေဂဖြစ်ပွားစေရန်, သံသရာဝဋ္ဋဆင်းရဲမှ ထွက်မြောက်လိုမှု ဖြစ်စေရန်, မာန်မာနကို ပယ်ရန်,

စိတ်ဓာတ်တွန့်ဆုတ်မှုကို ပယ်ဖျက်ရန်, အားထုတ်မှု ဝီရိယ ထက်သန်စေရန်, မရဏာသတိ=သေခြင်းတရားကို စွဲ၍ ဖြစ်သော သတိကို ပွားများရမည်။

## မရဏာသတိ ဆင်ခြင်ပွားများပုံ

[မရဏာသတိယာ ပန 'အဝသံ မရိတဗ္ဗ' န္တိ စိန္တေန္တော အနေသနံ ပဟာယ ဥပရူပရိဝမုမန သံဝေဂေါ အနောလီနဝုတ္တိကော ဟောတိ။ (ဝိ၊ ၆၊ ၂၊ ၂၁)]

ငါသည် သံသရာအဆက်ဆက် ဘဝအဆက်ဆက်က သေခဲ့လှလေပြီ။ ငါသည် မချွတ်ကေန် သေရလတ္တံ့။ (နှစ်ခေါက်)

ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည် ဟု မိုးကုတ်ဆရာတော်က ညွှန်ကြားထားသည်။ ၄င်းအတိုင်း မိုးကုတ်တရား စခန်းများမှာ ဆိုရိုးပြုထားကြသည်။

## တရားတောင်း

၁၀။ ဓမ္မဂရုဖြစ်စေရန်နှင့် ဓမ္မဆန္ဒ ထက်သန်စေရန် တရားတောင်းရမည်။

[ယောဂိနာ ကမ္မဋ္ဌာန ဒါယကံ ကလျာဏ မိတ္တံ ဥပသင်္ကမိတွာ ဗုဒ္ဓသ ဝါ ဘဂဝတော အာစရိယသ ဝါ အတ္တာနံ နိယျာတေတွာ သမ္မန္နဖ္ကာသယေန သမ္မန္နမိမုတ္တိနောစ ဟုတွာ ကမ္မဋ္ဌာနံ၊ ယာစိတဗ္ဗံ။ ယောဂီသည် ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းထံ ချဉ်းကပ်၍ မြတ်စွာဘုရားအားလည်းကောင်း၊ ကမ္မဋ္ဌာန်းဆရာအားလည်းကောင်း မိမိ၏ခန္ဓာကိုယ်ကို အပ်နှင်း၍ ပြည့်စုံသော အလိုဆန္ဒ, ထက်သန်သောစိတ်ရှိလျက် ကမ္မဋ္ဌာန်းတောင်းအပ်၏။ တရားတောင်းရမည်။]

(ဝိသုဒ္ဓိ ၆ - ၁ - ၁၁၁။)

## တရားတောင်းပုံ

ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ပင် မအိုရာ, မနာရာ, မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးငှာ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ အကျင့်ကောင်း တရားတော်ကို ပေးသနားတော်မူပါ မြတ်စွာဘုရား။

* **တရားလိုလား၊ တပည့်တော်အား၊**
  **ကမ္မဋ္ဌာန်းပေးတော်မူပါ ဘုရား။**
* **သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနသ သစ္ဆိက ရဏတ္ထာယစ မေ ဘန္တေ ကမ္မဋ္ဌာနံ ဒေဟိ** ဟု ပါဠိဘာသာ ဖြင့်လည်း တောင်းနိုင်သည်။

## ပဋိညာဉ်

၁၁။ တရားတော်၌ ရိုသေစေရန် ဓမ္မာဓိပတေယျဖြစ်စေရန် စိတ်ဓာတ် တွန့်ဆုတ်လာသောအခါ ဟိရိသြတ္တပ္ပဖြစ်စေရန်, ပဋိညာဉ် ဝန်ခံကတိပြုရမည်။

## ဝန်ခံကတိပြုပုံ

ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင် မအိုရာ မနာရာ မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအကျင့်ကောင်းတရားတော်မြတ်ကို စွမ်းအားရှိသလောက် ကျင့်ကြံကျိုးကုတ်ပွားများ အားထုတ်ပါအံ့ မြတ်စွာဘုရား။

**အသေမဦးခင် ဉာဏ်ဦးအောင် တရားတော်ကို ကြိုးစား ပွားများ အားထုတ်ပါမည် အရှင်ဘုရား။**

မှတ်ချက် ။ ။ တစ်နေ့တာ ရှုမှတ်သောအခါ ပထမဦးဆုံးအကြိမ် ၌သာ အစီအစဉ်အတိုင်း ပရိုက်တည်ရမည်။

တရားရှုမှတ်ရာမှ ထသောအခါ, သို့မဟုတ် တရားဖြုတ်သော အခါ မိမိပြုသော တရားထုတ်မှု ရှုမှတ်မှု ကျင့်ဝတ်ကောင်းမှုဖြင့် ရတနာသုံးပါးကိုပူဇော်ရန် တောင်းဆုပြုရန်ဖြစ်သည်။ ထို့ပြင် ဝေနေယျာ သတ္တဝါတွေကိုလည်း အမျှ ပေးရသည်။ ၄င်းတို့ကို ဤနေရာ၌ အဆင်သင့်သဖြင့် တစ်ပါတည်း ဖော်ပြလိုက်ပါသည်။

**ရတနာသုံးပါး ပူဇော်ပုံ**

- **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊**
- **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊**
- **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ၊**
- **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ**–ဤလောကတွင်ရှာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။
- **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ**–ဤလောကတွင်ရှာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ **ဓမ္မံ**–တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။
- **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ**–ဤလောကတွင်ရှာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ **သံဃံ**–သံဃာတော် အရှင်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

**ဆုတောင်း**

**ဤသို့ပြုရ မြတ်ဗုဒ္ဓကြောင့် ချမ်းမြေအေးကြည်ဘေးမဲ့မည်သည် ရွှေပြည်ထုတ်ခြောက် လမ်းမကောက်ဘဲ ရောက်ရပါလို ထိုထိုဘဝ ကျင်လည်ရလဲ ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ ရဘဲ သဗ္ဗဂ္ဂစ္ဆာ မင်္ဂလာကို ရွယ်ကာတတိုင်း ရစေသော်...။**

အမျှဝေ

ယနေ့. ယခု ပြုပြုသမျှ ကုသလ၏ မြတ်ဘာဝကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစု၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့. ရကြပါစေ ပေးဌဝေသည် များထွေသာဝ ခေါ်စေသော်ဝ်... ။

# အာနာပါနဖြင့် သမာဓိထူထောင်နည်း

ဘုန်းကြီးဆီရောက်လာကြတဲ့ ဒကာ၊ ဒကာမတွေကို တစ်ရက် နှစ်ရက် သမာဓိကို ထူထောင်ခိုင်းထားတယ်။ သမာဓိတည်မှ ဝိပဿနာ အားထုတ်ပုံကို သင်ပေးပါတယ်။

ဒကာ ဒကာမတွေ ဝိပဿနာတရားအားမထုတ်မီ သမာဓိကို အရင်ထူထောင်ရမှာ ဖြစ်တယ်။ ဘုရားရှေ့မှာထိုင်၊ အိပ်ရာပေါ်မှာထိုင်၊ ထိုင်ချင်တဲ့နေရာမှာထိုင်ပြီး အသက်ကိုမှန်မှန်ရှူပါ၊ လေကလေး အပြင်ဘက်ထုတ်တာလည်း သိနေပါ၊ နှာသီးဖျားမှာ စိတ်ထားပြီး လေကလေး ဝင်လာတာလည်း သိနေရမယ်၊ လေကလေးဝင်တာသိ၊ လေကလေး ထွက်တာသိ၊ လေပေါ်မှာ သတိနဲ့သမာဓိကည်နေတယ်၊ (၁၀)မိနစ်၊ (၁၅) မိနစ်၊ နာရီဝက်၊ လေကလေး ဝင်တိုင်းသိ၊ ထွက်တိုင်းသိ၊ သိနေပြီး စိတ်ဟာလေပေါ်မှတစ်ပါး ဘယ်မှထွက်မပြေးတဲ့အတွက် သမာဓိတည်နေ တယ်လို့ မှတ်ကြပါ။

အမျိုးသားများ တင်ပလ္လင်ခွေထိုင်ပါ။ အမျိုးသမီးများ ဒူးထုပ် ထိုင်ပါ။ တင်ပလ္လင်ခွေလည်း ထိုင်နိုင်ပါတယ်၊ မိမိနဲ့ အဆင်ပြေသလို ထိုင်ပါ။ အသက်ကို မှန်မှန်ရှူပါ၊ လေဝင်တာလည်း သိရမယ်၊ နှာသီးဖျား တိုက်ပြီး လေထွက်သွားတာကိုလည်း သိနေရမယ်၊ လေဝင်တာလည်းသိ၊ လေထွက်တာလည်းသိအောင် စောင့်ကြည့်ရမယ်၊ သမာဓိကို ဦးစွာ ထူထောင်နေတာဖြစ်တယ်။

လေဝင်တာသိ၊ ထွက်တာသိလုပ်နေတဲ့အခါမှာ သမာဓိတည် ကြည်လာတယ်၊ ခါးကအောင့်လာတယ်ဆိုတော့ ဝင်တာသိ၊ ထွက်တာသိ

ကို ဖြုတ်လိုက်ပါ။ အောင့်တဲ့နေရာကို ဉာဏ်လှည့်လိုက်ပါ။ ခြေသလုံးက အောင့်ရင် ခြေသလုံး၊ အောင့်နေတဲ့နေရာကို ဉာဏ်လှည့်လိုက်ပါ။ ပင်ကို သဘောမှ ဖောက်ပြန်လာတာ၊ ဖောက်ပြန်တဲ့နေရာကို ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါမှာ အောင့်တဲ့စိတ်ကချုပ်ပြီး ဉာဏ်စိတ်ကလေး အစားထိုးဖြစ်လာတယ်၊ ဖောက်ပြန်ပျက်စီးသွားတာက အနိစ္စ၊ ဖောက်ပြန်ပျက်စီးသွားပြီလို့ သိတာက လောကီမဂ္ဂသစ္စာ၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေတယ်၊ ဝိပဿနာ ရှုတယ်ဆိုတာ ခန္ဓာကိုစောင့်ကြည့်တဲ့ အလုပ်ဖြစ်တယ်။

**ကာယမိမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ။**

**ကာယေ သဘာဝံ ဝိဒိတ္ဝာန၊ ဒုက္ခသန္တံ ကရိဿသိ။**

**ဣမံ ကာယံ**= ခန္ဓာငါးပါးရုပ်နာမ်တရားကို၊ **သမ္မသထ**=စောင့်ပြီးကြည့်စမ်းပါ၊ သုံးသပ်ကြပါ။ **ပုနပ္ပုနံ**-အဖန်တလဲလဲ၊ **ပရိဇာနာထ**=စောင့်ကြည့်ပေးစမ်းပါ၊ သိအောင်လုပ်ကြပါ။ **ကာယေသဘာဝံ**=ကိုယ်ဌ်ရှိတဲ့သဘောကို၊ **ဝိဒိတ္ဝာန**=ပျက်တာ အစားထိုးတာ သိခြင်းကြောင့်၊ **ဒုက္ခသ**=ဒုက္ခ၏၊ **အန္တံ**=အဆုံးဖြစ်သော နိဗ္ဗာန်ကို၊ **ကရိဿသိ**-ရောက်ပါမြင်ပါလိမ့်မယ်။ **သစ္ဆိက ရိဿထ**-မျက်မှောက်ပြုကြကုန်လော့။

ခန္ဓာကိုယ်ကြီး စောင့်ပြီးသုံးသပ်စမ်းပါ။ ပေါ်လာတဲ့တရားကဖြစ်ပြီးပျက်တယ်။ စောင့်ကြည့်တာက မဂ်၊ တောထဲကကျားဟာ အပြေးတော့မသန်ဘူး။ အဖမ်းတော့မြန်သလို မိလိန္ဒပဉ္ဘာက စောင့်ဖမ်းစားပါလို့ ဟောထားတယ်။ ရှုမှုကလေး မှန်မှန်ရှု ရှိုက်မှုကလေး မှန်မှန်ရှိုက်ရာက အထူးတရားကလေးပေါ်လာလို့ရှိရင် ဝိပရိဏာမ လက္ခဏာ ဒုက္ခသစ္စာလို့ရှုလိုက်ပါ။ ဒုက္ခသစ္စာလို့သိတာ မဂ္ဂသစ္စာပဲ။ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေတယ်။

အပျက်တွေကို ဉာဏ်ထဲမှာ ထင်ထင်ရှားရှား တွေ့နေပြီဆိုရင် အပျက်နဲ့ မဂ်နဲ့ကိုက်နေတယ်။ ယထာဘူတဉာဏ်ကို ရတယ်၊ ခန္ဓာထဲမှာ ပေါ်လာတဲ့ တရားတွေကို အပျက်မှာ လမ်းဆုံးတယ်လို့

ဟုတ်တိုင်းမှန်စွာ သိလာတဲ့ ယထာဘူတဉာဏ်ကိုရတယ်၊ အပျက်တွေကို အထင်အရှား တွေ့နေရပြီဆိုရင် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဒီဉာဏ် သုံးဉာဏ်ကို ပေါင်းထားတယ်၊ ယထာဘူတဉာဏ် ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင် မြင်ပြီး ရလိုက်တယ်။

ဆက်ပြီး ရှုမှတ်ပွားများလိုက်တဲ့အခါမှာ အပျက်တွေချည်းမြင်နေရတော့ မကြည့်ချင်တော့ပါဘူးဆိုပြီး မုန်းလာတယ်။ ငြီးငွေ့လာတယ်၊ နိဗ္ဗိန္ဒာဉာဏ်ကို တဆင့်တက်ပြီးရလိုက်တယ်၊ အိမ်ရှေ့လမ်းမှာ မသာတွေပို့နေတာ တွေ့မြင်ရတော့ မကြည့်ချင်သလို အပျက်တွေမြင်ရတော့ ရွံ့မုန်းငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ်ကို ရလိုက်တယ်။ ဒီဉာဏ်ထဲမှာ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒဆိုတဲ့ဉာဏ်တွေကို ပေါင်းထားတယ်။ နိဗ္ဗိန္ဒာဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်မြင်ပြီးရလိုက်တယ်။

ဆက်ပြီး ရှုမှတ်ပွားများလိုက်တဲ့အခါမှာ နိဗ္ဗိန္ဒာဉာဏ်ကနေတဆင့်တက်ပြီး ခန္ဓာကြီးဟာ ဒုက္ခခန္ဓာအစစ်ပဲ၊ ဒုက္ခသစ္စာသက်သက်ပါပဲလား၊ ဆင်းရဲတဲ့ခန္ဓာ၊ နှိပ်စက်တဲ့ခန္ဓာ၊ ဖောက်ပြန်ပျက်စီးနေတဲ့ ဒုက္ခသစ္စာပဲလို့ မြင်ပြီး ခန္ဓာဒုက္ခမှ ကျွတ်လိုလွတ်လိုစိတ်တွေ ဖြစ်လာတယ်၊ လက်ရှိခန္ဓာကို မလိုချင်တဲ့စိတ်တွေ အပြင်းအထန် ဒုက္ခခန္ဓာကို ဉာဏ်နဲ့စွန့်လိုက်တယ်၊ ခန္ဓာချုပ်ပြီး သုခနိဗ္ဗာန်ကို ဉာဏ်ကချမ်းသာစစ် ကိုယ်တိုင်ရလိုက်တယ်၊ ဒါလောကုတ္တရာမဂ်စစ်ဖြစ်တယ်၊ မဂ်စစ်ထဲမှာ မုစ္စိတုကမျတာဉာဏ်၊ ပဋ္ဌိသခီဉာဏ်၊ အနုလောမဉာဏ်တွေ စုပေါင်းထားခြင်းဖြစ်တယ်၊ မဂ်ဉာဏ်လို့ခေါ်တယ်၊ မဂ်စစ်ကိုရပြီဆိုရင် တဏှာကိုစွန့်တယ်၊ နိဗ္ဗာန်ကိုမြင်တယ်၊ ခန္ဓာလည်းစွန့်၊ နိရောဓသစ္စာကို မျက်မှောက်ပြုတယ်လို့ အသေအချာ မှတ်ရမယ်။

၄င်းသည် မိုးကုတ်ဆရာတော်၏ ဟောပြောချက်ဖြစ်သည်။ တိုတိုနှင့် လိုရင်းထိမိ၍ ကြိုက်နှစ်သက်သောကြောင့် ဖော်ပြလိုက်သည်။

## အာနာပါနဂုဏ်ရည်

ဝင်လေ၊ ထွက်လေကို ရှုဆင်ခြင်ခြင်းအပိုင်းသည် **အာနာပါန သတိပင်ဖြစ်သည်။**

**ဣဒံ ပန အာနာပါနသတိကမ္မဋ္ဌာနံ ဂရုကံ ဂရုက ဘာဝနံ ဗုဒ္ဓ– ပစ္စေကဗုဒ္ဓ– ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရဘူမိဘူတံ၊ နစေဝ ဣတ္တရံ၊ နစ ဣတ္တရသတ္တသမာသေဝိတံ၊ ယထာ ယထာ မနသိ ကရီယတိ၊ တထာတထာ သန္တဋ္ဌေ ဟောတိ သုခုမဋ္ဌေ။ တသ္မာ ဇဏ္ဍ ဗလတိ သတိစ ပညာစ ဣဒ္ဓိတဗ္ဗာ။ (ဝိ၊ ၌၊ ၂၊ ၂၈ ဝိသုဒ္ဓိ–၁–၂၇၆)**

အာနာပါနသတိကမ္မဋ္ဌာန်းသည် ခဲယဉ်း၏။ ခဲယဉ်းသော ဘာဝနာလုပ်ငန်းရပ်လည်းဖြစ်သည်။ (၁) ဗုဒ္ဓ (၂) ပစ္စေက ဗုဒ္ဓ (၃) ဗုဒ္ဓပုတ္တာဘုရားသားတော် ယောဂျားမြတ်တို့၏သာ နှလုံးသွင်းရာဘုံဌာန ဖြစ်သည်။ သိမ်သိမ်ငယ်ငယ်မဟုတ်။ သိမ်သိမ်ငယ်ငယ် သတ္တဝါတို့မှီဝဲ ပွားများနိုင်သောဘာဝနာလုပ်ငန်းရပ်လည်းမဟုတ်။ မိမိနှလုံးသွင်း ဆင်ခြင်သည့်အတိုင်း ငြိမ်သက်၏။ နူးညံ့သိမ်မွေ့၏။ ထို့ကြောင့် ဤအာနာပါန သတိကမ္မဋ္ဌာန်းဌ အလွန်အားကောင်းအားသန်သော သတိနှင့်ပညာကို အလိုရှိရသည်။ သတိပညာအားကောင်းမှ အာနာပါနလုပ်ရတာ အရသာ ရှိသည်" ဟု အဋ္ဌကထာတို့ဌ ဖွင့်ဆိုထားသည်။

- ❑ ငြိမ်သက်, မွန်မြတ်၊ ဖြည့်စွက်အပ်၊ မရှိ ကေန်မှတ်။
- ❑ နေဘိချမ်းသာ၊ ပါပကာ၊ ပယ်ခွာကျိုးဖလ။

**အယမ္ပိခေါ ဘိက္ခဝေ အာနာပါနသတိသမာဓိ ဘာဝိတော ဗဟုလီကတော သန္တောစေဝ ပဏီတောစ အသေစနကောစ သုခေါစ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဌမ္မေ ဌာနသော အန္တရ ဓာပေတိ ဥပသမေတိ။ (သံ–၃– ၂၇၉၊ ဝိ၊ ၁၊ ၈၈)**

ရဟန်းတို့... ဤအာနာပါနသတိသမာဓိသည် ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုလုပ်အပ်သည် ရှိသော် ငြိမ်လည်းငြိမ်

သက်၏။ မွန်လည်းမွန်မြတ်၏။ ထပ်လောင်းဖြည့်စွက်စရာလည်းမရှိ။ ချမ်းသာစွာနေရာလည်းဖြစ်၏။ ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်းသော အကုသိုလ် အယုတ်တရားတို့ကိုလည်း တခဏချင်း ငြိမ်းအေးကွယ်ပျောက်စေနိုင်၏ဟု အာနာပါနကမ္မဋ္ဌာန်း၏ ငြိမ်သက်မွန်မြတ်ပုံ အကျိုးအာနိသင်ကြီးမားပုံကို ဘုရားရှင်က ချီးမွမ်းထားတော်မူသည်။

- ❑ **အာနာပါန၊ ရှုပွားက၊ ပြည့်ဝ သတိပဋ္ဌာန်။**
- ❑ **သတိပဋ္ဌာန်၊ ကျင့်ကြံပြန်၊ ပြည့်လျှံ ဗောဇ္ဈင်။**
- ❑ **ဗောဇ္ဈင်ခုနှစ်ပါး၊ ရှုမှတ်ပွား၊ ရင်ကြား မင်ဖိုလ်ဉာဏ်။**

**အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ၊ စတ္တာရော သတိပဋ္ဌာနေ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ။**

ရဟန်းတို့ အာနာပါနသတိ ကမ္မဋ္ဌာန်းကို ကြိမ်ဖန်များစွာ ပြုလုပ်ပွားများသည်ရှိသော် (၄)ပါးသော သတိပဋ္ဌာန်တို့ကို ပြည့်စုံစေနိုင်၏။ (၄)ပါးသော သတိပဋ္ဌာန်တရားတို့ကို ကြိမ်ဖန်များစွာ ပွားသည်ရှိသော် (၇)ပါးသော ဗောဇ္ဈင်တရားတို့ကို ပြီးပြည့်စုံစေနိုင်ကုန်၏။ (၇)ပါးသောဗောဇ္ဈင်တရားတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်ပွားများသည်ရှိသော် မင်ဉာဏ်, ဖိုလ်ဉာဏ်အထူးကို ပြီးပြည့်စုံစေနိုင်ကုန်၏ဟုလည်း မိန့်တော်မူခဲ့သည်။ (မ-၃-၁၂၄)

**(၁) တစ်ထိုင်အတွင်း၊ အပါယ်ကင်း၊ ဖြစ်ခြင်းရဟန္တာ။**

**ဣဓ ဘိက္ခု အာနာပါနသတိ အနုယုတ္တော ကောသနေ နိသိန္နောဝ သဗ္ဗာသဝေ ခေပေတ္တာ အရဟတ္တံ ပါပုဏာတိ၊**

ဤသာသနာတော်၌ ရဟန်းသည် အာနာပါနသတိကို အဖန်တလဲလဲ အားထုတ်လျက် တစ်ထိုင်တည်းသောနေရာ၌ နေလျက်ပင် အလုံးစုံသော အာသဝေါတရား(၄)ပါးတို့ကုန်စေ၍ အရဟတ္တဖိုလ်သို့

ရောက်နိုင်၏။ အရဟတ္တဖိုလ်ရောက်အောင် မစွမ်းနိုင်ခဲ့သော် သေခါနီး ကာလ၌ သမသီသိရဟန္တာဖြစ်နိုင်၏။

(၂) သေခါနီးမှာ၊ ရဟန္တာ၊ မှန်စွာဖြစ်နိုင်တာ။

တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ ကွယ်လွန်ခါနီးတွင် သမသီတိ ရဟန္တာဖြစ်နိုင်သည်။

(၃) နတ်စည်းစိမ်များ၊ ခံစံစား၊ ပျော်ပါးထက်နတ်ရွာ၊
သို့ပင်ပျော်ငြား၊ မြတ်တရား၊ ရငြားလွယ်ကူစွာ။

တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိက ဒေဝပုတ္တသ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊

ရဟန္တာမဖြစ်တဲ့ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်ကာ ဓမ္မကထိက နတ်သား၏ တရားတော်ကိုကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။

(၄) သာသနာပင်၊ မတွေ့လျှင်၊ ဉာဏ်ယှဉ်ပစ္စေကာ၊

**တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိ သစ္ဆိ ကရောတိ** = နတ်ပြည်၌ ရဟန္တာ မဖြစ်ခဲ့သော် ဘုရားရှင်တို့ပွင့်ရာ ခေတ်ကာလနှင့် မကြုံတွေ့ခဲ့လျှင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုနိုင်၏။

(၅) သာသနာတွင်း၊ လူဖြစ်ခြင်း၊ ဖြစ်ခြင်းအရိယာ။
ဝိပဿနာတရား၊ ကျိုးဆင့်ပွား၊ မှတ်သားထားကြပါ။
– ထေရ ဗာဟိယ၊ ပမာပြု၊ မှတ်ကြတရားနာ။
– ရာဟုလောဝါဒ၊ သုတ္တန်မှ၊ ထုတ်ပြဌကထာ။
ဝိပဿနာအကျိုးပြ၊ ကျင့်ကြက၊ မုချရနိုင်တာ။

တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံသမ္မုခီဘာဝေ ဗာဟိယတ္ထေရာဒ ယော ဝိယ ခိပ္ပါဘိညော ဟောတိ။ (မ၊ ၆၊ ၃၊ ၉၆)

ပစ္စေကဗောဓိဉာဏ် မျက်မှောက် မပြုနိုင်သေးသော် ပွင့်တော်မူမည့်ဘုရားရှင်တို့၏ မျက်မှောက်၌ လျှင်မြန်သောအသိဉာဏ်ရှိသည့်

ခိပ္ပါဘိညရဟန္တာဖြစ်နိုင်သည်ဟု မဏ္ဍိမပဏ္ဏာသအဋ္ဌကထာ မဟာရာဟု လောဝါဒ သုတ္တဝဏ္ဏနာ၌ ဖွင့်ဆိုထားသည်။

## ဝိပဿနာဂုဏ်ရည်

❑ ညည်းညူမရှိ, မြဂတိနှင့်, သတိမမေ့, ချိန်နေ့သိပြန်, မျက်လန်ကြောဆွဲ, မရှိဘဲလျက်, သေလည်းမတောင့်တင်း, ပုပ်နံ့ကင်းသည်, ကျိုးရင်း ဝိပဿနာတန်ခိုးတည်း။

❑ လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင့်တဘဲ၊ ကြောင့်ကြဲဖွဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ဖန်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းမှန်မူ၊ ထိုသည်သူကား၊ အယူမလွဲ၊ ဂတိမြင်။

မီးစွဲလောင်မှ၊ ရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်၊ ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့်။

ကိစ္စမလျော်၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်မရဦး၊ ဘဝအစွန်၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍၊ မဖောက်မပြန်၊ သောတာပန်စစ်၊ ဂေန်ဖြစ်သည်၊ မလစ်ဝိပဿနာ အကျိုးတည်း။

## အာနာပါနရှုနည်း

- တောရပ်ကိုချဉ်း၊ သစ်ပင်ရင်း၊ မယွင်းဆိတ်ငြိမ်းရာ။
- သုံးဌာနတွင်၊ တစ်ခုပင်၊ ဉာဏ်ယှဉ်ရွေးချယ်ပါ။
- တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်အောင်ထား။
- ဘယ်အောက်ညာထက်၊ လက်နှစ်ဖက်၊ ထပ်လျက် ပေါင်ရင်းထား။ (အမျိုးသမီး)
- ညာအောက်ဘယ်ထက်၊ လက်နှစ်ဖက်၊ ထပ်လျက် ပေါင်ရင်းထား။ (အမျိုးသား)

- ရှေ့တည့်တည့်သာ၊ ကြည့်ရှုကာ၊ မှတ်ပါဦးခေါင်းထား။
- စိုက်–လန်–ဘေးစောင်း၊ မနေကောင်း၊ ဦးခေါင်းတည့် မတ်ထား။
- အလိုက်သင့်သာ၊ မျက်စိမှာ၊ မှေးကာမှိတ်၍ထား။
- မလှုပ်ကျွန်ခြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။
- ကိုယ်စိတ်နှစ်ထွေ၊ တင်းမနေ၊ လျော့ဖြေ ပျော့ပြောင်းထား။
- နှာသီးအရပ်၊ သတိကပ်၊ မပြတ်ရှုကြည့်ပွား။
- နှာသီးများ၌၊ စိတ်ကိုစိုက်၊ ဖြစ်ခိုက်ရှုကြည့်ပွား။
- ဝင်လေ၊ ထွက်လေ၊ ဉ္ဏနှစ်ထွေ၊ မှတ်လေရှုခံထား။
- အတို အရှည်၊ ဉ္ဏနှစ်လီ၊ သိသည်ယောဂီများ။
- စလယ်အဆုံး၊ သုံးပါးလုံး၊ အားလုံးမိအောင်ပွား။
- ဝင်လေထွက်လေ၊ ငြိမ်းအေးစေ၊ ကျင့်ပေထပ်ထပ်ပွား။
- ဝင်လေထိသိ၊ ထွက်လေသိ၊ သမာဓိ အရင်ပွား။
- ထိသိ လှုပ်သိ၊ ငြိမ်တာသိ၊ ရှုကြည့်ဖြစ်ပျက်ထား။
- နောက်မှ မှတ်ကာ၊ ဝိပဿနာ၊ ရှုပါယောဂီများ။
- ဝင်လေတိုးမှု၊ သတိပြု၊ ရုပ်ဟုရှုပွားပါ။
- ထွက်လေတိုးမှု၊ သတိပြု၊ ရုပ်ဟုရှုပွားပါ။
- ဝင်လေထိမှု၊ သတိပြု၊ ရုပ်ဟုရှုပွားပါ။
- ထွက်လေထိမှု၊ သတိပြု၊ ရုပ်ဟုရှုပွားပါ။
- ထွက်ဝင်ခိုက်ပါ၊ ပူအေးတာ၊ ရှုပါရုပ်ဟုသာ။
- ရင်ဘတ်တိုးတုန်၊ လှုပ်နှင့်ခုန်၊ ရှုတုံရုပ်ဟုသာ။
- တင်ပါးကြမ်းထိ၊ ပူ,အေးကြည့်၊ ရှာဘီတင်းတောင့်ရုပ်ဟုသာ။

## နေရာနှင့် အမှုအရာ

ကွမ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ

သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္မာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္မာ၊ သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။ (သံ-၃-၂၈၀။ မ-၁-၇၀။ ဝိ-၁-၈၈။)

ရဟန်းတို့... ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ, သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ, ဆိတ်ငြိမ်ရာအရပ်သို့သွားရောက်၍ဖြစ်စေ, တင်ပလ္လင်ခွေထိုင်ပြီးလျှင် အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို အာနာပါနကမ္မဋ္ဌာန်းသို့ ရှေ့ရှုဖြစ်စေလျက် ထိုင်နေ၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ဝင်လေကို ရှူသွင်း၏။ သတိရှိလျက်သာလျှင် ထွက်လေကို ရှိုက်ထုတ်၏။ (သံ-၃-၂၈၀။ မ-၁-၈၈၊ ဝိပ၊ က။)

"တောသို့သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်သို့သွားရောက်၍ဖြစ်စေ" ဟူသောစကားသည် အာနာပါန ကမ္မဋ္ဌာန်းပွားများအားထုတ်သောပုဂ္ဂိုလ်, အားထုတ်လိုသောပုဂ္ဂိုလ်၏ အာနာပါနသတိသမာဓိဘာဝနာအား သင့်လျော်လျောက်ပတ်ကောင်းမြတ်သောကျောင်း, အိပ်ရာ, နေရာကို သိမ်းဆည်းဖို့ရန် မှီဝဲဖို့ရန် ညွှန်ပြသောစကားတော် ဖြစ်သည်။

ယင်းညွှန်ပြချက်များသည် အားထုတ်ခါစပုဂ္ဂိုလ်များနှင့် သင့်လျော်သောကြောင့်သာဖြစ်သည်။ ဆူညံသံသည် သမာဓိကို ပျက်ပြားစေသည်။ အာနာပါနရှုမှုသည် တည်ငြိမ်မှုသမာဓိရရန် ဦးစွာလုပ်ရသည်။ နောက်မှ ဝိပဿနာသို့တက်ရသည်။ ထို့ကြောင့် ဆိတ်ငြိမ်ရာအရပ်သည် သာ ပဓာနဖြစ်သည်။

## ပါဠိတော်ကျင့်စဉ်

**အာစရိယုဂ္ဂဟတော ကေပဒမ္ပိ အသမ္မုယ္ဟန္တေန ဣဒံ အာနာပါနသတိကမ္မဋ္ဌာနံ မနသိကာတဗ္ဗံ။**

ဆရာ့ထံ သင်ယူပြီးနောက် တစ်ပုဒ်မျှပင် မပျောက်ပျက်အောင် သတိဆောင်လျက် ဤအာနာပါနသတိကမ္မဋ္ဌာန်းကို နှလုံးသွင်းရမည်။ ရှုမှတ်ရမည်။ အားထုတ်ရမည်ဟု မိန့်ဆိုခဲ့ကြသောကြောင့် အာနာပါန ပါဠိတော်ကျင့်စဉ်ကို ပီပြင်စွာသိနိုင်ရန် ပြည့်စုံစွာဖော်ပြလိုက်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၁ ၊ ၂၇၀။ ဝိ၊ ၆ ၊ ၂၊ ၂၂)

**၁။ သော သတောဝ အဿသတိ, သတောဝ ပဿသတိ၊**

ထိုယောဂီသည် သတိရှိလျက်သာလျှင် (ဝါ) သတိပြုလျက်သာလျှင် ဝင်လေကိုရှူ၏။ သတိရှိလျက်သာလျှင်(ဝါ) သတိပြုလျက်သာလျှင် ထွက်လေကိုရှိုက်၏။ (ရှူ-သွင်း၊ ရှိုက်-ထုတ်)

**၂။ ဒီဃံ ဝါ အဿသန္တော, 'ဒီဃံ အဿသာမိ'တိ ပဇာနာတိ၊**
**ဒီဃံ ဝါ ပဿသန္တော, 'ဒီဃံ ပဿသာမိ'တိ ပဇာနာတိ၊**
**ရဿံ ဝါ အဿသန္တော, 'ရဿံ အဿသာမိ'တိ ပဇာနာတိ၊**
**ရဿံ ဝါ ပဿသန္တော, 'ရဿံ ပဿသာမိ'တိ ပဇာနာတိ။**

"ရှည်ရှည်ရှူသည်ရှိသော် ရှည်ရှည်ရှူသည်" ဟုသိ။
"ရှည်ရှည်ရှိုက်သည်ရှိသော် ရှည်ရှည်ရှိုက်သည်" ဟုသိ။
"တိုတိုရှူသည်ရှိသော် တိုတိုရှူသည်" ဟုသိ။
"တိုတိုရှိုက်သည်ရှိသော် တိုတိုရှိုက်သည်" ဟုသိ။

**၃။ 'သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမိ'တိ သိက္ခတိ၊**
**'သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမိ'တိ သိက္ခတိ၊**

စလယ်ဆုံး အလုံးစုံသောဝင်လေကို အသီးသီးကောင်းစွာ ဉာဏ်ဖြင့်သိအောင် ထင်စွာပြုလျက် ဝင်လေကိုရှူအံ့ဟုကျင့်၏။ အားထုတ်၏။ စလယ်ဆုံး အလုံးစုံသော ထွက်လေကို အသီးသီး ကောင်းစွာ ဉာဏ်ဖြင့်သိအောင်ထင်စွာပြုလျက် ထွက်လေကို ရှိုက်အံ့ဟုကျင့်၏။ အားထုတ်၏။

**၄။ 'ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိ'တိ သိက္ခတိ၊**
**'ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိ'တိ သိက္ခတိ။**

'ရှုန့်.ရင်းသောဝင်လေကို ငြိမ်းစေလျက် ရှုအုံ့' ဟု ကျင့်၏။ အားထုတ်၏။

'ရှုန့်.ရင်းသောထွက်လေကို ငြိမ်းစေလျက် ရှိုက်အုံ့' ဟုကျင့်၏။ အားထုတ်၏။

**၅။ ဣတိ အဗ္ဗတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊**
**ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊**
**အဗ္ဗတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။**

ဤသို့.လျှင် မိမိ၏ရုပ်အပေါင်း ကိုယ်၌ ဝင်လေ ထွက်လေ ရုပ်အပေါင်းကို အဖန်ဖန်ရှုမှတ်နေ၏။ သူတစ်ပါး၏ ရုပ်အပေါင်းကိုယ်၌ ဝင်လေ ထွက်လေ ရုပ်အပေါင်းကို အဖန်ဖန် ရှုမှတ်နေ၏။ မိမိ သူတစ်ပါး နှစ်ဦးသားတို့.၏ ရုပ်အပေါင်း ကိုယ်၌ဝင်လေ-ထွက်လေ ရုပ်အပေါင်းကို အဖန်ဖန်ရှုလျက်နေ၏။

**၆။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊**
**ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊**
**သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။**

ဝင်လေ ထွက်လေတည်းဟူသော ရုပ်အပေါင်း၌ ဖြစ်ခြင်းသဘောနှင့် ဖြစ်ကြောင်းတရားကို အဖန်ဖန်ရှုလျက်နေ၏။ ဝင်လေ ထွက်လေတည်းဟူသော ရုပ်အပေါင်း၌ ပျက်ခြင်းသဘောနှင့် ပျက်ကြောင်းတရားကို အဖန်ဖန်ရှုလျက်နေ၏။ ဝင်လေ ထွက်လေတည်းဟူသော ရုပ်အပေါင်း၌ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော, ဖြစ်ကြောင်း ပျက်ကြောင်း, သဘောတရားကို အဖန်ဖန်ရှုလျက်နေ၏။

**၇။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။**

ထို.အပြင် "ဝင်လေ-ထွက်လေတည်းဟူသော ရုပ်အပေါင်းသာ လျှင်ရှိ၏" ဟု ထိုယောဂီအား သတိသည် ရှေးရှုထင်လာ၏။ ထိုသို့.ထင်

လာသောသတိသည် အဆင့်ဆင့် ဉာဏ်ပညာ တိုးပွားခြင်းငှာသာဖြစ်၏။ အဆင့်ဆင့်သတိတစ်ဖန် တိုးပွားခြင်းငှာသာဖြစ်၏။

**၈။ အနိသိတောစ ဝိဟရတိ။**

ထိုယောဂိသည် တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်မူ၍လည်း နေ၏။

**၉။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။**

လောကတည်းဟူသော မိမိ၏ခန္ဓာ၌ တစ်စုံတစ်ခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုမျှ ငါ, ငါ၏ဥစ္စာဟူ၍ မစွဲလမ်းတော့။

**ဝေမို ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။**

ရဟန်းတို့ ဤသို့လည်း ယောဂိသည် ရုပ်အပေါင်း ကိုယ်၌ ဝင်လေ-ထွက်လေတည်းဟူသော ရုပ်အပေါင်းကို အဖန်ဖန် ရှုလျက် နေ၏ (ဝါ) နေရသည်။ (ဒီ၊ ၂၊ ၂၃၁၊ ၂၃၂)

ဤနေရာ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်၏ ရှင်းပြချက်ကို ဝိပဿနာရှုနည်းကျမ်းမှ ကောက်နုတ်ဖော်ပြပါမည်။

## အာနာပါနကို မှတ်ပုံ

"သတောဝ အဿသတိ၊ သတော ပဿသတိ, အမှတ်ရလျက်သာလျှင် ဝင်သက်ရှု၏။ အမှတ်ရလျက်သာလျှင် ထွက်သက်ရှု၏။ ဤသို့အစရှိသော ပါဠိတော်နှင့်အညီ ဝင်သက်ထွက်သက်တို့ကို ဝင်တိုင်းထွက်တိုင်း "ဝင်တယ်, ထွက်တယ်" ဟု မှတ်လျက် တွေ့ထိရသော ဝါယောဓာတ်ဗဟုနှင့် ထိသိမှု ကာယဝိညာဏ်တို့ကို သိခြင်းသည် ဤ **ထိဆဲခဏ** နှင့်ဆိုင်၏။ ဝင်သက်, ထွက်သက်ကို မှတ်၍ ဝိပဿနာလည်း ဖြစ်နိုင်၏။ ဝင်တယ်, ထွက်တယ်ဟုမှတ်စဉ် နှာခေါင်း အတွင်းသား စသည်၌ တွန်းကန်တိုက်ခိုက်နေသကဲ့သို့ တွေ့သိရသည်ဟု သိခြင်းသည် ဝါယော ဓာတ်ဗဟုရုပ်၏ ဝိတ္ထုမ္ဘနလက္ခဏာကို မှန်စွာသိခြင်းပင်တည်း။ တရွေ့တရွေ့ချင်း ရွှေ့လျားနေသည်, လှုပ်ရှားနေသည်,

သွားလာနေသည်ဟု သိခြင်းသည် သမုဒိရဏရသကို မှန်စွာသိခြင်းပင်တည်း။ ရွှေ့ဆောင်နေသည်, တွန်းပို့နေသည်ဟု သိခြင်းသည် အဘိနိဟာရ ပစ္စုပဋ္ဌာန်ကို မှန်စွာသိခြင်းပင်တည်း။

ကိုယ်လည်းရှိ၍, နှာခေါင်းလည်းရှိ၍, ရှုရှိုက်လိုသည့်စိတ်လည်းရှိ၍, ဝင်ချည်ထွက်ချည် လှုပ်ရှားနေသည်။ တရွေ့ချင်း တရွေ့ချင်း ဖြစ်ပေါ်နေသည်ဟု သိခြင်းသည် **သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ**နှင့်အညီ မှန်စွာသိခြင်းပင်တည်း။ တရွေ့မှတရွေ့သို့မရောက်ဘဲ အပိုင်းအပိုင်းပြတ်လျက် ကုန်ပျက်နေသည်ဟု၍လည်းကောင်း၊ ကိုယ်, နှာခေါင်း, ရှုရှိုက်ချင်သည့်စိတ်များ မရှိလျှင်, ဝင်သက် ထွက်သက် မဖြစ်နိုင်ဟု၍လည်းကောင်း သိခြင်းသည် **ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ**–နှင့်အညီ မှန်စွာသိခြင်းပင်တည်း။

ဝင်တယ် ထွက်တယ်ဟု မှတ်တိုင်း မှတ်တိုင်း "ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား၊ ငါ၊ ငါ၏ ဥစ္စာ" ဟု မထင်မှု၍, "တွေ့ထိရသော လှုပ်ရှားမှုအပေါင်းမျှသာရှိသည်" ဟု ထင်ခြင်း, သိခြင်းသည် **'အတ္ထိ ကာယော' တိ ဝါ ပန သေ သတိ ပစ္စုပဋ္ဌိတာ ဟောတိ**=တစ်နည်း ထင်ပုံသိပုံကား ရုပ်အပေါင်းသာရှိသည်ဟု အမှတ်ရသော သတိသည် ထိုမှတ်သူအား ရှေးရှုထင်၏" ဤသို့စသည်နှင့် အညီပင်တည်း။

(ဝိပဿနာရှုနည်းကျမ်း၊ ၁ တွဲ၊ ၃၄–၃၄၉)

* **သတိမြဲရာ၊ ပထမာ၊ ဒုမှာ၊ ရှည်တိုသိ၊**
**လုံးစုံလင်ရာ၊ တဋ္ဌသာ၊ စမှာငြိမ်းစေဘိ။**
ဟု လယ်တီဆရာတော်က လက်ာစီပြုထားခဲ့သည်။

၁။ "အမှတ်ရလျက် ဝင်သက်ရှု၏။ အမှတ်ရလျက် ထွက်သက်ရှိုက်၏" အပိုဒ်ဖြင့် အာနာပါနအားထုတ်ပုံကို အကျဉ်းချုံးပြသည်။ ရှုတိုင်း ရှိုက်တိုင်း အမှတ်ရလျက် အားထုတ်နေသော ယောဂီမှာ–၁။ ဒီဃံ အစချီသော ပထမနည်း၊ ၂။ ရဿံ အစချီသော ဒုတိယနည်း၊ ၃။

သဗ္ဗကာယပဋိသံဝေဒီ အစချီသော တတိယနည်း၊ ၄။ ပဿမ္ဘယံ အစချီသော စတုတ္ထနည်း အားဖြင့် ဖလုယ်ပြထားသော လေးနည်းလုံးအရ အထူးသိပုံ, အထူးဖြစ်ပုံအလုံးစုံသည် အလိုလိုပင် အစဉ်အတိုင်း ဖြစ်ပေါ်လျက် ပြီးစီးသွားတော့၏။

၂။ ဝင်သက် ထွက်သက်၏တိုက်ခိုက်ရာ နှာသီးဖျား, နှုတ်ခမ်းတို့၌ သတိဖြင့် စူးစိုက်၍ ဝင်တိုင်းထွက်တိုင်း မလစ်မလပ်ရအောင် "ဝင်တယ်၊ ထွက်တယ်" ဟု မပြတ်မှတ်နေသော ယောဂိသည် သမာဓိ အတော်အတန် အားရှိလာလျှင်ပင် ရှည်ရှည်ရှူရှိုက်မိသည်ကိုလည်း သိ၏။ တိုတိုရှူရှိုက်မိသည်ကိုလည်း သိ၏။ ထိုထက် သမာဓိအားကောင်းလာသောအခါ၌ ဝင်သက်ထွက်သက်တို့ သိမ်မွေ့စွာ တိုက်ခိုက်လျက် ဖြစ်ပေါ်လာစမှစ၍ မျှင်းမျှင်းကလေး ဆုံးသွားသည့်တိုင်အောင် အစ, အလယ်, အဆုံး အကုန်လုံးကိုပင် ထင်ရှားပီသစွာသိ၏။

၃။ အစ အလယ် အဆုံး အကုန်လုံး ထင်ထင်ရှားရှားကြီး သိအောင် ပြင်းပြင်းအားထုတ်ရှူရှိုက်ရမည်ဟု အယူအဆ မမှားကြလင့်။ ပကတိအတိုင်း သိမ်မွေ့နေသောအာရုံ၌ ရှုနိုင်သိနိုင်မှ သမာဓိဉာဏ်အားကောင်းသည်။ အာရုံက ကြမ်းတမ်း၍ ထင်ရှားပေါ်ခြင်းမှာ သမာဓိဉာဏ်တို့၏ အစွမ်းမဟုတ်၊ အာရုံ၏အစွမ်းသာ ဖြစ်ပါသည်။

၄။ ဘာဝနာ၏ ဓမ္မတာသဘောအားဖြင့်ဆိုလျှင် သမထယောဂီမှာဖြစ်စေ၊ ဝိပဿနာယောဂီမှာဖြစ်စေ သမာဓိဉာဏ်ကရင့်လေလေ ထွက်သက်ဝင်သက် သိမ်မွေ့လေလေသာ ဖြစ်မြဲ။ သမာဓိ အလွန်အားကောင်းသောအခါ၌ ဝင်သက်ထွက်သက် လုံးဝချုပ်ငြိမ်းသွားသကဲ့သို့လည်း ဖြစ်တတ်၏။ သို့သော် လုံးဝချုပ်ငြိမ်းသွားသည်ကား မဟုတ်။ ဉာဏ်အားနည်း၍ မသိနိုင်ခြင်းမျှသာဖြစ်သည်။

ဆက်လက်၍ စူးစူးစိုက်စိုက် ရှုမှတ်နေလျှင် သိမ်မွေ့စွာသော ထွက်သက်ဝင်သက် သိမြင်လာရပါသည်။ ယင်းသည် မဟာသတိပဋ္ဌာန

သုတ်ပါဠိနှိုင်းယှဉ်ကျမ်းဌ ဖော်ပြထားသော မဟာစည်ဆရာတော်၏ ရှင်းပြချက်ဖြစ်သည်။ အလွန်သတိချပ်သင့်၍ လက်တွေ့ ရှုပွားကြည့် လျှင် မယုံမရှိနှင့်။ ကိုယ်တွေ့သဘောပေါက်ကာ သိမြင်လာကြမည် ဖြစ်သည်။

## ဈာနာနည်း

**"ကျွမိနာ အာဒီကမ္မိက ကုလပုတ္တေန ပဌမံ ဈာနာယ ကွဒံ ကမ္မဋ္ဌာနံ မနသိကာတဗ္ဗံ**-အားထုတ်ခါစဖြစ်သော ယောဂီသည် ရှေး ဦးစွာ ရေတွက်ခြင်းဖြင့် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းရမည်။ ရှုမှတ် ရမည်" ဟု အဋ္ဌကထာတို့ဌ် မိန့်ဆိုထားသည်။

(ဝိ၊ ၆၊ ၂၊ ၂၃။ ဝိသုဒ္ဓိ၊ ၆၊ ၁၊ ၂၇၀)

**ဈာနာပဋိပဒေ ဟိ ကမ္မဋ္ဌာနေ ဈာနာဗလေနေဝ။ စိတ္တံ ကေဠိ ဟောတိ အရိတ္တာ။ပ္ပတ္တာမ္ပနဝသေန စဏ္ဍာသောတေ နာဝါဌာပနမိဝ။**

ရေတွက်ခြင်းနှင့်စပ်သော ကမ္မဋ္ဌာန်းဌ ရေတွက်ခြင်း၏ အစွမ်း ဖြင့်ပင် စိတ်သည် တစ်ခုတည်းသော အာရုံရှိလျက် တည်ကြည်၏။ ရေစီးသန်သော ရေအလျဉ်ဌ ထိုးဝါးအကူအညီအစွမ်းဖြင့် လှော် ရပ်တည် ခြင်းကဲ့သို့ပင်ဖြစ်သည်။

**ယာဝ ဝိနာ ဈာနာယ အသာသပသာသာရမ္မဏော သတိ သန္ဌိဌတိ၊ ဗဟိဝိသဋ္ဌဝိတက္ကာဝိစ္ဆေဒံ ကတ္တာ အသာသပသာသာရမ္မဏော သတိသဏ္ဌာပနတ္ထံယေဝ ဟိ ဈာနာ။**

ရေတွက်ခြင်းကင်းရှ် ဝင်လေ၊ ထွက်လေအာရုံဌ သတိကောင်း စွာ တည်သည့်တိုင်အောင် ရေတွက်အပ်သည်။ မှန်၏။ ရေတွက်ခြင်း သည် အပြင်ဌ ပြန့်လွင့်နေသော ဝိတက်၏ပြတ်စဲခြင်းကို ပြု၍ ဝင်လေ ထွက်လေအာရုံဌ သတိကောင်းစွာ တည်စေခြင်းငှာဖြစ်သည်။

(ဝိ၊ ၆၊ ၂၊ ၂၄။ ဝိသုဒ္ဓိ၊ ၆၊ ၁၊ ၂၇၁)

ယောဂီသည် ဝင်လေထွက်လေတို့တွင် တစ်ခုခုထင်လာသော အခါ တစ်ဟုရေတွက်ပါ။ သို့မဟုတ် ဝင်လေထွက်လေ တစ်စုံကို တစ်ဟု ရေတွက်ပါ။ ထင်ရှားပေါ်လွင်မှုကိုသာ ရေတွက်ပါ။ ဝင်လေထွက်လေ... တစ်၊ ဝင်လေထွက်လေ... နှစ် စသည်ဖြင့် အသီးသီးရေတွက်ရမည်။ ပါးစပ်က ဆိုရမှာမဟုတ်။ စိတ်ဖြင့်မှတ်လျက် ရေတွက်ရမည်။

ယင်းသို့ရေတွက်ရာ၌ (၅)အောက်လည်း မထားရ။ (၁၀)ထက်လည်း မပိုလွန်ရ။ (၅)အောက်ထားလျှင် ကျဉ်းမြောင်းသော အရေအတွက်ရှိသောကြောင့် စိတ်တုန်လှုပ်သည်။ (၁၀) ထက်ပိုထားလျှင်လည်း စိတ်တုန်လှုပ်တတ်သည်။ ငါ၏ရေတွက်ခြင်းသည် အထွတ်အထိပ်သို့ ရောက်သလော, မရောက်သလောဟု တွေးတောမှုအပြစ်များ ဖြစ်လာတတ်သည်။

၁။ တစ်မှ ငါးအထိ တစ်ကြိမ် (တစ်ဝါရ)
၂။ တစ်မှ ခြောက်အထိ တစ်ကြိမ် (တစ်ဝါရ)
၃။ တစ်မှ ခုနစ်အထိ တစ်ကြိမ် (တစ်ဝါရ)
၄။ တစ်မှ ရှစ်အထိ တစ်ကြိမ် (တစ်ဝါရ)
၅။ တစ်မှ ကိုးအထိ တစ်ကြိမ် (တစ်ဝါရ)
၆။ တစ်မှ တစ်ဆယ်အထိ တစ်ကြိမ် (တစ်ဝါရ)

ယင်းသို့ ခြောက်ကြိမ် (ခြောက်ဝါရ) တို့ဖြင့် ရေတွက်ရသည်။ ၄င်းခြောက်ကြိမ်ပြီးလျှင် ပထမဝါရသို့ပြန်၍ ရေတွက်ရပြန်သည်။

## ဖုသနာနည်း

**"ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိ ဌပေတွာ ဘာဝေန္တသော ဘာဝနာ သမ္မဇ္ဇတိ**-ထိရာထိရာအရပ်၌သာလျှင် သတိကိုထား၍ ပွားစေသူအားသာ ဘာဝနာသည် ပြည့်စုံ၏" ဟု အဋ္ဌကထာတို့၌ မိန့်ဆိုထားသည်။ (ဝိ၊ ဋ၊ ၂၁၂၃။ ဝိသုဒ္ဓိ၊ ဋ၊ ၁၊ ၂၇၁)

ဝင်လေထွက်လေပြုတိုင်း လေထိ၍သွားသောနေရာ၌ စိတ်ကို ထားလျက် ဝင်တိုင်းထွက်တိုင်း တစ်ရိပ်ရိပ် ထိထိသွားသည်ကိုသာ ရှုရမည်။ ဝင်လေထွက်လေကို ဂရုစိုက်မကြည့်ရပါ။ ဂဏနာနည်းက ဝင်လေထွက်လေကို ဂရုစိုက်၍ ရေတွက်ရှုမှတ်ရသည်။ ဖုသနာနည်းက လေထိရာ နေရာဌာနကိုသာ အာရုံစိုက်ရသည်။ ကြိုက်သလို ရှုမှတ်နိုင်သည်။ အရေးကြီးတာက စိတ်တည်ငြိမ်ဖို့နှင့် ရုပ်နာမ်ကွဲဖို့ပင်ဖြစ်သည်။ အသိတွေအဆင့်ဆင့်တက်ဖို့ပင် ဖြစ်ပါသည်။

အဋ္ဌကထာ၌ -

**ဂဏနာ အနုဗန္ဓနာ၊ ဖုသနာ ဌပနာ သလ္လက္ခဏာ။**

**ဝိဝဋ္ဋနာ ပါရိသုဒ္ဓိ၊ တောသဠ ပဋိပဿနာ** ဟု ရှစ်မျိုး ဖော်ပြထားသည်။

ဤ၌ ဂဏနာနည်းနှင့် ဖုသနာနည်းမျှသာ ဖော်ပြလိုက်သည်။ ဂဏနာနည်းကို ပီပြင်စွာ ပြုကျင့်နိုင်လျှင်ပင် အောင်မြင်ပါပြီ။

## အာနာပါနနှင့် ဝိပဿနာ

ဝင်လေ-ထွက်လေသည် ရုပ်တရားဖြစ်သောကြောင့် ပရမတ်ဖြစ်သော ၄င်း၏သဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်သောဌာ-

**သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။**

(ဒီ၊ ၂၊ ၂၃၂။)

ဝင်လေ-ထွက်လေ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်မှုလည်းနေ၏။ ဝင်လေ-ထွက်လေ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မှုလည်းနေ၏။ ဝင်လေထွက်လေ ရုပ်အပေါင်း၌ ဖြစ်ပျက်ကြောင်းတရားနှင့် ဖြစ်ပျက်မှုသဘောကို ရှုမြင်လျက်မှုလည်းနေ၏ဟု မြတ်စွာဘုရားက မိန့်တော်

မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်လေ ဖြစ်ပျက်၊ ထွက်လေ ဖြစ်ပျက်ဟု ဉာဏ်မျက်စိဖြင့် ပီပြင်စွာမြင်အောင် ရှုမှတ်ရမည်။

## သမထမှ ဝိပဿနာ

အရှုခံဖြစ်သော ဝင်လေထွက်လေနှင့် အရှုခံဌာနဖြစ်သော နှာသီးဖျား, နှုတ်ခမ်းများသည် ရုပ်တရားများဖြစ်သည်။ ဝင်လေ, ထွက်လေကို သိနေသောအသိများသည် နာမ်တရားများဖြစ်သည်။ ယင်းသို့ ရုပ်နာမ်မျှဟု သိနေခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ်ရသည်။ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နေသည်။ သမထဘာဝနာလည်း ဖြစ်သည်။ ဝင်လေထွက်လေနှင့် ဝင်လေသိ, ထွက်လေသိစိတ်တို့၏ အမြဲမပြတ် ပြုပြင်ပြောင်းလဲနေသည့် သဘာဝကို ပီပြင်စွာ သိရမည်။ ဖြစ်ပျက်မြင်အောင် ကြည့်ရမည်။

ဝင်လေထွက်လေကိုရှုမှတ်လျက် အဖြစ်အပျက်ကို ရှင်းလင်းစွာ သိမြင်ခြင်းဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြစ်ပွားရ၍ အမှီအတွယ်ကင်းခြင်း၊ အစွဲအလမ်းကင်းခြင်း ကိစ္စပြီးစီးလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သည်။

နှာသီးဖျား, နှုတ်ခမ်းတို့၌ ဝင်လေထွက်လေ ထိခိုက်တိုင်း ထိခိုက်တိုင်း ရှုမှတ်လျက် ထိခိုက်သော ဝါယောဓာတုဗဒရုပ်၏ အဖြစ်အပျက် အကြိမ်ကိုလည်းကောင်း၊ ထိသိမှု၏ အဖြစ်အပျက်ကိုလည်းကောင်း၊ ရှုမှတ်မှု၏ အဖြစ်အပျက်ကိုလည်းကောင်း ရှင်းလင်းစွာ သိမြင်ခြင်းဖြင့် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြစ်ပွားရ၍ - အမှီအတွယ်ကင်းခြင်း၊ အစွဲအလမ်းကင်းခြင်းကိစ္စပြီးစီးလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သည်။

## စကြိုန်လျှောက်ရ ကျိုးငါးဝ

မြတ်စွာဘုရားက အဂုံတွင်ရ ပါဠိတော်ပဋ္ဌာန်းပါတ်မှာ စကြိုန်

လျှောက်ခြင်းကြောင့် ရနိုင်သောအကျိုး (၅)မျိုးရှိကြောင်းကို ဟော တော်မူသည်။

**ပဠိမေ ဘိက္ခဝေ စက်မေ အာနိသံသာ၊ ကတမေ ပဠ၊ အဒ္ဓါနက္ခမော ဟောတိ၊ ပဓာနက္ခမော ဟောတိ၊ အပ္ပါဟာဓော ဟောတိ အသိတံ ပီတံ ခါယိတံ သာယိတံ၊ သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ စက်မာ ဓိဂတော သမာဓိ စိရဋ္ဌိတိကော ဟောတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဠ စက်မေ အာနိသံသာ။**

လိုရင်းအချုပ်ကို ကောက်နုတ်ပြရပါလျှင် -

(၁) **အဒ္ဓါနက္ခမော** = ခရီးရှည်သွားနိုင်ခြင်း

(၂) **ပဓာနက္ခမော** = ဇွဲလုံ့လ ဝီရိယသန်ခြင်း

(၃) **အပ္ပါဟာဓော** = ကျန်းမာရေးကောင်းခြင်း၊

(၄) **သမ္မာ ပရိဏာမံ ဂစ္ဆတိ** = အစာကြေညက်ခြင်း

(၅) **သမာဓိ စိရဋ္ဌိတိကော** = သမာဓိခိုင်မြဲခြင်း။

**(ဆောင်)ခရီးသွားနိုင်၊ ကြံခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မယျက်သမာဓိ၊ ငါးပါးရှိ၊ သွားသည့်စကြိုန်အကျိုးတည်း။**

စကြိုကမ္မဋ္ဌာန်းဟောပြောရာ၌ အားတက်ဖွယ်ဖြစ်အောင် ဖော်ပြ ပါမြတ်ဗုဒ္ဓစကားတော်ကို ထည့်သွင်းဟောပြောသင့်သည်။ (နောက်မှာ စကြိုကမ္မဋ္ဌာန်း သီးသန့်ဖော်ပြထားသည်။)

**စကြိုကမ္မဋ္ဌာန်း**

- **ကြွခိုက်အခါ၊ လေး,တင်း,နာ၊ လျော့တာရုပ်ရှပါ။**
- **လှမ်းခိုက်အခါ၊ ပေါ့တင်းနာ၊ လျော့တာရုပ်ရှပါ။**
- **ချခိုက်အခါ၊ ပူအေးနာ၊ တင်းတာ,တိုးတာ ရုပ်ရှပါ။**
- **ရပ်ခိုက်အခါ၊ တင်းတောင့်တာ၊ ထိန်းတာရုပ်ရှပါ။**
- **အိပ်ခိုက်အခါ၊ ထိုင်နည်းသာ၊ ရှပါရုပ်ဟုသာ။**

– ခေါင်းအုံးခေါင်းထိ၊ ဒိတ်တိုးကြည့်၊ ရှာဘီရုပ်ဟုသာ။

စကြုံကမ္မဋ္ဌာန်းစီးဖြန်းတော့မည်ဆိုလျှင် ပထမဆင့်အနေဖြင့် –

၁။ ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ ဒေသနာတော်အရ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်ဟုမှတ်ပါ။ စကြုံဦးရောက်သည့်အခါ ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ ဒေသနာတော်အရ ရပ်လျှင် ရပ်တယ်, ရပ်တယ် ဟု မှတ်ပါ။ ရပ်ပြီးနောက် လှည့်ပြီဆိုလျှင် လှည့်တယ်၊ လှည့်တယ် ဟု မှတ်ပါ။ ပြီးလျှင် ရပ်လိုက်ပါ၊ ရပ်တယ်, ရပ်တယ် ဟု မှတ်ပါ။ ပြီးမှ ညာခြေစလှမ်း၍ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ် ဟု ပြန်မှတ်ပါ။ (ဒီ၊ ၂၊ ၂၃၂)

၂။ ကြွဆဲ လှမ်းဆဲ၊ ချနင်းဆဲ၊ အမြဲရှုမှတ်နေ။

ယထာ ယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ။

တထာ တထာ နံ ပဇာနာတိ။ (ဒီ၊ ၂၊ ၂၃၂)

ဣရိယာပုတ်လေးပါးမှာ ထင်ရှားပေါ်ရာ ရှုမှတ်ပါဆိုတဲ့ ဒေသနာတော်အတိုင်း ယခု စကြုံအချိန်ဖြစ်သည့်အတွက် ဒုတိယဆင့်အနေဖြင့် ကြွတယ်, လှမ်းတယ်, ချတယ် ဟု မှတ်ပါ။ တစ်နည်းပြောရလျှင် ကြွတယ်, လှမ်းတယ်, ချတယ်, ထိတယ် ဟုလည်း မှတ်နိုင်ပါသည်။

၃။ ဂစ္ဆာမိတိ စိတ္တं ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊

ဝါယော ဝိညတ္တိ ဇနေတိ၊ စိတ္တကိရိယဝါယောဓာတု

ဝိပ္ဖာရေန သကလကာယသ္သ ပုရတော အဘိနီဟာရော

ဂမနန္တိ ဝုစ္စတိ။

သွားအုံ့ဟု စိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစိတ်က ဝါယောဓာတ်ကို ဖြစ်စေ၏။ ဝါယောဓာတ်က ကာယဝိညတ်ကို ဖြစ်စေ၏။ စိတ်သည် ပြုအပ်သော ဝါယောဓာတ်၏ လှုပ်ရှားမှုကြောင့် အလုံးစုံသောကိုယ်ကို ရှေ့သို့ ရှေးရှုဆောင်ခြင်းကို သွားခြင်းဟု ဆိုအပ်၏။ (ဒီ၊ ၆၊ ၂၊ ၃၅၇)

– သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။

- စိတ်ကြောင့် ဖြစ်သော၊ ဓာတ်ဝါယော၊ နှုံ့နှော ကိုယ်ဝယ်ပြည့်။
- ဝါယောပြည့်သော်၊ ဝိညာဏ်ပေါ်၊ ရူပ်သော်သွားပေတ်။
- ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရူပ်သွားဉာဏ်ဖြင့်သိ။
- ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရူပ်ရပ်ဉာဏ်ဖြင့်သိ။

စကြိုကမ္မဋ္ဌာန်း ရှုမှတ်သည့်အခါ တတိယဆင့်အနေဖြင့် -

ကြွချင်တယ်, ကြွတယ်, လှမ်းချင်တယ်, လှမ်းတယ်, ချချင်တယ်, ချတယ်, ထိချင်တယ်, ထိတယ် ဟု မှတ်ပါ။

**တိဋ္ဌာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖါရေန သကလကာယသဏ္ဌာနေ ဥဿိတဘာဝေါ ဋ္ဌာနန္တိ ဝုစ္စတိ။**

ငါရပ်အုံ့ဟု စိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစိတ်က ဝါယောဓာတ်ကို ဖြစ်စေ၏။ ဝါယောဓာတ်က ကာယဝိညတ်ကို ဖြစ်စေ၏။ စိတ်သည် ပြုအပ်သော ဝါယောဓာတ်၏ လှုပ်ရှားမှုကြောင့် အလုံးစုံသော ကိုယ်၏ အောက်အစွန်းဖြစ်သော ခြေဖဝါး အပြင်မှစ၍ ထောင်မတ်နေသည်၏ အဖြစ်ကို ရပ်ခြင်းဟု ဆိုအပ်၏။ (ဒီ၊ ဋ၊ ၂၊ ၃၅၇)

ရပ်ချင်တယ်, ရပ်တယ်ဟုမှတ်ပါ။

လှည့်ချင်တယ်, လှည့်တယ်ဟုမှတ်ပါ။

ပြီးမှ ကြွချင်တယ်, ကြွတယ်စသည် ပြန်မှတ်ပါ။

**၄။ တသ ဇေ ပဏနတော ဇေ ဟောတိ သတ္တော ဂစ္ဆတိ၊ သတ္တော တိဋ္ဌတိ'တိ ဝုစ္စတိ၊ အတ္ထတော ပန ကောစိ သတ္တော ဂစ္ဆန္တော ဝါ ဋ္ဌိတော ဝါ နတ္ထိ၊**

**ဂစ္ဆာမိ တိဋ္ဌာမိတိ စိတ္တေ ဥပ္ပန္နေ ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ၊ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖာရေန ဂမနာဒိနိ ပဝတ္တန္တိ၊ တတော 'သတ္တော ဂစ္ဆတိ၊ သတ္တော**

**တိဋ္ဌတိ အဟံ ဂစ္ဆामိ၊ အဟံ တိဋ္ဌာမိ' တိ ဝေါဟာရမတ္တံ ဟောတိ။** (ဒီ၊ ၁၊ ၂၊ ၃၅၈)

ဤသို့သိသော ထိုယောဂီအား ဤသို့သောအသိဉာဏ်သည် ဖြစ်ပေါ်လာ၏။ သတ္တဝါသည် သွား၏။ သတ္တဝါသည် ရပ်၏ဟု ဆိုအပ်၏။ အနက်သဘောအားဖြင့်ကား (တကယ်တော့) သွားတတ်, ရပ်တတ်သော တစ်စုံတစ်ယောက်သော သတ္တဝါဆိုတာ မရှိ။ စိတ်နှင့်ဝါယောဓာတ် စသည်တို့၏ လှုပ်ရှားမှုမျှသာ ရှိသည်။ သတ္တဝါသည် သွားသည်။ သတ္တဝါသည် ရပ်သည်၊ ငါသွားသည်၊ ငါရပ်သည်ဟု ပြောဆိုခြင်းမျှသာ ဖြစ်သည်။

**စတုတ္ထအဆင့်အနေဖြင့် ကြွချင်တာက နာမ်, ကြွတာက ရူပ်၊ လှမ်းချင်တာက နာမ်, လှမ်းတာက ရူပ်၊ ချချင်တာက နာမ်၊ ချတာက ရူပ်** ဟု ရူပ်နာမ် ကွဲအောင် မှတ်ရမည်။ ရူပ်နာမ်ကွဲလျှင် သက္ကာယဒိဋ္ဌိ စင်သည်။ နာမရူပပရိစ္ဆေဒဉာဏ် ရသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သွားသည်။

- **ကြွတာ လှမ်းတာ ချနင်းတာ နှစ်ဖြာ နာမ်ရူပ်ပေ။**
- **ကြွချင်တာက နာမ်, ကြွတာက ရူပ်,**
  **ငါမဟုတ် သူမဟုတ် ကြွတာ နာမ်နဲ့ရူပ်။**
- **ပုဂ္ဂိုလ်မကြွ, ငါမကြွ ရူပ်ကြွနာမ်ဟုသိ၊**
- **ရူပ်နာမ်နှစ်သင်း, အမြင်ရှင်း, ကြွရင်းဒိဋ္ဌိပြုတ်။**
- **လှမ်းချင်တာက နာမ်, လှမ်းတာက ရူပ်**
  **ငါမဟုတ် သူမဟုတ် လှမ်းတာ နာမ်နဲ့ရူပ်။**
- **နာမ်ရူပ်နှစ်သင်း၊ အမြင်ရှင်း၊ လှမ်းရင်းဒိဋ္ဌိပြုတ်။**
- **ချချင်တာက နာမ်၊ ချတာကရူပ်, ငါမဟုတ် သူမဟုတ်**
  **ချတာ နာမ်နဲ့ရူပ်။**
  **နာမ်ရူပ်နှစ်သင်း၊ အမြင်ရှင်း၊ ချရင်းဒိဋ္ဌိပြုတ်။**

၅။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊

ရုပ်အပေါင်းဌဿဖြစ်ကြောင်းနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်နေ၏။ ပျက်ကြောင်းနှင့် ပျက်မှုသဘောကိုလည်း ရှုမြင်လျက်နေ၏။ ဖြစ်ကြောင်း ပျက်ကြောင်းနှင့် ဖြစ်မှု ပျက်မှုသဘောကိုလည်း ရှုမြင်လျက်နေ၏။ (ဒီ၊ ၂၊ ၂၃၃)

သမုဒယ ဓမ္မာနုပဿီ ဝါတိအာဒီသု ပန အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ အာဒိနာ နယေန ပဋ္ဌာဟာကာရေဟိ ရူပက္ခန္ဓာသသမုဒယော စ ဝယော စ နိဟရိတဗ္ဗော၊ တဋ္ဌိ သန္ဓာယ ဣဒံ 'သမုဒယဓမ္မာနုပဿီ ဝါ' တိ အာဒိဝုတ္တံ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၃၅၈)

၅။ "အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်ခြင်းရှိ၏" အစချီသောနည်းဖြင့် ငါးပါးသော အခြင်းအရာတို့ဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုလည်းကောင်း, ပျက်ခြင်းကိုလည်းကောင်း ထုတ်ဆောင်အပ်၏။ မှန်၏။ ငါးပါးသော အကြောင်းတို့ဖြင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်း, ပျက်ခြင်းကို ရည်ရွယ်၍ "သမုဒယဓမ္မာနုပဿီဝါ" အစရှိသောစကားကို မြတ်စွာဘုရား ဟောကြားအပ်၏" ဟု အဋ္ဌကထာဆရာက မှတ်ချက်ပြုထားသည်။

အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရရှိနေခြင်းသည် ရုပ်ဖြစ်ကြောင်းလေးပါးဖြစ်သည်။ ၄င်းလေးပါးမရှိခြင်း၊ ပျောက်ကွယ်နေခြင်းသည် ရုပ်ပျောက်ကွယ်ကြောင်းလေးပါးပင် ဖြစ်သည်။ ရုပ်များ အသစ်အသစ်ဖြစ်နေမှု, ဖြစ်ပြီးသော ရုပ်များ ပျောက်ကွယ်ပျက်စီးမှု ဟူသောနည်းများဖြင့် ရုပ်၏ဖြစ်ပျက်ကို မြင်အောင်ကြည့်ရမည်။

သွားမှုစသော ဣရိယာပုတ် ရုပ်အမှုအရာတို့ကို စေ့စေ့စပ်စပ် မပြတ်မှတ်နေသော ယောဂီအား ပစ္စယပရိဂ္ဂဟဉာဏ်အခိုက်မှစ၍ အသစ်အသစ် ရုပ်ဖြစ်ပေါ်မှု ထင်ရှားလာသည်။ အသစ်ဖြစ်ပေါ်နေသော ရုပ်

အမှုအရာ ရှုမှတ်နေစဉ်မှာပင် အခြားအခြား၌ အမှန်အတိုင်းမသိမှု အဝိဇ္ဇာရှိနေသောကြောင့် ဤရုပ်ဖြစ်ရသည်။ အကောင်းထင်ကာ သာယာနှစ်သက်မှုတဏှာ ရှိနေသောကြောင့် ဤရုပ်ဖြစ်ရသည်" စသည်ဖြင့် ရုပ်ဖြစ်ကြောင်း, ပျက်ကြောင်းများကို ဆင်ခြင်သုံးသပ်ရသည်။

**ကြွချင်တဲ့နာမ်လည်း ဖြစ်ပျက်, ကြွတဲ့ရုပ်ဟန်လည်း ဖြစ်ပျက်၊ လှမ်းချင်တဲ့နာမ်လည်း ဖြစ်ပျက်, လှမ်းတဲ့ရုပ်ဟန်လည်း ဖြစ်ပျက်၊ ချချင်တဲ့နာမ်လည်း ဖြစ်ပျက်, ချတဲ့ရုပ်ဟန်လည်း ဖြစ်ပျက် ဟု မှတ်ပါ။**

## ဝေဒနာနုပဿနာ

- **ဒိဋ္ဌိလွန်ကဲ၊ ဉာဏ်နည်းယောဂီ။**
- **ကာယ, စိတ္တ၊ ရှုကြရမည်။**
- **ဝေဒနာနှင့်၊ ဓမ္မရှုသည်။**
- **တဏှာများ၊ မှတ်သားထိုယောဂီ။**

ဒကာ ဒကာမတွေ... အခု တရားနာနေကြတာ ဝေဒနာနဲ့ တရားနာနေကြတာဖြစ်တယ်။ ကျန်းမာလို့ တရားနာနိုင်တယ်ဆိုတော့ သုခဝေဒနာနဲ့နာတာ၊ ချောင်းတွေဆိုး, ရင်တွေကျပ်ပြီး နာတော့ ဒုက္ခဝေဒနာနဲ့ နာတာ။

နားက ကြားပြီး နာတယ်ဆိုတော့ ဥပေက္ခာဝေဒနာနဲ့နာတာ၊ မကျင်မကိုက်ဘဲနဲ့ဆိုရင် သုခဝေဒနာနဲ့ နာတာ၊ ချောင်းတွေဆိုး-ရင်တွေကျပ်ဆိုရင်တော့ ဒုက္ခဝေဒနာနဲ့ နာတာ၊ ဆရာသမားကို လှမ်းကြည့်တယ်၊ အသံကြားတယ်၊ နာတယ်ဆိုတာတွေက ဥပေက္ခာနဲ့ နာတာ၊ ဒီလိုဆိုတော့ ယောက်ျားမိန်းမတွေ နာတာလား၊ ဝေဒနာတွေ နာတာလား (ဝေဒနာတွေ နာတာပါဘုရား)

ငါ တရားနာနေတယ်ဆိုရင် သက္ကာယဒိဋ္ဌဝင်ပြီ။ ကျွန်မတို့ တရားနာနေတယ်။ ကျွန်တော်တို့ တရားနာနေတယ်ဆိုရင်လည်း

သက္ကာယဒိဋ္ဌိပဲ။ အဲဒီလိုမဖြစ်ပါစေနဲ့။ ဝေဒနာတွေ အလှည့်နဲ့ပြောင်းပြီး တရားနာနေကြတာ။ ခန္ဓာဉာဏ်ရောက် ပြောနေတယ်လို့ မှတ်ကြပါ။ လူတွေကများ၊ လူနံ့တွေနဲ့ နာနေတော့ ဥပေက္ခာဝေဒနာနဲ့နာ၊ ကိုယ့်တံတွေးကိုမျိုရင်းနာတော့လည်း ဥပေက္ခာပဲ၊ ရှုရင်း ရှိုက်ရင်းနဲ့ နာနေတာလည်း ဥပေက္ခာဝေဒနာပဲ၊ ဒါတွေက ဥပေက္ခာဝေဒနာချည်း။

အဲဒီလို ဉာဏ်ထဲရောက်သွားတော့ "ဩော်... ယောက်ျားမိန်းမတွေ နာတာမဟုတ်ဘူး၊ ဝေဒနာကွန္ဓာကြီး အလှည့်အပြောင်းနဲ့ နာနေတာ" လို့ သိတာပေါ့။

## ဒိဋ္ဌိရှိနေလျှင် မဂ်ဖိုလ် မရနိုင်

**[ကမ္မသ ကာရကော နတ္ထိ၊ ဝိပါကသစ ဝေဒကော။**
**သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။**

ကံကို ပြုလုပ်တတ်သူမရှိ။ (အကြောင်းကို ပြုလုပ်တတ်သည့် ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ) အကျိုးကိုလည်း ခံစားတတ်သူမရှိ။ အကြောင်းကံ စေတနာနှင့် အကျိုးကို ခံစားသည့် ဝေဒနာသက်သက်တို့သာ ဖြစ်နေကြကုန်၏။ ဤသို့ ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ။ ဓမ္မသက်သက်တို့သာ ဖြစ်နေ၊ ပျက်နေကြသည်ဟု သိမြင်ခြင်းသည် မှန်ကန်စွာသိခြင်း, မှန်သောအမြင်ဖြစ်သည်။]

ဝေဒနာပေါ်မှန်းသိတော့မှ ပျက်မှန်းလည်း သိတယ်။ ဝေဒနာပေါ်တာရော ပျောက်တာရော ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ ဝေဒနာကွန္ဓာတွေသာ ဖြစ်တယ်၊ အဲလိုဉာဏ်ရောက်သွားတော့ သက္ကာယဒိဋ္ဌိ ပြုတ်တယ်။

ဒုက္ခ ပျက်လိုက်၊ သုခ အစားထိုးလိုက်၊ သုခပျက်လိုက် ဥပေက္ခာ အစားထိုးလိုက်ဆိုတာ သိလာရင် မခိုင်မြဲဘူးဆိုတာ ပေါ်လာတယ်။ ဝေဒနာနဲ့ တရားနာနေတယ်လို့ သိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီ။

တစ်ခုသော ဝေဒနာကလေး ပျက်သွားတာသိရင် သဿတဒိဋ္ဌိ ပြုတ်တယ်။ နောက်ဝေဒနာကလေး အစားထိုးတာသိရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်။ သဿတရယ်၊ ဥစ္ဆေဒရယ်၊ သက္ကာယဒိဋ္ဌိရယ် ဒီ၃-ခု မပြုတ်ရင် မဂ်ဖိုလ်မရပါဘူး။ သူတို့က -

(က) သုခဝေဒနာကလေး ချုပ်သွားတာမြင်လို့ရှိရင် သဿတ ပြုတ်၊

(ခ) ဒုက္ခဝေဒနာ အစားထိုးတာ မြင်လို့ ရှိရင် ဥစ္ဆေဒပြုတ်။

ဝေဒနာကွန္ဒာကြီးနဲ့ တရားနာနေတယ်ဆိုတာ မသိတော့ဘူး ဆိုရင် **ဝေဒနာပစ္စယာတဏှာ** လာတယ်။ တဏှာပစ္စယာ (ဥပါဒါနံပါ ဘုရား) ဥပါဒါနပစ္စယာ(ဘဝေါပါဘုရား) အဲဒီလို ပဋ္ဌိစ္စသမုပ္ပါဒ်တွေ တန်းကုန်ရော။

## ဝေဒနာနုပဿနာ ရှုပွားနည်း

အဲဒီ ဝေဒနာကွန္ဒာဆိုတာက ကျန်တဲ့ခန္ဓာလေးပါးအပေါ်မှာ မှီပြီးမှပေါ်ရတာ။ သူက အမှီတရားပေါ့။ သူ့သက်တမ်းကလည်း တိုတို လေးရယ်။ (၁)ဆိုရင်ဖြစ် (၂)ဆိုရင်ပျက်။ ဒါပဲ၊ ပေါ်ပြီးပျောက်တော့တာပဲ၊ ဖြစ်ပြီးပျက်တာပဲ။ ဖြစ်ပျက်ပဲ။

ဝေဒနာက (၃)မျိုးရှိတယ်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာပေါ့။ နေပူထဲရောက်တဲ့အခါ ပူတဲ့ဝေဒနာဖြစ်, နေရိပ်ထဲဝင်လိုက် တော့ အေးတဲ့သုခဝေဒနာသို့ ပြောင်းသွားရော, သူဟာ ညည့်သည်ပဲ။ ဒီနေရာမှာပေါ်, ဒီနေရာမှာပဲပျောက်၊ ဒီနေရာမွေး, ဒီနေရာသေ၊ ကောင်း ကင်မှာ လျှပ်စီးလက်သလိုပေါ့၊ ဒီနေရာလင်း,ဒီနေရာပဲပျောက်။

အိမ်သည် ခန္ဓာကြီးကိုတော့ ခင်ဗျားတို့သိပြီးသားပဲ။ ညည့်သည် ခန္ဓာပေါ်တာကို သိကြရဦးမယ်။ မသိလို့ရှိရင် ဝိပဿနာဝင်လို့မရဘူး၊ ညည့်သည်ခန္ဓာကိုသိမှ ဝိပဿနာဝင်လို့ရမယ်။ အဲဒီဝေဒနာက အိမ်

သည်ခန္ဓာလား၊ ညှဉ်သည်ခန္ဓာလား။ ပေါ်တဲ့အခါ ပေါ်လာ၊ ပျောက်တဲ့အခါ ပျောက်သွားဆိုတော့ ညှဉ်သည်လိုပေါ့။

## ပေါ်လိုက်ပျောက်လိုက်ကို ရှုရမှာ

ဒီခန္ဓာကြီးက လက်ရှိခန္ဓာကြီး။ ဟာ... နေပူလိုက်တယ်ဆိုရင် စပ်ဖျင်းဖျင်းနဲ့ခံရခက်တဲ့ ဒုက္ခဝေဒနာပေါ်လာတယ်။ အခုမှ ပေါ်လာတယ်ဆိုတော့ သူကညှဉ်သည်ပေါ့။ ညှဉ်သည်သက်တမ်းဆိုတာ ခဏပဲ။ ပေါ်ပြီး ပျောက်သွားတာပဲ၊ ဆိုလိုတာက ဒီနေရာမွေးပြီး ဒီနေရာမှာပဲသေသွားတယ်။ ပူတဲ့အိုက်တဲ့အခါ ယပ်ခတ်တဲ့အခိုက် အေးယောင်ကလေး သုခဝေဒနာပေါ်တယ်။ ယပ်တောင်ကလေး ဟိုဘက်လွန်သွားတော့ အေးယောင်ကလေး ပျောက်သွားပြန်ရော။

နောက်တစ်ခါ ယပ်တောင်ကလေး ဒီဘက် ရောက်လာပြန်တော့ အေးယောင်ကလေး သုခဝေဒနာပေါ်တယ်၊ ယပ်တောင်ကလေး ဟိုဘက် ရောက်သွားပြန်တော့ အေးယောင်ကလေး ပျောက်သွားပြန်ရော။ ဒီတော့ သုခဝေဒနာလေးဟာ ပေါ်လိုက်ပျောက်လိုက်၊ ပေါ်လိုက်ပျောက်လိုက်၊ မွေးလိုက်၊ သေလိုက်ဖြစ်နေတာပဲ။ အဲဒါကို မြင်အောင်ကြည့်ရမှာ။

သုခဝေဒနာလေးဟာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဆိုတာ ညှဉ်သည်ပေါ့။ အမြဲရှိနေတာမဟုတ်ဘူး၊ အဲဒီညှဉ်သည်ကို သိရမှာ။

**'ဝိပဿနာရှုတယ်' ဆိုတာ ဘာကိုရှုရတာလဲ အောက်မေ့တယ်။ လက်စသတ်တော့ ပေါ်လာတဲ့ညှဉ်သည်ခန္ဓာကို မြင်အောင်ရှုရတာကိုး။**

## ဝေဒနာကို ဝေဒနာအတိုင်းမြင်စေ

ဒီနေရာမှာတော့ ဝေဒနာကွန္ဓာက. ညှဉ်သည်၊ ကျန်ခန္ဓာ(၄)ပါးက အိမ်သည်။ ဝေဒနာညှဉ်သည် ဘယ်နှစ်ယောက်ရှိသလဲဆိုရင် ၃-ယောက်ရှိတယ်၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာ။

ခင်ဗျားတို့က လေအေးကလေးတိုက်လို့ ခန္ဓာကိုယ်ပေါ်မှာ ချမ်းသာရင် **ငါချမ်းသာတယ်** လို့ ငါလုပ်ပစ်လိုက်ပြီ။ ဒါ-ဒိဋ္ဌိဝင်တာပေါ့။

ဒုက္ခကလေးကပ်လာပြန်တော့လည်း **တို့မျှား... ဆင်းရဲလိုက်တာ** လို့ ဒိဋ္ဌိလုပ်ပစ်လိုက်ပြန်ပြီ။ ဥပေက္ခာဝေဒနာပေါ်တဲ့အခါမှာလည်း ငါလုပ်ပစ်တတ်ကြတယ်။ ဒါတွေဟာ ဒိဋ္ဌိတွေပေါ့။ ဌေ့သည်ဆိုတာ ခဏပဲနေတာ၊ ပြီးရင် ပျောက်သွားတာပဲ။ ပျောက်သွားတယ်ဆိုတာ မရှိတာပေါ့။ အဲဒီ မရှိတာကို သိရမှာ။

ဌေ့သည်တွေကပေါ်လာပြီး ပျောက်ပျောက်ကုန်တယ်။ အဲဒီ ပျောက်ပျောက်ကုန်တာ၊ မရှိတာကို သိအောင်လုပ်ကြရမှာ။ "ဖြစ်တယ်" ဆိုတာဌေ့သည်ပေါ်တာ၊ **ပျက်တယ်** ဆိုတာ ဌေ့သည်မရှိတာ။ အဲဒီဖြစ်ပျက်ကို မိအောင်ကြည့်ရမှာ။

**အကယ်၍ 'အဖြစ်' ကို မမိလိုက်ဘူးဆိုရင် 'အပျက်' ကိုတော့ မိအောင်ကြည့်။ အပျက်ကိုတော့ မိအောင်ကြည့်ရမယ်။ အဖြစ်နဲ့ အပျက် (၂)ခုတွင် တစ်ခုခုတော့မိအောင် ဉာဏ်နဲ့ဖမ်း။**

[မပြတ်ရှုမှတ်နေသောယောဂီသည် ချမ်းသာမှုကို ဖြစ်တိုင်း, ဖြစ်တိုင်းလည်း သိ၏။ သဘာဝ, လက္ခဏာ, ရသ စသည်တို့ဖြင့်လည်း သဘောတရားတစ်ခုမျှဟုသိ၏။ ရှေ့နောက်မစပ်ဘဲ အသစ်အသစ် ဖြစ်ပေါ်ပြီး ရောက်ရောက်သွားသည်ကိုလည်း မျက်မှောက်တွေ့လျက်ရှိ၏။ ထိုအခါ၌ တစ်ဆက်တည်း တစ်ခုတည်းဟု ထင်မြင်အပ်သော သန္တတိပညတ်က မကွယ်မဖုံးနိုင်သောကြောင့် "မမြဆင်းရဲ, ငါကောင်မဟုတ်" ဟုလည်း ရှင်းလင်းစွာသိ၏။ ဖြစ်ပျက်ရှုတတ်မှ ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်လမ်း ဖြစ်သည်။

ပဋ္ဌိစ္စသမုပ္ပါဒ်လည်ပြီး သံသရာအရိုင်းပြေး အဝိုင်းပြေး ဖြစ်ကြရသည်။ မြတ်စွာဘုရား ဖြစ်လာရခြင်းသည် သံသရာဖြတ်လမ်း, ထွက်လမ်းကို ပြချင်လို့ ဖြစ်သည်။ ထိုအကြောင်း သံသရာနှင့် ပဋ္ဌိစ္စသမုပ္ပါဒ်

ဖြတ်နည်းကို သင်ပြပေးခဲ့သည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်လမ်းသိဖို့ ခန္ဓာမှာ ဉာဏ်စိုက်ရသည်။ ခန္ဓာမှာ ဉာဏ်မစိုက်တတ်လျှင် သမုဒယသစ္စာကို အားပေးသလို ဖြစ်နေမည်။]

## အရှုခံပေါ်ခိုက် ရှုဉာဏ်မပေါ်နိုင်

"အဖြစ်ကို မမိချင် ရှိပါစေတော့" ဆိုတာ သူ(အရှုခံတရား) ဖြစ်ပေါ်နေတုန်းမှာ သူက (ရှုဉာဏ်တရားများ)ဖြစ်ခွင့်မရဘူး။ ဝေဒနာ အရှုခံတရားကလည်း နာမ်၊ မဂ္ဂင်ငါးပါးရှုဉာဏ်များကလည်း နာမ်ဆိုတော့ နာမ်တရားတို့မည်သည် တစ်ချိန်တည်း တစ်ပြိုင်နက် (၂)ခုပြိုင်၍ ဖြစ်ရိုးမှမရှိဘဲ။ ဒါကြောင့် သူက (အရှုခံတရားများက)ပျက်သွားလို့ မရှိတဲ့အချိန်ကျမှ ဒီရှုဉာဏ်က ပေါ်လာရတာကိုး။

အရှုခံတရားဝေဒနာကလေးဖြစ်ပြီး ပျက်သွားတော့မှ ရှုတဲ့ဉာဏ်က ပေါ်လာခွင့်ရတာကိုး။ ဒီတော့ မရှိတာကိုဘဲ တွေ့ရတော့မှာပေါ့။ ရှုဉာဏ်ပေါ်လာတဲ့အချိန်မှာ ဉေယ္ယသည်ဖြစ်တဲ့ဝေဒနာက မရှိဘူး။ အဲဒီ မရှိတာကိုဘဲ သိရမှာ။ အဲဒီမရှိတာကိုသိရင်ပဲ တော်ပြီ။

ဒါဖြင့် ဉေယ္ယသည် မရှိတာက အနတ္တ၊ မရှိမှန်းသိတာက မဂ္ဂ၊ မဂ်ဆိုတာ ဒီလိုယူရမှာ၊ မရှိတာကို သိမှမဂ်ပေါ်တယ်။ **မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရရပါလို၏** လို့ဆုတောင်းမနေနဲ့။ မရှိတာကို သိအောင် လုပ်ပါမှ မဂ်ရမယ်။

## ရှေ့ပိုင်းက သိရုံမျှ၊ နောက်ပိုင်းကျမှ ဝိပဿနာ

ဉေယ္ယသည်လာတိုင်း ဉေယ္ယသည်လာတိုင်း သိ-သိနေရမှာ။ မသိရင် မဂ်မဖြစ်ဘူး။ မဂ်မဖြစ်ရင် ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်လိမ့်မယ်။

**သုခဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာကမ္မဘဝေါ**-လို့ ပဋ္ဌိစ္စသမုပ္ပါဒ်တန်းသွားလိမ့်မယ်။ တဏှာ ဥပါဒါန်

ကံတွေဆိုပြီးတော့ အနာဂတ်အကြောင်းတွေ ဖြစ်ကုန်မယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက -

**သုခံ ဝါ ဝေဒနံ ဝေဒယမာနော- 'သုခံ ဝေဒနံ ဝေဒယာမိ' တိ ပဇာနာတိ=** သုခဝေဒနာ ညှိုးသည်ပေါ်လာတဲ့အခိုက်မှာ "သုခ ဝေဒနာ ညှိုးသည်ကလေးပေါ်နေတယ်" လို့ သိပေးတဲ့၊ ပထမရှေ့ပိုင်း အနေနဲ့ သိရုံသိပေးပါ-တဲ့။ အလားတူပဲ-**ဒုက္ခံ ဝါ ဝေဒနံ ဝေဒယ မာနော- 'ဒုက္ခံ ဝေဒနံ ဝေဒယာမိ' တိ ပဇာနာတိ**=ဒုက္ခဝေဒနာညှိုးသည် ပေါ်လာတဲ့အခါမှာလည်း '**ဒုက္ခဝေဒနာ ညှိုးသည်ကလေး ပေါ်နေတယ်**' လို့သိပေးတဲ့၊ ထို့အတူ -

**ဥပေက္ခံ ဝါ ဝေဒနံ ဝေဒယမာနော- 'ဥပေက္ခံ ဝေဒနံ ဝေဒယာမိ' တိ ပဇာနာတိ** = ဥပေက္ခာဝေဒနာ ညှိုးသည်ပေါ်တာကိုလည်း "ဥပေက္ခာဝေဒနာ ညှိုးသည်ကလေး ပေါ်တာ" လို့ သိပေးပါတဲ့၊ ပထမ ပိုင်းအနေနဲ့ သိရုံပဲသိပေးပါ။

နောက်ပိုင်းကျတော့မှ-**သမုဒယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊**-တဲ့။ အဲဒီညှိုးသည် ဝေဒနာကလေးတွေ ဖြစ်ပေါ်လာတာ ပျောက်ပျက်ကုန်တာ၊ မွေးလာတာ, သေသေကုန်တာ ကိုပါ သိအောင် လုပ်ပြီးနေပါ-တဲ့။ (ဒီ၊၂၊ ၃၆-၂၃၇)

အဲဒီကျမှ ဝိပဿနာဖြစ်တယ်။ သုခ-ဒုက္ခ-ဥပေက္ခာ-ဝေဒနာကို မတွေ့ရတော့ဘဲ အဖြစ်အပျက်ကိုသာ တွေ့အောင်ရှုရမယ်။ အဖြစ်-အပျက်တွေကို တွေ့နေပြီဆိုရင် ဆက်ရှု၊ ကြာတော့ မုန်းလာလိမ့်မယ်။ မုန်းလာလည်းဆက်ရှု၊ နောက်တော့ အဖြစ်အပျက်တွေ ဆုံးသွားတာကို တွေ့ရလိမ့်မယ်။ အဲဒီကျမှ တစ်ဆင့်အောင်မြင်ပြီလို့ ဆိုရမယ်။

[မှတ်ချက်။ ။ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးရှိသည့်အနက် ဝေဒနာကို ရှုမှတ်ခြင်းသည် နာမ်ကမ္မဋ္ဌာန်းဖြစ်သည်။ မြတ်ဗုဒ္ဓသည်

နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူရာတွင် ဖဿ, ဝေဒနာ, ဝိညာဏ်တို့၏ အစွမ်းများကို ပဓာနထား၍ ဟောကြားတော်မူသည်။ ဖဿဖြစ်သည့် အချိန်မှာ ခံစားမှုဝေဒနာ, မှတ်သားမှုသညာ, စေ့ဆော်မှု စေတနာ, သိမှု ဝိညာဏ်များ ပြိုင်တူဖြစ်လေ့ရှိသည်။ ၄င်းကို **ဖဿ ပဉ္စမက** ဟု ခေါ်သည်။ ဝေဒနာဖြစ်ချိန်မှာလည်း ဖဿ, သညာ, စေတနာ, ဝိညာဏ်များ ပြိုင်တူဖြစ်ကြသည်။ ဝိညာဏ်ဖြစ်ချိန်မှာလည်း ဖဿ, ဝေဒနာ, သညာ, စေတနာများ ပြိုင်တူဖြစ်ကြပါသည်။ ၄င်း ဖဿပဉ္စမကတရားတို့သည် ကရဏကာယခေါ်သော ဝတ္ထုရုပ်ကို အမှီပြု၍ ဖြစ်ကြပါသည်။ အလွန်သတိချပ်စရာကောင်းပါသည်။ (ဒီ၊ ၆။၊ ၃၁၄)

အချင်းအဂ္ဂိဝေဿန... အကြင်အခါမှာ သုခဝေဒနာကို ခံစား၏။ ထိုအခါ ဒုက္ခဝေဒနာကို မခံစား၊ ဥပေက္ခာဝေဒနာကိုလည်း မခံစားပါ။ သုခဝေဒနာကိုသာ ခံစားနေပါသည်။ ဒုက္ခ, ဥပေက္ခာတို့၌လည်း အတူပင်။ **သုခါဝိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ**-အချင်း အဂ္ဂိဝေဿန-သုခဝေဒနာသည်လည်း မမြဲ၊ အကြောင်းတရားတို့ ပေါင်းဆုံဖန်တီးအပ်၏။ အကြောင်းကိုစွဲ၍ဖြစ်၏။ ကုန်ခြင်းသဘောရှိ၏။ ပျက်စီးခြင်းသဘောရှိ၏။ ပျက်ပြယ်ခြင်းသဘောရှိ၏။ ချုပ်ခြင်းသဘော ရှိ၏။ ဒုက္ခ, ဥပေက္ခာလည်း အတူတူပင်ဖြစ်သည်။ **ဇဝံ ပသဿ အဂ္ဂိဝေဿန သုတဝါ အရိယ သာဝကော သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ။** အချင်းအဂ္ဂိဝေဿန ဤသို့ရှုမြင်သောသုတရှိသည့် အရိယာတပည့်သည် သုခဝေဒနာ၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်းသည်။ လွတ်မြောက်သည်။ ယင်းကိုသိသော ဉာဏ်ဖြစ်ပြီ စသည်ဖြင့် သိနိုင်ပါသည်။ (မ၊ ၂၊ ၁၆၈)]

## ဝေဒနာနိရောဓ တဏှာနိရောဓ

ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်တွေအတွက် ဝေဒနာပြီးရင် တဏှာလာ

နေကျပါ။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဝေဒနာကိုရှုလိုက်ရင် ဝေဒနာကို မတွေ့ရတော့ဘူး။ ဝေဒနာတွေ ပျက်-ပျက်ကုန်တာကိုပဲ တွေ့ရတော့တယ်။ ဝေဒနာတွေ ပျက်ကုန်တယ်ဆိုတာ ချုပ်ကုန်တာပေါ့။ ချုပ်တာက ပါဠိလိုနိရောဓပဲ။ ဒီတော့ ဝေဒနာနိရောဓပေါ့။ "ဝေဒနာ နိရောဓ=ဝေဒနာ ချုပ်တာကိုတွေ့တယ်" ဆိုတာမဂ်ကတွေ့တာ။ အဲဒီ မဂ်နဲ့ ဝေဒနာတွေကို ကြည့်လိုက်တော့ ဝေဒနာတွေကို မတွေ့ရတော့ဘူး၊ နိရောဓဖြစ်ကုန်တာကိုပဲ တွေ့ရတော့တယ်။

ဘာလို့လဲဆိုတော့ ဝေဒနာဆိုတာ နာမ်တရား၊ မဂ်ဉာဏ်ကလည်း နာမ်တရားပဲ၊ နာမ်တရားတို့မည်သည် တစ်ချိန်တည်းမှာ ၂-ခု ပြိုင်၍ ဖြစ်ရိုးထုံးစံမရှိ။ ဒီတော့ ဝေဒနာပေါ်နေခိုက် မဂ်ဉာဏ် မပေါ်နိုင်ဘူး၊ ဝေဒနာချုပ်သွားမှပဲ မဂ်ဉာဏ်ပေါ်နိုင်တော့တယ်။ အဲဒါကြောင့် အဲဒီအခါမှာ ဝေဒနာကို မတွေ့ရတော့ဘဲ ဝေဒနာနိရောဓကိုပဲ တွေ့ရတော့တယ်လို့ဆိုတာ။ ဝေဒနာအနိစ္စဖြစ်သွားတာကို မဂ်ကတွေ့နေတယ်။

## တဏှာနိရောဓောတိ မဂ္ဂေါ

အဲဒီဝေဒနာချုပ်တဲ့နေရာမှာ မဂ်ကရောက်လာတယ်။ ဒီအခါမှာ ဝေဒနာလည်း မရှိတော့ဘူး၊ အဲဒါကြောင့် ဝေဒနာချုပ်ခိုက်တွင် မဂ်ဉာဏ် ဝင်နေဆဲအခါမှာ တဏှာလည်း ဖြစ်ရိုးမရှိဘူး။ မဂ်ဉာဏ်က ဟာဒယဝတ္ထုပေါ်မှာပေါ်နေကျ၊ တဏှာလာရင်လည်း ဟာဒယဝတ္ထုပေါ်မှာပဲ လာရမှာ။ ဒီတော့ တဏှာလာမယ့်နေရာမှာ မဂ်ဉာဏ်ကအရင်ဝင်ပြီး ဦးနေနှင့်တယ်။

အဲဒါကြောင့် နေရာမအားလပ်တဲ့အတွက် တဏှာလည်းပေါ်လို့ မရ၊ တဏှာနိရောဓ ဖြစ်သွားရတော့တာပေါ့။ တဏှာပေါ်ခွင့်မရဘဲ တဏှာနိရောဓ ဖြစ်သွားရတယ်ဆိုတာ တဏှာလာမယ့်နေရာ မဂ်ရောက်နေလို့။ ဒါဆိုရင် တဏှာနိရောဓနှင့် မဂ်ပေါ်နေတာနှင့် ညီမျှတာပေါ့။ အဲဒါကြောင့် **တဏှာနိရောဓောတိမဂ္ဂေါ** လို့ဖွင့်ဆိုတာကိုး။

ဒီအထဲမှာ အရေးကြီးတဲ့စကား ၂-လုံးပါတယ်၊ ဝေဒနာပစ္စယာ တဏှာ၊ သံသရာလည်လမ်း နှင့် ဝေဒနာနိုရောဓာ တဏှာနိုရောဓော၊ **သံသရာထွက်လမ်း** ဆိုတဲ့ စကား ၂-လုံး။ အရေးကြီးလို့ ထပ်ပြောရဦးမယ်။

မရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဝေဒနာပစ္စယာ တဏှာဖြစ်လို့ရှိရင် တဏှာဥပါဒါန်ကံဇာတိဇရာမရဏာဆိုပြီးတော့ သံသရာတွေဆက်ကုန်ရော၊ ပတ်ကုန်ရော။ သံသရာလည်လမ်းပေါ့။ ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဝေဒနာနိုရောဓာ တဏှာနိုရောဓောတဏှာ မလာရတဲ့အတွက် မဆက်ဘူး၊ တဏှာချုပ်တယ်။

တဏှာချုပ်တော့ ဥပါဒါန်ချုပ်၊ ကံချုပ်၊ ဇာတိချုပ်၊ ဇရာ မရဏတွေပါ ချုပ်ကုန်တယ်၊ သံသရာထွက်လမ်း။ ဒါတွေကို ဘယ်သူက ချုပ်စေတာလဲ၊ တစ်မဂ်ပြီး တစ်မဂ်၊ ဆက်၍ ဆက်၍ ပေါ်နေတော့ သူတို့တွေ ပေါ်ခွင့်မရဘဲ ချုပ်ကုန်ရတော့တာပေါ့။ **တဏှာနိုရောဓောတိ** =**တဏှာချုပ်နေတယ်** ဆိုတာ **မဂ္ဂေါ=မဂ်ပေါ်နေ** လို့ အဓိပ္ပာယ်ရတယ်။

## ကိုယ့်ဥဏှာနဲ့ ထိုးထိုးထွင်းထွင်း သိတာယူ

ကိုယ့်လက်မောင်းကို ကိုယ့်လက်သည်းနဲ့ ဆိတ်ကြည့်။ ကဲ... အခုပဲ ဘယ်ဘက်လက်မောင်းကို တန်းလိုက်၊ ညာဘက်လက်သည်းနဲ့ ဆိတ်ကြည့်။ နာကျင်တဲ့ဝေဒနာ ပေါ်လာတယ်။ ဒုက္ခဝေဒနာပေါ့ဗျာ၊ မဆိတ်ခင်တုန်းက သုခဝေဒနာ။ ဆိတ်လိုက်တော့ ဒုက္ခဝေဒနာ။ သုခ ဝေဒနာလည်း ဖြစ်ပြီးပျက်၊ ဒုက္ခဝေဒနာလည်းဖြစ်ပြီး ပျက်ပဲ၊ ဒီတော့ သူတို့ဟာ အသုဘ။ ခင်ဗျားတို့က ပုပ်ညှီနေမှအသုဘလို့ ထင်ကြတာ။

ဒီလိုမယူလိုက်ပါနဲ့တဲ့။ **အံမယ်လေး... နာလှချည်ရဲ့** လို့ အော်နေရမှ ဒုက္ခလို့၊ ဒုက္ခသစ္စာလို့၊ ဒီလို မယူလိုက်ပါနဲ့-တဲ့။

ဖြစ်ပျက်နေတာသည်ပင် ဒုက္ခ၊ သူတို့သည်ပင် မတင့်တယ်လို့ အသုဘ။ သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ ဥပေက္ခာဖြစ်ဖြစ်၊ သူတို့တွေဟာ

ဖြစ်ပျက်နေကြတယ်ဆိုရင် ဒုက္ခပေါ့။ အဲဒီဒုက္ခဟာ အသုဘပေါ့။ အဲဒီလို ယူပါ။ ဒါဆိုရင် ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်းသိတာပဲ။

## ဖြစ်ပျက်တွေက နှိပ်စက်နေပုံ

**ယ ဒနိစ္စံ၊ တံ ဒုက္ခံ။** ။ယံ- အကြင်တရားသည်၊ **အနိစ္စံ**-မမြဲ၊ **တံ**-ထို မမြဲသောတရားသည်၊ ဒုက္ခံ-ဆင်းရဲပင်ဖြစ်၏။ အနိစ္စတရားသည်ပင် ဒုက္ခတရားဖြစ်၏။ နောက်ထပ်အသစ် အထူးမရှိ။ **ဥပ္ပါဒ ဝယ ပဋ္ဌိပီဠနတာယ**= ဖြစ်ခြင်း ပျက်ခြင်းက ခဏမစဲအမြဲ နှိပ်စက်အပ်သောကြောင့် ဒုက္ခတရားလို့ ဆိုရတယ်၊ ဖြစ်-ပျက်နှစ်ရပ်က မပြတ် နှိပ်စက်အပ်သောကြောင့် "ဒုက္ခ" ဆိုရတယ်။ **အပျက်က နှိပ်စက်တယ်** ဆိုတာ ထင်ရှားပါတယ်၊ ဖြစ်ဖြစ်လာသမျှတွေကို ဖျက်-ဖျက်ချနေသောအားဖြင့် အပျက်ကနှိပ်စက်တယ်ဆိုတာ သိလွယ်ပါတယ်။

**အဖြစ်က နှိပ်စက်တယ်** ဆိုတာကျတော့ ဘယ်လိုဟာလဲ။ **အဖြစ်က နှိပ်စက်တယ်** ဆိုတာ ပျက်ဖို့အတွက် ဖြစ်- ဖြစ်ပေးနေလို့။ ဒီကိစ္စအတွက် စာထဲမှာဥပမာပေးထားတာက သားသမီးအဖတ်မတင်တဲ့မိခင်လို-တဲ့၊ မိခင်တစ်ယောက်မှာ ရင်သွေးသားကလေး မွေးဖွားလာတယ်။ မကြာခင်သေသွားတယ်။ မိခင် စိတ်ဆင်းရဲရတယ်။ သောကပရိဒေဝမီးတောက်ရတယ်။

နောက်တစ်ခါ သားငယ်ကလေး ဖွားပြန်တယ်။ ဂရုစိုက်နေသည့်ကြားက သေသွားပြန်တယ်။ မိခင် စိတ်ဆင်းရဲရပြန်တယ်။ သောကပရိဒေဝ မီးတောက်ရပြန်တယ်။

နောက်တစ်ခါ သားငယ်ကလေး ရလာပြန်တယ်။ **သည်တစ်ခါ** **မသေအောင်** ပြုစုမည် လို့ အားခဲ၍ ကြိုးစားပြုစုနေသည့်ကြားက သေသွားပြန်တယ်။ မိခင်ခမျာ အကြီးအကျယ် သောကရောက်ရပြန်ဟယ်။ ပရိဒေဝ မီးတောက်ရပြန်တယ်။

ဒီလို သားကလေး ဖြစ်ပေါ်-ဖြစ်ပေါ်နေသည်မှာ ပျက်ဖို့ ပျက်ဖို့ အတွက် ဖြစ်ပေးနေသလိုပါပဲ။ **သည်လိုဆိုလျှင် ပျက်မှာအတူတူ အစကတည်းကမဖြစ်ဘဲနေရင် အကောင်းသား။ သေမှာဆိုရင် အစကတည်းက မမွေးဘဲနေရင် အကောင်းသားလို့** ညည်းညူရတော့တယ်။ ဒါဟာ **'အဖြစ်'** က နှိပ်စက်ပုံကို သိဖို့ဥပမာပါပဲ။

## ဝေဒနာခွာပြီး အနိစ္စတွေ့အောင်ရှု

လူမမာမေးသွားတဲ့အခါ **ရောဂါ** ဘယ့်နှယ်နေသလဲ၊ သက်သာ**ရဲ့လား** လို့မေးတော့ လူမမာကဖြေတယ် **ဟာ... ဒီ**ဝေဒနာ **မသက်သာဘူး** တဲ့။ ဒါဟာ ဝေဒနာနဲ့ အနိစ္စမကွဲဘဲ ဖြစ်နေတာပဲ။ ဒါကြောင့် **မသက်သာဘူး** ဖြစ်နေတာ၊ ဒီတော့ ဘုန်းကြီးက ကူညီပြီး နည်းပေးပါ့မယ်။

## ဝေဒနာကျော်ပြီး အနိစ္စတွေ့အောင်ရှာပါ

ဥပမာ သစ်တုံးကြီးတစ်ခုကို ဘေးသားအကာတွေ ခွာလိုက်ရင် အတွင်းသားအနှစ်ပေါ်လာမှာပေါ့၊ အဲဒီအတိုင်းပဲ၊ ဒီမှာလည်း ဝေဒနာတွေ ခွာလိုက်လို့ရှိရင် အနိစ္စကို တွေ့လာရမှာပေါ့၊ ကြပ်ကြပ်သတိပြုပါ၊ အင်မတန် အရေးကြီးတဲ့တရား။

ဖြစ်တာနဲ့ ပျက်တာ ၂-ခုပဲ ရှိတဲ့ဥစ္စာ၊ အဲဒီထဲက ဖြစ်တုန်းမှာ ဝေဒနာ၊ ပျက်သွားတော့ ဝေဒနာသဘောကိုစွန့်ပြီး အနိစ္စရောက်သွားတယ်။ ထပ်ပြောဦးမယ်၊ ဖြစ်တုန်းမှာ ဝေဒနာ, ပျက်သွားတော့ အနိစ္စပေါ့။ ဩော်... ခင်ဗျားတို့သန္တာန်မှာ အပျက်ကလေးတွေကို တွေ့ပြီးဆိုရင်ဖြင့် နှိပ်စက်တတ်တဲ့ ဝေဒနာခွာ၍ အနိစ္စတွေ့ပါပြီ။ သာမည အရေးကြီးတယ်လို့မျှား မထင်လိုက်ပါနဲ့။ အလွန်အလွန် အရေးကြီးတယ်နော်။

## ဝေဒနာခွာပုံ

အဲဒီတော့ ဒီဝေဒနာဟာ ဖြစ်တာနဲ့ပျက်တာပဲရှိတယ်။ ဖြစ်တုန်းကဝေဒနာ၊ ပျက်သွားတာအနိစ္စ။ ဒါဖြင့် ဝေဒနာတုန်းကတော့ ဒုက္ခဝေဒနာက နှိပ်စက်တယ်ထားပါတော့၊ ပျက်သွားတဲ့အခါကျတော့ သူတောင် ပျက်တဲ့ဝမ္မဖြစ်နေတဲ့အတွက် ကိန်းရာပုဂ္ဂိုလ်ကို နှိပ်စက်သေးရဲ့လား။

ဝေဒနာကိုမတွေ့ဘဲ အနိစ္စသာ တွေ့နေသောကြောင့် အနိစ္စနောက်ကနေပြီး မဂ္ဂလိုက်နေသောကြောင့် ဝေဒနာ အနှိပ်စက် မခံရ။ ဒါဟာ ဝေဒနာကို ခွာထားနိုင်လို့ပဲ။ ဒါဖြင့် အနိစ္စကလည်း နာတာမဟုတ်၊ မဂ္ဂကလည်း နာတာမဟုတ်၊ **နာတယ်** ဆိုတာ ဝေဒနာကသာ နာတာမဟုတ်လား။ အခုမနာတဲ့သူတွေနဲ့ နေတာ။

အဲဒီနာတဲ့ဝေဒနာကို ခွာထားပြီး အခု အနိစ္စကို တွေ့အောင် ရှုထားတယ်၊ ဖြစ်ပျက်ကိုမြင်အောင် ရှုထားတယ်ဆိုပါတော့။ အနိစ္စကလည်းနာတာမဟုတ်၊ မဂ္ဂကလည်း နာတာမဟုတ်၊ ဝေဒနာကို ခွာနိုင်တဲ့ ပုဂ္ဂိုလ်က အဲဒီမနာတဲ့(၂)ချက်ကို ရနိုင်တယ်။

ဝေဒနာပေါ်လာရင် ဉာဏ်နဲ့ ကြည့်လိုက်ပါ၊ အနိစ္စ ရောက်သွားတဲ့ သဘောကလေးတွေ တွေ့မယ်၊ အပျက်ကလေးတွေကို မြင်မယ်။ ဒါဟာ ဝေဒနာကို ခွာတာပဲ၊ **ဝေဒနံ ဝိကွမ္ဘေတွာ=ဝေဒနာကို ခွာ၍** ဆိုတာဒါပဲ၊ ဝေဒနာကို ခွာထားတော့ မနာဘူးပေါ့။

[မှတ်ချက်။ ။ **ဝေဒနံ ဝိကွမ္ဘေတွာတိ ဥိရုဒ္ဓိဘောဒပစ္စယံ ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ။** ဝေဒနာခွာတယ်ဆိုတာ ပေါင်းချိုးထားမှုကြောင့် ဖြစ်ပေါ်လာသော ဆင်းဆင်းရဲရဲ ခံစားရခြင်းကို နှလုံးမသွင်း, အာရုံမပြုခြင်းဖြင့် ပယ်ဖျောက်ထားတာဟု ဖွင့်ပြထားသည်။ (ဒီ၊ ဋီ၊ ၂၊ ၂၈၃)

ထေရသ ဟိ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ဥဇာရံ ပိတိပါမောဇ္ဇံ ဥပ္ပဇ္ဇမာနံ ဥရုဒ္ဓိဘောဒဇနိတံ ဒုက္ခဝေဒနံ ဝိကွမ္ဘေသိ၊

မထေရ်အား သီလကို ·ဆင်ခြင်လတ်သော် စင်ကြယ်သော သီလကို အမှီပြု၍ ပြန့်ပြောများမြတ်သော ပီတိပါမောဇ္ဇ ဖြစ်ပေါ်လျက် ပေါင်ချိုး ထားမှုကြောင့် ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကို ပယ်ဖျောက်ထားပြီဟု ဆက်ဖွင့်ပြသည်။

ယင်းဖွင့်ဆိုချက်အရ ဝေဒနာခွာတယ်ဆိုတာ ဝေဒနာကို နှလုံးမသွင်း, အာရုံမပြုဘဲ တစ်ခြားကို အာရုံပြုနေသည်ဟု ဆိုနိုင်ပါ သည်။ (ဒီ၊ ၆၊ ၂၊ ၃၃၉။ ဒီ၊ ဋီ၊ ၂၊ ၂၈၃)]

[ဤနေရာ၌ သုပ္ပဝါသာသုတ္တန်ကိုလည်း ထည့်ဟောသင့်သည်။ ဤကျမ်းထဲတွင် **အပြစ်မမြင် အချစ်ဝင်** ခေါင်းစဉ်ဖြင့် နောက်မှာ အကျယ် ဖော်ပြထားသည်။]

## သေခါနီးမှာ မဂ္ဂသစ္စာနဲ့နေပါ

ဒါဖြင့်ရင် သေခါနီးမှာ ဝေဒနာရောက်လာမှာကတော့ သေချာ တယ်။ အဲဒီဝေဒနာကို ဉာဏ်နဲ့ခွာထားပြီး ဝေဒနာကိုကျော်လွန်ပြီး၊ သေခါနီးမှာဝေဒနာနောက်က မဂ္ဂလိုက်ပြီးနေပြပါ–လို့ ဘုန်းကြီးကမှာ နေတယ်။ တော်တော်အရေးကြီးတဲ့စကားနော်။ **သာမည**ုနားနဲ့ **မ**ထောင်ပါနဲ့ လို့ လေးလေးနက်နက် သတိပေးပါတယ်။

**ဒါက ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ရမတုံးဘုရား** လို့မေးရင် အခု ကတည်းက အနီစွပ်ပိုင်ထားတဲ့ ပုဂ္ဂိုလ်မျိုးမှရမယ်။ မီးလောင်ခါမှ ရေရှာ လို့ကတော့ မရပါ။

**မီ**းမလောင်ခင်က မဂ်တည်းဟူသော ရေစင်ရေအေးကို ရှာထား တဲ့သူမှရမယ်နော်။ အဲလိုပုဂ္ဂိုလ်မျိုးမှ သေခါနီးမှာ မဂ္ဂသစ္စာဖြစ်ပြီး သေလို့ရမယ်။ သေနည်း သင်ပေးနေတယ်နော်။ မြတ်စွာဘုရားက အရှင်ဖဂ္ဂုန ရဟန်းအား "သေနည်း သင်ပေးတဲ့တရား" လို့ မှတ်လိုက် ကြစမ်းပါ။ လေးလေးနက်နက် မှတ်ကြစမ်းပါ။

ဝေဒနာကို မတွေ့စေဘဲနဲ့ ဝေဒနာရဲ့အဖြစ်အပျက်တွေချည်း ဉာဏ်ထဲတွေ့နေပါစေ၊ ဆိုလိုရင်းက အဖြစ်အပျက်နှင့် ဉာဏ်နှင့်တည့်နေပါစေ၊ ဘယ်သူမှ ကြားမဝင်စေနဲ့၊ ဖြစ်ပျက်နဲ့ဉာဏ်နဲ့တွဲနေပါစေ။

ဒါဆိုရင် ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိနေခြင်းပဲ၊ အဖန်ဖန် သိနေပါ၊ ကြာတော့ မုန်းလာမယ်၊ နောက်တော့ ဒုက္ခသစ္စာတွေ,အဖြစ်အပျက်တွေ, ဆုံးသွားတာကို မြင်ရပါလိမ့်မယ်။

## ဝေဒနာကို ကျော်အောင် ကြိုးစား

လူမိုက်များက ပြောတတ်ကြတယ်။ **သေတာများ အဆန်းလုပ်လို့၊ သင်နေရအုံးမှာလား၊ သေတစ်နေ့၊ မွေးတစ်နေ့ပဲဟာ** တဲ့၊ အဲဒီအပြောက လားရာဂတိကို ထည့်ပြောတာ မဟုတ်ပါဘူး။

အခုဟာကတော့ လားရာဂတိ ကောင်းတာလည်း ဖြစ်ချင်ဖြစ်မယ်၊ လားရာဂတိကို မရှိတဲ့အခြေအနေလည်း ရောက်ချင်ရောက်သွားမယ်။ ဝေဒနာပေါ်တာကို ဝေဒနာကိုကျော်၍ အနိစ္စတွေ့အောင်ရှာရတဲ့နည်း။

သေခါနီးမှာ ပေါ်လာတဲ့ ဝေဒနာကို **ဒါဟာ ဝေဒနာလား၊ အနိစ္စလား** လို့ ဉာဏ်နဲ့ကြည့်၊ အဲဒီအချိန်မှာ ဝေဒနာပျောက်သွားတာ တွေ့ရမယ်။ အဲဒါ အနိစ္စပေါ့။ ဒါကြောင့် နားလည်တဲ့သူတွေကျတော့ **ဖြစ်တာက ဝေဒနာ၊ ပျက်တာက အနိစ္စ** လို့ ခွဲခြားတတ်တယ်။ သစ္စာဖြစ်အောင်လုပ်ပြီး အသေတတ်ကြတာပေါ့။

**ဉာဏ်နဲ့ကြည့်တဲ့အခါ ဝေဒနာတွေကို မတွေ့ရတော့ဘဲ ဖြစ်ပျက်ကလေးတွေချည်း တွေ့နေတော့တာကို 'ဝေဒနာကျော်တယ်' လို့** ပြောတာ။ ဒီတော့ 'ဝေဒနာကျော်တယ်' ဆိုတာ အနိစ္စကို တွေ့တာပဲ၊ **အနိစ္စနဲ့ ဖြစ်ပျက်ကလည်း အတူတူပဲဆိုတော့ 'ဝေဒနာကျော်တယ်' ဆိုတာ ဖြစ်ပျက်မြင်တာပဲလို့လည်း** ပြောလို့ရတယ်။

ဝေဒနာကျော်လွန်အောင် ရှုထားနိုင်မှ စိတ်ချရတာမို့ ဤကိစ္စကို မပေါ့ကြနဲ့နော်။

## ဝေဒနာကတခြား၊ အနိစ္စက တခြား

ဒါဖြင့် သေခါနီး ဝေဒနာလာရင် ရှေးဦးစွာ ဘာလုပ်ရမလဲ၊ နံပါတ်(၁)ဉာဏ်နဲ့ ဝေဒနာကိုရှုပါ၊ ရှုတဲ့အခါ ဝေဒနာတခြား၊ အနိစ္စတခြား မြင်ပါစေ။ ဒါဟာ ဝေဒနာခွာတာပဲ၊ ဝေဒနာဟာ ဝေဒနာပဲ၊ အနိစ္စက အနိစ္စပဲ။ နံပါတ်(၂)ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ "ဒါဟာ ဝေဒနာမဟုတ်ဘူး၊ ဖြစ်ပြီး ပျက်သွားတဲ့ အနိစ္စကလေးတွေပဲ" လို့ တွေ့စေရမယ်။ ဝေဒနာလေးတွေဖြစ်ပြီး ပျက်သွားတဲ့သဘောကို တွေ့အောင် ရှာရမယ်။ ဝေဒနာကို မတွေ့စေနဲ့။ ဒီတော့ "ဝေဒနာကလေးတွေက တခြား၊ ဖြစ်ပျက်က တခြား" ဆိုတာ ပေါ်လာမယ်၊ ဖြစ်ပျက်ဆိုတာနဲ့ အနိစ္စဆိုတာ အတူတူပဲ။ ဒီတော့ -

(က) ဝေဒနာမတွေ့စေနဲ့၊ ဖြစ်ပျက်တွေ့ပစေ။

(ခ) ဝေဒနာမတွေ့စေနဲ့၊ အနိစ္စတွေ့ပစေ အတူတူပဲ။

## 'ဝေဒနာကျော်တယ်' ဆိုတာ

ဒီအချိန်မှာ ဝေဒနာကျော်နေတာပဲ၊ မဂ္ဂသစ္စာ ဖြစ်နေတာပဲ။ ဝေဒနာကို မတွေ့တော့ဘဲ ဖြစ်ပျက်ကလေးတွေချည်း တွေ့နေတော့ တာကို **ဝေဒနာကျော်တယ်** လို့ ခေါ်ရတယ်။ **ဖြစ်ပျက်ကလေးတွေ တွေ့နေတယ်** ဆိုတော့ အတွေ့ခံတာက အနိစ္စ၊ တွေ့တဲ့ဉာဏ်က မဂ္ဂ။

ဖဂ္ဂုနရဟန်းကျတော့ သိပ်ကောင်းတယ်။ အနိစ္စတွေ့တဲ့အပြင် အနိစ္စကို မုန်းသေးတယ်၊ ပြီးတော့ အနိစ္စ ဆုံးသွားပါလေရော...။

ဒီနည်းနဲ့ အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံး (၃)ခါ ဆုံးတော့ အနာဂါမ်ဖြစ်သွားတာပေါ့။

အောက်သံယောဇဉ် ၅-ပါးကို ဖယ်ရှားသွားနိုင်တဲ့အတွက် ဖဂ္ဂုန ရဟန်း အနာဂါမ် ဖြစ်သွားတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း နံပါတ်(၁) အနိစ္စမြင်၊ နံပါတ်(၂) အနိစ္စမုန်း၊ နံပါတ်(၃) အနိစ္စဆုံးသွားတာကို မြင်အောင် ဉာဏ်နဲ့ကြည့်ကြရမှာ၊ ကြည့်ကြပါလို့ တိုက်တွန်းပါတယ်။ **[အနိစ္စေ လက္ခဏော ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ ဝေဒနာ တိသု လက္ခဏောသု ကေသဉ္စိ ဒိဋ္ဌေ ဣတရဒ္ဒယံ ဒိဋ္ဌမေဝ ဟောတိ။ အနိစ္စလက္ခဏာကို မြင်သော် အနတ္တလက္ခဏာကို မြင်ပြီးသည်သာ ဖြစ်သည်။ ဤလက္ခဏာသုံးပါးတို့တွင် တစ်ပါးပါးကို မြင်သည်ရှိသော် ကျန်နှစ်ပါးကို မြင်ပြီးသည်သာ ဖြစ်တော့သည်။** (အံ၊ ၆၊ ၃၊ ၂၅၈)

အနိစ္စလက္ခဏာ တစ်ပါးကို မိအောင်, ထိအောင်, မြင်အောင် ရှုမှတ်ပွားများလျှင် ဒုက္ခနှင့် အနတ္တကိုလည်း ထင်မြင်လာပြီး ဖြစ်တော့သည်။

ထို့ကြောင့်- **အနိစ္စမြင်၊ ဒုက္ခထင်၊ ပေါ်လွင် အနတ္တာ။ အနတ္တ မြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်မှာ** ဟု မိန့်ဆိုကြခြင်း ဖြစ်သည်ကို သတိထားပါ။ ဝေဒနာနုပဿနာ, ဝေဒနာပရိဂ္ဂဟ, ဝေဒနာ ဝိက္ခမ္ဘန သဘောများကို မဟာသတိပဋ္ဌာနသုတ် ပါဠိအဋ္ဌကထာ ဋီကာလာ သဘောများကို ထည့်သွင်း၍ ဟောပြောသင့်ပါသည်။)

## စိတ္တာနုပဿနာ

[ပဋ္ဌိစ္စသမုပ္ပါဒ်အဂါ (၁၂)ပါး ရှင်းတမ်းတွင် ဖော်ပြခဲ့သော ဝိညာဏ်၏ရှင်းတမ်းအမည်နှင့် ပေါင်းစပ်၍ စိတ္တာနုပဿနာကို ဟော သင့်သည်။ သို့မှသာ ပို၍သဘောပေါက်နားလည်နိုင်မည်။ ပဋ္ဌိစ္စသမုပ္ပါဒ် နှစ်အကွက်မှာ ဖော်ပြထားသည့်ဝိညာဏ်သည် စိတ္တာနုပဿနာ သတိ ပဋ္ဌာန်နှင့် ကိုက်ညီနေသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သတိပဋ္ဌာန်

မဆန့်ကျင်ကြောင်း သိမြင်စေချင်ပါသည်။ ကျွမ်းကျင်မှုရှိပြီး ဉာဏ်ယှဉ်ကာ ဉာဏ်ကျက်စားဖို့ အရေးကြီးသည်။]

"စိတ်" ဆိုတဲ့ နာမ်တရားတွေဟာ ဘဝတစ်ခုလုံးမှာ ဖြစ်နေကြတယ်။ အကြားအလပ်မရှိအောင် ဆက်စပ်ဖြစ်နေကြတယ်။ အဦးဆုံးစပြီးဖြစ်တဲ့ ပဋိသန္ဓေစိတ်၊ ပြီးတော့ အလယ်ပိုင်းမှာ ဘဝတစ်ခုလုံးဖြစ်နေကြတဲ့ ပဝတ္တိစိတ်တွေ၊ နောက်ဆုံးသေတဲ့အခါဖြစ်တဲ့ စုတိစိတ်-ရယ်လို့ စိတ်တွေဟာ မြစ်ရေအယဉ်လို တသွင်သွင် အစဉ်မပြတ် ဖြစ်နေကြတယ်။

"အစဉ်မပြတ်" ဆိုပေမယ့် တစ်ချိန်မှာ ၂-ခု ပူးတော့ မဖြစ်ဘူးပေါ့၊ ၁-ခုစီ ပဲ၊ တစ်ခုပြီးမှ တစ်ခု ဖြစ်ရတာ၊ "ဇကစိတ္တ သမာယုတ္တာ၊ တစ်ချိန်မှာ တစ်စိတ်စီနဲ့ပဲယှဉ်တယ်၊ တစ်စိတ်ချုပ်သွားမှ နောက်တစ်စိတ်ကပ်လျက် ဖြစ်ပေါ်လာတာမျိုး။

**အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊**
**အညံ စိတ္တံ နိရုဇ္ဈတိ၊**
**အဝိစိ မနုသမ္ဗန္ဓော၊**
**နဒီသောတောဝ ဝတ္တတိ။**

**အညံ**-အခြားသော၊ **စိတ္တံ**-ရှေ့က ဖြစ်နှင့်သောစိတ်သည်၊ **နိရုဇ္ဈတိ**-ချုပ်ပျောက်သွား၏။ **အညံ**-အခြားသော၊ **စိတ္တံ**-နောက်စိတ်အသစ်သည်၊ **ဥပ္ပဇ္ဇတေ**-ဖြစ်ပေါ်လာရ၏၊ **အဝိစိ မနုသမ္ဗန္ဓော**- အကြားအလပ်ဆက်စပ်ကပ်လျက်၊ **နဒီသောတောဝ**-မြစ်ရေအယဉ်ကဲ့သို့၊ **ဝတ္တတိ**-ဖြစ်ပျက်-ဖြစ်ပျက်နေ၏။

တစ်ဘဝလုံး အကြားမလပ်စိတ်တွေ ဆက်စပ်ဖြစ်နေတယ်၊ အိပ်ပျော်နေစဉ်မှာလည်း ဘဝင်စိတ်တွေဖြစ်နေကြတယ်။ နိုးနေစဉ်မှာလည်း ဝိထိစိတ်၊ တစ်စိတ်ပြီး-တစ်စိတ်၊ အကြားမလပ် ဆက်စပ်ကပ်လျက် ဖြစ်နေကြ, ပျက်နေကြတယ်။ အကယ်၍ တစ်စိတ်ချုပ်ပျောက်

သွားတဲ့နေရာမှာ နောက်တစ်စိတ်မဖြစ်ဘဲ ရပ်ဆိုင်းသွားပါလျှင် ထိုပုဂ္ဂိုလ် သေရမည် ဖြစ်တယ်။ ဒါဟာ တစ်ဘဝလုံး စိတ်တွေ စဉ်တန်းဖြစ်နေပုံကို ပုံပေါ်စေလို၍ ပြောခြင်းဖြစ်တယ်။

[လူသည် သံယောဇဉ်မရှိလျှင် မနေတတ်ပါ။ တဏှာနှင့်သာ အဖော်လုပ်ပြီး နေတတ်ကြသည်။ ထိုသို့နေလျှင် နိဗ္ဗာန် ဘယ်တော့မှ မရ။ သဒ္ဓါပညာကိုသာ အဖော်လုပ်နေသင့်သည်။ တဏှာဥပါဒါန် ကံပြတ်ဖို့မှာ ဝိပဿနာအလုပ်လုပ်မှဖြစ်သည်။ စိတ်ဖြစ်တိုင်း စိတ်ကို ဉာဏ်ဖြင့်ရှုလျှင် တဏှာ, ဥပါဒါန်, ကံပြတ်နိုင်သည်။ ဉာဏ်ဖြင့်ရှုတော့ စိတ်သေသွားတာ မြင်နိုင်သည်။ ယင်းသည် ကိုယ့်အသေကိုယ်မြင်ခြင်း ဖြစ်သည်။ ဝိပဿနာဆိုတာ ကိုယ့်အသေ ကိုယ်မြင်အောင်ရှုခြင်း ဖြစ်သည်။]

## စိတ္တာနုပဿနာ ရှုပွားနည်း

[ဤစိတ္တာနုပဿနာနှင့် ပတ်သက်ပြီး မိုးကုတ်ဆရာတော် ကိုယ်တော်တိုင်ဟောထားသောတရားတို့မှယူ၍ အကျဉ်းချုပ်ကောက်နုတ် ဖော်ပြပါမည်။]

"ကမ္မဋ္ဌာန်းတွေကတော့ အစုံရှိတာပဲ၊ ဒါပေမဲ့ ကိုယ့်စိတ်ကိုယ် ရှုတာ အလျှော်ဆုံး စိတ္တာနုပဿနာပေါ့"

စိတ်ဆိုတာ ဖြစ်ပြီးပျက်သွားတဲ့စိတ်ကတစ်မျိုး၊ အဲဒါကို သိတဲ့ စိတ်ကတစ်မျိုး၊ ဖြစ်ပျက်ကို သိတယ်ဆိုပါတော့။ ဒါဖြင့် ဖြစ်ပျက်က အသေ၊ မဂ်ကအရှင်၊ သူကနောက်မှပေါ်ရ တာကိုး။ ဒါဖြင့် **အသေကို အရှင်နဲ့ သိပေးတယ်၊ ဒါ–ဝိပဿနာပဲ။**

**အသေကို အရှင်နဲ့သိတာ ဝိပဿနာခေါ်မယ်။** ဟာ... ဝိပဿနာဆိုတာ အလွယ်ကလေးပါလား။ **အသေကို အရှင်နဲ့သိရင် ဝိပဿနာဖြစ်နေပြီ။** စာလိုသုံးနှုန်းနေလို့ အဟန့်ကြီးပြီးတော့ ခင်ဗျား

တို့က နားယောင်နေတာ။ တကယ်တော့ ကိုယ့်အသေကို ကိုယ့်အရှင် စိတ်နဲ့သိရင်ပြီးတာပဲ၊ ကြည့်ပါ။ ဒီအထဲမှာ စိတ်ကလေးတစ်ခု ပေါ်လာတယ်။ စိတ်အသက်က ၁ နှင့် ၂ ပဲ ရှိတယ်၊ ၁-ဆိုရင် ဖြစ်တယ်၊ ၂-ဆိုရင် ပျက်တယ်။

အဲဒါလေးကို နောက်သိလုံးကလေးနဲ့ နောက်စိတ်နဲ့ သိပေးလိုက်တာပေါ့။ နောက်စိတ်နဲ့ အသက်ရှင်နေတယ်။ ဒီရှေ့စိတ်က သေသွားပြီကိုး၊ လူတစ်ယောက် သေသွားပြီ။

## ကမ္မဋ္ဌာန်းကျောင်းက ဘယ်မှာလဲ

ကိုယ့်ဉာဏ်နဲ့ ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာခေါ်တယ်။

**ဝိပဿနာဆိုတာ အသေကို အရှင်နဲ့ကြည့်တာလို့မှတ်၊**

ခင်ဗျားတို့က တောကျောင်း တောင်ကျောင်းသွားပြီးရှုမှ ဝိပဿနာထင်ကြတာကိုး၊ မဟုတ်ပါဘူး-တဲ့။ ကိုယ့်အသေက ဘယ်မှာရှိတာတုံး။ ကိုယ့်အသိကရော ဘယ်မှာရှိတာတုံး။ ဒီခန္ဓာဟာ ကမ္မဋ္ဌာန်းကျောင်းပဲ ပေါ့။ တောမထွက်ချင်အောင်လို့ ဘုန်းကြီးက ဟောနေတာလို့ မထင်လိုက်ကြပါနဲ့။

လိုရင်းကတော့ ကိုယ့်အသေ ကိုယ်သိနေရင် ပြီးတာပါပဲ၊ တောထဲသွားနေပေမယ်လို့ မြို့စိတ်ပေါက်နေမယ်, ရွာစိတ်ရောက်နေမယ်ဆိုရင် အလကားပါပဲ၊ ကိုယ့်အသေ ကိုယ်မရှာဘူး-မမြင်ဘူးဆိုရင် အလကားပါပဲ။

တောကျောင်း တောင်ကျောင်း ဆိုတာတွေက သမထအတွက် ဟောတာ၊ သမထက တိတ်ဆိတ်ဖို့ လိုအပ်တယ်၊ ဒါက သုတ္တန်နည်း။

ဝိပဿနာအတွက်ကတော့ လှေကားခုံက ခြေတစ်လှမ်းဆင်းရင် တောကျောင်း တောင်ကျောင်းပဲ-တဲ့၊ ဒါက အဘိဓမ္မာနည်း။

ဝိပဿနာအတွက်ကတော့ မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ် စတဲ့ စိတ်တွေကိုရှုတာဆိုတော့ နေရာမရွေးဘူး၊ ဘယ်နေရာရှုရှုရတာပေါ့။

## ပုထုဇဉ်တို့ ရှိနိုင်သောစိတ်များ

ဒကာ၊ ဒကာမတို့သန္တာန်မှာ ဖြစ်နိုင်တဲ့စိတ်, ပေါ်နိုင်တဲ့စိတ်က သိပ်မများပါဘူး။ (၄၅)ပါးပဲ ရှိတယ်။ အဲဒီစိတ်တွေ သင့်တော်သလို တစ်ခုစီလှည့်ပေါ်မှာပဲ။

ကာမစိတ် (၅၄)ပါး ရှိတယ်။ ကာမဘုံမှာ ဖြစ်နိုင်တဲ့စိတ်တွေပါ။ အဲဒီထဲက ဘုရား, ရဟန္တာတို့သန္တာန်မှာသာ ဖြစ်တဲ့ မဟာကြိယာစိတ် (၈)ခု၊ ဟသိတုပ္ပါဒ်စိတ် တစ်ခု၊ ပေါင်း (၉)ခုနှုတ်ရင် (၄၅)ပါးသာ ကျန်တယ်။ ဒါဟာ တိဟိတ်ပုဂ္ဂိုလ်မှ (၄၅) ပါးလာမှာ။ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုရင် ဉာဏသမ္ပယုတ်စိတ်လေးပါး ထပ်နှုတ်လိုက်တော့ (၄၁) ပါးပဲ လာနိုင်မယ်။ ဒါကြောင့် ယောဂီတို့သန္တာန်မှာ ဖြစ်နိုင်တဲ့စိတ်ပေါင်း (၄၅) ပါးဆိုတာ -

၁။ အကုသိုလ်စိတ် ၁၂ ပါး၊

၂။ ဟသိတုပ္ပါဒ်ကျဉ် အဟိတ်စိတ် ၁၇ ပါး၊

၃။ မဟာကုသိုလ်စိတ် ၈ ပါး၊

၄။ မဟာဝိပါက်စိတ် ၈ ပါးတို့ ဖြစ်ပါတယ်။

ပြုံးရွှင်ခြင်းကိုသာ ဖြစ်စေတတ်တဲ့ သဘောကို ဟသိတုပ္ပါဒ်စိတ်လို့ ခေါ်တယ်။ လောဘမူ, ကာမသောဘဏစိတ်တွေလည်း ပြုံးရယ်ခြင်းကို ဖြစ်စေနိုင်တယ်။ ဒါပေမဲ့ အဲဒီစိတ်တွေဟာ ပြုံးရယ်ခြင်းကိစ္စအပြင် ကိုယ်မှု, နှုတ်မှုကိစ္စများကိုလည်း ဖြစ်စေတဲ့အတွက် ဟသိတုပ္ပါဒ်အမည် မရပါဘူး။ ဒီဟသိတုပ္ပါဒ်စိတ်ကတော့ ပြုံးရယ်ခြင်းမှ တစ်ပါး တခြားကိုယ်မှု နှုတ်မှု မဖြစ်စေတတ်ပါ။ ဒါကြောင့် ဘုရား, ရဟန္တာတို့ရဲ့ သန္တာန်မှာ ဖြစ်တဲ့စိတ်လို့ ပြောတာပါ။ (သင်္ဂြိဟ်ဘာဋီ၊ ၅၆)

ကုသိုလ်စိတ်လို ကောင်းကျိုးမရသဖြင့် ပြုသော်လည်း ပြုကာမတ္တ, ပြုရုံမျှသာဖြစ်တဲ့စိတ်ကို ကြိယာစိတ်လို့ ခေါ်တယ်။ ရဟန္တာတို့သည် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့လို ဒါနမှု, သီလမှု, ဘာဝနာမှုတွေ

ပြုကြသေးတယ်။ အဲဒီစိတ်တွေဟာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိကစိတ် စသည်တို့ဖြစ်ပါတယ်။

အဲဒီစိတ်တွေမှာ အဝိဇ္ဇာအဖုံး တဏှာအစေးတွေ မပါဘူး။ အဝိဇ္ဇာက ဘဝအပြစ် မမြင်ရအောင် ဖုံးပေးတယ်။ တဏှာအစေးက ဘဝမသေအောင် စေးကပ်ဖွဲ့စည်းပေးတယ်။ ဒါကြောင့် ဖုံးပေးမည့် အဝိဇ္ဇာ၊ ဖွဲ့စည်းပေးမည့်တဏှာ ရှိနေတဲ့ ပုထုဇဉ်တို့ရဲ့ ဒါန, သီလ, ဘာဝနာတို့က ဘဝဆိုင်ရာ အကျိုးများ ပေးကြဦးမှာပါ။

ရဟန္တာအရှင်မြတ်တို့ရဲ့သန္တာန်မှာ ဖြစ်တဲ့ ပြုလုပ်ကာမျှဖြစ်တဲ့ ဒါန, သီလ, ဘာဝနာတို့သည် အဝိဇ္ဇာတဏှာမပါတဲ့အတွက် အကျိုးမပေးတော့ဘူး။ ပြုလုပ်ကာမျှ ကြိယာစိတ်သာ ဖြစ်တော့တယ်။ ကုသိုလ်နဲ့ကြိယာစိတ်တို့ဟာ ပုံသဏ္ဌာန်ပြုလုပ်ပုံ စသည်တို့ကား အတူတူပင် ဖြစ်ပါတယ်။ ဒါပေမဲ့ ပုထုဇဉ်တို့ရဲ့သန္တာန်မှာ ကုသိုလ်စိတ်အနေနဲ့ ပါပြီးဖြစ်တဲ့အတွက် ကြိယာစိတ်ကို မယူရခြင်းဖြစ်ပါတယ်။ [သင်္ဂြိဟ် ဘာဋီ၊ ၆၆-၇]

- **ရဂ္ဂနာဒိဝသေနေတ္ထ၊ ဇဝနာကုသလံ ဘဝေ၊**
  **ကုသလံ ပန သမ္ဘောတိ၊ သဒ္ဓါ ပညာဒိသမ္ဘဝေ။**
  **တဒေဝ ဝိတရာဂါနံ၊ ကြိယာ နာမ ပဝုစ္စတိ၊**
  **အဝိပါကတ္တာမာပန္နံ၊ ဝဋ္ဋမူလပရိက္ခယာ။**

- ရာဂ, ဒေါသ, မောဟစွမ်းကြောင့် ဖြစ်ရသောဇောစိတ်သည် အကုသိုလ်စိတ်ဖြစ်သည်။ သဒ္ဓါပညာစသည်တို့ကြောင့် ဖြစ်ရသောဇောစိတ်ကို ကုသိုလ်စိတ်ခေါ်သည်။ ထိုစိတ်တို့သည် ရဟန္တာများ၏သန္တာန်မှာဖြစ်လျှင် အဝိဇ္ဇာ တဏှာ ဝဋ်မြစ်ကုန်ခန်းသဖြင့် အကျိုးမပေးနိုင်တော့သည့်အတွက် ကြိယာစိတ်လို့ခေါ်ပါသည် လို့ အရှင်အနုရုဒ္ဓါက ပရမတ္ထဝိနိစ္ဆယ (၁၀၉) ဂါထာအဖြစ် မိန့်ဆိုထားပါတယ်။ အလွန်သတိချပ်စရာကောင်းတဲ့ ဂါထာဖြစ်ပါတယ်။

## စိတ်ရှိရမှာ မဟုတ်၊ အပျက်ရှိရမှာ

ကိုယ့်စိတ်ကိုယ်ရှိပါ ဆိုတာ **ကိုယ့်စိတ်–ကိုယ်သိပါ** လို့ ပြောတာ။ **ကိုယ့်စိတ်** ဆိုတာရယ် **ကိုယ်သိ** ဆိုတာရယ် ၂–ခုပဲ၊ **စိတ်–စိတ်ချင်းရှိ**ရမယ့်ကိစ္စ၊ အရေးကြီးတယ်။

**စိတ်–စိတ်ချင်းရှ** ဆိုပေမယ့် တကယ်တော့ ရှိတဲ့စိတ်ပေါ်တဲ့အချိန်မှာ အရှခံစိတ်က မရှိတော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ တစ်ချိန်တည်းမှာ ၂–စိတ်ပြိုင်၍ အသက်ရှင်ရိုးထုံးစံ မရှိလို့ပါပဲ။ **ကေစိတ္တ သမာယုတ္တာ** ဆိုတဲ့အတိုင်း တစ်ချိန်မှာ တစ်စိတ်စီနဲ့သာ အသက်ရှင်ရတာ မဟုတ်လား။ အဲဒီတော့ **ကိုယ့်စိတ် ကိုယ်သိပါ** ဆိုပေမယ့် တကယ်တော့ စိတ်ကိုသိရမှာ မဟုတ်ဘူး၊ အပျက်ကိုသိရမှာ။

ဒါဖြင့် **အရှခံစိတ်ကလေးက အပျက်၊ ဒီဘက် ရှဉ့်ဏာစိတ်ကလေးက မဂ်**၊ အဲလို သွားကိုက်တယ်၊ ဒါလေးတွေက တော်တော်အရေးကြီးတဲ့ အချက်ကလေးတွေနော်။

ဘုရားရှင်က **စိတ္တာနုပဿနာ** လို့ ဟောတော့ စိတ်ကိုအရှခိုင်းတယ်လို့ထင်ကြမှာ၊ ဘယ်ဟုတ်လိမ့်မှာလဲ။ စိတ်ကို အရှခိုင်းတာမဟုတ်ဘူး၊ **စိတ်၏ ပျက်မှုကို ရှပါ** လို့ ပြောတာ။ **သမုဒယဓမ္မာ နုပဿီဝါ၊ ဝယဓမ္မာ နုပဿီဝါ** ဆိုတာတွေ လာလိမ့်မယ်၊ အဲဒါတွေ နောက်တော့ပြောမယ်။

## ဝိပဿနာရှုပုံ အစစ်အမှန်

ထပ်မံပြောရဦးမယ်၊ စိတ်ကိုအရှခိုင်းတာမဟုတ်၊ **စိတ်၏ မရှိမှုကို** အရှခိုင်းတာ၊ ရှိတဲ့အချိန်မှာ မရှိတာဆဲတွေ့ရမယ်၊ ရှိပြီးမှ မရှိဘဲဖြစ်သွားတဲ့သဘောကိုတွေ့ရမှာ။ စောစောက ဒီနားရှိတယ်၊ အခု မရှိတော့ဘူး၊ အဲဒီသဘောကိုတွေ့ရမှာ။

ရှိတာရှိနေလို့ ရှိရင်ခိုင်တာ မြဲတာရှိနေသောကြောင့် သဿတဒိဋ္ဌိဖြစ်တယ်။ မရှိတာ ရှိမှသာလျှင် သဿတဒိဋ္ဌိမှလွတ်တယ်။ **အသေကို**

**အရှင်နဲ့ရှုပါ** ဆိုတာ အမှန်ဆုံးပဲ၊ ဘာပြုလို့လဲ ဆိုတော့ တစ်ခုသေပြီးမှ တစ်ခုဖြစ်ရမှာကိုး။

'စိတ်ကို အရှုခိုင်းတယ်' ဆိုပြီး 'ကျုပ်ကတော့ စိတ်တွေ လာတိုင်း ရှုနေတာပဲ' ဆိုရင် ဒါ–ဝိပဿနာ မဟုတ်ဘူး၊ ဝိပဿနာအဝါးမဝသေးဘူး၊ ဆရာကရင် လိုနေမယ်၊ ကိုယ်ကရင် လိုနေမယ်။

ရှေ့စိတ်ကို နောက်စိတ်နဲ့ မြင်လို့ မရနိုင်ဘူး။ ရှေ့စိတ်အပျက် ကိုသာ နောက်စိတ်နဲ့ မြင်လို့ရနိုင်မယ်။

ရှေ့က ပထမစိတ်ပျက်ပြီးမှ နောက်က ဒုတိယစိတ်ပေါ်နိုင်မယ်၊ ပထမစိတ်က အသေ၊ ဒုတိယစိတ်က ရှင်ဆဲပါ၊ **အသေကို ရှင်တဲ့စိတ်နဲ့ရှု၊ ရှင်တဲ့စိတ်ထဲမှာ ဉာဏ်ပါတယ်၊ အဲဒါမှ ဝိပဿနာ အစစ်ပါ။**

အပျက်မပါဘဲ စိတ်သက်သက်ကိုသာ ရှုနေရင် ဝိပဿနာအစစ် မဟုတ်သေးဘူး။ ဖြစ်လည်းမဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ နောက်က ရှုတဲ့စိတ်ပေါ်တဲ့အချိန်မှာ ရှေ့ကစိတ်က ရှိမှမရှိနိုင်ဘဲ။ ပျက်သွားရပြီ၊ ပျက်သွားပြီးမှသာ နောက်က စိတ်ပေါ်နိုင်ခွင့်ရတာကိုး။

## သမုဒယ–ဝယမ္မာနုပဿီဝါ

**စိတ္တာနုပဿနာ=စိတ်ရှုတယ်** ဆိုတာ အပြောကတော့ ပြော ချင်ပြောပေါ့။ ဒါပေမဲ့ အမှန်စင်စစ်ကတော့ **ကိုယ့်အသေကို အရှင်နဲ့ ရှုတာပါ** ဒါမှအမှန်ဗျ။ အသေမတွေ့သေးလို့ ရှိရင်လည်း အနီစွမတွေ့ သေးဘူး။ ဒါကြောင့် ဝိပဿနာဆိုတာ အသေကို အရှင်နဲ့ ကြည့်တာပါ။ ဒါဖြင့် စိတ်ရှုရှု၊ ဝေဒနာရှုရှု၊ ရုပ်ရှုရှု၊ အပျက်ကို မြင်စေရမယ်လို့ ပြောတာ၊ ဒါဟာ ဘုရားဟောအထောက်အထားရှိလို့ပြောတာ။ **သမုဒယ ဝယမ္မာနုပ ဿီဝါ စိတ္တာသို့ ဝိဟရတိ၊ ဝယမ္မာနုပဿီဝါ စိတ္တာသို့ ဝိဟရတိ** တဲ့၊ မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးမှာပါတယ်၊ မြတ်စွာဘုရား ဟောထား တာ။

သမုဒယ-ဆိုတာ ဖြစ်တာ၊ မွေးလာတာ၊ ဝယ-ဆိုတာ ပျက်တာ၊ သေတာပေါ့။ အဲဒီမွေးလာပြီး သေသွားလိုက်၊ မွေးလာပြီး သေသွားလိုက်တွေကို ရှုရမှာ၊ ဉာဏ်နဲ့ရှုရမှာ။ ပြောနေကျစကားလုံးနဲ့ ပြောရရင် တော့ ဖြစ်လာပြီး ပျက်သွားလိုက်၊ ဖြစ်လာပြီး ပျက်သွားလိုက်၊ အတိုကောက် ဖြစ်-ပျက် ပေါ့၊ အဲဒါတွေကို ဉာဏ်နဲ့ရှုရမှာ။ မဟာသတိပဋ္ဌာန်ပါဠိတော်ကြီးထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အတိအလင်းဟောထားတာပဲ၊ **သမုဒယ-ဝယ** မွေးလာပြီး သေသွားတာကို မြင်အောင်ကြည့်ရမယ် ဆိုတာလေ။ အဲဒီထိအောင်သွားရမှာ၊ အဲဒီကျတော့မှ ဝိပဿနာဖြစ်တာ။

## ဒုက္ခနောက်က မဂ္ဂလိုက်

**မဂ်** ဆိုတာ သိလုံးကလေးကိုပြောတာ။ မဂ်ဆိုတာသိတဲ့ အသိကလေးကို ပြောတာပါ" သိရမှာကတော့ ဒုက္ခသစ္စာ။ ဒုက္ခသစ္စာ ဆိုတာ ဘယ်ဟာတွေလဲဆိုတော့ ခန္ဓာပေါ်တာ၊ ခန္ဓာငါးပါးထဲက တစ်ပါးပါး ထင်ထင်ရှားရှားပေါ်တာကိုဆိုတာ။

ဒါဖြင့် ဒုက္ခသစ္စာဆိုတာ ခွေးကိုက်လို့နာတာကို ပြောတာမဟုတ်။ တုတ်နဲ့ရိုက်လို့ နာတာလည်းမဟုတ်၊ ကျောက်ပေါက်လို့ ဝေဒနာရတာကို ဆိုတာလည်းမဟုတ်။ လက်မှာ ခြေထောက်မှာ ခွူနာကြီးတွေ ပေါက်တာကို ဆိုတာလည်းမဟုတ်။

အေး... အဲဒီတော့ ဒုက္ခသစ္စာကို ကျောပေးပြီး မနေလိုက်ကြပါနဲ့၊ သိစရာ သူကလာပေးတာကို သိလုံးကလေးနဲ့ သိလိုက်ကြစမ်းပါ။

အဲလို သိလိုက်လို့ရှိရင် **အညာသိ=သိသွားပြီ** ဆိုတာလို ဖြစ်သွားမယ်။ အဲဒါကြောင့် ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာလိုက်ဖြစ်အောင် လိုက်ကြစမ်းပါ။ သူက "ဟော... ကြည့်ပါဗျ" လို့ လာပြောတာကို ကိုယ်က ကြည့်ဖြစ်အောင် ကြည့်လိုက်ကြစမ်းပါ။

## အပြင်ညှိသည် (၅) ယောက်

- ညှိသည်အိမ်သည်၊ စိတ်နှစ်သွယ်၊ ကိုယ်ဝယ်အမြဲလှည့်။
- ညှိသည်ခြောက်ယောက်၊ စိတ်ကြေပေါက်၊ လာရောက်ခိုဝင်ဝပ်။
- ညှိသည်ထွက်ဝင်၊ သတိယှဉ်၊ ဉာဏ်မြင်ရှုမှတ်ကြည့်။
- ရှုမှတ်များလာ၊ ပျက်မြင်လာ၊ ပြိုကွာမျိုးဒိဋ္ဌ။

ဦးဇောတိက(လေး)

"ဒကာ ဒကာမတို့ သန္တာန်မှာ ဖြစ်နိုင်တဲ့စိတ်တွေ ဘယ်နေရာတွေက ဖြစ်နိုင်သလဲဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာ ဖြစ်နိုင်တယ်။

မျက်စိနဲ့ အဆင်းနဲ့ ဆုံတဲ့အခါ မြင်စိတ်ပေါ်တယ်၊ နားနဲ့အသံနဲ့ ဆုံတဲ့အခါ ကြားစိတ်ပေါ်တယ်၊ နှာခေါင်းနဲ့ အနံ့နဲ့ ဆုံတဲ့အခါ နံစိတ်မွှေးစိတ်ပေါ်တယ်။ လျှာနဲ့အရသာနဲ့ဆုံတဲ့အခါ စားစိတ်ပေါ်တယ်၊ ကိုယ်ခန္ဓာနဲ့ တွေ့ထိစရာနဲ့ဆုံရင် တွေ့ထိစိတ်, ယားနာကောင်းစိတ်ပေါ်တယ်။

ဒီ၅-မျိုးဟာ တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်မှ ပေါ်လာတတ်ကြတာဆိုတော့ တစ်ခါတစ်ရံမှ ပေါ်လာတတ်တဲ့ ညှိသည်လိုပဲ၊ ဒါကြောင့် **ညှိသည်စိတ် ၅-မျိုး** လို့ခေါ်တယ်။ ဒီညှိသည်တွေက လည်း ဝမ်းတွင်းမှာပေါ်တာ မဟုတ်ဘူး၊ ကိုယ်ပေါ်အပြင်ဘက်မှာ ပေါ်ကြတာ၊

ဒါကြောင့် **အပြင်ညှိသည်စိတ် ၅-မျိုး** လို့ခေါ်တယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့မှာ ပေါ်တာဆိုတော့ အပြင်ဘက်ပေါ့။ အပြင်ညှိသည် ၅-ယောက်ဆိုပါတော့။

## အတွင်းညှိသည် ၆-ယောက်

တစ်ခါ ဝမ်းထဲဟာဒယဝတ္ထုပေါ်မှာ ပေါ်တဲ့စိတ်များလည်း ရှိသေး

တယ်။ တစ်ခါတလေ လိုချင်မက်မောတဲ့ လောဘစိတ်ပေါ်တယ်။ တစ်ခါတလေ အလိုမကျ ဒေါသဖြစ်တဲ့ စိတ်များလည်းပေါ်တယ်။ တစ်ခါတလေ တွေဝေမိုက်မှောင်တဲ့ မောဟစိတ်လည်းဖြစ်တယ်။ ဒါက အကုသိုလ်ဘက်က ၃-ခု။

တစ်ခါတလေကျတော့ ပေးချင် ကမ်းချင်၊ လှူချင် တန်းချင်၊ ဝေချင် မျှချင်တဲ့ အလောဘစိတ်ကလေးများလည်း ပေါ်တတ်တယ်။ တစ်ခါတလေကျတော့ မေတ္တာရှိတဲ့အဒေါသစိတ်လည်း ပေါ်တတ်တယ်။ တစ်ခါတလေကျတော့ ကိုယ်ရဲ့လုပ်ငန်းကိုင်ငန်းအပေါ် တွေးတောကြံစည်တဲ့ စိတ်လည်းဖြစ်တယ်။ ဒါက ကုသိုလ်ဘက်က ၃-ခု။

[မဟာသတိပဋ္ဌာနသုတ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ သရာဂဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ စသဖြင့် စိတ်အမျိုးအစားများကို မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။ သရာဂံ ဝါ စိတ္တံ ဆိုတာ လောဘစိတ်, သဒေါသံဝါ စိတ္တံဆိုတာ ဒေါသစိတ်, သမောဟံ ဝါ စိတ္တံ ဆိုတာ မောဟစိတ်လို့ အကြမ်းဖျင်းယူရမှာပါ။

**ဝိတရာဂံ ဝါ စိတ္တံ ဆိုတာ အလောဘစိတ်၊**

**ဝိတံဒေါသံ ဝါ စိတ္တံ ဆိုတာ အဒေါသစိတ်၊**

**ဝိတမောဟံ ဝါ စိတ္တံဆိုတာ မောဟကင်းတဲ့ လောကီကုသိုလ်** အဗျာကတစိတ်တွေကို အကြမ်းဖျင်း ယူရမှာပါ။ အနုစိတ် အသေးစိတ် မဟုတ်သေးပါ။ မတိကျဟု စိတ်စောကာ မစောဒနာသင့်ပါ။ ထင်ရှားမှုကို လိုချင်လို့ လုပ်ငန်းခွင်ဝင်ချင်လို့ ပေါ်လွင်အောင် အကြမ်းဖျင်းမျှ တင်ပြခြင်းသာပါ။ အဲဒီသုံးစုံသုံးတွဲဟာ စိတ်နဲ့ပတ်သက်လို့ လုပ်ငန်းစဉ်မှာ ပဓာနကျတဲ့ တရားတွေပါ။

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, ဝိတက် ဆိုတဲ့ စိတ်သဘာဝတွေကို သိမြင်စေပါတယ်။ ကျန်တဲ့ သံခိတ္တ, ဝိကွိတ္တ စိတ်များလည်း ရှိပါသေးတယ်။ ဘာပဲဖြစ်ဖြစ် စိတ်နဲ့ ပတ်သက်လာရင်

ဖော်ပြထားတာကို ပိုင်နိုင်စွာ ရှုမှတ်နိုင်ရင်ပင် အတော် လုံလောက်နေပါပြီ။

အဘိဓမ္မာသဘာဝအရ စိတ်အားလုံးကို သိထိုက်ပေမယ်လို့ လုပ်ငန်းခွင်ဝင်ချင်ရင်တော့ အရှုခံစိတ်များသာ သိထားသင့်ပါတယ်။ စိတ်ဟာ လောကီစိတ်, လောကုတ္တရာစိတ်ရှိပေမယ့် လုပ်ငန်းခွင်မှာတော့ လောကီစိတ်တို့သာ အဓိကပါ။ ဒါကြောင့် မဟာသတိပဋ္ဌာနသုတ် အဖွင့် အဋ္ဌကထာမှာ -

ဣဒံ ပန ယသ္မာ သမ္မသနံ နာ ဓမ္မံ လောကုတ္တရံ နာ လဗ္ဘတိ။

(ဒီ၊ ၆၊ ၂၊ ၃၈၆)

အထူးကား ဤစိတ္တာနုပဿနာ သတိပဋ္ဌာန်သည် အကြောင်းကြောင့် စိတ်ကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်သော သတိပဋ္ဌာန်ဖြစ်၏။ ရသင့်ရထိုက်သောတရားတို့ကို ပေါင်းစုသော သတိပဋ္ဌာန် မဟုတ်။ ထို့ကြောင့် ဤစိတ္တာနုပဿနာ၌ တစ်ခုသောပုဒ်မျှလည်း လောကုတ္တရာတရားကို မရအပ်” ဟု ဖွင့်ပြထားပါတယ်။]

ဒီ ၆-မျိုးဟာလည်း တစ်ခါတစ်ရံမှ အကြောင်းတိုက်ဆိုင်မှ ပေါ်ကြတာဆိုတော့ တစ်ခါတစ်ရံမှ ပေါ်လာတတ်တဲ့ ဇော်သည်လိုပဲ၊ ဒါကြောင့် ဇော်သည် စိတ် ၆-မျိုး လို့ခေါ်တယ်။ အဖြစ်ကို မမိလိုက်ရင် ရှိစေတော့၊ အပျက်ကိုတော့ဖြင့် မိအောင် ကြည့်ရပါ့မယ်။ ဒီဇော်သည်က အတွင်းမှာ ပေါ်သည့်ဇော်သည်ပဲ။ **အတွင်း ဇော်သည် ၆-ယောက်** ပေါ့။

**[မှတ်ချက်။** ။ အတွင်းဇော်သည် (၆)ယောက်တွင် ဟိတ် (၆)ပါး ရှိသည့်အနက် အမောဟဟိတ် မပါပါ။ ကျန်သောဟိတ်(၅)ပါးလုံး ပါသည်။ အမောဟသည် ပညာဖြစ်သည်။ ပညာသည် သမ္မာဒိဋ္ဌိ ဖြစ်သည်။ ၄င်းသည် ရှုဉာဏ်ဖြစ်သည်။ အမြဲတမ်း စောင့်ဖမ်းသမား ဖြစ်သည်။ အတွင်းဇော်သည် (၆)ယောက်က အရှုခံဖြစ်သည်။ ၄င်းတို့

သည် သဘာဝချင်းမတူကြပါ။ ထို့ကြောင့် အတွင်းညှိုသည် (၆)ယောက်တွင် အမောဟဟိတ် မပါခြင်းဖြစ်ပါသည်။]

အပြင်ညှိုသည်စိတ် ၅-မျိုး၊ အတွင်းညှိုသည်စိတ် ၆-မျိုး၊ ပေါင်း(၁၁)မျိုး ဒီ(၁၁)မျိုးက ညှိုသည်စိတ်တွေဆိုတော့ ညှိုသည်ဟာ ပေါ်ချင်တဲ့အခါ ပေါ်လာသလို ဒီစိတ်တွေလည်း ပေါ်ချင်တဲ့အခါမှပေါ်တယ်၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှ ပေါ်လာတယ်။

ပေါ်လာတဲ့အခါ ကြုံတဲ့အခါ ရှုလိုက်ဖို့ပဲ။ ဒီလိုဆိုရင် မပေါ်လာတဲ့အခါ မကြုံတဲ့အခါ ဘယ်လိုလုပ်မလဲ။

## စိတ်ရှုနည်း

**[စိတ္တं တာဝ အာရမ္မဏာဓိပတိသဟဇာတ ဘူမိကမ္မ ဝိပါက ကရိယာဒိနာနတ္တာဘေဒါနံ အနိစ္စာဒိအနုပဿနာနံ နိဒ္ဒေသဝါရေ အာဂတ သရာဂါဒိဘေဒါနဉ္စ ဝသေန အနုပဿိတဗ္ဗံ (ဒီ၊ ၌၊ ၂၊ ၃၅၂)]**

ရှေးဦးစွာ စိတ်ကို အာရုံ၏ကွဲပြားခြင်း၊ အဓိပတိ၏ ကွဲပြားခြင်း၊ သဟဇာတတရားတို့၏ ကွဲပြားခြင်း၊ ဘုံ၏ ကွဲပြားခြင်း၊ ကံ၏ ကွဲပြားခြင်း၊ အကျိုးဝိပါက်၏ ကွဲပြားခြင်း၊ ကိရိယာ၏ ကွဲပြားခြင်း အစရှိသော ကွဲပြားခြင်းတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ အနိစ္စာနုပဿနာ စသော အနုပဿနာခုနစ်ပါးတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ နိဒ္ဒေသဝါရ၌ လာသည့် သရာဂစသော ကွဲပြားခြင်းတို့၏အစွမ်းအားဖြင့်လည်းကောင်း အဖန်ဖန်ရှုအပ်၏" လို့ မဟာဝဂ္ဂအဋ္ဌကထာ, မဟာသတိပဋ္ဌာနသုတ် ဥဒ္ဒေသအဖွင့်မှာ အရှင်မဟာဗုဒ္ဓဃောသကစိတ်ကို ရှုမှတ်နည်းများ ညွှန်ပြထားပါသည်။ အလွန်ကျယ်ပြန့်တဲ့ နည်းစနစ်တွေပါ။ အဘိဓမ္မာကို တီးမိခေါက်မိ လေ့လာထားမှသာ နားလည်သဘောပေါက်နိုင်မှာပါ။ ဒါပေမဲ့ ယခုပြောပြမယ့် နည်းစနစ်ကို ပိုင်နိုင်စွာ လေ့ကျင့်ထားမယ်ဆိုရင် တဖြည်းဖြည်း ကျွမ်းကျင်ကာ စိတ်အကြောင်း နားလည်သွားမှာပါ။

တပ်မက်သာယာစိတ်ဖြစ်ရင် အဲဒီစိတ်ကို "တပ်မက်တယ်, သာယာတယ်, သဘောကျတယ်" စသဖြင့် ရှုမှတ်ပေးရမယ်။ ဒီလို စူးစိုက်ရှုမှတ်နေရင် တပ်မက်သာယာတဲ့စိတ်အစဉ်ဟာ ပြတ်စဲသွားလိမ့်မယ်။ အဲဒီအခါ တပ်မက်ခြင်းမရှိ, ပကတိစင်ကြယ်တဲ့စိတ်များသာ ဖြစ်နေလိမ့်မယ်။

**သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ** စသဖြင့် မြတ်စွာဘုရား ဟောကြားထားတဲ့အတွက် စိတ်များကိုသိတယ်၊ သိတယ် စသဖြင့် ရှုမှတ်ပေးရမယ်။ ထင်ရှားပေါ်လာတဲ့အခါ ပေါ်လာတဲ့အတိုင်း မလွတ်အောင် ရှုမှတ်ပေးရမှာ။ ဖြစ်ခိုက်, ဖြစ်ဆဲစိတ်ကို ရှုမှတ်ရမှာပါ။ ဒါအခြေခံအဆင့်ပါပဲ။ စိတ်သဘာဝကို အဆင့်မြင့်မြင့် သိအောင် ဆက်ကြိုးစားရဦးမှာပါ။]

**[မှတ်ချက်။ ။ ယသ္မိ ယသ္မိ ခဏေ ယံယံ စိတ္တံ ပဝတ္တတိ၊ တံတံ သလ္လက္ခေန္တော စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊**

အကြင် အကြင်ခဏ၌ သရာဂစသော အကြင်ကြင်စိတ် ဖြစ်၏။ ထိုထိုခဏ၌ ဖြစ်ပေါ်လာသော စိတ်မှန်သမျှကို ရှုမှတ်နေသော သူသည် စိတ်၌ စိတ်ဟု ရှုနေသည်မည်၏ဟု မဟာဝဂ္ဂအဋ္ဌကထာ၌ မိန့်ဆိုထားသည်။ (ဒီ၊ ၆၊ ၂၊ ၆၇)]

## အိမ်သည်စိတ်(၂)မျိုး

အို... သက်စောင့်ရှိပါသေးတယ်၊ သက်စောင့်ဆိုတာ လေကို ထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်၊ ဒီစိတ်(၂)ခုက သတ္တဝါတွေ မသေအောင် စောင့်ပေးတဲ့စိတ်၊ အမြဲရှိတယ်၊ အမြဲရှိတယ်ဆိုတော့ အိမ်မှာ အမြဲနေတဲ့ သူလိုပေါ့၊ ဒါကြောင့် သူ့ကို **အိမ်သည်စိတ်** လို့ခေါ်ရတယ်။ အဲ... သူ့ကိုရှု၊ ညည်းသည်တွေ မပေါ်ရင် အိမ်သည်ကိုရှု။

ဒီတော့ အရှုခံစိတ်ဟာ အပြင်ညှိသည်၅-မျိုး၊ အတွင်းညှိသည် ၆-မျိုး၊ အိမ်သည် ၂-မျိုး ပေါင်း(၁၃)မျိုး ရှိတယ်။

ညှိသည်လာတဲ့အခါ ညှိသည်ကို ဦးစားပေးလိုက်ပေါ့။ ညှိသည်မလာတဲ့အခါ အိမ်သည်ပဲရှိတာ။ သူ့ကိုရှု။ လေကို ဝင်အောင်လုပ်တဲ့စိတ်၊ လေကိုထွက်အောင် လုပ်တဲ့စိတ်၊ သူတို့ ၂-ခုက အမြဲတမ်းမျှင်မျှင်ကလေးတော့ ရှိနေတတ်တာပဲ။ **စိတ်ကို ရှု** ဆိုတဲ့ နေရာမှာလည်း စိတ်ကိုတွေ့နေရမှာ မဟုတ်ဘူး၊ စိတ်ကလေးတွေ ပြောင်းလွဲ ပြောင်းလွဲသွားတာကို တွေ့ရမှာ။ အဖြောင့်ပြောရရင် စိတ်ကလေးတွေရဲ့ အပျက်ကို တွေ့ရမှာ။ အဖြစ်ရော အပျက်ရော တွေ့ရင်တော့ အကောင်းဆုံးပေါ့။

(၁) ရှုခံတရား၊ ဆယ့်သုံးပါး၊ ငါးပါးရှုဉာဏ်မှတ်ရမည်။
(၂) ငါကားမရှု၊ တရားရှု၊ သိမှုစိတ်တွင် ထားရမည်။
(၃) ရှေ့စိတ်ရှုခံ၊ နောက်စိတ်ဉာဏ်၊ မှတ်ရန်သတိမြဲရမည်။
(၄) ရှုခံဖြစ်ပျက်၊ ရှုဉာဏ်မဂ်၊ အချက်ဉာဏ်နှင့် သိရမည်။
(၅) ဉာဏ်မြင်များမြောက်၊ မုန်းဉာဏ်ပေါက်၊ ဆုံးရောက်နိဗ္ဗာန် သိရမည်။
(၆) တရားဓမ္မ၊ ဆုံးဖြတ်က၊ မုချအောင်ကြောင်း သိရမည်။

## နာမ်ရုပ်ကို ခွဲခြားသိတဲ့ဉာဏ်

ကောင်းပြီ။ အဲဒီ အရှုခံစိတ် (၁၃)မျိုးလုံးဟာ နာမ်တရားတွေချည်းပဲ။ အဲဒီနာမ်တရားစိတ်တွေဟာ ဘယ်ပေါ်မှာပေါ်တာလဲဆိုရင် ရုပ်ပေါ်မှာပေါ်တာ၊ ဒါဖြင့် စိတ်ကနာမ်၊ အောက်ခံကရုပ်၊ နာမ်နဲ့ရုပ်ပေါ့၊ နာမ်နဲ့ရုပ်ပေါ်တာပဲ။ မြင်စိတ်ဆိုလို့ရှိရင် မျက်လုံးရုပ်ပေါ်မှာ ပေါ်ရတာပဲ။ ဒီတော့ နာမ်ရုပ်ပေါ်တာပဲပေါ့ဗျာ။

ကြားစိတ်ဆိုလို့ရှိရင်လည်း နားအကြည်ရုပ်ပေါ်မှာ ပေါ်ရတာ။ ဒီတော့ နာမ်နှင့်ရုပ်ပဲပေါ့။ အလားတူပဲ နံစိတ်၊ စားစိတ်၊ ယားနာ

ကောင်းစိတ်တို့ ပေါ်တဲ့အခါမှာလည်း ရုပ်ပေါ်မှာ နာမ်ပေါ်ကြရတာပဲ။ ဒါကြောင့် နာမ်နဲ့ရုပ်ပေါ်ခြင်းလို့ ဆိုရတာပဲ။

အတွင်းညှိုသည် ၆-ယောက်ဆိုတဲ့ နာမ်တရားများ ပေါ်တဲ့အခါမှာလည်း ဟဒယဝတ္ထုရုပ်ပေါ်မှာ ပေါ်ကြရတာပဲ။ ဒီတော့ ရုပ်ပေါ်မှာ နာမ်ပေါ်ကြရတာပဲ။ ရုပ်နဲ့နာမ် ပေါ်တယ်ပေါ့။

ပြီးတော့ အိမ်သည်စိတ် ၂-ခု၊ လေကိုသွင်းသောစိတ်၊ လေကိုထုတ်သောစိတ်၊ သူတို့ ၂-ခုလည်း ဟဒယဝတ္ထုပေါ်မှာပဲ ပေါ်ကြရတာ။ ဪ... ဒီလိုဆိုတော့ ရုပ်ပေါ်မှာ နာမ်ပေါ်ရတာပဲပေါ့။ ဒါဖြင့် ဘာပေါ်ပေါ်၊ **ရုပ်ပေါ်မှာ နာမ်ပေါ်တာပဲ**၊ ရုပ်နဲ့နာမ်ပေါ်တာပဲ၊ ရုပ်နာမ်ပေါ်တာပဲ။ မြင်တာလည်း ရုပ်နာမ် ပေါင်းစပ်မှ မြင်တာ၊ ကြားတာလည်း ရုပ်နဲ့နာမ် ပေါင်းစပ်မှ ကြားရတယ်။

ဒါဖြင့် ရုပ်နဲ့နာမ် နောက်ထပ်ပြီး အထူးခွဲစရာ မလိုဘူး။ ရှင်းသွားပြီးနော် ဒါဆိုရင် **နာမရူပပရိစ္ဆေဒဉာဏ်** ရသွားပြီ၊ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ဉာဏ်လေ။

## သဿတဒိဋ္ဌိလွတ်ရန်

**သမနုဿရနိုရုဒ္ဓါ စိတ္တာစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တာစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယောတိ။**

**သမနုဿရနိုရုဒ္ဓါ**-အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။ **စိတ္တာစေတသိကာ**-စိတ် စေတသိက်ဖြစ်ကုန်သော၊ **ဓမ္မာ**-တရားတို့သည်။ **ပဋ္ဌပ္ပန္နာနံ (ပဋ္ဌိ+ဥပ္ပန္နာနံ)**-အလားတူ ဖြစ်၍ပေါ်ကုန်သော၊ **စိတ္တာစေတသိကာနံ**-စိတ်စေတသိက်ဖြစ်ကုန်သော၊ **ဓမ္မာနံ**-တရားတို့အား။ **နတ္ထိပစ္စယေန**-**နတ္ထိပစ္စယသတ္တိဖြင့်**၊ **ပစ္စယော(ဥပကာရကော)**-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ (ပဋ္ဌာန်း၊ ၁၊ ၉)

**အနုဿရ**-**အခြားမဲ့၍**၊ **နိုရုဒ္ဓါ**-**ချုပ်ကုန်ပြီးသော** ဆိုတော့ ဖြစ်ပြီး

လျှင်ပြီးချင်း ချုပ်သွားတာ၊ အကုန်ချုပ်သွားတာပဲ၊ ဒီက တစ်တိုတစ်စမှ ဟိုဘက်ကို လိုက်ပါမသွားပါဘူး။ နိရုဒ္ဓါပါနေပြီပဲ။ ဖြစ်ပြီးသည်၏ အခြားမဲ့၌ တန်းချုပ်တာပဲ။ ဘယ်သူတွေ ချုပ်တာတုံး-ဆိုတော့ **စိတ်စေတသိက်တွေ** ပေါ့၊ ဒီဘက်က စိတ်စေတသိက်တွေက ဖြစ်ပြီးတော့ ချုပ်ကုန်တယ်၊ အဲဒီလို ချုပ်ကုန်တာဟာ နောက်စိတ်စေတသိက်တွေ အတွက် နေရာပေးချင်လို့ ချုပ်ပျောက်ပေးရတာ။

နောက်စိတ်စေတသိက်တွေကလည်း အသစ်ပေါ်ရတာ ဖြစ်ပေမယ့်လို့ အလားတူပေါ်တယ်။ ရှေ့ကချုပ်သွားကြတဲ့စိတ် စေတသိက်တွေနဲ့ အလားတူပုံသဏ္ဌာန်တူပေါ်တယ်။ အဲဒါကြောင့် **ပဋိပ္ပဿနာနံ=အလားတူ ဖြစ်၍ပေါ်ကုန်သော** လို့ဆိုတာ။ ဒီရှေ့က ရုပ်နာမ်တွေ ချုပ်ပြီးတော့ နောက်မှာ အလားတူ ရုပ်နာမ်တွေ ပေါ်လာတယ်။ ဒါကို **အကျိုးပေးတယ်** လို့ ဆိုတာပဲ။ အဲသည်လိုယူမှ သဿတဒိဋ္ဌိက လွတ်မယ်။

## ကံတွေက အရိပ်ပမာ

"မင်းလုပ် မင်းရတာပေါ့၊ မင်းလုပ်ထားတဲ့ကံတွေက (**ဆာယာဝ အနုပါယိနီ**၊ အရိပ်လို နောက်ကလိုက်နေတာပဲ၊ **စက္ကံဝ ဝဟတော ပဒံ**၊ နွားခြေရာနောက်သို့ လှည်းဘီးလိုက်နေသလို လိုက်နေတာပဲ၊ အဲသည်လို ယူလိုက်ရင် သဿတဒိဋ္ဌိ ဖြစ်သွားရော"

"အနို့ ဒီစကားတွေဟာ ဘုရားနှုတ်တော်ထွက် စကားတွေ မဟုတ်လား" ဆိုရင် ဟုတ်ပါတယ်၊ ဓမ္မပဒမှာ ပါ-ပါတယ်၊ အဲဒါက ဉာဏ်နုတဲ့သူတွေအတွက် မြင်လွယ်အောင်လို့ ဟောရတာ။ ဆောင်၍ သိရမယ့် နေယျတ္ထဒေသနာပဲ။

အဲဒါကို တိုက်ရိုက်နီတတ္ထဒေသနာလို သွားပြီးယူလိုက်ရင် မှားကုန်မှာပေါ့။ ကံတွေကမပျက်ဘဲ နောက်က တကောက်ကောက် အရိပ်ပမာ လိုက်ပါနေတယ်လို့ အတည်အကျ ယူလိုက်ရင် သဿတဒိဋ္ဌိ

ဖြစ်ကုန်မှာပေါ့။ ဒါဖြင့် ဘယ်လိုယူရမလဲဆိုရင် အကြောင်းနဲ့အကျိုး။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တဲ့အခါ အလားတူဖြစ်။

အဲ... အကြောင်းတွေကတော့ အကုန်ချုပ်။ ရုပ်ရော နာမ်ရော ချုပ်။ ဟိုဘက်မှာ အကျိုးတွေက အလားတူပေါ်, အဲလိုယူရမှာ။ ဒီအတိတ်ဘက်က ဟိုဘက်ကို တစ်တိုတစ်စမှ လိုက်ပါမသွားဘူး။ နိုရုဒ္ဓါလို့ ဆိုထားပြီပဲ၊ နောက်ဘက်အကျိုးတွေက အလားတူပေါ်တာ, အဲသည်လိုယူမှ သဿတမှလည်းလွတ်၊ ဥစ္ဆေဒလည်းလွတ်မယ်။

ဒီလူ့ပြည်က စိတ် စေတသိက် ရုပ်တွေက ဒီမှာပဲ ချုပ်ခဲ့တယ်၊ အကုန်ချုပ်ခဲ့တယ်။ ဒီကအစွမ်းသတ္တိကြောင့် ဟို... နတ်ပြည်မှာ အလားတူ စိတ်စေတသိက်တွေ ရုပ်တွေ ပေါ်လာတာ။ ပဋ္ဌာန်း အလားတူတွေ ပေါ်လာတာ, အဲဒီလိုယူရမှာ။

အဲသည်လို ယူလိုက်တော့ ဆက်နေတာမဟုတ်တဲ့အတွက် သဿတဒိဋ္ဌိလည်း လွတ်တယ်၊ တစ်ဖန် လုံးဝပြတ်တောက်နေတာလည်း မဟုတ်၊ ရှေ့က နေရာဖယ်ပေးခြင်းဟူသော အကြောင်းကြောင့် နောက်ကရုပ်နာမ်တွေ ဖြစ်ခွင့်ရလာတယ်ဆိုတော့ လုံးဝပြတ်နေတာမဟုတ်တဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိမှလည်း လွတ်သွားတယ်။ ဒါလမ်းမှန်ပဲ။

**သန္ဓာနေဒံ ကမ္မံ နာမ၊ နှ နိရုဇ္ဈတိ သဗ္ဗသော။**

**ဝိသေသံ နိဒေတ္တာ ဟိ၊ သမယမှိ ဝိပစ္စိတုံ။**

**သန္ဓာနေ**-ပြုလုပ်သော ပုဂ္ဂိုလ်၏ သန္ဓာန်၌၊ **ဣဒံ ကမ္မံနာမ**-ဤကောင်းကံ, မကောင်းကံ အမျိုးမျိုးသည်၊ **သဗ္ဗသော**-ကြွင်းမဲ့ ဥဿုံ အလုံးစုံ အကုန်မကျန်၊ **နှ နိရုဇ္ဈတိ**-ပြီးပြီးပျောက်ပျောက် အနေရောက်အောင် ချုပ်ပျောက်၍ သွားသည်မဟုတ်ပေ။

**ဟိ**-မှန်၏။ **သမယမှိ**-အကျိုးပေးဖို့ အချိန်ကျသောအခါ၌ **ဝိပစ္စိတုံ**-အကျိုးပေးဖို့ရာ။ **ဝိသေသံ**-အကျိုးပေးဖို့ သတ္တိထူးကို၊ **နိဒေတ္တာ**-မြှုပ်နှံထားပြီး၍ (ဝါ) မြှုပ်ပြီးမှသာ။ **နိရုဇ္ဈတိ**-သဘာဝအလျောက်

ချုပ်ပျောက်၍ သွားတော့၏။ အများပြောနေကြသလို ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ အရိပ်ပမာ နောက်ဘဝကို လိုက်ပါတယ်ဆိုတဲ့ စကားလည်း မှားတယ်။

ရုပ်နာမ်အစုတွေဟာ ဖြစ်ပြီး ပျက်ကုန်တာပဲ။ ဘာတစ်ခုမှ ကျန်တာ မဟုတ်ဘူး၊ နောက်ဘဝကို လိုက်စရာမရှိဘူးလို့ ယူတဲ့စကားလည်း မှားတယ်။ ရုပ်အစု, နာမ်အစုတွေ မလိုက်ဘဲ ဖြစ်ပြီးပျက်ကုန်သော်လည်း အကျိုးပေးဖို့ သတ္တိကျန်သေးတယ်။ အဲဒီသတ္တိက အကျိုးပေးတာလို့ ယူမှတ်ရမယ်။

## အကြောင်းအကျိုး ခွဲခြားစိတ်ဖြာ

ကိုင်း... ရုပ်နဲ့နာမ်ခွဲပြီးတော့ အကြောင်းနဲ့အကျိုး ခွဲကြဦးစို့။ ဒီမှာ မြင်စိတ်ကလေးဟာ မျက်စိအကြည်နဲ့အဆင်းနဲ့တိုက်လို့ ပေါ်လာတာ။ ဒွါရနဲ့အာရုံ တိုက်ဆိုင်တိုက်ဆိုင်လို့ ပေါ်လာတယ်ဆိုပါတော့။ ဒီတော့ မျက်စိအကြည်နဲ့ အဆင်းက အကြောင်း၊ မြင်စိတ်ကလေးက အကျိုး။

ကြားစိတ်ကလေး ပေါ်တဲ့နေရာမှာလည်း အတူတူပဲ၊ နားအကြည်ရုပ်နဲ့ အသံရုပ်ကအကြောင်း၊ ကြားစိတ်ကအကျိုး။ နံစိတ် မွှေးစိတ်ပေါ်တဲ့နေရာမှာလည်း နှာခေါင်းအကြည်ရုပ်နဲ့ အနံ့ရုပ်ကအကြောင်း၊ နံစိတ် မွှေးစိတ်က အကျိုး။

စားစိတ်ကလေးပေါ်တဲ့နေရာမှာလည်း လျှာအကြည်ရုပ်နဲ့ အရသာရုပ်တို့ကအကြောင်း၊ စားစိတ်နာမ်ကလေးက အကျိုး။ယားနာကောင်းစိတ်ပေါ်တဲ့နေရာမှာလည်း ခန္ဓာကိုယ်အကြည်ရုပ်နဲ့ တွေ့ထိစရာရုပ်တို့က အကြောင်း၊ ယားနာကောင်းစိတ်က အကျိုး။ တွေးတောကြံစည်စိတ် ဖြစ်ပေါ်တဲ့နေရာမှာလည်း မနောဒွါရနဲ့ ကြံတွေးစရာ အာရုံတို့က အကြောင်း၊ တွေးတောကြံစည်စိတ်က အကျိုး။

ဒီတော့ တို့တစ်တွေ စိတ်ဖြစ်ခြင်းရဲ့ အကြောင်းကို သိရပြီ၊ အာရုံနဲ့ဒွါရ တိုက်ဆိုင်ကြလို့ ပေါ်လာတဲ့စိတ်ပဲ၊ သိကြားဗြဟ္မာ၊ ဘုရားလာပြီး ထည့်သွင်းတဲ့စိတ် မဟုတ်ဘူး။ အဲလို အကြောင်းရင်းကို သိလိုက်ရတဲ့အတွက် ဝိစိကိစ္ဆာသေတယ်၊ စောစောက ရုပ်နဲ့နာမ်ကို ခွဲပြလို့ သိသွားရတဲ့အတွက် ဒိဋ္ဌိသေတယ်၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာသေဖို့ အရေးကြီးတယ်။

## ဉာတပရိညာနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်

ယောက်ျား မိန်းမဆိုတာတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေ မရှိဘူး၊ လူ နတ် ဗြဟ္မာ ဆိုတာတွေလည်း မရှိဘူး၊ ပေါ်လာသမျှ ရုပ်နဲ့ နာမ်ချည်းပဲလို့၊ ရုပ်နဲ့နာမ်သာ ရှိတယ်လို့ဆိုတော့ ဒိဋ္ဌိသေသွားတယ်။

ပြီးတော့ စိတ်ဆိုတဲ့နာမ်တရားတွေဟာ အလိုလိုပေါ်လာတာလား၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာလား၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာ။

အဲဒီလိုအကြောင်းရင်းကို သိလာရတော့ **ဘယ်လိုဖြစ်ပြီး ဘယ်လို ပေါ်လာတာပါလိမ့်** ဆိုတဲ့ သံသယဝိစိကိစ္ဆာ မရှိတော့ဘူး။ ဒါဖြင့် အကြောင်းရင်းကိုသိတဲ့အတွက် ဝိစိကိစ္ဆာသေတယ်။ ဒီအထိ (၂)ဉာဏ် ရသွားပြီ၊ နာမ်ရုပ်ကို ခွဲခြားသိတဲ့အတွက် နာမရူပပရိစ္ဆေဒ ဉာဏ်ရယ်၊ အကြောင်းရင်းတရားကို သိမ်းဆည်းပြီးသိတဲ့အတွက် ပစ္စယ ပရိဂ္ဂဟ ဉာဏ်ရယ်၊ (၂)ဉာဏ်ရပြီ၊ ဒါ သိဉာဏ်ပဲ ရှိသေးတယ်၊ ပွားဉာဏ် မပါသေးဘူး။ ဉာတပရိညာနဲ့ ဒိဋ္ဌိဝိစိကိစ္ဆာခွာရုံပဲ ရှိသေးတယ်။

## ဉာဏ်နဲ့စောင့်ဖမ်းပါ

ရှေ့ပိုင်းမှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတို့ကို (ဉာတပရိညာ)အသိသဘောနဲ့ ခွာပြီးတဲ့နောက် ဖြစ်ပျက်ရှာတဲ့ သမ္မသန ဥဒယဗ္ဗယ တို့ လာကြတော့မယ်။ လက်တွေ့ရှုတဲ့အခန်းကို ရောက်လာပြီ။

လက်တွေ့ ရှုပုံရှုနည်းကို ဒီလိုလုပ်ကြပါစို့။ မိလိန္ဒမင်းကြီးက မေးလို့ အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်၏ ဖြေကြားပုံ ဖြေကြားနည်း၊ ရှုပုံရှုနည်းကို ပြောမယ်။ မိလိန္ဒမင်းကြီးက "အရှင်ဘုရား... ဝိပဿနာ ရှုပုံရှုနည်းကလေး မိန့်ကြားပါ" တဲ့။ ဒီတော့ အရှင်နာဂသိန်မထေရ်က-

"ဒကာကြီး... တောအုပ်မြိုင်လျှိုတို့မှာ သစ်တွေကျားတွေ" ရှိတယ်။

အဲဒီသစ်တွေကျားတွေက သူတို့စားချင်တဲ့ သမင် ဒရယ် ဂျိုင်ယ် စိုင် ဆတ် ကြောက်တတ်တဲ့ ယုန်ကလေးတို့ကို အပြေးလိုက်မဖမ်းပါဘူး။ ချုံထဲကနေ စောင့်ပြီး ချောင်းဖမ်းတယ်။ လိုက်ဖမ်းနေလို့ ဘယ်မီလိမ့်မလဲ၊ သတ္တဝါကလေးတွေက အပြေးမြန်တာပဲ။

ဒီမှာလည်း ဒီအတိုင်းပဲ၊ စောင့်ပြီးဖမ်းပါ၊ ဉာဏ်နဲ့ဖမ်းပါ၊ သမာဓိ ထူထောင်ပြီးတော့ တည်ငြိမ်စွာနဲ့ သမာဓိချုံထဲကနေပြီးတော့ ဉာဏ်ကျားကြီးက စောင့်ဖမ်းပါ။ သားကောင်နဲ့တူတဲ့ ဖြစ်-ပျက်ကလေးတွေ ပေါ်လာပြီ ဆိုရင် ဉာဏ်ကျားကြီးက **ဝုန်း** ခနဲခုန်ထွက်ပြီး အုပ်ဖမ်းပါ **ဒါဟာ ဝိပဿနာရှုတာပဲ။**

**စောင့်ပြီးဖမ်းတာ ဝိပဿနာ**

ဒါဆိုရင် လုပ်တတ်ပြီ၊ သမာဓိတည်းဟူသော ချုံကြီးထဲမှာ အောင်းပြီး ဉာဏ်တည်းဟူသော ကျားကြီးက ဖြစ်ပျက်တည်းဟူသော သားကောင်ကလေးများကို ဖမ်းရမယ်။ အဲဒါကို စာထဲမှာ -

**ယထာပိ ဒိပိကော နာမ၊**
**နိလီယိတ္တာ ဂဏ္ဍာတိ မိဂေ**

လို့ဆိုတယ်၊ အဓိပ္ပာယ်ကတော့ **တောထဲက သစ်တွေ ကျားတွေဟာ ချုံထဲကအောင်း ချောင်းပြီးတော့ သားကောင်လေးတွေကို ဖမ်းသလို** ဟု ဆိုလိုပါတယ်။ သမာဓိချုံထဲက စောင့်နေပါ၊ ဉာဏ်

ကျားကြီးက အသင့်ချောင်းနေပါ၊ မြင်စိတ်ကလေးပေါ်လာ ဖမ်းစားလိုက်၊ ဖြစ်ပျက်ရှုလိုက်လို့ ပြောတာပါ။

ကြားစိတ်ကလေးပေါ်လာလည်း "ဖျတ်" ခနဲ ဖမ်းယူပြီး ဖြစ်ပျက်ရှု၊ အခြားစိတ်တွေလည်း ဒီနည်းအတိုင်းရှု၊ ဒီတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ဟာ ကိုက်လျက်-ကိုက်လျက်ချည်းနေမယ်။ ဒါဟာ စောင့်ပြီး ဖမ်းတာပဲ၊ ဒါဟာ ဝိပဿနာရှုတာပဲ၊ ဒါ အရှင်နာဂသိန်နည်း။

[ယထာပိ ဒိပိကောနာမ၊ နိလိယိတ္တာ ဂဏ္ဍာတေ မိဂေ။
တထေဝါယံ ဗုဒ္ဓပုတ္တော၊ ယုတ္တယောဂေါ ဝိပဿကော။
အရညံ ပဝိသိတ္တာန၊ ဂဏ္ဍာတိ ဖလ မုတ္တမံ။

သစ်ဖိုမည်သည် တောတောင်၌ ပုန်းအောင်း၍ သားကောင်တို့ကို ဖမ်းသကဲ့သို့ အမြဲယှဉ်သော လုံ့လရှိသော ဝိပဿနာပွားထုံသော ဘုရားသားတော်သည် တောသို့ဝင်၍ မြတ်သောဖိုလ်တရားကိုဖမ်းယူ၏။ (ဝိလိန္ဒပညာ၊ ၃၅၁-၃၅၂၊ ဒီ၊ ၆၊ ၂၊ ၃၅၄)]

## ဖမ်းတိုင်းမိတဲ့ အသေကလေးတွေ

ဒီလို ဖမ်းပါများတော့ အသေကလေးတွေချည်းမိမယ်၊ အပျက်ကလေးတွေချည်း မိမယ်ပြောတာ၊ အပျက်နဲ့မဂ်နဲ့ ကိုက်-ကိုက်သွားလိမ့်မယ်။ စောစောက ဒိဋ္ဌကို ခွာထားပြီးပြီ၊ ဝိစိကိစ္ဆာကိုလည်း သတ်ပြီးပြီ၊ အခုဟာက အနုပဿနာအခန်းကို ရောက်နေတယ်၊ သမ္မသန ဉဒယဗ္ဗယ အခန်းကို ရောက်နေတယ်။

အဖမ်းခံရတာကစိတ်၊ ဖမ်းတာကအနုပဿနာ၊ ပေါင်းလိုက်တော့ **စိတ္တာနုပဿနာ**။ ဘယ်စိတ်ပေါ်ပေါ်၊ ပေါ်လာတဲ့စိတ်ကို ဖမ်းပြီး ဖြစ်ပျက်ရှုပါ၊ ရှုဖန်များလာတော့ အပျက်ကလေးတွေ များများ တွေ့မယ်၊ အသုဘကလေးတွေ များများတွေ့မယ်။ အသုဘကလေးတွေ များများ တွေ့လာရင် မုန်းလာမှာပဲ၊ မုန်းလည်း ဆက်ရှု ဆက်ရှု၊ ကြာတော့

ဆုံးသွားတာကို တွေ့လိမ့်မယ်။ အဖြစ်အပျက်ကလေးတွေ ဆုံးသွားတာကို တွေ့မယ်။ အဲဒါဟာ နိရောဓသစ္စာပဲ၊ အဲဒီရောက်သည်အထိ ရှုရမှာပဲ။

## အရဏ်လာလျှင် နေထွက်တော့မယ်

မနက်စောစော အရှေ့လောကဓာတ်ကို ကြည့်၊ အရဏ်အလင်းရောင်နုနုကလေး တက်လာပြီဆိုရင် မကြာခင် နေထွက်တော့မှာပဲ၊ ဒါဟာထုံးစံပဲ၊ နေမင်းကြီးက သူထွက်လာတော့မယ်ဆိုရင် အရဏ်အလင်းရောင်ကို ရှေ့ပြေးအနေနဲ့ကြိုတင်လွှတ်လိုက်သေးတာ၊ ဒါဆိုရင် မကြာခင် နေမင်းကြီးထွက်တော့မှာ ကျိန်းသေပဲ။

လောကုတ္တရာမဂ်အစစ်ကြီး လာတော့မယ်ဆိုရင်လည်း ရှေ့ပြေးအနေနဲ့ လောကီဝိပဿနာမဂ်ကို လွှတ်လိုက်သေးတာ။

**ဖြစ်ပျက်ကိုမြင်တဲ့မဂ်ဟာ လောကီဝိပဿနာမဂ်ပေါ့။ အဲဒီမဂ်ရရင် မကြာခင် မဂ်စစ်ကြီးလာတော့မယ်၊** ဖြစ်ပျက်တွေကိုသာ ဖြိုင်ဖြိုင်မြင်ပေ့စေ၊ မကြာခင် လောကုတ္တရာမဂ်အစစ်ကြီးလာမှာ အမှန်ဘဲ။

**[ဥဂ္ဂစ္ဆတိ ယထာ ဒိစ္စော၊**
**ပုရေကွိတ္တာ ရုဏံ တထာ၊**
**ဝိပဿနံ ပုရေကွိတ္တာ၊**
**မဂ္ဂဝမ္မော ပဝတ္တတိ (နာမရူပပရိစ္ဆေဒကျမ်း၊ ၁၇၇၉)**

**အာဒိစ္စော**-နေမင်းကြီးသည်၊ **အရုဏံ**-အရဏ်အလင်းရောင်ကလေးကို၊ **ပုရေကွိတ္တာ**-ရှေ့ဦးထား၍(ဝါ) ရှေ့သွားပြု၍၊ **ဥဂ္ဂစ္ဆတိယထာ**-တက်လာမြဲဖြစ်သကဲ့သို့။ **တထာ**-ထို့အတူ၊ **မဂ္ဂဝမ္မော**-လောကုတ္တရာမဂ်တရားသည်လည်း၊ **ဝိပဿနံ**-လောကီဝိပဿနာမဂ်ကို(ဝါ) အဖြစ်အပျက်ကိုမြင်သော လောကီဝိပဿနာမဂ်ကို၊ **ပုရေကွိတ္တာ**-ရှေ့သွားပြု၍၊ **ပဝတ္တတိ**-ဖြစ်ပေါ်လာ၏။] ဒါကြောင့် ဖြစ်ပျက်တွေ မြင်လာပြီဆိုရင် ဝမ်းသာပါတော့။ ဖြိုင်ဖြိုင်မြင်လေ နီးစပ်လေပဲ။

## ဖြစ်ပျက် မမြင်လျှင်

[ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံသေယ္ယော၊ ပဿတော ဥဒယဗ္ဗယံ။
အကြင်ပုဂ္ဂိုလ်သည် ရုပ်နာမ်တို့၏အဖြစ်အပျက်ကို မသိမမြင်ပါဘဲလျက် နှစ်ပေါင်းတစ်ရာ ကာလကြာအောင် အသက်ရှင်၍ နေရခြင်းထက် ရုပ်နာမ်တို့၏အဖြစ်အပျက်ကို မျက်ဝါးထင်ထင် သိမြင်ပြီးသကာလ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်၍ နေရခြင်းက မြတ်တယ်လို့ မြတ်စွာဘုရားက မိန့်ကြားခဲ့တယ်။

ဖြစ်ပျက်မြင်ဉာဏ်ကို ချီးမွမ်းထားတာပေါ့။ အလွန် အားတက်ဖွယ်ကောင်းပါတယ်။ ဖြစ်ပျက်မြင်ဉာဏ်ရအောင် စွမ်းဆောင်ထားသင့်ကြောင်း ညွှန်ပြနေခြင်းဖြစ်ပါတယ်။

- ဖြစ်ပျက်မပါ၊ နှစ်တစ်ရာ၊ နေတာအလကား။
- ဖြစ်ပျက်ကိုမြင်၊ တစ်ရက်ပင်၊ လွန်ပင်တန်ဖိုးမျှား။]

## ဝမ္မာနုပဿနာ

[ဝမ္မာနုပဿနာသတိပဋ္ဌာန်၌ နိဝရဏအပိုင်း, ခန္ဓအပိုင်း စသည်ဖြင့် ငါးမျိုးဖော်ပြထားသည်။ ဤနေရာ၌ "ခန္ဓာအပိုင်း" ကို လက်တွေ့ရှုနည်းများဖြင့် ဖော်ပြထားသော မိုးကုတ်ဆရာတော်၏ ဟောပြောချက်ကို တင်ပြပါဦးမည်။]

- ❑ ရုပ်ဟူသမျှ၊ မသိကြ၊ သိကနာမ်ခေါ်လေ။
- ❑ လူနတ်ပြဟ္မာ၊ သူငါမဟုတ်၊ နာမ်နှင့်ရုပ်၊ မုချဉာဏ်မြင်စေ။
- ❑ သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။
- ❑ စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နံ့နှောကိုယ်ဝယ်ပြည့်။
- ❑ ဝါယောပြည့်သော်, ဝိညာတ်ပေါ်၊ ရုပ်သော်သွားပေ၏။
- ❑ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။

- ❑ ပုဂ္ဂိုလ်မရှိ၊ ငါမရှိ၊ ရူပ်ရှိ၏ဉာဏ်ဖြင့်သိ။
- ❑ ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရူပ်ထိုင်ဉာဏ်ဖြင့်သိ။
- ❑ ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရူပ်အိပ်ဉာဏ်ဖြင့်သိ။
- ❑ ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရူပ်ကွေးဉာဏ်ဖြင့်သိ။
- ❑ ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရူပ်ဆန့်ဉာဏ်ဖြင့်သိ။
- ❑ ပုဂ္ဂိုလ်မဖြန့်၊ ငါမဖြန့်၊ ရူပ်ဖြန့်ဉာဏ်ဖြင့်သိ။

"မိမိတို့ အခုတရားနာနေကြတာ၊ ထိုင်နေကြတာ နာမ်က အထိုင်ခိုင်းလို့ ရူပ်က ထိုင်နေတယ်လို့ မှတ်ရမယ်။ အခိုင်းသမားနဲ့ အလုပ်သမားနှစ်ယောက်ပဲ ရှိတယ်လို့ မှတ်ရမယ်။ အခိုင်းသမားက နာမ်၊ အလုပ်သမားကရူပ်။

ဩော်...ဒါဖြင့် ထိုင်နေကြတာ ယောက်ျားတွေလား၊ မိန်းမတွေလား-လို့ အောက်မေ့တယ်၊ မဟုတ်ပါလား။

## နိဗ္ဗာန်ရောက်တဲ့ အမြင်မျိုး

အဲဒီရူပ်နာမ် ၂-ခုကို ဉာဏ်တစ်ခုနဲ့ ကြည့်ရမယ်၊ အဲဒီလို ကြည့်တဲ့အခါမှာ ရူပ်နဲ့နာမ်က ပြောပါလိမ့်မယ်။ ကြမ်းကြမ်းတမ်းတမ်း ပြောမလား၊ သိမ်သိမ်မွေ့မွေ့ပြောမလားဆိုတာ ယနေ့ဝေဖန်ရမယ်။

ရူပ်ကို အတုံးအခဲကြီး မြင်နေသေးလို့ရှိရင် အဲဒါသည် ကြမ်းကြမ်းတမ်းတမ်းမြင်တာ။ ရူပ်အတိုင်း အတုံးအခဲကြီး-အစိုင်အခဲကြီး မြင်နေသေးလို့ရှိရင် နိဗ္ဗာန်ရောက်တဲ့အမြင်မျိုး မဟုတ်သေးဘူး။ ဒါဖြင့် နိဗ္ဗာန်ရောက်တဲ့ အမြင်မျိုးဆိုတာ ဘယ်လိုဟာလဲ၊ ပျက်ပျက်သွားတာကလေးတွေ ပျောက်ပျောက်သွားတာကလေးတွေ မြင်ရမှာ။ အဲဒီလို အမြင်မျိုးမှ နိဗ္ဗာန်ကိုရောက်နိုင်တာ။

ရူပ်ကို ကြည့်ရင်လည်း ပေါ်ပြီး ပျောက်သွားတာကလေးတွေကို မြင်အောင်ကြည့်ရမှာ။ နာမ်တရားတွေကို ကြည့်ရင်လည်း ပေါ်ပြီး ပျောက်

သွားတာကလေးတွေကို မြင်အောင်ကြည့်ရမှာ။ အဲဒီလို သိမ်မွေ့တဲ့ ဖြစ်ပျက်မှုကလေးတွေကို မြင်အောင်ကြည့်ရမှာ။

## ဉာဏ်နဲ့မြင်တဲ့အမြင်မျိုး ဖြစ်ပါစေ

ဘယ်လိုသိမ်မွေ့သလဲဆိုတာ ရုပ်ကလေးတစ်ခု၊ ပူတဲ့ရုပ်ကလေးဆိုပါတော့၊ အခုနင်က ဒီနေရာပူတယ်၊ အခု မရှိတော့ဘူး၊ အေးတဲ့ရုပ်ကလေးလည်း အခု နင်က ဒီနေရာအေးတယ်၊ အခု မရှိတော့ဘူး။ အဲဒီအတိုင်းပဲ အခု နင်က ဒီနေရာ စိတ်ကလေးပေါ်တယ်၊ အခုနင်ကကောင်းတဲ့ စိတ်ကလေးပေါ်တယ်၊ အခု မရှိတော့ဘူး၊ အခုနင်ကဆိုးတဲ့ စိတ်ကလေးပေါ်တယ်၊ အခုမရှိတော့ဘူး။

ရုပ်နာမ်အပေါ် အဲဒီလို မြင်မှသာ နိဗ္ဗာန်ကိုမြင်နိုင်တဲ့အမြင်လို့မှတ်ပါ။ အဲဒီလို **အခုမရှိတော့ဘူး အခုမရှိတော့ဘူး** ဆိုတာကလေးတွေက သိမ်မွေ့နေတော့ ဉာဏ်နဲ့မှပဲ ထိုးဖောက်သိနိုင်တယ်။ အဲဒီသိမ်မွေ့တဲ့တရား ၂-ခုကို ထိုးဖောက်သိနိုင်စွမ်းရှိတဲ့ ဉာဏ်တစ်ခုနဲ့သာလျှင် ကြည့်လို့မြင်နိုင်မယ်။

မျက်လုံးနဲ့ မြင်သလို မြင်မယ်၊ နားနဲ့ ကြားသလိုကြားမယ်၊ နှာခေါင်းနဲ့ ရှူလို့ ရှူလိုက်ရသလို ဒီလိုမဟုတ်ဘူးနော၊ အဲဒီအမြင်မျိုးက နိဗ္ဗာန်မရောက်ဘူး၊ ဉာဏ်နဲ့မြင်တဲ့အမြင်မျိုးမှ နိဗ္ဗာန်ရောက်နိုင်တယ်။

## ဒီဉာဏ်ရရင် ဒီဘဝကိစ္စ ပြီးစီးနိုင်

ဒီတော့ ရုပ်ကပြပြန်လည်း သိမ်သိမ်မွေ့မွေ့နဲ့ ပေါ်ပြီးပျောက်ပျောက်ပြမယ်။ နာမ်ကပြပြန်လည်း သိမ်သိမ်မွေ့မွေ့နဲ့ပေါ်ပြီ ပျောက်ပျောက်ပြမယ်။ အဲဒီလို သိမ်မွေ့နေတော့ ဉာဏ်နဲ့ကြည့်မှပဲ ဒီဥစ္စာပေါ်ပြီးပျောက်သွားတယ်ဆိုတာ သိမှာပဲ။ ရုပ်မှာလည်း ပေါ်ပြီးပျက်၊ နာမ်မှာလည်း ပေါ်ပြီးပျက်။ **ပေါ်ပြီးပျက်** ဆိုတာ ဖြစ်ပြီးပျက်ပါပဲ၊ ဖြစ်ပျက်ပါပဲ၊

အဲဒီဖြစ်ပျက်ကလေးတွေက သိမ်မွေ့တယ်၊ အဲဒီ သိမ်မွေ့တာကလေးတွေကို မှန်အောင်ပစ်နိုင်ဖို့ ဉာဏ်အရေးကြီးတယ်။

ဒါဖြင့် ရုပ်၏ဖြစ်ပျက်မှုကလည်း သိမ်မွေ့ပါကလား၊ နာမ်၏ဖြစ်ပျက်မှုကလဲ သိမ်မွေ့ပါကလား။ ဉာဏ်နဲ့သာ မြင်နိုင်တဲ့အရာတွေပဲ။ ဒီပြင် မျက်လုံးနဲ့၊ နားနဲ့၊ နှာခေါင်းနဲ့၊ လျှာနဲ့၊ ကိုယ်နဲ့ကြည့်လို့ဖြင့် မမြင်နိုင်ပေဘူး။

ထိုးထွင်းသိနိုင်တဲ့ဉာဏ်ကလေးနဲ့ ကြည့်မှပဲမြင်နိုင်မယ်။ အဲလိုမြင်လာပြီဆိုရင် အမြင်မှန်ရပေါ့။ ယထာဘူတဉာဏ်ရပေါ့လို့ ဆုံးဖြတ်ချက်ချ။ သိမ်မွေ့တဲ့ဖြစ်ပျက်ကလေးတွေကို မြင်လာလို့ရှိရင်ဖြင့် ယထာဘူတဉာဏ် အမြင်မှန်ရပေါ့လို့ ဆုံးဖြတ်ချက်ချ။

အမြင်မှန်ဆိုတာ ပါဠိလို သုံးနှုန်းတော့ ယထာဘူတဉာဏ်၊ **သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာধိ**ဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့မြင်တာ။ ဒီအမြင်မှန်ရအောင် မဂ္ဂင်ဘယ်နှစ်ပါးပေါင်းရသလဲဆိုရင် ငါးပါးပေါင်းရတယ်။ အေး... ဒီဉာဏ်ရရင် ဒီဘဝမှာပင် ကိစ္စပြီးနိုင်တဲ့ပုဂ္ဂိုလ်လို့မှတ်ပါ။

**သားမြီးဗျားကို မြားနဲ့ပစ်သလို**
**သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊**
**ဝါလဂ္ဂံ ဥသုနာ ယထာ။**
**ယေ ပဗ္ဗဇ္ဇေ ပသဿန္တိ၊**
**ပရတော နော စ အတ္တတော။**

**ယေ**- အကြင်ယောဂီပုဂ္ဂိုလ်တို့သည်၊ **ပဗ္ဗဇ္ဇေ**-ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ **ပရတော**-သူစိမ်းပြင်ပ အနေမျိုးအားဖြင့်၊ **ပသဿန္တိ**-ရှုမြင်နိုင်ကြလေကုန်၏။ **အတ္တတော**-မပျက်စီးနိုင် မြဲခိုင်ကျစ်လျစ် အနှစ်သာရအတ္တဟူ၍ကား၊ **နော စ ပသဿန္တိ**-မတွေးမရှုကြလေကုန်။

**တေ**-ဒိဋ္ဌိအတွေ့ ကင်းစင်ပအောင် လုံ့လကြိုးစား ထိုယောဂီများ တို့သည်၊ **ဝိလဂ္ဂံ**-ခရီးကွာဝေး အသေးအမွှား သားမြီးဖျားကို၊ **ဥသုနာ**-အသင့်ပြင်ထား ဖြောင့်မတ်သောမြားဖြင့်၊ **ပဋိဝိဗျဇ္ဈန္တိ** **ယထာ**- ချက်တိုင်းမလွဲ လက်တိုင်းစွဲသည့် လေးပွဲကျော်ကြား လေးတော်သားတို့ စူးဖျား ချဉ်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်နိုင်ကြသကဲ့သို့၊ **သုခုမံ**-ကေန်ခက်ခဲ သိမ်မွေ့နက်နဲတဲ့ ရုပ် နာမ် ဖြစ်ပျက် သဘာဝအချက်ကို၊ **ပဋိဝိဗျဇ္ဈန္တိ**-ဉာဏ်ရောင်ဝင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက် သိမြင်နိုင်ကြလေကုန်၏။

အဲဒီလို သိမ်မွေ့နက်နဲတဲ့ ရုပ်နာမ် ဖြစ်ပျက်ကလေးတွေကို ဉာဏ်နဲ့ "တပ်" ခနဲ "တပ်" ခနဲ မြင်တဲ့အမြင်မျိုးမှ နိဗ္ဗာန်ကိုရနိုင်တယ်တဲ့။ သိမ်မွေ့သေးငယ်တဲ့ သားမြီးဖျားကို မြှားနဲ့မှန်အောင် ပစ်နိုင်သလို ချက်တိုင်းမလွဲ "တပ်" ခနဲ "တပ်" ခနဲ သိမ်မွေ့တဲ့ ရုပ်နာမ် ဖြစ်ပျက်ကလေးတွေကို မြင်အောင်ကြိုးစားပါ။

## ဒီနေရာပေါ် ဒီနေရာပဲပျက်

ရုပ်တရားဟာ ခဏခဏ ဖောက်ပြန်ပျက်စီးနေတယ်။ အေးတဲ့ရုပ်ဟာ အေးပြီးရင်ချုပ်တာပဲ၊ ပူတဲ့ရုပ် ဖြစ်မလာနိုင်ဘူး။ ပူတဲ့ရုပ်ဟာလည်း ပူပြီးရင် ပူတဲ့နေရာမှာပဲ ချုပ်တယ်၊ အေးတဲ့ရုပ် ဖြစ်မလာနိုင်ဘူး။ဒါ သဘောပေါက်။ **အအေးက အပူဖြစ်လာတယ်၊ အပူက အအေးဖြစ်လာတယ်** ဆိုရင် သဿတဒိဋ္ဌိ ဖြစ်နေလိမ့်မယ်။ အေးတဲ့ရုပ်ဟာ အေးတဲ့နေရာမှာပင် ချုပ်တယ်၊ ပူတဲ့ဆီ နည်းနည်းမှ တစ်စက်မှမကူးဘူး၊ ဒီနေရာဖြစ် ဒီနေရာပဲ ချုပ်တယ်။

ပူတဲ့ရုပ်လည်း ထို့အတူတူပဲ၊ ဒီနေရာဖြစ်ရင် ဒီနေရာမှာပဲ ချုပ်တယ်၊ အေးတဲ့ဆီကို မကူးဘူး။ ထို့အတူ ဝေဒနာမှာလည်း မျက်လုံးထဲ ဥပေက္ခာဝေဒနာပေါ်၊ မျက်လုံးထဲမှာပဲပျက်၊ နား၊ နှာခေါင်း၊ လျှာတို့မှာလည်း

ပေါ်တဲ့နေရာမှာပဲ ပျက်တယ်။ ကိုယ်ပေါ်မှာလည်း သုခဝေဒနာပေါ်ရင် ပေါ်တဲ့နေရာမှာပဲပျက်၊ ဘယ်မှမရွှေ့ဘူး၊ ဒုက္ခဝေဒနာပေါ်ရင် ပေါ်တဲ့နေရာမှာပဲ ပျက်တယ်။

ဒီထိအောင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာတို့ ဖြစ်ပေါ်လာကြပြီး ချုပ်ပျောက်သွားကြပုံတို့ကို ပြောပြီးပြီ။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့လည်းအတူတူပဲ။ ဝိညာဏက္ခန္ဓာအတွက် ဆက်လက်ပြောရဦးမယ်။

## မမြင်ရတဲ့နေရာမှ မမြင်ရတဲ့နေရာသို့

ရုပ်နာမ်တရားတွေဟာ အကြောင်းတိုက်ဆိုင်တဲ့အခါ ပေါ်လာကြတယ်။ ပြီးရင်ပျောက်ကုန်တယ်။ မမြင်ရတဲ့နေရာက ပေါ်လာပြီးတော့ မမြင်ရတဲ့နေရာကိုပဲ ရောက်ကုန်ကြတယ်။

**အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ။**

**ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။**

**သင်္ခါရာ**-ရုပ်နာမ် နှစ်ပါး သင်္ခါရတရားတို့သည်၊ **အဒဿနတော**-မမြင်ရရာအရပ်မှ၊ **အာယန္တိ**-အကြောင်းတိုက်ဆိုင်၍ ပေါ်လာကြကုန်၏။ **ဘဂ္ဂါ**-ဖြစ်ပြီး၍ ပျက်စီး ချုပ်ပျောက်သွားကုန်သော ရုပ်နာမ် နှစ်ပါး သင်္ခါရတရားတို့သည်လည်း၊ **အဒဿနံ**-မမြင်ရရာအရပ်သို့၊ **ဂစ္ဆန္တိ**-ရောက်သွားကြလေကုန်၏။ **အာကာသေ**-မိုးကောင်းကင်၌၊ **ဝိဇ္ဇုပ္ပါဒေါဣဝ**- "ပြိုး"ခနဲ "ပြက်"ခနဲ လျှပ်စီးလက်သကဲ့သို့၊ **ဥပ္ပဇ္ဇန္တိ**-ဖြစ်လည်းဖြစ်ပေါ်လာကုန်၏၊ **ဝယန္တိစ**-ပျောက်လည်း ပျောက်ကွယ်သွားကုန်၏။

ပြီးတော့ စိတ္တယမိုက်မှာ ဟောထားတာလည်း ရှိသေးတယ်၊ ဘာလဲဆိုတော့ "အကြင်စိတ်သည် ဖြစ်ဆဲ၊ ထိုစိတ်သည် ချုပ်ဆဲမဟုတ်၊ ချုပ်ဆဲကလည်း ဖြစ်ဆဲမဟုတ်၊ ဖြစ်ချုပ်သွားသောအရာတို့သည် နောက်ထပ် ဖြစ်ချုပ်ဦးမည်လော၊ ဤသို့လည်းမဟုတ်" တဲ့။

ဒီဒေသနာတော် အရဆိုရင်လည်း ဒီနေရာတွင်ဖြစ်၊ ဒီနေရာတွင် ပျက်တဲ့တရားပဲလို့ သိနိုင်တယ်။ ဒါကို ခိုင်တယ်-မြဲတယ် ပြောလို့ရမလား။ ကူးသွားသေးတယ်၊ ဆက်သွားသေးတယ်လို့ကော ယူနိုင်ဦးမလား။ ယူရင် သဿတဒိဋ္ဌိ ဖြစ်နေမှာပေါ့။ အေး... ဝိညာဏကွန်ရှာဆိုတဲ့ စိတ်တွေဟာ ဒီအတိုင်းပဲ၊ ဒီနေရာပေါ် ဒီနေရာပျက်ပဲ။

## ဣန္ဒြေ(၅)ပါး

- သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ တလွဲယုံတတ်သည်။
- ပညာလွန်ကဲ၊ သဒ္ဓါနည်း၊ စဉ်းလဲကောက်ကျစ်သည်။
- သတိတရား၊ ထိုနှစ်ပါး၊ စွမ်းအားညီပေးသည်။
- လုံ့လလွန်ကဲ၊ အငြိမ်နည်း၊ မစွဲပျံ့လွင့်သည်။
- အငြိမ်လွန်ကဲ၊ လုံ့လနည်း၊ ဖင့်နွဲနေးကွေးသည်။
- သတိတရား၊ ထိုနှစ်ပါး၊ စွမ်းအားညီပေးသည်။
- စွမ်းအားညီမှ၊ ကောင်းကျိုးရ၊ မုချ ချမ်းသာမည်။

(မင်းကွန်းဆရာတော်)

သတ္တဝါတို့သန္တာန်၌ စိတ်စေတသိက်တို့တွင် ဣန္ဒြေတရားငါးပါးရှိသည့်အနက် သဒ္ဓိန္ဒြေကအားကြီးနေလျှင် အခြားဣန္ဒြေလေးပါးတို့သည် အားနည်းကြသည်။ ဝိရိယိန္ဒြေကလည်း မိမိ၏တာဝန်ဖြစ်သော ခိုးမြောက်အားပေးခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ သတိန္ဒြေကလည်း အာရုံထင်စေခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ သမာဓိန္ဒြေကလည်း မပျံ့လွင့်ခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ ပညိန္ဒြေကလည်း သိမြင်ခြင်းကိစ္စကို မရွက်ဆောင်နိုင်။

တသ္မာ တံ ဓမ္မသဘာဝ ပစ္စဝေက္ခဏေန ဝါ ယထာ ဝါ မနသိကရောတော ဗလဝံ ဇာတံ၊ တထာ အမနသိကာရေန ဟာပေတဗ္ဗံ။

(အဘိ၊ ၅၊ ၂၊ ၂၆၄)

သို့ဖြစ်၍ သဒ္ဓိန္ဒြေလွန်ကဲနေလျှင် လွန်ကဲနေသော သဒ္ဓိန္ဒြေကို အညီအမျှသာဖြစ်ရမည့် တရားသဘောကို ဆင်ခြင်ခြင်းဖြင့်သော်လည်းကောင်း၊ သဒ္ဓိန္ဒြေမြောက်များ အားရှိစေမည့်နည်းကို နှလုံးမသွင်းခြင်းဖြင့်သော်လည်းကောင်း ယုတ်လျော့အောင် ညီမျှအောင် အားထုတ်ရာ၏။

အကယ်၍ ဝီရိယိန္ဒြေအားကြီးနေငြားအုံ၊ ထိုအခါ သဒ္ဓိန္ဒြေသည် မိမိ၏ဆိုင်ရာ ကြည်ညိုဖွယ်ဝတ္ထုဌာ သက်ဝင်ကြည်ညိုခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ အခြားဣန္ဒြေများလည်း မိမိတို့ဆိုင်ရာကိစ္စကို မရွက်ဆောင်နိုင်ကြ။

သို့ဖြစ်၍ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးစွာ ထားသင့်သည့် သဘောကို ထင်စွာ ပွားများခြင်းဖြင့် လွန်ကဲနေသော ဝီရိယိန္ဒြေကို ယုတ်လျော့စေရာ၏။ အခြားဣန္ဒြေတို့မှာလည်း တပါးပါးအားရှိနေခဲ့သော် ကျန်သောဣန္ဒြေတို့ မိမိတို့ဆိုင်ရာကိစ္စကို မရွက်ဆောင်နိုင်ပါ။

**ဝိသေသတော ပနေတ္ထ သဒ္ဓါ ပညာနံ သမာဓိ ဝီရိယာနဉ္စ သမတံ ပသံသန္တိ။**

ဣန္ဒြေတို့ကို ညီမျှစေသောအရာ၌ အထူးအားဖြင့် သဒ္ဓါနှင့်ပညာတို့၏ညီမျှခြင်းကိုလည်းကောင်း, သမာဓိနှင့် ဝီရိယတို့၏ညီမျှခြင်းကိုလည်းကောင်း ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းကြ၏။

**သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ အလွဲယုံတတ်သည်။**

**ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓပ္ပသန္နော ဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ။**

သဒ္ဓါတရား အားကြီး၍ ပညာတရားနည်းပါးသောသူသည် အချည်းနှီးသော ကြည်ညိုခြင်းဖြင့် ကြည်ညိုနေတတ်၏။ ကြည်ညိုဖွယ်ဝတ္ထုဟုတ်-မဟုတ်ကို သိမြင်နိုင်သော ပညာတရားအားနည်းနေသည့် အတွက် ကြည်ညိုဖွယ်မဟုတ်သောအရာ၌ ကြည်ညိုနေတတ်၏။ ဘုရား, တရား, သံဃာအစစ်မဟုတ်သည့်အရာတို့ကို ဘုရား တရား သံဃာစစ်

ဟူ၍ ထင်မြင်ယုံကြည်နေခြင်းသည် ယုံကြည်သည့်အတိုင်း မမှန်သည့် အတွက် အကျိုးမပြီး အချည်းနှီးသော ယုံကြည်ခြင်းသာဖြစ်၏။

မိစ္ဆာအယူ ရှိသူတို့သည် မိမိတို့အယူမှားအတိုင်း ဘုရားတရား ဟူ၍ ထင်မြင်သောအရာကို ကြည်ညိုကြ၏။ ထိုသူတို့၏ ကြည်ညိုခြင်းသည် သဒ္ဓါအစစ်မဟုတ်၊ မိစ္ဆာဒိဋ္ဌိမောက္ခသာဖြစ်ကြောင်း ကောင်းစွာ သိမှတ်ရာ၏။ သဒ္ဓါလွန်လျှင် ညွှန့်တတ်သည်။ သဒ္ဓါလွန် တဏှာကျွံ ဖြစ်တတ်သည်။ (ဤနေရာ၌ သဒ္ဓါလွန်သော ဝက္ကလိအကြောင်းကို ဟောပြောရမည်။)

– ပညာလွန်ကဲ၊ သဒ္ဓါနည်း၊ စဉ်းလဲ ကောက်ကျစ်သည်။

ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ၊

ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။

ပညာတရား အားကြီး၍ သဒ္ဓါတရားနည်းပါးနေသောသူသည် လမ်းရိုးလမ်းမှန်ကို မရောက်တတ်။ ကောက်ကျစ်စဉ်းလဲသောလမ်းဖက်သို့ လိုက်မှား ကပ်ရောက်သွားတတ်၏။

လောကဌ ဆေးစားမှား၍ ဖြစ်သော ရောဂါကို ကုစားရန် ခဲယဉ်းသကဲ့သို့ သဒ္ဓါနည်းပါးပညာများ၍ လမ်းမှားကပ်ရောက် ကောက်ကျစ်စဉ်းလဲသူကို လမ်းမှန်ရောက်အောင် ပြုပြင် ကုစားဖို့ရန် ခဲယဉ်းလှ၏။

"ဒါနဟူသည် စေတနာဒါန ဝတ္ထုဒါနဟူ၍ နှစ်မျိုးရှိရာ စင်စစ်မုချအားဖြင့် စေတနာကသာ နောက်ဘဝ၌ ကောင်းကျိုးပေးနိုင်သည်။ ပစ္စည်းဝတ္ထုက တစ်စုံတစ်ရာ ကောင်းကျိုးမပေးနိုင်၊ သို့ဖြစ်ပါ၍ ပစ္စည်းဝတ္ထုကို လှူနေဖွယ်မလို၊ စေတနာကောင်းကောင်းထားလိုက်လျှင် လိုအပ်သောကောင်းကျိုး ရနိုင်သည်သာဖြစ်၏" ဟု ကောက်ကျစ်စဉ်းလဲကာ ဒါနစသောကုသိုလ်တို့ကိုမပြုဘဲနေသဖြင့် သေသောအခါ ငရဲသို့ ကျရောက်တတ်၏။ ပညာလွန်တော့ ကွန့်တတ်သည်။ ပညာလွန် တော့

ဘယာ(ဘေး)ဖြစ်တတ်သည်။ (ဤနေရာ၌ ပညာလွန်သော မဟာပြဟ္မာ အကြောင်း ပြောပြသင့်သည်။)

ဥဘိန္ဒံ ပန သမတာယ ဝတ္ထုဿိယေဝ ပသီဒတိ။

သဒ္ဓါနှင့်ပညာ နှစ်ပါးစုံမျှတညီညွတ်မှသာလျှင် ကြည်ညိုအပ်သောအရာ၌သာ ကြည်ညိုခြင်း ကောက်ကျစ်စဉ်းလဲမှုမရှိခြင်းတို့ဖြင့် ကောင်းကျိုးများ ဖြစ်ပွားနိုင်သည်။

**– သဒ္ဓါ ပညာ၊ ညီမှသာ၊ မှန်စွာကောင်းကျိုး ရနိုင်သည်။**

ဝိရိယနှင့်သမာဓိတို့လည်းညီမျှရမည်၊ ဝိရိယနည်းပါး၍ သမာဓိကြီးမားနေလျှင် ထကြွအားထုတ်မှုမရှိဘဲ သမာဓိရအောင် ငြိမ်သက်စွာနေသည့်အယောင်ဖြင့် ကောသဇ္ဇခေါ်သောအပျင်းဓာတ် လွှမ်းမိုးဖိစီးခြင်းကိုခံရတတ်သည်။ သမာဓိလွန်တော့ တွန့်နေတတ်သည်။ ထိနမိဒ္ဓလည်းဝင်တတ်သည်။ (ဤနေရာ၌ စပလာယနသုတ်မှာပါသော သမာဓိလွန်သော အရှင်မဟာမောဂ္ဂလာန် အကြောင်းကို ပြောပြသင့်သည်။)

**– သမာဓိလွန်က၊ ဝိရိယနည်း၊ ပျင်းတွဲနေတတ်သည်။**

ဝိရိယကြီးမား၍ သမာဓိနည်းပါးနေလျှင်လည်း တည်ကြည်မှုမရှိတော့ဘဲ အမြဲထကြွ လုံ့လပြုနေသောသူမှာ "ရည်ရွယ်သည့်အတိုင်းအကျိုးမဖြစ်ခဲ့သော် ဤအလုပ်သည် အကျိုးဖြစ်စေနိုင်မည့်အလုပ်မဟုတ်၊ သို့ဖြစ်ပါ၍ ဤအလုပ်ကိုစွန့်ကာ အခြားအလုပ်တစ်ခုခုကို ပြုလုပ်မှသင့်လျော်မည်" စသည်ဖြင့် စိတ်၏ပျံ့လွင့်ခြင်း=ဥဒ္ဓစ္စတရား လွှမ်းမိုးဖိစီးခြင်းကို ခံရတတ်သည်။

(ဤနေရာ၌ ဝိရိယလွန်သော အရှင်သောဏ ကောဋိကဏ္ဏဝိသမထေရ်နှင့် အရှင်အာနန္ဒာအကြောင်း ပြောပြသင့်သည်။)

**ဝိရိယလွန်က၊ သမာဓိနည်း၊ ပျံ့ကျဲနေတတ်သည်။**

ဝိရိယနှင့်သမာဓိတို့ကို ညီမျှအောင် အားထုတ်လျှင် ပျင်းရိခြင်း=ကောသဇ္ဇတရားလည်း ဝင်ခွင့်မရ၊ စိတ်ပျံ့လွင့်ခြင်း=ဥဒ္ဓစ္စတရားလည်း

ဝင်ခွင့်မရ၊ နှစ်ပါးစုံညီမျှသည့်အတွက် အပွနာဟုခေါ်သော စျာန်သမာဓိ တရားကို လျင်မြန်စွာရနိုင်သည်။

သမာ, ဝိရိယ, ညီမျှက, ပြည့်ဝကောင်းကျိုးရနိုင်သည်။

သတိနှေ့မူ ပိုလွန်သည် မရှိ၊ လိုလျှင်သာလိုမည်။ ထို့ကြောင့် "သတိသည် စားဖွယ်ဟင်းလျာဟူသမျှတို့၌ ပါဝင်ရသောဆားနှင့်တူ၏၊ အလုံးစုံသော မင်း၏အရေးကိစ္စတို့၌ ပါဝင်ရသော အမတ်ချုပ်ကြီးနှင့် တူ၏" ဟု ကျမ်းဂန်တို့၌ပြဆိုထား၏။

သို့ဖြစ်၍ သတိကို အစွမ်းကုန်ထား၍ သဒ္ဓါနှင့်ပညာ, ဝိရိယနှင့် သမာဓိတို့ကို အညီအမျှ ပွားများအားထုတ်ရာ၏၊ တစ်ခုခုက ပိုနေလျှင် အပြစ်ရှိသည်။ (အဘိ၊ ၆၊ ၂၊ ၂၆၄-၅)

ဆရာတော် ဦးဗုဒ်က...

* သဒ္ဓါလွန်လျှင် ကွန့်သည်။
* ပညာလွန်လျှင် ဆွံ့သည်။
* ဝိရိယလွန်လျှင် ပြန့်သည်။
* သမာဓိလွန်လျှင် တွန့်သည်။
* သတိမူကား လွန်သည်မရှိ။

ဟူ၍ မဟာသတိပဋ္ဌာနသုတ်နိဿယ၌ ရေးသားတော်မူခဲ့သည်။

– အဖြာအဖြာ၊ နီး, နယ်ဖျာ၍၊ ပညာရှေ့ထား၊ သဒ္ဓါအားဖြင့်၊ နှစ်ပါးညီစွာ၊ မျှဝေရာ၏။

သဒ္ဓါပညာ၊ သမာဝိရိ၊ စောင့်နယ်ညှိလော့၊
လောကီ ဓမ္မတာ၊ လူတို့မှာလျှင်၊
သဒ္ဓါမဆွန့်၊ ကွန့်၍ဖြိုးဝန်း၊ ဉာဏ်မလွန်နှင့်၊ သားမွန်လိမ္မာ၊
ဤအရာ၌၊ ပညာမဘက်၊ သဒ္ဓါထက်က၊ နှက်၏ဆင်းရဲ၊
အမြဲမှန်စွာ၊ သဒ္ဓါနုံ့ဆွန့်၊ တွန့်၍ ဉာဏ်ကွန်၊ ပညာလွန်သော်၊
ဝက်ကောက်ကျစ်၊ ကျိုးမဖြစ်ဘူး၊ စင်စစ်ထိုပြီး၊

သမာဓိများ၊ပျင်းရိပွား၏၊ အားထုတ်လွန်က၊ ပြန့်တက်စွရှင့်၊ ဝိရိယဆိုး၊ ညဉ့် ကိုနိုးမှ၊ သူခိုးဖြစ်တတ်၊ ဟူတုံလတ်၏၊ မပြတ်စိတ်က၊ သတိမ,လော့၊ ညီမျှသော်သာ၊ ကျိုးထင်ရာခဲ့၊ သေချာမှတ်သိ၊ မလွန်ဘိနှင့်၊

ဉာဏ်ရှိယောကျ်ား၊ မှားလတ်သောအခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့၊ ဖျက်၍အမြဲ၊ ပြင်နိုင်ခဲ၏။

ထူးကဲလက္ခဏာ၊ ဆားပမာလျှင်၊ ဟင်းလျာတိုင်းညှိ၊ ကျေးဇူးရှိသို့၊ သတိမှန်တိုင်၊ မလွန်နိုင်ငြား၊ ဤတရားကို၊ ငါ့သားမင်းစစ်၊ မလစ်ရစ်နှင့်။ (မယဒေဝလက်ံသစ်)

**သမာဓိကမ္မဋ္ဌာန်းသည် ဗလဝတီပိ သဒ္ဓါ ဝဋ္ဋတိ၊ ဝေ၀ သော သဒ္ဒဟန္တော ဩကပ္ပေန္တော အပ္ပနံ ပါပုဏာတိ။**

သမထကမ္မဋ္ဌာန်း အားထုတ်သူအား အလွန်အားကောင်းသော သဒ္ဓါရှိသင့်သည်။ ယုံကြည်စွာအားထုတ်လျှင် အပ္ပနာသို့ ရောက်လိမ့်မည်။

**သမာဓိ ကမ္မဋ္ဌာန်း ကေဂ္ဂတာ ဗလဝတီ ဝဋ္ဋတိ၊ ဝေ၀ဏ္ဏော အပ္ပနံ ပါပုဏာတိ**–သမာဓိ အားကောင်းဖို့လည်းလိုပါသည်။

**ဝိပဿနာ ကမ္မဋ္ဌာန်း ပညာ ဗလဝတီ ဝဋ္ဋတိ၊ ဝေ၀ဏ္ဏော လက္ခဏာပဋိဝေ၀ံ ပါပုဏာတိ၊**

ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်သူအား ပညာအားကောင်းဖို့လိုသည်။ ပညာအားကောင်းသူသည် လက္ခဏာကို ထိုးထွင်းသိနိုင်သည်။ (အဘိ၊ ၌၊ မ၊ ၂၆၅)

(ဝဏ္ဏလိအကြောင်းကို(အပ၊၂၊၁၁၅။ အံ၊၌၊၁၊၁၉၄။ ထေရ၊ ၌၊ ၂၊ ၅၇။ အပ၊ ၌၊ ၂၊ ၂၁၄။ မ၊ ဋီ၊ ၁၊ ၃၈၃။ အံ၊ ဋီ၊ ၁၊ ၂၅၄။ သံ၊ ၂၊ ၉၇။ သံ၊ ဋီ၊ ၂၊ ၄၃၃) မှာ ဖော်ပြထားသည်။ မဟာပြဟ္မာ အကြောင်းကို (မ၊ ၁၊ ၄၀၃။ မ၊ ၌၊ ၂၊ ၃၀၂) ပြဟ္မနိမန္တနသုတ်မှာ ဖော်ပြထားသည်။ ဝိရိယလွန်သော အရှင်သောဏကောဋိဝိသမထေရ်

အကြောင်းကို (၀။ ၃၊ ၂၆၅။ အံ၊၂၊၃၂၉။ အံ၊၆၊၃၊၁၃၂။ သံ၊ ၈။ ၂၊ ၄၃၃။ ၀ိသုဒ္ဓိ၊ ၈။ ၁၊ ၁၅၂။ အံ၊ ၆၊ ၁၊ ၁၈၁) တို့မှာ ဖော်ပြထားသည်။ အရှင်မဟာမောဂ္ဂလန် ဝိုက်မည်းခြင်းဖော်ပြထားသော စပလာယမာနသုတ်သည် (အံ၊၂၊၄၆၁–၄၆၄) မှာပါသည်။ ၄င်းတို့ကို ရှာဖွေကြည့်၍ အကျယ်ချဲ့ကာ ဟောပြောသင့်သည်။)

# နမူနာကတ်လမ်းဟောကွက်များ

## အမှောင်ညများကို စွန့်ခွာခြင်း (စူဠဝေဒလ္လသုတ်နိဒါန်း)

[အမှောင်ညများကို စွန့်ခွာခြင်း တရားဟောမည်ဆိုလျှင် - **အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်** ဟူသော လက်ခံကို ရှေးဦးစွာ ရှင်းပြသင့်။

**သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ မပြတ်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါး၌၊ နင်ကားရာထောင်၊ မကမှောင်၏** ဟူသော လက်ခံအတိုင်း အမှောင်လေးမျိုးအကြောင်း ရှင်းပြသင့်။

**နေရောင်, လရောင်၊ မီးအရောင်၊ ဉာဏ်ရောင်သာ၍မိုး၊ ပညာသမာ၊ အာဘာနတ္ထိ၊ မြတ်မုနိ၊ မိန့်ရှိကျမ်းကိုကိုး** ဟူသော အမှောင်ညကို ပယ်ခွာနိုင်တဲ့ အလင်းလေးမျိုး နှိုင်းယှဉ်ပြပါ။

**ဒီဃာ ဇာဂရတောရတ္တိ၊ ဒီဃံ သန္တသ ယောဇနံ၊**
**ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။**

အိပ်မပျော်သူအတွက် ညတာရှည်၏။ ခရီးပင်ပန်းသူအတွက် တစ်ယူဇနာ ခရီးသည် ရှည်လျားလှ၏။ သူတော်ကောင်းတရားကို မသိသည့်အတွက် လူမိုက်၏ သံသရာသည် ရှည်လျားလှ၏ဟူသော ဂါထာသဘောကို ရှင်းပြသင့်သည်။

**သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော။**
**ယော နု လိမ္ဘတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။**
**သဗ္ဗာ အာသတ္တိယော ဆေတ္ဝာ၊ ဝိနေယျ ဟဒယေ ဒရံ။**

ဥပသန္တော သုခံ သေတိ၊ သန္တိ ပယ္ယုယ္ယ စေတသာ။

(သံ၊ ၁၊ ၂၁၄)

မကောင်းမှုကို အပပြုပြီးသူ, ကိလေသာများကို ငြိမ်းသတ်ပြီးသူ, ကာမဂုဏ်တို့၌ မနှစ်မြှုပ် မလိမ်းကျံသူ, ဥပဓိကင်း၍ ငြိမ်းအေးသူသည် အမြဲတမ်း တကယ်ပင် ချမ်းချမ်းသာသာ အိပ်ရ, နေရသည်။

ငြိကပ်မှုအားလုံးကို ဖြတ်တောက်ပြီးသူ, နှလုံးသားမှာ အပူမီးများ ပယ်ဖျောက်ထားသူ, စိတ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသူသည် ငြိမ်းအေးမှုရှိလျက် ချမ်းသာပျော်ရွှင် နှစ်ခြိုက်စွာ အိပ်စက်ရသည်။ နေရသည်ဟူသော အနာထပိဏ်သူဌေးခေါ် သုဒတ္တအား မြတ်ဗုဒ္ဓ ဟောကြားသော ငြိမ်းချမ်းစွာ အိပ်စက်ရသူများအကြောင်းကိုလည်း စကားဦးသန်းထားသင့်သည်။ သို့မှသာ အိပ်ပျော်သူ, အိပ်မပျော်သူ, အမှောင်ညမှာ ပျော်မွေ့သူ, စွန့်ခွာသူ သဘောများကို ပီပြင်စွာ နားလည်နိုင်မည်ထင်ပါသည်။]

ဝိသာခနှင့် ဓမ္မဒိန္နာတို့ဟာ ရာဇဂြိုဟ်ပြည်မှာ ကြွယ်ဝ ချမ်းသာကြတဲ့သူဌေး ဇနီးမောင်နှံ ဖြစ်ကြတယ်။ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသူများ ဖြစ်ကြတယ်။ မြတ်စွာဘုရား ရာဇဂြိုဟ်ရောက်ပုံ ပြောကြစို့။

မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ရပြီးနောက် ဗာရာဏသီသို့ ကြွကာ ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစကြာတရားတော် အနတ္တလက္ခဏသုတ်တရားတော်တို့ကို ဟောတော်မူတယ်။ ယသသတို့သား အမှူးရှိတဲ့ သူငယ်ချင်း ငါးဆယ့်ငါးယောက်ကို အနုပုဗ္ဗိကထာများ ဟောတော်မူတယ်။ ဝါကျွတ်တဲ့အခါ ရဟန္တာခြောက်ဆယ်တို့အား သာသနာပြုစေလွှတ်တော်မူတယ်။ မြတ်စွာဘုရားကတော့ ဥရုဝေလတောသို့ ကြွကာ ရသေ့တစ်ထောင်တို့ကို ခြွေချွတ်ဟောပြတော်မူတယ်။ အားလုံး ရဟန္တာတွေဖြစ်သွားကြတယ်။

မြတ်စွာဘုရားဟာ အဲဒီရဟန္တာတစ်ထောင် ခြံရံလျက် ရာဇဂြိုဟ်သို့ ကြွတော်မူတယ်။ တစ်သိန်းနှစ်သောင်းရှိတဲ့ ပရိသတ်နဲ့အတူ ဘုရားဖူးရန်လာတဲ့ ဗိမ္ဗိသာရမင်းအား မြတ်စွာဘုရား တရားဟောတယ်။ တစ်သောင်းက ဥပါသကာ ဖြစ်တယ်။ ဗိမ္ဗိသာရမင်းနှင့်အတူ တစ်သိန်း တစ်သောင်းက သောတာပန်တည်တယ်။ အဲဒီထဲမှာ ဝိသာခလည်း ပါတယ်။

ဝိသာခဟာ ပထမအကြိမ်မှာပဲ ဘုရားဖူး တရားနာရလို့ ဒိဋ္ဌိ ဝိစိကိစ္ဆာကင်းတဲ့ သောတာပန်ဖြစ်သွားတာ။ နောင်တစ်ကြိမ် တရားနာရတော့ သကဒါဂါမ် နောက်တစ်ခါ အနာဂါမ် ဖြစ်သွားတယ်။ အနာဂါမ် ဖြစ်တဲ့အချိန်နဲ့ ပုထုဇဉ် သောတာပန်, သကဒါဂါမ်ဖြစ်စဉ်က အိမ်ပြန်လာပုံဟာ မတူတော့ဘူး။

**သော အနာဂါမိ ဟုတ္တာ ဂေဟံ အာဂစ္ဆန္တော ယထာ အညေသု ဒိဝသေသု ဣတောစိတော စ ဩလောကေန္တော သီတံ ဂုရုမာနော အာဂစ္ဆတိ၊ ဝေဠ အနာဂန္ဒွာ သန္ဓိန္ဒိယော သန္ဓမာနသော ဟုတ္တာ အဂမာသိ။**

**(မ၊ ၆၊ ၂၊ ၂၁၅)**

တခြားနေ့တွေမှာ အိမ်ကိုပြန်လာတဲ့အခါ ဟိုဟိုဒီဒီကြည့်, ပြီးတော့ ပြုံးလျက်လာတယ်။ ယခု အဲသလို မဟုတ်တော့။ ငြိမ်သက်သောဣန္ဒြေ, ငြိမ်းအေးတဲ့ စိတ်ရှိလျက် ပြန်လာတယ်။ အမှုအရာ ထူးခြားလာတာ သတိပြုပါ။ အနာဂါမ်ဆိုတာ ကာမရာဂ, ဗျာပါဒများ ကင်းကွာသွားပြီလေ။ ဓမ္မသတ္တိတွေ စွမ်းရည်ပြနေပြီပေါ့။

ဓမ္မဒိန္နာကခြေသော်ခံတဲ့ လေသာပြတင်းကို ဖွင့်ကာ လမ်းမဘက်ကို ကြည့်နေတယ်။ ဝိသာခရဲ့ လာပုံအခြင်းအရာကိုမြင်တော့ ခါတိုင်းနဲ့ မတူတဲ့အတွက် "ကိုးနု ခေါ ဇော်၊ ဒါ ဘယ်လိုဖြစ်တာပါလိမ့်" လို့ စိုးရိမ်စိတ်ဝင်ကာ စဉ်းစားကြံဆလျက် ခရီးဦးကြိုရန် လှေကားထိပ်ရောက်ပြီး သလမ္ဘ နတ္ထံ ဟတ္ထံ ပသာရေသိ။ ဆွဲကိုင်ဖို့ လက်ကို ဆန့်ပေး

လိုက်တယ်။ ဥပါသကော အတ္တနော ဟတ္ထံ သမိဠေသိ၊ အနာဂါမ် ဝိသာခက ဓမ္မဒိန္နာကမ်းတဲ့လက် မကိုင်တဲ့အပြင် မိမိလက်ကိုပါ ရုတ်လိုက်တယ်။ အမျိုးသမီးလက်ထိမှာ စိုးရိမ်ဟန်တူရဲ့။ ယခင်လို ချစ်သူ ဇနီးမယားလက်ကို မြတ်နိုးယုယစွာ မကိုင်ချင်တော့ဘူး။ ကာမရာဂ သံယောဇဉ် ပယ်ခွာပြီးပြီလေ။ ကြမ်းတမ်း စက်ဆုတ်စွာလည်း မကိုင်ချင်တော့ဘူး၊ ပဋ္ဌိယသံယောဇဉ် ကင်းကွာသွားပြီလေ။ ချစ်ဇနီး ကျေနပ်ပါစေတော့ဆိုတဲ့ ဟန်ဆောင်အပြုံးနဲ့လည်း ဖက်တွယ်မထားတော့။

ဝိသာခဟာ ဓမ္မဒိန္နာကို ချစ်ရည်ရွန်းတဲ့ မျက်ဝန်းလဲ့ပြာပြာနဲ့လည်း မကြည့်တော့ဘူး။ မီးရောင်ဝင်းတဲ့ ဒေါသမျက်ဝန်းနဲ့လည်း မကြည့်တော့ဘူး။ လှည့်လည်းမကြည့်, စကားလည်းမပြောဘဲ အိမ်ပေါ်ကို တန်းတက်သွားတယ်။ ဓမ္မဒိန္နာအတွက်တော့ မစိမ်းကားသော်လည်း စိမ်းကားတဲ့အသွင် မြင်သွားတာပေါ့။

ဓမ္မဒိန္နာက စဉ်းစားရတော့ပြီ။ "ပါတရာသ ဘောဇနကာလေ ဇာနိသာမိ၊ နေ့လည်ထမင်းစားချိန်မှာ သိရမှာပါလေ" လို့ ဖြေသိမ့်တွေးလေးနဲ့ ကျေနပ်လိုက်တယ်။ ထမင်းစားချိန်ရောက်တော့ နှစ်ကိုယ်တူ မစားတော့ဘဲ ဝိသာခက တရားအားထုတ်နေတဲ့ ရဟန်းလို စကားမပြောဘဲ တစ်ယောက်တည်းသာ စားနေတယ်။

အိမ်ရှင်မတစ်ယောက်အနေနဲ့ ကိုယ့်ခင်ပွန်းရဲ့ အမှုအရာပြောင်းလဲသွားတာကို မတွေးတတ်အောင် ဖြစ်နေမှာပါ။ ပုဂံတစ်ချပ်ကို နှစ်ယောက်အတူစား, ပုဂံနှုတ်ခမ်းပေါ် တက်ထိုင်တော့မလို ဖြစ်ခဲ့တဲ့ နေ့ရက်တွေနဲ့ သူစိမ်းဆန်ဆန် ဖြစ်နေတဲ့ ပုံရိပ်တွေဟာ ကြည်နူးစရာနဲ့ ကြေကွဲစရာတွေ ဖြစ်နေမှာပေါ့။ တချို့က ကိုယ်ချင်းစာကြည့်ပေါ့။ ကိုယ်ချင်းစာနိုင်ကြမှာပါ။ အတွေ့အကြုံ ရှိနေကြတာကိုး။

တချို့ကတော့ အတွေ့အကြုံ မရှိပေမယ့် မျှဝေခံစား နားလည်ပေးလိုက်ပေါ့နော်။ "မခံစားဖူးတော့ ကိုယ်ချင်းမစာသည်။ ပဠာတစ်ပုဒ်ကို

အဖြေထုတ်ချင် သည်။ ကြင်သူနဲ့ ကျန်ရစ်သူ ဘယ်သူတွေ ရူးသလဲ ခွဲခြားသိပါရစေ" ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့လေ... ဟုတ်ဘူးလား။

ဘေးကနေထိုင်, ယပ်သာခပ်ပေးနေရ၊ စကားတုန်းလှည့် တစ်ခွန်းမျှ မရတော့ ဓမ္မဒိန္နာက စဉ်းစားပြန်တယ်။ "သာယနကာလေ ဇာနိသာမိ၊ ညနေချမ်း အချိန်မှာ သိရမှာပေါ့လေ" လို့ပေါ့။

ဝိသာခဟာ အဲဒီညက ယခင်ကလို သိရိဂဗ္ဘ ကျက်သရေရှိတဲ့ အိပ်ခန်းထဲ မဝင်ဘူးတဲ့။ အခြားခန်းကို သုတ်သင်ရှင်းလင်းကာ အနာဂါမ် အရိယာနဲ့ အပ်စပ်အောင် ပြင်ဆင်အိပ်တယ်။ ဓမ္မဒိန္နာ ရင်ကွဲရပြီပေါ့။ နှစ်ယောက်အိပ် ခုဋ္ဌင်ပေါ်မှာ အတူတူ ကြည်ဖြူခဲ့တာတွေ ဆိတ်သုဉ်း သွားပြီပေါ့။

ဓမ္မဒိန္နာမှာ ဗလဝဒေါမနဿာ ဟုတ္တာ၊ ပြင်းထန်တဲ့ စိတ် မချမ်းသာမှုတွေ ဖြစ်နေတယ်။ တစ်အိမ်တည်း နေရလျက် လင်ပစ်မဘဝ ဖြစ်နေရတာကိုး။

ဓမ္မဒိန္နာစဉ်းစားတယ်၊ အိမ်ထောင်ရှိမိန်းမ ပီသစွာပေါ့။

(၁) **ကိုနုခွဿ ဗဟိဒ္ဓါ ပတ္ထနာ အတ္ထိ၊** သူ့မှာ (ဝိသာခမှာ) ငါမှတစ်ပါး အပြင်မှာမျှား တောင်းတမှု ရှိနေပြီလား။ စမောလေးတွေ ဆွဲနေပြီလား၊ အငယ်အနှောင်းမျှား ထား နေပြီလား...။

(၂) **ဥဒါဟု ကေနစိဒေဝ ပရိဘောဒကေန ဘိန္နော၊** ဒါမှမဟုတ် ဂုံးချောတတ်သူတစ်ဦးတစ်ယောက်က ငါတို့ရဲ့ ချစ်စံအိမ် ပြိုကွဲအောင် ဂုံးချောဖြိုခွဲလိုက်ပြီလား...။

(၃) **ဥဒါဟု၊** ဒါမှမဟုတ်။ **မယှေဝ ကောစိ ဒေါသော အတ္ထိ၊** တစ်စုံတစ်ခုသောအပြစ် ငါ့မှာမျှား ရှိနေပြီလား...။ ငါရဲ့ အပြုအမူတွေက သူ့ကို မဆွဲဆောင်နိုင်တော့ပြီလား။ လင်မယားဓာတ်တွေ ခန်းခြောက်ပြိုကွဲသွားပြီလား...။

ကိလေသာ တင်းပြည့်ရှိနေတဲ့ အိမ်ထောင်ရှင်မ ဇနီးမယားရဲ့ အကြံအစည်တွေပါ။ သေချာ စဉ်းစားကြည့်လျှင် အိမ်ထောင်ရှိ အမျိုးသမီးများရဲ့ ခံစားမှုတွေ အထင်းသား မြင်ရမှာပါ။

ကျွန်မရဲ့ဘဝကို... စုံလင်စွာ ပြောရပါရင် ရွှေဂုဏ်ငွေသီး ကားတစ်စီးနဲ့ပင် ဝင်းနဲ့ခြဲနဲ့ တိုက်နဲ့တာနဲ့ စားဖို့ရာ မပူပင် လူမြင်ရင် အထင်ကြီး အသွင်မငြီးတဲ့ ကံကြီးမလို့ လူတိုင်းထင်ချင်။

လောကမှာ တိုက်ကြီး, ကားကြီးနဲ့ နေရပေမယ့် မပျော်ရွှင်ဘဲ စိတ်ဆင်းရဲနေရတဲ့ အိမ်ထောင်ရှင်တွေ အများကြီးရှိမှာပါ။ ရင်တွင်းမီးတောက်တွေ လောင်မြိုက်ခံနေရတာလည်း ဒုနဲ့ဒေးပါပဲ။ အပေါ်ယံကြည့်ရင်တော့ အထင်ကြီး အားကျစရာပါ။ သို့သော် သဘာဝက ဆန်းကြယ်သားနော်။

တကယ် ကြည့်ပြန်တော့ရင် ကျွန်မမှာ မိန်းမသားမို့ အချစ်တစ်ခုတော့ လိုတယ်ထင်... ရွှေဘုံပေါ်စံရပေမယ့် မောင့်မေတ္တာ အကြင်ရိပ်ကိုမှေးစက်လိုက်ချင်... သူကတော့ ဒီလိုမထင်... ကွယ်ရာမှာလျှောက်သွား ဖောက်ကားလို့ပဲ... နေချင်နေချင် အသောက်အစား ခင်ခင်မင်မင် အိမ်သူရှင် အကြင်မယားကိုဖြင့် သူကတော့ ရှိတယ်လို့မထင်။

လင်ရှိလျက် မုဆိုးမဘဝလို နေရသူတွေလည်း လောကမှာ အများကြီးပါ။ ဇနီးမယား ပစ်ခွာ အသစ်ရှာပျော်ပါးနေကြတဲ့ ယောကျ်ားတွေကလည်း လက်ညှိုးထိုးမလွဲပါပဲ။ ငါးစိမ်းမြင်တော့ ငါးကင်ပစ်ချင်ကြတာပေါ့လေ။

ရွှေဂုဏ်ငွေဂုဏ် ခြုံပြီးကြည့်ရင် ကျွန်မရဲ့ဘဝမှာပင် လိုတာမရှိလို့ လူတိုင်းကထင်။ မေတ္တာဆိုတာ အရင်းခံပါရှင်... ချစ်ကြပြီဆိုကတည်းက အကြင်နာလေးတော့ ပေးစမ်းပါလားရှင်... သစ္စာမတည်ကြတော့ ဒီဘဝပမာတင် ရွှေတစ်စက်ကို မျက်ရည်စက်လို့ထင် မျက်ရည်စက်ကို ရွှေတစ်စက်လို့ထင်။

ကိလေသာ တင်းပြည့်ရှိနေတဲ့ အိမ်ထောင်ရှိအမျိုးသမီးတို့ရဲ့ လိုလားချက်, တောင်းတချက်, ခံစားနေချက် ပုံရိပ်များကို အထင်းသားမြင်နေစေပါတယ်။

ဝမ္မာဒိန္နာဟာ အိပ်ယာပေါ်မှာ ဘယ်လူး ညာလှဲ့ဖြင့် လူးလိမ့်ကာ အမျိုးမျိုး ကြံစည် စဉ်းစားလျက် စိတ်ဆင်းရဲစွာ ခံစားနေရရှာတယ်။ "တူနှစ်ကိုယ်... တဲအိုပျက်မှာနေရ ရွှေဘုံပေါ်မှာ စံရ... ချစ်တာ ချစ်တာ ပဓာန" လို့ ဆိုချင်နေမှာပေါ့။ ဝမ္မဒိန္နာဟာ ဝိသာခ အနာဂါမ် ဖြစ်နေတာကို မသိတဲ့ အဝိဇ္ဇာ, ယခင်လို နှစ်ယောက်အတူ ကြည်ဖြူ ယှဉ်တွဲနေချင်တဲ့ တဏှာ ရှိနေတာပေါ့။ အိစက်ညက်ညောတဲ့ ဖဲမွေ့ယာပေါ်ဝယ် "ချစ်တလင်းခေါ်မယ် ချစ်ဗျူဟာကျင်းတဲ့ တူမောင်မယ်" ဖြစ်ချင်နေရှာမှာပေါ့ ပုထုဇဉ်ကိုး။ မူလနှစ်ဖြာခေါ်တဲ့ အဝိဇ္ဇာ တဏှာ သံယောဇဉ် ကြိုးတွေက သူ့ကို လွှမ်းခြုံရစ်ပတ်ထားနေတယ်။

အဲဒီ အဝိဇ္ဇာ တဏှာ မောဟ လောဘတွေကြောင့် ကိုယ့်စိတ် ဆန္ဒ မပြည့်ဝတဲ့အခါ ပြစ်မှားလိုခြင်း၊ စိတ်ဆိုးခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း ဒေါသတွေလည်း ပေါက်ဖွားနေမှာပေါ့။ လောဘ, ဒေါသ, မောဟ ကိလေသာတွေနဲ့ လုံးထွေးဖြစ်နေတာဟာ ဝမ္မဒိန္နာပါ။ ဒါကြောင့် ဆိုလိုက်ပါ။

- **အာရုံဟူသမျှ၊ တပ်မက်က၊ မှတ်ကြရာဂပါ။**
- **ဆန့်ကျင်ဘက်အား၊ စိတ်ပြစ်မှား၊ မှတ်သားဒေါသပါ။**
- **အမှန်လေးပါး၊ မသိကြား၊ မှတ်သားမောဟပါ။**

"**ငေါ် ဒွေ ဒိဝသေ ဝသိတကာလေ သက္ကာ ဥတုံ၊ တစ်ရက် နှစ်ရက် နေပြီးရင်တော့ သိရမှာပါလေ**" လို့လည်း စိတ်ကို ဖြေလျှော့နေပြန်တယ်။ နှစ်ရက်လွန်မြောက် သုံးညမြောက်ရောက်တော့ ဝမ္မဒိန္နာ မဖြေသာ, မနေနိုင်ရှာတော့ဘူး။ ဝိသာခအခန်းထဲ ဇွတ်ဝင်သွားကာ အမောတကော မေးမြန်းရှာတော့တယ်။ ဝိသာခကလည်း ဆီးမေးတယ်လေ။

**ကီ ဝမ္မဒိန္နေ အကာလေ အာဂတာသိ၊** ဝမ္မဒိန္နာ အချိန်အခါမဲ့ ဘာဖြစ်လို့ လာခဲ့တာလဲ။ **အာမ အယျပုတ္တ အာဂတာမှိ၊** ဟုတ်တယ်။ ကျွန်မ အချိန်မဲ့ အခါမဲ့ လာခဲ့တယ်။ **နု တွံ ယထာ ပုရာဏော၊** မောင် အရင်လိုမဟုတ်တော့ဘူး။ အပြင်မှာ လိုလားတောင်းတမှု ရှိနေပြီလား။ **မရှိပါဘူး ဝမ္မဒိန္နာ။** ဂုဏ်ချောသူရှိလို့လား။ ဒါလည်းမရှိပါဘူး။ ဒါဆိုရင် ကျွန်မမှာ အပြစ်တစ်စုံတစ်ရာ ရှိနေလို့လား၊ သင့်မှာလည်း အပြစ် မရှိပါဘူး။

**အထ ကသ္မာ မယာ သဒ္ဓိ ယထာ ပကတိယာ အာလာပ သလ္လာပမတ္တမ္ပိ နု ကရောထ**–ဒါဖြင့်ရင် ဘာဖြစ်လို့ ကျွန်မနဲ့အတူ အရင်လို အာလာပ သလ္လာပ စကားလေးမျှလည်း မပြောရတာလဲ။

ဝမ္မဒိန္နာရဲ့ အမေး, ဝိသာခရဲ့ အဖြေတွေကို ကြည့်ရင် ပုထုဇဉ်နဲ့ အရိယာရဲ့ သဘာဝများ ပေါ်လွင်စေပါတယ်။ သတိထားကြည့်ပါ။ ပညာနဲ့ ဆင်ခြင်ကြည့်ပါ။ ဘယ်လိုလဲပေါ့။

ဝိသာခါက စဉ်းစားတယ်။ "**အယံ လောကုတ္တရဝမ္မော နာမ ဂရု ဘာရိယော နု ဟကာသေတဗ္ဗော၊ သစေ ခေါ ပနာဟံ နု ကထေဿာမိ၊ အယံ ဟဒယံ ဖာလေတ္တာ ဇေ္ဇာ ကာလံ ကရေယ္ယ**–ငါသိထားတဲ့ ဒီလောကုတ္တရာတရားဆိုတာ လေးနက်တယ်၊ ပေါ်လွင်အောင် ပြဖို့ မလွယ်ဘူး၊ ခဲယဉ်းတယ်။ တကယ်လို့ ငါမပြောရင် ဝမ္မဒိန္နာဟာ ဒီနေရာမှာပဲ နှလုံးကွဲ သေသွားနိုင်တယ်" လို့ စဉ်းစားကာ ဝမ္မဒိန္နာကို ချီးမြှောက်လိုလို့ ဒီလို ပြောပြတယ်။

ဝမ္မဒိန္နာ... ငါဟာ မြတ်စွာဘုရားရဲ့ ဟောတရားကို ကြားနာ ရလို့ လောကုတ္တရာတရားကို ရခဲ့ပြီ။ ဒီတရားရထားသူဟာ လောကီ အမှုအရာတွေနဲ့ မသင့်တော်တော့ဘူး။ သင့်ရဲ့ ကုဋေလေးဆယ် ငါရဲ့ ကုဋေလေးဆယ် ဒီကုဋေရှစ်ဆယ်ပစ္စည်းတွေ သင်အလိုရှိမယ်ဆိုရင် ဒီအိမ်မှာ ငါ့ရဲ့ အမိအရာ အမနှမအရာနေလျက် အုပ်ချုပ်နေပါ။

သင်ပေးသမျှနဲ့. ကျွေးသမျှနဲ့ပဲ ငါရောင့်ရဲ့ မျှတနေပါ့မယ်။ အဲလိုမပြုလို ဘူးဆိုရင် ဒီဥစ္စာတွေ ယူပြီးတော့ ပြန်သွားပါတော့၊ အိမ်ထောင်ပြုလို ရင်လည်း ပြုပါတော့။ အဲလိုမှ အလိုမရှိဘူးဆိုရင် ငါက သင့်ကို နှမလေး လို, သမီးလေးလို ထားပြီးတော့ နှမလေးလို, သမီးလေးလို ပြုစုပါမယ်။ ဇနီးခင်ပွန်းလို နေလို့မရတော့ပြီလို. ရှင်းပြတယ်။

ဝိသာခစကားကြားတော့ ဓမ္မဒိန္နာ စဉ်းစားတယ်။ **ပကတိ ပုရိသော ဇဝံ ဝတ္တာ နာမ နတ္ထိ**–သာမန်ယောက်ျားကတော့ ဒီလို မပြောနိုင်ဘူး။ **အဒ္ဓါ ဇတေန လောကုတ္တရဝရမ္မော ပဋ္ဌိဝိဒ္ဓါ**–ဝိသာခ ဟာ တကယ်ပင် လောကုတ္တရာ တရားမြတ် သိထားတာ ဟုတ်လောက် တယ်။ ဒီလိုတရားဟာ ယောက်ျားတွေသာ သိထိုက်တာလား ဒါမှ မဟုတ် အမျိုးသမီးတွေလည်း သိထိုက်ပါသလား။ သိခြင်းဌာ စွမ်းနိုင်ပါ သလားပေါ့။

ဓမ္မဒိန္နာက ဝိသာခကိုမေးတယ်။ ဒီတရားဟာ ယောက်ျားတွေသာ ရထိုက်ပါသလား။ အမျိုးသမီးလည်း ရထိုက်ပါသလား။

"**ကီ ဝဒေသိ ဓမ္မဒိန္နာ**–ဘယ်လိုပြောလိုက်တာလဲ ဓမ္မဒိန္နာ။ **ယေ ပဋ္ဌိပန္နကာ၊ တေ ဇာသ ဒါယာဒါ**–ကျင့်တဲ့ပုဂ္ဂိုလ် ရတာပေါ့။ **ယသ ယသ ဥပနိဿယော အတ္ထိ၊ သော သော ဇော် ပဋ္ဌိလဘတိ**–မိမိရဲ့ဥပနိဿယအတိုင်း ရတာပေါ့ ဓမ္မဒိန္နာ" လို. ဖြေရှင်းပြတယ်။

"**ဇဝံ သန္တေ မယှံ ပဗ္ဗဇ္ဇံ အနုဇာနာထ**–ဒါဆိုရင် ကျွန်မကို ရဟန်းပြုခွင့်ပေးပါ" လို. ဓမ္မဒိန္နာက စိတ်အကြံ ထက်သန်စွာ တောင်းဆို တယ်။ **သာဓု ဘဒ္ဒေ**–ကောင်းလိုက်တာ ရှင်မရယ်။

**အဟမ္ပိ တံ ဇာသ္မိ ယေဝ မဂ္ဂေ ယောဇေတုကာမော၊ မနံ ပန ဇာ ဇာ အဇာနမာနော နု ကထေမိ**–ငါကလည်း သင့်ကို အဲဒီ လမ်းစဉ် မှာသာ လျှောက်လှမ်းစေလိုတာပါ။ သင့်ရဲ့စိတ်ကိုမသိလို. ငါမပြောမိ တာပါ။

ဝိသာခဟာ ဓမ္မဒိန္နာကို ဖြေသိမ့်ပြောပြီး နောက်နေ့မှာ ဗိမ္ဗိသာရ မင်းကြီးထံမှ တစ်မြို့လုံး လမ်းပြင်ခွင့်နဲ့ ရွှေထမ်းစင်ကို ရအောင် တောင်းယူခဲ့တယ်။ မြို့ကို သုတ်သင်ရှင်းလင်းစေတယ်။

**ဝိသာခေါ် ဓမ္မဒိန္နံ ဂန္ဓောဒကေန နဟာပေတွာ သဗ္ဗာလင်္ကာရေဟိ အလင်္ကာရာပေတွာ သောဝဏ္ဏသိဝထိကာယ နိသီဒါပေတွာ ဥတိဂဏေန ပရိဝါရာပေတွာ ဂန္ဓပုပ္ဖါဒီဟိ ပူဇယမာနော နဂရဝါသနံ ကရောန္တောဝိယ ဘိက္ခုနိဥပသယံ ဂန္တွာ 'ဓမ္မဒိန္နံ ပဗ္ဗာဇေထာယျေ' တိ အာဟ။**

ဝိသာခဟာ ဓမ္မဒိန္နာကို (၁) နံ့သာရေနဲ့ ရေချိုးစေတယ် (၂) အဆင်တန်ဆာအမျိုးမျိုးနဲ့ တန်ဆာဆင်ခြယ်မှုန်းစေတယ်၊ (၃) ရွှေထမ်းစင်ပေါ်မှာ ထိုင်စေတယ်။ (၄) ဆွေမျိုးတွေ ခြံရံဝိုင်းဝန်းထားစေတယ်။ (၅) နံ့သာ, ပန်းစတာတွေနဲ့ ပူဇော်လျက် မြို့ထဲနေသက့ဲသို့ ပြုလုပ်ကာ ဘိက္ခုနီမကျောင်းသို့ ပို့ပြီး "အရှင်မတို့ ဓမ္မဒိန္နာကို ရဟန်းပြုပေးကြပါ" လို့ လျှောက်ထားပါတယ်။

ဘိက္ခုနီမများက "**ကော်ဝါ ဒွေဝါ ဒေါသေ သဟိတုံ ဝဋ္ဋတိ ဂဟပတိ**–အပြစ်တစ်ခု, နှစ်ခုလောက်ကို သည်းခံသင့်ပါတယ် ဒကာကြီး" လို့ ဖြောင့်ဖျပေးကြတယ်။ ဓမ္မဒိန္နာမှာ အပြစ်မရှိပါဘုရား။ ယုံကြည်မှု သဒ္ဓါနဲ့ ရဟန်းမပြုတာပါ ဘုရား။ ရဟန်းမသာ ပြုပေးပါဘုရားလို့ တောင်းပန်လျှောက်ထားပြန်တယ်။

ထက်မြက်တဲ့ ထေရီမတစ်ပါးက တစပဉ္စက ကမ္မဋ္ဌာန်းပြောကြား ကာ ဆံချပြီး ရဟန်းမပြုပေးတယ်။

ဝိသာခေါ် "**အဘိရမာယျေ သွာက္ခာတော ဓမ္မော**' တိ ဝန္ဒိတ္တာ **ဟဘတိ**–အပြစ်တစ်ခု, နှစ်ခုလောက်ကို သည်းခံသင့်ပါတယ် ဒကာကြီး" လို့ ဖြောင့်ဖျပေးကြတယ်။ ဓမ္မဒိန္နာမှာ အပြစ်မရှိပါဘုရား။ ယုံကြည်မှု သဒ္ဓါနဲ့ ရဟန်းမပြုတာပါ ဘုရား။ ရဟန်းမသာ ပြုပေးပါဘုရားလို့ တောင်းပန်လျှောက်ထားပြန်တယ်။

ထက်မြက်တဲ့ ထေရီမတစ်ပါးက တစပဉ္စက ကမ္မဋ္ဌာန်းပြောကြား ကာ ဆံချပြီး ရဟန်းမပြုပေးတယ်။

ဝိသာခေါ် "**အဘိရမာယျေ သွာက္ခာတော ဓမ္မော**' တိ ဝန္ဒိတ္တာ **ပက္ကာမိ**–ဝိသာခဟာ "မွေ့လျော် ပျော်ပိုက်တော်မူပါ အရှင်မ၊ မြတ်စွာ ဘုရားက တရားတော်ကို ကောင်းစွာ ဟောကြားထားပြီး ဖြစ်ပါတယ်" ဟု လျှောက်ထားကာ ရှိခိုးပြီး ပြန်သွားပါတယ်။ ဓမ္မဒိန္နာဟာ ဆရာရယ် ဥပဇ္ဈာယ်ဆရာရယ်နဲ့ ထေရီမများခေါ်ကာ တောထွက် တရားအား

ထုတ်လိုက်လို့ အချိန်မကြာဘဲ လျင်လျင်မြန်မြန် ကိလေသာကုန်ကာ ရဟန္တာမ ဖြစ်သွားပါတယ်။ (မ၊ ၆၊ ၂၊ ၂၁၁-၂၁၇)

ဓမ္မဒိန္နာဟာ ကိလေသာအမှောင်တွေ လွှမ်းခြုံရစ်ပတ်လျက် စိတ်နှလုံး၊ မချမ်းမသာဖြင့် အမှောင်ညများကို ဖြတ်သန်း ကျော်လွန်ခဲ့ကာ အရဟတ္တမဂ်ဉာဏ် အလင်းရပြီး ငြိမ်းချမ်းစွာ ညများစွာကို စံပယ်နိုင်တော့ပြီ ဖြစ်ပါတယ်။ အမှောင်ညများကို စွန့်ခွာသွားပြီပေါ့နော်။

["**အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော-**ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ မွှေးညှင်းရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား" ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို ဘာဝနာ မြောက်နိုင်သည်ထိ ရှင်းပြသင့်။

အဝိဇ္ဇာအမှောင်နှင့် တဏှာအမှောင်တို့၏ သဘောများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြသင့်တယ်။ အမှောင်ညများကို ဖြတ်သန်းပုံနှင့် လွန်မြောက်ပုံကို ဉာဏ်ကစား၍ ချဲ့ထွင်ကာ ပြောပြသင့်တယ်။]

*

## အပြစ်မမြင် အချစ်ဝင် (သုပ္ပဝါသာသုတ္တန်)

ဂေါတမမြတ်ပရမေ... တေဒဂ်တော်ဝင်... ထေရ်ရှင်သီဝလိ... ကောလိယပိတာ... သာကီ... သာကီဆွေ... သုပ္ပဝါသာ မယ်တော်ပေ... အောဝမ်းရှေကျမ်း ထုတ်လို့ဝေ... ကုဏ္ဍိက မြို့အခြေ ကုဏ္ဍနာဝနေ... ဂေါတမစိန္ဒေ... ဝါတော်ဆိုရာမြေ.... အောဝမ်းရှေကျမ်း ထုတ်လို့ဝေ... (ရှင်သီဝလိဂါထာ)[၂] ကမ္ဘာကုန်ဆောင်ပါစေ... တိုးတက်မည်ရှေ့ငွေ... မြန်မာနိုင်ငံ ကောလိမာတ်ကန္ဒီးဆော် သောင်းဇမ္ဗူပေါ် အလှူတော် ပေးနိုင်ကြပါစေ...

## သုပ္ပဝါသာဂုဏ်ရည်

မြတ်စွာဘုရား ကုဏ္ဍိကမြို့အနီး ကုဏ္ဍာဓာနတောအုပ်အတွင်းမှာ ရဟန်းသံဃာများစွာနဲ့အတူ သီတင်းသုံးတော်မူစဉ်ကဖြစ်တယ်။ ကုဏ္ဍိယမြို့ထဲမှာ ကောလိယမင်းသားနဲ့ ကောလိယသမီး သုပ္ပဝါသာတို့လည်း ရှိကြတယ်။ သူတို့ဟာ အလွန်ချစ်ကြတဲ့ ဇနီးမောင်နှံတွေပါ။

သာသနာတော်မှာ ရှင်သီဝလိကို အကြောင်းပြုပြီးတော့ သုပ္ပဝါသာမင်းသမီးဟာ အလွန်ထင်ရှား လူသိများပါတယ်။ ရှင်သီဝလိမယ်တော်ဖြစ်နေတာကိုး... သုပ္ပဝါသာရဲ့ဂုဏ်ရည်တွေကို ဥဒါန်းအဋ္ဌကထာမှာ ဒီလိုဖော်ပြထားတယ်။

**သာ ဟိ ဘဂဝတော အဂ္ဂုပဋ္ဌာယိကာ ပဏီတဒါယိကာနံ သာဝိကာနံ ဇေဒဂ္ဂေ ဌပိတာ သောတာပန္နာ အရိယသာဝိကာ။**

(ဥဒါန၊ ၆၊ ၁၀၈)

သုပ္ပဝါသာမင်းသမီးဟာ -

**၁။ မြတ်စွာဘုရားအား အမြတ်ဆုံး လုပ်ကျွေးသူဖြစ်တယ်။**

**၂။ မွန်မွန်မြတ်မြတ် လှူဒါန်းကြသူတို့တွင် အမြတ်ဆုံး ဇေဒဂ်ရထားသူ ဖြစ်တယ်။**

**၃။ သောတာပန် အရိယာတပည့်မဖြစ်တယ်။**

သုပ္ပဝါသာမင်းသမီးဟာ မြတ်စွာဘုရားနဲ့သင့်လျော်တဲ့ ဆွမ်းဖြစ်စေ၊ ဆေးဖြစ်စေကိုကိုယ်တိုင် မိမိရဲ့ပညာနဲ့ ဝေဖန်သုံးသပ်စဉ်းစားပြီး ကောင်းကောင်းမွန်မွန် ရိုရိုသေသေ စီမံချက်ပြုတ် လှူဒါန်းတယ်။ သူတစ်ပါးကို လုံးဝ မခိုင်းဘူး။ သံဃာတွေအတွက်လည်း အတူတူပဲ။

သုပ္ပဝါသာအိမ်သို့ ဆွမ်းအတွက် ဝင်သွားတဲ့ ရဟန်းဖြစ်ဖြစ်၊ ရဟန်းမဖြစ်ဖြစ်၊ ဘယ်သူမှ လက်ချည်းပြန်သွားရတယ်ဆိုတာ မရှိဘူး။ အမြဲတမ်း စွန့်ကြလှူဒါန်းလေ့ရှိတယ်။

မုတ္တာစာဂါ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲလေ့ရှိတယ်။ ပယဟ ပါဏီ၊ အလှူရေစက်လက်နဲ့မကွာရှိတယ်။ ဝေါဿဂ္ဂရတာ စွန့်လွတ် ခြင်းဌ မွေ့လျော်သူဖြစ်တယ်။ ဒါနသံဝိဘာဂရတာ၊ လှူဒါန်းမှုနဲ့ လှူဖွယ် ပစ္စည်းတွေအပေါ် ခွဲခြမ်းစိတ်ဖြာ ဝေဖန်စိမ်နေရတာကို ပျော်မွေ့သူ ဖြစ်တယ်။ (ဥဒါန၊ ၆၊ ၁၀၈)

## ဆင်းဆင်းရဲရဲ ခံစားရ

သုပ္ပဝါသာရဲ့ဝမ်းထဲမှာ ပစ္ဆိမဘဝိကသာဝကလောင်းလျှာ သန္ဓေ ခနေတယ်။ ကတာဘိကာရ ပြုခဲ့ဖူးတဲ့ ရှေးကောင်းမှုရှိသူဖြစ်တယ်။ **သုပ္ပဝါသာ ကောလိယဓိတာ သတ္တာဝသာနိ ဂဇ္ဇံ ဓာရေတိ သတ္တာဟံ မုဋ္ဌဂဗ္ဘာ**–ကောလိယသမီး သုပ္ပဝါသာဟာ ခုနှစ်နှစ်ပတ်လုံး ကိုယ်ဝန် ဆောင် နေရတယ်။ ခုနှစ်ရက်လုံးလုံး ဗိုက်နာနေတယ်။

ကိုယ်ဝန်ရင့်လာတဲ့အခါ မွေးဖွားခါနီးမှာ ကမ္မဇလေလှုပ်ခတ်မှု ကြောင့် သန္ဓေသားပြောင်းပြန်လှည့်ကာ ခြေထောက်ကအထက်၊ ခေါင်းက အောက်စိုက်ပြီး ယောနိဝသို့ ရှေးရှုနေတယ်။ မွေးလမ်းကြောင်းပေါ် ရောက်နေတယ်ပေါ့။ တချို့က ငြိုကပ်မှုမရှိဘဲ လျှောလျှာရှုရှု အပြင်ထွက် လာတယ်။ မွေးဖွားတယ်ပေါ့။ သုပ္ပဝါသာမှာ ဖောက်ဖောက်ပြန်ပြန် ယောနိက ပိတ်သွားတယ်။ သန္ဓေသားကလည်း ကန့်လန့် ဖြစ်သွားတယ်။ ကမ္မဇလေ အပြန်အလှန် လှည့်ပတ်နေလို့ ပြင်းပြင်းထန်ထန် ဆင်းဆင်း ရဲရဲခံစားနေရတာပေါ့။ သနားစရာ ကောင်းလိုက်တာ။ ခုနှစ်ရက်ကြာတယ်။

**အစာသစ် အစာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံညီလောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်ခ္ခလောက်လို၊ ကျောကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးဖျားလက်ဆုပ်၊ သစ်ငုတ်တိုမှာ၊ မျောက်အို ထုပ်သည့်နှယ်၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ် သူငယ်လို၊ အလမ္ဘာယ်မိ၊ မြွေငယ်ချိုသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊**

ကိုယ်သား ဆတ်ဆတ်၊ သက်ပျက်တစေ၊ ဆယ်လနေ၍၊ လေကမ္ဘာ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှာ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်ကျိတ်ချေ၊ ပုံနေရယ်က၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များစွသည့်၊ လက်စဏတိ၊ မှုရင်းတည်း ဆိုတဲ့ အတိုင်းပေါ့လေ... ဏတိပိဒုက္ခာ၊ မြတ်စွာဘုရားစကား အမှန်သားနော်။

## ဝဋ်ဆိုတာ လိုက်တတ်တယ်

သုပ္ပဝါသာဟာ သောတာပန်အရိယာ ဖြစ်ပါလျက် ဘာဖြစ်လို့ ခုနစ်နှစ်၊ ခုနစ်ရက် ကိုယ်ဝန်ဆောင်နေရပါသလဲ၊ ဆင်းဆင်းရဲရဲ ခံစားရပါသလဲ... ဒီအကြောင်းကို အဋ္ဌကထာဆရာက ကိုယ်တိုင်မေး၊ ကိုယ်တိုင်ဖြေပြပါတယ်။

အတိတ်တုန်းက ဗာရာဏသီပြည် ကာသိကမင်း အုပ်ချုပ်နေစဉ် ကောသလမင်းတစ်ပါးက ခွန်အားသုံးကာ ဗာရာဏသီမင်းကို ဖမ်းပြီး သတ်ပစ်တယ်။ ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီးကိုတော့ မသတ်ဘဲ မိမိရဲ့ မိဖုရားခေါင်ကြီးအဖြစ် သိမ်းပိုက်တင်မြောက်လိုက်တယ်။ ဗာရာဏသီမင်းရဲ့ သားတော်ကတော့ ဖခင် အသတ်ခံရတော့ လျှို့ဝှက်တံခါးကနေ ထွက်ပြေးသွားတယ်။ မိမိရဲ့ ဆွေမျိုး၊ မိတ်ဆွေတွေစုကာ အင်အားတောင့်တင်းလာတော့ ဗာရာဏသီမြို့အနီးလာပြီး ကြီးမားတဲ့ သစ်သားခံတပ်ကြီးဖွဲ့လျက် ဗာရာဏသီမှာ အုပ်ချုပ်နေတဲ့ ကောသလမင်းထံ သဝဏ်လွှာပို့လိုက်တယ်။ ပြင်းထန်တဲ့ ရာဇသံပေါ့လေ "**ရဇ္ဇံ ဝါ ဒေတု ယုဇ္ဈံ ဝါ**–တိုင်းပြည်ကို ပေးမလား၊ စစ်တိုက်မလား" တဲ့။ တော်တော်တော့ ကြောက်စရာကောင်းတယ်နော်။

မင်းသားရဲ့ မိခင်က အဲဒီသတင်းကြားတော့ "စစ်တိုက်ဖို့ရန် မသင့်ဘူး။ အရပ်မျက်နှာအားလုံးတို့မှာ အစောင့်အရှောက်ထားပြီး

ဗာရာဏသီမြို့ကို ဝန်းရံပိတ်ဆို့ထားပါ။ ထင်း၊ ရေ၊ စားစရာ ကုန်ခမ်းကြတဲ့အခါ ပင်ပန်း ဆင်းရဲတဲ့အတွက် စစ်မတိုက်ရဘဲ မြို့သူမြို့သားတွေက ရှင်ဘုရင်ကိုဖမ်းကာ ပေးပို့ကြလိမ့်မယ်" လို့ သဝဏ်လွှာပို့လိုက်တယ်။

သားတော်ဟာ မယ်တော်ရဲ့ သဝဏ်လွှာရတော့ မြို့တံခါးလေးပေါက်အစောင့်ထားလျက် ခုနစ်နှစ်လုံး မြို့ကိုပိတ်ဆို့လိုက်တယ်။ မြို့သူမြို့သားတွေဟာ တံခါးမကြီးတွေက မထွက်ကြဘဲ တံခါးသေးသေးတွေကနေထွက်ကာ ထင်း၊ ရေ တို့ကို သယ်ဆောင်ကြတယ်။ ပြုဖွယ်ကိစ္စအားလုံး ဆောင်ရွက်ပြုလိုက်ကြတယ်။ အခြေအနေမပျက်ဖူးပေါ့။ ထွက်ပေါက်ရနေတာကိုး။

မင်းသားမိခင်က အဲဒီအခြေအနေကြားသိရတော့ "**ဗာလော မမ ပုတ္တော ဥပါယံ နာ ဇာနာတိ**–မိုက်လိုက်တဲ့ ငါ့သား... ငါရဲ့ ဥပါယ်ကို မသိနားမလည်ပါလား။ **ဂစ္ဆထ**–သွားကြကုန်၊ **သတ္တာဒိဝသေ စူဠဒ္ဒါရာနိ ပိဓာယ နာဂံ ဥပရန္ဓတ္ဝါ ဝဒေထ**–ခုနစ်ရက်လုံး တံခါးပေါက်သေးသေးလေးတွေပါပိတ်ကာ မြို့ကို ဝန်းရံပိတ်ဆို့ပါလောလို့ ပြောကြချေလို့ သဝဏ်လွှာပို့လိုက်ပြန်တယ်။

သားတော်က မိခင်ရဲ့ သဝဏ်လွှာအတိုင်း ဆောင်ရွက်လိုက်တော့ မြို့သူမြို့သားတွေဟာ မြို့ပြင်ထွက်ခွင့်မရတဲ့အတွက် ခုနစ်ရက်မြောက်နေ့မှာ ရှင်ဘုရင့်ဦးခေါင်းဖြတ်ယူကာ မင်းသားထံ ပေးပို့ကြတယ်။ မင်းသားဟာ မြို့ထဲဝင်ပြီး ရှင်ဘုရင်အဖြစ်ခံယူကာ တိုင်းပြည်အုပ်ချုပ်လိုက်တယ်။ အဲဒီဝဋ္ဋကျွေးကြောင့် ခုနစ်နှစ်၊ ခုနစ်ရက်လုံး မိခင်ရဲ့ ဝမ်းဗိုက်ခေါ်တဲ့ သွေးအိုးထဲမှာ နေခဲ့ရတာပါ။ မိခင်ရော ကလေးပါ ကံတူအကျိုးပေး ခံစားကြရတာပေါ့နော်...။ (ဥဒါန၊ ၅၊ ၁၀၈–၁၀၉)

ဗာရာဏသီမိဖုရားခေါင်ကြီးနှင့် သားတော်တို့ရဲ့သန္တာန်မှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ္ဋ ရှိခဲ့ကြတယ်။ လက်စား

မချေသင့်ဘူးလို့ မသိတဲ့ အဝိဇ္ဇာ၊ ငါ့နိုင်ငံမှာ ငါ လွတ်လပ်စွာ နေချင်တဲ့တဏှာ၊ ငါ့ဖခင်ရဲ့တိုင်းပြည်၊ ငါ့ခင်ပွန်းရဲ့တိုင်းပြည်လို့ စွဲနေတဲ့ ဥပါဒါန်တွေ ပြည့်နေတာပေါ့။

မြို့ကို လုံအောင်ပိတ်လို့ စေခိုင်းတာနဲ့ ပြုလုပ်လိုက်တာဟာ ကမ္မဝင်္ဂဖြစ်ခဲ့တယ်။ ဒါကြောင့် ခုနစ်နှစ်နဲ့ ခုနစ်ရက် ကိုယ်ဝန်ဆောင်ရခြင်းဆိုတဲ့ ဝိပါကဝင်္ဂ ခံစားရတာပေါ့။ ဝင်္ဂဆိုတာ လည်တတ်တယ်။ လိုက်တတ်တယ်။ သိပ်ကြောက်စရာ ကောင်းတယ်နော်။

## ဝေဒနာပယ်ဆွာ

သုပ္ပဝါသာဟာ ပြင်းထန်သော, စူးရှသော, အခံရခက်သော ဆင်းရဲဝေဒနာတို့ တွေ့ထိခံစားနေရလို့ ဝိတက်သုံးမျိုးတို့နဲ့ သည်းခံဖြေသိမ့်နေရတယ်။ ဝိတက်သုံးမျိုးဆိုတာ ဘုရားဂုဏ်, သံဃဂုဏ်, နိဗ္ဗာန်ဂုဏ် အာရုံပြု ကြံစည်နေတာဖြစ်တယ်။ ဒုက္ခဝေဒနာ ပယ်ဆွာနေတယ်လို့ ခေါ်ပါတယ်။

ဒါကြောင့် အဋ္ဌကထာမှာ "**သာ ဟိ ဘဂဝတော သမ္မုဒ္ဓဘာဝံ အရိယသံဃသ သုပွဋိပတ္တိ, နိဗ္ဗာနသ စ ဒုက္ခနိဿရဏဘာဝံ အနုသရန္တီ အတ္တနော ဥပ္ပဇ္ဇမာနဒုက္ခံ အမနသိကရဏေနေဝ အဘိဘဝိတ္တာ ခမတိ**" လို့ ဖော်ပြထားတာပေါ့။ မိမိမှာ ဖြစ်ပေါ်နေတဲ့ ဆင်းရဲကို နှလုံးမသွင်း, အာရုံမပြုဘဲသာလျှင် ဒုက္ခဝေဒနာကို လွှမ်းမိုး ဖိနှိပ်လျက် သည်းခံနေရှာတယ်။ (ဥဒါန၊ ၅၊ ၁၀)

## ဝိတက်သုံးမျိုး

သုပ္ပဝါသာ အာရုံပြုကြံစည်နေတဲ့ ဝိတက်သုံးမျိုးဟာ -

(၁) **သမ္မာသမ္မုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဝေရှပယဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ၊**

ငါ့မှာ ခံစားနေရတဲ့ ဒီလိုဆင်းရဲမျိုးကို ပယ်ဖျောက်ရန် ဆင်းရဲ ပယ်ကြောင်းတရား ဟောတော်မူတဲ့ မြတ်စွာဘုရားဟာ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဖြစ်တော်မူပါပေစွတကား။

**(၂) သုပ္ပဋိပန္နော ဝတ တသ ဘဂဝတော သာဝကသံ္ဃော၊ ယော ဣမသ္မိ ဝေရုပသ္မိ ဒုက္ခသ္မိ ပဟာနာယ ပဋိပန္နော။**

ငါ့မှာ ခံစားနေရတဲ့ ဒီလိုဆင်းရဲမျိုးကို ပယ်ဖျောက်နိုင်ရန် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကောင်းစွာကျင့်တော်မူ တတ်သော ဘုရားသားကျော် တပည့်သံ္ဃာတော်ဟာ သုပ္ပဋိပန္နဂုဏ်ရှင် ဖြစ်တော်မူပါပေစွတကား။

**(၃) သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဝေရုပံ ဒုက္ခံ န သံဝိဇ္ဇတိ။**

နိဗ္ဗာန်မှာ ဒီလိုဆင်းရဲမျိုး မရှိဘူး။ အဲဒီနိဗ္ဗာန်ဟာ အလွန်.အလွန် ချမ်းသာ ငြိမ်းအေးပါပေစွတကား။

သုပ္ပဝါသာဟာ ဘုရားဂုဏ်, သံ္ဃာဂုဏ်, နိဗ္ဗာန်ဂုဏ်ကို အာရုံပြု အမှတ်ရလျက် မိမိမှာ ဖြစ်နေတဲ့ ဆင်းရဲကို နှလုံးမသွင်း, အာရုံမပြုဘဲ သည်းခံနေတယ်။ အလွန်အတုယူ ကျင့်သုံးသင့်ပါတယ်။

[ဒီနေရာမှာ ဝေဒနာနုပဿနာ, ဝေဒနာပရိဂ္ဂဟ, ဝေဒနာ ဝိကွမ္ဘနဆိုတာတွေ အကျယ်ပြောပြသင့်ပါတယ်။ ဝေဒနာကို ဝေဒနာ တိုင်း ရှုမှတ်နေရင် ခန္ဓာ အရေးကြီးတယ်။ သည်းခံနိုင်မှ အပိုင်သိမယ်။ တရားရှုမှတ်ပြီးဆိုကတည်းက သတိပညာက ပါပြီးသားပေါ့။

ဝေဒနာ ဖြစ်ကြောင်းကို သိမ်းဆည်းကာ ရှုမှတ်ရင် ပညာ အဓိက အရေးကြီးတယ်။ ခွဲခြမ်းစိတ်ဖြာသိနိုင်မှ, အကြောင်းအကျိုး သိနိုင်မှ, ဝေဒနာရဲ့အကြောင်းကို ရှာဖွေရှုမှတ်နိုင်မှာပေါ့နော်။ ဝေဒနာ ပယ်ခွာမှုနဲ့. ရှုမှတ်ရင်တော့ သဒ္ဓါက ပဓာနကျတယ်။ ရတနာသုံးပါးကို ယုံကြည်တဲ့ သဒ္ဓါ, မိမိသီလပေါ် စင်ကြယ်ကြောင်း ယုံကြည်တဲ့ သဒ္ဓါရှိမှ

ငြိမ်းချမ်းနိုင်တယ်။ ဝေဒနာရှုနည်း သုံးနည်းကို အကျယ်ချဲ့ ပြောပြသင့်တယ်။]

သုပ္ပဝါသာဟာ သူ့ရဲ့ခင်ပွန်း ကောလိယမင်းသားကို အနားခေါ်ကာ ပြောတယ်။ အမောင်... မြတ်စွာဘုရားထံ သွားပါနော်။ ကျွန်မ စကားနဲ့ မြတ်စွာဘုရားရဲ့ ခြေတော်အစုံ ကြာပဒုံကို ရှိခိုးပါ။

အရှင်ဘုရား ကျန်းမာတော် မူပါရဲ့လားလို့ မေးလိုက်ကြောင်းလည်း လျှောက်ပေးပါနော်... သုပ္ပဝါသာဟာ (၇)နှစ်နဲ့ (၇)ရက် ကိုယ်ဝန်ရနေလို့၊ ကိုယ်ဝန်ဆောင်နေရလို့ ဆင်းရဲပင်ပန်းမှုများကို ဝိတက်သုံးမျိုးဖြင့် ဖြေဖျောက်နေတယ်လို့လည်း လျှောက်ပေးပါနော်။

ကောလိယမင်းသားဟာ သုပ္ပဝါသာပြောတဲ့အတိုင်း မြတ်စွာဘုရားထံ သွားကာ အကြောင်းစုံ လျှောက်ထားတယ်။ မြတ်စွာဘုရားက ဆုတောင်းမေတ္တာ ဒီလိုပို့လွှတ်ပါတယ်။

**(၁) သုခိနီ ဟောတု သုပ္ပဝါသာ ကောလိယဓီတာ၊**
**ကောလိယ သမီး သုပ္ပဝါသာ ချမ်းသာပါစေ။**

**(၂) အရောဂါ ဟောတု သုပ္ပဝါသာ ကောလိယဓီတာ၊**
**ကောလိယ သမီး သုပ္ပဝါသာ ရောဂါကင်း ကျန်းမာပါစေ။**

**(၃) အရောဂံ ပုတ္တံ ဝိဇာယတု–ရောဂါကင်းတဲ့ သားလေး မွေးဖွားပါစေ။**

**သဟ ဝစနာစ ပန ဘဂဝတော သုပ္ပဝါသာ ကောလိယ ဓီတာ သုခိနီ အရောဂါ အရောဂံ ပုတ္တံ ဝိဇာယိ။**

မြတ်စွာဘုရားရဲ့ ဆုတောင်းမေတ္တာပို့စကား ပြောကြားလိုက်တာနဲ့ တစ်ပြိုင်နက် သုပ္ပဝါသာ ချမ်းသာသွားတယ်, ရောဂါကင်းသွားတယ်။ ရောဂါကင်း ကျန်းမာတဲ့ သားကလေး မွေးဖွားလိုက်တယ်။ မိခင်ရော ကလေးပါ ချမ်းသာသွားတယ်။ အလွန်အံ့ဩြစရာ ကောင်းလိုက်တာ။ မယုံမရှိပါနဲ့။ မြတ်စွာဘုရား အာနုဘော်ဆိုတာ မဖြစ်နိုင်တာ

မရှိပါဘူး။ ဒါကြောင့် အဌကထာ၌ "**အစိန္တေယျာ ဟိ ဗုဒ္ဓါနံ ဗုဒ္ဓါ နုဘာဝေါ**–ဘုရားရှင်တို့ရဲ့ ဘုရားတန်ခိုး အာနုဘော်ကို မကြံစည်ပါနဲ့" လို့ မှာတမ်းချေ သတိပေးထားတယ်။

ပဋ္ဌာစာရာ အရှေး ပျောက်သွားတာ, သုပ္ပိယာ ပေါင်အနာ ပျောက်သွားတာတွေ အဌကထာမှာ သာဓက ဆောင်ပြ, ရှင်းပြထား ပါတယ်။

ကောလိယမင်းသား မြတ်စွာဘုရား စကားနာယူပြီးနောက် အိမ်ပြန်လာတော့ မိခင်ရော ကလေးပါ ချမ်းသာနေတာ မြင်လိုက်ရတဲ့ အခါ '**အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ တထာဂတဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ**–အို ... အချင်းတို့ ... မြတ်စွာဘုရားရဲ့ တန်ခိုးကြီးတာ, အာနုဘော် စွမ်းအားကြီးတာ အလွန်အံ့ဩဖွယ် ကောင်း လိုက်တာ။ မဖြစ်စဖူး အဖြစ်ထူးလိုက်တာ" လို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလိုက်ပါတယ်။

သုပ္ပဝါသာဟာ (၇)ရက်လုံးလုံး ဘုရားအမှူးထား သံဃာတော် များကို မွန်မြတ်တဲ့ ဆွမ်းဘောဇဉ်တွေ ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိ လက်ရောက် ဆက်ကပ်လှူဒါန်းတယ်။ သီဝလိကလေးကို ဘုရားနဲ့တကွ သံဃာအပေါင်းကို ရှိခိုးစေတယ်။

အဲဒီတော့ အရှင်သာရိပုတြာက သီဝလိလေးကို "**ကစ္စိ တေ ဒါရက ခမနီယံ ကစ္စိ ယာပနီယံ, ကစ္စိ နု ကိဠိ ဒုက္ခံ**–ဟဲ့ကလေး ဘယ့်နဲ့လဲ... ကျန်းမာရဲ့လား၊ ခန့်ကျန်းရဲ့လား၊ တစ်စုံတစ်ခု ဆင်းရဲ မခံစားရဘူးလား" လို့ မေးတယ်။

သီဝလိဖြေတာက လှတယ်။

"**ကုတော မေ ဘန္တေ သာရိပုတ္တ ခမနီယံ ကုတော ယာပနီယံ၊ သတ္တ မေ ဝဿာနိ လောဟိတကုမ္ဘီယံ ဝုတ္ထာနိ**–အရှင်မြတ် သာရိပုတြာ တပည့်တော် ဘယ်မှာချမ်းသာနိုင်ပါ့မလဲ ဘုရား။ တပည့်တော် (၇)နှစ်

လုံးလုံး မိခင်ရဲ့ ဝမ်းပိုက်ခေါ်တဲ့ သွေးအိုင်ထဲမှာ နေခဲ့ရတယ်ဘုရား" လို့ လျှောက်ထားတယ်။

အရှင်သာရိပုတြာနဲ့ သီဝလိကလေး စကားပြောနေတာကို မိခင် သုပ္ပဝါသာက "**ပုတ္တော မေ ဓမ္မသေနာပတိနာ သဒ္ဓိ မဇ္ဈေတိ**–ငါ့ရဲ့ သားလေးက တရားစစ်သူကြီး အရှင်သာရိပုတြာနဲ့ စကားပြောနေပါလား" လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကြည်နူးကျေနပ်နေတယ်။

**သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်း** လို့ ဆိုတယ် မဟုတ်လား။ ဒါဟာ မိခင်ပုံရိပ်, မိခင်မေတ္တာ ပီသစေတာပါနော်။

သုပ္ပဝါသာ ကြည်နူးကျေနပ် ပျော်ရွှင်နေတာကို သိတော်မူတဲ့ မြတ်စွာဘုရားက သုပ္ပဝါသာကို "**ဣဒ္ဓေယျာသိ တွံ သုပ္ပဝါသေ အညမ္ပိ ဝေရုပံ ပုတ္တံ**–သုပ္ပဝါသာ သင်သည် ဒီလိုသားမျိုး နောက်ထပ်လိုချင်ပါသေးသလား" လို့ မေးပါတယ်။ သုပ္ပဝါသာက ဝမ်းသာအားရ ဖြေဆိုလျှောက်ကြားပါတယ်။

"**ဣဒ္ဓေယျာမဟံ ဘဂဝါ အညာနိပိ ဝေရုပါနိ သတ္တ ပုတ္တာနိ**–မြတ်စွာဘုရား၊ ဒီလိုသားမျိုး နောက်ထပ်(၇)ယောက်တောင် တပည့်တော်လိုချင်ပါတယ်ဘုရား" တဲ့။ သိပ်အံ့ဩြစရာကောင်းတာဘဲ။ **ဇေတေန မာတုဂါမာနံ ပုတ္တလောလတာယ ပုတ္တလာဘေန တိတ္တိ နတ္ထိတိ ဒဿေတိ**–သုပ္ပဝါသာရဲ့ လျှောက်ထားတဲ့ စကားဟာ အမျိုးသမီးတို့အား သားသမီးဖြင့် လော်လီမှု, သားသမီးရမှုဖြင့် မရောင့်ရဲနိုင်ပုံကို ပြဆိုတယ်" လို့ အဋ္ဌကထာဆရာက ဖွင့်ပြပါတယ်။ **အပြစ်မမြင်၊ အချစ်ဝင်၊ ရချင်တာလည်း ဒီစိတ်ပဲ**။

မြတ်စွာဘုရားက သုပ္ပဝါသာ လျှောက်ထားသောကြောင့် ဒီလို ဥဒါန်းကျူးတော်မူပါတယ်။

**အသာတံ သာတ ရူပေန၊ ပိယရူပေန အပ္ပိယံ။**

**ဒုက္ခံ သုခသ ရှုပေန၊ ပမတ္တမတိဝတ္တတိ။**

မသာယာဖွယ်, ရှုံရှာဖွယ်တွေက သာယာဖွယ်ယောင် ဆောင်သဖြင့် လည်းကောင်း, ချစ်ဖွယ်ဆိတ်သုဉ်း မုန်းဖွယ်လုံးလုံးတွေက ချစ်ဖွယ်ယောင်ဆောင်သဖြင့် လည်းကောင်း၊ ချမ်းသာမဖက် ဆင်းရဲသက်သက်က ချမ်းသာယောင်ဆောင်သဖြင့်လည်းကောင်း တရားမတွေ့ အမှားလေ့ကာ မေ့လျော့နေသူကို လွှမ်းမိုးနှိပ်စက်ဖိစီးလို့ နေပါပေ၏" တဲ့။

သုပ္ပဝါသာဟာ (၇)နှစ်နဲ့ (၇)ရက် ဆင်းရဲပင်ပန်းစွာ ကိုယ်ဝန်ဆောင်ခဲ့ရတဲ့ ဒုက္ခတွေအပေါ် အပြစ်မမြင်တာဟာ အဝိဇ္ဇာပါပဲ။ သီဝလီအပေါ်မှာရော, နောက်ထပ်သီဝလိလိုသားမျိုး (၇)ယောက်ကြီးများတောင်လိုချင်နေတာက တဏှာပါပဲ။ သားတွေအပေါ် အချစ်ဝင်နေတာပေါ့။ ဒါကြောင့် **အပြစ်မမြင်တာ အဝိဇ္ဇာ, အချစ်ဝင်တာ တဏှာ** ပါ။

(ခု၊ ၁၊ ၉၃-၉၇။ ဥဒါန၊ ၆၊ ၁၀၇-၁၄၀)

[သုပ္ပဝါသာသုတ္တန်ဟာ -

(၁) **အဝိဇ္ဇာ တဏှာ သဘောကို ပေါ်လွင်စေတယ်။**

**(မူလ နှစ်ဖြာ)**

(၂) **ဝေဒနာခွာပုံကို ထင်ရှားစေတယ်။**

**(နှစ်အကွက် ဖယ်ထ, ဝေဒနာ ရှုပုံ ဟောရာမှာသုံးသင့်)**

(၃) **ကံ, ကံ၏အကျိုး ဆက်စပ်ပုံ, ဝဋ်ကျွေးလည်ပုံကို မြင်ယောင်စေတယ်။**

**(ဝဋ်သုံးဝနှင့် အစပ်သုံးပါး ထင်ရှားစေတယ်)**

(၄) **မိခင်ရဲ့ စိတ်ထား (အမျိုးသမီးစိတ်ထား)နဲ့ မြတ်ဗုဒ္ဓရဲ့ ဆုတောင်းမေတ္တာ စူးရှုပုံကို ပီပြင်စွာ သိစေပါတယ်။ ဒါပေမဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဟောပြောနေသူများအတွက် 'မူလ နှစ်ဖြာ အဝိဇ္ဇာ တဏှာ' အစွမ်းဟောရာတွင် များစွာ အထောက်အကူပြုပါတယ်။**

ကြားနာရသူများအတွက် ဘဝ အသိတွေ များစွာ ရစေပါတယ်။ ဒါကြောင့် ဒီသုတ္တန်ကို ဖော်ပြပေးလိုက်ခြင်းဖြစ်ပါတယ်။]

*

**သစ္စာမြင်မှ သံယောဇဉ်ကွာ (သန္တတိ ဝတ္ထု)**

- **အတိတ်ခန္ဓာ၊ စွဲတဏှာ၊ ရှုကာပယ်ရမည်။**
- **အနာဂတ်ခန္ဓာ၊ စွဲတဏှာ၊ ရှုကာပယ်ရမည်။**
- **ပစ္စုပ္ပန်ထဲ၊ စွဲယူဆဲ၊ ဒါလည်း ပယ်ရမည်။**
- **သုံးကာလတွင်၊ တဏှာစင်၊ ထိုတွင် ဒုက္ခလွတ်လေသည်။**

**ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။**
**မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသေန္တော စရိဿသိ။**

မြတ်စွာဘုရားဟောကြားတဲ့ အဲဒီဂါထာကို ကြားနာရလို့ ဂါထာအဆုံးမှာ သန္တတိ အမတ်ကြီး ရဟန္တာဖြစ်သွားတယ်။

လွန်ခဲ့တဲ့ (၉၁)ကမ္ဘာထက်မှာ ဝိပဿီမြတ်စွာဘုရား လောကသုံးပါးမှာ ပွင့်ထွန်းတော်မူခဲ့တယ်။ အဲဒီတုန်းက သန္တတိ အမတ်လောင်းလျှာဟာ ဗန္ဓုမတီမြို့ တစ်ခုသော အမျိုးမှာ ဖြစ်ခဲ့တယ်။ သူက ကြံစည် စဉ်းစားတယ်။ "**ကိ နုခေါ ပရေသံ ဆေဒံ ဝါ ပီဠံ ဝါ အကရဏာ ကမ္မံ**–သူတစ်ပါးတို့အား ဖြတ်တောက် သတ်ဖြတ်ခြင်းဖြစ်စေ ညှင်းပန်းနှိပ်စက်ခြင်းဖြစ်စေ မပြုလုပ်ရတဲ့ အလုပ်ဆိုတာ ဘာလဲပေါ့" အဲဒီလို စဉ်းစားတော့ '**ဓမ္မယောသကမ္မ**' '**နိဗ္ဗာန်ဆော်အလုပ်**' ကိုတွေ့တယ်။ သန္တတိအမတ်လောင်းလျှာဟာ အဲဒီအချိန်ကစကာ နိဗ္ဗာန်ဆော် လုပ်တော့တာပါပဲ။ သူကြွေးကြော်ပုံလေးက သိပ်မှတ်သားစရာကောင်းတယ်။

ပုညာနိ ကရောထ၊ ဥပေါသထဒိဝသေသု ဥပေါသထံ သမာဒိယထ၊ ဒါနံ ဒေထ၊ ဓမ္မံ သုဏာထ၊ ဗုဒ္ဓရတနာဒီဟိ သဒ်ိသံ အညံ နာမ နတ္ထိ၊ တိဏ္ဏံ ရတနာနံ သက္ကာရံ ကရောထ။

အို... သူတော်ကောင်းတို့ ကောင်းမှုတွေ ပြုကြပါ။ ဥပုသ်နေ့တို့၌ ဥပုသ်ဆောက်တည် ကျင့်သုံးကြပါ။ ပေးလှူကြပါ။ တရားနာကြပါ။ ဗုဒ္ဓရတနာစသည်တို့နှင့် တူတဲ့ အခြားသော ရတနာဆိုတာ မရှိပါဘူး။ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့အား အရိုအသေပြုကြပါ။ ပူဇော်ကြပါ။ ဆည်းကပ်ကြပါ သူတော်ကောင်းတို့။

အဲဒီလိုကြွေးကြော်ကာ လူတွေကို နှိုးဆော်လျက် လှည့်လည်နေတယ်။ အဲဒါကို ဘုရားခမည်းတော် ဗန္ဓုမတိမင်းကြီး ကြားသိပြီးတော့ ခေါ်မေးတယ်။

အဲဒီတော့ သန္တတိ အမတ်လောင်းလျာက "**ဒေဝ တိဏ္ဏံ ရတနာနံ ဂုဏ ပကာသေတွာ မဟာဇန ပုညကမ္မေသု သမာဒပေန္တော ဝိစရামি**–အရှင်မင်းမြတ် ရတနာသုံးပါးရဲ့ဂုဏ်ကို ထင်ထင်ရှားရှားပြပြီး လူအများစုကို ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ တိုက်တွန်း နှိုးဆော်လျက် လှည့်လည်သွားလာနေပါတယ် အရှင်မင်းမြတ်" လို့ လေးလေးစားစား သံတော်ဦး တင်လိုက်ပါတယ်။

– ဘယ်ပေါ်မှာ ထိုင်ကာ လှည့်လည်နေပါသလဲ၊

– ခြေလျင်ဖြင့်သာ လှည့်လည်နေပါတယ် အရှင်မင်းမြတ်...

"**တာတ နု တွံ ဝေံ ဝိစရိတုံ အရဟသိ၊ ဣမံ ပုပ္ပဒါမံ ပိလန္ဓိတွာ အဿပိဋ္ဌေ နိသိန္နောဝ ဝိစရ**–သင်ဟာ ဒီလိုခြေကျင် လှည့်လည်နေဖို့ မသင့်လျော်, မထိုက်တန်ပါဘူး။ ဤပန်းကုံးစလွယ်ကို လွယ်လျက် မြင်းပေါ်ထိုင်လျက်သာ လှည့်လည်ပါလော့" လို့ ပုလဲပန်းကုံးနဲ့တူတဲ့ ပန်းကုံးကို ပေးကာ ယဉ်ကျေးတဲ့ မြင်းကို ပေးကမ်းချီးမြှောက်လိုက်ပါတယ်။

သန္တတိ အမတ်လောင်းလျာဟာ အမြဲမပြတ် နိဗ္ဗာန်ဆော်လုပ်နေပါတယ်။ ဒုတိယအကြိမ် ဗန္ဓုမတိ မင်းကြီးနဲ့ တွေ့တော့ သိန္ဓောမြင်းလေးကောင်ကတဲ့ ရထားကိုပေးတယ်။ တတိယအကြိမ်တွေ့တော့

အဆင်တန်ဆာများ ဆင်ယင်ထားတဲ့, လိမ္မာယဉ်ကျေးတဲ့ ဆင်တစ်ကောင်ပေးတယ်။ အဲဒီဆင်ပေါ်မှာထိုင်လျက် အနှစ်ရှစ်သောင်း နိဗ္ဗာန်ဆော်လုပ်ခဲ့တယ်။

**တသ မေ တ္တောကံ ကာလံ ကာယတော စန္ဒနဂန္ဓော ဝါယတိ၊ မုခတော ဥပ္ပလဂန္ဓော ဝါယတိ**–နိဗ္ဗာန်ဆော် လုပ်တဲ့အချိန်ကစပြီး ကိုယ်ခန္ဓာမှ စန္ဒကူးရနံ့, သင်းပျံ့လာတယ်။ ခံတွင်းမှ (ပါးစပ်မှ) ကြာညိုနံ့, ကြိုင်လှိုင်လာတယ်။ ဒါဟာ နိဗ္ဗာန်ဆော်လုပ်လိုသူများ အတုယူ အားတက်ဖွယ်ကောင်းလှပါကြောင်း ဖော်ပြလိုခြင်း ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာများ ပြည့်စုံလာတဲ့အခါ အကျိုးတရားများ ကေန်စံစားရတတ်ကြောင်းကိုလည်း သိစေလိုပါတယ်။

ဂေါတမမြတ်စွာဘုရား လက်ထက်ရောက်တော့ ကောသလတိုင်းမှာ ကောသလမင်းကြီးရဲ့ အမတ်ပညာရှိ စစ်သေနာပတိချုပ်ဖြစ်လာတယ်။ တစ်ချိန်မှာ ကောသလတိုင်းရဲ့ အစွန်အဖျား ပစ္စန္တရာဇ် အရပ်မှ ကောသလမင်းကြီးအား ပုန်ကန်ထကြွသောင်းကျန်းနေတဲ့ သူပုန်များကို ငြိမ်းချမ်းရေးရအောင် ဖြေရှင်းပြန်လာခဲ့တယ်။

ဒါကြောင့် ကောသလမင်းကြီးက နှစ်သက်ကျေနပ် ဝမ်းမြောက်လှလို့, သန္တတိအမတ်ကြီးအား (၇)ရက် မင်းစည်းစိမ်ပေးကာ ကမ္ဘသီဆိုမှု ကျွမ်းကျင်တဲ့ ကခေါ်သည်မ တစ်ဦးကိုပါ ပေးပြီး ချီးမြှောက်ပါတယ်။ ညစာဖြင့် ညှိုခံတည်ခင်းတဲ့ သဘောပါ။ ဂုဏ်ပြုပွဲ ကျင်းပပေးခြင်း အောင်ပွဲခံခြင်း သဘောနဲ့, မြှောက်စားလိုက်တာပါ။ သစ္စာရှိပြီး တာဝန်ကျေအောင်ပေါ့နော်။

**သော သတ္တာဟိ ဝသာနိ သုရာမဒမတ္တော**–သန္တတိ အမတ်ကြီးဟာ (၇)ရက်လုံး အရက်တွေနဲ့, ယစ်မူးပျော်ပိုက်နေခဲ့တယ်။ (၇)ရက်မြောက်နေ့မှာ အဆင်တန်ဆာတွေဆင်ပြီး ဆင်စီးလျက် ရေချိုးရန် ရေချိုးဆိပ်ထွက်လာတယ်။ အခြံအရံတွေနဲ့ပေါ့။ ဆွမ်းခံကြွလာတဲ့ မြတ်စွာဘုရားနဲ့,

မြို့တံခါးကြားမှာ ဆုံတွေ့တယ်။ ဆင်ပေါ်ကပဲ ခေါင်းကိုလှုပ်ရမ်းလျက် ရှိခိုးပြီး ဖဲခွာထွက်သွားတယ်။

ဒါကို မြတ်စွာဘုရားက ပြုံးတော်မူတယ်။ "ဘယ်အကြောင်း ကြောင့် ပြုံးတော်မူပါသလဲ ဘုရား " လို့ အရှင်အာနန္ဒာက မေးလျှောက်တယ်။ **ပဿာနန္ဒ သန္တိတိ မဟာမတ္တံ၊ အဇ္ဇ သဗ္ဗာဘရဏ ပဋိမဏ္ဍိတော ဝ မမ သန္တိကံ အာဂန္တွာ စတုပ္ပဒိက ဂါထာဝသာနေ အရဟတ္တံ ပတ္တာ သတ္တတာလမတ္တေ အာကာသေ နိသိဒိတ္တာ ပရိနိဗ္ဗာယိသတိ။**

"အာနန္ဒာ... သန္တိတိ အမတ်ကြီးကို မြင်ရဲ့မဟုတ်လား။ ယနေ့ သူဟာ အဆင်တန်ဆာအားလုံး ဝတ်ဆင်လျက်ပင် ငါဘုရားထံ လာရောက်၍ လေးပါဒရှိတဲ့ ဂါထာအဆုံးမှာ ရဟန္တာဖြစ်ပြီး ထန်း(၇)ဆင့် ရှိတဲ့ ကောင်းကင်မှာထိုင်လျက် ပရိနိဗ္ဗာန်ပြုလိမ့်မယ်" လို့ မြတ်စွာဘုရားက ပြုံးတော်မူရခြင်းအကြောင်းကို မိန့်တော်မူပါတယ်။

**အခံ့ရှိမှ အမှန်သိ** ဆိုတဲ့အတိုင်း အကြောင်းအရာ တစ်ခုရဲ့ အပေါ်မှာ မိမိရဲ့ ခံယူချက်, ခံစားချက်, ရပ်တည်ချက်, ပေါ်မူတည်ကာ အမြင်အမျိုးမျိုး, အယူအဆအမျိုးမျိုး ပြုလုပ်တုန့်ပြန်မှု အမျိုးမျိုး ပေါ်ထွက်လာတတ်ပါတယ်။ နိုင်ငံရေးသမားက နိုင်ငံရေးရှုထောင့်မှ ကြည့်တယ်။

စီးပွားရေးသမားက စီးပွားရေးရှုထောင့်မှ ကြည့်တယ်။ ဘာသာရေးသမားက ဘာသာရေး ရှုထောင့်မှ ကြည့်တယ်။ ကိုယ်အားသန်ရာ သန်ရာပေါ့နော်။ လွတ်လပ်စွာ ကွဲလွဲခွင့် ရှိပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲခွင့်လည်း ရှိပါတယ်နော်။

မြတ်စွာဘုရား မိန့်တော်မူတဲ့စကားကို အရှင်အာနန္ဒာနဲ့အတူ လူများစွာ ကြားကြတယ်။ မှားယွင်းတဲ့အမြင်ရှိသူ မိစ္ဆာဒိဋ္ဌိတွေက ဒီလို ကြံကြတယ် ပဿထ သမဏာသ ဂေါတမသ ကိရိယံ။ မုခပွတ္တ မေဝ ဘာသတိ၊ အဇ္ဇ ကိရ သေ ဝေ သုရာမဒမတ္တော ယထာလက်ံ တောဝ

**တေသ သန္ဓိကေ ဓမ္မံ သုတ္တာ ပရိနိဗ္ဗာယိသတိ၊ အဇ္ဇေဝ တံ မုသာဝါဒေန နိဂ္ဂဏှိသာမ။**

ကိုယ့်လူတို့ ရဟန်းဂေါတမရဲ့ အမှုအရာ ကြည့်ကြပါဦး။ ပါးစပ်ဖျားရောက်ရာကိုသာ ပြောဆိုတယ်။ သေရည် အရက်တွေနဲ့ ယစ်မူးနေတဲ့ ဒီသန္ဓတိအမတ်ကြီးဟာ ဒီအဝတ်အစားနဲ့ပင် သူ့ထံ ရောက်လာကာ သူ့တရားနာပြီး ဒီအဝတ်အစားနဲ့တင် ပရိနိဗ္ဗာန် စံလိမ့်မတဲ့။ ဒီနေ့တော့ ရဟန်းဂေါတမကို မုသာဝါဒနဲ့ နှိပ်ကွက်ရတော့မယ်။ စွဲချက်တင်ရတော့မယ် ကိုယ့်လူတို့ စောင့်ကြည့်ကြပါ" တဲ့။

တော်တော်တော့ ရယ်စရာကောင်းတယ်။ သူတို့က မြတ်စွာဘုရားရဲ့ဂုဏ်ရည် စွမ်းဆောင်ရည်မှ မှန်ကန်စွာ မသိကြဘဲကိုး။ အဒ္ဓေဗျ ဝစနာ ဗုဒ္ဓါ ဘုရားစကားဟာ နှစ်ခွမဟုတ်ဘူး။ ပြောတဲ့အတိုင်း မှန်တယ်။ ဖြစ်တတ်ပါတယ်။ သတိထားကြည့်ကြတာပေါ့။

မှန်ကန်တဲ့ အမြင်ရှိသူ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တွေကတော့ ဒီလို ကြံစည်ကြတယ်။ "**အဟော ဗုဒ္ဓါနံ မဟာနုဘာဝတာ၊ အဇ္ဇ ဗုဒ္ဓလီဠာ့ဝေ သန္ဓတိမဟာမတ္တလီဠာ့ ဒဋ္ဌုံ လဘိဿာမ**–ဘုရားရှင်တို့ရဲ့ မြင့်မြတ်ကြီးကျယ်တဲ့ စွမ်းအားဟာ အလွန်အံ့ဩဖွယ် ကောင်းလေစွတကား။ ယနေ့တော့ ဘုရားရှင်ရဲ့ တင့်တယ်စံပယ်မှု, သန္ဓတိအမတ်ကြီးရဲ့ တင့်တယ် စံပယ်မှုကို အားပါးတရ ဖူးမြင်ခွင့် ငါတို့ရကြတော့မယ်" တဲ့။

အရှိကို အရှိတိုင်းသာ မြင်တာ သိတာကို မှန်ကန်တဲ့ အမြင် သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ **ဘူတံ ဘူတတော ပဿတိ–အရှိကို အရှိတိုင်း, အဖြစ်ကို အဖြစ်တိုင်း** မြင်ရမယ် လို့ ပိဋကစာပေက ဖော်ပြပါတယ်။ အမြင်မှန်နှင့် အမှန်မြင်သဘော နားလည်သင့်တယ်။ အကောင်းမြင်နဲ့ အဟုတ်မြင်ကိုလည်း ခွဲခြားနားလည်သင့်တယ်။ အဆိုးမြင်နှင့် အကောင်းမြင်သဘာဝကိုလည်း ကွဲပြားစွာ သိထားသင့်တယ်။ အမြင်ဟာ သိပ် အရေးကြီးတယ်နော်။

[၁။ ပပဉ္စအမြင် - အရာရာကို တဏှာ, ဒိट्ठि, မာနတို့ဖြင့် မြင်ခြင်း၊ ကြည့်ခြင်း။
၂။ ဗြဟ္မစိုရ်အမြင် - အရာရာကို မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ဖြင့် မြင်ခြင်း၊
၃။ သမထအမြင် - အရာရာကို ရုပ်နာမ်မျှသာဟု မြင်ခြင်း၊ ကြည့်ခြင်း။
၄။ ဝိပဿနာအမြင် - ရုပ်နာမ်တို့၏အဖြစ်အပျက်ကို မြင်သော အမြင်ဖြင့်မြင်ခြင်း၊ ကြည့်ခြင်း။
၅။ မဂ်အမြင် - နိဗ္ဗာန်ကို မြင်ခြင်း၊ ကြည့်ခြင်းဆိုတဲ့ အမြင်ငါးမျိုး အကျယ်ချဲ့ပြောသင့်ပါတယ်။]

သန္တတိအမတ်ကြီးဟာ ရေချိုးဆိပ်မှာ ရေကစား ပျော်ရွှင်ပြီး နောက် ဥယျာဉ်သို့သွားကာ ပျော်ပွဲစားမယ့် နေရာမှာ ထိုင်နေတယ်။ ကချေသည်မကလည်း ပျော်ပွဲအလယ် ဝင်ရောက်ကာ သီချင်းဆိုတယ်။ ကနွဲ့ကလျ ကပြတယ်။

**တဿာ သရီရလီဠာယ ဒဿနတ္ထံ သတ္တာဟံ အပ္ပါဟာရ တာယ**–ကချေသည်မဟာ မိမိကိုယ်ခန္ဓာရဲ့ တင့်တယ် စံပယ်မှု ပြရန် (၇)ရက်လုံး အစာတွေလျှော့စားတယ်။ မှီးရှီးနေသူတွေ, အာဏာရှိသူ တွေကို ဉည့်ခံဖျော်ဖြေနေရတာဆိုတော့ အချိန်မရွေး ဆိုနိုင်, ကနိုင်အောင် အသင့်အနေအထား ရှိနေရတာပေါ့။

ကချေသည်ဆိုတာ **တစ်ခါတစ်ရံမယ် ... ချစ်သူကိုလည်း မုန်းဟန်ဖွဲ့ရတယ်။ တစ်ခါတစ်ရံမယ် မုန်းသူကိုလည်း ချစ်ဟန်ဖွဲ့ရတယ်။** ရှေပွဲလာများ **စိတ်ချမ်းမြေ့စေကွယ်** သဘောနဲ့ ဆောင်ရွက်နေရသူကိုး။

**'မချစ်သော်လည်း အောင့်ကာနမ်း, မနမ်းသော်လည်း ပင့်သက်ရှူ'** လုပ်နေရသူတွေကိုး။

'ပီတိက စေတနာ... စေတနာက သံယောဇဉ်... သံယောဇဉ်က အချစ်... အချစ်ကသောက... သောကက ဝေဒနာ ဘဝဇာတ်ဆရာ စေခိုင်းလေသမျှ... မသွေဆိုင်းပါရ... ပါးမှာနဲ့သာ ခါးမှာတော့ ပုဝါ... ' ဖြစ်ကြရသူတွေလည်း အနန္တပါပဲနော်...။

'လက်ကြိုးလှုပ်ရင် လက်လှုပ်ရတာ၊ ခြေကြိုးလှုပ်ရင် ခြေလှုပ်ရတာ ဘဝမိုးမသောက်ခင် ကကြိုးမပျောက်အောင် စွမ်းဆောင် ကြိုးပမ်း' ကြရသူတွေပါ။

ကချေသည်မလေးဟာ အချိန်မရွေး ဆိုနိုင်, ကနိုင်ဖို့ရန် အစာတွေ လျှော့လျှော့စားလာလိုက်တာ (၇)ရက်မြောက်တော့ လေနာထတော့တာပေါ့။ သန္တတိအမတ်ကို သီဆိုကပြနေစဉ် ဝမ်းဗိုက်ထဲ ဓားလိုထက်မြက်စူးရှတဲ့ လေထလာကာ နှလုံးသားကို ဖြတ်သွားတယ်။ အဲဒီခဏမှာပဲ ချက်ချင်းပါးစပ်ပြ, မျက်စိပြူးကာ သေသွားရှာတယ်။ သနားစရာကောင်းသလောက် သံဝေဂရစရာလည်း ကောင်းလှပါတယ်။

သန္တတိအမတ်ကြီးဟာ ကချေသည်မလေး သီဆိုကပြနေစဉ်က မျက်စိအတွေ., နားအတွေ., နားခေါင်းအတွေ့စတဲ့ အတွေ့ပေါင်းစုံကြောင့် ကျေနပ်နှစ်ခြိုက်လျက် ရီဝေဝေ ခံစားနေတယ်။ ကချေသည်မလေးရဲ့ အဆိုအကကို တပ်မက် နှစ်သက်နေတယ်။ တစ်နေ့တစ်မျိုး မရိုးအောင် ဖျော်ဖြေပေးလို့လည်း စွဲလမ်းနေတယ်။ ကပါ, ဆိုပါ, တစာစာ ပြောလျက် တစ်ပိုဒ်တစ်ပိုဒ် ဟစ်ကြွေးနေမှုတွေနဲ့ အချိန်ကုန်ခဲ့တယ်။

သန္တတိအမတ်ကြီးရဲ့ သန္ဓာန်မှာ ပစ္စုပ္ပန် ခန္ဓာငါးပါးမှ ပေါက်ဖွားလာတဲ့ တဏှာ, ဥပါဒါန်, ကံ သမုဒယသစ္စာ တိုးပွားနေတယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဆိုတဲ့ ကိလေသဝဋ်, ကံ, သခါရဆိုတဲ့ ကမ္မဝဋ်တွေ လည်ပတ်နေတယ်။

သန္တတိအမတ်ကြီးမှာ ရှိနေတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးကလည်း ဖြစ်ပွား

နေတယ်။ သန္တိ အမတ်ကြီးဟာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာဆိုတဲ့ ဝဋ္ဋသစ္စာနှစ်ပါး လည်ပတ်ဖြစ်ထွားနေတယ်ဆိုတာ သတိချပ်ထားပါ။ ဉာဏ်နဲ့ မြင်အောင်ကြည့်ပါနော်။ ဒါပေမဲ့ သန္တိအမတ်ကြီးကတော့ မသိရှာဘူး။ သူကပျော်ပိုက် ကျေနပ်နေတာပေါ့နော်။

သန္တိအမတ်ကြီးဟာ မျက်လုံးပြူး, ပါးစပ်ပြဲလျက် လဲကျသွားတဲ့ ကခေါ်သည်ကို မြင်လိုက်ရတော့ "**ဥပဓာရေထ နံ**-သူ့ကို ထူကြပါ။ ပြုစုကြပါ, အသက်မျှ ရှိပါသေးရဲ့လား, စုံစမ်းကြပါဦး" လို့ မေးလိုက်တယ်။ "**နိရုဒ္ဓါ သာမိ**-သူသေသွားပြီ အရှင်" လို့ သံတော်ဦးတင်ကာမျှ၌ပင် **ဗလဝသောကေန အဘိဘူတော တခ်ဏညေဝသ သတ္တာဟံ ပိတသုရာ တတ္တာကပါလေ ဥဒကဗိန္ဒုဝိယ ပရိက္ခယံ အဂမာသိ**-သန္တိအမတ်ကြီးမှာ ပြင်းထန်တဲ့ စိုးရိမ်မှုတွေ လွှမ်းမိုး ဖိစီး ပြင်းထန်စွာ ခံစားသွားရတယ်။ (၇)ရက်လုံးလုံး သောက်ထားတဲ့ အရက်တွေဟာ ခြစ်ခြစ်တောက်ပူနေတဲ့ အိုးကင်းထဲကျသွားတဲ့ရေ တခဏချင်း ကုန်ခန်းပပျောက်သွားသလို သန္တိအမတ်ကြီး သန္တာန်မှာ ကုန်ခန်းပပျောက်သွားတယ်။ အရက်မူးပြေသွားတယ်ပေါ့။ သောကအပူမီးတွေ တဟုန်းဟုန်း တောက်လောင်နေတယ်။

ပတ်ဝန်းကျင်ကတော့ ဥယျာဉ်ထဲမှာ ဖြစ်နေတဲ့အတွက် အလွန်သာယာ ကြည်နူးဖွယ် ကောင်းနေပါတယ်။ သို့သော် ရင်ထဲမှာ လောင်ကျွမ်းနေတဲ့ သောကအပူမီးကိုတော့ မငြိမ်းသတ်နိုင်ပါဘူး။

**စမ်းရေ ဘယ်လို အေးသော်လည်း**
**ပန်းတွေ ဘယ်လို မွှေးသော်လည်း**
**လမ်းအခြေ ဘယ်လို ဖွေးသော်လည်း**
**တကယ်လို့သာ**
**ရင်မှာသောက ဗျာပါဒနှင့်**
**ဒေါသမွှေရမ်း**

**လောင်မီးကျွမ်းသော်**
**စမ်းရေမအေး ပန်းမမွှေးဘဲ**
**လမ်းဖွေးကောက်လိမ်နေတတ်တယ်** ဆိုတဲ့စကား မှန်သွားနိုင်ပါတယ်။ **သတိလက်လွတ် ၄က်တောင်ကျွတ်** ဖြစ်သွားနိုင်ပါတယ်။ **မျောက်သစ်ကိုင်းလွတ်**သလို ကိုးယို့ကားယား အကျနာသွားနိုင်ပါတယ်။

သန္တာတိအမတ်ကြီးဟာ **ပိယတော ဇာယတေ သောကော၊ ပိယတော ဇာယတေ ဘယံ** ဆိုတဲ့အတိုင်း ကချေသည်မလေးအပေါ် နှစ်သက်မြတ်နိုးတဲ့စိတ်ကြောင့် သောကဖြစ်နေရတယ်။ ဒုက္ခဝေဒနာ ခံစားနေရတယ်။ သမုဒယသစ္စာ, ဒုက္ခသစ္စာတွေ အပြန်ပြန် အလှန်လှန် ဖောက်ပြန်ခံစား ဖြစ်ပွားနေတာပေါ့နော်။ မြင်မြင်သမျှ၊ သခ်ါရ၊ စိတ်ကနှလုံးမသွင်းနိုင်သေးဘဲကိုး။ ဖြစ်ရှာပေမပေါ့။

ဒါပေမဲ့ ပါရမီရှိသူဆိုတော့ သန္တာတိအမတ်ကြီးဟာ ဘဝအဆက်ဆက်က ဖြည့်ဆည်းခဲ့တဲ့ ပါရမီအဟုန်ကြောင့် နံနက်က တွေ့ခဲ့တဲ့ မြတ်စွာဘုရား အာရုံတွေ ထင်လာကာ "**နမေ ဣမံ သောကံ အညေ နိဗ္ဗာပေတုံ သက္ခိသန္တိ အညတြ တထာဂတေန**–ငါ့ရဲ့ ဒီသောကကို မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှ ပြေငြိမ်းအောင် ဖြေဖျောက်ပေးနိုင်မှာ မဟုတ်ကြဘူး။ မြတ်စွာဘုရားသာ ငါ့ရဲ့သောကကို ပြေအောင်ဖြေဖျောက်ပေးနိုင်မှာပါ" လို့ သိမြင်နားလည်ကာ ပရိသတ်တွေနဲ့အတူ မြတ်စွာဘုရားထံ သောကဖြေဖျောက်ရန် သွားတယ်။ မြတ်စွာဘုရားထံ ရောက်တော့ အကြောင်းစုံကို လျှောက်ထားတယ်။

မြတ်စွာဘုရားက "**သောကံ နိဗ္ဗာပေတုံ သမတ္ထသော သန္တိကံ အာဂတောသိ**–သောကငြိမ်းသတ်ရန် စွမ်းနိုင်တဲ့ ငါဘုရားထံ သင်လာခဲ့တာပဲ။ **ဣမိဿာ ဟိ ဣတ္ထိယာ ဣမိနာ**ဝ **အာကာရေန မတကာလေ**တဝ **ရောဒန္တိဿ ပဠုရိတအသ္သုနိ စတုန္နံ** မဟာသမုဒ္ဒါနံ **ဥဒကတော အတိရေကတရာနိ**–ဒီအမျိုးသမီးရဲ့ ဒီအခြင်းအရာဖြင့် သေတဲ့အခါတိုင်း

သင်ဝိုက္ကျေးလို့ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ မဟာသမုဒ္ဒရာလေးစင်းထဲက ရေတွေထက် သာလွန်များပြားနေပါတယ်" လို့ ဟောတော်မူကာ **ယံပုဗ္ဗေ တံ ဝိသောသေဟိ** အစချီတဲ့ ဂါထာကို ဟောပြတော်မူပါတယ်။

သန္တိအမတ်ကြီးဟာ မြတ်စွာဘုရားစကားတော်အတိုင်း "နားကတရားနာ ဉာဏ်က ခန္ဓာလှည့်" ပြုလုပ်ပါတယ်။ မိမိခန္ဓာ, ကချေသည်မလေးရဲ့ ခန္ဓာပေါ် တပ်မက်နေတဲ့ တဏှာနေရာမှာ ခန္ဓာရဲ့ သဘာဝကို မှန်ကန်စွာသိတဲ့ သမ္မာဒိဋ္ဌိစတဲ့ ရှုဉာဏ်ငါးပါး ဝင်သွားပါတယ်။ ဤခန္ဓာကြီးဟာ အမြဲမပြတ် ဖြစ်ပျက်ပြောင်းလဲနေပါလားလို့လည်း သိသွားတယ်။ ဖြစ်ပျက်နေတဲ့ခန္ဓာငါးပါး, ရုပ်နာမ်တရားတွေဟာ ဒုက္ခသစ္စာ ဖြစ်တယ်။ ဒါကြောင့် **ဖြစ်ပျက်က ဒုက္ခသစ္စာပါ**။ အဲဒီဒုက္ခသစ္စာကို သိနေတဲ့ သမ္မာဒိဋ္ဌိစတာတွေက မဂ္ဂသစ္စာပါ။ **သိတာက မဂ္ဂသစ္စာ**။

ခန္ဓာရဲ့ အပေါ်မှာ မဂ္ဂသစ္စာ ဝင်လိုက်တဲ့အတွက် တဏှာ ဥပါဒါန်စတဲ့ သမုဒယသစ္စာတွေ ဝင်ခွင့်မရတော့ဘူး။ တဏှာသမုဒယ သစ္စာ သေသွားတယ်။ ဒါကြောင့် **သေတာက သမုဒယသစ္စာ** ပါ။ တဏှာ, ဥပါဒါန်, ကံဆိုတဲ့ သမုဒယသစ္စာ သေသွားတဲ့အခါ နောက်ထပ် ဇာတိဆိုတဲ့ ဘဝတစ်ခု ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ မလာတော့ဘူး၊ နောင်ခန္ဓာမလာတော့ပြီပေါ့။ ဒါကြောင့် **နောင်ခန္ဓာမလာတာက နိရောဓ သစ္စာ** ပါ။

သန္တိအမတ်ကြီးဟာ မြတ်စွာဘုရား စကားတော်အတိုင်း အတိတ်ခန္ဓာ အတိတ်တဏှာ စတာတွေ ပယ်ဖျောက်လိုက်တဲ့အတွက် သစ္စာလေးပါးသိကာ ရဟန္တာဖြစ်သွားပါတယ်။ ပရိနိဗ္ဗာန်စံရန် လျှောက်ထားတဲ့အခါ မိမ္ဆာဒိဋ္ဌိတွေရဲ့ မုသာဝါဒနဲ့ စွပ်စွဲမယ်ဆိုတာကို ပယ်ဖျောက်ရန်, သမ္မာဒိဋ္ဌိပုဂ္ဂိုလ်များ ကုသိုလ်ကောင်းမှုတို့၌ လေးစားမှု ပြုနိုင်ရန် သန္တိအမတ်ကြီးကို ထန်း(၇)ဆင့်မြင့်တဲ့ ကောင်းကင်၌ တက်ထိုင်ကာ တန်ခိုးပြလျက် မိမိအကြောင်း ပြောပြရန် တိုက်တွန်းတော်မူပါတယ်။

သန္ဓတိအမတ်ကြီးဟာ မြတ်စွာဘုရား စကားတော်အတိုင်း ဆောင်ရွက်ပေးပြီးနောက် လူအသွင်ဖြင့်ပင် ပရိနိဗ္ဗာန်စံတော်မူပါတယ်။

(၈မွ၊ ၆၊ ၂၊ ၄၉-၅၂)

[လူ့အသွင်ဖြင့် ရဟန္တာဖြစ်သူ ငါးဦးရှိကြောင်း သိရပါတယ်။ (၁) သုဒ္ဓါဒနမင်းကြီး (၂) ဗာဟိယဒါရုစရိယ (၃) သန္ဓတိအမတ် (၄) ဥဂ္ဂသေန ကချေသည် (၅) ဝိတသောကတို့ ဖြစ်ပါတယ်။

ဒီသန္ဓတိ အမတ်အကြောင်းဟာ သစ္စာနှစ်ခုအကြောင်း ရှင်းပြရာ၌ ဟောရန်အသင့်တော်ဆုံးလို့ ထင်ပါတယ်။ သစ္စာနှစ်ခု ဖြစ်နေရုံမျှမက မဂ္ဂသစ္စာ, နိရောဓသစ္စာများ သိမြင်ရရှိကာ ပရိနိဗ္ဗာန်စံသွားသောကြောင့် သစ္စာလေးပါးလုံး ပီပီပြင်ပြင် သိမြင်နားလည်စေပါတယ်။ ဒါကြောင့် ဒီဇာတ်လမ်းကို ဝေဌပေးရခြင်း ဖြစ်ပါတယ်။]

## အပြုံးအမဲ့လွတ် သခ်ါရုပေက္ခာ

ခင်ဗျားတို့က **သေအတူ ရှင်မခွဲ** လို့ ဆိုကြတယ်။ အဲဒီတော့ ပြုံးစရာရှိလည်း အတူတူပြုံးမယ်၊ မဲ့စရာကြုံလည်း အတူတူမဲ့ချင်ကြတယ်။ ပြုံးတာဟာ တဏှာ။ နောက် ဥပါဒါန်ကံတွေ လာတော့မယ်။ လာရင် ဇာတိ၊ ဇရာ၊ မရဏ ဆိုပြီးတော့ ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်တော့မှာပေါ့။ ဒါဟာ ပဋ္ဌိစ္စသမုပ္ပါဒ် အလယ်ကနေ ပတ်တော့တာ။

မဲ့တာကျတော့ ဒေါမနဿ၊ အဲဒါဆိုရင် ဒေါသ, သောက, ပရိဒေဝ, ဥပါယာသ စသည်လာပြီးတော့ ပဋ္ဌိစ္စသမုပ္ပဒ်အဆုံးကနေ ပတ်ဦးမှာပဲ။ အဲဒါကြောင့်ပြောနေရတာ **ပြုံးလည်း မပြုံးနဲ့၊ မဲ့လည်း မမဲ့နဲ့** လို့။

ဒီတော့ ဘယ်လိုနေရမလဲဆိုရင် ဖြစ်ပျက်မြင်အောင်ရှုနေ၊ ဖြစ်ပျက်မြင်နေတဲ့အခိုက်မှာ ပြုံးစရာလည်းမရှိ၊ မဲ့စရာလည်းမရှိဘူး။ အမျှားအားဖြင့် ဖြစ်လာတာကို ပြုံးချင်ကြတယ်။ မပြုံးနဲ့။ ပျက်သွားတာကို မဲ့တတ်ကြတယ်။ မမဲ့နဲ့။

ဖြစ်လာတာလည်း မပြီးနဲ့။ ပျက်လာတာလည်း မမဲ့နဲ့။ ဒီကြားထဲမှာနေဆိုတော့ ဥပေက္ခာဖြစ်သွားတာပေါ့။ အပြီးနဲ့စခဲ့ရင် အမဲ့မှာ အဆုံးသတ်ရတတ်တယ်။ **ခန္ဓာ ရရပါလို့** လို့ အပြီးနဲ့ ဆုတောင်းတယ်။ နောက်တော့ ခန္ဓာကြီးရပြီး အိုနာသေ ဖောက်ပြန်လာတဲ့အခါ အမဲ့နဲ့ အဆုံးသတ်ရတယ်လို့ပြောတာ။ ဒါကြောင့် ဥပေက္ခာ သိပ်အရေးကြီးတယ်။ ပြီးတယ်ဆိုတာ ခန္ဓာရဲ့ပင်ကိုသဘော မသိကြလို့၊ မဲ့တယ်ဆိုတာလည်း ခန္ဓာကိုယ်ရဲ့ပင်ကိုသဘော မသိကြလို့ပါပဲ။

ပင်ကိုသဘောကြီးက မပြတ်၊ တရစပ် ဖြစ်ပျက်နေကြတဲ့ ဥစ္စာပဲ။ အဲဒါကို မြင်အောင်ကြည့်နေတဲ့သူဟာ ပြီးစရာလည်းမရှိ၊ မဲ့စရာလည်း မရှိ၊ မပြီးမမဲ့ဆိုတော့ ကြားအလယ်အလတ် ဥပေက္ခာဖြစ်သွားတာပေါ့။

ဖြစ်ပျက်မြင်နေတာဟာ ဝိပဿနာဉာဏ်ပါ။ မဂ္ဂင်ငါးပါးနဲ့ မြင်နေတာ။ ဥပေက္ခာလည်းဖြစ်တယ်။ မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ် အဲဒီလေးမျိုးမှာ ဥပေက္ခာချည်းပဲဖြစ်တယ်။ အဲဒါကြောင့် ဝိပဿနာလည်းဖြစ်, ဥပေက္ခာလည်းဖြစ်လို့မို့ နှစ်ခုတွဲစပ်ပြီးပြောတော့ **ဝိပဿနုပေက္ခာ** လို့ဖြစ်သွားတာပေါ့။ ဒါ ဥပရိပဏ္ဏာသမှာလာတာ။

ဒီ ဝိပဿနုပေက္ခာနဲ့ အဖြစ်အပျက်တွေကို မြင်နေရတယ်ဆိုတော့ အပြီးအမဲ့ မပါဘူး။ အပြီးအမဲ့ လွတ်နေတာပဲ။ ဖြစ်တာ မြင်လည်း "ဩော်... ဒါဟာ ဖြစ်တဲ့သဘောပဲ။ ဓမ္မနိယာမလို့ သိထားတယ်။ ပျက်တာမြင်လည်း "ငါဟာ ပျက်တဲ့သဘော ဓမ္မနိယာမပဲ" လို့ သိထားတယ်။

အဲဒီလို ဓမ္မရဲ့အဖြစ်အပျက်သဘောမျှပဲလို့ သိထားတော့ အပြီးလည်း မလိုက်တော့၊ အမဲ့လည်း မလိုက်တော့ဘူး။ အပြီးအမဲ့ ဇာတ်သိမ်းတော့တယ်။ ဒါဆိုရင် ဒီဝိပဿနုပေက္ခာဉာဏ်ကို အားကိုးရတယ်။

ဖြစ်ပျက်တွေချည်း တစ်တန်းတည်း တွေ့ရအောင် ရှုလိုက်ရင် **ဝိပဿနုပေက္ခာ** ဖြစ်သွားတယ်။ ဒါဟာ ပါဠိတော်အဆုံးပဲ။ ဋ္ဌိကာ

အလိုအားဖြင့် သခါရပေကွာဉာဏ် ဖြစ်သွားတယ်လို့ ဆိုလိုတယ်။ သခါရတရားတွေကို ရှုတဲ့ဉပေက္ခာဖြစ်လို့မို့ သခါရပေကွာဉာဏ် လို့လည်း ဆိုလို့ရတာပဲ။ ဒါဆို အဆင့်မြင့်နေပြီ။ သခါရပေကွာပြီးရင် အနုလောမဉာဏ် မဂ်ဉာဏ်ပဲ။ (မိုး-၂၆-စာ-၁၃၆။ မိုး-၁-စာ-၄၀၈)

## ပြုံးသေမဲ့သေ (ကျွန်ဇွန်တွေ ကြည်ကြည်လင်လင်နဲ့)

ဖဂ္ဂုနရဟန်း နေမကောင်း ဖြစ်နေခဲ့ရာ ဌာနသို့ မြတ်စွာဘုရားကြွရောက် ချီးမြှောက်တော်မူပါရန် အရှင်အာနန္ဒာက လျှောက်ခဲ့၏။ ထို့ကြောင့် မြတ်စွာဘုရားကြွလာ တရားဟောတော်မူခဲ့သည်၊ ဝေဒနာ ခွာပုံခွာနည်းကို့ကို အတိအကျ ဟောပြောတော်မူခဲ့၏။

တရားဟောပြီး၍ ဘုရားကိုယ်တော်မြတ်ကြီး ကျောင်းတော်သို့ ပြန်လည်ကြွသွားသောအခါ ဖဂ္ဂုန ရဟန်း ပျံ့လွန်တော်မူသည်။

အရှင်အာနန္ဒာ သွားရောက်ကြည့်ရှု၏၊ (ကျွန်ဇွန်ယာနိ ဝိပ္ပသီဒန္တီ) ကျွန်ဇွန်တွေ ကြည်လင်နေကြသည်ကို တွေ့ရသည်၊ ထို့ကြောင့် ဘုရားထံ သွား၍ လျှောက်တော့၏ -

"မြတ်စွာဘုရား... ဖဂ္ဂုနရဟန်း ပျံ့တော်မူတာ အတော်ဆန်းတယ် ဘုရား၊ ကျွန်ဇွန်တွေ ကြည်လင်နေကြတယ်၊ မျက်စိတွေကလဲ ခွက်ဝင်မသွားကြဘူး၊ လူကောင်းပကတိ အိပ်နေသလိုပဲ ဘုရား... "

နားရွက်တွေကလည်း လန်မကုန်ဘူး၊ နှာခေါင်းကလည်း ပုဝင်မသွားဘူး၊ ခန္ဓာကိုယ်ကလဲ စိုစိုပြည်ပြည်ပါပဲ၊ ပီးတော့ ခြေလက်တွေလည်း ပျော့ပျော့ပျောင်းပျောင်းပဲ ဘုရား... ညာဘက်ကိုလဲ ခေါင်းကလေး စောင်းနေတယ်ဘုရာ့။ ထိုအခါ မြတ်စွာဘုရားက -

"ကျွန်ဇွန်တွေ မကြည်လင်ဘဲ ဘယ်နေလိမ့်မလဲကွယ်၊ အခုနင်ကတုန်းက ငါဘုရားရဲ့ တရားတွေကို နာရပြီးတော့ နှလုံးသွင်းမှန်လို့ တရားထူး ရသွားတဲ့ပုဂ္ဂိုလ်ပဲကွယ့်..." ဟု၍ မိန့်တော်မူသည်။ ထို့နောက်

တရားဟောတော်မူလို၍ "အာနန္ဒာ... ရဟန်းတွေကို စုရုံးလိုက်စမ်းကွယ်" ဟူ၍ အစုခိုင်းတော်မူ၏။

## ဖဂ္ဂုန သေနည်းသင်တရား

အရှင်ဖဂ္ဂုနရဟန်း ပျံတော်မူပြီးနောက် မျက်စိ နှား နှာခေါင်း စသော ဣန္ဒြေများ ကြည်လင်နေကြကြောင်းကို မြတ်စွာဘုရားထံ သွား၍ အရှင်အာနန္ဒာက လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက တရားဟောတော်မူသည်။

(၁) အာနန္ဒာ... ဤသာသနာတော်၌ ရဟန်းမှာ သြရမ္ဘာဂိယသံယောဇဉ် ငါးပါးကို မပယ်ရှားရသေး၊ ထိုရဟန်း ပျံတော်မူခါနီးတွင် ဘုရားကြွလာ၍ တရားဟောတော်မူ၏။ ထိုတရားကို နာရပြီးလျှင် သြရမ္ဘာဂိယ သံယောဇဉ်တို့မှ လွတ်မြောက်သွားနိုင်၏။ ဤကား ပထမအကျိုး။

(၂) အာနန္ဒာ... ထိုရဟန်း ပျံတော်မူခါနီးတွင် ဘုရားလည်း ကြွ၍မလာ၊ သို့သော် ဘုရား၏သာဝကလည်း ကြွ၍မလာ၊ သို့သော်-

**အပိစ ခေါ် ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ စေတသာ အနုဝိတက္ကေတိ အနုဝိစာရေတိ မနသာနုပေက္ခတိ။**

တရားတော်ကို နာကြားဖူးသည့်အတိုင်း၊ သင်ယူမှတ်သားထားသည့်အတိုင်း စိတ်ဖြင့် အစဉ်လျှောက်၍ ကြံစည်စဉ်းစား၏။ အစဉ်လျှောက်၍ သုံးသပ်၏၊ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၏။

ထိုသို့ ပြုလုပ်သည်ရှိသော် သြရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့မှ လွတ်မြောက်သွားနိုင်၏။ ဤကား တတိယအကျိုး။
[မှတ်ချက်။ ။ ဤတတိယနည်းသည် မိမိဘာသာ စွမ်းဆောင်ရမည် ဖြစ်၏။ မည်သည့်အချိန် မည်သည့်နေရာမဆို ဖြစ်နိုင်၏။ အားအကိုးရဆုံးသော နည်းဖြစ်သည်။ ထို့ကြောင့် ကြိုတင်၍ ခန္ဓာဥာဏ်ရောက် တရားတော်များကို လေ့လာ, သင်ယူ, မှတ်သား စုဆောင်းလေ့ကျင့်ထားသင့်သည်။]

ထို့ပြင် နံပါတ်(၄)၊ နံပါတ်(၅)၊ နံပါတ်(၆)အထိ အကျိုးတရားတို့ကို ဟောပြထား၏။ ဘုရားကြွ၍ တရားဟောခြင်း၊ တပည့် သာဝကကြွ၍ တရားဟောခြင်း၊ မိမိဘာသာ ဆင်ခြင်၍ တရားသိခြင်းတို့ဖြစ်သည်။ အောက်သံယောဇဉ် ကုန်ပြီးသားသူတို့ဖြစ်ပါက အထက်သံယောဇဉ်များ ကုန်သွားနိုင်သည်ဟု ဟောတော်မူ၏။ အထက်မဂ်တွေပါ ရနိုင်သည်ဟု ဆိုလို၏။

## အောက်–အထက် သံယောဇဉ်တို့ ဆိုတာ

**သြရမ္ဘာဂိယသံယောဇနာနိ** = အောက် သံယောဇဉ်များ ၅ပါး ရှိကြ၏။ အောက်သံသရာမှာ ကျင်လည်ကြ၏။ သူတို့ကို မဖြတ်နိုင်လျှင် အောက် ကာမ(၁၁)ဘုံ၌ ကျင်လည်နိုင်ကြသည်။ ထိုဘုံများနှင့် ဆက်သွယ်နေကြ၏။

**၁။ သက္ကာယဒိဋ္ဌိ**

**၂။ ဝိစိကိစ္ဆာ**

**၃။ သီလဗ္ဗတပရာမာသ**

**၄။ ကာမစ္ဆန္ဒ**

**၅။ ဗျာပါဒတို့ ဖြစ်ကြသည်။**

ယင်းငါးပါးတို့တွင် ရှေ့သုံးပါးကို ပယ်နိုင်ပါက သောတာပန်

ဖြစ်၏၊ နောက်နှစ်ပါးကို ပယ်နိုင်ပါက အနာဂါမ်ဖြစ်သည်။ အနာဂါမ် ဖြစ်လျှင် အောက်ကာမသုဂတိဘုံများသို့ ပဋ္ဌိသန္ဓေ နေသောအားဖြင့် မလာတော့ပြီ၊ အောက်သံယောဇဉ်တွေပြတ်ပြီ။

ဥဒ္ဓံဘာဂိယ သံယောဇနာနိ=အထက် သံယောဇဉ်များလည်း ၅-ပါးရှိကြ၏။ သူတို့တွေက အထက်သံသရာမှာ ကျင်လည်ကြသည်။ သူတို့ကို မဖြတ်နိုင်သေးလျှင် အထက်ပြဟ္မာ့ဘုံများ၌ ကျင်လည်နိုင်သေး၏။ ထိုဘုံများနှင့် ဆက်သွယ်နေကြသည်။ သူတို့ကို ဖြတ်နိုင်မှ ၄ မက် ၄ ဖိုလ်ရ၍ ရဟန္တာဖြစ်နိုင်မည်။

ယင်းတို့ကား -

၁။ **ရူပရာဂ**

၂။ **အရူပရာဂ**

၃။ **မာန**

၄။ **ဥဒ္ဓစ္စ**

၅။ **အဝိဇ္ဇာ**တို့ ဖြစ်ကြသည်။

အောက်သံယောဇဉ်များကို ပယ်ရှားပြီးရုံသာမက ဤအထက်သံယောဇဉ်များကိုလည်း အကုန်ပယ်ရှားနိုင်မှ သံယောဇဉ်တွေ အကုန်ပြတ်သဖြင့် ရဟန္တာအရှင်မြတ် ဖြစ်ပေတော့မည်။

## သေရမှာ ကြောက်သူ, မကြောက်သူ

ဇာဏုသောနိ ပုဏ္ဏားကြီးက ဘုရားထံလာ၍ လျှောက်ထား၏။ "အရှင်ဘုရား... လောကကြီးထဲမှာ သေရမှာ မကြောက်တဲ့သူရယ်လို့ မရှိဘူး၊ ကြောက်တဲ့သူချည်းပဲ ဘုရား" ထိုအခါ မြတ်စွာဘုရားက -

"သည်လို တစ်ထစ်ချ မယူလိုက်ပါနှင့်၊ သေရမှာ ကြောက်တဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်၊ မကြောက်တဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်... "

ဤသို့ မိန့်တော်မူသည်။ အကျယ်ချဲ့၍လည်း ရှင်းပြတော်မူ၏၊

ကြောက်သူ ၄-မျိုးနှင့် မကြောက်သူ ၄-မျိုး ရှိကြောင်းကိုလည်း ဖော်ပြတော်မူသည်။

၁။ အချို့ပုဂ္ဂိုလ်ဟာ သားသမီးနဲ့ စီးပွားဥစ္စာ ငါးဖြာ အာရုံ ကာမဂုဏ်တို့၌ တွယ်တာမှု မကင်းသေး၊ ထိုပုဂ္ဂိုလ်တို့ သန္တာန်မှာ ရောဂါဝေဒနာ တစ်ခုခု ရောက်လာလျှင် **စည်းစိမ်တွေက ငါ့ကို စွန့်တော့မယ်၊ ငါကလည်း စည်းစိမ်တွေကို စွန့်ရတော့မယ်** ဟု တွေး၍ ပူဆွေးတ၏။ ငိုကြွေးတ၏။ ရင်ဘတ်စည်တီး ဖြစ်ရတ၏။ ဤပုဂ္ဂိုလ်မျိုးက သေရမှာ ကြောက်သည်။

၂။ နောက်တစ်ယောက်မှာ မိမိခန္ဓာကိုယ်ပေါ်၌ တွယ်တာမှု မကင်းသေး၊ ထိုပုဂ္ဂိုလ်တို့သန္တာန်မှာ ရောဂါဝေဒနာ တစ်ခုခု ရောက်လာလျှင် **ချစ်လှစွာသော ခန္ဓာကိုယ်က ငါ့ကို စွန့်တော့မယ်၊ ငါကလည်း သူ့ကို စွန့်ရတော့မယ်** ဟု တွေး၍ ပူဆွေးတ၏။ ငိုကြွေးတ၏။ ရင်ဘတ်စည်တီး ဖြစ်ရတ၏။ ဤပုဂ္ဂိုလ်မျိုးကလည်း သေရမှာကြောက်သည်။

၃။ နောက်တစ်ယောက်ကား ကုသိုလ်ကောင်းမှုတွေ မပြုရသေး၊ အကုသိုလ်တွေတော့ ပြုမိလျက်သား ဖြစ်နေပြီ၊ ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရောဂါဝေဒနာတစ်ခု ကပ်ရောက်လာလျှင် **ငါ့မှာ ကုသိုလ်ကောင်းမှုရယ်လို့ မရှိသေး၊ အကုသိုလ်တွေတော့ ပြုထားမိပေါ့** ဟု တွေး၍ ပူဆွေးတ၏။ ငိုကြွေးတ၏။ ရင်ဘတ်စည်တီးဖြစ်ရတ၏။ ထိုပုဂ္ဂိုလ်မျိုးကလည်း သေရမှာကြောက်သည်။

၄။ နောက်တစ်ယောက်ကား (ပဋ္ဌိစ္စသမုပ္ပါဒ်-ကြောင်းကျိုးကို နားမလည်၍) ယုံမှားသံသယ ဝိစိကိစ္ဆာတွေ ရှိနေတ၏။ အကြောင်းဖြစ်လို့ အကျိုးဖြစ်၊ အကြောင်းချုပ်လို့ အကျိုး

ချုပ်ရသည်ကို နားမလည်၊ ထိုပုဂ္ဂိုလ်မျိုး သန္တာန်မှာ ရောဂါ ဝေဒနာ တစ်ခုခု ရောက်လာလျှင် **ဌာ်မှာ သံသယ ဝိစိ ကစ္ဆာတွေ ရှိနေတယ်** ဟု တွေး၍ ပူဆွေး၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး ဖြစ်ရ၏။ ထိုပုဂ္ဂိုလ်မျိုးကလည်း သေရမှာ ကြောက်သည်။

ဤသည်တို့ကား သေရမှာ ကြောက်သူ ပုဂ္ဂိုလ်လေးမျိုး ဖြစ်၏။ ကြောက်သူ ၄-ဦးကို အကျဉ်းချုပ်၍ ပြောရလျှင် -

**၁။ ငါးဖြာ အာရုံ ကာမဂုဏ်တို့ကို မစွန့်နိုင်သူ တစ်ယောက်။**

**၂။ မိမိခန္ဓာကိုယ်ကို ခင်တွယ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်။**

**၃။ အကုသိုလ်တွေ များနေတဲ့ပုဂ္ဂိုလ်တစ်ယောက်။**

**၄။ ပဋ္ဌိစ္စသမုပ္ပါဒ်အရ အကြောင်းဖြစ်လို့ အကျိုးဖြစ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်ဆိုတာကို မသိ၍ ဝိစိကိစ္ဆာ ရှိနေသူတစ်ယောက်တို့ ဖြစ်ကြသည်။**

## သေရမှာ မကြောက်သူ ၄-ဦး

သေရမှာ မကြောက်သူလည်း ၄-ဦး ရှိ၏။ ဖော်ပြခဲ့ပြီး ကြောက်သူ ၄-မျိုး၏ ပြောင်းပြန်မှတ်ရုံသာ ဖြစ်သည်။

၁။ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တွယ်တာမှုကင်းနေသူ ဖြစ်၏။ လက္ခဏာရေးသုံးပါး တင်၍မြင်ထားသူ ဖြစ်သည်၊ ထိုပုဂ္ဂိုလ်တို့ သန္တာန်သို့ ရောဂါဝေဒနာရောက်လာသော်လည်း ထိုပုဂ္ဂိုလ်တို့က သေရမှာမကြောက်။ အဘယ့်ကြောင့်ဆိုသော် သုဂတိ၊ သို့မဟုတ် နိဗ္ဗာန်ကို မြင်ထားသောကြောင့် ဖြစ်သည်။

၂။ ခန္ဓာကိုယ်ပေါ်၌ တွယ်တာမှု ကင်းနေသူဖြစ်၏။ လက္ခဏာရေးသုံးပါးတင်၍ မြင်ထားသူဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုး သန္တာန်သို့ ရောဂါဝေဒနာရောက်လာသော်လည်း ထိုပုဂ္ဂိုလ်တို့က သေရမှာ

မကြောက်၊ အဘယ့်ကြောင့်ဆိုသော် သုဂတိ၊ သို့မဟုတ် နိဗ္ဗာန်ကို မြင်ထားသောကြောင့် ဖြစ်သည်။

၃။ အကုသိုလ်တွေ နည်းပါး၍ ကုသိုလ်တွေများသူ ဖြစ်သည်။ လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာဖြင့် နေသူလည်း ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးတို့ သန္တာန်သို့ ရောဂါဝေဒနာရောက်လာသော်လည်း ထိုပုဂ္ဂိုလ်တို့က သေရမှာမကြောက်၊ အဘယ့်ကြောင့်ဆိုသော် သုဂတိ သို့မဟုတ် နိဗ္ဗာန်ကို မြင်ထားသောကြောင့် ဖြစ်သည်။

၄။ (ပဋ္ဌိစ္စသမုပ္ပါဒ်-ကြောင်းကျိုးဖြစ်ပုံကို သဘောပေါက်ထား၍) သံသယ ဝိစိကိစ္ဆာမရှိ၊ ဝိပဿနာဖြင့် နေသူလည်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုးတို့ သန္တာန်သို့ ရောဂါဝေဒနာ ရောက်လာသော်လည်း ထိုပုဂ္ဂိုလ်တို့က သေရမှာမကြောက်။ အဘယ့်ကြောင့်ဆိုသော် သုဂတိ၊ သို့မဟုတ် နိဗ္ဗာန်ကို မြင်ထားသောကြောင့် ဖြစ်သည်။

**မကြောက်သူလေးဦးကို အကျဉ်းချုပ်ပြောလျှင် -**

**၁။ ငါးဖြာအာရုံ ကာမဂုဏ်တို့ကို စွန့်နိုင်သူ၊**

**၂။ မိမိခန္ဓာကိုယ်ကို မခင်တွယ်သူ၊**

**၃။ ကုသိုလ်တွေ များနေသူ၊**

**၄။ ပဋ္ဌိစ္စသမုပ္ပါဒ်အရ အကြောင်းဖြစ်လို့ အကျိုးဖြစ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်ဆိုတာကို သိ၍ ဝိစိကိစ္ဆာကင်းနေသူတို့ဖြစ်သည်။**

**ညာစောင်းပြီး ပြုံးသေဆိုလျှင်**

ဤသို့ ပုဂ္ဂိုလ်(၈)မျိုး ရှိရာတွင် ရှေ့၄-မျိုးက သေခါနီးမှာ အဆင်မပြေကြ၍ မဲ့သေ ဖြစ်ကြ၏။

နောက်ပုဂ္ဂိုလ် ၄-မျိုးကတော့ သေလျှင် သုဂတိရမည်၊ သို့မဟုတ် အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ထားသူဖြစ်၍ ပရိနိဗ္ဗာန်ပြုရမည်။ ဤသို့လျှင် အတတ်သိမြင် ထားသောကြောင့် သေရမှာကို မကြောက်ကြ၊ ပြုံး၍ပင် အသင့်စောင့်နေကြသေး၏။ ထို့ကြောင့် ပုဂ္ဂိုလ်များသေလျှင် **ပြုံးသေ** ဖြစ်သည်။

ထိုမျှမက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ကျွန်ဇွေတွေပါ ကြည်လင်နေတတ်ကြ၏။ ပျော့ပျောင်းနေတတ်ကြသည်။ အများအားဖြင့် ဦးခေါင်းကလည်း ညာဘက်သို့ စောင်း၍ နေတတ်၏။

သို့ဖြစ်၍ **ညာစောင်းပြီး ပြုံးသေ** သေနိုင်အောင် အစဉ်ထာဝရ ဝိပဿနာကို လက်ကိုင်ပြုကြရပေလိမ့်မည်။

**အရိယသာဝကာ ဟိ ယေဘုယ္ယေန ဒက္ခိဏာပသေနော ကာလံ ကရောန္တိ၊ တေနသ သရီရံ ယထာဌိတံယေव အဟောသိ၊ သီသံ ပန ဒက္ခိဏ ပသေန ပရိဝတ္တိတ္တာ ဌိတံ။**

အရိယာသာဝကတို့သည် များသောအားဖြင့် လက်ယာနံပါးဖြင့်သာလျှင် စုတေတတ်ကြကုန်၏။ ထို့ကြောင့် ထိုဝက္ကလိ၏ ခန္ဓာကိုယ်သည် တည်နေမြဲတိုင်းသာလျှင် (ထားသည့်အတိုင်းပင်) ဖြစ်နေပြီ။ ဦးခေါင်းသည်ကား လက်ယာနံပါးဖြင့် (ဝါ) လက်ယာဘက်စောင်းလျက်လည်၍တည်နေပြီ။

# တရားထီးတင်နည်းများ

သက္ကရာဇ် ၁၃၂၄-ခု နှစ်သစ်ကူးပြီးနောက် မိုးကုတ်မြို့မှာပင် ဆရာတော်က ဆက်လက် တရားဟောနေတော်မူသည်။ တန်ခူးလ၊ ကဆုန်လ၊ နယုန်လကုန်သည်အထိ ဟောတော်မူနေ၏။ ခါတိုင်းဆိုလျှင် ဝါဆိုလပြည့်ခါနီးမှ အမရပူရသို့ ပြန်လေ့ရှိသည်။

ယခုနှစ်တော့ ရန်ကုန်သို့ သွားစရာကိစ္စရှိနေ၍ ဝါဆိုလဆန်းစပင် အမရပူရသို့ပြန်ရမည်။

ထို့ကြောင့် မိုးကုတ်မြို့မှာ နယုန်လပြည့်ကျော် ၁၄ ရက်(လကွယ်)နေ့အထိနေတော်မူ၍ တရားဟောတော်မူ၏။ ဤနောက်ဆုံးနေ့တွင် ဆရာတော်က ဤသို့မိန့်တော်မူသည်။

**မြေပေါက်စေတီ ဘုရားများတည်တဲ့အခါ ဘုရားပြီးလျှင် ထီးတင်ရမြဲ ဖြစ်တယ်။ ထို့အတူပဲ ဒီမှာလည်း ဒီမြို့မှာ တရားပွဲတွေအကုန်လုံးသိမ်းပြီဖြစ်လို့ ဒီကနေ့ တရားထီးတင်ရမယ်** တဲ့။

ဤသို့ မိန့်တော်မူပြီးလျှင် မိုးကုတ်မြို့မှာ နောက်ဆုံးအနေဖြင့် **သောတာပန် စိတ်ထားအဂါ ၇ ပါး** ကို **တရားထီးတင်** သည့်အနေဖြင့် အထွတ်အထိပ်တင်ကာ ဟောကြားပေးတော် မူခဲ့သည်။

တရားသမားတွေအတွက် မိမိအဆင့်အတန်းကို တိုင်းတာဖို့ရန် ပေတံပေးခဲ့သလိုလည်း ဖြစ်၏။ ကျေးဇူးလည်း များလှပါသည်။ တရားပွဲအပြီးတွင် "ကဲ နာရီလည်းစေ့ပြီ၊ တရားပွဲလည်းသိမ်းပြီ" တဲ့။

## သောတာပန် ဂုဏ်ရည်

- သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ သိချက်ဘယ်သို့နည်း။
- နိဗ္ဗာန်မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး။
- ကိုယ့်ဉာဏ်အဆင့်၊ ကိုယ်တိုင်ချင့်၊ အသင့်ဆုံးဖြတ်ရာ။
- မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။
- ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
- ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
- သံဃစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
- အရိယကန္တ၊ ငါးသီလ၊ လုံးဝပြည့်စုံရာ။
- မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။

## သောတာပန်ဖြစ်ရန် အဂ်ါလေးပါး

သောတာပန်ဖြစ်ချင်ရင် အဂ်ါလေးချက်နှင့်ညီညွတ်အောင် နေထိုင်ရမယ်၊ ကျင့်သုံးရမယ်လို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတာရှိသားပဲ၊ (အဂုံတ္တရပါဠိတော်)

**စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊ ကတမာနိ စတ္တာရိ၊**

**(က) သပ္ပုရိသသံသေဝေါ၊**

**(ခ) သဒ္ဓမ္မသဝနံ**

**(ဂ) ယောနိသောမနသိကာရော**

**(ဃ) ဓမ္မာနုဓမ္မပဋိပတ္တိ**

**၁။ သပ္ပုရိသသံသေဝေါ = သူတော်ကောင်းနှင့်ပေါင်း**

**၂။ သဒ္ဓမ္မသဝန = သစ္စာတရားမျိုးကို ရွေး ရှုနာ**

**၃။ ယောနိသောမနသိကာရော = မှန်မှန်ကန်ကန်ကြံဆ၊ ဆင်ခြင်နှလုံးသွင်း**

၄။ ဓမ္မာနုဓမ္မပဋ္ဌိပတ္တိ = ရနိုင်လောက်အောင် ဖွဲ့
သန်သန်ဖြင့်အားထုတ်။

* သူတော်ဆည်းကပ်၊ မြတ်တရားနာ
လျော်စွာနှလုံး၊ ကျင့်သုံးဖွဲ့သန်
သောတာပန်၊ ဖြစ်ရန်အကြောင်းလေး။

## သောတာပန်စိတ်ထား အင်္ဂါ ၇-ပါး

မိုးကုတ်ဆရာတော်ဘုရားကြီးက ဤကောသမ္မီသုတ်ကို မိုးကုတ်မြို့မှာ သက္ကရာဇ် ၁၃၂၄-ခုနှစ် နယုန်လပြည့်ကျော်(၁၄)ရက် (လကွယ်)နေ့၊ (ခရစ်၁၉၆၂-ခု၊ ဇူလိုင်လ ၁-ရက်နေ့) တွင် ဟောတော်မူခဲ့၏။ ဤကောသမ္မီသုတ်ကိုဟောရာ၌ ဓမ္မပဒအဋ္ဌကထာ ပထမအုပ်နှင့် မူလပဏ္ဏာသပါဠိတော်တို့တွင် ပါသောအကြောင်းအရာတို့ကို ပေါင်းစပ်၍ ဟောပြထားတော်မူခြင်းဖြစ်သည်။

တရားအလုပ် လက်တွေ့အားထုတ်ကြသော ဒကာ ဒကာမတို့အတွက် မိမိတို့အခြေအနေကို မိမိတို့ချိန်ဆတတ်အောင် တိုင်းတာစရာ ပေတံပေးတော်မူခြင်းဖြစ်၏။

တစ်ခါသော် ကောသမ္မီပြည်၌ ရဟန်းတွေ ၂ ဖက်ကွဲဖူးကြသည်။ ယောသိတာရုံကျောင်းတိုက်ကြီး၌ဖြစ်၏။ တစ်ဘက်တွင် ဝိနည်းဓိရ်ပုဂ္ဂိုလ်က ခေါင်းဆောင်၊ အခြားတစ်ဘက်တွင် သုတ္တန်ဆောင် ဓမ္မကထိက ပုဂ္ဂိုလ်က ခေါင်းဆောင်၊ တစ်ဘက်တစ်ဘက်တွင် သံဃာ (၅၀၀)ငါးရာ ခန့်စီ ရှိကြသည်။ ဘုရားရှင်ကိယ်တော်မြတ်ကြီးက နှစ်ဘက်ခေါင်းဆောင် များကိုခေါ်၍ ဖျန်ဖြေရေး တရားဟောတော်မူ၏။ မရ၊ သို့ဖြစ်၍ ကိယ်တော် တစ်ပါးတည်း ပလလဲတောသို့ ကြွသွားတော်မူသည်။

ပလလဲတောတွင် ဝါကပ်တော်မူ၏။ တစ်ဝါတွင်းလုံး ဆင်ကြီးက အလုပ်အကျွေးပြုသည်။ ဝါကျွတ်သောအခါ အရှင်အာနန္ဒာအမှူးရှိသော

ရဟန်း (၅၀၀) ငါးရာတို့က ပြန်ပင့်ကြသဖြင့် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိတော်မူပြီ။ ထိုအခါ ကောသမ္မီ ပဋ္ဌိပက္ခ ပွဲကြီးတွင် ပါဝင်ကြသောနှစ်ဘက်သောကိုယ်တော်များ ဘုရားထံသို့လာ၍ တောင်းပန်ကန်တော့ကြ၏။ ဤပွဲတွင် ဘုရားရှင်က ဟောတော်မူခြင်း ဖြစ်သည်။

"ပုထုဇဉ်တို့ စိတ်ထားနှင့် အရိယာတို့ စိတ်ထားမတူကြဘူး၊ အောက်ဆုံးအရိယာဖြစ်တဲ့ သောတာပန်နဲ့ ပုထုဇဉ်တောင်မတူကြဘူး" ဟူ၍အစချီကာ **သောတာပန်စိတ်ထား အဂါ ၇–ပါး** ကို ဟောကြားတော်မူသည်။

၁။ အရိယာအဆင့်ကို ရောက်သော်လည်း မပယ်ရသေးသော ကိလေသာများကြောင့် လွန်ကျူးမိတတ်၏။ လွန်ကျူးမိလျှင် ဥာဏ်ဖြင့် ချက်ချင်းရပ်နိုင်သဖြင့် –

(က) **သောတာပန်က ဖြစ်ကြောတို့၏။**

(ခ) **ပုထုဇဉ်က ဖြစ်ကြောရှည်သည်။**

၂။ **မပယ်ရသေးသောကိလေသာများကို ငြိမ်းအေးအောင် လုပ်မယ်လို့–**

(က) **သောတာပန်က အမြဲတမ်း စိတ်ထားရှိ။**

(ခ) **ပုထုဇဉ်က ထိုစိတ်မျိုးမထား။**

၃။ ဤဘုရားသာသနာမှာသာလျှင် သောတာပန်သကဒါဂါမ် အနာဂါမ် ရဟန္တာများအဖြစ်ဖြင့် ထွက်ရပ်လမ်းရှိသည်။ အခြားတိတ္ထိ တွေရဲ့ သာသနာမှာမရှိဟူ၍–

(က) **သောတာပန်က ယုံကြည်သည်။**

(ခ) **ပုထုဇဉ်က အခြားသာသနာမှာလည်း ရှိလိမ့်ဦးမည်ဟုယူဆ။**

၄။ အပြစ်သင့်သွားလျှင် အချိန်ဆွဲ၍မထား၊ နံနက်သင့်လျှင် နံနက်၊ ညနေသင့်လျှင် ညနေချက်ချင်း –

(က) သောတာပန်က ကုသ။

(ခ) ပုထုဇဉ်က ထိုသို့ မကုသ။

၅။ (က) သောတာပန်က အပြစ်သင့်မှာ စိုးရွံ့၊ သီလပျက်မှာ ကြောက်သည်။

(ခ) ပုထုဇဉ်က ထိုသို့ မစိုးရွံ့၊ သီလပျက်မှာလည်း အမှုမထား။

၆။ သစ္စာတရားတွေ၊ အမှန်တရားတွေကို ပေးပြီဆိုလျှင်-

(က) သောတာပန်က စိတ်စိုက်၍ နာနေနိုင်၏။

(ခ) ပုထုဇဉ်က ထိုတရားတွေ နားထဲမရောက်။

၇။ သစ္စာတရားတွေကို နာယူပြီးပြီဆိုလျှင်လည်း ပြောရ၍ မပြီး၊ ချီးကျူး၍မဆုံး၊ ကြည်နူးမှုတွေ ဖုံးပြီးလျှင်-

(က) သောတာပန်က တပြုံးပြုံးနှင့် ကျေနပ်နေ၏။

(ခ) ပုထုဇဉ်က ထိုသို့ခံစားမှုမရနိုင်။

ဤသို့လျှင် မတူကြကြောင်းကို ဟောထားသော တရားတော် ဖြစ်သည်။ အမှန်မှာ လက်တွေ့အားထုတ်နေကြသော ဒကာ ဒကာမများ ကိုယ့်ကိုယ်ကို ချိန်ဆတိုင်းတာနိုင်ရန် ဟောတော်မူခြင်းဖြစ်၏။

ဣမေဟိ ခေါ် ဘိက္ခဝေ သတ္တဂေါ်ဟိ သမန္နာဂတော သောတာ ပန္နောနာမ ဟောတိ။

ဤအဂါရပ် ၇-ပါးနှင့် ညီညွတ်လျှင် ကိုယ့်ကိုယ်ကို ဆုံးဖြတ် ချက်ချနိုင်ပြီ **သောတာပန်** လို့၊ အဂါရပ် ၇-ပါး မပြည့်သေးလျှင်လည်း ပြည့်စုံအောင် ကြိုးစားဖို့သတိပေးတရားလည်း ဖြစ်သည်။

ဖြစ်ကြောတို့၊ ငြိမ်းလိုစိတ်၊
ထွက်ရိပ်ကင်း၊ ချက်ချင်းကု၊
ပျက်မှုစိုး၊ တိုးရှိစိုက်၊
လိုက်လိုက်ဖို့၊ ကြည်ညိုခုနစ်တန်၊
သောတာပန်။ ။ (တစ်ဘဝ သာသနာ၊ ၃၆၅-၃၆၆)

## ပရိညာ သုံးပါး

- ဖြစ်ဆဲရုပ်နာမ်၊ သိမြင်ပြန်၊ မှတ်ရန်သဘာဝ။
- ဥပါဒ်, ဌီ, ဘင်၊ မြင်သိလျှင်၊ ခေါ်တွင်သခ်တ။
- နိစ်, ဒုက်, နတ္တ၊ မြင်သိက၊ မှတ်ကြသာမည။
- သဘာဝလက္ခဏာ၊ ထင်၍လာ၊ ဉာတပရိညာ။
- သာမညလက္ခဏာ၊ ထင်၍လာ၊ တီရဏပရိညာ။
- သခ်တလက္ခဏာ၊ ထင်၍လာ၊ ပဟာန ပရိညာ။
- သုံးစားလက္ခဏာ၊ သုံးပရိညာ၊ ထင်၍လာ၊ မဂ်မှာ မဝေးရာ။
- ရုပ်နာမ်အထိ၊ ပိုင်းခြားသိ၊ မှတ်ဘိ ဉာတပရိညာ။
- လက္ခဏာအထိ၊ ပိုင်းခြားသိ၊ မှတ်ဘိ တီရဏာ။
- အနိစ်သိလေ၊ နိစ်ပယ်လေ၊ မှတ်လေ ပဟာနာ။

(ခန္ဓီးဆရာတော်)

**ဉာတပရိညာ**=သိသင့်၊ သိအပ်၊ သိထိုက်သော နာမ်ရုပ်နှင့် အကြောင်းတရားကို ပိုင်းခြား၍ သိသောဉာဏ်ပညာ။ **တီရဏပရိညာ**= စုံစမ်းသုံးသပ်လျက်ပိုင်းခြား၍ သိသောဉာဏ်ပညာ။ **ပဟာနပရိညာ**= ပယ်လျက် ပိုင်းခြား၍သိသော ဉာဏ်ပညာလို့ ၃-ပါးရှိတယ်။

ဖောက်ပြန်ခြင်း လက္ခဏာရှိသောတရားသည် ရုပ်၊ ခံစားခြင်း လက္ခဏာရှိသောတရားသည်ဝေဒနာအစရှိတဲ့နည်းဖြင့် ထိုထိုရုပ်နာမ် တရားတို့ရဲ့ အသီးအသီး သဘာဝလက္ခဏာကို ကောင်းစွာမှတ်ခြင်း ဖြစ်တဲ့ပညာဟာ ဉာတပရိညာမည်တယ်။

"ရုပ်သည်မမြဲ၊ ဝေဒနာသည် မမြဲ" အစရှိသော နည်းဖြင့် (သဘာဝလက္ခဏာကို ကောင်းစွာမှတ်သည်၏ အစွမ်းအားဖြင့် ယူပြီး ရှုသိပြီး ဖြစ်ကုန်သော) ထိုရုပ်နာမ်တရားတို့အားပင်လျှင် သာမည လက္ခဏာကို ဖြစ်သောလက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာ မည်တယ်။

ထိုရုပ်နာမ်တရားတို့၌ပင်လျှင် နိစ္စသညာစသည်ကို ပယ်ခြင်း အားဖြင့်ဖြစ်သော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာဟာ ပဟာနပရိညာမည်တယ်။ အဲဒီ ပရိညာတို့တွင် နာမ်ရုပ်သဓီရတို့ကို ပိုင်းခြားသော (နာမရူပ ပရိစ္ဆေဒ) ဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ် တိုင်အောင် ဉာတပရိညာရဲ့ ဖြစ်ရာ ဘုံ-နယ်ပယ်ပါ၊ မှန်တာပေါ့၊ ဤကာလအတွင်း၌ နာမ်ရုပ်တရားတို့၏ အသီးအသီးသော သဘာဝ လက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်တယ်။

ကလာပသမ္မသနဉာဏ်မှစ၍ ဥဒယဗ္ဗယဉာဏ် တိုင်အောင်မှာ တီရဏပရိညာရဲ့ ဖြစ်ရာဘုံ-နယ်ပယ်ပါ၊ ဤကာလအတွင်း၌ သာမည လက္ခဏာကို သိခြင်းသာလျှင် အကြီးအမှူးဖြစ်တယ်။

ဘင်္ဂဉာဏ်မှစ၍ အထက်၌ ပဟာန ပရိညာရဲ့ ဖြစ်ရာဘုံ နယ်ပယ်ပါ၊ မှန်တာပေါ့။ ထို ဘင်္ဂဉာဏ်မှ စ၍ မမြဲဟု ရှုလတ်သော် (ရှုသောသူသည်) မြဲသည်ဟုထင်မှတ်သော နိစ္စသညာကို ပယ်တယ်၊ ဆင်းရဲဟု ရှုလတ်သော်(ရှုသောသူသည်) ချမ်းသာဟု ထင်မှတ်သော သုခသညာကို ပယ်တယ်။ အတ္တမဟုတ်ဟု ရှုလတ်သော် (ရှုသောသူ သည်) အတ္တကောင်ဟု ထင်မှတ်သော အတ္တသညာကိုပယ်တယ်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၄၁)

## ပရိညာသုံးပါးနှင့် လေ့ကျင့်ဥပမာ

၁။ ကျင့်အားထက်သန်, ယောဂီဉာဏ်, သုံးတန်ဖြစ်ရာ ပရိညာ၊

၂။ ညာတတစ်တန်, တီရဏံနှင့်, ပဟာန်ထည့်ကာ, ဤသုံးဖြာ, မှတ်ပါပရိညာ။

၃။ ရုပ်နာမ်နှစ်ခု, ဉာဏ်မြင်မှု, မှတ်ရှု ဉာတပရိညာ။

၄။ ရုပ်နာမ်လက္ခဏာ, ယာဉ်သုံးဖြာ, ထင်လာတီရဏ ပရိညာ။

၅။ ရုပ်နာမ်မတွယ်, တဏှာပယ်, မှတ်ဖွယ်ပဟာန ပရိညာ။

၆။ နိစ္စသညာဒိ, စွန့်နိုင်ဘိ, လောကို့ပဟာန ပရိညာ။
၇။ မဂ်အရိယာ, လေးဝိဇ္ဇာဖြင့်, တိုက်ကာပယ်ခုတ်, အကုန်ဖြုတ်, လောကုတ်ပဟာနပရိညာ။
– ပရိညာသုံးခု, ဉာဏ်မြင်မှု, တင်ရှုဥပမာ။
– လှေတွေ့သောခါ, ကူးသောခါနှင့်, လိုရာအရပ်, ရောက်တုံလတ်, ထင်မှတ်ဥပမာ။
– လှေတွေ့ဉာတ, ကူးကတိရဏာ, ရောက်ကာပဟာန, ပမာပြ, မှတ်ကြသေအချာ။ (မိုးညင်းလက်)

ပရိညာ

'ရူပွနလက္ခဏံ ရူပံ၊ ဝေဒယိတလက္ခဏာ ဝေဒနာ' တိ ဇဝံ တေသံ တေသံ ဓမ္မာနံ ပစ္စတ္တလက္ခဏသလ္လက္ခဏဝသေန ပဝတ္တာ ပညာ ဉာတပရိညာ နာမ။

'ရူပံ အနိစ္စံ၊ ဝေဒနာ အနိစ္စာ' တိအာဒိနာ နယေန တေသံယေဝ ဓမ္မာနံ သာမညလက္ခဏံ အာရောပေတ္တာ ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာပညာ တီရဏပရိညာ နာမ။

တေသုယေဝ ပန ဓမ္မေသုနိစ္စ–သညာဒိပဟာနဝသေန ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာ ပညာ ပဟာနပရိညာ နာမ။

တတ္ထ သခ်ါရပရိစ္ဆေဒတော ပဋ္ဌာယ ယာဝ ပစ္စယပရိဂ္ဂဟာ ဉာတပရိညာယဘူမိ။ တေသွိ ဟိ အန္ဓကရေ ဓမ္မာနံပစ္စတ္တ လက္ခဏပဋိဝေဓ သေသဝ အာဓိပစ္စံဟောတိ။

ကလာပသမ္မသနတော ပန ပဋ္ဌာယ ယာဝ ဥဒယဗ္ဗယာနုပဿနာ တီရဏပရိညာယ ဘူမိ။ တေသွိ ဟိ အန္ဓကရေ သာမညလက္ခဏ ပဋိဝေဓသေသဝ အာဓိပစ္စံ ဟောတိ။

ဘင်္ဂါနုပဿနံ အာဒိကတ္တာ ဥပရိပဟာနပရိညာယ ဘူမိ။ တတော

ပဌာယ ဟိ အနိစ္စတော အနုပဿန္ဟော နိစ္စသညံ ပဇဟတိ၊ ဒုက္ခတော အနုပဿန္ဟော သုခသညံ၊ အနတ္တတော အနုပဿန္ဟော အတ္တသညံ။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၄၁)

## ဝိသုဒ္ဓိခုနှစ်ပါး

၁။ ကျင့်ဝတ်သီလ, စင်ကြယ်က, သီလဝိသုဒ္ဓိ။
၂။ နိဝရဏ, စင်ကြယ်က, စိတ္တဝိသုဒ္ဓိ။
၃။ အတ္တဒိဋ္ဌိ, စင်ကြယ်ဘိ, ဒိဋ္ဌိဝိသုဒ္ဓိ။
နာမ်ရုပ်နှစ်ဖြာ, ခွဲစိတ်ကာ, သိတာဒိဋ္ဌိဝိသုဒ္ဓိ။
၄။ ယုံမှားကင်းကွာ, ဉာဏ်ရှင်းတာ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။
၅။ ကျင့်လမ်းနှစ်ဖြာ, သိဉာဏ်ဟာ, မဂ္ဂါမဂ္ဂဝိသုဒ္ဓိ။
၆။ အနုလောမ, ကျင့်ဉာဏ်ဟာ, ပဋိပဒါ ဝိသုဒ္ဓိ။
၇။ မဂ်ဉာဏ်လေးဖြာ, စင်ကြယ်တာ။
မှတ်ပါ ဉာဏဒဿနဝိသုဒ္ဓိ။

## ရထဝိနီတသုတ်

"မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၊ ဩပမ္မဝဂ်၊ ရထဝိနီတသုတ်" ၌ ရှင်သာရိပုတ္တရာသည် မန္တာနီ၏သားရှင်ပုဏ္ဏနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားပြောဆိုပြီးဆုံး၍ ရှင်ပုဏ္ဏအားမေးခွန်းများ မေးသည်။ ရှင်ပုဏ္ဏကဖြေဆိုသည်။

"ငါ့ရှင် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါသလော။"

"မှန်ပါ၏ ငါ့ရှင်"

အကျင့်သီလ အထူးစင်ကြယ်ခြင်းအကျိုးငှာ မြတ်စွာဘုရားထံ မြတ်သောအကျင့်ကို ကျင့်သုံးပါသလော။

မဟုတ်ပါ ဘုရား

စိတ်၊ သမာဓိ အထူးစင်ကြယ်ခြင်းငှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလော။

မဟုတ်ပါ ဘုရား

အမြင်အထူးစင်ကြယ်ခြင်းငှာ မြတ်သောအကျင့် ကျင့်သုံးပါသလော။

မဟုတ်ပါ ဘုရား

ယုံမှားခြင်းကို လွန်မြောက်မှု ဉာဏ်အထူးစင်ကြယ်ခြင်းငှာ မြတ်သော အကျင့်ကျင့်သုံးပါသလော။

မဟုတ်ပါ ဘုရား

မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်အထူး စင်ကြယ်ခြင်းငှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလော

မဟုတ်ပါ ဘုရား

အကျင့်အနုလုံ ဉာဏ်အမြင်အထူးစင်ကြယ်ခြင်းငှာ မြတ်သော အကျင့်ကျင့်သုံးပါသလော

မဟုတ်ပါ ဘုရား

မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းငှာ မြတ်သောအကျင့် ကျင့်သုံးပါသလော။ မဟုတ်ပါ ဘုရား။

"ဘုရား အကျင့်သီလ အထူး စင်ကြယ်ခြင်းငှာ မြတ်စွာဘုရား ထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလောဟု မေးသော် မဟုတ်ပါ ဘုရားဟု ဖြေဆို၏။ စိတ်သမာဓိ၊ အမြင်အထူး-ဒိဋ္ဌိ၊ ယုံမှားခြင်းကို လွန်မြောက်မှု ကခ်ီဝိတရဏာ၊ မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ် အမြင် အထူးစင်ကြယ်ခြင်း မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ အကျင့်ဉာဏ် အမြင် အထူးစင်ကြယ်ခြင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ မဂ်ဉာဏ်အမြင် အထူး စင်ကြယ်ခြင်း ဉာဏဒဿနဝိသုဒ္ဓိ အကျိုးငှာ မြတ်သော အကျင့်

ကိုကျင့်သုံးပါသလောဟု မေးလျှင်လည်း မဟုတ်ပါဟု ဖြေဆိုသည်။ အဘယ်အကျိုးငှာ မြတ်သောအကျင့်ကို မြတ်စွာဘုရားထံ၌ ကျင့်သုံးပါသနည်း”

**တေနာဟာဝုသော ဥပမံ တေ ကရိဿာမိ၊ ဥပမာယပိဧကစ္စေ ဝိညူ။ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ**=ငါ့ရှင် ဤလောက၌ ဥပမာအားဖြင့် အချို့ကုန်သော ပညာရှိယောက်ျားတို့သည် ပြောဆိုသော စကား၏ အနက်အဓိပ္ပာယ်ကို သိကြကုန်၏။ ထို့ကြောင့် သင့်အား ဥပမာကိုပြအံ့ဟုဝန်ခံကာ ရှင်ပုဏ္ဏသည် ရှင်သာရိပုတ္တရာအား အောက်ပါ ဥပမာဖြင့် ဖြေရှင်းပြသည်။

ပသေနဒိကောသလမင်းသည် သာဝတ္ထိပြည်၌နေစဉ် သာကေတ မြို့၌ တစ်စုံတစ်ရာအဆောတလျင် ပြုဖွယ်ကိစ္စရှိသည့်အတွက် သာဝတ္ထိ ပြည်နှင့် သာကေတမြို့၏အကြား၌ မြင်းယာဉ်ကသော ရထားခုနှစ်စီး တို့ကို ရှေ့ရှုတည်ထားစေကုန်၏။

ပသေနဒိ ကောသလမင်းသည် သာဝတ္ထိပြည်မှ ထွက်သော် နန်းတွင်းတံခါးမှ မြင်းယာဉ်ကသောပထမရထားကို တက်စီးရာ၏။ ၄င်း ပထမရထားဖြင့် ဒုတိယရထားသို့ ရောက်ရာ၏။

ထိုအခါ ပထမရထားကိုစွန့်လွှတ်၍ ဒုတိယရထားကို တက်စီး ရာ၏။ ၄င်းရထားဖြင့် တတိယရထားသို့ ရောက်ရာ၏။ ထိုအခါ ဒုတိယ ရထားကိုစွန့်၍ တတိယရထားကို တက်စီးရာ၏။ ၄င်းရထားဖြင့် စတုတ္ထ ရထားသို့ ရောက်ရာ၏။ ထိုအခါ တတိယရထားကိုစွန့်၍ စတုတ္ထရထား ကို တက်စီးရာ၏။ ၄င်းဖြင့် ပဉ္စမရထားသို့ရောက်ရာ၏။ ထိုအခါ စတုတ္ထ ရထားကို ထားခဲ့၍ ပဉ္စမရထားသို့ တက်စီးရာ၏။ ၄င်းရထားဖြင့် ဆဋ္ဌ ရထားသို့ ရောက်ရာ၏။ ထိုအခါ ပဉ္စမရထားကို စွန့်ထားခဲ့၍ ဆဋ္ဌ ရထားသို့ တက်ရာ၏။ ၄င်းရထားဖြင့် သတ္တမရထားသို့ ရောက်ရာ၏။ သတ္တမရထားဖြင့် သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်ရာ၏။

နန်းတွင်းတံခါးသို့ရောက်သော် ပသေနဒီ ကောသလမင်းကြီးကို ချစ်ကျွမ်းဝင်သူဆွေမျိုးသားချင်းတို့က "မင်းကြီး သာဝတ္ထိမှ သာကေတသို့ မည်ကဲ့သို့ရောက်လာပါသနည်း" ဟု မေးသောအခါ ရထားခုနစ်စင်းကို အဆင့်ဆင့်လွှဲပြောင်းစီး၍ ရောက်ခဲ့သည်ဟု ဖြေဆိုရာသည်။

ထို့အတူပင် အကျင့်သီလ အထူးစင်ကြယ်ခြင်းသည် စိတ်၊ သမာဓိ အထူးစင်ကြယ်ရုံမျှ အကျိုးရှိ၏။ စိတ်သမာဓိ အထူးစင်ကြယ်ခြင်းသည် အမြင်အထူး စင်ကြယ်ရုံမျှအကျိုးရှိ၏။

အမြင်အထူးစင်ကြယ်ခြင်းသည် ယုံမှားခြင်းကို လွန်မြောက်မှု ဉာဏ် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ ယုံမှားခြင်းကို လွန်မြောက်မှု ဉာဏ် အထူးစင်ကြယ်ခြင်းသည် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ် အမြင် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးရုံမျှသာ အကျိုးရှိ၏။

**အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ် အာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ**=ငါ့ရှင်စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း အကျိုးငှာသာ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါ၏,ဟု ရှင်ပုဏ္ဏကာ ပြောပြတော်မူပါသည်။ (မ၊ ၁၊ ၂၀၁-၂၀၄)

ဝိသုဒ္ဓိသဒ္ဒါသည် အထူးသဖြင့် စင်ကြယ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ယင်းဝိသုဒ္ဓိသည် ၁။ သီလဝိသုဒ္ဓိ ၂။ စိတ္တဝိသုဒ္ဓိ ၃။ ဒိဋ္ဌိဝိသုဒ္ဓိ ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ၇။ ဉာဏဒဿနဝိသုဒ္ဓိဟု ခုနစ်ပါးရှိသည်။

## သီလဝိသုဒ္ဓိ

သီလသည် အလေ့အကျင့် ကောင်းစွာဆောက်တည်ခြင်း၊ ဆောင်ယူထားခြင်းဟု အဓိပ္ပာယ်ရသည်။ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ

စသည်တို့ကို ကောင်းစွာ လေ့ကျင့်ခြင်းအစွမ်းဖြင့် မပြန့်မလွင့် တည်ရှိနေခြင်းသည် သီလ၏ကောင်းစွာ တည်နေခြင်းပင်ဖြစ်သည်။ ကုသိုလ်တရားတို့ကို တည်တံ့စေခြင်း၏ အစွမ်းအားဖြင့် ဆောင်ရွက်ထားခြင်းသည်လည်း သီလ၏အဓိဋ္ဌာယ်ပင် ဖြစ်ပါသည်။ ယင်းသီလသည် အမျိုးမျိုးရှိသည့်အနက် ဤနေရာ၌ စာရိတ္တသီလနှင့် ဝါရိတ္တသီလကိုသာ ဖော်ပြပါမည်။

**စရန္တီ တသ္မိ သီလေသု ပရိပူရကာရိတာယ ပဝတ္တန္တီတိ စာရိတ္တံ** = သီလတို့၌ အပြည့်အစုံ ပြုကျင့်လေ့ရှိသည်၏ အဖြစ်ဖြင့် စာရိတ္တသီလ၌ မပျက်ကျင့်ရာ ဖြစ်ကုန်သောကြောင့် စာရိတ္တမည်ပါသည်။

**ဝါရိတံ တာယန္တီ ရက္ခန္တီ တေနာတိ ဝါရိတ္တံ** = တားမြစ်ထားသောအမှုကို ဝါရိတ္တသီလဖြင့် စောင့်ရှောက်ကြောင်း ဖြစ်သောကြောင့် ဝါရိတ္တ မည်ပါသည်။ **ယံဘဂဝတာ 'ဣဒံ ကတ္တဗ္ဗံ' နွှဲ ပညတ္တသိက္ခာပဒ ပူရဏံ၊ တံစာရိတ္တံ** = ဤကျင့်ဝတ်တော်ကို ပြုကျင့်အပ်၏ဟု မြတ်စွာဘုရား ပညတ်ထားသော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ မည် ပါသည်။ **ယံ 'ဣဒံ နု ကတ္တဗ္ဗံ' နွှဲ ပဋိက္ခိတ္တသ အကရဏံ၊ တံ ဝါရိတ္တံ** = ဤဒုစရိုက်မပြုအပ်ဟု မြတ်စွာဘုရားသည် ပယ်မြစ်ထားသောအမှုကို မပြုခြင်းသည် ဝါရိတ္တသီလမည်ပါသည်။

**တတ္ထ သဒ္ဓါဝိရိယသာဓနံ စာရိတ္တံ၊ သဒ္ဓါသာဓနံ ဝါရိတ္တံ** = စာရိတ္တသီလနှင့် ဝါရိတ္တသီလတို့တွင် စာရိတ္တသီလကို သဒ္ဓါနှင့် ဝိရိယဖြင့် ပြီးစီးပြည့်စုံစေနိုင်သည်။ ဝါရိတ္တသီလကို သဒ္ဓါဖြင့် ပြီးစီးပြည့်စုံစေနိုင်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြထားသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၁၊ ၈–၁၁)

ဝါရိတ္တသီလကို ကျင့်ရုံမျှဖြင့် သီလသည် လုံးဝမပြည့်စုံသေး။ စာရိတ္တသီလကိုပါ ဖြည့်ကျင့်မှလုံးဝ ပြည့်စုံသည်။ ထို့ကြောင့် အပြည့်အစုံကျင့်လိုသော ပုဂ္ဂိုလ်တို့သည် အပြည့်အစုံ ဖြည့်ကျင့်သောအားဖြင့် စာရိတ္တသီလ၌ မပြတ်ဖြစ်လျက်ရှိကုန်၏။ ဤသို့ကျင့်သောအားဖြင့်

မပြတ်ဖြစ်ရာ ဖြစ်သောကြောင့် စာရိတ္တမည်သည်ဟု ဆိုလို၏။ ဝါရိတ-တားမြစ်ထားသောအမှုကို+တာ-စောင့်ရှောက်ခြင်း+အကြောင်း။ ဝါရိတ္တ-တားမြစ်ချက်ကို စောင့်ရှောက်ကြောင်း သီလဟု ဆိုလို၏။

ထိုသီလကို ကျင့်ခြင်းအားဖြင့် အကျိုးရှိသည်ဟု ယုံကြည်သောသဒ္ဓါ၊ မပျင်းမရိကျင့်လိုသော ဝီရိယဟူသော ဤနှစ်ပါးလုံးနှင့်ပြည့်စုံပါမှ စာရိတ္တသီလကို ပြည့်စုံစေနိုင်သည်ဟု ဆိုလို၏။ မကျင့်လျှင် အပြစ်ဖြစ်သည်။ ကျင့်လျှင် အကျိုးရှိသည်ဟု ယုံကြည်သော သဒ္ဓါအားကောင်းပါမှ ဝါရိတ္တသီလကို ပြည့်စုံစေနိုင်သည်ဟုဆိုလို၏ဟု မဟာစည်ဆရာတော်က မှတ်ချက်ပြုထားသည်။ (ဝိသုဒ္ဓိ၊ မြန်၊ ၁၊ ၃၁)

မိမိစောင့်ထိန်းရမည့် သီလများ အထူးသဖြင့် စင်ကြယ်ခြင်းကို သီလဝိသုဒ္ဓိဟုခေါ်သည်။ ရှောင်ကြဉ်ရမည့်ကိစ္စများကို ရှောင်ကြဉ်နိုင်၍ ဆောင်ရွက်ရမည့်ကိစ္စများကို ဖြစ်မြောက်အောင် ပြုလုပ်နိုင်ခြင်းသည်ပင် သီလစင်ကြယ်ခြင်းဟု အဓိပ္ပါယ်ရသည်။

## စိတ္တဝိသုဒ္ဓိ

- **စိတ်မိုက်နွားဆိုး၊ သတိကြိုးဖြင့်၊ မတိုးရုန်းနိုင်၊ အာရုံတိုင်၊ ခိုင်ခိုင်ချည်လေဘိ။**
- **ခိုင်ခိုင်ချည်ထား၊ စိတ်မိုက်နွား၊ ပြေးသွားရုန်း၍ကြည့်။**
- **ပြေးမရကာ၊ ချည်တိုင်မှာ၊ မောကာ ငြိမ်သက်၏။**
- **မောကာငြိမ်သက်၊ စိတ်မထွက်၊ တိုးတက်သမာဓိ။**
- **သမာဓိရ၊ စိတ်တည်က၊ စိတ္တဝိသုဒ္ဓိ။** (မြစ်သားအရှင်ဝါသဝ)

**စိတ္တဝိသုဒ္ဓိသည် စိတ်ကို အထူးသဖြင့် စင်ကြယ်စေခြင်းဟု အဓိပ္ပါယ်ရသည်။ စိတ္တဝိသုဒ္ဓိနာမသဉ္ဇပစာရာ အဌသမာပတ္တိယော = စိတ္တ ဝိသုဒ္ဓိဟူသည် ဥပစာရသမာဓိနှင့်တကွ ရှစ်ပါးသောသမာပတ်တို့ ဖြစ်သည်ဟု ဖွင့်ပြထားသည်။** စိတ်၏နိဝရဏာကင်း၍ ဖြူစင်သန့်ရှင်းသော

ကြောင့်လည်းကောင်း၊ စိတ်ကိုအဦးပြု၍ သမာဓိကို စင်ကြယ် သန့်ရှင်းစေ သောကြောင့်လည်းကောင်း၊ စိတ္တဝိသုဒ္ဓိဟု ခေါ်သည်။ စိတ္တဝိသုဒ္ဓိအရ တည်ကြည်မှုသမာဓိကို ဖော်ဆောင်ပါသည်။ သီလသည် ကိုယ်နှင့်နှုတ် စင်ကြယ်အောင် ပြုလုပ်ခြင်းဖြင့် သီလဝိသုဒ္ဓိဖြစ်၍ စိတ်စင်ကြယ်အောင် ပြုလုပ်နိုင်သော တည်ကြည်မှုသမာဓိကို စိတ္တဝိသုဒ္ဓိဟု ခေါ်ဆိုနိုင်ပါသည်။

**“ ‘သီလဝိသုဒ္ဓိ စေဝစိတ္တဝိသုဒ္ဓိစ’ တိဒ္ဒေမူလဘူတာ ဝိသုဒ္ဓိ ယော သမ္မာဒေတဗ္ဗာ**=သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိနှစ်ပါးတို့သည် မူလ အခြေအမြစ်ဖြစ်သော ဝိသုဒ္ဓိများဖြစ်သည်။ ၄င်းဝိသုဒ္ဓိတို့ကို ပြည့်စုံစေရ မည်” ဟုဖွင့်ပြထားသောကြောင့် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့သည် မူလဘူတ အခြေခံတရားများပင် ဖြစ်ကြောင်း သိရသည်။

(ဝိသုဒ္ဓိ၊ ၄-၂၊၂၂)

## ဒိဋ္ဌိဝိသုဒ္ဓိ

‘ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂညာဏဒဿ နဝိသုဒ္ဓိ, ပဋိပဒါ ညာဏဒဿနဝိသုဒ္ဓိ, ညာဏဒဿနဝိသုဒ္ဓိ’ တိ ဣမာ ပန ပဌ ဝိသုဒ္ဓိယော သရီရံ။

**ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါညာဏ ဒဿနဝိသုဒ္ဓိ, ညာဏဒဿနဝိသုဒ္ဓိ** ဟူသော ငါးပါးသော ဝိသုဒ္ဓိတို့သည် ပညာ၏ကိုယ်ထည်ဖြစ်သည်” ဟု မိန့်ဆိုထားသည်။ ထို့ကြောင့် သီလနှင့်စိတ္တဝိသုဒ္ဓိတို့သည် ပညာ၏အခြေခံမူလဘူတဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိစသော ငါးပါးတို့သည် ပညာ၏ကိုယ်ထည်များဖြစ်ကြောင်း သိရသည်။

(ဝိသုဒ္ဓိ၊ ၄၊ ၂၊ ၂၂၂)

* နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ ငါထိုင်၊ ငါကိုင်ငါသွား၊ ငါစား ငါကြည့်၊ ငါသိငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မှချ၊ စွဲယူကြသည်... သက္ကာယဒိဋ္ဌိကြီးပါတကား။

ဒိဋ္ဌသဒ္ဒါသည် အမြင်အယူဟု အဓိပ္ပာယ်ရသည်။ အမြင်စင်ကြယ်ခြင်း၊ အယူစင်ကြယ်ခြင်းကို ဒိဋ္ဌဝိသုဒ္ဓိဟုခေါ်သည်။ **နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ**=နာမ်နှင့်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏ဟု ဖွင့်ပြထားသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၂၂)

**အာရမ္မဏာဘိမုခံ နမနတော နမနဋ္ဌေန နာမန္တိ ဝဝတ္ထပေတဗ္ဗံ**=အာရုံဆီသို့ရှေ့ရှည်တက်တတ်သည်ဖြစ်၍ ညွှတ်ခြင်း အနက်သဘောကြောင့်နာမ်ဟု ပိုင်းခြားအပ်၏။

**သော သဗ္ဗမေတံ ရုပ္ပနတော ရူပန္တိ ဝဝတ္ထပေတိ**=ယောဂီသည် တရားအလုံးစုံကိုလည်း ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟုပိုင်းခြား၏။

**နမနလက္ခဏံ နာမံ ရုပ္ပနလက္ခဏံ ရူပန္တိ သခေါ်ပတော နာမရူပံ ဝဝတ္ထာပေတိ**=နာမ်သည် အာရုံဆီသို့ ညွှတ်ခြင်းသဘော လက္ခဏာရှိ၏။ ရုပ်သည် ဖောက်ပြန်ခြင်းသဘောလက္ခဏာရှိ၏ဟု နာမ်နှင့် ရုပ်ကို အကျဉ်းအားဖြင့် ပိုင်းခြားရ၏ဟု မိန့်ဆိုထားသည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၂၂)

ပင်ကိုသဘောအတိုင်း မဖောက်ပြန်မပြောင်းလဲဘဲ ခိုင်မြဲတည်မတ်သောတရားကို ပရမတ်ဟုခေါ်သည်။ ပရမတ်သဘောတို့သည် မျက်နှာကြီးငယ် ရွေးချယ်လိုက်စားခြင်းမရှိဘဲ မူရင်းအတိုင်း ထင်ရှားမြဲဖြစ်သောကြောင့် အမြတ်ဟုလည်းခေါ်ဆိုကြသည်။ ယင်းပရမတ်သည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု လေးမျိုးရှိသည်။ အာရုံကိုသိတတ်သောသဘောသည် စိတ်ဖြစ်သည်။ အဆင်းကို မြင်သောအခါ မြင်သိစိတ်ဖြစ်သည်။ အသံကိုခံယူသောအခါ ကြားသိစိတ်ဖြစ်သည်။ အနံ့ကို နံသောအခါ နံသိစိတ်ဖြစ်သည်။ အရသာကို ခံယူသောအခါ အရသာသိစိတ်ဖြစ်သည်။ တစ်စုံတစ်ခုနှင့် တွေ့ထိရသောအခါ တွေ့ထိသိစိတ်ဖြစ်သည်။

အာရုံအားလျှော်စွာ စိတ်အမျိုးမျိုးဖြစ်ပေါ်ခြင်းကို သိမြင်နေတတ်သောကြောင့် ကြံတွေးစိတ်ဟုခေါ်သော မနောဝိညာဏ်စိတ်ဖြစ်ပေါ်နေပါသည်။ ယင်းစိတ်များသည် နာမ်တရားများဖြစ်သည်။ စိတ်ကိုအမှီပြုလျက်

စိတ်ကိုခြယ်လှယ်ကာ စိတ်အာရုံပြုရာကိုလိုက်၍ အာရုံပြုပြီး စိတ်နှင့် အတူတကွဖြစ်ပေါ်သော လိုချင်မှုလောဘ၊ ပြစ်မှားမှု ဖျက်ဆီးလိုမှုဒေါသ၊ တွေဝေမှု၊ မသိမြင်မှုမောဟ၊ မနာလိုမှုကျွှသာ၊ ဝန်တိုမှု မစ္ဆရိယ၊ ထောင်လွှားတက်ကြွမှုမာန စသော စေတသိက်များ ဖြစ်ပေါ်လာပါသည်။ ယင်းစေတသိက်များကိုလည်း နာမ်ဟုပင်ခေါ်ပါသည်။ ၄င်းစိတ်၊ စေတသိက်တို့၏ သဘာဝများကို ကွဲပြားစွာသိခြင်းကြောင့် အမြင်များကြည်လင်သန့်ရှင်းသည့်အတွက် ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်ပါသည်။

အမြဲမပြတ်ဖောက်ပြန်ပြောင်းလွဲနေသောကြောင့် ရုပ်ဟုခေါ်သည်။ မာခြင်းပျော့ခြင်း ပထဝီ၊ ယိုစီးခြင်းဖွဲ့စပ်ခြင်း အာပေါ၊ ပူခြင်းအေးခြင်း တေဇော၊ ထောက်ကန်ခြင်းတွန်းပို့ခြင်း ဝါယောတို့သည် ရုပ်တရားများ ဖြစ်ပါသည်။

အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ တွေ့ထိစရာအမျိုးမျိုး၊ တွေးကြံစရာအမျိုးမျိုး တို့သည်လည်း ရုပ်တရားများပင်ဖြစ်သည်။ ၄င်းရုပ်တရားများကို ကွဲပြားခြားနားစွာ သိမြင်သောကြောင့် အယူအမြင်များ အထူးသဖြင့် စင်ကြယ်သည့်အတွက် ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်ပါသည်။

နာမ်ရုပ်နှစ်ပါးတို့တွင် နာမ်သည် တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းအားဖြင့် ဖြစ်ခြင်းငှာမစွမ်းနိုင်၊ မစားတတ် မသောက်တတ် မပြောဆိုတတ်။ သွားခြင်းစသော ကျေရိယာပုထ်ကို မပြုတတ်။ ရုပ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် ဖြစ်ခြင်းငှာ မစွမ်းနိုင်၊ ၄င်းရုပ်မှာ စားလိုခြင်းမရှိ၊ သောက်လိုခြင်းမရှိ၊ ပြောဆိုလိုခြင်းမရှိ၊ သွားခြင်း စသော ကျေရိယာပုထ်ကို ပြုလိုခြင်းမရှိ။ စင်စစ်သော်ကား နာမ်ကိုမှီ၍ ရုပ်သည်ဖြစ်နေ၏။ ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်နေ၏။ နာမ်၏စားလိုခြင်းသည်လည်းကောင်း၊ သောက်လိုခြင်းသည်လည်းကောင်း၊ ပြောဆိုလိုခြင်းသည်လည်းကောင်း ကျေရိယာပုထ်ကို ပြုလိုခြင်းသည်လည်း

ကောင်းဖြစ်လတ်သော် ရုပ်သည်စား၏၊ သောက်၏၊ ပြောဆို၏၊ ဣရိယာပုတ်ကိုပြု၏။

သူကန်းနှင့်သူကျိုးတို့သည် တစ်စုံတစ်ခုသောအရပ်သို့ ခရီးသွားလိုလျက် ရှိကုန်ရာ၏၊ သူကန်းသည် သူကျိုးကို ပြောဆိုရာ၏ "အချင်းမောင်ကျိုး၊ ငါသည် ခြေဖြင့် ပြုအပ်သော သွားခြင်းကိစ္စကို ခြေတို့ဖြင့် ပြုနိုင်ပါ၏၊ သို့သော် ညီညွတ်သောအရာ မညီညွတ်သော အရာကို မြင်နိုင်သောမျက်စိတို့ကား ငါ့မှာမရှိပါ" ဟုပြော၏၊ သူကျိုးသည်လည်း သူကန်းကို ပြန်ပြော၏။

"အချင်းမောင်ကန်း ငါသည် မျက်စိဖြင့် ပြုအပ်သော ကြည့်ရှုခြင်း မြင်ခြင်းကိစ္စကို မျက်စိဖြင့်ပြုနိုင်ပါ၏၊ သို့သော် သွားနိုင်လာနိုင်သောခြေတို့ကား ငါ့မှာမရှိပါ" ဟုပြန်ပြော၏။

ထိုသူကန်းသည် ဝမ်းမြောက်ရွှင်လန်းလျက် သူကျိုးကို ပခုံးပေါ်သို့ တင်လိုက်၏။ သူကျိုးသည် သူကန်း၏ပခုံးထက်၌တည်နေလျက် လက်ဝဲဘက်ကိုလွှတ်လော့၊ လက်ျာဘက်ကိုယူလော့၊ လက်ျာဘက်ကို လွှတ်လော့၊ လက်ဝဲဘက်ကိုယူလော့ဟု ညွှန်ကြားပြောဆို၏။ ထိုသူနှစ်ယောက်တို့တွင် သူကန်းသည်လည်း တန်ခိုးအစွမ်းမရှိ၊ ခွန်အားမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မိမိ၏ခွန်အားဖြင့် မသွားနိုင်။ သူကျိုးသည်လည်း တန်ခိုးအစွမ်း မရှိ၊ ခွန်အားမရှိ၊ မိမိတန်ခိုးအစွမ်းဖြင့် မိမိ၏ခွန်အားအစွမ်းဖြင့်မသွားနိုင်။

သို့သော်လည်း ထိုသူကန်း သူကျိုးတို့မှာ အချင်းချင်းကို အမှီပြု၍ ခရီးသွားခြင်းသည် မဖြစ်သည်မဟုတ်။ ဖြစ်လည်းဖြစ်သကဲ့သို့ ထို့အတူပင် နာမ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ။ မိမိ၏တန်ခိုးအစွမ်းဖြင့်မဖြစ်ပေါ်နိုင်။ ထိုသို့သွားခြင်းစသော ကြိယာတို့၌မဖြစ်နိုင်၊ ရုပ်သည်လည်း တန်ခိုးအစွမ်းသတ္တိ မရှိ။ မိမိ၏တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်။ ထိုသို့မြင်ခြင်း စသောကြိယာတို့၌မဖြစ်နိုင်။ ထိုနာမ်ရုပ်နှစ်ပါး

တို့မှာ အချင်းချင်းကို မှီ၍ ဖြစ်ပေါ်ခြင်းသည်လည်းကောင်း၊ မပြတ်ဖြစ်နေခြင်းသည်လည်းကောင်း၊ မရှိသည်မဟုတ် ရှိလည်းရှိသည်သာ ဖြစ်သည်။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၃၁-၂၃၄)

ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ။
ဝေမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။
ယထာ စ မနုဿေ နိဿာယ၊ နာဝါ ဂစ္ဆတိ အဏ္ဏဝေ။
ဝေမေဝ နာမံ နိဿာယ၊ ရူပကာယော ပဝတ္တတိ။
ဥဘော နိဿာယ ဂစ္ဆန္တိ၊ မနုဿာ နာဝါ စ အဏ္ဏဝေ။
ဝေဝံ နာမဉ္စ ရူပဉ္စ၊ ဥဘော အညောညဉ္စ နိဿိတာ။

ပင်လယ်ရေကြောင်းခရီးခ၌ လူတို့သည် လှေကိုမှီ၍သွားကုန်သကဲ့သို့ ထို့အတူပင်လျှင် ရုပ်ကိုမှီ၍ နာမ်အပေါင်းသည်ဖြစ်၏။

ပင်လယ်ရေကြောင်းခရီးခ၌ လှေသည်လည်း လူတို့ကိုမှီ၍သွားသကဲ့သို့ ထို့အတူပင်လျှင် နာမ်ကိုမှီ၍ ရုပ်အပေါင်းသည်ဖြစ်၏။ ပင်လယ်ရေကြောင်းခရီးခ၌ လူတို့သည်လည်းကောင်း၊ လှေသည်လည်းကောင်း နှစ်ဦးလုံးတို့သည် အချင်းချင်းကိုမှီ၍သွားကုန်သကဲ့သို့ ထို့အတူပင်လျှင် နာမ်သည်လည်းကောင်း ရုပ်သည်လည်းကောင်းနှစ်ပါးတို့သည် အချင်းချင်းကိုမှီ၍ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၃၂)

**နာမရူပံ ဝဝတ္ထာပယတော သတ္တသည် အာဟိတဝိတ္တာ အသမ္မောဟ ဘူမိယံ ဌိတံ နာမရူပါနံ ယထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။ နာမရူပဝ ဝတ္ထာနန္တိပိ သခ်ါရပရိစ္ဆေဒေါတိပိ တေသေဝ အဓိဝစနံ။**

နာမ်ရုပ်ကိုပိုင်းခြား ဆုံးဖြတ်သောယောဂိပုဂ္ဂိုလ်၏ သတ္တဝါဟူသော အမှတ်သညာကို လွှမ်းမိုးကျော်လွန်၍ မတွေမဝေသိသောဉာဏ် အဆင့်၌တည်လျက် နာမ်နှင့်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာသိမြင်ခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိ-ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊ စင်ကြယ်သော ဉာဏ်အမြင် ဟူ၍သိရ၏။ **နာမရူပဝဝတ္ထာန** (နာမ်ရုပ်ကိုပိုင်းခြား ဆုံးဖြတ်သောဉာဏ်)

နှင့် **သခ်ါရပရိစ္ဆေဒ** (သခ်ါရတို့ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်ဟူသော အမည်) သည်လည်း **ဒိဋ္ဌိဝိသုဒ္ဓိ**၏အမည်ပင်ဖြစ်သည်။ (ဝိသုဒ္ဓိ၊ ၄၊ ၂၊ ၂၃၂)

**ဒုက္ခသစ္စဝဝတ္ထာနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ နာမရူပတော အညော အတ္တာ နတ္ထိတိ ဒဿနတော ဒိဋ္ဌိစ, အတ္တာဒိဋ္ဌိမလဝိသောဓနတော ဝိသုဒ္ဓိစ=** ဒုက္ခသစ္စာကို ပိုင်းခြားနိုင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ နာမ်ရုပ်မှ တပါးအခြားအတ္တမရှိဟု မြင်ခြင်းသည် ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ အညစ်အကြေးကင်းသောကြောင့် ဝိသုဒ္ဓိခေါ်သည်။ (ဋီကာကျော်၊ ၂၄၇)

## ကခ်ါဝိတရဏဝိသုဒ္ဓိ

"ငါသည် ရှေးအတိတ်က ဖြစ်မှုဖြစ်ခဲ့ဖူးလေရဲ့လား" စသော ယုံမှားမှု၊ "အလုံးစုံကိုအကုန်သိမြင်သော ဘုရားရှင်ဆိုတာရှိမှရှိနိုင်ပါ့မလား" စသော ယုံမှားမှုများကို "ကခ်ါ" ဟုခေါ်၏။ ထိုယုံမှားမှုတို့ကို လွန်မြောက်ကြောင်းဉာဏ်သည် ကခ်ါဝိတရဏမည်၏။ ထိုဉာဏ်သည်ပင် အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိတည်းဟူသော အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်းမည်၏။

**နာမရူပသ ပစ္စယပရိဂ္ဂဟဏေန တီသုအဒ္ဓါသု ကခ် ဝိတရိတ္တာ ဌိတံ ဉာဏံ ကခ်ါဝိတရဏဝိသုဒ္ဓိနာမ။**

နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းဖြင့် သုံးပါးသောအဓွန့်ကာလတို့၌ ယုံမှားကိုလွန်မြောက်၍တည်သောဉာဏ်သည် ကခ်ါ ဝိတရဏဝိသုဒ္ဓိ (ယုံမှားကို လွန်မြောက်လျက်စင်ကြယ်သောဉာဏ်)မည်၏။

**အဝိဇ္ဇာဒယော တယော ဂ္ဂမသ ကာယသ မာတာဝိယ ဒါရကသ ဥပနိဿယာ ဟောန္တိ။ ကမ္မံ ပိတာဝိယ ပုတ္တသ ဇနကံ။ အာဟာရော မာတိဝိယ ဒါရကသ သန္ဓာရကော။**

အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော သုံးပါးသော အကြောင်းတို့သည် "အမိသည် သားသူငယ်၏ မှီရာဖြစ်သကဲ့သို့" ဤရုပ်ကိုယ်၏

မှီရာဥပနိဿယ ဖြစ်ကုန်၏။ အဘာသည် သားကိုဖြစ်စေသကဲ့သို့ ကံသည် ဖြစ်စေတတ်၏။ နို့ထိန်းသည် သူငယ်ကို ကျွေးမွေးပြုစုလျက် ကောင်းစွာ ဆောင်သကဲ့သို့ အာဟာရသည် ကောင်းစွာဆောင်တတ်၏ ဟူ၍ အကြောင်း အထောက်အပံ့ကို သိမ်းဆည်း၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၃၃-၂၃၄)

**တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နာမ၊ ပစ္စယပရိဂ္ဂဟောတိ နာမဉ္စ ရူပဉ္စ ပဋိသန္ဓိယံ တာဝ အဝိဇ္ဇာ တဏှာ ဥပါဒါန ကမ္မဟေတုဝသေန နိဗ္ဗတ္တတိ၊ ပဝတ္တိယဉ္စ ရူပံ ကမ္မ စိတ္တ ဥတု အာဟာရပစ္စယဝသေန၊ နာမဉ္စ စက္ခုရူပါဒိနိဿယာရမ္မဏာဒိ ပစ္စယဝသေန။**

နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ပဋိသန္ဓေအခါ၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံအကြောင်း ကြောင့် နာမ်ရုပ်ဖြစ်သည်။ ပဝတ္တိအခါမှာ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းကြောင့် ရုပ်ဖြစ်သည်။ မျက်စိ, အဆင်း, စသည်မှီရာ အာရုံ စသောအကြောင်းကြောင့် နာမ်ဖြစ်သည်။

**နာမရူပပွဝတ္တိယာ ကမ္မာဒိပစ္စ ယသ ပရိဂ္ဂဏှနံ သမုဒယ သစ္စသ ဝဝတ္ထာနံ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ။**

နာမ်ရုပ်ဖြစ်ခြင်း၏ ကံစသောအကြောင်းကို သိမ်းဆည်းခြင်း သည်လည်းကောင်း၊ သမုဒယသစ္စာကို ပိုင်းခြားနိုင်ခြင်းသည်လည်း ကောင်း၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပါသည်။ (ဋီကာကျော်၊ ၂၄၇)

**စုတိပဋိသန္ဓိဝသေန ဝိဒိတသဗ္ဗမ္မသ သဗ္ဗာကာရေန နာမရူပသ ပစ္စယပရိဂ္ဂဟဉာဏံ ထာမဂတံ ဟောတိ၊ သောဠသဝိဓာ ကင်္ခါ သုဋ္ဌုတရံ ပဟီယတိ။ နု ကေဝလဉ္စ သာဝေ၊ 'သတ္တရိကခ်ံတိ' တိ အာဒိနယပ္ပဝတ္တာ အဋ္ဌဝိဓပိ ကင်္ခါ ပဟီယတိယေဝ၊ ဒ္ဝါသဋ္ဌိဒိट्ဌိဂတာနိ ဝိကွမ္ဘေန္တိ။ ဝေ၀ နာနာနယေဟိ နာမရူပပစ္စယ ပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကခ်ံ ဝိတရိတ္တာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။ ဓမ္မဋ္ဌိတိ ဉာဏန္တိပိ ယထာဘူတဉာဏန္တိပိ သမ္မာဒဿနန္တိပိ တေသော၀ါဓိ၀စနံ။**

အထူးထူးအပြားပြားသောနည်းတို့ဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းဖြင့် သုံးပါးသောအဓွန့်ကာလတို့၌ ယုံမှားကိုလွန်မြောက်၍ တည်သောဉာဏ်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ** (ယုံမှားကိုလွန်မြောက်လျက် စင်ကြယ်သောဉာဏ်) ဟူ၍သိအပ်၏။ **ဓမ္မဋ္ဌိတိဉာဏ်** (နာမ်ရုပ်တို့၏ တည်ကြောင်းတရားကိုသိသောဉာဏ်) ဟူသောအမည်သည်လည်း ကောင်း၊ **ယထာဘူတဉာဏ်** (ဟုတ်တိုင်းမှန်စွာသိသောဉာဏ်) ဟူသော အမည်သည်လည်းကောင်း၊ **သမ္မာဒဿနဉာဏ်** (မဖောက်မပြန်မှန်စွာ မြင်သောဉာဏ်)ဟူသောအမည်သည်လည်းကောင်း၊ ဤ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၏အမည်ချည်းသာဖြစ်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၃၉)

**ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။**

ယထာဘူတမည်သောကင်္ခါဝိတရဏဉာဏ်နှင့်ပြည့်စုံသော ဝိပဿနာ(ရှုသူ)ယောဂီသည် မြတ်စွာဘုရား၏ သာသနာတော်၌ ရအပ်ပြီး သော သက်သာရာရှိသည်ဖြစ်၍ ရအပ်ပြီးသော ထောက်တည်ရာရှိကာ မြဲသော ဂတိရှိသည်ဖြစ်သောကြောင့် စူဠသောတာပန်(သောတာပန်ငယ်) မည်ပေ၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၄၀)

* **အဝိဇ္ဇာနှင့်၊ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်။**

**အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျှော်။**

**ဗြဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။**

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ကမ္မဋ္ဌာန်းအစဉ်၌ မကျွမ်းကျင်သောယောဂီသည် ထိုသြဘာသ (အရောင်အလင်း) စသည်ကိုနှစ်သက်လျက် ကမ္မဋ္ဌာန်းလမ်း လွဲသော်လည်း ကျွမ်းကျင်သောယောဂီ၌ကား ဤသြဘာသစသည်တို့သည် တဏှာမာနဒိဋ္ဌိတို့၏ တည်ရာဖြစ်ရာ ဝိပဿနာစိတ်ကို ညစ်နွမ်းစေတတ်သော ဘေးရန်မျှသာဖြစ်၏၊

ဤသြဘာသစသည်ကို သာယာနှစ်သက်မှုသည် လမ်းမှန်မဟုတ်အမဂ္ဂတည်း၊ ဤသြဘာသစသည်ကို ဂရုမစိုက်ဘဲ အားထုတ်မြဲ ဝိပဿနာသာလျှင် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းမဂ္ဂတည်း" ဟု လမ်းမှန်မမှန်ကို ပိုင်းခြားတတ်သော ဉာဏ်ဖြစ်လာ၏၊ ထိုဉာဏ်သည် သာမန်သိရုံမျှမဟုတ်ဘဲ မဂ္ဂအမဂ္ဂကို မျက်စိဖြင့်ကြည့်ရသလို သိမြင်တတ်သောကြောင့် ဒဿနလည်းမည်၏။ ဝိပဿနုပက္လိုလေသတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်းမည်၏၊ ထို့ကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်သည်။

**အယံ မဂ္ဂေါ အယံ နမဂ္ဂေါတိ ဝေ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဉာတ္တာဌိတံ ဉာဏံ ပန မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနာမ။**

ရှုမြဲရှုလျက် လမ်းမှန်သွားသော ရှုသိမှုပညာသည် လမ်းမှန်တည်း၊ ဤသည်ကား လမ်းမှန်မဟုတ်ဟု လမ်းမှန်နှင့်လမ်းမှားကို (ပိုင်းခြား) သိမြင်၍တည်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (လမ်းမှန်နှင့်လမ်းမှားကို အသိအမြင်စင်ကြယ်သော ဉာဏ်ပညာ) မည်၏။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၇၄)

**'ကုသလောပန ပဏ္ဍိတောဗျတ္တော ဗုဒ္ဓိသမ္ပန္နော ယောဂါဝစရော သြဘာသာဒီသု ဥပ္ပန္နေသု အယံခေါ မေ သြဘာသော ဥပ္ပန္နော၊ သော ခေါ ပနာယံ အနိစ္စော သခ်ံတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မော' တိ ဣတိ ဝါ တံ ပညာယ ပရိစ္ဆိန္နတိ**

ဥပပရိက္ခတိ၊ အထ ဝါ ပန ဇေဝံ ဟောတိ၊ "သစေ ဩဘာသော အတ္တာ ဘဝေယျ၊ 'အတ္တာ'တိ ဂဟေတုံ ဝဋ္ဋေယျ၊ အနတ္တာစ ပနာယံ 'အတ္တာ' တိ ဂဟိတော၊ တသ္မာ သော အဝသဝတ္တနဋ္ဌေန အနတ္တာ၊ ဟုတ္တာ အဘာဝဋ္ဌေန အနိစ္စော ဥပ္ပါဒဝယ ပဋိပီဠနဋ္ဌေန ဒုက္ခော'တိ သဗ္ဗံ ဝိတ္ထာ ရေတဗ္ဗံ။

တတ်သိလိမ္ဘာပညာရှိသောအသိဉာဏ်နှင့် ပြည့်စုံသောယောဂီ ပုဂ္ဂိုလ်သည် ဩဘာသစသည်တို့ဖြစ်ပေါ်လာကုန်လတ်သော် "ငါ့အား ဤအရောင်အလင်းသည် ဖြစ်ပေါ်လာ၏၊ ထိုသို့ဖြစ်ပေါ်လာသော ဤ အရောင်အလင်းသည် မမြဲသောတရားတည်း၊ ပေါင်းစု၍ပြုအပ်သော သင်္ခါတတရားတည်း၊ အကြောင်းကိုစွဲ၍ဖြစ်သောတရားတည်း၊ ကုန်ခြင်း သဘောရှိ၏။ ပျက်ခြင်းသဘောရှိ၏။ ပျောက်ပြယ်ခြင်းသဘောရှိ၏ ချုပ်ခြင်းသဘောရှိ၏" ဟု ထိုအရောင်အလင်းကို ပညာဖြင့်ပိုင်းခြား ဆုံးဖြတ်၏၊ စူးစိုက်၍ရှုဆင်ခြင်၏၊ ထိုယောဂီအား ဤသို့မူလည်း ရှု ဆင်ခြင်မှုဖြစ်၏။ အရောင်အလင်းသည် အကယ်၍အတ္တဟုတ်ငြားအုံ၊ အတ္တဟုယူရန် သင့်ရာ၏။ သို့သော်လည်း အတ္တမဟုတ်ပါဘဲလျက် ဤ အရောင်အလင်းကို အတ္တဟုယူထား၏။ ထို့ကြောင့် ထိုအရောင်အလင်း သည် အလိုအတိုင်းမဖြစ်ခြင်းအနက်သဘောကြောင့်အတ္တမဟုတ်၊ ဖြစ်ပေါ် ပြီးလျှင် မရှိခြင်းပျောက်ကွယ်သွားခြင်းအနက်သဘောကြောင့် မမြဲ၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း အနက်သဘောကြောင့် ဆင်းရဲ တည်းဟု စသည်ဖြင့်အလုံးစုံကိုချဲ့၍ သိအပ်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊၂၇၄)

**သောဝေဝဥပပရိက္ခိတ္တာဩဘာသံ'နေတံမမ နေသောဟမသ္မိ၊ နမေသော အတ္တာ' တိ သမနုပဿတိ၊ ဥဏ္ဏံ။ ပ။ နိကန္တိ 'နေတံ မမ၊ နေသောဟသ္မိ၊ နမေသော အတ္တာ' တိ သမနုပဿတိ–**

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်းစူးစိုက်၍ ဆင်ခြင်ပြီးလျှင် အရောင်အလင်းကို "ဤအရောင်အလင်းသည် ငါ၏ဥစ္စာမဟုတ်၊ ဤ

အရောင်အလင်းသည်ငါမဟုတ်၊ ဤအရောင်အလင်းသည် ငါ၏အတ္တမဟုတ်” ဟုရှု၏။

ဩဘာသာဒယော ဓမ္မာ နာ မဂ္ဂေါ ဥပက္ကိလေသဝိမုတ္တံ ပန ဝိထိပဋိပန္နံ ဝိပဿနာဉာဏံ မဂ္ဂေါတိ မဂ္ဂဋ္ဌ အမဂ္ဂဋ္ဌ ဝဝတ္ထပေတိ။ တသ္မာ အယံ မဂ္ဂေါ၊ အယံ နာ မဂ္ဂေါတိ မဂ္ဂဋ္ဌ အမဂ္ဂဋ္ဌ ဉာတွာ ဒ္ဝိတံ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။

“ဩဘာသအစရှိသောတရားတို့သည် ဝိပဿနာ လမ်းရိုး လမ်းမှန်မဟုတ်။ ဥပက္ကိလေသမှလွတ်သော ရှုမြဲပါလျက် လမ်းမှန်သွားသောရှုသိမှု ဝိပဿနာဉာဏ်သည်သာလျှင် လမ်းမှန်တည်းဟု လမ်းမှန်ကို လည်းကောင်း၊ လမ်းမှားကိုလည်းကောင်း ပိုင်းခြားဆုံးဖြတ်၏။ လမ်းမှန်နှင့် လမ်းမှားကို (ပိုင်းခြား) သိမြင်၍ တည်သောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (လမ်းမှန်နှင့် လမ်းမှားကို အသိအမြင် စင်ကြယ်သော ဉာဏ်ပညာ) ဟူ၍သိရာ၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၇၄)

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

**အဌန္နံ ပန ဉာဏာနံ ဝသေန သိခါပ္ပတ္တာ ဝိပဿနာ နဝမ္ဗဿ သစ္စာနုလောမိကဉာဏန္တိ အယံ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ။**

ရှစ်ပါးသောဉာဏ်တို့၏ အစွမ်းအားဖြင့် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာနှင့် ကိုးခုမြောက်သော သစ္စာနုလောမိကဉာဏ်ဟူသော ဤဝိပဿနာဉာဏ်အပေါင်းသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ (အရိယာမဂ်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော စင်ကြယ်သောဉာဏ်အမြင်) မည်၏။

အဌန္နန္တိ စေတ္ထ ဥပက္ကိလေသဝိမုတ္တံ ဝိထိပဋိပန္နဝိပဿနာသင်္ခါတံ ဥဒယဗ္ဗယာနုပဿနာဉာဏံ, ဘင်္ဂါနုပဿနာဉာဏံ, ဘယာနုပဿနာဉာဏံ, အာဒီနဝါနုပဿနာဉာဏံ, နိဗ္ဗိဒါနုပဿနာဉာဏံ, မုဉ္စိတု

ကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ်, သင်္ခါရုပေက္ခာဉာဏ်တို့ ကျွမာနိ အဌဉာဏာနိ ဝေဒိတဗ္ဗာနိ။

ရှစ်ပါးဟူရာ၌...

၁။ ညစ်နွမ်းမှုမှလွတ်သော ရှုမြဲရှုလျက်လမ်းမှန်သွားသော ဝိပဿနာဟုဆိုအပ်သော ဖြစ်ပျက် မြင် ဉာဏ်-**ဥဒယဗ္ဗယ ဉာဏ်**။

၂။ အပျက်ကိုသာအဖန်ဖန်ရှုမြင်ဉာဏ်-**ဘင်္ဂါနုပဿနာဉာဏ်**။

၃။ ကြောက်မက်ဖွယ်ဘေးဟုထင်မြင်ဉာဏ်-**ဘယာနုပဿနာ ဉာဏ်**။

၄။ အပြစ်ဟုအဖန်ဖန်ရှုမြင်ဉာဏ်-**အာဒီနဝါနုပဿနာဉာဏ်**။

၅။ ငြီးငွေ့ဖွယ်ဟုအဖန်ဖန်ရှုမြင်ဉာဏ်-**နိဗ္ဗိဒါနုပဿနာဉာဏ်**။

၆။ လွတ်မြောက်မှုကိုအလိုရှိ၍ပြုကျင့်သောဉာဏ်-**မုဉ္စိတုကမျတာဉာဏ်**။

၇။ လွတ်မြောက်ဖို့ရန် ဘာဝနာတရားကို အင်တိုက်အားတိုက် အားထုတ်ရှုမှတ်ဉာဏ်-**ပဋိသင်္ခါနုပဿနာဉာဏ်**။

၈။ ပြုပြင်မှုသင်္ခါရတို့ကို လျစ်လျူရှုဉာဏ်-**သင်္ခါရုပေက္ခာဉာဏ်** တို့ကို သိမှတ်ရသည်။

**နဝမ် သစ္စာနုလောမိကဉာဏ်နှင့် အနုလောမသော်တဲ့ အဓိဝစန်=** ကိုးခုမြောက် သစ္စာနုလောမဉာဏ် (အမှန်သစ္စာကိုသိမြင်ခြင်းငါ သင့်လျော်သောဉာဏ်)သည် အနုလောမဉာဏ်၏ အမည်ဖြစ်ပါသည်၊ ဖော်ပြပါ ဉာဏ်ကိုးပါးသည် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** ဖြစ်ပါသည်။

(ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၂၇၆)

## ဉာဏဒဿနဝိသုဒ္ဓိ

### သောတာပတ္တိမဂ္ဂေါ် သကဒါဂါမိမဂ္ဂေါ် အနာဂါမိမဂ္ဂေါ် အရဟတ္တ

**မဂ္ဂါတိ ဣမေသု ပန စတူသု မဂ္ဂေသု ဉာဏံ ဉာဏဒဿနဝိသုဒ္ဓိ နာမ။**

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ဟူသော ဤလေးပါးသောမဂ်တို့၌ ဖြစ်သောဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင်၏ စင်ကြယ်ခြင်း-စင်ကြယ်သောဉာဏ်အမြင်) မည်၏။ (ဝိသုဒ္ဓိ၊ ၆၊ ၂၊ ၃၁၂)

**သီ, ပယ်, ဆိုက်, ပွား၊ လေးပါးအချက်၊ တစ်ပြိုက်နက်၊ မဂ်၏ ကိစ္စတည်း** ဟု ဆိုပါသည်။

မဂ်ဉာဏ်သည် ကိစ္စလေးချက်ကို တပြိုင်နက်ဖြစ်စေသည်။ ဆီမီးသည် မီးစာကိုလောင်၏။ အမှောင်ကို ပယ်ဖျောက်စေ၏၊ အလင်းရောင်ကိုဖြစ်ပေါ်စေ၏၊ ဆီကိုကုန်ခမ်းစေတတ်၏ဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေသကဲ့သို့ မဂ်ဉာဏ်သည်လည်း ဆင်းရဲအမှန် ဒုက္ခသစ္စာကို ဤမျှသာရှိ၏ဟု ပိုင်းခြား၍သိခြင်း ပရိညာကိစ္စ၊ သမุဒယသစ္စာ- တဏှာလောဘကို ပယ်စွန့်ခြင်း ပဟာနကိစ္စ၊ နိရောဓသစ္စာ-နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော သစ္ဆိကိရိယာကိစ္စ၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်စေခြင်း ဘာဝနာကိစ္စဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေပါသည်၊ ၄င်းမဂ်ဉာဏ်ကိုပင် ဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ပါသည်။

(သင်္ဂြိုဟ် ဘာဋီ၊ ၇၁၃)

"သီပယ်ဆိုက်ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်၊ မဂ်အသေ၊ ဖိုလ်အရှင်" ဟု ဆိုကြသည်။ **မဂ္ဂါဘိညာ သကိ မတာ** ဟု ဆိုသည် မဟုတ်ပါလော။

## ဉာဏ်စဉ် (၁၆)ပါး

၁။ နာမ်ရုပ်သဘာဝ၊ ပိုင်းခြားပြ၊ နာမရူပ ပရိစ္ဆေဒဉာဏ်။

၂။ နာမ်ရုပ်မှီ၊ ဖြစ်ကြောင်းပြ၊ ပစ္စယ ပရိဂ္ဂဟဉာဏ်။

၃။ နာမ်ရုပ်ဖြစ်စဉ်၊ လက္ခဏာတင်၊ ဆင်ခြင် သမ္မသနဉာဏ်။
၄။ နာမ်ရုပ်ဝမ္မ၊ ဖြစ်ပျက်ပြ၊ ဥဒယဗ္ဗယဉာဏ်။
၅။ နာမ်ရုပ်ဝမ္မ၊ ပျက်သာပြ၊ မုချ ဘင်္ဂဉာဏ်။
၆။ နာမ်ရုပ်ဝမ္မ၊ ကြောက်ဖွယ်ပြ၊ မြင်က ဘယဉာဏ်။
၇။ နာမ်ရုပ်ဝမ္မ၊ အပြစ်ပြ၊ အာဒီနဝဉာဏ်။
၈။ နာမ်ရုပ်ခန္ဓာ၊ ငြီးငွေ့လာ၊ မှတ်ပါ နိဗ္ဗိဒါဉာဏ်။
၉။ နာမ်ရုပ်သင်္ခါရ၊ လွတ်လိုက၊ မုစ္စိတုကမျတာဉာဏ်။
၁၀။ နာမ်ရုပ်သင်္ခေါစု၊ ထပ်မံရှု၊ ခေါ်မှု ပဋိသင်္ခါဉာဏ်။
၁၁။ နာမ်ရုပ်စုစု၊ လျစ်လျူပြု၊ သင်္ခါရုပေက္ခာဉာဏ်။
၁၂။ ရှေ့နောက်ဉာဏ်စု၊ ပေါင်းကူပြု၊ အနုလောမဉာဏ်။
၁၃။ ပုထုဇဉ်ပြတ်၊ ရိယာဇတ်၊ ချဉ်းကပ် ဂေါတြဘူဉာဏ်။
၁၄။ နိဗ္ဗာန်အေးမှု၊ အာရုံပြု၊ လေးခု မြတ်မဂ်ဉာဏ်။
၁၅။ မဂ်အရသာ၊ ခံစားတာ၊ လေးဖြာ ဖလဉာဏ်။
၁၆။ မဂ် ဖိုလ် နိဗ္ဗာန်၊ ဆင်ခြင်ပြန်၊ ခေါ်ရန် ပစ္စဝေက္ခဏာဉာဏ်။
(က) ဉာဏ်စဉ် ဆယ့်ခြောက်ဝ၊ ကျင့်လျှင်ရ၊ ဝမ္မစွမ်းရည်မှန်။
(ခ) ဉာဏ်စဉ်ဖောက်ထွင်း၊ အမှောင်ကင်း၊ လင်းရှင်းအေး နိဗ္ဗာန်။
(ဂ) မဂ်ဖိုလ်နိဗ္ဗာ၊ ရလိုမှု၊ ကျင့်ဖြူ ပညာဉာဏ်။
(ဃ) ဘာဝနာအလုပ်၊ အနှစ်ထုတ်၊ အချုပ်ပညာဉာဏ်။

၁။ နာမရူပပရိစ္ဆေဒဉာဏ် = ဤကားနာမ်၊ ဤကားရုပ်ဟု ခွဲခြားသိသောဉာဏ်။
၂။ ပစ္စယပရိဂ္ဂဟဉာဏ် = နာမ်ဖြစ်ပေါ်ခြင်း အကြောင်းတရား၊ ရုပ်ဖြစ်ပေါ်ခြင်းအကြောင်းတရားတို့ကို သိမ်းကျုံး စုစည်းသိမြင်နိုင်သောဉာဏ်။

| | | |
|---|---|---|
| ၃။ **သမ္မသနဉာဏ်** | = | ရုပ်သဘော, နာမ်သဘောတို့ကို လေ့လာသုံးသပ်သောဉာဏ်။ |
| ၄။ **ဥဒယဗ္ဗယဉာဏ်** | = | ရုပ်နာမ်အဖြစ်အပျက်တို့ကို သိမြင်သောဉာဏ်။ |
| ၅။ **ဘင်္ဂဉာဏ်** | = | ရုပ်နာမ်တို့၏အဖြစ်ကို မမီလိုက် ဘဲအပျက်ကိုသာ မီလိုက် သိမြင်လိုက်သောဉာဏ်။ |
| ၆။ **ဘယဉာဏ်** | = | ရုပ်နာမ်နှစ်ပါးတို့၏ အဖြစ်အပျက်ကို "ဘေး" ဟူ၍ ရှုမြင်သောဉာဏ်။ |
| ၇။ **အာဒီနဝဉာဏ်** | = | ထိုဘေးကို "အပြစ်" ဟူ၍ ရှုမြင်သောဉာဏ်။ |
| ၈။ **နိဗ္ဗိန္ဒဉာဏ်** | = | ရုပ်နာမ်နှစ်ပါးတို့၏အဖြစ်အပျက်တွေအပေါ် ငြီးငွေ့လာသောဉာဏ်၊ မလိုချင် မတွယ်တာဖြစ်လာသောဉာဏ်။ မုန်းလာသောဉာဏ်။ |
| ၉။ **မုစ္စိတုကမျတာဉာဏ်** | = | ဖြစ်ပျက်ဒုက္ခသစ္စာကြီးမှ လွတ်မြောက်လိုသော ဉာဏ်။ |
| ၁၀။ **ပဋိသင်္ခါဉာဏ်** | = | ထိုဒုက္ခတို့မှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ဆင်ခြင်သောဉာဏ်။ |
| ၁၁။ **သင်္ခါရုပေက္ခာဉာဏ်** | = | သင်္ခါရတရားတွေချည်း (အဖြစ်အပျက်တွေချည်း) ရှုမြင်နေသောဉာဏ်။ |
| ၁၂။ **အနုလောမဉာဏ်** | = | မဂ် ဖိုလ် နိဗ္ဗာန်ရဖို့အလျော်ဖြစ်သော ဉာဏ်။ |

၁၃။ ဂေါတြဘူဉာဏ် = ပုထုဇဉ်အနွယ်ကို ဖြတ်၍အရိယာ
အနွယ်ကို ဖြစ်စေတတ်သောဉာဏ်။
၁၄။ မဂ္ဂဉာဏ် = နိဗ္ဗာန်ကို မြင်သောဉာဏ်။
၁၅။ ဖိုလ်ဉာဏ် = နိဗ္ဗာန်ကိုပင် မြင်သောဉာဏ်။
၁၆။ ပစ္စဝေက္ခဏာဉာဏ် = ရခဲ့ပြီးတရားတို့ကို ပြန်လည်ဆင်
ခြင်သောဉာဏ်”

ဟူ၍ဉာဏ်စဉ်(၁၆)ပါးရှိသည်။

လောကီ –လောကုတ္တရာရော၍နေသည်။

❖

## ဝိပဿနာဉာဏ်(၁၀)ပါး

ဉာဏ်စဉ် ၁၆–ပါးတွင် ဝိပဿနာ ရှုဉာဏ်သက်သက်ဆိုင်ရာမှာ ဉာဏ်(၁၀)ပါး ပါရှိသည်။

**၁။ သမ္မသနဉာဏ်**
**၂။ ဥဒယဗ္ဗယဉာဏ်**
**၃။ ဘင်္ဂဉာဏ်**
**၄။ ဘယဉာဏ်**
**၅။ အာဒီနဝဉာဏ်**
**၆။ နိဗ္ဗိဒါဉာဏ်**
**၇။ မုစ္စိတုကမျတာဉာဏ်**
**၈။ ပဋိသင်္ခါဉာဏ်**
**၉။ သင်္ခါရုပေက္ခာဉာဏ်**
**၁၀။ အနုလောမဉာဏ် တို့ဖြစ်ကြသည်။**

**ဉာဏ်စဉ်လက်ာ**

**– ရုပ်နာမ်ခန္ဓာ, ပိုင်းခြားတာ, သညာပရိစ္ဆေဒဉာဏ်။**

- အကြောင်းကိုမျှ, သိမ်းဆည်းက, ပစ္စယ ပရိဂ္ဂဟာဉာဏ်။
- သုံးဖြာလက္ခဏာ, သုံးသပ်ရ, သမ္မသနဉာဏ်။
- ဖြစ်မှုပျက်မှု, အစုံရှု, ဥဒယဗ္ဗယဉာဏ်။
- အပျက်ကိုသာ, ရှုတုံပါ, မှတ်ပါဘင်္ဂဉာဏ်။
- ကြောက်ဖွယ်ထွေထွေ, မြင်တုံပေ, မှတ်လေ ဘယဉာဏ်။
- ကိုးရာမရှိ, ခက်မှန်းသိ, အာဒီနဝဉာဏ်။
- ငြီးငွေ့သောထွေ, စိတ်အနေ, မှတ်လေ နိဗ္ဗိဒါဉာဏ်။
- လျှင်မြန်တစိ, လွတ်လိုဘိ, မုစ္စိတုကမျတာဉာဏ်။
- ဘာဝနာလေးဆယ်, အကျယ်ဖြန့်ချီ, အားတိုက်ဖိ, ပဋိသင်္ခါဉာဏ်။
- သင်္ခါရဝယ်, မငြိတွယ်, မှတ်ဖွယ်သင်္ခါရုပေကွာဉာဏ်။
- ရှေ့နောက်ဉာဏ်စု၊ ပေါင်းကူပြု၊ အနုလောမဉာဏ်။

## ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး

ဒီလို ဉာဏ်စဉ်တွေ ရှိကြသော်လည်း မိုးကုတ်ဆရာတော်ကြီးကမူ ရှိသမျှအကုန်ထုတ်ဖော်ဟောမိန့်လေ့သိပ်မရှိ၊ ယောဂီတို့ဉာဏ်မှာ ရှုပ်ထွေးကုန်မှာ စိုးသည်လို့ ဆိုဖူးတယ်။ ဒါကြောင့် အရေးကြီးတဲ့ဉာဏ် (၃)မျိုးသာ အများအားဖြင့် ထုတ်ဖော်ဟောမိန့်လေ့ရှိတယ်။

၁။ **ဥဒယဗ္ဗယဉာဏ်** = ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်သောဉာဏ်။

၂။ **နိဗ္ဗိန္ဒဉာဏ်** = အဖြစ်အပျက်တို့အပေါ်မှာ မတွယ်တာမုန်းလာသောဉာဏ်။

၃။ **မဂ်ဉာဏ်** = အဖြစ်အပျက်တို့၏အဆုံး အဖြစ်အပျက်တွေ မရှိရာနိဗ္ဗာန်) ကို မြင်သောဉာဏ်

အစအလယ်အဆုံးမျှသာ ဖော်ပြလေ့ရှိတယ်။

ဝိပဿနာဉာဏ်၏အစ ဥဒယဗ္ဗယ အဖြစ်အပျက်မြင်၊ အလယ်ပိုင်းနိဗ္ဗိန္ဒ ဖြစ်ပျက်မှုန်း၊ အဆုံးပိုင်း မဂ်ဉာဏ်ဖြစ်ပျက်အဆုံးကိုမြင်၊ ဤမျှသာ အရေးကြီးသောဉာဏ်တို့ကို ထုတ်ဖော်ဟောမိန့်လေ့ရှိတယ်။ အတိုချုပ်အားဖြင့် **ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှုန်း၊ ဖြစ်ပျက်ဆုံး** တို့ဖြစ်တယ်။

မီးရထားကြီးဟာ သံလမ်းဘေးတွင် ရှိသမျှဘူတာစဉ်တို့ကို ဖြတ်သန်းကျော်လွှားသွားတယ်။ မည်သူ့ကိုမျှ ချန်မထားခဲ့ပါ။ သို့ရာတွင် သေးငယ်သော ဘူတာရုံကလေးတို့ကို အမှတ်မထားခဲ့၊ ကြီးမားထင်ရှားသော ဘူတာရုံကြီးတို့ကိုသာ အမှတ်ထားသကဲ့သို့- တရားအားထုတ်၍ တရားရသွားသော ယောဂီပုဂ္ဂိုလ်ဟာ အသေးစားဉာဏ်ကလေးတို့ကို ဖြတ်သန်းသွားခဲ့သော်လည်း အမှတ်မထားခဲ့၊ ကြီးမားထင်ရှားတဲ့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှုန်း၊ ဖြစ်ပျက်ဆုံးတို့ကိုသာ အမှတ်ထားခဲ့တယ်ပေါ့။

## ဉာဏ်စဉ်အကျဉ်း, အကျယ်

မိုးကုတ်ဆရာတော်ကြီးသည် ဉာဏ်စဉ်(၁၀)ပါးကို တစ်ခုချင်းရေတွက်မပြသည်မှလွဲ၍ သဂါထာနှာတင် ပါဠိပိဋ္ဌကတ်ကျမ်းစာလာ ဝိပဿနာဉာဏ်များကိုသာ ဟောနေခြင်းဖြစ်ပါသည်။ ဉာဏ်စဉ်နှစ်ပါးပဲဆိုဆို၊ သုံးပါးပဲပြောပြော၊ (၁၀)ပါး၊ (၁၆) ပါးပဲ စာရင်းပြုပြု၊ သဂါထာနှာတင်ပါဠိကျမ်းစာများ၌ပါသည်ချည်းဖြစ်ပါသည်။ ကျဉ်းသည်နှင့် ကျယ်သည်ပဲကွာခြားပါသည်။ အကျယ်ကိုပြောလျှင် အကျဉ်းသည် အကြေးဝင်သကဲ့သို့ အကျဉ်းကိုပြောလျှင်လည်း အကျယ်သည် ပါဝင်ပြီးဖြစ်ပါသည်။ ဉာဏ်အကျယ်ကို လိုလားသူက အကျယ်အတိုင်းပြောပါလိမ့်မည်၊ အကျဉ်းလိုလားသူကလည်း အကျဉ်းကိုပြောမည်သာဖြစ်ပါသည်။

ဒကာဒကာမတွေ ယနေ့ညဟောရမှာက သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟောရမယ်၊ အရှင်ဘုရား ဘယ်ကလာပါလိမ့်မလဲ၊

တပည့်တော်တို့ကဖြင့် ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုဉ္စိတုကမျှတာဉာဏ်နဲ့လုပ်လိုက်ရတာ ဖားနေပြီဘုရား၊ ဒီမှာ အားလုံးပဲ ရိပ်သာတွေရှိနေတာ၊ ဒီဉာဏ်စဉ်ပဲ ပြနေတာပဲ၊ အခုဘုန်းကြီး လာပြန်တော့ ဒီဉာဏ်စဉ်မပါပြန်ဘူး၊ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နဲ့ ဟောပြန်တယ်ဆိုတာ ဒကာ ဒကာမတွေမှာ ဗြုန်းခနဲဆိုတော့ အင်းဉာဏ်ကတိုလှချည်လား၊ တို့သိထားတဲ့ဉာဏ်က ဉာဏ်ရှည်ကြီးပါလားလို့ ဒကာဒကာမတွေ သံသယမရှိပေဘူးလား၊ (ရှိပါတယ်ဘုရား။) ရှိတာလား။

ဒါကိုလည်း အကုန်ရှင်းပေးပါမယ်ဆိုတဲ့ဥစ္စာ၊ ခင်ဗျားတို့သိတဲ့ ဉာဏ်တွေဟာ အဟောသိကံ မဖြစ်ပါဘူး၊ ကိုယ်က သစ္စာမသိလို့သာလျှင် သစ္စာမဖြစ်ရရှာတာပါ၊ စင်စစ် ခင်ဗျားတို့သိထားတာ ဘုန်းကြီးက သစ္စာဆိုင်းဘုတ်ဆွဲပေးလိုက်လို့ရှိရင် ဩော်-တို့သိတာ သစ္စာပါလားဆိုတာ အဖြေထွက်လာပါလိမ့်မယ်။ [(၁၀-၇-၆၂) ည ဟော၊ တိတ်ခွေ]

"ဒါဖြင့် ဒကာ ဒကာမတို့ သူကို ကိုယ်ပိုင်ရအောင် ကျုပ်တို့ ဘယ့်နယ်လုပ်မလဲဆိုတဲ့ အမေးထွက်လာတယ်။

ဖြစ်ပျက်ရှု၊ ဖြစ်ပျက်ရှုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ တစ်ခါတည်း ဖြစ်ပျက်တွေ မြင်လာမယ်။ မြင်ရင် ခင်ဗျားတို့ ဘုန်းကြီးပြောပြီ ကောဗျ၊ သုံးဉာဏ်ရပြီလို့ ပြောလိုက်တယ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်ကျအောင်ရတယ်။

ခယဝယတွေသာ မြင်လို့ရှိရင် သုံးဉာဏ်ရပါတယ်၊ဒါကို ပေါင်းခေါ်တော့ ယထာဘူတဉာဏ်။

သုံးဉာဏ်ကို ယထာဘူတဉာဏ်အဖြစ်နဲ့ရတော့ ဩော်... သူသည်ကားလို့ဆိုရင် ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်းသိလို့ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်လို့ ဘုရားကပေါင်းဟောလိုက်တာ။

အဲ... သူနာမည်ကလေးနဲ့သူ မှတ်ချင်လို့ရှိရင်တော့ သမ္မသနဉာဏ်၊ ဖြစ်ပျက်မြင်တဲ့ ဥဒယဗ္ဗယဉာဏ်၊ အပျက်ချည်းမြင်တဲ့ ဘင်္ဂဉာဏ်

ဆိုတာ ပေါ်လာတယ်။ အဲဒီကဲ့သို့ ဒကာ ဒကာမတို့ ဉာဏ်သုံးဉာဏ် ရပါတယ်ဆိုကတည်းက ဒါဟာ မဂ္ဂင်ငါးပါးပေါ်ပြီလို့ မှတ်လိုက်။ အဲ... ဖြစ်ပျက်ချည်း မြင်လို့ရှိရင်ပဲ ဉာဏ်သုံးဉာဏ်။ ပေါင်းခေါ်လိုက်ရင်တော့ (ယထာဘူတဉာဏ်ပါ ဘုရား။) စိတ်ပြီးခေါ်ရင် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ပေါင်းခေါ်လိုက်ရင် (ယထာဘူတဉာဏ်ပါ ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ဉာဏ်တွေ သိပ်ကျယ်ပြီး သကာလနေလို့ရှိရင်ဖြင့် သွားရမည့်ခရီးဟာ အဆင့်ဆင့်ဆိုတော့ လှေကား အဆင့်ဆင့်တက်တာ ပျင်းတာနဲ့မတက်မှာစိုးလို့ သုံးဉာဏ်နဲ့ဟောတယ်။ ကောင်းပြီ ဒါဖြင့် ဖြစ်ပျက်မြင်ရင် အဲ... ယထာဘူတဉာဏ်ရရင် မဂ္ဂင်ငါးပါးရတယ်။ ကောင်းပြီ ဒါဖြင့် ဒကာဒကာမတွေ ဘုန်းကြီးက သင်ထားတာဟာ ခင်ဗျားတို့ ဖြစ်ပျက်မြင်လို့ ယထာဘူတ ဉာဏ်ရပါပြီ၊ စိတ်လိုက်ရင်လည်း သုံးဉာဏ်ကိုယ်ပိုင်ရပါတယ်။

ဘုန်းကြီးက တစ်ခါဆုံးမပြန်တယ်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာမတွေ့ရပါဘုရား၊ ပျက်တာတွေပဲ တွေ့ကြတယ်၊ တွေ့ကြလို့ရှိရင်ဖြင့် တွေ့ပေမယ့်လည်း ဆက်ရှုပါဦး။ မပြောဘူးလား (ပြောပါတယ် ဘုရား)။ တပည့်တော်တို့ဖြင့် အပျက်ချည်းမြင်နေရပြီဘုရား။ အပျက်ချည်း မြင်ငြားသော်လည်း ဆက်ရှုပါဦး၊ မပြောဘူးလား (ပြောပါတယ် ဘုရား)။

ဒကာ ဒကာမတို့ ဒီအပျက်မြင်ပြီး သကာလ ဘယဉာဏ်ဘေး ထင်တယ်။ ဒီအပျက်တွေကို ဘေးသင့်နေတယ်လို့ ကိုယ့်ဟာ ကိုယ်ထင် ချင်လည်း ထင်လာတယ်။ ဒီအပျက်တွေဟာ အပြစ်သင့်နေတာလို့ကော (ထင်ပါတယ်ဘုရား)။ ဒါဖြင့် ဘယတို့ အာဒီနဝတို့ မလာဘူးလား (လာပါတယ်ဘုရား) ဒီအပျက်တွေ မြင်ပြီးသကာလ အမုန်းမလာဘူးလား (လာပါတယ်ဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတို့ မုန်းအောင်ရှုလို့

ဘုရားက ဟောပြန်တယ်။ ဒါဖြင့် အပျက်ကို မုန်းအောင်ရှုလိုက်တော့ ဒီအထဲမှာ ဘယအာဒီနဝ နိဗ္ဗိန္ဒပါ ပါတယ်။

မုန်းတဲ့ဉာဏ်ရရင်ပဲ ဘယ်နှစ်ဉာဏ်ပါပါလိမ့် (သုံးဉာဏ်ပါဘုရား) သုံးဉာဏ်ပဲ ဒကာဒကာမတို့၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) ဖြစ်ပျက်မြင်တုန်းက ဘယ်နှစ်ဉာဏ်ပါလိမ့် (သုံးဉာဏ်ပါ ဘုရား) အဲဒီသုံးဉာဏ်ကို ပေါင်းခေါ်လိုက်တော့ (ယထာဘူတဉာဏ်ပါ ဘုရား) ဖြစ်ပျက်မုန်းတော့လည်း (သုံးဉာဏ်ပါဘုရား) သုံးဉာဏ်ပဲ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မုန်းအောင်ရှုလို့ ဘုရားဟောတော်မူတာကော သဘောကျပလား (ကျပါပြီဘုရား) "ဝေမေတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" ဆိုပြီး ယထာဘူတဉာဏ်ကို ဟောလိုက်တယ်။ ဝေံပသဿံ ဘိက္ခဝေ ဝေဒနာယပိ နိဗ္ဗိန္ဒတိ" စသည်ဖြင့် ဟောခဲ့တော့ စိတ်ရှုရင် စိတ်ကို ငြီးငွေ့လာတာပဲ၊ ဝေဒနာရှုရင် ဝေဒနာငြီးငွေ့လာတာပဲဆိုပြီး ငြီးငွေ့တဲ့ဉာဏ်ကို ဘုရားက ဟောလိုက်တယ်။ ဟိုဟာတွေကြာတာလည်း မဟုတ်ဘူး၊ သိပ်လည်းထင်ရှားတာမဟုတ်တော့ ငြီးငွေ့တာသာ ထင်ရှားတယ်ဆိုပြီး ငြီးငွေ့တာကို ဟောလိုက်တယ်။

ဟုတ်တိုင်းမှန်စွာ မြင်တုန်းကလည်း ဉာဏ်သုံးပါး၊ ငြီးငွေ့တော့လည်း ဉာဏ်သုံးပါး ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒပါပဲ၊ ဘုန်းကြီးက တစ်ခါသင်ပြန်တယ်။ ဒကာဒကာမတွေ မဂ္ဂင်ရှစ်ပါး မပြည့်သေးဘဲကိုး၊ ရှစ်ပါး မပြည့်သေးတော့ လမ်းမတော်က ကောင်းကောင်းမဖြစ်သေးဘူး၊ လမ်းမြှောင်ကလေး ဖြစ်နေတယ်။

လမ်းမြှောင်ကလေးဖြစ်တော့ လမ်းမြှောင်ကလေးအတိုင်း ပြန်လိုက်တော့ လမ်းမတော်တွေ့ရမယ်။ စဉ်းစားကြည့်ကြပါ။ အဲဒီတော့ လမ်းမြှောင်ကလေးကို အရင်လိုက်ပါမှ လမ်းမတော် တွေ့မယ်။ သံယုတ်ပါဠိတော်ကျတော့လည်း သိပ်ရှင်းပါတယ်၊ ဘုရားမဖြစ်ခင် လမ်းမြှောင်

ကလေး အတော် ရှာရတယ်ဟေ့တဲ့။ မဂ္ဂင်ငါးပါး အတော်ရှုရတယ် ပြောတာ။

အဲဒီ လမ်းမြှောင်ကလေးက အစဉ်အတိုင်းလိုက်သွားတော့မှကွာ၊ လမ်းမတော်ကြီးတွေ့မယ်၊ လမ်းမတော်ကြီးအတိုင်း လိုက်သွားမှ နိဗ္ဗာန်မြို့တော်ကြီးတွေ့တယ်တဲ့။ ဒါဖြင့် လမ်းမြှောင်မတွေ့ဘဲနဲ့ လမ်းမတော် ရောက်ချင်လို့လည်းမရပါ။ ဒါကြောင့် ယထာဘူတဉာဏ်နဲ့လည်း လမ်းမြှောင်ကလေးတွေ့ရမယ်။ နိဗ္ဗိန္ဒဉာဏ်နဲ့ကော။ အဲဒီတော့ လမ်းမြှောင်ကလေးတွေ့တာချည်းပဲ၊ လမ်းမြှောင်ကလေးဆုံးပလားလို့မေးရင် မဆုံးသေးဘူး ဒကာဒကာမတို့၊ မဂ္ဂင်ငါးပါးရှိသေးတာပဲ၊ ငါးပါးဟာ လမ်းငယ်ကလေးချည်းမှတ်၊ ရှစ်ပါးပြည့်ရင် လမ်းမတော်ကြီး ပြည့်ပြီလို့မှတ်။ ကိုင်း... ဒါဖြင့် ဘုန်းကြီးသင်ပြန်တယ်။ ဘုရားတပည့်တော်တို့ရှုရတာ ထ,တောင်ပြေးချင်တယ်၊ ရှုတောင်မရှုချင်တော့ဘူး။ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တွေ တချို့ဒီလိုလာလျှောက်တယ်။ အေး... မင်းတို့ ထမပြေးနဲ့၊ ဒီဥစ္စာ ထပြေးခဲ့လို့ရှိရင် ကမ္မဋ္ဌာန်းအောက်ကျသွားလိမ့်မယ်၊ ယထာဘူတဉာဏ်ပြန်ကျသွားလိမ့်မယ်။ ရှုတာတော့ အပျက်မြင်အောင်ရှု။ ဘာပဲ ရှုရှုဆိုတာတော့ ပြောပြီးပြီ။

ကိုင်း... ဒါနဲ့ နိဗ္ဗိန္ဒဉာဏ်ကျအောင်ပဲ ဉာဏ်သုံးဆင့်မှာ နှစ်ဆင့် တက်လာပြီ။ နှစ်ဆင့်သာ တက်လာတယ်။ ဉာဏ်က ခြောက်ခုတောင် ပြည့်သွားပြီ။ ခြောက်ခုပြည့်ငြားသော်လည်း လမ်းမြှောင်ကလေးပဲရှိသေးတယ်။ ဒီလမ်းမြှောင်ကလေးနဲ့လည်း စိတ်အေးလက်အေး မနေလိုက်ပါနဲ့ ဆိုတာ ဆရာဘုန်းကြီးက ပြောပြန်တယ်။ လမ်းမြှောင်ကလေးဆိုတာမျိုး ဟာမသေချာဘူး၊ လမ်းမတော် မရောက်သေးဘူး၊ လမ်းမတော်ရောက်မှ သာလျှင် နိဗ္ဗာန်ကြီးနဲ့သူ တိုက်ရိုက်ဖြူးဖြူးဖြောင့်ဖြောင့်မြင်မှာကိုး။

လမ်းမြှောင်ကလေးကနေကြည့်တော့ တစောင်းကြည့်ဖြစ်နေတယ်၊ တစောင်းကြည့်ဆိုတော့ မြင်ပါ့မလား (မမြင်ရပါဘုရား) အဖြောင့်

အကျယ်ကနေ ကြည့်လိုက်ရင်တော့ (မြင်ရပါတယ်ဘုရား)။ အဲဒါကြောင့် ရှစ်ပါးမပြည့်သရွေ့ ကာလပတ်လုံး လမ်းမြှောင်ကလေးလို့ ဘုရားက ဟောတယ်။ သံယုတ်ပါဠိတော်မှာ လာတယ်။

အဲဒီတော့ ကျုပ်တို့ဖြင့် ဝိပဿနာရှုနေပြီ၊ ဖြစ်ပျက်တွေလည်း မြင်နေပြီ၊ ဖြစ်ပျက်တွေလည်း ကျုပ်တို့ဖြင့် မုန်းပါပြီလို့ လက်မလျှော့လိုက်ပါနဲ့ဦးဆိုတာ တောင်းပန်ပါတယ်။

လမ်းမတော်တက်မိအောင် ကြိုးစားပါဦး၊ ဒီလမ်မြှောင်ကလေးက မှားချင်လည်း မှားနိုင်သေးတယ်။ လမ်းမတော်ပေါ် ကျုပ်တို့မရောက်သေးတော့ ဟောဟိုက ကျုပ်တို့သွားချင်တဲ့နေရာပဲဆိုလို့ရရဲ့လား (မရပါဘုရား) လမ်းမကြီးရှာနေတုန်း ဖြစ်နေတယ်။ အဲဒါကြောင့် သာသနာတွင်းတရားကိုပဲ ဘုန်းကြီးကပြောဆိုနေတဲ့အတွက် မုန်းပေမယ့်လည်း ဒကာ ဒကာမတို့သန္တာန်မှာရှိတဲ့ စိတ်ဖြစ်ပျက် ဝေဒနာ ဖြစ်ပျက်ကြိုက်ရာကို ဉာဏ်နဲ့လျှော်ရာကိုဖြင့် ဆက်ပြီးရှုပါဦး။ သတိပေးလိုက်တယ်။ မုန်းမုန်းနဲ့ပဲ ဆက်လက်ပြီး ရှုပါဦး။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ လမ်းမတော်ကြီးရောက်အောင်တော့ ဆက်ရှုမှပဲရောက်မယ်။ အခုတော့ဖြင့် ငြီးငွေ့နေပြီ ဆိုကြပါစို့နော်။ ငြီးငွေ့နေရုံနဲ့ မရသေးပါဘူး။ မရပ်ပါနဲ့ဦးလို့ ဒကာ ဒကာမတွေကို ပြောရမယ်။ နိဗ္ဗိန္ဒဉာဏ်ပြီးတော့ လွတ်ချင်တဲ့ဉာဏ် ဖြစ်အောင်၊ သြော်...ဒီဖြစ်ပျက်မှ လွတ်ချင်တဲ့သဘော ဖြစ်ပျက်တွေနဲ့ဖြင့် နေပဲမနေချင်ဘူး၊ လွတ်ချင်ပြီ၊ ဒီအထဲ ကျွတ်ချင်လှချည့်ရဲ့ ကြည့်လိုက်တာက ခန္ဓာမှာမြင်နေတာကိုး။

ခန္ဓာဖြစ်ပျက်မြင်တော့ ဒီခန္ဓာမှ ကျွတ်လွတ်ချင်တဲ့ သဘောလာပါပြီဆိုလို့ရှိရင် မုဠိတုကမျှတာ ဉာဏ်နော်။ ဟာ ဒါဖြင့် ပေရှည်းမယ်ဆိုပြီး ပေရှလို့ရှိရင်ဖြင့် ပဋ္ဌိသခါဉာဏ်တဲ့၊ ကဲ... လွတ်လို့မှ မရသေးဘဲ၊ ဒီလို ကြည့်ရှုနေရမှာပဲ။ ပဋ္ဌိသခါဉာဏ်လာတယ်။

ပဋ္ဌိသခ်ီဉာဏ်ဆိုတာက လွတ်ချင်တဲ့ဉာဏ်ကို ဆက်လက်ပြီး ရှုရင် ပဋ္ဌိသခ်ီဉာဏ်ပြန်ဖြစ်တာပဲ။ ပဋ္ဌိသခ်ီဉာဏ်ပြီးတော့မှ သခ်ီရှုပေက္ခာဉာဏ်၊ က... လွတ်လည်း မလွတ်သေးတော့ကွာ၊ အရှိကို အသိနဲ့ ကြည့်နေရတော့မှာပဲဆိုပြီး ကြည့်နေတဲ့ဉစ္စာ သာယာနှစ်သက်မှုမရှိဘဲ ရှုနေတော့ သူ့ကို သခ်ီရှုပေက္ခာဉာဏ် ခေါ်တာပဲ။ နောက်ဆိုရင် အနုလောမဉာဏ်နဲ့ မဂ်ဉာဏ်လိုက်လာတာပဲ။

သခ်ီရှုပေက္ခာဉာဏ်ပြီးရင် အခုပြောခဲ့တဲ့ ဒကာဒကာမတွေ သိပြီးသားဖြစ်တဲ့ လွတ်ချင်တဲ့ဉာဏ်ဆိုတာလည်း တဏှာသေစပြုပြီ၊ ပဋ္ဌိသခ်ီဉာဏ် ဆက်ရှုတာလည်း သေစပြုတာပဲ။ တစ်ခါ သခ်ီရှုပေက္ခာဉာဏ်ဆိုပြီးသကာလ က... မင့်ဟာမင်း တက်စမ်းပါ၊ ငါ့ဟာငါ ကြည့်နေလိုက်မယ်လို့၊ မတက်နိုင်လို့ ကြည့်တာမဟုတ်၊ သူ့ကိုလိုချင်လို့ ကြည့်တာလည်းမဟုတ်၊ ဉပေက္ခာသဘောနဲ့ ကြည့်နေတာဆိုတော့ သူလည်း လွတ်ချင်တဲ့သဘောမရောက်ဘူးလား (ရောက်ပါတယ်)။

နောက်ကျလာတော့ ဒါတွေဟာ မလိုချင်တဲ့ဉာဏ်ထဲ အကုန်ပါတယ်။

ဒါကြောင့် မဂ်ဉာဏ်ဟာ သူတို့ နောက်တစ်ခါ ဆက်ပြီး အနုလောမဉာဏ်ပြီး ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်ဆိုတာက ဆိုင်းဘုတ်သာ ဆွဲတာ ဒကာဒကာမတို့ ရပ်လို့မရတဲ့ တရားတွေ၊ ရပ်လို့မရဘူးဆိုတဲ့ ဉစ္စာက အနုလုံ ဂေါတြဘူ မဂ်၊ ဖိုလ်ဆိုတဲ့ ဉစ္စာက တစ်ဝိထိတည်းပါ။

အဲဒီ တစ်ဝိထိကို သိကြား၊ ဗြဟ္မာ ဘုရားလာပြီးဖျက်လည်း ဒီလေးချက်က ကြားဖြတ်လို့ မရဘူး။ အဲဒါကြောင့် ဒါမျှားလှတယ်၊ မဂ်ဉာဏ်ထဲသူတို့ အပါအဝင်ပဲဆိုပြီး သကာလ မုဠိတုကမျှတာဉာဏ်၊ ပဋ္ဌိသခ်ီဉာဏ်၊ သခ်ီရှုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်တွေ ဒီအထဲ အကုန်သွင်းပစ်လိုက်တယ်။ စင်စစ် မလိုချင်တာချင်း အတူတူပဲ၊ မလိုချင်တာကလေးနဲ့ မလိုချင်တာကြီးပဲကွာတယ်။

ဒါကြောင့် မဂ်ဉာဏ်ထဲမှာ ခုနက ပြောတာတွေ လွတ်ချင်တဲ့ ဉာဏ်၊ ပဋိသခါဉာဏ်၊ သခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်ဆိုတာ ဆိုင်းဘုတ်သာဆွဲတာ၊ မဂ်ဉာဏ်ထဲ ဝင်သွားနိုင်တာပဲ။ ကျန်တဲ့ဉာဏ်တွေ မဂ်ဉာဏ်ထဲသာ သွင်းလိုက်တော့။ ဒီမဂ်ဉာဏ် ရတဲ့ အချိန်ကျတော့ ဘာဖြစ်သွားသတုံးမေးတော့ ဖျတ်ဆို ရှစ်ပါးပြည့်သွားတယ်။ အဲ... ရှေ့ပိုင်းက ရှုနေတာတွေ မလိုချင်တာ အစစ်ဖြစ်တဲ့အခါကျတော့ မဂ်ဉာဏ်အစစ် ဖြစ်တယ်။ "လောကတော ဥတ္တရတိတိ လောကုတ္တရံ" လောကမှထွက်မြောက်တဲ့ဉာဏ် ဖြစ်လာတယ်။

## ဉာဏ်စဉ်ကို အမှန်မြင်စေလို

[ဤနေရာ၌ မုံရွေး ဦးပညာရေးသော "ဉာဏ်စဉ်ကို အမှန်မြင်စေလို ဆောင်းပါးကိုလည်း အကျဉ်းချုံး၍ အသိဉာဏ် တိုးပွားစေရန် ရည်ရွယ်လျက် ဖော်ပြပါဦးမည်။]

"ဉာဏ်စဉ် ၁၀ ပါး၊ ၁၂ ပါး၊ ၁၆ ပါး၊ ဝိသုဒ္ဓိကျတော့ ခုနှစ်ပါးအစားစားပါလားဘုရား။ ဉာဏ်စဉ်အကျယ်တွေကို လိုက်မနေနဲ့။ အမောဆို့သွားမယ်၊ သုံးဉာဏ်ပဲ ရှိတယ်လို့လည်း ပြောကြပြန်တယ်။ အဲဒါဘယ်လိုလဲဘုရား၊ ဉာဏ်ဆိုတာဘာလဲ၊ ဉာဏ်တစ်ဉာဏ်ကို ဘယ်လို ပိုင်းခြားသတ်မှတ်ပါသလဲ၊ ဉာဏ်စဉ်နဲ့ဝိသုဒ္ဓိ အတူတူပဲလား၊ တခြားစီလား။ ယောဂီတစ်ယောက်က သိလိုရေးနှင့် မေးလျှောက်တယ်ဆိုပါစို့။

ဉာဏ်စဉ် ၁၀ ပါးဆိုတာက ဝိပဿနာဉာဏ်တွေကို ပြောတာပါ၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသခါဉာဏ်၊ သခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တွေပါပဲ၊ ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးနဲ့ ရှုမြင်တဲ့ ဝိပဿနာဉာဏ်တွေ ဖြစ်ပါတယ်။

"၁၂-ပါး ဆိုတာက"

"ပြောခဲ့တဲ့ ဝိပဿနာဉာဏ် ၁၀ ပါးရဲ့ရှေ့မှာ နာမရူပ ပရိစ္ဆေဒဉာဏ်ရယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ရယ်, နှစ်ဉာဏ်ပေါင်းထည့် ရေတွက်ထားတာ ဖြစ်တယ်"

"ရှေ့က နှစ်ဉာဏ်တိုးရခြင်းအကြောင်းကို မပြောမီ ဝိပဿနာဉာဏ် ၁၀ ပါးအကြောင်းကို ပြန်ပြောရဦးမယ်။ ရုပ်နာမ်တို့ကို အနိစ္စစတဲ့ လက္ခဏာရေး ၃ ပါးနဲ့ ရှုတာကို ဝိပဿနာလို့ခေါ်တယ်။ သမ္မသနစတဲ့ ဉာဏ်ဆယ်ပါးဟာ ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးနဲ့ ရှုသွားပါတယ်။ ဒါကြောင့် ပြောခဲ့တဲ့ဉာဏ် ၁၀ ပါးဟာ ဝိပဿနာအမည်ကိုရတဲ့ မုချ ဝိပဿနာဉာဏ်တွေဖြစ်တယ်"

"ဒါပေမဲ့ ဝိပဿနာရှုရာမှာ အနိစ္စစတဲ့ လက္ခဏာရေးသုံးပါးကို ရှုရှုချင်း မတွေ့ရဘူး။ ဆိုလိုတာက ရှုရှုချင်း သမ္မသနဉာဏ် ဖြစ်မလာဘူး။ ရုပ်နာမ်ကို ပိုင်းခြားရှုမြင်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ရယ်၊ နောက်ပြီး ဖြစ်ဆဲရုပ်နာမ်ကို အစဉ်အတိုင်း ရှုသွားရာက ရုပ်နာမ်ဖြစ်စဉ်ကြောင်းကျိုးသဘာဝကိုသိမြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ရယ် ဒီနှစ်ဉာဏ်က စဖြစ်တယ်။ သည်နှစ်ဉာဏ်ဖြစ်ပြီးမှ သမ္မသနဉာဏ်ဖြစ်တယ်။

သည်နှစ်ဉာဏ်က ရုပ်နာမ်နဲ့ ကြောင်းကျိုးကိုသာ သိမြင်တယ်၊ လက္ခဏာရေးသုံးပါးကို မသိမြင်ဘူး၊ ဒါကြောင့် သူတို့ဟာ ဝိပဿနာအမည်ကို မုချမရပေမယ်လို့ သူတို့ဖြစ်မလာဘဲနဲ့ သမ္မသနစတဲ့ ဝိပဿနာဉာဏ်တွေမဖြစ်နိုင်တာမို့ ဝိပဿနာမှာ ရှေ့ပိုင်းဥပစာနည်းအားဖြင့် မပါမပြီး မဖြစ်မနေပါနေပါတယ်၊ ဒ့ါကြောင့် ဝိပဿနာဉာဏ်ကို အခြေခံကျကျ ဥပစာကစပြောမယ်ဆိုရင် ၁၂ ဉာဏ်ပေါ့။ ၁၆ ဉာဏ်ကို ပြောရမယ်ဆိုရင် ပြောခဲ့တဲ့ ၁၂ ဉာဏ်ရဲ့နောက်မှာ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ လေးဉာဏ်ပေါင်းထည့်ရင် ၁၆ ဉာဏ် ဖြစ်လာတယ်"

"အရိယာပုဂ္ဂိုလ်ဟာ ပြောခဲ့တဲ့ ၁၂ ဉာဏ်မျှသာ ဖြစ်ခဲ့တာ မဟုတ်ဘူး။ အနုလောမဉာဏ်ရဲ့ နောက်မှာ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊

ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်။ လေးဉာဏ်ပေါင်းထည့်ရင် ၁၆ ဉာဏ် ဖြစ်လာတယ်”

“အဲသည် လေးဉာဏ်က လက္ခဏာရေး သုံးပါးကို အာရုံပြု ရှုသိတဲ့ ဝိပဿနာဉာဏ်တွေ မဟုတ်ကြဘူး။ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုကြတယ်။ ပစ္စဝေက္ခဏာဉာဏ်က ဖြစ်ခဲ့တဲ့ မဂ်ဖိုလ်၊ မြင်ခဲ့တဲ့ နိဗ္ဗာန်၊ ပယ်ခဲ့တဲ့ ကိလေသာ၊ မပယ်ရသေးတဲ့ ကိလေသာတွေကို ပြန်ဆင်ခြင်တယ်”

“ဒါဖြစ်ရင် မုချဝိပဿနာဉာဏ်က ၁၀ ပါး၊ ဥပစာပါယ္ယရင် ၁၂ ပါး၊ အရိယာ တစ်ဦးမှာဖြစ်ခဲ့တဲ့ ဉာဏ်အားလုံးဟာ ၁၆ ပါး ဖြစ်လာတယ်”

“သုံးဉာဏ်ဆိုတာကို ပြောပြမယ်”

“ဖြစ်စဉ်တစ်ခုကို ယေဘုယျအားဖြင့် အစအလယ်အဆုံး သုံးပိုင်းပိုင်းလေ့ရှိပါတယ်။ သုံးပိုင်းသဘာဝဟာ လူတိုင်း သိနေကျပါပဲ။ မိုးကုတ်ဆရာတော်ကြီးက ဖြစ်ပျက်ကိုအရင်းခံထားတယ်။ အများ ရှင်းခနဲသိလွယ်မြင်လွယ်အောင် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးရယ်လို့ သုံးပိုင်းပိုင်းပြီး ဟောကြားတော်မူပါတယ်”

“ဉာဏ်စဉ်တွေဟာ လိုက်ရမယ့်တရား မဟုတ်ပါဘူး”

“ရုပ် နာမ်အကြောင်းအကျိုး နာမရူပပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟ ဉာဏ်တွေက ဝိပဿနာထဲ မပါပါဘူး။ ငါက ဝိပဿနာယောဂီပဲ၊ အောက်ဉာဏ် နှစ်ဉာဏ်ကို ကျော်ထားခဲ့မယ်၊ သည်နေ့ဖြစ်ပျက်ဥဒယဗ္ဗယကစရှုမယ်။ နက်ဖြန်ခါ ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိဒါနဲ့ ဖြစ်ပျက်တွေမုန်းပြီး လွတ်ချင်ရုံမျှ မုစ္စိတုကမျတာနဲ့ ရပ်ထားမယ်။

သဘက်ခါမှာ ပဋိသင်္ခါနဲ့ ပြန်ရှုပြီး သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘူအထိ ပုထုဇဉ်အနွယ်ကို တိခနဲဖြတ်လိုက်မယ်။ နောက်ရက်ကျမှ နိဗ္ဗာန်ကို ဆက်အာရုံပြုပြီး မဂ်ဖိုလ်ကို ဖြစ်စေမယ်။ ကျန်ရက်တွေမှာ

ပစ္စဝေက္ခဏာနဲ့ဆင်ခြင်ပြီးပဲနေတော့မယ် စသည်ဖြင့်ပေါ့လေ၊ ဉာဏ်နောက်လိုက်နေဖို့ မဟုတ်ပါဘူး။ လိုက်လို့လည်းမရ၊ သဘာဝလည်းမကျပါဘူး၊ အဲသည်လို လိုက်ရှုနေရင် မောတာပဲ အဖတ်တင်ပါလိမ့်မယ်။

ဝိပဿနာဆိုတာ ရှုနည်းမှန်အတိုင်း ရှုသွားရင် ဉာဏ်စဉ်အတိုင်းပဲ ဖြစ်ပေါ်တိုးတက်သွားတာပါပဲ”

“မဟာစည်ရိပ်သာ မဟာစည်ဆရာတော်ကြီးက ကျကျနန အားထုတ်ပြီးယောဂီတွေကို ဉာဏ်စဉ်တရား နာကြားစေပါတယ်။ ဉာဏ်စဉ်တရားကိုနာကြားခြင်းအားဖြင့် သတိသမာဓိဉာဏ်အထူးတွေ တိုးတက်လာဖို့မရှိပါဘူး။ ပရိယတ္တိမပြည့်စုံတဲ့ယောဂီများ ကိုယ်အား ထုတ်လာခဲ့တာ ဘယ်စခန်းရောက်ခဲ့တယ်လို့ သိစေဖို့။ လိုနေသေးရင် လည်း ဖြည့်ဖို့ဆက်ကြိုးစားအားထုတ်ဖို့ပါ။ ဉာဏ်စဉ်အားလုံးနဲ့ ကိုက်ညီတယ်ဆိုပြီး ကျေနပ်အားရမနေဘဲ **သည်ဉာဏ်ဖြင့်လည်း, မတော်ဘဲ, ဆင်းရဲဒုက္ခပါစေ** ဆိုတဲ့အတိုင်း အထက်တရားထူးများကို ရရှိပြီး ဆင်းရဲအားလုံးချုပ်ငြိမ်းသည့်တိုင် အားထုတ်သွားပါလို့ မဟာစည်ဆရာတော်ကြီးက ဟောကြားပါတယ်။ ဉာဏ်စဉ်နာတယ်ဆိုတာ မိမိအားထုတ်ခဲ့တဲ့ ဖြစ်စဉ်ကို ဉာဏ်စဉ်ဒေသနာနဲ့ ကိုက်မကိုက် တိုက်ကြည့်တာပါ။

ဒါကြောင့် **ဉာဏ်စဉ်တွေဟာ လိုက်ရမယ့်တရားမဟုတ်ဘူး၊ တိုက်ရမယ့်** တရားပဲ။ ဥဒယဗ္ဗယဉာဏ်ဟာ ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကို အာရုံပြု ရှုသိတယ်။ ဆိုပါစို့၊ ပူမှုတေဇောရုပ်-ပူခနဲ ဖြစ်လာတယ်၊ ဖြစ်ဖြစ်ချင်း ချက်ချင်း ရှုလိုက်နိုင်တယ်၊ ရှုသိလိုက်တာနဲ့ ချက်ချင်း ပျောက်သွားတယ်။ တေဇောရုပ်နဲ့ သဘာဝလက္ခဏာကိုပါရှုသိတယ်။

ဘင်ဉာဏ်ရောက်တော့ အရှုခံအာရုံပြောင်းသွားပြီ။ ပူတယ်ဆိုတဲ့ သဘာဝလက္ခဏာကို မတွေ့ရတော့ဘူး။ ရှုလိုက်ရင် ဖြစ်ပျက်သွားတဲ့ သာမညလက္ခဏာကိုသာ တွေ့ရတော့တယ်။ ရှုမြင်ပုံလည်း ပြောင်းသွားတယ်။ ရုပ်နာမ်ခန္ဓာတွေဟာ တစ်ပျက်တည်းပျက်၊ မရှိသုည

အချည်းအနှီး အနတ္တပါလား၊ လောကကြီးဟာ အချည်းနှီးမျှပဲလို့ သိမြင်လာတယ်။

"ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်တွေကျတော့ အာရုံမပြောင်းဘဲ ရှုမြင်ပုံ ပြောင်းသွားကြတယ်။ ပျက်ပျက်နေတာဟာ ဘေးကြီးပဲ၊ အပြစ်တွေချည်းပဲ။ ငြီးငွေ့စရာကြီးပဲလို့ အမြင်ကွဲပြားသွားတယ်။ ဝိသုဒ္ဓိမဂ်မှာ "**ယာစ ဘယတုပဋ္ဌာနေ ပညာ၊ ယဘ္ဘ အာဒီနဝေ ဉာဏံ, ယာစ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဂေတ္ထာ၊ ဗျဘ္ဘနမေဝ နာနန္တ်=**အရှုခံအာရုံ တရားကိုယ်သဘောက အတူတူပါ၊ ရှုမြင်ပုံကြောင့် အမည်ကွဲပြားသွားတယ်လို့ ဆိုထားတယ်။ သည်ဉာဏ်သုံးခုလုံးဟာ မိုးကုတ်ဆရာတော်ကြီးမိန့်တဲ့ ဖြစ်ပျက်မှန်း ဉာဏ်တွေချည်းပါပဲ။

"အနုလောမက ဂေါတြဘူကို ကူးပြောင်းတော့ ခန္ဓနိမိတ်အာရုံကနေပြီး နိဗ္ဗာန်အာရုံကို ပြောင်းသွားတယ်။ ဂေါတြဘူက မဂ်ကိုရောက်သွားတော့ အာရုံမပြောင်းဘူး။ နိဗ္ဗာန်အာရုံပါပဲ။ ကိလေသာကိုသတ်နိုင်တဲ့ စွမ်းရည်၊ အပွနာသမာဓိစွမ်းအင်စတဲ့ စွမ်းရည် အခြေအနေတွေ ပြောင်းသွားတယ်။ ပဋ္ဌိသမ္ဘိဒါမဂ်မှာတော့ တစ်ဉာဏ်ချင်းမှာ အရှုခံအာရုံ၊ ရှုသိပုံ၊ ဉာဏ်၏စွမ်းရည်တွေကို ဖွင့်ပြထားတယ်။ ဒါကြောင့် အရှုခံအာရုံ၊ ရှုမြင်ပုံနဲ့ စွမ်းရည်အရဉာဏ်ကို ပိုင်းခြားသတ်မှတ်ကြောင်း သိရပါတယ်။

ဉာဏ်စဉ်ဆိုတာက စိတ်အဆင့်ဆင့်ရင့်ကျက် မြင့်တက်လာပြီး အသိဉာဏ် တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ပဲ။ သည်လိုရင့်ကျက်မြင့်တက်တိုးတက်လာအောင် အရှုခံအာရုံတွေက အာရမ္မဏပစ္စယသတ္တိနဲ့ ကျေးဇူးပြုပေးကြတယ်။ ရှုရင်း အာရုံ၊ စိတ်၊ အသိဉာဏ်စွမ်းရည်တို့ရဲ့ တိုးတက်မှုဖြစ်စဉ်ကို ဉာဏ်စဉ်လို့ ဆိုရပါမယ်"

ပုထုဇဉ်ဘဝက အရိယာ ဘဝရောက်သည့်တိုင် ပြောင်းလဲတိုးတက်လာခဲ့တဲ့ ဖြစ်စဉ်တစ်ရပ်ကို ဉာဏ်နဲ့ပိုင်းခြားသတ်မှတ်ပြီး စဉ်လိုက်တော့ ဉာဏ်စဉ်ခေါ်ရတာပေါ့။

## ဉာဏ်စဉ်၊ ဝိသုဒ္ဓိ၊ ပရိညာ နှိုင်းယှဉ်ချက်

စခန်းပွဲ နိဂုံးချုပ်သောနေ့တွင် တရားထိုးတင်နည်းအဖြစ် ဉာဏ်စဉ်, ဝိသုဒ္ဓိ, ပရိညာ နှိုင်းယှဉ်ချက်ကိုလည်း အလျင်းသင့်သလို ဟောပြောပြသသင့်ပါသည်။ ၄င်းသုံးပါးကို အောက်ပါဇယားဖြင့်ပင် ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ဉာဏ်စဉ်, | ဝိသုဒ္ဓိ, | ပရိညာ |
| နာမရူပပရိစ္ဆေဒ | ဒိဋ္ဌိဝိသုဒ္ဓိ | ဉာတပရိညာ |
| ပစ္စယပရိဂ္ဂဟ | ကင်္ခါဝိတရဏ | ဉာတပရိညာ |
| သမ္မသန | မဂ္ဂါမဂ္ဂဉာဏဒဿန | တီရဏ |
| ဥဒယဗ္ဗယ | မဂ္ဂါမဂ္ဂဉာဏဒဿန | တီရဏ |
| ဘင် | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| ဘယ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| အာဒီနဝ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| နိဗ္ဗိဒ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| မုစ္စိတုကမျတာ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| ပဋိသင်္ခါ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| သင်္ခါရုပေက္ခာ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| အနုလောမ | ပဋိပဒါဉာဏဒဿန | လောကီပဟာန |
| မဂ်ဉာဏ် | ဉာဏဒဿနဝိသုဒ္ဓ | လောကုတ္တရာပဟာန |

၄င်းဉာဏ်စဉ်, ဝိသုဒ္ဓိ, ပရိညာတို့၏ သဘောများကို ရှေ့၌ ပြည့်ပြည့်စုံစုံ ဖော်ပြပြီးဖြစ်ပါသည်။ ၄င်းတို့၏သဘောများကို သေချာစွာ ဉာဏ်ယှဉ်ကာ ကြည့်ရှုမှတ်သားရှုမှတ်ပြီးလျှင် ခန္ဓာဉာဏ်စိုက် သဘာဝများကို ပေါ်လွင်အောင် နှိုင်းယှဉ်ဖော်ပြသင့်ပါသည်။

## အာသဝ ဝန်ရိုး ချိုးနည်း

အဝိဇ္ဇာအတွင်းရန်ကို အတွင်းသား ဝိဇ္ဇာဉာဏ်နဲ့ တိုက်ရမည်။ ခန္ဓာဖြစ်ပျက်မြင်မှ ဝိဇ္ဇာဖြစ်သည်။ ဝိဇ္ဇာဖြစ်မှ အဝိဇ္ဇာသေသည်။ ဉာဏ်ဖြင့်သာ ခန္ဓာဒုက္ခသစ္စာကို မြင်ပါစေ။ အဝိဇ္ဇာချုပ်ပြီ။ အဝိဇ္ဇာနေရာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်သူသည် သုံးအကွက် သမုဒယသစ္စာနေရာမှာ မဂ္ဂသစ္စာ ရေးနိုင်ပြီ။ လေးအကွက် ဒုက္ခသစ္စာနေရာမှာ နိရောဓသစ္စာ ရေးနိုင်ပြီ။

အဝိဇ္ဇာနှင့် တဏှာက ပဋ္ဌိစ္စသမုပ္ပါဒ်ဝင်ရိုးဖြစ်ပြီး သေလမ်းချည်း လှည့်နေပုံကိုပြသည်။ ဝိဇ္ဇာဖြစ်မှ ဒီဝင်ရိုးကျိုးပြီး မလှည့်နိုင်တော့ဘဲ သံသရာပြတ်သည်။ ဖြစ်ပျက်မြင်သော ဝိဇ္ဇာဉာဏ်ဖြင့် အဝိဇ္ဇာ ဝင်ရိုးကို ချိုးလိုက်သည်။ မသိမှုအဝိဇ္ဇာကို သိမှုဝိဇ္ဇာဖြင့် သတ်သည်။ လိုချင်မှု တဏှာလောဘကို မလိုချင်သော အလောဘဖြင့် သတ်သည်။ အာသဝ ဝင်ရိုးကျိုးလျှင် ဝဋ္ဋကျွတ်ပြီ၊ အရေးကြီးသည်မှာ အာသဝဝင်ရိုးကျိုးအောင် စိတ်ဖြစ်ပျက်, ဝေဒနာဖြစ်ပျက် စသည်ကြိုက်ရာ ရှုနိုင်သည်။

**ပဋ္ဌိစ္စသမုပ္ပါဒ် (လှည်းဝန်ရိုး ဥပမာ)**

**အဝိဇ္ဇာနှင့်, တဏှာဆုံပေါင်း, ပုန်တောင်းနန်းပေါက်, ယင်းကလျှောက်၍, ကန်ထောက်သခါ, အစဉ်ဖြာလျက်, ဇရာ မရဏာ, ဆုံးကျအကွပ်, စေ့စပ်ဆစ်ပိုင်း, ဝန်းဝန်းဝိုင်းတိ။** (မယဒေ၀၊ ပိုဒ်ရေ၊ ၂၄)

ပုန်တောင်း(ချက်မ)ရထားဆီအုံ, လှည်းဘီးအုံခေါ် အဝိဇ္ဇာတဏှာသည် လှည်းဘီးဆုံရှိ အကန့်ထောက်ဆန် တို့တပ်ရာ နန်းပေါက်နှင့်တူ

- **သခါရ** – **ဇာတိ**သည် ကန့်ဒေါက်ဆန်နှင့်တူ
- **ဇရာ, မရဏာ** – အကွပ်(တန်ကူ)နှင့်တူ

**လယ်ချက်နန်းတွင်း, သျှိုသွင်းနေ့ည, အာသဝဟု, ခိုင်လှထိုးကျပ်, ဝင်ရိုးတပ်၍, မရပ်မနား, ပတ်ပတ်သွားသည့်, ရထားစက်မီး,**

ဝဏ္ဏလှည်းဘီးကို, ဖျက်ဆီးတတ်ကြောင်း, ဖြတ်တောက်ပိုင်းလှန်, ကရိုဏ်း-ဉာဏ်ဖြင့်, မကျန်ကုန်စင်, ဖြိုသုတ်သင်၍။

(မယဒေဝ၊ ပိုဒ်ရေ၊ ၂၄)

ပဋ္ဌိစ္စသမုပ္ပါဒ်လှည်းဘီးကြီး၏ အလယ်ချက် နန်းပေါက်အတွင်းသို့ "အာသဝဝင်ရိုး" လျှိုသွင်းထားသဖြင့် မရပ်မနား သံသရာ၌ သွား၍နေကြရသည်။ ဘဝသံသရာ ရထားကြီး, ဝဏ္ဏလှည်းဘီးကြီးပျက်စီး ရပ်တန့်သွားအောင် မဂ်ဉာဏ်လေးပါး သမုစ္ဆေဒ ပဟာန်အားဖြင့် "အာသဝဝင်ရိုးကို ဖြတ်ချိုးဖျက်ဆီးကြရ၏။ ဖြတ်ချိုးနိုင်မှသာ ဝဏ္ဏ လှည်းဘီးကြီး အလည်ရပ်၍ ဘဝပြတ်ကာ နိဗ္ဗာန်သို့ရောက်နိုင်၏။

**သမုစ္ဆိန္နတိ အာသဝေ ဇေတနာတိ သမုစ္ဆေဒေါ** မဂ်ဉာဏ်လေးပါးဖြင့် အာသဝတို့ကို ဖျက်ဆီးတတ်သောကြောင့် သမုစ္ဆေဒ ခေါ်လှည်းဘီးကို မြင်ဖူးကြပါလိမ့်မည်။ **အဝိဇ္ဇာ, တဏှာ**သည် ပဒေါင်း၊ ထိုပဒေါင်းပေါ်က ဒေါက်တွေရှိသည်။ ဒေါက်တွေပေါ်က ချုပ်၍ ကွပ်ထားသည်ကို တံကူ,ဟူ၍ ခေါ်သည်။ အလယ်တည့်တည့်မှာ ဝင်ရိုးပေါက်ဖြစ်သည်။

ဒေါက်,ဆိုသည်မှာ **ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ** ဒေါက်တွေဖြစ်သည်။ ပဒေါင်းဆိုသည်မှာ **အဝိဇ္ဇာ, တဏှာ**ဖြစ်သည်။ အကွပ်တံကူဆိုသည်မှာ **ဇရာ, မရဏ** ဖြစ်သည်။

**အဝိဇ္ဇာ, တဏှာ**သည် ပဒေါင်းဖြစ်သည်။ ထိုအပေါ်၌ ဒေါက်လေးခုတပ်ပြီးလျှင် ခိုင်မြဲစေခြင်းငှာ အပေါ်က အကွပ်တံကူ ကွပ်ပေးရသည်။ သံပတ်ခွေဖြင့် ချုပ်ပေးရသည်။ ထိုပတ်ထားသည့်သံကို လှည်းပတ်သံ (လှည်းဖနောင့်သံ) ဟုခေါ်သည်။ ထိုသို့ အကွပ်တံကူနှင့် လှည်းဖနောင့်သံပါမှ ဒေါက်တွေ ပြုတ်မည်ကို မစိုးရိမ်ရဘဲ ခိုင်မြဲတည်တံ့မည်ဖြစ်သည်။ ထို့ကြောင့် ဝင်ရိုးပဒေါင်း, ဘီးပေါ်က အကွပ်တံကူဆိုသဖြင့် အဂ်ါင်ါးပါး ပြည့်စုံသွားပြီ။

ဝဋ္ဋတောင့်တပြီး-သို့မဟုတ် နတ်ပြည်, လူ့ပြည်ဆိုတဲ့ ဘုံဘဝတောင့်တပြီး ပြုလုပ်သော **ပုညာဘိ သင်္ခါရ** သည် ဒေါက်တစ်ခု၊ သားရေး, သမီးရေး, စီးပွားရေး စသည်ကြောင့် ပြုလုပ်သော အကုသိုလ်မှ **အပုညာဘိ သင်္ခါရ**သည် ဒေါက်တစ်ခု၊ ရူပဘုံရောက်ကြောင်း ပြုလုပ်သော **ပုညာဘိသင်္ခါရ**သည် ဒေါက်တစ်ခု၊ အရူပဘုံရောက်ကြောင်း ပြုလုပ်သော သမထအလုပ် **အာနေဉ္ဇာဘိသင်္ခါရ** ဒေါက်တစ်ခု၊ **ပုညာဘိသင်္ခါရ** ပြုသည်ဖြစ်စေ၊ **အပုညာဘိသင်္ခါရ**ပြုသည်ဖြစ်စေ၊ **အာနေဉ္ဇာဘိသင်္ခါရ** ပြုသည်ဖြစ်စေ၊ ဗြဟ္မာပြည်ရောက်ကြောင်း သမထတွေ အားထုတ်သည်ဖြစ်စေ အကွပ်တံကူဟုဆိုအပ်သော **ဇရာ, မရဏာ**ဌာသာ လမ်းဆုံးရသည်၊ **ဇရာ, မရဏာ**နယ်ထဲ၌သာ လမ်းဆုံးရသည်။ (၀၊) သင်္ခံတနယ်ထဲ၌သာ လမ်းဆုံးရမည်၊ (၀၊)သုံးဆယ့်တစ်ဘုံ အတွင်း၌သာ လမ်းဆုံးရမည်။

သင်္ခါရနယ်အတွင်းမှာ မည်သည့်အလုပ်ကိုလုပ်လုပ် လုပ်လေ သမျှသည် **ဇရာ, မရဏာ**အပြင်ဘက် ထွက်လမ်းမရှိချေ။

**ဇရာ, မရဏာ**မှာသာ လမ်းဆုံး၍ အပါယ်ဘုံ၌ဖြစ်ပြန်ပါကလည်း အိုမှု, နာမှုတည်းဟူသော နယ်ပယ်အတွင်း၌သာ ဝဲလည်လည် ဖြစ်ချေမည်။ ဘုံဘဝဆုတောင်းပြီးလုပ်တဲ့ ကုသိုလ်ဆိုလျှင် မည်သည့် ကုသိုလ်ဖြစ်ဖြစ် **ဇရာ, မရဏာ**ဆိုတဲ့ အိုမှု, သေမှု၌သာ အခွန်ဆက်ရမည် ဖြစ်၏။ ထို့အပြင်ဘက်သို့ မထွက်နိုင်။ ယင်းကသာချုပ်ထားသဖြင့် ထွက်ပေါက်မရှိတော့ချေ။

ဘုံဘဝတောင့်တပြီး လှူတဲ့ကုသိုလ်သည် ကုသိုလ်ပင်ဖြစ်ငြားသော်လည်း **ဇရာ, မရဏာ**၌သာ လမ်းဆုံးရသည်။ သားရေး, သမီးရေး, စီးပွားရေးကြောင့် မလွဲသာ၍ ပြောရတဲ့ **ဝစီကံ**, အကုသိုလ်ဖြစ်သော မုသား အစရှိသော **ဝစီဒုစရိုက် အဒိန္နာဒါန** အစရှိသော **ကာယဒုစရိုက်, ဣဿာ, မစ္ဆရိယ** အစရှိသော **မနောဒုစရိုက်**တွေကိုလည်း ပြုရသည်။ ထိုသို့ ပြုလုပ်ခြင်းသည် **အပုညာဘိ သင်္ခါရ** ဒေါက်တွေ ဖြစ်သည်။

ဆရာမှား၍သော် လည်းကောင်း၊ အပေါင်းအသင်းမှား၍သော် လည်းကောင်း၊ အဘိညာဉ်လမ်း စျာန်လမ်းလိုက်ပြီး သမထအားထုတ်၍ စုတိသောအခါ ဗြဟ္မာ့ဘုံရောက်ခြင်းအကြောင်းဟု ဆိုအပ်သော **အာနေ ဉာဘိသင်္ခါရ** အမှုတွေသည် ဒေါက်တွေဖြစ်သည်။

ရုပ်သည်ပင်လျှင် ဒုက္ခဖြစ်တာပဲ။ ရုပ်ကြောင့်သာလျှင် ဒုက္ခ အကြောင်းခံပဲဟူ၍ ရုပ်ကိုရွံမုန်းပြီး အရူပဘုံ ရောက်ကြောင်း သမထတွေ အားထုတ်ပြန်သည်။ ဤသည်ပင် ဒေါက်ဟူ၍ဆိုလိုခြင်းဖြစ်သည်။

ထိုဒေါက်ကြီးလေးခုသည် ပဒေါင်းပေါ်၌ တပ်ပေးရသည်။ ထိုပဒေါင်းထဲမှာ ဝင်ရိုးတစ်ဖန် တပ်ရပါဦးမည်။ ပဒေါင်းဝင်ရိုး တပ်မှသာ လျှင် ဤဘီးဟု ဆိုအပ်သော ပဋ္ဌိစ္စသမုပ္ပါဒ်စက်ကြီးက လှည့်လည်နိုင် ပါမည်။

ထိုဒေါက်လေးမျိုးကို **ဇရာ, မရဏ** အကွပ်တံကူကြီးကသာ အုပ်ချုပ်ထားရာ **ပုညာဘိသင်္ခါရ** တွေ ပြုလုပ်သည်ဖြစ်စေ၊ **အပုညာဘိ သင်္ခါရ** ဆိုတဲ့ အကုသိုလ်တွေ ပြုလုပ်သည်ဖြစ်စေ၊ ရူပဘုံရောက်တဲ့ **သမထ** တွေ ပြုလုပ်သည်ဖြစ်စေ၊ အရူပဘုံကိုရောက်တဲ့ အလုပ်တွေကို ပြုလုပ်သည် ဖြစ်စေ၊ အိုဘေး, နာဘေး, သေဘေးက မလွတ်နိုင်တော့။ ထို **ဇာတိ, ဇရာ, မရဏ** အပြင်ဘက်ကို ထွက်လို့မရနိုင်။

ဤဘီးကြီးကို အာသဝဆိုတဲ့ ဝင်ရိုးတပ်ကြပါစို့။ **အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော** ဟု ဟောတော်မူသည့်အတိုင်း အာသဝ ဝင်ရိုးဆိုသည်မှာ ပဒေါင်း၌ စွပ်ရမည်။ ထိုပဒေါင်းပေါ်မှာ ဒေါက်လေးခု တပ်ရသည်။ ထိုဒေါက်လေးခုပေါ်က တစ်ဖန် အကွပ်တံကူနှင့် ချုပ်ထားရ ပြန်သည်။ ပဒေါင်းထဲမှာ အာသဝ ဝင်ရိုးတပ်၍ပြီးပြီ။ လှည့်ရန် လိုပါ သေးသည်။

လှည့်သောအခါ၌ ဒေါက်တွေသည် အထက်သို့ ရောက်သော အခါ ရောက်သည်။ အောက်သို့ ရောက်သောအခါ၌လည်း ရောက်သည်။

တစ်ဘက်သောဘေးသို့ ရောက်သောအခါလည်း ရောက်သည်။ တစ်ဘက်သော ဘေးသို့ရောက်သည်ဖြစ်စေ၊ အထက်သို့ ရောက်သည်ဖြစ်စေ၊ အောက်သို့ ရောက်သည်ဖြစ်စေ၊ မည်သည့်ဘက်သို့ ရောက်ရောက် **ဇရာ, မရဏ** ပြင်ဘက်သို့ ထွက်နိုင်ပါရဲ့လားဟု မေးပါက မထွက်နိုင်ဟူ၍ပင် ဖြေဆိုရပေလိမ့်မည်။

ဗြဟ္မာဘုံရောက်သည်ဖြစ်စေ၊ လူ့ပြည်ရောက်သည်ဖြစ်စေ၊ နတ်ပြည်ရောက်သည်ဖြစ်စေ၊ အပါယ်ငရဲစသောဘုံမှာ ကျရောက်သည်ဖြစ်စေ၊ **ဇရာ, မရဏ** အကွပ်တံကူအတွင်းမှ မထွက်နိုင် ဟူ၍သာ မှတ်ရချေသည်။ တစ်သံသရာလုံး ဤကဲ့သို့ချည်းပင် နေခဲ့ရသည်။ အိုပွဲ, နာပွဲ, သေပွဲသာ အကြိမ်ကြိမ်နွဲခဲ့ရသည်။

ဤဘီးကြီးသည် အထက်ရောက်သည်ဖြစ်စေ၊ အောက်ရောက်သည် ဖြစ်စေ၊ အရှေ့ရောက်သည်ဖြစ်စေ၊ အနောက်ဘက် ရောက်သည်ဖြစ်စေ၊ ဘယ်သောအခါကာလမှ အန္တရာယ်ကင်းပြီး နေခဲ့သည်ဟူ၍မရှိ၊ **အိုပွဲ, နာပွဲ, သေပွဲ,** မနွဲရသည်ဟူ၍လည်းမရှိ၊ လူ့ပြည် နတ်ပြည် ရောက်သည်ဖြစ်စေ၊ ဗြဟ္မာပြည်ရောက်သည်ဖြစ်စေ၊ **အိုပွဲ, သေပွဲ**၊ ငရဲပြည်ရောက်သည်ဖြစ်စေ၊ အိုပွဲ, သေပွဲဆိုသည့် **ဇရာ, မရဏ** လက်တွင်းက ကင်းလွတ်ခဲ့ရသည်ဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိခဲ့။

ဤဘီးကြီးသည် အမြဲမပြတ်လှည့်လျက်သာ ရှိသည်။ ရပ်နားသည်ဟူ၍မရှိ။ လည်တိုင်း လည်တိုင်း ခန္ဓာငါးပါးကို ဆွဲငင်ပြီးသကာလ ယူဆောင်သွားခဲ့သည်။

ထို့ကြောင့် ခန္ဓာငါးပါးသည် အထက်ဗြဟ္မာဘုံရောက်သည်ဖြစ်စေ၊ အိုပွဲ, သေပွဲနှင့်သာ နွဲရ၏။ နတ်ပြည်ရောက်သည်ဖြစ်စေကာမူ, အိုပွဲ, သေပွဲနှင့်သာ နတ်ခန္ဓာ နွဲရ၏။ လူ့ပြည်ရောက်၍ လူ့ခန္ဓာပြန်ရပါကလည်း အိုပွဲ, သေပွဲနဲ့သာ နွဲခဲ့ရသည်ချည်းပင် ဖြစ်သည်။ အကွပ်တံကူခွေ ဟူသော **ဇရာ, မရဏ** နယ်အပြင်ဘက်သို့ ထွက်ခွင့်မပြု၊

ထွက်ခွင့်မကြုံခဲ့။ ဤအတိုင်း သံသရာတစ်လျှောက်လုံး ထွက်ခွင့်မရဘဲ တဝဲလည်လည် အထက်ကိုရောက်လိုက်၊ အောက်ကို ရောက်လိုက်၊ ဘေးရောက်လိုက်နှင့် လာခဲ့ကြသည်မှာ ကျွတ်ခွင့် လွတ်ခွင့်ဟူ၍ လုံးဝ မမြင်ခဲ့ကြရ။

တစ်ဖန် သစ္စာနယ်အတွင်းက ကြည့်ကြပါစို့၊ အဝိဇ္ဇာနှင့် တဏှာသည် ခန္ဓာကိုယ်ဖြစ်စေသော လက်သည်ဖြစ်သည်၊ ဒုက္ခသစ္စာ ခန္ဓာငါးပါးကိုဖြစ်စေသောကြောင့် အဝိဇ္ဇာနှင့် တဏှာသည် သမุဒယသစ္စာ၊ ယင်းအဝိဇ္ဇာနှင့် တဏှာကြောင့် ခန္ဓာငါးပါးရရှိသည်။ ထို့ကြောင့် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်သည်။ သမุဒယကြောင့် ဒုက္ခဖြစ်ရ၏။ သမุဒယနှင့် ဒုက္ခသာ တစ်သံသရာလုံး အဖော်လုပ်ခဲ့ရ၏။ မဂ္ဂနှင့် နိဗ္ဗာန ဆိုရ မတွေ့မကြုံဘဲ အလွဲကြီး လွဲခဲ့ရ၏။

ထို့ကြောင့် သမุဒယ ဒုက္ခ, သမุဒယ ဒုက္ခ, သမุဒယ ဒုက္ခ နယ်ထဲကပင် မထွက်နိုင်ဘဲ ရှိခဲ့သည်။ မဂ္ဂသစ္စာနှင့် နိဗ္ဗာန သစ္စာ ဆိုသည့် သစ္စာနှစ်ပါးကို သပိတ်မှောက်လာခဲ့ကြသည်။ ထို့ကြောင့် သံသရာရှည်မျှောခဲ့ရသည်။ သံသရာ ရှည်မျှောခဲ့ရသည်ဆိုသည်မှာ ပဋ္ဌိစ္စသมุปฺปาဒ်လည်သော အလုပ်ရှည်ခြင်း (၀ါ) ဒုက္ခတန်း ရှည်ခြင်းပင် ဖြစ်သည်။

တစ်ဖန် စက်ဝိုင်းကို ပြန်ကြည့်ကြပါဦးစို့။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သည် ကိလေသဝဋ်ဖြစ်သည်။ ထိုကိလေသဝဋ်တွေကို ကြိုးစား ပြန်သည်။ ထိုကိလေသ ဝဋ်ထဲမှတစ်ဖန် သခါရနှင့် ကမ္မဘဝတွေကို အားထုတ်ပြန်သည်။ ထို့ကြောင့် ကမ္မဘဝကို ရပြန်သည်။ နောက်တစ်ခါ ကမ္မဝဋ်ထဲမှ ခန္ဓာငါးပါးဆိုတဲ့ ဝိပါကဝဋ်တွေ ပေါက်ဖွားပြန်သည်။ ဤကဲ့သို့ ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ် ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်, ဝိပါက ဝဋ်ကြောင့် ကိလေသဝဋ်ဖြစ်ပြန်သည်ဟူ၍သာ ဝဋ်သုံးပါးတို့ မရပ်မနား တရစပ် လှည့်လည်နေခြင်းကို ဖြစ်စေတော့၏။

ဝဋ်သုံးပါး လှည့်လည်၍ ဖြစ်နေခြင်းဆိုသည်မှာ ကိလေသာဝဋ်မှ ကမ္မဝဋ်၊ ကမ္မဝဋ်မှ ဝိပါကဝဋ်ဟူသော အစဉ်မပြတ် လှည့်ကာလှည့်ကာ နေတော့သည်။ ဝဋ်မှ ထွက်မြောက်ကြောင်းကား မရှိ။

တစ်နည်းအားဖြင့်ဆိုသော် သေကြောင်းကြံ၍ သေထည်တွေကို ရသည်၊ သေကြောင်းနှင့် သေထည်တွေ လှည့်နေသည်၊ ဤသို့ဆိုသည်မှာ အပြောဆိုးသလောက် အဖြစ်မှန်သည်။ စဉ်းစားကြပါယောဂီတို့-။ သစ္စာနယ်မှ ကြည့်လိုက်ပြန်သော် သမုဒယနှင့် ဒုက္ခသာ လှည့်လည်နေတော့သည်။

သမုဒယကြောင့် ဒုက္ခသာလှည့်လည်လျက် ရှိသည်ကာလ အားဖြင့်ဝေဖန်ခဲ့သော် အတိတ်ဘဝမှ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ဘဝမှ အနာဂတ်ဘဝသို့သာ ကာလသုံးပါး လှည့်ပြီးနေတော့သည်။ ကရွတ်ကင်းလျှောက်ဆိုတာ ဤသို့ အဝိုင်းပြေးနေခြင်းကို ဆိုခြင်းဖြစ်သည်။ အဝိုင်းပြေး ဟုတ်-မဟုတ်ကို မိမိတို့ခန္ဓာကို ဉာဏ်နှင့် ဝေဖန်စဉ်းစားကြည့်ကြပါကုန်။

ထို့ကြောင့်- ပဋ္ဌိစ္စသမုပ္ပဒ်ပြတ်မှ ဝဋ်ကျွတ်မည်။ ပဋ္ဌိစ္စသမုပ္ပဒ် ဆက်သမျှ ဒုက္ခဆက်မည်။ ပဋ္ဌိစ္စသမုပ္ပဒ်အတိုင်း သွားခဲ့သော် သံသရာရှည်၍ ဒုက္ခရှည်မည်။ သံသရာ မရှည်စေလိုက ပဋ္ဌိစ္စသမုပ္ပဒ် ဖြတ်လမ်းကို ရှာရမည်။ ဝဋ်သုံးပါးမှ ကျွတ်လမ်း ထွက်လမ်းကို ရှာရမည်ဖြစ်သည်။ သမုဒယနှင့် ဒုက္ခကို ခြေကန်ရပါလိမ့်မည်။ သမုဒယနှင့် ဒုက္ခကို ခြေကန်ပြီး ထွက်မြောက်ရာ ထွက်မြောက်ကြောင်း လမ်းကိုလိုက်ရန် ကြိုးစား စိတ်ကူးတော်မူကြပါကုန်။

ယခုဘဝမှာ အသိဉာဏ် ထိုက်တန်သလောက် ရရှိလာ၍ အခွင့်ကောင်း အခါကောင်း ရသည့်အခါ ဝင်ရိုးကိုသော်လည်းကောင်း၊ ပဒေါင်းကို သော်လည်းကောင်း ချိုးပါမှ။ ဒေါက်တွေကိုသော်လည်း ဖြုတ်ပါမှ။ **ဇရာ, မရဏ**တည်းဟူသော အကွပ်တံကူကြိုးကိုသော်လည်း ရိုက်ချိုးနိုင်မှသာ **ဇရာ, မရဏ**လက်တွင်းမှ လွတ်ကင်းနိုင်မည်ဖြစ်ရာ

ထွက်ပေါက်မရှိ၍ ရှာလိုသောစိတ်ကိုဖြင့် ယနေ့ကစ၍ သန်သန်ထွား ထွားကြီး မွေးမြူတော်မူကြပါကုန်။

ထွက်ပေါက်ကို အလိုရှိပါက မဂ်ဖိုလ်ရ, ရ ပါလို၏-ဟု ဆုတောင်းနေရုံနှင့် ရမည်မဟုတ်။ မဂ္ဂင်အလုပ်(၀ါ) ဝိပဿနာ အလုပ် လုပ်မှသာ။ အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်အောင် လုပ်မှသာ (၀ါ) ဝိဇ္ဇာဥဒပါဒိ ဖြစ်အောင်၊ တဏှာမှ အလောဘ ဖြစ်အောင်လုပ်ကြမှသာ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ရပါလိမ့်မည်။

ခန္ဓာဥာဏ်ရောက်သဘာဝများကို လေ့လာ၍ ကိုယ်တိုင်ရှုမှတ်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရောက်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ ။

အရှင်တေဇနိယ
(တက္ကသိုလ်တေဇလင်း)
၂၀.၃.၂၀၁၀

❖ ❖ ❖

# တရားမထိုင်မီ နေ့စဉ်ရွတ်ဖွားပူဇော်ကန်တော့ရန် အစီအစဉ်

## အနန္တော အနန္တင်းပါး ကန်တော့ရန်

## နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
## နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ သိမြင်တော်မူသော ရှင်တော်မြတ်ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား၊ နမော-ရည်ညွှတ် သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**ဓမ္မဿ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်, ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကြီးအား၊ နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃဿ** - မဂ်ဌတည်သော ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ဌတည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသောအရိယာသံဃာတော် အရှင်မြတ်များနှင့်တကွ သမ္မုတိ သံဃာတော်အရှင်မြတ်အား၊ နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုဿ** - မိဘနှစ်ပါးအား၊ နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယဿ** - ဝိပဿနာ ဉာဏ်မျက်စိနှစ်ကွင်း အလင်းရောက်အောင် သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးအား၊ နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(၁) အားလုံးသတ္တဝါ ဘေးရန်ကွာ ကျန်းမာ ချမ်းသာကြပါစေ။ (၂)ခေါက်။

(၂) ကျန်းမာချမ်းသာ ဘေးရန်ကွာ သာသနာပြုနိုင်ကြပါစေ။ (၂)ခေါက်။

(၃) ရုပ်နာမ်နှစ်ပါး ခန္ဓာငါး မြတ်ဘုရားအား လှူပါ၏။ (၂)ခေါက်။

(၄) တရားလိုလား တပည့်တော်အားကမ္မဋ္ဌာန်းပေးတော်မူပါဘုရား။ (၂)ခေါက်။

(၅) ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။ (၃)ခေါက်။
အသေမဦးခင် ဉာဏ်ဦးအောင် တရားတော်ကို ကြိုးစားပွားများ အားထုတ်ပါမည် အရှင်ဘုရား။

# ပဋ္ဌိစ္စသမုပ္ပါဒ်ဂုဏ်ရည်များ

၁။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် အနက်အဓိပ္ပာယ်နှင့်ပြည့်စုံ၏။
၂။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဘုရားဖြစ်ကြောင်း တရားတော်ဖြစ်၏။
၃။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် မြတ်စွာဘုရားအမြဲမပြတ် ဆင်ခြင်ဟောကြား
တော်မူသော တရားတော်ဖြစ်၏။
၄။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် နက်နဲ၏။ နက်နဲသယောင်သဘောလည်းရှိ၏။
၅။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် အပါယ်နှင့်သံသရာမှ လွတ်မြောက်ကြောင်းတရား
တော် ဖြစ်၏။
၆။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဓမ္မသဘောကို သိကြောင်းတရားတော်ဖြစ်၏။
၇။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် သိမြင်နိုင်ခဲသော တရားတော်ဖြစ်၏။
၈။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် သူတစ်ပါးတို့အား ဟောပြောရန် မလွယ်ကူသော
တရားတော်ဖြစ်၏။
၉။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် မဟာသမုဒ္ဒရာနှင့်တူသော တရားတော်ဖြစ်၏။
၁၀။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဒိဋ္ဌိပယ်ဖျောကြောင်း တရားတော်ဖြစ်၏။
၁၁။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ကလျာဏပုထုဇဉ်ဖြစ်ကြောင်း တရားတော်ဖြစ်၏။
၁၂။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဗုဒ္ဓဘာသာဝင်ဖြစ်မြဲကြောင်းနှင့် ဘာသာခြားသို့
မကူးပြောင်းစေသောတရားတော်ဖြစ်၏။
၁၃။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် စူဠသောတာပန်ဖြစ်ကြောင်း တရားတော်ဖြစ်၏။
၁၄။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဘဝနှင့်တစ်ထပ်တည်းကျသော တရားတော်ဖြစ်၏။
၁၅။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ပညာရှင်ဖြစ်ကြောင်း တရားတော်ဖြစ်၏။
၁၆။ ပဋ္ဌိစ္စသမုပ္ပါဒ်သည် ဉာဏ်ကျက်စားရာ တရားတော်ဖြစ်၏။

# ပဋိစ္စသမုပ္ပါဒ်သင်ပြရှုမှတ်နည်းကျမ်း

ဤကျမ်းဌ -
၁။ မိုးကုတ်ဂုဏ်ရည်များ၊
၂။ ပဋိစ္စသမုပ္ပါဒ်ဂုဏ်ရည်များ၊
၃။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းရင်းတမ်းများ၊
၄။ ပဋိစ္စသမုပ္ပါဒ်အဂ်ီ ဖွင့်ဆိုရှင်းပြချက်များ၊
၅။ အားတက်ဖွယ်ရာအကြောင်းအရာများ၊
၆။ လက်တွေ့ရှုမှတ်နည်းများ၊
၇။ ဣန္ဒြေငါးပါး ညီအားထုတ်နည်းများ၊
၈။ နမူနာ ဇာတ်လမ်းဟောကွက်များ၊
၉။ တရားထီးတင်နည်းများ
ဟု အခန်းကြီး(၉)ခန်းခွဲကာ
တင်ပြဆွေးနွေး အကြံပြုထားပါသည်။

ဤစာအုပ်သည် ပဋိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ဖြစ်စေ၊
လက်တွေ့တရားရှုမှတ်မှုနှင့် ပတ်သက်၍ဖြစ်စေ၊
စခန်းပွဲမှာ အလျဉ်းသင့်သလိုအားတက်ဖွယ်ရာ
အားပေးစကား ပြောကြားမှုနှင့် ပတ်သက်၍ဖြစ်စေ
အတော်ပြည့်စုံသော စာအုပ်ကြီးဖြစ်သည်။